www.burmeseclassic.com

၄ ခုနှစ်၊ မေလ၊ အတွဲ(၈)၊ အမှတ်(၁၁)

မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com









# မာတိကာ

## ဘာသာရေးဘုရားသမိုင်း


- မန်းချောင်းကို ဖော်စုံကူး ရွှေစက်တော်ဘုရားဖူး ... မောင်ညိုအေး(ပန်းတော) ၇
- သမိုင်းဝင် ရက်ကန်းစင်တောင်တော်သို့ရောက်ခဲ့သည် ... မြမဥ္ဇူဝေ(ကျုံမငေး) ၃၉
- ဖူးမြော်ပြည့်စုံ ရုံလေးရုံ ... မင်းတိုင်ပင်(မြရောင်မြေ) ၅၃
- ရှေးဟောင်းသမိုင်းဝင် မဟာသဒ္ဓမ္မရံသီရွှေစေတီတော် ... ဂမ္ဘီရဆရာလှမျိုး ၁၄၂
- သာသနာ ၂၅၀၀ ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး ... မင်းသုခ ၁၅၆


## ဘာသာရေးသုတ/ရသဆောင်းပါး


- မယ်ဇယ်ဆရာတော်နှင့်ထွက်ရပ်ပေါက်သတင်း ... တင်နိုင်တိုး ၁၈
- တစ်ရာထက်မြတ်သောတစ်ရက် ... မေတ္တာရှင်ရွှေပြည်သာ ၂၀
- ငြိမ်းချမ်းရေးကိုပေးလေသူ ... ကိုအေးမြင့်(ရှေး/သု) ၂၉
- ရွှေတောင်ချမ်းသာကြီး ဆရာတော်ကြီး၏..... ... ဦးကျော်(ပြည်) ၄၇
- တမလွန်ဘဝခရီးနှင့် ဘဝလွတ်မြောက်ရေး ... ဓမ္မာစရိယဦးဌေးလှိုင် ၆၄
- အမြင်အာရုံ၏နောက်ကွယ်မှာ ... အောင်တင်ဝင်း ၆၉
- ကမ္ဘာတစ်လွှား ဗုဒ္ဓဆင်းတုတော်များ ... မောင်သာ(ရွှေဟောင်း) ၇၈
- ပြိတ္တာများကိုကောင်းမှုပေး၍ အမျှပေးဝေပါ ... ရဲရဲထွန်း(ဟသ်ာတ) ၈၉
- ဆန္ဒရာဇ၏အကျိုးဆက် ... အရှင်ခေမာ(ရွှေပြည်သာ) ၁၆၂
- မျက်တော်ရှင် ... သက်နှင်းဆွေ(ပုပ္ပါး) ၁၆၆
- ဩကာသကန်တော့ချိုး(၃) ... ဆန်းဝင်း(အောင်မြေ) ၁၈၀
- မနာလိုဝန်တိုကင်း..... ... မောင်ထည်ဝါ(ဖျော်ဘွယ်) ၁၉၃


BURMESE CLASSIC

## မန္တန်၊ ဂါထာ၊ ကျင့်စဉ်


- လယ်တီဆရာတော်ရဲ့ဂါထာတော် ... ကိုဖိုးတင်အောင် ၃၃
- အကြံအောင်ဂါထာ ... အောင်ဘုန်းမြင့်(ကချင်မြေ) ၇၆
- နမောတေဂါထာရွတ်ပွား ကောင်းကျိုးများ ... ပေါ်လွင်ဦး(ရေး) ၁၉၅
- အောက်စက်တော်ရာ အဓိဋ္ဌာန်ဝင်ဂါထာတော် ... စမအောင် ၂၃၃
- မေတ္တာမသိဒ္ဓိဓာတ်ဖွင့်နည်း ... အောင်ကောင်းမြ(ဘာကေတ) ၂၃၅
- ကိုယ့်အဆောင်ပစ္စည်းအစွမ်းပိုထက်အောင် ... ကိုရွှေမြသန်း(သမိုင်း) ၂၆၀
- ရွှေတိဂုံဘုရားရှိခိုးဂါထာ ... သျှင်ထွေး(သန်လျင်) ၂၇၀
- အတွင်းပိတ်၊ အပြင်ပိတ်၊ အဓိဋ္ဌာန်နေရာထူး ... ဦးအောင်မြိုင် ၂၈၄


## တိုင်းရင်းဆေး


- သံသရာခရီးမှာ သံပရာသီးပါမှ ... ရောမြေကျော်ဝေ ၁၇၄
- ပြောင်ကြီးတို့အတွက် ဆေးတစ်လက် ... မိုးဟိန်းကျော်(လပွတ္တာ) ၂၂၀
- ဆေးဖက်ဝင်ရဲယို ... နှောင်းသစ် ၂၃၁
- မှိုနာပျောက်ဆေးနည်း ... ဦးတိုလေးထန်းတပင်(ဇီတုန်း) ၂၃[illegible]
- အိပ်မပျော်ရောဂါဖြစ်လျှင် ... လူစွမ်းမြင့်(နတ်မောက်) ၂၆၂
- ဆေးစွမ်းထက်တဲ့ပုန်းညက် ... စိုးမိုး ၂၇၂
- ဆေးစွမ်းထက်သော နကျယ်အုံ ... အောင်ဆန်း[illegible](ဘီအေ) ၂၈၃


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ



## ဗုဒ္ဓဝင်ရသ


| | | | |
|---|---|---|---|
| - ဆုတောင်းပြည့်ခဲ့ကြသူတွေ | ... | သက်နှင်းဆွေ(ပုပ္ပါး) | ၃၅ |
| - ယုံကြည်မှုဖြင့် အောင်မြင်ခြင်း | ... | ဒေါ်အုန်းကြည်သား | ၄၄ |
| - ဘဝသံသရာ အဆက်ဆက် | ... | နန္ဒာမိုးကြယ် | ၄၉ |
| - ဘုရားလောင်း ဝေဿန္တရာ. . . . . | ... | စိတ်မိုး | ၈၄ |
| - ကြွက်ကိုက်ပုဆိုးနှင့် ပုဏ္ဏားသားအဖ | ... | သာစုမြေဘုန်းရှိန် | ၁၅၂ |





## အထွေထွေသုတ၊ ရသဆောင်းပါး


| | | | |
|---|---|---|---|
| - သေချင်ရင် စိန်မစားနဲ့. . . . . | ... | ညိုသစ်ဦး(မာန်အောင်) | ၁၀၀ |
| - ဂမ္ဘီရမုဆိုးနှင့် ဒဏ္ဍာရီထဲကသူယောင်မယ် | ... | လှကျော်ညွန့်(ရေကင်း) | ၁၀၃ |
| - နှစ်ခါပြန်သေသူ | ... | တိုးထက် | ၁၀၈ |
| - MH 370 ပျောက်ဆုံးမှုနှင့်. . . . . | ... | ဦးဇေယျာကို | ၁၅၈ |
| - အနောက်တိုင်းရိုးရာ အိပ်မက်ပဒေသာ. . . . | ... | ကောင်းသာ | ၁၉၇ |
| - သတင်းပုံရိပ်များ | ... | မောင်ဝေအေး | ၂၀၂ |
| - စာအုပ်စင် | ... | သုတအံ့ | ၂၄၆ |
| - အေးချမ်းမှုကိုရစေမည့် အခွင့်အရေးကောင်း | ... | ဦးလှဝင်းအောင် | ၂၉၄ |
| - ထူးဆန်းထွေလာဤကမ္ဘာ | ... | မောင်လင်းအောင် | ၃၀၇ |




## ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ


| | | | |
|---|---|---|---|
| - မိစ္ဆာရုပ်တု | ... | မောင်မောင်ကြီး(လှိုင်နယ်မြေ) | ၉၂ |
| - အစွဲအလမ်းကြီးတဲ့ ဝိညာဉ် | ... | မကွေးညိုစိမ့် | ၁၂၂ |
| - နှစ်ဘဝချစ်သူ | ... | မြသိန်း | ၁၃၃ |
| - မာယာတောက နန်းကြာချော | ... | ဧရာမြေကျော်ဝေ | ၁၃၈ |
| - အဆိပ်သင့်နှလုံးသား | ... | ဇလွန်ကျော်ဦး | ၁၇၆ |
| - အတုံ့အလှည့်မေတ္တာ | ... | အေးမောင်မောင်ဆန်း | ၁၈၆ |
| - မိုးနှင့်ရေ ရေနှင့်မီး | ... | ဇော်နိုင်(မန္တလေး) | ၂၀၀ |
| - အလှပျက်လို့ အမုန်းဖက် | ... | စိုးယဉ်ထွန်း | ၂၁၄ |
| - ခန်းတပွတ်ဘေးမှ အင်းခွေအူသံ | ... | ဝင်းကိုဇော် | ၂၂၅ |
| - သံယောဇဉ်ရစ်ပတ်နွယ် | ... | ဒီပဲယင်းမောင်နိုး | ၂၃၉ |
| - ကိုထူးအေးနှင့်သူတို့. . . . . | ... | တင်မောင်မောင်(ပေါက်တုန်း) | ၂၄၉ |
| - ထိပ်တလေးရွှေဝါ | ... | မင်းဟိန်းထိဝ် | ၂၆၃ |
| - အလွှန်တအလှူရှင် | ... | ကောင်းသော် | ၂၇၃ |
| - အနာဘာဝလော ငေါင်းသတ္တဝါလော | ... | မုဒိုသုမွန် | ၂၈၇ |
| - အိပ်မက်ထဲက သူတော်စင် | ... | ပေါ်လွင်ဦး(ရေး) | ၂၉၈ |
| - အမျိုးကြီးတော့ သဘက် | ... | ရီရီဌေး | ၃၀၁ |



www.burmeseclassic.com

www.burmeseclassic.com

## ဝဋ္ဋကူဏာ အဟံ ဝန္ဒာမိ


**အယ်ဒီတာချုပ်**
[illegible] (ဇန်းတော)
**တာဝန်ခံအယ်ဒီတာ**
[illegible] (19 D)
**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
[illegible]
**ကွန်ပျူတာစာစီ**
ခင်းခင်းထွေး၊ A7 Group
**ကြော်ငြာနှင့် ဖြန့်ချိရေး** - မိမိလေး၊ ယုန်လေး
**ငွေပေးဆက်သွယ်ရေး** - ယဉ်မင်းဆု
**မျက်နှာဖုံးစာလုံးဒီဇိုင်း** - ကျော်မင်းမောင်
**မျက်နှာဖုံးပန်းချီ** - မောင်မြင့်ငွေး
**အတွင်းသရုပ်ဖော်ပန်းချီ**
ဝင်းသိန်း၊ မောင်မြင့်ငွေး၊ ရန်နိုင်ဦး၊ သန့်စင်၊ ရဲရင့်နိုင်၊ အောင်နိုင်လတ်၊ ကျော်ဦး၊ စကျူ၊ ကျော်စိုးညိန်း၊ ဆုးထက်အောင်၊ ပညတ်၊

**တန်ဖိုး** - (၂၂၀၀)ကျပ်
**အုပ်ရေ** - (၅၀၀)

**ထုတ်ဝေသူ**
ဦးညီဇော်ထွန်း (၀၄၃၃၇)
**အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး**
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။
**အတွင်းဖလင်** - ကိုမျိုးညွန့် (A7 Group)
**စာအုပ်ချုပ်** - ဦးတင်လှ
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဒေါ်ကျင်ယုံ(ကောင်းစံပုံနှိပ်တိုက်)၊ အမှတ်(၂၇၉/ခ)၊ ၄၀-လမ်း၊ အမှတ်(၉)ရပ်ကွက်၊ ကျောက်တံတား။


| | |
|---|---|
| မန္တလေး | ထွန်းဦးစာပေ |
| | နဂါးစာပေ |
| ရှမ်းတောင်၊ ကယား | မိလျှံနာစာပေ |
| မော်လမြိုင် | ကျော်ကျော် |
| ပြည် | သုခ၊ နေစေး |
| နေပြည်တော် | မြတ်ရွှေတောင်စာပေ |
| နေပြည်တော်ပျဉ်းမနား | ဖြူးဝေလွင်စာပေ |
| ပဲခူး | သဇင် |
| ဟသ်ာတ | တာလေးမောင် |











### အဆောင်၊ အစီအရင်၊ ယတြာ


- ဈေးရောင်းကောင်းစေသော အဆောင်၊အစီအရင် . . . နတ်မောက်မှတ်ကျောက် ၁၃၀
- ရွှေရုပ်တုအဆောင်ပြုက. . . . . . . . မောင်တင်ကြွယ်(ပြည်) ၂၀၇
- ကံကောင်းစေဖို့ အကြံပြုစာမျက်နှာ . . . ဗေဒ္ဓရာဆရာကျော် ၂၂၂
- အသားမင်းသားနှင့် အန္တရာယ်ကင်း. . . . . . . . . ရဲရဲထွန်း(ဟသ်ာတ) ၂၂၄
- ညောင်ရွက်တစ်ရာနဲ့ ဆောင်ရွက်ပါကွယ် . . . အဂ်ဝိဇ္ဇာဆရာအောင် ၂၄၈
- အောင်မြင်စေရာမြို့ရပ်ရွာ . . . ကျော်မိုးလွင်(ဝါးခယ်မ) ၂၈၁
- အိမ်မှစိတ်ဆိုးပြီးဆင်းသွားတဲ့သူကို . . . ဆရာမင်းသုန္ဒြ ၂၈၆
- လိုရာပြည့်စုံ လာဘ်ခေါ်ကြက်လျှာအင်းပုံ . . . ဦးကိုကိုအေး(ကြို့ပင်တောက်) ၃၁၈


### အသုံးချပညာရပ်များ


- ၂၀၁၄၊ မေလ၊ ကောင်းကင်ဂြိုဟ် ရပ်တည်မှု
  ၁၂ ရာသီ လဂ်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ . . . ဦးဓေယျာကို ၁၁၂
- နာမက္ခရဆန်း . . . ဂမ္ဘီရဆရာလှမျိုး ၂၀၅
- ဘဝပုစ္ဆာအဖြေရှာ ကဏ္ဍ . . . ဆရာတက္ကသိုလ်စိုးမိုးနိုင် ၂၀၉
- ခုနစ်ရက်သားသမီး ကံကြမ္မာဟောစာတမ်း . . . အောင်အတိတ်-အောင်နိမိတ်ဆရာ ၂၅[illegible]
- ၂၀၁၄၊ မေလ၊ ၁၂ ရာသီခွင်နှင့် သင့်ကံတရား . . . တက္ကသိုလ်စိုးမိုးနိုင် ၂၇၇
- ၂၀၁၄၊ မေလအတွက် လိုအင်ဆန္ဒပြည့်ဝ
  အောင်မြင်စေမည့် (ကာ၊ကု၊ဖွင့်)နဝင်းယတြာအစီအရင်များ. . . ဆရာမြတ်ထွန်းခေါင် ၃၁၉


www.burmeseclassic.com

www.burmeseclassic.com




မိုးကောင်းဆုတောင်းပြည့်ဘုရား
မင်းဘူး(စကု)မြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com




အောက်စက်တော်ရာ
မင်းဘူး(စကု)မြို့နယ်။


www.burmeseclassic.com

www.burmeseclassic.com

# ခန်းချောင်းကို ဖော်စုံကူး စက်တော်ရာဘုရားဖူး

မောင်ညိုဒွေး (ပန်းတော)







www.burmeseclassic.com

www.burmeseclassic.com


(၁)

ဖော်နှင့် မကွာ၊ နှုတ်လျှာမလျော့၊ သံနော့နော့နှင့်၊
ဆော့သည့် နှုတ်သီး၊ မြိုင်တောကျိုးလည်း၊ သံကြီးအာအာ၊
ခါက တုတ် ၊၊ ရှဥ့်စုတ်စုတ်နှင့်၊ ဘုတ်က သိမ့်သိမ့်၊
တဖိမ့်ဖိမ့်လျှင်...

*(ရှင်မဟာရဋ္ဌသာရ)*

ခရစ်မပေါ်မီ ၆၀၀ ခုနှစ်ကတည်းက မြတ်စွာဘုရား ခြေတော်ရာနှစ်ဆူအဖြစ် ကိန်းဝပ် စံပယ်တော်မူခဲ့၏။

ကျမ်းဂန်များအဆိုအရ ခြေတော်ရာ သုံးဆူရှိကြောင်း သိရ သည်။ တစ်ဆူမှာ သီဟိုဠ်ကျွန်း သုမနတောင်ထိပ်တွင် ရှိပြီး၊ ကျန်နှစ်ဆူမှာ မန်းစက်တော်ရာရှိ အထက်စက်တော်ရာ နှင့် အောက်စက်တော်ရာပင်ဖြစ်သည်။



ဘုရားဖူးကားပေါ် ရောက်သည်အထိ ဖုန်းသံက မစဲ။ ခရီး သွားမည့် ရက်ပိုင်းမှာပင် အရေးပေါ် အလုပ်တွေက ဆက်တိုက် ပေါ်၏။ လူပန်း စိတ်နွမ်းပြီး ကားထွက်သည်နှင့် အိပ်ပျော်သွားသည်။ ရွှေစက်တော်သို့ ပြည်လမ်းမှ သွားမည် ဆိုတာပဲ သိသည်။ ညနက်နက်မှာ ခရီးခဏနားသော်လည်း အိပ်ချင်မူးမူးစိတ်က မပြယ်။ မနက်လင်း၍ ကားခဏနားသော အခါ မျက်နှာသစ်လိုက်မှ လန်းဆန်းသွားသည်။ ရွှေစက်တော် ကား မဝေးတော့။

မန်းချောင်းမြစ်ကို ရှေးအခါက ရမ္မဒါမြစ်၊ ရမ္မနာမြစ်၊ နမ္မဒါ မြစ်ဟု ခေါ်တွင်ခဲ့သည်။ မန်းရွှေစက်တော်ဘုရားသည် မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် ရှိပြီး၊

ရွှေစက်တော်သို့ မရောက်မီကပင် စာတွေကို ပြန်ဖတ် ဖြစ်သည်။ သိပ္ပံမောင်ဝ ရေးခဲ့သော "မန်းစက်တော်ရာ စကား ပြေ"၊ ရှင်မဟာရဋ္ဌသာရ၏ "ရွှေစက်တော်သွား တောလား ရတု"၊ ညောင်ကန်ဆရာတော် ဦးဗုဒ်၊ ပြီးတော့ ဘိုးသူတော် ဦးမင်း စပ်ဆိုသော "စက်တော်ရာဘွဲ့"။

(၂)

...ပျံ့နှံ့လေပြည်၊ အလွမ်းစည်လျက်၊ လမ်းစဉ်ဆက်သော်၊
ချိုးငှက် လည်ပြောက်၊ ကျွမ်းဖော်ပျောက်သို့၊ နားထောက်ကွန့်မြူး၊
သံပြိုင်ကျူးလျက်၊ တစ်ဦးတိုင်က၊ တစ်ဦးချ၏။ ။

*(ရှင်မဟာရဋ္ဌသာရ)*


မန်းစက်တော်ရာ တဲတန်းများဆီသို့ ကားဆိုက်သည်။




www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်တို့ နားခိုမည့် တဲတန်းများဆီသို့ အရင်သွားသည်။ ခရီးဆောင်အိတ်များကို နေရာချပြီး အောက်စက်တော်ရာကို အရင်ဖူးကြသည်။ မန်းချောင်းရေမှာ တသွင်သွင်စီးလျက်












ကြည်လင် စိမ်းမြနေ၏။


အောက်စက်တော်ရာကို ပကတိ ဖူးမြော်ရသည်။ မိန်းကလေးများမှာ အပြင်ဘက်မှနေ၍ အာရုံပြုရသည်။ ပုရိသများကတော့ စက်တော်ရာကို ထိတွေ့ ကိုင်တွယ်ပြီး ဦးတင်လို့ ရ၏။




www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com





မြတ်စွာဘုရားသည် အရှင်မဟာပုဏ္ဏ မထေရ်မြတ်အား သုနာပရန္တတိုင်းရှိ သတ္တဝါအပေါင်းတို့အတွက် ကောင်းကျိုးချမ်းသာ အားထုတ်ဆောင်ရွက်ရန် ချန်နေရစ်ဟု မိန့်ပြီး ဇေတဝန်ကျောင်းတော်ဆီသို့ ပြန်လည်ကြွတော်မူ၏။ နမ္မဒါမြစ်အနီးသို့ ရောက်သောအခါ "နမ္မဒါ" နဂါးမင်းက တောင်းပန်၍ နဂါးများစွာတို့အား တရားတော်များ ဟောကြားခဲ့သည်။ နမ္မဒါ နဂါးမင်းက အခါမလပ် ကိုးကွယ်ပူဇော်နိုင်ရန်အတွက် ကိုယ်တော်မြတ်ကိုယ်စား တစ်စုံတစ်ရာ ပေးသနားခဲ့ပါရန် လျှောက်ထား တောင်းပန်တော်မူ၍ အရှေ့ဘက်ဆီသို့ ခြေဦးလှည့်ထားသော အောက်ခြေတော်ရာ (အောက်စက်တော်ရာ) ကို ဗုဒ္ဓမြတ်စွာ ချထားတော်မူသည်ဟု ဆို၏။

အောက်စက်တော်ရာ အောက်ဘက်နားရှိ နဂါးအိုင်ဆီသို့ သွားပြီး ပေါက်ပေါက်နှင့် နွားနို့များ ဆက်ကပ်လှူဒါန်းဖြစ်သည်။

အောက်စက်တော်ရာအနီးတစ်ဝိုက်တွင် ရှိသော သီရိမ္မာသောကမင်းကြီး၏ ကောင်းမှုများဖြစ်သည့် တန့်တော်ဦးစေတီ၊ နမ္မဒါ နဂါးမင်း အခြေအရံများနှင့် ရတနာအစုံဖြင့် ပူဇော်ရာနေရာရှိ "တောင်းပန်ဦးစေတီ"နှင့် "တောင်းပန်ရစေတီ"များကို ပထမဦးစွာ ဖူးမြော်ကြသည်။

စက်တော်ရာ ပုံပန်းသဏ္ဍာန် ကြီးမားစွာ ရှိနေခြင်းမှာ ခြေတော်ရာကို ဝန်းရံထားသော ကြေးသွန်း နဂါးမင်းရုပ်ထုနှစ်ခုအား ဘုရားဖူးသူများက ရွှေချလွှန်းသောကြောင့်ပင် ဖြစ်သည်။

နောက်တစ်ခုရှိသည်က ခြေတော်ရာအတွင်းရှိ အလုံး







www.burmeseclassic.com

မောသည် ပန်းသည်ကို ဂရုမထား။ အောက်စက်တော်ရာအနားတစ်ဝိုက် ကျွန်တော်တို့ ခရီးဆန့် ဖူးမြော်ကြသည်။


မန်းချောင်းအနောက်ဘက်ကမ်းထိပ်တွင် လဲလျောင်းနေသော နဂါးရုပ်ထုကြီး ရှိသည်။ ကြီးမား ခန့်ထည်လွန်းပြီး အသက်ဝင်လှ၏။ ဖရုံဘုရားကို ကျော်လွန်သော် နတ်ရေကန်ကုန်းထိပ်ဆီသို့ ရောက်၏။ ဒီနေရာ၊ ဒီဝန်းကျင်မှာ တရားရှာသူ၊ အဓိဋ္ဌာန်ဝင်သူများ ရှေးယခင်အဆက်ဆက် ရှိခဲ့ဖူးလိမ့်မည်။

နတ်ရေကန်မှ စီးကျနေသော ဆေးဖက်ဝင် ရေကို သောက်သုံးရန် အောက်ဆီသို့ ဆင်းကြသည်။ ဒီနေရာက သာမန်တော့ မဟုတ်။ ဝိဇ္ဇာ၊ ဇော်ဂျီနှင့် ရသေ့ သူတော်စင်များ အဓိဋ္ဌာန်ဖြင့် ရှာဖွေဖော်ထုတ်ထားသည့် နေရာထူးပင် ဖြစ်









ကြီးမှာ ဖနောင့်တော်နေရာ မဟုတ်ပေ။ သာလွန်မင်းတရားကြီးကိုယ်တိုင် ခြေတော်ရာအား လာရောက်ဖူးမြော်စဉ် မင်းတရားကြီး၏ ဘောင်းတော် ခြေတော်ရာအတွင်းသို့ ပြုတ်ကျခဲ့၏။ ဘောင်းတော်အား ပြန်ကောက်မယူတော့ဘဲ ရတနာများ အပြည့်ထည့်ပြီး ရွှေချ ပူဇော်လှူဒါန်းခဲ့ခြင်းကြောင့် အလုံးကြီး ဖြစ်နေခြင်းပင် ဖြစ်သည်။

(၃)


**တစ်ကုန်းဆင်းသက်၊ တစ်ကုန်းတက်၍၊ မြို့င်နက်မြို့င်ကြော၊**
**တစ်တောထွက်ဝင်၊ တစ်တောမြင်က၊ တစ်ပင်ရိပ်နား၊**
**တစ်ပင်သွား၍။ ။**

*(ရှင်မဟာရဋ္ဌသာရ)*





www.burmeseclassic.com

www.burmeseclassic.com














www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

သည်။


ကျောက်စက်ရေစင်ကို သောက်သုံးခြင်း၊ မျက်စဉ်းခတ်ခြင်းဖြင့် ရောဂါများ ပျောက်ကင်းသလို ရောဂါဆိုးများ သက်သာရုံမက၊ ဘေးဥပါဒ်လည်း ကင်းသည်။ ကျောက်စက်ရေစင်ဖြင့် မျက်နှာသစ်ပါက လူချစ်လူခင်ပေါ်များပြီး မျက်နှာပွင့်လန်းသည်ဟု ဆို၏။


ဒီနေရာသို့ မရောက်မီ ထူးဆန်းအံ့ဖွယ် ဆေးကြိတ်ဝိဇ္ဇာရုပ်ထုကို ဝင်ဖူးဖြစ်ခဲ့သေး၏။ ဘယာဝေးပြီး ဆေးပေါင်းခစေရန် အဓိဋ္ဌာန်ပြု ဆုတောင်းဖြစ်သည်။

နားခိုရာ မန်းချောင်းနံဘေး တဲတန်းဆီ ပြန်ရောက်တော့ အမောဖြေဖို့ ကြိုတန်းမှာ အတူလာသူများက မန်းချောင်းထဲဆင်းဖို့ ပြင်ကြသည်။ သူတို့ ရေဆင်းချိုးတာကို လိုက်ကြည့်









ရင်းကပင် ကိုယ်တိုင်လည်း မန်းချောင်းထဲသို့ ဆင်းဖြစ်ရုံမက၊ ရေပါချိုးဖြစ်သည်။ မန်းချောင်းရေမှာ အစီးသန်လေစွ။ ကြည်လင်အေးမြလေစွ။ မောပန်းနွမ်းနယ်သမျှတို့သည် မန်းချောင်းရေအလျဉ်မှာ စီးမျော ပျောက်ကွယ်သွားလေသည်။

ရေဝအောင်ချိုးပြီး မန်းချောင်းစပ်သို့ တက်လိုက်ကတည်းက အနှိပ်သည်များကို တွေ့ရသည်။ အညောင်းပြေအညာပြေ အနှိပ်ခံဖို့ သဘောတူလိုက်သည်။ အမျိုးသမီးအနှိပ်သည်များ ရှိသော်လည်း အတူလာကြသူများက အနှိပ်အနင်းမခံကြပေ။ ကျွန်တော်တစ်ယောက်သာ ဝါးကြမ်းပေါ်တွင် လှဲချပြီး ဇိမ်ယူဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

(၄)

နတ်လူငယ်ညောင်းခိုက်၊ သောင်းမကိုင်ဝယ်၊ အမြိုက်နို့ဗျူ။
ကျွတ်ပွဲယူလို့၊ သီတဂူလုံ၊ မြတ်မူယုံနှင့်၊ မစုံရပြန်၊
သည်မြို့င်ယံမှာ၊ မတန်တန်းဆို၊ ဆွတ်ဆွတ်သာပိုတော့ပ၊
ရေညိုခန့်ဂိုးမှာ၊ သစ္စာပန်တောင်တော်ကျွန်းက လွမ်းလို့ ပွေ့ချင်။

*(ဘိုးသူတော် ဦးမင်း)*

ဗုဒ္ဓမြတ်စွာ တတိယအကြိမ်အဖြစ် ခြေတော်ရာ (အထက်စက်တော်ရာ) ချထားတော်မူသော တောင်ကို မကုလတောင်၊ မျက်စဉ်းတောင်၊ သစ္စဗန္ဓတောင်ဟု ခေါ်တွင်၏။


ဗုဒ္ဓမြတ်စွာက သစ္စဗန္ဓ ရဟန္တာ မထေရ်အား

"ဤနေရာဌာနသည် အသင် ရှေးယခင်ကာလများက သတ္တဝါမျိုးစုံတို့အား ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခဲ့ရာ နေရာဖြစ်ကြောင်း၊ သို့အတွက် သင်၏ ပွင့်နေသော အပါယ်တံခါးများ ပိတ်သွားစေရန် သတ္တဝါများအား နှတ်ရွှာနှိမ့်ဟန်ချမ်းသာ လမ်းညွှန်ဆုံးမရန် သင် ချန်နေရစ်ခဲ့ပါ"

ဟု မိန့်တော်မူ၏။ ထိုအခါ သစ္စဗန္ဓမထေရ်က ဗုဒ္ဓမြတ်စွာအား...

"မိမိအား သနားညှာတာသည့်အနေဖြင့် မြတ်ဗုဒ္ဓအရှင်အား နေ့ညမပြတ် ဆည်းကပ်ကြည်ညိုနိုင်ရန် တစ်စုံတစ်ရာအား ကိုယ်စားချန်ရစ်ပေးသနားတော်မူခဲ့ပါ"





ဟု လျှောက်ထားသဖြင့် သစ္စဗန္ဓတောင်တော်ရှိ မြကျောက်ဖျာထက်၌ လက်ဝဲဘက် ခြေတော်ရာ (အထက်စက်တော်ရာ)ကို ခတ်နှိပ်ချထားတော်မူခဲ့သည်ဟု ဆို၏။

အထက်စက်တော်ရာကိုတော့ အောက်စက်တော်ရာကဲ့သို့ မျက်မြင်ကိုယ်ကျ ဖူးမြော်ခွင့်မရခဲ့ပေ။ ရှေးယခင်အခါကပင် ခြေတော်ရာအား ဝုံ၍ စေတီတည်ခဲ့၏။ ခြေတော်ရာကိန်းဝပ်နေသော စေတီကိုသာ ဖူးမြော်ခွင့်ရ၏။ ခြေတော်ရာပွားတစ်ဆူကိုသာ ဦးခိုက် ဖူးမြော်နိုင်၏။

သီရိဓမ္မာသောကမင်းကြီးနောက်ပိုင်း ပထမအကြိမ်အဖြစ် နှစ်ပေါင်း ၁၂၅၀၊ စစ်ကိုင်းမင်းဆက်ပြတ်ပြီးနောက် နှစ်ပေါင်း ၁၅၀၊ အင်းဝမင်း ၉ဆက်မြောက်အထိ ဒုတိယအကြိမ်အဖြစ် နှစ်ပေါင်း ၁၂၇နှစ်၊ သုံးကြိမ်သုံးခါတိုင်အောင် နှစ်ပေါင်း ၁၅၀၀ ကျော်ခန့် စက်တော်ရာ တိမ်မြုပ်ပျောက်ကွယ်ခဲ့ဖူးသည်ဟု မှတ်တမ်းများက ဆိုကြသည်။

သာလွန်မင်းလက်ထက်တော် ရောက်သောအခါမှ တောင်ဖီလာ ဆရာတော်နှင့်အတူ ဆရာတော်လေးပါး ဦးဆောင်ကာ တိမ်မြုပ်နေသော ပါဒစက်တော်ရာကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့၍ ယနေ့တိုင် ဖူးမြော်နေရခြင်းပင် ဖြစ်သည်။


အထက်စက်တော်ရာကို ဖူးမြော်ကြည်ညိုခြင်းနှင့် အတူ လျောင်းတော်မူဘုရားကြီး၊ ဇင်းပြွန်ရုပ်တော်မူ ရုပ်ပွားတော်၊ နှစ်ကျိပ်ရှစ်ဆူဘုရား၊ နှစ်ကျိပ်ရှစ်ဆူဘုရား၊ သစ္စဗန္ဓ ရသေ့ကြီး၏ စက်တော် ဌာပနာထားရာ သင်္ချိုင်းတော်ရာစေတီ၊ လာဘသိဒ္ဓိ ဆုတောင်းပြည့် ဇီးကွက်ကြီးဘုရား၊ ရသေ့ကြီး ဦးခွန်တီ တည်ထားသော မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်၊ ရသေ့တောင်ဘုရားနှင့် သစ္စဗန္ဓ ရဟန္တာကြီး၏ ညာဘက် ခြေတော်ရာဖြစ်သော ရဟန္တာခြေတော်ရာများကို မမောမပန်းနိုင်အောင် ကြည်ညိုကြရမည်ဖြစ်သည်။

နေစောင်းချိန်လောက်တွင် မန်းချောင်းနံဘေး တဲတန်း



www.burmeseclassic.com

www.burmeseclassic.com



ဈေးဆိုင်တန်းများဆီသို့ ပြန်ရောက်ဖြစ်သည်။ အထက်စက်တော်ရာ၏ အမြင့်ဆုံးနေရာဖြစ်သော မုဆိုးတောင်ထိပ်မှ မျက်စိတစ်ဆုံး မြင်တွေ့ရသော တဲတန်းများ၊ ဈေးဆိုင်တန်းများကို စုံလင်အောင် လျှောက်ကြည့်ဖို့ရာမှာ မလွယ်လှပေ။

နေဝင်သွားချိန်ကို ကြည့်ရင်း မန်းချောင်းအလုနှင့် စက်တော်ရာ မြင်ကွင်းများက ညှို့ယူ ဖမ်းစားထားနိုင်၏။ စက်တော်ရာညမှာ နက်သထက် နက်လာသလို၊ ရေတိုးသံ ညံ့ပြီး လှသထက် လှနေ၏။ အိပ်ချင်စိတ်များကို ကွယ်ဝှက်လို့ ထားနိုင်စွမ်း၏။

(၅)

ခြိမ့်ခြိမ့်သာမှုန်းတော၊ မြကျွန်းညာငှမှာ၊
စက်တော်နှစ်ဆူ တောင်တော်ထူးပေမို့၊
ကြည်နူးစေတနာရွှန်းပါဘိ၊ ကွန်းငြိမ့်သဘင်။ ။

(ဘိုးသူတော် ဦးမင်း)

ရွှေစက်တော်ခရီးကား အဆုံးသတ်ချိန်ရောက်ပြီ။ ထမင်းစားသောက်ပြီးချိန်လွန်သော ရောင်နီပျို့အကာစ ပြုပြီ။ အရုဏ်တက်ပြီး နံနက် ၄နာရီအချိန်တွင် မန်းချောင်းကမ်းပါး တစ်လျှောက် သံဃာအပါး (၂၀၀) ဆွမ်းခံကြွတော်မူလာ၏။ အတူပါလာသူများက ဘုရားဖူး ပရိသတ်များနှင့်အတူ အရုဏ်ဆွမ်းလောင်းပုံများကို ဓာတ်ပုံရိုက်ပေးရင်း ကြည်နူးသဒ္ဓါပွားရပြန်သည်။

ရွှေစက်တော် ခြေတော်ရာဖွင့်ပွဲကို နှစ်စဉ်နှစ်တိုင်း တပို့တွဲလဆန်း ၅ရက်နေ့တွင် ကျင်းပပြီး သင်္ကြန်ကာလပြီးမြောက်သောအခါတွင် ပိတ်ပွဲကို ကျင်းပ၏။ မန်းချောင်းနံဘေးတွင် တည်ရှိနေသော အောက်စက်တော်ရာအား ချောင်းရေနှင့် ရာသီဥတုဒဏ်မှ ကင်းဝေးစေရန် သံမဏိအုပ်ဆောင်းဖြင့် အုပ်ထားရသည်။ အထက်စက်တော်ရာကိုတော့ အချိန်အခါမရွေး သွားရောက် ဖူးမြော်ခွင့်ရှိလေသည်။

မနက် မလင်းတလင်းအချိန်မှာပင် ကျွန်တော်တို့ ဘုရားဖူးကား ရွှေစက်တော်မှ ပြန်လည်ထွက်ခွာခဲ့လေ၏ ■

* * *

မောင်ညိုအေး(ပန်းတော)




www.burmeseclassic.com

www.burmeseclassic.com

# မယ်ဇယ်ဆရာတော်နှင့် ထွက်ရပ်ပေါက်သတင်း

တင်နိုင်တိုး



မယ်ဇယ် ဆရာတော်ကြီးသည် သထုံခရိုင်၊ ကျိုက်ထိုမြို့တွင် လွတ်လပ်ရေးမရမီကပင် သီတင်းသုံး နေထိုင်ခဲ့သည့် ဆရာတော်ကြီးဖြစ်သည်။ မယ်ဇယ် ဆရာတော်ကြီးသည် မင်းတုန်းမင်း၏ သားတော်တစ်ပါးဖြစ်ကြောင်း အဆိုရှိကြသည်။ မယ်ဇယ်ဆရာတော် ငယ်စဉ်က မန္တလေးတွင် နေထိုင်ခဲ့သည်။ နန်းတွင်းတွင် ကြီးပြင်းခဲ့သည့် မင်းတုန်းမင်း၏ သားတော်ကြီးတစ်ပါးဟု ဆိုစမှတ်ပြုကြ၏။

၁၈၇၈ ခုနှစ်၊ သီပေါမင်း နန်းတက်စတွင် မင်းမျိုးမင်းနွယ်များအား လုပ်ကြံ စီရင်စဉ် မယ်ဇယ် ဆရာတော်လောင်းလျာ သားတော်ကြီးမှာ ရပ်ဖျက်ကာ အောက်မြန်မာနိုင်ငံ ဗြိတိသျှပိုင်နက်အတွင်းသို့ ထွက်ခွာလာခဲ့သည် ဆို၏။ ထို့နောက် ကျိုက်ထိုမြို့ မယ်ဇယ်ကျောင်းတိုက်တွင် အထူးသိုသိပ်လျှို့ဝှက်စွာ နေထိုင်ခဲ့သည်။ မြို့သူမြို့သားများက မယ်ဇယ်ကျောင်းတိုက်တွင် သင်္ကန်းဝတ်ဖြင့် ရဟန်းအားထုံတ်နေသော ဦးပဥ္စင်းအား မင်းတုန်းမင်း၏ သားတော်ဟူ၍ မည်သူမျှ မသိကြပေ။



www.burmeseclassic.com

www.burmeseclassic.com

မယ်ဇယ် ဆရာတော်သည် တရားဘာဝနာ ပွားများအားထုတ်ရုံမျှမက၊ ထွက်ရပ်လမ်း လုပ်ငန်းများကိုပါ ပူးတွဲကျင့်ကြံ အားထုတ်ခဲ့သည် ဆို၏။ ဆရာတော်ကို ၁၈၆၈ ခုနှစ်တွင် ဖွားမြင်ခဲ့ရာ၊ ထိုစဉ်က အိမ်ရှေ့စံ ကနောင်မင်းသားကြီး ကျဆုံးခဲ့သည်မှာ ၂နှစ်မျှသာ ရှိပါသေးသည်။ ဆရာတော်မယ်ဇယ်ကျောင်းတိုက်တွင် ကျင့်ကြံအားထုတ်နေပုံကို တပည့် ဒါယကာများက သာမန်အားဖြင့်သာ သိရှိကြသည်။ သို့သော် ဆရာတော်ကား ဝိပဿနာတရားနှင့် ထွက်ရပ်ပေါက် ကျင့်စဉ်များကို အထူးကျင့်ကြံအားထုတ်ခဲ့သည်။

ဆရာတော်နှင့် နီးစပ်သည့် ဒကာများက ၁၉၄၁ ခုနှစ်ခန့်ကပင် ဆရာတော် အကြားအမြင်ရနေခဲ့သည်ဟု ဆိုကြသည်။ ဒကာ၊ ဒကာမအချို့က ကိုယ်တွေ့ သိရှိထားကြသည်။ သို့သော် ဆရာတော်မှာ သိုသိုဝှက်ဝှက် သီတင်းသုံးနေထိုင်တတ်ပေရာ ဒကာရင်းများကလည်း ဆရာတော် ဆန္ဒရှိသည့်အတိုင်း ထုတ်ဖော်ပြောဆိုခြင်း မရှိကြပေ။

ဆရာတော်သည် ထွက်ရပ်လမ်းလုပ်ငန်းများတွင် အတော်အတန် ပေါက်မြောက် အောင်မြင်တော်မူခဲ့ရာ ပဲခူးရွှေမောဓောဘုရားကြီး ပြန်လည်ပြုပြင် တည်ထားကိုးကွယ်နိုင်ရေးအတွက် စရိတ်များ ရရှိရန် လက်ဘုလမ်း ရွှေဖြစ်ပြဒါးပြာများကို လုပ်ဆောင် သိမ်းဆည်းထားခဲ့သေးကြောင်း အတွင်းကျကျ တပည့်တစ်ဦးက ပြောပြခဲ့သည်။ နောက်ပိုင်း ဆရာတော်ကြီး ပျံလွန်ချိန်တွင် ပြဒါးများ ပျောက်ဆုံးနေရာ ဆရာတော်ဘုရားကြီးကိုယ်တိုင် ဖျောက်ဖျက်သွားခဲ့သည်၊ သို့မဟုတ် တစ်စုံတစ်ယောက်၏ လက်တွင်းသို့ ရောက်ရှိသွားသည် စသည်ဖြင့် ထင်မြင်ယူဆ ပြောဆိုခဲ့ကြ၏။

ဆရာတော်သည် သက်တော် ၈၀ ကျော်လာပြီးနောက် နေ့ဆွမ်းကို အစိတ္တန်ဖြင့် ၆လုတ်သာ ဘုဉ်းပေးခဲ့သည်။ ပျံလွန်တော်လုနီး တစ်လအလိုတွင်ဆိုလျှင် ၄လုတ်သာ ဘုဉ်းပေးတော့၏။ ဆရာတော်ကား နေ့စဉ် ဝိပဿနာ တရားတော်ကိုသာ ကျင့်ကြံပွားများ အားထုတ် နေထိုင်ခဲ့လေသည်။ ဆရာတော်ကြီးသည် သက်တော် ၈၃ နှစ်၊ ဝါတော် ၆၄ဝါအရ ၄၊ ဖေဖော်ဝါရီ၊ ၁၉၅၁၊ နေ့လယ် ၁၂နာရီအချိန်တွင် ဘဝ နတ်ထံ ပျံလွန်တော်မူသွားခဲ့သည်။

ဆရာတော် မပျံလွန်မီ တစ်ရက်အလိုတွင် ဆရာတော်က တပည့်ရင်း ဒကာ ဦးဘိုးသိုက်နှင့် ဒကာရင်းများအား မိမိ နက်ဖြန် ပျံလွန်တော်မူမည်။ အလောင်းကို ကျောင်းဝင်းအတွင်း သစ်ဆိမ့်ပင်အောက်၌ မီးသင်္ဂြိုဟ်ပြီး အရိုးပြာအား မြစ်ချောင်းအတွင်း မျှောချရန် မိန့်ဆိုခဲ့သည်။ အထူးမှာကြားမိန့်ဆိုသည်မှာ အရိုးပြာနှင့် အရိုးအိုးအား ဂူသွင်းခြင်း၊ စေတီတည်ခြင်း မလုပ်ကြရန်ပင် ဖြစ်ပါသည်။

မယ်ဇယ် ဆရာတော်ကြီး ပျံလွန်တော်မူသွားပြီးနောက် ဖေဖော်ဝါရီလ ၅ရက်၊ နောက်တစ်နေ့တွင် ရုပ်အလောင်းအား တပည့်များက ရေချိုးပေးကြသည်။ ထိုအခါ အလောင်းမှာ အသက်ရှိစဉ်ကကဲ့သို့ပင် ပူပူနွေးနွေးရှိနေဆဲဖြစ်ကြောင်း တွေ့ကြရသည်။ ရုပ်အလောင်းကို ခုတင်ထက်သို့ တင်၍ သိပ်ထားရာ၌လည်း တစ်ရက်ကျော်ခန့်အထိ ထပ်မံ ပူနွေးနေဆဲဖြစ်သည် ဆိုသည်။

တပည့် ဒါယကာအပေါင်းတို့က မိမိတို့ ဆရာတော်ကြီးသည် အကြားအမြင်ရနေခြင်း၊ ပျံလွန်မည့် နေ့ရက်ကို တိကျသေချာစွာ မိန့်ဆိုခဲ့ခြင်း၊ ပျံလွန်ပြီး နှစ်ရက်ကျော်ကြာမြင့်သည့်တိုင် အသက်ရှိနေသကဲ့သို့ ပူနွေးနေခြင်း စသည့် ထူးခြားမှုများကြောင့် ဆရာတော်သည် နတ်ဝိဇ္ဇာဖြစ်ပြီး အသေထွက် ထွက်သွားခြင်းဖြစ်ကြောင်း ပြောဆိုကြသည်။ မယ်ဇယ် ဆရာတော်ကြီး ပျံလွန်တော်မူသွားသောအခါမှသာ မင်းတုန်းမင်း၏ သားတော်ကြီးတစ်ပါးဖြစ်ကြောင်း ဟိုးလေးတကျော်ဖြစ်လျက် သိရှိကြရသည်။

မယ်ဇယ် ဆရာတော်၏ သာဓုကီဠနသတင်းကို ၂၅၊ ဖေဖော်ဝါရီ ၁၈၅၁ တွင် ဆင်ယင် ကျင်းပခဲ့ပါသည်။ ယင်းနေ့ညနေ ၄နာရီအချိန်တွင် အခမ်းအနားကို ဆင်ယင်ကျင်းပစဉ် သံဃာတော်အပါး ၂၀၀ အား နံနက်အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ထို့အပြင် ထီး၊ ဖိနပ် စသည့် လှူဖွယ်ဝတ္ထုအစုစုကိုလည်း သက်စေ့လှူဒါန်းခဲ့သည့်ပြင် လူပရိသတ်များအားလည်း စတုဒိသာဖြင့် ကျွေးမွေး ဧည့်ခံခဲ့သည်။

မယ်ဇယ် ဆရာတော်ကြီးကား ပျံလွန်တော်မူပြီးသည့်တိုင် ထွက်ရပ်ပေါက် ဆရာတော်ကြီးအဖြစ် အချိန်ကြာမြင့်စွာ ထင်ရှားခဲ့လေသည်။ တပည့် ဒါယကာများက ဆရာတော်ကြီး ပျံလွန်တော်မမူမီက မှာကြားခဲ့သည့်အတိုင်း ရုပ်အလောင်းအား မီးသင်္ဂြိုဟ်လျက် အရိုးပြာကို ရေတွင် မျှောခဲ့ကြသဖြင့် ဆရာတော်ကြီး အထိမ်းအမှတ်ဟူ၍ မကျန်ရှိခဲ့ပေ ■

* * *

တင်နိုင်တိုး

ကျမ်းကိုး

- မြန်မာ့အလင်းသတင်းစာ (၈-၃-၅၁)။

www.burmeseclassic.com

www.burmeseclassic.com

နမောတဿ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ

ယောစဝဿ တံဇီဝေ၊
အပဿံ ဥဒယဗ္ဗယံ။
ကောဟံဇီဝိတံ သေယျော၊
ပဿတော ဥဒယဗ္ဗယံ။
(ဓမ္မပဒ၊ ၄၃၊ ၂၊ ၂၇၁)



# တစ်ရာထက်မြတ်သော တစ်ရက် အခန်း(၁)

မေတ္တာရှင်ရွှေပြည်သာ

အထက်ပါ ဂါထာ၏ ဆိုလိုချက် အနှစ်ချုပ်မှာ ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို မမြင်ဘဲ အနှစ်တစ်ရာ အသက်ရှင်ရခြင်းထက်၊ ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို မြင်သောသူ၏ တစ်ရက်တာ အသက်ရှင်ရခြင်းက မြတ်သည်ဟု ဆိုလိုပေသည်။ အထက်ပါ ဂါထာလေးကို မှီငြမ်းပြု ခံစား၍ စာရေးသူ၏ အတွေးအမြင်တစ်ခုကို စာဖတ်သူတို့အား တင်ပြချင်ပါသည်။

ပုထုဇဉ် လူသားမှန်သမျှ လောဘနှင့် စခဲ့ရသူချည်းဖြစ်သည်။ မိခင်ဝမ်း၌ ကလလ ရေကြည်အဖြစ် တည်ခြင်း၊ ပဋိသန္ဓေစိတ်ဖြစ်ပြီးလျှင် ပထမဆုံးဖြစ်သောစိတ်မှာ ဘဝကို နှစ်သက်တပ်မက်သော ဘဝနိကန္တိက လောဘဇောပင် ဖြစ်သည်။ ဘဝနိကန္တိက လောဘဇော ဆိုးဝါးပုံ ပုံပြင်လေးတစ်ပုဒ်အား မှတ်မိနေသည်။

သူငယ်ချင်းနှစ်ယောက် မသေခင်မှာ ကတိကဝတ်တစ်ခုထားခဲ့ကြသည်။ ထိုကတိမှာ သုဂတိဘုံသို့ ရောက်သူက ဒုဂ္ဂတိဘုံသို့ ရောက်သူကို မေ့မထားဘဲ အသိပေးကယ်ဆယ်ရန်ဖြစ်သည်။ သူတို့နှစ်ယောက် ကွယ်လွန်ကြသောအခါ တစ်ယောက်က သိကြားမင်း သွားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



…တစ်ယောက်က အိမ်သာထဲတွင် မစင်များကို စားရသော …လောက်ကောင်သွားဖြစ်သည်။

ထိုအခါ ထားခဲ့သော ကတိအတိုင်း သိကြားမင်းက …ယောင်ဆောင်၍ အိမ်သာထဲရောက်နေသော သူငယ်ချင်း …လောက်ကောင်ကို နှုတ်သီးဖြင့် ချီ၍ သစ်ပင်ပေါ် တင်ကာ …လောက်ကောင်ဘဝမှ လွတ်အောင် ကြိုးစားဖို့ တရားဟော…သည်။ ထိုအခါ လောက်ကောင်က ပြန်ပြောသည်မှာ -

“သူငယ်ချင်း…ငါ့ကို ကယ်ဆယ်ဖို့ မကြိုးစားပါနဲ့တော့။ ငါ အိမ်သာထဲက လောက်ကောင်ဘဝမှာ ပျော်နေပြီ။ အိမ်သာထဲမှာ ငါ့ဆွေမျိုးသားချင်းတွေ အများကြီးရှိတယ်။ ပြီးတော့ သားတွေ၊ မယားတွေနဲ့ သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင်နေရတယ်။ အစားအစာအတွက်လည်း မပူရ… ဘာ စိုက်ပျိုးရေးမှ လုပ်စရာမလိုဘူး။ တို့အတွက် …စရာတွေ မိုးပေါ်က အမြဲကျလာပေးတယ်။ ဒါကြောင့် ငါ့ဘဝနဲ့ ငါပဲ

www.burmeseclassic.com

www.burmeseclassic.com

နေပါရစေတော့"

တဲ့။ ဤပုံပြင်လေးကို ထောက်ဆကြည့်လိုက်ပါက ဘဝနိကန္တိက လောဘဇော၏ ဆိုးဝါးပုံ ထင်သာမြင်သာရှိလောက်ပါသည်။ ကောင်းမွန်မြင့်မြတ်သော လူ့ဘဝ၊ နတ်ဘဝကို မဆိုထားနှင့်၊ ယုတ်ညံ့ အောက်တန်းကျသော တိရစ္ဆာန်ဘဝကိုပင် စွဲလမ်းတပ်မက်နေပုံမှာ သံဝေဂ ရစရာကောင်းလှသည်။ ထိုလောဘသည် ကောင်းကျိုးတစ်ခုမှ မပေး။ ဆိုးကျိုးသုံးမျိုးကိုသာ ပေးစွမ်းနိုင်သည်။

ပထမ ဆိုးကျိုးမှာ သက်ရှိကို ဖြစ်စေ၊ သက်မဲ့ကို ဖြစ်စေ၊ စွဲလမ်းတပ်မက်သော လောဘဖြင့် သေလျှင် ပြိတ္တာဘုံသို့ ရောက်ရသည်။

ဒုတိယ ဆိုးကျိုးမှာ ထိုလောဘဓာတ်များ အားကြီးလာလျှင် ကမ္ဘာလောကကြီး အငတ်ဘေးဆိုက်ရသည်။

တတိယ ဆိုးကျိုးမှာ ထိုလောဘဓာတ်များ အများဆုံး၊ အမြင့်ဆုံးအဆင့်သို့ ရောက်လာလျှင် ကမ္ဘာလောကကြီးသည် မီးလောင် ပျက်စီးရသည်။

ကမ္ဘာပျက်ရခြင်း၊ သက်တမ်းဆုတ်ယုတ်ရခြင်း၊ အငတ်ဘေးဆိုက်ရခြင်းတို့သည် တခြားသူများကြောင့် ဖြစ်ရသည် မဟုတ်။ လူသားတို့၏ သန္တာန်မှ ထွက်ပေါ်လာသော လောဘ၊ ဒေါသတို့ကြောင့် ဖြစ်ရကြောင်းကို လူငယ်များ သတိပြု ဆင်ခြင်နိုင်ရန် (ဒီ ၃၊ ၂၆၀)လာ စက္ကဝတ္တိသုတ်ကို သိသာရုံ အနှစ်ချုပ်၍ တင်ပြပေအံ့။

◈◈◈

## စက္ကဝတ္တိသုတ်

အခါတစ်ပါး၌ မြတ်စွာဘုရားသည် မဂဓတိုင်း၊ မာတုလမြို့၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ၌ မြတ်စွာဘုရားသည် ကိုးကွယ်ရာအစစ်၊ အားထားရာအစစ်ကို ဤသို့ ဟောကြားတော်မူ၏။

ရဟန်းတို့ . . . သင်တို့သည် မိမိကိုယ်ကိုသာလျှင်၊ တရားကိုသာလျှင် အားထားသည်ဖြစ်၍၊ ကိုးကွယ်သည်ဖြစ်၍ နေကြရမည်။ အခြားအရာများကို ကိုးကွယ်ရာဖြစ်၍၊ အားထားဖြစ်၍ မနေကြရ။ ရဟန္တာဖြစ်ဖို့အတွက် ရဟန်းပြုလာကြသော သင်တို့သည် တရားကို ပြင်းစွာ အားထုတ်လျက်၊ ဆင်ခြင်လျက်၊ သတိရှိလျက် နေကြရမည်။ အဘယ်သို့ နေကြရမည်နည်း။

ဖောက်ပြန်သော ရုပ်အပေါင်းအစု(ရူပက္ခန္ဓာ)ကို ဖောက်ပြန်သော ရုပ်အပေါင်းအစု(ရူပက္ခန္ဓာ)ဟု အဖန်ဖန်ရှုလျက် လောကအပေါ်၌ လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာယာခြင်းကို ပယ်ဖျောက်၍ နေရမည်။ တစ်နည်း လောဘ၊ ဒေါသ မဖြစ်အောင် နေရမည်။ ခံစားမှုဝေဒနာ မှတ်သားမှုသညာ၊ စေ့ဆော်တိုက်တွန်းမှု သင်္ခါရသိမှုစိတ်တို့၌ ဝေဒနာ၊ သညာ၊ သင်္ခါရစိတ်တို့သာ ဖြစ်သည်။ ငါမဟုတ်ဟု ဆင်ခြင်လျက်၊ သတိရှိလျက် အားထားရာ၊ ကိုးကွယ်ရာအဖြစ်နေခြင်းအမှန်ဖြစ်၏။

ရဟန်းဟူသည် အဖဘုရားမှ လာသော အမွေဖြစ်သည်။ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဟူသော သတိပဋ္ဌာန်လေးပါး တစ်ပါးပါး၌သာ ကျက်စား၍ နေရမည်။ ထိုသို့ သတိပဋ္ဌာန်လေးပါး တစ်ပါးပါး၌ ကျက်စား၍နေသော ရဟန်းအား လောဘ၊ ဒေါသ စသော မာရ်နတ်သည် သင် ရဟန်းတို့အား ဖျက်ဆီးရန်၊ လှုထွက်ရန် အခွင့်မရလတ္တံ့။

### ဒဠှနေမိ စကြဝတေးမင်းအကြောင်း

ရဟန်းတို့ . . . ရှေးအခါက တရားနှင့်အညီ မင်းပြုသော ကျွန်းလေးကျွန်းလုံးကို အစိုးရသော၊ ရန်အပေါင်းကို အောင်မြင်သော၊ တိုင်းနိုင်ငံကို တည်ငြိမ်စေသော၊ ရတနာ ခုနစ်ပါးနှင့် ပြည့်စုံသော "ဒဠှနေမိ"အမည်ရှိသော စကြဝတေးမင်းသည် ရှိ၏။ ထိုမင်းပိုင်သော ရတနာခုနစ်ပါးဟူသည် စကြာရတနာ၊ ဆင်ရတနာ၊ မြင်းရတနာ၊ ပတ္တမြားရတနာ၊ မိန်းမရတနာ၊ သူဌေးရတနာ၊ သားကြီးရတနာတို့ဖြစ်သည်။ ထို စကြဝတေးမင်းတွင် ရဲရင့်သော၊ တစ်ဖက် စစ်သည်တို့ကို နှိမ်နင်းနိုင်သော၊ အထောင်မကသော သားတော်တို့လည်း ရှိကုန်၏။

ထိုစကြဝတေးမင်းသည် သမုဒ္ဒရာအဆုံးရှိသော မြေပြင်အလုံးစုံကို လက်နက်ဖြင့် မအုပ်ချုပ်ဘဲ တရားဖြင့် အုပ်ချုပ်တော်မူသည်။ တစ်ခါတွင် ဒဠှနေမိမင်းက မင်းချင်းတစ်ယောက်ကို ယခုလို မိန့်ကြား၏။

"မင်းချင်း . . . ငါစီးနေကျ စကြာရတနာသည် မြင့်သော နေရာမှ အနည်းငယ် နိမ့်ကျသည်ကို မြင်လျှင် ငါ့အား ပြောကြားပါလော့"

နှစ် ထောင်ပေါင်းများစွာ ကုန်လွန်သောအခါ စကြာရတနာသည် တည်နေရာမှ အနည်းငယ် လျှောကျဆင်းသက်သည်ကို မြင်သဖြင့် မင်းချင်းသည် မင်းကြီးအား ပြောကြားလေ၏။ ထိုအခါ ဒဠှနေမိမင်းသည် သားကြီး ရတနာကို ခေါ်ယူ၍ နိုင်ငံကို အပ်ကာ ဆံမုတ်ဆိတ်ကို ပယ်၍ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ကာ တောထွက်၍ ရသေ့ပြု၏။ စကြာရတနာ နိမ့်ကျသက်ဆင်းလာခြင်းသည် ထိုစကြမင်း သက်တမ်းကုန်တော့မည်ဟု သင်္ကေတပြခြင်းဖြစ်သည်။ ထို



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် တောထွက်ခြင်းဖြစ်၏။ ဒင္ဂနေမိမင်း တောထွက်ပြီး ခုနစ်ရက်မြောက်သောနေ့တွင် စကြာရတနာသည် ကွယ်ပျောက်သွား၏။

(မှတ်ချက်။ အကျိုးတရားသည် အကြောင်းတရားကြောင့် ဖြစ်ရခြင်းပင်။ စကြာယာဉ်သည် ဒင္ဂနေမိမင်း ဖြည့်ဆည်းခဲ့သော ကုသိုလ်တရားတို့ကြောင့် ပေါ်ပေါက်လာသော အကျိုးတရားသာ ဖြစ်သည်။ ထို့ကြောင့် အသုံးပြုမည့် ဒင္ဂနေမိမင်း တောထွက်သွားသောအခါ စကြာယာဉ်သည် ကွယ်ပျောက်သွားခြင်းဖြစ်သည်။

မြိတ်မြို့၌ အိမ်တစ်အိမ်၏ မြေတိုက်ခန်းထဲတွင် ဇီဝိုးငှက်များ လာရောက်နေထိုင်ပြီး အသိုက်များ လုပ်ကြသည်။ သူတို့၏ အန်ဖတ်ဖြင့် လုပ်သော အသိုက်များသည် ဆေးဖက်ဝင်ပြီး အားရှိသဖြင့် အလွန်တန်ဖိုးကြီးသည်။ တစ်ပိဿာကို ၄၅သိန်းခန့်ပင် ရှိသည်။ လူသူ မရောက်ပေါက်နိုင်သော ပင်လယ်တွင်းရှိ ကျောက်တောင်ထိပ်ဖျားပေါ်၌သာ အသိုက်လုပ်လေ့ရှိသော ဇီဝိုးငှက်များသည် ထိုအိမ် မြေအောက်ခန်းထဲ၌ အသိုက်လာလုပ်ခြင်းသည် အိမ်ရှင် အားထုတ်ခဲ့သော ကုသိုလ်ကံအကြောင်းတရားကြောင့်ဖြစ်သည်။ ထိုအိမ်ရှင်ကလည်း သစ္စာရှိစွာဖြင့် ငှက်ကလေးများ ပေါက်ပြီး ပျံသွားသောအခါမှ၊ ငှက်များ အသုံးမပြုသောအခါမှ ငှက်သိုက်များကို ယူ၍ ရောင်းချသည်။

ထိုငှက်သိုက်များကြောင့်လည်း အိမ်ရှင်သည် ချမ်းသာကြွယ်ဝသော သူဌေးကြီးအဖြစ်ကို ရောက်လာသည်။ ထိုအခါ အတ္တဆန်သော လူအချို့က သွားရေကျပြီး ထိုအိမ်ကို အပြစ်မရှိ အပြစ်ရှာပြီး သိမ်းယူလိုက်ကြသည်။ ကံ၏ အကျိုးပေးကား အံ့သြစရာကောင်းပေစွ။ ထိုသူတို့လက်ထဲ ရောက်သွားသည်နှင့် ဇီဝိုးငှက်များသည် ထိုအိမ်တွင် တစ်ကောင်မျှ မနေကြတော့ဘဲ ပင်လယ်ထဲသို့ ပြန်သွားကြသည်။ နှစ်သာ အတော်ကြာသွားသည်၊ ဇီဝိုးငှက်များ ပြန်မလာတော့သောကြောင့် လက်လျှော့ပြီး အိမ်ကို မူလပိုင်ရှင်များအား ပြန်ပေးလိုက်ကြသည်။

အစ္ဆရိယံ ဝတ ဘော - အံ့ဖွယ်ရှိပေစွ၊ အဗ္ဘုတံ ဝတ ဘော - မဖြစ်ဘူးမြဲ ဖြစ်ပေစွဟု အင်္ဂုတ္တိုရ်ပါဠိတော်လာစကားအတိုင်း ကြွေးကြော်လိုက်ချင်တော့သည်။ မူလပိုင်ရှင်လက်ထဲသို့ အိမ်ပြန်ရောက်သွားသည်နှင့် ဇီဝိုးငှက်များသည် မည်သူမျှ မခေါ်ရဘဲ ထိုအိမ်မြေအောက်ခန်းသို့ ပြန်လည်ရောက်လာကြသည်။)

ယခုလည်း ကုသိုလ်ရှင် ဒင္ဂနေမိ စကြာဝတေးမင်းကြီး ရသေ့ဝတ်သွားသောကြောင့် စကြာရတနာသည် အလိုလိုကွယ်ပျောက်သွားခြင်းဖြစ်သည်။

စကြာရတနာသည် ကောင်းကင်သို့ ပျံနိုင်သော ယာဉ်တစ်မျိုးဖြစ်သည်။ လိုက်ပါလိုသူမှန်သမျှ အရေအတွက်မည်မျှများသည်ဖြစ်စေ၊ လိုက်ပါနိုင်သော ဆီမထည့်ရသည့် ဘုန်းကံဖြင့် သွားသော ကောင်းကင်ပျံ ယာဉ်တစ်မျိုးဖြစ်သည်။

ထိုအခါ စကြာဝတေးမင်းဖြစ်နေသော သားကြီးရတနာသည် စကြာရတနာ ကွယ်ပျောက်သွားသည့်အတွက်ကြောင့် စိတ်နှလုံး မသာမယာဖြစ်ပြီး တောထွက်သွားသည့် ဖခင်ရသေ့အား သွားရောက်လျှောက်ထားလေ၏။ ထိုအခါ ဖခင်ရသေ့က . . .

"ချစ်သား . . . စကြာရတနာ ကွယ်ပျောက်သွားသောကြောင့် သောက မဖြစ်လင့်။ သောကဖြစ်ခြင်းကိုလည်း သူတစ်ပါးအား မပြောကြားနှင့်။ စကြာရတနာသည် အမွေအဖြစ် ဆက်ခံနိုင်သော ပစ္စည်းမျိုးမဟုတ်။ သင်ကိုယ်တိုင် စကြမင်းတို့၏ ကျင့်ဝတ်ကို ကျင့်မှသာလျှင် စကြာရတနာသည် ဖြစ်ပေါ်လာမည်ဖြစ်သည်"

ထိုအခါ သားကြီးက စကြမင်းတို့၏ ကျင့်ဝတ်ကို မေးမြန်းရာ ရသေ့ကြီးက ယခုလို ပြောကြား၏။

"ချစ်သား . . . သင်သည် -

* တရားကိုသာလျှင် အမှီပြုလျက်၊
* တရားကိုသာလျှင် အရိုအသေပြုလျက်၊
* တရားကိုသာလျှင် အလေးပြုလျက်၊
* တရားကိုသာလျှင် မြတ်နိုးလျက်၊
* တရားကိုသာလျှင် ပူဇော်လျက်၊
* တရားကိုသာလျှင် တုပ်ဝပ်လျက်၊
* တရားကိုသာလျှင် တံခွန်သဖွယ်ပြုလျက်၊
* တရားကိုသာလျှင် မှန်ကင်းကဲ့သို့ ပြုလျက်၊
* တရားကိုသာလျှင် အကြီးအမှူးပြုလျက် . . .

သားမယား စသည့်၌ လည်းကောင်း၊ စစ်သည်ဗိုလ်ပါ၌ လည်းကောင်း၊ အရန်မင်းတို့၌ လည်းကောင်း၊ ပုဏ္ဏားနှင့် အမျိုးသားတို့၌ လည်းကောင်း၊ နိဂုံး ဇနပုဒ်သားတို့၌ လည်းကောင်း၊ သမဏ- ကိလေသာကို ငြိမ်းအေးစေသူ၊ ဗြာဟ္မဏ- မကောင်းမှုကို မျောလွင့်ပြီးသူတို့၌ လည်းကောင်း၊ သားငှက်တို့၌ လည်းကောင်း၊ တရားနှင့် လျော်သော စောင့်ရှောက်မှု၊ ကာကွယ်မှု၊ လုံခြုံစေမှုကို စီရင်လော့ ချစ်သား။

သင်၏ နိုင်ငံတော်၌ အနိုင်အထက် နှိပ်စက်မှုများ မဖြစ်စေလင့်။ သမဏ၊ ဗြာဟ္မဏတို့သည် မာန်ရစ်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

မေ့လျော့ခြင်းတို့မှ ရှောင်ကြဉ်ကြကုန်၏။ သည်းခံခြင်း၊ ကောင်းသော မေ့လျော့ခြင်း၌ တည်ကြကုန်၏။ မိမိ၏ စိတ်ကို ဆုံးမကြကုန်၏။ မိမိ၏ စိတ်ကို ငြိမ်သက်စေကြကုန်၏။ မိမိ၏ စိတ်ကို ငြိမ်းအေးစေကြကုန်၏။

ထိုသမဏ၊ ဗြာဟ္မဏတို့ထံ၌ ချဉ်းကပ်၍ ယခုလို မေးမြန်းရမည်။

"အရှင်ဘုရားတို့… အဘယ်သည် ကုသိုလ်ပါနည်း။ အဘယ်သည် အကုသိုလ်ပါနည်း။ အဘယ်သည် အပြစ်ရှိပါသနည်း။ အဘယ်သည် အပြစ်မရှိပါသနည်း။ အဘယ်ကို မှီဝဲအပ်ပါသနည်း။ အဘယ်ကို မမှီဝဲအပ်ပါသနည်း။

ကျွန်ုပ်ပြုသော အပြုအမူများတွင် အဘယ်အပြုအမူသည် အစီးအပွားမဲ့ခြင်းငှာ၊ ဆင်းရဲခြင်းငှာ ဖြစ်ပါသနည်း။ အဘယ်အပြုအမူသည် အစီးအပွားရှိခြင်းငှာ၊ ချမ်းသာခြင်းငှာ ဖြစ်ပါသနည်း"

ဟု မေးမြန်းရမည်။ ထိုသမဏ၊ ဗြာဟ္မဏတို့ အဖြေစကားကို နာယူ၍ အကုသိုလ်တရားများကို ရှောင်ကြဉ်လော့။ ကုသိုလ်တရားများကို ဆောက်တည်၍ ကျင့်လော့"

ဤသည်ကား စကြဝတေးမင်းတို့၏ အပြစ်ကင်းသော ကျင့်ဝတ်တည်း။

◈◈◈

ထိုသို့ ကျင့်သောအခါ စကြာရတနာသည် ပြန်၍ပေါ်လာလေသည်။ ထိုစကြာရတနာဖြင့် ကျွန်းကြီးလေးကျွန်း၌ ရှိသော ထီးဖြူမင်းတို့ထံ ချဉ်းကပ်လေ၏။ ထိုအခါ ထီးဖြူ၊ နန်းဖြူမင်းတို့သည် သူတို့၏ နိုင်ငံကို စကြဝတေးမင်းအား အပ်နှံ၍ အဆုံးအမ ဥပဒေကို တောင်း၏။ တစ်ကမ္ဘာလုံးကို အုပ်ချုပ်သော စကြမင်း၏ ဥပဒေမှာ များများစားစား မဟုတ်။ ခြောက်ချက်သာ ဖြစ်သည်။

(၁) သူတစ်ပါးအသက်ကို မသတ်ရ။

(၂) မပေးသည်ကို မတရားသောနည်းဖြင့် မယူရ။

(၃) ကာမဂုဏ်တို့၌ မှားယွင်းစွာ မကျင့်ရ။

(၄) ရယ်စရာပင်ဖြစ်စေ၊ မဟုတ်မမှန်သော စကားကို မပြောရ။

(၅) သေရည်သေရက် မူးယစ်ဆေးဝါးတို့ကို မသုံးစွဲရ။

(၆) မျှတသော အခွန်ကိုသာ ကောက်ခံရမည်။

ဤဥပဒေ ခြောက်ချက်ဖြင့် အုပ်ချုပ်ရာ တစ်ကမ္ဘာလုံး လိုက်နာကြသဖြင့် စကြဝတေးမင်းလက်ထက် ကွယ်လွန်သူအားလုံး နတ်ပြည်သို့ချည်းသာ ရောက်ကြရသည်။ အပါယ်သို့ကျသူ မရှိဟူ၏။



ထိုကဲ့သို့ တရားနှင့် ပြည့်စုံသော စကြမင်းအဆက်ဆက် အုပ်ချုပ်ခဲ့ပြီးနောက် ခုနစ်ယောက်မြောက် စကြမင်းလက်ထက်တွင် ဖခင် စကြမင်း ရသေ့ဝတ်သွားပြီးနောက် ထုံးစံအတိုင်း စကြာယာဉ်ကြီး ပျောက်သွား၏။ ထိုအခါ ခုနစ်ယောက်မြောက် စကြမင်းသည် စိတ်ဆင်းရဲခြင်းဖြစ်၏။ ထိုစိတ်ဆင်းရဲမှုကို သူတစ်ပါးအား ပြောကြား ညည်းတွား၏။ ရသေ့ထံသို့ ချဉ်းကပ်၍ စကြဝတေးမင်းတို့၏ ကျင့်ဝတ်ကို မမေးပေ။ မိမိသိသလောက် ပညာဖြင့်သာ နိုင်ငံကို အုပ်စိုး၏။ ထိုအခါ ခုနစ်ယောက်မြောက် စကြဝတေးမင်း၏ လက်ထက်၌ ရှိသော နိုင်ငံတို့သည် မကြီးပွား။ မတိုးတက်ကြကုန်။ ဆင်းရဲနွမ်းပါး ဒုက္ခရောက်ကြကုန်၏။

ထိုအခါ ယခင် စကြဝတေးမင်းတို့၏ လက်ထက်ကို မှီခဲ့သော မှူးမတ် ပညာရှိများသည် ခုနစ်ယောက်မြောက် စကြမင်းအား စကြမင်းတို့၏ ကျင့်ဝတ်ကို ပြောပြ၏။ သို့သော် သဘောထား သေးသိမ်သော ခုနစ်ယောက်မြောက် စကြမင်းသည် ပြည်သူတို့အား တရားနှင့် လျော်သော စောင့်ရှောက်မှု ကာကွယ်မှုကိုကား ပေး၏။ သို့သော် သဒ္ဓါတရား နည်းပါးခြင်းကြောင့်၊ သူတော်ကောင်းစိတ် နည်းခြင်းကြောင့် ဆင်းရဲနွမ်းပါးသူတို့အား ထောက်ပံ့ လှူဒါန်းခြင်း မရှိပေ။ နွမ်းပါးသူတို့အား ပစ္စည်းဥစ္စာ မထောက်ပံ့သည်ရှိသော် ဆင်းရဲသူများသည် ပို၍ဆင်းရဲလာ၏။ ဆင်းရဲလွန်းမက



www.burmeseclassic.com

www.burmeseclassic.com

ဆင်းရဲလာသောအခါ ယောက်ျားတစ်ယောက်သည် သူတစ်ပါးဥစ္စာကို ခိုးယူ၏။

ထိုသူခိုးသည် အဖမ်းခံရပြီး မင်းထံသို့ ရောက်၏။ ထိုသူခိုးကို စကြမင်းက ယခုလို စစ်ဆေး၏။

"ရာဇဝတ်သား… သင်သည် သူတစ်ပါးတို့ မပေးသော ဥစ္စာကို ခိုးယူလိုသောစိတ်ဖြင့် ယူသည်ဆိုခြင်းမှာ မှန်သလော"

"မင်းမြတ်… မှန်ပါသည်"

"အဘယ်ကြောင့် ခိုးယူသနည်း"

"မင်းမြတ်…အသက်မွေးမှု မလောက်သောကြောင့် ခိုးယူရပါသည်"

ထိုအခါ စကြမင်းသည် သားမယား၊ မိဘကို လုပ်ကျွေးရန်၊ စီးပွားရေးတစ်ခုခုလုပ်ကိုင်ရန် မှာကြားပြီး ဥစ္စာတို့ကို ပေးလိုက်သည်။

ဒုတိယမြောက် ခိုးသူတစ်ယောက်ကိုလည်း ပထမတစ်ယောက်ကဲ့သို့ ဆုံးမ ဩဝါဒပေးပြီး ဥစ္စာတို့ကို စွန့်ကြဲလိုက်ပြန်သည်။ ထိုအခါ အခြားသူတို့သည် သူခိုးကို ဖမ်းမိလျှင် ပြစ်ဒဏ်မပေးဘဲ ဥစ္စာတို့ကို ပေးသည်။ ငါတို့လည်း ခိုးရမှု ကောင်းလေစွဟု အကြံဖြစ်ပြီး သူခိုးများ ပေါများလာလေ၏။ နောက်တစ်ဖန်မိသော သူခိုးများအား စကြမင်းကြီးသည် ခိုးမှုများ တိုးပွားမလာစေရန်အတွက် ငွေမပေးတော့ဘဲ ခေါင်းဖြတ် သတ်ခိုင်းလိုက်လေ၏။

ဤသို့လျှင် ပစ္စည်းဥစ္စာမရှိသူတို့အား ပစ္စည်းဥစ္စာကို မပေးသော်၊ ဆင်းရဲခြင်း ပွားများလာသည်။ ဆင်းရဲခြင်း ပွားများလာသော်၊ မပေးသော ဥစ္စာကို ခိုးယူမှု ပွားများလာ၏။ ခိုးယူမှု ပွားများလာသော်၊ လက်နက်ပွားများလာ၏။ လက်နက်ပွားများလာသော် အသက်သတ်မှု ပွားများလာ၏။ အသက်သတ်မှု ပွားများလာသော် ထိုသတ္တဝါတို့၏ သက်တမ်းသည် ဆုတ်ယုတ်လာ၏။ အရောင်အဆင်းသည်လည်း ဆုတ်ယုတ်လာ၏။ ထို့ကြောင့် အနှစ်ရှစ်သောင်း အသက်ရှည်သော မိဘတို့၏သားသမီးတို့သည် အနှစ်လေးသောင်းသာ အသက်ရှည်တော့၏။

(မှတ်ချက်။ လူတို့၏အသက် ရှစ်သောင်းတန်းမှ လေးသောင်းတန်းသို့ ဆုတ်ယုတ်လာခြင်း၏ အဓိကအကြောင်းတရားသည် အလုပ်မလုပ်ဘဲ ဥစ္စာပစ္စည်းကို အလကား လိုချင်သော စိတ်ဓာတ်ကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် အလကား လိုချင်သောစိတ်သည် ဘဝကို အသေသတ်သော စိတ်လည်းဖြစ်၏။ အသက် ရှစ်သောင်းတန်းမှ လေးသောင်းတန်းသို့ ဆုတ်ယုတ်အောင် လုပ်သောစိတ်လည်းဖြစ်၏။ သူတောင်းစားများသည် အလကား လိုချင်သောစိတ်ကြောင့် အသက်ရှင်လျက် ဘဝသေနေသူများပင်ဖြစ်သည်၊ နွမ်းပါးသူများအတွက် ထောက်ပံ့သော အကူအညီကို ပြည့်စုံသူများက ဝင်ရောက် မယူသင့်ပေ။ ထိုသို့ ယူသည်ဆိုလျှင် ပြည့်စုံသူများသည် တကယ်နွမ်းပါးသူများ၏ အခွင့်အရေးကို ခိုးယူရာ ရောက်ပေသည်။

နွမ်းပါးသူများ၏ အကျိုးကို ဆောင်ရွက်လိုသော ကရုဏာရှင်များသည် နောက်ပိုင်းတွင် မဆောင်ရွက်နိုင်အောင် ဖြစ်လာရတော့သည်။ ဤသည်ကား ပြည့်စုံသူများက နွမ်းပါးသူများ၏ အခွင့်အရေးကို ဝင်ရောက်ခိုးယူသောကြောင့်ပင်တည်း။

မြင်းခြံမြို့တွင် ဝိသာခါ အမျိုးသမီးအသင်းမှ ဦးဆောင်၍ နွမ်းပါးသူများအတွက် အခမဲ့ ဆေးကုခန်းကြီး ဖွင့်လှစ်ပြီး ကုသပေးလျက်ရှိသည်။ စာရေးသူပင်လျှင် ထိုဆေးခန်းအတွက် ၁၅သိန်းခန့် ငွေပဒေသာပင် စိုက်ထူထားသည်။ တစ်ရက်တွင် ဆေးခန်းသို့ လာရောက်ကုသမှု ခံယူသူများကို လေ့လာကြည့်လိုက်သောအခါ အယောက်တစ်ရာလျှင် နွမ်းပါးသူက ခြောက်ဆယ်လောက်သာဖြစ်ပြီး ပြည့်စုံသူများက လေးဆယ်လောက်ဖြစ်နေသည်။

ထို့ကြောင့် ဆေးခန်းရှေ့တွင် "ပြည့်စုံသူများ ဤဆေးခန်းသို့ လာရောက်ကုသခြင်းသည် နွမ်းပါးသူများ၏ အခွင့်အရေးကို ခိုးယူလုယက် စားပြတိုက်ရာရောက်သည်"ဟူသော စာတန်းလေးကို ချိတ်လိုက်မှ အလကားယူခြင်းကို အကျင့်ပါနေသော သူဌေးများ မလာရောက်တော့ဟု သိရသည်။)

◈◈◈

ရဟန်းတို့… အနှစ်လေးသောင်း အသက်ရှည်ကုန်သောသူတို့တွင် ယောက်ျားတစ်ယောက်သည် သူတစ်ပါးဥစ္စာကို ခိုးယူ၏။ ထိုခိုးသူကို ဖမ်းပြီး မင်းထံ ခေါ်သွားကြ၏။ မင်းက…

"ရာဇဝတ်သား၊ သင်သည် သူတစ်ပါး မပေးသော ဥစ္စာကို ခိုးယူသည်ဟု ဆိုကြသည်မှာ မှန်သလော"

ဟု မေး၏။ ထိုအခါ ရာဇဝတ်သားက…

"မင်းမြတ်… မမှန်ပါ"

ဟု လိမ်ညာပြောဆို၏။

ဤသို့လျှင် ပစ္စည်းဥစ္စာမရှိသူတို့အား ပစ္စည်းဥစ္စာကို မပေးသော် ဆင်းရဲခြင်း ပွားများလာ၏။ ဆင်းရဲခြင်းပွားများလာသော် ခိုးမှုပွားများလာ၏။ ခိုးမှုပွားများလာသော် လက်နက်



www.burmeseclassic.com

www.burmeseclassic.com

ပွားများလာ၏။ လက်နက်ပွားများလာသော် အသက်သတ်မှု ပွားများလာ၏။ အသက်သတ်မှု ပွားများလာသော် လိမ်ညာပြောဆိုမှု ပွားများလာ၏။ လိမ်ညာပြောဆိုမှု ပွားများလာခြင်းကြောင့် အနှစ်လေးသောင်း အသက်ရှည်သော မိဘတို့၏ သားသမီးများသည် အနှစ် နှစ်သောင်းသာ အသက်ရှည်တော့၏။

(မှတ်ချက်။ လိမ်ညာမှုကို ဗုဒ္ဓဘာသာ မြန်မာအများစုက ပေါ့ပေါ့လေးဟု ထင်ကြ၏။ ထို့ကြောင့် ဘာသာရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအားလုံးတို့တွင် မုသားကို ရေလဲဖြင့် သုံးနေကြသည်။ ယခု စက္ကဝတ္တိသုတ်ကို ကြည့်လျှင် မုသားပြောဆိုသော အကြောင်းကြောင့် အနှစ်လေးသောင်းသက်တမ်းမှာ အနှစ် နှစ်သောင်းသို့ လျော့ကျခဲ့ရသည်။ ထို့ကြောင့် မုသားသည် ပေါ့သေးသော အကုသိုလ်မဟုတ်ဟု သတိပြုသင့်သည်။ ဗုဒ္ဓက ရာဟုလောဝါဒသုတ်တွင် ချစ်သား ရာဟုလာ၊ မုသားဆိုလျှင် ရယ်စရာတောင် မပြောနှင့်။ အဘယ့်ကြောင့်ဆိုသော် မုသားပြောသူသည် မလုပ်ရဲသည့် အကုသိုလ်တစ်ခုမှ မရှိတော့သောကြောင့်ပင်တည်း။

စိဥ္စမာနသည် ပရိသတ်လေးပါးအလယ်တွင် ဘုရားရှင်ကို အရှက်တကွဲ အကျိုးနည်းဖြစ်အောင် စွပ်စွဲကဲ့ရဲ့ခဲ့၏။ ထိုအကုသိုလ် မည်မျှကြီးသနည်းဆိုလျှင် ဘုရားရှင်ရှေ့မှာပင် မြေနှစ်ဖြာကွဲပြီး အဝီစိငရဲသို့ ချက်ချင်းကျရောက်ခဲ့ရသည်။ စိဥ္စမာန မြေမျိုခြင်း၏ အဓိကအကြောင်းသည် သူ၏ ကိုယ်ဝန်သည် ဘုရားရှင်ကိုယ်ဝန်မဟုတ်ဘဲ ဘုရားရှင်၏ ကိုယ်ဝန်ဟု လိမ်ညာပြောသော မုသာဝါဒကံပင် မဟုတ်ပါလော။

မြန်မာနိုင်ငံတွင် မှားနေသော စကားပုံတစ်ခုရှိသေး၏။ ထိုစကားပုံအမှားကြောင့် သယံဇာတပစ္စည်းတွေ ပေါများကြွယ်ဝပါလျက်နှင့် မြန်မာပြည်သည် အဆင်းရဲဆုံးဘဝသို့ ရောက်နေကြရခြင်းဖြစ်၏။ ထိုစကားပုံအမှားကား "မုသားမပါ၊ လင်္ကာမချော"ဟူ၏။ အမှန်က ထိုကဲ့သို့မဟုတ်။ "မုတမပါ၊ လင်္ကာမချော"သာ ဖြစ်၏။

မုတဟူသည် ကဗျာလင်္ကာစပ်ရာ၌ လိုအပ်သော အင်္ဂါတစ်ခုသာဖြစ်သည်။ ထို မုတပါမှ ကဗျာလင်္ကာများသည် ဖတ်ရတာ ချောမောပြေပြစ်သည်ဟု ဆို၏။ စာရေးသူထံတွင် စိတ်ဓာတ်အတော်အတန်ကောင်းသည့် ပရဟိတ အားသန်သော ဘွဲ့ရ ကိုယ်တော်လေးတစ်ပါးရှိသည်။ သို့သော် ထို ကိုယ်တော်လေးသည် စာရေးသူအား ပထမငယ်တန်း ဖြေ



ပင် မဖြေဘဲနှင့် အောင်သည်ဟု လိမ်ညာခဲ့သည်။ သူသည် နတ်မောက်နယ်မှ ရွာတစ်ရွာတွင် နွမ်းပါးသော ဆယ်တန်းကျောင်းသူ၊ ကျောင်းသားများကို ကျူရှင်ပေးနေသည်ဟု ဆိုသည်။

သူ ကျူရှင်ပြသော ကျောင်းသားထဲမှ ဆယ်ယောက် ဆယ်တန်းအောင်သည်ဟု ဆိုသောကြောင့် စာရေးသူမှာ အဟုတ်မှတ်ပြီး၊ ထိုနွမ်းပါးသော ဆယ်တန်းအောင် ကျောင်းသူ၊ ကျောင်းသားများကို တစ်ယောက် သုံးသောင်းနှုန်းဖြင့် သုံးသိန်းတိတိ ထိုကိုယ်တော်ထံတွင် အပ်နှံပေးလိုက်သည်။ နောက် မသင်္ကာသဖြင့် စုံစမ်းကြည့်သောအခါ တကယ် မအောင်ကြောင်း သိရသည်။ ပေးလိုက်သောငွေများကို အသံချဲ့စက်များ ဝယ်ပစ်ကြောင်း သိရသည်။ ထို့ကြောင့် ကျောင်းတွင် လက်မခံတော့ပေ။ ပြောင်းခိုင်းလိုက်ရတော့သည်။)

◈◈◈

ရဟန်းတို့… အနှစ် နှစ်သောင်း အသက်ရှည်သော ခေတ်တွင် ခိုးတတ်သူကို လည်းကောင်း၊ မခိုးတတ်သူကို လည်းကောင်း၊ ဒုက္ခရောက်စေလိုသောစိတ်ဖြင့် စကြာမင်းထံ ကုန်းချော တိုင်တော့ကြ၏။

ရဟန်းတို့…ဤသို့လျှင် နွမ်းပါးသူတို့အား ပစ္စည်းဥစ္စာကို မပေးသော် ဆင်းရဲမှု ပွားများလာ၏။ ဆင်းရဲမှု ပွားများလာသော် ခိုးယူမှု ပွားများလာ၏။ ခိုးယူမှု ပွားများလာ



www.burmeseclassic.com

www.burmeseclassic.com

သော် လက်နက်ပွားများလာ၏။ လက်နက်ပွားများလာသော် အသက်သတ်မှု ပွားများလာ၏။ အသက်သတ်မှု ပွားများလာသော် လိမ်ညာပြောမှု ပွားများလာ၏။ လိမ်ညာပြောမှု ပွားများလာသော် ကုန်းချောမှု ပွားများလာ၏။ ကုန်းချောမှု ပွားများလာသော် အသက်လည်း ဆုတ်ယုတ်၏။ အဆင်းလည်း ဆုတ်ယုတ်၏။

ထို့ကြောင့် သက်တမ်း နှစ်သောင်းရှည်သော မိဘတို့မှ မွေးဖွားသော သားသမီးတို့သည် သက်တမ်းတစ်သောင်းသာ အသက်ရှည်ကုန်၏။

သက်တမ်းတစ်သောင်း အသက်ရှည်သောခေတ်တွင် အချို့သတ္တဝါတို့သည် အဆင်းလှကုန်၏။ အချို့ သတ္တဝါတို့သည် အဆင်းမလှကုန်။ အဆင်းမလှသော သတ္တဝါတို့သည် အဆင်းလှသော သတ္တဝါတို့ကို တပ်မက်ကုန်၍ သူတစ်ပါးတို့၏ သားမယားတို့ကို လွန်ကျူးကုန်၏။ ထိုသို့ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်မှု ပွားများလာသော် သက်တမ်းတစ်သောင်း အသက်ရှည်သော မိဘတို့၏ သားသမီးများသည် သက်တမ်း အနှစ် ငါးထောင်သာ အသက်ရှည်ကုန်၏။

(**မှတ်ချက်။** ကာမေသုမိစ္ဆာစာရကံ ဟူရာ၌ သူတစ်ပါးတို့၏ မယားကိုသာမက၊ သူတစ်ပါးတို့၏ သမီးပျိုများကိုလည်း တရားဝင် လက်မထပ်ရသေးဘဲ ကျူးလွန်လျှင် ကာမေသုမိစ္ဆာစာရကံပင် ထိုက်၏။ စိတ်ဝင်စားစရာ မေးခွန်းတစ်ခု အမေးခံရဖူးသည်။ နယ်တစ်နယ်တွင် တာဝန်ကျနေသော အပျို၊ လူပျို အမျိုးသားနှင့် အမျိုးသမီးတို့သည် တရားဝင် လက်မထပ်ဘဲ ပေါင်းသင်းနေထိုင်ကြသည်။ ထိုကဲ့သို့ ပေါင်းသင်းရာ၌ အပြစ်ရှိ၊ မရှိ မေးခြင်းဖြစ်သည်။

အဖြေကား မိန်းကလေးသည် ကာမပိုင် လင်ယောက်ျားမရှိသောကြောင့် ကာမေသုမိစ္ဆာစာရကံကား မထိုက်။ သို့သော် လောကအလယ် ရက်ဖွယ်ကောင်းသော၊ သူတော်ကောင်းတို့အလယ်ပင် မဝင်ရောက်ရဲသော တိရစ္ဆာန်တို့၏ အပြုအမူမျိုးသာဖြစ်သည်။ အမျိုးသားဖြစ်သူကား ကာမေသုမိစ္ဆာစာရကံလည်း ထိုက်သည်။ အပြစ်လည်း ရှိသည်။ မကောင်းကျိုးလည်း ပေးနိုင်သည်။ အကြောင်းကား မိဘနှစ်ပါးအုပ်ထိန်းထားသော သမီးပျိုအား ကျူးလွန်စော်ကားသောကြောင့်ပင်တည်း။

ကာမေသုမိစ္ဆာစာရကံ ကျူးလွန်သူများသည် ဖြစ်ရာဘဝတွင် လှူမှုန်းများသည်။ လာဘ်လာဘ ရှားပါးသည်။ ဆင်းရဲသည်။ အမျိုးသမီးဘဝချည်းပဲ ရောက်တတ်သည်။ ယောက်ျားမဟုတ်၊ မိန်းမ မဟုတ်၊ နပုံးပဏ္ဍုက်ဘဝမျိုးသို့ ရောက်တတ်သည်။ မြိတ်မြို့တွင် ဖိုအင်္ဂါ၊ မအင်္ဂါ နှစ်မျိုးလုံး မပါသော နပုံးပဏ္ဍုက်တစ်ယောက်ရှိသည်။ ယခုအခါတွင် ကုတ္တိုလိင်ဖြစ်ရန် ခွဲစိတ်ဖို့ ကြိုးစားနေသည်ဟု သိရသည်။ သူတို့မိသားစုသည် နွမ်းပါးသောကြောင့် စာရေးသူက လိုအပ်သော အကူအညီပေးရန် ကမ်းလှမ်းထားသေးသည်။

ရွှေပြည်သာမြို့တွင် ဖိုအင်္ဂါ၊ မအင်္ဂါ နှစ်မျိုးလုံးပါသော ဆယ်နှစ်သားအရွယ် ကလေးနှစ်ယောက်ကို တွေ့ရဖူးသည်။ ကလေးတစ်ယောက်မှာ ရွှေပြည်သာမြို့ သံဒင်းရပ်ကွက်တွင် နေထိုင်သည်။ သူ့ဖခင်သည် ဆိုက်ကားနင်းသည်။ အိမ်ငှားဖြင့် နေရသော ဆင်းရဲသားများဖြစ်သည်။ တစ်ခါတွင် ရွှေပြည်သာမြို့မှ စာရေးသူ ပြောင်းရွှေ့သီတင်းသုံးရာ မော်ဘီမြို့ ဖန်ခါးကုန်းရွာ၊ သုဒ္ဓဝိပဿနာရိပ်သာသို့ သူတို့မိသားစုအားလုံး ဆိုက်ကားနင်းပြီး ရောက်အောင် လာကြသည်။ ရွှေပြည်သာမှ မော်ဘီရိပ်သာအထိ ၁၇မိုင်ခန့် ဝေးသည်။

ကလေးသုံးယောက်၊ ဇနီးသည်၊ စုစုပေါင်း လူ ၄ ယောက်ကို ဆိုက်ကားပေါ် တင်၍ မော်ဘီအထိ နင်းလာရသည်မှာ မသက်သာလှပေ။ ကလေး၏ ဖခင်ဖြစ်သူမှာ ချွေးများ ရွှဲနစ်နေသည်။ စာရေးသူသည် နွမ်းပါးသူများအား ဦးစားပေးတတ်သည့် ထုံးစံအတိုင်း ချက်ချင်းခေါ်တွေ့ပြီး အခက်အခဲကို မေးမြန်းလိုက်သည်။ အခက်အခဲမှာ ၁၀နှစ်သားအရွယ် ကလေး၏ ဝမ်းဗိုက်ထဲတွင် အနာတစ်ခုဖြစ်နေသည်။ ကလေးဆေးရုံမှ ဆရာဝန်ကြီးများက မဖြစ်မနေ ခွဲစိတ်ရမည်။ ကလေးအတွက် အသက်အန္တရာယ်ရှိသည်။ ခွဲစိတ်ခကုန်ကျစရိတ်မှာ လေးသိန်းခွဲခန့်ဟု ဆိုသည်။

သူတို့မိသားစုတွင် လေးသိန်းခွဲမဆိုထားနှင့်၊ လေးသော ်င်းခွဲပင် မရှိပေ။ ထို့ကြောင့် စာရေးသူက ငွေငါးသိန်း ထုတ်ပေးလိုက်ရာ လက်ခံသော ဖခင်နှင့် မိခင်တို့၏ လက်ချောင်းများမှာ သိသိသာသာ တုန်ယင်နေသည်ကို တွေ့ရသည်။ သူတို့သည် ဝမ်းနည်းစရာကြားမှ ဝမ်းသာစရာ စကားလေးကိုလည်း မဖြစ်မနေပြောလိုက်သေးသည်။

"တပည့်တော်တို့တစ်သက်တာ အသက် ၅၀ကျော်အတွင်းမှာ ငွေငါးသိန်းကိုကိုင်ဖူးတာ ဒီတစ်ခါပါပဲ ဘုရား" တဲ့။ စာရေးသူ၏ ကူညီမှုကြောင့် ထိုသူငယ်လေး အသက်ရှင်ခွင့် ရသွားခဲ့သည်။

နောက်တစ်ဦးမှာ ရွှေပြည်သာမြို့ ဇရပ်ကွက်မှ ဖြစ်သည်။ ထိုသူငယ်လေးမှာလည်း ဆီးရောဂါကြောင့် ဆေးမကုသနိုင်ဖြစ်နေရာ စာရေးသူ၏ ငွေတစ်သိန်း ထောက်ပံ့လှူဒါန်းမှုကြောင့် သက်သာရာ ရသွားခဲ့သည်။ ထိုသူငယ်လေး



www.burmeseclassic.com

www.burmeseclassic.com

မှာ မအော်ပဲမှ ဗိုအော်လေး ထွက်ပြုနေသည်ကို တွေ့ရသည်။)

◈◈◈

ရဟန်းတို့ . . . အနှစ်ငါးထောင် အသက်ရှည်ကုန်သော လူတို့တွင် ကြမ်းတမ်းသော စကား၊ ပြိန်ဖျင်းသော စကားဟူသော တရားနှစ်ပါးတို့သည် ပွားများလာကုန်၏။ ထိုတရားနှစ်ပါး ပွားများလာကုန်သော လူတို့၏ ခေတ်တွင် အနှစ်ငါးထောင် အသက်ရှည်သော မိဘတို့၏ သားသမီးများသည် အချို့ အနှစ် နှစ်ထောင့်ငါးရာ အသက်ရှည်ကုန်၏။ အချို့ အနှစ် နှစ်ထောင်သာ အသက်ရှည်ကုန်၏။

(**မှတ်ချက်။** ကြမ်းတမ်းသော စကားဟူသည် နည်းမျိုးစုံဖြင့် ဆဲဆိုသော စကားများဖြစ်သည်။ ပြိန်ဖျင်းသော စကားဟူသည် လောကီ၊ လောကုတ္တရာ ဘာမှ အကျိုးမရှိသော လင်ငယ်အကြောင်း၊ မယားငယ်အကြောင်း၊ မင်းသားအကြောင်း၊ မင်းသမီးအကြောင်း၊ နိုင်ငံရေးအကြောင်း စသည်တို့ဖြစ်သည်။)

◈◈◈

ရဟန်းတို့ . . . အနှစ် နှစ်ထောင့်ငါးရာ အသက်ရှည်ကုန်သော လူတို့၌ လိုချင်တပ်မက်ခြင်း အဘိဇ္ဈာ၊ ပျက်စီးစေလိုသော ဗျာပါဒ တရားတို့ ပွားများလာကုန်၏။ ထိုသို့ ပွားများလာခြင်းကြောင့် သက်တမ်း နှစ်ထောင့်ငါးရာ အသက်ရှည်ကုန်သော မိဘတို့၏ သားသမီးတို့သည် အနှစ် တစ်ထောင်သာ အသက်ရှည်ကုန်၏။

(**မှတ်ချက်။** အဘိဇ္ဈာဟူသည် သူတစ်ပါးပစ္စည်းဥစ္စာကို မတရားသဖြင့် ယူလိုခြင်းဖြစ်သည်။ နှစ်လုံး၊ သုံးလုံး ကစားခြင်း၊ ဘောလုံးလောင်းခြင်း၊ ဒိုင်ခံခြင်းမှန်သမျှတို့သည် အလုပ်မလုပ်ဘဲ သူတစ်ပါးဥစ္စာကို မတရားသဖြင့် လိုချင်သော အဘိဇ္ဈာတစ်မျိုးပင်ဖြစ်သည်။ ဗျာပါဒဟူသည် သူတစ်ပါးအကျိုး ပျက်စီးရာ ပျက်စီးကြောင်းကို အမြဲကြံစည်တွေးတောနေခြင်းမျိုးဖြစ်သည်။)

◈◈◈

ရဟန်းတို့ . . . အနှစ်တစ်ထောင် အသက်ရှည်ကုန်သောသူတို့၌ အယူဝါဒတို့ ပွားများလာ၏။ ထိုဝါဒတို့ ပွားများလာသောကြောင့် အနှစ်တစ်ထောင် အသက်ရှည်ကုန်သော မိဘတို့၏ သားသမီးတို့သည် အနှစ် ငါးရာသာ အသက်ရှည်ကုန်၏။

(**မှတ်ချက်။** မှားသောအယူဟူသည် အမဟူသည် မရှိ၊ အဖဟူသည်လည်း မရှိ၊ အမိအဖတို့၌ လုပ်ကျွေး၍ ကောင်းကျိုးရခြင်းဟူသည် မရှိ၊ သမဏ၊ ဗြာဟ္မဏဟူသည် မရှိ။ နောင်သံသရာဟူသည် မရှိ။ ကုသိုလ်၊ အကုသိုလ်ဟူသည် မရှိ။ ကောင်းကျိုး၊ ဆိုးကျိုးဟူသည် မရှိ။ စသောအယူမျိုးဖြစ်သည်။)

◈◈◈

ရဟန်းတို့ . . . အနှစ်ငါးရာ အသက်ရှည်ကုန်သောသူတို့၌ မတရားသော တပ်မက်ခြင်း အဓမ္မရာဂ၊ အလွန်အကျူး တပ်မက်ခြင်း ဝိသမလောဘ၊ မှားသော အကျင့်တရား မိစ္ဆာဓမ္မဟူသော တရားသုံးပါးတို့ များပြားကုန်၏။ ထိုသုံးပါးတို့ များပြားသောကြောင့် အနှစ်ငါးရာ အသက်ရှည်ကုန်သော မိဘတို့၏ သားသမီးအချို့တို့သည် အနှစ် နှစ်ရာ့ငါးဆယ်သာ အသက်ရှည်ကုန်၏။ အချို့သော သားသမီးတို့ အနှစ် နှစ်ရာ အသက်ရှည်ကုန်၏။

(**မှတ်ချက်။** အဓမ္မရာဂ ဟူသည် မိခင်၊ အဒေါ် စသည်တို့၌ တပ်မက်မှုကို ဆိုလိုခြင်းဖြစ်သည်။ ဝိသမလောဘဟူသည် မိမိမယားအပေါ်၌ပင် လွန်လွန်ကဲကဲ တိရစ္ဆာန်များကဲ့သို့ မှိဝဲခြင်းကို ဆိုလိုသည်။ မိစ္ဆာဓမ္မဟူသည် ယောက်ျားချင်း၊ မိန်းမချင်းတို့၌ တပ်မက်မှုကို ဆိုလိုခြင်းဖြစ်သည်။)

◈◈◈

ရဟန်းတို့ . . . အနှစ် နှစ်ရာ့ငါးဆယ်သာ အသက်ရှည်ကုန်သော လူတို့တွင် အမိ၌ ကောင်းစွာ ပြုသင့်သော ဝတ်ကို မပြုခြင်း၊ အဖ၌ ကောင်းစွာ ပြုသင့်သော ဝတ်ကို မပြုခြင်း၊ သမဏတို့၌ ကောင်းစွာ ပြုသင့်သော ဝတ်ကို မပြုခြင်း၊ ဗြာဟ္မဏတို့၌ ကောင်းစွာ ပြုသင့်သော ဝတ်ကို မပြုခြင်း၊ အမျိုး၌ ကြီးသောသူတို့ကို ရိုသေတုပ်ဝပ်မှု မပြုခြင်းဟူသော ဤတရားတို့သည် ပွားများလာကုန်၏။

ဤတရားတို့ ပွားများလာသောကြောင့် အနှစ် နှစ်ရာ့ငါးဆယ် အသက်ရှည်သော မိဘတို့၏ သားသမီးတို့သည် အနှစ် တစ်ရာသာ အသက်ရှည်ကုန်၏ ■

(ရှေ့လ ဆက်ပါဦးမည်)

* * *

မေတ္တာရှင်ရွှေပြည်သာ



www.burmeseclassic.com

www.burmeseclassic.com

# ငြိမ်းချမ်းရေးကို ပေးလာသူ

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး-သု)

လောကနတ်ဟူသည် လောကနာထ နတ်ဘုရား၏ အမည်မှ ဆင်းသက်လာသော နတ်ဖြစ်၏။ ပါဠိပုဒ်များ ဖြစ်သော လောကနှင့် နာထတို့ ပေါင်းစပ်ရာမှတစ်ဆင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ လောက - လူအများ။ နာထ - ကိုးကွယ်အားထားရာဟု အဓိပ္ပာယ်သက်ရောက်၏။ ယင်းသည် လောကကို အစဉ်စောင့်ရှောက်သော နတ်တစ်ပါးအမည်ဖြစ်လေသည်။ ထို့အပြင်၊ တိုင်းပြည်အုပ်ချုပ်သော ဘုရင်မင်းမြတ်များအားလည်း လောကကို စောင့်ရှောက်သူအဖြစ် ဂုဏ်ပြုချီးမြှောက်ကာ တင်စားသော အခေါ်အဝေါ်လည်းဖြစ်သည်။ "မင်းစောဖြဟ္မဒတ်၊ လောကနတ်ဟု၊ မှတ်၍ ခေါ်လျက်…" ဟု ရှင်မဟာရဋ္ဌသာရဆရာတော်က ဘူရိဒတ် လင်္ကာကြီးတွင် စပ်ဆိုခဲ့၏။ "အခွေမင်းမြတ်၊ လောကနတ်သည်…" ဟုလည်း ဝရာဘိ သံဃနာထထေရ်၏ မဏိကုဏ္ဍလဝတ္ထုတွင် ထည့်သွင်း ဆိုထားခဲ့ကြသည်။






ထို့ပြင် မြန်မာ့နန်းတွင်းခလေ့တွင် လောကနတ်ရုပ်ကို သီဟာသန ပလ္လင်တော်နှင့်အတူ ထားရှိကြသည်။ ပလ္လင်တော်ဥကင်၏ လက်ဝဲ၊ လက်ျာတို့တွင် အညီအမျှ ထုလုပ်ထားရှိသည်။ ရန်ကုန်မြို့ ပြည်လမ်းပေါ်ရှိ အမျိုးသားပြတိုက်သစ်ကြီးတွင် "သီဟာသနပလ္လင်တော်အဆောင်"ဟု ပြခန်းသီးသန့်ရှိ၏။ ယင်းပြခန်းတွင် နယ်ချဲ့ ဗြိတိသျှအစိုးရက မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် လက်ဆောင်အဖြစ် ပြန်လည်ပို့ပေးခဲ့သော မြန်မာ့နောက်ဆုံးမင်း ထိုင်သွားသည့် သီဟာသန ပလ္လင်တော်နှင့်အတူ တစ်ဖက်တစ်ချက်တွင် လောကနတ် ရုပ်တုများကို မြင်တွေ့နိုင်သည်။

## လောကနတ်၏ အသွင်သဏ္ဌာန်

လောကနတ်ရုပ်ကို ကြာကလပ်ပေါ်တွင် တင်ကာ



www.burmeseclassic.com

www.burmeseclassic.com

ထုလုပ်ထားလေ့ရှိ၏။ ကြာရိုးကြာစွယ်တို့သည် ရွှံ့နွံအတွင်းမှ ထိုးဖောက်ကာ ထွက်ပေါ်လာကြသည်။ ရေလှိုင်းသဏ္ဍာန် လှုံးလွန့် ရစ်ပတ်နေသော ကြာရိုးတို့အထက်တွင် ကြာဖက်သည် လန်းဆန်း... ၏။ လောကနတ်သည် ကြာကလပ်ပေါ်တွင် ဒူးတစ်ဖက်ထောင်ကာ၊ ဒူးတစ်ဖက်ချလျက် ခြေနှစ်ဖက်ကြားတွင် စည်းစုပ်ကို ညှပ်ထား၏။ လောကနတ်သည် ခြေတွင် ညှပ်ထားသော စည်းစုပ်ကို တီးလျက် သီချင်းဆိုကာ ကနေဟန်မှာ ငှက်သွင် ပုံကြွမတတ်ရှိသည်။ ကြာစွယ်တို့၏ သွယ်ပျောင်းဟန်ကြောင့် လောကနတ်၏ ခန္ဓာကိုယ်မှာ နွဲ့နှောင်းကာ အနုပညာမြောက်စွာ ကျက်သရေမင်္ဂလာတိုးနေ၏။



## လောကနတ်ပုံပြင်

လောကနတ်နှင့် ပတ်သက်သော ဆိုစကားများမှာ ဒဏ္ဍာရီဆန်စွာ နှစ်သက်မြတ်နိုးဖွယ် ကောင်းလှလေသည်။ ရတနာရွှေဂူမှ ထွက်လာသော ခြင်္သေ့မင်းသည် မိုးကောင်းကင်ယံတွင် ဆင်ပျံနှင့် တွေ့ဆုံမိကြသည်။ ထိုသတ္တဝါနှစ်ဦးသည် အာကာပြင်တွင် အစာဖြစ်သော တိမ်ညွှန့်ကို လုစားကြရင်း ခိုက်ရန်ဖြစ်ကြလေ၏။ ဆင်ပျံ၏ ခေါင်းကို ခြင်္သေ့ကနင်းလျက် နှာမောင်းကို စုပ်ယူလေ၏။ ဆင်ပျံကလည်း ခြင်္သေ့မင်းကို အစွယ်အားကိုးဖြင့် ထိုးလျက် ခုခံရန် ကြံလေ



သည်။ ယင်းသို့ သူနိုင်ကိုယ်နိုင် အပြိုင်ကဲ့သောအဖြစ်ကို လောကနတ်က မြင်တွေ့ရသည်။ အင်အားကြီးမားသော ထိုသတ္တဝါနှစ်ကောင်၏ ရန်ပွဲကြီးကြောင့် မဟာပထဝီမြေအပြင်လုံး မီးဟုန်းဟုန်းတောက်မည့်အရေးကို လောကနတ်က ကြိုတင်မြင်လိုက်၏။ သို့ဖြင့် ရန်သူနှစ်ဦးလုံး၏ ဒေါသမီးကို ငြိမ်းသတ်ရန်အတွက် ခြေနှစ်ဖက်ကြားတွင် စည်းစုပ်ကို ညှပ်လျက် တီးခတ်ကာ လောကနတ်သီချင်းဖြင့် သီဆိုကပြလေသည်။

စောင်းမာန်ကြွနေသော ရန်သူတို့လည်း လောကနတ် တီးခတ်လေသော သာယာနာပျော်ဖွယ် ဂီတသံစဉ်တွင် နှစ်သက် ကြည်နူးသွားကြ၏။ ငြိမ့်ညောင်းသာယာ နှစ်လိုဖွယ်ရာအကတွင်လည်း ဘဝင်ကျကာ တစ်ကောင်နှင့်တစ်ကောင် ရန်မစောင်ကြတော့ပေ။ အပြန်အလှန်ထားရှိသော ဒေါသ အာဃာတတို့ ပြေလျော့သွားကာ ရန်မီးစကိုလည်း ငြိမ်းသတ်ပြီး ငြိမ်းချမ်းသွားကြလေတော့သည်။

## မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာနှင့် လောကနတ်

ဟိန္ဒူဗြဟ္မဏအယူအဆတွင်လည်း သျှိဝ(Shiva) နတ်မင်းကြီးသည် ကေလာသတောင်၊ ဟိတမ္ဗရ ဗိမာန်တွင် နေထိုင်၏။ သူသည် လက်လေးဖက်စလုံးကို ဝှေ့ယမ်းကာ မျိုးမျိုးကြွကြွဖြင့် လုပညက်ညောစွာ ကတတ်သဖြင့် မဟာ



www.burmeseclassic.com

www.burmeseclassic.com



ကချေသည် အကဘုရင်ကြီး "နဋရာဇ"ဟု ထင်ရှားကျော်ကြားလာသည်။ ထိုမှတစ်ဆင့် သူ၏ ကဟန်များသည် မြန်မာ့ယဉ်ကျေးမှုအနုသဘင်သို့တိုင် ဩဇာလွှမ်းမိုးကာ ကကြိုးကကွက်အသစ်များကို ဖြစ်ပေါ်စေခဲ့၏။ ယင်းမှ တစ်ဖန် ပဒေသရာဇ်ခေတ်၏ မင်းခမ်းမင်းနားအဆောင်အယောင်ဖြစ်သော ပလ္လင်တော်များနှင့်ပင် ဆက်စပ်လာတော့သည်။ ခြင်္သေ့ရုပ်ခံ သီဟာသနနှင့် ပိတုန်းရုပ်ခံ ဘမရာသနပလ္လင်တော်များ၏ ဥကင် ဝဲ-ယာတွင် ထိုသို့ဝ နတ်မင်းကြီးကို ပုံစံပြောင်းကာ မြန်မာမှုပြုပြီး လောကနတ်အဖြစ် မင်္ဂလာယူကာ တန်ဆာဆင် ထုလုပ်တပ်ဆင်လာလေ၏။ မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာရှင်တို့ကမူ လောကနတ်ဇာတ်ကြောင်းကို ဤသို့လျှင် ဖြစ်နိုင်ကောင်း၏ဟု ယူဆကြသည်။

ထိုပြင် ပဒုမာသန ပလ္လင်ထက်တွင် စည်းစုပ်မပါဘဲ ခြေတစ်ဖက်ထောင်ကာ၊ ခြေတစ်ဖက် တွဲလွဲချလျက် လလိတာသန ထိုင်ပုံဟန်ပန်ဖြင့် ထိုင်နေသော လောကနာထသခင်ရုပ်လည်း ရှိ၏။ ယင်းထိုင်ပုံမျိုးကို မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာတွင် "လောက နာထာသန"ဟု အမည်ပေးထားသည်။ ဗောဓိသတ္တ ဘုရားလောင်းများလည်း ယင်းထိုင်ပုံမျိုးဖြင့် ထိုင်လေ့ရှိကြပြန်၏။ ဝေသာလီခေတ်(Vesali)တွင် ထုလုပ်ကြသော ဗုဒ္ဓဆင်းတုတော်များတွင်လည်း ထိုလောကနတ်ထိုင်ဟန် ပုံတော် လလိတာသနဖြင့် ထိုင်တော်မူတတ်ကြလေသည်။

ပုဂံဒေသရှိ အာနန္ဒာ၊ အပယ်ရတနာ၊ ပေါင်းကူးစေတီ၊ ပေါ်တော်မူစေတီများနှင့် ရေစကြိုမြို့နယ် ကန်သစ်ရွာ၊ တွံတေးမြို့နယ် ကန်ဘဲ့ရွာများရှိ သာသနိက အဆောက်အအုံများတွင် လောကနတ် ထိုင်ဟန်ဖြင့် ဗောဓိသတ္တ ပုံတော်များကို လေ့လာနိုင်ပါသည်။ တစ်ဖန် စစ်ကိုင်းတောင်ရိုး ပတ္တမြားစေတီတွင်လည်း လောကနတ်ကို တောင်စောင့်ဘိုးဘိုးကြီး ဘိုးရေချမ်းအသွင်ဖြင့် မြင်နိုင်ကြပြန်၏။

## လောကနတ် ကိုးကွယ်မှုနှင့် ယုံကြည်ချက်များ

ဗုဒ္ဓဘာသာ၊ မဟာယာန ဂိုဏ်းဝင်များက လောကကို စိုးပိုင်လျက် စောင့်ရှောက်နေသော နတ်ဘုရားအဖြစ် လောကနတ်ကို ယုံကြည်ကိုးကွယ်ကြ၏။ တစ်ချို့ကလည်း လောကနတ်ကို ကိုးကွယ်ခြင်းဖြင့် ဘေးရန်ခပ်သိမ်း ကင်းပျောက်ကာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရာရမည်ဟု ယုံကြည်ကြသည်။ လောကီဥစ္စာ စည်းစိမ်ရတနာများ ရရှိ ခံစားနိုင်သော အကျိုးလည်း ရှိမည်ဟု မျှော်လင့်ကြသည်။

## လောကနတ်နှင့် ငြိမ်းချမ်းရေး ဒဿနအမြင်

မြန်မာပြည်တွင် လောကနတ်ကို ငြိမ်းချမ်းရေး အထိမ်းအမှတ် နတ်အဖြစ် လက်ခံထားကြသည်။ ခြင်္သေ့မင်းနှင့် ဆင်ပျံတို့ ရန်ငြိမ်းအောင် စေ့ဆော် ဖျန်ဖြေပေးနေခြင်း သဘောကို ဆောင်သည်။

ကြာ၏ သဘောမှာ သန့်စင်ခြင်း၊ အေးမြခြင်း၊ လန်းဆန်းခြင်းများကို ဆောင်နေ၏။ သို့ဖြစ်ရာ ငြိမ်းချမ်းရေး အမှတ်အသားဖြစ်သော လောကနတ်ရုပ်တုကို ကြာဖက်ပေါ်တွင် ထိုင်နေဟန် ထုလုပ်ထားသည်မှာ လိုက်ဖက်တင့်တယ်လှပေသည်။

## လောကနတ်နှင့် မြန်မာ့အနုပညာနယ်ပယ်

ထို့ပြင် လောကနတ်သည် ယဉ်ကျေးမှု၏ အမှတ်အသား သင်္ကေတလည်းဖြစ်၏။ အနုပညာရပ်များစွာတွင် လောကနတ်အမည်ကို နှစ်လိုစွာ သုံးစွဲကြသည်။ "လောကနတ် အနုပညာပြခန်း"ဟူ၍ပင် ရှိနေသည်။ မြန်မာ့ဆိုင်းဝိုင်းကြီးများ၏ ရှေ့မျက်နှာစာတွင်လည်း လောကနတ်


www.burmeseclassic.com

www.burmeseclassic.com

ရုပ်ကို အဆင်တန်ဆာတစ်ခုနှယ် ထားရှိကြသည်။

မြန်မာ့ရိုးရာ ဂီတအနုပညာနယ်ပယ်တွင်လည်း လောကနတ်အား ပူဇော် ပသရန် တီးမှုတ်သီဆိုသည့် "လောကနတ်သံ လောကနတ်ချင်း"ဟူ၍ ရှိသေးသည်။ "မြူမောင်ဝေးကင်း၊ တိမ်မှေးရှင်း၊ စန္ဒာရောင်ဝင်း၊ ထွန်းလင်း သန့်စင်ကြည်၊ မိုးမင်းလွင်ပေသည်"ဟု အစချီ၏။ အဆုံး တွင် "စိုးရိမ်ပျောက်ကြောင်း၊ ကယ်ချွတ်တောင်း၊ တေဇလေ တန်ခိုးပေါင်း၊ ညှာ ဏာဝါရေအေးလောင်း၊ သီတာရေချမ်း လောင်း"ဟု ကြည်နူးဖွယ် အဆုံးသတ်ထားမှုများမှာ ရင်ကို အေးမြ ချမ်းငြိမ်းစေလေသည်။

မြန်မာပြည်သားများ၏ စိတ်တွင် လောကနတ်သည် ငြိမ်းချမ်းရေးကို ပေးစွမ်းသူ၊ အနုပညာဓာတ်ခံရှိသူ ချစ်မြတ် နိုးဖွယ် နတ်တစ်ပါးအဖြစ် မှတ်ယူထားကြလေ၏။ သို့ဖြစ် ရာ မြန်မာ့အနုပညာနယ်ပယ်တွင် လောကနတ်သည် ထိုကောင်းသောအရည်အသွေးများ၏ ပြယုဂ်ဖြစ်လာသည်။ လောကနတ်ပြခန်း၊ လောကနတ် ပန်းချီပြပွဲ၊ လောကနတ် ခန်းမဆောင်၊ လောကနတ်တံဆိပ် စသဖြင့် အလေးထား ချစ်ခင်စွာ သုံးစွဲကြ၏။ ယခုအခါ ဟိုတယ်ကြီးများ၊ ကုန်တိုက် များ၊ ဧည့်ခန်းဆောင်များတွင်လည်း လောကနတ်ရုပ်ကို အလှဆင်ကာ ပြသထားတတ်ကြသည်။

မန္တလေးမြို့သို့ ရောက်စဉ်ကလည်း ရွှေအင်ပင်ကျောင်း တော်ကြီးတွင် သစ်သားပန်းပု လောကနတ်ရုပ်တုကို မြင်ခဲ့ ရသည်။ ယင်းသည်လည်း အတော်ကလေး တင့်တယ် ပြေပြစ်သော ရုပ်တုဖြစ်လေသည်။

အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၏ သား "သစ္စာ မေတ္တာ၊ ရွှေမန်းသဘင်"မှ ဇာတ်မင်းသား ချမ်းသာကလည်း ယခုခေတ်တွင် ပြန်လည်ဆန်းသစ်ကာ လောကနတ်အက ကို စနစ်တကျ ပြန်လည်ဖော်ထုတ် ကပြခဲ့သည်။ စည်းသံ လေးတချွင်ချွင်၊ ဝါးသံလေး တဖြောက်ဖြောက်ဖြင့် ကသော ထိုအကမှာ 'အလွန်ပင် ကြည့်ကောင်းလှပေ၏။

ရန်ကုန်မြို့ ပြည်လမ်းပေါ်ရှိ အမျိုးသားပြတိုက်သစ် ကြီးတွင် ဂုဏ်ယူစွာ ပြသထားသော သီဟာသန ပလ္လင်တော် ရှေ့ တစ်ဖက်တစ်ချက်ရှိ လောကနတ်အရုပ်များမှာမူ မြင်ဖူး သမျှတွင် အလွန်ပင် အချိုးကျန တင့်တယ်လှပသည်ဟု ထင်မိလေသည်။ လည်တိုင်ကြော့ကြော့၊ ခေါင်းမော့မော့နှင့် ပြုံးကြည် ချမ်းမြသော မျက်နှာနေ၊ မျက်နှာထားမှာ နှစ်လို ဖွယ်ပင်ဖြစ်၏။ လောကနတ် ထိုင်နေသော ကြာဖတ်များ မှာလည်း ဝီပြင်လှသည်။ လောကနတ်အရုပ်အောက်ခြေ



တွင် ဆင်ပျံနှင့် ခြင်္သေ့မင်းတို့ တိုက်ခိုက်နေပုံကိုလည်း မြင်တွေ့နိုင်သေးသည်။ ■

* * *

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

စာကိုး


- တိုက်စိုး "ယဉ်ကျေးမှုအထိမ်းအမှတ်များ" (စာပေဗိမာန်၊ ၁၉၈၆၊ ရန်ကုန်)။
- ထွန်းမှတ်ဝင်း-စဝ် "မြန်မာ့ရိုးရာပဋိမာသိပ္ပံပညာ၊ အာသန ပလ္လင်တော်နှင့် ဝါဟန စီးတော်ယာဉ်များ" (သာသနာရေး ဦးစီး၊ ၁၉၈၁၊ ရန်ကုန်)။
- ထွန်းမှတ်ဝင်း-စဝ် "မြန်မာ့ရိုးရာပဋိမာသိပ္ပံပညာ၊ မုဒြာများ" (သာသနာရေးဦးစီး၊ ၁၉၈၁၊ ရန်ကုန်)။
- မင်းစည်သူ "မြန်မာ့ယဉ်ကျေးမှုရုပ်တုများ" (ရွှေခေါင်းတောင် စာပေ၊ ၁၉၉၆ခုနှစ်၊ ရန်ကုန်)။
- ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်၏ "နှစ်ချုပ် အစီရင်ခံစာများ" (၁၉၆၀-၆၁၊ ၆၁-၆၂။ ရန်ကုန်)။
- သိန်းလှိုင်(ဦး) "ခေတ်ဟောင်း မြန်မာ့သမိုင်း သုတေသန အဘိဓာန်" (တက္ကသိုလ်များသမိုင်း သုတေသနဦးစီးဌာန၊ ၂၀၀၀)။




www.burmeseclassic.com

www.burmeseclassic.com

**| တို့မိုးတင်အောင် |**

# လယ်တီဆရာတော်ဘုရားရဲ့ ဂါထာတော်



"ဘဂဝါ"ဟူသော စကားသည် ချီးမွမ်းအပ်တယ်။ မြင့်မြတ်တယ်။ ဒါကြောင့်မို့ အလေးအမြတ်ပြုအပ်သော ဂုဏ်ကျေးဇူးအထူးတို့နှင့် ယှဉ်သော အလေးအမြတ်ပြုထိုက်သော ပုဂ္ဂိုလ်ကို ဘဂဝါဟု ဆိုအပ်ပါတယ်။

မြတ်စွာဘုရားသည် ဘဂဝါဂုဏ်နှင့် ပြည့်စုံတော်မူသော ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဘဂဝါဆိုတဲ့ အပိုဒ်ကလေးကို နေ့တိုင်း ရွတ်ဖတ် ပူဇော်ခဲ့ရင် ဘေးအန္တရာယ်တွေလည်း ရှင်း စီးပွားဥစ္စာတွေလည်း တိုးတက်လျက်၊ ဘုန်းကျက်သရေကြီးမားမှာကတော့ဖြင့် အမှန်ပါ။

မြတ်စွာဘုရားရှင်ဟာ ဘုန်းတော်အနန္တ တန်ခိုးတော်ဉာဏ်တော်အနန္တ ကံတော်အနန္တတွေနဲ့ ပြည့်စုံတဲ့ အတုမရှိမြတ်စွာလည်း ဖြစ်ပါတယ်။

အားလုံးသော ဂုဏ်ရှိမိတ်ဆွေများကို ပဌာမ အန္တရာယ်ကင်း ဂါထာကိုဖြင့် ဓမ္မဒါန ကုသိုလ်ပြုချင်ပါတယ်။ သည်ဂါထာဟာ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ "ဥရောပဗုဒ္ဓဘာသာ အလင်းပြကျမ်း"မှာ ဖော်ပြထားခဲ့တာပါ။ နောက်တစ်ချက်က ကမ္ဘာသူ ကမ္ဘာသားများ အန္တရာယ်ကင်း ပျောက်ပြီး ချမ်းသာခြင်းတွေနဲ့ ပြည့်စုံစေဖို့ ဆရာတော်ဘုရားကြီးက ရေးသားသီကုံး ပူဇော်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးဟာ ဘာသာဝင်တိုင်းရဲ့ ယုံကြည်ကိုးစား အားထားမှီခိုရသော ပုဂ္ဂိုလ်မြတ်ကြီးလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံအဝန်းမှာ အန္တရာယ်ကင်း ဂါထာတော်တွေ မြောက်မြားစွာ ပေါ်ထွက်လျက်ရှိသည်ကို အားလုံးလိုလို



www.burmeseclassic.com

www.burmeseclassic.com

သိပြီးသားဖြစ်ပါလိမ့်မယ်။

စေတနာရှင်များကလည်း ကောင်းနိုးရာရာ ဂါထာတွေကို ကောက်နုတ်ပြီး ဓမ္မဒါနပြုကြပါတယ်။ သည်အထဲမှာ စာရေးသူလည်း တစ်ယောက်အပါအဝင်ဖြစ်ခဲ့ပါတယ်။ သတ္တဝါတိုင်း ဘယ်သူမှ ဘေးအန္တရာယ်နဲ့ မငြိတွယ်လိုပါဘူး။ ဘေးအန္တရာယ်ကင်းရှင်းစေချင်ရင်တော့ လုပ်သင့်တာတွေကို လုပ်ပြီး၊ ဂါထာတော်တွေကို အမြဲရွတ်ဖတ် ပူဇော်နေရမှာပဲ။

လယ်တီဆရာတော်ဘုရားကြီးကိုယ်တိုင်က ပဌာမ အန္တရာယ်ကင်း ဂါထာနှင့် ပတ်သက်လို့ မိန့်ဆိုတော်မူခဲ့ပါတယ်။

"ပဌာမ အန္တရာယ်ကင်း ဂါထာကို ပါဠိအနက်နှင့် တကွ နှုတ်တိုက် ကျက်မှတ်၍ အမြဲရွတ်ဖတ် ပူဇော်ခဲ့ရင် ဘေးအန္တရာယ်ကင်းရှင်းပြီး စီးပွားဥစ္စာတိုးတက်လျက် ဘုန်းကျက်သရေကြီးမားတတ်တယ်"တဲ့။

လူဆိုတာကလည်း လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ သံသရာထဲကနေ မလွတ်ကင်းနိုင်သေးတော့ ဘယ်ပြောလို့ရမှာလဲ။ စီးပွားဥစ္စာတိုးတက်ချင်တာ၊ ချမ်းသာကြွယ်ဝချင်တာ၊ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံချင်တာ လူအများရဲ့ ချစ်မြတ်နိုးခြင်းကို ခံယူချင်တာ လူ့ရဲ့ သဘာဝပါပဲ။

အထူးသဖြင့်ကတော့ လောဘဖြစ်ခဲ့ရင် အလောဘဖြစ်အောင်၊ ဒေါသဖြစ်ခဲ့ရင်လည်း အဒေါသဖြစ်အောင်၊ မောဟဖြစ်ခဲ့ရင်လည်း အမောဟဖြစ်အောင် လူတိုင်း ကြိုးစားနေကြရမှာပါ။

ဒါမျိုးတွေ မရှိခဲ့ရင်တော့ ပိုကောင်းမှာပေါ့။

အလိုရမ္မက်မှာ လောဘ၊ အမျက်တကာမှာ ဒေါသ၊ အမှောင်တကာမှာ မောဟလို့ ဆိုထားခဲ့လေတော့ သူတို့ကို နိုင်စေတာကတော့ ချမ်းသာခြင်းတကာမှာ အချမ်းသာဆုံးဖြစ်တဲ့ မြတ်စွာဘုရားရှင်ရဲ့ တရားတော်တွေပါပဲ။

လောကကြီးရဲ့ လူ့ဘဝမှာ နေ့,နေ့ခိုက်မှာတော့ လောကကိုလည်း မယွင်းစေနဲ့၊ ဓမ္မကိုလည်း မကင်းစေနဲ့ပေါ့။ လက်ရှိ ပစ္စုပ္ပန်ကာလကို နိဗ္ဗာန်ထိအောင် ယူသွားနိုင်ရင် အကောင်းဆုံးပါပဲ။

ဆိုတော့ လယ်တီဆရာတော်ဘုရားကြီး ချီးမြှင့်ခဲ့တဲ့ ဂါထာတော်ကို သည်နေ့ထိက်ထိတိုင်အောင် စာရေးသူ ရွတ်ဖတ် ပူဇော်နေဆဲပါ။ ဤဂါထာတော်ကို မယုံမကြည် မလေးမစားနဲ့ ရွတ်ဖတ်ခဲ့ရင်တော့ ဘာမှဖြစ်လာနိုင်ဖွယ်ရာ မရှိပါဘူး။ ယုံယုံကြည်ကြည် လေးလေးစားစားဖြင့် ရွတ်ဖတ်ခဲ့ရင်တော့ ပြောပြလို့မတတ်တဲ့ အကျိုးကျေးဇူးတွေက မိမိထံ မှောက် ရောက်လာရမှာ ကေန်မလွဲပါ။

တရားစောင့်တဲ့သူကို တရားကပဲ ပြန်လည်စောင့်ရှောက်တတ်လေတော့ ပဌာမ အန္တရာယ်ကင်း ဂါထာကို ရွတ်ဖတ် ပူဇော်လိုက်ကြပါစို့။

**ပဌာမအန္တရာယ်ကင်းဂါထာ**

နမောတဿ ဘဂဝတော၊
အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊
နမောဓမ္မဿ၊
နမောသံဃဿ၊
နမော အာစရိယာနံ၊
တိဋ္ဌန္တုသီသေ၊ မေ၊ ဧတေ အန္တရာယာ၊ သမေန္တုမေ။

**အနက်အဓိပ္ပာယ်**

**ဘဂဝတော** - ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ယယတ္တတည်းဟူသော ခြောက်ဝဘုန်းရှင် ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူထသော၊ **အရဟတော** - ကိလေသာကင်းပြတ်သဖြင့် မြတ်သောအလှူကို ခံယူတော်မူထိုက်ထသော၊ **တဿသမ္မာသမ္ဗုဒ္ဓဿ** - မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် အမှန်ထိုးထွင်း၍ သိမြင်တော်မူသော ထိုမြတ်စွာဘုရားသခင်အား၊ **နမော** - ရှိခိုးပါ၏။ **သံဃဿ** - မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ်အား၊ **နမော** - ရှိခိုးပါ၏၊ **အာစရိယာနံ** - ပညာသိပ္ပ ညွှန်ပြသွန်သင် ကျေးဇူးရှင် ဆရာမြတ်တို့အား၊ **နမော** - ရှိခိုးပါ၏၊ **ဧတေ** - ထိုဘုရား၊ တရား၊ သံဃာ၊ ဆရာအရှင်မြတ်တို့သည်၊ **မေ** - တပည့်တော်၏ **သီသေ** - ဦးခေါင်းရတနာ၊ မြတ်အင်္ဂါထက်၌၊ **တိဋ္ဌန္တု** - တည်နေ ကိန်းဝပ်တော်မူကြပါစေကုန်သတည်း။ **မေ** - တပည့်တော်အား၊ **အန္တရာယာ** - ဘေးအတန်တန်၊ ရန်အသွယ်သွယ်၊ အန္တရာယ်ဟူသမျှတို့သည်၊ **သမေန္တု**-ကင်းငြိမ်း လွင့်စဉ်ကြပါစေကုန်သတည်း။

အရာရာတိုင်းမှာ ဘုရားစကား၊ လိုက်နာပွားကာ၊ တရားလက်မလွတ်တဲ့ အမှုကိစ္စမျိုးတွေကို လုပ်ကိုင်နိုင်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။

နလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(ဤဂါထာတော်အကြောင်းကို ပြောပြခဲ့သည့် ကျေးဇူးရှင် ဖခင်ကြီး ဦးကျော်သိန်းသို့...)■

* * *

ကိုမိုးတင်အောင်



www.burmeseclassic.com

www.burmeseclassic.com



# တောင်းဆုပြည့်ခဲ့ကြသူတွေ

သက်နှင်းဆွေ (ပုပ္ပား)

www.burmeseclassic.com

www.burmeseclassic.com

(၁)

ဂင်္ဂါမြစ်ကြီး၏အနီး မြစ်ကမ်းနဖူး တစ်နေရာတွင် ရဟန်းသံဃာတော်တို့ သီတင်းသုံးတော်မူရာ ကျောင်း တစ်ကျောင်း ရှိခဲ့ဖူးသည်။

တစ်နေ့တွင် ထိုကျောင်းမှ ဆရာ ဘုန်းကြီးသည် ကျောင်းတွင်း သန့်ရှင်းရေး တံမြက်လှည်းခြင်းအမှုကို ပြုနေ၏။ ထိုဆရာဘုန်းကြီး၏ ခပ်လှမ်းလှမ်းတွင် ကိုရင်လေး တစ်ပါးသည် စိတ်ရှိလက်ရှိ ဆော့ကစားနေလေသည်။

"ကိုရင် • • • အမှိုက်လာကျုံးတော့"

ဆရာဘုန်းကြီးက အမှိုက်သရိုက်တွေကို တံမြက်စည်း ဖြင့် လှည်းကျင်းကာ အမှိုက်ပုံလေးတွေ စုပုံထားရင်း သူ့တပည့် ကိုရင်လေးကို လှမ်းပြောလိုက်သည်။ သို့သော် အဆော့မက်နေသည့် ကိုရင်လေးက ဘုန်းတော်ကြီး၏ စကားကို မကြားယောင်ပြုကာ ဆက်ပြီး ဆော့ကစားနေ လေသည်။

"ဟဲ့… ကိုရင်၊ အမှိုက်ကျုံး"

ဆရာဘုန်းကြီး၏ လေသံတွင် ဒေါသအငွေ့အသက် တို့ ပါလာသည်။ သို့သော် ကိုရင်လေးက ထိုအချက်ကို အလေးဂရုမပြုမိသေး။ ကိုရင်လေး၏ အပြုအမူကြောင့် ဆရာဘုန်းကြီးက စိတ်တိုသွားလေသည်။

"တယ်လေ • • • ဒီကိုရင် အမှိုက်ကျုံးဆိုတာကို မကြားချင်ယောင်ဆောင်နေသေးတယ်"

ဆရာ ဘုန်းကြီးသည် ကိုရင်လေးအနီးသို့ ဖြုန်းခနဲ ရောက်သွားကာ ကိုရင်လေး၏ ဦးခေါင်းကို တံမြက်စည်းရိုး ဖြင့် "ဒေါင်"ခနဲ ခေါက်ထည့်လိုက်လေ၏။

"ကဲ … ပေကပ်ကပ်လုပ်နေဦး"

သည်တော့မှ ကိုရင်ငယ်သည် သူ့ခေါင်းတုံးပြောင် ပြောင်လေးကို ပွတ်ကာပွတ်ကာဖြင့် အမှိုက်ကျုံးလေတော့ သည်။ ဦးခေါင်းတွင် နာကျင်သွားသည့်အတွက် မျက်ရည် လေးများပင် ဝဲလာကာ ရှုံ့မဲ့ရှုံ့မဲ့နှင့် အမှိုက်ကျုံးရှာလေတော့ သည်။ အမှန်မှာ ကိုရင်လေးသည် ခေါင်းမှ နာကျင်သည့် ဒဏ်ရာထက် ရင်ထဲတွင် မခံချင်စိတ်တို့ ထကြွနေခြင်းသာ ဖြစ်၏။

"ငါက သူ့တပည့်ဖြစ်နေတော့ သူရိုက်တာကို ခံနေရ တာပေါ့ကွာ။ သူက အကြီး၊ သူက ဆရာဆိုပြီး ငါ့ခေါင်းကို တံမြက်စည်းရိုးနဲ့တောင် ခေါက်ရက်တယ်၊ နိုင့်ထက်စီးနင်း

ကိုရင်လေး၏ စိတ်တွင် အတော် မကျေမချမ်းဖြစ်နေ ရှာ၏။ နံနက်ပိုင်း တက်နေခြည်က စူးစူးရှရှရှိနေသည်။ ကိုရင်လေးသည် ချွေးတလုံးလုံးနှင့်ပင် အမှိုက်တွေကို တစ်ပုံပြီး တစ်ပုံ ကျုံးနေ၏။ တစ်တောင်းပြီး တစ်တောင်း သယ်ယူကာ မြစ်ထဲသို့ စွန့်ပစ်နေ၏။

သို့သော် ကိုရင်လေး၏ မျက်နှာက မကြည်မလင်နှင့် အုံ့မှိုင်း၍နေဆဲဖြစ်သည်။ ခေါင်းအခေါက်ခံထားရသည့် အတွက် မကျေနပ်သည့်စိတ်၊ အမှိုက်ကျုံးရသည့်အတွက် ပင်ပန်းနေသည့်စိတ်တို့ဖြင့် သိသိသာသာ ပင် မကြည်မလင် ဖြစ်နေ၏။

နေကလည်းမြင့်လာပြီ။ မိုးမရွာသည့်အတွက် နေ ရောင်က ပိုပြီး စူးစူးလက်လက် ရှိနေသည်။ ကိုရင်လေးသည် တပြိုက်ပြိုက်ကျနေသည့် ချွေးစတို့ကို လက်ဖြင့် သုတ်ရင်း ကောင်းကင်ထက်မှ ပြင်းပြင်းရှရှပူနေသည့် နေမင်းကြီး ကို မော့ကြည့်လိုက်မိပြန်သည်။ ထိုအချိန်မှာပင် သူ၏ အသိစိတ်မှာ တစ်စုံတစ်ရာကို တွေးမိသွားခဲ့လေသည်။ ထို့ကြောင့်…

"ငါသည် ဤအမှိုက်သရိုက်များကို စွန့်ပစ်ရသည့် ကုသိုလ်ကြောင့် နိဗ္ဗာန်မရသေးမီစပ်ကြား သံသရာတွင် ကျင်လည်ရသမျှ "မွန်းတည့်နေ"ကဲ့သို့ ထက်မြက်သော ဘုန်းတန်ခိုးအာဏာတို့နှင့် ပြည့်စုံရပါစေသတည်း။ သူ တစ်ပါးတို့၏ နှိပ်စက်ကလူပြုခြင်းမှ အစဉ်ကင်းလွတ်အောင် အာဏာစက် ကြီးမားသူဖြစ်ရပါစေသတည်း"

ဟု ဆုတောင်းခြင်း ပြုမိလေတော့သည်။

ထိုအချိန်မှာပင် ဂင်္ဂါမြစ်ကြီး၏ အထက်မြစ်ညာဘက် တွင် မိုးသားတိမ်လိပ်တို့ ညို့ဆိုင်းလာ၏။ စူးရှတောက်ပစွာ ပူနေသည့်နေက တိမ်ရိပ်တိမ်စတို့ ဝန်းရံကာ ချက်ချင်းပင် အုံ့ပျပျဖြစ်လာသည်။ ဟိုးအဝေး မြစ်ညာအရပ်တွင် မိုးတွေ ရွာစ ပြုလာလေပြီ။

ကိုရင်လေးသည် နောက်ဆုံး အမှိုက်ပုံကို ကျုံးကာ မြစ်ကမ်းစပ်တွင် သွန်လိုက်၏။ အထက်ပိုင်း မြစ်ညာဆီတွင် မိုးတွေ ညို့မှိုင်းလာသည်နှင့် ဂင်္ဂါမြစ်ထဲတွင် ရေစီးက ပိုပြီးသန်လာသည်။ မြစ်ညာမှာ မိုးသည်းနေသဖြင့် မြစ်ထဲတွင် လှိုင်းတံပိုးတို့ ထန်လာလေသည်။ စောစောက ချွေးသံရွှဲရွှဲ နှင့် အမှိုက်ကျုံးနေခဲ့ရ၍ ပင်ပန်းခဲ့ရတာတွေကိုပင် ကိုရင်



www.burmeseclassic.com

www.burmeseclassic.com

လေး မေ့သွားလေပြီ။ ရေချိုးရဦးမည့်ကိစ္စကိုလည်း သတိမရတော့။ အမှိုက်ကျုံးသည့် တောင်းလေးကို ဘေးမှာချကာ မြစ်ကမ်း ဘေးမှ ကျောက်ဆောင်တစ်ခုထက်တွင် ထိုင်ချလိုက်သည်။ ခြေနှစ်ဖက်ကို ရေစီးတွင် ချကာ မြစ်ရေပြင်ကို တို့ထိဆော့ကစားရင်း မြစ်ထဲမှ လှိုင်းလုံးကြီးတွေကို သဘောကျစွာ ကြည့်နေမိပြန် လေတော့သည်။

(၂)

ဂင်္ဂါမြစ်၏ အထက်အရပ်တွင် မိုးတွေက ပိုပြီးညို့ဆိုင်းလာသည်။ ဂင်္ဂါမြစ်တွင်းမှ ရေလှိုင်းတို့က အရှိန်ပြင်းစွာဖြင့် တဝုန်းဝုန်းပြုဆင်းလာကြသည်။ ကိုရင်လေးသည် လှိုင်းလုံးကြီးတွေကို သဘောကျစွာ ကြည့်နေမိ၏။ ကြည့်နေရင်းမှပင် ဆရာဘုန်းကြီးက တံမြက်စည်းရိုးနှင့် ရိုက်လိုက်သည့်ကိစ္စကိုပြန်လည်သတိရသွားပြန်သည်။ ခေါင်းကိုပင် ယောင်ယမ်းကာ ပွတ်လိုက်မိသေး၏။ ထို့အတူ ဆရာတော်၏ အပေါ်တွင် မကျေနပ်သည့် စိတ်တို့ကလည်း ပေါ်လာပြန်သည်။

"ငါက ကိုရင်လေးဖြစ်နေလို့ပေါ့ကွာ။ သူက ဆရာ၊ ငါက တဗည့်ဆိုတော့ သူခိုင်းတာကိုလည်း လုပ်ရသေး၊ သူရိုက်တာကိုလည်း ခံနေရသေးတာပေါ့"

ကိုရင်လေး၏ မျက်နှာက မြစ်ညာအရပ်မှာ ရွာနေသည့် မိုးကောင်းကင်လို အုံ့မှိုင်း ညို့ဆိုင်းသွားရပြန်၏။ ထို့အတူ ကိုရင်ငယ်၏ နှုတ်မှ ဆုတောင်းစကားတချို့ ထွက်ပေါ်လာပြန်လေသည်။

"ငါသည် ကျောင်းဝင်းအတွင်းမှ အမှိုက်သရိုက်တို့ကို ကျုံးပြီး စွန့်ပစ်ခြင်းတည်းဟူသော ကုသိုလ်အလုပ်ကို ပြုခဲ့ပါသည်။ ဤကုသိုလ်ကြောင့် နိဗ္ဗာန်မရသေးမီစပ်ကြား သံသရာတွင် ကျင်လည်သမျှ ကာလပတ်လုံး ဤဂင်္ဂါမြစ်တွင်းမှ လှိုင်းတံပိုးတို့ကဲ့သို့ ကြီးကျယ်သော အသိဉာဏ်ပညာတို့နှင့် ပြည့်စုံရပါစေသတည်း။ ဂင်္ဂါမြစ်၏ လှိုင်းတံပိုးတို့ကဲ့သို့ ဉာဏ်ပညာ ထူးချွန်ထက်မြက် ပြည့်စုံသူ ဖြစ်ရပါစေသတည်း"

ကိုရင်လေး၏ ဆုတောင်းသည် သာမန် တောင်းဆုမဟုတ်။ မခံချင်စိတ်၊ အငြိုးအတေးစိတ်တို့ဖြင့် သစ္စာပြုကာ တောင်းဆုပြုလိုက်ခြင်းဖြစ်၏။ ဆုတောင်းရင်းနှင့်ပင် လှိုင်းလုံးတွေကို စူးစူးနစ်နစ်ကြည့်နေမိ၏။ ဆုတောင်းရင်းနှင့်ပင် အရိုက်ခံရသည့်ကိစ္စကို မကျေမချမ်းဖြစ်နေမိပြန်၏။ မြစ်ပြင်တွင် လှိုင်းလုံးတွေက တဝုန်းဝုန်းစီးဆင်းနေသည်။ မိုးတွေ အုံ့မှိုင်းနေရုံသာမက၊ လေပြေအေးကလည်း တသုန်သုန်တိုက်ခတ်လာ၏။ ကိုရင်လေး၏ စိတ်တို့သည် ကြည်လင်သန်းဆန်းလာသည်။ သူသည် မြစ်ရေပြင်ကို ခြေဖြင့် ပုတ်၍ပုတ်၍ ဆော့ကစားရင်းနှင့် ထိုတောင်းဆုကို ထပ်ကာထပ်ကာ ရွတ်ဆိုနေမိလေတော့သည်။

(၃)

ထိုအချိန်တွင် တံမြက်လှည်းပြီးသွားသည့် ဆရာဘုန်းကြီးသည် ရေချိုးဖို့အတွက် ပြင်ဆင်နေရင်းနှင့် မြစ်ညာအရပ်တွင် မိုးတွေ ညို့မှိုင်း အုံ့ဆိုင်းလာတာကို သတိပြုလိုက်မိ၏။ ထို့အပြင် ဂင်္ဂါမြစ်ထဲမှာ လှိုင်းတံပိုးတွေ ထန်လာသံကိုလည်း သတိပြုမိသွားလေသည်။

"ငါ့ကိုရင်လေး အမှိုက်သွားပစ်တာ ကြာလိုက်တာ။ ရေဆင်းချိုးရင်းနဲ့ လှိုင်းလုံးတွေထဲများ ပြုတ်ကျသွားရင်အခက်"

ဆရာဘုန်းကြီး၏ စိတ်တွင် သူ့တပည့်ငယ်အပေါ် စိတ်မချနိုင်ဘဲ စိုးရိမ် စိတ်တွေ ဝင်လာလေသည်။ ထို့ကြောင့် ရေလဲသင်္ကန်းကို ကပျာကသီဆွဲယူပြီး မြစ်ကမ်းဘက်သို့ ခပ်သုတ်သုတ်ဆင်းလာမိ၏။

မြစ်ကမ်းဘက်သို့ ရောက်သောအခါ ကမ်းနဖူးတွင် ထိုင်ကာ ဆုတောင်းနေသည့် ကိုရင်လေး၏ ဆုတောင်းစကားတို့ကို ပြက်ပြက်ထင်ထင် ကြားသွားလေသည်။ ကိုရင်လေးကမူ နောက်နားတွင် သူ့ဆရာတော် ရောက်နေတာကိုပင် သတိမပြုမိ။ သူ၏ တောင်းဆုစကားကိုသာ လှိုင်းလုံးကြီးတွေနှင့်အပြိုင် ထပ်ပြန်တလဲလဲ ရွတ်ဆိုဆုတောင်းနေမိဆဲဖြစ်၏။

"ဩော်... သူက ဒီလိုလား။ ငါ တပင်တပန်းနဲ့ လှည်းကျင်းထားတဲ့ အမှိုက်လေးတွေကို စွန့်ပစ်ရုံ စွန့်ပစ်တာလောက်နဲ့တင် သူက ဒီလို ဆုတောင်းသေးရင် ငါက ပိုပြီးဆုတောင်းသင့်တယ် မဟုတ်ဘူးလား"

အတွေးနှင့်အတူ ဆရာဘုန်းကြီးကလည်း သစ္စာပြုကာ တောင်းဆုပြုပြန်လေတော့သည်။

"ငါသည် ကျောင်းတိုက်တစ်ခုလုံးမှာ အမှိုက်ရှင်းခြင်း၊ တံမြက်လှည်းခြင်း ကုသိုလ်တို့ ပြုခဲ့ပေ၏။ ဤကုသိုလ်တို့ကြောင့် နိဗ္ဗာန်မရသေးမီစပ်ကြား၊ သံသရာတွင် ကျင်လည်ရသမျှ ဤဂင်္ဂါမြစ်အတွင်းမှ ဤလှိုင်းတံပိုးတို့ထက် သာလွန်သည့် ဉာဏ်ပညာကြီးမားခြင်းနှင့် အထူးပြည့်စုံရပါစေသတည်း။ အထူးသဖြင့် ဤကိုရင်ငယ်မေးသမျှ အမေးပုစ္ဆာပြဿနာတိုင်းကို "ငှက်ပျောပင်ကို ဓားဖြင့် ခုတ်ပိုင်းလိုက်တဲ့အခါ တိခနဲ တိခနဲ ပိုင်းပြတ်သွားသလို" ရှင်းလင်းစွာ ထိုးထွင်း ဖြေဆိုနိုင်စွမ်းရှိသည့် ထက်မြက်သော အသိဉာဏ်ပညာတို့နှင့် ပြည့်စုံရပါစေသတည်း။ ဤကိုရင်ငယ်၏ ပညာဉာဏ်တို့ ဘယ်လောက်ပင် ကြီးမားပါစေ၊ သူ့ပညာ

www.burmeseclassic.com

ဉာဏ်ကို လွှမ်းမိုးနိုင်စွမ်းသည့် အသိပညာစွမ်းတို့နှင့် အထူးပြည့်စုံရပါစေသတည်း"

ထိုဆရာဘုန်းကြီး၏ သစ္စာပြု၊ တောင်းဆု ဆိုစကားတို့သည် ဂင်္ဂါမြစ် ကမ်းမှ ပြင်းထန်သည့် လှိုင်းတံပိုးတို့ကိုပင် ခြုံလွှမ်းသွားခဲ့လေသတည်း။

(၄)

ထိုအဖြစ်အပျက်သည် "ကဿပမြတ်စွာဘုရားရှင်" ၏ သာသနာတော်နောက်ပိုင်းကာလတွင် ဖြစ်ပျက်ခဲ့သည့် ဖြစ်စဉ်လေး ဖြစ်လေသည်။ ထိုဖြစ်စဉ်ထဲမှ ဆရာဘုန်းကြီးနှင့် တပည့်ကိုရင်ငယ်တို့သည် ထိုဘဝမှ ကုသိုလ်ကောင်းမှုကံ အရှိန်အဟုန်တို့ဖြင့် လူ့ဘဝ၊ နတ်ဘဝ စသည့် ကောင်းသည့် ဘုံဘဝတို့တွင် အကြိမ်ကြိမ်လှည့်လည် ခံစား စံစားခဲ့ကြရလေသည်။

ထို့နောက် ဂေါတမ ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်ပြုပြီးနောက်ပိုင်း နှစ်ပေါင်း ငါးရာခန့် အချိန်တွင် အလွန်ကျော်ကြားသည့် ပုဂ္ဂိုလ်နှစ်ပါးအဖြစ် ထင်ရှားစွာ ပေါ်ထွန်းလာရပြန်တော့သည်။

ထိုဖြစ်စဉ်ထဲမှ ကိုရင်ငယ်လေးသည် "မိလိန္ဒမင်းကြီး" ဟု ဘုန်းတန်ခိုးဩဇာအာဏာနှင့် ဉာဏ်ပညာတို့ အထူးထက်မြက်သည့် ပုဂ္ဂိုလ်ကြီး အဖြစ် ပေါ်ထွက်လာခဲ့လေသည်။ ထိုဖြစ်စဉ်ထဲမှ ဆရာဘုန်းကြီးကမူ "အရှင်နာဂသေန" အမည်ဖြင့် ဉာဏ်ပညာအလွန်ကြီးမားသည့် ရဟန်းမြတ်အဖြစ် ပေါ်ထွန်းလာခဲ့လေ၏။

မိလိန္ဒမင်းကြီးသည် ရဟန်းပညာရှိ၊ လူပညာရှိအပေါင်းတို့အပေါ်တွင် အလွန်ဩဇာထက်မြက်စွာ လွှမ်းမိုးနိုင်ခဲ့သူဖြစ်၏။ ဉာဏ်ပညာ အလွန်ထက်မြက်၏။ ပညာဟန် အလွန်ကြီးမားသူ မင်းဓိရာဇ်တစ်ပါးလည်း ဖြစ်၏။ ထိုသို့ထင်ရှားကျော်ကြားနေသည့် မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေန ရဟန်းမြတ်တို့ ဆုံစည်းခဲ့ကြပြန်လေသည်။

မိလိန္ဒမင်းကြီးသည် "အရှင်နာဂသေန" ရဟန်းမြတ်ကို စတင်တွေ့ဆုံသည့်နေ့တွင်ပင် အတိတ်ဘဝများစွာက ဆရာဖြစ်ခဲ့ဖူးသည့် ပါရမီဓာတ်ခံတို့က စေ့ဆော်ကာ၊ ကေသရာဇာခြင်္သေ့မင်း၏ရှေ့သို့ ရောက်သွားသည့် သိုးငယ်လေးကဲ့သို့ ကျိုးနွံသွားခဲ့ရလေတော့သည်။

"အရှင်ဘုရားက အရှင်နာဂသေန ဆိုတာပါလား ဘုရား"

"ဟုတ်တယ် ဒကာတော်၊ ငါက နာဂသေနပဲ"

"ဒါဆို တပည့်တော် အရှင်ဘုရားကို ပုစ္ဆာမေးလျှောက် မလို့ပါ ဘုရား"

"မေးပါ ဒကာတော်။ သင့်စိတ်ကြိုက် မေးနိုင်ပါတယ်"

"အရှင်ဘုရား – တပည့်တော် မေးလျှောက်ပြီးပါပြီ ဘုရား"

"ဟုတ်လား။ ဒါဆို ငါကလည်း ဖြေဆိုပြီးသွားပါပြီ ဒကာတော်"

"အရှင်ဘုရားက ဘာကို ဖြေဆိုတော်မူတာပါလဲ ဘုရား"

"အသင်ကရော ဘာကို မေးလျှောက်လိုက်တာလဲ ဒကာတော်"

ထိုသို့ဖြင့် မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေန ရဟန်းတော်တို့၏ တွေ့ဆုံခန်းသည် သာသနာတော်တွင် အလွန်ထင်ရှားသည့် မှတ်တမ်းကျမ်းကြီးတစ်ဆူအဖြစ် ပေါ်ထွန်းလာခဲ့လေတော့သည်။ မိလိန္ဒမင်းကြီးကလည်း ကြီးမားလှသည့် သူ၏ ဉာဏ်ပညာဖြင့် သူသိလိုသမျှ၊ ဗုဒ္ဓဘာသာဝင်တို့ သိသင့်သမျှတို့ကို နိုက်နိုက်ချွတ်ချွတ် မေးလျှောက်ခဲ့လေ၏။ အရှင်နာဂသေန မထေရ်သူမြတ်ကြီးကလည်း အလွန်ကြီးကျယ်မြင့်မားလှသည့် ဉာဏ်ပညာတော်တို့ဖြင့် မိလိန္ဒ မေးသမျှကို အကြွင်းအကျန်မရှိအောင် ရှင်းရှင်းလင်းလင်း ဖြေဆိုပေးနိုင်တော်မူခဲ့လေသည်။

ထိုအရှင်နှစ်ပါးတို့၏ ဘဝတစ်ခုမှ ဆုတောင်းတို့သည် ထူးခြားစွာပင် ပြည့်ခဲ့ကြလေသတည်း ■

အားလုံး[illegible]ချမ်းသာပါစေ

* * *

[illegible]နင်းဆွေ–မှုပွါး

ကျမ်းကိုး

- သီတဂူဆရာတော်ကြီး၏ "မိလိန္ဒနှင့် အရှင်နာဂသိန်တရား"။
- ဒါနတိုင်ဆရာတော်၏ "မိလိန္ဒပဥှာဝတ္ထု"။




www.burmeseclassic.com

www.burmeseclassic.com

# နေပြည်တော် လယ်ဝေးမြို့နယ်
# သမိုင်းဝင် ရှေးဟောင်းစေတီတော်သို့ ရောက်ခဲ့စဉ်

■ မြမဉ္ဇူဝေ (ကျုံမငေး) ■




နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သာဝတ္တိမြို့သို့ ယခုနှစ် ဆောင်းရာသီတွင် မထင်မှတ်ဘဲ ရောက်ခဲ့ရပါသည်။ ထိုမြို့ကလေးသို့ လွန်ခဲ့သော ၂နှစ်ခန့်က တစ်ခါရောက်ခဲ့ရသောကြောင့် ယခုအခါ ရောက်ရခြင်းမှာ ဒုတိယအကြိမ်ဖြစ်ပါသည်။ ကျွန်မအနေဖြင့် ဘယ်မြို့ ဘယ်အရပ်သို့ ရောက်ရောက် မြို့တွင်း၊ မြို့ပြင်အနီးအပါးမှ စေတီဘုရားများသို့ ဘုရားဖူးရင်း၊ သမိုင်းရာဇဝင်ကို စုံစမ်းမေးမြန်းစမြဲဖြစ်၍ ယခုတစ်ခေါက်တွင်လည်း ဘုရားဖူးရင်း ကုန်ကြမ်းရှာရန် အစီအစဉ်ဆွဲခဲ့ပါသည်။

နေပြည်တော်၊ လယ်ဝေးမြို့နယ်တွင် မြို့နယ်ဂုဏ်



www.burmeseclassic.com

www.burmeseclassic.com




ဆောင် သမိုင်းဝင် "တောင်မြတ်"များ ရှိနေသည်ကို လေ့လာပြီး ရောက်ရှိပြီးဖြစ်သော်လည်း ထပ်မံ၍ သွားချင်စိတ်များ ဖြစ်ခဲ့ရသောကြောင့် ဒေသခံ ကလေးငယ်များနှင့် အဖော်စပ်ထားလိုက်ပါသည်။ ကျွန်မသွားမည့် တောင်မြတ်များမှာ -

(၁) ရက်ကန်းစင်တောင်၊ အောင်သာကျေးရွာ၊ လယ်ဝေးမြို့နယ်၊

(၂) ရသေ့တောင်၊ သာဝတ္ထိမြို့ လယ်ဝေးမြို့နယ်၊

(၃) စမတောင်၊ သာဝတ္ထိမြို့ လယ်ဝေးမြို့နယ်၊

(၄) ချိပ်ကပ်တောင်၊ သာဝတ္ထိမြို့ လယ်ဝေးမြို့နယ်

တို့ ဖြစ်ပါသည်။ ရသေ့တောင်နှင့် စမတောင်သည် တစ်ခါရောက်ဖူးခဲ့ပြီး၍ ဦးစားပေးသွားလိုသော တောင်မှာ ရက်ကန်းစင်တောင်နှင့် ချိပ်ကပ်တောင်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ခရီးစဉ်အစကို "ရက်ကန်းစင်တောင်"သို့ဟု ဦးတည်ပြီး (၁၂-၁၂-၂၀၁၂)နေ့တွင် စတင်ခဲ့ပါသည်။

ရက်ကန်းစင်တောင်သည် ဟိုယခင်အချိန်အခါက ဂုဏ်သတင်းကြီးခဲ့သော တောင်မြတ်ဖြစ်ပြီး ဆရာတော် ဦးသြဘာအရှင်မြတ်၏ သာသနာပြုခရီးအစ နယ်မြေလည်း ဖြစ်ခဲ့သောကြောင့် တောင်မြတ်၏ အမည်နှင့် ဆရာတော်၏ ဘွဲ့ အတူယှဉ်တွဲ၍ "ရက်ကန်းစင်တောင်ဆရာတော် ဦးသြဘာသ"ဟူသော အခေါ်အဝေါ်ဖြင့် ရှင်လူအများ နှုတ်ဖျား၌ ဦးထိပ်ထား ပြောဆိုခဲ့သည်ကိုလည်း မှတ်သား သိရှိခဲ့ရဖူးပါသည်။

ရန်ကုန်-နေပြည်တော် အမြန်လမ်းပိုင်း၊ ရန်ကုန်မှ အလာ မိုင်တိုင် (၁၈၆)မိုင်၊ ၃ဖာလုံတွင် ညာဘက်အခြမ်း၌ "ရက်ကန်းစင်တောင်"ဟူသော တောင်တက်အစ မုခ်ဦးဝကို တွေ့ကြရမှာ ဖြစ်ပါသည်။ တောင်တက်လမ်း ခပ်ပြေပြေ ဖောက်ထားသောကြောင့် ဆိုင်ကယ်ဖြင့် ခရီးမထောက် သွားရောက်နိုင်ပြီဖြစ်ပါသည်။ တောတောင် သစ်ပင်ကြီးများမှ အုပ်ဆိုင်းနေသော်လည်း ခရီးလမ်းဖြောင့်ဖြူးပါသည်။

ရက်ကန်းစင်တောင် တည်ရှိရာ အရပ်သည် "အောင်သာ"ကျေးရွာဟု ဒေသခံများက ပြောပါသည်။ ယခုလက်ရှိ တောင်တော်ကို စောင့်ရှောက် သီတင်းသုံးနေသော ဆရာတော် အရှင်မြတ်မှာ ဘဒ္ဒန္တတေဇိန္ဒ အရှင်မြတ်ဖြစ်ပြီး ဤနယ်မြေတွင် တာဝန်ယူ စောင့်ရှောက်နေသည်မှာ ၁၀ နှစ်ရှိနေပြီ ဖြစ်ပါသည်။ မိမိနေထိုင် သီတင်းသုံးချိန်အတွင်း သာသနာရေးကိစ္စများသာမက၊ လက်လုပ်လက်စား တောင်ယာသမားများ၏ သားသမီးများကိုလည်း စာပေသင်ကြားပေးခဲ့ရာ ယခုအခါ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကလေး






www.burmeseclassic.com


www.burmeseclassic.com

အား ကလေးငယ် ၅၀ ကျော်နှင့် သင်ကြားပေးနေသည်ကိုလည်း တွေ့ခဲ့ရပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၀ကျော်ကာလတွင် ဤတောင်၌ ရသေ့တစ်ပါး လာရောက် သီတင်းသုံးနေခဲ့ပြီး လူမျိုးခြား တရုတ်ဘုန်းတော်ကြီးတစ်ပါး ထပ်မံရောက်ရှိလာသောအခါ တောင်တော်တွင် သာသနာအတွက် ပို၍စည်ပင်ရန် အကြောင်းဖန်လာခဲ့ပါသည်။ တစ်ချိန်သောအခါက ဆရာတော် ဦးသြဘာသ၏ ဓာတ်ပန္နက်အရှိန်အဝါများကလည်း ရှိနေခဲ့သောကြောင့် ပို၍ထူးခြားရန် အကြောင်းဖန်လာပါသည်။ ဆရာတော်ရှိစဉ်အခါက ပြဒါးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ စမဝိဇ္ဇာ၊ ဓမ္မဝိဇ္ဇာ အတတ်ပညာကျင့်စဉ်များ ထုံမွှမ်းခဲ့သောကြောင့်လည်း ပို၍ပိုကာ ထူးခြားခဲ့ရသည်ဟုလည်း အဆိုရှိခဲ့ပါသည်။

ဆရာတော် ဦးသြဘာသအရှင်မြတ် ထွက်ရပ်လမ်းသို့ မြန်းပြီးနောက်ပိုင်းတွင် ဆရာတော်၏ မေတ္တာဓာတ်ပန္နက်ဖြင့် ဆက်ခံခဲ့သော ဆရာ်တော် ဦးဝိစိတ္တသည် သက္ကရာဇ် ၁၃၉၂ ခု၊ ကဆုန်လဆန်း ၉ရက်နေ့တွင် လျှိုကိုးလျှို မြောင်ကိုးမြောင်၊ ကျောဆင်းကိုးဆင်းနှင့် ကိုးနဝင်းကျေ တည်နေသော ရက်ကန်းစင်တောင်တော်သို့ ဒါယကာ၊ ဒါယိကာမ ၉ဦးတို့နှင့်အတူ ရေးယခင်က "ရွှေစေတီ"ကို ရှာဖွေရန် စီစဉ်ပြီး ကြိုးစားရှာဖွေခဲ့သော်လည်း မတွေ့ခဲ့ပေ။





သို့သော် တောလိုက် မုဆိုးများမှ ၁၈တောင်ခန့်ရှိ အုတ်စေတီနှစ်ဆူကို တွေ့ရသောကြောင့် အနီးကပ် ဖူးမြော်ရန် သွားသောအခါ ပျောက်ကွယ်သွား၏။ ရွာသူရွာသားများနှင့် ဆက်၍ရှာပြန်သောအခါ ငှက်ပျောတောများနှင့် တန်ဆောင်းပြာသာဒ်၊ ကျောင်းသင်္ခမ်းများနှင့် ထူးဆန်းသော လုံးပတ် ၆ပေခန့်ရှိ ငုပ်ပင်ကြီးကို တွေ့ရပြန်သောကြောင့် နောက်တစ်နေ့တွင် ဆရာတော် ဦးဝိစိတ္တနှင့် ရွာသားများ သွားရောက်ရှာဖွေရာ ဘာမှမတွေ့ရဘဲ မတွေ့တွေ့အောင် ရှာမည်ဟု အဓိဋ္ဌာန်ပြု ရှာခဲ့ရာ နှစ်တောင်တစ်မိုက်ခန့်ရှိ ကျောက်စေတီတစ်ဆူနှင့် နှစ်တောင်ခန့် ကျောက်စေတီ တစ်ဆူကို အံ့သြဖွယ် တွေ့ခဲ့ရ၏။

ထို့နောက် ထိုစေတီနှစ်ဆူကို "သမလ" "ဝိမလ" ဝိဇ္ဇာညီနောင်ဘုရားဟု ဘွဲ့မည်တွင်ခဲ့၏။ သမလစေတီအား နောင်တော်စေတီအဖြစ် ဉာဏ်တော် ၉တောင်တစ်မိုက်၊ ဝိမလစေတီအား ညီတော်စေတီအဖြစ် ဉာဏ်တော် ၉တောင် အဖြစ် မွမ်းမံတည်ထားကာ သက္ကရာဇ် ၁၃၁၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ရက်နေ့တွင် ထီးတော်တင်၊ နေကဇာတင်ခဲ့ပါသည်။

ဆရာတော် ဦးဝိစိတ္တသည် ရက်ကန်းစင်တောင်၌ပင် ဆက်လက် သီတင်းသုံးနေခဲ့စဉ် ရှုတင်အကျင့်ဖြင့် အလွန်ကြီးသော သစ်ပင်ကြီး ၁၂ပင်အောက်တွင် ကျင့်စဉ်ပြုနေပြီး



www.burmeseclassic.com


www.burmeseclassic.com

စေတီနှစ်ဆူကို ပြန်ကြည့်သောအခါ နှောင်တော်စေတီ သမလ၏ ရာဟုထောင့်နှင့် တနင်္ဂနွေထောင့်တို့မှ အုတ်နှစ်ချပ်စီကို တောဆင်ရိုင်းများက ဆွဲထုတ်၍ စေတီ၏ အောက်ပစ္စယံတွင် တည်ထားသည်ကို အံ့ဖွယ် တွေ့ခဲ့ရပါသည်။

ဆရာတော်နှင့် အောင်သာကျေးရွာ ရွာသားများမှ အုတ်နှစ်ချပ်လွတ်နေသော နေရာတွင် အုတ်သရိုးကပ်၍ ပြုပြင်မွမ်းမံခဲ့ပြီး နောက်တစ်နေ့တွင် နှစ်ချပ်သော အုတ်ချပ်များ လွတ်နေပြန်သည်။ ဤသို့ဖြင့် အခါခါပြုပြင်ခဲ့သည်မှာ ငါးကြိမ်တိုင်သော်လည်း မရနိုင်သောကြောင့် မပြုပြင်ဘဲ ထားလိုက်ရပါသည်။

ဦးဣန္ဒာစက္ကတို့မှ ရက်ကန်းစင်တောင် သာသနိကနယ်မြေတွင် သာသနာ့အမွေခံ စေတီ၊ ရုပ်ပွား၊ ကျောင်း၊ ကန်များကို တည်ခဲ့ကြပါသည်။ နောက်ပိုင်း အချိန်ကာလများတွင် ဂုဏ်သတင်းကြီးလာခဲ့ပြီး သက္ကရာဇ် ၁၃၄၀ ခုနှစ်တွင် ဆီမီး ၉၀၀၀အဖွဲ့ကြီး ဖွဲ့စည်း၍ ဗိုလ်မှူး သံဒိုင်(ရဲဘော်သုံးကျိပ်) ဦးစီးလျက် ဆီမီးကိုးထောင် သိမ်တော်ကြီးကို ဆောက်လုပ်ခြင်း၊ ရုပ်တော်မှူ ရုပ်ပွားတော် တည်ထားခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

မြန်မာပြည်တစ်နံတစ်လျှား သာသနာပြု ဒါယကာများ၊ အောင်သာကျေး ရွာသားများနှင့် ထိန်းသိမ်းပြုပြင် စောင့်



သက္ကရာဇ် ၁၃၁၁ ခုနှစ်တွင် ဆရာတော် ဘဒ္ဒန္တဝိစိတ္တ၏ တပည့်ရင်း ဦးသောဘိတ ရောက်ရှိလာပြီး၊ နောက်ပိုင်းလအနည်းငယ်အကြာတွင် တပည့်နှင့် ဒါယကာအများကိုခေါ်၍ မိမိအဖို့ နောက်ထပ် ၆ရက်ထက်ပို၍ မနေရတော့ကြောင်း၊ ငါ မရှိသည့်နောက် ဤတောင်အား သာသနာစည်ပင်ရန် ထိန်းသိမ်းကြဖို့ မှာကြားခဲ့၏။ ထို့နောက် ထိုနှစ်တပေါင်းလပြည့်နေ့ နံနက် ၉နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။

သက္ကရာဇ် ၁၃၃၇ ခုနှစ်တွင် ဆရာတော် ဦးသောဘိတနှင့် သာသနာပြုရန် ထပ်မံရောက်ရှိလာသော ဘိုးရသေ့ကြီး ရှောက်နေသော သာသနာ့နွယ်ဝင် သူတော်စင် မဟာထေရ်များ၏ စေတနာသဒ္ဓါအားများကြောင့် ယခုအခါ ရက်ကန်းစင်တောင်တွင် သာသနာစည်ပင်နေပြီဖြစ်ပါသည်။ သာသနာမြေမြှတ်အဖြစ် ရှေးဟောင်းအမွေအနှစ်များ အသစ်တည်ထားစေတီဘုရားများနှင့် တင့်တယ်စွာ တည်ရှိနေသည်ကို ဘုရားဖူးသူများအား မြင်တွေ့စေချင်ပါသည်။

သာသနာ အရှည်တည်တံ့စေရေးအတွက် ပြုပြင်ထိန်းသိမ်းထားသော ရက်ကန်းစင်တောင် သာသနာ့မြေသည်ကော (၁၅၈)ဖြင့် သာသနာ့ဝန်ထမ်း ရှင်ရဟန်း ၁၄ပါးမှ သာသနာပြုနေကြောင်း လေ့လာသိရှိခဲ့ရပါသည်။ ရက်ကန်း




www.burmeseclassic.com


www.burmeseclassic.com

စင်တောင်သည် တောင်ဘက်တောင်နှင့် မြောက်ဘက်တောင် ဟူ၍ တောင်နှစ်သွယ်တွင် သမိုင်းဝင် ရှေးဟောင်း သာသနိက အမွေအနှစ်များနှင့် ဝိဇ္ဇာတို့စခန်း အကျင့်မြတ်လမ်း ကျင့်ဆောင်ရာ နေရာထူးဖြစ်သောကြောင့် ပြဒါးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ စမဝိဇ္ဇာ၊ ဓမ္မဝိဇ္ဇာပညာကို လေ့လာလိုက်စား ကျင့်ကြံပွားများလိုသူများအတွက် တောင်မြတ်အမှန်ဖြစ်ပါကြောင်း သတင်းပါး ရေးသားဖော်ပြအပ်ပါသည်။

ကျွန်မအနေဖြင့် ရောက်ရှိနေသော အချိန်ကာလအတွင်း ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ကြိုးစားမေးမြန်းလေ့လာထားမိသမျှကို ရေးသားရခြင်းဖြစ်၍ လိုအပ်သည်များလည်း ရှိနေမှာ ဖြစ်ပါသည်။ သိလိုသမျှ၊ သိသင့်သမျှကို အချိန်ပေး၍ မိန့်ကြားခဲ့သော ရက်ကန်းစင်တောင်၏ ဦးဆောင်နာယက ဆရာတော် ဘဒ္ဒန္တ ဦးတေဇိန္ဒ၊ ဓမ္မပါလ ကျောင်းတိုက် အရှင်သူမြတ်နှင့် မှတ်တမ်းသမိုင်းစာကို ကျေးဇူးပြု ရှာဖွေပေးသော (ခေတ္တကြွလာ၍ သီးတင်းသုံးနေသည့်) ဆရာတော် ဘဒ္ဒန္တဇေယျာနန္ဒ(သမိုင်း ၁ရပ်ကွက်၊ ၂လမ်း၊ ဘူတာရုံဆေးမှတ်တိုင်)အား ဦးထိပ်ပန်ဆင် ကျေးဇူးတင်အပ်ပါသည်။

ရက်ကန်းစင်တောင်သို့ သာဝတ္ထိမြို့မှ မော်တော်ဆိုင်ကယ်ဖြင့် ခရီးဝေး ပို့ဆောင်ပေးသော တူမလေး မစန်းမျိုးခိုင်(သီဟမော် ဆောက်လုပ်ရေးကုမ္ပဏီ၊ သာဝတ္ထိမြို့)အား








လည်း အထူးကျေးဇူးတင်ပါကြောင်း ကျေးဇူးစကားဆိုအပ်ပါသည်■

* * *

မြမဥ္ဇူဝေ(ကျူမဒေး)

မှီငြမ်း

- ရက်ကန်းစင်တောင်၏ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒအရှင်မြတ်၏ မိန့်ဆိုစကား။
- သမိုင်းဝင် ရက်ကန်းစင်တောင်တော်သမိုင်းမှတ်တမ်း။
- စာရေးသူ၏ ဘုရားဖူးခရီးမှတ်တမ်း (၁၂-၁၂-၂၀၁၂)။



www.burmeseclassic.com

www.burmeseclassic.com



# ယုံကြည်မှုဖြင့် အောင်မြင်ခြင်း

ဒေါ်အုန်းကြည်သား

"ချမ်းသာခြင်းကို ဖြစ်စေ"

ဟူသောဆုကို ပေး၍ ကြေးစည်လေးကို ထုလိုက်လေ၏။

ထိုအသံရှင်ကား လွန်စွာမှ ကြီးမားသော လွယ်အိတ်ကြီးကို လွယ်ကာ ၅ရက် တစ်ကြိမ်မျှ တောင်ပေါ် ဝါးကျောင်းလေးမှာ သီတင်းသုံးကာ ရွာရိုးကိုးပေါက် အလှူခံထွက်လေ့ရှိသော ရသေ့ကြီးတစ်ပါးဖြစ်လေတော့၏။

◈◈◈

"ဟင့်...ဟင့်...ဟင့်"

ဟူသော ငိုရှိုက်သံတစ်ခုကို ရသေ့ကြီး အလှူခံထွက်လာရင်း ကြားလိုက်ရလေ၏။

"အလို... ဘယ်သူများ ဘယ်အတွက် ပူဆွေးသောကရောက်လို့ ငိုကြွေးနေပါလိမ့်"

ဟု ဆိုကာ ရသေ့ကြီးက ငိုနေသူကို ရှာဖွေရာ လွန်စွာမှ အရိပ်ကောင်းသော သစ်ပင်ကြီးအောက်၌ လူငယ်တစ်ဦးကို တွေ့လိုက်ရလေ၏။ ရသေ့ကြီးလည်း ထိုသစ်ပင်အောက်သို့ သွားကာ ကြေးစည်လေးကို ထု၍...

"ချမ်းသာခြင်းကို ဖြစ်စေ"

ဟူသော အသံကြောင့် ငိုကြွေးနေသော လူငယ်မှာ တထိတ်တလန့်ဖြစ်ကာ ငိုနေရင်းမှ ရသေ့ကြီးအား လှမ်းကြည့်လိုက်လေ၏။

"အမောင်...ဘာကြောင့် ငိုနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ရသေ့ကြီးက မေးလိုက်ပြီး ၎င်းနှင့် မနီးမဝေးနေရာတွင် ထိုင်ချလိုက်ရာ···

"မချမ်းသာလို့ပေါ့"

ဟု ဆိုကာ ပြောလိုက်လေ၏။

"ဩော်···ဩော်···မချမ်းသာလို့လား။ ဒါနဲ့ အမောင်က ဘာလုပ်လဲ"

ဟု ရသေ့ကြီးက မေးရာ···

"နွားကျောင်းပါတယ်"

ဟု ထိုလူငယ်က ပြောလိုက်လေ၏။

ထို့နောက် ရသေ့ကြီးက နွားကျောင်းသားအား အောက်ပါအကြောင်းအရာလေးကို ပြောပြလိုက်လေတော့၏။

◈◈◈

ရှေးအခါက တစ်ခုသောရွာတစ်ရွာ၌ ထင်းခွေသမားတစ်ယောက်သည် တောသို့သွားကာ ထင်းခွေ၏။ ထင်းခွေပြီး အိမ်သို့ ပြန်လာရာ ရွာတံခါးမပိတ်မီ ရောက်အောင် ပြန်မလာနိုင်သဖြင့် ရွာတံခါးအပြင်ဘက်ရှိ နတ်ကွန်းတစ်ခုတွင် မိမိခွေလာသော ထင်းစည်းကို ခေါင်းရင်း၌ ချကာ အိပ်လေတော့သည်။

ထိုနတ်ကွန်းဘေးရှိ သစ်ပင်ကြီးတစ်ပင်၌ ကြက်များ အိပ်ကြလေသည်။

နံနက်မိုးသောက်ရောက်သည့်အခါ သစ်ပင်အကိုင်း၌ အိပ်နေသော ကြက်က ကျင်ကြီးစွန့်ချလေသော် အောက်သစ်ကိုင်း၌ အိပ်သည့် ကြက်ကိုယ်ပေါ်သို့ ကျလေသည်။ ထိုအခါ···

"ငါ့အပေါ် ဘယ်ကောင် ကျင်ကြီးစွန့်တာလဲ"

ဟု အော်ပြော၏။

"ငါ···ငါ စွန့်ချမိပါတယ်"

ဟု အထက်သစ်ကိုင်းမှ ကြက်က ပြောလိုက်ရာ အောက်သစ်ကိုင်းမှ ကြက်က မကျေမနပ်ဖြစ်ပြီး···

"ဟေ့ကောင်···ငါ့ကို ဘယ်လိုအမျိုးစားကြက် မှတ်နေလဲ"

ဟု ဆိုကာ ပြောလိုက်လေ၏။

အထက်သစ်ကိုင်းမှ ကြက်ကလည်း တောင်းပန်စကားပြောနေတာကို မရသဖြင့် ဒေါသထွက်လာပြီး···

"ဩော်···မင်းက ဘယ်လိုကြက်လဲ၊ ပြောပါဦး"

ဟု မေးလိုက်လေ၏။

"အေး၊ မင်း မသိရင်တော့ ပြောရတာပေါ့။ ငါ့ရဲ့ အသားကို စားတဲ့ ယောက်ျားဆိုရင် ရှင်ဘုရင်ဖြစ်မယ်၊ မိန်းမဆိုရင် မိဖုရားဖြစ်မယ်"

ဟု ပြောလိုက်ရာ သစ်ပင်အောက်တွင် အိပ်နေသော ထင်းခွေသမားက ကြားသွားလေတော့၏။

"ဟာ···တယ်ဟုတ်ပါလား"

ဟု ဆိုကာ ထင်းခွေသမားက ချက်ချင်း အိပ်နေရာမှ ထပြီး သစ်ပင်ပေါ်သို့ တက်၍ အောက်သစ်ကိုင်းက ကြက်ကို ဖမ်းကာ သတ်၍ ခါးပိုက်ထဲ ထည့်ကာ အိမ်သို့ ပြန်လာလေ၏။ အိမ်သို့ ရောက်သည်နှင့် မယားဖြစ်သူအား ချက်ခိုင်းလေတော့သည်။

ထင်းခွေ မယားသည် ထမင်းနှင့် ကြက်သားဟင်းကို ကောင်းစွာ စီရင်ချက်ပြုတ်ပြီးလျှင် လင်ယောက်ျား စားရန် ထမင်းပွဲ တည်ခင်း၏။ သို့သော် ထင်းခွေယောက်ျားက ရုတ်တရက် မစားသေးဘဲ···

"ရှင်မရေ···ဤကြက်သားက သာမည ကြက်သားမဟုတ်။ တန်ခိုး အာနုဘော် လွန်စွာကြီးမားတယ်။ ဒီကြက်သားကို စားရင် ငါလည်း ရှင်ဘုရင်ဖြစ်မယ်။ ရှင်မလည်း မိဖုရားဖြစ်မယ်။ သို့အတွက် ကိုယ်လက်သန့်စင်ပြီးမှ စားမယ်"

ဟု ထင်းခွေယောက်ျားက ပြောလိုက်ပြီး ရေချိုးရန် မြစ်ဆိပ်သို့ ထွက်ခဲ့၏။ ထမင်းနှင့် ကြက်သားဟင်းကိုလည်း ထမင်းအုပ်တွင် ထည့်ကာ ယူဆောင်လာခဲ့ကြလေ၏။

မြစ်ဆိပ်သို့ ရောက်သောအခါ ထမင်းအုပ်ကို မြစ်ကမ်းတွင် ထားပြီး၊ သူတို့လင်မယား ရေဆင်းချိုးကြလေတော့၏။

ထိုအချိန် လေတိုက်၍ လှိုင်းပုတ်သည့်အခါ ထမင်းအုပ်မှာ လှိုင်းနှင့်အတူ မျောပါသွားလေတော့သည်။

"ဟာ···"

"ဟယ်···"

ဟု ထင်းခွေလင်မယား ပူဆွေးသောက ရောက်ကြ၏။ ထမင်းအုပ်ကို လိုက်ဆယ်သော်လည်း လှိုင်းနှင့်အတူ မျောပါသွားသဖြင့် သူတို့နှင့် ဝေးသည်ထက် လွန်စွာမှ ဝေး၍ သွားလေတော့၏။

◈◈◈

အောက်မြစ်ဆိပ်တွင် ဆင်ကို ရေချိုးပေးနေသော ဆင်ဆရာသည် ထမင်းအုပ်ကို မြင်လျှင် လိုက်ဆယ်၏။ လက်ဝယ်သို့ ရောက်ရှိသည့်အခါ ထမင်းအုပ်ကို ဖွင့်ကြည့်လိုက်လျှင်···

"အလို···ထမင်းနှင့် ကြက်သားဟင်းပါလား"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုကာ လွန်စွာမှ အံ့ဩသွားလေတော့၏။

ဆင်ဆရာသည် မိမိ၏ ဆင်ကို ရေချိုးပြီးသောအခါ အိမ်သို့ ပြန်လာခဲ့လေ၏။ အိမ်သို့ ရောက်သည့်အခါ ဆင်ဆရာသည် ဇနီးဖြစ်သူနှင့်အတူ မျှော်ပါလာသော ထမင်းအုပ်ထဲမှ ထမင်းနှင့် ကြက်သားကို မြိန်ယှက်စွာ စားသုံးကြလေတော့သည်။

ထိုသို့ စားသုံးပြီး သုံးရက်မြောက်သောနေ့တွင် ဗာရာဏသီမင်းကြီးသည် ဆင်ဆရာအား ခေါ်၍ စစ်တိုက်စေ၏။ ထိုစစ်ပွဲတွင် မင်းကြီးအား ရန်သူ၏ လက်ချက်ဖြင့် ကျဆုံးကာ နတ်ရွာစံတော်မူလေသည်။

ထို့နောက် တိုင်းပြည်က ဆင်ဆရာအား မင်းမြှောက်ကြရာ ဆင်ဆရာမှာ ရှင်ဘုရင်ဖြစ်၍၊ ဆင်ဆရာ၏ ဇနီးမှာ မိဖုရားဖြစ်သွားလေတော့သည်။

ထင်ခွေသမား လင်မယားမှာကား ကံမကောင်း၊ အကြောင်းမလှသောကြောင့် ကြက်သားဟင်း မစားရဘဲ နဂိုမူရင်း ထင်းခွေဘဝနှင့်ပင် နေရရှာလေတော့၏။

ထို့ကြောင့် အတတ်ပညာရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ၊ ဘုန်းကံနည်းပါးပါက မခံစားရ၊ ဘုန်းကံရှိသူများသာ ခံစားရ၏။

ထင်းခွေသမား လင်မယားမှာ ကံမကောင်းသောကြောင့် ကောင်းမွန်စွာ နေထိုင်ရခြင်း မရှိချေ။

ဆင်ဆရာ လင်မယားမှာကား ကံကောင်းသောကြောင့် ကောင်းမွန်စွာ နေထိုင်ရလေ၏။

◈◈◈

ရသေ့ကြီးက ထိုအဖြစ်အပျက်အား ပြောပြလိုက်သည့်အခါ နွားကျောင်းသားလေးမှာ တစ်စုံတစ်ရာ ပြန်မပြောဘဲ အဝေးသို့ ငေးမော၍ နေလေတော့သည်။

ထိုအခါ ရသေ့ကြီးက…

"ချမ်းသာခြင်းကို ဖြစ်စေ"

ဟူသော ဆုကို ပေး၍ ကြေးစည်လေးကို ထုလိုက်သည့်အခါ နွားကျောင်းသားလေးမှာ အတွေးများ လွင့်ပြယ်သွားကာ…

"ကျွန်ုပ် အခုလိုဖြစ်ရတာဟာ ကံမကောင်းလို့လား"

ဟု မေးလိုက်လေ၏။

"ဒါပေါ့ကွာ၊ ဒါပေါ့"

ဟု ရသေ့ကြီးက ပြောလိုက်ရာ…

"ဒါဆို ကံကောင်းအောင် ဘာလုပ်ရမလဲ"

ဟု နွားကျောင်းသားလေးက မေးလိုက်လေ၏။

"လူတွေဟာ ကုသိုလ်ကံ ညံ့လို့ စိတ်မကောင်းစရာ၊ အဆင်မပြေတာတွေ တွေ့ကြုံကြတဲ့အခါ ကိုယ်ဖြစ်ချင်တာတွေကို ဖြစ်အောင် ပြန်လုပ်ယူလို့ ရတယ်။ တစ်နည်းအားဖြင့် ကံဆိုတာက အလုပ်ပဲ မဟုတ်လား။ အလုပ်လုပ်တာ ကောင်းရင် ကံကောင်းလာမှာပေါ့"

ဟု ရသေ့ကြီးက ပြောလိုက်ရာ နွားကျောင်းသားလေးမှာ လွန်စွာစိတ်ဝင်စားလာပြီး…

"ကံကောင်းလာအောင် ဘာလုပ်ရမလဲ"

ဟု ထပ်မံမေးလိုက်ပြန်၏။

"ကံကောင်းလာအောင်၊ ကံမြင့်လာအောင် ဘာသာရေးနဲ့ မြှင့်ပေးရင် ရတယ်။ ယုံကြည်မှုသည် အောင်မြင်ခြင်းတဲ့။ ကဲ - အမောင် နွားကျောင်းသားရေ… ဘုရား၊ တရား၊ သံဃာ မိဘဆရာတွေကို ဦးထိပ်ထားပြီး အလုပ်လုပ်ရမယ်။ မြတ်စွာဘုရားကိုယ်တော်တိုင်က ဟောကြားတော်မူခဲ့တဲ့ နှုတ်ကပတ်တော်တွေကို နေ့စဉ် ရွတ်ဆို ပွားများပေတော့"

ဟု ရသေ့ကြီးက ပြောလိုက်သည့်အခါ…

"တင်ပါ့၊ တပည့်တော် ရွာဦး ဘုန်းကြီးကျောင်းမှာ နေ့စဉ်က ပရိတ်ကြီး ၁၁သုတ်ကို ရပါတယ်။ အဲဒါရွတ်ရင်ရော ကံကောင်းလာမှာလား"

ဟု နွားကျောင်းသားလေးက မေးလိုက်လေ၏။

"အမောင်…နွားကျောင်းသား၊ ဘရသေ့ ပြောပြီးပြီလေ။ ယုံကြည်မှုသည် အောင်မြင်ခြင်းဆိုတာလေ။ အမောင် နွားကျောင်းရင်း ပရိတ်ကြီး ၁၁သုတ်ရွတ်ပေါ့။ ရွတ်တဲ့အခါမှာ တောစောင့်နတ်၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်တွေကို ပင့်ဖိတ်ပြီး ရွတ်။ ပြီးတော့ ပရလောက၊ သမာဒေဝနတ်မင်းတွေကိုလည်း မေတ္တာပို့။ ကိုယ့်အခက်အခဲတွေကို ကျော်လွှားနိုင်အောင်၊ ကိုယ်ဖြစ်ချင်တာတွေကို ဖြစ်လာအောင် ကူညီစောင့်ရှောက်ပါလို့ ပန်ကြားရမယ်"

ဟု ရသေ့ကြီးက ပြောလိုက်ရာ နွားကျောင်းသားလေးမှာ လွန်စွာမှ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ရသေ့ကြီးအား ကန်တော့၍ နွားကျောင်းရန် ထွက်သွားလေတော့၏။

"ချမ်းသာခြင်းကို ဖြစ်စေ"

ဟူသော ဆုကို ပေးကာ ကြေးစည်လေးကို ထုလိုက်လေတော့သတည်း ■

လုံးစုံများစွာ သတ္တဝါ
ချမ်းသာကိုယ်စိတ် မြပါစေသော်

* * *

ဒေါ်အုန်းကြည်သာ




www.burmeseclassic.com

www.burmeseclassic.com

# ရွှေတောင်ချမ်းသာကြီး ဆရာတော်ကြီး၏
# နာယူမှတ်သား ဓမ္မစကား

ဦးကျော် (ပြည်)



ရွှေတောင်ဆိုတာ ပြည်မြို့တောင်ဘက် ၉မိုင်ခန့် ဝေးတဲ့ မြို့ငယ်တစ်မြို့ ဖြစ်ပါသည်။ တစ်ချိန်က ရက်ကန်းမြို့လေးအဖြစ် ကျော်ကြားခဲ့ပါတယ်။ ရွှေတောင် ကျီးသဲ "စည်း" လုံ့ချည်ဟာ လူကြိုက်များပါတယ်။ ကျီးသဲလေးထပ် ဆရာတော်ကြီးနဲ့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့ဟာ ရွှေတောင်မြေမှ အထင်ကရ ပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာ တစ်ဆူသာရှိတဲ့ ရွှေမျက်မှန်ဘုရားဟာ ဤမြို့လယ်မှာ ရှိပါတယ်။ ရွှေနတ်တောင်စေတီတော်မြတ်ကြီးဟာ လူတစ်ရစ်၊ နတ်တစ်ရစ်တည်ခဲ့ပြီး ရွှေတောင်မြို့ရဲ့ ကျက်သရေဆောင် ဂုဏ်ပြောင်ထွန်းတဲ့ သမိုင်းဝင် ဘုရားပဲ ဖြစ်ပါတယ်။ ၂၀၀၄ ခုနှစ်မှ စတင်ကာ လူသိများပြီး ထင်ရှားလာတဲ့ ရဟန္တာရှုစ်ဆယ် ရှေးဟောင်း မဟာသိမ်တော်ကြီးဟာလည်း မဟာပထဝီမြေကြီးအတွင်း ရေးနှစ်များစွာ ကွယ်မြုပ်နေရာမှ မှဲ့ရှင်ဆရာတော်ကြီး၏ ဖော်ဆောင်နိုင်မှုကြောင့် ယနေ့ ပေါ်ထွန်းလာပြီး ကျော်ကြားလျက် ရှိပါတယ်။

ဖော်ပြပါ ဂုဏ်ပေါင်းခတဲ့ အောင်မြေဟိတ်ကောင်း ရွှေတောင်မြို့ငယ်လေးမှာ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကြောင့် တမင်တကာ တကူးတက လာရောက်ဖူးမြော်နေခြင်းကို အပူဇော်ခံနေရတဲ့ ဆရာတော်ကြီးတစ်ပါး ရှိနေပါတယ်။ ပဋ္ဌာန်းအရ သိကြသော်လည်း မသိသူများ ကျော်ကာသွားကြပါတယ်။ သက်တော် ၈၅နှစ်ရှိနေပြီဖြစ်တဲ့ ချမ်းသာကြီး ဆရာတော်ဖြစ်ပါတယ်။ အနေရိုးပါတယ်။ မုဒုဂုဏ်နဲ့ ပြည့်စုံ၍ အရာရာကို သည်းခံတော်မူပါတယ်။ အနှစ် ၂၀နီးပါး တောထွက်ပြီးမှ မျက်စိကျန်းမာရေးကြောင့် ဒကာ၊ ဒကာမ


www.burmeseclassic.com

www.burmeseclassic.com

များရဲ့ လှေ့လျှောက်ထားမှုကြောင့် ချမ်းသာကြီးကျောင်းတိုက်မှာ ယနေ့ ပြန်လည် သီတင်းသုံးခဲ့သည်မှာ ၂နှစ်ကျော်သာ ရှိပါသေးတယ်။ တောထဲ ပြန်ဝင်မယ်လို့လည်း ကြားမိပါတယ်။ ရောက်လာ‌‌‌ေမျှ ပရိသတ်များကို မေတ္တာတော် ပက်ဖျန်း၍ သမ္မုဒ္ဒေ့ရှတဲ့ပွားစေပါတယ်။ ဆရာတော်ကြီး၏ မေတ္တာတော် ခံကြရသူများအဖို့ လောကီအောင်မြင်မှုများ ထူးထူးခြားခြား အောင်မြင်တာ သိရသလို၊ ကျွန်ုပ်ကိုယ်တွေ့လည်း ဖြစ်ပါတယ်။

ရန်ကုန် သိမ်ကြီးဈေးတွင် အဝတ်အစားများ ရောင်းချနေသော မိသားစုမှာ ဆရာတော်ကြီး၏ မေတ္တာကို စီးပွားရေးအကျပ်အတည်းဖြစ်တိုင်း ခံယူလျက်ရှိရာ ယနေ့တွင် တောင်ဥက္ကလာပဋ္ဌပင် အိမ်မြေဝယ်နိုင်လာတယ်လို့ ဆိုပါတယ်။ ကျွန်တော့်အနေဖြင့် "မသိသူ ကျော်သွား"မဖြစ်ရလေအောင် ရေးသားဖော်ပြပေးလိုက်ရပါတယ်။ ဆရာတော်ကြီး ချီးမြှင့် ပေးမိန့်ခဲ့သော ဓမ္မစကားမှ ကောက်နုတ် တင်ပြလိုက်ရပါတယ်။

◈◈◈

လူတွေမှာ ကုသိုလ်ဇော၊ အကုသိုလ်ဇော၊ ကြိယာအဗျာကတဇော ဆိုပြီး ရှိတယ်။

ပုထုဇဉ်နဲ့ သေက္ခတို့မှာ ကုသိုလ်ဇော၊ အကုသိုလ်ဇော တစ်မျိုးမျိုး ကေန်ဖြစ်ကြတယ်။

ကုသိုလ်ဇောဟာ သူတော်ကောင်းတရား လေ့လာထားသူတွေ ကုသိုလ်ဖြစ်အောင် ကြံဆောင် အားထုတ်ပြီး ယောနိသောမနသိကာရနဲ့ ပြုပြင်ပေးရတယ်။ ဒါမှ ကုသိုလ်ဇောတွေ ဖြစ်မယ်။ အဲဒီလိုမှမဟုတ်ရင် များသောအားဖြင့် လောဘဇော၊ ဒေါသဇော၊ မောဟဇောတွေသာ ဖြစ်တယ်။

အလိုရှိအပ်၊ နှစ်သက်အပ်တာတွေ တွေ့ရင် လောဘဇောဖြစ်တယ်။ အလိုမရှိ၊ မနှစ်သက်တာတွေ တွေ့ရင် ဒေါသဇောဖြစ်တယ်။ သာမညတွေ တွေ့ရင် နှစ်သက်ခြင်း၊ နလုံးမသာယာခြင်း ကင်းတဲ့ မောဟဇော ဖြစ်တယ်။

ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာ ဓမ္မာလို့ မြတ်စွာဘုရားရှင် ဟောတော်မူတယ်။ သတ္တဝါတွေရဲ့ စိတ်စေတသိက်ထဲမှာ အပြစ်မရှိ ကောင်းတဲ့ အကျိုးပေးစွမ်းနိုင်ခြင်း သဘောလက္ခဏာ ရှိရှိသမျှသော ကုသိုလ်စိတ်၊ စေတသိက်တရားတို့ဟာ ကုသလာဓမ္မာ-ကောင်းသော သဘောလို့ ပြောရတဲ့ ပရမတ္ထအစစ် ဓာတ်အနှစ်ပဲ။

စိတ်စေတသိက်ထဲမှာ အပြစ်လည်း ရှိတယ်။ မကောင်းတဲ့ အကျိုးကိုလည်း ပေးစွမ်းနိုင်တဲ့ သဘောလက္ခဏာရှိတဲ့ ရှိရှိသမျှသော အကုသိုလ်စိတ်၊ စေတသိက်တရားတို့ဟာ အကုသလာဓမ္မာ-မကောင်းသော သဘောလို့ ပြောအပ်တဲ့ ပရမတ္ထအစစ် ဓာဘ်အနှစ်ပါပဲ။

ကုသိုလ်၊ အကုသိုလ်လို ကောင်းကျိုး၊ မကောင်းကျိုးကို မပေးတတ်။ ကောင်း,မကောင်းလည်း မဆိုရတဲ့ နယ်ဆိုတာ ရှိတယ်။ ဝိပါက်၊ ကြိယာဖြစ်တဲ့ စိတ်စေတသိက်နဲ့ တကွ ရှိရှိသမျှသော ရုပ်၊ နိဗ္ဗာန်တရားတို့ဟာ အဗျာကတာဓမ္မာ-ကောင်း,မကောင်း မဆိုရတဲ့ သဘောလို့ ပြောအပ်တဲ့ ပရမတ္ထအစစ် ဓာတ်အနှစ်ပဲ။

ခုပြောခဲ့တဲ့ တရားတွေအားလုံးဟာ မိမိတို့အိမ်၊ ကျောင်းတွေမှာ နေရင်း၊ သွားရင်းလာရင်း၊ လုပ်ကိုင်အားထုတ်ရင်းမှာကိုပင် အမြဲဖြစ်နေတဲ့ တရားတွေဖြစ်တယ်။ ကုသိုလ်ယူပုံ၊ ရပုံလေး ပြောမယ်။

အိမ်မှာ နေကြတဲ့ သားသမီးတွေ၊ မြေးတွေ၊ မြစ်တွေ၊ ညီအစ်ကိုမောင်နှမ ဆွေမျိုးတွေ၊ အိမ်သား အိမ်သူတွေဟာ ကြီးသူကို ရိုသေကြရင် ဒါ ဂါရဝ မင်္ဂလာပဲလေ။ နှိမ့်ချပြီး နေနိုင်ရင် နိဝါတ မင်္ဂလာ၊ ကောင်းသော စကားကို လိုက်နာမယ်၊ နာခံမယ်ဆိုရင် သောဝစ္စသတာ မင်္ဂလာဖြစ်တယ်။ သောဝစ္စသဂုဏ်ပေါ့။ ကောင်းစွာ လုပ်ကျွေးမယ်ဆိုရင် ဥပဋ္ဌာန မင်္ဂလာဖြစ်တယ်။ ကိုယ်၊ နှုတ်၊ စိတ် သုံးမျိုးစလုံး ကောင်းသော စိတ်စေတနာနဲ့ အိမ်မှာ နေရင်း လုပ်လို့ မရဘူးလား။ ရပါတယ်။ ကြိုးစားကြပါ။

သူနဲ့ ဆန့်ကျင်ဘက် လုပ်ရင်တော့ အ,မင်္ဂလာဖြစ်သွားပြီပေါ့။ မကောင်းဘူးလေ။ ဒီတော့ အားလုံး ကုသိုလ်ဖြစ်အောင် နေနိုင်အောင် ကြိုးစားစေချင်ပါတယ်။ အလကားမဖြစ်ပါဘူးနော်။

◈◈◈

ဆရာတော်ကြီးအား သွားရောက် ဖူးမြော်လိုပါက ရွှေတောင်ဈေးကြီးအနီး၊ ချမ်းသာကြီးကျောင်းတိုက်တွင် သီတင်းသုံး နေထိုင်လျက် ရှိပါတယ်။

ကောင်းကျိုးထွေထွေ ရပါစေကြောင်း ဆန္ဒကောင်းဖြင့် ကုသိုလ်မောင်းခတ်ပေးလိုက်ရပါတယ် ■

စေတနာသည် ကံဖြစ်သည်။

* * *

ဦးကျော်(မြည်)



www.burmeseclassic.com

www.burmeseclassic.com


"ဘာ…ဘယ်လို၊ ကက္ကုရပတ္တာရွာနိဂုံးကို ဘုရားရှင် ရောက်နေတယ်…ဟုတ်သား"

"ဟုတ်ပါတယ် အရှင့်သား။ ဘုရားရှင်က ကက္ကုရပတ္တမှာ သီတင်းသုံးနေပါတယ်"

"ဟော…ဒါဆို ငါတို့ ခုပဲ အဲသည်ကို သွားကြမယ်။ လျှူဖွယ်တန်းဖွယ်တွေနဲ့ ပြင်ဆင်သင့်တာတွေ အစစအရာရာ ပြင်ဆင်ကြ"

"မှန်လှပါ အရှင့်သား"

ဗျဂ္ဃသစ္စ၏ အသွင်က အလွန်ပင် တက်ကြွနေဟန် ရှိသည်။ သူသည် ကောလိယပြည့်ရှင်၏ သားတော်ဖြစ်သည့်



# နန္ဒာမိုးကြယ်

## ဘဝသံသရာအဆက်ဆက်.....

www.burmeseclassic.com

www.burmeseclassic.com

အလျောက် သည်ပြည်တွင်းမှာတော့ သူ့အရှိန်အဝါက ပြည့်ရှင်မင်းနှင့်မခြား ကြီးမားသည်ဟု ဆိုနိုင်ကောင်းသည်။

ဗျူဂ္ဂသစ္စသည် ဘုရားရှင်ကို အသည်းစွဲမျှ ကြည်ညိုသူ ဖြစ်၏။ ဗုဒ္ဓဝါဒကိုလည်း သက်ဝင် ယုံကြည်၏။ ယခုအခါ၌ တစ်စုံတစ်ဦးက သူ့အား…

"ဗျူဂ္ဂသစ္စ…သင့်အနေနဲ့ အယုံကြည်ဆုံး ဝါဒတစ်ခု ကို ညွှန်ပြစမ်းပါ"

ဟု ဆိုလာပြားအံ့၊ သူ့အနေနှင့် မဆိုင်းမတွဆိုသလို ပင်…

"ဗုဒ္ဓဝါဒဟာ ကျုပ်အယုံကြည်ဆုံး ဝါဒပဲ"

ဟူ၍ တည်ကြည် လေးနက်စွာ ဖွင့်ဟလိုက်မည်သာ ဖြစ်၏။ ထို့ပြင်တစ်ဝ…

"ပြီးတော့ အားလုံးသိအောင် ပြောလိုက်ဦးမယ်။ ကျုပ် အကြည်ညိုဆုံးဖြစ်တဲ့ ဂေါတမဘုရားရှင်ဟာ အရာခပ်သိမ်း ကို သိမြင်တော်မူတဲ့ သဗ္ဗညုတ ရွှေဉာဏ်ရှင်ပဲ။ ဘုရားရှင် ရဲ့ အဆုံးအမမှန်သမျှဟာ မှားယွင်းဖောက်ပြန်တယ်ဆိုတာ မရှိဘူး။ ဘယ်သူတွေ နှစ်သက်သက်၊ မနှစ်သက်သက် ဘုရားရှင်ရဲ့ နှုတ်ထွက်စကားမှန်သမျှဟာ သစ္စာဓမ္မလို့ ကျုပ် ခံယူထားတယ်"

ဟူ၍လည်း ပြတ်သားတိကျစွာ ဆိုခဲ့သည်သာတည်း။

ကက္ကရပတ္တဆိုသည်က အဝေးကြီးမှာ မဟုတ်။ ဗျူဂ္ဂ သစ္စ အမှီသဟဲပြုသည့် ကောလိယပြည်တွင်းမှာဆိုတော့ သည်လမ်း၊ သည်ခရီးကား မြားတစ်ပြေးသာသာဟုပင် သဘောထားရချိမ့်မည်။

ဗျူဂ္ဂသစ္စနှင့် ပါလာကြကုန်သော အခြွေအရံ ပရိသတ် တို့မှာလည်း နည်းနည်းနောနောမဟုတ်။ အဆိုပါ ပရိသတ် အဖို့ ဘုရားရှင်ထံမှ တရားထူး၊ တရားမြတ်များကို နာကြား လို၍ ခုလိုမျိုး ဗျူဂ္ဂသစ္စ၏ နောက်တော်မှ တစ်ပြုံတစ်မကြီး လိုက်ပါခဲ့ခြင်းဖြစ်သည်။

"အရှင်သား ဗျူဂ္ဂသစ္စနဲ့ ဘုရားရှင်ဟာ ရင်းရင်းနှီးနှီးရှိ လှတယ်နော်"

"မှန်တာပေါ့။ တို့များအနေနဲ့ဆိုရင် ဘုရားရှင်ရဲ့ ရင့် ကျက် တည်ငြိမ်တဲ့ ဣန္ဒြေတော်ကြောင့် တရားတောင်းခံဖို့ ဝံ့ရဲကြမှာမဟုတ်ဘူး။ ခုတော့ တို့များကိုယ်စား အရှင်သား ဗျူဂ္ဂသစ္စက တို့များ အကျိုးရှိရှိ နာကြားရမယ့် တရားကို တောင်းခံပေးလိမ့်မယ် ထင်ပါရဲ့"

အမှန်တကယ်လည်း ဗျူဂ္ဂသစ္စအဖို့ သူ့တိုင်းသူပြည်သား များ၊ အထူးသဖြင့် သူယုံကြည်သော ဗုဒ္ဓလမ်းစဉ်အပေါ် သက်ဝင်ယုံကြည်လာကြသူများ၏ အလိုဆန္ဒကို ဖြည့်ဆည်း ပေးရန် ရည်ရွယ်ဆုံးဖြတ်ခဲ့ပြီးသားဖြစ်၏။

ဘုရားရှင် ရှိရာသို့ ရောက်တော့ ဗျူဂ္ဂသစ္စနှင့်တကွ ပရိသတ်အပေါင်းတို့လည်း သင့်လျော် အပ်စပ်ရာ၌ နေရာ ယူလျက် ဘုရားရှင်အား ရှိခိုးပူဇော်ကြလေသည်။

◈◈◈

ဘုရားရှင်က ပရိသတ်အားလုံးအပေါ် ကရုဏာလွှမ်း သော အကြည့်ဖြင့် လွှမ်းခြုံ ဖြန့်ကျက်လိုက်လေ၏။

ပရိသတ်အားလုံးမှာလည်း ဘုရားရှင်၏ တည်ငြိမ် ရင့်ကျက်သော ဣန္ဒြေသမ္ပတ္တိကြောင့် ဖူးမြော်မဝနိုင်အောင် ဖြစ်နေရသည်။

လောက၌ လူသုံးပါးထက် မြင့်မြတ်သောသူ၊ ကြီးကဲ သောသူ၊ ချီးမွမ်းအပ်သောသူဆိုသည်မှာ ဘုရားရှင်တစ်ပါး တည်းသာ ဖြစ်၏။

ဘုရားရှင်ဆိုသည်က ဝေနေယျသတ္တဝါတို့၏ အကျိုး ကို ရည်ရွယ်လျက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင် အောင် ပါရမီဖြည့်ခဲ့သူဖြစ်၏။ ဘုရားရှင်အဖို့ ကိုယ်တော် တစ်ပါးတည်း ကောင်းစားဖို့သာ စိတ်ထဲရှိခဲ့လျှင်၊ ရည်မျှော် ခဲ့လျှင် သုမေဓာ ရှင်ရသေ့ဘဝမှာပင် သံသရာတစ်ဖက်ကမ်း သို့ လွန်မြောက်အောင် ကူးခတ်နိုင်ခဲ့ပြီးသားဖြစ်၏။ သို့သော် ငြား ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တို့၏ စိတ်ဓာတ်ဖြင့် ဘုရားရှင်အဖြစ်ကိုသာ ဆုပန်တော်မူခဲ့လေ၏။

ဘဝများစွာ ကျင်လည်ပြီးသည့်နောက် ဘုရားရှင်အဖြစ် သို့ ရောက်တော်မူသောအခါတွင်လည်း ဦးဆုံးပထမ ဓမ္မ စကြာ တရားတော်ကို ဟောကြားသည်နှင့် နတ်ပြဟ္မာပေါင်း တစ်ဆယ့်ရှစ်ကုဋေမျှ ကျွတ်တမ်းဝင်ခဲ့ပါချေ၏။ ထို့အတူ ပဥ္စဝဂ္ဂီ ငါးဦးကိုလည်း သံသရာမှ လွတ်ကင်းအောင် မဂ္ဂင် ဖောင်ဖြင့် ပို့ဆောင်ပေးတော်မူခဲ့ပြန်ပါ၏။ တစ်ဖန် "ယသ" သတို့သားနှင့် အဖော်များ၊ ဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့နှင့် အတူ မိဂဒါဝုန်တော၌ ဝါဆိုတော်မူခဲ့ပြီး ဝါလလွတ်ကင်း သောအခါ ရဟန်းအပေါင်းတို့ကို စုစည်းစေပြီး…

"ရဟန်းတို့… ငါဘုရားရှင်သည် လည်းကောင်း၊ သည်ရဟန်းတို့သည် လည်းကောင်း နှောင်ဖွဲ့အပ်၊ နှောင်ဖွဲ့ တတ်သော ကာမဂုဏ်ကွန်ရက်မှ လွတ်မြောက်အောင် ရုန်း ထွက်နိုင်ခဲ့ပေပြီ။ သို့ဖြစ်၍ သင်တို့သည် မရုန်းထွက်နိုင်သေး သော သတ္တဝါအပေါင်းကို တရားပြလျက် ကယ်တင်ကြကုန် လော့"

ဟူ၍ စေညွှန်တော်မူလေရာ ဒုက္ခနယ်ပယ်အတွင်း၌



www.burmeseclassic.com

www.burmeseclassic.com

ကျင်လည်နေကြရသည့် သတ္တဝါအမြောက်အမြားကို ကယ်တင်နိုင်ခဲ့ပါချေ၏။ သို့ရာတွင် ဒုက္ခနယ်အတွင်း၌ ကျင်လည်နေကြရသည့် သတ္တဝါတွေက မရေမတွက်နိုင်လောက်အောင် အသင်္ချေအနန္တ များပြားလွန်းလေစွ။ ထိုထိုသော သတ္တဝါတို့၏အဖြစ်ကား မြှုံးမိသည့်ငါးများနှင့် မည်သို့မျှ မခြား။

ဘုရားရှင်အဖို့ အဆိုပါ ဝေနေယျသတ္တဝါအပေါင်းတို့အား ငြိမ်းဧအေးချမ်းမြ သုခသန္တိ နိဗ္ဗာန်ရှိရာသို့ အရောက်ပို့ပေးလိုခဲ့သည်။ သို့ရာတွင် ကာမဘုံသားတို့ကား ဆုံလည်နွားနှင့် မခြား၊ ကာမဂုဏ်အာရုံတို့၌ နစ်မွန်းပျော်ပါးရင်း နိဗ္ဗာန်ကို ချမ်းသာအစစ်ဟု ထင်မြင်ခြင်း မရှိခဲ့ကြ။ မီးတောင်ကို ရွှေတောင်ဟု ထင်မှတ်ကာ ပိုးဖလံသဖွယ် မီးကိုပဲ တိုးချင်နေကြသည်။ သည့်အတွက် ဘုရားရှင်အဖို့ ကရုဏာသက်ရပြန်ပါသည်။ သင်းတို့ထိုက်နှင့် သင်းတို့ကံ၊ သံသရာဝဲဩဃ၌ အဖန်ဖန်တလဲလဲ ခံကြပေရော့ဟူ၍လည်း စိတ်မထားရက်ခဲ့။ ဆင်းရဲတွင်းထဲ ကျမည့်တိုင်အောင် အကျမနာစေရန် ဆုံးမပေးချင်ခဲ့သည်။ တတ်နိုင်လျှင် အပါယ်တံခါးပိတ်စေလျက် ဖွင့်ထားသော နိဗ္ဗာန်တံခါးရှိရာသို့ အရောက်သွားစေခဲ့ချင်သည်။ သည်သို့သော ဆန္ဒတော်ရှိသည့်အတိုင်း အနယ်နယ်အရပ်ရပ်သို့ ဒေသစာရီ ကြွမြန်းချီလျက် ကြည်လင် အေးမြသော တရားရေစင်တို့အား သွန်းဖျန်းနေခဲ့ခြင်းပင် မဟုတ်ပါလား။

◈◈◈



ပရိသတ်အားလုံး၏ အကြည့်တို့သည် ဗျဂ္ဃသစ္စအပေါ်သို့ ရောက်ရှိသွားကြလေ၏။ သူ ဘယ်လိုလျှောက်တင်လိမ့်မည်ကိုလည်း သိလိုနေကြသည်။

ဘုရားရှင်ကမူ ရင့်ကျက်တည်ငြိမ်သော ကြန္ဒြေတော်ဖြင့် ခပ်မဆိတ်။ ထိုအခိုက်မှာပင် ဗျဂ္ဃသစ္စထံမှ လျှောက်ထားသံ ပေါ်ထွက်လာခဲ့တော့၏။

"ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်အနန္တတို့နှင့် ပြည့်စုံတော်မူလှပါတဲ့ အရှင်ဘုရား··· လူဝတ်ကြောင်ဖြစ်တဲ့ တပည့်တော်တို့အတွက် မျက်မှောက်ကာလမှာ အကျိုးစီးပွားဖြစ်ထွန်းရာ ဖြစ်ထွန်းကြောင်း၊ ချမ်းသာရာ ချမ်းသာကြောင်းတို့ကိုသာမက၊ တမလွန်မှာလည်းပဲ အကျိုးစီးပွားဖြစ်ထွန်းရာ ဖြစ်ထွန်းကြောင်း၊ ချမ်းသာရာ ချမ်းသာကြောင်းဖြစ်စေမယ့် တရားတော်တို့ကို ဟောကြားတော်မူပါ အရှင်ဘုရား"

ဗျဂ္ဃသစ္စ၏ လျှောက်ထားမှုအပေါ် ပရိသတ်အားလုံးပင် စိတ်ဘဝင်ကျသွားကြတော့သည်။ ကျေနပ်အားရလည်း ရှိကြသည်။

ထိုအခိုက်မှာပင် သတ္တဝါတို့၏ အလိုကို သိတော်မူသော၊ ပစ္စုပ္ပန်သာမက သံသရာအတွက်ပါ အကျိုးရှိစေနိုင်သော တရားတော်တို့ကို ပြည့်ဝန် ဟောကြားရန်အတွက် ဘုရားရှင်မှ နှုတ်တော် ခွန်းဟလိုက်လေသည်။

"အချင်း···ဗျဂ္ဃသစ္စ၊ ပစ္စုပ္ပန်နဲ့ သံသရာမှာ အကျိုးစီးပွားကို ဖြစ်ထွန်းစေတဲ့ တရားလေးပါးရှိပါတယ်။ အဲဒါတွေကတော့ -

(၁) ဥဋ္ဌာန သမ္ပဒါ၊

(၂) အာရက္ခ သမ္ပဒါ၊

(၃) ကလျာဏမိတ္တ သမ္ပဒါ၊

(၄) သမဇီဝတ သမ္ပဒါတို့ပဲ ဖြစ်ပါတယ်"

"အရှင်ဘုရား···တပည့်တော်တို့ ထင်ရှားပြတ်သားနားလည်ရလေအောင် ရှင်းလင်းမိန့်ကြားတော်မူပါ ဘုရား"

"ကောင်းပေပြီ ဗျဂ္ဃသစ္စ။ ဥဋ္ဌာနသမ္ပဒါ ဆိုတာ လုံ့လနဲ့ ပြည့်စုံခြင်း ရှိရမယ်လို့ ဆိုလိုပါတယ်။ လူတိုင်းဟာ မိမိကျွမ်းကျင်တဲ့ အမှုကိစ္စရပ်တွေမှာ ပျင်းရိခြင်းမရှိဘဲ လုံ့လအားထုတ်မှုနဲ့ ပြည့်စုံနေမယ်ဆိုရင် အကျိုးစီးပွားယုတ်လျော့ခြင်း မရှိဘဲ တိုးပွားနေမှာသာ ဖြစ်ပေတယ်"

"တင်ပါ့ ဘုရား"

"အာရက္ခသမ္ပဒါ ဆိုတာကတော့ မိမိလုံ့လပြုပြီး ရှာဖွေရရှိထားတဲ့ ဥစ္စာပစ္စည်းကို စောင့်ရှောက်ခြင်းပါပဲ။ ဖြစ်ပြီး ပွားစီးပြီးတဲ့ ဥစ္စာပစ္စည်းတွေကို ရန်သူမျိုးငါးပါးရဲ့ နှောင့်ယှက်ဖျက်ဆီးခြင်း မရှိရလေအောင် ကာကွယ်စောင့်ရှောက်ခြင်း ဆိုတာပဲလည်း အကျိုးမယုတ်၊ ပွားတိုးစည်ပင်မှုပါပဲ ဗျဂ္ဃသစ္စ"

"မှတ်သားနာယူပါတယ် အရှင်ဘုရား"


www.burmeseclassic.com

www.burmeseclassic.com



"အချင်း ဗျဂ္ဃသစ္စ··· ကလျာဏမိတ္တသမ္ပဒါ ဆိုတာကတော့ မိတ်ကောင်း ဆွေကောင်းတွေရှိဖို့ လိုအပ်တာပါပဲ။ ကလျာဏမိတ္တကောင်းတာဟာ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာနဲ့ ပြည့်စုံသူပဲ ဖြစ်ပါတယ်။ လူတိုင်းဟာ အကျင့်သီလပြည့်စုံသူကို အတုယူမယ်ဆိုရင် ထိုသူအတွက် အကျိုးမယုတ်ဘဲ အစဉ်ထာဝရ တိုးပွားနေမှာပါပဲ"

"မှတ်သားဖွယ်ကောင်းလှပါတယ် ဘုရား"

"အချင်း···ဗျဂ္ဃသစ္စ၊ သမဇီဝိတသမ္ပဒါ ဆိုတာကတော့ ကောင်းစွာ အသက်မွေးမှုပဲ ဖြစ်ပါတယ်။ အသက်မွေးမှု ပြုတဲ့နေရာမှာလည်း ရရှိခြင်း၊ ကုန်ခန်းခြင်း၊ ကုန်ဆုံးခြင်းကို ကောင်းစွာသိဖို့ လိုပါတယ်။ စည်းစိမ်ဥစ္စာတွေ အလျှံပယ် ပေါကြွယ်ဝပါလျက် ကိုယ်တိုင်လည်း မသုံးဆောင်၊ သူတစ်ပါးလည်း မျှဝေပေးကမ်းခြင်း မရှိတာကို ရှောင်ကြဉ်ရပါလိမ့်မယ်။ ညီညွတ်မျှတတဲ့ စိတ်ဓာတ်ထားရှိပြီး စီးပွားဥစ္စာကို တိုးတက်အောင် လုပ်ဆောင်ခြင်းဟာ ဘဝအဆက်ဆက်၊ သံသရာအဆက်ဆက် ကြီးပွားရာ ကြီးပွားကြောင်း၊ တိုးတက်ရာ တိုးတက်ကြောင်းပေပေါ့ ဗျဂ္ဃသစ္စ"

"အရှင်ဘုရား··· တပည့်တော်တို့ သိရှိလိုတဲ့ ဆန္ဒလိုအင်မှန်သမျှ ရှင်းလင်းပြတ်သားစွာ သိမြင်ခဲ့ပါပြီ အရှင်ဘုရား။ သည်ကနေ့က စလို့ ပစ္စုပ္ပန်အတွက်သာမက၊ သံသရာအတွက်ပါ ကောင်းမွန်ရာ ကောင်းမွန်ကြောင်း၊ တိုးတက်ရာ တိုးတက်ကြောင်းဖြစ်တဲ့ တရားလေးပါးကို ထာဝရ ဦးထိပ်တင်သွားပါ့မယ် ဘုရား"

"သာဓု···သာဓု···သာဓုပါ ဗျဂ္ဃသစ္စ"

ပေးဝေသူနှင့် ဆက်ခံသူတို့ သဟဇာတဖြစ်သွားချိန်မှာတော့ ကက္ကရပတ္တရွာကလေး၏ ညချမ်းသည် ငွေတာရာ စိန်မှုန်ကြဲသည့်အလား ညကောင်းကင်အောက်၌ ဓမ္မစကား၊ အလှတရားတို့ဖြင့် လွှမ်းခြုံသွားခဲ့ပါလေသတည်း ■

* * *

နန္ဒာမိုးကြယ်

ကျမ်းကိုး

- အင်္ဂုတ္တိုရ်ပါဠိတော်၊ ဒီဃဇာဏုသုတ်။

" အာစရိယဂုဏံ အဟံ ဝန္ဒာမိ "

**ဂမ္ဘီရဆရာလှမျိုး** (B.Sc) လယ်ပြ(ငြိမ်း)

ဂမ္ဘီရအမည်ခွဲ - အောင်ကောင်းမြ (သာကေတ)

(၇)နေ့သားသမီးများ ဘဝတစ်သက်တာ ဆောင်ရန် ရှောင်ရန်နှင့် အကျိုးပေးလုပ်ငန်း၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ တစ်နှစ်တာဆောင်ရန် ရှောင်ရန်နှင့် လုပ်ငန်းစီးပွားအခြေအနေ ကြိုတင်သိထားစေရန်။ ဆန်းကျမ်း + သင်္ချာ ပညာရပ်များဖြင့် ညှိနှိုင်းတွက်ချက်ပေးမည်။ ချစ်သူအိမ်ထောင်ဘက်များအတွက် မင်္ဂလာနဝင်းနှင့် မင်္ဂလာအစီအရင်၊ နဂင်းဓာတ်ယတြာအဖြေရှာ (ကျန်းမာရေး၊ လူမှုရေး)၊ ကံပွင့်လာဘ်ပွင့် အန္တရာယ်ကင်း အစီအရင်များ အထူးဆောင်ရွက်ပေးသည်။

**(၁)နှစ်စာ ဟောစာတမ်း၊ ကလေး၊ ဆိုင်၊ လုပ်ငန်း အမည်ပေး၊ မင်္ဂလာအခါရွေး (မွေးဖွားမည့်ရက်ရွေးခြင်း) စနစ်တကျတွက်ချက်ရေးသားပေးမည်။ ရပ်ဝေးမှ မေးလိုက ငွေကြိုတင်ပေးပို့၊ ကိုယ်တိုင်လာလိုပါက ကြိုတင် ဖုန်းဆက်သွယ်ပါ)**

ဟောခန်းလိပ်စာ

အမှတ် (၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့။

ဖုန်း - ဝ၉၄၂ဝဝ၄၇၈၆၉

**လမ်းညွှန်**

၃၅၊ ၆၅၊ ၃၂၊ ရွှေစည့်သည်(၂)၊ ၄၈(အထူး)၊ ၁၇၃၊ ၂၁၆၊ ၅၇၊ ၁၄၆၊ ၈၉၊ ၄၆(စိမ်း)၊ ၁၈၁ ကား-များစီး၊ တာမွေ-သန်လျင်-ကျောက်တန်း-ခရမ်း-သုံးခွကားများစီးပါက (၈)ဂိတ်မှတ်တိုင်ဆင်းပါ။

၃၄၊ ၆၂၊ ၁ဝ၆ ကားများစီးပါက ဓမ္မာရုံမှတ်တိုင်ဆင်းပါ။




www.burmeseclassic.com

www.burmeseclassic.com

# ဖူးမြော်ပြည့်စုံ ရုံလေးရုံ၊ ဂုဏ်အင်ညီစွာ ကျောင်းတော်ရာ (၁)

မင်းတိုင်ပင်(မြရောင်မြေ)





စာပေ၏ အကျိုးကျေးဇူးသည် အလွန်မှ ကြီးမားလှပါသည်။

အထူးသဖြင့် "ရုံလေးရုံ"ဘုရားဖူးခရီးစဉ် ရောက်ရှိကြည့်ညှိနိုင်ရန်အတွက် ခက်ခဲလှပါသည်။ ယခု ခရီးစဉ်အား စီစဉ်ပေးခဲ့သော ဆရာကြီး ဦးလှကို(မြို့နယ်ပညာရေးမှူး-ငြိမ်း)၊ စာရေးဆရာ မောင်နှင်းခိုင်(ပွင့်ဖြူ)နှင့် ဦးစန်းသူအောင်+ဒေါ်နွယ်နွယ်လှိုင်(အောင်အောင် စိုက်ပျိုးရေးဆေးဆိုင်)နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ ကိုမျိုးဝင်းဇော် (ခ) ကိုပေါက် (မင်းမဟော် အိမ်ဆောက်ပစ္စည်း၊ နေပြည်တော်)တို့မှ အစစ ကူညီဆောင်ရွက်မှု၊ ဖိတ်ခေါ်မှုကြောင့် ရောက်ရှိခဲ့ရခြင်းဖြစ်ပါသည်။ ခရီးစဉ်တွင် ဆရာ မောင်တည်အေးနှင့် စာရေးသူတို့မှ




www.burmeseclassic.com

www.burmeseclassic.com

"စာမဖတ်သူ ပ,ပျောက်ရေးအဖွဲ့"မှ ကိုယ်စားသွားရောက်ခဲ့ရခြင်းလည်း ဖြစ်ပါသည်။

ရောက်ချိန်မှစ၍ ပြန်သည်အထိ မော်တော်ယာဉ်နှင့် လိုက်ပါ ပို့ဆောင်ပေးခဲ့သော ကိုစန်းသူအောင်နှင့် ကားဆရာ ကိုတိုး၊ တည်းခိုး စားသောက်ရေးနှင့် လိုက်ပါ ရှင်းလင်းပြသပေးသော ဆရာကြီး မောင်နှင်းခိုင်(ပွင့်ဖြူ) မိသားစုနှင့် အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကြီး-ပွင့်ဖြူ ကားလမ်းအတိုင်း မောင်းနှင်ကာ စံပြရွာသို့ ရောက်လျှင် မုန်းဆည်ကြီးမြောင်းမ ဘေးတစ်လျှောက်မှ ကျောက်စရစ်ခဲလမ်းအတိုင်း မောင်းနှင်ခဲ့ရပါသည်။ လမ်းဘေးဝဲယာမှာ ရောမ နှစ်ချို့ ကုက္ကိုပင်ကြီးများ၊ လက်ပံပင်ကြီးများ မဲဇလီပင်များဖြင့် အပင်ကြီးတွေက နေပြောက်ပင် မထိုးပေ။ ဒါပေမယ့် အညာဒေသ နေအပူရှိန်ကြောင့် ကန္တာရ ဆူးပင်တွေကတော့ မင်းမူနေဆဲ။ အချို့ လယ်ကွက်တွေမှာ ကုလားပဲစိုက်ခင်း၊ အချို့ကတော့ နေကြာ၊ ပဲတီစိမ်း၊ မတ်ပဲတွေ



စာရေးသူတို့ (၂၇-၁-၂၀၁၄)ရက်နေ့တွင် နံနက်စာစားပြီးနောက် ကိုစည်သူအောင် (ဩဘာဆေးမျိုးစုံရောင်းဝယ်ရေး)တိုက်ရှေ့မှ ဟိုင်းလပ်ကားလေးကို ကားဆရာ ညီငယ် မောင်တိုးက မောင်းနှင်းပြီး ရှေ့ခန်းမှ ဆရာမောင်တည်အေး၊ နောက်ခန်းမှ ဆရာ မောင်နှင်းခိုင်နှင့်အတူ စာရေးသူတို့ စီးနင်းကာ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ လယ်ကိုင်းကျောင်းတော်ရာဒေသရှိ ရုံလေးရုံ မြတ်စွာဘုရား ဗျာဒိတ်တော်ထားခဲ့ရာနှင့် သီတင်းသုံးတော်မူရာ လေးဗွာနသို့ ခရီးနှင်ခဲ့ပါတော့သည်။

ခရီးစဉ်မှာ ပွင့်ဖြူကားလမ်းမကြီးမှ ဖြတ်ပြီး မုန်းတော စိုက်ထားပါသည်။ ဆည်ရေသောက် ဧရိယာမို့ စိမ်းစိုဝေဆာနေခြင်းကို အောက်ပြည်မှာလို မတွေ့ရတော့ အားရကျေနပ်မှုတော့ သိပ်မရှိပါ။


နာရီဝက်ခန့် မောင်းနှင်မိတော့ တောင်ပေါ်က စေတီလေးတစ်ဆူကို လှမ်းဖူးလိုက်ရပါသည်။

"ဆရာ . . . ဟိုးရှေ့က စေတီက လွှမ်းစေတီ-တဲ့။ မြတ်စွာဘုရားကို လွမ်းလို့ ဒီတောင်မှာ စောင့်တဲ့ တောင်စောင့်နတ်ကြီးက မျှော်ငေး တမ်းတပြီး လွှမ်းမပြေတဲ့ စေတီတည်ထားတဲ့ နေရာ။ မြတ်စွာဘုရား မင်္ဂိုမကို ကြွသွားတော့ လွှမ်းရာလွှန်းလို့တဲ့။ ဒီနေရာကပဲ ဖူးရမှာ။ ကားလမ်းက



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူး။ အဲဒီမှာ သာသနာပြုနေတဲ့ တောရ ဆရာတော်ကြီး ဦးဇာဂရ ဆိုတာ ရှိပါတယ်။ သာသနိက အဆောက်အအုံတွေလည်း ပြင်ဆင်ဆောက်လုပ်ပြီး သာသနာပြုနေပါတယ်ခင်ဗျာ"

"တော်တော်ဝေးပါသလား ဆရာ။ ဒီနေရာက အလွန်ခေါင်တယ်နော်။ ဆရာတော်ကြီးက သက်တော် ဘယ်လောက်ရှိပါပြီလဲ"

"အင်း··· ၇၅နှစ်အထက်ရှိမယ် ထင်ပါတယ်။ ဒါပေမယ့် ဝေဖန်လို့ မရနိုင်ပါဘူး"

"ဒီလမ်းက ဘယ်ကို ပေါက်တာလဲ ဆရာ"

"အဲဒါကတော့ စက်မှု(၁) ချည်မျှင်နှင့် အထည်စက်ရုံကြီးကို သွားတဲ့ လမ်းပါ။ ဝါကြိတ်တဲ့ စက်ကြီးပေါ့"

"ဆရာတို့ စပါးတွေ စိုက်လောက်တဲ့ ရေရှိတာပဲ၊ မစိုက်ဘူးလား"

"ရေမိုးကြည့်ပြီး စိုက်ကြရပါတယ်"

"ဟိုးရှေ့က တံတားကို ကူးရမှာနော်"

"အဲဒါ မြောင်းနဲ့ ချောင်း။ မြောင်းတစ်ထပ်၊ ချောင်းတစ်ထပ်လို့ ခေါ်ပါတယ်။ ပြုပြင်နေတာပါခင်ဗျာ"

"ဒီရွာက ဘာရွာလဲခင်ဗျ"

"သနဝရွာပါ။ မကြာပါဘူး၊ ဒီမြောင်းကျော်ပြီးရင် အုတ်ပိုရွာရောက်ပါတော့မယ်"

ဒုတိယအကြိမ်မြောက် မြောင်းကူးတံတားကို ကျော်လိုက်တော့ ကကုသန်ဘုရားရှင် ၇ရက် သီတင်းသုံးရာ ၆ကျောင်းတော်ရာ "မြို့စပိုလ်ဘုရား"ဆိုသော ရေးဆန်သည့် အနီရောင်ပေါ်၌ ရွှေရောင်မင်ဖြင့် ရေးထားသော ဆိုင်းဘုတ်ကို မြင်ရပါတော့သည်။ မကြာမီ ခပ်လှမ်းလှမ်းမှ မန္တလေးနန်းတော်အဝင် မုခ်ဦးသစ်ကြီး ဆောက်လုပ်နေတာကို မြင်ရပါ၏။ သဲထူထူလမ်းအတိုင်း မောင်းလိုက်၍ မိုင်ဝက်ခန့်ခရီးပေါက်ပြီဆိုတာနဲ့ ရွှေရောင်တဝင်းဝင်းနှင့် စေတီတော်တစ်ဆူအား ဖူးမြော်လိုက်ရတော့ မောခဲ့သမျှ အမောတွေချက်ချင်းကို ပျောက်သွားခဲ့ပါတော့သည်။ ဇရပ်အို၊ ကန်စောင်းအို၊ ပြာသာဒ်အို၊ ဘုရားအို၊ စေတီအိုတွေလည်း ပြိုလဲ ယိုင်နဲ့တာ တချို့ အသစ်ပြုပြင်တာ တချို့ ဒို့အပြင် ရှေးအုတ်ရိုးကြီးက နီနီရဲရဲ ဖရိုဖရဲ၊ အုတ်ချပ်ကြီးတွေကတော့ ပြိုလုယိုင်လုတွေ့ရတော့ ဒါတွေဟာ သခိရတရားတွေပါလားလို့ စာရေးသူရင်ထဲမှာ သံဝေဂ ရမိပါတယ်။ လက်ကြမ်း အုတ်ချပ်ကြီးတွေက စာရေးသူလက်နဲ့ တစ်တောင်ရှိတယ်။ အထူက လက်လေးလုံးလောက်ရှိ


www.burmeseclassic.com

www.burmeseclassic.com

ထူတာ။ တစ်ခါမှ ဒီလိုကြီးတဲ့ အုတ်ကြီးတွေ မမြင်ခဲ့မိတော့ ရှေးခေတ်လက်ရာနဲ့ ရှေးခေတ်လူတွေ ဘယ်လောက်တောင် ကြီးကျယ် ထွားကျိုင်းကြမလဲလို့ စဉ်းစားမိတယ်။

◈◈◈

တမာပင်ငြ... တွေရဲ့ အရိပ်ကောင်းကောင်းမှာ ကား ဆရာက ကားကို ရပ်ပြီး အနားယူကြတယ်။ အခုဆို ကကုသန်ဘုရားရှင်၏ ကျောင်းတော်ရာ ကုက္ကုဋာရုံ စေတီတော်မြတ်ကြီး၏ ထီးတော်ရိပ်အောက် ရောက်နေခဲ့ပါပြီ။ ဒီနေရာသည် တောတောင်ရေမြေ သဘာဝတို့၏ အေးချမ်းဆိတ်ငြိမ်ရာ၊ သူတော်ကောင်းတွေ ပျော်မွေ့ရာ နေရာထူး၊ နေရာမြတ်ဖြစ်ပေသည်။

"ဆရာ… ကကုသန်မြတ်စွာဘုရားရှင်ရဲ့ ကျောင်းတော်ရာ ကုက္ကုဋာရုံ စေတီတော်မြတ်ပါ။ ကျွန်တော် "ရုံလေးရုံမှူးရင်လ"ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးရေးခဲ့ပြီးပါပြီ။ ဒါပေမယ့် လိုအပ်ချက်တွေ ဖြည့်ဆည်းရပါ့မယ်။ အားလုံးခြုံငုံရေးတာပါ"

"ဟုတ်ကဲ့ ဆရာ။ ဆရာက သမိုင်းရှင်းလင်းနိုင်မယ်ဆိုရင်တော့ ကျွန်တော့်ကို ရှင်းပြပေးပါလားခင်ဗျာ"

"ဘုရားသမိုင်းကတော့ ကကုသန်ဘုရားရှင်ဟာ ဗျာဒိတ်စကား မိန့်ကြားခဲ့ပါတယ်။ ကျွန်တော်တို့ ဂေါတမဘုရားအလောင်းတော်ဟာ ပါရမီဆယ်ပါး အပြားသုံးဆယ် ဖြည့်ကျင့်ပြီး လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ဆည်းခဲ့ရတဲ့ ဘဝပေါင်းများစွာ ကျင်လည်ခဲ့ရပါတယ်။ သံသရာတစ်လျှောက်လုံးမှာ အသွေးတော်၊ အသားတော်၊ အရိုးတော်တွေဟာ မဟာသမုဒ္ဒရာ၊ မြင်းမိုရ်တောင်ထက်မက ဖြည့်ဆည်းလှူဒါန်းခဲ့ရပါတယ်။ ဒါကြောင့် ဂေါတမဘုရားအလောင်းတော်ဟာ ကကုသန်၊ ကောဏာဂုံ၊ ကဿပ စတဲ့ ဘုရားသုံးဆူထံမှောက်မှာ ဗျာဒိတ်တော် ခံယူပြီး ရဟန်းဘဝ ဇဘဝ၌ အန္တိမဘဝမှာ သုံးဘဝစလုံး ကျင့်သုံးခဲ့ရပြန်ပါတယ်"

"ဪ… ဘုရားသုံးဆူထံမှာ ဗျာဒိတ်ခံယူခဲ့တာကိုး"

"ဟုတ်ပါတယ်။ ကကုသန်ဘုရားရှင်လက်ထက်တုန်းက "ခေမာဝတီ"မည်သော တိုင်းပြည်မှာ ဂေါတမအလောင်းတော်ဟာ "ခေမာမင်းကြီး"ဖြစ်ခဲ့ဖူးတယ်။ မင်းကြီးဘဝမှာ ကကုသန်မြတ်စွာဘုရား သီတင်းသုံးဖို့ ခေမာကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့တယ်။ ဒီနောက် ကကုသန်ဘုရားရှင်နှင့်တကွ နောက်ပါ သံဃာတော်များကို ရှိသေစွာ ပင့်လျှောက်တော်မူပြီး ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊






www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com


www.burmeseclassic.com




အားထုတ်ရင်း ပါရမီရင့်သန်တော်မူလို့ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းမှာ သဗ္ဗညုတဉာဏ်တော်ကို ရပြီး ဘုရားဖြစ်ပါတော့တယ်"

"နောက် ဗျာဒိတ်စကား မိန့်ကြားခဲ့တာပေါ့နော် ဆရာ"

"ဂေါတမ မြတ်စွာဘုရားရှင် ခေမာမင်းကြီးဘဝကနေ ရဟန်းဘဝခံယူပြီးတဲ့နောက်မှာ ကကုသန္ဓမြတ်စွာဘုရား သခင်က "ဤဘဒ္ဒကမ္ဘာ၌ လေးဆူမြောက် ဂေါတမဘွဲ့တော်နှင့် သဗ္ဗညုတဘုရားစင်စစ် ဧကန်ဖြစ်မည်" ဆိုတဲ့ ဗျာဒိတ်စကားကို မိန့်ကြားခဲ့ပါတယ်။ ဗျာဒိတ်စကား ခံယူတဲ့ ဂေါတမ




ပရိက္ခရာတို့ကို လှူဒါန်းဆက်ကပ်ခဲ့ပါတယ်။ ကကုသန်ဘုရားရှင်က ခေမာမင်းကြီး ဆောက်လုပ်လှူဒါန်းတဲ့ ကျောင်းတော်ကြီးနဲ့ ပစ္စည်းလေးပါးအလို့ငှာ အလှူတော်ကို ခံယူပြီး မင်းကြီးနှင့် မိဖုရား၊ မှူးကြီးမတ်ရာ သေနာပတိ၊ စစ်သူကြီး၊ တရားနာ ပရိသတ်တွေကို တရားရေအေး တိုက်ကျွေးဟောကြားတော်မူတယ်။ မြတ်စွာဘုရားရဲ့ တရားကို နာပြီးတဲ့အခါ မင်းကြီးဟာ ထီးနန်းစည်းစိမ်၊ မိဖုရား၊ သားသမီးရတနာတို့ကို စွန့်လွှတ်ပြီး လူဝတ်ကြောင်ဘဝမှ မြင့်မြတ်သော ရဟန်းပြုခဲ့ပါတယ်။ ရဟန်းတရားကို ကြိုးစား








www.burmeseclassic.com

www.burmeseclassic.com









အလောင်းတော် ရဟန်းမှာလည်း ပါရမီရင့်သန်လို့ တရားထူး၊ တရားမြတ်ကို ကြိုးစားအားထုတ်ပြီး ဆည်းပူး ဖြည့်ကျင့်တော်မူခဲ့ပါတယ်။ အရင်က သုနာပရန္တတိုင်းအမည်တွင်ပြီး၊ အခု ပွင့်ဖြူမြို့နယ်ဟာ ဥဒေနမင်းကြီး စိုးစံခဲ့တဲ့ ကောသမ္ဗီပြည်ကြီးပဲ ဖြစ်ပါတယ်"

"ဟုတ်ကဲ့၊ သမိုင်းတော့ ရှင်းပါပြီခင်ဗျာ"

"လာ . . .ဆရာတို့၊ ရင်ပြင်တော်တက် ဘုရားဖူးရအောင်နော်"

"ဟုတ်ကဲ့ပါ ဆရာ။ ဒါဆို တောင်ဘက်မုခ်ဝပေါ့နော်။ လိုင်စေတီပဲ ဝင်ဖူးကြမယ်"

"ဟုတ်ပါတယ်။ အဲဒီအထဲမှာ ကကုသန်ဘုရားရှင်ရဲ့ ခြေတော်ရာတစ်ဆူရှိပါတယ်"

"ဆရာ. . . ဆရာတည်နဲ့ ကားဆရာ ကိုတိုးပါ ခေါ်ပြီး မှတ်တမ်းဓာတ်ပုံရိုက်ရအောင်လား"

"ကောင်းတယ်၊ လာပါဗျာ၊ ဟိုမှာ ဗျာဒိတ်ပေး ဘုရားကြီး။ အဲဒါ ရှေးဟောင်းရုပ်ပွားတော်ကြီးဗျ"

စာရေးသူတို့ ရင်ပြင်တော်ပေါ်ရှိ ရုပ်ပွားတော်များ၊ သုဓမ္မာဇရပ်ကြီးများ၊ ဆုတောင်းပြည့် ဘုရားများ၊ ထီးတော်ဟောင်းကြီး ထားရာသို့ လှည့်၍ ကြည့်ရှု ကြည်ညိုကြပါသည်။ လိုဏ်ထဲမှာတော့ ခြေတော်ရာရှေ့ အဘိုးအိုတစ်ဦး ဘုရားရှိခိုးနေသဖြင့် မြောက်ဘက်မုခ်မှ ဝင်၍ မှတ်တမ်းတင်ခဲ့ပါသည်။ ဒီနောက် အလှူငွေများ လှူဒါန်းပြီး ဂေါပကရုံးခန်းသို့ ရောက်ရှိခဲ့ကြပါသည်။

◈◈◈

"ကျွန်တော်က ဂေါပက ဥက္ကဋ္ဌ ဦးတင်အောင်ပါ။ အတွင်းရေးမှူးက ဦးကျော်ကိုဒိုးပါ။ အဖွဲ့ဝင် ၁၅ယောက်နဲ့ပဲ လုံခြုံအောင် စောင့်ရှောက်ထားပါတယ်။ ဒါတောင်မှ ရှေးဟောင်းရုပ်ပွားတော်တွေ အရင်က အခိုးခံရပါသေးတယ်။ အခုတော့ သမိုင်းရှေးဟောင်း သုတေသနဌာနက မှတ်တမ်းတင်ထားပြီးပါပြီ"

"ဥက္ကဋ္ဌကြီးခင်ဗျာ. . . စေတီတော်ကြီးရဲ့ ဉာဏ်တော်က ဘယ်လောက်မြင့်ပါသလဲ"

"ဉာဏ်တော်က ၃၆တောင်၊ ဖိနပ်တော် ၄၅တောင်အထိ မြင့်ပါတယ်။ ၁၃၆၄ ခုနှစ်က ထီးတော်သစ် ပြန်လည်တင်လှူ ပူဇော်ခဲ့ပါတယ်ခင်ဗျာ"

"စေတီတော်ကြီးမှာ ဩဝါဒစရိယ ဆရာတော်ကြီးများ ဘယ်နပါးလောက် ရှိပါသလဲခင်ဗျာ"

"ဩဝါဒစရိယ ၇ပါးရှိပါတယ်။ ဦးပညိန္ဒ၊ ဦးကောဝိဒ၊


www.burmeseclassic.com

www.burmeseclassic.com

ဦးဝိမလ၊ ဦးသာသန၊ ဦးကုသလ၊ ဦးဝိမလ၊ ဦးဓမ္မသေနတို့ရဲ့ ဩဝါဒကို ခံယူပြီးမှ ဆောင်ရွက်လေ့ရှိပါတယ်"

"ဟုတ်ကဲ့၊ ဟိုက သိမ်တော်ကြီးလားခင်ဗျာ"

"ဟုတ်ပါတယ်။ အဲဒီမှာ ရှေးဟောင်း ရုပ်ပွားတော်များ ကိန်းဝပ်ပါတယ်ခင်ဗျာ"

"ကဲ - ဒါဆို သွားဖူးကြရအောင်"

"ဒီလက်ျာဘက်က ရတနာရန်အောင်ဘုရား၊ ဒီလက်ဝဲဘက်က ရတနာမာရ်အောင်ဘုရား၊ အလယ်က ယွန်းဘုရား၊ ခါးမှာ ကျိုးနေလို့ တစ်ဖက်စောင်းနေပါတယ်။ လက်ရာကတော့ ပုဂံခေတ် လက်ရာ။ တချို့ကတော့ အင်းဝခေတ် လက်ရာပါ"

"ဟုတ်ပါတယ်။ ကျွန်တော် ပထမအကြိမ်တုန်းက သမိုင်းတစ်ခါရေးပါတယ်။ မောင်နှင်းခိုင် (ပွင့်ဖြူ)နဲ့ပါ"

"ဟုတ်ကဲ့၊ ဝမ်းသာပါတယ် ဆရာကြီး"

"ဒီလက်ကြမ်း အုတ်ချပ်တွေက မှတ်တမ်းအတွက် ရွေချထားတာလား"

"ဟုတ်ပါတယ်ခင်ဗျာ။ သမိုင်းအတွက်ပါ"

"ဘုရားကြီး ဗုဒ္ဓပူဇနီယပွဲက ဘယ်တော့ ကျင်းပပါသလဲ"

"တပေါင်းလပြည့်ဆိုရင် ကျင်းပပါတယ်"

"ဟုတ်ကဲ့၊ မှတ်တမ်းဓာတ်ပုံရိုက်ပါဦးမယ်ခင်ဗျာ"

ထို့နောက် စာရေးသူက ဆရာ မောင်တည်အေး၊ ဆရာ မောင်နှင်းခိုင်(ပွင့်ဖြူ)၊ ကားဆရာ ကိုတိုးတို့နှင့် တစ်ယောက်တလဲ ဓာတ်ပုံရိုက်ခဲ့၏။

"ဆရာ…ရုံလေးရုံအကြောင်း အမိန့်ရှိပေးပါဦး"


"နောက်တစ်ရုံရှိသေးတယ်။ တစ်ရုံနဲ့ တစ်ရုံက ဖမိုင်ခွဲလောက် ဝေးတယ်။ သွားကြစို့"


"ဟုတ်ကဲ့၊ သွားကြရအောင်ခင်ဗျာ"


"ဒီလို ဆရာရဲ့ စာဆိုက…

**စံပယ်တဲ့ လေးရုံ၊**
**မလေးမောင် မပန်ထိုက်တယ်၊**
**ပန်းပြုတ်ခိုက်ကြို၊**
**အပွင့်ရယ်ကုန်၊**
**တစ်ငုံသာ ကျန်ပါသေး၊**
**ပန်ချင်သူ ရွှေသျှောင်ကြီးတို့ရယ်၊**
**ခေါင်းဖြီးခဲ့လေး။ ။**

တဲ့။ အဲဒီ ကဗျာမှာ ဒီဘဒ္ဒကမ္ဘာမှာ ဘုရားလေးဆူပွင့်ထွန်းပြီးဖြစ်တဲ့ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ














www.burmeseclassic.com

www.burmeseclassic.com









ဘုရားလေးဆူပါ။ ကျန်နေတာက အရိမေတ္တေယျမြတ်စွာဘုရားတစ်ဆူ။ အဲဒီအမိပ္ပာယ်ပါ။ ဒီတော့ဗျာ- "ကုက္ကုဋ္ဌာရုံ၊ ဃောသိတာရုံ၊ ပါဝါရုံ၊ ဂန္ဓာရုံ"ဆိုတဲ့ ရုံလေးရုံအမည်တွေဖြစ်ပါတယ် ဆရာ။ စံပယ်ပွင့်နဲ့ တင်စားထားပါတယ်။

ဒါကြောင့် ဒီနေရာဒေသဟာ ဂေါတမဘုရားရှင်လက်ထက်တော်က အလောင်းတော်မြတ် ပါရမီဖြည့်ကျင့်ခဲ့ရတဲ့ နေရာထူး၊ နေရာမြတ်ဖြစ်ပါတယ်။ သင်းပျံ့မွှေးကြိုင်တဲ့ စံပယ်ရုံကြီးများကဲ့သို့ တစ်ရုံပြီး တစ်ရုံပွင့်ခဲ့ပါတယ်။ သစ္စာလေးပါး တရားပန်းများလည်း ပွင့်ထွန်းပြီး သင်းပျံ့ကြိုင်လှိုင်စွာ ပွင့်ထွန်းခဲ့ပါတယ်။ ကံကောင်းသူတွေကတော့ အချိန်အခါကြုံကြိုက်လို့ မိုးရွာတုန်း ရေခံသလိုပဲ။ ကံနည်းသူများကတော့ အခွင့်အခါကောင်းနဲ့ လွဲခဲ့ပါတယ်။ တရားဝေး၊ ဘုရားဝေးဖြစ်ခဲ့ရလို့ ပန်းပြတ်ခိုက် ကြုံနေရပါတယ်။ နောက်ထပ်ပွင့်မယ့် စံပယ်တစ်ရုံသာ ကျန်ပါတော့တယ်။ ဒါကြောင့် စိတ်ကို စင်ကြယ်အောင်၊ တရားပန်းရနံ့များ သင်းပျံ့လှိုင်ကြူစွာ ပွင့်ထွန်းအောင်၊ သီလကို စင်ကြယ်အောင် စောင့်ထိန်း၍ ပန်းပန်မယ့် ဆံပင်ကို သန့်ရှင်းစွာ ဖြီးထားပြီး အသင့်စောင့်နေတာနဲ့ တူပါတယ်လို့ အဓိပ္ပာယ်ရပါတယ် ဆရာ"


www.burmeseclassic.com

www.burmeseclassic.com





"ကောင်းလိုက်တဲ့ ကဗျာပါ ဆရာရယ်။ ဟိုးရှေ့မှာလည်း စေတီတော်တစ်ဆူမဟုတ်လား"


"အဲဒါက တတိယရုံပါ။ ခု ကျွန်တော်တို့ ပွင့်ဖြူဘက်ကို သွားပြီး မုန်းချောင်းကူး၍ ဖူးရမှာက ဒုတိယရုံဖြစ်တဲ့ ယောသိတာရုံစေတီတော်ပါ"

"ဟုတ်ကဲ့၊ ပွင့်ဖြူမြို့ထဲက ဖြတ်မှာမဟုတ်လား"

"ဟုတ်တယ်။ အဲဒီမှာ အထက်တန်း ကဗျာဆရာကြီး စလင်း ခင်မောင်ရည်ကို ဝင်တွေ့ကြရအောင်"

ကားလေးသည် ပွင့်ဖြူမြို့သို့ ရောက်ခဲ့၏။ လမ်းဘေးဝဲယာနှစ်ဖက် ကုက္ကိုပင်ကြီးများက ကိုင်းချင်းယှက်၍ မဲဇလီပင်ကြီးများနှင့် အုပ်မိုးထားတဲ့ အရိပ်က နေပြောက်ပင် မထိုးပါ။ လမ်းတွေကတော့ ဆိုင်းဘုတ်တွေ ထူပြီး ပြုဆဲပြင်ဆဲပါ။ မကြာမီ စလင်း ခင်မောင်ရည်တိုက်ရှေ့ ရောက်ခဲ့ပါသည်။ မိတ်ဆက်စကားပြောပြီးနောက် ဆရာကြီးကိုယ်တိုင် ကားရှေ့ခန်းမှ စီး၍ လက်ဖက်ရည်ဆိုင်သို့ သွားကြ၏။ ဆရာကြီးက သူကိုယ်တိုင် ဧည့်ခံကျွေးမွေးပါသည်။

ဒုတိယရုံတစ်ရုံဖြစ်သော "မဟာယောသိတာရုံ"စေတီတော် ဖူးမြော်ရန်အတွက် မုန်းချောင်းတံတားကြီးကို ကျော်





www.burmeseclassic.com

www.burmeseclassic.com







ပြီး အရှေ့ဘက်ကမ်းသို့ ရောက်သောအခါ ရေးခေတ်အခေါ် ဟတ္တလုဂ်တိုင်း၊ မိတ္တီလာပြည်၊ ယခုအခေါ် ပွင့်ဖြူမြို့နယ်နှင့် ကုန်းဇောင်းမြို့ လျှောက်တောမြို့တို့အကြား ရှာခိုင်အုပ်စု၊ ရှာခိုင်ရွာသို့ ဦးတည်၍ ၁၁နာရီခွဲတွင် မဟာယောသိတာရုံဘုရား အဝင်မုခ်ဦးကြီးဆီသို့ ရောက်ခဲ့ပါတော့သည်။ ကားပေါ်မှ ဆင်းကာ မုခ်ဝကြီးဆီသို့ ရောက်တော့ စေတီတော်ကြီးအရိပ်က အေးမြလျက်···■

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု

* * *

မင်းတိုင်ပင်(မြရောင်ခြေ)

| | |
|---|---|
| ကျမ်းကိုး ။ | ။ ဘုရားသမိုင်းအကျဉ်း။ |
| | ရုံလေးရုံ စုံလင်အောင် ဖူးရင်လ (မောင်နင်းခိုင်-ပွင့်ဖြူ)။ |
| | ကိုယ်တွေ့ဖူး မှတ်တမ်း။ |




www.burmeseclassic.com

www.burmeseclassic.com

### ဘဝမြင့်မားရေးပဲ့ကိုင်

"ရတနာသုံးပါးကျေးဇူး" နှင့်စပ်၍ သာမန် ငြိမ်းအေးမှု ရရှိမှုဖြင့် အားရကျေနပ်မနေသင့်ပေ။ သာမန်အခက်အခဲမှ လွတ်မြောက်ရုံ၊ သာမန် စီးပွားလာဘ်လာဘ တိုးတက်ရုံကိုမူ ဆိုဖွယ်မလို။

အဘယ့်ကြောင့်ဆိုသော် သတ္တဝါတို့၏ ခရီးကား ရှည်လျားလှပေ၏။ အတိုင်းမသိသော ဒုက္ခတို့နှင့်လည်း အတိ



# တမလွန်ဘဝခရီးနှင့် ဘဝလွတ်မြောက်ရေး

ဓမ္မာစရိယ ဦးဌေးလှိုင်

www.burmeseclassic.com

www.burmeseclassic.com

ပြီးနေသည်။ တစ်စုံတစ်ခုသော နိဗ္ဗာန်မှသည့် ဆောက်တည်ရာ မရရှိသေးပါမူ အာမခံချက် မရှိ။ စိတ်မချရသေး။

သတ္တဝါတို့၏ ဘဝကား မီးလျှံမီးတောက်များအပေါ်၌ ကြိုးတန်းလျှောက်နေရသကဲ့သို့ ရှိပေ၏။ အမြင်တစ်ချက်မှားသွားပါက "ရင်းစား"ရရန်ပင် ခဲယဉ်းလှပေသည်။

မိမိတို့၏ ဘဝကို တိုးတက်မြင့်မားအောင် ကြိုက်သလို ကိုယ်ပိုင်ဝိသိန်းချုပ် ပုံကိုင်နိုင်သော အခွင့်အရေး ရတနာသုံးပါးကျေးဇူးကား ပြောပြကြံစည်၍မဆုံးနိုင်အောင် ကြီးမားလှပေစွ။

## တမလွန်ဘဝ မယုံလျှင်

တိုတောင်းလှသော သက်တမ်းကလေးအတွင်း လူတို့ကား ပျိုမျစ်နုနယ်အရွယ်ရှိခိုက် ဝယမာန်တက်ကာ ဘုန်းကြီးရှိခိုးရသည်ပင် ရှက်တတ်ကြ၏။

ရောင်းရင်းဝယ်တာ ကောင်းခိုက်တွင်လည်း ဓနမာန်တက်ကာ ရတနာသုံးပါးစိတ်များ မဝင်နိုင်။ အာဏာရာထူးရှိခိုက်တွင်လည်း ရာဇမာန်တက်နေတတ်သဖြင့် ငယ်စဉ်က ကျက်မှတ်သင်ကြား နားလည်ထားသလောက်ကိုပင် မေ့ပျောက်ထားတတ်ကြ၏။

နာကာမှ၊ အိုကာမှ၊ စီးပွားပျက်ခါမှ၊ အာဏာရာထူး မဲ့ကာမှ ကိုးကွယ်ရာရှာ၍ စိတ်သက်သာရာ ရတနာသုံးပါးဆေးကို မှီဝဲကြသော်လည်း ရောဂါက ကျွမ်းလေပြီ။ သွားမရှိကာမှ ပဲခြမ်းကြော်ဝါးရသဖြင့် ကောင်းမှန်းသိသော်လည်း အရသာပေါ်အောင်၊ အားဖြစ်အောင် မဝါးနိုင်ကြပြီ။

လူတို့သည် တစ်စုံတစ်ခုသော အခက်အခဲတွေ့ကာမှ ကမန်းကတမ်း ကိုးကွယ်ရာရှာတတ်ကြရာ ဆရာကောင်း၊ စနစ်ကောင်းနှင့် ကြုံကြိုက်ရန်မှာ ခဲယဉ်းလှပေသည်။

ရတနာသုံးပါးကျေးဇူးကား ပထမဆုံး လူတိုင်း လိုက်နာရမည့် ငါးပါးသီလမျှလောက်ကိုပင် လေးလေးစားစား လိုက်နာ ဂရုစိုက်ပါက အပါယ်လေးပါးဘေးကြီးမှ လွတ်မြောက်စေနိုင်၏။

ငါးပါးသီလမျှ မလုံသူကား ကြောက်ဖွယ်ကောင်းလေစွ။

ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော အပါယ်လေးပါးဘေးကြီးကား ဘုရားစင်အနီး၌ပင် ရှိနေလေပြီ။

အလွန်ကြုံခဲလှသော အခွင့်ကောင်းကြီးကို ရနေခိုက်တွင် ဗုဒ္ဓါနုဿတိ၊ မေတ္တာ၊ အာနာပါန သတိပဋ္ဌာန်လုပ်ငန်းတို့ကို (တရားဌာနများသို့ မသွားမရောက်နိုင်ကြသေးစေကာမူ) တစ်နေ့ နည်းနည်း နည်းနည်းဖြင့် အိမ်မှာပင် လေ့ကျင့်သွားပါက အပါယ်ဘေးကြီးမှ ပို၍စိတ်ချရပေသည်။

"ရေဘူးနှင့် ဖိနပ်မပါ နွေခါမှ သိမည်"

"ဒါနနှင့် သီလမပါ သေခါမှ သိမည်"

ဟု ဆိုရိုးစကားရှိ၏။

လူတို့ကား ကိုယ့်ဟာကလေးနှင့်ကိုယ် အတော်ကြီးဟုတ်နေကြသဖြင့် ဖွတ်မေ့၊ ပုတတ်မေ့ကြီး မေ့နေကြ၏။

မည်သို့ဖြစ်စေ၊ ဤဘဝကုန်ဆုံးပြီးသည်နှင့် တမလွန်ဘဝ(လာမည့် နောက်ဘဝ)အရေးကား ပြေး၍ မလွတ်ချေ။ တမလွန်ဘဝရှိ မရှိ စသော ပြဿနာများကို (ဤ၌ အကျယ် ရှင်းလင်းတင်ပြရန် မရည်ရွယ်ပါ။ မလိုပါ။) မယုံလိုသူတို့ မယုံဘဲ နေနိုင်ပါသည်။ သို့ရာတွင် "သေလျှင် ပြီးပြီ။ နောက်ဘဝဆိုတာ မရှိပါဘူး"ဟု ခံယူထားသူသည် လက်ရှိဘဝတွင်လည်း ထင်ရာလုပ်ပေတော့မည်။

ထို့ကြောင့် ပတ်ဝန်းကျင် ပညာရှိတို့၏ ကဲ့ရဲ့ရှုတ်ချခံရခြင်း စသော လက်ငင်းအပြစ်များနှင့် ရင်ဆိုင်ရပေတော့မည်မှာ မလွဲချေ။ ချက်ချင်းပင် အရှုံးပေါ်နေပေပြီ။

သူ ထင်သည့်အတိုင်းမဟုတ်ဘဲ၊ တမလွန်ဘဝရှိနေလျှင်ကား ထိုသူသည် အယူမှားနေသူဖြစ်၍ ငရဲမှ လွတ်ရန်မရှိ။ ထို့ကြောင့် နှစ်ဖက်ရှုံး ရှုံးသူမည်၏။ (မဇ္ဈိမ ပဏ္ဏာသ အပဏ္ဏကသုတ်၌ အကျယ်ရှင်းပြတော်မူထား၏။)

ဆက်လက်၍ ဗုဒ္ဓဝါဒသည် တမလွန်ဘဝကို အကြွင်းမဲ့ လက်ခံသော်လည်း တမလွန်ကို ဦးစားမပေးကြောင်းကိုမူ သတိမူသင့်၏။

## သေခါနီးလျှင် ကိုယ်တိုင်သိနိုင်သော ကိုယ့်အကြောင်း

"တမလွန်ဘဝ"ဟူသည် ဘာသာရေးကျမ်းစာ၊ ဘုရားသခင် သတ်မှတ်၍ ရှိနေရသော အရာမဟုတ်။ ဓမ္မနိယာမ၊ ကမ္မနိယာမပင်တည်း။ တမလွန်ဘဝကို ဖန်ဆင်းသူမှာ အခြားမဟုတ်။ မိမိသာလျှင်ဖြစ်သည်။

နက်ဖြန်အလုပ်များသည် ယနေ့လုပ်လက်စများသာ ဖြစ်ကုန်၏။ ယနေ့လုပ်သမျှကို နက်ဖြန်က တာဝန်ယူရသည်။ ယခုဘဝက ထိထိခိုက်ခိုက် စိတ်လိုက်မာန်ပါ လုပ်ထားသော အရာ(ကိုယ်၊ နှုတ်၊ စိတ် - ကံများ)သည်ပင်လျှင် တမလွန်ဘဝကို ပုံဖော်၍ပေးလိုက်၏။

ဤဘဝ၌ ထိထိခိုက်ခိုက် ဆောင်ရွက်ချက်များ မရှိလျှင်၊ ရှိသော်လည်း အင်အားနည်းနေလျှင် တစ်သံသရာလုံး

www.burmeseclassic.com

က လုပ်ခဲ့သော ထိထိမိမိကံများက တမလွန်ဘဝကို ဖန်တီးပေးကြသည်။ တစ်သံသရာလုံး လုပ်ခဲ့သမျှ အကုသိုလ်သာများ၍ ကုသိုလ်ကား မဆိုစလောက်။

သေခါနီး၌ ကျွန်ုပ် သံသရာနှင့်ချီ၍ မိမိလုပ်ခဲ့သမျှ အဆိုးအကောင်း သောင်းပြောင်းထွေလာ အမှတ်ထင်ထင် ဖြစ်ရပ်များစွာတို့သည် တမလွန်ဘဝ ပုံဖော်ရန် သူ့ထက်ငါ တောင်းဆိုလာကြ၏။ ထိုဖြစ်ရပ်ဇာတ်လမ်းများသည် တစ်ခုပြီးတစ်ခု ဘိုင်စကုတ်ပြသကဲ့သို့ အထင်သား မြင်နေရသည်။ "ကမ္မနိမိတ်"ဟု ခေါ်၏။ လူကို သတ်ခဲ့လျှင် လက်နက်များ။ ထိုးသတ်ပုံများ။ သေသွားပုံများကို အသေးစိတ် ပြန်၍မြင်ကြရသည်။ မမြင်ချင်၍ မရတော့ပြီ။

ကမ္မနိမိတ် အတိတ်ဇာတ်လမ်းများ ပီပြင်ထင်ရှားရာ အလိုက် ပေါ်လာပြီးနောက် တမလွန်ဘဝသို့ ဆက်လက် ကူးပြောင်းရမည့် အသွင်သဏ္ဌာန်များ ဆက်၍ထင်ပြလာ၏။ ယင်းကို "ဂတိနိမိတ်"ဟု ခေါ်သည်။

နတ်ပြည်သွားရမည့်သူဖြစ်က နတ်ဗိမာန်များ။ ငရဲပြည်သွားရမည့်သူဖြစ်က ငရဲမီးလျှံများ။ ထိုသဘောတရားကို မည်သူမျှ ရှောင်၍မရချေ။ မိမိပြုလုပ်မှားခဲ့သည်ကို မည်မျှလောက် ပိရိအောင် ဖုံးကွယ်ကြိတ်မှိတ်၍ မေ့ပျောက်ပစ်ထားသော်လည်း ကံကို လိမ်၍ မရတော့ပြီ။

မိုးကာအင်္ကျီဝတ်၍ အမှတ်ထင်ထင် လူသတ်မှု ကျူးလွန်ထားသူ၌ ယခုဘဝမှာပင် မိုးကာအင်္ကျီကြီး တရှုပ်ရှုပ်မြည်သံက နားထဲမှ မထွက်တော့ပြီ။ ပြီးလျှင် ကြိုးစင်ကို လှမ်း၍ မြင်နေရ၏။ မည်သူမျှ ရိုက်၍မစစ်ရ။

ဘဝတစ်ခုသို့ ကူးပြောင်းရတော့မည့် လူတစ်ယောက် နောက်ဘဝမရောက်မီကပင် "ကမ္မနိယာမ"ဟူသော တရားသူကြီး၏ စီရင်ချက်ကို ကိုယ်တိုင်လက်ခံနေရပြီဖြစ်၍ ကောင်းစွာ သိသွားနိုင်ကြသည်။ ထိုသဘောတရားကြီးကို မည်သူမျှ ရှောင်လွှဲ၍ မရစကောင်းချေ။

### တမလွန်ဘဝမှ ဖြောင့်ချက်များ

"ကုသိုလ်ကို ဖြစ်စေ၊ အကုသိုလ်ကို ဖြစ်စေ အကျိုးမပေးလောက်ပါဘူးဟု မထီမဲ့မြင် မလုပ်သင့်ကြောင်း" မြတ်စွာဘုရား ဟောကြား သတိပေးတော်မူ၏။

အကြောင်းအမျိုးမျိုးကြောင့် ထိုသတိပေးချက်ကို လက်မခံလိုကြ။ ငြင်းဆန်သူ ငြင်းဆန်ကြ၏။

မည်သို့ဖြစ်စေ၊ ထိုသူတို့ကိုယ်တိုင်ပင် တမလွန်ဘဝသို့ ရောက်ကြရသောအခါ ထောက်ခံသောအားဖြင့် ကျေးဇူးတင် ဝမ်းမြောက်စကားပြောသူတို့က ပြောလာကြသည်။ မချိတင်ကဲ ဝမ်းနည်းကြေကွဲကာ နောင်တစကားဆိုသူတို့က ဆိုလာကြကုန်၏။



သေခါနီးမှ တရားနာကြားသွားရသော ဖားသတ္တဝါကလေး၊ ဘုရားကို လျှပ်တစ်ပြက်မျှသာ မြင်ရုံ မြင်သွားရသော "မဋ္ဌကုဏ္ဍလီ" မိစ္ဆာဒိဋ္ဌိလုလင်၊ ရှင်မဟာကဿပကို ပေါက်ပေါက်လှူပြီး မြွေကိုက်၍ ဆုံးခဲ့ရရှာသော လယ်သူမလေး စသူတို့ကား ဒီလောက် ကုသိုလ်ကလေးနဲ့ ဒီလိုကြီးကျယ်တဲ့ နတ်စည်းစိမ်ချမ်းသာကြီးကို ရမယ်မထင်ဘူး။ အခုတော့ အဟုတ်ရနေပြီကော။ မြတ်စွာဘုရားရှင်နှင့် သံဃာတော် အရှင်မြတ်တွေရဲ့ ကျေးဇူးက ကြီးမားလိုက်ပါဘိကွယ်ဟု ဝမ်းမြောက်ကြရသည်။ လူပြည်သို့ ဆင်း၍လည်း ကျေးဇူးတင်စကား လျှောက်ထားသူများလည်း မနည်းချေ။

"ဒီလောက် မကောင်းမှုကလေး လုပ်မိတာနဲ့ ခုလို ငရဲဘဝ၊ ပြိတ္တာဘဝရောက်ရလိမ့်မယ် မထင်မိလို့ လုပ်ခဲ့မိပါပြီ။ နောက်များ လူ့ဘဝကို ပြန်ရလျှင်တော့ ဆင်ခြင်ပါတော့မယ်"ဟု မိမိလုပ်ခဲ့သည့် မကောင်းမှုနှင့် ရရှိခံစားနေရသော အပါယ်ဒုက္ခကြီးကို ဖြောင့်ချက်ပေးကာ နောင်တဖြစ်နေရရှာသူများကား အထင်အရှားပင် ရှိကုန်၏။

(လက္ခဏသံယုတ်၊ ပေတဝတ္ထု၊ ပါဠိတော်တို့၌) မြတ်စွာဘုရားရှင် အတိအလင်းပင် ဟောကြားတော်မူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် "ကိုယ့်ကိုယ်ကို သနားလျှင် မကောင်းမှုမှ ရှောင်ရှားကြ"ဟု တဖွဖွဆုံးမတော်မူရလေသည်။ သို့ရာတွင် လက်တွေ့ကိုမှ ယုံချင်ကြသူတွေ များကြ၏။ တွေ့ကြရပေလတ္တံ့။ နောက်မှ ရသော နောင်တကား ပြင်၍မရ စကောင်းပြီ။

## သေတဲ့နောက်ပင် လိုက်၍ကယ်မည်

ရတနာသုံးပါးကျေးဇူးကား ကြီးမားလှပေ၏။ သေသည့်နောက်ကိုပင် လိုက်၍ ကယ်မနိုင်သေးသည်။ သို့ရာတွင် အပါယ်လေးမျိုးရှိရာ၌ ငရဲဘဝကျသူနှင့် တိရစ္ဆာန်ဘဝရောက်သွားကြရသူများကိုမူ မကယ်နိုင်တော့ပြီ။

သရဲ၊ တစ္ဆေ၊ မြေဘုတ်၊ မှင်စာ၊ အစိမ်း၊ နတ်စိမ်း၊ နတ်ဘီလူး စသည့်ခေါ်ဝေါ်ကြသော ပြိတ္တာအမျိုးမျိုးနှင့် ပြိတ္တာအကြီးစားဟုခေါ်ရမည့် အသူရကာယ်ဘဝရောက်ကြသူများကိုမူ လိုက်၍ ကယ်မ,နိုင်ပေသည်။

ပြိတ္တာ အသူရကာယ်တို့၏ ဘဝကား အစာရေစာ ငတ်မွတ်ဆင်းရဲသော ဘဝဖြစ်၍ ရေသောက်ရန် မြစ်ထဲဆင်းလျှင်ပင် ရေပျောက်သွားရသော ဘဝမျိုးဖြစ်သည်။ လူတို့ စွန့်ပစ်သော ထမင်းလုံး၊ နှပ်ချွဲများကိုသာ စားသုံးကြရရှာ၏။ လောဘကြီးသူ၊ မနာလိုဝန်တို ကပ်စေးနှဲသူတို့ ရောက်ရသောဘဝဖြစ်သည်။

အိပ်ရာထဲ လဲနေသော လူနာကဲ့သို့ ကံစီမံသည့်အတိုင်း ခံစားနေကြရသဖြင့် "ကံဘုံ"ဟု ခေါ်သည်။ ဉာဏ်နီ ဉာဏ်နက်ထုတ်၍ ဝီရိယဖြင့် လုပ်ယူနိုင်သော အခွင့်အရေးမရှိ။ လူလူချင်း ပေးယူသကဲ့သို့ ပေးတိုင်းလည်း မယူနိုင်၊ ကျွေးတိုင်းလည်း မစားရ။ သူတို့၏ ဘဝကို မြင့်တက်စေရန်၊ အဝတ်အစားပြည့်ဝစေရန်မှာ ကျန်ရစ်သူ လူများက အမျှအတန်းပေးဝေမှသာ ရရှိနိုင်ကြ၏။ အခြားနည်းလမ်း မရှိပြီ။

ထို့ကြောင့် ကျန်ရစ်သော ဆွေမျိုးများက သက်ပျောက်၊ ရက်လည် စသည်ဖြင့် အလှူဒါနပြုကြရသည်။

ထိုသို့ဖြစ်ပါလျက် လူသေခေါင်းထဲသို့ ကျန်ရစ်သူများက ထမင်းထုပ်ကလေး၊ နေ့ဖိုးညစာ ဆန်ကလေး၊ ကူးတို့ခ ပိုက်ဆံကလေး ထည့်မိအောင် ထည့်လိုက်ကြသေး၏။ တရုတ်လူမျိုးများကမူ ဝင်းခြံ၊ တိုက်အိမ် စသည်များကိုပါ စက္ကူဖြင့် ဆောက်လုပ်၍ ထည့်ပေးလိုက်ကြသေးသည်။ ကုသိုလ်ပြုပြီး အမျှဝေရမည်ကိုမူ မေ့နေတတ်ကြ၏။

ကွယ်လွန်သူကို ရည်စူးသော အလှူဒါနကို ပြုရာ၌ အထူးသတိပြုရမည်မှာ သက်ပျောက်၊ ရက်လည် ဆွမ်းသွတ်သောနေ့၌သာ မဟုတ်ဘဲ၊ နေ့စဉ်နှင့်အမျှ မိမိပြုလုပ်သော ကုသိုလ်အဖို့ကို ပေးဝေသင့်ကြ၏။ အလှူဒါနပြုရာတွင်လည်း အဝတ်အစားဆင်းရဲသူများကို ရည်ညွှန်းသော အလှူမည်အောင် ဆွမ်း၊ သင်္ကန်း၊ အဝတ်အထည်များကိုပါ ပေးလှူကြရန် အထူးသတိပြုသင့်ကြပေသည်။ ခေါင်းထဲ ထည့်ပေးလိုက်၍ ရကြမည်မဟုတ်။

နောက်တစ်ချက် မျက်ရည်စက်လက် ပူပူလောင်လောင် ပေးဝေသော "ငိုသံပါ အမျှ"မျိုး မဖြစ်ရန်လည်း လိုပေသေးသည်။ ထိုအလှူမျိုးသည် မည်မျှကျေးဇူးများသည်ကို ဘုရား အစရှိသော သူတော်ကောင်းတို့သာလျှင် သိမြင်နိုင်ကြသည်။ ထိုအလှူမျိုးကို "ပေတဗလိ"ဟု ခေါ်၏။ မိဘများ ကွယ်လွန်သွားကြသောအခါ သားသမီးများက မမေ့မလျော့ ကုသိုလ်ပြု အမျှဝေပေးရန် အထူးတိုက်တွန်းတော်မူသည်။

သားသမီးများ လိုက်နာရမည့် အချက်ကြီး ငါးချက်တွင် "အမျှပေးဝေရန်"တာဝန်ကြီးတစ်ခု သတ်သတ်မှတ်မှတ် ထည့်သွင်းဟောထားတော်မူခဲ့လေသည်။ (သိင်္ဂါလောဝါဒသုတ်) မည်မျှအရေးကြီးသည်ကို သတိမူကြရာ၏။

"ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ"

## သာသနာမတွေ့က ကမ္ဘာမြေကြော

လူတစ်ဦးတစ်ယောက်သေဆုံးသွားသောအခါ မိမိတို့ရိုးရာ ဘာသာဝါဒအလျောက် ကောင်းရာသုဂတိရောက်စေရန် ကျန်ရစ်သူ စသည်တို့က ဝိုင်း၍ ဆုတောင်းပေးကြသော အစဉ်အလာလည်း ဘုရားမပွင့်မီကပင် ရှိခဲ့ဖူးသည်။ သေသွားသူ ပြုလုပ်သွားသောကံများကို မည်သည့်ဆုတောင်းကမှ ပြောင်းလွဲမပေးနိုင်ချေ။ ကျန်ရစ်သူအနေဖြင့် အကူလိုပါလျှင် ကုသိုလ်ပြု၍ အမျှဝေခြင်း၊ အမျှယူခြင်းကသာလျှင် နောက်ဆုံး ကယ်တင်ခြင်းဖြစ်တော့သည်။

ထို နောက်ဆုံး ကယ်တင်မှုအတွက် ဘုရားရှင်နှင့်တကွ သံဃာတော်အရှင်မြတ်တို့၏ ကျေးဇူးသည် ကြီးမားလှပေ၏။ ထိုကိစ္စကျမှ ကျေးဇူးကြီးမားပုံ ပို၍ပေါ်လွင်လာ၏။ သတ္တဝါတို့၏ အားထားမှီခိုရာ သဘောသည် ပို၍ထင်ရှားလာ၏။ အစားထိုး၍ မရနိုင်သော ပုဂ္ဂိုလ်တွေ အနန္တာရဲ - တစ်လောကလုံး၏ ဦးဆောင်၊ အကြွေးပေးယျ - အလှူတန်ခိုး



www.burmeseclassic.com

www.burmeseclassic.com

ကြီးအောင် လုပ်ဆောင်ပေးတော်မူနိုင်သည့် စွမ်းအင်သတ္တိသည် အဘယ်မျှ အဆင့်အတန်း မြင့်မြတ်လှပါသနည်း။

တမလွန်ဘဝ၌ ပြိတ္တာ၊ အသူရကာယ်ဖြစ်နေရသူများ သာဓုခေါ်လိုက်သည်နှင့် တစ်ပြိုင်နက် ဝေါ်ပြတ် ဆင်းရဲလှသောဘဝမှ ချက်ချင်းပင် နတ်ဝတ်တန်ဆာ၊ အစားအစာ၊ ဗိမာန်များ ရ၍ ချက်ချင်းပင် ဘဝအခြေအနေပြောင်းနိုင်ကြလေသည်။ အဘယ်မျှ ဆန်းကြယ်ပါသနည်း။ အားကိုးထိုက်ပါသနည်း။ ထိုအကြောင်းသည် ဒဏ္ဍာရီမဟုတ်။ ပေတဝတ္ထု၊ ဝိမာနဝတ္ထုတို့၌ အထပ်ထပ်ဟောတော်မူထား၏။

(ထိုမျှနှင့် မယုံကြည်နိုင်သေးသူများအတွက် ဤအခန်းကို ဆုံးအောင် ဖတ်ပါ။)

"ပေတဗလီ"ခေါ်သော သေသူကို ရည်ညွှန်းသည့် ကုသိုလ်ကောင်းမှုလုပ်ခြင်းသာ မပါရှိလျှင် ပြိတ္တာဘဝတွင် နှစ်နှင့် မဟုတ်၊ ကမ္ဘာနှင့် ချီ၍ ဆင်းရဲနေကြရရာသည်။ အပါယ်လေးဘုံတွင် မည်ရွေ့မည်မျှဟု သက်တမ်းကန့်သတ်ချက်ဟူ၍လည်း မရှိ။ မိမိတို့ ကံကြမ္မာကုန်မှသာ လွတ်ခွင့်ရကြသည်။

လွန်ခဲ့သော ၉၂ကမ္ဘာထက် ဖုဿဘုရားရှင်လက်ထက်က ဘုရားပစ္စည်း၊ သံဃိက ပစ္စည်းများကို အလွဲသုံးစားလုပ်မိခဲ့သူများ ပြိတ္တာဘဝ မဝရေစာဖြင့် ကမ္ဘာပေါင်း ၉၀ ကျော်ကြာမြင့်စွာ ဒုက္ခခံနေခဲ့ကြရရာ၏။ ဤ မြတ်စွာဘုရားလက်ထက်ကျမှ ၎င်းတို့အား သားချင်းတော်ဖူးသူ ဗိမ္ဗိသာရမင်းက အမျှပေးဝေမှသာ လွတ်မြောက်ကြရရာသည်။ (တိရောကုဋ္ဋသုတ်)။

ဘုရားပွင့်တော်မူသော အခါကောင်းကြီးနှင့် မကြုံကြိုက်လျှင်၊ ကြုံကြိုက်ပါသော်လည်း သတ်သတ်မှတ်မှတ် ကုသိုလ်ဒါနပြု၍ အမျှပေးဝေမည့်သူများ မရှိလျှင် ကမ္ဘာပေါင်း အသင်္ချေပင် ပြိတ္တာဘဝမှာ ဖြစ်နိုင်လေသည်။

ကျမ်းဂန်တို့၌ "အကုသိုလ်များသော မိဘတို့ ကွယ်လွန်သောအခါ ၎င်း၏ သားသမီးများမှ ကုသိုလ်ပြု၍ အမျှပေးဝေရန် သတိမရ၊ မေ့လျော့နေတတ်ကြသည်"ဟု ဆိုလေသည်။

သာသနာတော်နှင့် ကြုံကြိုက်ရသော အခွင့်အရေး ရတနာသုံးပါး၏ ကျေးဇူးကား ဤမျှ ကြီးမားလှပေ၏ ■

* * *

မွှာစရိယဦးဓွေးလှိုင်



www.burmeseclassic.com



အောင်တင်ဝင်း(B.Sc, H.G.p,R.L)

# အမြင်အာရုံ၏ နောက်ကွယ်မှာ

"ကြည့်သောသူသည် မြင်၏"

ဆိုသော စာကြောင်းလေးကို ဖတ်လိုက်ရသဖြင့် ရင်ထဲတွင် အတွေးများ အစီအစဉ် ပေါ်လာပါတော့တယ်။

"လူတွေရဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဆိုတဲ့ အာရုံငါးရပ်ကတစ်ဆင့် လူတွေရဲ့ ဦးနှောက်ထဲကို ရောင်ပြန်ဟပ်လာတယ်။ အစမှာ အာရုံခံစားအသိသာဖြစ်တယ်။ အဲဒီ အာရုံခံစားအသိတွေ များလာတဲ့အခါ ခုန်ပျံမှုတစ်ရပ် ဖြစ်လာပြီး ဆင်ခြင်သိဖြစ်လာတယ်"

(တရုတ်တွေးခေါ်ရှင်တစ်ဦး)

ပမာဆောင်ပြရရင်...

သစ်ဖြတ်အတုံးများကို ပုဂ္ဂိုလ်နှစ်ဦး တွေ့မြင်သောအခါ ပထမပုဂ္ဂိုလ်က သစ်ခွဲသမားဖြစ်လေတော့ ဒီသစ်တုံးတွေကို အပိုင်းပိုင်းဖြတ်ပြီး ထင်းအဖြစ် အသုံးပြုပြီး ရောင်းချလိုက်ရင် ဘယ်လောက်ကောင်းမလဲဟု တွေးမိတယ်။

နောက်တစ်ဦးက ပန်းပုအနုပညာရှင်တစ်ဦးပါ။ သူမြင်တွေ့တဲ့ အဲဒီ သစ်တုံးတွေကို ဗုဒ္ဓဆင်းတုတော်ထုလုပ်ပူဇော်ရရင် ဘယ်လောက်ကောင်းမလဲဟု အတွေးကောင်းတွေ ဖြစ်ပေါ်မှာပါ။

ထိုသူနှစ်ဦးရဲ့ သစ်ဖြတ်တုံးတွေကို မြင်ပြီး ကိုယ်ဖြတ်သန်းခဲ့တဲ့ဘဝ၊ အသက်မွေးဝမ်းကျောင်း၊ အတွေ့အကြုံကို ဖော်ပြနေလေတော့တယ်။ အရည်အချင်း၊ အတွေ့အကြုံ၊ အယူအဆ၊ အတွေးအခေါ်တွေကလည်း မတူခဲ့ပေဘူး မဟုတ်ပါလား။

အသက်အရွယ်၊ အတွေ့အကြုံ၊ ဗဟုသုတနဲ့ စဉ်းပြုဦး



www.burmeseclassic.com

www.burmeseclassic.com

ပြီး စမ်းသပ် စစ်ဆေးရမယ်ဆိုရင် “မိုးရာသီအကြောင်း စာစီစာကုံးရေးပါ”ဆိုတဲ့ ခေါင်းစဉ်ဖြင့် လေးတန်းကျောင်းသား၊ တက္ကသိုလ်ဝင်ဖြေဆိုမယ့် ကျောင်းသားနဲ့ တက္ကသိုလ်တက်နေတဲ့ ကျောင်းသား သုံးဦးကို ရေးခိုင်းပါရင် ဘယ်ကျောင်းသားရဲ့ မိုးရာသီအကြောင်းစာစီစာကုံးက ဘယ်သူအကောင်းဆုံးလဲဆိုတာ ပြောစရာလိုမယ် မထင်ပါ။ ဒါကြောင့် ဘဝလမ်းခရီးမှာ ဘဝပေး အတွေ့အကြုံ၊ ဗဟုသုတနဲ့ ပညာအရည်အချင်းပေါ် မူတည်ပြီး အမြင်အာရုံခံစားရာမှ ၎င်းနောက်ကွယ်မှာ ဆင်ခြင်သိမှုတွေကို အစီအရီဖြစ်ပေါ်ကြောင်း။ လောကီ-လောကုတ္တရာနှစ်ဖြာမှာ တွေ့မြင်ပုံကို ဖော်ပြလိုက်ပါရစေ။

မကောင်းမှုဆိုတာ ကြည့်သောသူအပေါ်မှာပဲ မူတည်တယ်။ Evil Lies in the eyes of the beholder ဆိုတဲ့ အကြောင်းကို မိတ်ဆွေဖြစ်သူက ထိုနေ့ညနေက တဖွဲ့တနွဲ့ ပြောပြနေပါတယ်။ မကောင်းတဲ့ သဘောထားနဲ့ ကြည့်ရင် မကောင်းသလို မြင်တတ်လေတော့ မိမိရဲ့ သဘောထား Attitude ကို ပြောင်းသင့်ကြောင်းကိုလည်း အလေးအနက် ပြောနေပါတယ်။ သူက ဆက်ပြီးတော့…

မြင်းခြံဆရာတော်ကြီး ဦးကဝိရဲ့ နှစ်လိုဖွယ်ကောင်းတဲ့ သဘောထားအကြောင်းကို ပြောပြန်ပါတယ်။ မြင်းခြံ စွန်းလွန်းဂူကျောင်းမှာ ဆရာတော်ကြီး သီတင်းသုံးနေချိန် တစ်ညနေမှာ ကျောင်းဝင်းထဲက ရေတွင်းမှာ ရေလာခပ်ကြတဲ့ မိန်းမကြီးနှစ်ယောက် စကားများ ရန်ဖြစ်ကြတယ်။ အော်ကြီးဟစ်ကျယ်နဲ့ တစ်ယောက်တစ်ခွန်းပြောဆိုနေရာက ဒီမိန်းမကြီးနှစ်ဦးဟာ တစ်ယောက်က တစ်ယောက်ကို သတ်မယ် ပုတ်မယ်အထိ ဒေါသတွေ ထွက်လာကြတယ်။ ပါးစပ်ကလည်း မကြားဝံ့ မနာသာတွေ ဆဲဆိုရေရွတ်နေကြမှာပေါ့။ ဒီလိုဖြစ်နေတာကို မြင်ရ ကြားရတဲ့ ကိုရင်၊ ဦးပဉ္ဇင်းတွေက “ကျောင်းထဲလာပြီး ရန်ဖြစ်နေရသလား။ မသိသား ဆိုးရွားလှတဲ့ အလဇ္ဇီမကြီးတွေ”လို့ ကဲ့ရဲ့စကားဆိုကြတယ်။ ဒီလိုဆိုကြတာကို ဆရာတော်ကြီး ကြားသွားတဲ့အခါ ဆရာတော်ကြီးက ကိုရင်၊ ဦးပဉ္ဇင်းတွေကို “ဟဲ့…ဟဲ့၊ ဒီလို မပြောကြ၊ မကဲ့ရဲ့ကြနဲ့။ ဒေါသတရားရဲ့ ခက်ထန်ပုံ၊ ဆိုးရွားပုံတွေကို တရားလာပြနေကြတဲ့ ဓမ္မကထိက ဆရာမကြီးတွေလို့ သဘောထားကြ။ ၎က်ပျောဖီး နှစ်ဖီးယူသွားပြီး တရားပူဇော်လိုက်ကြ”လို့ မိန့်တော်မူဖူးတဲ့အကြောင်း ပြောပြတယ်။

ဒီမှာ မကြားဝံ့ မနာသာ ဆဲဆိုပြီး ရန်ဖြစ်နေကြတဲ့ မိန်းမကြီးနှစ်ဦးကို ကိုရင်၊ ဦးပဉ္ဇင်းတွေက မနှစ်မြို့ မကြည်သာတဲ့ စိတ်အခံနဲ့ ကြည့်တယ်။ ဒီလိုကြည့်တော့ ဒေါသဖြစ်စရာမြင်ကွင်းအဖြစ်နဲ့ မြင်တယ်။ ဒေါသအခံနဲ့ ဒေါသဖြစ်နေတာတွေကို ကြည့်မိတော့ ကြည့်သူ မြင်သူမှာလည်း ဒေါသတွေ၊ မနှစ်မြို့စရာတွေ ဖြစ်တော့တာပဲ။

ဆရာတော်ကြီး ကြည့်တာ၊ မြင်တာမှာတော့ ဒေါသအခံ မပါဘူးဆိုတော့ ဒေါသဖြစ်စရာ မမြင်ဘဲ သံဝေဂရစရာ တရားရစရာ မြင်ကွင်းအဖြစ်နဲ့ မြင်သွားတာ ဖြစ်လိမ့်မယ်လို့ ပြောပြတယ်။ (စာ-၁)

ယခု တင်ပြလိုတဲ့ အကြောင်းအရာကတော့ အမြင်အာရုံအသိမှ ဆင်ခြင်အသိသို့ ကူးပြောင်းပြီး တရားပေါက်ကာ ရဟန္တာဖြစ်သွားပုံကလေးကို တင်ပြလိုက်ပါရစေ။

◈◈◈

သာဂလပြည်၊ မဒ္ဒရာဇ်မင်းရဲ့ “ခေမာ”အမည်ခေါ် သမီးတော်ဟာ ဗိမ္ဗိသာရမင်းတရားကြီးရဲ့ မိဖုရားတစ်ပါးဖြစ်ပါတယ်။ အလွန် အဆင်းလှပသဖြင့် အဆင်းမာန်ယစ်နေပါတယ်။ ဗုဒ္ဓဘုရားရှင်ဟာ ရုပ်အဆင်းရဲ့ အပြစ်တွေကိုသာ ဟောတော်မူလေ့ရှိသော ဘုရားထံ သွားလိုစိတ် မိဖုရားကြီးမှာ အလျဉ်းမရှိပါ။ သို့သော် ဝေဠုဝန် ဉယျာဉ်တော်ကြီးရဲ့ ရှုဖွယ်သာယာပုံနဲ့ နတ်အများပင် လာရောက်ရှုစားပုံကို ကြားသိရ၍ သွားလိုသော ဆန္ဒပြင်းပြသဖြင့် ဘုရားရှိရာ ဝေဠုဝန်ကျောင်းတော်ကို လာခဲ့တယ်။

ဘုရင်မင်းမြတ်ကလည်း ကျောင်းတော်ရောက်ရင် ဘုရားရှင်ကို မဖူးဘဲ မပြန်ခဲ့စေနဲ့ဟု နောက်လိုက်တို့အား အမိန့်ပေးလိုက်ပါတယ်။ ဒါကြောင့် မင်းအာဏာကြောက်၍ ပြန်ခါနီးမှ ဘုရားထံ ဝင်ရောက်ဖူးလေရဲ့။ ထိုအခါ ဘုရားရှင်လည်း ခေမမိဖုရားကြီးထက် အဆင်းသာလွန်အောင် ဖန်ဆင်းထားသော အမျိုးသမီးက ဘုရားရှင်အား ယပ်ခတ်ပေးနေပုံမှ တဖြည်းဖြည်းချင်း အိုသွားပုံ၊ အိုနာစွဲ၍ လဲသွားပုံ၊ ညည်းနေပုံတို့ကို ဖန်ဆင်းပြသရာ ခေမာမိဖုရားကြီးလည်း ထိုဖြစ်ပျက်ပုံအဆင့်ဆင့်ကို တွေ့ရှိလိုက်သဖြင့် အလွန်ထိတ်လန့်နေခိုက်မှာပင် ဘုရားက တရားဟောတော်မူလေရာ တရားနာစဉ်မှာပင် ရဟန္တာဖြစ်ပြီးနောက် ဘိက္ခုနီ ပြုလေတော့တယ်။

ကဲ - အမြင်အာရုံကြောင့် ဖြစ်ပေါ်ခဲ့သော နောက်ကွယ်၌ တရားဘာဝနာရပုံများ အလွန်အားရစရာ မကောင်းပေဘူးလားဗျာ။

◈◈◈

ကြည့်သောသူ မြင်၏ဆိုရာတွင်လည်း စီးပွားရေးမြင်



www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း ထည့်သွင်းဖော်ပြလိုက်ပါတယ်။

ခု တင်ပြချင်တဲ့ အကြောင်းအရာလေးကတော့ စီးပွားရေး အမြင်ကျဉ်းတာလား၊ ဒါမှမဟုတ် စီးပွားရေးအမြင်ကျယ်တာလား၊ ရေရှည်ကို ကြည့်မြင်တတ်တာလားဆိုတာကို ဖြစ်ရပ်မှန်တစ်ခုနဲ့ ဖော်ပြလိုက်ပါရစေ။

"ဖြစ်စဉ်က (၁၈)ရာစုနှောင်းပိုင်းလောက်ကပါ။ ပုဂ္ဂိုလ်တစ်ဦးကတော့ တောဆရာဝန်ပါ။ အဲဒီခေတ် အခြေအနေအရ လူနာကို ဆေးပေးရာမှာ ဆေးမှုန့်များကို ပေါင်းခံရေနဲ့ ရောစပ်ပြီး ဆေးစပ်တဲ့လူကို ဆေးဖော်နည်းအညွှန်းကို ပေးလေ့ရှိတဲ့ ခေတ်ပါ။ ယခုခေတ်လို ဆေးကတ်ပြားလေးနဲ့ မဟုတ်ပါ။ တစ်နေ့ အဲဒီဆရာဝန်ဟာ ဆေးတိုက်တစ်တိုက်ကို လာပြီး ဆေးစပ်တဲ့ စာရေးလေးနဲ့ တွေ့ဆုံကြပြီး သူတို့နှစ်ဦး တစ်နာရီကြာ တီးတိုးဆွေးနွေး တိုင်ပင်ကြပြီးနောက် ဆရာဝန်က ကရားကြီးတစ်လုံး၊ သစ်သားယောက်မတစ်ချောင်းနဲ့ စာရွက်တစ်ရွက်ကို ထုတ်ပေးလေရာ စာရေးလေးလည်း ဒေါ်လာ (၅၀၀)ကို ဆရာဝန်လက်ထဲကို ထည့်ပေးလိုက်တယ်။ ထိုစာရွက်က အဖျော်ရည်တစ်မျိုး ဖော်စပ်နည်း ရေးသားထားသော ဖော်မြူလာဖြစ်ပါတယ်။ ကရားနဲ့ ယောက်မတို့မှာ ဖော်စပ်ရာ၌ အသုံးပြုရန် လက်နက်ကိရိယာများသာ ဖြစ်တယ်။ စာရေးလေးဟာ သူ စုဆောင်းထားတဲ့ ဒေါ်လာ (၅၀၀)ဖြင့် ၎င်းဖော်စပ်နည်းအညွှန်းဖော်မြူလာကို အပြီးအပိုင်ဝယ်ယူလိုက်ပါတယ်။ ထိုဖော်မြူလာက ဆရာဝန်၏ စိတ်ကူးသာဖြစ်ပြီး ဒေါ်လာ (၅၀၀) ထိုက်တန်သော်လည်း၊ စာရေးလေးမှာ ထိုအချိုရည်ဖျော်နည်းရောစပ်ပုံကို အသုံးပြုပြီး ရောင်းချလိုက်ရာ နောက်ဆုံးသန်းကြွယ်သူဌေးကြီးဖြစ်သွားပါပကောလား။ ထိုအချိုရည်မှာ ဥရောပတစ်ခွင်သာမက၊ ယခု မြန်မာပြည်မှာပင် ဝယ်ယူသောက်သုံးနိုင်ပြီဖြစ်တဲ့ "ကိုကာကိုလာ"(Coca Cola) ဖျော်ရည်ပင် ဖြစ်ပါတော့တယ်ဗျာ။ **(စာ-၃)**

ပမာပြန်ဆောင်ပြရရင် ဆရာဝန်သည် သစ်ဖြတ်တုံးများကို မြင်ပြီး ထင်းအဖြစ် အသုံးပြုလျှင် ကောင်းမယ်လို့ အမြင်ရှိသော ထင်းခုတ်သမားနဲ့ မခြားသလို၊ ဆေးစပ် စာရေးလေးမှာ သစ်ဖြတ်တုံးကို ဗုဒ္ဓရုပ်ပွားတော်အဖြစ် ထုဆစ်ကိုးကွယ်လိုက်ရရင် ဘယ်လောက်ကောင်းမလဲ အမြင်ရှိသော ပန်းပုအနုပညာရှင်နှင့် မတူပေဘူးလား။

◈◈◈

မနက်တိုင်း သတင်းစာနောက်ဆုံး စာမျက်နှာမှာ ဖော်ပြထားတဲ့ နာရေးသတင်းတွေ ဖတ်ရတဲ့အခါမှာ သေခြင်း



တရားကို မည်သည့်ဘာသာ၊ မည်သည့်လူမျိုးမဆို ကိုယ်အလွန်ချစ်ခင် တွယ်တာရတဲ့သူတွေ ကွယ်လွန်သွားရင် ရင်ဘတ် စည်တီး ရိုက်ကြီးတငင်နဲ့ ငိုကြွေးမြည်တမ်းကြတာ ဓမ္မတာပဲ။

တချို့ ဘာသာတွေမှာဆိုရင် အဲဒီလို ရင်ဘတ် စည်တီး ရိုက်ကြီးတငင်ငိုကြွေးရင် ကွယ်လွန်သူဟာ ကောင်းကင်ဘုံကို မရောက်ဟူသော အယူရှိကြသဖြင့် ကြိတ်မှိတ်ပြီး ခံစားနေရမှာပါ။ ကိုယ့်မိသားစုထဲမှ တစ်ဦးဦးကွယ်လွန်ပါက ကျန်ရစ်သူ မိသားစုမှာ မဖြေဆည်နိုင်ပါ။ နှစ်၊ လ၊ ရက်ကြာလည်း မမေ့ကြသဖြင့် သတင်းစာတွင် လွမ်းဆွတ်သတိရကြောင်းနဲ့ ပြုသမျှ ကုသိုလ်ကို မျှဝေ ခံစားနိုင်အောင် ဖော်ပြ အမျှဝေခဲ့ကြတယ်။ ဒါကြောင့်လည်း ဆရာတော်ကြီးများက သေခြင်းတရားကို ကိုယ်တိုင်မြင်တွေ့ကြုံလာရင် ခံနိုင်ရည်ရှိအောင်···

"မသာတစ်ခေါက် ကျောင်းဆယ်ခေါက်"

"အသေမဦးခင်၊ ဉာဏ်ဦးကြပါ"လို့ သေခြင်းကို နှလုံးသွင်းကြဖို့ သတိပေး မှာကြားပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ ဖော်ပြလိုက်ပါစေဦး။

ဗုဒ္ဓဝါဒီရဲ့ အမြင်မှာတော့ လူသတ္တဝါတွေဟာ ကိလေသာ တဏှာတို့ကို အကြွင်းမဲ့ မပယ်သတ်နိုင်သေးသမျှ တစ်ဘဝဖြစ်လိုက် သေလိုက်၊ နောက်ဘဝဖြစ်လိုက် သေလိုက်နဲ့ ဘဝသံသရာမှာ အတောမသတ် ကျင်လည်ကြရတယ်။ အဲဒီလို ကျင်လည်ရင်း တစ်ဦးနှင့် တစ်ဦး တွေ့ဆုံကြတယ်။ ချစ်ကြ၊ ခင်ကြ၊ မြတ်နိုးကြ၊ တွယ်တာကြတယ်။


www.burmeseclassic.com

www.burmeseclassic.com

သံယောဇဉ်တွေ နှောင်ဖွဲ့ကြတယ်။ တစ်ဦးနှင့် တစ်ဦး မခွဲမခွာ အတူနေလိုက်ကြတယ်။ ဒါပေမယ့်လည်း သေခြင်းတရားဟာ လူသတ္တဝါတိုင်းဆီကို ရောက်လာပြီး တစ်ဦးနဲ့ တစ်ဦးဟာလည်း ခွဲခွာကြရတာပဲ။ ဒီလို ခွဲခွာရတဲ့အခါမှာ အင်မတန်မှ သောက ပရိဒေဝတွေ ဖြစ်ရတယ်။ ဖြေဆည် မရနိုင်ဖြစ်ရတယ်။ ခံစားရတဲ့ ဝေဒနာဟာ ပြင်းထန်လွန်းလို့ ရင်ဘတ် စည်တီး ရှိုက်ကြီးတငင်လည်း ဖြစ်ရတယ်။

အဲဒီလို ရင်ဘတ်စည်တီး ရှိုက်ကြီးတငင် မငိုကြွေးရ လေအောင် သေခြင်းတရားကို ဆင်ခြင် တွေ့မြင်ထားသော မိသားစုရဲ့ ဇာတကတစ်ခုနဲ့ ဖော်ပြလိုက်ပါရစေ။

ဇာတက တစ်နေရာမှာ အင်မတန်မှ ချစ်ခင်မြတ်နိုး ရတဲ့သူကို ခွဲခွာရပေမယ့် တမ်းတ ငိုကြွေးခြင်း မပြုကြဘဲ ဖြေဖြေဆည်ဆည်နေနိုင်ကြတဲ့ မိသားစုကလေးတစ်ခုကို ဖော်ပြထားပုံက ဒီလိုပါ။

◈◈◈

လယ်လုပ်ခြင်းဖြင့် အသက်မွေးတဲ့ လယ်သမားပုဏ္ဏား ကြီး လင်မယားမှာ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိ တယ်။ ပြီးတော့ အိမ်ဖော်မလေး တစ်ယောက်လည်း သူတို့ နဲ့ အတူရှိတယ်။ သားဖြစ်သူ အရွယ်ရောက်တဲ့အခါမှာ အိမ်မှာ လူတစ်ဦးတိုးလာတယ်။ ဘာလဲဆိုတော့ ပုဏ္ဏားကြီး က သားကို အမျိုးတူထဲက မိန်းကလေးတစ်ဦးနဲ့ လက်ထပ် ထိမ်းမြားပေးပြီး တစ်အိမ်တည်းမှာပဲ အတူနေကြတဲ့အတွက် အိမ်သားစုစုပေါင်း ၆ဦးဖြစ်သွားတယ်။

ပုဏ္ဏားကြီးဟာ ပညာအမြော်အမြင်ရှိတယ်။ အဝေး ကို ရောက်တဲ့ ကျယ်ပြန့် နက်နဲတဲ့ မြော်ခေါ် ရှုမြင်မှု ရှိသူ ဖြစ်တယ်။ ဒါကြောင့် ပုဏ္ဏားကြီးက အိမ်သူအိမ်သားတွေ ကို···

"သင်တို့ တတ်နိုင်သမျှ အလှူဒါနကို ပြုကြ၊ သီလ မြဲအောင် စောင့်ကြ၊ သေခြင်းတရားကို အောက်မေ့ခြင်းလည်း ပြုကြ၊ သတ္တဝါတွေအားလုံးဟာ သေရမယ့်သူတွေချည်းဖြစ် တယ်။ သေခြင်းဟာ မြဲတယ်။ အသက်ရှင်ခြင်းကတော့ မမြဲဘူး။ ခပ်သိမ်းသော သင်္ခါရတရားတွေဟာ အနိစ္စသဘော ရှိကြတယ်။ ကုန်ခြင်း၊ ပျက်ခြင်းသဘောရှိတယ်။ ဒီသဘော တွေကို နေ့မှာရော၊ ညဉ့်မှာပါ သတိမမေ့ကြပါနဲ့"

လို့ ဆုံးမစကားဆိုတယ်။ အိမ်သားတွေကလည်း ရို သေစွာ လိုက်နာပြီး ဆင်ခြင်ကြ၊ ပွားများကြတယ်။

တစ်နေ့မှာ ဖခင် ပုဏ္ဏားကြီးနဲ့ သားဖြစ်သူဟာ လယ်ထွန်သွားကြပါတယ်။

ဖခင် ပုဏ္ဏား လယ်ထွန်နေခိုက်မှာ သားဖြစ်သူက အမှိုက်သရိုက်တွေကို စုပြီး တစ်နေရာမှာ မီးပုံရှို့နေတယ်။ မီးရှို့တာဟာ တောင်ပို့တစ်ခုအနားမှာဆိုတော့ အဲဒီ တောင်ပို့ ထဲမှာ နေတဲ့ မြွေဟာ ထွက်လာပြီး သားဖြစ်သူကို ကိုက် တယ်။ အင်မတန် အဆိပ်ပြင်းတဲ့ မြွေရဲ့ အကိုက်ကို ခံရတဲ့ အတွက် သားဟာ ချက်ချင်းပဲ နောက်ပြန်လဲကျသွားတယ်။ သားဖြစ်သူ ဒီလို လဲကျတာကို လယ်ထွန်နေတဲ့ ဖခင် ပုဏ္ဏားကြီးက မြင်လိုက်တယ်။

ဖခင် ပုဏ္ဏားက နွားတွေကို ထားခဲ့ပြီး လျင်မြန်စွာပဲ သားဆီကို ပြေးသွားပါတယ်။ သားဆီရောက်လို့ သားကို ထူမပြီး ဖြစ်ပုံကို စုံစမ်းတဲ့အခါမှာ မြွေကိုက်ခံရကြောင်း သိရတယ်။ အဆိပ်ပြင်းတဲ့အတွက် သားဖြစ်သူက အသက် ကုန်နေပါပြီ။

ဖခင် ပုဏ္ဏားကြီးဟာ သားအလောင်းကို ချီယူခဲ့ပြီး တော့ တစ်ခုသော သစ်ပင်ရင်းမှာ သေချာစွာ ထားတယ်။

ဖခင် ပုဏ္ဏားကြီးဟာ သူ အလွန်ချစ်သော၊ အားကိုး သော၊ မြတ်နိုးသော သားဖြစ်သူ သေတာကို မငိုမယိုပါဘူး။ မျက်ရည်မကျပါဘူး။ ဖြေဆည်နိုင်ပါတယ်။ ဘာကြောင့် ဖြေ ဆည်နိုင်သလဲဆိုတော့ "ပျက်စီးတတ်သော သဘောရှိသော ဝတ္ထုသည်ကား ပျက်စီး၏။ သေတတ်သော သဘောရှိသော ဝတ္ထုကား သေ၏။ ခပ်သိမ်းသော သင်္ခါရတို့သည် အနိစ္စဖြစ် ကုန်၏။ သေခြင်းလျှင် နောက်ဆုံး ရှိကုန်၏"တဲ့။ ဒီလို အနိစ္စရဲ့ သဘောကို ဆင်ခြင်နိုင်သူ ဖြစ်လို့ပါပဲ။ ဒီလို ဆင်ခြင်ပြီး ပုဏ္ဏားကြီးဟာ ဆက်လက် လယ်ထွန်နေပါ တယ်။

မကြာခင်မှာ ပုဏ္ဏားကြီး ထွန်နေတဲ့ လယ်အနီးကနေ ဖြတ်ပြီး လျှောက်သွားတဲ့ အိမ်နီးချင်း ယောက်ျားတစ်ဦးကို ပုဏ္ဏားကြီး လှမ်းမြင်တယ်။ ဒီတစ်ခါမှာ ပုဏ္ဏားကြီးက အဲဒီ ယောက်ျားကို လှမ်းခေါ်တယ်။ အိမ်နီးချင်းယောက်ျား ရောက် လာတဲ့အခါ မိမိအိမ်ကို ပြန်ပေးနိုင်ပါသလားလို့ မေးတယ်။ အိမ်နီးချင်း ယောက်ျားက ပြန်ပေးနိုင်ကြောင်း ပြောတယ်။ ဒီတစ်ခါမှာ ပုဏ္ဏားကြီးက···

"အမောင် ငါ့အိမ်ကို ရောက်တဲ့အခါ ငါ့ရဲ့ မယားဖြစ်သူ ပုဏ္ဏေးမကို ပြောပါ။ အခါတိုင်းနေ့ နှစ်ယောက်စာ ထမင်းကို ယူမလာပါနဲ့တော့၊ တစ်ယောက်စာ ထမင်းကိုပဲ ယူခဲ့ပါ။ ပြီးတော့ အခါတိုင်းလို အိမ်ဖော်မလေးကို ထမင်းမပို့နိုင်းဘဲ အိမ်မှာရှိတဲ့သူအားလုံး လယ်တောကို လာခဲ့ကြပါ။ လာတဲ့ အခါမှာ စင်ကြယ်တဲ့ အဝတ်အစားကို ဝတ်ဆင်ပြီး ပန်းနံ့သာ



www.burmeseclassic.com

www.burmeseclassic.com

တို့ကို ယူခဲ့ပါလို့ ပြောပါ"

စသည်ဖြင့် မှာလိုက်တယ်။

အိမ်နီးချင်း ယောက်ျားဟာ ပြန်သွားပြီးတဲ့နောက် ပုဏ္ဏားကြီး မှာလိုက်တဲ့အတိုင်း ပုဏ္ဏေးမကို ပြောပြပါတယ်။ ပုဏ္ဏေးမကြီးဟာ...

"သြော်...ငါ့သားတော့ အကြောင်းတစ်ခုခုကြောင့် သေပြီ"

လို့ နားလည်လိုက်ပါတယ်။ ဖော်ပြခဲ့တဲ့ ပုဏ္ဏားကြီးရဲ့ အဆုံးအမကြောင့် မိခင်ဖြစ်တဲ့ ပုဏ္ဏေးမကြီးဟာလည်း သားသေတာကို သိပေမယ့် ဖြေဆည်နေနိုင်ပါတယ်။

ပုဏ္ဏေးမကြီးဟာ ပုဏ္ဏားကြီးမှာတဲ့အတိုင်း ပန်းနံ့သာတို့ကို ယူဆောင်ပြီး သမီး၊ ချွေးမ၊ အိမ်ဖော်မလေးတို့နဲ့ အတူ လယ်တောကို သွားပါတယ်။ လယ်တောကို ရောက်တဲ့အခါမှာ သစ်ပင်တစ်ပင်ရဲ့ ခြေရင်းမှာ သေလွန်ခဲ့ပြီဖြစ်တဲ့ မိမိ လွန်စွာချစ်မြတ်နိုးတဲ့ သားကို ပုဏ္ဏေးမကြီး မြင်တွေ့ရတယ်။ သာမန်လူတွေအတွက်တော့ ဒီမြင်ကွင်းဟာ ကြေကွဲ ဆွေးမြည့်စရာ မြင်ကွင်းဖြစ်မှာပါပဲ။ ဘာပြုလို့လဲဆိုတော့ ပုဏ္ဏားနဲ့ ပုဏ္ဏေးမကြီးအတွက် သားကို ခွဲခွာရတာ ဖြစ်တယ်။ နှမအတွက်လည်း အစ်ကိုကို ခွဲခွာရတာ ဖြစ်တယ်။ မယားအတွက်လည်း လင်ကို ခွဲခွာရတာ ဖြစ်တယ်။ အိမ်ဖော်မကလေးအတွက် အရှင်သခင်ကို ခွဲခွာရတာ ဖြစ်တယ်ဆိုတော့ အောက်မေ့ တသဖွယ်တွေ ပေါင်းဆုံနေတဲ့ မြင်ကွင်း ဖြစ်နေလို့ပါပဲ။

ဒါပေမယ့် သေခြင်းရဲ့သဘောကို ကြိုတင် ဆင်ခြင်ပြီး သိမြင်သဘောပေါက်ထားသူတွေဖြစ်တဲ့အတွက် ဘယ်သူမှ မျက်ရည်မကျအောင် မငိုအောင် ဖြေဆည်နေနိုင်ကြပါတယ်။

ဖခင်ပုဏ္ဏားကြီးဟာ မိမိသားကို လဲသိပ်ထားတဲ့ သစ်ပင်ရင်းအနီးမှာပဲ ထိုင်ပြီး အိမ်က ဆောင်ယူလာတဲ့ ထမင်းကို အေးဆေးစွာပဲ စားတယ်။ ထမင်းစားပြီးတဲ့အခါမှာ ပုဏ္ဏားကြီးနဲ့တကွ အိမ်သူအိမ်သားတွေဟာ သားသေအလောင်းကို မီးသင်္ဂြိုဟ်ဖို့ ထင်းတွေ ရှာဖွေ စုပုံကြတယ်။ ထင်းတွေ အလုံအလောက် စုပုံပြီးတဲ့အခါမှာ ထင်းပုံပေါ်ကို သားသေအလောင်းကို တင်လိုက်တယ်။ အဲဒီနောက် ပန်းနံ့သာတို့နဲ့ ပူဇော်ပြီး မီးသင်္ဂြိုဟ်ကြပါတယ်။ မီးသင်္ဂြိုဟ်ရင်း သေခြင်းရဲ့ သဘောကို ကောင်းစွာ ပွားများဆင်ခြင်နေမိကြတဲ့အတွက် ဘယ်သူမှ မျက်ရည်ပေါက်ကြီးငယ် မကျကြပါဘူး။ တည်ငြိမ်စွာနဲ့ မီးသင်္ဂြိုဟ်နေကြပါတယ်။ မီးသင်္ဂြိုဟ်နေတဲ့အချိန်မှာ ပုဂ္ဂိုလ်တစ်ဦး သူတို့အနီးကို ရောက်လာပါတယ်။ အဲဒီပုဂ္ဂိုလ်က သူတို့ကို...

"သင်တို့ ဘာလုပ်နေကြတာလဲ"

လို့ မေးတယ်။ တစ်ယောက်သောသူက သင်္ဂြိုဟ်နေတာဖြစ်တဲ့အကြောင်း ဖြေကြတယ်။ ဒီအခါမှာ မေးတဲ့သူက...

"သင်တို့ဟာ လူကို မီးသင်္ဂြိုဟ်တာနဲ့ မတူဘူး။ သမင်တစ်ကောင်ကို သတ်ပြီး မီးဖုတ်နေတာနဲ့ တူနေပါကလား"

လို့ ဆိုပါတယ်။ ဒီလို ဆိုမယ်ဆိုရင်လည်း ဆိုစရာပါပဲ။ ဘာကြောင့်ဆိုတော့ ရင်ဘတ်စည်တီး ရှိုက်ကြီးတငင်နဲ့ ပူဆွေးငိုကြွေးနေတာမျိုးကို ဘယ်သူတစ်ယောက်မှာမှ မမြင်တွေ့ရဘဲကိုး။

"သမင်ကို မီးဖုတ်တာ မဟုတ်ပါဘူး။ လူကို သင်္ဂြိုဟ်နေတာပါ"

လို့ ပြန်ပြောပါတယ်။ ဒီအခါမှာ တစ်ဖက်သူက...

"ဒါဆိုရင် ဒီလူဟာ သင်တို့ရဲ့ ရန်သူ ဖြစ်ရမယ်"

လို့ ဆိုတယ်။ ပုဏ္ဏားကြီးက...

"ရန်သူမဟုတ်ပါဘူး။ ကျွန်ုပ်ရဲ့ သားပါ"

လို့ ပြောတယ်။

"သားဆိုရင်လည်း သင်တို့မုန်းတဲ့ သားဖြစ်မှာပဲ"

လို့ ဆိုတယ်။ ပုဏ္ဏားကြီးက...

"မုန်းတဲ့သား မဟုတ်ပါဘူး။ အလွန့်အလွန်ချစ်ရတဲ့ သားဖြစ်ပါတယ်"

လို့ ပြောတယ်။ ဒီအခါမှာ တစ်ဖက်သူက...

"အလွန်ချစ်ရတဲ့ သားဖြစ်ပါလျက်နဲ့ ဒီသားကို မီးသင်္ဂြိုဟ်နေတဲ့အခါမှာ ဘာကြောင့် သင်တို့ မငိုကြတာလဲ"

လို့ မေးပြန်ပါတယ်။ ပုဏ္ဏားကြီးက အေးဆေးတည်ငြိမ်စွာနဲ့...

"မြွေဟာ အရေဟောင်းကို စွန့်သွားသလို ကျွန်ုပ်ရဲ့ သားဟာလည်း သူ့ကိုယ်ကို စွန့်သွားတာပါပဲ။ စွန့်သွားလို့ ကျန်ခဲ့တဲ့ ရုပ်ခန္ဓာကိုယ်ဟာ ဘာခံစားမှုမှ မရှိတော့ပါဘူး။ ဒီခံစားမှု မရှိတဲ့ ခန္ဓာကိုယ်ကို မီးသင်္ဂြိုဟ်တာပါ။ သားဖြစ်သူဟာ သေလွန်ပြီး တမလွန်ဘဝကို သွားခဲ့ပြီ။ ဒါကြောင့် ကျန်ခဲ့တဲ့သူတွေ ဘယ်လောက်ပဲ ငိုကြွေးကြပေမယ့် အဲဒီ ငိုကြွေးတာကို မသိနိုင်တော့ပါဘူး။ ကျွန်ုပ်သားမှာ သွားရမယ့် ဂတိတွေ ရှိတယ်။ သွားရမယ့် ဂတိကို သွားခဲ့ပြီဖြစ်တဲ့အတွက် ကျွန်ုပ် စိုးရိမ်ပူဆွေးမဖြစ်ပါဘူး"

လို့ ဖြေတယ်။ ပုဏ္ဏားကြီး ဖြေဆိုတာကို နားထောင်ပြီးတဲ့အခါမှာ အဲဒီပုဂ္ဂိုလ်က ပုဏ္ဏေးမကြီးဆီ လှည့်ပြီး...



www.burmeseclassic.com

www.burmeseclassic.com

"သေတဲ့သူနဲ့ သင်နဲ့ ဘယ်လိုတော်စပ်ပါသလဲ"

လို့ မေးတယ်။

"ကျွန်ုပ်ရဲ့ သားပါ။ ဆယ်လပတ်လုံး ကျွန်ုပ်ဝမ်းမှာ လွယ်ပြီး မွေးခဲ့တဲ့ သားဖြစ်ပါတယ်"

လို့ ဖြေတယ်။

"ပုဏ္ဏားကြီးကတော့ ယောက်ျားဖြစ်လို့ စိတ်ခိုင်သူဖြစ်လို့ မငိုကြွေးဘဲ နေနိုင်တယ် ထားပါတော့။ စိတ်နှလုံး နူးညံ့သိမ်မွေ့တဲ့ သင်ကကော ကိုယ့်သားသေတာတောင် ဘာလို့ မငိုကြွေးတာလဲ"

လို့ မေးတယ်။ ပုဏ္ဏေးမကြီး ဖြေပုံက အင်မတန် မြတ်နိုးဖွယ်ကောင်းလှပါတယ်။

"ကျွန်ုပ်ရဲ့ သားဟာ မခေါ်ဘဲ ဘဝတစ်ပါးကနေ လာခဲ့တဲ့သူပါ။ အခုလည်း ဘဝတစ်ပါးကို သူပြောင်းသွားတာဟာ သူ့ကို ကျွန်ုပ်တို့က "ဘဝတစ်ပါးကို သွားတော့"လို့ နှင်လွှတ်လို့ သူသွားတာလည်း မဟုတ်ပါဘူး။ မသွားပါနဲ့လို့ တားနေတဲ့အထဲက တမင်ထွက်ခွာသွားတာလည်း မဟုတ်ပါဘူး။ အလိုအလျောက်လာပြီး အလိုအလျောက် ထွက်ခွာသွားသလိုပါပဲ။ သားဟာ ဘဝတစ်ပါးမှ လာပြီး အခြားဘဝတစ်ပါးကို ပြောင်းသွားပါတယ်။ ဒီလို ဘဝတစ်ပါးကို ပြောင်းသွားတတ်တဲ့ သဘောရှိလို့ ပြောင်းသွားပြီဖြစ်တဲ့ သားအတွက် ပူပင်သောကနဲ့ ငိုကြွေးခြင်းဟာ ဘာအကျိုးမှ မရှိပါဘူး။ ကျန်ရစ်ခဲ့သူ ငိုကြွေးကြတာကိုလည်း သားဖြစ်သူဟာ မသိနိုင်တော့ပါဘူး။ ဒါကြောင့် ကျွန်ုပ် မငိုကြွေးခြင်း ဖြစ်ပါတယ်"

မိခင် ပုဏ္ဏေးမကြီး ဖြေဆိုတာကို နားထောင်ပြီးတဲ့ အခါမှာ အဲဒီပုဂ္ဂိုလ်က နှမဖြစ်သူကို…

"ဘာကြောင့် သေသူမောင်အတွက် သင်က မငိုတာပါလဲ" လို့ မေးတယ်။ နှမဖြစ်တဲ့ မိန်းကလေးက…

"သေတဲ့ မောင်အတွက် ပူပင်သောကတွေနဲ့ ဆွေးဆွေးမြည့်မြည့် ငိုယိုနေမယ်ဆိုရင် ခန္ဓာကိုယ် ညှိုးလျှ နွမ်းနယ်ရတဲ့အဖြစ်ပဲ ကျွန်မမှာ ရှိမှာပါ။ ပြီးတော့ ဒီလို ငိုယိုနေခြင်းဟာ အနီးဝန်းကျင်က ချစ်တဲ့ ခင်တဲ့သူတွေကို အနှောင့်အယှက်ဖြစ်စေနိုင်တယ်။ သေတဲ့သူ သေခဲ့ပြီ။ သူသွားရမယ့် ဂတိကို သွားခဲ့ပြီ။ ကျန်ရစ်သူရဲ့ ငိုကြွေး တမ်းတသံတွေကိုလည်း မကြားနိုင်တော့ပါဘူး။ ဒါကြောင့် ငိုယိုခြင်းဟာ အကျိုးမဲ့ဖြစ်စေတယ်လို့ သိမြင်ပြီး ကျွန်မ မငိုတာပါ"

လို့ ပြောပြတယ်။

အဲဒီနောက် မေးတဲ့ ပုဂ္ဂိုလ်က မယားဖြစ်သူကို…

"သင်ဟာ အခု မုဆိုးမ ဖြစ်ရပြီ။ သင့်မှာ ခိုကိုးရာမရှိ ဖြစ်ရပြီ။ ဒါနဲ့လည်း သင် ဘာကြောင့် မငိုတာလဲ"

လို့ မေးတယ်။ မယားဖြစ်တဲ့ မိန်းကလေးက…

"သေသွားတဲ့သူကို တမ်းတပြီး ငိုတဲ့သူဟာ လစန္ဒာကို လိုချင်လို့ တမ်းတပြီး ငိုတာနဲ့ တူပါတယ်။ အခု မီးဖုတ်သင်္ဂြိုဟ်ထားတဲ့ ကျွန်မရဲ့ လင်ယောက်ျားကိုလည်း ဘယ်လောက် တမ်းတပြီး ငိုနေပေမယ့် ပြန်ရှင်လာမှ မဟုတ်တော့ပါဘူး။ အားကိုးရာအဖြစ် ပြန်လာမှာလည်း မဟုတ်ပါဘူး။ ဒီတော့ မဖြစ်နိုင်၊ မရနိုင်တာကို ငိုယိုနေခြင်းဟာ အချည်းနှီးပဲဆိုတာကို သဘောပေါက်တဲ့အတွက် မငိုပါဘူး"

လို့ ပြောပြတယ်။ တစ်ဖက် ပုဂ္ဂိုလ်ဟာ အိမ်ဖော်မကလေးကိုလည်း ဒီလိုမေးပါတယ်။

"သင့်ရဲ့ အရှင်သခင်သေတာကို ဘာကြောင့် မငိုတာလဲ။ သင့်ကို ရိုက်ပုတ် ညှဉ်းဆဲတတ်တဲ့ အရှင်သခင်ရဲ့ လက်က အခုတော့ ငါ လွတ်ပြီဆိုတဲ့ အတွေးနဲ့ ဝမ်းသာနေလို့ သင် မငိုဘဲ နေလေရော့သလား"

လို့ မေးတော့ အိမ်ဖော်မလေးက…

"ဒီလို မပြောသင့်ပါဘူး။ ကျွန်ုပ်ရဲ့ အရှင်သခင်ဟာ ကျွန်မအပေါ်မှာ အလွန်ချစ်ကြင်နာစွာနဲ့ ဆက်ဆံခဲ့သူ၊ ကျွန်မကို သမီးသဖွယ် စောင့်ရှောက်ခဲ့သူဖြစ်တယ်"

"ဒါနဲ့များ ဘာကြောင့် သင့်အရှင်သခင် သေတာကို မငိုတာလဲ"

"အစိတ်စိတ်အမြွှာမြွှာ ကွဲပျက်ကြေမွသွားတဲ့ ရေအိုးကို တစ်ဖန်ပြန်ပြီး အိုးကောင်းဖြစ်အောင် ဆက်စပ်လို့ မရနိုင်ပါဘူး။ ဒီလို မရနိုင်တာကို မရနိုင်ကောင်းလား ဆိုပြီး ပူပင်သောကနဲ့ ငိုယိုခြင်းဟာ အချည်းအနှီးဖြစ်သလိုပါပဲ။ ဘဝတစ်ပါးကို ပြောင်းသွားတဲ့ ကျွန်မ အရှင်သခင်ဟာလည်း ပြန်ပြီး အသက်ရှင်လာဖို့ မဖြစ်နိုင်တော့ပါဘူး။ ဒီလို မဖြစ်နိုင်ပါလျက်နဲ့ ငိုယိုတမ်းတနေခြင်းဟာ အချည်းနှီးဖြစ်ပါတယ်။ ဒီသဘောကို သိမြင်ထားတဲ့အတွက် ကျွန်မ မငိုခြင်း ဖြစ်ပါတယ်"

လို့ ပြန်ဖြေတယ်။

မေးတဲ့ ပုဂ္ဂိုလ်ဟာ အဖြေတွေအားလုံးကို နှစ်သက်ကျေနပ်သွားပါတယ်။

ချစ်ခင်မြတ်နိုးရသူနဲ့ ခွဲခွာရတဲ့ အိမ်သူအိမ်သား ၆ဦးတို့ရဲ့ ဖြေဆည်ပုံဟာ မြတ်နိုးစရာပါပဲ။ ဖြေဆည်ဖို့ အင်မတန်ခက်တာကို ဖြေဆည်နိုင်ကြတဲ့ မိသားစု ၅ဦးရဲ့ ဖြေဆည်ပုံတွေဟာ နှစ်သက်ဖွယ်ရာ ကောင်းလှပါတယ်။


www.burmeseclassic.com

www.burmeseclassic.com

အိမ်သား ၅ယောက်ရဲ့ ဖြေဆည်ပုံကို ကြားယောင်မိရင် ခွဲခွာရခြင်းကြောင့် ဖြစ်ရတဲ့ ပူပန်သောကတွေနဲ့ ပင်ပန်းနွမ်းနယ်ခြင်းကို ရေကြည် ဒရပေါက်ကလေးတွေ ဖျန်းပက်ပြီး နှစ်သိမ့်ခံရသလိုပါပဲ။ သက်သာရာရခဲ့ပါတယ်။

"မမျှော်လင့်ဘဲ ဖြုန်းခနဲ ဖောက်လွဲသေနိုင်၏" ဆိုတာလို၊ အတူတူနေရင်းက မိမိချစ်ခင်မြတ်နိုးသူဟာ မိမိဘဝထဲက ရုတ်တရက် ပျောက်ကွယ်သွားတာမျိုး၊ တစ်ချိန်မှာ ပျော်ရွှင်ချမ်းမြေ့စွာနဲ့ နေကြဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တစ်ဦးနဲ့ တစ်ဦး ခေတ္တခွဲခွာပြီး ကြီးပွားအောင်၊ ပြည့်စုံအောင် အပန်းတကြီး ကြိုးစား လုပ်ဆောင်နေတုန်း မမျှော်လင့်ဘဲ အပြီးတိုင် ခွဲခွာလိုက်ရတဲ့ အဖြစ်မျိုး။ မိမိချစ်သူ၊ မြတ်နိုးသူကို ပြုစု စောင့်မနိုင်၊ စောင့်ရှောက်ကျွေးမွေးနိုင်ခြင်း မရှိမီ ထာဝရ ခွဲခွာလိုက်ရတဲ့ အဖြစ်မျိုး၊ စောင်မ ကြည့်ရှု ကူညီကျွေးမွေးပြုစုနိုင်ပါလျက် စောင်မ ကြည့်ရှု ကူညီပြုစု ကျွေးမွေးခွင့် မရလိုက်မီ ဖြုန်းခနဲ အပြီးတိုင် ခွဲခွာရတဲ့ အဖြစ်မျိုးတွေဟာ အဖြေဆည်ရ ခက်လွန်းမှာပါပဲ။ နောင်တတစ်ဖန်တွေနဲ့ အခံရခက်လွန်းမှာပါပဲ။ ခွဲခွာရခြင်းသဘောကို ကြိုတင်ဆင်ခြင်ထားနိုင်ကြတဲ့အတွက် ပုဏ္ဏားကြီးနဲ့ မိသားစုတို့ ရခဲ့ကြတဲ့ ဖြေဆည်ရာမျိုးကို ရနိုင်ရင် ဘယ်လောက်ကောင်းလိုက်လေမလဲလို့ တောင့်တမိပါတယ်။ (စာ-၄)

◈◈◈

အထက်ဖော်ပြပါ ပုဏ္ဏားကြီးမိသားစုလို မိမိချစ်ခင်တွယ်တာရတဲ့ သား ကွယ်လွယ်သွားတာကို တရားသဘောနဲ့ ရှုမြင်သုံးသပ်ပုံလေးကို အားကျမိမဆုံးပါ။ ကိုယ့်အလှည့်ရောက်ရင် ကိုယ်ချစ်ခင် တွယ်တာရသော မိဘ၊ ချစ်ဇနီး၊ ခင်ပွန်း၊ မောင်နှမ၊ သားသမီးများ ကွယ်လွန်အနိစ္စရောက်ခဲ့ပါရင် ပုဏ္ဏားကြီးတို့မိသားစုလို တရားသဘောနဲ့ သေခြင်းကို ရှုမြင်နိုင်ပါ့မလားလို့ စဉ်းစားရင်း ပုဏ္ဏားကြီးတို့ မိသားစုကို သာဓုအကြိမ်ကြိမ်ရှုတ်ဆိုရင်း သေခြင်းတရားကို ကြိုတင် နှလုံးသွင်းပြီး ပုဏ္ဏားကြီး မိသားစုကဲ့သို့ ဖြေဆည်နိုင်အောင် အထူးကြိုးစားလေ့ကျင့် နှလုံးသွင်းရဦးမှာပါလား။

* * *

အောင်တင်ဝင်း

(B.Sc, H.G.p, R.L)

စာကိုး

- အနေခက်အောင် ကူညီသူများ (ဆရာ နန္ဒာသိန်းဇံ)။
- အကြံဉာဏ်ဖြင့် ကြီးပွားရေး (ရွှေဥဒေါင်း)။
- ဖြေဆည်ရာ (ဆရာ နန္ဒာသိန်းဇံ)။


သင့်ဘဝကို ဖြန့်နှံ့းဖြင့် အောင်မြင်ချင်တယ်ဆိုရင်

ခေတ္တရာဆရာကျော်

[အာ ကာ သနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်]

နှင့် ဆွေးနွေးတိုင်ပင်ဖို့ မမေ့ပါနှင့်.....

သင့်ဘဝတိုးတက်ပြောင်းလဲစေမည့် အချိန်ကောင်း။

အခါကောင်းကို ဆရာက တိတိကျကျသိနေသည်။

သင့်ဘဝတက်လမ်းတံခါးကို ဆရာကူညီ၍ ဖွင့်ပေးမည်။

ဟောစာတမ်း၊ အမည်ပေး ပို့ပေးသည်။

Open Daily

အမှတ် (၁၄၃၂)၊ ဂန္ဓမာလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၅၈၄၆၄၂၊ ၀၉-၇၃၁၀၆၃၅၄၊ ၀၉-၂၅၀၂၇၃၆၈၇




www.burmeseclassic.com

www.burmeseclassic.com

# အကြံအောင်ဂါထာ

## အောင်ဘုန်းမြင့် (ကချင်မြေ)



ငှက်မှန်သမျှသည် ပျံရင်းနှင့် အသက်ဝမ်းကျောင်းရသလို၊ လူမှန်သမျှသည်လည်း ကြံစည်အားထုတ်ကြရင်းဖြင့် ဘဝကို တည်ဆောက်ကြရ၏။ လူသားတိုင်း ရည်မှန်းချက်ပန်းတိုင်အမျိုးမျိုးထား၍ ဘဝတစ်လျှောက်လုံး ကြံစည်အားထုတ်ကြသော်လည်း အကြံအောင်သူများကား လွန်စွာနည်းပါးလှ၏။ ရာခိုင်နှုန်း ၁၀၀ အထိ ရည်မှန်းချက်အောင်မြင်သူများဟူ၍ လုံး၀ မရှိပါ။

ကမ္ဘာ့လူဦးရေသန်းပေါင်း ခုနစ်ထောင်ရှိသည့်အနက် ၇၅ရာခိုင်နှုန်းအထိ အောင်မြင်သူများသည်ပင် အရေအတွက် လွန်စွာနည်းလှ၏။ သုတေသီများ၏ အဆိုအရ ကမ္ဘာတွင် အအောင်မြင်ဆုံး ပုဂ္ဂိုလ်များကို စုပေါင်း သုတေသနပြုလုပ်လေ့လာခဲ့ရာ၌ မိမိတို့၏ ရည်မှန်းချက်အကြံအစည် ၅၀ ရာခိုင်နှုန်းအထိ အောင်မြင်ခဲ့သူဟူ၍ မတွေ့ရ ဟူ၏။ လူ့အလို နတ်မလိုက်နိုင်ဟူ၍လည်း ရှိပါသည်။

သို့ဖြစ်သောကြောင့် မိမိတို့၏ ဘဝတွင် ရည်မှန်းချက်အကြံအစည်များ ရာနှုန်းပြည့် မအောင်မြင်နိုင်ပေမယ့် အတိုင်းအတာတစ်ခုအထိ အောင်မြင်ဖြစ်ထွန်းစေနိုင်မည့် အကြံအောင် ဂါထာတော်ကို ဘဝအောင်မြင်ရေးအကြံရှိသူများအတွက် ရေးသားတင်ပြလိုက်ရပါသည်။

### အကြံအောင် ဂါထာတော်

စိန္တိတေ စိန္တိတေ ဌာနေ၊
ဇိတံ ဇိတံ ဥပဂုတ္တံ၊
နမာမိ မဟာထေရံတံ၊
မမ စိန္တာ သမိဇ္ဈတု။ ။

အထက်ပါ အကြံအောင် ဂါထာတော်ကို နေ့စဉ် ယုံယုံကြည်ကြည်ဖြင့် အားထား၍ ကိုးခေါက်ရွတ်ဆို ပူဇော်ပေးခြင်းဖြင့် မိမိတို့ အလိုရှိသော အကြံအစည်များ အောင်မြင် ဖြစ်မြောက်စေနိုင်သည်။ ယုံကြည်မှု အားကောင်းလျှင် ဂါထာမှန်သမျှ အစွမ်းထက်စေနိုင်ပါသည်။

အကြံအောင် ဂါထာတော်ကို နေ့စဉ် သက်စေ့ ရွတ်ဆိုပေးနိုင်ပါက မဟာလုပ်ငန်းကြီးများ၊ နှစ်ရှည်လုပ်ငန်းများ၊ တီထွင်ဆန်းသစ်မှု လုပ်ငန်းသစ်များ၊ စီမံကိန်းလုပ်ငန်းကြီးများ၊ ကုမ္ပဏီလုပ်ငန်းများ၊ ငွေကြေးအရင်းအနှီး ကြီးမားသော လုပ်ငန်းများကို ပြည့်စုံ အောင်မြင်စေနိုင်ပါလိမ့်မည်။ အကြံအောင် ဂါထာတော်ကို အမြဲတမ်း ဖယောင်းတိုင်ထွန်း၍လည်း ရွတ်ဆို ပူဇော်နိုင်ပါသည် ■

* * *

အောင်ဘုန်းမြင့်(ကချင်မြေ)



www.burmeseclassic.com

www.burmeseclassic.com



Van Hanh Zen ဘုန်းတော်ကြီးကျောင်းရှိ ဗုဒ္ဓရုပ်ပွားတော်
ဗီယက်နမ်နိုင်ငံ။

www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာတစ်လွှား
# ဗုဒ္ဓဆင်းတုတော်များ

မောင်သာ (ရှေးဟောင်း)

ဗုဒ္ဓဘာသာသည် ကမ္ဘာပေါ်တွင် စတုတ္ထမြောက် ကိုးကွယ်မှု အများဆုံးဘာသာဖြစ်ပြီး ဗုဒ္ဓဘာသာ၏ မူလ အရင်းအမြစ်သည် အိန္ဒိယနိုင်ငံအရှေ့ပိုင်းဒေသဖြစ်သည်။ အိန္ဒိယနိုင်ငံမှ သာကီနွယ်ဝင် မင်းသားပျို "သိဒ္ဓတ္ထဂေါတမ" သည် ဘုရားအဖြစ်သို့ ရောက်တော်မူချိန်မှစ၍ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာ စတင်ပေါ်ထွန်းခဲ့ပြီး နောက်ပိုင်းတွင် အာရှတိုက်နှင့် ကမ္ဘာ့နေရာအနှံ့သို့ ပျံ့နှံ့ရောက်ရှိသွားခဲ့သည်။

ဗုဒ္ဓ၏ တရားတော်များ ပေါ်ထွန်းလာသည်နှင့် ရဟန်းတော်များလည်း ပေါ်ထွန်းလာခဲ့ပေရာ၊ ရဟန်းတော်တို့ သီတင်းသုံးနေထိုင်ရန် ဘုန်းတော်ကြီးကျောင်းများကိုလည်း တည်ဆောက်ကြရသည်။ ထိုဗုဒ္ဓဘုန်းတော်ကြီးကျောင်းများတွင် ဗုဒ္ဓဘာသာဝင်တို့ ရှိခိုး ပူဇော်နိုင်ရန် ဗုဒ္ဓဆင်းတုတော်များကို ထုလုပ် ပူဇော်ထားလေ့ ရှိလာခဲ့သည်။ ဗုဒ္ဓဘုရားရှင်ကို ကြည်ညိုလေးမြတ်စွာ ကိုးကွယ်မှုကြောင့် ကမ္ဘာ့နိုင်ငံအများအပြားတွင် ဗုဒ္ဓဆင်းတုတော်များကို တွေ့ရှိနိုင်ကြပေသည်။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဆင်းတုတော်များကို တစ်နိုင်ငံလုံးအနှံ့ အိမ်များ၊ ကျောင်းများ၊ စေတီ၊ ပုထိုးများတွင် တွေ့ရှိနိုင်ကြသကဲ့သို့ အိန္ဒိယ၊ ဂျပန်၊ မွန်ဂိုလီယား၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်း၊ ဗီယက်နမ်၊ သီရိလင်္ကာ၊ ထိုင်ဝမ်နှင့် တောင်ကိုရီးယားနိုင်ငံများတွင်လည်း ထင်ရှားသော ဗုဒ္ဓရုပ်ပွားတော်များကို တွေ့မြင်နိုင်ကြပါသည်။



## (၁) သကျမုနိ(sakyamuni)ရုပ်ပွားတော် (ဗုဒ္ဓဂယာ)


အိန္ဒိယနိုင်ငံ၊ ဘီဟာပြည်နယ်၊ ဂယာခရိုင်ရှိ မဟာဗောဓိပင်နေရာတွင် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က ဗုဒ္ဓမြတ်စွာဘုရားပွင့်တော်မူခဲ့ရာ၊ ထိုနေရာတွင် ဘုရားရှင်ပွင့်ထွန်းခြင်းအထိမ်းအမှတ်အဖြစ် မဟာဗောဓိကျောင်းတော်ကို တည်ဆောက်ထားခဲ့သည်။ ကျောင်းအဆောက်အအုံတစ်ခုလုံးကို အေဒီ ၅ရာစုနှင့် ၆ရာစုအတွင်း အုတ်များဖြင့်သာ တည်ဆောက်ခဲ့သည်။ ယခုအခါတွင် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)က အဆိုပါ ဂယာဒေသကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်နေရာတစ်ခုအဖြစ် သတ်မှတ်ထားပြီးဖြစ်သည်။ သကျမုနိ ရုပ်ပွားတော်မြတ်သည် မဟာဗောဓိကျောင်းတိုက်အတွင်း တည်ရှိပြီး ဆင်းတုတော်တစ်ဆူလုံးကို ရွှေချထားသည်။ ထိုင်တော်မူရုပ်ပွားတော်ဖြစ်ပြီး ဘူမိဖဿမုဒြာပုံ (လက်တော်က မြေပြင်သို့ ထိထားတော်မူပုံ) ထုလုပ်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## (၂) လျောင်းတော်မူ ရုပ်ပွားတော် (ဂျပန်)

ဂျပန်နိုင်ငံ အနအိုဂျီ(Anao-ji) ကျောင်းတိုက်အတွင်းတွင် လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို အပူဇော်ခံထားရှိသည်။ ရုပ်ပွားတော်မြတ်သည် အပေါ်ရုံ စောင်ခြုံထားပြီး ကြာပွင့်ပုံသဏ္ဌာန် ခေါင်းအုံးပေါ်တွင် ဦးခေါင်းတော်ကို တင်ကာ သီတင်းသုံးလျက် ရှိပါသည်။ ဤရုပ်ပွားတော်၏ ထင်ရှားရခြင်း အကြောင်းရင်းနှစ်ရပ်ရှိသည်။

ပထမအချက်မှာ ဤကျောင်းရှိ သံဃာများသည် ကျောင်း၏ ခေါင်မိုးပေါ်မှနေ၍ ကံကောင်းခြင်းလက်ဆောင် ကဒ်ပြားများကို အောက်သို့ ကြဲချလေ့ရှိရာ အနီရောင်ကဒ်ကို ရရှိသူများသည် ကံကောင်းသူများဖြစ်သည်ဟု ယူဆကြပြီး ကဒ်သုံးခုအထိ ရရှိသူသည်ကား ဘဝတစ်လျှောက်လုံး ပျော်ရွှင်ချမ်းသာမှုတို့ဖြင့် ကျိန်းသေပြည့်စုံမည်ဟု ယုံကြည်သက်ဝင်ကြခြင်းပင် ဖြစ်ပါသည်။

ဒုတိယအချက်မှာမူ မိမိတို့ခန္ဓာကိုယ်တွင် နာကျင်ကိုက်ခဲမှုများ ဖြစ်ပွားပါက ရုပ်ပွားတော်ကို နှိပ်နယ်ပေးခြင်းဖြင့် မိမိတို့ ခံစားနေရသော ဝေဒနာများ ပျောက်ကင်းသည်ဟု ယုံကြည်ကြခြင်းဖြစ်သည်။



## (၃) အဝလောကိတေသွရ(Avalokitesvara) ရုပ်ပွားတော် (မွန်ဂိုလီယား)

မွန်ဂိုလီယား၊ အာလန်ဘာတော(Ulan Bator) တွင်ရှိသော ဂန်ဒန်(Gandan) ဘုန်းတော်ကြီးကျောင်းတွင် ဉာဏ်တော် (၂၆.၅)ပေရှိသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူရှိရာ Majid Janraisig ဟု ဘွဲ့မည်တော်ရှိသည်။ အဆောက်အအုံအတွင်း တည်ထားသော ရုပ်ပွားတော်များ(Indoor Statues)အနက် အမြင့်ဆုံးဖြစ်သည်။ ၁၉၃၀ခုနှစ် ကာလများက တရုတ်ပြည်တွင် ဆိုရှယ်လစ်နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်ခဲ့ရာ၊ ထိုကာလများအတွင်း ရုပ်ပွားတော်မှာ မပျက်မစီးဘဲ ကျန်ရစ်ခဲ့ပြီး၊ ၁၉၄၄ ခုနှစ်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ ရုပ်ပွားတော်၏ မျက်လုံးတော်များသည် အရပ်မျက်နှာအားလုံးဆီသို့ ကြည့်နေသည့် ပုံသွင်ဖြစ်ပြီး ရုပ်ပွားတော်မြတ်ကို အဖိုးတန် ရတနာများဖြင့် စီခြယ်ထားသည်




www.burmeseclassic.com

www.burmeseclassic.com




## (၄) လီရှန်(Lishan) ရုပ်ပွားတော်(တရုတ်နိုင်ငံ)

တရုတ်နိုင်ငံ၊ လီရှန်(Lishan) ဒေသတွင် ရှိသော ဗုဒ္ဓရုပ်ပွားတော်သည် ကျောက်ကို ထွင်းထုထားသော ရုပ်ပွားတော်ဖြစ်ပြီး ၇၁မီတာမြင့်ကာ၊ ၂၈-မီတာခန့် ကျယ်သည်။ လီရှန်မြို့အနီးမှ ကျောက်ကမ်းပါးယံတွင် တည်ထားသော ကမ္ဘာ့အကြီးဆုံး ရုပ်ပွားတော်ကြီးဖြစ်ကာ ရုပ်ပွားတော်၏ အောက်ခြေတွင် မြစ်တစ်စင်း စီးဆင်းလျက်ရှိနေသည်။ ဆင်းတုတော်မြတ်၏ အရွယ်နှင့် တည်နေရာသည် ပြိုင်ဘက်မရှိအောင် ထူးခြားလှပေသည်။



## (၅) ပိုလင်(Polin) ရုပ်ပွားတော်(ဟောင်ကောင်)

ဟောင်ကောင်၊ ပိုလင်ဘုန်းတော်ကြီးကျောင်းတွင် ၁၉၉၃ ခုနှစ်က တည်ထားခဲ့သော ဗုဒ္ဓရုပ်ပွားတော်သည် ၃၄မီတာမြင့်ပြီး ကြေးဖြင့် သွန်းလုပ် ပူဇော်ထားသည်။ ထိုင်တော်မူရုပ်ပွားတော်ဖြစ်ပြီး အောက်ခံပလ္လင်ကို ကြာပွင့်ဖတ်များသဏ္ဍာန် ပုံဖော်ထားသည်။ ဗောဓိပင်အောက်တွင် ဗုဒ္ဓမြတ်စွာ ထိုင်နေတော်မူပုံ သွန်းထားသော ရုပ်ပွားတော်ကြီးသည် တရုတ်ပြည်မကြီးဆီသို့ မျက်နှာမူထားကာ ရုပ်ပွားတော်ကြီး၏ ထူးခြားခမ်းနားမှုကို မြင်နိုင်ရန် လှေကားထစ် ၂၆၈ ထစ်မျှ တက်ရောက်ကြရပေသည်။





www.burmeseclassic.com

www.burmeseclassic.com



(၆) **Wat Traimit ရုပ်ပွားတော် (ထိုင်းနိုင်ငံ)**

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ ဝပ်တရိုင်မိ (Wat Traimit)ကျောင်းတွင် ရွှေအတုံးကို ထုဆစ်ထားသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူရှိသည်။ ကမ္ဘာ့အကြီးဆုံး ရွှေဆင်းတုတော်ဖြစ်ကာ ရွှေအလေးချိန်ပေါင်း ငါးတန်ခွဲမျှရှိသည်။ ရုပ်ပွားတော်၏ မျက်နှာတော်သည် တောက်ပသော ရွှေရောင်များ သင်းလက်လျက်ရှိပြီး ၂၀၁၀ ပြည့်နှစ်တွင် Phra Maha Mondop ပြတိုက်အဆောက်အအုံသို့ ပြောင်းရွှေ့စံတော်မူလျက်ရှိသည်။



(၇) **Van Hanh Zen (ဗီယက်နမ်)**

ဗီယက်နမ်နိုင်ငံ Da Lat ရှိ Van Hanh Zen ဘုန်းတော်ကြီးကျောင်းတွင်ရှိသော ရုပ်ပွားတော်သည် ၂၄မီတာ မြင့်ကာ၊ မီတာ ၂၀ အကျယ်ရှိသည်။ ရွှေဖြင့်ထုလုပ်ထားသော ဆင်းတုတော်ဖြစ်ပြီး ယာဘက်လက်ဖြင့် ကြာပန်းတစ်ပွင့်ကို ကိုင်ထားသည့် သကျမုနိ ရုပ်ပွားတော်ဖြစ်ပါသည်။ ဗုဒ္ဓဗိသုကာလက်ရာများကို ဆင်းတုတော်ကြီး၏ အနောက်ဘက်ရှိ စေတီတော်တွင် တွေ့ရှိနိုင်သည်။




www.burmeseclassic.com

www.burmeseclassic.com




## (၈) Dambulla ရုပ်ပွားတော် (သီရိလင်္ကာ)

သီရိလင်္ကာနိုင်ငံ၊ Dambulla ဒေသသည် လိုဏ်ဂူများဖြင့် ပြည့်နေပြီး၊ ယင်းတို့အနက် လိုဏ်ငါးခုတွင် ရှေးခေတ် ဗုဒ္ဓဆင်းတုတော်များနှင့် ဗုဒ္ဓဆိုင်ရာ ပန်းချီကား အမြားအပြားကို မြင်တွေ့ရသည်။ ကောင်းမွန်စွာ ထိန်းသိမ်းထားသော ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည့် Golden Temple သည် သီရိလင်္ကာနိုင်ငံ၏ အကြီးဆုံးလိုဏ်ဂူတစ်ခုလည်း ဖြစ်ပေသည်။ Dambulla ရုပ်ပွားတော်ကို အဆိုပါဂူတွင် ဖူးတွေ့နိုင်ကြသည်။



## (၉) အာမိတာဗ္ဗ(Amitabha) ရုပ်ပွားတော်(ထိုင်ဝမ်)

ထိုင်ဝမ်ရှိ အကြီးဆုံး ဘုန်းကြီးကျောင်းဖြစ်သော Fu Guang Shan အတွင်းမှ ၃၆မီတာမြင့်သော ဗုဒ္ဓရုပ်ပွားတော်၏ လက်များက ထူးခြားလှသည်။ လက်ျာလက်တော်က ဘုရားရှင်၏ လမ်းညွှန်မှုကို ဖော်ညွှန်းကာ လက်ဝဲလက်တော်က အောက်ဘက်သို့ နှိမ်ချထားပြီး ဦးခေါင်းမှုကို လက်ခံတော်မူကြောင်း သင်္ကေတပြုထားခြင်း ဖြစ်ပါသည်။ မြင့်မားသော ထိုရုပ်ပွားတော်အား ဗုဒ္ဓဆင်းတုတော်ပေါင်း အဆူ ၄၈၀ ဖြင့် ခြံရံထားသည်။ ဘုန်းတော်ကြီးကျောင်းသည် စာပေပညာသင်ကြားပို့ချပေးရာ နေရာတစ်ခုလည်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



**(၁၀) နိဗ္ဗာန(Nirvana) ရုပ်ပွားတော်(တောင်ကိုရီးယား)**

တောင်ကိုရီးယားနိုင်ငံ Manbulsa တောင်တန်းဒေသတွင် ၁၅မီတာရှည်၍ (၄.၅)မီတာမြင့်သော လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်သည် နိဗ္ဗာနရုပ်ပွားတော်ဟု ဘွဲ့အမည်ရှိပြီး ကြေးဝါဖြင့် သွန်းလုပ်ထားပါသည်။ (နိဗ္ဗာနသည် နိဗ္ဗာန်ဟု အဓိပ္ပာယ်ရသည်။) နိဗ္ဗာနရုပ်ပွားတော်ရှိရာ Manbulsa ကျောင်းတွင် ဗုဒ္ဓဆင်းတုတော်ပေါင်း တစ်သောင်းခန့်မျှကို ဖူးတွေ့နိုင်ကြပါသည်။ ရုပ်ပွားတော်၏ ခြေဖဝါးများကို ပွတ်သပ် နှိပ်နယ်ပေးခြင်းဖြင့် ကံကောင်းသည်ဟု ယူဆကြသည်။

ဖော်ပြခဲ့သည့် ကမ္ဘာတစ်လွှားထင်ရှားသော ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓဘာသာဝင်များသာမက၊ အခြားဘာသာဝင် ကမ္ဘာလှည့် ခရီးသည်များလည်း အမြဲလိုလို သွားရောက်လည်ပတ်ကြည့်ရှုလျက် ရှိနေပါသည်။■

* * *

မောင်သာ(ရွှေဟောင်း)

(10 Magnificent Statues of Buddha in the World, Hub Page ကို မှီငြမ်းပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

# ဘုရားလောင်း ဝေဿန္တရာ၊ ပစ္စယ ဆင်ဖြူနှင့် အလှူအမျိုးမျိုး

စိတ်မိုး

သိဝိတိုင်း၊ စေတုတ္တရာပြည်ကား ဂုဏ်ရည်အပေါင်းတို့ဖြင့် ခြံလွှမ်း၍ အလွန်ကြီးကျယ်ခမ်းနားသော နိုင်ငံတော်ကြီးဖြစ်သည်။ သိဝိတိုင်း၊ စေတုတ္တရာနိုင်ငံတော်၏ ပြည့်ရှင်ဘုရင်မင်းမြတ်ကား "သိဝိရာဇ်" ဖြစ်သည်။

သိဝိရာဇ်ဘုရင်ကြီးသည် သားတော် သိဥ္စည်းမင်းသားအား အရွယ်ရောက်သောအခါ မဒ္ဒရာဇ်မင်း၏ သမီးတော် "ဖုဿတီ"နှင့် ထိမ်းမြားမင်္ဂလာပြုစေ၍ ထီးနန်းလွှဲအပ်ခဲ့သည်။ ဖုဿတီမင်းသမီးအားလည်း မိဖုရားကြီးအရာ အပ်နှင်းသည်။

ရွှေနန်းရှင် သိဥ္စည်းမင်းမြတ်နှင့် ဖုဿတီဒေဝီ မိဖုရားတို့သည် နန်းအပ်မေတ္တာ မြလွှာရုံ လွှမ်းခြုံ၍ နန်းဝေယံဝယ် ကြင်ဖက်သက်နှံ ပျော်စံရိပ်ငြိမ် စည်းစိမ်ချမ်းသာ ခံစားလျက်ရှိသည်။

ထိုအချိန် ဘုရားအလောင်းသည် တာဝတိံသာ နတ်ပြည်၌ နတ်သားဘဝဖြစ်ပြီး နတ်သက်စံနှစ် ပြည့်သဖြင့် စုတေချိန်ရောက်နေ၏။ သိကြားမင်းသည် ဖုဿတီဒေဝီ၏ ဝမ်းနှင့် ထိုက်တန်သော သားကောင်းရတနာရှာသော် ဘုရားလောင်း နတ်သားကို မြင်ခြင်းကြောင့် ထိုနတ်သားထံ ချဉ်းကပ်၍…



"အချင်း နတ်သား၊ သင်ကား လူ့ပြည်သို့ လားရန် အချိန်ရောက်ပြီ။ လူ့ပြည် သိဥ္စည်းမင်း၏ မိဖုရားကြီး ဖုဿတီဒေဝီ၏ ဝမ်း၌ ပဋိသန္ဓေယူလော့"

ဟု တိုက်တွန်းသည်။

ထိုသို့ သိကြားမင်း တိုက်တွန်းသည့်အလျောက် ဘုရားလောင်း နတ်သားသည် နတ်ပြည်မှ စုတေ၍ ဖုဿတီဒေဝီ မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေကိန်းအောင်းတည်နေသည်။ အခြံအရံနတ်သား ခြောက်သောင်းတို့လည်း နတ်သက်ကြွေ၍ လူ့ပြည်၌ လာဖြစ်ကြသည်။

ဤသို့ဖြင့် ဘုရားလောင်း ပဋိသန္ဓေ ကိန်းအောင်းလျှင်ပင် ဖုဿတီမိဖုရားကြီးကား အလှူပေးလိုသည့်ဆန္ဒ အလွန်ပြင်းစွာ ဖြစ်ပွားသည်။ မြို့တံခါးလေးမျက်နှာ၊ မြို့လယ် နန်းတော် တံခါးဝ စသည့် ခြောက်ဌာနတို့၌ အလှူဇရပ် ခြောက်ဆောင်ဆောက်၍ နေ့စဉ်နေ့တိုင်း ခြောက်သိန်းသော ဥစ္စာတို့ကို စွန့်ကြဲလှူဒါန်းလိုခြင်းဖြစ်သည်။

ထိုအကြောင်းကို မင်းကြီးအား လျှောက်ထားလျှင် သိဥ္စည်းမင်းကြီးက…

"ဤအခြင်းအရာကား အဘယ်သို့ ဖြစ်ခြင်း၏ အကြောင်းနည်း"

ဟု နိမိတ်ဖတ် ပုဏ္ဏားတို့အား မေးမြန်းရာ ပုဏ္ဏားတို့က…

"အရှင်မင်းကြီး…မိဖုရားကြီး၏ ဝမ်း၌ အလှူပေးခြင်းဖြင့် မွေ့လျော်သော သားကောင်းသားမြတ် ပဋိသန္ဓေယူခြင်းဖြစ်ရာ၏။ ထိုမိဖုရားကြီးဝမ်းရှိ ပဋိသန္ဓေသည် အလှူပေး



www.burmeseclassic.com

www.burmeseclassic.com

ခြင်း၌ မရောင့်ရဲသော သားကောင်းသားမြတ်ဖြစ်လတ္တံ့"

ဟု နိမိတ်ဖတ်ကြား လျှောက်ထားကြသည်။

ပညာရှိ ပုဏ္ဏားတို့၏ နိမိတ်ဖတ်စကား ကြားရလျှင် သိဋ္ဌည်းမင်းကြီးသည် အလွန်ကြည်လင် ဝမ်းမြောက်ခြင်းကြောင့် မိဖုရာကြီး၏ အလိုဌ္ဌ လိုက်လျော၍ အလှူဇရပ်ခြောက်ဆောင် ဆောက်လုပ်စေလျက် နေ့စဉ် ခြောက်သိန်းသော ဥစ္စာတို့ကို စွန့်ကြဲလှူဒါန်းစေသည်။

မိဖုရားကြီး၏ ဝမ်း၌ ဘုရားလောင်း ပဋိသန္ဓေတည်နေကိန်းအောင်းသည့်နေ့မှစ၍ သိဋ္ဌည်းမင်းကြီးနှင့်တကွ နန်းတွင်းသူ နန်းတွင်းသားအားလုံး စိတ်နှလုံး ကြည်လင်ပျော်ရွှင်ချမ်းမြေ့ကြရသည်။ သိဋ္ဌည်းမင်းကြီးအား အခွန်ဘဏ္ဍာ၊ လက်ဆောင်ပဏ္ဏာများလည်း ထူးခြားလွန်ကဲစွာ ဖြစ်ပွားတိုးတက်ရရှိသည်။ ဇမ္ဗူဒိပ်ကျွန်းအပြင်ရှိ ထီးဆောင်းမင်းတို့ သည်လည်း လက်ဆောင်ပဏ္ဏာများစွာ ပို့ဆောင်ဆက်သကြသည်။

ဖုဿတီ မိဖုရားကြီးသည် ကိုယ်ဝန်ဆောင်၍ ဆယ်လပြည့်သော် အခြံအရံ မောင်းမအပေါင်းတို့ဖြင့် မြို့ကို လှည့်လည် ရှုစားလိုသည်ဟု မင်းကြီးအား လျှောက်ထားသဖြင့် မင်းကြီးသည် စေတုတ္တရာပြည်ကြီးကို တန်ဆာဆင်လျက် မိဖုရားကြီးနှင့်အတူ လှည့်လည်သည်။

ထိုသို့ လှည့်လည်စဉ် လှည်းကုန်သည်တို့ သွားရာ ခရီးလမ်းရောက်သောအခါ မိဖုရားကြီးသည် သားဖွားလို၍ ကမ္မဇလေလှုပ်သဖြင့် ဝမ်း၌ မအီမသာ ကျင်နာသော ဝေဒနာ ခံစားရ၏။ ထိုအကြောင်း မင်းကြီးအား လျှောက်ကြားလျှင် မင်းကြီးသည် ခရီးလမ်းအလယ်၌ သားဖွား တဲနန်းဆောက်လုပ်စေ၍ ထိုတဲနန်း၌ပင် မိဖုရားကြီး သားရတနာ ဖွားမြင်သည်။

ဘုရားလောင်း သားရတနာသည် မယ်တော်ဝမ်းမှ သန့်ရှင်းစင်ကြယ်စွာ မျက်စိဖွင့်လျက် ဖွားမြင်သည်။ ဖွားလျှင် ဖွားချင်းပင် လက်တော်ကို ဆန့်လျက်···

"မယ်တော်···အလှူပေးအံ့၊ ဥစ္စာရှိ၏လော"

ဟု မေးသည်။

ထိုအခါ မယ်တော်သည် ဝမ်းမြောက်စွာဖြင့်···

"ချစ်သား အလိုရှိတိုင်း လှူလော့"

ဟု ဆိုကာ လက်၏အနီး၌ အသပြာတစ်ထောင်ချထားပေးသည်။

ဘုရားလောင်း ဖွားမြင်ပြီးသော် မင်းကြီးသည် နန်းတော်သို့ အခမ်းအနားဖြင့် ဝင်သည်။

◈◈◈

ဘဝများစွာ ဆည်းပူးအပ်သော ပါရမီတို့၏ အာနုဘော်ကြောင့် ဖွားမြင်စ၌ပင် စကားပြော၍ ပေးလှူလိုခြင်းဟူသော မင်္ဂလာစကားဖြင့် လောကအား နှုတ်ခွန်းဆက်ခြင်းဖြစ်သည်။

လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး သဗ္ဗညုတဉာဏ်အလို့ငှာ ဘဝများစွာ ပါရမီဖြည့်ကျင့်ခဲ့ရသော ဘုရားအလောင်းသည် ဤဝေဿန္တရာဇာတ်၊ ဥမင်္ဂဇာတ်နှင့် အဆုံးဘဝတို့၌ ဖွားမြင်စတွင် စကားပြောတော်မူသည်။

နာမည်ပေးရာတွင် ကုန်သည်တို့သွားရာ ခရီးလမ်း၌ မွေးဖွားခြင်းကြောင့် ဘုရားလောင်းအား "ဝေဿန္တရာ"ဟု အမည်ပေးကြသည်။

ထူးခြားသည်ကား ဘုရားလောင်း ဝေဿန္တရာ မွေးဖွားသောနေ့၌ပင် ကောင်းကင်ပေါ် သွားလာနိုင်သော "ဥပေါသထ"အမည်ရှိ ဆင်မသည် ငွေစင်ပြာ ဖုံးအုပ်သကဲ့သို့ ကိုယ်လုံးဖြူသော ဆင်ပေါက်ကို ဆောင်ယူ၍ ဆင်တင်းကုပ်၌ ထားပြီးလျှင် မိမိနေရာ ဟိမဝန္တာသို့ ပြန်သွားသည်။ ထိုဆင်ဖြူပေါက်အား ဘုရားလောင်း၏ မြတ်သော အထောက်အပံ့ဖြစ်သောကြောင့် "ပစ္စယ"ဟု အမည်ပေးသည်။

◈◈◈

သိဋ္ဌည်းမင်းကြီးသည် သားတော် ဝေဿန္တရာမင်းသားအား ယုယထိန်းသိမ်း စောင့်ရှောက်ရန် အပြစ်ကင်း၍ ကောင်းမြတ် ချိုမြိန်သော နို့ရည်နှင့် ပြည့်စုံသည့် သိမ်မွေ့ညှံ့သက်စွာ မွေးမြူထိန်းသိမ်းနိုင်သော အမျိုးသမီး နှစ်ရာလေးကျိပ်တို့ကို စိစစ်ရွေးချယ်ကာ နို့ထိန်းအရာ ထားရှိသည်။

အမတ်ခြောက်သောင်းတို့၏ အိမ်၌လည်း သားတစ်ယောက်စီ ဖွားမြင်ကြကုန်၏။ ထိုအမတ် ခြောက်သောင်းတို့၏သား ဖွားဖက်တော် သူငယ် ခြောက်သောင်းတို့အားလည်း ထိုက်တန်သင့်လျော်သော အစောင့်အရှောက်တို့ကို ပေးစေသည်။ ဝေဿန္တရာမင်းသား ဆင်မြန်းစေရန် အဖိုးတစ်သိန်းထိုက်သော လည်ရွဲတန်ဆာ စီရင်၍ ပေး၏။

ဝေဿန္တရာမင်းသားသည် လေးငါးနှစ်အရွယ် ရောက်သော် အဖိုးတစ်သိန်းထိုက်သော လည်ရွဲတန်ဆာကို ချွတ်၍ အထိန်းတော်တို့အား ပေးသည်။ အထိန်းတော်တို့သည် မင်းသားမှ ပေးခြင်းဖြစ်၍ မယူဘဲလည်း မနေဝံ့။ ခမည်းတော်ကြီးကို ကြောက်သဖြင့်လည်း ပိုင်ပိုင်စိုးစိုး မယူဝံ့ရကား လည်ရွဲတန်ဆာကို လက်ခံပြီးလျှင် အရှင်မင်းသားအား ပြန်လည် ဆက်သပါ၏ဟု ဆိုကာ ဆက်သကြသည်။

ယင်းသို့ အထိန်းတော်တို့မှ ပြန်လည်ဆက်သသော်



www.burmeseclassic.com

www.burmeseclassic.com

လည်း မင်းသားက လက်မခံသဖြင့် ထိုအကြောင်း မင်းကြီး အား လျှောက်ထား၍ မင်းကြီးကြားသိလျှင် . . .

"သင်တို့အား သားတော်ပေးခြင်းဖြစ်၍ မယူသင့်ဟု နှလုံး မပြုလင့်။ ငါ့ သားတော်၏ ပေးခြင်းသည် ငါ၏ ပေးခြင်း နှင့်အတူ ကောင်းသော ပေးခြင်းဖြစ်သည်"

ဟု မိန့်၍ တစ်ဖန် အသစ်လည်ရွဲတန်ဆာပေးပြီး မင်းသားအား ဆင်မြန်းစေသည်။

ဝေဿန္တရာမင်းသားသည် ထိုလည်ရွဲတန်ဆာကိုလည်း တစ်ဖန် အထိန်းတော်တို့အား ပေးပြန်သည်။

ဤသို့ဖြင့် သူငယ်အဖြစ်ပင်လျှင် ဘုရားလောင်း ဝေဿန္တရာမင်းသားသည် အထိန်းတော်တို့အား လည်ရွဲ တန်ဆာ ကိုးကြိမ်တိုင်အောင် ပေးသည်။

◈◈◈

ဝေဿန္တရာမင်းသား ရှစ်နှစ်အရွယ်သို့ ရောက်သော အခါ ရွှေနန်းပြာသာဒ်ထက် စက်မွေ့ရာပေါ်ဝယ် နေလျက် ဤသို့ အကြံဖြစ်သည်။

"ငါသည် အပဖြစ်သော အလှူကိုသာ လှူရသည်။ အပဖြစ်သော အလှူဖြင့်ကား ငါ၏စိတ်၌ နှစ်သက်စေခြင်း မဖြစ်သေး။ အတွင်းအလှူကို လှူရသော် ငါ၏စိတ်သည် နှစ်သက်ခြင်း ဖြစ်ရာ၏။

တစ်စုံတစ်ယောက်သောသူသည် ငါ၏ နှလုံးသားကို တောင်းခံ(အလှူခံ)အံ့၊ ငါသည် ရင်ကို ခွဲ၍ ထိုသူအား ပေးလှူအံ့။ ငါ၏ မျက်စိအစုံကို အကယ်၍ တောင်းခံအံ့၊ မျက်စိအစုံကို ထုတ်ပေးလှူအံ့။ အကယ်၍ ခန္ဓာကိုယ်၏ အသားကို တောင်းခံအံ့၊ ဓားငယ်ဖြင့် အသားကို လှီးဖြတ် ပေးလှူအံ့။

တစ်စုံတစ်ယောက်သောသူသည် ငါ့ကို ကျွန်ပြုလို သည်ဆိုအံ့၊ ထိုသူအား ကျွန်ပြုလော့ဟုဆို၍ ကျွန်အဖြစ်ဖြင့် ငါ့ကို ထိုသူအား ပေးလှူအံ့"

ဟု အကြံဖြစ်သည်။

ယင်းသို့ အကြံဖြစ်သော ဘုရားလောင်း၏ ပါရမီဖြည့် ကျင့်မှု၌ ကောင်းချီးပြု ဝမ်းမြောက်သကဲ့သို့ မဟာပထဝီ မြေကြီးသည် ပြင်းစွာအသံဖြစ်စေလျက် တုန်လှုပ်သည်။

ရှစ်သောင်းလေးထောင် အမြင့်ဆောင်သော မြင်းမိုရ် တောင်မင်းသည် ဘုရားလောင်းအား ဂါရဝပြုသကဲ့သို့ ပျောင်း ညွတ် ပျော့ခွေကာ စေတုတ္တရာပြည်သို့ ရှေးရှုလျက် တည် သည်။

မိုးအခါမဟုတ်ဘဲ လျှပ်စစ်နွယ်အသွယ်သွယ်ယှက် သန်းလျက် မိုးကြိုးသည်းထန်စွာ ရွာသွန်းသည်။ မဟာသမုဒ္ဒရာ လှိုင်းတံပိုးထလျက် ချောက်ချားသည်။

သိကြားမင်းသည် ဝမ်းမြောက်ရွှင်လန်းသဖြင့် လက် ပန်းပေါက်ခတ်သည်။ ဗြဟ္မာအပေါင်းတို့လည်း ကောင်းချီး ပေးကြသည်။

လူ့ပြည်မှ အကနိဋ္ဌဘုံတိုင်အောင် အုတ်အုတ်ကျက် ကျက် တစ်ခဲနက်အသံဖြစ်သည်။

ဤကား လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့် ဆည်းပူးအပ်သော ဘုရားလောင်း ဝေဿန္တရာ၏ ပါရမီ အာနု ဘော်ကြောင့် လောက၏ ကောင်းချီးပြု ကြိုဆိုသော သက် ဝင်လှုပ်ရှား ပူဇော်မှု အံ့ဖွယ်ဖြစ်စဉ် ပွဲတင်သံတို့ကို ရှေးဦး စွာ မြင်ရခြင်းဖြစ်သည်။

◈◈◈

ဘုရားလောင်း ဝေဿန္တရာမင်းသည် တစ်ဆယ့် ခြောက်နှစ်အရွယ်တွင် တစ်ဆယ့်ရှစ်ရပ်သော အတတ်ပညာ တို့ကို အပြီးတိုင် သင်ကြားတတ်မြောက်သည်။

ခမည်းတော် သိဉ္စည်းမင်းကြီးသည် အတတ်ပညာနှင့် ပြည့်စုံသော တစ်ဆယ့်ခြောက်နှစ်အရွယ် ဝေဿန္တရာမင်း သားအား ထီးနန်းအပ်နှင်းရန် ဖုဿတီ မိဖုရားကြီးနှင့် တိုင် ပင်၍ မဒ္ဒရာဇ်မင်း၏ သမီး၊ အထူးချောမောလှပသော "မဒ္ဒီ" မင်းသမီးကို မင်းခမ်းမင်းနားဖြင့် စေတုတ္တရာပြည်သို့ ဆောင် ယူပြီးလျှင် သားတော် ဝေဿန္တရာမင်းသားနှင့် ထိမ်းမြား မင်္ဂလာဆောင်သည်။

ထို့နောက် ဝေဿန္တရာမင်းသားအား ထီးနန်းနှင့်တကွ တစ်ပြည်လုံး အပ်နှင်း၍ မင်းအဖြစ် ဘိသိက်သွန်းလောင်း သည်။ မဒ္ဒီမင်းသမီးအားလည်း မိဖုရားကြီးအရာ တင်မြှောက် သည်။

ဝေဿန္တရာမင်းသည် ဘိသိက်ခံသည့်နေ့မှစ၍ နေ့စဉ် မပြတ် ခြောက်သိန်းသော ဥစ္စာတို့ကို စွန့်လွှတ်၍ အလှူဒါန ဖြစ်ပွားစေလျက် ဂုဏ်သတင်းပြန့်မွှေးသည်။

◈◈◈

အခါတစ်ပါး မဒ္ဒီဒေဝီ မိဖုရားကြီး ကိုယ်ဝန်ဆောင်၍ ဆယ်လမြောက်သော် သားတော် ဖွားမြင်၏။ သားတော် ဖွားသောအခါ ရွှေကွန်ရက်ဖြင့် ခံ၏။ ထို့ကြောင့် အမည် မှည့်သောအခါ "ဇာလီ"ဟု နာမည်ပေးသည်။

ဇာလီမင်းသား လမ်းလျှောက်နိုင်သော အရွယ်သို့ ရောက်သောအခါ သမီးတော်ကို ဖွားမြင်ပြန်၏။ သမီးတော် ဖွားမြင်ရာ၌ကား သစ်နက်ရေပုဆိုးဖြင့် ခံ၏။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com

"ကဏ္ဍာဇိန်"ဟု အမည်မှည့်သည်။

အထူးကား ဘုရားအလောင်းတော် ဝေသန္တရာမင်းကြီးသည် တစ်လလျှင် ခြောက်ကြိမ် ပစ္စယ ဆင်ဖြူတော်ကို စီးလျက် အလှူဇရပ် ခြောက်ဆောင်တို့ကို လှည့်လည်ကြည့်ရှုတော်မူသည်။

◈◈◈

ထူးဆန်းသည်မှာ စေတုတ္တရာပြည်၌ သာယာဝပြောသော်လည်း ကလိင်္ဂရာဇ်ပြည်တွင် မိုးခေါင်၍ ဝတ်မွတ်သဖြင့် ဒုဗ္ဘိက္ခန္တရကပ်ဖြစ်ကာ အချင်းချင်း ဖျက်ဆီးကြခြင်းကြောင့် နိုးသားစားပြ ထူထပ်ကုန်၏။

ဝတ်မွတ်ခြင်းဘေး ကြုံဆုံ နှိပ်စက်ခြင်း ခံစားကြရသော ပြည်သူပြည်သားအပေါင်းတို့သည် မင်းကြီး နန်းရင်ပြင်သို့ စုဝေးရောက်ရှိကာ ပြင်းစွာ ကြွေးကြော်ကြကုန်၏။ ထိုပြည်သူပြည်သားတို့၏ ကြွေးကြော်သံကို "ကလိင်္ဂရာဇ်မင်း" ကြီး ကြားသော်...

"အဘယ်ကြောင့် ကြွေးကြော်ကြသနည်း"

ဟု မေးလျှင် ဝတ်မွတ်ခြင်းဘေးရောက်၍ ကိုးကွယ်ရာမရသောကြောင့် ကြွေးကြော်ကြခြင်းဖြစ်ကြောင်း လျှောက်ထားကြသည်။

ထိုအခါ ကလိင်္ဂရာဇ်မင်းက...

"သင်တို့ မစိုးရိမ်ကြလင့်။ မကြာမြင့်မီ မိုးကြီးရွာသဖြင့် သာယာဝပြောစေအံ့"

ဟု ဆိုပြီး ပြည်သူပြည်သားတို့အား အိမ်သို့ ပြန်စေသည်။ ထို့နောက် မင်းကြီးသည် မိုးရွာစေကြောင်း အဓိဋ္ဌာန်ပြုလျက် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်သီလကို ခုနစ်ရက်ပတ်လုံး ကောင်းမြတ် စင်ကြယ်စွာ ဆောက်တည်၏။ သို့သော် မိုးကား မရွာ။ ထို့ကြောင့်...

"အဘယ်အကြောင်းဖြင့် မိုးရွာခြင်း ဖြစ်စေနိုင်အံ့နည်း"

ဟု အမတ် ပညာရှိတို့ကို ခေါ်၍ တိုင်ပင်သည်။ အမတ် ပညာရှိတို့က...

"အရှင်မင်းကြီး... ဥပေါသထ ဆင်ဖြူတော်ရှိရာ၌ မိုးရွာကြောင်း ရှေးပညာရှိ သူတော်ကောင်းတို့ ဆိုရိုးစကားရှိ၏။ ဥပေါသထ ဆင်ဖြူတော် ဆောင်ရသော် သင့်မြတ်ရာ၏"

ဟု လျှောက်ထားကြသည်။ ဤတွင် မင်းကြီးက -

"ဥပါသထ ဆင်ဖြူမျိုးကား တန်ခိုးကြီး၏။ ဟိမဝန္တာ တော၌သာ နေ၏။ ထိုဆင်မျိုး ဆောင်ယူရရှိဖို့ကား မိုးရွာဖို့ထက် ခက်ခဲ၏"

ဟု မိန့်ဆိုသဖြင့် အမတ် ပညာရှိတို့က...

"အရှင်မင်းကြီး... အခါတစ်ပါးဖြစ်မူ ဥပေါသထဆင်ဖြူတော် ဆောင်ယူရရှိဖို့ ခက်ခဲသည် မှန်၏။ ယခုမူ စေတုတ္တရာပြည်၌ ဝေသန္တရာမင်းကြီး၏ ဘုန်းတန်ခိုးကြောင့် ဆင်ဖြူတော် ရောက်လာ၏။ ဝေသန္တရာမင်းကြီးသည် ဆင်ဖြူ ထီးနန်းစည်းစိမ်ကို မဆိုနှင့်ဦး၊ မျက်စိ၊ အသည်းနှလုံးတို့ကိုပင် အလိုရှိ၍ တောင်းလျှင် ပေးလှူလိုကြောင်း ကျော်စောထင်ရှား၏။ ထို့ကြောင့် အလှူခံခြင်းအရာ၌ လိမ္မာ ရဲရင့်သော ပုရောဟိတ် ပုဏ္ဏားတို့ကို စေလွှတ်၍ ဝေသန္တရာမင်းကြီး၏ ဆင်ဖြူတော်ကို အလှူခံရသော် ဖြစ်နိုင်ရာ၏"

ဟု လျှောက်တင်ကြသည်။

ကလိင်္ဂရာဇ်မင်းသည် အမတ်တို့ တင်လျှောက်စကားကြားလျှင် "ကောင်းပြီ"ဟု ဆို၍ အရေးအရာ လိမ္မာရဲရင့်သော ပုဏ္ဏားရှစ်ယောက်ကို စိစစ်ရွေးချယ်ပြီးလျှင် ရိက္ခာအလုံအလောက်ပေးကာ စေတုတ္တရာပြည် ဝေသန္တရာမင်းကြီး၏ ပစ္စယ ဆင်ဖြူတော်ကို အလှူခံရန် စေလွှတ်လိုက်လေသည်။

◈◈◈

ပုဏ္ဏားရှစ်ယောက်တို့သည် ခရီးစဉ်အလျောက် သွား၍ စေတုတ္တရာပြည်သို့ ရောက်သော် အလှူဇရပ်၌ ထမင်းစားပြီးလျှင်၊ မင်းကြီး အလှူဇရပ်ထွက်သောအခါ ဆင်ဖြူကို အလှူခံအံ့ဟု ကြံလျက် အရှေ့တံခါးသို့ သွားရောက် စောင့်လင့်ကြကုန်၏။

ထိုနေ့ကား လပြည့်နေ့ဖြစ်၍ ဝေသန္တရာမင်းကြီးသည် နံနက်စောစော ရေချိုးခြင်း၊ အမွှေးနံ့သာလိမ်းခြင်း၊ ဘောဇဉ်အာဟာရစားခြင်းတို့ ပြီးလျှင် အလှူဇရပ်သို့ ထွက်အံ့သောငှာ၊ ရတနာများစွာ တန်ဆာဆင်အပ်သော ဆင်ဖြူတော် ပစ္စယကို စီးလျက် ဗိုလ်ပါအခြံအရံများနှင့်တကွ အရှေ့တံခါးမှ ထွက်တော်မူသည်။

ပုဏ္ဏား ရှစ်ယောက်တို့ကား မှူးမတ်ဗိုလ်ပါ အခြံအရံ ပရိသတ် များလွန်းသောကြောင့် အရှေ့တံခါး၌ အခွင့်မရသဖြင့် တောင်တံခါးသို့ သွားရောက်၍ ကုန်းမြင့်ရာ၌ နေရာယူလျက် မင်းကြီး ဤတံခါးရောက်သောအခါ ဆင်ဖြူကို အလှူခံအံ့ဟု ရည်ရွယ်ကာ စောင့်လင့်ကြကုန်၏။

ဝေသန္တရာမင်းကြီးသည် အရှေ့တံခါးသို့ ရှေးရှုလှည့်လည်လာပြီးသော် လက်ယာရစ်အားဖြင့် တောင်တံခါးသို့ ရှေးရှုလှည့်လည်လာသည်။ ထိုအခါ ပုဏ္ဏားရှစ်ယောက်တို့သည် မင်းကြီးသို့ ရှေးရှုလျက် လက်ယာလက်တို့ကို ဆန့်



www.burmeseclassic.com

www.burmeseclassic.com

တန့် ဖြန့်ကားလျက်···

"အရှင်မင်းကြီး ဝေဿန္တရာ၊ အရှင်မင်းမြတ်အား အောင်ခြင်းမင်္ဂလာဖြစ်စေသတည်း"

ဟု သုံးကြိမ် ကျူးရင့်၍ ကောင်းချီးပေးကြကုန်၏။

ယင်းသို့ ပုဏ္ဏားတို့၏ ကောင်းချီးပြု အလှူခံဟန် လက္ခဏာကို မင်းကြီးမြင်လျှင် ပုဏ္ဏားတို့ထံသို့ ဆင်ဖြူဖြင့် ချဉ်းကပ်လျက်···

"အသင် ပုဏ္ဏားတို့၊ ငါ အလှူဇရပ်ထွက်တော်မူရာ ဤအခါဝယ် ဘယ်အရာကို အလိုရှိ၍ လက်ယာလက်တို့ကို ဆန့်တန်း ဖြန့်ကားလျက် ကောင်းချီးပေးကြကုန်သနည်း။ သင်တို့ အလိုရှိရာ တောင်းကြကုန်လော့"

ဟု ဆိုသည်။ ထိုအခါ ပုဏ္ဏားတို့ကလည်း···

"အရှင်မင်းကြီး··· အကျွန်ုပ်တို့၏ ကလိင်္ဂရာဇ်ပြည်၌ မိုးခေါင်၍ ငတ်မွတ်ခေါင်းပါးသဖြင့် ခိုးသား ဓားပြထူလှသည်။ ထိုသို့ ငတ်မွတ်ခြင်းဘေး ကင်းဝေးစေလိုခြင်းကြောင့် အလွန်တင့်တယ် အံ့ဖွယ်အဆင်းသဏ္ဌာန် အားမာန်ရဲရင့်ခြင်းနှင့် ပြည့်စုံသော အရှင်မင်းမြတ်၏ ပစ္စယ ဆင်ဖြူတော်ကို အလိုရှိကုန်၏။ လှူတော်မူပါကုန်လော့"

ဟု လျှောက်တင်ကြသည်။

ထိုစကားကြားလျှင် ဘုရားလောင်း ဝေဿန္တရာသည် "ငါကား ဦးခေါင်း၊ မျက်စိ၊ နှလုံး အစရှိသော အတွင်းအလှူ ပေးခြင်းတှာ အလိုရှိ၏။ ဤပုဏ္ဏားတို့ကား ငါ့၌ အလှူမြတ်ဟု မမှတ်သေးသော အပအလှူ ဆင်ဖြူရတနာကို အလိုရှိ၏။ ထိုပုဏ္ဏားတို့အလိုကို ပြည့်စေအံ့"ဟု ကြံပြီးလျှင်···

"ဤကျွန်းအပြင်၌ ဘုရင်တကာတို့ မစီးထိုက်၊ ငါ၏ ဘုန်းကံကြောင့် ရောက်သံည်ဖြစ်၍ ချစ်မြတ်နိုးအပ်သော ဤရတနာ ဆင်ဖြူတော်ကို သင်တို့အား ငါလှူအံ့။ ငါ၏ စိတ်တော်သည် ဖိတ်ယို တုန်လှုပ်ခြင်းမရှိ"

ဟု ဆိုပြီးလျှင် ဆင်ဖြူတော်၏ ကိုယ်အပြင်၌ တန်ဆာ မဆင်သော လစ်လပ်သောအရာ မြင်တော်မမူသောကြောင့် ဝမ်းမြောက်ရွှင်လန်းလျက် ဝတ်ပန်းရည် ရောထွေး မွှေးကြိုင်စွာ နံ့သာရည်ပြည့်သော ရွှေကရားကို ကိုင်တော်မူပြီးသော်၊ အလှူခံ ပုဏ္ဏားတို့ ဤသို့ လာကြကုန်လော့ဟု ဆိုပြီး ပုဏ္ဏားတို့ကို အနီး၌ နေစေလျက် ရွှေပန်းကုံးနှင့် တူသော ဆင်ဖြူတော်၏ နှာမောင်းကို ကိုင်တော်မူကာ ပုဏ္ဏားတို့ လက်၌ ထားပြီးလျှင် ရေစက်ချ၍ အလုံးစုံ တန်ဆာဆင်အပ်သော ဆင်ဖြူတော်ကို ပေးလှူတော်မူလိုက်လေသည်။

◈◈◈

ဤ ပစ္စယ ဆင်ဖြူတော်အလှူ၏ တန်ဖိုးမှတ်ဖွယ်ကား ဆင်ဖြူ၏ နေရာအမျိုးမျိုး၌ တန်ဆာဆင်အပ်သော ကမ္ဗလာနီ၊ ပုလဲကွန်ရက်၊ ပတ္တမြားကွန်ရက်၊ ရွှေကွန်ရက် စသော တန်ဆာအမျိုးမျိုး၏ တန်ဖိုးသည် နှစ်သန်း နှစ်သိန်း။ ဆင်တက် လှေကားနှင့် ဆင်စားခွက် အဖိုးနှစ်သိန်း၊ စုစုပေါင်း နှစ်သန်းလေးသိန်း အဖိုးထိုက်၏။

ထို့ပြင် ထီးဖြူအချက်၌ တပ်ဆင်သော ပတ္တမြား၊ ထီးဖြူအထွဋ်၌ ပတ္တမြားပုလဲသွယ်၌ တပ်သော ပတ္တမြား၊ ချွန်း၌ တပ်သော ပတ္တမြား၊ ဆင်၏ လည်ပင်းဆွဲသော ပုလဲသွယ်အဖျား၌ တပ်သော ပတ္တမြား၊ ဆင်ဦးကင်း၌ တပ်သော ပတ္တမြား၊ ဤပတ္တမြား ခြောက်လုံးကား တန်ဖိုးဖြတ်၍ မရ၊ အတိုင်းအရှည်မရှိ အဖိုးထိုက်၏။ ဥပေါသထ ဆင်ဖြူတော်ကား တန်ဖိုးမဖြတ်အပ်သော အံ့ဖွယ် ဆင်ဖြူတော်ဖြစ်သည်။

ဤသို့ ဥပေါသထ ပစ္စယ ဆင်ဖြူတော်နှင့်တကွ အဖိုးများစွာထိုက်သော ပတ္တမြားရတနာ တန်ဆာတို့ကို အလှူခံ ပုဏ္ဏားတို့အား လှူတော်မူသည်။ ထို့ပြင် ဆင်ဖြူတော်အား အကျွေးအမွေး၊ ဆင်ချေးကျုံး၊ ဆင်ထိန်းတို့ကိုလည်း တစ်ပါတည်း လှူတော်မူသည်။

ဤသို့ ဥပေါသထ ပစ္စယ ဆင်ဖြူအလှူမင်္ဂလာ ပြီးမြောက် အောင်မြင်ခြင်းကြောင့် မဟာပထဝီမြေကြီးသည် ဤလောက၌ ဘုရားအလောင်း သူတော်ကောင်း ဝေဿန္တရာမင်း၏ အလှူသည် အောင်မြင်ပြီဖြစ်ကြောင်း ကောင်းချီးသာခုခေါ်သကဲ့သို့ ကြီးစွာသော အသံဖြစ်စေလျက် တုန်လှုပ်ခြင်း၊ မြင်းမိုရ်တောင်မင်းသည် ဝေဿန္တရာမင်း၏ အလှူတော်အား လေးစား ဂါရဝပြုဟန်ဖြင့် စေတုတ္တရာပြည်သို့ ရှေးရှူ ဦးညွှတ်လျက် တည်ခြင်း၊ မိုးထစ်ချုန်းရွာခြင်း၊ မဟာသမုဒ္ဒရာ လှိုင်းတံပိုးထခြင်း၊ သိကြားမင်း လက်ပန်းပေါက်ခတ်ခြင်း၊ ဗြဟ္မာအပေါင်း ကောင်းချီးပေးခြင်း စသော ထူးခြားအံ့ဖွယ်ရာတို့သည် တစ်ပြိုင်နက်ဖြစ်ပွားကြသည်။

ဤကား ဘုရားလောင်း ဝေဿန္တရာမင်း၏ ပါရမီအာနုဘော်ကြောင့် လောက၏ ကောင်းချီးပြု ကြိုဆိုသော သဘာဝဖြစ်စဉ် ပဲ့တင်သံတို့ နှစ်ကြိမ်မြောက်ဖြစ်ခြင်းပင် ဖြစ်ပေသည်■

* * *

စိတ်မှိုး




www.burmeseclassic.com

www.burmeseclassic.com

# ပြိတ္တာများကို ကောင်းမှုပြု၍ အမျှပေးဝေပါ

▌ရဲရဲထွန်း (ဟသ်ာတ)▌

ကျွန်ုပ်တို့ မှီတင်း နေထိုင်လျက်ရှိသော လူ့ဘဝကြီးတွင် ထေရဝါဒ ဗုဒ္ဓသာသနာကို သက်ဝင် ယုံကြည် မှီခိုဆည်းကပ်ကြကုန်သော သူတော်ကောင်းအပေါင်းတို့သည် ဘုရားသာသနာတော်ကြီးနှင့် ကြုံတွေ့နေရသည့်အတွက် အလွန်ကုသိုလ်ထူးကို ရရှိလျက်ရှိပါသည်။ သို့သော် ကုသိုလ်၊ အကုသိုလ်စိတ် ခွဲခြားဝေဖန် စိတ်ထားမမှန်သဖြင့် ပြိတ္တာဘဝသို့ ရောက်ရှိသွားကြသူများလည်း ရှိနေကြသည်။ ထိုအပါယ်ဘုံသား ပြိတ္တာတို့သည် ဆင်းရဲဒုက္ခအမျိုးမျိုးဖြင့် ဝဋ်ဒုက္ခကို ကြီးစွာခံစားနေကြရသည်ကို ဖြစ်စဉ် သာဓက များစွာတို့က သက်သေခံလျက်ရှိပါသည်။ ထိုပြိတ္တာတို့သည် လူ့ဘဝရှိ ကျန်ရစ်သူ မိသားစုများ၏ အမျှပေးဝေသံကို သာဓုခေါ်နိုင်ရန် ခက်ခဲပင်ပန်းလှသည့်အတွက် အကြိမ်ကြိမ်ပြုလုပ်ပေးရပါမည်။ ဆွေမျိုးသားချင်းတို့၏ ရည်စူး ပြုလုပ်သည့်ကောင်းမှုအဖို့ဘာဂကို အမျှရ၍ ပြိတ္တာဘဝမှ ကျွတ်လွတ်သွားနိုင်ကြမည်ဖြစ်ပါသည်။



ဘုရားရှင်လက်ထက်တော်အခါက ဗိမ္ဗိသာရမင်းကြီးသည် နန်းတော်၌ ဗုဒ္ဓဘုရားရှင်နှင့်တကွ သံဃာတော်တို့အား ဆွမ်းအလုပ်အကျွေးပြု၍ ကြီးစွာသော အလှူကြီးကိုပေးလှူလေ၏။ ထိုညတွင် နန်းတော်ဝန်းကျင်အနီး နေရာအနှံ့အပြား၌ အကောင်အထည်မမြင်ရဘဲ ဟိုပစ္စည်းပစ်ချ၊ ဒီပစ္စည်း တွန်းလှဲ စသဖြင့် ထူးဆန်းမှုများ ဖြစ်ပေါ်ခဲ့သည်။ ထိုအသံဗလံများကြောင့် ဗိမ္ဗိသာရမင်းကြီးသည် တစ်ညလုံးစက်တော်ခေါ်မရဘဲ ရှိလေသည်။ နံနက်လင်းသော် ထိုထူးဆန်းမှုများကို ဘုရားရှင်ထံ သွားရောက် လျှောက်ထားရာ ဘုရားရှင်က. . .

"ရှေးဘဝများစွာက အသင် မင်းကြီးနှင့် အမျိုးအဆွေတော်စပ်ခဲ့ဖူးသူများသည် ပြိတ္တာဘဝသို့ ရောက်ရှိနေကြပြီး၊ ၎င်းတို့ဘဝမှ ကျွတ်ချိန်တန်ပလျက် အသင် မင်းကြီး ပြုလုပ်သည့် ကုသိုလ်အမျှကို မရကြ၍ အသိပေး ဆန္ဒပြနေခြင်းဖြစ်သည်။ သူတို့အတွက် ရည်စူးလျက် ကုသိုလ်ပြု အမျှဝေလိုက်ပါ"

ဟု မိန့်ကြားတော်မူသည်။ မင်းကြီးလည်း ဘုရားရှင်မိန့်ကြားသည့်အတိုင်း ကုသိုလ်ပြု၍ အမျှပေးဝေခဲ့ရာ ထိုကုသိုလ်အဖို့ဘာဂကို မင်းကြီး၏ ဆွေမျိုးပြိတ္တာများ သာဓုခေါ်နိုင်ကြပြီး၊ ထိုဘဝမှ ကျွတ်လွတ်ခဲ့ကြဖူးလေ၏။

◈◈◈

နောက်တစ်ခုမှာ တစ်ခါက ဝိသုဒ္ဓါရုံ ဆရာတော်သည် ဝိသုဒ္ဓါရုံကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းအစ်မကြီး ကွယ်လွန်အနိစ္စရောက်ချိန်တွင် အကုသိုလ်အာသန္နကံ ဝင်နှောင့်သဖြင့် ပြိတ္တာဘဝသို့ ရောက်ရှိသွားခဲ့သည်။ ထုံးစံအတိုင်း သားသမီးများက ကွယ်လွန်သူအတွက် ရည်စူး၍ ဆွမ်းသွတ် အမျှဝေသော်လည်း ကျွတ်လွတ်ခြင်းမရှိဘဲ ဖြစ်နေသည်။ နောက်ဆုံးအကြိမ် ဆွမ်းသွတ် အမျှဝေသောအခါမှ အမျှရ၍ ကျွတ်လွတ်သွားခဲ့ကြောင်း ကျောင်းအစ်မကြီး ကိုယ်ထင်ပြ လျှောက်ထားခဲ့ဖူးသည်။

ဝိသုဒ္ဓါရုံ ဆရာတော်သည် ထိုကျောင်းအစ်မကြီးအတွက် ရည်စူးပြုလုပ်သည့် အလှူပြီးဆုံး၍ အမျှအတန်းဝေပြီး ကျောင်းသို့ အပြန်လမ်းတွင် "ဝိသုဒ္ဓါရုံ ဆရာတော်ဘုရား" ဟု အကောင်မမြင်ဘဲ ခေါ်သံကြားသဖြင့် အသံကိုကျက်မိသော ဆရာတော်က. . .

"ကျောင်းအစ်မကြီးမှတ်တယ်"

ဟု ပြန်လည် အသံပြုလိုက်သည်။ ထိုအခါ. . .

"မှန်ပါ့ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြန်လည် အသံပြုရာ ဆရာတော်က…

"ဒကာမကြီး၏ အသံကိုသာ ကြားရပေသည်။ အကောင်အထည် မပြဘူးလား"

ဟု ပြန်မေးလိုက်သည်။

"မှန်ပါ၊ တပည့်တော်မရဲ့ အကောင်အထည်သည် စက်ဆုပ်ရွံရှာဖွယ်၊ ကြောက်မက်ဖွယ် ကောင်းလှပါသည် ဘုရား"

ဟု လျှောက်ထားသဖြင့် ဆရာတော်က…

"ပြသာ ပြပါ ဒကာမကြီး၊ ဘုန်းကြီး သတိနဲ့ ကြည့်ပါမည်"

ဟု မိန့်ကြားရာ…

"အရှင်ဘုရားယုံအောင် တပည့်တော်မရဲ့ လက်ညှိုးတစ်ချောင်းပဲ ပြပါ့မယ် ဘုရား"

ဟူသော အသံနှင့်အတူ ဆရာတော်၏ မနီးမဝေး၌ လည်ညှိုးကြီးတစ်ချောင်းပေါ်လာသည်။ ထိုလက်ညှိုးကြီးမှာ ထွန်တုံးတမျှ ကြီးမားပြီး အမွေးအမျှင်များဖြင့် လွန်စွာ စက်ဆုပ်ရွံရှာဖွယ် ကောင်းလေ၏။ ဆရာတော်က…

"အိမ်း၊ ဟုတ်ပေတယ် ဒကာမကြီး၊ ယခု ဒကာမကြီးကို ရည်စူးဆွမ်းကပ် ရေစက်ချက ပြန်လာတာ၊ ဒကာမကြီး အမျှမရပေဘူးလား၊ လာရင်းကိစ္စ ပြောပါဦး"

ဟု ဆရာတော်က မေးမြန်းရာ…

"မှန်ပါ၊ တပည့်တော်မ သေပြီး ရက်လည်ဆွမ်းသွတ် အထိ အဖော်တွေနဲ့ ဟိုးအဝေးကြီးအထိ ပါသွားလို့ အမျှ မရလိုက်ပါ၊ ဒီနေ့မှ ဆရာတော်ရဲ့ တရား နာကြားရမှာဖြစ်တဲ့ အတွက် လာရောက် လျှောက်တင်ရခြင်း ဖြစ်ပါတယ်။ တပည့်တော်မကို ခွင့်ပြုတော်မူပါ ဘုရား"

ဟု ပြောပြောဆိုဆို အသံနှင့်အတူ လက်ညှိုးကြီး လည်း ပျောက်ကွယ်သွားတော့သည်။

◈◈◈

နောက် စိတ်ဝင်စားဖွယ် အဖြစ်တစ်ခုမှာ မြန်မာပြည် တွင် ဖြစ်ပျက်ခဲ့သော ပြိတ္တာဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။ ဆင်ဖြူရှင်မင်းလက်ထက် ချောင်းဦးရွာသား ချိုးတည်၊ ခါ တည်၊ လက်ထွေသမားလည်းဖြစ်သူ ငအောင်ထွန်းသည် နွယ် ခွေတောင်ကြောသို့ ချိုးတည် ထွက်ခဲ့သည်။ ညနေပြန်ချိန် မိုးကြီး သည်းထန်စွာ ရွာသွန်းသဖြင့် မပြန်နိုင်တော့ဘဲ တော ထဲတွင် တွေ့ရှိသည့် ဘုန်းကြီးကျောင်းပျက်တစ်ခုတွင် ဝင်ခို ၍ တစ်ညအိပ်သည်။ ညဥ့်နက်သော် ကျောင်းလှေကား အောက်၌ မြှုပ်ထားသော ငွေသုံးပိဿာကို စွဲလမ်းမှုဖြင့် တစ္ဆေဖြစ်နေသော ထိုကျောင်းပျက်ပိုင်ရှင် ဘုန်းကြီးတစ္ဆေ (ပြိတ္တာ)က ငအောင်ထွန်းအား လာခြောက်သဖြင့် မကြောက် တတ်သော ငအောင်ထွန်းနှင့် နှစ်ဦးသား လက်ဝှေ့သတ်၊ နပန်းလုံးကြသည်။ တစ်ကြိမ်တွင် ဘုန်းကြီးတစ္ဆေ၏ ဦးခေါင်း တွင် ဆောင်းထားသော ဦးထုပ်ကို ငအောင်ထွန်းက လုံးထွေး ချွတ်ယူလိုက်နိုင်သည်။ ဤတွင် ဘုန်းကြီးတစ္ဆေမှာ ခွန်အား ယုတ်လျော့သွားသဖြင့် ငအောင်ထွန်း အနိုင်ရလေ၏။ ဘုန်းကြီးတစ္ဆေလည်း ငအောင်ထွန်းကို သူ့ဇာတ်ကြောင်း ပြောပြသည်။

သူသည် ကျောင်းထိုင် ဘုန်းကြီးဘဝက သူခိုးဓားပြ ရန်ကို ကြောက်၍ ငွေသုံးပိဿာကို ကျောင်းလှေကား အောက်တွင် မြှုပ်နှံထားကြောင်း၊ ထိုငွေကို အစွဲပြု၍ မကျွတ် မလွတ်နိုင်ဘဲ ရှိကြောင်း၊ သူသည် သူ့ကို ရည်စူးပြုလုပ်သည့် အမှုကို ရယူလိုသဖြင့် ကိုယ်ထင်ပြသော်လည်း လူအများ က တစ္ဆေခြောက်သည်ဟု ကြောက်လန့် ထွက်ပြေးသွားကြ ကြောင်း ရှင်းပြသည်။

သို့နှင့် ဘုန်းကြီးတစ္ဆေနှင့် ငအောင်ထွန်းတို့ အပေး အယူမှုကြပြီး ဘုန်းကြီးတစ္ဆေက လှေကားအောက်မှ ငွေ သုံးပိဿာကို ပြသပေးသဖြင့် ငအောင်ထွန်းလည်း တူးယူပြီး ရွာသို့ ပြန်လာခဲ့သည်။ ထို့နောက် ကတိစကားအတိုင်း ထိုကျောင်းပျက်ကြီးသို့ ပြန်လာပြီး ဆွမ်းသွတ် ရေစက်ချ အလှူဒါနပြုလုပ်ကာ အမျှပေးဝေလေသည်။ ထိုနေ့မှစ၍ အဆိုပါ ဘုန်းကြီးကျောင်းပျက်ကြီးတွင် ဘုန်းကြီးတစ္ဆေကို မတွေ့ရတော့ဘဲ ကျွတ်လွတ်သွားခဲ့လေတော့သည်။

◈◈◈

သို့ဖြစ်၍ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့သည် မိမိတို့၏ ဘဝပေါင်းများစွာက တော်စပ် ခဲ့ဖူးသော မကျွတ်မလွတ်သေးသော ပုဂ္ဂိုလ်တို့ များစွာ ရှိနေဦးမည် ဖြစ်ပါသည်။ ထို့ကြောင့် မည်သည့်အလှူ ကောင်းမှုတစ်ခုခုကို ပြုလုပ်သည်ဖြစ်စေ ရေစက်ချ အမျှ အတန်းဝေရန် အရေးကြီးပါသည်။ သို့မှသာ ထိုပုဂ္ဂိုလ်အပေါင်း တို့သည် အမျှရ၍ သာဓုခေါ်ဆိုနိုင်ပြီး ကျွတ်တမ်းဝင်နိုင်ကြ မည်ဖြစ်ပါကြောင်း ဇာတ်သာဓကများဖြင့် ရေးသားဖော်ပြအပ် ပါသည်■

* * *

ရဲရဲထွန်း(ဟင်္သာတ)

**မှီငြမ်း**

**- တင်အောင်ထွန်း (သုတေသန)၏ ဘဝကူးလမ်းညွှန်။**




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် လိုက်ပါလာသော 'SSMAR' အမည်ရှိ သင်္ဘောသည် လန်ဒန်မြို့ ဆိပ်ကမ်းသို့ ဆိုက်ရောက်လာခဲ့ပြီ။ ရေဒီယိုအရာရှိတစ်ဦးဖြစ်သော ကျွန်ုပ်သည် မိတ်ဆွေ မစ္စတာ အယ်လင်စမစ်ထံသို့ သွားလိုလှပါ၏။ သင်္ဘော ကပ္ပတိန်၏ တာဝန်ပေးမှုတို့ကို ဆောင်ရွက်နေရသဖြင့် စိတ်အနှောင့်အယှက်ဖြစ်နေရသည်။

အလုပ်တာဝန် လွတ်ကင်းသည်နှင့် ကျွန်ုပ်သည် လန်ဒန်မြို့ပေါ်သို့ တက်ခဲ့သည်။ သတ္တုလုပ်ငန်းရှင်များကလပ်သို့ သွားရောက်၍ မိတ်ဆွေ၏ လိပ်စာကို စုံစမ်းရ၏။ မစ္စတာ အယ်လင်စမစ်သည် နိုက်ဂျီးရီးယား၌ သတ္တုသိုက် တူးဖော်သော လုပ်ငန်းကို လုပ်ကိုင်နေသူဖြစ်သည်။

ကျွန်ုပ်သည် လန်ဒန်မြို့၏ ဗဟိုချက်မအရပ်ဟု ဆိုသည့် "နော့တင်ဟေး"ဂိတ်အရပ်၊ ဝတ်ကျောင်းလမ်းအစွန်ဆုံး၌ ရှိသော အဆောက်အအုံ

# မောင်မောင်ကြိုး
(လှိုင်နယ်မြေ)

# စိတ္တဇရုပ်တု



www.burmeseclassic.com

www.burmeseclassic.com

သို့ ရောက်သွားပြီး အပေါ်ဆုံးထပ်သို့ တက်ခဲ့၏။ တံခါးဖွင့်ပေးသူမှာ မစ္စတာ အယ်လင်စမစ်ကိုယ်တိုင် ဖြစ်နေပေသည်။ သူ၏ ကြိုဆိုမှုသည် လွန်စွာ နွေးထွေးလှသည်။

"အလို··· မစ္စတာ ဟော်သွန်၊ မမျှော်လင့်ဘဲ ခုလို တွေ့လိုက်ရလို့ အလွန်အံ့အားသင့်မိသလို၊ အလွန် ဝမ်းမြောက်သွားမိတာ အမှန်ပဲဗျို့။ ကဲ- အထဲကို ကြွပါ"

သူ၏ အသားရောင်မှာ ကြေးနီရောင်သန်းနေပြီး စိုပြည်တောင့်တင်းလျက်ပင် တွေ့မြင်ရသည်။ အခန်း၏ သွင်ပြင်လက္ခဏာကို တစ်ချက်ဝေ့၍ ကြည့်ရုံဖြင့် သူသည် လန်ဒန်မြို့ လူကုံထံအဆင့်ထက် နိမ့်ကျခြင်းမရှိကြောင်း သိမြင်ရသည်။

"အပိုမပါတဲ့ စကားလုံးတွေနဲ့ ပြောရရင် ခင်ဗျားကို ကျုပ် အမြဲတစေ သတိရနေတယ်ဗျ"

"ဟုတ်ပေ့ဗျာ၊ ကျုပ်လည်း ခင်ဗျားအတိုင်းပါ မစ္စတာ ဟော်သွန်ရေ"

ထိုသို့ပြောဆို၍ ကျွန်ုပ်တို့နှစ်ဦးစလုံး နှစ်ခြိုက်စွာ ရယ်မိကြလေသည်။ မစ္စတာ အယ်လင်စမစ်နှင့် ကျွန်ုပ်အား ရင်းနှီးသော မိတ်ဆွေများအဖြစ်သို့ ရောက်ရှိစေခဲ့သည်မှာ ပထမ ကမ္ဘာစစ်ကြီးပင် ဖြစ်တော့သည်။ ထိုစဉ်က ကျွန်ုပ်သည် ကာလကတ္တား၊ ယူနီဗာစီတီတွင် အိုင်အေ အထက်တန်း စာမေးပွဲဖြေပြီးနောက် အိန္ဒိယ ခြေလျင်တပ်သို့ ဝင်ခဲ့သည်။ စစ်အတတ်ပညာကို တတ်ထားလိုခြင်း၊ စစ်တိုက်သော အတွေ့အကြုံကို ရလိုခြင်းနှင့် စွန့်စားလိုသောစိတ် စသည်တို့ကြောင့် စစ်ထဲ ဝင်ခဲ့ခြင်းဖြစ်သည်။

သို့သော် ကျွန်ုပ်၏ ပညာအဆင့်အတန်းအား သိရှိသွားသောအခါ စစ်သင်တန်းပြီးသည်နှင့် ကျွန်ုပ်အား Signals (စစ်ဂနယ်) ခေါ် အချက်ပြ ဆက်သွယ်ရေးတပ်သို့ ပို့လိုက်၏။ ထိုသို့ တာဝန်ထမ်းဆောင်ရင်း တူရကီ စစ်မျက်နှာ၌ မစ္စတာ အယ်လင်စမစ်နှင့် ကျွန်ုပ် တွေ့ခဲ့ရင်းနှီးခဲ့ဖြစ်သည်။

စစ်ကြီး ပြီးသောအခါ ကျွန်ုပ်သည် Post Master General ခေါ် အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု အချက်ပြ ဆက်သွယ်ရေး ဒုတိယ အဆင့်စာမေးပွဲ ဖြေဆိုအောင်မြင်ခဲ့၏။ မစ္စတာ အယ်လင်စမစ်သည်လည်း ဗြိတိသျှတပ်များနှင့်အတူ အင်္ဂလန်သို့ ပြန်သွားခဲ့သည်။

သုံးနှစ်မျှ ကြာသောအခါ ကျွန်ုပ်သည် စစ်တပ်မှ ထွက်လိုက်၏။ ကျွန်ုပ်သည် ဇာတိနိုင်ငံသို့ ပြန်ရန် စိတ်ကူး၌ပင် မထည့်မိပါ။ အကြောင်းမူ ကျွန်ုပ်၏ ဖခင်သည် အထက်တန်း အစိုးရ အရာရှိတစ်ဦးဖြစ်သော်လည်း ကျွန်ုပ်၏ မိခင်မှာ သာမန်မြို့သူပင် ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်သည် ဖခင်၏ အရိုက်အရာဖြစ်သော အရာရှိဖြစ်လာနိုင်သည့် အခွင့်အလမ်းမရှိခဲ့ချေ။

ကျွန်ုပ်သည် "အလီဗဟာဒူး" အမည်ရှိ ဂေါရခါး တပည့်တစ်ဦးနှင့် ရှေးဟောင်း ရတနာသိုက်များ ရှာဖွေသောအလုပ်ကို အိန္ဒိယနှင့် အာဖရိက တိုက်အနှံ့ လုပ်ကိုင်ခဲ့သည်။

လုပ်ငန်းအောင်မြင်သော်လည်း အာဖရိက လူရိုင်းတို့၏ အနှောင့်အယှက် တိုက်ခိုက်ခံရမှုကြောင့် ကျွန်ုပ်၏ တပည့် အလီဗဟာဒူး၏ အသက်ဆုံးရှုံးသည်မျှမက၊ ရှာဖွေရရှိခဲ့သည့် ရှေးဟောင်း ရတနာများကို လျှို့ဝှက်မြှုပ်နှံပြီး ထွက်ပြေးခဲ့ရ၏။ ကျွန်ုပ်သည် အီဂျစ်ပြည်၊ ကိုင်ရိုမြို့၌ ခေတ္တနားနေကာ ရတနာများကို ပြန်လည်ရယူရန် နည်းလမ်းရှာလျက်ရှိစဉ် RO ခေါ် ဆက်သွယ်ရေးအရာရှိတစ်ဦး အလျင်အမြန်လိုနေသော ကုန်သင်္ဘောနှင့် ဆုံစည်းခဲ့ရာမှ ထိုအလုပ်ကို ဆက်လက်လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

"ကျုပ်က မစ္စတာ အယ်လင်းရဲ့ သတင်းကို အမြဲစုံစမ်းနေတာဗျ။ ခင်ဗျား သတ္တုသိုက်လုပ်ငန်းကို လုပ်ကိုင်ဖို့ မလေးယား (ယခု မလေးရှား) အထိ ရောက်တယ်။ နောက်တော့ နိုက်ဂျီးရီးယားမှာ လုပ်နေတယ်ဆိုတာ သတင်းရတယ်ဗျ"

"ကျုပ် ယုံတယ်ဗျို့။ ဒါကြောင့် မစ္စတာ ဟော်သွန်ဟာ ကျုပ်ရှိရာကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတာ မဟုတ်လား။ ကိုင်း···ကျုပ်ဆီရောက်တော့ ကျုပ်က မိတ်ဆွေဟောင်းကြီးကို ပြုစုရပေမပေါ့။ ပြန်လည်ဆုံစည်းတဲ့ အထိမ်းအမှတ်နဲ့ ခုလောလောဆယ် "ယိုဟို"ရပ်ကွက်မှာ ညစာသွားစားကြမယ်"

"အလို···မစောလွန်းဘူးလား မစ္စတာ အယ်လင်"

"စောစောထွက်တော့ သွားလာလည်ပတ်ဖို့ အချိန်ပိုရတာပေါ့ မစ္စတာ ဟော်သွန်"

ကျွန်ုပ်တို့နှစ်ယောက် အပြင်ဘက်သို့ ရောက်သောအခါ မစ္စတာ အယ်လင်စမစ်သည် တံခါးမကြီးကို သော့မခတ်ဘဲ ဂျက်ချရုံ ချလိုက်ကြောင်း တွေ့လိုက်ရ၏။ ထို့ကြောင့်-

"အိုင်ဆေး···သော့မခတ်ဘဲ သွားမလို့လားဗျ"

"လန်ဒန်မြို့ရဲ့ ဗဟိုချက်မလို အရပ်မှာ ပုလိပ်တွေ အများကြီးပါ။ သူခိုးကလည်း မသောင်းကျန်းလှပါဘူးဗျ။ သောင်းကျန်းလည်း အရေးမဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ပါဘူး။ အလွန်စိတ်ချရတဲ့ အကာအကွယ်ရှိပါတယ် မစ္စတာ ပော်သွန်"

ကျွန်ုပ်၏ စိုးရိမ်မှုကို သူက ခပ်အေးအေး အံဖြေပေးသည်။ ထိုကိစ္စနှင့် ပတ်သက်၍ ပြန်ရောက်မှ မေးမည်ဟု ကျွန်ုပ် တေးမှတ်ထားလိုက်ရလေသည်။

◈◈◈

ကျွန်ုပ်တို့ ပြန်ရောက်လာသောအခါ အတော်ညဥ့်နက်နေပြီ။ အယ်လင်၏ တိုက်ခန်းသည်လည်း မှောင်လျက်ရှိ၏။ သူသည် တံခါးဖွင့်ပြီး မီးခလုတ်များကို ဖွင့်လိုက်၏။ ရုတ်တရက်မို့ မျက်စိပင် ပြာဝေသွားမိသည်။

"မစ္စတာ အယ်လင်ရေ··စပ်စုတယ်တော့ မထင်မှတ်နဲ့ပေါ့ဗျာ။ ရင်းနှီးတဲ့ မိတ်ဆွေမို့ သိချင်တာလေး မေးပါရစေဗျာ"

"အလိုဗျာ · · · ပဏာမတွေ၊ နိဒါန်းတွေ ပျိုးနေရမယ့်သူတွေမှ မဟုတ်တာ၊ မေးပါဗျာ"

"ကျုပ်တို့ အပြင်သွားခါနီး ခင်ဗျားပြောတဲ့ အလွန်စိတ်ချရတဲ့ အကာအကွယ်ရှိပါတယ်ဆိုတာ ဘာများပါလိမ့်ဗျာ"

"ဟဲဟဲ · · ·တခြားမဟုတ်ပါရိုးကလားဗျာ။ ဟောဟိုမှာကြည့်၊ အဲဒါပဲဗျို့"

သူ လက်ညှိုးညွှန်သော နေရာသည် မီးလင်းဖိုဖြစ်၏။ အေးလွန်းသော ဒေသမျိုးတွင် အိမ်တိုင်း မီးလင်းဖိုရှိသည်မှာ အဆန်းမဟုတ်။ အသုံးပြုသော လောင်စာသာလျှင် ခြားနား၏။ ထင်း၊ မီးသွေး၊ ဂက်စ် စသည့် လောင်စာကို စီးပွားရေးအခြေအနေပေါ် မူတည်အသုံးပြုသည်သာ ကွာခြားသည်မဟုတ်ပါလား။

ထို့ကြောင့် မီးလင်းဖိုကို ပြခြင်းမဟုတ်ကြောင်း ကျွန်ုပ် ရုတ်ခြည်း သိလိုက်၏။ နံရံကပ် မီးဖို၏ အထက်ရှိ မျက်နှာပြင်၊ တစ်နည်းအားဖြင့် ကျပ်ခိုးစင်ပေါ်တွင် ရုပ်တုတစ်ခုရှိနေကြောင်း ကျွန်ုပ်မြင်တွေ့နေရပေ၏။ ကျွန်ုပ်သည် အနီးကပ် သွားရောက်ကြည့်မိသည်။

ရုပ်တုအမြင့်မှာ တစ်တောင်သာသာခန့် ရှိသည်။ ရုပ်တု၏ အောက်ခံခုံမှာ အနည်းငယ် သေးနေ၏။ ထို့ကြောင့် တင်ပလ္လင်ခွေကဲ့သို့ ထိုင်နေသော ရုပ်တု၏ ညာခြေဖဝါးတစ်ဝက်ခန့်သည် အောက်ခံ နံရံကို လွန်ထွက်လျက်ရှိ၏။ ရုပ်တု၏ ဦးခေါင်းမှာ ကြီးသကဲ့သို့၊ ပခုံးသည်လည်း ကျယ်ပြန့်နေသည်။

လက်နှစ်ဖက်ကိုမူ တင်ပလ္လင်ခွေ၏ အတွင်းဘက်၌ လက်တစ်ဖက်ကိုကျန် လက်တစ်ဖက်ဖြင့် မိမိရရဆုပ်ထား၏။ ဦးခေါင်းတွင် သစ်စေးတစ်မျိုးသုတ်၍ ကြက်မွေးနုများကို ဆံပင်အဖြစ် ကပ်ထားသည်။

မျက်လုံးနှစ်လုံးမှာ ဂေါ်လီလုံးကဲ့သို့ ဖြူဖွေး ပြူထွက်လျက် ရှိသည်။ မျက်နက်ဆံမှာ မည်းနက်နေသည်။ ပါးစပ်မှာမူ အော်ငေါက် ကြိမ်းမောင်းဟိန်းဟောက်တော့မည့်ကဲ့သို့ ခပ်မာမာရှိနေ၏။ ဆံပင်နှင့် မျက်စိမှအပ ရုပ်တုတစ်ခုလုံး မည်းမှောင်နေသည်။ သစ်ကနက်သားကို ခပ်ကြမ်းကြမ်းထုလုပ်ထားသော အနောက် အာဖရိက ပန်းပုလက်ရာဖြစ်ကြောင်း ကျွန်ုပ် ကောင်းစွာသတိပြုမိလိုက်သည်။

အကာယ်စင်စစ် လွန်စွာမှ အချိုးအစားမကျသော ရုပ်တုဖြစ်၏။ ပထမတွင် ကျွန်ုပ်သည် ရယ်စရာကောင်းသော ရုပ်တုအဖြစ် ခံစားရသည်။ သို့သော် တစိမ့်စိမ့်ကြည့်လေ စက်ဆုပ်ရွံရှာ ကြောက်စရာကောင်းလေဟု စိတ်ထဲတွင် ခံစားလာရပေသည်။ စိတ်မရှည်တော့သောကြောင့် တစ်စုံတစ်ခုကို ရက်ရက်စက်စက် ထ၍ ပြုလုပ်မည့် ပုံသဏ္ဌာန်ဖြစ်ကြောင်း ကျွန်ုပ် သဘောပေါက်မိသည်။

"ဒါ တစ်မူထူးခြားတဲ့ ကျုပ်ရဲ့ ဂျူးဂျူးပဲဗျို့။ ဒါကို ဟောစာဘာသာနဲ့ "မိုင်ဂါဒီကို" လို့ ခေါ်ကြတယ်ဗျ။ အဓိပ္ပာယ်ကတော့ အစောင့်တဲ့ဗျ။ အဲဒီအမည်ကို အကြောင်းမဲ့သက်သက် ရထားတာ မဟုတ်ဘူးဗျ။ ဘယ်အရာမဆို သူနဲ့ ထားခဲ့ရတာမျိုးတော့ ကျုပ်တကယ်ကို စိတ်ချတယ်ဗျာ"

ကျွန်ုပ်၏ အရိပ်အကဲကို ကြည့်၍ သူက ပြောနေ၏။ ကျွန်ုပ်ကိုယ်နှိုက်က လွယ်လွယ်နှင့် ယုံကြည်လက်ခံတတ်သည့် စိတ်ဓာတ်ခံ မရှိလေသောကြောင့် ရယ်ပင် ရယ်မိသည်။

"ဂျူးဂျူးကို ယုံကြည်စ ပြုလာပြီလို့ ဆိုတာတော့ မဟုတ်တန်ကောင်းပါဘူးနော် မစ္စတာ အယ်လင်။ အလုပ်ခွင်က နားနေဖို့ ပြန်လာတဲ့အခါမှာ တောင် အတော်ကို အကြည့်ရဆိုးတဲ့ ရုပ်တုကို ခင်ဗျားနဲ့ မခွဲမခွာ ယူလာတယ်ဆိုတော့ အင်း · · ·အနောက်အာဖရိကဟာ ခင်ဗျားကို ဖမ်းစားပြီထင်ပါရဲ့ဗျာ"

"ရုပ်တုကိုတော့ အမြင်နဲ့ အထင်မသေးလိုက်နဲ့ဗျို့။ ခင်ဗျားထင်တာထက် သူက ပိုပြီးအရာရောက်တာ အမှန်ပဲ။ သူနဲ့သာဆိုရင်ဖြင့် ကျုပ်အဖို့ ပိုပြီးလုံခြုံစိတ်ချတယ်ဗျ။ ဒါ ကျုပ် အရိုးခံအတိုင်း ပြောပြတာပါ။ အနောက်အာဖရိကရဲ့ တွေးခေါ် ယူဆပုံတွေက ကျုပ်ကိုတော့ မဖမ်းစားနိုင်ပါဘူးဗျာ။ ရုပ်တုကိုယ်နှိုက်က သက်သေပြခဲ့တာကြောင့် ကျုပ်ပြောတာပါ"

မစ္စတာ အယ်လင်စမ်လိုလူက


www.burmeseclassic.com

www.burmeseclassic.com

အလေးထား ပြောဆိုလာသော စကားရပ်အပေါ် ပြက်ရယ်ပြုရမည်ကို ကျွန်ုပ် စဉ်းစားရမည်သာ ဖြစ်ပါ၏။ သူသည် အသက် ၄၅နှစ်ခန့်ရှိပြီဖြစ်သည်။ သူ၏ ထက်ဝက်မျှသော သက်တမ်းကား နယူးဂီနီ၊ မလေးရှား၊ အမေရိက အလယ်ပိုင်း၊ အာဖရိက စသည့်အရပ်ဒေသများသို့ သွားလာ၍ စီးပွားရှာခြင်းဖြင့် ကုန်လွန်စေခဲ့သူဖြစ်သည်။

ထို့ကြောင့် ပတ်ဝန်းကျင်အတိအတွေ့ အတွေးအမြင်၊ အတွေးအခေါ် အတွေ့အကြုံတို့ဖြင့် ရင့်ကျက်နေလောက်သူဖြစ်သည်။ သို့ဖြစ်၍ အယ်လင်လိုလူက အလေးထားသောကိစ္စသည် မတူမရာ ဇဝေဇဝါတော့ မဟုတ်တန်ရာဟု ကျွန်ုပ် စဉ်းစားရခြင်းဖြစ်သည်။ အယ်လင်သည်လည်း လူနံ့လူထုံ၊ လူအ လူန မဟုတ်။ ကျွန်ုပ်ကဲ့သို့ပင် ယူနီဗာစီတီကျောင်းထွက်ဖြစ်သည်။ အယူသည်းမှုကို သူလည်း နားလည် သဘောပေါက်သည်ဟု ကျွန်ုပ်ယုံကြည်မိ၏။ သို့နှင့်…

"ကောင်းပါ့ဗျာ။ ခင်ဗျားလို ဗဟုသုတကြွယ်ဝတဲ့ သူတစ်ယောက်ကတောင် ဒီလောက်ညွှန်းထားတော့ ကျုပ်အတော်စိတ်ဝင်စားသွားပြီးဗျို့။ အဲဒီတော့ သူ့ဇာတ်လမ်းကို ပြောပြပေတော့ မစ္စတာ အယ်လင်"

"ပြောပြပါ့မယ်ဗျာ။ စကားပြောရင်း ကော်ဖီလေး သောက်နိုင်အောင် ကော်ဖီအိုးလေး လုပ်လိုက်ပါရစေဗျာ။ ကျုပ်ပြောတာသာ ခင်ဗျားကြားရရင်တော့ မတော်တဆ ဖြစ်ပေါ်လာတဲ့ တိုက်ဆိုင်မှုလေးလို့ ခင်ဗျားပြောမှာကို ကျုပ်ကြားယောင်မိတယ်။ တကယ်ဆိုတော့ ဒါ့ထက်ပိုပြီး ကျုပ် ရှင်းမပြတတ်လို့ ဆိုပါတော့ဗျာ။ ကျုပ်ကတော့ ဂျူးဂျူးကို ပိုင်ဆိုင်ရတာကိုပဲ သဘောကျနေမိတာဗျ။ သူ့ကို ဘာမှ ကျွေးမွေးရတာလည်း မဟုတ်ဘူး။ သယ်ယူသွားဖို့လည်း ဝန်လေးလှတာမှ မဟုတ်ဘဲဗျာ"

ကော်ဖီ အသင့်ဖြစ်သောအခါ ကော်ဖီကို ငှဲ့ထည့်ပြီးနောက် အကျအနထိုင်၍ ဂျူးဂျူးအကြောင်းကို အောက်ပါအတိုင်း ပြောပြလေတော့သည်။

◈◈◈

ဟောဒီ ရုပ်တုကြောင့် ကျုပ်ရဲ့ သတ္တုသိုက်လုပ်ငန်းမှာ အကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်ခဲ့တယ်။ ဒေသခံတွေအပေါ်မှာ ကျုပ် ဩဇာသက်ရောက်ခဲ့တယ်။ ဂျူးဂျူးဟာ ထူးခြားတာကတော့ အမှန်ပဲဗျို့။ ဒါပေမယ့် မူလပထမတုန်းကတော့ လျှို့ဝှက် ဆန်းကြယ်မှုတွေနဲ့ ဖြစ်ခဲ့တာတော့ မဟုတ်ဘူးဗျ။ ပြီးတော့ ဒီရုပ်တုကို ရှေးသချိုင်းဟောင်းမှာ ကျိန်စာတိုက်ပြီး ထားရစ်ခဲ့တာမျိုးလည်း မဟုတ်ပါဘူး။ ဒီရုပ်တုရဲ့ ဇစ်မြစ်ကို ကျုပ် တိတိကျကျ စုံစမ်းခဲ့တာပါ။

"နတ်စာရာဝါ" အမည်ရှိတဲ့ ကျေးရွာမှာ ဂျူးဂျူးမော်ဆရာတစ်ယောက်က ထုလုပ် ဖန်တီးခဲ့တာဗျ။ အကြောင်းက အဲဒီရွာမှာ နေတဲ့ ပုဂ်နွယ်ဝင် "ဂျိုလိုကို" အမည်ရှိတဲ့ လယ်သမားကြီးက ပြုလုပ်ခိုင်းခဲ့တာ။ သူ့ရဲ့ လယ်ယာစိုက်ခင်းမှာ ကျိုင်းကောင်ကအစ ပိုးမွှားတွေ၊ အခြားတိရစ္ဆာန်တွေ ဖျက်ဆီးခြင်းနဲ့ သူခိုးသူဝှက် ဘေးအန္တရာယ်ကို ကာကွယ်ဖို့ ရည်ရွယ်ခဲ့တာဗျ။

ပြီးတော့ ရုပ်ထုရဲ့ မျက်စိနဲ့ ဆံပင်ကိုတော့ ကဝေအတတ်ပညာသည်တစ်ဦးက ဖန်တီးထားတယ်။ သူ့ရဲ့ အတတ်ပညာနဲ့ ဂါထာ မန္တန်တွေ မန်းမှုတ် ပြုလုပ်ပေးခဲ့တာကို သိရတယ်။ အဲဒီ စိုက်ကွင်းဘေးကနေ မနက်တိုင်း ကျုပ်ဖြတ်သွားနေကျမို့ သူ့ရဲ့ သီးနှံပင်တွေကို တွေ့နေရတယ်။ ပထမတော့ စိမ်းလန်းစိုပြည်တဲ့ အနှံတွေ တက်လာတယ်။ ဂျိုလိုကိုဟာ ရုပ်တုလည်တိုင်မှာ ပုတီးစေ့ ဆွဲကြိုးကိုတောင် ဆွဲပေးခဲ့သေးတယ်။ ကျိုင်းကောင်နဲ့ တောဝက်တွေ လုံးဝ မနှောင့်ယှက်တော့ဘူးဗျို့။

ဂျိုလိုကိုဟာ အတော့်ကို ကျေနပ်နေခဲ့တာဗျ။ ဒါပေမယ့် အဲဒီနှစ်မှာ မိုးဟာ စောစောစီးစီး ဆုတ်ယုတ်သွားခဲ့ပါလေရောဗျို့။ အဲဒါကြောင့် သီးနှံတွေ မအောင်မြင်ပြန်ကုန်ပါရော။ တခြားဒေသတွေမှာတော့ မိုးရွာပါရဲ့။ မိုးကွက်ကျားရွာတာမျိုးပေါ့။ ဂျိုလိုကိုရဲ့ သီးနှံတွေဟာ ရေဓာတ်မရလို့ အတော်ဆိုးဆိုးဝါးဝါးဖြစ်ကုန်တယ်ဗျ။

ခါတိုင်းလို ကျုပ်သွားရင်း ကြည့်လိုက်တော့ ဂျုံပင်လေးတွေဟာ သနားစရာဗျာ။ ဝါထိန်ပြီး ပြိုလဲနေတာ တွေ့မြင်ရလို့ ကျုပ်တောင် စိတ်မကောင်းဖြစ်သွားမိတယ်။ အဲဒီအခိုက်မှာ သစ်သားချင်း ထုရိုက်တဲ့ အသံကို ကျုပ်ကြားမိလို့ သွားကြည့်တယ်။ ဂျိုလိုကိုဟာ ဒေါသတကြီးနဲ့ နှုတ်ကလည်း အယုတ္တ အနတ္တတွေ ရေရွတ်ပြီး ဂျူးဂျူးရုပ်တုကို သစ်သားတုတ်နဲ့ ရိုက်နက်နေတာ တွေ့ရတယ်။ ဆွဲကြိုးကိုလည်း ဆွဲဖြတ် လွှင့်ပစ်ပြီး သံတစ်ချောင်းနဲ့ ရုပ်တုရဲ့ ငယ်ထိပ်ဆီကို ရိုက်ထည့်လိုက်သေးတယ်။ ခင်ဗျားကြည့်ရင် တွေ့ရပါလိမ့်မယ်။ ရုပ်တုကို အပြစ်ဒဏ်ပေးတာပေါ့ဗျာ။

အဓိပ္ပာယ်မရှိတဲ့၊ အလွန်တရာ မိုက်မဲတဲ့ ဂျူးဂျူး။ အရာရာကို အနားမသိနိုင်တဲ့ ကဝေစွမ်းရည်တွေ၊ ရှေး



www.burmeseclassic.com

www.burmeseclassic.com

စွမ်းရည်တွေ ရုပ်တုထဲ သွတ်သွင်းပေးလိုက်တော့ မိုးတောင် ရွာမချတော့ဘူးလေ။ ဒါကြောင့် ဂျုံ၊ သီးနှံပင်တွေ ပျက်စီး ဆုံးရှုံးရပြီလေ။ ကဲ - ဘယ်လောက် မိုက်မဲလိုက်သလဲ၊ ကြည့်ပေတော့လို့ ဂျိုလိုကိုက ကျုပ်ကို ပြောပြတယ်ဗျ။

ဒီရုပ်တုကို အလိုမရှိတော့ဘူးဆိုရင် ကျုပ်ကို ရောင်းပါလို့ ပြောတော့ ဂျိုလိုကိုက လွယ်လင့်တကူ သဘောတူတယ်။ ကျုပ်က ငွေ နှစ်သျှီလင် ထုတ်ပေးတော့ သူက ဝမ်းမြောက်ဝမ်းသာ လက်ခံပြီး ကျေးဇူးတင်စကားတောင် ပြောခဲ့ပါတယ်။ ဒီလိုနဲ့ ကျုပ်လက်ထဲ ရောက်ရှိလာတာဗျ။

ကျုပ်က ရုပ်တုကို ဘန်ဂလိုမှာပဲ ထားလိုက်တယ်။ သိပ်မကြာခင်မှာပဲ သူ့အကြောင်း ပြတယ်။ တစ်နည်းအားဖြင့် အစွမ်းပြတယ်လို့ ဆိုရမလားမသိပါဘူးဗျာ။

"ယိုဂူဘာ" အနွယ်ထဲက အောက်ပိုင်းသားနှစ်ယောက်ကို ကျုပ်ဘန်ဂလိုမှာ ဝေယျာဝစ္စလုပ်ဖို့ ခေါ်ထားတာ ကြာပြီဗျ။ ထမင်းချက်၊ စားပွဲထိုး၊ အိပ်ရာခင်း၊ အဝတ်လျှော်၊ နောက်ဆုံး ကျုပ်အကြိုက် ဝီစကီကို စပ်ပေးနိုင်အောင် အလုပ်ကျွမ်းကျင်လို့သာ ခေါ်ထားတာဗျ။ ဒီကောင်တွေဟာ အထက်ပိုင်းသားတွေလောက် မရိုးသားကြဘူး။

ထမင်းစားခန်းထဲက ရုပ်တုတင်ထားတဲ့ ဗီရိုဘေစင်ပေါ်မှာ၊ တခြားနေရာတွေမှာ ဖုန် လုံးဝ မရှိပေမယ့် ရုပ်တုတစ်ဝိုက်မှာ ဖုန်တွေ တွေ့ရလို့ ကျုပ်က "အာဇာရီ"အမည်ရှိတဲ့ အစေအပါးကို ခေါ်မေးတယ်။ သူက ရုပ်တုကို မတို့မထိဝံ့လို့ ခုလိုဖြစ်နေတာပါလို့ ဝန်ခံတယ်။ ပြီးတော့ ဂျူးဂျူးဟာ ဆိုးဆိုးရွားရွား ဒုက္ခပေးနိုင်တဲ့ စွမ်းအင်တွေ ရှိနေတာမို့ ကောင်းကျိုးမပြုတဲ့ ရုပ်တုတဲ့။ ဆရာတို့လို လူဖြူတွေရဲ့ အိမ်မှာ မရှိအပ်ဘူးလို့ ပြောသေးတယ်။

ဘာကြောင့် ဒီလိုပြောရတာလဲလို့ မေးတော့ သူက ရုပ်တုရဲ့ မျက်စိဟာ သူသွားလေရာကို လိုက်ကြည့်နေတယ်လို့ ပြောတယ်။ အဲဒီနောက်တော့ ရုပ်တုဟာ နံရံဘက်ကို မျက်နှာလှည့်လှည့်နေတာကို ကျုပ် သတိပြုမိလာတယ်။ ကျုပ်က ထမင်းစားခန်း စားပွဲဘက် ပြန်လှည့်ထားလိုက်တယ်။

တစ်နေ့တော့ တင်းနစ်ဖိနပ်စီးပြီး တင်းနစ်ကစားရာက ကျုပ် ဘန်ဂလိုပေါ် တက်လာတယ်။ ခြေသံလုံနေတော့ အာဇာရီက သတိမထားမိဘူး။ သူ ဘာလုပ်နေသလဲ သိလား။ နပ်နစ်ချောင်းကို အသုံးပြုပြီးတော့ ရုပ်တုမျက်နှာကို နံရံဘက် လှည့်နေတာ တွေ့ရတယ်လေ။ ရုပ်တုကို သူ့လက်နဲ့ မထိမကိုင်ဝံ့လောက်အောင် မည်သည့်အကြောင်း၊ မည်သည့် အရာဝတ္ထုက သူ့ကို ဟန့်တားနေသလဲ မသိ။ သူမထိတို့ရဲသည်မှာ သေချာတယ်။ ကျုပ်က သူ့အပြုအမူကို ပြောတော့ သူ ကျုပ်ကို တောင်းပန်တယ်။

တစ်နေ့ ညနေကျတော့ "အီရောင်"အမည်ရှိတဲ့ အစေအပါးဟာ ကျုပ်ဆီကို အပြေးအလွှားရောက်လာတယ်ဗျ။ အဖြစ်က အာဇာရီဟာ ဝမ်းသွားလွန်းလို့ သေတော့မလိုဖြစ်နေကြောင်း လာပြောတယ်။ ကျုပ်လိုက်သွားတော့ အာဇာရီတစ်ယောက် လေသံပျော့ပျော့နဲ့ ကျုပ်ကို တောင်းပန်တာကိုးဗျ။

"ဆရာ့ဝီစကီနည်းနည်းကို ကျွန်တော် မနေ့ညနေက ခိုးသောက်မိပါတယ် ဆရာ။ ဒါကြောင့် ဂျူးဂျူးက ကျွန်တော့်ကို သေအောင် လုပ်နေပါပြီ။ ဂျူးဂျူးကို ပြောပေးပါ။ ကျွန်တော် ရှိခိုး တောင်းပန်ပါတယ်"လို့ ပြောတယ်။ အဲဒီတော့မှ ကျုပ်လည်း သူ ဝီစကီခိုးသောက်တာ သိရတော့တယ်ဗျာ"

◈◈◈

မစ္စတာ အယ်လင်စမစ်သည် ဆေးတံအိုးထဲ ဆေးဖြည့်ပြီး မီးညှိဖွာရှိုက်နေ၏။ ထို့နောက် ကော်ဖီကို မော့သောက်လိုက်သည်။ ထိုအခါ ကျွန်ုပ်သည် ရှိုက်ပောဲ့စ် ခေါ် မြင်းဖြူတံဆိပ်စီးကရက်တစ်လိပ်ကို မီးညှိ ဖွာရှိုက်လိုက်မိ၏။ ကော်ဖီသောက်ပြီးနောက် သူ၏ ဂျူးဂျူးအကြောင်းကို ဆက်လက်၍ ပြောပြန်သည်။

နှစ်ပတ်လောက်ကြာတော့ ကျုပ်ရဲ့ အမှုထမ်းတစ်ယောက်ဖြစ်တဲ့ အက်ဒဝပ်ဟာ ကျုပ်တို့ရဲ့ သတ္တုတွေ လျော့နေတယ်ဟု သူထင်ကြောင်း ပြောလာခဲ့တယ်လေ။ ဒီနေရာမှာ ကျုပ်တို့ လုပ်ငန်းအကြောင်း နည်းနည်းရှင်းပြဖို့ လိုလာပြီ။ ကျုပ်တို့ဌာန အလုပ်သမား ၃၀လောက်နဲ့ သတ္တုသိုက်ကို တူးနေကြတာဗျ။ ပြီးတော့ ဒေသခံတွေဟာ တူးဖော်ပြီးသား သတ္တုတွေကို ကျုပ်တို့ထံ လာရောင်းကြတာ ရှိတယ်။ ကျုပ်တို့ကလည်း ဈေးသက်သာလို့ ဝယ်တယ်။

သူတို့ဆီက ဝယ်တဲ့ သတ္တုတွေကို သဲတွေ၊ နွံတွေ စင်အောင် ရေဆေးပြီးမှ ချိန်တွယ် ဝယ်ယူတယ်။ ကျုပ်တို့ သိုက်က ထွက်တဲ့ သတ္တုတွေကိုလည်း အလားတူ သန့်စင်ရတယ်။ သန့်စင်ပုံကတော့ သံဆန်ခါစစ်ပုံးထဲ သတ္တုထည့်ပြီး ရေပိုက်က ရေနဲ့ လောင်းချဆေးကြောတာမျိုးပေါ့ဗျာ။ ကျုပ်တို့ သိုက်က ထွက်တဲ့ သတ္တုတွေကိုတော့ အမြဲရွေ့လျားနေတဲ့ ရေတံလျောက်ခွက်

www.burmeseclassic.com

ထဲ လောင်းထည့်ပြီး ဆေးကြောတဲ့နေရာဆီ အလိုအလျောက်သယ်သွားတယ်။ အဲဒီတော့ ဆေးကြောတဲ့ နေရာက နေပြီး ထွက်တဲ့ ရေမြောင်းကနေ နိုးထုတ်တာလား။ နောက်တစ်ချက်က အိတ်သွပ်တဲ့နေရာမှာ နိုးထားတာလားဆိုတာ ကျုပ်တို့ တိတိကျကျ မသိဘူးဗျ။ တစ်လအတွင်းမှာ တစ်တန်လောက်ပျောက်တာကတော့ အမှန်ပဲဗျို။

အလုပ်သမားတွေကို မိနစ်မလပ်အောင် စောင့်ကြည့်နေဖို့ကလည်း လွယ်တဲ့ အလုပ်မဟုတ်ပြန်ဘူး။ ကျုပ်တို့ အလုပ်သမားတွေထဲမှာ များသောအားဖြင့်တော့ ရိုးသားပြီး မခိုမကပ်လုပ်တဲ့ လူတွေကြောင့် ကျုပ်ရဲ့ ဂျူးဂျူးကို အရောင်းအဝယ်လုပ်တဲ့ အဆောက်အအုံဆီကို အခမ်းအနားနဲ့ ရွှေပြောင်းပေးခဲ့တယ်။

အပြင်က နေပြီး မြင်နိုင်တဲ့နေရာမှာ သူ့ကို စားပွဲခုံပေါ် တင်ထားလိုက်တယ်။ သတ္တုရောင်းဖို့ လာတဲ့ဒေသခံတွေကတော့ သဘောကျပုံ မရဘူးဗျ။ ကျုပ်က ဂျူးဂျူးကို ဒီနေရာရွှေ့လာရတဲ့ အကြောင်းရင်းကိုလည်း သူတို့သိအောင် ပြောပြရတယ်။

"အခု အများမြင်တွေ့နေရတဲ့ ဂျူးဂျူးကတော့ ကျုပ်ရဲ့ ပိုင်ဆိုင်မှုမှန်သမျှအားလုံးကို ကာကွယ်စောင့်ရှောက်ပေးနေတာ ဖြစ်တယ်။ ခိုးတဲ့လူကို သူက ဖော်ထုတ်ပေးတယ်။ သူ့ရှေ့မှောက်မှာသာ ခိုးမိရင်တော့ ခိုးတဲ့လူဟာ တစ်နည်းနည်းနဲ့ ဒုက္ခဖြစ်တယ်ဆိုတာ ခင်ဗျားတို့ သိကြတယ် မဟုတ်လား။ အခု ကျုပ်ရဲ့ သတ္တုကို ခိုးပြီး ကျုပ်ဆီ ပြန်ရောင်းတဲ့ လူကို ဂျူးဂျူးက ဖော်ထုတ်ပေးမှာ ဖြစ်တယ်။ သတ္တုကို ရေနဲ့ ဆေးချလိုက်ရင် ခိုးတဲ့ သတ္တုကို ဆေးလို့ ကျလာတဲ့ ရေဟာ နီရဲတဲ့သွေးတွေဖြစ်နေတာကို တွေ့မြင်ကြရလိမ့်မယ်။ ကဲ - အခု အရောင်းအဝယ်စ,လုပ်မယ်"

ကျုပ်ပြောပြီးတဲ့နောက် သူတို့တစ်တွေ အတော်လေး တုန်လှုပ်နေကြတယ်ဗျ။ အသံတိုးတိုးနဲ့ ပြောဆိုနေတာကိုလည်း တွေ့နေရတာပေါ့။ သတ္တုတွေကို သူတို့က ဘူးသီးခြောက်တွေထဲ ထည့်ပြီး သယ်ယူလာခဲ့ကြစမြဲဗျ။

အက်ဒဝပ်က ချိန်တယ်။ ကျုပ်က စာရင်းမှတ်ပြီး ငွေပေးချေတယ်။ ကျုပ်လူတစ်ယောက်က မချိန်တွယ်မီ သတ္တုကို ရေလောင်းတယ်။ ဆေးကြောတယ်။ ဒီလိုနဲ့ လေးယောက်မြောက်တဲ့ လူရဲ့ သတ္တုကို ရေလောင်းလိုက်တဲ့အခါ ပထမ ပန်းနုရောင်၊ နောက်သွေးရောင်တွေ ကျဆင်းလာတာကိုးဗျ။

အဲဒီလူဟာ ဂျူးဂျူးရှေ့မှာ ဒူးထောက်ပြီး တောင်းပန်ရှာတယ်။ စကားပြန်ကတစ်ဆင့် ကျုပ်ကိုလည်း တောင်းပန်ပါတယ်။ အဲဒီဖြစ်ရပ်ကို တွေ့မြင်ရတဲ့ လူအုပ်ထဲက လူ ၆ဦးက မရောင်းဘဲ ပြန်ကြပါလေရောဗျို။ အဲဒီမှာ ကျုပ်ရဲ့ အစောင့်တွေက သူတို့ကို ခေါ်လာပြီး သူတို့ ဘူးသီးခြောက်ထဲက သတ္တုမှုန့်တွေကို ရေထဲ ထည့်လိုက်တယ်ဆိုရင်ပဲ ရေဟာ သွေးရောင်ဖြစ်သွားတယ်ဗျ။ ဒီလူတွေကို ကျုပ်က တရားဥပဒေအတိုင်း ပုဂ္ဂိုလ်တွေဆီ အပ်လိုက်တာပေါ့။ ထောင်ဒဏ် ၂နှစ်စီ ကျခံသွားကြတယ်ဗျို။ ဒီနောက်တော့ လုံးဝ မပျောက်တော့ဘူးဗျ။

◈◈◈

မစ္စတာ အယ်လင်စမစ်သည် ထိုင်ရာမှ ထလိုက်သဖြင့် ကျွန်ုပ်က သူ့ကို ကြည့်လိုက်မိသည်။ နှုတ်မှလည်း မေးလိုက်မိသည်။

"ခင်ဗျားဂျူးဂျူးအကြောင်းက ဒါလောက်ပဲလားဗျ"

"ဒါလောက်ဆို ကျုပ်က စာဖွဲ့လောက်တယ်လို့ မှတ်တာ မဟုတ်ဘူးဗျ။ ခဏလေး၊ ကျုပ် ရေအိမ် ဆီးသွားခွင့်ပြုပါ"

အယ်လင်စမစ်သည် အပေါ့အပါးသွားပြီး ပြန်လာကာ ဆေးတံတစ်အိုးကို မီးညှိပြန်သည်။ ကျွန်ုပ်မှာ ကြားလိုလှပြီဖြစ်၏။ စိတ်ကို အတော်ချုပ်တည်းထားရ၏။ ပြီးနောက်...။

◈◈◈

ကျုပ်တို့ သတ္တုသိုက်လုပ်ငန်းတွေ ဒီနယ်တစ်ဝိုက်မှာ အတော်များများရှိတယ်ဗျ။ ခိုးမှုတွေကလည်း ကာလဝမ်းရောဂါသဖွယ် အတော်ကို ပျံ့နှံ့လာခဲ့တာကိုးဗျ။ တစ်နေရာမှာ လူဖြူတစ်ယောက်ရဲ့ သေတ္တာ အခိုးခံရတယ်။ နောက်တစ်နေရာမှာ ငွေသေတ္တာ အခိုးခံရတယ်။ ညဥ့်နက်လာလေ ပိုသတိထားရလေပေါ့။

ကျုပ်ဘန်ဂလိုအဖို့တော့ သူခိုးလာမှာ ကျုပ် မပူပန်မိဘူး။ အဲ - ကျုပ်နဲ့အတူ ဘန်ဂလိုမှာ လာနေတဲ့ ဂုပ်ဆင်အမည်ရှိ မိုင်းအင်ဂျင်နီယာရယ်၊ သူ့လက်ထောက် သွန်မဆင် ဆိုသူရယ် ရှိတယ်ဗျ။ ကျုပ်ဘန်ဂလိုရဲ့ ပတ်ဝန်းကျင်မှာက ချုံနွယ်တွေ ရှင်းနေသဗျ။ ပြီးတော့ မီးရထားဘူတာဝင်းနဲ့ကလည်း ကပ်လျက်ရှိနေတယ်။

ကျုပ်ရဲ့ ဂျူးဂျူးကိုတော့ စာအုပ်တွေဘေးမှာ ကပ်ထားတယ်ဗျ။ အဲဒီဘေးနားမှာ ဖုန်တက်နေတဲ့ ဓာတ်စက်ဟောင်းကြီးတစ်ခု။ ကျုပ်တို့ ပျင်းတဲ့အခါ ဖွင့်တယ်။ မဖွင့်မိတာ နှစ်ရက်လောက် ရှိပါပြီဗျာ။ ဓာတ်ပြားတောင် မထုတ်ထားမိပါဘူး။

အဲဒီနေ့ ညဦးပိုင်းက မီးရထားပုလိပ်တစ်ယောက် ရောက်လာပြီး





www.burmeseclassic.com

www.burmeseclassic.com

ဒီနားတစ်ဝိုက်မှာ သူခိုးတွေ လှုပ်ရှားနေတယ်လို့ ပြောတယ်။ မကြာခင် ကျုပ်တို့လည်း အိပ်ရာဝင်ခဲ့ကြတယ်။ ဝရန်တာက မီးနှစ်ပွင့်ကိုတောင် မပိတ်မိကြပါဘူး။ ကျုပ်မှာ အိပ်ပျော်လို့ တစ်နာရီလောက်အကြာမှာ ကျုပ်တစ်ကိုယ်လုံး တောင့်တင်းပြီး အလိုအလျောက် နိုးလာတယ်ဗျ။ ဘာကြောင့် ခုလို နိုးလာတယ်ဆိုတာ စဉ်းစားလို့ မရဘူး။ ကျုပ်လည်း ထပြီး ရွက်ဖျင် ခုတင်ပေါ် ထိုင်လိုက်တယ်။ ခပ်ဟဟကလေး ပွင့်နေတဲ့ ကျုပ်အိပ်ခန်းတံခါးက နေပြီးတော့ ဝရန်တာက ဝင်လာတဲ့ မီးအလင်းရောင်ကို မြင်နေရတယ်။ ပိုးကောင်ငယ်လေးများရဲ့ အော်သံက လွှဲလို့ အားလုံး တိတ်ဆိတ်ငြိမ်သက်နေတယ်ဗျ။

မကြာလိုက်ပါဘူး။ ဆိတ်ငြိမ်မှုကို ဖြိုခွင်းတဲ့ အဖြစ်တစ်ခု ရုတ်ခြည်းပေါ်လာပါရောဗျို့။ ဖုန်တက်နေတဲ့ ဓာတ်စက်ဟာ “အလို…လှလိုက်တဲ့ အရုပ်ကလေးရယ်”ဆိုတဲ့ တေးသီချင်းသီဆိုလိုက်တဲ့ အသံက တိတ်ဆိတ်တဲ့ ညအလွန်ကျယ်လောင်တဲ့ အသံဖြစ်သွားတာကိုးဗျ။ ဘာကြောင့် ဓာတ်စက်ဖွင့်သံပေါ်လာပါလိမ့်လို့ ကျုပ်တွေးနေတုန်းရှိသေးတယ်။ ထမင်းစားခန်းဘက်နားဆီက လေးလံတဲ့ သံသေတ္တာတစ်လုံး ဝုန်းခနဲကျတဲ့ အသံကို ကြားရပြီး မည်းမှောင် နက်ပြောင်နေတဲ့ သတ္တဝါဟာ လုစ်ခနဲ ပြေးထွက်သွားတာကို ဟ,နေတဲ့ တံခါးကနေ ကျုပ် မြင်ရပြန်တယ်။ ဆက်တိုက်ဆိုသလိုပါပဲဗျာ။ အသံကြားတဲ့ဆီ အပြေးသွားကြည့်တော့ ညအိပ်ဝတ်ရုံ ဝတ်ဆင်ထားတဲ့ ဂျပ်ဆင်ကို တွေ့ရပြီး ဝရန်တာဘက်က ကြမ်းပျဉ်ပေါ် လဲကျနေတဲ့ အဝတ်ဗလာနဲ့ တစ်ကိုယ်လုံး ဆီရွှဲနေတဲ့ သူခိုး မှောက်လျက် လဲကျနေတာ တွေ့လိုက်ရတယ်။ ကျုပ်တို့မှာ မျက်လုံးချင်း၊ အကြည့်ချင်း ဆုံသွားမိကြတယ်။ စကားပြောဖို့ မေ့နေကြတယ်ဗျ။

ဓာတ်စက်ကလည်း ရပ်သွားတယ်။ ဓာတ်စက်ခေါင်းက အပ်အချွန်ဟာ ဓာတ်ပြားချပ်ရဲ့ နှုတ်ခမ်းကနေ လွန်ထွက်ပြီး အသံတိတ်သွားတာလို့ သိမြင်လိုက်ရတယ်။

“ဓာတ်စက်သီချင်းသံကြောင့် ကျွန်တော် မြန်းစားကြီး နိုးလာတယ်။ နောက် သံသေတ္တာလွတ်ကျသံ ကြားတာနဲ့ အပြင်လှမ်းထွက်တော့ လူမည်းမည်းတစ်ယောက် ပြေးထွက်သွားတာ မြင်လို့ အသင့်တွေ့တဲ့ သေနတ်နဲ့ ပစ်ထည့်လိုက်တာ တကယ် ချက်ကောင်းကို ထိမှန်သွားတာပါလားဗျာ။ သူသေပြီလား မသိဘူး”လို့ ဂျပ်ဆင်က ပြောတယ်။

အသေအချာသွားကြည့်တော့ အသက်မဲ့နေတာကို သိရတယ်။ လက်ငင်း မြင်ကွင်းအတိုင်းဆို ဂျပ်ဆင်ဟာ လူသတ်လိုက်မိတဲ့ အဖြစ်ရှိပြီလို့ ဆိုရမှာပေါ့ဗျာ။ ပုလိပ်ခေါ်ရ၊ ရှင်းပြရနဲ့ ကျုပ်တို့ အတော်အလုပ်ရှုပ်သွားတာပေါ့ဗျာ။ ဂျပ်ဆင် သက်သာသွားတာက သက်သေခံ ပစ္စည်းနဲ့ သူခိုးကို သတ်မိတာရယ်၊ အဲဒီသူခိုးကို ပုလိပ်က တခြား အမှုတော်တော်များများနဲ့ အလိုရှိနေတာရယ်ကြောင့်ပေါ့ဗျာ။

အဲဒီညဟာ ကျုပ်တို့ ပြန်အိပ်လို့ မရကြတော့ဘူးဗျ။ မဖွင့်တာ ကြာတဲ့ ဓာတ်စက်က ဘာကြောင့် အသံမြည်လာသလဲ။ သူခိုးကတော့ ဓာတ်စက်ဖွင့်မည်မဟုတ်။ ဓာတ်စက်နဲ့ သူခိုးနဲ့ အတော်လှမ်းကွာနေတယ် ဆိုတဲ့ အကြောင်းအချက်တွေကို ကျုပ်တို့ ပြောဖြစ်ကြတယ်ဗျ။ ပြောရင်း ကျုပ်ရဲ့ ဂျူးဂျူးကို ပြိုင်တူကြည့်မိတဲ့အခါ ဂျူးဂျူးဟာ ဓာတ်စက်ရှိရာဘက်ကို ဘေးစောင်းလဲကျနေတယ်။ စာအုပ်တွေက သူ့ကို တွန်းထုတ်လိုက်တဲ့ ပုံမျိုး၊ ဖရိုဖရဲဖြစ်နေတာ တွေ့ရတယ်ဗျ။

မနေ့ကနဲ့ ဒီကနေ့ ၂၄နာရီလုံးလုံး မိနစ်ပေါင်းများစွာ အချိန်အတွင်းမှာ ဒီစာအုပ်တွေဟာ ပြိုလဲမကျဘဲ၊ သူခိုးလာတဲ့ အချိန်အတိအကျမှာမှ ဒီစာအုပ်တွေဟာ အရုပ်ရှိရာဘက် ဘာလို့ ပြိုလဲလာရတာလဲ ဆိုတဲ့ အချက်ကို ကျုပ် အလေးထားပြီး စဉ်းစားရတော့တာပေါ့ဗျာ။ ဒါဟာ ဂျူးဂျူးက သူ့အလုပ် သူလုပ်ပြီး၊ သူ့တာဝန်ကို သူဆောင်ရွက်လိုက်တာပဲ မဟုတ်လား။

ဒီ့အပြင် တခြား ဘာဖြစ်နိုင်ပါသလဲဆိုရင် ခင်ဗျားကတော့ ရယ်မှာ သေချာတယ် မစ္စတာ ပော်သွန်။ ဂျူးဂျူးဟာ ကျုပ်ကို သတိပေး နှိုးခော်ခဲ့တာဗျ။ သူဟာ အစောင့်မဟုတ်လား။ ခင်ဗျားကတော့ ယုံချင်မှ ယုံလိမ့်မယ် မစ္စတာ ပော်သွန်။ ဘာကြောင့်လဲ ဆိုတော့ ၆နှစ်ကြာအောင် ခင်ဗျား ဂျူးဂျူးနဲ့ အတူနေခဲ့ဖူးတာမှ မဟုတ်ဘဲကိုး။■

* * *

မောင်မောင်ကြီး(လှိုင်နယ်မြေ)

( **T: Rumsey ၏ 'The Ebony Watchman'** ဝတ္ထုကို ဆီလျော်အောင် ဘာသာပြန်ဆိုသည်။)



www.burmeseclassic.com

www.burmeseclassic.com




ညိုသစ်ဦး
(မာန်အောင်)

# သေချင်ရင် စိန်မစားနဲ့ ကံထောက်ရွာကိုလာခဲ့

အချိန်ကား လွန်ခဲ့သောနှစ်ပေါင်း ၆၀ခန့်က ဖြစ်သည်။ ရခိုင်ပြည်နယ်၊ မာန်အောင်ကျွန်းတစ်နေရာတွင် "ကံထောက်" ဟု အမည်တွင်သော ရွာတစ်ရွာရှိပါသည်။ ထိုရွာမှ ရွာသူရွာသားများမှာ တောင်သူလုပ်ငန်းကို အဓိကထား၍ လုပ်ကိုင်ပြီး နွေရာသီတွင် ဆေးရွက်ကြီး၊ ငရုတ်၊ ခရမ်းနှင့် အခြားသော စိုက်ပျိုးရေးလုပ်ငန်းများကို ရာသီအလိုက် အလှည့်ကျ စိုက်ပျိုးလုပ်ကိုင်ကြ၏။ ထို့ကြောင့် ထိုရွာ၏ စီးပွားရေးမှာ အတော်အသင့် ချောင်လည်သည်ဟု ဆိုရပေမည်။ ထိုကံထောက်ရွာတွင် "ဦးသူတော်"ဟု အမည်ရှိသော အသက် (၇၀)အရွယ်ခန့် ပုဂ္ဂိုလ်ကြီးတစ်ဦး ရှိလေသည်။ ထိုပုဂ္ဂိုလ်ကြီးအား ရွာသူရွာသားများသည် အလွန်ရိုသေလေးစားကြကုန်၏။ ကံထောက်ရွာသာမက၊ အနီးအနားမှ ရွာများကလည်း သူ့အား အလွန်ရိုသေ လေးစားခြင်းကို ခံရသော ပုဂ္ဂိုလ်ကြီးတစ်ဦးပင်ဖြစ်လေသည်။ အဘယ့်ကြောင့်ဆိုသော် ဦးသူတော်သည် လောကီ ဂမ္ဘီရအတတ်ပညာများကို တစ်ဖက်ကမ်းခတ် တတ်မြောက်ထားသောကြောင့်ဖြစ်၏။ သို့သော် ဦးသူတော်သည် မည်မျှပင် လောကီပညာရပ်များကို တတ်မြောက်ထားသော်လည်း သူတစ်ပါး



www.burmeseclassic.com

www.burmeseclassic.com

အား မည်သည့်အခါမှ မတော်မတရားမလုပ်ခဲ့။ သူတစ်ပါးက သူ့အား မျက်ရည်ပေါက်ကြီးငယ်ကျအောင် အကြိမ်ကြိမ်ပြုလုပ်မှသာ ပြန်လည်၍ လက်စားချေတတ်၏။

တစ်ခုသော နွေရာသီတွင် ဦးသူတော်သည် ရွာထဲမှ လူများကို စုရုံးလိုက်ပြီး တံငါသည်များထံမှ ငါးပိ၊ ငါးခြောက်စသော စားသောက်ကုန်များကို ဝယ်ယူပြီး အထက်မြန်မာပြည်သို့ ကုန်ရောင်းရန် ခရီးထွက်လာခဲ့လေသည်။ ဦးသူတော်တို့အဖွဲ့သည် အထက်မြန်မာပြည် ရွာတစ်ရွာသို့ ရောက်ရှိပြီး ထိုရွာနှင့် မနီးမဝေးတစ်နေရာတွင် စခန်းချနေလိုက်၏။ ကုန်များကိုလည်း ထိုရွာမှာပင် ရောင်းချလေသည်။ သို့သော် ရွာသူရွာသားများမှာ ကုန်ဖိုးငွေများကို လက်ငင်း မပေးချေဘဲ အကြွေးဖြင့်သာ အကြိမ်ကြိမ်ဝယ်ယူလျက် ရှိလေသည်။ ထိုသို့ နေထိုင်လာခဲ့ရာ တစ်လခန့်ပင် ကြာညောင်းလာခဲ့လေသည်။ ရွာသားများမှာ အကြွေးဝယ်ယူထားသော ကုန်ဖိုးငွေများကို တစ်ပြားတစ်ချပ်မှ ပေးချေခြင်း မရှိသေး။ ထို့ကြောင့် ဦးသူတော်သည် သူ၏ အဖွဲ့သားများအား ရွာသူရွာသားများထံမှ ကုန်ဖိုးငွေများကို တောင်းရန်အတွက် ရွာထဲသို့ စေလွှတ်ရလေ၏။ သို့သော် ရွာသူရွာသားများမှာ ဝယ်ထားသောကုန်ဖိုးငွေများကို မပေးလိုဘဲ နေ့ရွှေ့လိုက်၊ ညရွှေ့လိုက်ဖြင့် လုပ်နေကြ၏။ ထိုသို့ အကြိမ်ကြိမ် သည်းညည်းခံပြီး ဦးသူတော်တို့အဖွဲ့သည် ရွာသူရွာသားများထံမှ ကုန်ဖိုးငွေများကို တောင်းခံကြလေရာ ရွာသူရွာသားများကလည်း တစ်ပြားတစ်ချပ်မှ မပေးချေဘဲ မသိကျိုးကျွံပြုကာ နေမြဲအတိုင်းသာ ဆက်၍နေကြ၏။ ထိုအခါ ဦးသူတော်သည် အလွန်ဒေါသဖြစ်ပေါ်လာ၏။

"ဒီရွာက ရွာသူရွာသားတွေဟာ ငါတို့အဖွဲ့ကို တစ်နယ်တစ်ကျေးက ရောက်လာတဲ့ ကုန်သည်တွေဆိုပြီး မခန့်လေးစားလုပ်တာ ဖြစ်လိမ့်မယ်။ ဦးသူတော်အကြောင်းကို ကောင်းကောင်းသိစေရမယ်ဟေ့"

ဟု ဦးသူတော်သည် ကြုံးဝါးလိုက်ပြီး သူ၏အဖွဲ့သား တစ်ယောက်ကို လှမ်းပြောလိုက်၏။

"ဟေ့ကောင် . . . စံလှ၊ မင်းရဲ့ လွယ်အိတ်ထဲမှာ ကွမ်းသီးဖတ်အခြောက်တွေ ထည့်ယူလာတယ် မဟုတ်လား။ အဲဒီကွမ်းသီးဖတ်အခြောက်တွေကို ယူပြီး ငါ့ကို ပေးစမ်း"

ဦးသူတော်မှ ထိုသို့ အမိန့်ပေးလိုက်လေရာ စံလှဆိုသော အဖွဲ့သားတစ်ဦးမှ ကွမ်းသီးဖတ်အခြောက်များကို ယူဆောင်လာပြီး ဦးသူတော်၏ လက်ထဲသို့ တရိုတသေပေးလိုက်၏။ ထို့နောက် ဦးသူတော်သည် ရွာဘက်သို့ ခြေစုံရပ်၍ မျက်နှာမူလိုက်ပြီး လက်ထဲမှ ကွမ်းသီးဖတ်ခြောက်များကို ပါးစပ်နှင့် တေ့ကာ ဂါထာ မန္တန်များကို ရွတ်ဆိုလိုက်၏။ ထိုအခါ ဦးသူတော်၏လက်ထဲမှ ကွမ်းသီးဖတ်ခြောက်များမှာ ချက်ချင်း ပိတုန်းကောင်များအသွင်သို့ ကူးပြောင်းသွားပြီး တဝီဝီဖြင့် မြည်ဟီးကာ ရွာဘက်ဆီသို့ ဦးတည်ပျံသန်းသွားလေသည်။ ထိုသို့ ပြုလုပ်ပြီးနောက် ဦးသူတော်သည် ရွာဘက်ဆီသို့ လှမ်းကြည့်လိုက်ပြီး အခြေအနေအရပ်ရပ်ကို အကဲခတ် စောင့်ကြည့်နေလိုက်၏။ သိပ်မကြာလိုက်ပါ။ ရွာဘက်ဆီမှ ရွာသူရွာသားအချို့၏ စူးစူးဝါးဝါးအော်သံများကို ကြားလိုက်ရလေ၏။

ဦးသူတော်သည် ဒုတိယအကြိမ်မြောက် ကွမ်းသီးဖတ်ခြောက်များကို ထပ်မံ၍ ဂါထာ မန္တန်ရွတ်လိုက်လေရာ သူ့လက်ထဲမှ ကွမ်းသီးဖတ်ခြောက်များမှာ ချက်ချင်း ပိတုန်းကောင်များအသွင်သို့ ကူးပြောင်းသွားပြီး တဝီဝီဖြင့် မြည်ဟီးကာ ရွာဘက်ဆီသို့ ဦးတည်ပျံသန်းသွားလေသည်။ ထို့နောက် ရွာဘက်ဆီမှ ရွာသူရွာသားအချို့၏ စူးစူးဝါးဝါးအော်သံများကို ကြားလိုက်ရပြန်လေ၏။

ဦးသူတော်သည် ကျေနပ်လောက်အောင် ပြုလုပ်ပြီးနောက် ရွာဘက်ဆီသို့ လှမ်းကြည့်လိုက်ပြီး အခြေအနေအရပ်ရပ်ကို စောင့်ကြည့် အကဲခတ်နေလိုက်၏။ သိပ်မကြာလိုက်ပါ၊ ရွာထဲမှ ရွာသူရွာသားအချို့သည် ဦးသူတော်တို့ရှိရာဆီသို့ အပြေးအလွှားလာနေသည်ကို ဦးသူတော်တို့တစ်ဖွဲ့သားလုံး လှမ်းမြင်လိုက်ရလေ၏။

"ကျွန်တော်တို့ ရွာသူရွာသားတွေရဲ့ အသက်ကို ချမ်းသာပေးပါ ဆရာကြီး။ နောက်ဆို ဒီလို မလုပ်တော့ပါဘူး"

ရွာသားတစ်ဦးမှ ဦးသူတော်အား တောင်းပန်ပြောဆိုလေရာ ဦးသူတော်က . . .

"ကောင်းပြီ၊ ဒါဆို ငါတို့ဆီက ဝယ်ယူထားတဲ့ ကုန်ဖိုးငွေတွေအားလုံးကို ကျေအောင် အခုချက်ချင်းပေးလိုက်။ ဒါဆို မင်းတို့ရွာသူရွာသားတွေရဲ့ အသက်ကို ချမ်းသာပေးမယ်"

ဦးသူတော်မှ ထိုသို့ပြောလိုက်ရာ ရွာသူရွာသားများမှာ ချက်ချင်း အကြွေးဝယ်ယူထားသော ကုန်ဖိုးငွေများကို ကျေအောင် ပေးလိုက်ရလေသည်။ ဦးသူတော်မှ . . .

"မင်းတို့တစ်ရွာလုံး မှတ်ထားကြ။ ငါတို့က အနောက်အရပ်က "ကံထောက်" ဆိုတဲ့ ရွာက လာခဲ့တာပါ။ နောက်ပြီး မင်းတို့တစ်ရွာလုံးသိအောင် တစ်ခါတည်းမှာခဲ့မယ်။ သေချင်



www.burmeseclassic.com

www.burmeseclassic.com

ရင် စိန်မစားနဲ့ ကံထောက်ရွာကို လာခဲ့"

ဦးသုတော်က ထိုသို့ ကြုံးဝါးပြောဆိုလိုက်ပြီးနောက် တစ်ပွဲသားလုံး ကိုယ့်အရပ်ဒေသဆီသို့ ပြန်လည်၍ ဆင်းလာခဲ့လေ၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီး နှစ်တွေ အလီလီကြာညောင်းခဲ့လေသည်။ နှစ်တွေ အလီလီကြာညောင်းခဲ့သလို၊ ဦးသုတော်၏ အသက်မှာလည်း ၇၀ ကျော် ၈၀နားသို့ပင် နီးကပ်လာခဲ့လေသည်။ ရွာထဲမှ လူအချို့သည် လောကီ ဂမ္ဘီရ ပညာရပ်များကို သင်ယူ တတ်မြောက်လိုကြသဖြင့် ဦးသုတော်ထံချဉ်း ကပ်လာကြ၏။ အမျိုးမျိုး တောင်းပန်လာလေ၏။ ထိုအခါ ဦးသုတော်မှ···


"ငါ့တူတွေ၊ ငါ့မြေးတွေကို အဘပြောမယ်။ အခု အဘ တတ်မြောက်ထားတဲ့ ပညာရပ်တွေဟာ ကောင်းသော ပညာရပ်တွေ မဟုတ်ပါဘူး။ မကောင်းတဲ့ ပညာရပ်တွေသာ ဖြစ်တယ်။ ဒါကြောင့် ဒီပညာရပ်တွေကို အဘ မသင်ပေးပါရစေနဲ့ကွယ်။ ဒီပညာရပ်တွေနဲ့ လူတွေကို အမျိုးမျိုးဒုက္ခပေးနေမယ်ဆိုရင် ယခုလက်ရှိ ပစ္စုပ္ပန်ဘဝမှာလည်း မကောင်းတဲ့ အကျိုးဆက်တွေကို ခံစားရသလို၊ နောင်သံသရာမှာလည်း အပါယ်ငရဲကျရောက်ရမှာ မြေကြီးလက်ခတ် မလွဲပါဘူး။ ဒါကြောင့် ဒီပညာရပ်တွေကို အဘတစ်ဦးတည်းသာ နောင်တမလွန်ဘဝကို ယူဆောင်သွားတော့မယ်လို့ အဘဆုံးဖြတ်လိုက်ပြီကွယ်"

ဦးသုတော်သည် သူ့ထံသို့ ပညာအမွေဆက်ခံလိုကြသူများအား ထိုသို့ သဘောပေါက်အောင် ရှင်းပြပြောဆိုလေရာ ပညာအမွေဆက်ခံလိုကြသော ရွာသူရွာသားများမှာ နားလည် သဘောပေါက်သွားပြီး လက်လျှော့၍ ပြန်သွားကြလေ၏။ ယခုဆိုလျှင်ကား ဦးသုတော် ကွယ်လွန်သွားခဲ့သည်မှာ နှစ်တွေ အလီလီကြာညောင်းခဲ့လေပြီ။ သို့သော် "သေချင်ရင် စိန်မစားနဲ့ ကံထောက်ရွာကိုလာခဲ့" ဟူသော စကားမှာ လူအများ၏ နှုတ်ဖျားတွင် ယနေ့ထက်တိုင် ရှိနေပါတော့သည်■

သမ္မာဆန္ဒပြည့်ဝကြပါစေ···

* * *

ညှိုသစ်ဦး(မာန်အောင်)


လျှော့ဈေးနှုန်းဖြင့်ဖတ်ဖို့
ထွက်ပေါ်သော
ခေတ္တရာဆရာကျော်
၏
မြန်မာနိုင်ငံရေးဇာတာနှင့်
နက္ခတ်ဗေဒင်အမြင်

- အနာဂတ် မြန်မာပြည်
- မြန်မာ့လွတ်လပ်ရေးဇာတာနှင့် ပစ္စုပ္ပန်ကောင်းကင်
- ဂြိုဟ်အခင်းအကျင်း
- ၂၀၁၅ နှင့်ဒေါ်အောင်ဆန်းစုကြည်
- ၂၀၀၈ ဖွဲ့စည်းပုံကသာ ခွင့်ပြုမယ်ဆိုလျှင်
- အမေစုနှင့် ဂျော့ဒဗလျူဘုရှ်
- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် အင်္ဂါဂြိုဟ်အရွေ့

စာအုပ်ဆိုင်တိုင်းတွင်မေးဝယ်ပါ




www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရ မှုခင်းများနှင့်
# ဒဏ္ဍာရီထဲက သူယောင်မယ်

▌ လှကျော်ညွှန့်(ရေကောင်း) ▌



လူသားများသည် တစ်ဦးနှင့်တစ်ဦး စိတ်ထား၊ အကြိုက်၊ စရိုက်၊ ဝါသနာတို့မှာ မတူညီနိုင်ကြပေ။ အချို့မှာ စာပေ၊ အချို့မှာ အနုပညာ၊ အချို့က လျှို့ဝှက်နက်နဲသည့် ကိစ္စရပ်များကို ရှာဖွေခြင်း၊ လက်တွေ့မြင်/သိလိုခြင်း၊ စူးစမ်းလေ့လာခြင်းဟူ၍ အမျိုးမျိုးကွဲပြား ခြားနားလှပေသည်။ ယခု စာရေးသူ တင်ပြလိုသည်မှာ လျှို့ဝှက်နက်နဲလှသည့် သဘာဝလွန် ပစ္စည်းများကို တခုတ်တရ လိုက်လံ စုံစမ်းရှာဖွေဖော်ထုတ်ကြသူ ဂမ္ဘီရ မှုခင်းများအကြောင်းဖြစ်သည်။

၎င်းတို့၏ အလုပ်မှာ လွယ်လှသည်တော့ မဟုတ်။ အချိန်ကုန် လူပန်းသည်။ အသက်အန္တရာယ်ရှိသည်။ ငွေကုန်ကြေးကျများလှသည်။ သတင်းကြားရာသို့ လိုက်လံ ကြည့်ရှုရသည်။ တစ်ခါတစ်ရံ ပစ္စည်းပိုင်ရှင်က လူသိမည်စိုး၍ သူ့၌ ရှိသည်ကို ဝန်မခံပေ။ ဤကမ္ဘာလောက၌ များစွာထူးဆန်းလှသည့် လျှို့ဝှက်ဆန်းကြယ် ပစ္စည်းများမှာ သူ့နေရာနှင့်သူ ရှိနေကြသည်။ လူအများ မတွေ့နိုင်၍သာ ဖြစ်သည်။ ဥပမာဖော်ပြရလျှင် ဝက်မာန်စွယ်၊ ဆင်မာန်စွယ်၊ ဝက်စွယ်နီ၊ ရင်းပိတ်၊ ချိုးအမြှုတေ(အမတေ) စသည် စသည်များ ဖြစ်သည်။ ဖော်ပြပါ ပစ္စည်းများမှာ မည်သည့်အစွမ်းသတ္တိမျိုးရှိသနည်းဟု မေးရန် ရှိပါသည်။ တချို့ ပစ္စည်းများမှာ ဓားခုတ်၊ လုံထိုး၊ သေနတ်ပစ်ရာတွင် မပြတ်မရှ၊ ကျည်လွဲ၊ ကျည်မထွက် စသည့် စွမ်းပကားများ အမှန်ရှိသည်။ သို့ရာတွင် တစ်ခုထူးခြားသည်မှာ အရောင်းအဝယ်အတွက် စမ်းလျှင်



www.burmeseclassic.com

www.burmeseclassic.com

အစွမ်းမရှိကြောင်း တွေ့ရှိရပေသည်။

ထို့ကြောင့်လည်း ယင်းအစွမ်းသတ္တိများ ရှိကြောင်း သိသဖြင့် ဝါသနာတူများ စုပေါင်း၍ အမဲလိုက်သကဲ့သို့ သဲကြီးမဲကြီးလိုက်နေသည်။ မည်မျှပင် ခက်ခဲကြမ်းတမ်းပါစေ၊ ဝေးပါစေ ထိုဂမ္ဘီရပစ္စည်းများသတင်းကို ကြားရလျှင် တောအထပ်ထပ်၊ တောင်အထပ်ထပ် ပင်ပင်ပန်းပန်း ဖြတ်ကျော်သွားကြသည်။ မြစ်ချောင်းများ ကာဆီးနေလျှင် စက်လှေစုန်း၍ သွားကြရသည်။

မိမိတို့ သတင်းရသည့် ဂမ္ဘီရပစ္စည်းများကို တွေ့ရလျှင် မစမ်းသပ်မီ ရောင်းဈေး၊ ဝယ်ဈေး ညှိနှိုင်းကြပြီး သက်သေသက္ကာယများဖြင့် အခိုင်အမာ စာချုပ်ချုပ်ဆိုပြီး စမ်းသပ်ပွဲ စကြရတော့သည်။ အဆိုပါ ပစ္စည်းများ၏ အစွမ်းကား သေနတ်ကျည်မထွက်၊ ကျည်လွဲခြင်းဖြစ်သည်။ ထို့ကြောင့် မိမိတို့၌ ပါလာသည့် သေနတ်များဖြင့် စပ်းသပ်ကြရသည်။ စမ်းသပ်ပုံမှာ ထိုဝက်စွယ်နီကင်းပတ်နှင့် ချိုးအမြဲတေကို ကြက်တစ်ကောင်၏ လည်ပင်း၌ ချည်နှောင်လျက် သေနတ်ဖြင့် ပစ်ကြည့်သည်။ သို့သော် ထင်သလိုဖြစ်မလာခဲ့။ အစွယ်လည်း ပျောက်၊ ကြက်လည်း လည်ပင်းပြတ်လျက် ဆန့်ငင်ဆန့်ငင်နှင့် သေပွဲဝင်ရရှာ၏။ ထိုအခါ ၎င်းပစ္စည်းအား စွန့်ခဲ့၍ အခြားတစ်နေရာမှာ ရှိသည့် ဂမ္ဘီရပစ္စည်းတစ်ခုနောက်သို့ လိုက်ကြရပြန်သည်။

ထိုပစ္စည်းများကို ဝယ်ယူရန်မှာ ခရီးစရိတ်၊ စားစရိတ်၊ စမ်းသပ်ပစ္စည်း၊ ပညာရှင်ဖိုးခနှင့် ဂမ္ဘီရကျမ်းများကိုလည်း စုဆောင်း၍ နှံ့စပ်အောင် လေ့လာဖတ်ရှု မှတ်သားကြရပေသည်။ သို့မှသာ အတုအယောင်နှင့် မတွေ့ရဘဲ လူလိမ်မခံကြရပေမည်။ ဂမ္ဘီရ မှဆိုးအဖွဲ့သည် ချက်လက်မှတ်နှင့် ငွေထုပ်ပိုက်လျက် ခရီးဆန့်ကြရသည်။ ဂမ္ဘီရပစ္စည်းများသည် သူ့အစွမ်းသတ္တိနှင့်သူ ရှိကြပေသည်။ အမှန်တကယ် သဘာဝလွန် သတ္တိများ တွေ့ရှိရပါက သူ့တန်ဖိုးအလိုက် ဈေးညှိ၍ ဦးစွာ အရောင်းအဝယ်စာချုပ် ချုပ်ထားကြရသည်။ ထိုသို့ စာချုပ်ချုပ်ရာတွင်လည်း စခန်းမှူး၊ အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ အချို့ ရွာလေးများ၌ ကျောင်းမှ ဆရာတော်တို့အား သက်သေထားကြရသည်။ သေနတ်ဖြင့် စမ်းသပ်ရမည့် ပစ္စည်းမျိုးဖြစ်ပါက ဝယ်ယူသူများမှ မိမိတို့တွင် ပါလာသော သေနတ်ဖြင့်သာ ပစ်ခတ် စမ်းသပ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် အချို့သော ရောင်းသူများတွင် သေနတ်ပစ်ကျွမ်းကျင်သူများမှ သေနတ်မောင်း စပရိန်အား ကျည်တစ်ချက်ထွက်ပြီး နောက်တစ်ချက် မထွက်အောင် ပြုပြင်ထားတတ်သောကြောင့်ဖြစ်သည်။ ထိုအချက်ကို ရှေးဦးမဆွကပင် ဂမ္ဘီရရှာဖွေသည့် ပုဂ္ဂိုလ်များက နားလည်ထားကြရပေမည်။ ထိုသို့ သိမထားပါက ခံသွားရပေမည်။

အချို့ရွာများတွင် အဆိပ်ပြေ ကြွေဇလုံ၊ ကြွေခွက်များလည်း ရှိပေသည်။ ထိုပစ္စည်းများမှာလည်း သူ့အစွမ်းနှင့်သူ ရှိနေ၍ သဘာဝလွန်ပစ္စည်းအဖြစ် ဝယ်ယူကြပြန်သည်။ စမ်းသပ်ရာတွင် အဆိပ်ပြေ၊ မပြေကို ပေါ်တက်များ ဝယ်၍ ထမင်းနှင့် ရောနယ်ထားပြီး ထိုအဆိပ်ပြေခွက်ထဲတွင် အနည်းဆုံး ရှစ်နာရီထားလျှင် အဆိပ်ပြေသည်ဟု ဆိုထားသဖြင့် လိုလိုမယ်မယ် ၂၄နာရီထား၍ စမ်းသပ်ကြသည်။ နာရီပြည့်လျှင် အဆိပ်ပြေ ဇလုံထဲမှ ထမင်းအား ထုတ်၍ ကြက်တစ်ကောင်ကို စွမ်းကျွေးကြည့်၏။ ကြက်မှာ စားပြီးပြီးချင်း အဆိပ်ကြောင့် ဆန့်ငင်ဆန့်ငင်နှင့် သေပွဲဝင်ရရှာသည်။ ထိုအခါ ပစ္စည်းအရောင်းအဝယ် ပျက်သွားကြရပြန်သည်။ နောက်တစ်ရွာသို့ သတင်းအရ ဆက်လက်၍ ခရီးထွက်ခဲ့ကြရပြန်သည်။

◈◈◈

တွေ့ပါပြီ၊ ထိုရွာ၌ ကြေးနက်။ သူ၏ အစွမ်းကား ခြစ်ပိတ်ဖြစ်၏။ ခြစ်ပိတ်ဆိုသည်မှာ ထိုကြေးနက်တုံးလေးအား သံဖြတ်လွှ၊ တစ်ဥင်ယ်ဖြင့် ပွတ်တိုက်ပြီး ခြစ်ရာအသင့်အတင့် ထင်ရှားရှိလျှင် ရပ်၍ ထိုကြေးနက်တုံးအား သေတ္တာတစ်လုံးထဲတွင် ထည့်ပြီး ထိုသေတ္တာအား သော့ခတ်၊ ချိတ်ပိတ်ပြီး ၂၄နာရီခန့် ထားကြသည်။ အချိန်စေ့လျှင် သက်သေ ရောင်းသူ/ဝယ်သူ စုံလင်စွာဖြင့် ထိုသေတ္တာ ခြေရာလက်ရာ ပျက်၊မပျက် စစ်ဆေးပြီး ဖွင့်၍ ထုတ်ကြည့်ရာ၊ ထိုကြေးနက်တုံး၏ အခြစ်ရာများမှာ မူလအတိုင်း ပြန်ပိတ်မသွားပေ။ ထို့ကြောင့် အရောင်းအဝယ်ပျက်သွားကြရပြန်လေသည်။

နောက်ဆုံးအနေဖြင့် နောက်တစ်ရွာတွင် အစွမ်းထက်လှသည့် လက်ဖွဲ့တစ်ခုရှိသည် ဆိုသဖြင့် ထိုလူစုမှာ ခရီးဆက်ကြရပြန်သည်။ ငှက်ပျောပင်၏ သဘာဝမှာ ငှက်ပျောပင်တစ်ပင်အား ခုတ်ဖြတ်လိုက်လျှင် ပြတ်သွားသည့် အပိုင်းရော၊ ကျန်သည့် ငှက်ပျောငုတ်ပါ ငှက်ပျောအူတိုင်မှာ ရှည်ထွက်လာမြဲဖြစ်၏။ ၎င်းလက်ဖွဲ့၏အစွမ်းမှာ ထိုရှည်ထွက်လာသော ငှက်ပျောအူတိုင်အား ရှည်မထွက်နိုင်အောင် အစွမ်းသတ္တိရှိကြောင်း သိရသဖြင့် အရောင်းအဝယ်ပြုရန် စာချုပ်ချုပ်ကြရပြန်သည်။

ထို့နောက် ငှက်ပျောပင်အား ဓားဖြင့် ခုတ်ပိုင်းလိုက်ပြီးချက်ချင်းဆိုသလိုပင် အဆိုပါ လက်ဖွဲ့လေးအား တင်လိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အူတိုင်ရှည်ထွက်၊မထွက်ကို ဗီဒီယိုကင်မရာရိုက်၍ စစ်ဆေးကြသည်။ ငှက်ပျောအူတိုင်သည် ၁၂ စက္ကန့်လောက်တွင် တဖြည်းဖြည်းချင်း ရှည်ထွက်လာနေသည်ကို မြင်တွေ့ကြရသည်။ အကာယ်၍ မသိသာပါက အပ်ချည်ကြိုးဖြင့် တိုက်၍ စမ်းသပ်ကြရသည်။ သို့သော် ယခု စမ်းသပ်မှုမှာ ဤမျှအထိ စမ်းသပ်ရန် မလိုဘဲ တဖြည်းဖြည်းချင်း ရှည်တက်လာသည်ကို မြင်တွေ့ကြရသည်။ ဂမ္ဘီရဆရာတို့ သိနှင့်ထားကြသည်မှာ အချို့ငှက်ပျောမျိုးများသည် ခုတ်ပိုင်းလိုက်ပါက အူတိုင်သည် အပေါ်သို့ မတက်ဘဲ အောက်သို့ နိမ့်ဝင်သွားသည့် ငှက်ပျောမျိုးများလည်း ရှိသေးသည်ဟူ၍ လေ့လာသိရှိထားကြသည်။ ထို့ကြောင့် တစ်ပင် အူတိုင်မတက်လျှင် သုံးပင်အထိ ခုတ်၍ စမ်းသပ်ကြသည်။ သို့သော် ယခု သုံးပင်စလုံးပင် တဖြည်းဖြည်းချင်း အူတိုင်ရှည်ထွက်လာသည်ကို မြင်ကြရသဖြင့် ထိုလက်ဖွဲ့ပစ္စည်းအရောင်းအဝယ်မှာ မအောင်မြင်ဘဲ ပျက်သွားကြရပြန်သည်။

တောအထပ်ထပ်၊ တောင်အထပ်ထပ် မြစ်ချောင်းအတန်တန် ခရီးဆန့်ခဲ့ကြရပြီးဖြစ်၍ လူတွေလည်း မောပန်းလှပြီ။ ထို့ကြောင့် နောက်ထပ် စမ်းသပ်စရာများ ထပ်မံမစုံစမ်းတော့ဘဲ နောက်ကြောင်းပြန်လှည့်ရန်သာ ပြင်ဆင်ကြရတော့သည်။

ထိုအချိန်တွင် ခရီးသည်တစ်ဦးထံမှ သတင်းထူးတစ်ခု ကြားရပြန်သည်။ ထိုသတင်းထူးမှာ ဝယ်ရမည့် ပစ္စည်းမျိုးမဟုတ်ဘဲ အသီးသီးနေသော သူယောင်ပင်များ ရှိသည့် သတင်းပင် ဖြစ်သည်။

သူတို့အားလုံး အလွန်စိတ်ဝင်စားသွားကြ၏။ သူယောင်ပင်ဟူသည် လူတိုင်း ကြားဖူးကြသည့်အပင် ဖြစ်သည်။ ထိုသူယောင်ပင်မှ အသီးများသည် မိန်းကလေးအသွင် ပီပီသသရှိသဖြင့် ဆေးအတတ်ဖြင့် ဇော်ဂျီတပသီများသည် ထိုသူယောင်သီးလေးများကို အသက်သွင်းပြီး ပျော်ပါးကြသည်ကို ငယ်စဉ်က ကြားဖူးခဲ့ကြသည်။ သို့သော် ဒဏ္ဍာရီသာဖြစ်လိမ့်မည်ဟု အလေးအနက်မထားကြတော့ဘဲ ပုံပြင်စာအုပ်ကြီးထဲ၌ပင် မှတ်တမ်းပြုလုပ်ခံရသည်။

ယခု ဒဏ္ဍာရီလား၊ အဖြစ်မှန်လားဟု မျက်မြင်ကိုယ်တွေ့ ရင်ဆိုင်ကြရတော့မည်ဖြစ်သည်။ ထိုသူယောင်ပင် ရှိသည့် နေရာကား နီပေါနိုင်ငံနယ်စပ်၊ ဝတ်မန္ဒူမြို့နယ်ရှိ ကန့်ဆစ်ကျေးရွာလေးဖြစ်သည်။ ထို့ကြောင့် နေရပ်လိပ်စာ အတိအကျသိပြီဖြစ်၍ ထိုနေရာသို့ ကားဖြင့်လျက် ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၁ရက်တွင် ခရီးဆက်ခဲ့ကြတော့သည်။

◈◈◈

တစ်နေ့လုံး ကားစီးရပြီး ညနေစောင်းတွင် ထိုကန့်ဆစ်ရွာ၏ ဟိန္ဒူဘုရားရှိခိုးကျောင်းနှင့် နောက်ကျောကပ်လျက်ရှိသည့် ခြံပိုင်ရှင် "ဘာဘူမန်နီ" ထံသို့ ရောက်သွားကြတော့သည်။ ခြံပိုင်ရှင်မှာ ထိုအချိန်တွင် ဘုရားဝတ်ပြုနေသဖြင့် ထိုခြံကြီးထဲသို့ လှည့်ပတ်ကြည့်လိုက်ကြ၏။ မြင်လိုက်ရသည့် မြင်ကွင်းမှာ အလွန်အမင်း အံ့အားသင့်စရာဖြစ်၍ မျက်လုံးများ နဂိုကထက် ပြူးလာကြ၏။ အသီးသီးနေသော သူယောင်ပင်ကြီး လေးပင်၊ အပင်ငယ် နှစ်ပင်ကို တွေ့ကြရသည်။ သူယောင်သီးများမှာ ပကတိ မိန်းကလေးသဏ္ဍာန်ဖြစ်နေသည်ကို ပုံပါအတိုင်း တွေ့ကြရသဖြင့် မည်သူ မအံ့သြဘဲ ရှိချေမည်နည်း။

တွေ့လျှင် တွေ့ချင်း ဓာတ်ပုံရိုက်ကြ၏။ ထို့နောက် ခြံပိုင်ရှင် ဘာဘူမန်နီ ရောက်လာ၏။ ထိုလူမှာ အသက် ၇၀ ခန့်ရှိသော်လည်း ကျန်းမာသန်စွမ်းပုံ ရ၏။ ဂမ္ဘီရ မုဆိုးများမှာ ဒီဇင်ဘာလဖြစ်သဖြင့် အလွန်အေးသောကြောင့် အနွေးထည် ကိုယ်စီဝတ်ထားကြ၏။ ထိုခြံပိုင်ရှင်ကြီးမှာတော့ နံငယ်ပိုင်းလေးသာ ဝတ်ထားသည်ကို တွေ့ကြရ၏။ ကိုယ်ခံအားနှင့် ကျန်းမာရေး အလွန်ကောင်းပုံရသည်။ အပင်



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကို စုံစမ်းမေးမြန်းရာတွင် ထိုအပင်မျိုးကို ဘယ်က ရသည်၊ ဘယ်တုန်းက ရသည်ဆိုသည်ကို မပြောပေ။ ထိုသူမှာ သူယောင်ပင်များကို အလွန်မြတ်နိုးပုံ ရသည်။ သူ၏ ပြောပြချက်အရ သူယောင်သီးပေါက်စလေးများကို စားကြည့်ရာ လွန်မွှ၂ခါးပြီး ခေါင်းကိုက်လာကြောင်း ပြောသည်။

ထို သူယောင်သီးလေးများ ကြွေကျလျှင် လူသေကောင်ပုပ်နံ့ကဲ့သို့ နံလှသဖြင့် လိုက်ရှာပြီး မြေမြှုပ်ပစ်ရကြောင်း၊ မြေမြှုပ်ရာတွင်လည်း မကျိုးမပဲ့ မပျက်မစီးစေဘဲ လူသေအတိုင်း မြှုပ်ရကြောင်း၊ ယင်း သူယောင်သီးအကြွေများကို လိုက်ရှာရ၊ မြှုပ်နံ့ရနှင့် စိတ်ကုန်လာကြောင်းတို့ကို ပြောပြ၏။ သို့သော် မြတ်နိုးလွန်းလှ၍ ထိုအပင်များကို ခုတ်မပစ်ကြောင်း၊ သူယောင်မယ်လေးများကို သမီးအဖြစ် သဘောထားကာ၊ အကြီးဆုံး သူယောင်သီးမှာ "စန္ဒာသီရိ" ဟု အမည်ပေးထားကြောင်းနှင့် ထို စန္ဒာသီရိလေးအား လိုက်ပြပေး၏။

ခြံပိုင်ရှင် ဘာဘူမန်နီသည် ဇော်ဂျီ တပသီများမှ သူယောင်မယ်လေးများအား ဆေးအတတ်ဖြင့် အသက်သွင်း၍ ကာမဆက်ဆံကြသည်ကို သိထား၏။ ထို့ကြောင့် ဇော်ဂျီများကို တွေ့ရန် အမြဲချောင်းမြောင်းကြည့်နေခဲ့ရ၏။ သို့သော် ထိုသူယောင်ပင်များ အသီးစသီးကတည်းက ယခုအချိန်ထိ ဘယ်ဇော်ဂျီ တပသီမျှ မလာသေးကြောင်း ပြောပြ၏။ သူယောင်သီးများမှာ စ,သီးသည်မှ တဖြည်းဖြည်းကြီးထွားလာပြီး အသက် ၁၆နှစ်ခန့် မိန်းမပျိုအရွယ်ရောက်သောအခါ ကြွေကျကုန်ကြရသည်။ ဇော်ဂျီများ ပျော်ပါးပြီးသည်နှင့် နှစ်ရက်ခန့်အကြာတွင် ထိုသူယောင်သီးများမှာ ရိလာပြီး ပုပ်သွားကြတော့သည်ဟု ကြားဖူးနားဝရှိကြောင်း ပြောပြသည်။ အပင်သက်တမ်းကိုမူ ရက္ခဗေဒ ပညာရှင်များကသာ အတိအကျပြောနိုင်မည်ဖြစ်သည်။ အပင်တစ်ပင်လျှင် သူယောင်သီး သုံးလေးလုံးခန့် မြင်ခဲ့ကြရသည်။ ပင်ပျိုလေး နှစ်ပင်ကား အသီးမသီးသေးချေ။ ထိုသူယောင်သီး စ,သီးလျှင် ခြေဖဝါးနှစ်ခုမှ စ၍ သီးသည်။ ဆိုလိုသည်မှာ အောက်ပိုင်းမှ စ၍ တစ်စတစ်စ ခေါင်းပိုင်းအထိ ရောက်သွားခြင်းဖြစ်သည်။ သူယောင်သီး၏ အညှာမှာ ခရမ်းသီးအညှာကဲ့သို့ မာကြောလှ၏။ ထို့ကြောင့်လည်း သူယောင်သီးများ၏ ဝိတ်ကို ခံနိုင်ခြင်းဖြစ်သည်။

ခြံပိုင်ရှင် ဘာဘူမန်နီမှာ သီလလုံခြုံပြီး ခေါင်းပါးသောအကျင့်ကို ကျင့်နေပုံရသည်။ ဇော်ဂျီများကို တွေ့ပါက အတတ်ပညာသင်ယူရန် အားခဲထားပုံရသည်။ ဇော်ဂျီနှင့် မတွေ့ရသဖြင့် ဇော်ဂျီဖြစ်ရန် မျှော်လင့်ချက်မဲ့နေပုံရသည်။

လူဟူသည် မိမိကိုယ်တွေ့ မဟုတ်သော စမ်းသပ်မကြည့်နိုင်သေးသော ဖြစ်ရပ်များကို ကျားကုတ်ကျားခဲ မစူးစမ်းကြဘဲ မိမိတို့လက်လှမ်းမမီလျှင် ဒဏ္ဍာရီပုံပြင်အဖြစ်သာ သဘောထားလိုက်ကြ၏။ အချို့သော အယူသီး ခေါင်းမာသူများမှာ တစ္ဆေသရဲကိုပင် မမြင်ဘူး၍ မရှိဟု ယူဆကြသည်။ အနောက်နိုင်ငံများတွင် တစ္ဆေသရဲများကို ဓာတ်ပုံပင် ရိုက်ယူနိုင်ကြ၏။

ထို့ကြောင့် မိမိတို့ လက်လှမ်းမမီ၍ ပုံပြင်ဟူသည်ကို မှတ်တမ်းများမှ ဖယ်ထုတ်၍ အဖြစ်မှန်များစာရင်းသို့ စာရင်းပြောင်းလဲ ပြုစုကြပါစို့ဟု တင်ပြရင်း နိဂုံးချုပ်လိုက်ရပါတော့သည်။

* * *

လှကျော်ညွှန့်(ရေကာင်း)

မဂ္ဂဇင်း

အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ) (၃၁)လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။



www.burmeseclassic.com

www.burmeseclassic.com


# နေစေး

## စာပေမှ

### သတင်းကောင်းပါးဖိတ်ခေါ်လိုက်ပါသည်

မြို့ရွာကျေးလက်၊ ရပ်ကွက်၊ ကျောင်း၊ ရုံး၊ တပ်တွင်း စာကြည့်တိုက်ဖွင့်လိုသူများ၊ မိမိအိမ်တွင် စာအုပ်အငှားဆိုင် ဖွင့်ပြီး အိမ်တွင်းစရိတ်ဝင်ငွေရှာလိုသူများ၊ တစ်ဆင့်စာအုပ် ပြန်လည် ရောင်းချလိုသူများအား "နေစေး" စာပေနှင့် အမြန်ဆုံးဆက်သွယ်ပါရန် လေးစားစွာ ဖိတ်ခေါ်လိုက်ပါသည်။

လစဉ်ထုတ် မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြ၊ ကာတွန်း၊ ဘာသာပြန်၊ သိုင်း၊ သုတ၊ ရသ၊ ပုံပြင်စာအုပ်များ စုံလင်စွာနှင့် လကျော်၊ တိုက်ကျစာအုပ်များ၊ ဝတ္ထုစာအုပ်အဟောင်းများ၊ အသစ်များ လက်လီလက်ကား ဖြန့်ချိရောင်းချပေးနေပါသည်။

#### ဆက်သွယ်ရန်လိပ်စာ

ပင်ရင်း – အမှတ်(၁၉၅)၊ (၃၂)လမ်းအထက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
☎ – ၀၁–၂၅၄၆၂၅

ဆိုင်ခွဲ(၁) – အမှတ်(၄)၊ ကန်လမ်း၊ ထွန်းသီရိရုပ်ရှင်ရုံရှေ့၊ ပြည်မြို့။
☎ – ၀၉ ၅၃၁၃၃၁၄၊ ၀၉ ၅၃၇၀၅၅၄

ဆိုင်ခွဲ(၂) – အရှေ့မြို့ပတ်လမ်း၊ အ.လ.က–၁၁(ကျောင်းရှေ့)၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။ ☎ – ၀၉ ၅၁၁၂၀၇၀

ဆိုင်ခွဲ(၃) – အမှတ်–၅/၆(B) ခရိုင်ရဲတိုက်တန်း၊ မိုလ်ချုပ်လမ်း၊ မကွေးမြို့။
☎ – ၀၉ [illegible]၆၂၀၀၆၄


www.burmeseclassic.com

www.burmeseclassic.com

# နှစ်ခါပြန်သေသူ

တိုးထက်



www.burmeseclassic.com

www.burmeseclassic.com

၁၇၃၀ ခုနှစ်ကာလတွင် ဖြစ်သည်။ မျက်မှောက်အချိန်တွင် ဆင်ဆင်နာတီမြို့ကြီးတည်ရာဒေသနှင့် နှစ်မိုင်မျှသာ ကွာဝေးသော နေရာတွင် တောနက်ကြီးတစ်ခုရှိသည်။ ထိုတောနက်ကြီးတွင် အခြေစိုက်လာသူများကား အနောက်ဘက်ပိုင်း လူယဉ်ကျေးတို့အရပ်ကို စိတ်ကုန် ကျောခိုင်းလာသူများပင် ဖြစ်သည်။

အဖက်ဖက်မှ ရောမ သစ်ပင်ကြီးများ ပတ်ဝိုင်းတည်ရှိနေသော တောနက်တစ်နေရာတွင် သစ်လုံးအိမ်လေးတစ်လုံးရှိခဲ့သည်။ ထိုသစ်လုံးအိမ်တွင် နေထိုင်သူသည် သူ့ဝန်းကျင် တောတောင်ကဲ့သို့ပင် အလွန်နှုတ်ဆိတ်ပြီး ဝစီပိတ်တရားကျင့်သူနှင့် တူခဲ့သည်။ သူပြုံးသည်ကို မည်သူမှ မမြင်ဘူးချေ။ သူ မလိုအပ်ဘဲ စကားပြောသည်ကို မည်သူမျှ မကြားဘူးချေ။ ဘဝရပ်တည်ရေးအတွက် သူသည် အမဲလိုက်ခဲ့သည်။ အမဲလိုက်၍ရသော အသား၊ အရေခွံ၊ အစွယ်၊ ချိုများကို ရောင်းချခဲ့သည်။ သူ့သစ်လုံးအိမ်ဝန်းကျင် မြေကွက်တွင် မည်သည့် သီးနှံမှ မစိုက်ပျိုးချေ။

ထိုသစ်လုံးအိမ်တွင် တံခါးပေါက်တစ်ပေါက်သာ ရှိသည်။ ထိုတံခါးပေါက်နှင့် တည့်တည့် ဆန့်ကျင်ဘက်တွင်မူ ပြတင်းပေါက်တစ်ပေါက်ရှိသည်။ ပြတင်းပေါက်များကို ပျဉ်ချပ်များဖြင့် ရိုက်ပိတ်ထားသည်။ မည်သည့်ကာလကတည်းက ထိုသို့ ပျဉ်ချပ်များ ရိုက်ပိတ်ထားသည်ကို လည်းကောင်း၊ မည်သည့်အတွက်ကြောင့် ထိုသို့ အသေပိတ်ထားသည်ကို လည်းကောင်း မည်သူမျှ မသိခဲ့ချေ။

ထိုအိမ်ရှင်က အလင်းရောင်ကို မနှစ်သက်၍သော်လည်းကောင်း၊ လေကောင်း လေသန့်ကို မကြိုက်၍သော်လည်းကောင်း မဟုတ်သည်က အမှန်ပင်။ အဘယ့်ကြောင့်ဆိုသော် ထိုခေါင်လှသော နေရာကို ဖြတ်သန်းသွားသော တစ်ဦးတလေသော ပုဂ္ဂိုလ်တို့သည် အိမ်ပြင်ဘက်တွင် နေပူဆာလှုံနေသော အိမ်ရှင်ကို တွေ့မိတတ်စမြဲပင် ဖြစ်သည်။ လတ်တလော သက်ရှိသူတို့တွင် ထိုပြတင်းပေါက်အကြောင်း သိသူ အနည်းပါးမျှသာ ရှိမည်ဟု ကျွန်တော်ထင်သည်။ သို့သော် ထိုပြတင်းပေါက်၏ လျှို့ဝှက်ချက်အကြောင်း သိသူ အနည်းအပါးတွင် ကျွန်တော်ပါမည်မှာ အမှန်ပင်။

ထိုအိမ်ရှင်၏ အမည်မှာ "မာလော့"ဖြစ်သည်။ သူ့ကို အသက် ၇၀ လောက် ရှိပြီဟု ထင်ရသည်။ တကယ်တမ်းတွင် သူသည် အသက် ၅၀ခန့်သာ ရှိသေးသည်။ သူ၏ ဆံပင်နှင့် ရှည်လျားသော မုတ်ဆိတ်တို့ကား ဖွေးဖွေးဖြူနေခဲ့သည်။ သူ၏ မှိုင်းဝေသော မျက်လုံးညိုများကား ဦးခေါင်းထဲ ခွက်ဝင်နေသည်။ မျက်နှာပေါ်တွင် အရေးအကြောင်းများက နွေပပ်ကြားအက် လယ်ကွက်ထက် ပွေရှုပ်နေခဲ့သည်။ တကယ်တမ်းပြောရလျှင် သူ့ကို ကျွန်တော် တစ်ကြိမ်တစ်ခါမှ မမြင်ဘူးချေ။ သူ့ပုံစံ၊ သူ့အသွင်အပြင်အကြောင်း ကျွန်တော့်အဘိုးထံမှ ကြားခဲ့ရသည်။

◈◈◈

ကျွန်းသစ်လုံးအိမ်ကို မာလော့ကိုယ်တိုင် ဆောက်လုပ်ခဲ့သည်။ ဆောက်သည့် ကာလကမူ သူသည် ငယ်ရွယ်သန်စွမ်းနေခဲ့သည်။ သူ့ရင်ထဲတွင် မျှော်လင့်ချက်များ ပြည့်လျှံနေသည်။ သူသည် သူ ယခင်နေထိုင်ရာ အရှေ့ပိုင်းပြည်နယ်မှ မိန်းမတစ်ယောက်ရလာခဲ့သည်။ ဘဝကြမ်းကို သူနှင့်အတူ ဒိုးတူပေါင်ဖက် ရင်ဆိုင် စွန့်စားမည့် မိန်းမ။ သူ့မေတ္တာနှင့် ထိုက်သော မိန်းမပင် ဖြစ်ခဲ့သည်။ သူတို့အိမ်ထောင်သည် ရုပ်ပစ္စည်းချို့တဲ့နေခဲ့သော်လည်း စိတ်သုခပြည့်ဝနေသည်ဟု ဆိုရမည်။

တစ်နေ့ တောနက်ထဲတွင် အမဲလိုက်ပြီးအပြန် မာလော့သည် သူ့ဇနီး အပြင်းအထန်ဖျားနေသည်ကို တွေ့ရသည်။ ပတ်ပတ်လည် မိုင်ပေါင်းများစွာအတွင်းတွင် ဆရာဝန်တစ်ဦးတလေမှ မရှိ၊ အိမ်နီးချင်းတစ်ယောက်တလေမှ မရှိ။ သူ့ဇနီးသည်မှာ တစ်ယောက်တည်း မထားခဲ့သာအောင် အပြင်းဖျားနေသည်။ ထို့ကြောင့် မာလော့ အကူအညီသွားမရှာနိုင်ချေ။ သူ့ဘာသာ တတ်သမျှ မှတ်သမျှ နည်းလမ်းပေါင်းစုံဖြင့်သာ သူမကို ကုသပေးခဲ့ရသည်။ သို့သော် တတိယနေ့အကုန်တွင် သူမ သတိလစ်ပြီး ကွယ်လွန်သွားခဲ့သည်။

သူမ ကွယ်လွန်သွားပြီဆိုသည့်အချက်ကို မာလော့တော်တော်နှင့် လက်မခံနိုင်ခဲ့ချေ။ မုချ သေပြီဟု သူ လက်ခံနိုင်လိုက်ပြီးနောက်တွင်မူ သေသူတို့ကို မြှုပ်နှံရန် ပြင်ဆင်ပေးရမည်ကို သူ အမှတ်ရလာသည်။ ထိုသို့ အသုဘကိစ္စများကို ပြင်ဆင်နေစဉ် အမှားမှားအယွင်းယွင်းလည်း ပြုမိခဲ့သည်။ အချို့ကိစ္စများကျပြန်လျှင်မူ ထပ်ခါတလဲလဲ ပြုမိခဲ့ပြန်သည်။ ရိုးရိုးစင်းစင်းကိစ္စလေးများကိုပင် ဖြောင့်ဖြောင့်တန်းတန်းမလုပ်နိုင်ဖြစ်နေသည်ကို သူ အံ့သြမိခဲ့သည်။ သူ ကွယ်လွန်သူ ဇနီးအတွက် မငိုမရှိုက်သည်ကိုလည်း သူ့ကိုယ်သူ တအံ့တသြဖြစ်မိသည်။

"မနက်ဖြန်ကျရင် ငါ အခေါင်းတစ်လုံးရိုက်ရမယ်။ တွင်းတစ်တွင်းတူးရမယ်။ အဲဒီတော့ ငါ ဝမ်းနည်းမယ်ထင်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ သူ့ပို မမြင်ရတော့ရင် ငါ ဝမ်းနည်းမယ် ထင်ပါတယ်။ ဒါပေမယ့်လေ သူက သေပြီပဲ၊ ဘာတတ်နိုင်မှာလဲ။ ဖြစ်သင့်ဖြစ်ထိုက်တာ ဖြစ်သွားတာလို့ပဲ ငါ လက်ခံရမှာပေါ့။ အားလုံး အဆင်ပြေသွားမှာပါ။ ထင်သလောက် မဆိုးပါဘူး"

မာလော့တစ်ယောက်တည်း အသံထွက် ပြောနေမိသည်။

အလောင်းကို ပြင်ဆင်ပြီးနောက်တွင် သူသည် အလောင်းတင်ထားရာ စားပွဲဘေးနားမှ ကုလားထိုင်ပေါ်သို့ပင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

◈◈◈

နေက ငုပ်လျှိုးကွယ်ပျောက်သွားပေသည်။ ညအမှောင်က စိုးမိုးလာသည်။ အချိန်မည်မျှကြာသွားသည်မသိ၊ သူ ငိုက်မြည်းမှေးသွားခဲ့သည်လား မဆိုတတ်။ ထိုအချိန် ဖွင့်ထားသော ပြတင်းပေါက်မှ အသံတစ်ခု လွင့်လာသည်။ တောနက်ထဲတွင် ပျောက်ဆုံးနေသော ကလေးငယ် တစ်ယောက် ဆွဲဆွဲငင်ငင်ငိုလိုက်သံဆန်ဆန် အသံတစ်ခုပင်။ တဖြည်းဖြည်းနီးလာသည်။ မိစ္ဆာတစ်ကောင်ကောင်၏ ညည်းသံလား၊ တိရစ္ဆာန်တစ်ကောင်၏ မြည်သံလား၊ မသဲကွဲချေ။ မာလော့ကား အိပ်ပျော်နေသည်။ အိပ်မောကျနေသည်။

အချိန်အတော်ကြာမှသာလျှင် သူ လန့်နိုးသွားသည်။ မည်သည့်အကြောင်းကြောင့် လန့်နိုးသွားသည်ဟု မသိဘဲ လန့်နိုးသွားသည်။ တစ်စုံတစ်ရာကို နားစွင့်နေပုံ ခေါင်းထောင်မိသည်။ ပိန်းပိန်းပိတ် မှောင်နေသော အမှောင်ထုထဲတွင် သူ မည်သည့်နေရာရောက်နေသည်ကို တဒင်္ဂမေ့နေခဲ့သည်။ နောက်မှ အဖြစ်အပျက်ကို အမှတ်ရလိုက်သည်။ သူသည် အိပ်ပျော်စဉ်က မိန်းမအလောင်းဘေးတွင် ရှိနေမှန်း သိလိုက်သည်။

ထို့နောက် သူသည် အမှောင်ထဲ စူးစူးစိုက်စိုက်ကြည့်မိသည်။ မည်သည့်အရာကို မျှော်လင့်မှန်း မသိ၊ သူ စူးစိုက်ကြည့်မိခဲ့သည်။ သူ့အာရုံများက ဖျတ်လတ် နိုးကြားနေသည်။ သူ့အသက်ရှူသံ၊ နှလုံးခုန်သံ ရပ်သွားသယောင် ရှိနေခဲ့သည်။

သူ့လက်မောင်းတင်ထားရာ အလောင်းစင်က ရုတ်တရက် လှုပ်ခါသွားသည်။ တစ်ချိန်တည်းမှာပင် သူသည် အသံတစ်ခုကို ကြားလိုက်သည်။ ကြမ်းပေါ်တွင် ခြေနင်းမဲ့လျှောက်သည့် ခြေသံမျိုး။

သူ အလွန်တုန်လှုပ် ချောက်ချားသွားသည်။ မအော်နိုင်၊ မလှုပ်နိုင်အောင် ကြက်သေသေသွားသည်။ အမှောင်ထဲ



တွင် သူ တုတ်တုတ်မျှ မလှုပ်ရဲအောင် ဖြစ်နေခဲ့သည်။ ငြိမ်သက်စွာ နားစွင့်နေမိသည်။ သူ့မိန်းမနာမည်ကို ခေါ်ရန် ကြိုးစားလိုက်သည်။ သို့သော် သူ့ပါးစပ်ထဲက အသံမထွက်။ အလောင်းရော ရှိမှရှိသေးရဲ့လားဟု လက်ဖြင့် လှမ်းစမ်းရန် ကြိုးစားလိုက်သည်။ သို့သော် သူ့လက်များက ခဲဆွဲထားသည့်ကဲ့သို့ မလှုပ်နိုင်၊ မလွန့်နိုင်အောင် လေးလံနေခဲ့သည်။ တစ်ခုခုတော့ ဖြစ်သွားခဲ့ပြီ။ ကြောက်စရာကောင်းသော တစ်ခုခုဖြစ်သွားပြီ။

ထိုစဉ် ပို၍ကြောက်စရာကောင်းသော ကိစ္စတစ်ခုဖြစ်သွားသည်။ အလောင်းတင်ထားရာ စားပွဲကို တစ်စုံတစ်ရာက ဝင်တိုက်လိုက်ပုံရသည်။ အတော်အားကောင်းသောသူ (သို့မဟုတ်) အရာဖြစ်ဟန်တူသည်။ အဘယ့်ကြောင့်ဆိုသော် စားပွဲတစ်ခုလုံးက သူ့ရင်ကို တအားတိုက်ထည့်လိုက်သဖြင့် သူ လဲပြိုကျလုမတတ်ဖြစ်သွားသည်။

ထိုတဒင်္ဂမှာပင် သူသည် ကြမ်းပေါ်သို့ တစ်စုံတစ်ရာကျသံ ကြားလိုက်ရသည်။ ကျသည့်အရှိန်မှာ ပြင်းထန်လှသောကြောင့် တစ်အိမ်လုံး သွက်သွက်ခါအောင် လှုပ်သွားသည်။ ထို့နောက် ရုန်းကန်တိုက်ခိုက်နေသော အသံကို ကြားရသည်။ ထိုရုန်းကန်တိုက်ခိုက်သံတို့ပင် ကသောင်းကနင်း သောသောညံနေသည်။

မာလော့ မတ်တတ်ရပ်လိုက်မိသည်။ စားပွဲပေါ်သို့ လက်နှစ်ဖက်ဆန့်ကာ ရပ်လိုက်သည်။ စားပွဲပေါ်တွင် ဘာမှမရှိ။ ဇနီးအလောင်းမရှိတော့။ သူ အကြောက်လွန်ပြီး စိတ်ဖောက်ပြန်သလိုဖြစ်သွားသည်။ ထိုသို့ စိတ်ဖောက်ပြန်သော



www.burmeseclassic.com

www.burmeseclassic.com

အခါတွင် အစိုပ္ပာယ်မဲ့သော လုပ်ရပ်များကို လုပ်မိတတ်သည်။ ရှုံ့သွပ်မတတ် ကြောက်လန့်နေသော မာလော့သည် သူ့သေနတ်ချိတ်ထားရာ နံရံဆီသို့ ခုန်လိုက်သည်။ ကျည်ထိုးထားသော ရိုင်ဖယ်သေနတ်ကို ဆွဲ၍ ချိန်ရွယ်မနေဘဲ ပစ်ထည့်လိုက်သည်။

သေနတ်မီးပွင့်သွား၍ လျှပ်တစ်ပြက် တစ်ခန်းလုံး လင်းသွားသည်။ အလောင်း၏ လည်မျိုကို ခဲ၍ အလောင်းအား ပြတင်းပေါက်ဆီသို့ တရွတ်တိုက်ဆွဲသွားနေသော ရေမကျားသစ်နက်ကြီးကို မြင်လိုက်ရသည်။ ထို့နောက် မာလော့သည် နဂိုအမှောင်ထက် သိပ်သည်းသော အမှောင်တစ်ခု သူ့အပေါ် သက်ဆင်းလာသည်ကို ခံစားလိုက်ရသည်။ တိတ်ဆိတ်မှုကိုသာ ကြားရတော့သည်။

သူ သတိပြန်ရလာသောအခါတွင်မူ နေအတော်မြင့်နေချေပြီ။ တောအုပ်တစ်ခွင်တွင် ကျေးငှက်သာရကာတို့၏ တေးသံများ လွှမ်းနေသည်။

ဇနီးအလောင်းက ပြတင်းပေါက်အနားသို့ ရောက်နေသည်။ သေနတ်သံကို လန့်ပြီး ကျားသစ်ကြီး ထွက်ပြေးသွားသောအခါ ကျကျန်နေခဲ့ရာ နေရာပင်ဖြစ်သည်။ အလောင်း၏ ဆံပင်နှင့် အဝတ်အစားတို့က ဖရိုဖရဲဖြစ်နေသည်။ လည်မျိုမှာ စုတ်ပြဲပြီး သွေးချင်းချင်းနီနေသည်။ အလောင်း၏ လက်ကောက်ဝတ်နှစ်ဖက်ကို ချည်နှောင်ထားသော ဖဲကြိုးမှာ ပြတ်တောက်နေသည်။ လက်နှစ်ဖက်စလုံး ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ အလောင်း၏ သွားကြားတွင်မူ ကျားသစ်၏ နားရွက်အပိုင်းအစကို တွေ့ခဲ့ရသည်။ ထို့အပြင် အလောင်း၏ နှလုံးသားတည့်တည့်တွင် မာလော့ မချိန်မရွယ်ဘဲ ပစ်လိုက်သော ရိုင်ဖယ်ကျည်ဆန်ရာကို တွေ့ရသည်။

မြောနေရာမှ အသက်ပြန်ရှင်လာပြီး သူ့မကို လာဆွဲသော ကျားသစ်ကို တိုက်ခိုက်ရင်း မာလော့၏ ဇနီး အသက်ပျောက်သွားခဲ့ရသည်လား။ ဒါမှမဟုတ် ကြောက်ကြောက်လန့်လန့်ဖြင့် ပစ်လိုက်သော မာလော့၏ ကျည်ပင် မှန်၍ သေဆုံးသွားရသည်လား။ ဘုရားသခင်မှတစ်ပါး အခြားမည်သူမျှ မသိတတ်နိုင်ပါတော့ချေ ■

* * *

တိုးထက်

**Ref ; The Boarded Window**

**by Ambrose Bierce** ကို ပြန်ဆိုသည်။



www.burmeseclassic.com




# ၂၀၁၄၊ မေလ၊ ကောင်းကင်ဂြိုဟ်ရပ်တည်မှု

• ၂၀၁၄၊ မေလ၏ ကောင်းကင်ထက်၌ မိဿရာသီရောက် တနင်္ဂနွေဂြိုဟ် မေ ၁၅ရက်နေ့တွင် ပြိဿရာသီသို့ ပြောင်းရွှေ့ ဝင်ရောက်မည်ဖြစ်ပြီး ကန်ရာသီမှ အင်္ဂါဂြိုဟ် ဂြိုဟ်ပတ်လမ်းကြောင်း၌ ဖောက်ပြန်သွားလာနေပြီး မေ ၂၁ ရက်နေ့၌ အတည့်ပြန်သွားပါမည်။ မိဿရာသီမှ ဗုဒ္ဓဟူးဂြိုဟ် မေ ၅ရက်နေ့၌ ပြိဿရာသီသို့ ပြောင်းရွှေ့ဝင်ရောက်ပြီး မေ ၂၃ရက်နေ့၌ မေထုန်ရာသီသို့ ပြောင်းရွှေ့ရပ်တည်ပါမည်။ မေထုန်ရာသီ၌ ကြာသပတေးဂြိုဟ် ရပ်တည်နေပြီး မိန်ရာသီမှ သောကြာဂြိုဟ် မေ ၂၄ရက်နေ့၌ မိဿရာသီသို့ ပြောင်းရွှေ့ရပ်တည်ပါမည်။ တူရာသီရှိ စနေဂြိုဟ် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း၌ ဖောက်ပြန်ရပ်တည်နေပြီး ရာဟုနှင့် ကိတ်ဂြိုဟ်များ တူနှင့် မိဿရာသီများအတွင်း တည်ရှိနေပါမည်။ ယူရေးနပ်စ်ဂြိုဟ် မိန်ရာသီ၊ နက်ပကျွန်းဂြိုဟ် ကုမ်ရာသီ၊ ပလူတိုဂြိုဟ် မကာရာသီအတွင်း ဖောက်ပြန်၍ တည်ရှိနေပါလိမ့်မည်။

မေလ ၂ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၀နာရီ ၂၈မိနစ်၌ လနှင့် ရောဟဏီ နက္ခတ်ကြယ် နီးကပ်စွာ ပူးယှဉ်သောဖြစ်စဉ် ဖြစ်ပေါ်လာပါလိမ့်မည်။ အနောက်လောင်ဂျီတွဒ် ၅၈ ဒီဂရီ ၅၅ မိနစ်နှင့် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၂မိနစ်ရှိ မြောက်အတ္တလန္တိတ်သမုဒ္ဒရာအတွင်း၌ ဖြစ်စဉ်ဖြစ်ပေါ်ပြီး အာဂျင်တီးနားနှင့် ဘရာဇီးနိုင်ငံတို့၏ မွန်းတည့် မိုးကောင်းကင်၌ ဖြစ်ပေါ်မည်ဖြစ်သည့်အတွက် ယင်းနိုင်ငံများ၌ နိုင်ငံရေးဆူပူလှုပ်ရှားမှုများ ပေါ်ပေါက်လာမည်။ မေလ ၁၁ရက်၊ နံနက် ၁နာရီ ၄၄ မိနစ်၌ စနေဂြိုဟ် ကမ္ဘာ့ဘေးဘက် ဂြိုဟ်ပတ်လမ်းကြောင်းထဲ ရောက်ရှိပြီး ကမ္ဘာဖြင့် တစ်တန်းတည်း ကျရောက်သော ဖြစ်စဉ်ဖြစ်ပေါ်လာပါမည်။ အရှေ့လောင်ဂျီတွဒ် ၇၁ ဒီဂရီ ၁၆ မိနစ်နှင့် တောင်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၀ မိနစ်၊ အိန္ဒိယနိုင်ငံ၏ မွန်းတည့် မိုးကောင်းကင်၊ အိန္ဒိယသမုဒ္ဒရာအတွင်း၌ ဖြစ်စဉ် ဖြစ်ပေါ်မည်။ဖြစ်စဉ်အား မြန်မာ့မိုးကောင်းကင်ပြင်တွင်လည်း လေ့လာနိုင်ပြီး စနေဂြိုဟ်အား သေးငယ်သော ကြယ်ပွင့်အဝါသဏ္ဌာန်ဖြင့် တွေ့မြင်ရပါလိမ့်မည်။ မေ ၁၂ရက်၊ ည ၇နာရီ ၄၀ မိနစ်တွင် လမင်းနှင့် စိတြနက္ခတ်ကြယ် ပူးယှဉ်သောဖြစ်စဉ် ဖြစ်ပေါ်ပါမည်။




www.burmeseclassic.com


www.burmeseclassic.com

အရှေ့လောင်ဂျီတွဒ် ၁၃၃ ဒီဂရီ ၄၃ မိနစ်နှင့် တောင်လတ္တီတွဒ် ၀၉ ဒီဂရီ ၃၀မိနစ် ဩစတြေးလျနိုင်ငံ၏ မွန်းတည့် မိုးကောင်းကင်၊ ဘာရာဖူရာပင်လယ်အတွင်း၌ ဖြစ်ပေါ်လာပါမည်။ ဖြစ်စဉ်အား မြန်မာနိုင်ငံမှ လေ့လာမည်ဆိုပါက ညနေ နေဝင်ပြီးချိန်မှ စတင်၍ အရှေ့ဘက် မိုးကောင်းကင်တွင် လေ့လာပါက အလင်းအား ၉၅ ရာခိုင်နှုန်းခန့်ရှိသော လမင်းအောက်၌ စိတြနက္ခတ်ကြယ်အား တွေ့မြင်ရပါလိမ့်မည်။

မေလ ၁၄ရက်၊ မြန်မာစံတော်ချိန် ညနေ ၆နာရီ ၄၇ မိနစ်၌ လနှင့် စနေဂြိုဟ် နီးကပ်စွာ ပူးယှဉ်သောဖြစ်စဉ် ဖြစ်ပေါ်မည်။ ဖြစ်စဉ် ဖြစ်မည့်နေရာမှာ အရှေ့လောင်ဂျီတွဒ် ၁၇၁ ဒီဂရီ ၃၄ မိနစ်နှင့် တောင်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၀ မိနစ်၊ တောင်ပစိဖိတ်သမုဒ္ဒရာ၌ ဖြစ်ပေါ်ပါမည်။ ဖြစ်စဉ်ပေါ်ပေါက်ပြီး မကြာမီ ည ၇နာရီခန့်မှ စတင်၍ အရှေ့ဘက် မိုးကောင်းကင်တွင် လေ့လာပါက အလင်းအား ၉၈ ရာခိုင်နှုန်းခန့်ရှိသော လမင်းအနီး၌ စနေဂြိုဟ်အား အဝါရောင် ကြယ်ပွင့်အသွင်သဏ္ဍာန်ဖြင့် တွေ့မြင်ရပါလိမ့်မည်။ မေ ၁၅ရက်၊ ညနေ ၆နာရီ ၄၃ မိနစ်၌ လနှင့် Star Graffias ကြယ် နီးကပ်စွာ ပူးယှဉ်သောဖြစ်စဉ် ဖြစ်ပေါ်လာပါမည်။ မေ ၂၉ရက်၊ မြန်မာစံတော်ချိန် နံနက် ၇နာရီ ၄၁မိနစ်၌ လနှင့် ရောဟဏီနက္ခတ်ကြယ်များ နီးကပ်စွာ ပူးယှဉ်ပါမည်။ မြန်မာမှ မမြင်တွေ့နိုင်ပါ။




လနှင့် စနေဂြိုဟ်များ နီးကပ်စွာ ပူးယှဉ်နေပုံ။




စနေဂြိုဟ် ကမ္ဘာနှင့် တစ်တန်းတည်း ကျရောက်နေပုံ။



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၄၊ မေလ ၁၂-ရာသီ လဂ်ပိုင်ရှင်တို့၏ နက္ခတ်ဟောကိန်း

### ARIES



### မိဿလဂ်

အခက်အခဲ အတိုက်အခံများပြားသော ကာလဖြစ်ပြီး ဒေါသတရား ထိန်းချုပ်နိုင်ရန် အထူးသတိပြုဆင်ခြင်ပါ။ ကြီးမားပြင်းထန်သော ထိခိုက်မှုအန္တရာယ်များနှင့် ယာဉ်အန္တရာယ်များ တွေ့ကြုံပေါ်ပေါက်တတ်သည်။ မိမိလုပ်ငန်းကိစ္စများတွင် မသမာသူများ၏ ခိုးယူဖျက်ဆီး နှောင့်ယှက်မှုများကြောင့် ဆုံးရှုံးနစ်နာတတ်ပြီး လူလိမ်လူကောက်များ မိမိအနီးဝန်းကျင်၌ ရှိနေတတ်သည်။ မာန်မာနတရားနှင့် ဒေါသ၊ မောဟ၊ လောဘများကို ဘာသာရေးအသိဖြင့် တည်ငြိမ်အေးချမ်းမှုကို ဖန်တီးတည်ဆောက်ပါ။ အစစအရာရာအတွက် အခြေအနေတစ်ရပ်ကို အလျင်စလို ဆုံးဖြတ်ပြုမူခြင်းများ မိမိဘဝ နစ်နာသွားတတ်သည်။ လုပ်ငန်းရှင်များ ဥပဒေနှင့် ငြိစွန်းသော အမှုပြဿနာများ ရင်ဆိုင်ဖြေရှင်းရမည်။ ပညာသင်ကြားနေသူများ အတိုက်အခံများသော ကာလဖြစ်သည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်၏ အမြင်မကြည်လင်မှုများအား စိတ်ညစ်နေရတတ်ပြီး ချစ်သူများ ပဋိပက္ခများဖြင့် ထိပ်တိုက်ရင်ဆိုင်ရမည်။


### TAURUS



### ပြိဿလဂ်

ပါးနပ်လိမ္မာသောအကျိုးကြောင့် မိမိကြိုးပမ်းကြံစည်မှုများ ပြည့်ဝအောင်မြင်မည်။ လူမှုရေးကိစ္စပြဿနာများအား မိမိ မောင်နှမသားချင်းများကြောင့် ရင်ဆိုင်ဖြေရှင်းရမည်။ ရုတ်တရက် မထင်မှတ်သည့် အခွင့်အရေးကောင်း၊ အခြေအနေကောင်းများ ပေါ်ပေါက်လာပြီး မိမိ၏ ဂုဏ်သတင်း ထင်ပေါ်ကျော်စောမည်။ ထိပေါက်တတ်သည့်ကာလဖြစ်ပြီး ငွေကြေးအမြောက်အများ အကျိုးရှိနိုင်သော ကာလဖြစ်သည်။ ဝန်ထမ်းတာဝန် ထမ်းရွက်သူများ သင်တန်းကိစ္စများ တွေ့ကြုံတတ်ပြီး လုပ်ငန်းကံ၊ ရာထူးကံ တိုးတက်ကောင်းမွန်မည်။ လျှပ်တစ်ပြက် ပေါ်ပေါက်လာတတ်သည့် အကြံဉာဏ်ကောင်းများကြောင့် ငွေကြေးကံ အထူးကောင်းမည့် အခွင့်အရေးများ ပေါ်ပေါက်လာမည်။ လုပ်ငန်းရှင်များ လုပ်ငန်းတွင် ကောင်းသော အထောက်အပံ့အကူအညီများ ရရှိ၍ တိုးတက်အောင်မြင်မည်။ ပညာသင်ကြားနေသူများ ကံဇာတာ အထူးတိုးတက်မြင့်မားသော ကာလဖြစ်သည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအညံ့ကြုံတတ်၍ ချစ်သူများ လှပသော အချစ်နေ့ရက်များ ဖန်တီးတည်ဆောက်နိုင်မည်။

### GEMINI



### မေထုန်လဂ်

နိုင်ငံရပ်ခြားကံ အထူးတိုးတက်မြင့်မားသော ကာလဖြစ်ပြီး အိမ်၊ ခြံ၊ မြေ၊ ယာဉ်တို့နှင့် ပတ်သက်၍ ကံကောင်းမည့်ကာလဖြစ်သည်။ လုပ်ငန်းကိစ္စများအတွက် နိုင်ငံရပ်ခြား ခရီးဝေးများ သွားလာရပြီး အခွင့်အရေးကောင်းများ ပေါ်ပေါက်လာမည်။ အဆင့်မြင့် လုပ်ငန်းများ တိုးချဲ့ဆောင်ရွက် လုပ်ကိုင်ရန် အခွင့်အရေးများ ပေါ်ပေါက်လာမည်။ ဆွေမျိုးမိတ်ဆွေများနှင့် ပတ်သက်၍ မိမိတွင် အကျိုးရှိမည်။ မိမိကံဇာတာ အထူးထွန်းတောက် မြင့်မားချိန်ဖြစ်ပြီး ထီပေါက်သကဲ့သို့ ငွေကြေးအများအပြားရရှိမည်။ မိသားစုကိစ္စအဝဝအတွက် ငွေကုန်ကြေးကျများပြားမည်။ ဝန်ထမ်းတာဝန် ထမ်းရွက်သူများ ကောင်းသောနေရာဌာနသို့ အပြောင်းအရွှေ့ဖြစ်စဉ်များ ပေါ်ပေါက်လာမည်။ လုပ်ငန်းရှင်များ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိစ္စများ ထူးခြားစွာ အကျိုးရှိမည်။ ပညာသင်ကြားနေသူများ နိုင်ငံခြားပညာသင်ယူမှုအခွင့်အရေးများ ရရှိတတ်သည်။ အိမ်ထောင်ရှင်နှင့် ချစ်သူများ လှပသော အနာဂတ်၏ နေ့ရက်များထက် ပျော်ရွှင်မှုအမျိုးမျိုး တည်ဆောက် ပုံဖော်နိုင်မည်။

### CANCER



### ကရကဋ်လဂ်

ပင်ပန်းမှုများ ယှဉ်တွဲလျက် ကံဇာတာ တိုးတက်မြင့်မားချိန်ဖြစ်သည်။ မိမိ၏ ဆောင်ရွက်မှုများတွင် အကူအညီပေးမည့်သူများနှင့် တွေ့ကြုံ၍ အောင်မြင်သော လမ်းမထက် ရပ်တည် ရှင်သန်နိုင်မည်။ လုပ်ငန်းတွင် နှောင့်နှေးကြန့်ကြာမှုများ တွဲဖက်နေသည့်ကာလဖြစ်ပြီး စိတ်ရှည် သည်းခံရန် လိုအပ်မည်။ နိုင်ငံခြားဆက်သွယ်မှုနှင့် ပတ်သက်၍ အတိုက်အခံကြုံတတ်သည်။ မိသားစုစီးပွားရေးပိုင်း တိုးတက်မြင့်မားသောကာလဖြစ်ပြီး ရွှေရတနာနှင့် အသုံးအဆောင်ပစ္စည်းကောင်းများ လက်ဆောင်ရရှိတတ်သည်။ ဝန်ထမ်းတာဝန်ထမ်းရွက်သူများ ပင်ပန်းသလောက် အကျိုးရှိမည်။ လုပ်ငန်းရှင်များ စီးပွားကံ တိုးတက်မြင့်မားသည့် ကာလဖြစ်သော်လည်း အတိုက်အခံ ပြဿနာများ ရင်ဆိုင်ရမည်။ ပညာသင်ကြားနေသူများ ပင်ပန်းမှုများယှဉ်၍ လိုရာပန်းတိုင်ဆီ ရောက်ရှိမည်။ အိမ်ထောင်ရှင်များ ငွေကြေးကိစ္စများကြောင့် ပဋိပက္ခကြုံမည်။ ချစ်သူကို အလိုလိုက် အကြိုက်ဆောင်၍ ပေးဆပ်သော အချစ်ဖြင့် မြတ်နိုးနေရမည်။



www.burmeseclassic.com

www.burmeseclassic.com

## LEO



## သိဟ်လဂ်

အကောင်းဆုံး ရလဒ်ကောင်းများကြား အောင်မြင်တိုးတက်မှုများ ပွေ့ပိုက်၍ ခရီးဆက်နှင်ရမည်။ တိုးတက်မြင့်မားလာသော ကံဇာတာအောက် မိမိဖြစ်လိုသော အခြေအနေအကြောင်းအချက်များ အလွယ်တကူဝင်ရောက် နိုလှုံလာလိမ့်မည်။ လုပ်ငန်းသစ်များ ဆောင်ရွက်လုပ်ကိုင်ရပြီး ကြီးပွားသော လမ်းကြောင်းထက် ရောက်ရှိမည်။ အသုံးအဆောင်ပစ္စည်းကောင်းများ စိတ်တိုင်းကျ ရရှိပိုင်ဆိုင် သုံးစွဲရမည်။ လုပ်ငန်းတွင် ကြီးလေးသော ရာထူးတာဝန်များ ထမ်းရွက်ခွင့်ရရှိပြီး ငွေကြေးကံ၊ စီးပွားကံ တိုးတက်ပြောင်းလဲမည်။ ဝန်ထမ်းတာဝန် ထမ်းရွက်သူများ ရာထူးဘုန်းကံအရှိန်အဝါ တိုးတက်မြင့်မားသော ကာလဖြစ်သည်။ လုပ်ငန်းရှင်များ ကံဇာတာအထွင့်အထိပ်သို့ ရောက်ရှိချိန် ဖြစ်သည်။ အိမ်ထောင်ရှင်များ စိတ်တိုင်းကျ အိမ်ထောင်မှုဘဝ တည်ဆောက်ခွင့်ရရှိမည်။ ချစ်သူများ ခိုင်မြဲသော မေတ္တာရိပ်အောက် စိတ်ဆန္ဒ ရင်ခုန်သံ သဘောထားများ ထပ်တူကျရောက်သော ကာလအပိုင်းအခြားဖြစ်သည်။

---

## VIRGO



## ကန်လဂ်

ဘုန်းကံသြဇာအရှိန်အဝါ ထူးခြားစွာ တိုးတက်မြင့်မားမည့် ကာလဖြစ်သည်။ အခြားသူတို့ ရရှိရန် အခွင့်အရေးကောင်းများ မိမိထံသို့ အလွယ်တကူရောက်ရှိလာမည်။ ထူးခြားသော တိုးတက် ပြောင်းလဲကြီးပွားမှုများ မိမိနှင့် မိသားစု၏လက်ဝယ်သို့ ရောက်ရှိပြီး ကံကောင်းမှုအမျိုးမျိုးရယူ ပိုင်ဆိုင်ခွင့်ရှိမည်။ ထီဆုကြီးများ ပေါက်ခြင်း (သို့) ထီပေါက်သကဲ့သို့ ငွေကြေးကံ အထူးကောင်းမွန် သော အခွင့်အရေးများ ရယူဖန်တီးခွင့်ရှိမည်။ မိသားစု၌ လူမှုရေးကိစ္စများအတွက် ငွေကြေးသုံးစွဲ ကုန်ကျမှု များပြားနေတတ်သည်။ ငွေကြေးများရရှိသော်လည်း လက်ထဲ ငွေမမြဲတတ်ပါ။ ဝန်ထမ်း တာဝန်ထမ်းရွက်သူများ ကောင်းသော နေရာဌာနအပြောင်းအရွှေ့ကိစ္စများ တွေ့ကြုံနိုင်သည်။ လုပ်ငန်းရှင်များ လုပ်ငန်းပိုင်း အောင်မြင်သော်လည်း ငွေကြေးကိစ္စများအတွက် ခေါင်းခဲနေမည်။ ပညာသင်ကြားသူများ ပညာရေးဇာတ်အထွင့်အထိပ်သို့ ရောက်ရှိမည့် ကာလအပိုင်းအခြားဖြစ်သည်။ အိမ်ထောင်ရှင်များ ငွေကြေးကိစ္စများကြောင့် အိမ်တွင်းရေးပြဿနာ ရင်ဆိုင်ရမည်။ ချစ်သူများ အချစ်ရေးကံ လန်းနေ၍ အရင်ထက်ပိုမိုသော မေတ္တာတရားများ ရယူခွင့်ရှိမည်။

---

## LIBRA



## တူလဂ်

ကြီးမားသော ဆုံးရှုံးမှုနှင့် အခက်အခဲများကြား မိမိကြိုးပမ်းသမျှ အရာမထင်သော ကာလဖြစ်သည်။ ကျန်းမာရေးအညံ့နှင့် ပြင်းထန်သော ထိခိုက်မှုအန္တရာယ်များ အထူးသတိပြုပါ။ ခရီးဝေးသွားလာမှု များ ရှောင်ကြဉ်သင့်ပြီး နိုင်ငံရပ်ခြား၊ လူမျိုးခြားများနှင့် ပတ်သက်သော လုပ်ငန်းကိစ္စများတွင် ဆုံးရှုံးနစ်နာမှုများ တွေ့ကြုံနိုင်သည်။ ဝန်ထမ်းတာဝန်ထမ်းရွက်သူများ လုပ်ငန်းအတွက် ကြီးမားစွာ နစ်နာထိခိုက်သော အမှုပြဿနာများဖြင့် ထိပ်တိုက် ရင်ဆိုင်ရတတ်သည်။ ဘာသာရေးကိစ္စများ အလေးအနက်ထား ဆောင်ရွက်သင့်ပြီး၊ ဖြစ်ပေါ်လာမည့် ဒေါသတရားပေါက်ကွဲမှုများအား ထိန်းချုပ် ပါ။ လုပ်ငန်းရှင်များ ကံဇာတာအထူးနိမ့်ပါးသည့်ကာလဖြစ်ပြီး ဘာပဲလုပ်လုပ် အဆင်မပြေဖြစ်ရ တတ်သည်။ ပညာသင်ကြားနေသူများ ပညာရေးကဏ္ဍများ၌ ကြီးမားသော အခက်အခဲများ ရင်ဆိုင်ရမည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးပြဿနာအသေးအဖွဲမှ ပြိုကွဲပျက်စီးသွားတတ် သည်။ ချစ်သူများ ကံမကောင်းမှုများ ဝန်းရံနေမည်။

---

## SCORPIO



## ဗြိစ္ဆာလဂ်

လူမှုရေးကိစ္စ၊ အဖွဲ့အစည်းကိစ္စ အများအပြားဆောင်ရွက်လုပ်ကိုင်ရပြီး မိမိကံ အကောင်းအဆိုး ဒွန်တွဲနေမည့်ကာလဖြစ်သည်။ မျက်နှာပွင့်လန်းပြီး လူမှုရေးပြဿနာအနှောင့်အယှက်များ မိမိ၏ အနီးဝန်းကျင်၌ တည်ရှိနေသည်။ တရားမဝင် ငွေကြေးရရှိမှုကံ ကောင်းမွန်ပြီး စီးပွားရေးကိစ္စများ အတွက် အကျိုးရှိ အဆင်ပြေမည်။ ဝန်ထမ်းတာဝန်ထမ်းရွက်သူများ အောက်လက်ကြောင့် လုပ်ငန်းပိုင်းအခက်အခဲများ ဖြေရှင်းရမည်။ ဝမ်းဗိုက်ပိုင်းဆိုင်ရာနှင့် အပူ-အဖျားနှင့် ပတ်သက်သည့် ကျန်းမာရေးပိုင်းအညံ့များ တွေ့ကြုံတတ်သည်။ လုပ်ငန်းရှင်များ ငွေကြေးကံကောင်းမွန်ပြီး စပ်တူ စပ်ဖက်လုပ်ငန်းသစ်များ အကောင်အထည်ဖော်ရမည်။ ပညာသင်ကြားနေသူများ အခက်အခဲများ ကြားမှ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိမည်။ အိမ်ထောင်ရှင်များ လူမှုရေးများပြားမှုကြောင့် အိမ်ထောင်ဖက်၏ ငြိုငြင်မှုများ ခံယူရမည်။ ချစ်သူများ ပြင်းထန်သော ကံကြမ္မာမှန်တိုင်းများကြောင့် ဇာတ်လမ်းတစ်ပုဒ် ပြီးဆုံးသွားတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## SAGITTARIUS



## ဓနုလဂ်

များများတွေးခေါ်ပြီး များများအလုပ်လုပ်လိုသည့်ဆန္ဒများ ကိန်းဝပ်နေတတ်သည်။ မိသားစုအတွင်း စီးပွားကံ တိုးတက်ပြောင်းလဲမှုများ တွေ့ကြုံ၍ ဘဝအဆင့်အတန်းအခြေအနေ တိုးတက်မြင့်မားမည်။ ရွှေရတနာပစ္စည်းများနှင့် ပတ်သက်၍ ငွေကြေးပိုင်း အကျိုးရှိမည်။ လုပ်ဖော်ကိုင်ဖက်များနှင့် ပတ်သက်၍ စကားအတိုက်အခံများရတတ်သည်။ လုပ်ငန်းပိုင်းတွင် ပြဿနာအသေးအဖွဲ့များ တွဲဖက်၍ အဆုံးသတ်၌ အကျိုးရှိ အောင်မြင်မည်။ ဝန်ထမ်းတာဝန်ထမ်းရွက်သူများ လုပ်ဖော်ကိုင်ဖက်တို့၏ အတိုက်အခံပြုမှုကြောင့် အထက်အကြီးအကဲများ၏ အထင်လွဲမှားမှုများတွေ့ကြုံတတ်သည်။ လုပ်ငန်းရှင်များ စိတ်ကူးသစ်၊ အယူအဆသစ်များဖြင့် ဆောင်ရွက်ပုံဖော်သော လုပ်ငန်းကိစ္စများအတွက် အောင်မြင်မှုများ ရရှိမည်။ ပညာသင်ကြားနေသူများ ပညာရေးကံဇာတာ မြင့်မားတိုးတက်၍ အောင်မြင်မှုများ ရယူခွင့်ရှိမည်။ အိမ်ထောင်ရှင်များ မောင်နှမသားချင်းများနှင့် ပတ်သက်၍ မိသားစု ပဋိပက္ခကြုံတတ်သည်။ ချစ်သူများ အချစ်အားအင်များဖြင့် အနာဂတ်ကို ဖြတ်ကျော်နိုင်မည်။

---

## CAPRICORN



## မကာရလဂ်

ငွေကြေးကံကောင်းခြင်းနှင့် ထီဆုကြီးများပေါက်သည့် အခွင့်အရေးအခြေအနေကောင်းများ ပေါ်ပေါက်လာမည်။ ကံဇာတာအထူးတိုးတက်မြင့်မား၍ ကြံစည်ကြိုးပမ်းဆောင်ရွက်မှုများ လွယ်ကူစွာ ပြည့်ဝအောင်မြင်မည်။ အကောင်းဆုံး အခွင့်အရေးများ ဖန်တီးတည်ဆောက်နိုင်၍ ရာထူးဘုန်းကံအရှိန်အဝါတိုးတက်မြင့်မားမည်။ ဝန်ထမ်းများအတွက် လုပ်ငန်းတွင် ထူးခြားသော ပြောင်းလဲတိုးတက်မှုများ တွေ့ကြုံလာမည်။ ငွေကြေးကံ၊ စီးပွားကံ တိုးတက်မြင့်မား၍ မိမိနှင့် မိသားစု၌ အိမ်ခြံမြေယာဉ်တို့နှင့် ပတ်သက်၍ ကံကောင်း အကျိုးရှိမည်။ လုပ်ငန်းရှင်များ ကံအကောင်းဆုံး အခွင့်အရေးသစ်များ လက်ဝယ်ရောက်ရှိလာမည့် ကာလဖြစ်သည်။ ပညာသင်ကြားသူများ အတိုက်အခံများကြားမှ တိုးတက်အောင်မြင်မည်။ အိမ်ထောင်ရှင်များ အိမ်တွင်းရေးသာယာအဆင်ပြေသည့် ကာလဖြစ်သည်။ ချစ်သူများ အတိုက်အခံပဋိပက္ခများအတွက် ပြန်လည်အဖြေရှာ ညှိနှိုင်းရန် အခက်ကြုံနေသောကာလဖြစ်သည်။

---

## AQUARIUS



## ကုမ်လဂ်

ပြဿနာသောက အမြောက်အမြား မိမိထံသို့ မရပ်မနားဝင်ရောက်လာတတ်သည်။ ကြံစည်ကြိုးပမ်းသမျှ မျှော်လင့်ချက်များ ကွယ်ပျောက်နေတတ်သည်။ ပြဿနာဖန်တီး ပုံဖော်လိုသော သံမဏိစိတ်ဓာတ်များအတွက် အမှားအယွင်းများ တွေ့ကြုံလာတတ်သည်။ အခက်အခဲအသွယ်သွယ်ကြားမှ မိမိ၏ ဘဝကံတိုးတက်မှုများအား စိတ်ရှည်စွာဖြင့် စောင့်ကြည့် သုံးသပ်ရမည့်ကာလဖြစ်သည်။ ကျန်းမာရေးအညံ့နှင့်၊ အပူနှင့် ပတ်သက်သည့်ရောဂါများ အထူးဂရုစိုက်ပါ။ လုပ်ငန်းခွင်၌ ကြီးမားသော အမှုပြဿနာရပ်များအတွက် အထူးသတိပြု ဆင်ခြင်ပါ။ ဝန်ထမ်းများ မိမိလုပ်ငန်းပိုင်း ထိခိုက်နစ်နာနိုင်သည့် ပြဿနာများ ပေါ်ပေါက်လာတတ်သည်။ လုပ်ငန်းရှင်များ ကံဇာတာ အထူးနိမ့်ပါးချိန်ဖြစ်ပြီး ရုံးရောက် ဂိတ်ရောက် ပြဿနာများ ရင်ဆိုင်ဖြေရှင်းရမည်။ ပညာသင်ကြားသူများ စိတ်သောကများပြီး အရာရာ၌ လွဲချော်နေမည်။ အိမ်ထောင်ရှင်နှင့် ချစ်သူများ ပဋိပက္ခပြဿနာများကြား ဗျာများပင်ပန်းနေမည့်ကာလဖြစ်သည်။

---

## PISCES



## မိန်လဂ်

ကံဇာတာ အထူးကောင်းမွန်သော ကာလဖြစ်ပြီး မှန်ကန်သော ဆုံးဖြတ်ချက်များဖြင့် ဘဝ၏ တိုးတက်မှုများ ရာဖွေခွင့်ရရှိမည်။ ဘာသာရေးကိစ္စများ ထူးခြားစွာ ဆောင်ရွက်လုပ်ကိုင်ရပြီး စာပေပညာရပ်ပိုင်းဆိုင်ရာကိစ္စများအတွက် အကျိုးရှိမည်။ ငွေကြေးကံ ကောင်းမွန်၍ ထီကံစမ်းသင့်သည့်ကာလဖြစ်သည်။ ဝန်ထမ်းတာဝန်ထမ်းရွက်သူများ လုပ်ငန်းတွင် အခြားသောအလုပ်ကိစ္စများ ပူးတွဲလုပ်ကိုင်ဆောင်ရွက်ရပြီး အကျိုးရှိမည်။ ခေါင်းစားသော လုပ်ငန်းကိစ္စများမှ ထူးထူးခြားခြား ငွေကြေးအမြတ်အစွန်းများ ရရှိတတ်သည်။ လုပ်ငန်းရှင်များ ကြီးပွားအောင်မြင်မည့် အကြံဉာဏ်ကောင်းများအတွက် လက်တွေ့ဆောင်ရွက်ခြင်းဖြင့် အကျိုးထူးမည်။ ပညာသင်ကြားသူများ အခြားသူတို့ မရရှိနိုင်သော ကံကောင်းမှုများ တွေ့ကြုံတတ်သည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးကိစ္စများ အတိုက်အခံရှိသော်လည်း ပြန်လည်သင့်မြတ်မည်။ ချစ်သူများ အနာဂတ် အချစ်ရက်များအား လုပစွာ တည်ဆောက် ပုံဖော်နိုင်မည်။



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄၊ မေလ၊ မွန်းတည့်နက္ခတ်ဝင်ထွက်ချိန်များ

ကမ္ဘာကြီးပေါ်၌ လဂ် (၁၂)လဂ်ဖြင့် လူတန်းစား (၁၂)ပိုင်းခွဲခြားပြီး မိမိတို့မွေးဖွားချိန် ကောင်းကင်မွန်းတည့်အရ အလင်းအား ထွန်းတောက်သော နက္ခတ် (၁၂)လုံးဖြင့် မိမိတို့၏ အရေးကြီးကိစ္စများ စီရင်ဆောင်ရွက်လျှင် ထူးခြားစွာ အကျိုးဖြစ်လာလိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်ချက်ကြောင့် နက္ခတ်သိပ္ပံအဖွဲ့မှ လက်တွေ့သုတေသနပြုလုပ်ပြီး အကျိုးရှိရှိ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖော်ပြအပ်ပါသည်။ နေသိဒ္ဓိနက္ခတ်တစ်လုံးတည်းအား လူသားအားလုံးမှ အသုံးပြု ဆောင်ရွက်နေခြင်းသည် အခြားသော နက္ခတ်များကို လျစ်လျူရှုထားသည်နှင့် တူနေပါသည်။ အဘိဇိနက္ခတ်အပါအဝင် နက္ခတ်အသီးသီးတို့သည် ကောင်းကျိုးများ ဖန်တီးပေးနိုင်ပြီး၊ မိမိတို့မွေးဖွားချိန်အတိအကျဖြင့် စစ်ဆေးတွက်ချက်ပါက လူအသီးသီးအတွက် နက္ခတ် (၂၈)လုံးအား တန်ဖိုးရှိရှိ အသုံးချနိုင်ပါလိမ့်မည်။ ယခုဖော်ပြချက်တွင် မွေးဖွားချိန် ၂နာရီကို လဂ်တစ်လဂ်အဖြစ် သတ်မှတ်၍ လဂ် (၁၂)လဂ်အတွက် နက္ခတ် (၁၂)လုံးဖြင့် တွက်ကိန်းဆင်ထားပါသည်။ နက္ခတ် (၁၂)လုံးသည် လဂ်တစ်ခုချင်းအလိုက် စွမ်းအားအမြင့်မားဆုံး မွန်းတည့်နက္ခတ်များသာဖြစ်ပြီး သိပ္ပံနည်းကျ(Modern Astrology) နက္ခတ်ပညာရပ်စနစ်တွင် ဖော်ပြထားသော နက္ခတ္တ သိပ္ပံပညာရှင်များ၏ စံနှုန်းပြုထားသည့် အလင်းအားကို စံပြုထားပါသည်။ နက္ခတ်တစ်လုံးပိုင်ဆိုင်မှုကို ၁၃ ဒီဂရီ ၂၀မိနစ် သတ်မှတ်ထားသော်လည်း ခြွင်းချက်အနေဖြင့် အဆိုပါ နက္ခတ်၏ ရှေ့နောက် ၄ ဒီဂရီအတွင်း ကျရောက်မည့်အချိန်များကို မွန်းတည့် နက္ခတ်၏ ဝင်ချိန်၊ ထွက်ချိန်များအဖြစ် သတ်မှတ်ထားပါသည်။




မိမိတို့မွေးဖွားချိန်လဂ် အလွယ်တကူရှာဖွေနိုင်ရန်အတွက် လဂ်ရှာဖွေနည်းဇယားအား ထည့်သွင်းဖော်ပြပေးထားပြီး လအလိုက်အလိုက် ပျမ်းမျှ နေထွက်ချိန်များအပေါ် မူတည်၍ နှစ်နာရီလျှင် လဂ်တစ်လဂ် နှုန်းဖြင့် လဂ် (၁၂)လဂ်အတွက် အလွယ်တကူ ကောက်ယူနိုင်ပါသည်။ ဥပမာ- ဧပြီ ၁၃ မှ မေ ၁၃ အတွင်း နံနက် (၅:၄၅) မှ (၇:၄၅)နာရီအတွင်း မွေးဖွားသူတစ်ဦးသည် မိဿလဂ်ပိုင်ရှင်ဖြစ်ပြီး ယင်းနေ့ နံနက် (၉:၄၅) မှ (၁၁ း ၄၅)နာရီအတွင်း မွေးဖွားပါက မေထုန်လဂ်ပိုင်ရှင်ဖြစ်သွားပါလိမ့်မည်။ လဂ်သတ်မှတ်ရာတွင် (၁၂)ရာသီစက်ဝန်းအတွင်း မိဿမှ မိန်အထိ အစဉ်အတိုင်း သတ်မှတ်ထားပါသည်။

မိမိတို့၏ မွေးဖွားချိန်လဂ်များအား လဂ်ကောက်ယူမှု ဇယားတွင် ဦးစွာ ရှာဖွေ၍ မွန်းတည့်နက္ခတ်တို့၏ နေ့စဉ် မွန်းတည့်မတ်ချိန်များတွင် လောကီ၊ လောကုတ္တရာအရေးကိစ္စများ ကြံစည်ဆောင်ရွက် လုပ်ကိုင်ခြင်းဖြင့် အကျိုးထူးများ ရရှိလာပါလိမ့်မည်။ လစဉ် မွန်းတည့်နက္ခတ်များအပေါ် စနေ(တနင်္လာ) ဖြတ်သန်းသည့်နေ့များအား မျဉ်းသားပေးထားပြီး အဆိုပါ နေ့ရက်တို့သည် လတစ်လအတွင်း အနည်းဆုံး တစ်ရက်မှ အများဆုံး နှစ်ရက်ထိ ကြုံတွေ့နိုင်ပါသည်။ လဂ်အသီးသီး အတွက် မွန်းတည့်နက္ခတ်များ မွန်းတည့်ချိန်နှင့် စနေ(တနင်္လာ) မွန်းတည့်ချိန်များ ထပ်တူဖြစ်သည့် ရက်များသည် လ တစ်လအတွက် အကောင်းဆုံး နေ့ရက်အချိန်အခါများ ဖြစ်ကြသည်။ အဆိုပါ နေ့ရက်အချိန်အခါများ၌ ထီကံစမ်းခြင်း၊ လုပ်ငန်းသစ်များ စတင်ခြင်း၊ အရေးကြီးကိစ္စ စီမံဆောင်ရွက်ခြင်း၊ အိမ်ခြံမြေယာဉ်ကား ဝယ်ယူရန် စာချုပ်များ ချုပ်ဆိုခြင်း တို့အား ဉာဏ်ရှိသလို အကျိုးရှိရှိ အသုံးပြုနိုင်ပါသည်။

*ဦးဝေယျာကို (B.Sc)(D.S.A)*
**နက္ခတ်သိပ္ပံအဖွဲ့**



www.burmeseclassic.com

www.burmeseclassic.com

| ဧပြီ၁၃ရက်မှ မေ၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၅မှ ၇:၄၅ | မိဿ |
| ၇:၄၅မှ ၉:၄၅ | ပြိဿ |
| ၉:၄၅မှ ၁၁:၄၅ | မေထုန် |
| ၁၁:၄၅မှ ၁၃:၄၅ | ကရကကဋ် |
| ၁၃:၄၅မှ ၁၅:၄၅ | သိဟ် |
| ၁၅:၄၅မှ ၁၇:၄၅ | ကန် |
| ၁၇:၄၅မှ ၁၉:၄၅ | တူ |
| ၁၉:၄၅မှ ၂၁:၄၅ | ဗြိစ္ဆာ |
| ၂၁:၄၅မှ ၂၃:၄၅ | ဓနု |
| ၂၃:၄၅မှ ၁:၄၅ | မကာရ |
| ၁:၄၅မှ ၃:၄၅ | ကုမ် |
| ၃:၄၅မှ ၅:၄၅ | မိန် |

| မေ၁၄ရက်မှဇွန်၁၄ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၅မှ ၇:၂၅ | ပြိဿ |
| ၇:၂၅မှ ၉:၂၅ | မေထုန် |
| ၉:၂၅မှ ၁၁:၂၅ | ကရကဋ် |
| ၁၁:၂၅မှ ၁၃:၂၅ | သိဟ် |
| ၁၃:၂၅မှ ၁၅:၂၅ | ကန် |
| ၁၅:၂၅မှ ၁၇:၂၅ | တူ |
| ၁၇:၂၅မှ ၁၉:၂၅ | ဗြိစ္ဆာ |
| ၁၉:၂၅မှ ၂၁:၂၅ | ဓနု |
| ၂၁:၂၅မှ ၂၃:၂၅ | မကာရ |
| ၂၃:၂၅မှ ၁:၂၅ | ကုမ် |
| ၁:၂၅မှ ၃:၂၅ | မိန် |
| ၃:၂၅မှ ၅:၂၅ | မိဿ |

| ဇွန်၁၅ရက်မှဇူလိုင်၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၀မှ ၇:၂၀ | မေထုန် |
| ၇:၂၀မှ ၉:၂၀ | ကရကဋ် |
| ၉:၂၀မှ ၁၁:၂၀ | သိဟ် |
| ၁၁:၂၀မှ ၁၃:၂၀ | ကန် |
| ၁၃:၂၀မှ ၁၅:၂၀ | တူ |
| ၁၅:၂၀မှ ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀မှ ၁၉:၂၀ | ဓနု |
| ၁၉:၂၀မှ ၂၁:၂၀ | မကာရ |
| ၂၁:၂၀မှ ၂၃:၂၀ | ကုမ် |
| ၂၃:၂၀မှ ၁:၂၀ | မိန် |
| ၁:၂၀မှ ၃:၂၀ | မိဿ |
| ၃:၂၀မှ ၅:၂၀ | ပြိဿ |

| ဇူလိုင်၁၆ရက်မှဩဂုတ်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၃၀မှ ၇:၃၀ | ကရကဋ် |
| ၇:၃၀မှ ၉:၃၀ | သိဟ် |
| ၉:၃၀မှ ၁၁:၃၀ | ကန် |
| ၁၁:၃၀မှ ၁၃:၃၀ | တူ |
| ၁၃:၃၀မှ ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀မှ ၁၇:၃၀ | ဓနု |
| ၁၇:၃၀မှ ၁၉:၃၀ | မကာရ |
| ၁၉:၃၀မှ ၂၁:၃၀ | ကုမ် |
| ၂၁:၃၀မှ ၂၃:၃၀ | မိန် |
| ၂၃:၃၀မှ ၁:၃၀ | မိဿ |
| ၁:၃၀မှ ၃:၃၀ | ပြိဿ |
| ၃:၃၀မှ ၅:၃၀ | မေထုန် |

| ဩဂုတ်၁၇ရက်မှစက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၀မှ ၇:၄၀ | သိဟ် |
| ၇:၄၀မှ ၉:၄၀ | ကန် |
| ၉:၄၀မှ ၁၁:၄၀ | တူ |
| ၁၁:၄၀မှ ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀မှ ၁၅:၄၀ | ဓနု |
| ၁၅:၄၀မှ ၁၇:၄၀ | မကာရ |
| ၁၇:၄၀မှ ၁၉:၄၀ | ကုမ် |
| ၁၉:၄၀မှ ၂၁:၄၀ | မိန် |
| ၂၁:၄၀မှ ၂၃:၄၀ | မိဿ |
| ၂၃:၄၀မှ ၁:၄၀ | ပြိဿ |
| ၁:၄၀မှ ၃:၄၀ | မေထုန် |
| ၃:၄၀မှ ၅:၄၀ | ကရကဋ် |

| စက်၁၇ရက်မှအောက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၀မှ ၇:၅၀ | ကန် |
| ၇:၅၀မှ ၉:၅၀ | တူ |
| ၉:၅၀မှ ၁၁:၅၀ | ဗြိစ္ဆာ |
| ၁၁:၅၀မှ ၁၃:၅၀ | ဓနု |
| ၁၃:၅၀မှ ၁၅:၅၀ | မကာရ |
| ၁၅:၅၀မှ ၁၇:၅၀ | ကုမ် |
| ၁၇:၅၀မှ ၁၉:၅၀ | မိန် |
| ၁၉:၅၀မှ ၂၁:၅၀ | မိဿ |
| ၂၁:၅၀မှ ၂၃:၅၀ | ပြိဿ |
| ၂၃:၅၀မှ ၁:၅၀ | မေထုန် |
| ၁:၅၀မှ ၃:၅၀ | ကရကဋ် |
| ၃:၅၀မှ ၅:၅၀ | သိဟ် |

| အောက်၁၇မှနို၁၅အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၅မှ ၇:၅၅ | တူ |
| ၇:၅၅မှ ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅မှ ၁၁:၅၅ | ဓနု |
| ၁၁:၅၅မှ ၁၃:၅၅ | မကာရ |
| ၁၃:၅၅မှ ၁၅:၅၅ | ကုမ် |
| ၁၅:၅၅မှ ၁၇:၅၅ | မိန် |
| ၁၇:၅၅မှ ၁၉:၅၅ | မိဿ |
| ၁၉:၅၅မှ ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅မှ ၂၃:၅၅ | မေထုန် |
| ၂၃:၅၅မှ ၁:၅၅ | ကရကဋ် |
| ၁:၅၅မှ ၃:၅၅ | သိဟ် |
| ၃:၅၅မှ ၅:၅၅ | ကန် |

| နို၁၆ရက်မှဒီ၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၁၀မှ ၈:၁၀ | ဗြိစ္ဆာ |
| ၈:၁၀မှ ၁၀:၁၀ | ဓနု |
| ၁၀:၁၀မှ ၁၂:၁၀ | မကာရ |
| ၁၂:၁၀မှ ၁၄:၁၀ | ကုမ် |
| ၁၄:၁၀မှ ၁၆:၁၀ | မိန် |
| ၁၆:၁၀မှ ၁၈:၁၀ | မိဿ |
| ၁၈:၁၀မှ ၂၀:၁၀ | ပြိဿ |
| ၂၀:၁၀မှ ၂၂:၁၀ | မေထုန် |
| ၂၂:၁၀မှ ၂၄:၁၀ | ကရကဋ် |
| ၂၄:၁၀မှ ၂:၁၀ | သိဟ် |
| ၂:၁၀မှ ၄:၁၀ | ကန် |
| ၄:၁၀မှ ၆:၁၀ | တူ |

| ဒီ၁၆မှဇန်၁၃အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၃၀မှ ၈:၃၀ | ဓနု |
| ၈:၃၀မှ ၁၀:၃ | မကာရ |
| ၁၀:၃၀မှ ၁၂:၃၀ | ကုမ် |
| ၁၂:၃၀မှ ၁၄:၃၀ | မိန် |
| ၁၄:၃၀မှ ၁၆:၃၀ | မိဿ |
| ၁၆:၃၀မှ ၁၈:၃၀ | ပြိဿ |
| ၁၈:၃၀မှ ၂၀:၃၀ | မေထုန် |
| ၂၀:၃၀မှ ၂၂:၃၀ | ကရကဋ် |
| ၂၂:၃၀မှ ၂၄:၃၀ | သိဟ် |
| ၂၄:၃၀မှ ၂:၃၀ | ကန် |
| ၂:၃၀မှ ၄:၃၀ | တူ |
| ၄:၃၀မှ ၆:၃၀ | ဗြိစ္ဆာ |

| ဇန်၁၄ရက်မှ ဖေ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၄၀မှ ၈:၄၀ | မကာရ |
| ၈:၄၀မှ ၁၀:၄၀ | ကုမ် |
| ၁၀:၄၀မှ ၁၂:၄၀ | မိန် |
| ၁၂:၄၀မှ ၁၄:၄၀ | မိဿ |
| ၁၄:၄၀မှ ၁၆:၄၀ | ပြိဿ |
| ၁၆:၄၀မှ ၁၈:၄၀ | မေထုန် |
| ၁၈:၄၀မှ ၂၀:၄၀ | ကရကဋ် |
| ၂၀:၄၀မှ ၂၂:၄၀ | သိဟ် |
| ၂၂:၄၀မှ ၂၄:၄၀ | ကန် |
| ၂၄:၄၀မှ ၂:၄၀ | တူ |
| ၂:၄၀မှ ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀မှ ၆:၄၀ | ဓနု |

| ဖေ၁၃မှ မတ်၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၃၀မှ ၈:၃၀ | ကုမ် |
| ၈:၃၀မှ ၁၀:၃၀ | မိန် |
| ၁၀:၃၀မှ ၁၂:၃၀ | မိဿ |
| ၁၂:၃၀မှ ၁၄:၃၀ | ပြိဿ |
| ၁၄:၃၀မှ ၁၆:၃၀ | မေထုန် |
| ၁၆:၃၀မှ ၁၈:၃၀ | ကရကဋ် |
| ၁၈:၃၀မှ ၂၀:၃၀ | သိဟ် |
| ၂၀:၃၀မှ ၂၂:၃၀ | ကန် |
| ၂၂:၃၀မှ ၂၄:၃၀ | တူ |
| ၂၄:၃၀မှ ၂:၃၀ | ဗြိစ္ဆာ |
| ၂:၃၀မှ ၄:၃၀ | ဓနု |
| ၄:၃၀မှ ၆:၃၀ | မကာရ |

| မတ်၁၄ရက်မှဧပြီ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၁၀မှ ၈:၁၀ | မိန် |
| ၈:၁၀မှ ၁၀:၁၀ | မိဿ |
| ၁၀:၁၀မှာ ၁၂:၀ | ပြိဿ |
| ၁၂:၁၀မှ ၁၄:၁၀ | မေထုန် |
| ၁၄:၁၀မှ ၁၆:၁၀ | ကရကဋ် |
| ၁၆:၁၀မှ၁၈:၁၀ | သိဟ် |
| ၁၈:၁၀မှ ၁၀:၁၀ | ကန် |
| ၂၀:၁၀မှ ၂၂:၁၀ | တူ |
| ၂၂:၁၀မှ ၂၄:၁၀ | ဗြိစ္ဆာ |
| ၂၄:၁၀မှ ၂:၁၀ | ဓနု |
| ၂:၁၀မှ ၄:၁၀ | မကာရ |
| ၄:၁၀မှ ၆:၁၀ | ကုမ် |



www.burmeseclassic.com

www.burmeseclassic.com

| | မိဿလတ် | | ပြိဿလတ် | | မေထုန်လတ် | | ကရကဋ်လတ် | | သိဟ်လတ် | | ကန်လတ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၀၆း ၂၉ | ၀၇း ၀၀ | ၀၈း ၀၇ | ၀၈း ၃၇ | ၁၀း ၂၈ | ၁၀း ၅၈ | ၁၂း ၁၆ | ၁၂း ၄၈ | ၁၃း ၀၄ | ၁၃း ၃၇ | ၁၆း ၅၂ | ၁၇း ၂၅ |
| ၂ | ၀၆း ၂၅ | ၀၆း ၅၇ | ၀၈း ၀၃ | ၀၈း ၃၃ | ၁၀း ၂၄ | ၁၀း ၅၄ | ၁၂း ၁၂ | ၁၂း ၄၄ | ၁၃း ၀၀ | ၁၃း ၃၃ | ၁၆း ၄၈ | ၁၇း ၂၀ |
| ၃ | ၀၆း ၂၀ | ၀၆း ၅၃ | ၀၇း ၅၉ | ၀၈း ၂၉ | ၁၀း ၂၀ | ၁၀း ၅၀ | ၁၂း ၀၈ | ၁၂း ၄၀ | ၁၂း ၅၆ | ၁၃း ၂၉ | ၁၆း ၄၄ | ၁၇း ၁၈ |
| ၄ | ၀၆း ၁၈ | ၀၆း ၄၉ | ၀၇း ၅၅ | ၀၈း ၂၅ | ၁၀း ၁၆ | ၁၀း ၄၆ | ၁၂း ၀၄ | ၁၂း ၃၆ | ၁၂း ၅၂ | ၁၃း ၂၅ | ၁၆း ၄၀ | ၁၇း ၁၄ |
| ၅ | ၀၆း ၁၄ | ၀၆း ၄၅ | ၀၇း ၅၀ | ၀၈း ၂၀ | ၁၀း ၁၂ | ၁၀း ၄၂ | ၁၂း ၀၀ | ၁၂း ၃၂ | ၁၂း ၄၈ | ၁၃း ၂၀ | ၁၆း ၃၆ | ၁၇း ၁၀ |
| ၆ | ၀၆း ၁၀ | ၀၆း ၄၀ | ၀၇း ၄၇ | ၀၈း ၁၇ | ၁၀း ၀၈ | ၁၀း ၃၈ | ၁၁း ၅၆ | ၁၂း ၂၉ | ၁၂း ၄၄ | ၁၃း ၁၇ | ၁၆း ၃၂ | ၁၇း ၀၆ |
| ၇ | ၀၆း ၀၆ | ၀၆း ၃၇ | ၀၇း ၄၃ | ၀၈း ၁၃ | ၁၀း ၀၄ | ၁၀း ၃၄ | ၁၁း ၅၂ | ၁၂း ၂၅ | ၁၂း ၄၀ | ၁၃း ၁၃ | ၁၆း ၂၈ | ၁၇း ၀၂ |
| ၈ | ၀၆း ၀၂ | ၀၆း ၃၃ | ၀၇း ၃၉ | ၀၈း ၀၉ | ၁၀း ၀၀ | ၁၀း ၃၀ | ၁၁း ၄၈ | ၁၂း ၂၀ | ၁၂း ၃၆ | ၁၃း ၀၉ | ၁၆း ၂၄ | ၁၆း ၅၈ |
| ၉ | ၀၅း ၅၈ | ၀၆း ၃၀ | ၀၇း ၃၅ | ၀၈း ၀၅ | ၀၉း ၅၆ | ၁၀း ၂၆ | ၁၁း ၄၅ | ၁၂း ၁၇ | ၁၂း ၃၂ | ၁၃း ၀၅ | ၁၆း ၂၀ | ၁၆း ၅၄ |
| ၁၀ | ၀၅း ၅၄ | ၀၆း ၂၆ | ၀၇း ၃၀ | ၀၈း ၀၀ | ၀၉း ၅၂ | ၁၀း ၂၂ | ၁၁း ၄၀ | ၁၂း ၁၃ | ၁၂း ၂၈ | ၁၃း ၀၂ | ၁၆း ၁၆ | ၁၆း ၅၀ |
| ၁၁ | ၀၅း ၅၀ | ၀၆း ၂၂ | ၀၇း ၂၈ | ၀၇း ၅၇ | ၀၉း ၄၉ | ၁၀း ၁၈ | ၁၁း ၃၇ | ၁၂း ၀၉ | ၁၂း ၂၄ | ၁၂း ၅၈ | ၁၆း ၁၂ | ၁၆း ၄၆ |
| ၁၂ | ၀၅း ၄၆ | ၀၆း ၁၈ | ၀၇း ၂၄ | ၀၇း ၅၃ | ၀၉း ၄၅ | ၁၀း ၁၄ | ၁၁း ၃၃ | ၁၂း ၀၅ | ၁၂း ၂၀ | ၁၂း ၅၄ | ၁၆း ၀၈ | ၁၆း ၄၂ |
| ၁၃ | ၀၅း ၄၂ | ၀၆း ၁၄ | ၀၇း ၂၀ | ၀၇း ၄၉ | ၀၉း ၄၀ | ၁၀း ၁၀ | ၁၁း ၂၉ | ၁၂း ၀၀ | ၁၂း ၁၇ | ၁၂း ၅၀ | ၁၆း ၀၄ | ၁၆း ၃၈ |
| ၁၄ | ၀၅း ၃၈ | ၀၆း ၁၀ | ၀၇း ၁၆ | ၀၇း ၄၅ | ၀၉း ၃၇ | ၁၀း ၀၇ | ၁၁း ၂၅ | ၁၁း ၅၇ | ၁၂း ၁၃ | ၁၂း ၄၆ | ၁၆း ၀၀ | ၁၆း ၃၄ |
| ၁၅ | ၀၅း ၃၄ | ၀၆း ၀၆ | ၀၇း ၁၂ | ၀၇း ၄၂ | ၀၉း ၃၃ | ၁၀း ၀၃ | ၁၁း ၂၀ | ၁၁း ၅၃ | ၁၂း ၀၉ | ၁၂း ၄၂ | ၁၅း ၅၇ | ၁၆း ၃၀ |
| ၁၆ | ၀၅း ၃၀ | ၀၆း ၀၂ | ၀၇း ၀၈ | ၀၇း ၃၈ | ၀၉း ၂၉ | ၀၉း ၅၉ | ၁၁း ၁၇ | ၁၁း ၄၉ | ၁၂း ၀၅ | ၁၂း ၃၈ | ၁၅း ၅၃ | ၁၆း ၂၆ |
| ၁၇ | ၀၅း ၂၆ | ၀၅း ၅၈ | ၀၇း ၀၄ | ၀၇း ၃၄ | ၀၉း ၂၅ | ၀၉း ၅၅ | ၁၁း ၁၄ | ၁၁း ၄၅ | ၁၂း ၀၀ | ၁၂း ၃၄ | ၁၅း ၄၉ | ၁၆း ၂၂ |
| ၁၈ | ၀၅း ၂၂ | ၀၅း ၅၄ | ၀၇း ၀၀ | ၀၇း ၃၀ | ၀၉း ၂၀ | ၀၉း ၅၀ | ၁၁း ၀၉ | ၁၁း ၄၀ | ၁၁း ၅၅ | ၁၂း ၃၀ | ၁၅း ၄၅ | ၁၆း ၁၉ |
| ၁၉ | ၀၅း ၁၉ | ၀၅း ၅၀ | ၀၆း ၅၆ | ၀၇း ၂၆ | ၀၉း ၁၇ | ၀၉း ၄၇ | ၁၁း ၀၅ | ၁၁း ၃၇ | ၁၁း ၅၃ | ၁၂း ၂၆ | ၁၅း ၄၀ | ၁၆း ၁၅ |
| ၂၀ | ၀၅း ၁၅ | ၀၅း ၄၆ | ၀၆း ၅၂ | ၀၇း ၂၂ | ၀၉း ၁၃ | ၀၉း ၄၃ | ၁၁း ၀၀ | ၁၁း ၃၃ | ၁၁း ၄၉ | ၁၂း ၂၂ | ၁၅း ၃၇ | ၁၆း ၁၀ |
| ၂၁ | ၀၅း ၁၀ | ၀၅း ၄၂ | ၀၆း ၄၈ | ၀၇း ၁၈ | ၀၉း ၀၉ | ၀၉း ၃၉ | ၁၀း ၅၆ | ၁၁း ၂၉ | ၁၁း ၄၅ | ၁၂း ၁၈ | ၁၅း ၃၃ | ၁၆း ၀၇ |
| ၂၂ | ၀၅း ၀၇ | ၀၅း ၃၈ | ၀၆း ၄၄ | ၀၇း ၁၄ | ၀၉း ၀၅ | ၀၉း ၃၅ | ၁၀း ၅၃ | ၁၁း ၂၆ | ၁၁း ၄၀ | ၁၂း ၁၄ | ၁၅း ၂၉ | ၁၆း ၀၃ |
| ၂၃ | ၀၅း ၀၃ | ၀၅း ၃၄ | ၀၆း ၄၀ | ၀၇း ၁၀ | ၀၉း ၀၀ | ၀၉း ၃၀ | ၁၀း ၅၀ | ၁၁း ၂၂ | ၁၁း ၃၇ | ၁၂း ၁၀ | ၁၅း ၂၅ | ၁၅း ၅၉ |
| ၂၄ | ၀၄း ၅၉ | ၀၅း ၃၀ | ၀၆း ၃၆ | ၀၇း ၀၆ | ၀၈း ၅၅ | ၀၉း ၂၅ | ၁၀း ၄၆ | ၁၁း ၁၈ | ၁၁း ၃၃ | ၁၂း ၀၇ | ၁၅း ၂၀ | ၁၅း ၅၅ |
| ၂၅ | ၀၄း ၅၅ | ၀၅း ၂၆ | ၀၆း ၃၂ | ၀၇း ၀၂ | ၀၈း ၅၄ | ၀၉း ၂၄ | ၁၀း ၄၂ | ၁၁း ၁၄ | ၁၁း ၂၉ | ၁၂း ၀၄ | ၁၅း ၁၇ | ၁၅း ၅၁ |
| ၂၆ | ၀၄း ၅၀ | ၀၅း ၂၃ | ၀၆း ၂၉ | ၀၆း ၅၈ | ၀၈း ၅၀ | ၀၉း ၁၉ | ၁၀း ၃၈ | ၁၁း ၁၀ | ၁၁း ၂၅ | ၁၁း ၅၉ | ၁၅း ၁၃ | ၁၅း ၄၇ |
| ၂၇ | ၀၄း ၄၇ | ၀၅း ၁၉ | ၀၆း ၂၅ | ၀၆း ၅၄ | ၀၈း ၄၆ | ၀၉း ၁၅ | ၁၀း ၃၄ | ၁၁း ၀၆ | ၁၁း ၂၀ | ၁၁း ၅၅ | ၁၅း ၀၉ | ၁၅း ၄၃ |
| ၂၈ | ၀၄း ၄၃ | ၀၅း ၁၅ | ၀၆း ၂၀ | ၀၆း ၅၀ | ၀၈း ၄၂ | ၀၉း ၁၂ | ၁၀း ၃၀ | ၁၁း ၀၂ | ၁၁း ၁၈ | ၁၁း ၅၀ | ၁၅း ၀၅ | ၁၅း ၃၉ |
| ၂၉ | ၀၄း ၃၉ | ၀၅း ၁၀ | ၀၆း ၁၇ | ၀၆း ၄၆ | ၀၈း ၃၈ | ၀၉း ၀၈ | ၁၀း ၂၆ | ၁၀း ၅၈ | ၁၁း ၁၄ | ၁၁း ၄၇ | ၁၅း ၀၂ | ၁၅း ၃၅ |
| ၃၀ | ၀၄း ၃၅ | ၀၅း ၀၇ | ၀၆း ၁၃ | ၀၆း ၄၂ | ၀၈း ၃၄ | ၀၉း ၀၄ | ၁၀း ၂၂ | ၁၀း ၅၄ | ၁၁း ၁၀ | ၁၁း ၄၃ | ၁၄း ၅၈ | ၁၅း ၃၀ |
| ၃၁ | ၀၄း ၃၀ | ၀၅း ၀၃ | ၀၆း ၀၉ | ၀၆း ၃၉ | ၀၈း ၃၀ | ၀၉း ၀၀ | ၁၀း ၁၈ | ၁၀း ၅၀ | ၁၁း ၀၆ | ၁၁း ၃၉ | ၁၄း ၅၄ | ၁၅း ၂၆ |



www.burmeseclassic.com

www.burmeseclassic.com

| | တုလာလက် | | ဗြိစ္ဆာလက် | | ဓနုလက် | | မကာရလက် | | ကုမ်လက် | | မိန်လက် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၁၈း၁၁ | ၁၈း၄၃ | ၁၉း၂၀ | ၁၉း၅၀ | ၂၂း၄၀ | ၂၃း၁၀ | ၂၂း၄၂ | ၂၃း၁၂ | ၀၀း၁၆ | ၀၀း၅၀ | ၀၄း၂၀ | ၀၄း၅၄ |
| ၂ | ၁၈း၀၇ | ၁၈း၃၉ | ၁၉း၁၆ | ၁၉း၄၇ | ၂၂း၃၇ | ၂၃း၀၇ | ၂၂း၃၈ | ၂၃း၀၈ | ၀၀း၁၂ | ၀၀း၄၆ | ၀၄း၁၆ | ၀၄း၅၀ |
| ၃ | ၁၈း၀၃ | ၁၈း၃၅ | ၁၉း၁၂ | ၁၉း၄၃ | ၂၂း၃၃ | ၂၃း၀၃ | ၂၂း၃၄ | ၂၃း၀၄ | ၀၀း၀၈ | ၀၀း၄၂ | ၀၄း၁၂ | ၀၄း၄၆ |
| ၄ | ၁၇း၅၉ | ၁၈း၃၀ | ၁၉း၀၈ | ၁၉း၃၉ | ၂၂း၂၉ | ၂၂း၅၉ | ၂၂း၃၀ | ၂၃း၀၀ | ၀၀း၀၄ | ၀၀း၃၈ | ၀၄း၀၈ | ၀၄း၄၂ |
| ၅ | ၁၇း၅၆ | ၁၈း၂၈ | ၁၉း၀၅ | ၁၉း၃၅ | ၂၂း၂၅ | ၂၂း၅၅ | ၂၂း၂၆ | ၂၂း၅၆ | ၀၀း၀၀ | ၀၀း၃၄ | ၀၄း၀၄ | ၀၄း၃၈ |
| ၆ | ၁၇း၅၂ | ၁၈း၂၄ | ၁၉း၀၀ | ၁၉း၃၀ | ၂၂း၂၀ | ၂၂း၅၀ | ၂၂း၂၂ | ၂၂း၅၃ | ၀၀း၅၇ | ၀၀း၃၀ | ၀၄း၀၀ | ၀၄း၃၄ |
| ၇ | ၁၇း၄၈ | ၁၈း၂၀ | ၁၈း၅၇ | ၁၉း၂၇ | ၂၂း၁၇ | ၂၂း၄၇ | ၂၂း၁၈ | ၂၂း၄၉ | ၀၀း၅၃ | ၀၀း၂၆ | ၀၃း၅၆ | ၀၄း၃၀ |
| ၈ | ၁၇း၄၄ | ၁၈း၁၆ | ၁၈း၅၃ | ၁၉း၂၃ | ၂၂း၁၃ | ၂၂း၄၃ | ၂၂း၁၅ | ၂၂း၄၅ | ၀၀း၄၉ | ၀၀း၂၂ | ၀၃း၅၂ | ၀၄း၂၆ |
| ၉ | ၁၇း၄၀ | ၁၈း၁၂ | ၁၈း၄၉ | ၁၉း၁၉ | ၂၂း၀၉ | ၂၂း၃၉ | ၂၂း၁၀ | ၂၂း၄၀ | ၀၀း၄၅ | ၀၀း၁၈ | ၀၃း၄၈ | ၀၄း၂၃ |
| ၁၀ | ၁၇း၃၆ | ၁၈း၀၈ | ၁၈း၄၅ | ၁၉း၁၅ | ၂၂း၀၅ | ၂၂း၃၅ | ၂၂း၀၇ | ၂၂း၃၇ | ၀၀း၄၀ | ၀၀း၁၄ | ၀၃း၄၄ | ၀၄း၁၉ |
| ၁၁ | ၁၇း၃၂ | ၁၈း၀၄ | ၁၈း၄၀ | ၁၉း၁၁ | ၂၂း၀၀ | ၂၂း၃၀ | ၂၂း၀၃ | ၂၂း၃၃ | ၀၀း၃၇ | ၀၀း၁၁ | ၀၃း၄၀ | ၀၄း၁၅ |
| ၁၂ | ၁၇း၂၈ | ၁၈း၀၀ | ၁၈း၃၇ | ၁၉း၀၈ | ၂၀း၅၇ | ၂၂း၂၇ | ၂၀း၅၉ | ၂၂း၂၉ | ၀၀း၃၃ | ၀၀း၀၆ | ၀၃း၃၆ | ၀၄း၁၁ |
| ၁၃ | ၁၇း၂၄ | ၁၇း၅၆ | ၁၈း၃၃ | ၁၉း၀၄ | ၂၀း၅၃ | ၂၂း၂၄ | ၂၀း၅၅ | ၂၂း၂၅ | ၀၀း၂၉ | ၀၀း၀၃ | ၀၃း၃၃ | ၀၄း၀၇ |
| ၁၄ | ၁၇း၂၀ | ၁၇း၅၂ | ၁၈း၂၉ | ၁၉း၀၀ | ၂၀း၅၀ | ၂၂း၂၀ | ၂၀း၅၀ | ၂၂း၂၀ | ၀၀း၂၅ | ၀၀း၅၉ | ၀၃း၂၉ | ၀၄း၀၃ |
| ၁၅ | ၁၇း၁၆ | ၁၇း၄၈ | ၁၈း၂၅ | ၁၈း၅၆ | ၂၀း၄၆ | ၂၂း၁၆ | ၂၀း၄၇ | ၂၂း၁၇ | ၀၀း၂၀ | ၀၀း၅၅ | ၀၃း၂၅ | ၀၃း၅၉ |
| ၁၆ | ၁၇း၁၂ | ၁၇း၄၄ | ၁၈း၂၀ | ၁၈း၅၂ | ၂၀း၄၂ | ၂၂း၁၂ | ၂၀း၄၃ | ၂၂း၁၃ | ၀၀း၁၇ | ၀၀း၅၀ | ၀၃း၂၀ | ၀၃း၅၅ |
| ၁၇ | ၁၇း၀၈ | ၁၇း၄၀ | ၁၈း၁၇ | ၁၈း၄၈ | ၂၀း၃၈ | ၂၂း၀၈ | ၂၀း၃၉ | ၂၂း၀၉ | ၀၀း၁၃ | ၀၀း၄၇ | ၀၃း၁၇ | ၀၃း၅၀ |
| ၁၈ | ၁၇း၀၄ | ၁၇း၃၆ | ၁၈း၁၃ | ၁၈း၄၄ | ၂၀း၃၄ | ၂၂း၀၄ | ၂၀း၃၅ | ၂၂း၀၅ | ၀၀း၀၉ | ၀၀း၄၃ | ၀၃း၁၃ | ၀၃း၄၇ |
| ၁၉ | ၁၇း၀၀ | ၁၇း၃၃ | ၁၈း၁၀ | ၁၈း၄၀ | ၂၀း၃၀ | ၂၂း၀၀ | ၂၀း၃၀ | ၂၂း၀၀ | ၀၀း၀၅ | ၀၀း၃၉ | ၀၃း၀၉ | ၀၃း၄၃ |
| ၂၀ | ၁၆း၅၇ | ၁၇း၂၉ | ၁၈း၀၆ | ၁၈း၃၆ | ၂၀း၂၆ | ၂၀း၅၆ | ၂၀း၂၇ | ၂၀း၅၇ | ၂၃း၅၈ | ၀၀း၃၅ | ၀၃း၀၅ | ၀၃း၃၉ |
| ၂၁ | ၁၆း၅၃ | ၁၇း၂၅ | ၁၈း၀၂ | ၁၈း၃၂ | ၂၀း၂၂ | ၂၀း၅၂ | ၂၀း၂၃ | ၂၀း၅၄ | ၂၃း၅၄ | ၀၀း၃၀ | ၀၃း၀၀ | ၀၃း၃၅ |
| ၂၂ | ၁၆း၄၉ | ၁၇း၂၀ | ၁၇း၅၈ | ၁၈း၂၈ | ၂၀း၁၈ | ၂၀း၄၈ | ၂၀း၂၀ | ၂၀း၅၀ | ၂၃း၅၀ | ၀၀း၂၇ | ၀၂း၅၇ | ၀၃း၃၀ |
| ၂၃ | ၁၆း၄၅ | ၁၇း၁၇ | ၁၇း၅၄ | ၁၈း၂၄ | ၂၀း၁၄ | ၂၀း၄၄ | ၂၀း၁၆ | ၂၀း၄၆ | ၂၃း၄၆ | ၀၀း၂၃ | ၀၂း၅၃ | ၀၃း၂၈ |
| ၂၄ | ၁၆း၄၀ | ၁၇း၁၃ | ၁၇း၅၀ | ၁၈း၂၀ | ၂၀း၁၀ | ၂၀း၄၀ | ၂၀း၁၂ | ၂၀း၄၂ | ၂၃း၄၂ | ၀၀း၁၉ | ၀၂း၄၉ | ၀၃း၂၄ |
| ၂၅ | ၁၆း၃၇ | ၁၇း၀၉ | ၁၇း၄၆ | ၁၈း၁၆ | ၂၀း၀၆ | ၂၀း၃၆ | ၂၀း၀၈ | ၂၀း၃၈ | ၂၃း၃၈ | ၀၀း၁၅ | ၀၂း၄၅ | ၀၃း၂၀ |
| ၂၆ | ၁၆း၃၃ | ၁၇း၀၅ | ၁၇း၄၂ | ၁၈း၁၂ | ၂၀း၀၂ | ၂၀း၃၂ | ၂၀း၀၄ | ၂၀း၃၄ | ၂၃း၃၄ | ၀၀း၁၁ | ၀၂း၄၀ | ၀၃း၁၆ |
| ၂၇ | ၁၆း၂၉ | ၁၇း၀၀ | ၁၇း၃၈ | ၁၈း၀၉ | ၂၀း၅၈ | ၂၀း၂၉ | ၂၀း၀၀ | ၂၀း၃၀ | ၂၃း၃၀ | ၀၀း၀၇ | ၀၂း၃၇ | ၀၃း၁၂ |
| ၂၈ | ၁၆း၂၅ | ၁၆း၅၇ | ၁၇း၃၄ | ၁၈း၀၅ | ၂၀း၅၄ | ၂၀း၂၅ | ၂၀း၅၆ | ၂၀း၂၆ | ၂၃း၂၆ | ၀၀း၀၀ | ၀၂း၃၄ | ၀၃း၀၈ |
| ၂၉ | ၁၆း၂၀ | ၁၆း၅၃ | ၁၇း၃၀ | ၁၈း၀၀ | ၂၀း၅၀ | ၂၀း၂၀ | ၂၀း၅၂ | ၂၀း၂၂ | ၂၃း၂၂ | ၂၃း၅၆ | ၀၂း၃၀ | ၀၃း၀၄ |
| ၃၀ | ၁၆း၁၇ | ၁၆း၄၉ | ၁၇း၂၆ | ၁၇း၅၇ | ၂၀း၄၇ | ၂၀း၁၇ | ၂၀း၄၈ | ၂၀း၁၈ | ၂၃း၁၈ | ၂၃း၅၂ | ၀၂း၂၆ | ၀၃း၀၀ |
| ၃၁ | ၁၆း၁၃ | ၁၆း၄၅ | ၁၇း၂၂ | ၁၇း၅၃ | ၂၀း၄၃ | ၂၀း၁၄ | ၂၀း၄၄ | ၂၀း၁၄ | ၂၃း၁၄ | ၂၃း၄၈ | ၀၂း၂၂ | ၀၂း၅၆ |

www.burmeseclassic.com

KIDSZONE®
Baby Fancy World

(1) Junction Square Level (2) , C-228 C-235 C-248, Kamaryoot Tsp. Yangon.
(2) Taw Win Center Level (2) , 3084-3085, Da Gon Tsp. Yangon.
Ph : 09 524 2121 , 09 4922 1290



www.burmeseclassic.com

www.burmeseclassic.com

"ဟယ်လို…ကိုညိုစိမ့်လား"


"ဟုတ်တယ် ကိုဂျမ်းဘုံ၊ ဘာ ပြောစရာရှိလို့လဲ၊ ပြောပါ"

"ကျွန်တော့်အမေ လှေကား ပေါ်က ချော်ကျလို့ တင်ပါးဆုံ နိမ့် သွားတယ်။ ရေနံချောင်းဆေးရုံက မနိုင်လို့ မကွေးဆေးရုံပြောင်းရ မယ်။ အဲဒါ ဒေါက်တာ စောမြင့် ကို ပြောပေးပါဦး"



www.burmeseclassic.com

www.burmeseclassic.com



မကွေးညိုမြင့်

# အစွဲအလမ်းကြီးတဲ့ ဝိညာဉ်

"ဖြစ်တယ်လေ၊ ဘယ်နေ့လာမလဲ"

"ဒီနေ့ပဲ၊ ကားဂုားလာခဲ့တော့မယ်"

"လာခဲ့ ကျွန်တော် တစ်ယောက်ခန်းယူထားလိုက်မယ်"

ဂျမ်းဘုံကြီးဆိုတာက ကက်ဆက်ခွေတစ်ခေတ်မှာ အသံတု ရဲမြင့်လေး ကြက်ဖနဲ့ ချန်ပီယံ တင်ညွန့်တို့နဲ့ ရယ်စရာ အငြိမ့်တွေ ထုတ်နေတဲ့ သူဖြစ်ပြီး မိန်းမစိတ်ပေါက်နေတဲ့ နိုင်ငံကျော် ဟာသပညာရှင်လေ။

၁၉၉၅ ခုနှစ်က ကျွန်တော်က "စိန်သဖူ"ဆိုတဲ့ အမည်နဲ့ ဆိုင်းအငြိမ့် ထောင်ထားတယ်။ ကျွန်တော့်ဇာတ်မှာ သူက ဟာသတာဝန်ခံ။ ကျွန်တော်က ပြဇာတ်တာဝန်ခံ။ ကျွန်တော်ကိုယ်တိုင် ပြဇာတ်ရေး၊ ပြဇာတ်ကတယ်။

မကွေး ဆေးရုံကြီးက ယခု အသည်းရောင် အသားဝါ ဆရာဝန်ကြီး ဦးခင်မောင်ဝင်း(ရန်ကုန်)က ဆေးရုံအုပ်ကြီး။ ဒေါက်တာ စောမြင့်၊ အက်(စ်) လှမောင်နဲ့ ဒေါက်တာ ဘတင်တို့က မကွေးတိုင်း ဆေးရုံတာဝန်ခံတွေ။

ကျွန်တော်နဲ့ သူတို့က ဘီလီယက်ထိုးဘက်တွေ။ အဲဒီတုန်းက ဆရာဝန်တွေက အသက် ၃၀ကျော်ကျော်ကလေးဆိုတော့ မာန မကြီးဘူး။ အရပ်သားပေါင်း ပေါင်းကြတာ။ လူနာဆိုရင်လည်း ကိုယ့်အိတ်ထဲက ပိုက်ဆံစိုက်ထုတ်ပြီး ကုပေးတယ်။ သဘောကောင်းကြတယ်။

ဂျမ်းဘုံကြီးနဲ့ သူ့အမေ ရောက်လာတော့ မကွေးဆေးရုံမှာ တင်ခွင့်ရတယ်။ ခြေထောက်ကို အလေးဆွဲထားရပြီး အကြောညပ်သွားတာကို ပြေအောင် ဖြေရတယ်။

အသက်က ၆၀ ဆိုတော့ လနဲ့ချီပြီး တက်ခဲ့ပေမယ့် သိသိသာသာ မသက်သာခဲ့ဘူး။ ဆေးရုံမှာ အဖော်အဖြစ် ကျွန်တော်လည်း အိပ်ပေးရတယ်။

ကိုဂျမ်းဘုံက သရဲကြောက်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ မကွေးဆေးရုံကလည်း သရဲတော်တော်ခြောက်တယ်။ ဖြစ်ချင်တော့ တစ်ညမှာ သူက တစ်ယောက်တည်း အိမ်သာသွားတက်တယ်။

"အောင်မလေး··· သရဲဗျို့··· သရဲ လုပ်ပါဦး"

ကိုဂျမ်းဘုံကြီး ငယ်သံပါအောင် ပြေးလာတယ်။

"ဘာဖြစ်တာတုန်း၊ ဘာဖြစ်တာတုန်း ပြောပါဦး"

"ရေ···ရေ···ပေးပါ"

"ရော့···ရော့···သောက်၊ ဖြည်းဖြည်းသောက်၊ ရေသီးရင်လည်း သေတတ်တယ်"

ကိုဂျမ်းဘုံကြီးတစ်ကိုယ်လုံး တုန်နေတယ်။ ဇောချွေးတွေလည်း ထွက်နေတယ်။ ဒါနဲ့ ကျွန်တော်လည်း ကျွန်တော် ဘုန်းကြီးဝတ်ခဲ့တုန်းက သိမ်ဝင် ပုတီးကို ရေစိမ်ပြီး တိုက်လိုက်တယ်။ ဒီတော့မှ သူ အကြောက်ပြေသွားတယ်။

"ကျွန်တော် အိမ်သာတက်မလို့ တံခါးဖွင့်လိုက်တော့ လူကြီးတစ်ယောက်ထိုင်နေတယ်။ အဲဒီလူကြီးရဲ့ မျက်နှာမှာ မျက်လုံးမျက်ခုံး မပါဘူး။ ပြောင်သလင်းခါနေတယ်။ ကျွန်တော်လည်း တံခါးကို ဂျန်းခနဲပိတ်ပြီး ပြေးခဲ့တော့တာပဲ"

အထစ်ထစ် အငေါ့ငေါ့နဲ့ ကိုဂျမ်းဘုံကြီးက ပြောတယ်။

"အမေ မဖြစ်ဘူး၊ ကျွန်တော် ကြောက်လို့ သေလိမ့်မယ်။ ဒီလိုပဲ ခြေထောက်ကို အုတ်ခဲဆွဲထားမှာ ဆိုရင်တော့ ရေနံချောင်းကိုပဲ ပြန်ကြရအောင်"

လို့ သူ့အမေကို ပြောတယ်။

သူ့အမေကလည်း ပြန်ဖို့ သဘောတူတယ်။ ဒါနဲ့ သူတို့ ပြန်သွားကြတယ်။

ကိုဂျမ်းဘုံတို့အိမ်က ရေနံချောင်းမြို့ မြို့မ ရဲစခန်းအရှေ့ဘက် ကတ္တရာကားလမ်းပဲ ခြားတဲ့ (မကျီးလေးပင်) ရပ်ကွက်မှာ နေတယ်။

အသက် ၆၀ ရှိနေပြီဖြစ်တဲ့ အမေက စိတ်ဓာတ်ကျသွားပြီး ရေနံချောင်းရောက်လို့ သုံးရက်လောက်ရှိတော့ ဆုံးသွားတယ်။

◈◈◈

သူ့အမေသေတော့ ကိုဂျမ်းဘုံက ကျွန်တော်နဲ့အတူ ယခု နိုင်ငံကျော် အဆိုတော်(ဗညားဟန်)တို့ ဇာတိဖြစ်တဲ့ ကျောင်းတော်ရာ ရွာဘုရားပွဲမှာ ကနေတဲ့အချိန်။

ကျောင်းတော်ရာနဲ့ ရေနံချောင်းက ဟိုဘက်ကမ်း၊ ဒီဘက်ကမ်းဆိုတော့ လှေငှားပြီး ညပွဲ ကအပြီးမှာ ပြန်ခိုင်းလိုက်တယ်။

ကျွန်တော့်ဇာတ်က ခုနစ်ရက်နားရတယ်။ ကိုဂျမ်းဘုံအမေ ဆွမ်းသွတ်အပြီးနဲ့ အကိုက်ပဲလေ။ ဇာတ်သမားဆိုတာက ဆွေမျိုးသားချင်း သေလည်း လွမ်းမနေနိုင်ဘူး။ ပွဲကစရာရှိရင် ကရတာပဲ"

ဒါကြောင့် အမေ့ကို ဆွမ်းသွတ်ပြီးရင် လယ်ကိုင်းအလှူပွဲကို လိုက်ခဲ့ဖို့ မှာလိုက်တယ်။ မကွေးကနေ ညနေ ၅နာရီမှာ ကျွန်တော်တို့ ဇာတ်ကားထွက်ခဲ့တယ်။

အဲဒီတုန်းက မကွေးတံတားကြီးက မဆောက်ရသေးတော့ ပဲ့ထောင်ငှားပြီး ဇာတ်သေတ္တာတွေ သယ်ရတယ်။ မကွေးကနေ မင်းဘူးကို ကူး၊ မမင်းဘူးဘုရားဆိပ်ကမ်းမှာ ဆိုက်ကပ်၊ အဲဒီကမှ လှည်း ၁၅စီးနဲ့ ဇာတ်သေတ္တာတွေ သယ်ပြီး မန်းရေနံချောင်းထဲက ဖြတ်သယ်ရတယ်။

လယ်ကိုင်းမြို့ဆိုတာက စကု၊ ပွင့်ဖြူနဲ့ ကျောင်းတော်ရာ၊ သုံးမြို့အဆုံမှာ ရှိတာ။ ကိုဂျမ်းဘုံကြီးကို လယ်ကိုင်းမြို့ လိုက်ခဲ့ဖို့ မှာခဲ့ပြီး သူ့အဝတ်အစားတွေထည့်တဲ့ သေတ္တာကို ကျွန်တော်စီးတဲ့ လှည်းပေါ်မှာ တင်ပြီး ယူလာခဲ့တယ်။

မကွေးအိမ်က ညနေ ၅နာရီ စထွက်တယ်။ ၅နာရီ ၁၅မိနစ်မှာ မကွေးဆိပ်ကမ်းရောက်တယ်။ မကွေးဆိပ်ကမ်းကနေ ဧရာဝတီမြစ်ကို ရေဆန်ပြီး ပဲ့ထောင်နဲ့ တက်ခဲ့တာ။ မင်းဘူးဘုရားဆိပ်ကမ်းရောက်တော့ ၆နာရီ ၄၅မိနစ်ရှိပြီ။

ပဲ့ထောင်ပေါ်ကနေ လှည်း ၁၅စီးကို အပေါ်တင်တာ တစ်နာရီကြာတယ်။ ကျွန်တော်တို့ လယ်ကိုင်းမြို့ကို မင်းဘူးဆိပ်ကမ်းကနေ ထွက်တော့ ည ၇နာရီထိုးနေပြီ။

မန်းရေနံချောင်းကနေ လှည်းတွေကို ဖြတ်ပြီး မောင်းလာလိုက်တာ စကုနဲ့ လယ်ကိုင်းကတ္တရာလမ်းပေါ်ရောက်တော့ ည ၉နာရီထိုးပြီ။

လယ်ကိုင်းလမ်းရဲ့ ဘေးတစ်ဖက်တစ်ချက်မှာက ထနောင်းပင်ကြီးတွေ အုပ်အုပ်ဆိုင်းဆိုင်း ပေါက်နေတယ်။ လမ်းမီးက မရှိဘူး။ တစ်လမ်းလုံး မှောင်မည်းနေတာပဲ။ ဒီလမ်းခရီးက ကားအသွားအလာနည်းတယ်။ စက်ဘီးနဲ့ မြင်းလှည်းပဲ ရှိတယ်။ ည ၉နာရီဆိုရင်တော့ ဘယ်သူမှ မသွားကြ၊ မလာကြတော့ဘူး။ ကျွန်တော့်ဇာတ်လှည်းတွေပဲ ရှိတယ်။

လှည်းတွေက တစ်စီးနဲ့ တစ်စီး ဇာတ်တိုင်တစ်တိုင်စာလောက် ဝေးတယ်။ တစ်လမ်းလုံး မှောင်မည်းနေပေမယ့် နွားတွေက ညမျက်စိရှိတော့ ရှော့ရှော့ရှူရှူပဲ သွားနေတယ်။


www.burmeseclassic.com

www.burmeseclassic.com

ကားလမ်းပေါ် ရောက်တော့ ကျွန်တော်လည်း ဇာတ်သေတ္တာပေါ်မှာ အိပ်ပျော်သွားတယ်။ နောက် တစ်နာရီလောက် မောင်းလိုက်ရင် လယ်ကိုင်းကို ရောက်ပြီလေ။

ထနောင်းတောရွာကို ရောက်တော့ လှည်းသမားက ဝမ်းသာအားရ အော်လိုက်လို့ ကျွန်တော် လန့်နိုးသွားတယ်။

"ဟာ…ကိုဂျမ်းဘုံကြီး ခင်ဗျားကို တွေ့လို့ ဝမ်းသာလိုက်တာ"

လို့ ထအော်တယ်။ ကျွန်တော်လည်း လန့်နိုးပြီး…

"ဘယ်မှာလဲ ဂျမ်းဘုံ၊ ဒီလူ လယ်ကိုင်းက စောင့်ပါ ပြောတာ၊ ဒီရွာထိ လာကြိုရသလား"

လို့ မေးပြီး ကြည့်လိုက်တော့ မှောင်မှောင်မည်းမည်းထဲမှာ ဖြူဖြူအတန်းကြီးက လမ်းဘေးက လယ်ကွက်ထဲ ဆင်းသွားတာ အရိပ်လို မြင်လိုက်ရတယ်။

"ဟိုမှာ…ဟိုမှာ လယ်ထဲဆင်းသွားပြီ"

"ဟာ…ဒီလူ ဘာကြောင်တာတုန်း။ လှည်းပေါ် မတက်ဘဲ ခြေကျင်သွားမလို့လား"

လို့ ကျွန်တော်က ပြောရင်း ကြည့်မိတယ်။ ကျွန်တော်က အိပ်ချင်မှုန်ဝါးနဲ့ မသဲမကွဲမြင်ရတယ်။ ဂျမ်းဘုံဆိုတာတော့ သိတယ်။ ဘာကြောင့်လဲ ဆိုတော့ ဂျမ်းဘုံက ပိပိကြီးလို ဝတာ။

"ရှူး…ရှူး…"

"ဝုန်း…ဝုန်း"

"ဟ-ဘာဖြစ်တာလဲ"

"ဦးညိုစိမ့်…လှည်းလက်တန်းကို ကိုင်ထား။ နွားတွေ ဘာဖြစ်တယ် မသိဘူး"

နွားနှစ်ကောင်က နာတွေမှုတ်ပြီး ပတတ်ရပ်တယ်။ ကျွန်တော် လိမ့်မကျအောင် တော်တော်သတိထားရတယ်။

နွားနှစ်ကောင်ရဲ့ ဇက်ကြိုးကို တအားဆွဲထားတော့ နွားတွေ ငြိမ်သွားတယ်။

"ကိုညိုစိမ့်…လက်ဆွဲခြင်းထဲမှာ တုတ်မီးရှိတယ်။ ရှေ့ကို ကြည့်စမ်းပါ။ ပိုးကောင်များ တွေ့နေသလားလို့"

လှည်းသမားက လှည်းရှေ့က ကက်အိမ်ထဲမှာ ထည့်ထားတဲ့ ဆွဲခြင်းထဲက လက်နှိပ်ဓာတ်မီးကို ယူပြီး ကြည့်ပေးဖို့ အကူအညီတောင်းတယ်။ ရွာတွေက လက်နှိပ်ဓာတ်မီးကို တုတ်မီးလို့ ခေါ်ကြတယ်။ မြွေကိုလည်း ပိုးကောင်လို့ ခေါ်ကြတယ်။

ကျွန်တော်လည်း လက်နှိပ်ဓာတ်မီးယူပြီး ထိုးကြည့်တော့ ဘာမှမရှိဘူး။ ဒါနဲ့ ကိုဂျမ်းဘုံသွားတဲ့ဘက်ကို လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်တော့ ဘာလူရိပ်မှ မတွေ့ဘူး။ လမ်းလည်း မဟုတ်ဘူး။ ခယောင်းတောကြီး။

"တောက်…အရေးထဲကွာ၊ ဒီဂျမ်းဘုံက ဘယ်သွားတယ် မသိဘူး"

ဟု စိတ်တိုစွာ ပြောလိုက်မိတယ်။ တအောင့်မျှကြာမှ နွားတွေက ရှေရှေရှုရှုထွက်သွားတယ်။

၁၂နာရီထိုးမှ လယ်ကိုင်းရွာရောက်တယ်။ သေတ္တာတွေ ချပြီးတော့ ညတစ်နာရီထိုးနေပြီ။ ကျွန်တော်တို့လည်း ကန့်လန့်ကာတွေ ဆင်၊ ဆိုင်းတွေ ဆင်နဲ့ ည တစ်နာရီခွဲသွားပြီ။

နံနက် ၄နာရီဆိုလျှင် ဖြေရိုက်ရတော့မည်။ အခုအိပ်လိုက်ပါက နံနက်နီးမည်မဟုတ်သဖြင့် မအိပ်တော့ဘဲ အလှူရှင်က ချပေးသော လက်ဖက်၊ ရေနွေးကြမ်းတို့ဖြင့် မိုးအလင်းထိုင်၍ နေရတော့တယ်။

◈◈◈



ကျွန်တော်တို့ အညာဒေသ အလှူပွဲတွေက ဆိုင်းသမားတွေ မသက်သာ။ အလွန်ပဲ သနားစရာကောင်းတယ်။ နံနက် ၄နာရီကနေ စပြီး ဆိုင်းတီးရတယ်။

ထမင်းစားချိန် ခဏနားပြီး ည ၂နာရီထိ ပြဇာတ်ပြီးတဲ့အထိ တီးကြရပြန်တယ်။

ည ရှစ်နာရီဆိုလျှင် ဇာတ်စ,ထွက်ရသည်။ ကျွန်တော်လည်း မိတ်ကပ်လိမ်းပြီးပြီ။ ပထမဆုံး ထွက်ရမှာ ဂျမ်းဘုံ။

"ဟ…ဂျမ်းဘုံကြီးကို မမြင်ပါလား။ ဘယ်အိမ်မှာ တည်းသလဲ၊ မေးကြစမ်းပါဦး"

ကျွန်တော်က မန်နေဂျာကို ဂျမ်းဘုံကြီး အရှာခိုင်းရတယ်။

"ဟာ…ဇာတ်ဆရာကလည်း ဂျမ်းဘုံကြီးမှ မလာသေးဘဲဟာ။ ဘယ်သွားရှာရမှာတုန်း"

မန်နေဂျာက ကျွန်တော့်ကို ပြောတယ်။

"ညက ကျွန်တော်တို့လှည်းနားအထိတောင် လာကြိုသေးတယ် မဟုတ်လား ဇာတ်ဆရာ"

ညက ကျွန်တော် စီးလာတဲ့ လှည်းသမားက ဝင်ပြောသည်။ ကျွန်တော်ကလည်း ဟုတ်ကြောင်း ထောက်ခံပြောလိုက်တယ်။

"ဟာ…ဇာတ်ဆရာ မှားနေပြီ။ ဂျမ်းဘုံကြီး မရောက်လာသေးဘူး"

"ဟေ…ဟုတ်လား၊ ဘယ်လိုဖြစ်တာပါလိမ့်။ ညက ထနောင်းတောရွာနားမှာ ကျွန်တော်တို့ကို လာကြိုတယ်ဗျ။ ဘာတွေများ ဖြစ်ပြန်ပြီလဲ မသိဘူး"

ကျွန်တော့်ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားပါတယ်။ ဘာမှန်းတော့ မသိ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုခုတော့ တစ်ခုခုပဲ။

"ဟာ...ဇာတ်ဆရာကလည်း ဒီလူက သူ့အနုပညာပေါ်မှာ အတော် သစ္စာရှိတဲ့ လူဆိုတာ ဇာတ်ဆရာလည်း သိသားပဲ။ ဒီရွာမှ ရောက်နေရင် သူ မလာဘဲ နေမလား ဇာတ်ဆရာရဲ့"

ကျွန်တော့်မန်နေဂျာက ဂျမ်းဘုံကြီးဘက်မှ သက်သေလိုက်ပေးနေတယ်။

"အင်း...အဲဒါတော့လည်း ဟုတ်သားပဲဗျ။ နောက်ပြီး ကျွန်တော်တို့ကို လာကြိုတာလည်း အမှန်ပဲဗျ။ တစ်ခုခုတော့ တစ်ခုခုပဲဗျာ။ ကျွန်တော်လည်း မတွေးတတ်အောင် ဖြစ်နေပြီ"

ကျွန်တော်က ဒုက္ခ။ ဂျမ်းဘုံကြီး မလာရင် ဇာတ်ကြေးက တစ်ဝက် အလျှော့ခံရမှာ။ ကျွန်တော်တို့ဘက်က ဇာတ်ထုံးစံက စာချုပ်ထဲမှာ ပါတဲ့၊ အရေးပါတဲ့ ဇာတ်ကောင်မပါရင် ဇာတ်ကြေးတစ်ဝက်အလျှော့ခံရတယ်။ ဒါမှ မဟုတ် တစ်ယောက်ယောက်က အတို့အထောင်လုပ် ချောက်တွန်းလိုက်လျှင်လည်း ဇာတ်သမားတွေအားလုံး အရိုက်ခံရတယ်။ ပြီးတော့ ပစ္စည်းတွေ ပုံပြီး မီးရှို့ခံရတယ်။

ဂျမ်းဘုံကြီးသာ ရွာမှာ ရောက်နေပြီး လာ မကပါက ကျွန်တော့်ဇာတ်သမားတွေအားလုံး ခွေးပြေးဝက်ပြေး ပြေးကြရတော့မယ်။

"ဇာတ်ဆရာ...ဇာတ်ဆရာ"

ကားစွဲ မောင်လှက သံကုန်အော်ပြီး ကျွန်တော် မိတ်ကပ်လိမ်းနေရာသို့ ပြေးဝင်လာတယ်။

"ဒုက္ခတော့ ရောက်ပြီထင်တယ်"

ဟု ကျွန်တော့်စိတ်ထဲမှာ တွေးပူမိလိုက်တယ်။

"ဘာတုန်းဟ မောင်လှရ၊ မင်းဥစ္စာက ထိတ်ရမှာလား လန့်ရမှာလား ကွာ"

"ဆရာ့အဖေ လာနေတယ်၊ အရေးကြီးလို့တဲ့"

"ဟေ...အဖေလိုက်လာတယ်၊ ဟုတ်လား။ ဘယ်မှာလဲ၊ ဒီကို ခေါ်ခဲ့လေကွာ"

"အလှူရှင်အိမ်ပေါ်မှာ"

"အေး၊ သွားပြီး ခေါ်ခဲ့။ ငါ မိတ်ကပ်လိမ်းနေလို့ မလိုက်နိုင်ဘူး"

"ဟုတ်ကဲ့၊ ဇာတ်ဆရာ"

ဟု ပြောကာ မောင်လှ ပြေးထွက်သွားတယ်။

ကျွန်တော်က မင်းသားလုပ်ချင်လို့ ဇာတ်ထောင်ထားသူ ဖြစ်ပါတယ်။ မကွေးမှာက "မောင်နှမ စာပေ"အမည်ဖြင့် စာအုပ်ဆိုင်အကြီးကြီး ဖွင့်ထားပါတယ်။

ကျွန်တော့် "မောင်နှမစာပေ"မှ တစ်ဆင့် မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ စကု၊ လယ်ကိုင်း၊ မင်းလှမြို့တွေကို ဝတ္ထု၊ ဂျာနယ်၊ မဂ္ဂဇင်းတွေ ပို့ပေးပါတယ်။

တခြားတစ်ခုက ကျားခေါင်းတံဆိပ်၊ မကွေး တောင်ကြီး ဟိုင်းလတ် ကားဂိတ်စခန်းလည်း ဖွင့်ထားပါတယ်။ အဖေက ရဲမှူးဘဝနဲ့ ပင်စင်ယူထားလို့ ကားဂိတ်မှူးနေရာကို အဖေ့အား လခစားအဖြစ် တာဝန်ပေးထားပါတယ်။ ကျွန်တော် ဇာတ်ထွက်သွားတဲ့အခါ စာအုပ်ဆိုင်ပါ ကြီးကြပ်နိုင်းထားပါတယ်။ အဖေ့အား ပင်စင်စားဘဝတွင် စိတ်ဓာတ်ကျမသွားစေဖို့ပါ။

ခဏနေတော့ အဖေရောက်လာပြီး...

"ညက ကောင်းကောင်းကို မအိပ်ရပါဘူး သားရာ"

အဖေက ရောက်မဆိုက် ပြောတယ်။ ကျွန်တော် အဖေ ဘာပြောသည်ကို နားမလည်ပါ။

"ဘာဖြစ်လို့ မအိပ်ရတာလဲ အဖေ"

"မင်းကောင်ကြီး ဂျမ်းဘုံပေါ့ကွာ"

"ဗျာ...၊ ဂျမ်းဘုံက ညက အဖေ့ဆီမှာ အိပ်တာလား။ အခု သူ ဘယ်မှာလဲ။ သူရောက်မလာလို့ ကျွန်တော်တို့ ဒုက္ခရောက်တော့မလို့"

"လူရောက်လာတာ မဟုတ်ဘူးကွ"

"ဟာ...အဖေကလည်း ရှင်းရှင်း ပြောစမ်းပါ။ ပဟေဠိတွေ လုပ်နေတယ်ဗျာ၊ စိတ်ရှုပ်နေတဲ့အထဲ"

ကျွန်တော် နည်းနည်း နာကောက်ချင်သွားတယ်။

"မင်းဂျမ်းဘုံက မနေ့က ညနေ ၆နာရီမှာ သေဆုံးသွားပြီတဲ့ကွ။ ခုနစ်ရက်လုံးလုံး အမေ့အုတ်ဂူကို သွားပြီး နဖူးနဲ့ တိုက်နေတာ၊ နဖူးသွေးကြော ပြတ်ပြီး သေသွားပြီတဲ့"

"ဗျာ"

ကျွန်တော် အံ့ဩထိတ်လန့်သွားခဲ့ရပါတယ်။

"ဒါနဲ့ အဖေပြောတော့ ဂျမ်းဘုံကြီးကြောင့် တစ်ညလုံး မအိပ်ရဘူးဆို"

"အေးလေကွာ၊ တစ်ညလုံး ငါတို့အိမ်ကို သဲတွေနဲ့ ပက်နေတာ တဖြောဖြောပဲကွာ။ နံနက် တောင်ကြီးကား ထွက်မယ်လုပ်တော့လည်း သဲတွေနဲ့ ပက်နေလို့ ခရီးသည်တွေ တော်တော် ဒုက္ခရောက်ရတယ်ကွ"

"အဖေကလဲဗျာ၊ ကျွန်တော်တို့ ဆိုင်နားမှာ ဘာသဲသောင်ပြင်မှ မရှိဘူး မဟုတ်လားဗျ အဖေရ"

"အဲဒီသဲကြောင့် ဂျမ်းဘုံကြီးမှန်း ငါသိတာပေါ့ကွ"

"လူဆိုးထိန်း မောင်ကြီးရယ်၊ ရှင်းပြစမ်းပါဦး။ ဘယ်လိုသက်သေတွေ



www.burmeseclassic.com

www.burmeseclassic.com

နဲ့ စုံစမ်းလိုက်ပြန်တာလဲ"

"ဟိတ်ကောင်··· မင်းလည်း ဂျမ်းဘုံကြီးအိမ်ကို ခဏခဏရောက်နေတာပဲကွာ၊ သူတို့အိမ်ရှေ့မှာ သဲချောင်းရှိတယ်လေကွာ။ သဲတွေက မြစ်ချောင်းထဲက သဲတွေလို အဖြူတွေ မဟုတ်ဘူးကွ။ နီညိုရောင်တွေ။ မင်းကို ငါပြချင်လို့ ယူလာတာ။ ဒီမှာကြည့်"

"ဗုဒ္ဓေါ···မြတ်စွာဘုရား"

ကျွန်တော် တော်တော်ကလေး ထိတ်လန့်သွားမိပါတယ်။ ကျွန်တော် အခုနေတဲ့ အိမ်ရဲ့ မြေကြီးက ကြပ်မြေအနီတွေ။ သဲဆို လုံးဝမရှိ။

ယခု အဖေထုတ်ပြသည့် သဲမြေက ဂျမ်းဘုံ၏ အိမ်ရှေ့ သဲချောင်းထဲက မြေမှ မြေအစစ်။ နာနာဘာဝတို့ရဲ့ တချို့လုပ်ရပ်များသည် သာမန်လူများ လိုက်လို့ မမီပေ။

"အဖေ··· ကျွန်တော် ကပြီးတာနဲ့ အဖေနဲ့ ပြန်လိုက်ခဲ့မယ်။ စောင့်ဦးဗျာ"

ကျွန်တော်တို့အစီအစဉ်အတိုင်း ဂျမ်းဘုံကြီးနေရာမှာ ကျွန်တော် ဝင်ကခဲ့ရပါတယ်။ ကျွန်တော်တို့ ဆိုင်းအငြိမ့်က ည ၁၂နာရီတွင် အပြီး ကရပြီး နံနက် ၄နာရီတွင် ပြောရိုက်၊ နေ့လယ်ထမင်းစား၊ ညနေ တရားနာပြီး ညနေ ၆နာရီမှ သိမ်းရပါတယ်။

အဝင်နေ့ တစ်ရက်၊ အထွက်နေ့ တစ်ရက် တစ်ရက်၊ နှစ်ရက် ဖျော်ဖြေပေးရပါတယ်။ ဂျမ်းဘုံကြီး သေသွားကြောင်း သိရသဖြင့် ရွာက ကျွန်တော့်ကို ခွင့်လွှတ်ပြီး ငွေအကြေချေပေးပါတယ်။

ညတစ်နာရီမှာ ကျွန်တော့်ဇာတ်ကို မန်နေဂျာနဲ့ လွှဲခဲ့ပြီး အဖေယူလာသော မော်တော်ဆိုင်ကယ်ဖြင့် မကွေးကို ပြန်ခဲ့ကြပါတယ်။

မင်းဘူးဆိပ်ကမ်းရောက်တော့ ပဲ့ထောင်တစ်စီးကို အော်ဒါငှားပြီး မြစ်ကူးခဲ့ကာ၊ အဖေ့ကို ဆိုင်မှာ ထားပြီး ဆိုင်ကယ်ဖြင့် ရေနံချောင်းမြို့ကို ညတွင်းချင်း ထွက်လာခဲ့ပါတယ်။

◈◈◈

အိမ်က တိတ်ဆိတ် ငြိမ်သက်လို့ နေပါတယ်။

တစ်ယောက်မှ ရှိဟန်မတူဘူး။

ကျွန်တော်လည်း ဆိုင်ကယ်ရပ်ပြီး အိမ်ပေါ် တက်လာခဲ့ပါတယ်။ ဂျမ်းဘုံကြီးအိမ်က ကုန်းကမူပေါ်မှာ ဆောက်ထားခြင်းဖြစ်ပြီး သုံးပင် နှစ်ထပ်အိမ်ဖြစ်ပါတယ်။ သက္ကယ်မိုး၊ ထရံကာ၊ ပျဉ်ထောင်အိမ်။

သေသေသပ်သပ်ဖြင့် နေချင့်စဖွယ်ဖြစ်ပါတယ်။ အမေအိုကြီးနဲ့ နှစ်ယောက်တည်း နေရသူ။ ဆွေမျိုးသားချင်းများက အနီးအနားမှာပင် ကိုယ့်အိမ်နှင့် ကိုယ် နေထိုင်ကြသူများ ဖြစ်ပါတယ်။ ညီအစ်ကိုမောင်နှမတွေက တစ်ဦးနှင့် တစ်ဦး တော်တော်ချစ်ကြပြီး ပေါင်းသင်းဆက်ဆံရေးမှာလည်း များစွာ ရည်မွန်သူများဖြစ်ပါတယ်။

"ဟ···ကိုက်တယ်ဟေ့"

ဧည့်ခန်းထဲသို့ ဝင်လိုက်သည့်အခါ ဧည့်ခန်းအဝင်ပေါက်တွင် စိုက်ထားသော ငွှန်ပန်းပင်ကိုင်းဖျားတစ်ခုကို လက်မောင်းဖြင့် အမှတ်တမဲ့ ထိမိသွားရာ ထိုအပင်တွင် အိမ်ဖွဲ့ စားသောက်နေကြသော ပုရွက်ဆိတ်အနီကောင်များက ကျွန်တော့်လက်မောင်းတွင် ကပ်ပါလာပြီး ကိုက်လိုက်ခြင်းပင်။

ပုရွက်ဆိတ်များကို ခါချပြီး ငွှန်ပန်းပင်ကို ကြည့်လိုက်သောအခါတွင် ငွှန်ပန်းပင်မှာ အပွင့်များ ဝေဆာနေပြီး ပုရွက်ဆိတ်များလည်း အုံခဲနေတယ်။

"ဘာတွေလဲဟ၊ ပျော့စိစိနဲ့"

ငွှန်ပန်းပင်မှ အဖြူရောင်အစအနများကို ယူ၍ ကြည့်မိ၏။ ထိုအဖြူရောင် ပျော့စိစိများကို ပုရွက်ဆိတ်များက စားနေခြင်းပင်။

"ကိုဂျမ်းဘုံ··အိမ်ထဲမှာ မစိုက်ကောင်းတဲ့ အပင်၊ စိုက်ကောင်းတဲ့ အပင်ဆိုတာ ရှိတယ်ဗျ"

ကိုဂျမ်းဘုံကို ဒီ ငွှန်ပန်းပင်နှင့် ပတ်သက်ပြီး ရှေးလူကြီးများ၏ ဆုံးမစကားကို ပြောပြခဲ့ဖူးပါတယ်။

"အိမ်ရှေ့မှာ မန်ကျည်းပင်၊ တမာပင်ရိုက်၊ နောက်ဖေးမှာ ခံတက်ပင်စိုက်၊ စီးပွားတက်တယ်တဲ့။ ဧည့်ခန်းဝင်ပေါက်မှာ ငွှန်ပင် မစိုက်ကောင်းဘူး။ အဲဒီငွှန်ပင် အပွင့်များများပွင့်ရင် အိမ်ခိုက်တတ်တယ်။ အဲ - နောက်ပြီး စီးပွားဖြစ်ချင်ရင် ဗန်ဒါပင် အိမ်ရှေ့ မစိုက် နဲ့။ ဆူးပါတဲ့ အပင်၊ ဥပမာ - Kiss Me Quick နဲ့ နှင်းဆီပင်တွေ မစိုက်ကောင်းဘူး။ အိမ်ခိုက်တတ်တယ်။ အခုတော့ ခင်ဗျားက ငွှန်ပင်ကို ဧည့်ခန်းအဝင်မှာ ပိတ်ပြီး စိုက်ထားတယ်။ ဒီအပင်တွေက ဥယျာဉ်ခြံမြေနဲ့ စိုက်ရတာဗျ"

လို့ ကျွန်တော် ဂျမ်းဘုံကြီးကို ပြောတော့ သူက ရယ်ပြီး···

"လောကမှာ ဘုရား၊ တရား၊ သံဃာကို မမေ့နဲ့။ သူများသားသမီးကို မစော်ကားနဲ့၊ အရက်သေစာ မသောက်နဲ့။ ဒါဆို ဘာမှမဖြစ်ပါဘူးဗျ။ ရန်ကုန်က သူဌေးတွေ ဘယ်လိုလုပ်မလဲ။ သူတို့တိုက်ခြံဝင်းထဲမှာ Kiss Me Quick နဲ့ နှင်းဆီပင်တွေ အပြည့်။ ဒါတွေ မယုံပါနဲ့ဗျာ"

လို့ ကိုဂျမ်းဘုံက ပြန်ပြောခဲ့ဖူးပါတယ်။

"ကိုဂျမ်းဘုံ··· ကျွန်တော်တို့ မြန်မာရာဇဝင်မှ အနော်ရထာမင်းဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

ရှိတယ်။ ဘုန်းတန်ခိုးရှိတယ်။ နတ်တို့ ဆက်တဲ့ အရှိန်အဝါလုံ ရှိတယ်။ စုန်း၊ နတ်၊ တစ္ဆေတွေကို ရိုက်ခေါ်နိုင်တဲ့ ကြိမ်စကြာလည်း ရှိတယ်။

အနော်ရထာမင်းဟာ ရှေးရှေးက ကောင်းမှုကုသိုလ်လုပ်ခဲ့တဲ့ ဘုန်းကံကြောင့် တန်ခိုးရှိနေတုန်းမှာ သူလုပ်ချင်ရာလုပ်လို့ ရနိုင်ခဲ့ပေမယ့် ရှေးဘုန်းကံရဲ့ ရေစက်ကုန်သွားတော့ သူ့ကို ရန်ငြိုးထားတဲ့ မိစ္ဆာတစ်ကောင်က ကျွဲယောင်ဆောင်ပြီး ခတ်သတ်လို့ သေခဲ့ရတယ်။

ခင်ဗျားပြောတဲ့ ရန်ကုန်က သူဌေးဆိုတဲ့ လူတွေလည်း ဟီးနေအောင် ဆောက်ထားတဲ့ တိုက်ကြီးတွေကိုသာ အပြင်ပန်း မြင်ရပြီး အတွင်းမှာ ရှယ်ယာရှင်တွေ ထွက်သွားလို့ မြှုပ်နှံထားတဲ့ ပစ္စည်းတွေ ကတိမ်းကပါးဖြစ်သွားလို့ အိမ်တွင်းရေး ခြတက်နေတာကို ခင်ဗျားတို့၊ ကျုပ်တို့ မသိရဘူးလေ။ ကံကောင်းတုန်း စံ၊ ကံမကောင်းတော့ ခံရတာလေ။ ရှေးထုံးလည်း မပယ်နဲ့၊ ဈေးသုံးလည်း မလွယ်နဲ့လို့ ဆိုရိုးစကားရှိတယ်မဟုတ်လား။ ခင်ဗျား ဒီဇွန်ပန်းကို နစ်သက်တယ်ဆိုရင် အိမ်ရှေ့ ဝန်းထရံအပြင်မှာ စိုက်ဗျ"

လို့ ကျွန်တော်ပြောခဲ့ဖူးပေမယ့် ဒီဇွန်ပင်က ဒီနေ့အထိ ရှိနေသေးတာ တွေ့ရတယ်။

တိုက်ဆိုင်မှုပေလားတော့ မသိ။ ဇွန်ပန်းတွေ ဝေဝေဆာဆာပွင့်နေသော ဒီရက်မှာ ကိုဂျမ်းဘုံတို့သားအမိ ဘဝတစ်ပါးကို ရောက်သွားကြရပြီ။

ကျွန်တော် ဧည့်ခန်းထဲ ရောက်သွားတော့ ကိုဂျမ်းဘုံရဲ့ အလောင်းကို တွေ့ရတယ်။ သူ့အိပ်နေကျ ခုတင်ပေါ်မှာ ပက်လက်ကလေး။ ဘာစောင်မှလည်း ခင်းမထား၊ ဘာခေါင်းအုံးမှလည်း မရှိ၊ ပစ်စလက်ခတ်။

ပို၍ဆိုးသည်က ဂျမ်းဘုံကြီး၏ ဦးခေါင်းမှာ အစိတ်စိတ်အမြွှာမြွှာကွဲပြီး ခေါင်းတခြား၊ ကိုယ်တခြားလို ဖြစ်နေတယ်။ ရုပ်ကို မမှတ်မိတော့၊ ဂျမ်းဘုံကြီး၏ ရုပ်လက္ခဏာကို ကြည့်ပြီး ကျွန်တော် ထိတ်လန့်ကာ သံဝေဂ ရမိပါတယ်။

လွန်စွာ လှချင်ပချင်သော ဂျမ်းဘုံတစ်ယောက် ဘာကြောင့် ဦးခေါင်းက အစိတ်စိတ်အမြွှာမြွှာဖြစ်နေသလဲ။ သူသေခဲ့တဲ့ အကြောင်းရင်းက သူ့အမေ၏ အုတ်ဂူကို နဖူးဖြင့် တစ်နေကုန် တစ်နေခန်း ခုနစ်ရက်တိတိ နေ့ညမပြတ် တိုက်နေရာမှ နဖူးမှ သွေးကြောပြတ်ပြီး သေတယ်ဟု ပြောကြတယ်။ ယခုတော့ ဦးခေါင်းက အစိတ်စိတ် အမြွှာမြွှာ။ ကျွန်တော့်အဖို့တော့ အတွေးရ အခက်ကြီးဖြစ်။

မေးမြန်းစုံစမ်းကြည့်ရန်ကလည်း အိမ်ထဲမှာ လူတစ်ယောက်မှ မရှိ။ မသာစောင့်လည်း မရှိ။

ကျွန်တော့်အနေဖြင့် ဂျမ်းဘုံကြီးအား ကျွန်တော်၏ ဇာတ်အဖွဲ့နှင့် လုံးဝ မသက်ဆိုင်တော့ကြောင်း ဇာတ်ပိုင်တစ်ယောက်အနေဖြင့် အမိန့်/ ပြန်တမ်းထုတ်ရမည်ဖြစ်ရာ ရေးသားရန် စာရွက်နှင့် ဖောင်တိန်ရှာမိပါတယ်။ အိမ်မှာကတည်းက လုပ်ခဲ့ရမှာကို မလုပ်ခဲ့မိ၊ ခုမှ နောင်တရမိတယ်။ ဂျမ်းဘုံကြီးကို တွေ့ချင်ဇောဖြင့် အလောတကြီး ထွက်လာခဲ့မိသည်မှာ မိမိ၏ အမှား။

ဟိုဟိုဒီဒီကြည့်လိုက်သောအခါ ဘုရားစင်ရှေ့တွင် ဖောင်တိန်နှင့် စာရွက်တို့ကို တွေ့သဖြင့် ထိုနေရာသို့ သွားပြီး ယူကြည့်လိုက်သည်တွင် ကျွန်တော်၏ စိန်သရဖူဇာတ်အတွက် သမ္ဘာရွေ့ဂါထာကို အဖွင့်သီချင်းအဖြစ်၊ တီးရမည့် Note သင်္ကေတများ ရေးထားတာကိုလည်း တွေ့ရပါတယ်။ (ကျွန်တော်လည်း ကျွန်တော့်ဇာတ်ရဲ့ နောက်ဆုံးသက်တမ်းအထိ သုံးခဲ့ပါတယ်။) ထို့နောက် ကျွန်တော်သည် ထိုစာရွက်ပေါ်တွင် အမိန့်ပြန်တမ်းကို ရေးခဲ့ပါတယ်။

ထိုစာရေးနေခိုက်တွင် ကျွန်တော်၏လက်များ တုန်နေခဲ့ပါတယ်။ ကျွန်တော်၏ နှလုံးများလည်း ခုန်နေပါတယ်။ ဘယ်ကဘယ်လို ထွက်လာသည် မသိသော မျက်ရည်များက ထိန်းမရအောင် ထွက်လာသဖြင့် စာကို မရေးနိုင်တော့ဘဲ ခေတ္တနားနေရပါတယ်။

အမိန့်ပြန်တမ်း ဆက်၍ရေးပြီး နောက် ခုတင်ပေါ်တွင် ပက်လက်ဖြစ်နေသော ဂျမ်းဘုံ၏ အိတ်ကပ်ထဲသို့ စာကို ခေါက်၍ ထည့်ပေးလိုက်ပါတယ်။

ထိုသို့ ထည့်နေစဉ်တွင် ဂျမ်းဘုံကြီး၏ နှမများနှင့် ရပ်ကွက်လူကြီးများ ရောက်လာကြပြီး ဂျမ်းဘုံကြီး၏ နှမများက ကျွန်တော့်ကို မြင်သောအခါတွင်. . .

"အောင်းမလေး. . .မောင်လေး သိမ်းဆွေရဲ့ နင့်ဇာတ်ဆရာလာပြီလေ၊ ထကြည့်ပါဦး"

"ငါတို့ ညှိုးစိမ့်ရယ်၊ ငါ့မောင်ကတော့ နင့်အပေါ် ဘယ်လောက် သံယောဇဉ်ရှိသလဲဆိုတော့ သေသေချင်း ညက နင့်ဆီ သွားမယ်ဆိုပြီး လွယ်အိတ်ကြီး လွယ်ပြီး အိမ်ပေါ်က ဆင်းလာတာ။ ငါတို့ ကြောက်လို့ ထွက်ပြေးခဲ့ရတယ်တော့"

"အောင်းမလေး. . .မြင်မြင်ထင်ထင်ကြီးကို ပြတာပါတော်။ ငါတို့ ကြောက်လို့ ဒီအိမ်မှာ မအိပ်ရဲဘူး။ အခုတောင် လူစုံလို့ လိုက်လာရဲတာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟီးဟီး…ဟီး…ညက ငါ့မောင် နင့်ဆီ ရောက်မလာဘူးလား။ မောင်လေး…ထကြည့်ပါဦး"

ဟု ငိုရင်း ပြောပါတယ်။ မသာငိုချင်းချပုံမှာ ငိုအားထက် ရယ်အားသန်၏။

"လာတယ်··ဒေါ်လေး။ စကုမြို့အထွက် လက်ခုပ်ပင်ရွာက လာစောင့်နေတာ။ သူ့အဝတ်အစားတွေ ပါတဲ့ ဇာတ်သေတ္တာကြီးက ကျွန်တော့်လှည်းပေါ်မှာ ပါလာတာလေ။ နောက်ပြီး ကျွန်တော့်စာအုပ်ဆိုင်ကိုလည်း ဟောဒီ အိမ်ရှေ့က သဲတွေနဲ့ ပက်တာ တဖျောဖျောပဲတဲ့။ ကျွန်တော့်အဖေကို သူ ကျွန်တော့်ဆီ သွားကြောင်း ဝင်ပြီး အသိပေးခဲ့တာလေ"

"အင်း… ငါ့မောင်ကတော့ တော်တော်အစွဲအလမ်းကြီးတဲ့ ကလေးပဲ"

"ဟုတ်ပါရဲ့ အဒေါ်ရယ်၊ တော်တော် အစွဲအလမ်းကြီးတဲ့ လူပါ"

"ဒါနဲ့ ဂျမ်းဘုံဦးခေါင်းက ဘာဖြစ်သွားတာလဲ၊ စုတ်ပြတ်နေတာပါပဲလား"

"ပြောမပြောချင်တော့ပါဘူးဟယ်၊ ငါ့မောင် နမူးကြော ဘယ်လိုပြတ်တာလဲ သိချင်လို့ ဆရာဝန်ကို ခွဲစိတ်ကြည့်ပေးပါ ပြောတာ၊ အဲဒါဟယ်…ဆေးရုံ ရင်ခွဲရုံက လူသေဗိုက်တွေ ခွဲနေတဲ့ အလုပ်သမားကို လွှတ်လိုက်တယ်။ အဲဒီလူက ရှုကြောင်မူးကြောင်နဲ့ ရဲဒင်းကြီးနဲ့ ငါ့မောင်ရဲ့ ခေါင်းကို ခွဲလိုက်တာ ဦးနှောက်တွေ တစ်စစီထွက်သွားတယ်လေ။ ဟို မျက်နှာကြက်မှာရော၊ ဟောဟို လှေကားမှာရော၊ ကြမ်းပျဉ်တွေပေါ်မှာရော၊ နောက်ဆုံး သူ အမြတ်တနိုးထားတဲ့ ငွေ့ပန်းပင်မှာရော ပြန့်ကြဲသွားတာပါပဲ"

ဒါဆိုရင် စောစောက ကျွန်တော်တွေ့ခဲ့ရတဲ့ ငွေ့ပန်းပင်ပေါ်က ပုရွက်ဆိတ်များ ဝိုင်းအုံချီနေသည့် အဖြူရောင်ပျော့စိစိအဖတ်များက ကိုဂျမ်းဘုံ၏ ဦးနှောက်တွေများလေလား။

"ငါတို့လည်း စိတ်တိုတိုနဲ့ အဲဒီကောင်ကို ဝိုင်းရိုက်လိုက်တာ ဒီကောင် အခု ဆေးရုံမှာ တင်ထားရတယ်သော။ ငါတို့လည်း အခု လူရိုက်မှုနဲ့ အမှုဆိုင်နေရတယ်"

ဟု ရှင်းပြလေတယ်။ တစ်ပူပေါ် နှစ်ပူဆင့်ဆိုသည်က ဒါကို ခေါ်လေသည်ပဲလား။

ပုထုဇဉ် လူသားအားလုံး ကိုယ့်စိတ်ကိုယ် မထိန်းနိုင်သေးတဲ့ ကာလပတ်လုံး ဒီလို လူမှုဒုက္ခတွေနဲ့ ကြုံတွေ့ကြရမှာ ဓမ္မတာပါပဲ။ ဒါတွေ မသိကြဘူးလားလို့ မမေးနဲ့၊ သိကြပါတယ်။ ဒါပေမယ့် လိုက်ပြီး မလုပ်နိုင်ကြသေးဘူးလေ။

"ကျွီ…ကျွီ…ကျွီ"

အပေါ်ထပ်မှ တံခါးဖွင့်သံကြား၍ မော့ကြည့်လိုက်တော့ ဂျမ်းဘုံရဲ့ အခန်းတံခါးပွင့်လာတယ်။

"ဟောတော့···လုပ်ကြပါဦး၊ သူလာနေပြီ"

ချစ်လှပါတယ်ဆိုတဲ့ အစ်မကလည်း လန့်ပြီး လူတောထဲ တိုးဝင်သွားတယ်။

ပလေးဘွိုင်း မိတ်ကပ်အနံ့က ထောင်းခနဲ တစ်အိမ်လုံး မွှေးကြိုင်သွားတယ်။ ဒီ ပလေးဘွိုင်းမိတ်ကပ်က ဇာတ်ကရင် သူနဲ့ ကျွန်တော်လိမ်းတဲ့ မိတ်ကပ်ပါ။

အဲဒီခေတ်က ဇာတ်သမားတွေ ဒီမိတ်ကပ်ပဲ လိမ်းတယ်လေ။ အခုလို မိတ်ကပ်အကောင်းစားတွေကလည်း မပေါ်သေးဘူး။ တံဆိပ်ကလည်း အင်္ဂလိပ်လို ရေးထားတာ မဟုတ်ဘူး။ မြန်မာလို "ပလေးဘွိုင်း"လို့ပဲ ရေးထားတာ။

ကျွန်တော်လည်း ဝမ်းသာအားရနဲ့…

"ကိုသိမ်းဆွေရေ···မနက်ဖြန် ကျွန်တော့်အိမ်မှာ ခင်ဗျားအတွက် ရည်စူးပြီး ဘုန်းကြီးသုံးပါးကို ဆွမ်းကပ်မယ်။ သာဓုခေါ်ဖို့ လာခဲ့ပါဗျာ"

လို့ ဖိတ်ခဲ့တယ်။ ပြီးတော့···

"ကိုင်း···အဒေါ် ကျွန်တော် ပြန်ဦးမယ်။ မနက်ဖြန်မှ ကိုသိမ်းဆွေရဲ့ အဝတ်အစားသေတ္တာပို့လိုက်တော့မယ်"

လို့ ပြောတဲ့အခါ အဒေါ်က အကြောက်အကန်ငြင်းပါတယ်။

"မ···မ···မလုပ်ပါနဲ့ ငါ့တူရယ်၊ နင့်အကောင်က အခုတောင် ကြမ်းနေတာ။ သူ့အဝတ်အစားတွေသာ ရောက်လာရင် ဒီ့ထက် ပိုကြမ်းတော့မှာပဲ။ မလုပ်လိုက်ပါနဲ့ ငါ့မောင်ရယ်၊ အဲဒီ သေတ္တာနဲ့ အဝတ်တွေကို ယူချင်တဲ့ လူကိုသာ ပေးလိုက်ပါတော့"

အစ်မဖြစ်သူကတော့ သူ ချစ်လှပါပြီဆိုတဲ့ မောင်ကို တော်တော် ကြောက်နေပုံ ပေါ်တယ်။

ကြောက်မယ်ဆိုလည်း ကြောက်လောက်ပါပေတယ်။ ရက်မလည်ခင်ကာလမှာ ချန်ပီယံ တင်ညွှန့်တို့နဲ့ သွင်းထားတဲ့ ဂျမ်းဘုံအငြိမ့်ခွေက လူမရှိဘဲ အဲဒီအိမ်မှာ အမြဲဖွင့်နေတယ်လို့ နောက်ပိုင်းရက်တွေမှာ ကြားနေရတယ်။

အိမ်ပေါ်က ဆင်းလာလိုက်၊ သီချင်းသံတွေ ကြားလိုက်ဖြစ်နေလို့ အဲဒီအိမ်ကို ငှားမယ့်လူလည်း မရှိဖြစ်နေတယ်။ အိမ်ကို ရောင်းဖို့ လုပ်တော့လည်း ဝယ်မယ့်သူက မရှိ။

ဘယ်လိုလုပ် ကျွတ်ပါ့မလဲ၊ ဂျမ်း



www.burmeseclassic.com

www.burmeseclassic.com

ဘုံကြီးရဲ့ ဦးနှောက်အပိုင်းအစတွေက တစ်အိမ်လုံး ပြန့်နေတာလေ။

ဖြစ်ချင်တော့ မကွေး၊ ချောက်၊ ရေနံချောင်းမြို့နဲ့ တောင်တွင်းမြို့ လေးမြို့လုံး တစ်ပြိုင်တည်း တစ်မြို့လုံးနီးနီး မီးလောင်ခဲ့တယ်။ ပထမဆုံး မကွေးမြို့ကို မီးအကြီးအကျယ်လောင်တော့ ချောက်၊ ရေနံချောင်း၊ တောင်တွင်းမြို့တို့က မီးသတ်ကားတွေ မကွေးမြို့ကို လာနေတုန်းမှာ ကျန်ခဲ့တဲ့ အဲဒီမြို့သုံးမြို့ မီးလောင်တယ်။ အဲဒီအချိန်မှာ မီးသတ်ကားတွေ မရှိတော့ တစ်မြို့လုံး ပြုတ်သလောက် မီးလောင်သွားခဲ့တယ်။

ရေနံချောင်းမြို့ မီးလောင်တော့ ဂျမ်းဘုံကြီးအိမ် မီးထဲ ပါသွားခဲ့တယ်။ အဲဒီမှာ ဒီဇာတ်လမ်း ပြီးဆုံးသွားခဲ့တာပါပဲ။

◈◈◈

အမှန်တော့ အစွဲအလမ်းကြီးတာ မကောင်းဘူး။ ဂျမ်းဘုံကြီးက သူ့အမေကို အစွဲအလမ်းကြီးပြီး အုတ်ဂူကို ခေါင်းနဲ့ တိုက်လို့ နဖူးသွေးကြောပြတ် သေရတယ်။ သေပြန်တော့ သူ အသုံးသွင်းထားခဲ့တဲ့ အငြိမ့်ခွေကို စွဲလမ်းပြီး အိမ်က မခွာနိုင် ဖြစ်ရပြန်တယ်။ ပိုဆိုးတာက တစ်စစီဖြစ်နေတဲ့ သူ့ဦးနှောက်တွေကို စွဲလမ်းနေတာပါပဲ။

ကိုသိမ်းဆွေ(ခေါ်)ဂျမ်းဘုံကြီးက ဘုရားတရားသမားပါ။ ဇာတ်မထွက်ခင်လည်း သူတင်မကဘူး၊ တခြားလူတွေကိုပါ ဘုရားရှိခိုးခိုင်းပြီးမှ ထွက်တာ။

ပိုဆိုးတာက ဘာမှ နားမလည်တဲ့ မိသားစုက ဦးနှောက်ကြော ဘယ်နေရာက ပြတ်သလဲဆိုတာ ကြည့်ချင်လို့ ခေါင်းကို ခွဲခိုင်းသတဲ့။

သူတို့ မြင်ရတော့ရော ဘာသိမှာတဲ့တုန်း။ သေသူကို ရှင်သူတွေက ဒုက္ခပေးတာ။ အမှုသမား၊ အရှုံးသမား လက်ချက်မိသွားတော့ ဒုက္ခတွေ့ကုန်တာပေါ့။

ရက်လည်ဆွမ်းမကျွေးမီ ဝိညာဉ်က ဟိုသွားဒီသွား သွားနေချင်ပေမယ့် ဦးနှောက်တွေ ဖွာလန်ကြဲသွားတော့ မသွားနိုင်ဖြစ်နေတော့တာပေါ့။

ဒီဇာတ်လမ်းက လုပ်ဇာတ်ခင်း ရေးထားတာ မဟုတ်ပါဘူး။ စိတ်ကူးယဉ်လည်း မပါပါဘူး။ မသေသေးဘဲ ရှင်နေတဲ့ လူတွေက သေသူအပေါ်မှာ ရည်ရွယ်ချက်မရှိပေမယ့် အမှားမလုပ်မိကြဖို့ ရေးသားတင်ပြရတာပါ ■

သံဝေဂ ယူနိုင်ကြပါစေ
သဗ္ဗေ အနိစ္စ သင်္ခါရ

* * *

မကွေးညိုစိမ့်

အတိတ်ကံဘဝတစ်ခုမှာ
သင်နှင့်ကျွန်ုပ် ဆုံတွေ့ခဲ့ဖူးတယ်ဆိုရင်တော့...
ဒီဘဝမှာလည်း ပြန်ပြီးရေစက်ဆုံကြဦးဘုပါ။

ဆရာမြတ်ထွဋ်ခေါင်

( မြန်မာ့ရိုးရာဗေဒင်ပညာရှင် )
ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း ပင်တိုင်ဆောင်းပါးရှင်

ဟောကြားချိန် - နေ့စဉ် မနက်(၉)နာရီမှ ညနေ(၄)နာရီထိ။
(တနင်္လာနေ့တိုင်း ဟောခန်းပိတ်သည်)
ဟောခန်းလိပ်စာ - ကျိုက္ကစံဘုရားအနောက်ဘက်မုခ်၊ ဘီလူးညီနောင်ဓာတ်ခန်းအနီး
သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၃၀ ၂၅၉၉၄
E-mail - myat htut 2009 @ gmail com.
သင်တန်းသား လက်ခံပြီး



www.burmeseclassic.com

www.burmeseclassic.com

# ဈေးရောင်းကောင်းစေသော အဆောင်အစီအရင်

နတ်မောက် မှတ်ကျောက်

ကျွန်ုပ်၏ အဘိုး ဦးမင်းသန်းမှာ ရှေးမြန်မာဆေးဆရာကြီးတစ်ဦးဖြစ်ပါသည်။ အဘိုးသည် အသက် ၉၆နှစ်၊ ကျွန်ုပ် အသက် ၂၃နှစ်တွင်မှ ကွယ်လွန်ခဲ့ပါသည်။ လပြည့်နေ့ ရွာဦးကျောင်းဆရာတော် ဦးပဏ္ဍိတထံတွင် နဝင်္ဂသီလ ဆောက်တည်ပြီး နေ့လယ် ၁၁နာရီတွင် ထမင်းစားပြီးမှ ခုတင်ပေါ် ခြင်ထောင်ထဲ ဝင်အိပ်ပါသည်။ ညနေစောင်းသည် အထိ အိပ်ရာမှ အဘိုး မထသဖြင့် ခြင်ထောင်လှပ်၍ နှိုးသောအခါ အဘိုးမှာ ပြုံးရိပ်သမ်းသော၊ တည်သော မျက်နှာထားနှင့် အေးချမ်းစွာဖြင့် တစ်ဘဝ တစ်ခန်းရှာ စွန့်လွှတ်သွားသည်ကို သိကြရသည်။

အဘိုး၏ သားလေးယောက်၊ သမီးသုံးယောက်တို့မှာ အသက် ၆၀ အကြီးဆုံးဖြစ်ပြီး အငယ်ဆုံးမှာပင် ၄၀ကျော် အရွယ်ဖြစ်၏။ အားလုံးမှာလည်း ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး အလေးအမြတ်ထား ကိုးကွယ်သူများဖြစ်သည့်အပြင်၊ တရားသဘောနှင့် သဘောတရား ဆင်ခြင်နှလုံးသွင်းနိုင်ကြ၍ မည်သူမျှ မငိုပါ။ ပူဆွေးသောက ပရိဒေဝမီး မတောက်လောင်ပါ။ ပတ်ဝန်းကျင်ကို အပူလှိုင်း မတိုက်ခတ်ကြပါ။ အေးဆေးတည်ငြိမ်စွာဖြင့် အဘိုး၏ ဈာပနကို လှလှပပဖြစ်အောင် စီစဉ်ပြီး၊ နောက်ဆုံးခရီးကို ညနေချင်းပင် အပြီးစီစဉ်ခဲ့ကြပါသည်။ ရပ်ခလေ့ ရွာခလေ့ အရ နောက်နေ့ မကူးကောင်း၊ နောက်နေ့အထိထားလျှင် သုံးရက် (သို့မဟုတ်) ခုနစ်ရက်အထိ ထားရသည်။ ထို့အပြင် အဘိုးကလည်း အသက် ၉၀ အရွယ်မှာကတည်းက သားသမီး၊ မြေး၊ မြစ်များကို···

“ငါသေရင် ကြာကြာမထားနဲ့၊ ချက်ချင်းဆွဲချ၊ အပုပ်ကောင် ရုပ်ဆောင်နေတဲ့ ခန္ဓာကိုယ်အတ္တဘောကြီးကို တွယ်တာ တပ်မက်မနေကြနဲ့။ မသာကို ယတြာမဆင်နဲ့၊ အလှမဆင်နဲ့”

ဟု နေ့စဉ်ကို အထူးသဖြင့် ဥပုသ်နေ့ ညနေတိုင်း ပြောခဲ့သောကြောင့် ဖြစ်ပါသည်။

အဘိုးသည် အသက် ၁၀နှစ်အရွယ်မှစ၍ ဘုန်းတော်ကြီးကျောင်းတွင် ကျောင်းအိပ် ကျောင်းစား ဆွမ်းခံ၊ စာသင်ယူခဲ့ပြီး ၁၆နှစ်အရွယ်တွင် ရှင်ပြုခံ၍၊ ကိုရင် ပဏ္ဍာဝဘွဲ့ဖြင့် (၁၀)ဝါ ဝတ်ခဲ့သည်။ ရဟန်းခံခြင်း မပြုဘဲ ကိုရင်ကြီးဘဝဖြင့် ပထမငယ်၊ မထမလတ်စာမေးပွဲများ ဖြေဆိုအောင်မြင်ခဲ့ပြီး ပထမကြီးတန်းကို စစ်မီးတောက်လာသဖြင့် မဖြေဖြစ်ခဲ့ရဟု သိရသည်။ အသက် ၂၆နှစ်မှ စ၍ ဆရာတော်များထံတွင် လည်းကောင်း၊ လူဆေးဆရာများထံတွင် လည်းကောင်း၊ မြန်မာဆေးပညာ၊ ဗေဒင်ပညာ၊ ယတြာ စသည့် ပညာများကို ရိုကျိုးစွာ တပည့်ခံခဲ့သည်။ အသက် ၄၀ အရွယ်မှစပြီး တောင်သူလုပ်ငန်းများကို ဇနီးထံ လွှဲအပ်၍ ဆေးဆရာ “ဦးပဏ္ဍာဝ”ဟု လူသိထင်ရှားသော ဆရာတစ်ဆူအဖြစ် ခံယူနိုင်ခဲ့သည်။

အဘိုးသည် ခက်ခဲသော၊ နက်နဲသော၊ ဆရာအဆူဆူထံမှ ထူးခြားသော ပညာရပ်များစွာကို လည်းကောင်း၊ သူ့ဘဝတွင် တွေ့ကြုံကြသပေးခဲ့ရသည်။ ဝေဒနာရှင်တို့ထံမှ ရရှိသော အတွေ့အကြုံထူး၊ အသိထူး၊ အမြင်ထူးများကို လည်းကောင်း၊ ဗေဒင်နက္ခတ်၊ ရာသီအခါ၊ ထူးခြားသော နှစ်ကာလများကို လည်းကောင်း၊ ပေရွက်ပေါ်တွင် ကညစ်ဖြင့် ရေးသားမှတ်တမ်းတင်၍ လည်းကောင်း၊ ဗလာစာအုပ်ခေတ်တွင် ခဲတံကို တံတွေးဆွတ်၍ လည်းကောင်း၊ မှတ်တမ်းမှတ်စုများ ရေးသား ထားရစ်ခဲ့ရာ၊ ထိုပေထုပ်၊ မှတ်တမ်းစာအုပ်တို့သည် ကျွန်ုပ်အတွက် သုံးမကုန်၊ စားမကုန်၊ လှေလှာမကုန်နိုင်သော တန်ဖိုးအနဂ္ဃမဖြတ်နိုင်သော ရတနာအထုပ်ကြီးများပင် ဖြစ်ပါလေသည်။

ထိုထိုများလှစွာသော ပညာဗဟုသုတ ဟင်းလေးအိုးကြီးထဲမှ အပိုင်းအစ ဒြပ်မှုန်လေးတစ်မှုန်ဟု ယူဆနိုင်သော ဈေးရောင်းကောင်းစေသော အစီအရင်ကို မှုရင်းမပျက် (ဖတ်ရှု အဆင်ပြေအောင်) ရေးသားတင်ပြအပ်ပါသည်။

ဈေးရောင်းကောင်းစေသော အဆောင်အစီအရင်မှာ ပုံသက္ကူရရှိသော ပန်းတစ်ပွင့် (သို့) ပန်းတစ်ခိုင် (သို့) ပန်းတစ်ကုံးဖြစ်ပါသည်။ ပုံသက္ကူပန်းဆိုသည် မိမိကိုယ်တိုင် ခူးယူသော ပန်းမဖြစ်ရ။ တမင် တခုတ်တရသွားရောက်ဝယ်ယူသော ပန်းမဖြစ်ရ။ ဘုရားကျောင်းကန်မှ စွန့်သော ပန်းမဖြစ်ရပါ။ အမျိုးသမီးငယ်တစ်ဦး၏ ဦးခေါင်းထက် ပန်ဆင်ထားရာမှ လမ်းပေါ်တွင် အမှတ်တမဲ့ ပြုတ်ကျခဲ့သော ပန်းဆိုလျှင် ပိုကောင်းသည်။

ထိုသို့ ခဲရာခဲဆစ်ရရှိသော ပုံသက္ကူပန်းကို တန်ခိုးကြီးဘုရားတစ်ဆူဆူ၏ရှေ့တွင် တစ်ကြိမ်၊ လူများ ရေချိုးရာ၊ ရေခပ်ရာ ရေဆိပ်တွင် တစ်ကြိမ်၊ လမ်းဆုံလမ်းမ လမ်းလေးခွတွင် တစ်ကြိမ် (လမ်းဆုံ လမ်းမ လမ်းလေးခွ ဆိုသည် အရှေ့အနောက်ပေါက်သော လမ်းနှင့်၊ တောင်နှင့် မြောက်

www.burmeseclassic.com

ပေါက်သောလမ်းတို့ အပေါင်းလက္ခဏာဆုံရာနေရာ)တို့တွင် အောက်ပါ ဂါထာဖြင့် (၇)အုပ် မန်းရပါမည်။ အချိန်အခါ နာရီ မသတ်မှတ်ပါ။ လူ မသိစေလိုလျှင် လူခြည်တိတ် လူရှင်းချိန်တွင် စီရင်ပြုလုပ်နိုင်သည်။

မန်းရမည့် ဂါထာမှာ…

**"ဥုံ- နယေပရံယုတ္တော၊ ချုဦးဆရာချုဦး၊ ကပ်ဆရာကပ်၊ သွားဟာ"**

ဟူ၍ဖြစ်သည်။

"ဥုံ"ကို ပီသစွာ ဌာန်ကရိုဏ်းကျအောင် ရွတ်ပါ။ တင်ကြိုလေ့ကျင့်ပြီး မန်းရမည်။

အထက်ပါ စီရင်ပြီးသော ပန်းကို ရေမွှေး နံ့သာရည်၊ နံ့သာဆီတို့တွင် စိမ်ထားပြီး ရောင်းဝယ်ဖောက်ကားပြုပါ။

မျက်နှာပွင့်လန်းပြီး၊ ဈေးခေါ်ကောင်းခြင်း၊ ဈေးရောင်းကောင်းခြင်းအပြင်၊ လူကြီးသူမနှင့် စကားပြောဆိုစရာရှိလျှင် လည်းကောင်း၊ တောင်းဆိုစရာရှိလျှင် လည်းကောင်း နဖူး၊ ဆံစ၊ နားသယ်ဆံစတွင် ထိုဆီ ဆွတ်လိမ်းသွားပါ။ လူကြီးသူမ ချစ်ခင်ပြီး မိမိလိုရာဆန္ဒ ဖြည့်ဆည်းလိုက်လျော ပေးပါမည်။

အထူးမှာ သစ္စာရှိရန်။ ပစ္စည်းအတု၊ ကုန်ပစ္စည်း အရောအနှောများ ရောင်းချခြင်း၊ မတော်မတရား သူများ မျက်ရည်ပူစီးစရာကိစ္စရပ်များတွင် မသုံးရ၊ မကြံစည်ရပါ။ တန်ပြန်ပြီး ရှုံးသွပ်တတ်သည်။ တရားသဖြင့် မှန်ကန်စွာ ရောင်းဝယ်ဖောက်ကားပါ။ သူများတကာထက် နာတစ်ဖျား သာကာ အရောင်းအဝယ် တွင်ကျယ်ပြီး တိုးတက်ကြီးပွား ပါမည်။ တိုးတက်ကြီးပွား အောင်မြင်လာလျှင် ဘုရားတည်၊ ကျောင်းဆောက်၊ ရေတွင်း ရေကန်လှူ၊ စတုဒိသာကျွေး မွေးခြင်း၊ မျက်မမြင် ဒုက္ခိတ စသူတို့ကို ပေးကျွေးထောက် ပံ့ခြင်း အလှူဒါနများ မပြတ်ပြုပေးပါ။ လက်ရှိ ပစ္စုပ္ပန်သာမက၊ နောင်သံသရာ နိဗ္ဗာန်လမ်းအထိပါ အထောက်အကူ ဖြစ်စေပါသည်။

ဂါထာပေး တေးမဖြစ်ပါစေနှင့်၊

တရားသဖြင့် တွေး၊

တရားသဖြင့် ပေး၊

တရားသဖြင့် အေးချမ်းသာယာကြပါစေ။

* * *

နတ်မောက်မှတ်ကျောက်


# ဆရာကြီးရာဇာဇော်ဝင်း (LL.B.)

**နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ**



ရင်သွေးငယ်များနာမည်ပေးခြင်းကင်ပွန်းတပ်ရက်အခမဲ့ရွေးပေးခြင်းရှေးမူမပျက်နာမည်လှလှလေးများရွေးချယ်ပေးခြင်းရင်သွေးငယ်များဘဝတစ်သက်တာဟောစာတမ်းကုမ္ပဏီများနာမည်ရွေးခြင်းကုန်အမှတ်တံဆိပ်များအောက်ခံအရောင်စာလုံးများကုမ္ပဏီဖွင့်ပွဲအချိန်၊နာရီ၊နေ့ရက်များမြန်မာဇာတာအင်္ဂလန်ဇာတာမြန်မာဟောစာတမ်းအင်္ဂလိပ်ဟောစာတမ်းနိုင်ငံခြားမှမြန်မာများအတွက်နာမည်ပေးခြင်းစသည့်နာမည်ပေးပါရဂူဆရာကြီးတစ်ဦးဖြစ်ပါသည်(ဉာဏ်ပူဇော်ခ၇၀၀၀ကျပ်)သံတမန်ဝန်ထမ်းအင်္ဂလိပ်နာမည်နှင့်မိဘနာမည်တွဲဖက်၍အထူးဆောင်ရွက်ပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များခွဲစိတ်မွေးဖွားမည့်ရက်ကောင်းရက်မြတ်ကိုနာရီမိနစ်၊စက္ကန့်အပါအဝင်လိုအပ်သောယတြာများOGဆရာဝန်နှင့်တိုင်ပင်ပြီးပါကဆက်သွယ်နိုင်သည်လူကြီးများအတွက်ရက်လနှစ်ပိုင်းခြားထားသောဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း ဓါတ်ပုံဖြင့်ဟောခြင်း မွေးသက္ကရာဇ်ဖြင့်ဟောခြင်းအကြားအမြင်ဖြင့်ဟောခြင်းနိုင်ငံခြားသင်္ဘောသားများလိုင်းကောင်းကောင်းရစေရန်နိုင်ငံခြားသွားသူများမိမိရောက်သည့်နိုင်ငံတွင်အဆင်ပြေစေရန်ချစ်သူမောင်နှံများစုံတွဲဇာတာစစ်ဆေးခြင်းအကြွေးပြန်ရစေရန်အမှုနိုင်/မနိုင်ပညာရေးထူးချွန်မှုရှိ/မရှိအိမ်ထောင်ရေးတွင်အနှောင့်အယှက်များဖယ်ရှားပေးခြင်းရုပ်ရည်ချောမောသော်လည်းအဆင်မပြေဖြစ်နေသည်လူပျိုကြီး၊အပျိုကြီးများကံပွင့်အောင်ပြုလုပ်ခြင်းအိမ်ခြံကားရောင်းထွက်စေရန်ဆောင်ရွက်ပေးခြင်းအင်းပညာပိဋကအစီအရင်ပညာဓာတ်ရိုက်ဓါတ်ဆင်ပညာများဖြင့်ဆရာထံရောက်လျှင်သင်အောင်မြင်စေရမည်ဟုမှတ်ပါ(နှုတ်ဟောဉာဏ်ပူဇော်ခ၅၀၀၀ကျပ်)နာမည်ပေးခြင်းနှင့်ဟောစာတမ်းများ ဒီနေ့အပ်လျှင်မနက်ဖန်ရမည်နယ်သို့VPLဖြင့်လည်းကောင်းဘဏ်မှငွေလွှဲလျှင်ချက်ချင်းပို့ပေးမည်နယ်မှမွေးသက္ကရာဇ်နေ့ရပ်လိပ်စာဖော်ပြ၍မေးမြန်းနိုင်ပါသည်ရန်ကုန်မြို့အတွင်းနာမည်ပေးနှင့်ဟောစာတမ်းများကိုငွေကြိုပေးစရာမလိုပို့ပေးမည်ဖုန်းသာဆက်လိုက်ပါတိုက်(၃၅)မြေညီထပ်(၈၇)လမ်းမင်္ဂလာတောင်ညွန့်မြို့နယ်

ရန်ကုန်မြို့။(ပိတ်ရက်မရှိ) ☎ 01- 394727, 399426, 09-73009994, 09-73078260, 09-5155621,




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဤဆန်းကြယ်ဖြစ်ရပ်ကို ပြောပြသူမှာ ကျွန်ုပ်၏ ငယ်သူငယ်ချင်း ဖေအောင်ဖြစ်သည်။ ယခု သူ မရှိတော့ပါ။ သူက သူသေမှသာ ဤဖြစ်ရပ်ကို ရေးရန် မှာသွားသောကြောင့် ယခုမှ ရေးလိုက်ရခြင်းဖြစ်သည်။

◈◈◈

ဖေအောင်နှင့် ကျွန်ုပ်မှာ ဘီလူးကျွန်း၊ ချောင်းဆုံမြို့ ဇာတိများ ဖြစ်ကြသည်။ သူနှင့် ကျွန်ုပ်သည် အသက်တူကြသည်။ အိမ်မျက်နှာချင်းဆိုင် နေကြသည်။ ကစားဖော် ကစားဖက်၊ ကျောင်းသွားဖော် ကျောင်းသွားဖက်။

ဂျပန်တစ်ခေတ်လုံး သူနှင့် ကျွန်ုပ်သည် ချောင်းဆုံမြို့၌ သွားအတူလာအတူ၊ အလွန်ချစ်ခင်ကြသော သူငယ်ချင်းများဖြစ်သည်။

ဒုတိယ ကမ္ဘာစစ်အပြီး တစ်နှစ်အကြာ ကျွန်ုပ်သည် ဖခင်၊ မိခင်နှင့်အတူ ရန်ကုန်မြို့သို့ ပြောင်းလာသောအခါ ဖေအောင်နှင့် ကျွန်ုပ် ကွဲကွာသွား၏။ ထိုစဉ်က ကျွန်ုပ်တို့၏ အသက်မှာ တစ်ဆယ့်သုံးနှစ်စီ။ ထိုအချိန်မှ စ၍ ကျွန်ုပ်တို့နှစ်ယောက် ကွဲကွာသွားကြ၏။ နောက် နှစ်ပေါင်း ၄၇နှစ်အကြာတွင် ဖေအောင်နှင့် ကျွန်ုပ်သည် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ရင်ပြင်တွင် မမျှော်လင့်ဘဲ ပြန်ဆုံ၏။ သူသည် သူ့ထက် ထက်ဝက်ကျော်ခန့် ငယ်သော သူ့ဇနီးနှင့် မိတ်ဆက်ပေး၏။ အိမ်လိပ်စာလည်း ပေး၏။ ကျွန်ုပ်ကလည်း ကျွန်ုပ်၏ အိမ်လိပ်စာကို ပေး၏။

"မင်း စာရေးဆရာဖြစ်နေတာ ငါသိတယ်။ မင်းကို ပြောစရာရှိတယ်။ ထူးဆန်းတဲ့ အကြောင်းအရာတွေ။ ငါ့အိမ် လာခဲ့ကွာ"

ဟု ပြောရာ ကျွန်ုပ်သည် နောက်တစ်ပတ်အကြာ၌ သူ့အိမ်သို့ ရောက်သွား၏။ အောက်ပါ အကြောင်းများသည် ဖေအောင် ပြောပြသော ဇာတ်လမ်းများ ဖြစ်၏။

◈◈◈

ကျွန်ုပ် မောင်ဖေအောင်သည် ချောင်းဆုံ အထက်မှ ဆယ်တန်းအောင်သောအခါ ရွာလွတ်ရွာ မူလတန်းကျောင်း၌ ဆွဲခန့် မူလတန်းပြ ဆရာအလုပ်ကို လုပ်ရ၏။ ကျွန်ုပ်၏ ဖခင်မှာ တောင်သူ လယ်လုပ်အလုပ်ကို လုပ်သူဖြစ်ရာ ငွေကြေးအခက်အခဲရှိ၍ တက္ကသိုလ်ပညာကို မသင်နိုင်ပါ။

ရွာလွတ်ရွာ မူလတန်းကျောင်းအနီးရှိ လက်မှုပညာအလုပ်ဖြစ်သော ရွာလွတ် ဆေးတံအလုပ်လုပ်သော ဦးသန့်တို့အိမ်တွင် ထမင်း လခပေးစား၏။

ဦးသန့်တို့အိမ်တွင် ဦးသန့်တို့ အဘိုးကြီး အဘွားကြီး လင်မယားနှင့်အတူ သူတို့၏ တူမ မရွှေမိသာ ရှိ၏။ မရွှေမိတွင် မိဘများ မရှိတော့၍ ဦးသန့်တို့က ခေါ်ယူ စောင့်ရှောက်ထားခြင်းဖြစ်၏။ အသက် တစ်ဆယ့်ခြောက်နှစ်အရွယ် မရွှေမိသည် အသားဖြူဖြူနှင့် ချစ်စဖွယ်ရှိ၏။ အတန်းပညာမှာ စတုတ္ထတန်းသာ အောင်၏။

ဦးသန့်တို့၏ အိမ်ဝေယျာဝစ္စများကို လုပ်ရင်း ဆေးတံလုပ်ငန်း၌ အချိန်ရလျှင် ရသလို ကူညီ၏။

ကျွန်ုပ် ထိုအိမ်သို့ ရောက်သွားပြီး မကြာမီမှာပင် တစ်အိမ်သားလုံးနှင့် ဆွေမျိုးရင်းချာပမာ ဖြစ်သွား၏။ မရွှေမိသည် ကျွန်ုပ်၏ အဝတ်များကို လျှော်ဖွပ်ပေး၏။ ကျွန်ုပ်က တားသော်လည်း မရပေ။ ကျွန်ုပ်ကို…

"အစ်ကို…အစ်ကို အားမနာပါနဲ့၊ ညီမ အစ်ကို့ကို မြင်မြင်ချင်း ခင်တယ်"

ဟု ပြောရာ ကျွန်ုပ်လည်း မတားတော့ပါ။

ကျောင်းအလုပ်ကိစ္စပြီး၍ အားလပ်ချိန်များ၌ ကျွန်ုပ်သည် ဆေးတံလုပ်ငန်းတွင် ဝင်ကူ၏။

သို့နှင့် နောက် သုံးနှစ်အကြာတွင် ကျွန်ုပ်သည် မော်လမြိုင်မြို့ ဆရာအတတ်သင်ကျောင်း၌ မူလတန်းဆရာဖြစ် တစ်နှစ်သင်တန်းကို တက်ရောက် အောင်မြင်ပြီးနောက် ရွာလွတ်ရွာ၌ပင် မူလတန်းပြ ဆရာအလုပ်ကို အမြဲတမ်း ရသွား၏။

သို့ဖြင့် ကျွန်ုပ်သည် ရွာလွတ်ရွာသူဖြစ်သော မရွှေမိနှင့် လူကြီးမိဘများ၏ သဘောတူညီချက်ဖြင့် အိမ်ထောင်ကျသွားကာ ရွာလွတ်ရွာသားဖြစ်သွား၏။

ကျွန်ုပ်တို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် အလွန်ချစ်ကြ၏။ အထူးသဖြင့် မရွှေမိသည် ကျွန်ုပ်ထက် အချစ်ပို၏။

"အစ်ကိုရယ်… ကျွန်မလေး အစ်ကို့ကို မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် ချစ်တယ်"

ဟု အမြဲပြောလေ့ရှိ၏။

ကျွန်ုပ်ကို အချစ်ကြီးသော မရွှေမိသည် နောက် ၂နှစ်အကြာတွင် နေ့စေ့ လစေ့လွယ်ထားသော ကိုယ်ဝန်မှ သားမွေးရင်း ရုတ်တရက် သေဆုံးသွား၏။ (အရပ် လက်သည်ဖြင့် မွေးမိသောကြောင့်) သေခါနီးတွင်…

"အစ်ကို…အစ်ကို ဖေအောင်နှင့် ပြန်ပေါင်းရပါလို၏"

ဟု ဆုတောင်းသွားသည်ဟု လက်သည် ဒေါ်ချိုနှင့် ဦးသန့်၏ ဇနီး ဒေါ်ဘွားက ပြန်ပြောပြ၏။ ကလေးမှာလည်း အဖတ်မတင်ပါ။

မရွှေမိ (ရွှေလေးဟု ကျွန်ုပ်က ခေါ်သည်) ကို ချောင်းဆုံ ဆေးရုံတွင်



www.burmeseclassic.com

www.burmeseclassic.com

ကလေးမမွေးခိုင်းမိသည်ကို ကျွန်ုပ်နောင်တရ၍ မဆုံးတော့ပါ။

သေသော့သူကို ကြာရင် မေ့သည်ဆိုသည့် ဆိုရိုးစကားရှိသော်လည်း ကျွန်ုပ်သည် ရွှေလေးကို မမေ့ပါ။ ရွှေလေး မရှိတော့၍ ကျွန်ုပ်သည် ရွာလွတ်တွင် ဆက်မနေလိုတော့ပါ။ ရွာလွတ်မှ အခြားဝေးရာ ကျောင်းသို့ ပြောင်းရွှေ့ပေးပါရန် အထက်သို့ စာတင်သော်လည်း မရပါ။

သို့နှင့် မူလတန်းပြဆရာလုပ်သက် ၅နှစ်ပြည့်သောအခါ အလယ်တန်းပြ ဆရာဖြစ်သင်တန်း တက်ရန် ဝင်ခွင့် စာမေးပွဲကို အောင်မြင်သောကြောင့် ကျွန်ုပ်သည် ရန်ကုန်မြို့ ရန်ကင်း ဆရာအတတ်သင် သိပ္ပံတွင် အလယ်တန်းပြ ဆရာဖြစ်သင်တန်း တက်ခွင့်ရလိုက်သောကြောင့် ရွာလွတ်နှင့် ခွဲခွာရလေတော့၏။

◈◈◈

အလယ်တန်းပြ ဆရာဖြစ်သင်တန်းတက်နေစဉ် ဆရာစံရပ်ကွက်၊ အပ်ချုပ်ဆိုင်တစ်ဆိုင်၌ လုံချည်-အင်္ကျီ တစ်စုံသွားချုပ်ရင်း ထူးဆန်းဖြစ်ရပ်နှင့် ကြုံရပါတော့သည်။

ထိုဆိုင်မှ ဆိုင်ရှင်၏ အသက်လေးနှစ်ကျော်ကျော် မိန်းကလေးသည် ကျွန်ုပ်ကို တွေ့တွေ့ချင်း…

"အစ်ကို…အစ်ကို ဖေအောင် မဟုတ်လား။ ကျွန်မ ရွှေမိလေ"

ဟု အော်ပြောရင်း ကျွန်ုပ်၏ လက်တစ်ဖက်ကို လာဆွဲကာ ဆိုင်ထောင့်ရှိ ကုလားထိုင်တွင် ထိုင်ခိုင်းပါတော့သည်။

"ဝမ်းသာလိုက်တာ အစ်ကိုရယ်"

ထိုကလေးမသည် အလွန်ဝမ်းသာသော အသံဖြင့် ပြော၏။ အသက် ၄၀ ဝန်းကျင်ရှိ ဆိုင်ရှင်လင်မယားသည် ရုတ်တရက် အံ့ဩသွားကြပြီး…

"ဟဲ့…သမီး၊ ဘာတွေ ပြောနေတာလဲ"

ဟု ဟန့်လိုက်ကြပါသည်။

ကျွန်ုပ်သည် ကလေးမလေးကို သေသေချာချာကြည့်ရာ ရွှေမိနှင့် ဆင်ဆင်တူသည်ဟု စိတ်ထဲ ထင်မိသည်။ ယခုမှ တွေ့သူကို "အစ်ကို ဖေအောင် မဟုတ်လား"ဟု ပြောသော ထိုကလေးမသည် မရွှေမိ ဝင်စားသူပင် ဖြစ်ရမည်ဟု ကျွန်ုပ်စိတ်ထဲ ထင်လိုက်၏။ ထို့ကြောင့် မရွှေမိ၏ လက်ဝဲဘက် လက်ကောက်ဝတ်တွင် အလုပ်လုပ်ရင်း ခိုက်မိသဖြင့် ဒဏ်ရာရပြီးသား အမာရွတ်တစ်ခုရှိရာ ထိုကလေးမလေး၏ လက်ဝဲဘက် လက်ကောက်ဝတ်နေရာ၌လည်း ထိုအမာရွတ်မျိုးကို တွေ့၍ "သေချာတယ်၊ မရွှေမိ လူဝင်စားပဲ"ဟု ကျွန်ုပ်စိတ်ထဲမှ ယတိပြတ် ကောက်ချက်ချလိုက်ပါသည်။ သို့ပေမယ့်…

"နေဦး၊ လောကကြီးမှာ လူတူမရှားဘူး။ ဦးလေးအမည် ဖေအောင်ဆိုတာ မှန်တယ်။ ဒါပေမယ့် တိုက်ဆိုင်မှု ဖြစ်နိုင်တယ်လေ"

ကျွန်ုပ်က ထိုသို့ပြောသောအခါ ကလေးမလေးက…

"ကျွန်မ သိပါတယ်။ အစ်ကို ဖေအောင်မှ အစ်ကို ဖေအောင်အစစ်ပါ။ အစ်ကို့ညာဘက် ပခုံးပေါ်မှာ အမာရွတ်တစ်ခုရှိတယ်။ ပြီးတော့ အစ်ကိုဟာ ရွာလွတ်ကျောင်းမှာ ကျောင်းဆရာလာလုပ်ရင်း ကျွန်မနဲ့ ဆုံခဲ့တယ်လေ"

ဟု ပြောရာ ကျွန်ုပ်သည် မည်သို့မျှ မငြင်းနိုင်တော့ပါ။ သူမိဘများကို မှန်ကြောင်း ခေါင်းညိတ်ပြလိုက်ရပါတော့သည်။

"အစ်ကို…အားရင် လာပါနော်၊ အစ်ကိုနဲ့ တွေ့ရလို့ ကျွန်မ သိပ်ပျော်တယ်"

သူ့မိဘများက စကားကြီး စကားကျယ် ပြောရမလားဆိုပြီး သမီးဖြစ်သူကို ဟန့်ကြပါသည်။

"သူ့ကို နာမည်ဘယ်လိုပေးထားပါသလဲ"

"ရင်ရင်မေလို့ ပေးထားတယ်။ ဒါပေမယ့် သူ လူမှန်းသိပြီး စကားပြောတတ်စ ကတည်းက သူ့ကိုယ်သူ ရွှေမိလို့ပဲ ပြောတယ်။ ပြောတာတွေက အများကြီးပါပဲ"

ကလေးမလေးသည် ကျွန်ုပ်အနားမှ မခွာတော့ပါ။ ကျွန်ုပ်သည် လာရင်း ကိစ္စကို ဆောင်ရွက်ပြီး၍ ဆိုင်မှ ဖ…ဝ…က်တွင် ကလေးမလေးသည် ငိုမဲ့မဲ့နှင့်…

"အစ်ကို…ခဏခဏလာနော်၊ ကျွန်မ မျှော်နေမယ်"

ဟု ပြောပါသည်။

◈◈◈

ကျွန်ုပ်သည် ထိုအပ်ချုပ်ဆိုင်သို့ သွားရမှာ ဝန်လေးမိသည်။ တမလွန်ဘဝက ချစ်သူသည် ယခုအခါ ကလေးသာသာဘဝဖြင့် ပြန်ဆုံရာ သူ့မိဘများက ကြိုက်ချင်မှ ကြိုက်မည်။ သူတို့သမီးပြောသည်ကိုလည်း ယုံချင်မှ ယုံမည်။

ထို့ကြောင့် ကျွန်ုပ်သည် အပ်ထားသော အဝတ်များကို ရွေးပြီးနောက် တစ်လခန့် ထိုဆိုင်သို့ မသွားဘဲ နေခဲ့၏။

တစ်နေ့ သင်တန်းအားရက် တစ်မနက်တွင် အပ်ချုပ်ဆိုင်ရှင် ရောက်လာပြီး သူ့သမီးက ကျွန်တော် မလာ၍ တမှိုင်မှိုင် တတွေတွေဖြစ်နေကြောင်း၊ အစားလည်း သိပ်မစားကြောင်း ပြောလာသောကြောင့် ကျွန်ုပ်သည် သူနှင့် လိုက်ပါသွားခဲ့ရသည်။

ကျွန်ုပ် ဆိုင်ထဲသို့ ရောက်သည်နှင့် ကလေးမလေးသည် ကျွန်ုပ်၏ ခြေထောက်ကို ဖက်၍ ငိုပါတော့သည်။

"အစ်ကို ရက်စက်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ခပ်တိုးတိုးပြောပါသည်။

သမီးဖြစ်သူကို အလွန်ချစ်ပုံရသော မိဘနှစ်ယောက်စလုံးက…

"ဆရာရယ် … အားမနာပါနဲ့ ကျောင်းအားရက ၂ လာသာ လာဖို"

ဟု အထပ်ထပ်ပြောသဖြင့် ကျွန်ုပ်သည် ဦးခေါင်းညိတ်လိုက်မိသည်။ ထိုအခါ ယခု ရင်ရင်မေ (ယခင်ဘဝက မရွှေမိ)သည် အလွန်ပျော်သွား၏။

ကျွန်ုပ်သည် တစ်ပတ်လျှင် တစ်ရက်၊ တနင်္ဂနွေနေ့တိုင်း ထိုအပ်ချုပ်ဆိုင်သို့ ရောက်ပါသည်။

သို့နှင့် သင်တန်းပြီး၍ မူလတန်းကျောင်းသို့ ပြန်ရမည့်ရက် မတိုင်မီတွင် အပ်ချုပ်ဆိုင် မိသားစုကို သွားရောက်နှုတ်ဆက်ရာ ကလေးမလေးသည် ရှိုက်ကြီးတငင် ငိုပါတော့သည်။

"အစ်ကို စာရေးပါ့မယ် ကလေးရယ်"

ဟု ကျွန်ုပ်က ပြောသောအခါ ကလေးမလေးသည် ခေါင်းညိတ်ပြီး သူ့မိဘများအလစ်၌…

"အစ်ကို… မိန်းမ မယူနဲ့နော်"

ဟု တိုးတိုးလေးမှာသည်။ လူကြီးစိတ်ဖြစ်နေသော ကလေးမလေးပါတကား။

အရွယ်နှင့် မလိုက်အောင် လူကြီးသဖွယ် ပြောတတ်သော သူ့စကားကြောင့် ကျွန်ုပ်ရင်ထဲဝယ် ပြင်းပြင်းထန်ထန် ခံစားလိုက်ရပါသည်။

"ကျွန်တော် အလယ်တန်းပြဆရာဖြစ်ရင် ရောက်တဲ့အရပ်က စာရေးလိုက်ပါ့မယ်"

ဟု သူ့မိဘများအား ပြောခဲ့ပါသည်။

သို့နှင့် ကျွန်ုပ်သည် ရွာလွတ်မူလတန်းကျောင်းမှ ကျိုက်ထို အထကသို့ အလယ်တန်းပြ ဆရာအဖြစ် ရောက်ရှိသွားပါသည်။

ကျွန်ုပ် ကတိပေးခဲ့သည့်အတိုင်း ကလေးမလေးနှင့် သူ့မိဘထံ ကျိုက်ထိုသို့ ပြောင်းရကြောင်း စာရေးလိုက်ပါသည်။

◈◈◈

နှစ်များ ကုန်လာ၏။

ကျွန်ုပ်သည် ဘဝဟောင်းက မရွှေမိနှင့် အသက်ချင်း ကွာလွန်းသောကြောင့် သံယောဇဉ်ပြတ်အောင် နေ၏။ သူသည်လည်း ငါးနှစ်မှသည် ဆယ်နှစ်၊ တစ်ဆယ့်ခြောက်နှစ်သို့ ရောက်လာမည်ဖြစ်သလို၊ ကျွန်ုပ်သည်လည်း နှစ်ဆယ့်ငါး၊ သုံးဆယ်မှသည် လေးဆယ်နားသို့ ရောက်လာလေပြီ။

ချောင်းဆုံရှိ ကျွန်ုပ်၏ မိဘများလည်း ကွယ်လွန်ကုန်လေပြီ။ ကျွန်ုပ်မှာ တစ်ကိုယ်တည်း မုဆိုးဖိုဘဝဖြင့် ကျိုက်ထိုမှာပင် စာသင်ရင်း နေ၏။ အိမ်ငယ်လေးတစ်လုံးကို စုဆောင်းထားသောငွေဖြင့် ဝယ်ထားလိုက်၏။ ပင်စင်ယူလျှင် ရဟန်းဘဝကူးမည်ဟု စိတ်ကူးထား၏။

သို့သော် ဖြစ်ချင်တိုင်း မဖြစ်ရပါ။

ကျွန်ုပ်အသက် လေးဆယ့်တစ်နှစ်ကျော်ကျော်၌ မရင်ရင်မေခေါ် မရွှေမိသည် ကျိုက်ထိုသို့ ရောက်လာ၏။

"အစ်ကို…ကျွန်မကို သတိရသေးရဲ့လားဟင်"

ကျွန်ုပ်၏ နေအိမ်သို့ သူသည် မေးမြန်း၍ ရောက်လာပြီးနောက် အထက်ပါအတိုင်း မေးပါသည်။

"မရဘဲ နေမလား ရွှေလေးရဲ့၊ အစ်ကိုတို့နှစ်ယောက်ဟာ အသက်ချင်း သိပ်ကွာလွန်းတော့ အစ်ကို…အစ်ကို…"

"အစ်ကို ဆက်မပြောနဲ့တော့။ အစ်ကို့မှာ အိမ်ထောင်မရှိဘူး မဟုတ်လား။ ကျွန်မ စုံစမ်းပြီးပြီ၊ ကျွန်မ မပြန်တော့ဘူး။ အစ်ကိုနဲ့ပဲ နေတော့မယ်။ အခု ကျွန်မအသက် ၁၈-နှစ်ပြည့်ပြီးပြီ"

ရွှေမိက ထိုသို့ပြောသည်။

"ရွှေလေးရဲ့ မိဘတွေက သဘောတူမှာ မဟုတ်ဘူးကွယ်။ အစ်ကိုက သာမန်ကျောင်းဆရာ ငမွဲတစ်ယောက်"

"အစ်ကို…ကျွန်မရဲ့ အချစ်ကို မစော်ကားနဲ့။ ကျွန်မ လူကို ချစ်တာ။ အဖေရော အမေရော ကျွန်မရဲ့ စိတ်ကို သိလို့ မတားဘူး"

"အစ်ကို ရွှေလေးကို စော်ကားတာ မဟုတ်ပါဘူးကွယ်။ ရွှေလေးကို ချစ်လွန်းလို့ ရွှေလေး ကောင်းစားတာ…"

"တော်…တော် အစ်ကို၊ ကျွန်မ သိပါပြီ"

ဟု ကျွန်ုပ်၏ ကျောကုန်းကို ထုပါတော့၏။

နောက်တစ်နေ့တွင် ကျွန်ုပ်တို့သည် ကျောင်းအုပ်ဆရာကြီးအား အကျိုးအကြောင်းပြောပြီး (အတိတ်တမလွန်ဘဝက ဖြစ်ရပ်များကို ချန်လှပ်ကာ) ခွင့်ယူ၍ ကျိုက်ထို တရားရုံး၌ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး ထိမ်းမြားလက်ထပ်လိုက်ပါတော့သည်။

◈◈◈

"ငါ့ရဲ့ ထူးဆန်းအံ့ဖွယ် ဖြစ်ရပ်ကဒါပဲ သူငယ်ချင်း။ မင်း ယုံချင်ယုံ မယုံချင်နေ"

ဟု ကျွန်ုပ်၏ သူငယ်ချင်း ဖေအောင်က သူ၏ ဇာတ်လမ်းကို အဆုံးသတ်လိုက်၏။

(သူသည် ကျောင်းဆရာဘဝမှ ပင်စင်ယူပြီး ရန်ကုန်သို့ ပြောင်းလာ၍ အခြေချ နေထိုင်ရင်း အသက်ရှစ်ဆယ်ပြည့်ခါနီး၌ သေဆုံးသွား၏။) ■

* * *

မြသိန်း



www.burmeseclassic.com

www.burmeseclassic.com


ပုရောဟိတ်လက္ခဏာဆရာကြီး ဆရာစန္ဒြ၏သား

# ဆရာဒေဝ A.G.T.I (Civil)

လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်

| | | |
|---|---|---|
| ၂၉ | ၁၄ | ၆ |
| လ ၅ | | ၃ |
| | ဝ | ၈ |

အမှတ် ၇၅၊ ဗိုလ်ချုပ်တော်လမ်း(တော်လှန်ရေးပန်းခြံရှေ့) *Sweet Centre* နှင့် ကပ်လျက်

မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၅၀၅၁၇၁၊

**E.mail; sayadeva@myanmar.com.mm, Internet- http://www.sayadeva.com**

## ဟောစာတမ်းအရထီထိုး ၂၄၈ သိန်းဆုနှင့်တိုး

ဆရာရှင့် ၃-၁-၂၀၀၁

လွန်ခဲ့သောနှစ်(၂၀)ကျော်က ဆရာဒေဝထံတွင် ဟောစာတမ်းမေးခဲ့ရာ အသက်(၄၁)နှစ်တွင် ထီဆုကြီးပေါက်မည်။ ငွေတစ်လုံးတစ်ခဲဝင်မည်ဟု ဟောကြားခဲ့ပါသည်။

ယခုအသက်(၄၁)နှစ်တွင် (၁၄၃)ကြိမ်မြောက် အောင်ဘာလေထီ ဖွင့်ပွဲတွင် ကံကော်လေးထီဆိုင်မှ (၃၄၈)သိန်း (၃၄)မွှာ မင်္ဂလာစုံတွဲဆုကို ပေါက်ခဲ့ပါသည်။ ဤသို့ ဆရာဟောစာတမ်းသည် မှန်ကန်မှုရှိပါသည်။ ကျေးဇူးတင်ပါသည်။

(မြတ်မြတ်စိုး(ခ) မြမြစိုး)

အမှတ်(၃)၊ အနော်မာလမ်း၊ (၂၀)အနောက် ၂-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

## ဟောစာတမ်းအရထီထိုး ၃၂ သိန်းဆုနှင့်တိုး

ဆရာရှင့် ၂၁-၁၀-၉၃

ကျွန်မသည် (၉၂)ခု (၅)လပိုင်းတွင် ဟောစာတမ်းမေးခဲ့ရာ ထီပေါက်ကိန်းရှိသည်ဟု လအပိုင်းအခြားများဖြင့် ဟောကြားခဲ့ရာတွင် ထောင်ဆု၊ သောင်းဆု (၆)ကြိမ်၊ (၇)ကြိမ် ပေါက်ခဲ့ပြီး ဆရာသတ်မှတ်ဟောကြားပေးခဲ့သော (၁၉၉၃)ခု မေလ(၂၈)ရက်မှ ဩဂုတ်လ (၅) ရက်အတွင်း (၅၃)ကြိမ်မြောက်တွင် (စ-၇၅၆၃၄၅)နံပါတ်ဖြင့် မင်္ဂလာစုံတွဲ (၃၂)သိန်းဆုကြီး ပေါက်ခဲ့ပါသည်။

ဤသို့ ဆရာ့ဟောစာတမ်းက အတိအကျမှန်ကန်ပါသည်။

ဒေါ်ခင်လှ

အောင်ချမ်းသာဆန်စက်၊ လမ်းချိုးရပ်၊ ဥက္ကံမြို့၊ ရန်ကုန်တိုင်း


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကိုလင်းဝေတစ်ယောက် အစိုးရအမှုထမ်းဖြစ်သည်နှင့်အညီ ၁၉၆၀ခုနှစ်တွင် အောက်မြန်မာပြည် ဟင်္သာတမြို့ကလေးမှ အထက်မြန်မာပြည် မိုးညှင်းမြို့ကလေးသို့ မီးစက်မောင်းတာဝန်ဖြင့် ပြောင်းရွှေ့လာခဲ့လေသည်။ လုပ်သားဘဝမှ စက်မောင်းတာဝန် တစ်ဆင့်တက် ရာထူးဖြင့် ပြောင်းရွှေ့လာသူ ကိုလင်းဝေကို မီးစက်အကူ လုပ်သားကြီး ဦးစောရွှေထူးက မီးစက်ကြီး၏ အဆောက်အအုံထဲတွင်ပင် နေရာထိုင်ခင်း စီစဉ်ပေးလေသည်။

လူပျိုလူလွတ် ကိုလင်းဝေတစ်ယောက်အတွက် စားပွဲတစ်လုံးနှင့် ခုတင်တစ်လုံးရလျှင် အိပ်ဖို့နှင့် စာရေးအတွက် အဆင်ပြေ ချောမွေ့ပေသည်။ စားရေးသောက်ရေးအတွက်ကတော့ ဦးစောရွှေထူး၏ ဇနီး ဒေါ်နန်းကျော့မိုင်က ထမင်းလခဖြင့် ကျွေးမွေးမှုကို တာဝန်ယူလေသည်။

အိမ်ခြေအားဖြင့် ၂၀၀ ကျော်မျှရှိသော ဝန်ထမ်းအိမ်ရာများကို ညစဉ်မီးပေးခြင်းဖြင့် လမ်းပိုင်း ဓာတ်တိုင်များအလင်းရောင် ဖြာဝေသလို၊ သောက်ရေ သုံးရေအတွက် စက်များဖြင့် လည်ပတ်မှုကလည်း အခက်အခဲမရှိပေ။ ဦးစောရွှေထူးက အသက်အားဖြင့် ၄၀ ကျော်၍ ၅နှစ်မျှပင် စွန်းခဲ့သော်လည်း စက်မောင်းတာဝန်ကို မယူဘဲ လက်ရှိငယ်သားဘဝနှင့်သာလျှင် နေရာကို မင်၍ ခင်တွယ်ခြင်းဖြင့် မပြောင်းရွှေ့ခဲ့ပေ။

စက်မောင်းတာဝန်ခံ ကိုလင်းဝေက သူထက် အသက်ကြီးသူ ဦးစောရွှေထူးကို ရိုသေလေးစားသလို ဦးစောရွှေထူးကလည်း အသက်ထက်ဝက်မျှငယ်သော ဆရာ ကိုလင်းဝေအပေါ် လေးစားသမှုရှိသည်။

သူတို့နှစ်ယောက်က ညစဉ်ညတိုင်း မီးစက်ကြီးတွင် ညနေ ၆နာရီမှ နံနက် ၆နာရီအထိ တာဝန်ယူကြရသည်။ ကိုလင်းဝေ ပြောင်းရွှေ့လာပြီး တစ်လအထိ မီးစက်ကြီးတွင် ဆရာတပည့် နှစ်ယောက် ညမအိပ်ဘဲ ညလုံးပေါက် တာဝန်ယူကြသဖြင့် နေ့ဘက်မှ အိပ်ကြရသည်။ ဒါကြောင့် အိပ်ရေးက ညဘက် အိပ်ရတာလောက် မဝပေ။

တစ်နေ့တွင် ကိုလင်းဝေသည် ဦးစောရွှေထူးနှင့် တိုင်ပင်ပြီး နှစ်ဦးသဘောတူ ပြုလုပ်ကြသည်။ ကိုလင်းဝေက တာဝန်ခံဆိုတော့ မီးစက်ထဲတွင် ညစဉ် နေရမည်ပေါ့။ ဦးစောရွှေထူးကတော့ တစ်ရက်ခြား လာစောင့်ပေးရမည်။

"ဆရာ ကိုလင်းဝေ၊ ကျွန်တော်က ဒီမီးစက်ကြီးမှာ တစ်ရက်ခြား ဆရာနဲ့ လာစောင့်ပေးရမယ်ဆိုတော့ ကျွန်တော်က အိပ်ရေးဝပေမယ့် ဆရာက ဒီစက်သံကြီးနဲ့ ညတိုင်း အိပ်ရေးဝနိုင်ပါ့မလား"

ပြောသောအခါ ကိုလင်းဝေမှ••

"ရပါတယ် ဦးလေးရယ်၊ ကျွန်တော်က ဒီ ရပ်(စ်)တန်(Rustan) အင်္ဂလန်မိတ် မီးစက်အင်ဂျင်တွေနဲ့ ကြီးပြင်းလာခဲ့ရသူပါ။ နားရှေလည်း ဝနေပါပြီဗျာ။ ကျွန်တော်က အသက်ကြီးတဲ့ ဦးလေးအတွက် ပြောတာပါ။ မီးစက်ကြီးအတွက် သန့်ရှင်းရေးပြုလုပ်တာလည်း အားလုံး ပြောစရာမရှိပါဘူး။ အဓိက,ကတော့ ဆီတိုင်ကီထဲက ဒီဇယ်ဆီတွေထဲ စာသိုက်ထဲ၊ ခိုသိုက်တို့၊ မြက်ခြောက်ဖတ်တို့ မကျရောက်ဖို့က အဓိကပါပဲ ဦးလေး။ ဆီသန့်ရင် စက်မောင်းရတာ ရှောရှောရှုရှုဖြစ်တာပေါ့။ စက်မောင်းထားပြီး အိပ်တတ်ရင် အိပ်ရေးဝပါတယ်ဗျာ"

ဟု ကိုလင်းဝေက သဘောပေါက်အောင် ရှင်းပြသည်။ ဦးစောရွှေထူးက ခေါင်းတညိတ်ညိတ်ဖြင့် သဘောကျစွာ ပြုံးလျက်နေပေတော့သည်။

◈◈◈

မီးစက်ကြီးရှိသည့် အဆောက်အအုံနောက်ကျောဘက်တွင် တောင်သူတို့ စိုက်ပျိုးထားသော ကြံဝါပင်များသည် အခင်းလိုက် တောတန်းကြီးတစ်ခုသဖွယ်ရှိကြသလို၊ တစ်ခါတစ်ရံ တောတောင်များမှ မျက်စိလည် လမ်းမှားပြီး ရောက်လာတတ်ကြသော စပါးကြီးမြွေကြီးများ၏ ရန်ကိုလည်း တောင်သူတို့က ကြောက်ရသေး၏။ လူမုဆိုးတို့သည် တောတွင်းသတ္တဝါ ကျားမုဆိုးတို့ကို သစ္စာရှိစွာ ရှောင်ကြသလို၊ သတ္တဝါ မုဆိုးတို့ကလည်း လူမုဆိုးတို့ကို ရှောင်ကြပါသည်။

ဆင်အုပ်၊ ဝက်အုပ်များကတော့ ကြံစိုက်ခင်းတွင်းသို့ တစ်ခါတစ်ရံ ဝင်ရောက် ဖျက်ဆီးတတ်ကြပါသည်။ ကံဆိုးသူ တောင်သူတို့၏ ကြံခင်းများ ပျက်စီး ဆုံးရှုံးကြရပါသည်။ အထက်မြန်မာပြည်ဟု ခေါ်ဆိုသော မိုးညှင်းမြို့ကလေးသည် အအေးပိုင်းဒေသဖြစ်သလို၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် နီးစပ်မှု ရှိသဖြင့် ကချင်လူမျိုး၊ ရှမ်းလူမျိုး၊ မြန်မာလူမျိုးများ နေထိုင်ကြပါသည်။ လူမျိုးအမျိုးမျိုး၊ ဘာသာအသီးသီး ကိုးကွယ်ကြပေမယ့် အများဆုံး မြန်မာနှင့် ရှမ်းက ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။

ဦးစောရွှေထူးနှင့် ဒေါ်နန်းကျော့မိုင်တို့ကလည်း ဗုဒ္ဓဘာသာဝင် ရှမ်း



www.burmeseclassic.com

www.burmeseclassic.com

လူမျိုးများ ဖြစ်ကြသဖြင့် မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင် ကိုလင်းဝေအတွက် ဘာသာရေးနှင့် ပတ်သက်ပြီး အပေါင်း အသင်းလွယ်ကူပါသည်။ ဦးစောရွှေထူး မှ...

"ဆရာ ကိုလင်းဝေက ဗုဒ္ဓဘာ သာဝင် မြန်မာလူမျိုးတစ်ဦးဆိုတော့ ငါတို့အတွက် တအားတက်တာပေါ့ ကွာ"

ဟု ပြောတတ်သလို၊ ဒေါ်နန်း ကျော့မိုင်ကလည်း...

"မြန်မာနဲ့ ရှမ်းက တစ်သွေး တည်း တစ်ရောင်တည်းပါပဲ။ ဘယ်သူ ခွဲခွဲ သွေးမကွဲပါဘူး"


ဟု ဇနီးမောင်နှံနှစ်ယောက်က အတိုင်အဖောက်ညီစွာ မြန်မာစကားကို ရှမ်းသံမဝဲဘဲ ပီပီသသပြောနိုင်သဖြင့် သူတို့ကို ရှမ်းလူမျိုးလို့ ကိုလင်းဝေ တစ်ယောက်က လွဲ၍ အခြားမည်သူမှ သိနိုင်လိမ့်မည် မထင်ပါ။

မီးစက်ကြီး၏ အတွင်းအပြင် သန့်ရှင်းရေးကို ဦးစောရွှေထူးနှင့် ဒေါ်နန်းကျော့မိုင်တို့က ကိုလင်းဝေနှင့် အတူ ကူညီလုပ်ကိုင်ပေးလေသည်။

"ဆရာ ကိုလင်းဝေ၊ ဒီ မီးစက် နောက်ဘက်က အမှိုက်ပုံတွေထဲမှာ ကင်းမြီးကောက်တွေ အားကြီးပေါ တယ်။ ဆရာ အပြင်ဘက် ထွက်ရင် လည်ရှည်ဖိနပ်နဲ့ ထွက်ပါ။ ကင်းထိုးမိ ရင် အဆိပ်ပြင်းတယ်။ ကျွန်မတူမလေး တစ်ယောက် ကျွန်မတို့ဆီကို အလည် လာရင်းနဲ့ ကင်းထိုးတာကို မြွေကိုက် တယ်ထင်ပြီး ဆေးမှားကုမိလို့ မသေ သင့်ဘဲ သေဆုံးခဲ့ရတယ်"

ဟု ဒေါ်နန်းကျော့မိုင်က ပြော သလို၊ ဦးစောရွှေထူးကလည်း...

"ကျွန်တော် မကြာခဏဆိုသလို သန့်ရှင်းရေးပြုလုပ်ပေးတော့ ကင်းမြီး



ကောက်တွေ သိပ်မတွေ့ရတော့ပါဘူး။ ဒီမီးစက်ကြီးထဲမှာ တောက်တဲ့ကြီးတွေ ကလည်း မိသားစုလိုက် နေတော့ ကင်းမြီးကောက်တွေက တောက်တဲ့ အစာဖြစ်သွားတာပေါ့။ သူတို့ရဲ့ ပုန်းခို ရာ စားကျက်ကတော့ အမှိုက်ပုံတွေ ပါပဲ။ ပတ်ဝန်းကျင်မှာ အမှိုက်မရှိရင် ကင်းမြီးကောက်တွေ မလာနိုင်ပါဘူး"

"ဦးစောရွှေထူး ပြောတာ မှန်ပါ တယ်။ အမှိုက်ဆိုတာ အဆိပ်ရှိတဲ့ သတ္တဝါတွေ ခိုအောင်းလေ့ရှိတဲ့ နေရာ တွေပါပဲ။ မြွေပွေး၊ မြွေဟောက်၊ ကင်း မြီးကောက်၊ ကင်းမလက်မည်း၊ ကင်း ခြေများတို့နဲ့ နည်းတူ တက်တူ၊ ကင်း လိပ်ချောတို့လည်း ခိုအောင်းကြတာပါ ပဲဗျာ။ အဓိက,ကတော့ သတ္တဝါတွေရဲ့ အသက်ကို မသတ်မိရအောင် အမြဲ ဂရုစိုက်ရသလို၊ မေတ္တာသုတ်ကိုလည်း ခဏခဏရွတ်ပေးပေါ့ဗျာ။ အဆိပ်ရှိတဲ့ သတ္တဝါတွေ ခပ်ဝေးဝေးရှောင်သွားပါ လိမ့်မယ်"

ဟု ကိုလင်းဝေက ဆိုသောအခါ ဒေါ်နန်းကျော့မိုင်က...

"တို့ဆရာကတော့ သူတော် ကောင်းဆိုတာ ထုတ်ဖော်မပြောဘဲနဲ့ တောင် သိနေရတယ်။ ဒါ့ထက် ဆရာ၊ စပ်စုတယ်လို့တော့ ကျွန်မကို မထင်ပါ နဲ့။ ဆရာ ဘုရားရှိခိုးရင် ဘယ်လို ဂုဏ် တော်တွေနဲ့ ရှိခိုးပါသလဲရှင်။ ကျွန်မကို မှတ်သားလောက်အောင် ပြောပြပါဦး"

ဟု ဆိုတော့ ကိုလင်းဝေက -

"ကျွန်တော်ငယ်စဉ် ကလေး ဘဝကတည်းက အမေသင်ပေးထားတဲ့ ဘုရားရှိခိုးနည်းကို ပြောပြပါ့မယ်။ ပထမ ဦးဆုံး ရတနာသုံးပါးနဲ့ မိဘဆရာတို့ကို ရှိခိုးပါတယ်။ ရှိခိုးပြီး ငါးပါးသီလခံယူပါ တယ်။ ငါးပါးသီလခံယူပြီး သမ္ဗုဒ္ဓေ ဂါထာတော်ကြီးနဲ့ ရှိခိုးပါတယ်။ မေတ္တာ သုတ်လည်း ရွတ်ဖတ်ပူဇော်ပြီး နတ် မင်းကြီးလေးပါးနဲ့ သမာဒေဝ နတ် ကောင်း နတ်မြတ်၊ အစောင့်အရှောက် ပုဂ္ဂိုလ်၊ တောစောင့်၊ တောင်စောင့်၊ အိမ်စောင့်၊ မြို့စောင့်၊ စက်ရုံစောင့်ပါ မကျန်၊ ယမမင်းကြီးနှင့်အတူ မကျွတ် မလွတ်သော ပုဂ္ဂိုလ်မှန်သမျှ အမျှပေး ဝေပါတယ်။ သက်ရှိ သတ္တဝါမှန်သမျှ မကျန်ပေါ့ဗျာ။ အဲဒါကလည်း နေ့စဉ် ပြုလုပ်နေကျ ကျွန်တော့်ရဲ့ ကုသိုလ် တစ်ခုပါ။

ကျွန်တော် ဒီစက်ရုံကို ရောက် လို့ နှစ်လပြည့်တဲ့နေ့မှာ ထူးခြား မှတ်သားစရာတစ်ခု တွေ့ခဲ့ရတယ်။ အိပ်မက်လိုလို၊ တကယ်လိုလိုပါပဲ။ ကျွန်တော် ဘုရားဝတ်ပြုပြီး နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်သွားတယ်။ အိပ် မက်ထဲမှာ မိုးညှင်း သမ္ဗုဒ္ဓေဘုရားပေါ် မှာ ကျွန်တော် ပုတီးစိပ်ရင်းနဲ့ ဘုရား တွေကို လိုက်ကြည့်မိတယ်။ ကျွန်တော့် ရဲ့ ဘယ်ဘက်ဘေးမှာ မိန်းကလေး

www.burmeseclassic.com

တစ်ယောက် မြစိမ်းရောင်ဝမ်းဆက်ကလေးနဲ့ မြစိမ်းရောင် ဇာပဝါလေးကို ခြုံပြီး ကျွန်တော့်မျက်နှာကိုပဲ ခပ်ခွာခွာက နေပြီး လိုက်ကြည့်နေတော့ ကျွန်တော်က ရပ်ပြီး သူမကို မေးမိတယ်။

"မိန်းကလေး… မင်းက ငါ့ကို သိလို့လား၊ အခြား ဘုရားဖူးတွေက ငါတို့ကို ကြည့်နေရင် မင်းနဲ့ ငါ့ကို ဘယ်လိုထင်ကြမလဲ"

လို့ မေးတော့ မိန်းကလေးက ပြုံးပြီး…

"အစ်ကိုထင်သလို သူတို့က နန်းကြာချောကို မမြင်ကြပါဘူးရှင်။ ဖြစ်နိုင်မယ်ဆိုရင် ဟောဟိုနားက သစ်ပင်ရိပ်အောက်မှာ စကားပြောကြရအောင်"

လို့ နန်းကြာချောဆိုသူ မိန်းကလေးက ခေါ်ပါတယ်။ ကျွန်တော်လည်း သူခေါ်ဆောင်ရာ လိုက်သွားခဲ့တာပေါ့။

တပေါင်းလပြည့်နေ့ဆိုတော့ ဘုရားပေါ်မှာ လူတွေကလည်း ကြိတ်ကြိတ်တိုး စည်နေတာပေါ့။ ဒါပေမယ့် ကျွန်တော်တို့နှစ်ယောက်ကို ဘယ်သူမှ အရေးမထားကြပါဘူး။ ကျွန်တော် မိန်းကလေးရဲ့ အလှန်ကွန်ရက်မှာ နစ်မြောနေမိခဲ့တယ်လေ။ သူမက…

"ကြည့်လှချေလား ကိုမောင်ရယ်၊ ကြာချောကို စားမတတ် ဝါးမတတ်ပါပဲလား။ ကိုမောင် ဒီမိုးညှင်းကို တာဝန်နဲ့ ပြောင်းလာခဲ့တာနော်။ ဒါပေမယ့် ကြာချောနဲ့ ရေစက် မဆုံခဲ့ရပါဘူး။ ကြာချော ဒီသမ္ဗုဒ္ဓေဘုရားကို လာဖူးရတာကလည်း ကိုမောင်နဲ့ တွေ့ချင်လွန်းလို့ပါ။ ကြာကြာနေလို့ မရပါဘူး။ ကြာချောနဲ့ ညီအစ်မတော် နှစ်ယောက်က ဘုရားဝင်းအပြင်ဘက်မှာ စောင့်နေကြတယ်။ နာရီဝက်ပဲ အချိန်ရလို့ ကိုမောင့်ကို မှာချင်တာလေး မှာပါရစေ။ တခြားတော့ မဟုတ်ပါဘူး ကိုမောင်။ ဘဝဟောင်းက ကိုမောင်က နန်းကြာချောရဲ့ ချစ်သူပါ။ နန်းကြာချော လူ့ဘဝမှာ ကိုမောင့်ကို တွေ့ချင်လွန်းလို့ စောဥမ္မာဘဝနဲ့ ၁၈နှစ်သမီးအထိ စောင့်ခဲ့ပါသေးတယ်။ ဒါပေမယ့် ကိုမောင်နဲ့ စောဥမ္မာတို့က ရေစက်မဆုံခဲ့လေတော့ နေရာဟောင်းကိုပဲ ပြန်ခဲ့ရတော့တာပေါ့။ ဖူးစာဆိုတာ ကံဆုံမှ ရှိတာပါ ကိုမောင်။ စောဥမ္မာဘဝက ကံဆိုးပါတယ် ကိုမောင်ရယ်။ ကိုမောင် မိုးညှင်းကို ပြောင်းလာရင် စောဥမ္မာနဲ့ ကိုမောင်တို့ ရှေးဘဝက ပြုဖူးခဲ့တဲ့ ချစ်ဦးသစ္စာနဲ့ ဦးလေး ဦးရွှေထူးနဲ့ ဒေါ်လေး ကျော့မိုင်တို့ကို အသိပေးပြီး ကိုမောင်နဲ့ လက်ထပ်မယ်ပေါ့၊ ငယ်စဉ်ကတည်းက မိဘတွေဟာ ဓားပြတွေ လက်ချက်နဲ့ သေဆုံးခဲ့ရလေတော့ စောဥမ္မာလည်း ဦးကြီးတော်သူ ဦးစိုင်းလုံလက်ပေါ်မှာပဲ ကြီးပြင်းခဲ့ရတာပေါ့၊ ကိုမောင်က ယခု လူ့ဘဝမှာ ကိုလင်းဝေ၊ နန်းကြာချောက လူ့ဘဝမှာ စောဥမ္မာအမည်နဲ့ ကိုမောင့်ကို အားကိုးတကြီး စောင့်မျှော်နေရာက သူတို့ ပြန်ခေါ်ကြလို့ ကိုမောင်နဲ့ တွေ့ခွင့်မရဘဲ ဖြစ်ခဲ့ရတာပေါ့၊ သိုက်နန်းထဲမှာ မပျော်ပါဘူး ကိုမောင်ရယ်။ နန်းကြာချော ကိုမောင်နဲ့ပဲ အတူနေချင်တယ်။ ကိုမောင် နန်းကြာချောကို လူ့ဘဝရောက်အောင် အလှူဒါနလေးတစ်ခု လုပ်ပေးပါလို့ ဦးလေး ဦးစောရွှေထူးနဲ့ ဒေါ်လေး ဒေါ်နန်းကျော့မိုင်ကို ပြောပေးပါလားရှင်။ အမျှဝေလို့ သာဓုခေါ်နိုင်အောင် နန်းကြာချောရေ အမျှ‥အမျှ…အမျှလို့ ခေါ်ပြီး အမျှဝေပေးမှ နန်းကြာချော ကြားနိုင်ပြီး သာဓုခေါ်ဆိုနိုင်မှာပါ။ ကဲ - ကိုမောင်၊ နာရီဝက်လည်း ပြည့်ပြီ၊ ဟိုမှာ အစ်မနှစ်ယောက် ဘုရားပေါ် တက်လာကြပြီ၊ ကြာချောကို ခေါ်နေပြီ။ ကဲ - ကိုမောင်ပြန်တော့၊ ကြာချော သွားတော့မယ်နော်"

ဟု ဆိုပြီး နန်းကြာချောသည် လိပ်စာကဒ်ပြားလေးကို ကိုလင်းဝေလက်ထဲသို့ ခပ်ဖွဖွလေး ထည့်ပေးပြီး သုတ်သီးသုတ်ပျာဖြင့် ထွက်ခွာသွားလေတော့သည်။

ကိုလင်းဝေသည် ဘဝဟောင်းက ချစ်ခဲ့ဖူးသူ နန်းကြာချောကို မျက်စိတစ်ဆုံးကြည့်ရင်း ပျောက်ကွယ်သွားမှ လက်ထဲတွင် ဆုပ်ကိုင်ထားသော လိပ်စာကဒ်ပြားလေးကို သေချာစွာ ကြည့်ပြီး ဖတ်မိလေသောအခါ "မာယာတောက နန်းကြာချောကို အမျှဝေပါ၊ သာဓုခေါ်ချင်ပါသည်"တဲ့။

ထိုလိပ်စာကဒ်ပြားလေးသည် ကိုလင်းဝေလက်ထဲတွင် ထင်ထင်ရှားရှားရှိခဲ့သဖြင့် ကိုလင်းဝေတစ်ယောက် အိပ်မက်လိုလို၊ တကယ်လိုလိုဖြင့် ဝေခွဲမရသလို၊ ဦးစောရွှေထူးနှင့် ဒေါ်နန်းကျော့မိုင်တို့သည်လည်း ပြောမယုံ၊ ကြုံဖူးမှ သိ ဆိုသလိုပင် ဖြစ်ခဲ့ရလေတော့သည်။

(လွန်ခဲ့သော နှစ်ပေါင်း ၅၀ကျော်အမှတ်တရ။

မိတ်ဆွေတစ်ဦး၏ ပြောပြချက်ဖြစ်ရပ်မှန်ကို အမည်နာမများ ပြောင်း၍ ဆီလျော်အောင် ရေးဖွဲ့ထားပါသည်။) ■


* * *

ရှောမြေကျော်ဝေ



www.burmeseclassic.com

www.burmeseclassic.com



## မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်းကျေးရွာရှိ

# ရွှေဟောင်းသမိုင်းဝင်

# စတကသဒ္ဓရှိသီ

# ရွှေစေတီတော်မြတ်ကြီး


■ ဂမ္ဘီရ သရာလှမျိုး (B.Sc) ■



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် ကျွန်ုပ်သည် ဓမ္မမိတ်ဆွေဖြစ်သူ ကိုမောင်အေး၏ကားဖြင့် အင်းစိန်ဘက်သို့ ခရီးထွက်ခဲ့သည်။ အင်းစိန်ရှိ ဦးသန့်ဇင်+ဒေါ်သင်းသင်းအောင်တို့နေအိမ်သို့ ကြွနေသော ဘုရင်မကြီး ရှင်စောပု ကိုးကွယ်ပူဇော်သည့် ဘုရားသုံးဆူအား ဖူးမြော်ကြည်ညို ကုသိုလ်ဒါနပြုကြသည်။ အင်းစိန်မှ အပြန် မင်္ဂလာဒုံဘက်သို့ ခရီးဆက်ခဲ့ကြသည်။ မင်္ဂလာဒုံရှိ ရွှေစေတီ၏ ဂေါပက ဥက္ကဋ္ဌ ဦးမြင့်စိုး၏ ဖိတ်ကြားချက်အရ သွားရောက်ခြင်းဖြစ်သည်။ ခရေပင်လမ်းဆုံသို့ ရောက်သောအခါ



ဦးမြင့်စိုးမှ သူ၏ကားဖြင့် လာကြိုပါသည်။

ကားသည် မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမကြီးအတိုင်း ဦးတည်မောင်းနှင်သွားသည်။ ပုလဲမြို့သစ်ကို ကျော်ပြီး "မာမီး"စက်ရုံကို တွေ့ရသည်။ ထိုစက်ရုံရှေ့မှ ညာဘက်ကွေ့လိုက်သောအခါ ဘုရားစေတီ၊ ဘုန်းကြီးကျောင်း၊ ရိပ်သာဆိုင်းဘုတ်များ တွေ့မြင်ရသည်။ ရွှေစေတီဟု အတိုကောက်ခေါ်သော်လည်း ဘွဲ့တော်အမည်အပြည့်အစုံမှာ မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်ဖြစ်သည်။ ရွှေစေတီဘုရားလမ်းသို့ ၅မိနစ်ခန့် ကားမောင်းဝင်လိုက်သည်နှင့် ဘုရားမုခ်ဦးရှေ့ တန်းရောက်သွားသည်။


ကားရပ်ပြီး ဆင်းလိုက်သောအခါ အပေါ်ပိုင်း ရွှေရောင်ဝင်းပနေပြီး အောက်ပိုင်း အဖြူရောင်(ငွေသင်္ကန်း) ပူဇော်ထားသော ရွှေငွေစေတီတော်မြတ်ကြီးကို ကြည်ညိုသပ္ပာယ်စွာ ဖူးမြင်ရပါသည်။ မုခ်ဦးအဝင်လမ်းအား ကွန်ကရစ်ခင်းနေသော အလုပ်သမားကို တွေ့ရသည်။ မုခ်ဦးအဝင် ညာဘက်တွင် နတ်မင်းကြီးတစ်ပါး၏ ပုံတော်ကို တွေ့ရသည်။ ဆက်လျှောက်သွားသောအခါ ရေကန်ကြီးတစ်ကန်နှင့် အရှင်ဥပဂုတ္တ ရဟန္တာအား ပူဇော်ထားသည်။ ရှင်ဥပဂုတ္တကန်အနီးတွင် တန်ဆောင်းတစ်ခုကို တွေ့ရပြီး ထိုင်ခုံနှင့်စားပွဲများ ချထားသည်။ ဂေါပက ရုံးခန်း သတ်မှတ်ထားသောနေရာဖြစ်မည်။ ထိုတန်ဆောင်းထဲတွင် ကြည်ညိုဖွယ်ကျောက်ဆင်းတု ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူနှင့် ရှင်သီဝလိရဟန္တာပုံတော်ကိုလည်း ဖူးတွေ့ရသည်။ ထို့နောက် စာရေးသူနှင့် ဓမ္မမိတ်ဆွေ ဦးမောင်အေးတို့အား စေတီတော် ဂေါပကဥက္ကဋ္ဌမှ ဘုရားသမိုင်းမှတ်တမ်းနှင့် ပတ်သက်သော စာရွက်စာတမ်းများ၊ ဓာတ်ပုံများကို ထုတ်ပြသည်။ စာရေးသူလည်း စိတ်ဝင်တစားကြည့်ရှုပြီး လိုချင်သောပုံကို ရွေးချယ်ယူလိုက်ပြီး လိုအပ်တာကို မိမိကင်မရာဖြင့် ရိုက်ယူ ပူဇော်မည်ဟု စိတ်ကူးလိုက်သည်။ ဘုရားသမိုင်းနှင့် ပတ်သက်၍ ဓမ္မဒါနစာရွက်တစ်ရွက်ထုတ်ပေးသည်။ စကားပြောဆိုကြပြီးနောက်





www.burmeseclassic.com

www.burmeseclassic.com













www.burmeseclassic.com

www.burmeseclassic.com






စေတီတော်ကို လက်ယာရစ် ဖူးမြော်ကြည်ညိုလိုက်သည်။

စေတီတော်မှာ ရွှေတိဂုံစေတီတော်ပုံစံနှင့် တူသည်။ အရန်စေတီ ရစ်ဆူတည်ထားသည်။ မုခ်လေးမုခ်၊ ဘုရားလေးဆူရှိသည်။ ကြိုးဟ်ရုစ်ခွင်လည်း ပြုလုပ်ထားသည်။ ကြိုးဟ်ရုစ်ခွင်၊ မုခ်လေးမုခ် အဓိဋ္ဌာန်ဝင်၍ ကောင်းသောနေရာဖြစ်သည်။ အနောက်ဘက်တွင် ဘိုးတော်၊ မယ်တော်၏ ဓာတ်နန်းအားလည်း တွေ့ရသည်။ နဂါးမယ်တော်ရုပ်ထုလည်း ရှိသည်။ သာသနာပြု ဝိဇ္ဇာတွေ၊ မယ်တော်တွေအဖြစ် ပြုလုပ်ထားသည်။


အနောက်မြောက်ထောင့်တွင် နောင်တော်ကြီးစေတီတစ်ဆူရှိသည်။ နှစ်ကျိပ်ရစ်ဆူရုပ်ပွားတော်မြတ်များနှင့် စေတီတံခွန်တိုင်တစ်ခု ပြုလုပ်ထားသည်။ မြောက်ဘက်တွင် အချောမသတ်ရသေးသော တန်ဆောင်းကြီးတစ်ခုကို တွေ့ရသည်။ မူလအလှူရှင်ထံမှ ခွင့်ပြုချက် မရသေးသောကြောင့် ဆက်မလုပ်ကြတာဟု ဆိုသည်။ ထိုမြောက်ဘက်တွင် ထူးခြားသော ရေကန်နှင့် နဂါးရုံဘုရားရှိသည်။ ရေကန်ထဲတွင် ရေတွင်းပြုလုပ်ထားသည်။ နဂါးရှိကြောင်း၊ ရေပွက်ပြသောနေရာဟု သိရသည်။ သိုက်၊ နတ်၊ နဂါး မယုံကြည်သူကို လက်တွေ့ပြသလေ့ရှိသည်။ ရေသိမ်တစ်ခုလည်း ပြုလုပ်ထားသည်။ ဆရာတော်ကြီးများ သိမ်တက်ခဲ့သော နေရာဖြစ်သည်။ ရေကန်တွင် ကြာဖူးများ ပွင့်လျက်ရှိသည်။ ကောင်းသော နိမိတ်ဖြစ်သည်။ မကြာမီ ရွှေစေတီကြီး ပွင့်လာပါတော့မည်။ သာသနာသမိုင်း ထွန်းလင်း တောက်ပလာမည်ဟု ယုံကြည်ပါသည်။


အရှေ့မြောက်နားတွင် ဝါးရုံကြီးတစ်ခုတွေ့ရသည်။




www.burmeseclassic.com

www.burmeseclassic.com







အဲရိပ်အာဝါသ ကောင်းလှ၏။ တရားထိုင်ရန် အုတ်ဂူနှစ်လုံး ပြုလုပ်ထားသည်။ ငါးကျောင်းဆရာတော်၊ လက်ခတ်တောင်ဆရာတော်၊ ရွှေစေတီဆရာတော်အချို့ တရားကျင့်ကြခဲ့သော နေရာဟု သိရသည်။ တနင်္ဂနွေထောင့်မှ စ၍ ကျင့်ခဲ့သည်ဟု ဆိုသည်။

သာသနာသမိုင်းဝင် မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်၏ သမိုင်းကြောင်းအား ဓမ္မဒါနပြုပေးသော ဘုရားသမိုင်းစာရွက်မှ ပြန်လည်ကူးယူ ဖြည့်စွက်ပြီး အောက်ပါအတိုင်း ရေးသားဖော်ပြလိုက်ပါသည်။

◈◈◈


**မဟာသဒ္ဓမ္မရံသီ ရွှေစေတီ သာသနာသမိုင်းဝင်ခြင်း**

သက္ကရာဇ် ၆၁၄ ခုနှစ်တွင် တြိဗဟုကမ္ဘ(ဆင်ဦးကင်းကဲ့သို့ ဖိုခနောက်ဆိုင် ကုန်းမြင့်သုံးခုတည်ရာအရပ်)ဟု ဆိုအပ်သော ဥက္ကလာပအရပ်ကို စိုးစံသည့် ဥက္ကလာပမင်းဆက် ၁၂ဆက်မှ သုံးဆက်မြောက် ပုတ္တသာရ(လူလေးမင်း)ဆက်ခံစဉ် သာသနာရောင်ဝါ ထွန်းကားသည်နှင့်အညီ ဘုန်းတော်ကြီးမြတ်သော စေတီတော် (၁၀)ဆူကို အစိဋ္ဌာန်ယူ တည်ထားခဲ့သည်မှာ သာသနာသမိုင်း၌ ထင်ရှားသည်။



www.burmeseclassic.com

www.burmeseclassic.com




ဘဒ္ဒန္တသီရိပါလ ပြုစုသော ရန်အောင်မြင်စေတီတော်တွင် တြိုဟာကုမ္ဘကို "တိဂုမ္ဘ" ဟု ရေးထားသည်။ ပုတ္တသာရမင်း(လူလေးမင်း)မှာ ဥက္ကလာပမင်းကြီး၏ သားတော်ဖြစ်ပြီး မိဖုရားငယ်၏ သားတော်ဖြစ်၍ ဥက္ကလာပမင်းကြီး မရှိတော့ချိန်၌ နောင် မင်းအဆက်ဆက်အုပ်ချုပ်ပြီးမှ ပြန်လည်တိုက်ယူခဲ့ရသည်။

ရန်အောင်မြင်စေတီကို ၁၅၄ ခုနှစ်တွင် တည်သည်ဟုဆိုသောကြောင့် သက္ကရာဇ်ကွာခြားမှုကို တွေ့ရသည်။ သို့သော် မင်းဆက် ၁၂ဆက်လွန်မြောက်မှ မင်းဖြစ်ရသည်ဆိုသောကြောင့် ၆၁၄ခုနှစ်လည်း ဖြစ်နိုင်ချေရှိသည်။ သမိုင်းစာအုပ်ပြုစုပါက သက္ကရာဇ်ကို သုတေသနပြုရမည်။ အချို့ရွှေဘုန်းပွင့်စေတီသမိုင်း ရေးရာတွင် ရှေးဟောင်းသမိုင်းဝင်ဟု ရေးထားသော်လည်း ဘုရားတည်သူအမည်၊ ခုနှစ် အတိအကျရေးထားတာ မတွေ့ရပေ။ (စာရေးသူ)

ပုတ္တသာရမင်း(လူလေးမင်း) တည်ခဲ့သော စေတီ ၁၀ ဆူဆိုသည်မှာ -

(၁) ရွှေနံ့သာစေတီ (ပုလဲမြို့သစ်၊ မင်္ဂလာဒုံ)၊


(၂) ရွှေနံ့သာစေတီ (ပေါက်ဦး၊ မင်္ဂလာဒုံ)၊





www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com









(၃) ရွှေနန်းပါစေတီ (ရေတာလပေါင်း၊ မင်္ဂလာဒုံ)၊

(၄) မဟာပုဏ္ဏာစေတီ(ယခု မဟာသဒ္ဓမ္မရံသီရွှေစေတီ)၊

(၅) ကြွဏ္ဍာပုဏ္ဏာစေတီ(ကုန်းတလပေါင်း၊ မင်္ဂလာဒုံ)၊

(၆) ရွှေစားသိမ်းစေတီ (လှည်းကူး)၊

(၇) ရွှေဘုန်းပွင့်စေတီ (ပုဇွန်တောင်)၊

(၈) နာဂမုနိစေတီ (ထောက်ကြံ့၊ မင်္ဂလာဒုံ)၊

(၉) မြသိန်းတန်စေတီ (ဒဂုံမြောက်ပိုင်း)၊

(၁၀) ဇေယျာမုနိစေတီ (ဒဂုံမြောက်ပိုင်း)တို့ ဖြစ်၏။

ထိုစေတီတော် ၁၀ဆူအား ယခုအခါတွင် အတော်များများ ပြုပြင်မွမ်းမံပြီးပြီဟု သိရပါသည်။ သမိုင်းဝင် ၁၀ဆူတွင် "မဟာပုဏ္ဏာစေတီ"ဟု ဘွဲ့မည်တွင်သော "မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်"ကြီးသည်လည်း တစ်ဆူအပါအဝင်ဖြစ်သည်။


ပုတ္တသာရမင်း၏ ဖခမည်းတော် ဥက္ကလာပမင်းကြီး၏ အမည်မှာ မဟာဓမ္မရာဇာမင်းကြီးဖြစ်သည်။


သက္ကရာဇ် ၆၁၄ ခုနှစ်၊ ထိုကာလသည် ဂေါတမမြတ်စွာဘုရားကြီး၏ ဓာတ်တော် မွေတော်အဆူဆူမှာ မြတ်စွာဘုရားတို့၏ အဓိဋ္ဌာန်အစွမ်းဖြင့် ရှိသေ ပူဇော်ခြင်းရှိရာ အရပ်ဒေသများသို့ ကြွရောက် သီတင်းသုံးလျက် ရှိ





www.burmeseclassic.com


www.burmeseclassic.com
















www.burmeseclassic.com

www.burmeseclassic.com

၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

## EX–ဓာတ်ပြုမြေမိ

## အထက်တန်း လက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်


## သင်တန်းနည်းပြ

စာရေးဆရာ ဆရာမ ဝေဝေအောင်ထံမှ စာတစ်စောင်–

အမှတ် (၁၄)၊ ရွှေဘုန်းပွင့် ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်။ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၄၃၀၇၆၈၀၈
အလုပ်ချိန် -နံနက် (၇း၃၀) မှ ညနေ (၆း၀၀)

www.burmeseclassic.com

www.burmeseclassic.com



# ကြွက်ကိုက်ပုဆိုးနှင့် ပုဏ္ဏားသားအဖ

သာဓုမြေ ဘုန်းရှိန်



www.burmeseclassic.com

www.burmeseclassic.com

ဤကမ္ဘာမြေတွင် ကြွက်မျိုးပေါင်း ၁၇၀၀ ကျော်ရှိပြီး အရှေ့တောင်အာရှ၌ ကြွက်မျိုးပေါင်း ၂၀၀ ကျော်ရှိသည်ဟု ဆို၏။ ကြွက်များသည် သာမန်အားဖြင့် ဘာမျှ မှုလောက်စရာမရှိ ထင်ရသော်လည်း ဒုက္ခအမျိုးမျိုး ဆိုးကျိုးအဖုံဖုံပေးသောဘက်၌ သူမတူအောင် စွမ်းအားထက်သူများ ဖြစ်ကြသည်။

အထူးသဖြင့် လူနေအိမ်၊ အဆောက်အအုံ၊ ပရိဘောဂ အသုံးအဆောင်များ၊ အဝတ်အထည်များနှင့် စားနပ်ရိက္ခာ သီးနှံသီးပင်များကို ဖျက်ဆီးရာ၌ နံပါတ်(၁) မစွဲချင်သာ ရှိမည်၊ ရှေ့ဆုံးတန်းမှာ နေရာယူထားသည်ကတော့ အမှန်။ ကြည့်လေ၊ အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ကြွက်အပေါ်များဆုံးသော နိုင်ငံဖြစ်၍၊ လူဦးရေထက် ကြွက်ဦးရေက ဆယ်ဆလောက် ပိုများသည်ဟု ခန့်မှန်းကြ၏။ အိန္ဒိယနိုင်ငံ၏ စားသုံးသီးနှံ တန်ချိန် သုံးသန်းလောက်ကို နှစ်စဉ် ကြွက်များက ခိုးဝှက် ဖျက်ဆီး စားသောက်ပစ်ကြသည်။ ထို့ပြင်မက မြေပဲ၊ ကော်ဖီသီး၊ သစ်သီးအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်၊ ပန်းအလှပင် စသည့် အခြားအပင်ပေါက်များစွာတို့ နှစ်စဉ် သုံးကုဋေခန့် ဖျက်ဆီးခံကြရသည်ဟုလည်း ပါရဂူကြီးများက ခန့်မှန်းကြသည်။

အရှေ့တောင်အာရှ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ဆိုလျှင် နှစ်စဉ် စားသုံးသီးနှံ တန်ချိန် တစ်သန်းခွဲခန့်ကို ကြွက်များက ခိုးဝှက်ဖျက်ဆီး စားသုံးပစ်ကြသည် ဟူ၏။ အကယ်၍သာ ကြွက်များအန္တရာယ်ကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးမှု မရှိခဲ့ဘူးဆိုပါလျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၁၉၇၄ ခုနှစ်ကာလက လူပေါင်း ငါးသောင်းခန့် အစာငတ်မွတ်၍ သေဆုံးကြရသော အဖြစ်ဆိုးနှင့် ကြုံရမည်မဟုတ်ဟုပင် မှတ်ချက်ပေးသူများ ရှိခဲ့သည်။

ကြွက် ဖကောင်၏ စားနှုန်းသည် လူတစ်ယောက်စာနှင့် ညီမျှ၏ဟူသော သုတေသနပြု အဆိုတစ်ရပ်လည်း ရှိထား၏။ ယင်းအပြင် နှစ်စဉ် ကြွက်များကြောင့် သီးနှံတန်ချိန်ပေါင်း သန်း ၄၀၀ ခန့် ဆုံးရှုံးရသည်ဟုလည်း တွက်ချက်ကြသည်။ မြန်မာနိုင်ငံမှာဆိုလျှင်လည်း နှစ်စဉ် ထွက်သောသီးနှံများ၏ ၁၀ ရာခိုင်နှုန်းခန့်ကို ကြွက်များက ခိုးဝှက်ဖျက်ဆီး စားသောက်နေကြသည်ဟု ခန့်မှန်းကြသည်။ ကြွက်ဆိုသော သတ္တဝါတွေက အဲသည်လောက် ဆိုးတာ။

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ် ကာလက ဆိုလျှင် ကြွက်နှင့် စပ်လျဉ်း၍ တရားတစ်ပုဒ်ပင် ဟောကြားခဲ့ရသည်။

◈◈◈

ရာဇဂြိုဟ်မြို့တော်ကြီး၏ ကျက်သရေဆောင်တစ်ခုဖြစ်သော ဝေဠုဝန်ကျောင်းတော်၌ မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူနေသည်။ ပုဏ္ဏားကြီးတစ်ယောက်သည် ရာဇဂြိုဟ်မြို့တော်၏ ထင်ရှားသော ရပ်ကွက်တစ်ခု၏ လမ်းမကြီးတွင် နေထိုင်လျက် နိမိတ်လက္ခဏာဖတ်ခြင်း၊ ဗေဒင်ဟောကြားခြင်းဖြင့် ဥစ္စာပစ္စည်း တိုးကြွယ်ဝကာ ထင်ရှားကျော်စောနေ၏။

လူတိုင်း လူတိုင်းတွင် အကျင့်စရိုက်တစ်ခုတော့ အနည်းဆုံး ရှိတတ်ကြသည်။ ဥပမာ - အချို့သည် အိပ်ရာက ထသည်နှင့် မှန်ကြည့်တတ်ခြင်း၊ ရေတန်းသောက်တတ်ကြခြင်း၊ သို့မဟုတ် သတင်းစာ၊ စာအုပ် တစ်ခုခုပါမှ ရေအိမ်တက်တတ်ခြင်း၊ ခေါင်းကို ခဏခဏဖြီးခြင်း၊ ဖိနပ်ကို ရုပ်တိုက်စီးခြင်းတို့ဖြစ်သည်။

ပုဏ္ဏားကြီးကတော့ တစ်မျိုး။ ကိစ္စတစ်ခုခုဖြင့် အပြင်သွားတော့မည်ဆိုလျှင် သူ့ပုဆိုး၊ အင်္ကျီ၊ ခေါင်းပေါင်းတို့ကို သူကိုယ်တိုင်ရွေးယူ ဝတ်ဆင်ရမှ ကျေနပ်သည်။

တစ်နေ့တွင် ကိစ္စရှိသဖြင့် အပြင်သွားရန်အလို့ငှာ ပုဏ္ဏားကြီးသည် သူ၏ ပုဆိုး၊ အင်္ကျီ၊ ခေါင်းပေါင်းများ ထည့်ထားသော သေတ္တာကို ဖွင့်၍ ပုဆိုးတစ်ထည်ကို ဦးစွာ ထုတ်ယူလိုက်လေ၏။ ပြီးတော့ ပုဆိုးကို အသာအယာ မြှောက်ကြည့်သည်။

"ဟာ…ပုဆိုးကို ကြွက်ကိုက်သွားပြီ"

ပုဆိုးတစ်နေရာ၌ ကြွက်ကိုက်ထားသည်ကို တွေ့လိုက်ရသဖြင့် ထိတ်ထိတ်ပျာပျာအော်ရင်း ပုဆိုးကို လွှတ်ချလိုက်၏။ ယင်းနောက်…

"ဒီပုဆိုးကို အိမ်မှာ ကြာကြာထားလို့ မဖြစ်ဘူး။ အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်။ သုသာန်ကို အမြန်ပို့မှ"

ဟု ရေရွတ်၍ သူ့သားကြီးကို အော်ခေါ်လိုက်သည်။

"ဘာပြောစရာရှိလို့ပါလဲ အဖေ"

သားကြီးက အနီးသို့ ရှိသေလေးစားစွာ ချဉ်းကပ်၍ မေး၏။

"သေတ္တာထဲမှာ သိမ်းထားတဲ့ အဖေ့ပုဆိုးကို ကြွက်ကိုက်သွားတယ် သားကြီး။ အဲဒါကို တို့ အမြန်ဆုံး လွှင့်ပစ်ဖို့ လိုတယ်။ အစေခံတွေကို အပစ်ခိုင်းရင် မစွန့်ပစ်ဘဲ တိတ်တဆိတ်ယူထားပြီး အသုံးပြုနေကြမှာ စိုးရတယ်။ သူ

www.burmeseclassic.com

တို့ကို ယုံလို့ မဖြစ်ဘူး။ သားကြီးကိုယ်တိုင် ဒီကြွက်ကိုက် ပုဆိုးကို ·သုသာန်မှာ သွားပစ်မှ စိတ်ချရမှာ။ အဲဒီပုဆိုးကို သားကြီးလက်နဲ့ လုံးဝ မထိစေနဲ့နော်။ တုတ်ရှည်ရှည်နဲ့ ကောက်ယူသွားပြီ ပစ်ချေ။ ကြွက်ကိုက် အဝတ်ဆိုတာ သုံးစွဲဖို့ကို မပြောနဲ့၊ ထိတောင် မထိကောင်းဘူး။ သူ့ကို ထိမိ၊ သုံးစွဲမိတဲ့ လူမှာ ဘေးဒုက္ခအကြီးအကျယ်ရောက်စေတယ် သားကြီး"

"ဟုတ်ကဲ့ပါ အဖေ။ ဒီကြွက်ကိုက်ထားတဲ့ အဝတ်ကို မြွေဆိုးအသေတစ်ကောင်လို တုတ်ရှည်ရှည်နဲ့ ကော်ယူပစ်သလိုမျိုး ကော်ယူပြီး သုသာန်အရောက် သွားပစ်လိုက်ပါ့မယ်"

သားက ဖခင် ပုဏ္ဏားကြီးကို ကတိပေးပြီး ကြွက်ကိုက်ထားသော ပုဆိုးကို တုတ်ရှည်တစ်ချောင်းဖြင့် ကော်သွားသည်။

"သားကြီးရေ··အိမ်တိုင်တွေ၊ တံခါးတွေ၊ လှေကားတွေ၊ ခြံတံခါးတွေကို ကြွက်ကိုက်ပုဆိုးနဲ့ မထိစေနဲ့နော်"

ဖခင် ပုဏ္ဏားကြီးက လှမ်းအော် သတိပေး၏။ ပြီးတော့ သက်ပြင်းတစ်ချက်ရှိုက်၍ ဂါထာမန္တန်များ ရွတ်ဖတ်ကာ ကျန်ရစ်သည်။

ပုဏ္ဏားကြီး၏ သားကြီးသည် သုသာန်သို့ ရောက်သည်နှင့်မဆိုင်း···

"ဟယ်···ကြွက်ကိုက် ပုဆိုး၊ နင်နဲ့အတူ ဘေးဒဏ်ဟူသမျှ ယူဆောင်သွားလော့"

ဟု ဆို၍ ပုဆိုးကို လွှင့်ပစ်လိုက်သည်။

ကျွတ်ထိုက်သူတို့ကို ကြည့်၍ တရားဟောကြားတော်မူလေ့ရှိသော မြတ်စွာဘုရားရှင်သည် သုသာန်တံခါးဝ၌ ရပ်တော်မူနေ၏။

ကြွက်ကိုက် ပုဆိုးကို စွန့်ပစ်ပြီး၍ သွက်သွက်ပြန်ထွက်လာသော ပုဏ္ဏားကြီး၏ သားသည် မြတ်စွာဘုရားရှင်အနီးသို့ အမှတ်မထင် ရောက်လာ၏။ ထိုအခါ မြတ်စွာဘုရားရှင်က··· ·

"ပြီးခဲ့ပြီလော"

ဟု မေးလိုက်သည်။

"စွန့်ခဲ့ပါပြီ အရှင်ဂေါတမ"

ဟု ပုဏ္ဏားလုလင်က ပြန်ဖြေ၏။ ဘုရားရှင်လည်း··

"သို့ဖြစ်လျှင် ပုံ့သကူသင်္ကန်းအဖြစ် ငါတို့နှင့် အပ်ပြီ၊ ကြွက်ကိုက် ပုဆိုးကို ကောက်ယူတော်မူအံ့"

ဟု မိန့်တော်မူ၏။

"အရှင်ဂေါတမ··· ဤပုဆိုးကား ကြွက်ကိုက်ပုဆိုးဖြစ်နေပါသည်။ လုံးဝ မသုံးကောင်းပါ။ မကောက်ယူပါနှင့်၊ အန္တရာယ်ကြီးလှပါသည်"


ပုဏ္ဏားလုလင်က စိုးရိမ်တကြီး တား၏။ မြတ်စွာဘုရားရှင်ကား လက်တံ့တော်မမူ။ ကြွက်ကိုက် ပုဆိုးကို အသာအယာကောက်ယူပြီး ဝေဠုဝန်ကျောင်းတော်သို့ ပြန်ကြွသွားသည်။

ကြွက်ကိုက် ပုဆိုးကို ပံ့သကူ ကောက်ယူတော်မူသွားသော မြတ်စွာဘုရားရှင်နှင့် ပုဆိုးတို့ကို ထိတ်လန့်တကြားကြည့်ပြီး ပုဏ္ဏားလုလင်သည် ဖခင်ကြီးထံ အပြေးပြန်သွား၏။

"ကြွက်ကိုက် ပုဆိုးကို အဖေမှာလိုက်တဲ့အတိုင်း ပြောပြီး ပစ်ခဲ့ရဲ့လား"

ဖခင် ပုဏ္ဏားကြီးက သားကြီးကို ဆီးကြိုမေးသည်။ သားကြီးက ဖခင်မှာလိုက်သည့်အတိုင်း တစ်သဝေမတိမ်း ပြော၍ ပစ်ခဲ့ကြောင်း ပြောပြီး၊ ထိုပစ်ခဲ့သော ပုဆိုးအား မြတ်စွာဘုရားရှင်မှ ကောက်ယူသွားကြောင်းကိုပါ ထိတ်ထိတ်လန့်လန့်ပြောပြလိုက်သည်။ ပုဏ္ဏားကြီးသည် ရတနာသုံးပါးကို ကြည်ညိုသူ မဟုတ်သော်ငြား···

"ဤရာဇဂြိုဟ်မြို့တွင် ထင်ရှားကျော်စောလှသည့် မိမိကဲ့သို့သော နိမိတ်ဖတ်၊ လက္ခဏာဖတ်၊ ဗေဒင်ဟူးရားတို့



www.burmeseclassic.com

www.burmeseclassic.com



၌ ထင်ရှားသူတစ်ယောက်ရှိနေပါလျက် ရဟန်း ဂေါတမနှင့် တကွ ကျောင်းတော်တစ်ခုလုံး ပျက်စီးရမည်ဆိုလျှင် ငါ့အပေါ် ကဲ့ရဲ့ ပြစ်တင်ဖွယ်ရာဖြစ်တော့မည်"

ဟု တွေး၍ အဝတ်သစ်များ ယူဆောင်ကာ မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူရာ ဝေဠုဝန်ကျောင်းတော်သို့ သားကြီးနှင့် အတူသွားသည်။

◈◈◈

ကျောင်းတော်သို့ ရောက်ကြသောအခါ သင့်တင့်လျောက်ပတ်သော နေရာ၌ ရပ်လျက် မေး၏။

"ရှင်ဂေါတမ··· ကြွက်ကိုက် အဝတ်ကို ကောက်ယူသွားသည်ဟု ကြားပါသည်၊ ဟုတ်ပါသလား"

"မှန်တယ် ပုဏ္ဏားကြီး။ ကြွက်ကိုက် အဝတ်ကို ငါ ကောက်ယူခဲ့သည်"

ဟု မြတ်စွာဘုရားရှင်က တည်ငြိမ် အေးချမ်းစွာ ပြန်ဖြေ၏။

"ကြွက်ကိုက် အဝတ်ကို မသုံးဆောင်ပါနှင့်။ ရှင်ဂေါတမ တစ်ကျောင်းလုံး ဘေးဒုက္ခအန္တရာယ်များ ကြုံတွေ့ရပါလိမ့်မည်။ ကြွက်ကိုက် အဝတ်ကို စွန့်ပစ်လိုက်ပါ။ ကျွန်ုပ်တွင် အဝတ်သစ်များ ပါလာပါသည်။ ရှင်ဂေါတမ ယူပါလော့"

ဟု ပြောပြောဆိုဆိုဖြင့် ပါလာသော အဝတ်သစ်တို့ကို ပေး၏။ ထိုအခါ မြတ်စွာဘုရားရှင်က···

"အို··ပုဏ္ဏားကြီး၊ ငါတို့သည် ရဟန်းများ ဖြစ်ကြ၏။ ငါတို့သည် သုသာန်မှ ဖြစ်စေ၊ အမှိုက်ပုံမှ ဖြစ်စေ၊ လမ်းပေါ်မှ ဖြစ်စေ၊ သူတစ်ပါး စွန့်ပစ်ခဲ့သော ပုဆိုး(အဝတ်)ဟောင်းတို့ကို ကောက်ယူ သုံးဆောင်အပ်ကုန်၏။ ငါတို့သည် ကြားသမျှ မြင်သမျှတို့ကို မင်္ဂလာ၊ အမင်္ဂလာဟူ၍ မယုံကြည်။ ပညာရှိမှန်လျှင် မြင်တွေ့သမျှတို့ကို မင်္ဂလာ၊ အမင်္ဂလာဟူ၍ မယုံကြည်အပ်။ အို··ပုဏ္ဏားကြီး၊ အကြင်ရဟန္တာ ပုဂ္ဂိုလ်တို့တွင် ကောတုဟလ မင်္ဂလာ၊ နေကြတ်၊ လကြတ်၊ ဥက္ကာကျ၊ ကြယ်ကြွေ စသော ဥပဒ်တို့ကို လည်းကောင်း၊ အိပ်မက်အမျိုးမျိုးတို့ကို လည်းကောင်း၊ ပယ်အပ်ကုန်ပြီ၊ ဖြတ်အပ်ကုန်ပြီ။ ထို ရဟန္တာပုဂ္ဂိုလ်သည် မင်္ဂလာဒေါသဟူသော အပြစ်ကို လွန်၏။ ကိလေသာ လေးပါးဟူသော ယောဂကို လွန်၏။ စင်စစ်အားဖြင့် ရဟန္တာ ပုဂ္ဂိုလ်တို့သည် ဤလောကကို ပဋိသန္ဓေနေခြင်းဖြင့် တစ်ဖန်လာတော့မည် မဟုတ်"

ဟု ဟောတော်မူသည်။

ပညာဉာဏ်အခြေခံ ရှိထားသော ပုဏ္ဏား သားအဖတို့သည် မြတ်စွာဘုရားရှင်ထံမှ တရားတော်ကို နာယူပြီးသောတာပတ္တိဖိုလ်၌ တည်ကြလေ၏ ■

* * *

သာခွေမြေဘုန်းရှိန်

ကျမ်းကိုး

- ငါးရာ့ငါးဆယ်ကော နိပါတ်(ဂ၇) မင်္ဂလဇာတ်။




www.burmeseclassic.com

www.burmeseclassic.com

## လာရှိုးမြို့၏ ကျက်သရေတော်ဆောင်

# သာသနာ–၂၅၀၀ ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး

မင်းသုခ



သုံးလောကထွတ်တင် ဗုဒ္ဓဘုရားရှင်၏ ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရာ ရှမ်းပြည်နယ်မြောက်ပိုင်း ကမ္ဘောဇဗျာနေ လာရှိုးမြေသို့ ခရစ်သက္ကရာဇ် ၂၀၀၆ ခုနှစ်က ရောက်ရှိခဲ့သည်။ ထိုသို့ ရောက်တုန်းရောက်ခိုက် အဆိုပါ လာရှိုးမြို့၏ ကျက်သရေတော်ဆောင် ဆုတောင်းပြည့် **သာသနာ (၂၅၀၀) ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး**သို့ ဓမ္မမိတ်ဆွေဖြစ်သူ ဦးထွန်းထွန်း (အေးချမ်းသာဆေးဆိုင်)က မော်တော်ဆိုင်ကယ်ဖြင့် ကူသိုလ်ယူ ပို့ဆောင်ပေးမှုကြောင့် ဖူးမြော် ကြည်ညိုခွင့်ရခဲ့သည်။

သာသနာ ၂၅၀၀ စေတီတော်မှာ လားရှိုးမြို့၏ မြို့လယ်ကောင်ဖြစ်သော စိမ်းစိုညိုမှိုင်း၊ အုံ့ဆိုင်းရီပြာ၊ ဂုဏ်ပေါင်းဖြာသည့် "လွယ်ကန်မိန်းတောင်"(ခေါ်) "မြို့လယ်တောင်"တောင်ထိပ်တွင် တည်ငြိမ်သပ္ပာယ်စွာ စံပယ်တော်မူသည်။ စေတီတော်မှာ ကောင်းကင်အဇဋာ၊ တိမ်ပြာပြာကိုနောက်ခံထားပြီး ရွှေသားရွှေရောင် တပြောင်ပြောင်နှင့်တင့်တယ် သပ္ပာယ်တော်မူလှ၍ အဝေးမှ ဖူးမြော်ရသူအဖို့ကြည်ညိုဖူးမြော်၍မဆုံးနိုင်လောက်အောင် ဘဝင်နှလုံးကိုရွှင်ပြုံးကြည်သာ အေးချမ်းဖြာစေပါသည်။

စာရေးသူတို့ တောင်ထိပ်ပေါ်သို့ ရောက်သည်နှင့် စေတီတော်ကြီးကို လန်းဆန်းကြည်လင်၊ စိတ်အစဉ်ဖြင့် တည်ငြိမ်အေးချမ်းစွာ ကြည်ညိုပူဇော်ကြပြီး တောင်ထိပ်ရှုခင်းသာမှ သာယာလှပ၊ ရှုမဝသည့် လာရှိုးမြို့၏ သဘာဝ



www.burmeseclassic.com

www.burmeseclassic.com

ပန်းချီကားကိုလည်း အားပါးတရ ခံစားကြည့်ရှုနေမိသည်။

ထို့နောက် သာသနာ ၂၅၀၀ ကျောင်းတိုက်၊ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တကေသရ (ဗုဒ္ဓသာသနာပြု) အရှင်သူမြတ်အား ဝင်ရောက်ဖူးမြော်ပူဇော်သည်။ ဆရာတော်သည် ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းကို အခါခါစီးဖြန်း အားထုတ်တော်မူရင်း စေတီတော်၏ ဘက်စုံ ဖွံ့ဖြိုး တိုးတက်မှုအတွက် တစ်တပ်တစ်အား မရပ်မနား ကြိုးစား ဆောင်ရွက်တော်မူလျက်ရှိသည်။

ဘုရားစေတီတော်သမိုင်းကြောင်းကို ဆရာတော်အား မေးမြန်းလျှောက်ထားရာ…

“မိမိအနေဖြင့် ဤကျောင်းတိုက်သို့ (၁၂-၇-၁၉၉၂) ရက်နေ့က စတင်ကျောင်းထိုင်ခဲ့ပြီး ယနေ့အထိ စေတီဘုရားနှင့် သာသနိကအဆောက်အအုံများကို ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် ဂေါပကအဖွဲ့နှင့်အတူ သာသနာ့အကျိုး သယ်ပိုးလျက်ရှိကြောင်း၊ သာသနာ ၂၅၀၀ စေတီတော် သမိုင်းနှင့် ပတ်သက်၍ ခရစ်သက္ကရာဇ် ၁၉၅၇ ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၁၉ ခုနှစ်သည် ဗုဒ္ဓဘာသာဝင်များ၏ သာသနာ တော် ၂၅၀၀ ပြည့်နှစ်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ တိုက်တွန်းနှိုးဆော်ချက်အရ ရှမ်းပြည်နယ်တောင်ပိုင်း သိန္နီ စော်ဘွားကြီး သတိုးမဟာသရေစည်သူ စဝ်ဟုံဖနှင့် တပ်မဟာ (၆)တပ်မှူး ဗိုလ်မှူးကြီး စည်သူချစ်မြိုင်တို့ ဦးစီးပြီး သာသနာ ၂၅၀၀၊ အထိမ်းအမှတ်အဖြစ် ဉာဏ်တော် (၁၀၁) ပေမြင့်သော **“ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး”** ကို တည်ထား ကိုးကွယ်ခဲ့ကြကြောင်း”

ဆရာတော်က ရှင်းပြတော်မူသည်။

“ထိုစေတီတော်ကြီးကို ၁၃၁၉ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း ၁ရက်နေ့တွင် ပန္နက်တင် မင်္ဂလာပြုလုပ်ပြီး စတင် တည်ထားခဲ့ရာ တစ်နှစ်နှင့် တစ်လအကြာတွင် အောင်မြင်စွာ တည်ထားပြီးစီးခဲ့ကြောင်း၊ ထိုစေတီတော်အတွင်း ဌာပနာ တိုက် ၂၄ခန်းတွင် မြတ်စွာဘုရား ပွားတော်မူခန်းမှ ဓာတ်တော် ဝေငှခန်းအပါအဝင် ဌာပနာပစ္စည်းများနှင့် အများပြည်သူတို့ လှူဒါန်းကြသော ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား စသည့် ဌာပနာပစ္စည်းများကို ထည့်သွင်းလှူဒါန်းခဲ့ကြကြောင်း”

ဆရာတော်မှ အသေးစိတ် ဆက်လက်ရှင်းပြတော်မူ သည်။

စေတီတော်တည်ထားရာ၌ ထူးခြားချက်တစ်ရပ်မှာ မြေ အုတ်များ အသုံးမပြုဘဲ ၈လက်မ၊ ၉လက်မ၊ ၁၀လက်မ ရှိသော သဘာဝကျောက်ကြီးများဖြင့်သာ တည်ဆောက်ခဲ့ကြ ကြောင်း သိရသည်။

မြတ်ဗုဒ္ဓ၏ သာသနာတော်အနှစ် ၅၀၀၀၏ တစ်ဝက် ဖြစ်သော သာသနာ ၂၅၀၀ပြည့်နှစ်တွင် တည်ထားကိုးကွယ် သည့်အတွက် “သာသနာ ၂၅၀၀ ပြည်လုံးချမ်းသာ စေတီ တော်ကြီး”ဟု ဘွဲ့နာမခေါ်တွင်သည်။ ကျောင်းပိုင် ဝတ္တက မြေမှာ (၁၂၄.၉)ဧကေ ကျယ်ဝန်းကြောင်း သိရသည်။

စေတီတော်ကြီး ဘက်စုံ မွမ်းမံပြုပြင် တည်ဆောက် ရေးအဖွဲ့မှ စေတီတော်ကြီးကို ၉လက်မပတ်လည် ကြေးပြား သင်္ကန်း (၁၇၁၂)ချပ် ကပ်လှူခြင်း၊ ကြေးပြားသင်္ကန်းတော် များကို ရောင်တော်ဖွင့်ခြင်း၊ တောင်ပေါ်တက်ရန် စောင်းတန်း ၅၉ခန်းနှင့် မုခ်ဦးပြာသာဒ် တည်ဆောက်ခြင်း၊ အရန်စေတီ (၈)ဆူကို ရွှေထီးတော် တင်လှူခြင်းနှင့် အခြားပြုပြင်မှုများကို ဘက်စုံပြုပြင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စေတီတော်ကြီး၏ တောင်ဘက်ကုန်းအဆင်းတွင် တိမ် ကြားအဖွဲ့မှ ဘိုးတော် ဦးသန်းလှ ကမ္မကထပြု တည်ထား ခဲ့သော “ကမ္ဘာ့ဥသျှောင် မြတ်ဘုန်းခေါင်၊ ကမ္ဘာစေတီ တော်”ကို ဖူးမြော်နိုင်သလို၊ တိုက်အုပ် သီလရှင်ဆရာကြီး ဒေါ်ကေသီ ဦးဆောင်တည်ထားသော “လာဘမုနိ မဟာဗောဓိ စေတီတော်ကြီး”ကိုလည်း ဆက်လက် ဖူးမြော်နိုင်ပါသည်။

ဗုဒ္ဓပူဇနီယပွဲတော်ကို ရှေးယခင်က တန်ဆောင်မုန်းလ ဆန်း (၁၃-၁၄-၁၅) ရက်နေ့များတွင် မဟာဘုံကထိန် ပွဲတော်နှင့် ပူးတွဲပြီး ပွဲလမ်းသဘင်များဖြင့် ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ကြသည်။ ယခုအခါ ထိုရက်များတွင် မဟာ ဘုံကထိန်ပွဲတော် မပါဝင်တော့ဘဲ ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် ပင့်သံဃာအပါး (၂၀၀)ကျော်တို့အား တစ်မဲလျှင် ငါးထောင် ကျပ်မှ ကျပ်တစ်သိန်းအထိ ပါဝင်သော “စာရေးတံမဲ လှူဒါန်း ပွဲ”ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ကြကြောင်း သိရသည်။

သို့ဖြစ်၍ လာဘ်ပေး ရန်ကာ၊ တောင်းဆုအဖြာဖြာနှင့် ပြည့်စုံစေနိုင်သော လာရှိုးမြို့၏ ကျက်သရေတော်ဆောင် ဆုတောင်းပြည့် **“သာသနာ (၂၅၀၀) ပြည်လုံးချမ်းသာ စေတီတော်”**သို့ ဘုရားဖူးတစ်ခေါက် ကြွရောက် ကြည်ညို သဒ္ဓါပွားများကြရင်း၊ ပုတီးစိပ် အဓိဋ္ဌာန်ဝင်ကာ၊ ဘာဝနာ တရားကို အေးချမ်းစွာ ပွားများအားထုတ်နိုင်ကြပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်■

နိဗ္ဗာနသာ ပစ္စယော ဟောတု

* * *

မင်းသူရ



www.burmeseclassic.com

www.burmeseclassic.com





မလေးရှား လေကြောင်းလိုင်းမှ ဘိုးရင်း (၇၇၇)အမျိုးအစား အမှတ် MH 370 ဂျက်လေယာဉ်သည် မတ်လ(၈)ရက်၊ မလေးရှားဒေသစံတော်ချိန် နံနက် ၁နာရီ ၃၀ မိနစ်၌ အရှေ့လောင်ဂျီတွဒ် ၁၀၃ ဒီဂရီ ၃၄ မိနစ်နှင့် မြောက်လတ္တီတွဒ် ၀၆ ဒီဂရီ ၅၅မိနစ်ရှိ တောင်တရုတ်ပင်လယ်ပြင်အတွင်း ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့ပါသည်။ယင်းကဲ့သို့ လေယာဉ်ပျောက်ဆုံးမှုနှင့် ပတ်သက်၍ တစ်ပတ်တာ ကာလအချိန်ထိ ပြန်လည်ရှာဖွေတွေ့ရှိမှု မရှိသေးဘဲ သို့လော・・・သို့လော・・・ သံသယများဖြင့်သာ အပူတပြင်း ဆက်လက်ရှာဖွေလျက် ရှိနေပေသည်။ အဆိုပါ လေယာဉ်ပျောက်ဆုံးမှုအတွက် တစ်ကမ္ဘာလုံးရှိ ပြည်သူများမှ များစွာစိုးရိမ်ပူပန်လျက်ရှိပြီး များစွာစိတ်ဝင်စားလျက် ရှိနေပေသည်။ စာရေးသူ ယခုဆောင်းပါးရေးနေချိန်အထိ တိကျသောအဖြေ ဖော်ထုတ်နိုင်ရန် ဆက်လက်ကြိုးစားလျက်ရှိကြောင်း မလေးရှား ဝန်ကြီးချုပ်မှ ရှင်းလင်းပြောကြားသွားခဲ့ပါသည်။ လေယာဉ်အကြမ်းဖက်ခံရသည်ဟု ယုံကြည် ယူဆနေပုံရပြီး အရှေ့အလယ်ပိုင်းနိုင်ငံများဆီသို့ လေယာဉ်ကိစ္စ မြားဦးလှည့်ရန် တာစူနေပေသည်။ လေယာဉ်ကိစ္စနှင့် စပ်လျဉ်း၍ စာရေးသူနှင့် နိုင်ငံကျော် ဗေဒင်ပညာရှင်တစ်ဦး၏ ဟောချက်များ၊ ပြင်းခုံ ထိုးနက်ချက်များလည်း အွန်လိုင်းစာမျက်နှာများပေါ်တွင် ပေါ်ပေါက်လာခဲ့ပြီး ကာယကံရှင်များ မပြောဆိုဘဲ သတင်းထောက်တစ်ဦးဦး(သို့မဟုတ်)သတင်းမီဒီယာတစ်ခုခုမှ စိတ်ကူးယဉ်ဆန်ဆန် ရေးသားလိုက်သော သတင်းတစ်ပုဒ်မှာလည်း အွန်လိုင်းနှင့် ဖေ့စ်ဘွတ်ခ် လူတန်းစားအတွက် စိတ်ဝင်စားဖွယ်ကောင်းသော အကြောင်းကဏ္ဍတစ်ခု ဖြစ်လာခဲ့ပေသည်။ စာရေးသူအနေဖြင့်လည်း အွန်လိုင်းသတင်းအား မဟုတ်မှန်ကြောင်း မီဒီယာအသီးသီးသို့ ပြန်လည်ဖြေရှင်းခဲ့ရသည့်အပြင်၊ သတင်းမီဒီယာများမှ အသေးစိတ် သိရှိလိုသော မလေးရှား လေယာဉ်ပျောက်ဆုံးမှု သုံးသပ်ခန့်မှန်းချက်များအား နက္ခတ်သိပ္ပံရှုထောင့်အမြင်မှ ရှင်းလင်းပေးရမည့် တာဝန်မှာလည်း မိမိထံသို့ တည့်မတ်စွာ ရောက်ရှိလာပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

နက္ခတ်သိပ္ပံပညာရပ်အရ လေယာဉ်ပျောက်ဆုံးမှုအတွက် အဓိက အရေးပါသော အကြောင်းအရာမှာ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူ လေဆိပ်မှ တရုတ်နိုင်ငံ၊ ပေကျင်းမြို့သို့ လေယာဉ်စတင် ထွက်ခွာသောအချိန် နာရီမိနစ်များဖြစ်ပေသည်။ MH 370 လေယာဉ်သည် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူ လေဆိပ်မှ မတ်လ ၇ရက်နေ့ ညသန်းခေါင်ကျော်ပြီး မတ်လ ၈ရက်နေ့သို့အကူး ည ၁၂နာရီ ၄၁ မိနစ်(၀၀း၄၁)အချိန်၌ လေယာဉ်ပြေး လမ်းမမှ စတင်ထွက်ခွာ ပျံသန်းခဲ့ပါသည်။ ဗြိစ္ဆာရာသီ လဂ်ဝဂ္ဂုတ္တမ နဝင်းရရှိချိန်တွင် လေယာဉ် စတင်ပျံသန်းထွက်ခွာကြောင်း တွေ့ရှိရပြီး ဇာတာခွင်၏ နောက်ဆုံး ဝိတ်ဗျာယဘာဝ တူရာသီတွင် အင်္ဂါနှင့် ရာဟုဂြိုဟ်များ ဒီဂရီ နီးကပ်စွာ ပူးယှဉ်နေပါသည်။ အင်္ဂါဂြိုဟ်အနေဖြင့်လည်း တူရာသီအတွင်း၌ ဖောက်ပြန်ရပ်တည်နေသည့်အတွက် အင်္ဂါဂြိုဟ်၏ အစွမ်းသတ္တိ ပိုမိုပြသနိုင်သည့် ကာလဖြစ်နေပေသည်။ ရာဟုဂြိုဟ်သည် လေကြောင်းပိုင်းဆိုင်ရာ အကြောင်းကဏ္ဍများအား ကိုယ်စားပြုသည့် ဂြိုဟ်တစ်လုံးဖြစ်ပြီး အင်္ဂါဂြိုဟ်သည် အကြမ်းဖက်တိုက်ခိုက်မှုများ၊ ပေါက်ကွဲပျက်စီးမှုများအား ဖန်တီးပုံဖော်ပေးနိုင်သည့် အန္တရာယ်ဂြိုဟ်တစ်လုံးဖြစ်သည်။ သို့အတွက်ကြောင့် လေယာဉ်ဘေးအန္တရာယ် ထူးခြားဖြစ်စဉ် ဖြစ်ပေါ်စေရန် များစွာအကျိုးသက်ရောက်မှု ရှိနေပေသည်။ အင်္ဂါနှင့် ရာဟုတည်ရှိနေသည့် ရာသီခွင်မှာ တူရာသီ စရရာသီခွင်ဖြစ်သည့်အတွက် အလျှင်အမြန် ရုတ်တရက် ချက်ချင်း အဖြစ်အပျက်အကြောင်းအရာများ ပေါ်ပေါက်လာနိုင်ပါသည်။ ဥပမာအားဖြင့် ပေါက်ကွဲပျက်စီးမှု ဖြစ်ပေါ်မည်ဆိုပါကလည်း မည်သူမှ မထင်မှတ်သည့်အချိန်၌ မည်သည့်အကူအညီမှ မတောင်းခံနိုင်မီ လေထုထဲ၌ပင် ပေါက်ကွဲပျက်စီးသွားနိုင်ပေသည်။




မလေးရှားနိုင်ငံ၊ ကွာလမ်လမ်ပူ လေဆိပ်မှ လေယာဉ် စတင်ထွက်ခွာချိန် ဇာတာခွင်၊


လေယာဉ် စတင်ပျံသန်းစဉ်အချိန်ကာလသည် ဗြိစ္ဆာရာသီလဂ်ဖြစ်နေသည့်အတွက်ကြောင့် (၁၂)ရာသီခွင်၌ လျှို့ဝှက်ဆန်းကြယ်မှုများ အများဆုံး လွှမ်းမိုးထားသော ရာသီလဂ်ဖြစ်နေပါသည်။ သို့အတွက်ကြောင့် လေယာဉ်သည် ထူးဆန်းစွာ ပျောက်ဆုံးသော အခြေအနေသို့ ရောက်ရှိခဲ့ပြီး တစ်ကမ္ဘာလုံးမှ လျှို့ဝှက်ဆန်းကြယ်ဖြစ်စဉ်အဖြစ် သတိထားစောင့်ကြည့်ခဲ့ရပေသည်။ လေယာဉ်၏ နံပါတ် (၃၇၀)မှာလည်း နက္ခတ်ပညာသတ်မှတ်ချက်အရ အင်္ဂါဂြိုဟ်အား ကိုယ်စားပြုသည့် ၃ဂဏန်းနှင့် စနေဂြိုဟ်အား ကိုယ်စားပြုသော (၇၊ ၀) ဂဏန်းများ ပေါင်းစပ် လွှမ်းမိုးနေပေရာ ဗျာယဘာဝ တူရာသီရှိ စနေနှင့် အင်္ဂါဂြိုဟ်တို့၏ အဖျက်အားများ ပါဝင်၍နေပေသည်။ လေယာဉ်အား ပြန်လည်တွေ့ရှိနိုင်သည့် နေ့ရက်များမှာ ဖြစ်စဉ်ပေါ်ပေါက်ပြီး ၇ရက်နှင့် ၁၀ရက်အတွင်းဖြစ်သည့် မတ်လ ၁၅ရက်မှ ၁၈ရက်အတွင်းရှိ ကာလများဖြစ်ပါသည်။ လေယာဉ်အား ပင်လယ်ရေပြင်ထက် လူသူအရောက်အပေါက်နည်းပါးသော တောတောင်များ (သို့မဟုတ်)


www.burmeseclassic.com


www.burmeseclassic.com

ပင်လယ်ကမ်းစပ်များ၌ ပြန်လည်တွေ့ရှိနိုင်ပါသည်။

လေယာဉ်ပျောက်ဆုံးမှုနှင့် ပတ်သက်၍ ဖြစ်နိုင်ခြေများအား သုံးသပ်တင်ပြရာ၌ လေယာဉ်ကို ဦးစီးဦးဆောင်ပြု မောင်းနှင်သူ လေယာဉ်မှူး (Pilot Captain)၏ ဇာတာမှာလည်း အဓိက အရေးပါသည့် အခန်းကဏ္ဍ၌ ရှိနေပါသည်။ လေယာဉ်တစ်စီးလုံးအား ဦးဆောင် မောင်းနှင်သည့် Captain ဖြစ်ခြင်းကြောင့် သူ၏ ကံဇာတာအကောင်း-အဆိုးသည် လေယာဉ်စီးခရီးသည်များနှင့် များစွာဆက်နွယ်လျက် ရှိနေပေသည်။ လေယာဉ်မှူး Captain ၏ မွေးဖွားလာ အချက်အလက်များသည် လွယ်ကူစွာ စုံစမ်းရှာဖွေနိုင်သည့်အတွက် ဇာတာဖွဲ့၍ လေယာဉ်ပျောက်ဆုံးမှု အခန်းကဏ္ဍ၌ ထည့်သွင်းထားပါသည်။ လေယာဉ်ပေါ်၌ စီးနင်းလိုက်ပါကြသော ခရီးသည်များ၏ ကံဇာတာမှာလည်း အရေးပါသော်လည်း။ လက်တလောအချိန် ရှာဖွေစုဆောင်းရန် မလွယ်ကူသည့်အတွက် လေယာဉ်မှူး၏ ဇာတာကိုသာ သုံးသပ်ဖော်ပြပေးထားပါသည်။ လေယာဉ်မှူး၏ မွေးဖွားချိန်ကို မသိရှိနိုင်သေးသည့်အတွက် ရာသီဇာတာခွင်နေ ဂြိုဟ်ရပ်တည်မှုများအား အောက်ပါအတိုင်း တွေ့ရပါလိမ့်မည်။



လေယာဉ်မှူး **Zaharie Ahmad Shah**





လေယာဉ်မှူး၏ ဇာတာခွင်

လေယာဉ်မှူး၏ ဇာတာခွင်၌ သိဟ်ရာသီတွင် အင်္ဂါနှင့် ရာဟု၊ ယူရေးနပ်စ်နှင့် ပလူတိုဂြိုဟ်များ ယှဉ်တွဲရပ်တည်နေခြင်းသည် လေကြောင်းပိုင်းဆိုင်ရာ အန္တရာယ်များ တွေ့ကြုံနိုင်ကြောင်း သက်သေပြလျက်ရှိနေပေသည်။ ထိုသို့ တွေ့ကြုံရာ၌ သိဟ်ရာသီသည် မီးရာသီဖြစ်သည့်အတွက် လေထုထဲ၌ မီးလောင် ပေါက်ကွဲပြီး ဘေးဥပါဒ်အန္တရာယ်တွေ့ကြုံနိုင်ကြောင်း ကောက်ချက်ချ ယူဆ သုံးသပ်နိုင်ပါသည်။ လေယာဉ်သည် အဆိုးဆုံး ကြုံနိုင်သည့် ဂြိုဟ်ရပ်တည်မှုများ ရှိနေသော်လည်း ကယ်တင်ပေးနိုင်သည့် ဂြိုဟ်ရပ်တည်မှုများအား ပြန်လည်ဆန်းစစ် သုံးသပ်ရာ၌ ဗြိစ္ဆာလဂ် ဝဂ္ဂုတ္တမ နဝင်း စီးနင်းထားမှု၊ လဂ်သခင် အင်္ဂါ ဝဂ္ဂုတ္တမ နဝင်းစီးနင်းထားမှု၊ အားကောင်းသည့် တနင်္လာဥစ်စန်းမှ ပြိဿရာသီမှ ဗြိစ္ဆာလဂ်သို့ (၁၈၀)ဒီဂရီ အကွာအဝေးဖြင့် အမြင်ရှိပေးထားမှုများကို တွေ့ရှိရပါသည်။ သို့သော် ကယ်တင်ရှင်တို့၏ အဓိပတိ ကြာသပတေးဂြိုဟ် မေထုန်ရာသီ မရဏဘာဝတွင် ရပ်တည်၍ သီးခြားတည်ရှိနေသည့်အတွက် ကယ်တင်မှုအား လျော့နည်းနေပါသည်။ သို့ပါ၍ အဆိုးဆုံးအခြေအနေ ၇၅ရာခိုင်နှုန်းခန့်အထိ ရှိနိုင်ပြီး ကံကောင်းမြင့်အခွင့်အလမ်း ၂၅ ရာခိုင်နှုန်းခန့် ရှိနေပါသည်။


www.burmeseclassic.com

www.burmeseclassic.com




<u>မလေးရှား လေယာဉ်ပျောက်ဆုံးမှု သရုပ်ပြမြေပုံ</u>

မလေးရှားလေယာဉ် MH 370 ၏ ထူးတန်းစွာ ပျောက်ဆုံးသွားမှု ဖြစ်စဉ်ကြီးသည် ၂၁ရာစု၏ လေကြောင်းလိုင်းများ ထိန်းသိမ်းဆက်သွယ်မှု အားနည်းချက်များ ရှိနေကြောင်းကို လှစ်ဟ ပြသလိုက်သည့် ထူးခြားဖြစ်စဉ်တစ်ရပ် ဖြစ်ပေသည်။ လေယာဉ်အား ဆက်သွယ်နိုင်သော Black Box ကိုလည်း စာရေးသူ ဆောင်းပါးရေးသားနေချိန် မတ်လ ၁၆ ရက်နေ့အထိ ရှာဖွေတွေ့ရှိနိုင်ခြင်း မရှိသေးပေ။ လေယာဉ်နှင့် ပတ်သက်၍ ပြန်ပေးအကြမ်းဖက်မှုများအပေါ်သာ ပိုမို အာရုံစူးစိုက်လျက်ရှိပြီး ပင်လယ်ရေမျက်နှာပြင်တို့အပေါ် ရှာဖွေနေသည့် အစီအစဉ်များမှာလည်း ခြေကုန်လက်ပန်းကျသည့်အချိန်သို့ ရောက်ရှိလာချိန်ဖြစ်ပေသည်။ နက္ခတ်သိပ္ပံ ဂြိုဟ်ရပ်တည်မှုတို့အရ လေယာဉ်သည် ရုတ်တရက် ပြင်းထန်စွာ ပေါက်ကွဲပျက်စီးပြီး တောတောင်ထူထပ်၍ လူသူအရောက်အပေါက်နည်းသည့် နေရာတစ်ခုၡ အပိုင်းအစ အစိတ်အပိုင်းများရှိနေနိုင်ပြီး မကြာမီရက်ပိုင်း၌ အဆိုပါ အစိတ်အပိုင်းများအား ပြန်လည်၍ တွေ့ရှိလာနိုင်ပေသည်။ သုံးသပ်ချက်များ၌ လွဲချော်သွားနိုင်သော အကြောင်းအချက်အချို့ ရှိနိုင်သော်လည်း ပြန်ပေးဆွဲပြီး လေယာဉ်အား ထိန်းသိမ်းထားမှုအခြေအနေမှာ များစွာနည်းပါးနေပါသည်။ 9/11 ဖြစ်စဉ်ကဲ့သို့ လေယာဉ်ပေါ်၌ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးမှုကို ဆောင်ရွက်သည့် အခြေအနေမျိုးလည်း ဖြစ်နိုင်ပါသည်။ လေယာဉ်နှင့် ပတ်သက်၍ ဟောချက်များအား တွက်ချက်သုံးသပ်ရာ၌ အဆိုးအား ၇၅ ရာခိုင်နှုန်းခန့် များနေသည့်အတွက် ပါဝင်ပတ်သက်နေသည့် မိသားစုအားလုံးအား ဝမ်းနည်းစွာဖြင့် တောင်းပန်အပ်ပြီး ကောင်းအား ၂၅ရာခိုင်နှုန်းခန့်သာ ရှိနေသည့်အတွက် အဆိုးကို အကောင်းဘက်ဆီသို့သာ ရောက်ရှိစေလိုပါသည်။ မိမိ၏ သုံးသပ်ယူဆချက်များ လွဲချော်မှားယွင်းပြီး လေယာဉ်ပေါ်ရှိ အမှုထမ်း၊ ခရီးသည်အားလုံးအား အသက်ရှင်လျက် မိသားစု အသီးသီး ရင်ခွင်ဆီသို့ ပြန်လည်ရောက်ရှိစေဖို့ ဆုတောင်း မေတ္တာပို့လျက်···■

ဦးဇေယျာကို (နက္ခတ်သိပ္ပံ)

၀၉ ၅၁၉၃၃၄၃

*****

www.burmeseclassic.com

# အရှင်ဓမာ
(ရွှေပြည်သာ)

# ဆန္ဒရာဂ၏ အကျိုးဆက်



www.burmeseclassic.com

www.burmeseclassic.com

**မိတ်ဆွေ . . .**

သင်သည် အသိဉာဏ်များ ပေါကြွယ်ဝသော ပုထုဇဉ် လူသားများထဲမှာထဲက လူသားတစ်ဦးဖြစ်ပါ၏။ ထိုကြွယ်ဝသော အသိဉာဏ်ဖြင့် သင်၏ ဆန္ဒရာဂကို ထိန်းချုပ်နိုင်အောင် ကြိုးစားရပါလိမ့်မည်။ ထိုသို့ကြိုးစားရာဝယ် သင်၏ လူ့ကျင့်ဝတ် ဂုဏ်သိက္ခာနှင့် ဖြစ်စေ၊ သင်၏ ရာထူးအဆင့်အတန်းဂုဏ်သိက္ခာနှင့် ဖြစ်စေ၊ သင်၏ ဘာသာရေး လူမှုရေး အသိုင်းအဝိုင်းဂုဏ်သိက္ခာတို့ဖြင့် ဖြစ်စေ၊ သင်၏ ဆန္ဒရာဂကို ထိန်းချုပ်ရပါလိမ့်မည်။ ဆိုလိုတာက ဆန္ဒကို သိက္ခာနှင့် ထိန်းချုပ်ရပါလိမ့်မည်။

**မိတ်ဆွေ . . .**

သင်သည် သင်၏ မြင်သိစိတ်နှင့် ချောမောလှပသော ရုပ်ရုံတစ်ခုခုကို ထိတွေ့ရာမှ ထွက်ပေါ်လာ သောခံစားခြင်းသဘောကို မိမိ၏ အသိဉာဏ်ဆင်ခြင်တုံတရားနှင့် မထိန်းချုပ်ပါက ထိုခံစားခြင်းကို အကြောင်းပြု၍ စွဲလန်းတပ်မက်ခြင်းကြောင့် ထိုစွဲလန်းတပ်မက်သောအရာကို မရ,ရတဲ့ နည်းနဲ့ ရှာဖွေလာပါလိမ့်မည်။ ထိုသို့ ရှာဖွေလို့ ရရှိလာတဲ့ အရာဝတ္ထုကို အသုံးချဖို့အတွက် မိမိစိတ်ဖြင့် သုံးသပ်ပြီး ဆုံးဖြတ်ချက်ချရပါလိမ့်မည်။ ထိုသို့ ဆုံးဖြတ်ချက်ချပြီးတာနဲ့ လိုချင်မှု ဆန္ဒရာဂ ဖြစ်တာပါပဲ။ လိုချင်မှု ဆန္ဒရာဂဖြစ်လာတော့ အရာဝတ္ထုတို့ရဲ့အပေါ်မှာ ငါ့ဟာ၊ ငါ့ဉစ္စာလို့ သိမ်းပိုက်လာပါလိမ့်မည်။ သိမ်းပိုက်ပြီးတာနဲ့ သူတစ်ပါးကို လွှဲပေးလိုစိတ်မရှိတော့ဘူး။ ထိုသို့ လွှဲမပေးခြင်းသည်ပင်လျှင် ဝန်တိုခြင်း မစ္ဆရိယဖြစ်လာတာပါပဲ။ ထိုဝန်တိုခြင်း မစ္ဆရိယကိုအကြောင်းပြုလို့ ကာကွယ်စောင့်ရှောက်ခြင်း၊ ဖုံးကွယ်ခြင်း၊ တိုက်ခိုက်ခြင်း၊ ရန်လိုခြင်းတွေ ဖြစ်လာပါလိမ့်မည်။ ရန်လိုခြင်းဖြစ်လာတာနဲ့ ထိုလူသားဟာ လက်နက်မျိုးစုံရှာလာပါလိမ့်မည်။ ထိုလက်နက်အားကိုးနဲ့ လူတစ်ဖက်သားကို ဖိနှိပ်မှုတွေ၊ ချုပ်ချယ်မှုတွေ၊ ကန့်သတ်မှုတွေ၊ အမိန့်ပေးမှုတွေ၊ ခေါင်းပုံဖြတ်မှုတွေ၊ နယ်မြေလု စစ်ပွဲတွေ၊ တစ်ယောက်နှင့် တစ်ယောက်စွပ်စွဲပြစ်တင်တာတွေ၊ တစ်ယောက်ဂုဏ်သိက္ခာကို တစ်ယောက်က ချိုးနှိမ်ကြတာတွေ၊ လူကို လူလို မဆက်ဆံတာတွေ၊ လူသားချင်း စာနာထောက်ထားမှု မရှိတာတွေ၊ မဟုတ်မမှန် လုပ်ကြံဇာတ်လမ်း ခင်းရတာတွေ၊ မတရားမှုတွေ ကျယ်ပြန့်အောင် လုပ်ဆောင်ရတာတွေ များလာပါလိမ့်မည်။ ထိုသို့ မတရားမှုတွေ လုပ်ဆောင်ချက် ကျယ်ပြန့်လာတော့ မနုဿ ကမ္ဘာကြီးဟာ ဆူပွက် ပွလောင်လာပါလိမ့်မည်။ ထိုသို့ တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ လူသားချင်း ရန်စောင်ပြီး ဆူပွက် ပွလောင်ဖန်များလာပါက ဘာသာရေးစစ်ပွဲတွေ၊ လူမျိုးရေးစစ်ပွဲတွေ ပေါ်ပေါက်လာပြီး လူမျိုးတုံး သတ်ဖြတ်ကြသည်အထိ ဒေါသ မာန်မာန အာဃာတ တရားတွေ စိုးမိုးလာပါလိမ့်မည်။ ထိုလိုချင်မှု ဆန္ဒရာဂကြောင့် ဖြစ်ပါ၏။

ဥပမာ- သာသနသမိုင်းစာမျက်နှာများတွင် ကောသလသံယုတ်ဟု သီးသန့်ကဏ္ဍသစ်တစ်ခု ဖွင့်လှစ်နိုင်ရလောက်အောင်ထိ နာမည်ကြီး ကျော်ကြားခဲ့သော ပသေနဒီကောသလမင်း၏ အပြုအမူလုပ်ဆောင်ချက်ပေါင်း မြောက်မြားစွာထဲမှ မကောင်းသတင်းနှင့် ကျော်ကြားခဲ့သော ပြုမူလုပ်ဆောင်ချက် အစိတ်အပိုင်းကလေးတစ်ခုကို တင်ပြလိုပါ၏။

ပသေနဒီ ကောသလမင်းကြီး၏ ပင်ကိုယ်စိတ်သည် ကာမရာဂနှင့် စပ်ယှဉ်နေပါ၏။ ထို့ကြောင့် သူသည် အလိုရမ္မက်အားကြီး၏၊ အစားလည်း ကြီး၏၊ အအိပ်လည်းကြီး၏။ ထိုရာဂစိတ်ကြောင့် သူ၏ ရုပ်လက္ခဏာအသွင်သဏ္ဌာန်များသည် ကောက်ကျစ်စဉ်းလဲသော အသွင်သဏ္ဌာန်ဆောင်နေ၏။ သူ၏ ဆန့်ကျင်ဘက်လိင်များကို ကြည့်သော အကြည့်သည် ပြင်းပြသော ဆန္ဒရာဂကြောင့် ဘယ်သူ့ကိုမျှ ညှာတာထောက်ထားမှုမရှိဘဲ စိုးမိုးသိမ်းပိုက်လိုသော အကြည့်မျိုးဖြစ်၏။ ရုပ်ကြမ်း၏။ အရှက်အကြောက် အားနည်း၏။

တစ်နေ့သောအခါ ပုဏ္ဏရိက ဆင်ဖြူတော်ကို စီးပြီး စစ်သည်ဗိုလ်ပါများနှင့် တိုင်းခန်းလှည့်လည်စဉ်၊ အမျိုးသမီးတစ်ဦးကလည်း ဘုရင်ကို ထွက်ကြည့်၊ ဘုရင်ကလည်း လှည့်အကြည့်တွင် အကြည့်ချင်းဆုံမိသွားသောကြောင့် ထိုအမျိုးသမီးအပေါ်မှာ တမ်းတမ်းစွဲမိသော ဆန္ဒရာဂကြောင့် ဆင်ပေါ်မှ လိမ့်ကျမတတ် ခံစားရကာ၊ ရှေ့သို့ ခရီးမဆက်နိုင်တော့ဘဲ၊ ထိုအမျိုးသမီးမှာ ကာမပိုင် လင်ယောက်ျား ရှိ, မရှိ စုံစမ်းခိုင်းလိုက်၏။ လင်ရှိ မယားဖြစ်မှန်း သိသွားသောအခါ လင်ယောက်ျားကို ခေါ်ယူ၍ နန်းတွင်းဝန်ထမ်းအဖြစ် အလုပ်ခန့်အပ်လိုက်၏။ ကောသလမင်း လင်ယောက်ျားအား အလုပ်ခန့်ခြင်းသည် ကောင်းသော အလုပ်ခန့်ခြင်းမဟုတ်၊ လုပ်ငန်းခွင်အတွင်း ပြဿနာဖြစ်အောင် ဖန်တီး၍ လင်ယောက်ျားအား သေဒဏ်ပေးကာ မယားကို အပိုင်သိမ်းပိုက်ရန်ဖြစ်ပါ၏။ ကောသလမင်း၏ စိတ်ဓာတ်သည် လူ့ကျင့်



www.burmeseclassic.com

www.burmeseclassic.com

ဝတ်ရှုထောင့်ကပဲ ကြည့်ကြည့်၊ မီးဖိုချောင်မှ အမျိုးသမီးများ စွန့်ပစ်ထားသည့် လက်နှီးစုတ်လောက် တန်ဖိုးမရှိသော စိတ်ဓာတ်မျိုးဖြစ်ပါ၏။ ထိုစိတ်ဓာတ်မျိုးဖြင့် သာဝတ္ထိပြည်တစ်ခုလုံးကို စိုးမိုးအုပ်ချုပ်နိုင်ခဲ့သည်မှာလည်း အံ့ဖွယ်တစ်ခုပင်ဖြစ်ပါ၏။ ကောသလမင်းကြီး၏ အနီးအနားတွင် မလိကာမိဖုရားလို အမြော်အမြင်ကြီးမားသော မိတ်ဆွေကောင်းသာ မရှိခဲ့ပါက ဒေဝဒတ်က ဘုရားရှင်ကို စော်ကားခဲ့သလို၊ ကောသလမင်းလည်း စော်ကားမည့် လက္ခဏာအရိပ်အရောင်များ ရှိပါ၏။

တစ်နေ့ ကောသလမင်းသည် ဘုရားရှင်နှင့် တွေ့၏။ သို့သော် သူသည် သစ္စာတရားကို နာရမှန်းမသိ။

"အရှင် ဂေါတမသည် အတုမရှိသော သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိ၏ဟု ဝန်ခံပါ၏လော"

ဟု ဗုဒ္ဓအပေါ် ယုံကြည်မှု အားနည်းပြီး ရိသဲ့သဲ့ မေးခွန်းမျိုးကို လည်းကောင်း၊

"အရှင်ဂေါတမ . . . အကြွင်သမဏ၊ ဗြာဟ္မဏတို့သည် အဖွဲ့အစည်းဂိုဏ်းဂဏတို့နှင့် ပြည့်စုံကြပါပေ၏။ ထင်ရှားကျော်ကြား၍ အခြံအရံ ပရိသတ်အများအပြားရှိကြပါ၏။ အယူဝါဒများကိုလည်း တီထွင်နိုင်ကြပါ၏။ လူအများက ဘုရားဟု သမုတ်ကြပါ၏။ ထိုသူတို့သည်ကား ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ သဥ္စယဗေလဋ္ဌပုတ္တ၊ ပကုဓကိစ္စာန၊ ကေသကမ္ဗလတို့ ဖြစ်ပါ၏။ ထိုသမဏ၊ ဗြာဟ္မဏတို့သော်မှ သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိ၏ဟု ဝန်မခံကြပါ။ အရှင်ဂေါတမက အရွယ်အားဖြင့်လည်း ငယ်ပါတယ်။ ပြသစ်စ ရဟန်းလည်းဖြစ်ပါတယ်။ သို့ဖြစ်ပါလျက် သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိ၏ဟု အဘယ်ကြောင့် ဝန်ခံပါသနည်း"

ဟု ဗုဒ္ဓအပေါ် အထင်အမြင်သေးသော မေးခွန်းမျိုး မေးခြင်းကို ထောက်ဆသောအားဖြင့် ကောသလဘုရင်၏ ဘာသာရေးပုံရိပ်ကို ပေါ်လွင်စေပါသည်။

ထို့ပြင် ဘာသာရေးကို ခုတုံးလုပ်၍ ကျော်ကြား ထင်ပေါ်လိုသောစိတ်ဖြင့် ရဟန်းတော်များကို နန်းတွင်းသို့ ပင့်၍ ဆွမ်းလောင်းလှူပြန်သေး၏။ ထိုဆွမ်းလောင်းလှူရခြင်း၏ ရည်ရွယ်ချက်ကား သာကီဝင်မျိုးနွယ်စုများနှင့် ဗုဒ္ဓဘာသာဝင်များ မိမိထံသို့ ချဉ်းကပ်လာရန် ရည်ရွယ်ခြင်းသာ ဖြစ်ပါ၏။ မက္ခလိဂေါသာလ အစရှိသော တက္ကတွန်းဆရာကြီးခြောက်ယောက်တို့သည်လည်း ထိုခေတ်အချိန်အခါက လူကြိုက်များနေသော ပုဂ္ဂိုလ်များ ဖြစ်နေသောကြောင့် ထိုတက္ကတွန်းတို့၏ ပရိသတ်ကို လိုချင်လွန်းလို့ တက္ကတွန်းများကိုလည်း မဆည်းကပ်ဘဲ နတ်ကိုသာ ယင်ပူဇော်နေကြသောလူများ ကျန်ရှိနေသေး၏။ ထိုနတ်ကိုးကွယ်သူများ ချစ်ခင်မြတ်နိုးမှုကို ခံယူနိုင်ရန်အတွက်၊ နွားလားဥသဘအကောင်ငါးရာ၊ နွားထီးငယ် ငါးရာ၊ နွားမငယ် ငါးရာ၊ ဆိတ်ငါးရာ၊ သိုးငါးရာတို့၏ လည်ချောင်းသွေးဖြင့် ယဇ်နတ်ပူဇော်ပွဲကြီးကိုလည်း ခြိမ့်ခြိမ့်သဲအောင် ကျင်းပပြုလုပ်ပေးလိုက်သေး၏။

ကောသလမင်း၏ သဘောထားကို ယခုခေတ် နိုင်ငံရေးသမားတို့၏ စကားကို ငှားသုံးပြီး ပြောရမည်ဆိုပါက "မြေကို လိုက်၍ အရောင်ပြောင်းတတ်သော မြွေပွေးလို" ဟု ပြောရပါလိမ့်မည်။ ဗုဒ္ဓနှင့် တွေ့ချိန်မှာ "တပည့်တော်ကို ဥပါသကာတစ်ဦးအဖြစ် အသိအမှတ်ပြုပါ"ဟု ပြော၏။ တက္ကတွန်းများနှင့် တွေ့ချိန်မှာ "တပည့်တော်ကို အဆောင်ဂါထာလေး ရေးပေးပါ"ဟု တောင်းဆိုပြန်၏။ နတ်ကိုးကွယ်သူများနှင့် တွေ့ဆုံသည့်အခါ "ငါလည်း အစားကြူးသူဖြစ်သောကြောင့် သားကောင်များကို သတ်ပြီး ယဇ်နတ်ပူဇော်ရန် ဝါသနာပါသည်"ဟု ပြောလိမ့်မည်ဟု ယူဆမိပါ၏။

ကောသလမင်းကြီး၏ သဘောထား အပြုအမူနှင့် လုပ်ဆောင်ချက်ကို သုံးသပ်ကြည့်ပါက ရယူခြင်းနှင့် ပေးဆပ်ခြင်း နှစ်မျိုးတို့တွင် ရယူခြင်းဘက်သို့ အားသာနေပါ၏။ သူ ပေးဆပ်သည်ဟူရာ၌လည်း မိမိအကျိုးအတွက် မျှော်ကိုး၍ ပေးဆပ်ခြင်းသာ ဖြစ်ပါ၏။ ထိုသို့ ရယူခြင်းနှင့်သာ အသက်ရှင်ပြီး ပေးဆပ်ခြင်းကို လျစ်လျူရှုထားပါက လူ့ဂုဏ်သိက္ခာများ ညှိုးနွမ်းပြီး လောကအလယ်မှာ မျက်နှာငယ်ငယ်နှင့် အသက်ရှင်ရပ်တည်နေရပါလိမ့်မည်။

**မိတ်ဆွေ . . .**

သင်သည် လူ့လောကအလယ်မှာ ဂုဏ်သိက္ခာရှိရှိနှင့် အသက်ရှင် ရပ်တည်နေလိုသလား။ မိမိ၏ ဆန္ဒရာဂကို သတိ၊ ပညာ၊ သိက္ခာတို့ဖြင့် ထိန်းချုပ်ပါ။ ပေးဆပ်ခြင်းနှင့် ရယူခြင်း နှစ်မျိုးကို မျှတအောင် ကြိုးစားပါ။ မိမိတို့၏ ဘဝကို ခိုင်မာသော ကိုယ်ကျင့်တရားဖြင့် တည်ဆောက်သွားပါက လူ့လောကအလယ်မှာ ဂုဏ်သိက္ခာရှိရှိနှင့် အသက်ရှင်ရပ်တည်နေရပါလိမ့်မည် ■

* * *

အရှင်ခေမာ(ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com




မျက်တော်ရှင်ဘုရား
ရွှေတိဂုံစေတီတော်၊ ဗဟန်းမြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com

# မျက်ရှင်တော်

သက်နှင်းဆွေ (ပုပ္ပား)



(၁)

ရွှေတိဂုံဘုရားသို့ ရောက်တိုင်း အလျဉ်းသင့်သလို ကျွန်တော် မကြာခဏ ဖူးဖြစ်သည့် ဘုရားတွေ ရှိသည်။ ရှင်စောပုဘုရား၊ နေလဘုရား၊ ဓမ္မပါလဘုရား၊ ဓမ္မစေတီ ဘုရား၊ ရှင်မထီးဘုရား၊ ဝိဇ္ဇာဇော်ဂျီဘုရား၊ နောင်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ဘုရား စသည့် နေရာထူးတွေကို အချိန်ရလျှင်ရသလို လှည့်လည် ဖူးမြော်ဖြစ်သည်။ လက်ညှိုးတော် ရေစက်ကျဘုရား၊ ရှင်မကွဲဘုရား၊ ဆယ်တော်မူဘုရား၊ ပြဒါးရှင်ဘုရားနှင့် မဟာဗောဓိညောင်ပင်ကြီးတို့ကိုလည်း တမင် အချိန်ယူပြီး ဖူးဖြစ်နေခဲ့သည်။

တစ်ခါတလေတော့လည်း ဘာရယ်မဟုတ်ပါဘဲ သားဆုပန်ဘုရားရှေ့မှာရပ်ပြီး ဘုရားကို ကြည်ညိုနေမိခဲ့သည်။ သည်ဘက်နှစ်တွေမှာ ဖူးချင်ပါလျက် မဖူးဖြစ်သည့် ဘုရားမှာ အထက်ပစ္စယံမှ **"ပတ္တမြားမျက်ရှင်ဘုရား"** ဖြစ်သည်။ လွန်ခဲ့သည့် ၁၀နှစ်လောက်တုန်းက ပတ္တမြားမျက်ရှင်ဘုရားကို အပတ်စဉ်တက်ဖူးဖြစ်သည်။ ထိုဘုရားတွင် သစ္စာအဓိဋ္ဌာန်တွေ အကြိမ်ကြိမ်ပြုခဲ့ဖူးသည်။

ယခုတော့ ထိုဘုရားကို တက်ဖူးဖို့ လက်မှတ်လည်း မရှိတော့။ လက်မှတ်အသစ်လည်း ထပ်မလုပ်ဖြစ်တော့။ အမှန်တော့ ကျွန်တော့်စိတ်ထဲမှာလည်း ထိုဘုရားကို တက်ပြီး ဖူးဖို့၊ သို့မဟုတ် အဓိဋ္ဌာန်ဝင်ဖို့ သိပ်ပြီး စိတ်အားထက်သန်မှု မရှိသေးလို့လည်း ဖြစ်နိုင်သည်။ သို့မဟုတ် ထိုဘုရားမှာ အဓိဋ္ဌာန်ပြုဖို့ မလိုအပ်သေးသည့် အကြောင်းတရားကြောင့်လည်း ဖြစ်နိုင်သည်။

၂၀၁၂ ဇွန်လလောက်ကတည်းက ရွှေတိဂုံဘုရားသို့ နေ့စဉ်တက်ပြီး ဖူးဖြစ်နေသည့် ကာလတစ်လျှောက်လုံး မကြာခဏဆိုသလို စိတ်လိုလက်ရ ဖူးဖြစ်နေသည့် ဘုရားတစ်ဆူရှိသည်။ ထိုဘုရားမှာ **"မျက်ရှင်တော်ဘုရား"** ဖြစ်သည်။ မျက်ရှင်တော်ဘုရားက ပတ္တမြားမျက်ရှင်ဘုရားနှင့် အမည်ဘွဲ့တော် ခပ်ဆင်ဆင်ပေမယ့် သီးခြားစီဖြစ်သည်။

မျက်ရှင်တော်ဘုရားက ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်တော် ရာဟုထောင့်ရှိ အောင်မြေအနီးမှာ ရှိသည်။ "ဘာရယ်မဟုတ်၊ မကြာခဏဝင်ပြီး ဖူးဖြစ်နေသည်" ဆိုသည့် စကားက အပေါ်ယံဆန်လွန်းနေမည်ထင်သည်။ အမှန်တော့ ကျွန်တော်သည် သွားရင်းလာရင်း အကြောင်းတိုက်ဆိုင်သွားကာ ဝင်ဖူးဖြစ်သည့် ဘုရားတွေလည်း ရှိသည်၊ တကူးတက ရည်စူးပြီး ဝင်ဖူးဖြစ်သည့် ဘုရားတွေလည်း ရှိသည်။

ဘယ်လိုအကြောင်းနှင့်ပဲ ဝင်ဖူးဖြစ် ဝင်ဖူးဖြစ်၊ ဖူးသည့်အချိန်မှာတော့ ကျကျနနဖူးဖြစ်သည်။ မျက်ရှင်တော်ဘုရားက အောင်မြေနှင့်ကပ်လျက်မှာ ရှိသည့်အတွက် အောင်မြေကို ရောက်သွားတိုင်းလိုလို မျက်ရှင်တော်ဘုရားကိုပါ ဝင်ဖူးဖြစ်ခြင်းဖြစ်သည်။ တချို့ရက်တွေမှာတော့ အောင်မြေနင်းခြင်း မပြုဘဲ မျက်ရှင်တော်ဘုရားကိုပဲ တကူးတက ဝင်ဖူးနေဖြစ်တတ်ပြန်သည်။

ထိုဘုရားမှာ အထူးတလည် မွမ်းမံပြင်ဆင် လှူဒါန်းထားတာ ဘာမှမရှိ။ သာမန်အနေအထားပဲဖြစ်သည်။ သို့သော် ဘုရား၏ မျက်လုံးတော်တွေက လွန်စွာ အသက်ဝင်နေသည်ဟု ကျွန်တော်ထင်သည်။ သာမန်မဟုတ်။ တော်တော်ထူးခြားသည်။ ထိုရုပ်ပွားတော်၏ မျက်လုံးတော်တွေကို စူးစူးစိုက်စိုက်ဖူးနေရင်း မျက်လုံးတော်တွေက ပိုပြီးအသက်ဝင်လာသည်ဟု ခံစားရသည်။ ဖူးဖြစ်တိုင်း ဘာမှအထွေအထူးဆုတောင်းဖြစ်တာမျိုး မရှိပါ။ သို့သော် ထိုဘုရားကို ဖူးဖြစ်တိုင်းလိုလို စိတ်ထဲမှာ လှိုက်လှိုက်လှဲလှဲဖြစ်ပေါ်သည့် စိတ်ခံစားမှုတစ်ခုလည်း ဖြစ်ပေါ်လာတတ်ခဲ့သည်။

"မျက်စိအားကောင်းတယ်ဆိုတာ နည်းတဲ့ ကုသိုလ်မဟုတ်ဘူး။ မျက်စိအားကောင်းတယ်ဆိုတာ အလွန်ရခဲတဲ့ ကုသိုလ်ထူးတစ်ခုပါပဲ"

ဟု ကျွန်တော်ခံစားနေဖြစ်တတ်သည်။ ကျွန်တော်က မျက်စိအားကောင်းသူ မဟုတ်ပါ။

(၂)

ငယ်စဉ်တုန်းကတော့ ကျွန်တော်လည်း မျက်စိအားကောင်းခဲ့ပါသည်။ သာမန်ထက်ပိုပြီး မျက်စိအားကောင်းသည်ဟု ဆိုနိုင်မည်ထင်ပါသည်။ ငယ်စဉ်ကတည်းက ကျွန်တော် စာအလွန်ဖတ်ပါသည်။ နေ့နေ့ညည စာအုပ်တစ်အုပ်လောက်က ကျွန်တော့်လက်ထဲမှာ အမြဲရှိနေခဲ့သည်။ ညနက်သန်းခေါင်တိုင်အောင် စာဖတ်သည်။

"စာတွေကို အဲဒီလောက်ဖတ်နေရင် တစ်နေ့မှာ ငါ့သား မျက်စိပျက်တော့မှာပဲ"

စိုးရိမ်ပူပန်စွာ အမေပြောလေ့ရှိသည့် စကားဖြစ်သည်။ မှတ်မှတ်ရရပါပဲ။ ကျွန်တော်ငယ်စဉ်က၊ လေးတန်းကျောင်းသားလောက်အရွယ်တွင် ထင်သည်။ ရွာမှာ အလှူပွဲ၊ မင်္ဂလာပွဲ၊ ဘုရားကိုးဆူပွဲ၊ သင်္ကန်းကပ်ပွဲ၊ ဘုရားပွဲ စသည်ဖြင့် ပွဲတစ်ခုခုရှိတိုင်း အသံချဲ့စက် ဖွင့်တတ်ကြသည်။ တချို့သော ညနက်နက်အချိန်ဖွင့်သည့် အသံချဲ့စက် ဇာတ်လမ်းတွေမှာ မျက်စိကွယ်သွားသော လူငယ်လေးတစ်ယောက်အကြောင်း အသံဇာတ်လမ်းကို နားထောင်ရတတ်ပါသည်။

ကျွန်တော်မှတ်မိသလောက်တော့ ထိုလူငယ်လေးက အလုပ်ကြိုးစားသည်။ သူ့ညီမလေးကလည်း အလွန်စာကြိုးစားသည်။ သူ့ညီမလေးအတွက်ပါ သူက အပြင်မှာ အလုပ်လုပ်ရသည်။ အလုပ်တစ်ဖက်နှင့် ကျောင်းတက်ရသည်။ ညနက်သန်းခေါင်မှ စာကျက်ရသည်။ တစ်နေ့မှာတော့ နံနက်အိပ်ရာထချိန်တွင် ထိုလူငယ်လေး မျက်စိ မမြင်ရတော့။ မျက်စိကွယ်သွားသည်။ ဇာတ်လမ်းအသေးစိတ်ကို အစေ့



www.burmeseclassic.com

www.burmeseclassic.com

အချာ မမှတ်မိတော့ပါ။ ထိုမျှလောက်ပဲ မှတ်မိသည်။


ထိုစဉ်က ကျွန်တော့်အသိစိတ်တွင် ထိုအသံဇာတ်လမ်းကို နားထောင်ပြီး မျက်စိကွယ်မှာ အလွန်ကြောက်ခဲ့သည်။ ထိုဇာတ်လမ်းကလည်း ကြေကွဲစရာကောင်းသည့် ဇာတ်လမ်းဖြစ်နေသည်။ အမေက "စာတွေ ဒီလောက်ဖတ်နေရင် မျက်စိပျက်သွားနိုင်တယ်"ဟု ပြောတိုင်း ကျွန်တော်ကြောက်နေခဲ့သည်။

သို့သော် အချို့ အားလပ်ချိန်တွေမှာမူ ကျွန်တော် စာမဖတ်ပါ။ ဘာမှလည်း မလုပ်ပါ။ စိမ်းစိမ်းညို့ညို့ ပုပ္ပါးတောင်ကြီးဘက်ဆီ ငေးမောကြည့်ရင်း နားနေမိတတ်ချိန်တွေလည်း ရှိသည်။ အမြင့်ပိုင်း ကုန်းမြေယာခင်း တစ်နေရာရာမှာ ထိုင်ပြီး စိမ်းစိမ်းစိုစို ပဲခင်းတွေ၊ နှမ်းခင်းတွေ၊ ထန်းတောစိမ်းညို့တွေကို တမေ့တမော ထိုင်ငေးနေတတ်ချိန်မျိုးတွေလည်း ရှိသည်။ ကောင်းကင်ပြာလွင်လွင်ထဲမှာ တိမ်စိုင်ဖြူလွှတွေ လွင့်ဝဲနေသည်။ သဲချောင်းဖြူလွှလွှလေးက တွန့်လိမ်ကောက်ကွေး သွယ်ဆင်းနေသည်။ ထိုစိမ်းလန်းသည့် သဘာဝ ပန်းချီကားကို ကျွန်တော် တကူးတက အချိန်ပေးကာ ထိုင်ငေးနေမိတတ်သည်။ ထိုသို့ အချိန်ဖဲ့ယူပြီး မျက်စိအေးအေး နေဖြစ်ခဲ့ခြင်းက ကျွန်တော့်မျက်စိအင်အားကို အထူးကောင်းစေခဲ့ဖို့ အကြောင်းရင်းတစ်ခုလည်း ဖြစ်နိုင်ကြောင်း၊ ယခုကြီးမှ ပြန်လည်သုံးသပ်မိပြန်သည်။

ကျွန်တော်ငယ်စဉ်က ပြင်ပစာတွေကို စူးစူးနစ်နစ်ဖတ်ဖြစ်နေခဲ့သလို ကျောင်းစာကိုလည်း သဲသဲမဲမဲ ကြိုးစားဖြစ်ခဲ့သည်။ ပြင်ပစာတွေကို ဖတ်တာရော၊ ကျောင်းစာကြည့်တာမှာပါ ရေနံဆီမီးခွက်အလင်းရောင်မှိန်မှိန်ဖြင့် ဖတ်ရခြင်းဖြစ်သည်။ တစ်ခါတစ်ရံ ထင်းမီးဖိုမှ မီးအလင်းဖြင့် စာကျက်ခဲ့ရချိန်မျိုးလည်း ရှိခဲ့သည်။ တစ်ခါတစ်ခါ လရောင်ထဲမှာ စာကျက်ခဲ့၊ စာဖတ်ခဲ့ရတာမျိုးတွေပင် ရှိခဲ့တတ်သေးသည်။ အကောင်းဆုံး သုံးခွင့်ရသည့် အလင်းရောင်မှာ ဖယောင်းတိုင်မီးအလင်းနှင့် လသာမီးအိမ်အလင်းပဲဖြစ်သည်။ သို့သော် ထိုစဉ်က ရွာလေးတွင် ဖယောင်းတိုင်က ရှားပါးသလို လသာမီးအိမ်ထွန်းနိုင်သည့် ရေနံဆီအကြည်ကလည်း ရှားပါးသည်။ ထိုသို့ ဖြစ်သလိုအနေအထားနှင့် စာဖတ်၊ စာကျက်ခဲ့ရသော်လည်း မျက်စိကို ထိခိုက်တာမျိုး မရှိခဲ့ပါ။

"စာတွေ ဒီလောက်ဖတ်၊ ဒီလောက်ရေးနေတာ မျက်စိကို မထိဘူးလား"

ဟု တအံ့တသြမေးခဲ့သူတွေ များစွာရှိခဲ့သည်။ အထက်တန်းကျောင်းသားဘဝမှ စကာ မြို့ပြတွင် ကျင်လည်ခဲ့ရာ



လျှပ်စစ်မီးအလင်းဖြင့် စာဖတ်ခွင့်၊ ရေးခွင့်ရလာသည်။ ထို့အပြင် ကျောင်းပြီး၍ ဘွဲ့ရ အလုပ် စ,ဝင်ပြီးနောက် အသက်နှစ်ဆယ့်ငါးနှစ်လောက်ကတည်းက သမထ အကျင့်စရဏတွေကို တစိုက်မတ်မတ် ဖြည့်ကျင့်ဖြစ်ခဲ့ရာ ထိုသမထစွမ်းအားကြောင့် မျက်စိအားကောင်းနေတာဟုလည်း တချို့က မှတ်ချက်ချတာမျိုး ရှိသည်။ ကျွန်တော် တေဇောကသိဏ်းကို လပေါင်းများစွာ ဖြည့်ကျင့်ဖူးသည်။ နေကသိဏ်းလည်း ကျင့်ဖူးသည်။ ထိုကသိဏ်းတွေက မျက်စိအားကောင်းစေကာ စိတ်စွမ်းအားကိုလည်း ထက်မြက်စေသည်ဟု ဆိုသည်။

မှတ်မှတ်ရရပါပဲ။ ကျွန်တော့်မျက်စိ ထိသွားတာ အသက် ၃၃ လောက်မှာ ဖြစ်သည်။ ထိုစဉ်က ကျွန်တော် ရန်ကုန်သို့ အပြီးပြောင်းလာခဲ့ချိန်ဖြစ်သည်။ ကျွန်တော် ရန်ကုန်သို့ မိသားစုပြောင်းရွှေ့ အခြေချခြင်းသည် ဘုရင့်နောင်ဖောင်ဖျက်သလို အားလုံးဖြိုဖျက်ပြီး ပြောင်းခဲ့ရခြင်းဖြစ်သည်။ ဘာ အာမခံချက်၊ ဘာ ကျောထောက်နောက်ခံမှလည်း မရှိ၊ ကဗျာဆရာ၊ စာရေးဆရာအဖြစ် ရပ်တည်လျှောက်လှမ်းချင်လွန်းသည့်စိတ်၊ သားနှင့် သမီးကို အသိဉာဏ်ပညာ ပိုမိုမြင့်မားစေချင်သည့် စိတ်တို့ဖြင့် စွတ်စွတ်ရွတ်ရွတ် ပြောင်းရွှေ့ဖြစ်ခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်သို့ ရောက်သောအခါ မိသားတစ်စုလုံး၏ အနာဂတ်က ကျွန်တော့်လက်ထဲသို့ လုံးလုံးလျားလျားရောက်သွားခဲ့သည်။ ရှမ်းပြည်နယ်က မြို့လေးမှာ အခြေချ နေထိုင်



www.burmeseclassic.com

www.burmeseclassic.com

စဉ်က ကျွန်တော့်အမျိုးသမီးမှာလည်း အလုပ်ရှိနေသည်။ အိမ်ပိုင်၊ မြေပိုင်သာမက မိသားစု စီးပွားရေးအလုပ်လည်း ရှိနေခဲ့သည်။ ရန်ကုန်မှာ အရာအားလုံး ရပ်ဆိုင်းပြီး အားလုံး အသစ်ပြန်စရခြင်း ဖြစ်သည်။

ရန်ကုန်မှာ စပြီးအခြေချ နေထိုင်ချိန်မှ စ,ကာ ကျွန်တော်က အလုပ်ကို သုံးလေးဆ ပိုကြိုးစားရတော့သည်။ ဘာသာရေးကိုလည်း ပိုပြီး ဖိအားထုတ်ရသည်။ လောကီပညာတွေကို ပိုပြီးလေ့လာရသည်။ စာပေပညာတွေ ပိုပြီး လေ့လာရသည်။ စာတွေ၊ ကဗျာတွေကို ပိုပြီးကြိုးစားပမ်းစား ရေးရသည်။

နေ့ရော ညပါ ကျွန်တော့်မှာ အချိန်ပိုမရှိတော့ ရန်ကုန်မြို့ကြီး၏ လူနေမှုအနေအထားတွေကိုလည်း အချိန်ပေးပြီး လှည့်လည် လေ့လာရသေးသည်။ ညစဉ်ညတိုင်း ကျွန်တော့်အိပ်ချိန်က သုံးနာရီပင် မရှိ။ ကျွန်တော် အသေအလဲ ကြိုးစားနေဖြစ်သည်။ ထိုသို့ ကြိုးစားပြီး ၂နှစ်လောက် ကြာသောအခါ လူကလည်း သိသိသာသာ ပိန်ကျသွားသည်။ တစ်ရက်မှာတော့ ကျွန်တော့်မျက်စိအမြင်က ရုတ်တရက် ပြောင်းလဲသွားသည်။ မြင်ကွင်းတွေက စောင်းရွဲ့သွားသည်။ ခြေလှမ်းလိုက်တိုင်း ချောက်တစ်ခုခုထဲ ပြုတ်ကျတော့မလို ဖြစ်နေသည်။ တစ်ရက်၊ နှစ်ရက်၊ သုံးလေးရက်။ မျက်စိက မခံနိုင်အောင် ကိုက်သည်။ မူးဝေသည်။ စာဖတ်လို့ မရ။ လမ်းလျှောက်ဖို့လည်း ခက်။ ကျွန်တော့်မျက်စိ တကယ် ပျက်စီးသွားပြီလား။

"ငါ့သားရယ်… မျက်စိကွယ်သွားရင် ဘယ်လိုလုပ်မလဲ။ စာတွေကို မဖတ်ပါနဲ့တော့၊ မရေးပါနဲ့တော့ ဆိုတာ ပြောလို့ မရဘူး။ အခု ဘယ်လိုလုပ်မလဲ"

ဟု ဆိုကာ အဝေးမှ အမေက စိတ်ပူရုံသာမက၊ စိတ်သောက ကြီးစွာဖြစ်သွားသည်။ မျက်စိအားနည်းလျှင် ဆေးသောက်၊ မျက်စဉ်းခတ်၊ မျက်မှန်တပ်လျှင် အဆင်ပြေသွားနိုင်သည်ဆိုတာ တောသူမကြီးဖြစ်သည့် ရိုးအ,လှသော အမေ မသိရှာ။ သားသမီးနှစ်ယောက်၏ ဖခင်ဖြစ်နေပြီဖြစ်သည့် ကျွန်တော့်ကို ကလေးတစ်ယောက်လို စိတ်ပူပန်ပေးနေဆဲ။

သည်လိုနှင့် ကျွန်တော့်မှာ ဘဝကို နှစ်ပေါင်း ၃၀ ကျော် ဖြတ်သန်းပြီးချိန်တွင် မျက်မှန်တစ်လက် စုဆောင်းမိသွားပါတော့သည်။ ကျွန်တော့်မျက်စိက သုံးလ တစ်ကြိမ်လောက် ပါဝါတက်နေသည်။ ဒီရေတိုးသလို တိုးနေသည့် မျက်စိပါဝါကို ကျွန်တော် ဂရုမစိုက်နိုင်ပါ။ စာတွေကို ကြိုးစားပြီး ဖတ်နေရသည်။ ရေးနေရသည်။


(၃)

မျက်ရှင်တော်ဘုရားကို ကျွန်တော် စူးစူးစိုက်စိုက် ဖူးသည်။ ကြည်ညိုသဒ္ဓါစိတ်တွေ ညွတ်လာသည်။ ရုပ်ပွားတော်မှ မျက်ရှင်တော်က ကျောက်သားလား၊ ဖန်သားလား။ သို့မဟုတ် တကယ့်မျက်စိတစ်စုံကို တန်ခိုးဣဒ္ဓိပါတ်တစ်မျိုးမျိုးနှင့် ပြုပြင်ဖန်တီးပြီး ဌာပနာတည်ထားတာလား။ ကျွန်တော် မျိုးစုံ တွေးကြည့်ဖြစ်နေသည်။ ဘာပဲပြောပြော အသက်ဝင်လွန်းနေတာတော့ အမှန်ပဲဖြစ်သည်။ ဖူးနေရင်း စိတ်ထဲမှာ ကြည်နူးလာသလိုလို၊ ကျောချမ်းလာသလိုလို။

"မျက်စိကောင်းတယ်ဆိုတာလည်း ကုသိုလ်ထူးတာပါပဲ။ မျက်စိအမြင်အားကောင်းတယ်ဆိုတာ ဘဝမှာ ဆုထူးဆုမြတ်တစ်ခုပါပဲ"

ထိုဘုရားကို ဝင်ဖူးဖြစ်တိုင်းလိုလို ထိုသို့တွေးနေမိသည်။ ကျွန်တော့်မျက်နှာပေါ်က မျက်မှန်က ကြာလေနေသားတကျဖြစ်လေ မဟုတ်။ ကြာလေ လေးလံလေဖြစ်သည်။ နှာခေါင်းအရင်းတွင် ချိုင့်ခွက်ဝင်နေသည့် မျက်မှန်ရာနှစ်ခုက အသားကျနေပြီ။

မျက်မှန်တပ်ရသည့် ဒုက္ခကို ကိုယ်တွေ့ကြုံသူတွေပဲ သိသည်။ မိုးရွာထဲလျှောက်ရင်း မိုးရေတွေ ပက်စင်ကာ သုတ်ဖို့ ခက်၊ ကြည့်ဖို့ ခက်။ ဟိုတုန်းက "တက္ကစီ" စီးဖို့ နမြော၍ ဘတ်(စ်)ကားစီးမိသည့်နေ့မျိုးတွင် ကားက တဖြည်းဖြည်းကျပ်လာပြီး တိုးလိုက်ဝှေ့လိုက်နှင့် မျက်မှန်




www.burmeseclassic.com

www.burmeseclassic.com

ကျွတ်ကျကာ ဒုက္ခရောက်ဖူးသည်။ အိမ်မှာ အမှတ်မထင် မျက်မှန်ကျကွဲပြီး မျက်မှန်တစ်လက် အသစ်လုပ်နေတုန်း တစ်ရက်လောက် ခေါင်းမူးဝေ ကိုက်ခဲတာ ခံစားခဲ့ရသည့် အကြိမ်ကလည်း မနည်းတော့။


၂၀၁၂၊ ဇွန်လကတည်းက ရွှေတိဂုံစေတီတော်ကို နေ့စဉ် တက်ဖူးနေဖြစ်ခဲ့သည်။ တစ်ရက်ပြီး တစ်ရက်၊ တစ်လပြီး တစ်လ၊ မိုးရေစက်တွေထဲမှာ၊ ဆောင်းနှင်းမှုန်တွေထဲမှာ၊ နွေအပူလှိုင်းတွေထဲမှာ သုံးရာသီလုံး ကျွန်တော် ဘုရားတက်ခဲ့သည်။ အသုံးအစွဲအလွန်ကြီးသည့် ကျွန်တော့်မှာ တစ်ခါတစ်ရံ ကျွန်တော့်အိတ်ကပ်ထဲက "ပေါ့ကက်မန်းနီး" ခေါ် ကျွန်တော့်သီးခြားအသုံး ငွေစလေးတွေ သွားရင်းလာရင်း ကုန်သွားတတ်သည်။ ထိုရက်မျိုးတွင် ကျွန်တော် ကုန်းကြောင်းလျှောက်ပြီး ဘုရားတက်ခဲ့ရတာမျိုးတွေ သုံးလေးရက်လောက် ရှိခဲ့ဖူးသည်။ ကျွန်တော်က ဇွဲကောင်းကောင်းနှင့် သွားဖြစ်နေဆဲပင်။

ထိုသို့ ဘုရားစ,တက်ပြီး ခြောက်လလောက်အကြာတွင် ကျွန်တော့်မျက်မှန်က ပါဝါ၊ ဆလင်ဒါ၊ အနီး၊ အဝေးမှအစ မျက်စိသူငယ်အိမ်အနေအထားပါ စစ်ဆေးဖို့ လိုအပ်လာပြန်သည်။ မျက်စိစစ်ပေးသည့် ဆရာဝန်က မယုံသင်္ကာဖြင့် ကြည့်သည်။

"ခင်ဗျားမျက်မှန်က ခင်ဗျားတပ်နေကျ မျက်မှန်မှ ဟုတ်ရဲ့လား။ အခုမျက်စိက ကောင်းနေတယ်။ အဝေးက တစ်ရာလောက်ပဲ ရှိတယ်။ အနီးက ငါးဆယ်လောက်တောင် မရှိတော့ဘူး။ ဆလင်ဒါလည်း မလိုတော့ဘူး"

ရုတ်တရက်တော့ ဆရာဝန် စကားကို ကျွန်တော် စိတ်ပျက်သွားမိသည်။ ကျွန်တော့်မျက်စိကို အသေအချာ မစစ်ဟုလည်း ထင်လိုက်သည်။ အမှန်က ကျွန်တော့်မျက်စိမှာ အဝေး ၂၅၀ ဒီဂရီ၊ အနီး ၂၀၀ ဒီဂရီ၊ ဆလင်ဒါကလည်း ၂၀၀ ဒီဂရီစီလောက် ရှိသည်။ ယခုလောက် ကွာဟနေစရာ အကြောင်းမရှိ။ ကျွန်တော် ထိုဆေးခန်းမှ ထွက်ခဲ့သည်။ နောက်ထပ် မျက်စိဆေးခန်းတစ်ခုကို ဝင်ခဲ့သည်။ ထပ်စစ်သည်။ အဖြေက အတူတူပါပဲ။ ကျွန်တော်ဝမ်းသာသွားသည်။ အဝေး ၁၀၀၊ အနီး ၅၀။ ဆလင်ဒါ ပြုတ်သွားပြီ။

ကျွန်တော် ကြည်နူးသွားသည်။ ဘာအားဆေးမှလည်း မသောက်။ သည်ဘက်နှစ်တွေမှာ စာကြည့်တာ၊ စာရေးတာက ပိုပြီးလုပ်ဖြစ်နေသည်။ ဘာကြောင့် ပါဝါကျသွားတာပါလိမ့်။ အထပ်ထပ်တွေးနေမိသည်။ ကျွန်တော့်အသိအာရုံထဲတွင် မျက်ရှင်တော်ဘုရားက ထင်းခနဲ ပေါ်လာသည်။ ဒါပဲဖြစ်နိုင်သည်။ ဖြစ်နိုင်ရုံ မဟုတ်သေးပါဘူး။ ဘုရားတန်ခိုး



တော်ကြောင့်ဆိုတာ အသေအချာပါပဲ။ ထိုသို့ ကျွန်တော် လက်ခံ ယုံကြည်မိသွားသည်။ ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးနှင့် ပတ်သက်သည့် တန်ခိုးစွမ်းအားတော်တွေက သာမန်ဉာဏ်ဖြင့် သုံးသပ်နိုင်စွမ်းမရှိ။ အနန္တစွမ်းအားတွေပဲ မဟုတ်ပါလား။

မျက်ရှင်တော်ဘုရားကို ဖူးဖြစ်ခဲ့သည့် ကျေးဇူးတရားကို ကျွန်တော် လက်တွေ့ ခံစားလိုက်ရပေပြီ။

(၄)

"ကျွန်မကို အကြံဉာဏ်လေး ပေးပါဦး ဆရာရယ်။ ကျွန်မညီမလေးက ဆရာ ဦးသက်နှင်းဆွေဆီက အကြံယူလိုက်ပါဆိုလို့ ပြေးလာခဲ့တာ။ ကျွန်မတို့လည်း ဘယ်လိုမှ ဆုံးဖြတ်နိုင်စွမ်းမရှိတော့လို့ပါ"

တစ်ရက်တွင် အမျိုးသမီးကြီးတစ်ယောက်က ကျွန်တော့်ကို တွေ့ခွင့်တောင်းပြီး စကားလာပြောပါသည်။ သူ့ညီမလေးတွေက ကျွန်တော့်စာဖတ်ပရိသတ်တွေ ဖြစ်သည်။

ထိုအစ်မကြီး၏ မျက်စိက ဘာရောဂါမှ မယ်မယ်ရရ မရှိ။ ကြည့်လို့လည်း အဆင်မပြေ မျက်ရည်ပူတွေ ကျသည့်အခါ ကျသည်။ ဆရာဝန်လည်း စဉ်းစားရကျပ်နေခဲ့သည်တဲ့။ ထို့ကြောင့် ခွဲစိတ်ဖို့ပဲ ဆုံးဖြတ်လိုက်သည်တဲ့။ သို့သော် သူမက ခွဲစိတ်ရမှာ ကြောက်နေသည်။ သည်အတိုင်းကလည်း ကြည့်လို့ အဆင်မပြေ။ အမှန်ကို ဝန်ခံရလျှင် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

ကလည်း ဆေးပညာ နားလည်သူမဟုတ်။ အကြံပေးဖို့ ခက်နေသည်။

"ဒီလိုလုပ်ကြည့်ပါလားဗျာ။ ကျွန်တော့်ကိုယ်တွေ့ ထူးခြားတာလည်း အမှန်ပဲ။ အစ်မကြီးလည်း ယုံယုံကြည်ကြည်ပဲ အားကိုးကြည့်ပါလား။ ရွှေတိဂုံမှာ မျက်ရှင်တော်ဘုရားဆိုတာ ရှိတယ်"

ဟု ဆိုကာ ကျွန်တော့်ကိုယ်တွေ့ကိုလည်း ပြောပြရသည်။ မျက်ရှင်တော်ဘုရား တည်ရှိနေသည့် နေရာကိုလည်း ပြောပြဖြစ်သည်။

"အစ်မကြီးရဲ့ ရောဂါက နည်းနည်းရင့်နေပြီထင်ရတော့ ကျွန်တော့်ထက်ပိုပြီး အာရုံစိုက်၊ ဝီရိယထားပြီး ဖူးစေချင်တယ်။ မျက်စိပြန်ကောင်းဖို့လည်း ဆုတောင်းစေချင်တယ်။ မျက်ရှင်တော်ဘုရားရှေ့မှာ ဘုရားပွဲ(ကန်တော့ပွဲ)တင်လှူဗျာ။ ပန်းတွေ၊ ရေချမ်းတွေ ဝေဝေဆာဆာလှူဗျာ။ တကယ်လို့ ပွဲတင်လှူဖို့နေရာက အဆင်မပြေရင် ပလတ်စတစ်ခုံတစ်လုံးပါ ဝယ်သွားဗျာ။ ပွဲကို ခုံပေါ်မှာ ကျကျနနတင်ပြီး လှူပါ။ ဆီမီးအလင်းတိုင်တစ်တိုင်ကိုလည်း အသေအချာ ပူဇော်ဗျာ။ ပြီးရင် မျက်စိပြန်ကောင်းဖို့ ဆုတောင်းဗျာ"

ကျွန်တော့်စိတ်ကူးထဲ ပေါ်လာတာကို ညွှန်ပြနေမိခြင်းဖြစ်သည်။

"ကန်တော့ပွဲလှူတာကတော့ ပထမဆုံး တစ်ကြိမ်လောက်မှာပဲ လှူရင်လည်း လုံလောက်မှာပါ။ ဒါပေမယ့် ဘုရားကိုတော့ မကြာခဏသွားဖူးဗျာ။ ဥပမာ- တစ်ပတ်ကို နှစ်ရက်လောက်၊ သုံးရက်လောက် သွားဖူးပေါ့ဗျာ။ သွားဖူးတိုင်းလည်း အလင်းတိုင်တစ်တိုင်တော့ ပူဇော်ဖြစ်အောင် ပူဇော်ပါ။ ပြီးရင် ကျကျနန ဘုရားကို ကြည်ညိုစိတ်နဲ့ ဖူးပါဗျာ။ လေးလေးနက်နက် ယုံကြည်စိတ်နဲ့ ဆုတောင်းဗျာ။ ဝဋ်ကြွေးဆိုတာမျိုးကြောင့် မျက်စိမကောင်းဘဲ ဖြစ်နေတာဆိုရင်လည်း ဘုရားရှင်ကို ဖူးမြော်ကြည်ညိုရတဲ့ ကျေးဇူးကြောင့် အဲဒီဝဋ်ကြွေးက လွတ်မြောက်ပါစေလို့ ဆုတောင်းပေါ့ဗျာ။ အဓိက,ကတော့ ဘုရားကို အကြွင်းမဲ့ ယုံကြည်စိတ်နဲ့ ရှိခိုးပူဇော်လိုက်မိဖို့ပါပဲ။ ပြီးတော့ အဲဒီ မျက်ရှင်တော်ဘုရားရဲ့ မျက်လုံးတော်ကို စူးစူးစိုက်စိုက်ကြည့်ပြီး ကြည်ညိုနေလိုက်ပါ"

(၅)

နှစ်လလောက်ကြာသွားတော့ ထိုအစ်မကြီးထံမှ ကောင်းမြတ်သော သတင်းစကားကို ပြန်ကြားရပါသည်။ မျက်စိခွဲစိတ်ဖို့ မလိုတော့။ မျက်စိလည်း ထူးထူးခြားခြား သက်သာလာသည်ဟု ဆိုပါသည်။

ရတနာသုံးပါးကို တတ်နိုင်သမျှလေး အချိန်ယူပြီး နေ့စဉ် ဆည်းကပ် ပူဇော်ခြင်း၊ ရတနာသုံးပါးဂုဏ်တော်တို့ကို ပွားထုံကြည်ညိုခြင်း စသည့် စရဏအလုပ်လေးကို နည်းနည်းချင်းစီ ကျွန်တော် ဖြည့်ဆည်းနေဖြစ်ပါသည်။ တစ်ရက်ပြီး တစ်ရက် သိလာရသည်မှာ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်သည် အတိုင်းအဆမရှိ။ ရတနာသုံးပါး၏ တန်ခိုးတော်သည်လည်း အတိုင်းအဆမရှိ။ ကျွန်တော့်လို သာမန် အသိဉာဏ်လေးနှင့် ဘယ်လိုမှ မှန်းဆကြည့်၍ မရအောင် ကြီးကျယ်မြင့်မြတ်လှတာ ပိုပြီးယုံကြည်လာရသည်။ ရတနာသုံးပါးနှင့် ဆက်စပ်သမျှ ဘုရား၊ ကျောင်းကန်၊ စေတီပုထိုး၊ ရုပ်ပွားဆင်းတုတော်၊ ဓာတ်တော်တို့မှ အစ ဘုရားဝတ္တကမြေ၊ သိမ်မြေ စသည့် အရာအားလုံးမှာလည်း တိုင်းဆလို့မရသည့် တန်ခိုးတော်အာနုဘော်တွေ အမှန်ပင် ရှိနေလေသည်။ ဂုဏ်တော်၊ ပရိတ်တော်၊ ဂါထာတော်၊ ပဋ္ဌာန်းတော်၊ ပိဋကတ်တော် စသည့် ဓမ္မခန္ဓာတွေမှာလည်း အတိုင်းအဆမရှိသည့် တန်ခိုးတော်တွေ ကိန်းအောင်းနေလေသည်။ ရတနာမြတ်သုံးပါးသည် လောကုတ္တရာချမ်းသာအတွက် သက်သက်မဟုတ်။ လောကီမှုဖြစ်သည့် ဘေးရန်ကင်းဖို့၊ ကျန်းမာဖို့ ချမ်းသာဖို့ အောင်မြင်ဖို့အတွက်လည်း အကောင်းဆုံး ခိုလှုံရာအစစ်ဖြစ်ကြောင်း ပို၍ ပို၍ ယုံကြည်လာရပါသည်။

ကျွန်တော် မကြာမပြတ် ဖူးမြော်ကြည်ညိုနေဖြစ်သည့် တန်ခိုးတော်၊ မေတ္တာတော်တို့ ခံယူနေဖြစ်သည့် မျက်ရှင်တော်ဘုရားသည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော် ရာဟုထောင့် အောင်မြေ၏ ရှေ့တွင် ရှိပါသည်။ အောင်မြေနှင့် စေတီတော်ကြားတွင် ရှိပြီး အထင်ကရ ဘုရားတစ်ဆူဖြစ်ပါသည်။ ရွှေတိဂုံစေတီတော်ကြီး၏ အံ့ဖွယ်ထူးခြား ဘုရားတစ်ဆူလည်း ဖြစ်ပါသည်။

ရွှေတိဂုံကို ရောက်ပါက အောင်မြေကို နင်းကာ အောင်ဆုပန်ရင်း မျက်ရှင်တော်ဘုရားကိုလည်း တစ်ဆက်တည်း ဝင်ရောက် ဖူးမြော်နိုင်ပါကြောင်း တင်ပြရင်း ကျွန်တော် ပြုဖြစ်ခဲ့သမျှ ကုသိုလ်အစုစုကိုလည်း ဝေမျှလိုက်ပါသတည်း။

နတ်လူ သာဓုခေါ်စေသောဝ် ■


အားလုံးသတ္တဝါချမ်းသာပါစေ

* * *

သက်နှင်းဆွေ-ပုပ္ပါး

www.burmeseclassic.com







ကြသည်။ မြန်မာနိုင်ငံသို့ ဓာတ်တော်၊ မွေတော်များ(ဆံတော်) အဦးဆုံး ရောက်ရှိ ပျံ့နှံ့ကာ ရွှေတိဂုံသာသနာ ဆက်ထွန်းကားလျက်ရှိသော ကာလဖြစ်သည်။ ဥက္ကလာပမင်းကြီးသည် ဗုဒ္ဓ၏ ဆံတော်မြတ်များနှင့် ရှေးဘုရားရှင်တို့၏ ပရိဘောဂဓာတ်မြတ်များကို သိင်္ဂုတ္တရကုန်းမြတ်ပေါ်သို့ မဟာသက္ကရာဇ် ၁၀၃ ခု၊ တပေါင်းလပြည့်၊ ဗုဒ္ဓဟူးနေ့တွင် ဒီရေတက်ချိန်၌ ဌာပနာပြုလျက် ရွှေတိဂုံစေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်တော်မူခဲ့သည်။ ထို့ကြောင့် မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီး၌ မြတ်စွာဘုရား၏ ဓာတ်တော်စစ်၊ မွေတော်စစ်အဆူဆူတို့ ကိန်းဝပ်စံပယ် သီတင်းသုံးနေမည်မှာ ယုံမှားဖွယ် မရှိသင့်ပေ။ ရွှေစေတီ ထီးတော်တင်ပြီးချိန်တွင် ရောင်ခြည်တော် ကွန့်မြူးခဲ့ဖူးသည်ဟု ကြားသိရပါသည်။


သာသနာရောင်ဝါ ထိန်ညီး ထွန်းပြောင်သော ရှေးကာလကပင် တန်ခိုးကြီး စေတီအဆူဆူတို့၌ "မဟာပုညာစေတီ"မည်သော မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်သည်လည်း အကျော်အမော် စေတီတော်တစ်ဆူဖြစ်ခဲ့ပေသည်။

**အသစ်တည်အပ် စေတီမြတ်**

ဒေါက်တာ အောင်သွင်ကျော်၏ မှတ်တမ်းတွင် အသစ်တည်ထားသော ဘုရားဒါယကာနှင့် မြေအလှူရှင် ဒါယကာမှာ "ဒေါက်တာ အောင်သွင်ကျော်+ဒေါ်ငွေငွေဝင်း မိသားစု" ဟု ရေးထားသည်။ ပန္နက်တင် မင်္ဂလာနေ့ရက်မှာ ၁၃၅၄ခု၊ တန်ခူးလပြည့်(မြန်မာနှစ်ဆန်း ၁ရက်) (၁၇-၄-၁၉၉၂)ဖြစ်သည်။ ပန္နက်တင် မင်္ဂလာတွင် ပါဝင်သော ဆရာတော်များမှာ တိုင်းသံဃနာယက ဥက္ကဋ္ဌ ဘဒ္ဒန္တကောသလ အမှူးပြုသော မြို့နယ်၊ ရပ်ကျေး၊ သံဃနာယက ဆရာတော်များ၊ ရွှေစေတီဘုရားကြီးကျောင်း၊ မူလ ဝါးကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တရာဇိန္ဒတို့ ကြွရောက် ဆောင်ရွက်ပေးတော်မူသည်။

ပြုပြင်တည်ဆောက်ရာတွင် ဦးဆောင်ဆရာတော်ကြီးမှာ မူလ ဝါးကျောင်းဆရာတော်ဘုရားကြီးဖြစ်သည်။ ဘွဲ့တော်သမုတ်ပေးသော ဆရာတော်ကြီးမှာလည်း သက်တော်ရှည်






www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော် ဩဝါဒ စရိယ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒ (သရက်မြို့) ဝါးကျောင်းဆရာတော်ပင် ဖြစ်သည်။ ၁၃၁၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ရက်တွင် အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကျင်းပသည်။ (ဝါးကျောင်းဆရာတော်ပုံကို ဒေါက်တာ အောင်သွင်ကျော်၏ အိမ်မှ ဓာတ်ပုံရိုက် ဖော်ပြပေးထားပါသည်။)

ပုဗ္ဗသာရမင်း တည်ထားကိုးကွယ်ခဲ့သော မဟာပုည စေတီတော်ကြီးမှာ ကာလရှည်ကြာခဲ့၍ အုတ်ပုံအဆင့်သို့ ရောက်ရှိခဲ့ရာ မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီးအဖြစ် ဘွဲ့တော်ဆက်ကပ်၍ ၂၀၀၄ ခုနှစ်၊ ဧပြီလ ၂၅ရက်နေ့တွင် ရွှေတိဂုံစေတီတော်ပုံတူ စေတီတော်မြတ်အဖြစ် ဌာပနာတော်သွင်း၊ ရွှေထီးတင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် လှူပွဲအခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြသည်။ ထိုရွှေစေတီတော်ကြီး ရွှေထီးတော်တင်အခမ်းအနားကျင်းပပုံကို (၂၆-၄-၂၀၀၄) ထုတ် ကြေးမုံ၊ မြန်မာ့အလင်း သတင်းစာမျက်နှာဖုံးတို့တွင် တခမ်းတနား ဖော်ပြထားသည်။

## ထီးတော်အသစ် တင်လှူခြင်း

သက်တော်ရှည် နိုင်ငံတော် ဩဝါဒ စရိယ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒ(သရက်မြို့)နှင့် နိုင်ငံတော်ဩဝါဒစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကေသရ အမှူးပြုသော ရွှေစေတီဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူကာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ၂၀၀၈ ခုနှစ်၊ မေလတွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် ပျက်စီး ယိုယွင်းခဲ့သည့် စေတီတော်မြတ်ကြီးအား ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၈ရက်(၈-၆-၂၀၁၀)နေ့ရက်တွင် ရွှေထီးတော်အသစ်တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကာ အနေကဇာတင်လှူပွဲအခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့သည်။

ယခုအခါ မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီးသည် ပန်းတင်ခုံ၊ ကွန်ကရစ် ရင်ပြင်တော်၊ အရန်စေတီရှစ်ဆူတို့ ပါဝင်ပြီး ဖိနပ်တော်မှ စိန်ဖူးတော်အထိ ဉာဏ်တော် (၁၀၈)ပေ၊ ဖိနပ်တော်ပတ်လည် ၂၉၆ ပေရှိကာ ရွှေတိဂုံစေတီတော်ပုံတူဖြစ်သဖြင့် ပြေပြစ်စည်းလုံးသည့် ပုံသဏ္ဌာန်အနေအထား ထင်ရှားလျက်ရှိသည်။ သိက္ခာတော်အပြည့်အဝဖြင့် ငြိမ်းအေးတည်ကြည်သောအသွင်ကို ဆောင်၍ နောက်လူမြပ်ဗ္ဗာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံယူလျက်ရှိနေပြီဖြစ်ပါသည်။

လက်ရှိ စေတီတော်ကို ဂေါပကဥက္ကဋ္ဌ ဦးမြင့်စိုး ဦးဆောင်သော ဂေါပကအဖွဲ့ဝင် (၁၀)ဦးဖြင့် စေတီတော်ကြီး ထင်ရှားပေါ်လွင် ကြည်ညိုဖွယ်ဖြစ်အောင် ဘက်စုံ မွမ်းမံပြုပြင်ဆောင်ရွက်လျက်ရှိပါသည်။ တပို့တွဲလဆန်း ၁ရက်မှ ၅ရက်အထိ ဘုရားပွဲတော်ကျင်းပဆောင်ရွက်မည်ဟု သိရသည်။ သို့ပါ၍ စာဖတ်ပရိသတ်များအနေဖြင့် တကူးတက တစ်ခေါက်တစ်ခါ သွားရောက်ဖူးမြော်ပြီး ကုသိုလ်ကောင်းမှုပြု၊ အဓိဋ္ဌာန်တင် ဆုတောင်းမှုများ ပြုလုပ်နိုင်ကြစေရန် လမ်းညွှန်ရေးသား ပူဇော်လိုက်ရပါသည်■

* * *

ဂမ္ဘီရဆရာလှမျိုး(B.Sc)



www.burmeseclassic.com

www.burmeseclassic.com

## ရောင်မြေ ကျော်ဝေ

# သံသရာစရိုးမှာ သံပုရာသီးပါမှ

သံပရာသီးသည် များသောအားဖြင့် စားပင်သီးပင်တွင် ဆေးဖက်ဝင်သော အသီးတစ်မျိုးဖြစ်သည်။ များသောအားဖြင့် မြန်မာသံပရာသီးသည် အလုံးဝိုင်း၍ အရည်ရွှမ်းသော၊ ထွားကြိုင်းပြီး မှည့်သော သံပရာသီးကို(မြစ်ခြောက်နာ)နှင့် ကင်ဆာရောဂါအတွက် အသုံးပြုနည်းမှာ အောက်ပါအတိုင်းဖြစ်သည်။

အလုံးထွားသော သံပရာသီးမှည့်တစ်လုံးကို လေးစိတ်စိတ်၍ လက်ဖက်ရည်ပန်းကန်လုံးထဲသို့ အရည်ညှစ်ထည့်ပြီး ပျားရည်စစ်စစ်ထည့်၍ သမအောင် မွှေနှောက်ပြီး သောက်ပါ။ တစ်နေ့လျှင် တစ်လုံးစီတိုး၍သောက်သွားပါ။ ၁၂လုံးပြည့်က တစ်လုံးစီလျှော့ပြီး သောက်သွားရန်ပင် ဖြစ်သည်။ ထမင်းစားပြီးပါက မသောက်ရပါ။ ထမင်းမစားခင် သောက်ရန်ဖြစ်ပါသည်။ ဒေါက်တာ ဝီလ်ဆင်၏ Life and Heal စာစောင်တွင် ငှက်ဖျားရောဂါများအတွက်ကိုမူ သံပရာသီးကို အရည်ညှစ်ပြီး ကော်ဖီခပ်ကျကျနှင့် ရော၍ တိုက်ရာတွင် ငှက်ဖျားရောဂါပျောက်၏ဟု စစ္စလီကျွန်းသားတို့က ဆိုကြ၏။ စစ္စလီကျွန်းသူကျွန်းသားတို့သည် သံပရာသီးကို အကောင်းဆုံးဆေးအဖြစ် အသုံးပြုကြသည်။

အဆီတိုးရောဂါအတွက်လည်း သံပရာသီးသည် အသုံးဝင်သော ဆေးနည်းတစ်လက်ဖြစ်သည်။ ရေနွေးအကြမ်းပန်းကန်ထဲသို့ သံပရာရည်ကို ရေဆတူရောပြီး နေ့စဉ် ညစာထမင်းမစားဘဲ ဥပုသ်စောင့်သကဲ့သို့ သောက်သွားပါက အဆီတိုးရောဂါသည် လပိုင်းအတွင်း သိသာစွာ ပျောက်ကင်းသည်ဟု ကိုယ်တွေ့ဖြစ်သူ "ရှရီချန္ဒြာရာ(ဂျ)ဆိုသူက ဝနောသမိစန္ဒောဒယကျမ်းတွင် အထူးညွှန်းဆို ရေးသားထားပါသည်။

သံပရာရည်သည် ပိုးအမျိုးမျိုးကို နိုင်စေသော တိုင်းရင်းဆေးတစ်လက်ဖြစ်သည်။ သံပရာရည်ကို သောက်ပေးခြင်းအားဖြင့် လူတို့၏ ခန္ဓာတွင်းရှိ ပိုးများကို သေစေနိုင်ပါသည်။ ပိုးကြောင့်ဖြစ်သော အဆစ်ရောင်နာ၊ အဆစ်ကိုက်ရောဂါ၊ ဝမ်းကိုက်ရောဂါ၊ တိုက်ဖွိုက်ရောဂါတို့သည် နေ့စဉ် သံပရာရည်ကို သောက်သုံးပေးခြင်းဖြင့် ပျောက်ကင်းစေပါသည်။

ပိုးကြောင့်ဖြစ်သော ထိပ်ကွက် ထိပ်ပြောင်၊ ယားနာစေသော မှိုရောဂါသည် ဦးရေပြားများတွင် အဖြစ်များသည်ကို တွေ့ရှိရပါသည်။ တစ်ပတ်လျှင် တစ်ကြိမ် ဦးခေါင်းကို လျှော်ပေးခြင်း မပြုလုပ်နိုင်သူတို့ ဖြစ်လေ့ဖြစ်ထရှိပါသည်။ ချေး(ဂျေး)ဖုန်များသည် လေထဲမှ လွင့်ပါးလာပြီး ဦးခေါင်းရှိ ဆံပင်များထဲတွင် စုပေါင်းနေထိုင်ပြီး ချေးနှင့် ဖုန်များရောပြွန်း၍ ချေးများအဖြစ်မှတစ်ဆင့် မှိုအဖြစ် ဘောက်များ၊ ဖြူရော်ရော် အဖတ်များ၊ ထိပ်ကွက်နာများ၊ ဆံပင်မပေါက်ဘဲ အကွက်လိုက် ကျွတ်ထွက်သောရောဂါများကို သံပရာသီးလတ်လတ်ဆတ်ဆတ်တစ်လုံးကို လေးစိတ်,စိတ်ပြီး ထိုနေရာများအားလုံးသသို့ ပွတ်ပေးပါက ရက်အနည်းငယ်အတွင်း ပျောက်ကင်းစေနိုင်ပြီး ကျွတ်သော ဆံပင်များလည်း ပြန်ပေါက်လာနိုင်ပါသည်။ မျိုးရိုးအလိုက် ထိပ်ပြောင်သူအချို့ကိုတောင် ဆံပင်ပြန်ပေါက်စေနိုင်ပါသည်□

* * *

ရောင်မြေကျော်ဝေ


ကျမ်းကိုး

- ဦးလှခင်၏ စားပင်သုံးပင် ဆေးဖက်ဝင်၊
- တိုင်းရင်းဆေးဆရာတစ်ဦး၏ လက်စွဲ၊



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

(ကြော်ငြာဆောင်းပါး) တိုင်းရင်းဆေးဝါးမှတ်ပုံတင် 1111YR 007860
ထုတ်လုပ်ခွင့်လိုင်စင် 2/2009 တဆထလ(တိုး) ၁၀၂၄




## ဆီးရောဂါမှန်သမျှ သက်သာပျောက်ကင်းချမ်းသာစေရမည် ကိန္နရီ

# ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေး

လဆန်းပိုင်းရောက်တိုင်း လေထန်ကုန်းတွင် ရေးဖော် စာရေးဆရာများ ဆုံကြသည်။ ကိုမင်းဆွေ၊ ကိုသီဟ၊ ကိုကျော်လှိုင်ဦးတို့ကို တစ်ဝိုင်းတည်းတွင် တွေ့လိုက်ရသည်။ ကိုမင်းဆွေက···

"လာ···ထိုင်၊ ကိုဇော်ရဲနိုင်။ မတွေ့ရတာ ကြာပြီ၊ ခုပဲ ခင်ဗျားအကြောင်းပြောနေကြတာ။ ခင်ဗျားက တိုင်းရင်းဆေး အတွေ့အကြုံရှိသူဆိုတော့ ကျွန်တော်တို့သုံးယောက် ခံစားနေရတဲ့ ဝေဒနာအတွက် အကူအညီတောင်းချင်လို့ပါ"

"ဘဝတူ ရေးဖော်တွေအတွက် တတ်နိုင်သလောက် လိုအပ်တဲ့ အကူအညီပေးဖို့ အသင့်ပါပဲဗျာ"

"ဒီလိုပါ၊ ကျွန်တော်တို့သုံးယောက် ဆီးနဲ့ ပတ်သက်တဲ့ ဝေဒနာတွေ ခံစားနေရတယ်။ ဒါပေမဲ့ ဖြစ်စဉ်တူသလိုလိုနဲ့ နည်းနည်းကွဲပြားနေတယ်ဗျ"

"ဒါဖြင့် ကျွန်တော့်ဆီးရောဂါနဲ့ ပတ်သက်တဲ့ ဖြစ်စဉ်လက္ခဏာတွေ ပြောပြမယ်။ ဘယ်သူက ဘယ်လိုလက္ခဏာတွေ ရှိတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပါမယ်။ နေပူမိုးရွာမရှောင်သွားတဲ့သူတွေ အပူအစပ် အဖန် ချဉ်စာတွေ လွန်ကဲစွာ စားတဲ့သူတွေ၊ မေထုန်မှု လွန်ကဲသူတွေ၊ အညောင်းထိုင်မှု များတဲ့သူတွေဟာ ဆီးပူညောင်းကျ ရောဂါဖြစ်တတ်တယ်။ ဆီးပူညောင်းကျရောဂါလက္ခဏာတွေက ကျင်ချောင်းအတွင်း ပိုးကောင်လေးများ သွားနေသလို ရွစိရွစိဖြစ်ပြီး ယားတတ်တယ်။ တစ်ပတ်ခန့်ကြာရင် ဆီးထဲမှာ ကစီရည်လို ကျလာတတ်တယ်။ ရေသောက်နည်းတဲ့သူတွေ၊ အပူအစပ်စားလွန်း တဲ့သူ၊ သက်ထိန်းတဲ့သူတွေ ဆီးကျိတ်ရောင်ရောဂါဖြစ်တတ်တယ်။ ဆီးကျိတ်ရောင်ရောဂါလက္ခဏာတွေက ဆီး မကြာခဏ သွားပေမယ့် ဆီးတစ်စက်တစ်စက်ကျတတ်ပြီး ဆီးသွား အားမရခြင်း၊ ဆီးကျန်ခြင်း၊ ကျင်ချောင်း ယားယံခြင်း လက္ခဏာတွေ ခံစားရတတ်တယ်။ ဆီးအောင့် ဆီးချုပ်ရောဂါကို အခြေခံပြီး သည်းခြေ၊ လေ ဓါတ်သနစ်ပါးကြောင့် သလိပ်ဓါတ်လွန်ကဲတဲ့ ကျင်ငယ်နဲ့ သုက်ဓာတ်တွေဟာ ကျောက်ကပ်က စပြီး ဆီးအိမ်တိုင်အောင် တော်ရည်လိုဖြစ်တဲ့ရောဂါကို ဆီးကျောက်ရောဂါလို့ ခေါ်တာပဲ။ ကျောက်တည်ရောဂါဖြစ်တော့မယ့်သူရဲ့ ဆီးဟာ ဆိတ်ကျင်ငယ်ရည်လို အနံ့ဆိုးခြင်း၊ ဝမ်းဗိုက်တင်းရောင်ခြင်း၊ ခက်ခဲစွာ ဆီးသွားရခြင်း၊ ဆီးသွားစဉ် နာကျင်ခြင်း၊ အစားအစာစားချင်စိတ်မရှိခြင်း စတဲ့ လက္ခဏာတွေရှိနေတတ်တယ်။ ကဲ- ခင်ဗျားတို့ ဘယ်လိုခံစားနေကြရတယ်ဆိုတာ ပြောပြကြပါ"

ကိုမင်းဆွေက ဆီးပူညောင်းကျရောဂါလက္ခဏာနဲ့ တူကြောင်း၊ ကိုသီဟက ဆီးကျိတ်ရောင်ရောဂါလက္ခဏာနဲ့ တူပြီး ကိုကျော်လှိုင်ဦးက ဆီးကျောက်တည်ရောဂါလက္ခဏာနဲ့ တူကြောင်း ပြောပြကြပြီး ···

"ကဲ - ကျွန်တော်တို့ ဘယ်ဆေးစားပြီး ဘာဆက်လုပ်ရမယ်ဆိုတာ ကိုဇော်ရဲနိုင် ညွှန်ပြပေးပါဦး"

"ခုလောလောဆယ်တော့ **ကိန္နရီအမှတ်တံဆိပ်ကြက်လည်ဆံဆီးဆေးပြား**ကို နီးစပ်ရာ မြန်မာဆေးမျိုးစုံဆိုင်များမှာ ဝယ်ယူသောက်လိုက်ပါ။ **ကိန္နရဝတီဆေးတိုက်က ထုတ်တဲ့ ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံ ဆီးဆေးပြား**ဟာ ဆီးချိုရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ ဆီးဝါ၊ ဆီးနီခြင်း၊ ဆီးအလွန်နည်းခြင်း၊ ဆီးအလွန်များခြင်း၊ ဆီးမထိန်းနိုင်ခြင်း၊ ဆီးကျဉ် ဆီးအောင့်ခြင်း၊ ဆီးလမ်းကြောင်းပိတ်ပြီး ဆီးမသွားနိုင်ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ သုက်လွှတ်မြန်ခြင်း၊ ဆီးရောဂါကြောင့် မျက်စိမှုန် ပြာဝေခြင်းနဲ့ ဆီးကျိတ်ရောင်ရောဂါတွေကို သက်သာပျောက်ကင်းစေတယ်ဗျ။ ကျွန်တော့်မိတ်ဆွေ **ဆရာ ဦးလှိုင်မြင့်က ကြက်လည်ဆံ ဆီးဆေး**ထုတ်လုပ်တဲ့အပြင် အကြောရောဂါနဲ့ ဆီးရောဂါတွေကို ဦးစားပေးကုသနေတာဆိုတော့ အဲဒီ **ဆရာ ဦးလှိုင်မြင့်ရှိတဲ့ ကန္နရဝတီဆေးတိုက်**ကို သွားပြီး ဆရာနဲ့တိုင်ပင်၊ ဆေးစား ဆေးကုသရင် ခင်ဗျားတို့ ခံစားနေရတဲ့ ဝေဒနာတွေ ထိထိရောက်ရောက် သက်သာပျောက်ကင်းသွားမှာပါ။ **ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံ ဆီးဆေးရဲ့ ဆောင်ပုဒ်လည်း မှတ်ထားဦးဗျို့၊ ဆီးရောဂါမှန်သမျှ ပျောက်ကင်းချမ်းသာစေရမည် ··· ကိန္နရီ ···**တဲ့ဗျ။

**ပင်ရင်းဌာန- ကန္တရဝတီဆေးတိုက်**

အမှတ် (၇၄၁)၊ ဓနသိဒ္ဓိလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ကမ္ဘာအေး)၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁-၄၀၃၇၈

www.burmeseclassic.com

www.burmeseclassic.com

ဦးသူတော် စိပ်ပုတီးလေးကို ကိုင်ရင်း ကြည့်လိုက်မိသည်။ တောင်ကုန်းမို့မို့လေးပေါ်တွင် စိမ်းစိမ်းစိုစိုရှိနေသည့် သစ်ပင်ကြီးများကြားတွင် ကြည်ညို့စွာ ဖူးတွေ့ရသည့် ထုံးဖြူဖြူဖွေးဖွေးနှင့် စေတီလေး။

မူလက သည်တောင်ကုန်းနေရာတွင် တောင်ခေါင်းတုံးလို တည်ရှိပြီး သစ်ပင် ကျိုးတိုးကျဲတဲသာ ရှိသည်။ ထူးခြားသည်က ထိုတောင်ခေါင်းတုံးပေါ်တွင် လူတစ်ရပ်သာသာရှိသော သစ်ပင်တစ်ပင်။ ပြီးတော့ ထိုသစ်ပင်ကို ကာရံထားသလို ရှိနေသည့် ချုံပုတ်ကြီး။

ထိုသစ်ပင်နှင့် ချုံပုတ်နေရာသို့ ရွာက လူတွေ မသွားရဲ၊ မလာရဲကြ။ ထိုသစ်ပင်နှင့် ချုံပုတ်ကြီးတွင် မြွေကြီးတစ်ကောင်ကို တွေ့ရသည်ဆိုသော သတင်းစကားကြောင့် ဖြစ်သည်။ ဟိုစဉ်က ထိုသစ်ပင်နှင့် ချုံပုတ်ကြီးက ဦးသူတော်နှင့် လုံးဝ ပတ်သက်လိမ့်မည်ဟု မထင်ခဲ့။

တစ်နေ့ ဦးသူတော် နိုင်းနွားတစ်ကောင် ပျောက်သွား၍ ရွာနီးချုပ်စပ်မကျန် ခြေတိုအောင် ရှာဖွေခဲ့သည်။ နွားကို ရှာဖွေမတွေ့ရသလို နွားသတင်းကိုလည်း စုံစမ်းလို့ မရခဲ့။ ဦးသူတော် စိတ်ပျက်လက်ပျက်နှင့် ထိုတောင်ခေါင်းတုံးပေါ်တွင် တွေ့လိုတွေ့ငြား ရှာဖွေရင်း မောမောပန်းပန်းဖြင့် ထိုသစ်ပင်နှင့် ချုံပုတ်ကြီးဘေးတွင် အိပ်ပျော်သွားတော့သည်။

ဦးသူတော် အိပ်ပျော်သွားစဉ် ထူးထူးခြားခြားမက်ခဲ့သည့် အိပ်မက်ထဲ၌ တွေ့ခဲ့ရသည်က မြွေကြီးတစ်ကောင်။ မြွေကြီးက ဦးသူတော်ခန္ဓာကိုယ်ကို ရစ်ပတ်ထားသည်။ ဦးသူတော် ကြောက်လန့်တကြား ရုန်းကန် အော်ဟစ်ရင်း တွေ့မြင်လိုက်ရသည်က ရွှေတုံးရွှေခဲများ။

ဦးသူတော် လန့်နိုးပြီး ပတ်ဝန်းကျင်အနှံ့သို့ ကြည့်လိုက်မိစဉ် ဦးသူတော်နှင့် မနီးမဝေးတွင် ပျောက်ဆုံးနေသည့် နွား။ နွားက ချုံပုတ်ကြီးဘေးတွင် အစာစားနေသည်။ ဦးသူတော် နွားကို ဆွဲပြီး ရွာသို့ ပြန်ခဲ့သည်။ သို့တိုင် ထူးထူးခြားခြားမက်ခဲ့သည့် အိပ်မက်ကို မေ့ဖျောက်လို့ မရခဲ့။

ဦးသူတော်က သည်ရွာတွင် မွေးပြီး၊ သည်ရွာတွင် ကြီးပြင်းခဲ့သူဖြစ်သည်။ သည်တောင်ကုန်းပေါ်တွင် ထူးထူးခြားခြားအဖြစ်ကို တစ်ခါမျှ မကြုံဘူးခဲ့။ ယခုမှ မြွေကြီးတစ်ကောင်ကို တွေ့ရသည့် ဖြစ်ရပ်နှင့် ဦးသူတော် အိပ်မက်။ ဒါကြောင့်လည်း ဦးသူတော်သည် အိပ်မက်အတိုင်း ထိုသစ်ပင်နှင့် ချုံပုတ်ကြီးနေရာတွင် ထူးခြားမှုရှိ၊မရှိ သိရန် အရဲစွန့်သွားခဲ့သည်။ သို့သော် ချုံပုတ်ကြီးထဲတွင် တွေ့ခဲ့ရသည်က အုတ်ကျိုး အုတ်ပဲ့များ။

ဦးသူတော် စိတ်ဆုံးဖြတ်ချက်ချလိုက်သည်။ ထိုသစ်ပင်နှင့် ချုံပုတ်ကြီးဘေးတွင် ခုတ်ထွင်ရှင်းလင်းလိုက်သည်။ ထိုစဉ် ထူးခြားစွာ တွေ့မြင်လိုက်ရသည်က ရွှေတုံးလေးများ။ ထိုရွှေတုံးလေးများကို ဦးသူတော် စုဆောင်းပြီး ပထမဆုံး ကိုးတောင်ပြည့် စေတီလေးကို တည်လိုက်သည်။ ရွာသူရွာသားများက ဦးသူတော် တောင်ကုန်းပေါ်တွင် စေတီလေး တည်နေသည်ကို တွေ့မြင်ကြရ၍ အံ့သြနေကြသည်။ ဦးသူတော်ဘဝက ကြွယ်ပိုးကြွယ်ဝ မဟုတ်။ ချွေးနည်းစာဖြင့် စေတီလေး ဒါယကာအဖြစ် ခံယူပြီး တောင်ကုန်းပေါ်တွင် ဇရပ်လေးတစ်ဆောင်ပါ ဆောက်လုပ်နိုင်ရန် ကြိုးပမ်းလိုက်သည်။ သည်ကတည်းက ဦးသူတော် စေတီလေးနှင့် မနီးမဝေးတွင် တဲထိုးပြီး နေထိုင်ခဲ့သည်။

"ဦးသူတော် . . . ဦးသူတော်"

ဦးသူတော် စေတီလေးတွင် ပန်း၊ ဆီမီး၊ ရေချမ်း ကပ်လှူ ရှိခိုးပြီး ကြေးစည်လေး ထုလိုက်မိသည်။ ရုတ်တရက် ကြေးစည်သံကြားမှ ကြားလိုက်ရသော ထွန်းဖေ၏ ခေါ်သံကြောင့် ဦးသူတော် ကြည့်လိုက်မိသည်။ ထွန်းဖေ တစ်စုံတစ်ခုကို ကြုံတွေ့ခဲ့၍ ကြောက်လန့်တကြီး မျက်နှာဖြင့် အပြေးလာနေသည်ကို တွေ့လိုက်ရသည်။

"ထွန်းဖေ . . . ဘာများ အရေးတကြီးရှိလို့ ခေါ်ရတာလဲ၊ ပြောစမ်းပါဦးကွယ်"

"ကျုပ် ဦးသူတော်ဆီကို အလာ၊ တောင်အောက်က သက်ကယ်တောကြီးထဲမှာ လူ . . . လူနှစ်ယောက်သေနေတာ တွေ့ခဲ့တယ်"

"ဟေ . . ."

ဦးသူတော် ထွန်းဖေ၏ စကားသံကို ကြားလိုက်ရ၍ အံ့သြတကြီးဖြစ်သွားမိသည်။ ဦးသူတော်သည် တောင်ကုန်းပေါ်တွင် သာသနာအကျိုး ဆောင်ရွက်ခဲ့တာက ကြာပြီ။ ယခုလို သတင်းဆိုးကို ကြားရလိမ့်မည်ဟု မထင်ခဲ့။

"ဒီသာသနာ့နယ်မြေက အေးချမ်းပါတယ်ကွယ်။ ဘာကြောင့်များ ခုလို ဖြစ်ရတာပါလိမ့်"

"ကျုပ် သေနေတဲ့ လူနှစ်ယောက်မျက်နှာကို ကြည့်တော့ တစ်ခါမှ မတွေ့ဘူးတဲ့ မျက်နှာစိမ်းတွေဗျ။ အဲဒါကြောင့် ဦးသူတော် သိမလားလို့ လာခေါ်ရတာ"

"အေးအေး။ ဒါဆို ဦးလေး လိုက်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပါဦးမယ်"

ဦးသူတော် ထွန်းဖေနှင့်အတူ တောင်ကုန်းလေးပေါ်မှ ဆင်းလိုက်မိသည်။ တောင်ကုန်းအောက်ခြေအစပ်ရှိ သက်ကယ်တောကြီးထဲတွင် ရုတ်တရက် တွေ့လိုက်ရသည့် မြင်ကွင်းက ဦးသူတော်အဖို့ စိတ်မချမ်းသာစရာ။ ကြည့်လေ၊ ရုန်းကန် လှုပ်ရှားမှုကြောင့် ခန္ဓာကိုယ်တွင် ပွန်းပဲ့ပြီး တစ်ကိုယ်လုံး ပြာနှမ်းနေသည့်အဖြစ်။

ဦးသူတော် ထူးထူးခြားခြားတွေ့လိုက်ရသည်က သက်ကယ်တောကြီးအတွင်း ပြိုလဲ ကြေမွနေသော သက်ကယ်များ။ ပြီး သက်ကယ်တောထဲတွင် ထင်ထင်ရှားရှား တွေ့မြင်နေရသည့် စွပ်ကြောင်းကြီး။

ဦးသူတော် အတွေးရ ခက်သွားမိသည်။ ဦးသူတော် သေသူတစ်ဦး လက်ထဲမှ ဆုပ်ကိုင်ထားသည့်အရာကို တွေ့လိုက်ရ၍ မယုံနိုင်အောင်ဖြစ်သွားသည်။ ယမန်နှစ်က ဦးသူတော်ထံမှ ဝါးဆစ်ဘူးလေး ယူဆောင်သွားသည့် လူနှစ်ယောက်။

"ထွန်းဖေ... ခုသေနေတဲ့ လူတွေက ဓားပြတွေပဲ"

"ဗျာ... ဦးသူတော်၊ ဓားပြတွေ ဟုတ်လား။ ဒါဆို နာမည်ကြီးနေတဲ့ ဓားပြ မုတ်ကြီးနဲ့ သူ့တပည့် ရာကျော်ပဲ ဖြစ်မယ်။ ဒီဓားပြတွေက ဓားပြတိုက်၊ လူသတ်ရုံတင် မကဘူး၊ မိန်းကလေးတွေကို ဖျက်ဆီးခဲ့တာ။ ဟိုတစ်လောက ရွာသစ်ကုန်းဘက်က ရှေးဟောင်းဘုရားဆင်းတုတော်တွေကို ယူသွားခဲ့သေးတာ"

"အင်း... မပြုသင့်၊ မပြုထိုက်တာတွေကို လောဘဇောတိုက်ခဲ့မိလို့ ခုလို အဖြစ်ဆိုးနဲ့ ကြုံတွေ့ရတာပေါ့ကွယ်။ ခု ဓားပြတွေ သေဆုံးတာက



မြွေကိုက်ပြီး ဆုံးကြတာ ထွန်းဖေ"

"ဗျာ၊ ဓား...ဓားပြတွေ မြွေကိုက်ပြီး ဆုံးတာ၊ ဟုတ်လား"

ဦးသူတော် စကားကြောင့် ထွန်းဖေ အံ့သြသွားသည်။ ဦးသူတော်က ဓားပြလက်ထဲက ဝါးဆစ်ဘူးလေးကို ပြန်လည်ရရှိ၍ ရင်ဝယ်ပိုက်ပြီး စေတီလေးကို လှမ်းမျှော်ကြည့်လိုက်မိသည်။ တောင်ကုန်းပေါ်မှ ထုံးဖြူဖြူ စေတီလေး။ ဦးသူတော် ဝါးဆစ်ဘူးလေးကို ကြည့်ရင်း အမှတ်ရသွားမိသည်။

◈◈◈

ဦးသူတော် စေတီလေးအနီးရှိ အမှိုက်များကို ရှင်းလင်းပြီး ရှေ့ဆက်လုပ်ဆောင်ရမည့် သာသနာပြု လုပ်ငန်းများကို တွေးရင်း ပီတိဖြစ်နေမိသည်။ ဦးသူတော် အမောပြေပြီး စေတီလေးတွင် ဘုရားဝတ်ပြုလိုက်သည်။ ဘုရားဝတ်ပြုပြီး ကြေးစည်ထု၍ မေတ္တာပို့ အမျှအတန်းပေးဝေလိုက်သည်။ ဦးသူတော်၏ ကြေးစည်ထုသံက တောင်ကုန်းပေါ်တွင် ပျံ့လွင့်သွားသည်။

"ခုလို ကောင်းမှုပြုတဲ့အတွက် သာဓုခေါ်ပါတယ်ကွယ်၊ သာဓု...သာဓု...သာဓု"

ဦးသူတော် နားထဲတွင် ရုတ်တရက် ကြားလိုက်ရသော အသံကြောင့် အံ့အားသင့်သွားမိသည်။ သည်တောင်ကုန်းပေါ်တွင် ဦးသူတော် စေတီလေး တည်ပြီးကတည်းက နေထိုင်ခဲ့သည်။ တစ်ခါတစ်ရံသာ ရွာကို ပြန်သည်။ ယခုလို ညကြီးမိုးချုပ် တောင်ကုန်းပေါ်သို့ လာမည့်သူ မရှိ။

ထူးထူးခြားခြား အသံကို ကြားလိုက်ရ၍ ဦးသူတော် လှည့်ကြည့်လိုက်မိသည်။ ယောဂီကြီးအသွင်ဖြင့် လွယ်အိတ်ကြိုကို လွယ်ထားသည့် လူသူတော်။ ထိုယောဂီကြီးက ဦးသူတော်ကို ကြည်လင် ရွှင်ပျသည့် မျက်နှာဖြင့် ကြည့်ပြီး မင်တက်မိနေသည်။ ဦးသူတော် တစ်ခါမှ မမြင်ဘူးသည့် မျက်နှာစိမ်း ယောဂီကြီး။ ဘယ်အရပ်၊ ဘယ်ဒေသက လာမှန်းမသိ။ အတန်ကြာမှ ဦးသူတော် သတိရသွားမိသည်။

"ယောဂီကြီး...တဲပေါ် ကြွပါခင်ဗျာ။ ရေနွေးကြမ်းလည်း အသင့်ရှိပါတယ်"

"ကျေးဇူးပဲ ကိုသူတော်။ ကျုပ်က ဟိုးအဝေးကြီးက လာခဲ့ရတာ"

ထိုယောဂီကြီးက ပြောပြောဆိုဆို တဲပေါ်သို့ တက်ထိုင်ပြီး ဦးသူတော် ဧည့်ဝတ်ပြုသည့် ရေနွေးကြမ်းကို သောက်နေသည်။ ဦးသူတော် ယောဂီကြီးကို အခါခါကြည့်ပြီး အဖြေရှာနေမိသည်။

"ဘယ်လိုလဲ ကိုသူတော်ရဲ့၊ ကျုပ်ကို တွေ့ပြီး သိပ်အံ့သြနေပြီလား။ မအံ့သြပါနဲ့ ကိုသူတော်ရယ်၊ သာသနာ့နယ်မြေဆိုတာ သူတော်ကောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာစမြဲပဲကွဲ့။ ခု ကျုပ်လာခဲ့တာ က ကိုသူတော် ခု တည်နေတဲ့ စေတီ လေးကြောင့်ပဲ"

ယောဂီကြီး၏ ထူးထူးခြားခြား စကားကြောင့် ဦးသူတော် အလိုလို ရင်ထိတ်သွားမိသည်။ ဦးသူတော် ဂူ့ကိုးတောင်ပြည့် စေတီလေး တည်ပြီး ဇရပ်များ ဆောက်လုပ်ရန် ကြိုးပမ်းနေ ခြင်းဖြစ်သည်။ ဦးသူတော် သာသနာပြု လုပ်ငန်းတွင် ဘာများ အမှားအယွင်း ရှိခဲ့ပါလိမ့်။

"ကိုသူတော်...ခု တည်ထားတဲ့ စေတီလေးက ကိုသူတော်ရဲ့ အဘိုး အဘွားတွေ တည်ထားခဲ့တဲ့ စေတီ လေးပဲ"

"ဗျာ...၊ အဘိုးအဘွားတွေရဲ့ စေတီ"

"အင်း... ကိုသူတော့် အဘိုး အဘွားတွေ တည်ထားခဲ့တဲ့ စေတီ အစစ်အမှန်ဆိုတာ ဟောဒီက ပေ ပုရပိုက်ထဲမှာ ရေးသွင်းထားခဲ့တာကွဲ့။ အဲဒါကြောင့် ကိုသူတော် သိအောင် ကျုပ်လာပြောရတာ။ ပြီးတော့ ကိုသူ တော်ရဲ့ ဘဝ ပဋ္ဌာန်းဆက်ပါလို့ တည် ဆောက်လို့ ရတာ။ ဒါကြောင့်လည်း ကိုသူတော်ရဲ့ စစ်မှန်တဲ့ သဒ္ဓါစိတ် ကြောင့် စောင့်ရှောက်ကူညီမယ့် ဆိုင် ရာ ပုဂ္ဂိုလ်တွေ ရှိပါတယ်ကွယ်။ ကဲ- အချိန်လည်း အတော်လင့်သွားပြီ ကျုပ် ခရီးဆက်စရာရှိသေးတယ်"

ယောဂီကြီးက ပြောပြောဆိုဆို တဲလေးပေါ်မှ ဆင်းပြီး စေတီလေးကို ဖူးမြော်ကာ ညအမှောင်ထုထဲသို့ တိုး ဝင် ပျောက်ကွယ်သွားသည်။ ဦးသူတော် ယောဂီကြီးအဖြစ်ကို မင်သက်မိစွာ ကြည့်နေရင်း သတိရပြီး လှမ်းခေါ်လိုက် သည်။

"ယောဂီကြီး...ယောဂီကြီး"

ဦးသူတော်အသံက ဟိန်းသွား သော်လည်း ယောဂီကြီးကတော့ မကြားတော့ချေ။ ဦးသူတော် ယောဂီ ကြီး၏ စကားသံကို ပြန်လည်ကြား ယောင်မိရင်း ဝမ်းသာသွားမိသည်။ ဦးသူတော် ဘဝ ပဋ္ဌာန်းဆက်ပါခဲ့၍ အဘိုးအဘွားများ တည်ထားခဲ့သည့် စေတီလေးကို ပြန်လည်တည်ဆောက် ခွင့်ရခဲ့သည်။ ပြီး ယောဂီကြီးက ဘယ် သူလဲ။ ဦးသူတော်စိတ်ထဲတွင် ထူးထူး ခြားခြား ခံစားနေမိသည်။

◈◈◈

ဦးသူတော် မပြီးပြတ်သေးသည့် ဇရပ်ဆောက်အတွက် စုဆောင်းထား သည့် ရွှေစလေးများကို ဝါးဆစ်ဘူး လေးထဲမှ သွန်ပြီးကြည့်လိုက်မိသည်။ မီးရောင်နှင့်အတူ ထွက်ပေါ်လာသည့် ရွှေစအလင်းရောင်က တဖိတ်ဖိတ် တောက်ပနေသည်။ ဦးသူတော် ရွှေစ များကို ကြည့်ပြီး ရှေ့ လုပ်ဆောင်ရမည့် သာသနာ့အကျိုးအတွက် ပီတိဖြင့် ကြည်နူးနေမိသည်။

ဦးသူတော် ရွှေစများကို ဝါးဆစ်



ဘူးလေးထဲသို့ ပြန်ထည့်ပြီး သိမ်းလိုက် သည်။ ထိုအဖြစ်ကို တွေ့မြင်နေသူက ဓားပြ မုတ်ကြီးနှင့် တပည့် ရာကျော်။

"ဆရာ... ဒီအဘိုးကြီး ဇရပ် ဆောက်ဖို့ ကြိတ်စုထားတဲ့ ရွှေတွေ ကို တွေ့ရပြီမဟုတ်လား"

တပည့် ရာကျော်၏ စကား ကြောင့် ဓားပြ မုတ်ကြီး မယုံနိုင်အောင် ဖြစ်သွားမိသည်။ ဓားပြ မုတ်ကြီး မျက် မြင်တွေ့နေရသည်က တဖိတ်ဖိတ် တောက်နေသည့် ရွှေတုံးရွှေစများ။

"ရာကျော်...အဘိုးကြီး ဘုရား ရှိခိုးနေတယ်။ ခဏစောင့်ပြီးမှ တို့ဝင် မယ်"

ဓားပြ မုတ်ကြီးက လက်ထဲမှ ငှက်ကြီးတောင်ဓားကို အသင့်ပြင်ပြီး ဦးသူတော်အခြေအနေကို လှမ်းကြည့် လိုက်သည်။ ဓားပြ မုတ်ကြီး ကြည့်နေ ရင်း အလိုလို အံ့ဩသွားမိသည်။ ဘုရားရှိခိုးနေသည့် ဦးသူတော်၏ နောက်ကျောတွင် ယိမ်းနွဲ့ လှုပ်ရှားနေ သည့် မြွေကြီးတစ်ကောင်။

"ဆ...ဆရာ...မြွေ...မြွေ ကြီး"

တပည့် ရာကျော်၏ ကြောက် လန့်တကြား ထွက်ပေါ်လာသည့် စကားကြောင့် ဓားပြ မုတ်ကြီး မြွေကြီး ကို ကြည့်ပြီး ဒေါသထွက်သွားမိသည်။

"အရေးထဲကွာ၊ ဒီမြွေကြီးက လာနှောင့်ယှက်နေတယ်။ ဒီမြွေကြီးပါ သတ်ပစ်မယ်။ တို့ အချီကြီးရမယ့် အလုပ်ကွ"

ဓားပြ မုတ်ကြီးက ပြောရင်း ရာကျော်နှင့်အတူ တောင်အောက်သို့ ဆင်းခဲ့သည်။ ထိုအဖြစ်ကို ဦးသူတော် မသိရှာ။ ဘုရားရှိခိုး မေတ္တာပို့ အမျှဝေ ပြီး အိပ်ရာဝင်ခဲ့သည်။ ပြီး ရှေ့ဆက် လုပ်ရမည့် သာသနာ့အကျိုး သယ်ပိုး၍



www.burmeseclassic.com

www.burmeseclassic.com

မည့် ပီတိများ။

◈◈◈

"အဘိုးကြီး… ခင်ဗျား ဝါးဆစ်ဘူးထဲမှာ သိမ်းထားတဲ့ ရွှေတုံးရွှေစတွေကို ထုတ်ပေး၊ ထုတ်မပေးရင် ဟောဒီမှာကြည့်"

ဦးသူတော် အံ့သြတကြီးဖြစ်သွားမိသည်။ ကြည့်လေ။ နေ့လယ်ခင်း အချိန်၊ ရုတ်တရက် တွေ့လိုက်ရသည်က လက်ထဲတွင် ဓားကိုယ်စီ ကိုင်ထားသည့် လူနှစ်ယောက်။ တစ်ယောက်က မျက်နှာထား ခက်ထန်ပြီး အကြင်နာကင်းမည့်ပုံစံ။

"ကျုပ် ဒီစေတီလေးနဲ့ သာသနာ အကျိုးအတွက် သုံးဖို့ ရည်စူးပြီး ချွေးနည်းစာနဲ့ စုထားတဲ့ ရွှေစတွေပါ မောင်ရင်ရယ်"

"ဘာရွှေစဖြစ်ဖြစ် ကျုပ်ကို ပေး။ ဘယ်မှာလဲ ခင်ဗျားမွေးထားတဲ့ မြွေကြီး"

မမျှော်လင့်ဘဲ ကြားလိုက်ရသည့် စကားကြောင့် ဦးသူတော်ပင် အံ့သြသွားမိသည်။ ဦးသူတော် ဒီစေတီလေး တည်ပြီး နေလာခဲ့သည်က တစ်နှစ်ကျော်ကျော်ပင် ရှိခဲ့ပြီ။ ဓားပြ ပြောသလို ဦးသူတော် မြွေဆို၍ လုံးဝ မတွေ့ခဲ့ရ။

"ကျုပ်…ကျုပ်မှာ မြွေမရှိပါဘူး ကွယ်"

"ခင်ဗျားကြီး မညာနဲ့။ ညက ကျုပ်တို့ လာကြည့်တော့ ခင်ဗျား ဘုရားရှိခိုးနေတုန်း မြွေကြီးတစ်ကောင်ကို တွေ့လို့ ကျုပ်တို့ ပြန်သွားခဲ့တာ"

ဓားပြ စကားက မယုံနိုင်စရာ။ ဦးသူတော် ဘာစကားပြောရမှန်း မသိတော့။ ဦးသူတော် ဝါးဆစ်ဘူးလေးကို ဆုပ်ကိုင်ထားဆဲဖြစ်သည်။

"မြန်မြန်ပေးစမ်းဗျာ။ ခင်ဗျား ပြေးရင် မလွယ်ဘူး၊ ကျုပ်ဓားက လူမရွေးဘူး"

ဓားပြခေါင်းဆောင်၏ စကားကြောင့် ဦးသူတော် အခြေအနေကို ရိပ်စားမိလိုက်သည်။ လောဘသားတွေကို တရားမည်သို့ချချ ရမည်မဟုတ်တော့။

"ကျုပ် မပြေးပါဘူးကွယ်။ မောင်ရင် တောင်းတဲ့ ဝါးဆစ်ဘူးကို ပေးပါ့မယ်"

ဦးသူတော်က ဝါးဆစ်ဘူးလေးကို ဓားပြထံ လှမ်းပေးလိုက်သည်။ ဓားပြခေါင်းဆောင်က ဝါးဆစ်ဘူးကို သေချာစွာ ကြည့်ပြီး ဝမ်းသာအားရ မျက်နှာဖြင့် ဦးသူတော်ကို ကြည့်လိုက်သည်။

"ကျုပ်တို့ ပြန်မယ်။ ခုလာတဲ့ အကြောင်းကို ဘယ်သူမှ မပြောနဲ့။ ခင်ဗျားပြောတာ သိရင် ဟောဒီဓားနဲ့ ခင်ဗျားကြီးကို လာသတ်မယ်၊ သိလား"

ဓားပြခေါင်းဆောင်က ဦးသူတော်ကို ဓားကြိမ်း ကြိမ်းပြီး တောင်အောက်သို့ ဆင်းသွားသည်။ ဦးသူတော်စိတ်ထဲ ဝမ်းနည်းတကြီးဖြစ်သွားမိသည်။ ဦးသူတော် ရည်မှန်းထားသည့် သာသနာပြုလုပ်ငန်း။

◈◈◈

ဦးသူတော် အတိတ်က အဖြစ်ကို ပြန်လည်တွေးမိရင်း စစ်မှန်သည့် ကုသိုလ်ကံ တရားကြောင့် ပြန်လည်ရရှိခဲ့သည့် ဝါးဆစ်ဘူးလေး။

"ဦးသူတော်…ဒီ ဓားပြတွေက သေတာ ဆန်းတယ်။ သက်ကယ်တောထဲမှာ မြွေကိုက်ခံရပြီး သေကြတယ်"

"ထွန်းဖေရယ်… လောဘ၊ ဒေါသ၊ မောဟအဆိပ်တွေ ဖုံးလွှမ်းလာရင် အသက်တိုရတာပေါ့ကွယ်။ ကဲ - ရွာကို အကြောင်းကြားပေးပါဦး ထွန်းဖေရယ်"

ဦးသူတော် စကားကြောင့် ထွန်းဖေ ရွာသို့ ပြန်သွားသည်ကို ကြည့်ရင်း စေတီလေးကို လှမ်းကြည့်လိုက်မိသည်။ ထုံးဖြူဖြူ စေတီလေးမှ ရွှေစေတီလေး အဖြစ် ကုသိုလ်ပြနေသည့် ဦးသူတော်။ ဦးသူတော် ဓားပြတွေ တွေ့ခဲ့ရသည့် မြွေကြီးကို သတိရသွားမိသည်။ သည်မြွေကြီးက ဦးသူတော် သာသနာပြုလုပ်ငန်းကို စောင့်ရှောက်နေသည့် မြွေကြီးလား။

ဦးသူတော်ကို အိပ်မက်ပေးပြီး စေတီလေး တည်နိုင်းခဲ့သည့် မြွေကြီးလား။ ယောဂီကြီး ပြောဆိုခဲ့သည့် ဦးသူတော်ကို စောင့်ရှောက်နေသည့် မြွေကြီးလား။ ဦးသူတော် မြွေကြီးအဖြစ်ကို မယုံနိုင်အောင် ဖြစ်သွားမိလေတော့သည်။

ခုတော့ သည်မြွေကြီးက ဓားပြတွေကို တားဆီးနိုင်၍ ဦးသူတော် သာသနာပြု လုပ်ငန်းကို လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။ ဦးသူတော် ရွှေစေတီလေးကို အားရပါးရ ဖူးမြော်လိုက်သည်။ လေအဝေ့တွင် လှုပ်ခတ်နေသည့် ဆည်းလည်းသံက နလုံးသားတွင် ထာဝရ အေးမြ ငြိမ်းချမ်းမှုကို ညွှန်ပြနေပြီမဟုတ်ပါလား ■

* * *

ဇလွန်ကျော်ဦး



www.burmeseclassic.com


www.burmeseclassic.com

ယခင်လမှ အဆက်...

"ကန်တော့ရသော အကျိုးအားကြောင့်ဆိုတဲ့ နေရာက ဆက်ကြရအောင် မောင်သောင်းရေ"

"ဟုတ်ကဲ့၊ အမိန့်ရှိပါ ဆရာဆန်းရေ"

"ကန်တော့ရတဲ့ အကျိုးအားကြောင့်လို့ ဆိုတာက ရှေ့မှာ တောင်းပန်ခဲ့သော အပြစ်များကို ပျောက်စေလိုတဲ့ အပြင်၊ နောက်ထပ် အကျိုးများကိုလည်း အလိုရှိလို့ ထပ်မံဆုတောင်းတဲ့ စကားဖြစ်ပါတယ်"



မန်းချီဆွေမြင့်

# ဆန်းဝင်း (အောင်မြေ)

## ဩကာသကန်တော့ချိုး (၃)



www.burmeseclassic.com

www.burmeseclassic.com

## အပါယ်လေးပါး

အပါယ - လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ ဟူသော ချမ်းသာ (၃)မျိုးဖြစ်ကြောင်း၊ ကုသိုလ်ကောင်းမှုများ စွာပြုခွင့်မရှိသော အရပ်ကို ပါဠိလို "အပါယ"၊ မြန်မာလို "အပါယ်"လို့ ခေါ်ဆိုခြင်း ဖြစ်ပါသည်။ အချုပ်ကတော့ ချမ်းသာကင်းသော ဘုံဘဝကို ဆိုလိုပါသည်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူ၍ အပါယ်လေးပါးရှိ၏။

## ငရဲကြီးရှစ်ထပ်

ချမ်းသာခြင်းကင်းပြီး ဆင်းရဲခြင်းအတိပြီးတဲ့ ဘုံဘဝကို "ငရဲ"ဟူ၍ ဆိုလိုရင်းဖြစ်သည်။ ငရဲကြီးရှစ်ထပ်ရှိပါသည်။ "သိဥ္စင်းကာလ သင်္ဃာတနဲ့ ရောရုဝ နှစ်တာပန် နှစ်တွက်စစ် အဝီစိ"ဟူ၍ ဆိုထားသည့်အတိုင်း အစဆုံး သိဥ္စင်းငရဲ၊ ကာလသုတ်ငရဲ၊ သင်္ဃာတငရဲ၊ ရောရုဝငရဲ၊ တာပနငရဲ၊ မဟာတာပနငရဲ၊ အဝီစိငရဲ ဟူ၍ ရှစ်ထပ်ရှိ၏။ ယူဇနာ နှစ်သိန်းလေးသောင်းအထုရှိသော ဤကမ္ဘာမြေကြီး အောက် တစ်သိန်းနှစ်သောင်းမှာ ကျောက်မြေဖြစ်၍ အထက် တစ်သိန်းနှစ်သောင်းသာလျှင် မြေသားဖြစ်ပါသည်။ အထက်ပါ ပကတိမြေသားအတွင်း၌ ဖော်ပြခဲ့သော ငရဲ ကြီးရှစ်ထပ်တည်ရှိ၏။ တစ်ထပ်နှင့် တစ်ထပ် ယူဇနာတစ်သောင်းငါးထောင်စီ ကွာဝေးပါသည်။

လူ့ပြည်မှ အောက်ဘက် ယူဇနာ တစ်သောင်း ငါးထောင်၊ မိုင်အားဖြင့် (၁၂၀,၀၀၀)ကွာဝေးသောအရပ်တွင် ဥမင်လိုဏ်ခေါင်းသဖွယ်ဖြစ်ကာ သိဥ္စင်းငရဲတည်ရှိပြီး၊ ထို အောက် တစ်သောင်းငါးထောင်ဝေးသော အရပ်တွင် ကာလသုတ်ငရဲ၊ စသည်ဖြင့် အောက်သို့ တစ်သောင်းငါးထောင် အကွာအဝေးတိုင်းတွင် အစဉ်အတိုင်းတည်ရှိပြီး အောက်ဆုံး၌ အဝီစိငရဲတည်ရှိသည်။

ထိုငရဲကြီးရှစ်ထပ်တွင် တစ်ထပ်တစ်ထပ်လျှင် ဘင်ပုပ်ငရဲတစ်ထပ်၊ ပြာပူငရဲတစ်ထပ်၊ လက်ပံတောငရဲ တစ်ထပ်၊ သန်လျက်တောငရဲတစ်ထပ်၊ ကြေးနီရည်တွေ စီးနေသော ကြိမ်ပိုက်ချောင်းခေါ် "ဝေတ္တရဏီငရဲ"တစ်ထပ် အားဖြင့် ငရဲငယ်ငါးထပ် တံတိုင်းပတ်၍ ရံကာ တည်ရှိနေလေသည်။

## တိရစ္ဆာန်

လူ၊ နတ်တို့ကဲ့သို့ မတ်တတ်မသွားဘဲ အလျားလိုက် သွားတတ်သော သတ္တဝါများကို ခေါ်သည်။ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ခွေး၊ ကြက်၊ ငှက်၊ ငါး၊ လိပ် စသော ကုန်းနေ၊ ရေနေ အခြေ (၄)ချောင်း၊ အခြေ (၂)ချောင်း၊ သတ္တဝါတွေကို တိရစ္ဆာန်များလို့ ခေါ်ပါသည်။ ဘုံနေရာ သီးခြားမရှိ၊ လူတို့၏ အနီးအပါးနဲ့ တောဘောင် စသည်တို့မှာ နေထိုင်ကျက်စားကြ၏။

## ပြိတ္တာ

ချမ်းသာအပေါင်းမှ ကင်းကွာသူများကို "ပြိတ္တာ"ဟု ခေါ်သည်။ ၎င်းတို့သည် ဘုံသီးခြားမရှိသော တော၊ တောင်၊ မြစ်၊ ချောင်း၊ သုသာန် စတဲ့အရပ်တွေမှာ နေထိုင်ကြ၏။ တစ္ဆေ၊ မှင်စာ၊ သရဲသဘက်၊ အစိမ်းဖုတ်ကောင်၊ ကျတ်ကောင် စသည့် အမျိုးမျိုးပါဝင်ပါသည်။ တစ္ဆေ = တစ္ဆ (ကြောက်စေတတ်သော သဘောရှိသော (ဝါ) ခြောက်တတ်သော ပြိတ္တာဘုံသားတချို့ကို ခေါ်ဆိုခြင်း ပညတ်နာမည် များဖြစ်၏။) ၎င်းတို့မှာ နှစ်ပေါင်းများစွာ မစားရ၊ မသောက်ရ၊ အချို့မှာ လူများ၏ ထမင်းလုံး၊ ဟင်းပေါက်၊ သလိပ်၊ ချွဲ၊ တံတွေး၊ မစင် စသည်တို့ကိုသာ စားရ၏။ လက္ခဏသံယုတ်တွင် ဖော်ပြထားသော ဂိဇ္ဈကုတ်တောင်ရှိ ပြိတ္တာတို့မှာ မစားရ၊ မသောက်ရရုံသာမကဘဲ ငရဲသားများကဲ့သို့ပင် လွန်စွာ ဆင်းရဲကြောင်း ပြဆိုထားပါသည်။

## အသူရကာယ်

အစိုးရမှု၊ မြူးထူးပျော်ပါးမှု စသည်တို့ဖြင့် နတ်များကဲ့သို့ မတောက်ပနိုင်သူများကို ခေါ်ပါသည်။ ဘုံသီးခြားမရှိ၊ အသူရကာယ်များ နေရာအရပ်ကို "အသူရကာယ်ဘုံ"ဟူ၍ ခေါ်ဆို၏။ ၎င်းတို့ကား ပြိတ္တာအကြီးစားများပင် ဖြစ်၏။ ထို့ကြောင့် တချို့ဆို ပါဠိတော်တွေမှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ သုံးမျိုးသာ ပြထားတာ ဖြစ်၏။ ဖော်ပြခဲ့သော ပြိတ္တာအကြီးစားများပင် ဖြစ်ပါတယ်။ ဖော်ပြခဲ့သော ပြိတ္တာ၊ အသူရကာယ်တို့ကို "ကာကဉ္စိကအသူရာ"ဟုလည်း ခေါ်၏။ ယင်းတို့သည် သမုဒ္ဒရာ ဂင်္ဂါမြစ်ကမ်း လူသူအရောက်နည်းသော ကျွန်းငယ်လေးများတွင် နေထိုင်ကြသည်။ တချို့ အသူရာတို့မှာ ဘုရားနှစ်ဆူ သုံးဆူပွင့်သော်လည်း တစ်ကြိမ်မျှပင် မစားမသောက်ကြရပေ။

"ဆရာဆန်း… အဲဒီ အသူရာဆိုတာတွေက သိကြားမင်းကို စစ်တက်တိုက်ကြတဲ့ အသူရာတွေနဲ့ အမျိုးတူလား"

"မတူဘူး မောင်သောင်းရဲ့၊ သိကြားမင်းနဲ့ စစ်တိုက်တဲ့ အသူရာတွေက မြင်းမိုရ်တောင်အောက်ခြေမှာ နေကြ၏



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒီနေရာမှာ အသူရာမှာပါတဲ့ "အ"သဒ္ဒါသည် ဆန့်ကျင်ဘက် အနက်ကို အောက် တာဝတိံသာနတ်မျိုးမှာ စာရင်းဝင်ပါတယ်။ အသူရာ နောက်တစ်မျိုးရှိသေးတယ်။ ဘုမ္မစိုးနတ်ကြီးများကို မှီခိုကပ်လျက် တန်ခိုးဣဒ္ဓိပါဒ် နုံ့နဲ့လှသော အငယ်အသူရာ နတ်ကလေးများကိုလည်း "အသူရာ"ဟူ၍ လို့ပဲ ခေါ်တယ်။ ဤနေရာ၌ "အ"သဒ္ဒါသည် အငယ်သူရာ နတ်လို့ ဟောတာကြောင့် "နတ်ငယ်ကလေးများ"ဟု ဆိုလိုသည်။ အခြားအသူရာများလည်း ရှိသေးတယ်"

## ကပ်သုံးပါး

"ကပ်"ဆိုတာ ပါဠိလိုတော့ ကပ္ပ၊ မြန်မာလို "ကပ်" လို့ ခေါ်သည်။ အဓိပ္ပာယ်မှာ ပျက်စီးခြင်းဖြစ်၏။ ပျက်စီးခြင်းမှာ ကမ္ဘာမြေကြီးတစ်ခုလုံး ပျက်သုဉ်းသွားအောင် ပျက်စီးမှုမျိုးလည်း ရှိ၏။ ကမ္ဘာကြီးက မပျက်စီးသေးဘဲ အကြားအကြား၌ တရားကင်းမဲ့၍ အသေဆိုးနဲ့ သေကြရသော ပျက်စီးခြင်းမျိုးလည်း ရှိ၏။ ဤတွင် ကမ္ဘာကြီး မပျက်မီ အကြား၌ သေခြင်းဆိုးနှင့် သေရခြင်းမျိုးကို "ကပ်"၊ ဒုဗ္ဘိက္ခန္တရကပ်ဟူ၍ သုံးမျိုးရှိပါသည်။ တုတ်၊ ဓား၊ အမြောက်၊ သေနတ် စတဲ့ လက်နက်များဖြင့် သတ်ပုတ် တိုက်ခိုက်ကြပြီး သေဆုံးပျက်စီးရခြင်းမျိုးကို "သတ္တရကပ်"ခေါ်သည်။

ပလိပ်ရောဂါ၊ ကာလဝမ်းရောဂါ၊ ရေကျောက်ရောဂါ၊ အဖျားရောဂါ စသည်တို့ ကျရောက်၍ အမြောက်အမြားသေဆုံးရခြင်းမျိုးကို "ရောဂန္တရကပ်"ခေါ်၏။



မြို့နယ်အနှံ့အပြားတို့တွင် အစာရေစာခေါင်းပါး ငတ်မွတ်၍ သေရခြင်းမျိုးကို ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ရောက်ခြင်းဟု ဆိုရမည်ဖြစ်ပါသည်။ ထိုကပ်သုံးပါးမှ လွတ်ကင်းအောင် မပါဝင်အောင် ဆုတောင်းရမှာ ဖြစ်သည်။ ဤကဲ့သို့ ကပ်အမျိုးမျိုးဆိုက်ခြင်းမှာ (၁၀)နှစ်တန်းအထိ ကျရောက်သောအခါ၌ ဆိုက်ရောက်တတ်လေသည်ဟု ကျမ်းဂန်များ၌ ဖော်ပြလေ့ရှိလေသည်။ ယခုအခါ တိုင်းပြည်အချို့တွင် ထိုကပ်မျိုး မကြာခဏ ဆိုက်ရောက်တတ်ကြောင်း ကြားသိ တွေ့ရှိရပေသည်။

ကပ်ဆိုက်ပုံမှာ သတ္တဝါတို့ လောဘတရား ကြီးမားလွှမ်းမိုးသောအခါ ဒုဗ္ဘိက္ခန္တရကပ်(ငတ်မွတ်ဘေး) ကပ်သည်လည်းကောင်း၊ သတ္တဝါတို့ ဒေါသတရားကြီးမား လွှမ်းမိုးသောအခါ သတ္တန္တရကပ်(လက်နက်ဘေး)၊ သတ္တဝါတို့ မောဟတရား ကြီးမားလွှမ်းသောအခါ ရောဂန္တရကပ် (ရောဂါဘေး)ကပ်တို့သည် လည်းကောင်း ဆိုက်ရောက်တတ်သည်ဟု မှတ်ရပါမည်။

## ရပ်ပြစ်ရှစ်ပါး

ရပ်ပြစ်ရှစ်ပါးဆိုတာ မြန်မာလိုတော့ အပြစ်ရှိတဲ့ အရပ်ရှစ်မျိုးလို့ ဆိုလိုရင်းပါ။ အခွင့်ကောင်း၊ အခါကောင်း မဟုတ်တဲ့ အရပ်ဒေသလို့ အဓိပ္ပာယ်ရပါသည်။

အပြစ်လို့ ဆိုရာမှာ ထူးထူးခြားခြား ဆိုးဆိုးဝါးဝါးအပြစ်မျိုးကို ဆိုလိုတာ မဟုတ်ပါဘူး။ ဘုရားပွင့်တော်မူလာရင် အဲဒီအရပ်မျိုးတွေ ရောက်နေပါက မဂ်တရား၊ ဖိုလ်တရားတွေ ရအောင် အားထုတ်ခွင့်မရနိုင်တဲ့အတွက် မဂ်ဖိုလ်ကို ရရှိခွင့်မရှိသဖြင့် အပြစ်ရှိသောအရပ်ကို "ရပ်ပြစ်"ဟူ၍ဆိုခြင်းဖြစ်ပါသည်။ ရပ်ပြစ်ရှစ်ပါးရဲ့ သရုပ်ကို ကျမ်းဂန်တွေမှာ အမျိုးမျိုးပြဆိုထားပေမယ့် ဒီနေရာမှာ သုတ်ပါထေယျပါဠိတော်လာ နည်းတစ်နည်းကိုသာ ရေးပါမည်။

## ရပ်ပြစ်ရှစ်ပါးအချုပ်

ဘုရားဖြစ်ခါ ပါယ်သုံးရွာ၌၊ ဒီဃာယုနတ် ဖြစ်လတ်ပစ္စန်၊ မိစ္ဆာဉာဏ်ရှိ၊ ဉာဏ်မရှိဖြားလည်း၊ ဘုရားမဖြစ်၊ ကျမ်းဂန်လှစ်သည်၊ ရပ်ပြစ်ရှစ်ပါးသရုပ်တည်း။

## အပါယ်သုံးဘုံ

"ဘုရားဖြစ်ခါ၊ ပါယ်သုံးရွာ"၌ ဆိုရာမှာ ဘုရားရှင် ပွင့်ထွန်းတော်မူတဲ့ ငရဲကျနေသူ၊ တိရစ္ဆာန်ဘဝရောက်နေသူ



www.burmeseclassic.com

www.burmeseclassic.com

အသူရကာယ်အပါအဝင် ပြိတ္တာဘုံဆိုတဲ့ အပါယ်သုံးဘုံ ရောက်နေသူတို့ကို ဆိုခြင်းဖြစ်သည်။

## သက်ရှည်သော နတ်

"ဒီဃာယုနတ်" အသက်ရှည်သော နတ်ဗြဟ္မာများကို ဒီဃာယုနတ်ဟု ဆိုခြင်းဖြစ်ပါသည်။ (ဒီဃ = ရှည်သော၊ အာယု = အသက်)ကို ဆိုလို၏။ ဘုရားပွင့်ဆဲ အခါလွန်စွာ အသက်ရှည်လှ၍ ဘုရားရှင်ကို မဖူးတွေ့နိုင်သော အသညသတ် ဗြဟ္မာများနှင့် အရူပဗြဟ္မာများကို ဆိုလိုခြင်းဖြစ်၏။ အသညသတ်ဗြဟ္မာတွေဟာ ခန္ဓာကိုယ်သာရှိပြီး စိတ်ဝိညာဏ် မရှိသလို၊ အရူပဗြဟ္မာတွေကျတော့ စိတ်ဝိညာဏ်သာ ရှိပြီး ခန္ဓာကိုယ် မရှိကြသူတွေဖြစ်ကြ၏။ ဒါကြောင့် အဲဒီဗြဟ္မာတွေဟာ ဘုရားပွင့်နေပေမယ့်လည်း တရားမနာနိုင်ကြပါဘူး။ ၎င်းတို့က ဗြဟ္မာများဖြစ်ကြသော်လည်း တရားနာခွင့် ဆုံးရှုံးနေကြသည်။

## ပစ္စန္တရာဇ်အရပ်တွင် နေကြသူများ

"ဖြစ်လတ်ပစ္စန္တ"ဆိုသည်က ဘုရားရှင်နှင့် သံဃာတော်များ မရောက်ရှိနိုင်တဲ့ အစွန်အဖျားဒေသများ၊ တောတောင်အကြား(ပစ္စန္တရာဇ်သား) လူရိုင်းများကို ဆိုလိုပါသည်။

## မိစ္ဆာဉာဏ်ရှိသူများ

"မိစ္ဆာဉာဏ်ရှိ" ဆိုတာ ဘုရားပွင့်ဆဲ၊ သာသနာတော် တည်ဆဲအခါတွေမှာ မိစ္ဆာဒိဋ္ဌိအယူရှိသူများကို ဆိုလို၏။ မိစ္ဆာဒိဋ္ဌိဆိုတာ မှားယွင်းသော အယူရှိသူများကို ခေါ်ဆိုပါသည်။

"ဆရာဆန်း... မှားယွင်းတဲ့ အယူရှိသူများဆိုတော့ ဘယ်လိုအယူရှိသူတွေကို မှာယွင်းတယ်လို့ ဆိုလိုပါသလဲ ဆရာ"

"ကံ၊ကံ၏ အကျိုးကို မယုံကြည်ကြသူများကို မှားသော အယူရှိသူ(မိစ္ဆာဒိဋ္ဌိ)များဟူ၍ ဆိုခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ အယူဖြောင့်မှန်ဖို့ "ကမ္မဿကတာ သမ္မာဒိဋ္ဌိ"ဆိုတဲ့ ကံ၊ကံ၏ အကျိုးကို အမှန်သိမြင်ပြီး ပြုလုပ်ဖို့ လိုအပ်ပါတယ်။ ကံ၊ကံ၏ အကျိုးကို အမှန်သိမြင်မှုနဲ့ စပ်လျဉ်းပြီး ဖြောင့်မှန်သော အယူဝါဒရှိခြင်း၊ ကံ၊ကံ၏ အကျိုးကို ယုံကြည်ခြင်းဆိုတဲ့ "ဒိဋ္ဌိဇုကမ္မ"ဖြစ်ဖို့ လိုပါတယ်။ ဒိဋ္ဌိဇုကမ္မဖြစ်မှသာ သမ္မာဒိဋ္ဌိဖြစ်မှာ ဖြစ်တယ်။ ဒါကြောင့် သမ္မာဒိဋ္ဌိဖြစ်ရာ ဖြစ်ကြောင်း (၁၀)မျိုးကို အောက်ပါအတိုင်း မှတ်သား ယုံကြည်ဖို့ လိုပါတယ်"

(၁) အတ္ထိဒိန္နံ - အလှူပေးရခြင်း၏ အကျိုးကျေးဇူးသည် အမှန်ရှိ၏။

(၂) အတ္ထိယိဋ္ဌံ - ယဇ်ကြီး(အလှူကြီး) ပူဇော်ရခြင်း၏ အကျိုးကျေးဇူးသည် အမှန်ရှိ၏။

(၃) အတ္ထိဟုတံ - ယဇ်ငယ်(အလှူငယ်) ပူဇော်ရခြင်း၏ အကျိုးကျေးဇူးသည် အမှန်ရှိ၏။

(၄) အတ္ထိသုကတ ဒုက္ကဋာနံ ဖလဝိပါကော - ကောင်းစွာပြုလုပ်သော ကုသိုလ်ကံ၊ မကောင်းသဖြင့် ပြုအပ်သော ကုသိုလ်ကံ၊ မကောင်းသဖြင့် ပြုအပ်သော အကုသိုလ်ကံ၏ အကျိုးဆက်(ဖလ) အကျိုးရင်း(ဝိပါက)သည် အမှန်ရှိ၏။

(၅) အတ္ထိအယံလောကော - ဤလောကသည် အမှန်ရှိ၏။

(၆) အတ္ထိပရောလောကော - တမလွန်လောကသည် အမှန်ရှိ၏။

(၇) အတ္ထိမာတာ - အမိ၌ ကောင်းမွန်စွာ ပြုစုခြင်း၊ မကောင်းသဖြင့်ပြုခြင်း အကျိုးကျေးဇူးသည် အမှန်ရှိ၏။

(၈) အတ္ထိပိတ - အဖ၌ ကောင်းမွန်စွာ ပြုစုခြင်း၊ မကောင်းသဖြင့်ပြုခြင်း အကျိုးကျေးဇူးသည် အမှန်ရှိ၏။

(၉) အတ္ထိသတ္တာဩပပါတိကာ - ဩပပါတိက သတ္တဝါ နတ်ဗြဟ္မာတို့သည် အမှန်ရှိကုန်၏။

(၁၀) အတ္ထိလောကေသမဏာ ဗြဟ္မဏာ သမဂ္ဂတာ သမ္မာပဋိပန္နာ - ဤလောကကို လည်းကောင်း၊ တမလွန်လောကကို လည်းကောင်း၊ ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ဟောကြားကုန်သော၊ ညီညွတ်သော အကျင့်ရှိကုန်သော သမဏဗြဟ္မဏတို့သည် လောက၌ အမှန်ရှိကုန်၏တို့ ဖြစ်ပါသည်။

ဖော်ပြခဲ့သော သမ္မာဒိဋ္ဌိဖြစ်ကြောင်း (၁၀)ပါးတို့နဲ့ ပြည့်စုံမှသာ အယူမှန်သူ၊ သမ္မာဉာဏ်ရှိတဲ့သူ ဖြစ်ပါသည်။ ဒီ (၁၀)မျိုးနဲ့ ဆန့်ကျင်ဘက်ဖြစ်မယ်ဆိုရင် မိစ္ဆာဉာဏ်ရှိသူ ဖြစ်သည်။ ဒါလောက်ဆို "မိစ္ဆာဉာ ဏ်ရှိသူ"အဓိပ္ပာယ်ကို နားလည်လောက်ပြီ ထင်ပါသည် ■

"ကဲ - ဒီတစ်ပတ်နားစို့"

ရွှေလ ဆက်ပါဦးမည်

* * *

ဆန်းဝင်း(အောင်မြေ)



www.burmeseclassic.com

www.burmeseclassic.com

# ဂျပန်

ဆေးစွမ်းကောင်းများ

- ဂျပန်နားသန့်ဆေးကြီး
- ဂျပန်နားရောဂါပျောက်ဆေးကြီး
- ဂျပန်မျက်စိကြည်ဆေးကြီး
- ဂျပန်မျက်စိရောဂါပျောက်ဆေးကြီး
- ဂျပန်သွားရောဂါပျောက်ဆေးကြီး
- ဂျပန်နှာခေါင်းရောဂါပျောက်ဆေးကြီး



အစလ မှတ်ပုံတင်အမှတ် အစ ၁၂(၁၀၂၉၆)
လင မှတ်ပုံတင်အမှတ် ၄/၁၉၉၉

**အမြို့မြို့ ဆိုင်တိုင်းမှာ မေးဝယ်ပါ**

www.burmeseclassic.com

www.burmeseclassic.com




# ဒေးမောင်မောင်ဆန်း

## အတုံ့အလှည့်မေတ္တာ

www.burmeseclassic.com

www.burmeseclassic.com

အချိန်မှာ ၁၉၂၉ ခုနှစ်ဝန်းကျင်ခန့်။ သစ်တောအရာရှိ ဦးဘအုန်းသည် မြန်မာနိုင်ငံအလယ်ပိုင်း သာယာဝတီခရိုင်အတွင်းရှိ သစ်ထုတ်လုပ်ရေးစခန်းတစ်ခုတွင် တာဝန်ထမ်းဆောင်နေချိန်ဖြစ်သည်။

ထိုအချိန်က သစ်ခိုးဂိုဏ်းများသည် အစိုးရပိုင် သစ်များကို ခိုးခုတ်၍ တရားမဝင် သယ်ဆောင်ကြသဖြင့် ဦးဘအုန်းနှင့် အစိုးရ အမှုထမ်းများသည် မိမိတို့ တာဝန်ကျရာ နယ်မြေအတွင်းရှိ သစ်များ ခိုးယူခြင်း မခံရလေအောင် အချိန်ပြည့် သတိ ဝီရိယထားကာ မကြာခဏ နယ်မြေအတွင်း လှည့်လည်စစ်ဆေးမှုများကို ပြုလုပ်ရလေသည်။

တစ်ခါက တရားမဝင် သစ်များခိုးခုတ်နေသည်ဟု သတင်းရ၍ သွားရောက် ဖမ်းဆီးခဲ့ရာ သစ်ခိုးဂိုဏ်းမှ သစ်များကို မခုတ်ယူသေးမီ ပြင်ဆင်နေချိန်တွင် အချိန်မီ သွားရောက် ဖမ်းဆီးနိုင်ခဲ့လေသည်။ ဖမ်းဆီးရာတွင် သစ်ခုတ်ရာ၌ အသုံးပြုသော ပစ္စည်းကိရိယာများကိုပါ သိမ်းဆည်းရမိခဲ့လေသည်။ သစ်ခိုးဂိုဏ်းတွင် ပါဝင်သူများမှာ ရွာနီးချုပ်စပ်က ရွာသားများပင် ဖြစ်သည်။ ဦးဘအုန်းမှာ တာဝန်အရ သစ်ခိုးဂိုဏ်းများကို နှိမ်နင်းနေရသော်လည်း ဘာသာတရားကိုင်းရှိုင်းသော ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်၏။ ထို့အပြင် ကျေးလက်နေ တောင်သူလယ်သမားနှင့် ဆင်းရဲနွမ်းပါးသူများ၏ ဘဝကို နားလည်သဘောပေါက်သလို မေတ္တာကရုဏာထားတတ်သူတစ်ဦးလည်း ဖြစ်သည်။

ဦးဘအုန်းသည် ဖမ်းဆီးရမိသူများကို ကြည့်၍ လက်ထဲတွင်လည်း ငွေမရှိ၍ လွယ်လွယ်နှင့် ငွေရမည်၊ လွတ်နိုင်မည်ဟု ထင်ပြီး အသိဉာဏ်နည်းကာ ကျူးလွန်ကြခြင်းဖြစ်မည်ဟု တွေးတောမိ၏။ ထို့ကြောင့် ဖမ်းမိသူများကို "မင်းတို့နာမည်နဲ့ ဘယ်ရွာမှာ နေတယ်ဆိုတာ ပြောကြစမ်းပါဦး" ဟု ဆိုပြီး ထိုလူများထံမှ အမည်နှင့် နေထိုင်ရာ ရွာတို့ကို သိရသောအခါ ဦးဘအုန်းသည် သူ၏ လက်အောက်မှ အမှုထမ်းအချို့ကို ထိုလူများ နေထိုင်ရာရွာမှ ရွာသူကြီးနှင့် ၎င်းတို့၏ မိသားစုဝင်များမှ မိဘ၊ ဇနီး စသည့်သူများကို အကြောင်းစုံ ပြောပြကာ အခေါ်လွှတ်လိုက်၏။

မကြာမီ ရွာသူကြီးများနှင့် သစ်ခိုးခုတ်သူတို့၏ မိသားစုဝင်များ လိုက်လာကြ၏။ ထိုလူတို့၏ မိသားစုဝင်များက ငိုယိုနေကြသလို ရွာသူကြီးများမှာလည်း မျက်နှာမကောင်း။ မိမိတို့ရွာမှ သူခိုးထွက်သည်ဟု အပြောခံရမည်စိုး၍ပင်။ ထို့နောက် ဦးဘအုန်းမှ…

"ဥပဒေမဲ့ သစ်ခိုးခုတ်ဖို့ ကြံစည်ကြပေမယ့် ဒီတစ်ခါတော့ အင်မတန်ကံကြီးတယ်လို့ ဆိုရမယ်။ သစ်တွေခုတ်ဖို့ ပြင်ကြဆင်ကြတုန်း အချိန်မီ အုပ်မိတာမို့ အဖိုးတန်သစ်တွေလည်း အရာမယွင်းသေးဘူး။ ဒီလို အဖိုးတန်သစ်တွေကို ခွင့်ပြုချက်မရဘဲ ခုတ်ရင် အပြစ်မကင်းဘူးဆိုတာ သိကြရဲ့လား"

သစ်ခိုးဂိုဏ်းသားများမှာ အပြစ်ပေးခံရမှာ သိကြသလို စိတ်မပါတပါဖြင့် ပြန်ဖြေကြ၏။

"ဟုတ်ကဲ့၊ သိပါတယ် ခင်ဗျာ"

ဦးဘအုန်းမှ…

"ကဲ - အခုဆိုရင် မောင်တို့အတွက်နဲ့ မိဘမောင်ဘွား ဇနီး သားမယားတွေ ဘယ်လောက် သောကရောက်နေသလဲဆိုတာ မြင်တဲ့အတိုင်းပဲ။ ရပ်ရွာအုပ်ချုပ်တဲ့ ရွာသူကြီးများလည်း မျက်နှာမရကြပေဘူး။ ဒီတော့ မောင်တို့အားလုံးကို မေးမယ်၊ သေသေချာချာ စဉ်းစားပြီးမှ ဖြေကြပါ။ နောက်နောင် ဒီလိုအလုပ်မျိုး လုပ်ကြဦးမှာလား"

တစ်ယောက်တစ်ပေါက် ပြန်ဖြေကြ၏။

"မလုပ်တော့ပါဘူးခင်ဗျာ။ လုံးဝ မလုပ်တော့ပါဘူး"

ဦးဘအုန်းမှ…

"လွယ်လွယ်နဲ့ မပြောစေချင်ဘူး။ ရွာလူကြီးများနဲ့ မောင်တို့ မိသားစုများ ရှေ့မှာ မေးမယ်။ နောက်နောင် လုံးဝ မလုပ်တော့ဘူးဆိုတာ ကတိရော ပေးနိုင်ကြပါ့မလား"

"ဟုတ်ကဲ့ပါ၊ ကတိပေးပါတယ်။ နောက် မလုပ်ဝံ့တော့ပါဘူး"

ထိုအခါ ဦးဘအုန်းမှ…

"ကောင်းပြီကွယ်။ အခြေအနေကလည်း လက်လွန်ခြေလွန်မဖြစ်သေးတာမို့ ဒီတစ်ကြိမ်တစ်ခါတော့ ခွင့်လွှတ်လိုက်မယ်။ သို့သော်လည်း သစ်ခုတ်ရာမှာ အသုံးပြုတဲ့ ပစ္စည်းအားလုံးကိုတော့ သိမ်းယူထားလိုက်မယ်။ ဒါပေမယ့် မောင်တို့အားလုံး ဘယ်လိုအကြောင်းမျိုးနဲ့မှ ကြိုးဝိုင်းတွေနားကို မလာကြဖို့ပဲ။ နောက်တစ်ခါဆိုရင်တော့ အားလုံးကို ပုလိပ်လက် အပ်ဖို့ပဲ ရှိတော့တယ်။ ရွာလူကြီးများနဲ့ မိဘမောင်ဘွား ဇနီးများကလည်း သူတို့တစ်တွေကို နောင်တစ်ကြိမ် ထပ်မကျူးလွန်အောင် ပြောဆို ဆုံးမပေးကြပါ။ ကဲ - အခုတော့ ပြန်ကြပေတော့"

ဦးဘအုန်းထံမှ မမျှော်လင့်သော စကားကို ကြားရသောအခါ အားလုံး



www.burmeseclassic.com

www.burmeseclassic.com

အုံ့အားသင့်သွားကြ၏။ မိမိတို့၏ လင်သား မောင်ဘွားများ ထောင်နန်းစံကြရတော့မည်ဟု လုံးဝ ထင်ထားကြပြီး ငိုကြွေးနေကြသော အမျိုးသမီးများနှင့် သစ်ခိုးခုတ်သူများမှာ ဝမ်းသာအားရဖြင့် ဦးဘအုန်းကို ထိုင်ကန်တော့ကြပြီး -

"ကျေးဇူးကြီးလှပါတယ် ဆရာကြီးရယ်"

"ငတ်လွန်းလို့ ကြံမိကြံရာ ကြံမိတာပါခင်ဗျာ။ ခွင့်လွှတ်ပေးပါ"

ဦးဘအုန်းမှာ သူ့အား ကန်တော့နေသူများကို ဆွဲထူယူ၍ ဟန့်တားရင်း-

"တော်ကြပါတော့ကွယ်၊ တော်ကြပါတော့။ ကန်တော့လည်းမနေပါနဲ့။ အားလုံးသိအောင် ကျုပ် တစ်ခုပြောချင်သေးတယ်။ ကျုပ်တို့ဟာ အစိုးရအမှုထမ်းတွေ ဖြစ်လေတော့ ဒီကြိုးဝိုင်းတွေ၊ သစ်တောတွေကို စောင့်ရှောက်ရမယ့် ဝတ္တရားရှိတယ်။ ဒီတော့ ကျုပ်တို့ အုပ်ချုပ်နေတဲ့ သစ်တောတွေထဲက သစ်တွေ အပျောက်အရှရှိရင် ကျုပ်တို့လည်း အစိုးရရဲ့ အရေးယူတာ ခံရမှာပဲ။ အဲဒီအခါ ကျုပ်တို့ရဲ့ သားမယားတွေလည်း အခု မောင်တို့သားမယားတွေ စိတ်သောက ရောက်သလို ရောက်ကြရလိမ့်မယ်။ ဒါကို မောင်ဘို့အနေနဲ့ စာနာ နားလည်ပေးပြီး မကောင်းမှုကို မကျူးလွန်ကြဖို့ပါပဲ။ ကဲ-ကဲ··· အချိန်လည်း လင့်လှပြီ၊ ပြန်ကြပေတော့"

◈◈◈

တစ်ခါတွင် ဦးဘအုန်းနှင့် သစ်တောအမှုထမ်းများ နယ်မြေများကို လှည့်လည်စစ်ဆေးရာတွင် လမ်း၌ တောအတွင်းမှ သစ်ဝါးများကို ခုတ်၍ တင်ဆောင်လာသော လှည်းတစ်စီးနှင့် တိုး၏။ လှည်းပေါ် ပါလာသူများမှာ မျက်စိပျက် မျက်နှာပျက်နှင့် ကြောက်လန့်နေကြ၏။ ဦးဘအုန်းမှ စစ်ဆေးသောအခါ ထိုလူများထဲမှ တစ်ဦးက မဝံ့မရဲ လေသံဖြင့်···

"သစ်ဝါးတွေကလည်း ဈေးကြီးလွန်းလို့ မဝယ်နိုင်၊ အိမ်ကလည်း မိုးမလုံ လေမလုံနဲ့မို့ မပြင်မဖြစ်လို့ နည်းနည်းပါးပါး ခုတ်ယူမိတာပါ"

ဦးဘအုန်းမှာ ထိုလူနေထိုင်ရာ ရွာသို့ လူလွှတ်၍ ထိုလူ၏ ပြောစကား မှန်မမှန် စုံစမ်းစေ၏။ ထိုသို့ စုံစမ်းသောအခါ မှန်ကန်ကြောင်း သိရ၏။ ထို့အပြင် ထိုလူစု ခုတ်ယူလာသော သစ်များမှာ အဖိုးတန် ကန့်သတ်ထားသော သစ်များ မဟုတ်သဖြင့် ဦးဘအုန်းမှ-

"မောင်ပြောတဲ့အတိုင်း အိမ်ပြင်တယ်ဆိုတာကတော့ ဟုတ်ပါတယ်။ ဒါပေမယ့် မောင့်အိမ်ပြင်တာက အခုတင်လာတဲ့ လှည်းတစ်စီးစာလောက်ဆို လုံလောက်ပါပြီ။ ဒါကြောင့် နောက်-တစ်ကြိမ် လာမခုတ်လေနဲ့တော့။ သစ်ကြီး ဝါးကြီး မဟုတ်တာကြောင့် ဒီတစ်ကြိမ်တော့ ခွင့်ပြုလိုက်ပါ့မယ်"

ဟု ပြောဆို၍ လွှတ်လိုက်လေ၏။ ထိုလှည်းပေါ် ပါလာသူများမှာ ဦးဘအုန်းနှင့် အမှုထမ်းများအား ကျေးဇူးတင်ကြောင်း အခါခါပြော၍ နှုတ်ဆက်ကာ ထွက်ခွာသွားကြ၏။

ဦးဘအုန်း သူ၏ အမှုထမ်းများကို မကြာခဏပြောလေ့ရှိသော စကားမှာ···

"အင်္ဂလိပ်တွေ ဟိုးအဝေးကြီး ဘိလပ်ကနေ လာပြီးတော့ မြန်မာ့မြေပေါ်က သစ်တွေ၊ ဝါးတွေ၊ သယံဇာတတွေကို လာပိုင်နေတယ်၊ ဒီတော့ ခုတ်ချင်တိုင်း ခုတ်၊ ထုတ်ချင်တိုင်း ထုတ်၊ သယ်ချင်တိုင်း သယ်၊ အပြစ်မရှိဘူး။ တို့မြန်မာလူမျိုးများကတော့ ကိုယ့်အရပ်၊ ကိုယ့်ဒေသက သစ်ဝါးတွေကို





www.burmeseclassic.com

www.burmeseclassic.com

မပိုင်ဘူး။ ခုတ်တာ၊ သယ်တာတွေ လုပ်လို့ မရဘူး။ စဉ်းစားကြည့်ရင် အတော်စိတ်မကောင်းစရာပဲ။ ခေတ်ကြီးကမှ မကောင်းပဲကိုး။ ဒီတော့ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာကို တတ်နိုင်သလောက် စောင့်ရှောက်ကြပါ။ မရှိဆင်းရဲတဲ့ လယ်သမားများ သစ်၊ ဝါး အနည်းအကျဉ်းလိုရင် ခွင့်ပြုကြပါ။ ဒါပေမယ့် ကိုယ့်ဝတ္တရားလည်း မထိခိုက်စေနဲ့။ ရှဉ့်လည်း လျှောက်သာ၊ ပျားလည်း စွဲသာ ဆိုသလိုပေါ့။ ကျွန်တော့်အနေနဲ့ကလည်း အင်္ဂလိပ်ဆီက လစာရိက္ခာယူထားတော့ သိပ်လည်း များများတော့ မပြောချင်ဘူး"

ဟူ၍ပင်။

◈◈◈

၁၉၃၀ ပြည့်နှစ်တွင် အင်္ဂလိပ်အစိုးရသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပေါ် အမြတ်ထုတ်မှု များပြားလာခဲ့သည်။ စတီးဘရားသား အစရှိသော ကုမ္ပဏီကြီးများမှ စပါးကို အဆမတန် ဈေးနှိမ်၍ ဝယ်ယူခဲ့သည်။ လယ်သမားများမှာ ဝမ်းစာအတွက်ပင် အနိုင်နိုင်ဖြစ်လာခဲ့သည်။ ထို့ကြောင့် ယခင် မတရားပေးဆောင်နေရသော လူခွန်၊ မြေခွန်များကို မှန်မှန်ပေးဆောင်နိုင်ခြင်း မရှိတော့ပေ။ ထိုအခါ အခွန်ပေးဆောင်ရန် ပျက်ကွက်သော လယ်သမားများကို အင်္ဂလိပ်အစိုးရမှ မတရားဖမ်းဆီးနှိပ်စက်မှုများ ရှိလာခဲ့သည်။ ထို့အပြင် အင်္ဂလိပ်အစိုးရထံမှ အတိုးနှုန်းသက်သာစွာဖြင့် ငွေချေးထားခဲ့ပြီး လယ်သမားများအား အတိုးနှုန်းကြီးစွာဖြင့် ပြန်၍ ငွေချေးစားသော ချစ်တီးများကလည်း ၎င်းတို့၏ ချေးငွေများ ပြန်လည်မပေးဆပ်နိုင်သည့်အခါ တရားစွဲဆိုခြင်း၊ လယ်ယာ၊ အိုးအိမ်၊ ကျွဲနွားများကို သိမ်းယူခြင်းများ ပြုလုပ်ခဲ့လေသည်။

ထို့အပြင် လယ်သမားများ၏ သမီးပျိုများကိုပါ အတင်းအဓမ္မ သိမ်းယူခြင်းများ ပြုလုပ်လာကြလေ၏။ ထို့ကြောင့် လယ်သမားတို့၏ ဘဝမှာ ပေးစရာလည်း ငွေမရှိ၊ ပြေးစရာလည်း မြေမရှိဟူသော ဘဝမျိုး ရောက်လာခဲ့လေသည်။

နောက်ဆုံး မတရားမှုကို ခေါင်းငုံ့မခံနိုင်သည့်အတွက် လယ်သမားတို့သည် အင်္ဂလိပ်အစိုးရကို ရရာ လက်နက်စွဲကိုင်၍ တော်လှန်ခဲ့ကြလေသည်။ လယ်သမားတို့၏ ခေါင်းဆောင်မှာ ဆရာစံဖြစ်သည်။ ဆရာစံသည် တော်လှန်ရေးတွင် ပါဝင်လိုသော လယ်သမားတို့ကို စုစည်း၍ ဂဠုန်တပ်ဖွဲ့များ ဖွဲ့စည်းခဲ့သည်။ ကိုယ်တိုင်လည်း ဂဠုန်ရာဇာဘွဲ့ကို ခံယူခဲ့သည်။ ဂဠုန်တပ်ဖွဲ့များသည် ပုလိပ်တပ်ဖွဲ့များနှင့် တိုက်ပွဲများဖြစ်ပွားရာတွင် ရှေးဦးတိုက်ပွဲများ၌ အောင်မြင်မှုများ ရရှိခဲ့သည်။ ဂဠုန်တပ်ဖွဲ့များ အောင်မြင်မှု ရခဲ့သော ဖားရွှေကျော်တိုက်ပွဲမှာ သမိုင်းဝင် တိုက်ပွဲတစ်ပွဲဖြစ်၏။

ဂဠုန်တပ်ဖွဲ့ဝင်များသည် အင်္ဂလိပ် အလိုတော်ရိနှင့် အင်္ဂလိပ်ဗျူရိုကရက် အရာရှိအချို့ကိုလည်း သုတ်သင်ခဲ့လေသည်။ ထို့ကြောင့် အင်္ဂလိပ်အစိုးရလက်အောက်မှ အရာရှိအချို့သည် ဂဠုန်တပ်ဖွဲ့များ ကြီးစိုးရာ နယ်မြေများတွင် မနေရဲတော့ဘဲ မြို့သို့ ထွက်ပြေးကြလေသည်။ သစ်တောဌာနမှ အင်္ဂလိပ်မျက်နှာဖြူ အရာရှိဆိုး "တီကလစ်"မှာ ဂဠုန်တပ်ဖွဲ့ဝင်တို့၏ သတ်ဖြတ်ခြင်းကို ခံရလေ၏။

ထိုသို့ သစ်တောဝန်ထောက် တီကလစ် အသတ်ခံရကြောင်း ကြားသိရသောအခါ ဦးဘအုန်း၏ ဇနီးဖြစ်သူ ဒေါ်ခင်ညွန့်မှာ မိသားစုအားလုံး မြို့တက်၍ ရှောင်တိမ်းရန် ဦးဘအုန်းကို ပြောသဖြင့် ဦးဘအုန်းမှ...

"အခုအချိန်မှ မြို့တက် ရှောင်နေဖို့ဆိုတာ မမီတော့ဘူး။ ဒီနယ်တစ်ဝိုက်မှာ အုပ်ချုပ်ရေး ပျက်ပြားနေတာမို့ လမ်းမှာ တောကြောင်တွေနဲ့ တိုးရင် ပိုဒုက္ခရောက်သွားနိုင်တယ်။ အခုနေတဲ့ အရပ်ကလည်း ကိုယ့်ရပ်ကိုယ့်ရွာ မဟုတ်ပေမယ့် အားလုံးနဲ့ ခင်မင်ရင်းနှီးနေကြတော့ ဘာပဲပြောပြော လုံခြုံမှု ရှိသင့်သလောက် ရှိပါတယ်။ ပြီးတော့ အသတ်ခံရတဲ့ တီကလစ်ဟာ မောက်မာတဲ့ သူတစ်ယောက်ဆိုပြီး လူပြောသူပြောများတယ်။ ဒါကြောင့်ပါ။ ဒီတော့ ကိုယ့်အရပ်၊ ကိုယ့်ဒေသမှာပဲ နေမြဲနေကြတာ အကောင်းဆုံးပါပဲလေ။ ဘုရားတရားလည်း ဒီ့ထက် ပိုပြီးမြဲအောင် လုပ်ကြရမှာပေါ့"

ဟု မိသားစုကို နှစ်သိမ့်ရင်း မြို့သို့ ရှောင်တိမ်းရန်အစီအစဉ်ကို ဖျက်လိုက်လေ၏။

ဦးဘအုန်း ညအခါ ပရိတ်ပဌာန်းများ ရွတ်ဆို၍ နေအိမ်ခြံဝင်းကို စည်းချပြီး မိသားစုအားလုံး စိတ်ချလက်ချ အိပ်နိုင်ရန် စောင့်ပေးပြီး နံနက်အရုဏ်တက်ချိန်မှ အိပ်ရာဝင်၏။

တစ်ည ညသန်းခေါင်ကျော်အချိန်လောက်တွင် ဓားလုံ့စွဲကိုင်ထားသော လူတစ်စုသည် ဦးဘအုန်း၏ ခြံဝင်းအတွင်းသို့ ခြံစည်းရိုးကို ကျော်လွှားကာ ဝင်ရောက်လာခဲ့လေသည်။ ဦးဘအုန်းသည် ခွေးဟောင်သံများ ကြားသဖြင့် ပြတင်းပေါက်တံခါးကို အသာဟ၍ ကြည့်ရာမှ ထိုလူစုကို တွေ့လိုက်ရခြင်းဖြစ်သည်။ စုစုပေါင်း လူ ၅ဦးဖြစ်ပြီး ခြံတံခါးဝတွင် လူနှစ်ဦးမှ စောင့်၍နေခဲ့ပြီး၊ ကျန်သုံးဦးမှာ ခြံစည်းရိုးကို



www.burmeseclassic.com

www.burmeseclassic.com

ကျော်၍ ဝင်လာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဦးဘအုန်းသည် ဇနီးသည်ကို နှိုး၍ အခြေအနေကို ပြောပြလိုက်၏။ ထို့နောက် ဇနီးသည်အား အကြောက်မလွန်ရန်နှင့်၊ သားသမီးသုံးယောက်နှင့် အတူရှိနေရန် မှာကြားကာ အိမ်ရှေ့သို့ ပြန်ထွက်လာခဲ့၏။ ဇနီးဖြစ်သူမှာ ကလေးသုံးယောက်ကို ဖက်ထားပြီး ကြောက်၍နေကော အခန်းတွင်း၌ ကျန်ခဲ့လေသည်။

ဦးဘအုန်း၏ နေအိမ်မှာ နှစ်ထပ်ခြေတံရှည်အိမ်ဖြစ်၏။ ဓားလွယ်ထားသော လူတစ်ယောက်မှာ လှေကားရင်းတွင် စောင့်၍ကျန်ခဲ့ပြီး လုံကိုင်ထားသော လူတစ်ဦးနှင့် နောက် ဓားလွယ်ထားသော လူတစ်ဦးမှာ လှေကားအတိုင်း ခြေသံလုံလုံဖြင့် တက်လာနေသည်ကို နေအိမ်အတွင်းမှ ချောင်းကြည့်နေသော ဦးဘအုန်း မြင်တွေ့နေရ၏။ အပေါ်ထပ် အိမ်တံခါးဝသို့ ရောက်သောအခါ ဓားလွယ်ထားသော လူမှ လေသံခပ်အုပ်အုပ်ဖြင့် တံခါးကို လက်ဖြင့် ပုတ်ကာ…

"ဆရာကြီး…ဆရာကြီး တံခါးဖွင့်ပါဦး။ ခဏလောက် တံခါးဖွင့်ပါဦး"

ဦးဘအုန်းသည် အချိန်တိုတိုအတွင်း ခပ်မြန်မြန်စဉ်းစားကြည့်မိ၏။ သူပုန်ထမှုကို အခွင့်ကောင်းယူ၍ ဓားပြတိုက်နေသော တောကြောင်များလား။ အကယ်၍ ဓားပြများဖြစ်လျှင် တံခါးမဖွင့်ပေးပါက သူတို့နည်း၊ သူတို့ဟန်ဖြင့် ရိုက်ဖျက်ဖွင့်ကြလိမ့်မည်။ တံခါးပွင့်သွားလျှင်လည်း ဒေါသတကြီးဖြင့် ဝင်လာကာ ပစ္စည်းယူရုံမက၊ လူကိုပါ ရိုက်နှက်သွားနိုင်သည်။ အစိုးရိမ်ရဆုံးမှာ လူပါ သတ်သွားလျှင် မတွေးဝံ့စရာပင်။ တံခါးဖွင့်၍ မရလျှင်လည်း နေအိမ်ကို မီးရှို့လျှင် မိမိတို့မိသားစုသာမက၊ တစ်ရွာလုံး ဒုက္ခရောက်ကုန်မည်။ အော်ဟစ်အကူအညီတောင်းခံရအောင် ဆိုသည်မှာလည်း ရွာသူကြီးဖြစ်သူပင် မနေရဲ၍ မြို့တက်ပြေးသွားပြီ။ ထို့ကြောင့် မည်သူက ဦးစီးဦးဆောင်လုပ်၍ ဓားပြများနှင့် ရင်ဆိုင်ရဲပါမည်နည်း။ ယခုတောင် ခွေးဟောင်သံကြောင့် အနီးအနားခြံများမှ လူများ နိုးကောင်းနိုးနိုင်မည်။ အခြေအနေကိုလည်း ရိပ်မိကောင်း ရိပ်မိနိုင်မည်။ သို့သော် ခေတ်ကာလအခြေအနေကြောင့် မည်သူမျှ မီးထွန်း၍ တံခါးဖွင့်ကြည့်မည့်သူ မရှိ။

တစ်ဆက်တည်းပင် ဦးဘအုန်း အကောင်းဘက်မှ တစ်ခုတွေးကြည့်မိပြန်၏။ တံခါးဝတွင် တံခါးခေါက်နေသူမှာ မိမိအား ဆရာကြီးဟု ရိုသေသော အသုံးအနှုန်းဖြင့် ခေါ်၍ တံခါးဖွင့်ပေးရန် ပြောဆိုပုံမှာလည်း ပတ်ဝန်းကျင်မှ မကြားမိစေရန် အသံခပ်အုပ်အုပ်ခပ်တိုးတိုးဖြင့် ခေါ်ခြင်းဖြစ်လေ၏။ မိမိကြားဖူးသလို ဓားပြတိုက်သည့်အခါ ဓားပြများမှ တံခါးကို ဝုန်းဝုန်းဒိုင်းဒိုင်း ထုခေါက်၍ ကြိမ်းမောင်းကာ ဖွင့်ခိုင်းခြင်းမျိုးမဟုတ်။ တံခါးဝ၌ ရပ်နေသူနှင့်သီးအနက် လုံကိုင်ထားသူတစ်ဦးမှာ တံခါးဝသို့ မျက်နှာမူမထားဘဲ တစ်စုံတစ်ရာကို စိတ်ပူပင်ဟန်ဖြင့် တံခါးဝကို ကျောပေးကာ ပတ်ဝန်းကျင်သို့ ဟိုကြည့်ဒီကြည့် အကဲခတ်နေသည်ကို ဦးဘအုန်း တွေ့နေရ၏။

လှေကားအရင်း မြေကြီးပေါ်တွင် ရပ်နေသူမှာလည်း ထိုနေရာ၌ပင် ရပ်ကာ ခြံဝသို့ မျက်နှာမူထား၏။ ခြံအပြင်ဘက်မှ လူနှစ်ဦးမှာလည်း တစ်ဦးနှင့်တစ်ဦး ကျောပေးရပ်ကာ တစ်စုံတစ်ရာအား စောင့်ကြည့်နေသလို ပတ်ဝန်းကျင်ကို အကဲခတ်နေဟန်အား ခပ်ဖျော့ဖျော့ လရောင်အောက်တွင် ဦးဘအုန်း တွေ့မြင်နေရ၏။

ဦးဘအုန်း တစ်ခုစဉ်းစားမိသည်မှာ မိမိတို့အိမ်ကို ဝိုင်းထားသည့်ပုံမျိုးမဟုတ်။ ဓားကိုင်သူများမှာလည်း ဓားများကို ဓားအိမ်အတွင်းမှ ထုတ်၍ တိုက်ခိုက်ရန် လက်တွင် အသင့်ကိုင်ဆောင်ထားခြင်းမျိုး မရှိ။ ထို့ကြောင့် အနည်းငယ် စိတ်အေးသွားမိ၏။ တံခါးခေါက်၍ ခေါ်သံမှာမူ ရပ်၍မသွား။

"ဆရာကြီး…ဆရာကြီး ဦးဘအုန်း၊ တံခါးဖွင့်ပါဦး၊ ကျွန်တော်တို့ ရန်ပြုဖို့ မဟုတ်ပါဘူး။ တံခါးဖွင့်ပါဦး"

ရန်ပြုဖို့ မဟုတ်ဟု ဆို၍ ဦးဘအုန်း အနည်းငယ် စိတ်သက်သာသလို ရှိသွားသည်။ ဓားပြသည် ဓားပြတိုက်ရန် တံခါးဖွင့်ပေးပါဟု၍ မည်သည့်အခါမှ ပြောမည်မဟုတ်သည်ကိုလည်း သိထား၍ပင်။ သို့သော် တံခါးမဖွင့်လျှင်မူလ တွက်ဆထားသလို အခြေအနေမှာ ရှုပ်ထွေး ဆိုးရွားသွားစေနိုင်သည်။ ထို့ကြောင့် ဦးဘအုန်းသည် ငါသည် သူတစ်ပါးအား အတိဒုက္ခရောက်အောင် ဘယ်သောအခါမှ ပြုခဲ့ဖူးသူ မဟုတ်။ ထို့ကြောင့် ငါနှင့် ငါ့မိသားစုကိုလည်း ဒုက္ခပြုမည့်သူ ရှိမည်မထင်ဟု မိမိကိုယ်မိမိ အားတင်းကာ အသံကို တည်ငြိမ်အောင် စိတ်ကို ထိန်းကာ ပြန်ထူးလိုက်၏။

"ဘယ်သူတွေတုန်းကွဲ့၊ ညကြီး အချိန်မတော်"

"ကျွန်တော် ------ရွာက သာချိုပါခင်ဗျာ။ ဆရာကြီးကို အရေးတကြီး ပြောစရာရှိလို့၊ တံခါးဖွင့်ပါဦး"

ဦးဘအုန်း ထိုရွာအမည်ကို ကောင်းစွာ သိသော်လည်း၊ ထိုသူ၏ အမည်ကိုကား မသိ။ ထို့ကြောင့်…

"မနက်မှ လာလို့ မရဘူးလားကွဲ့။ တို့တွေ အိပ်ကုန်ကြပြီ"

"မရလို့ပါ ဆရာကြီး။ ခဏလေး ပါခင်ဗျာ။ တံခါးဖွင့်ပါဦး"

ဖွင့်မပေး၍ ရမည့်အခြေအနေ မဟုတ်သဖြင့် ဘုရားတကာ မီးအိမ်ကို ကောက်ယူ၍ မီးထွန်းကာ တံခါးဖွင့်ပေးရန် တံခါးဆီသို့ ဖြည်းညင်းစွာ လှမ်းလာခဲ့၏။ စိတ်တွင်မူ …

"အခုချိန်ကျမှတော့ ဆိုးတစ်ဝက်၊ ကောင်းတစ်ဝက်ပဲလေ။ မီးစင်ကြည့်ကရတော့မှာပဲ"

ဦးဘအုန်းသည် တံခါးမင်းတုန်းများကို ဖွင့်လိုက်ပြီး တံခါးတစ်ချပ်ကို အသာဟလိုက်ကာ လက်မှ မီးအိမ်ကို မြှောက်၍ ကြည့်လိုက်၏။

"ဝင်ခွင့်ပြုပါ ဆရာကြီး"

အပြင်မှ ဓားလွယ်ထားသောလူက ဝင်ခွင့်တောင်းနေ၏။ ဦးဘအုန်း တစ်ခု စိတ်အေးသွားမိ၏။ အကယ်၍ မသူတော် လူဆိုးဆိုပါက ဦးဘအုန်း ယခုကဲ့သို့ တံခါးအနည်းငယ်ဟ ဖွင့်လိုက်သည်နှင့် တံခါးကို အတင်းဆောင့်တိုးကာ ဓားကိုင်၍ ခြိမ်းခြောက် ဝင်ရောက်လာမည်ဟု တွက်ဆမိ၍ဖြစ်၏။

"ဪ…အေး၊ ဝင်ပါကွယ်၊ ဝင်ပါ"

ဓားလွယ်ထားသော လူတစ်ဦးသာ ဝင်၍၊ ကျန်တစ်ဦးမှာ တံခါးဝတွင် စောင့်နေ၏။

"ထိုင်ပါ၊ ထိုင်…ထိုင်"

ထိုလူမှာ ကြမ်းပြင်၌ ပုဆစ်တုပ်ထိုင်ချလိုက်သဖြင့် ဦးဘအုန်းမှ…

"အို…အပေါ်မှာ ထိုင်ပါကွဲ့။ ကုလားထိုင်မှာ ထိုင်ပါ"

"နေပါစေ ဆရာကြီးရယ်။ ကုလားတွေ ထိုင်တဲ့ ကုလားထိုင်မှာလည်း ထိုင်ချင်စိတ်မရှိပါဘူး"

ဦးဘအုန်းလည်း အန္တရာယ်မပြုမှန်း လုံးဝ စိတ်ချလိုက်ပြီဖြစ်၍ ထိုသူ၏ မျက်နှာချင်းဆိုင်တွင် တင်ပလ္လင်ခွေထိုင်ချရင်း…

"ညကြီးအချိန်မတော် လာရင်းကိစ္စ ပြောပါဦး"

"ဒီလိုပါ ဆရာကြီး။ အရင်ကတော့ လယ်သမား သာချို့ အခုတော့ ကုလားဖြူအစိုးရ အနိုင်ကျင့် စော်ကားတာ မခံနိုင်လို့ ဂျွန် သူပုန်တပ်သားသာချိုဘဝ ရောက်သွားရတာပေါ့ ဆရာကြီးရယ်။ အချိန်လည်း သိပ်မရတာမို့ လာရင်းကိစ္စ ပြောရရင်တော့ ဟို မနှစ်တုန်းက ဆရ ကြီးတို့ ကြိုးဝိုင်းထဲမှာ သစ်ခိုးဂိုဏ်းတစ်ဂိုဏ်းကို ဆရာကြီးတို့ ဖမ်းမိတာ မှတ်မိမှာပေါ့"

"အင်း၊ ဟုတ်ပါပြီလေ၊ ဆိုပါဦး"

"အဲဒီတုန်းက ဖမ်းမိတဲ့ သစ်ခိုးဂိုဏ်းထဲမှာ ကျွန်တော်ပါတာပေါ့။ အဲဒီတုန်းက ဆရာကြီးသစ်တွေလည်း ခြေရာလက်ရာ မပျက်သေးသလို၊ မင်းတို့လည်း နောက်နောင် ဒီလို မလုပ်ကြလေနဲ့၊ ဘေးတွေ့မယ်ဆိုပြီး ပြောဆိုဆုံးမလွှတ်လိုက်တယ်လေ။ အဲဒီတုန်းကသာ ဆရာကြီး ကျွန်တော်တို့ကို ဂါတ်ကို ပို့လိုက်ရင် အခုလောက်ဆို ထောင်ထဲ ရောက်နေလောက်ပြီပေါ့။ အဲဒီတုန်းက ကျွန်တော့်မိန်းမက မွေးခါနီး၊ ဖွားခါနီးမို့ ငွေလိုတာကြောင့် ကြံမိကြံရာ ကြံတာပါ။ ဆရာကြီး ကျေးဇူး ကြီးမားပါပေတယ်"

"အို…ဒီလိုလည်း မဟုတ်ပါဘူးကွယ်။ ကိုယ့်ရွာနီးချုပ်စပ်က ငယ်ရွယ်သူတွေမို့ မဖြစ်သင့်တာ မဖြစ်ရအောင် တတ်နိုင်သမျှ စောင့်ရှောက်လိုက်တာပါ"

"ဘာပဲဖြစ်ဖြစ်ပေါ့ ဆရာကြီးရယ်။ ဆရာကြီးရဲ့ ကျေးဇူးကို ကျွန်တော်တို့ မမေ့ပါဘူး။ အခုလည်း သူပုန်တပ်သားတွေက အင်္ဂလိပ်အလိုတော်ရိ

အဲဒီတုန်းက ဖမ်းမိတဲ့
သစ်ခိုး ဂိုဏ်းထဲမှာ
ကျွန်တော်ပါတာပေါ့။
အဲဒီတုန်းက ဆရာကြီးသစ်တွေလည်း
ခြေရာလက်ရာ မပျက်သေးသလို၊
မင်းတို့လည်း နောက်နောင် ဒီလို
မလုပ်ကြလေနဲ့၊ ဘေးတွေ့မယ်ဆိုပြီး
ပြောဆို ဆုံးမလွှတ်လိုက်တယ်လေ။
အဲဒီတုန်းကသာ ဆရာကြီး
ကျွန်တော်တို့ကို ဂါတ်ကို ပို့လိုက်ရင်
အခုလောက်ဆို ထောင်ထဲ
ရောက်နေလောက်ပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com

အရာရှိခိုးတွေဆိုရင် ရှင်းလင်းပစ်ကြတာလေ။ ဆရာကြီးအကြောင်းကိုလည်း သူတို့က စုံစမ်းကြတယ်။ ဒီရွာမှာ ရှိမှန်းလည်း သိကြတယ်။ ဒါကြောင့် ဆရာကြီးအကြောင်းကို သိတဲ့ ကျွန်တော်တို့ ဂျွန်တပ်သားတွေက ဆရာကြီးဟာ ကိုယ့်မြန်မာအမျိုးသားအချင်းချင်း စောင့်ရှောက်တတ်သူဖြစ်ကြောင်း၊ ဆင်းရဲနွမ်းပါးတဲ့ လယ်သမား၊ ယာသမားများကို ကူညီစောင့်ရှောက်တတ်သူမျိုးဖြစ်ကြောင်း စတာတွေကို အခြားတပ်သားတွေအား ရှင်းပြခဲ့တဲ့အတွက် ဆရာကြီးဟာ ရန်သူစာရင်းမှာ မပါခဲ့ပါဘူး။ ဒါကြောင့် ဆရာကြီးတို့ မိသားစုလည်း ဘယ်မှ ရှောင်တိမ်းစရာမလိုတဲ့ ဒီရွာမှာပဲ နေမြဲအတိုင်း နေပါ။ ကျွန်တော်တို့တစ်တွေ စောင့်ရှောက်ပါ့မယ်။ ဆရာကြီးတို့မိသားစုရဲ့ လုံခြုံရေးကို ကျွန်တော်တို့ ဒေသခံ ဂျွန်တပ်သားတွေက တာဝန်ယူပါတယ်"

"အို...ကျေးဇူးတင်ပါတယ်ကွယ်။ မောင်တို့ကျေးဇူး ကြီးပါပေတယ်"

"စောင့်ရှောက်ရမယ့် ဝတ္တရား ကျွန်တော်တို့မှာ ရှိပါတယ်။ နောက်တစ်ခုပြောချင်တာက ကျွန်တော်တို့ ဂျွန်သူပုန်ထတော့ တောကြောင်တွေက ဓားပြတိုက်ကြတယ်လေ။ ဒါကို အင်္ဂလိပ်အစိုးရက ကျွန်တော်တို့ တော်လှန်ရေးကို သေးသိမ်သွားအောင် ဆရာစံတပည့် ဂျွန်တပ်သားတွေက ဓားပြတိုက်လေ့ဟန် သတင်းလွှင့်ကြတယ်။ တကယ်ဆို ကျွန်တော်တို့ တပ်သားတွေက နယ်ချဲ့နဲ့ လက်ပါးစေတွေ၊ အလိုတော်ရိတွေကိုသာ တိုက်ခိုက်ကြတာပါ။ ကိုယ့်လူမျိုးအချင်းချင်း လက်ဖျားနဲ့တောင် မတို့ပါဘူး။ ပြီးတော့ ဆရာကြီးသိအောင် ပြပါ့မယ်။ ဂျွန်တပ်သားအစစ်က ဟောဒီလို လက်မှာ ဂျွန်ရုပ်ထိုးထားတယ်"

ကိုသာချိုမှာ ပြောပြောဆိုဆို သူ့အင်္ကျီ နက်ပြာရောင်ကို မ၍ လက်မောင်းတွင် ထိုးထားသော ဂျွန်ရုပ်ကို ဦးဘအုန်းအား ပြသ၏။

"နောက်ပြီး နက်ပြာရောင်အင်္ကျီနဲ့ ရှမ်းဘောင်းဘီတွေ ဝတ်ကြတာ များပါတယ်"

"သြော်...အေးအေး၊ သိပါပြီကွယ်"

"နောက် သိချင်တာ တစ်ခုရှိပါသေးတယ်။ အခု ကုလားတွေက ဖားရွှေကျော်တိုက်ပွဲမှာ အတော်ခံလိုက်ရပြီးတော့ နောက် ကျွန်တော်တို့ကို ဘယ်လိုပြန်တိုက်မယ်လို့ သတင်းကြားမိပါသလဲ ဆရာကြီး"

"ဂေါ်ရာတပ်တွေ ခေါ်ပြီး တိုက်မယ် ကြားတာပဲ"

"ဟုတ်ကဲ့၊ ကျွန်တော်တို့လည်း အဲဒီလိုကြားပါတယ်။ ဒါကြောင့် သူပုန်တပ်သားတွေအားလုံးလည်း အစစအရာရာ အမြဲသတိထားနေရတယ်လေ။ အခု ဆရာကြီးအိမ်ကို လာတာတောင် အတော်စွန့်စားပြီး အရဲကိုးလာခဲ့ရတာပါ။ ဆရာကြီးတို့မိသားစု အားငယ်နေမှာစိုးလို့"

"ဟုတ်ပါရဲ့ကွယ်။ ကျေးဇူးလည်း တင်ပါရဲ့။ လက်နက်ကိုင် တိုက်ပွဲဝင်နေရပေမယ့် ဘုရားတရားတော့ မမေ့ပါလေနဲ့ကွယ်"

"ဟုတ်ပါတယ် ဆရာကြီး။ ကျွန်တော်တို့လည်း မတရား အနိုင်ကျင့်တာ မခံနိုင်လို့ လက်နက်ကိုင်တိုက်နေရပေမယ့် ဗုဒ္ဓဘာသာဝင်တွေမို့ ဘုရားတရားတော့ မမေ့ပါဘူး။ အင်း...ဒါနဲ့ စကားပြောလို့တော့ ကောင်းပါရဲ့။ အချိန်ကလည်း သိပ်မရ၊ နောက်ကြောင်းကလည်း မအေးတာမို့ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး။ ဆရာကြီးကိုလည်း ကန်တော့ခဲ့ပါတယ်"

ကိုသာချိုမှာ ဦးဘအုန်းအား နှုတ်ဆက်ရင်း ထိုင်ကန်တော့နေသဖြင့်-

"သာဓု...သာဓု...သာဓု၊ သွားလေရာ လာလေရာ ဘေးရန်ကင်းပါစေ၊ ခလုတ်မထိ ဆူးမညိပါစေနဲ့၊ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနဲ့ ပြည့်စုံပါစေကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ၊ ခွင့်ပြုပါဦး ဆရာကြီး"

"ကောင်းပါပြီကွယ်"

ကိုသာချိုမှာ နှုတ်ဆက်ရင်း လှေကားမှ ဆင်းသွားရာ ကိုသာချိုနှင့်တူ ခြံထဲဝင်လာသော သူ့အဖော်နှစ်ဦးလည်း လိုက်ပါသွားပြီး ခြံစည်းရိုးကို ကျော်၍ ခြံအပြင်သို့ ထွက်သွားကြလေ၏။ သူတို့သုံးဦး ခြံအပြင်သို့ ရောက်သည်နှင့် ခြံဝတွင် စောင့်နေသော လူနှစ်ဦးနှင့်အတူ အမှောင်ရိပ်ထဲသို့ တိုးဝင်၍ ပျောက်ကွယ်သွားကြလေ၏။

ဦးဘအုန်းလည်း မှောင်ရိပ်ထဲတွင် ပျောက်ကွယ်သွားသော ဂျွန်တပ်ဖွဲ့ဝင်များကို ကြည့်ကာ အတိတ်ကို ပြန်စဉ်းစားမိ၏။ တစ်ချိန်က မိမိမည်သည့် မျှော်လင့်ချက်မှ မထားဘဲ မေတ္တာ စေတနာဖြင့် ကူညီခဲ့ဖူးသူ တစ်ဦးက ယခုအခါ မိမိနှင့် မိမိမိသားစုအား မေတ္တာဖြင့် ပြန်လည်စောင့်ရှောက်ပေးခဲ့လေပြီဟု တွေးမိရင်း ဂျွန်တပ်သားများ ဘေးအန္တရာယ်ကင်းဝေးပါစေကြောင်း ဆုတောင်းမေတ္တာပို့သပေးလိုက်လေတော့သည်■

* * *

ဒေါ်မောင်မောင်ဆန်း

www.burmeseclassic.com

# မနာလိုရှင်း ဝန်တိုကင်း စိတ်ရှင်းလှပ မွေးစေချင်

မောင်ထည်ဝါ (ပျော်ဘွယ်)



လူသည် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့ဖြင့် ဖွဲ့စည်းထားသည်။ လူတွင် နာမ်ဟု ခေါ်သောစိတ်သည် အဓိက အရေးကြီးဆုံးဖြစ်၏။ လူ၏ ကြံစည်စိတ်ကူး လှုပ်ရှားဆောင်ရွက်မှုတိုင်းသည် စိတ်က ဦးဆောင်နေခြင်းဖြစ်သည်။ လောကီ၊ လောကုတ္တရာ နှစ်ဖြာလုံး ဆုတ်ယုတ်ပျက်စီးနေသူမှာ စိတ်၏ ကျေးကျွန်ဖြစ်သည်။ အောင်မြင်ကြီးပွားနေသူများသည် ယေဘုယျအားဖြင့် စိတ်ကို နိုင်နင်းသော စိတ်၏သခင်ဖြစ်သည်။

စိတ်အလိုလိုက်၊ စိတ်အကြိုက် လိုက်လုပ်နေရသောသူများသည် စိတ်၏ ကျေးကျွန်ဖြစ်ပြီး ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာစလုံး ဆုတ်ယုတ်ပျက်စီးနေမည်သာ ဖြစ်သည်။ စိတ်ကို မိမိလိုရာ စေခိုင်းနိုင်ကြသော စိတ်၏ သခင်များသည်ကား လောကီ၊ လောကုတ္တရာ ပစ္စုပ္ပန်၊ သံသရာ အားလုံး၌ ကြီးပွားအောင်မြင်နေမည်ဖြစ်သည်။ ထို့ကြောင့် စိတ်ကို သန့်ရှင်းစေရမည်။ စင်ကြယ်စွာ ထားရမည်။ ပွင့်ထွန်းတော်မူပြီးသော ဘုရားရှင်အဆူဆူတို့၏ "မကောင်းမှုဟူသမျှ ဝေးဝေးရှောင်၊ ကောင်းမှုမှန်သမျှ မရ,ရအောင် ပြု၊ မိမိစိတ်ကို ဖြူစင်အောင် ထား"ဟု ပြောကြား ဆုံးမတော်မူခဲ့ကြသည်။

အချို့လူတွေက သူတစ်ပါး အောင်မြင်ကြီးပွား တိုးတက်မှုများကို မနာလို ဝန်တို၊ ဣဿာ မစ္ဆရိယ ဖြစ်ပွားတတ်ကြသည်။ လူတို့သည် သူတစ်ပါး၏ အားနည်းမှားယွင်းချက်များကို ရွေးချယ်၍ ကဲ့ရဲ့ရန် လွယ်ကူသလောက်၊ ကောင်းကွက်လေးများကိုမူ အသိအမှတ်ပြု ချီးမွမ်းဖို့ရာ၌ လွန်စွာ ဝန်လေးနေတတ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် "ပါပသ္မိံ ရမတိ မနော"ဟူသော ဓမ္မပဒဒေသနာတော်အတိုင်း စိတ်၏ ပကတိ သဘောသည် မကောင်းသောအကုသိုလ်၌ မွေ့လျော် ပျော်ပိုက်တတ်သည်ဖြစ်၍၊ စိတ်ကို နိုင်နင်းအောင် ထိန်းချုပ်ရန် လိုအပ်ပေသည်။

အချို့လူတွေက "ငါတို့က သူတစ်ပါးကို မြှောက်ပင့်မစားတတ်ဘူး"ဟု ဂုဏ်ယူပြောဆိုတတ်ကြသည်။ ချီးမွမ်းခြင်းနှင့် မြှောက်ပင့်ခြင်းကား မြေဒါးတစ်လမ်း၊ သံတစ်လမ်း ကွဲပြားခြားနားလှ၏။

* ချီးမွမ်းခြင်းသည် မုဒိတာကြောင့် ဖြစ်သည်။
* မြှောက်ပင့်ခြင်းသည် လောဘကြောင့် ဖြစ်သည်။
* ချီးမွမ်းခြင်းသည် ပရဟိတကြောင့် ဖြစ်သည်။
* မြှောက်ပင့်ခြင်းသည် အတ္တဟိတကို ဦးတည်သည်။
* ချီးမွမ်းခြင်းသည် ပေးဆပ်ခြင်းကို ရှေးရှုသည်။
* မြှောက်ပင့်ခြင်းသည် ရယူခြင်းကို ရှေးရှုသည်။
* ချီးမွမ်းခြင်းသည် မှန်ကန်သော သစ္စာစကားဖြစ်သည်။

ထိုကဲ့သို့ ကွဲပြားခြားနားလှသောကြောင့်လည်း ရှိုးဘား



www.burmeseclassic.com

www.burmeseclassic.com

စွာ ချီးမွမ်းသည့်အမှုကိုကား အတုလာဓိပတိဖြစ်တော်မူသော ဘုရားရှင်တို့သာ ပြုတော်မူနိုင်သည်။

ဤကမ္ဘာမှ ရေတွက်သော် ကမ္ဘာတစ်သိန်းအထက်၌ ပဒုမုတ္တရ ဘုရားရှင် ဘင်ရှားပွင့်တော်မူခဲ့သည်။ ဟံသာဝတီမြို့မှ "ဒေဝဒဟ"သူကြွယ်သည် ဘုရားအမှူးပြုသော သံဃာတော် ၆သိန်းတို့အား နေအိမ်သို့ ပင့်ဖိတ်၍ ဆွမ်းကျွေးအလှူပေးနေ၏။ ထိုစဉ် နိသဘ မထေရ်သည် မြို့ထဲသို့ ဆွမ်းခံကြွလာသည်ကို ဒေဝဒဟ သူကြွယ်က တွေ့မြင်၍ မထေရ်မြတ်ထံ သွားရောက်ပြီး···

"တပည့်တော်ကို သပိတ်ပေးတော်မူပါ။ အိမ်ထဲသို့ ကြွတော်မူပါဦး ဘုရား။ မြတ်စွာဘုရားရှင်လည်း အိမ်၌ ရှိနေပါသည် ဘုရား"

ဟု လျှောက်ထားလေသော် နိသဘ မထေရ်က···

"ဒါယကာ···ငါတို့ကား အိမ်ထဲသို့ ဝင်ခြင်းငှာ မအပ်ပါ"

ဟု မိန့်ဆို၏။ ဒါယကာသည် သပိတ်ထဲသို့ ဆွမ်း၊ ဆွမ်းဟင်းတို့ကို အပြည့်ထည့်လှူပြီး မထေရ်အား သပိတ်တော်ကို ဆက်ကပ်လိုက်လေ၏။ သူကြွယ်လည်း မထေရ်မြတ်အား လိုက်ပါပို့ဆောင်ပြီးနောက် မြတ်စွာဘုရားရှင်အား ဤသို့ လျှောက်ထား၏။

"နိသဘ မထေရ်သည် အိမ်၌ ဘုရားရှိနေပါသည်၊ ဝင်တော်မူပါဦးဟု လျှောက်ထားသော်လည်း ဝင်ခြင်းငှာ အလိုမရှိပါ။ ထိုမထေရ်ကား အရှင်ဘုရားတို့ထက် လွန်ကဲသော ဂုဏ်ကျေးဇူးအထူးရှိပါသလော"

ဟု မေးလျှောက်၏။ ထိုအခါ ပဒုမုတ္တရ ဘုရားရှင်က-

"ဒါယကာ·· ငါတို့ကား ဆွမ်းကျက်သည့်တိုင်အောင် စောင့်ဆိုင်း၍ အိမ်၌ နေကုန်၏။ ထိုမထေရ်ကား ဤသို့ ထိုင်လျက် ဆွမ်းကို မမျှော်မငဲ့၊ မစောင့်ဆိုင်းချေ။ ငါတို့ကား ရွာနီးကျောင်း၌ နေ၏။ ထိုမထေရ်ကား တောကျောင်း၌သာ နေ၏။ ငါတို့ကား အမိုးရှိသောကျောင်း၌ နေ၏။ ထိုမထေရ်ကား လွင်တီးခေါင်၌သာ နေ၏။ ထို နိသဘမထေရ်ကား ဤသို့သော ဂုဏ်ကျေးဇူးအထူးရှိ၏"

ဟူ၍ ထုတ်ဖော် ချီးမွမ်းတော်မူသည်။

တစ်ဖန် ယခုမျက်မှောက်ခေတ် မြန်မာနိုင်ငံ သာသနာဝင် သမိုင်း၌ ကြည်ညိုဖွယ်ရာ ဆရာတော်ကြီးများ၏ ဣသာမစ္ဆရိယာ ပယ်သတ်နိုင်သော ဖြစ်ရပ်အချို့ကို တင်ပြလိုပါသည်။

အချိန်ကာလမှာ ၁၃၃၁ ခုနှစ်၊ ကဆုန်လဆုတ် ၁၀ ရက်ဖြစ်သည်။ နောင်တွင် မဟာစည်ဆရာတော်ကြီး ဖြစ်လာမည့် ဦးသောဘနက မစိုးရိမ်ဆရာတော်ဘုရားကြီး၏ တိုက်တွန်းချက်ဖြင့် ရေးသားပြီးစီးသော "ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယျကျမ်း"ကို ညောင်ကန် အရှင်ဣန္ဒကမှ တစ်ဆင့် လာရောက်ဆက်ကပ်ပါသည်။ ထိုအချိန်က မစိုးရိမ်ဆရာတော်ကြီးသည် မဟာစည်ဆရာတော်ထက် အသက်အားဖြင့်လည်း များစွာကြီးတော်မူသည်။ ထို့အပြင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ်ခံရ၊ သုဓမ္မာ သာသနာပိုင်ဆရာတော်လည်း ဖြစ်၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌လည်း ညောင်ရမ်း ဆရာတော်ဘုရားကြီး၏ နေရာတွင် ဆက်လက်တာဝန်ယူခဲ့ရခြင်း စသော ဂုဏ်အားဖြင့်လည်း ကြီးမားတော်မူသော မစိုးရိမ်ဆရာတော်ကြီးက···

"မဟာစည်ဆရာတော်ဟာ တို့များထက် ဉာဏ်သာပါတယ်။ တို့များ မမြင်တဲ့ စာမှား၊ ပေမှားကို မြင်အောင် ကြည့်နိုင်တယ်။ သင်္ဂြိုဟ်ကမ္မဋ္ဌာန်းပိုင်း၊ ဒိဋ္ဌိဝိသုဒ္ဓိခန်းမှာ နာမ်ရုပ်တို့ကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ဖြင့် ပိုင်းခြားသိရမည်ဆိုရာ ပဋ္ဌာန်းကို ဒိဋ္ဌိဝိသုဒ္ဓိခန်းမှာ မဆိုသင့်သေးဘဲ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိခန်းမှာမှ ဆိုသင့်ကြောင်းကို ဆဋ္ဌသင်္ဂါယနာတင်စဉ်က မဟာစည်ဆရာတော်က ထောက်ပြခဲ့တယ်။ ဒီကရှေ့ မဟာစည်ဆရာတော်ထက် သာသူကို မဆိုနဲ့ တန်းတူ ပုဂ္ဂိုလ်တောင် တွေ့ရဖို့ မလွယ်ဘူး။ မဟာစည်ဆရာတော်ရဲ့ စွမ်းရည်သတ္တိကို သိလို့လည်း ဒီ ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယျကို ပြုစုဖို့ တို့များက တိုက်တွန်းရတယ်"

ဟူ၍ သူတစ်ပါး၏ မှန်ကန် ကောင်းမွန်သောဂုဏ်ကို ချီးမြှင့် မြှောက်စားသောကြောင့် မစိုးရိမ်ဆရာတော်ကြီး၏ ဂုဏ်သတင်းမှာလည်း ပို၍ပင် ကြီးမြောက်ခဲ့ရလေ၏။

နှစ်ပေါင်း ၃၀ ကျော်ခဲ့ပြီဖြစ်သော်လည်း မစ္ဆရိယကင်းသော မစိုးရိမ်ဆရာတော်ကြီး၏ စိတ်ဓာတ်နှင့် လုပ်ဆောင်ချက်များမှာ ပညာရှိ သူတော်ကောင်းတို့အလယ်တွင် ယနေ့အချိန်ထိ ကျော်ကြားထင်ရှားနေဆဲ၊ ချီးမွမ်းခံနေရဆဲပင် ဖြစ်သည်။ ဣသာ မစ္ဆရိယတွေ များပြားနေသော လောက လူသားတို့အား တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန်တို့ဖြင့် ဖယ်ခွာပြတော်မူကြသည့် ဆရာတော်ဘုရားကြီးများအား ဤစာစုဖြင့် ဦးခိုက်ပူဇော် ကန်တော့လိုက်ရပါသည် ■

* * *

မောင်ထည်ဝါ(ပျော်ဘွယ်)




www.burmeseclassic.com

www.burmeseclassic.com

# နမောတောဂါထာရွတ်ပွားကောင်းကျိုးများ

ပေါ်လွင်ဦး (ရေး)



စာရေးသူတို့ ဗုဒ္ဓဘာသာဝင်များသည် မိမိတို့အတွက် အကျိုးရှိရာရှိကြောင်း ဂါထာများကို ရွတ်ဖတ် ပွားများကြသည်။ သို့ရာတွင် မိမိတို့ ရွတ်ဖတ် ပွားများသော ဂါထာ၏ အနက်ကို သိရှိရန်လည်း လိုအပ်သည်။ ဂါထာ၏ အဓိပ္ပာယ်ကို တိကျမှန်ကန်သိမှသာ လိုအင်ဆန္ဒပြည့်ဝနိုင်မည်။

တစ်နေ့သော် စာရေးသူသည် သထုံ ရွှေစာရံဘုရားသို့ အဓိဋ္ဌာန်ဝင်ရန် သွားရောက်လေသည်။ အဓိဋ္ဌာန်ဝင်ရန် ရောက်လာကြောင်း ဘုရားဂေါပကအဖွဲ့အား သွားအကြောင်းကြားသော် ဘုရားပေါ်တွင် နေထိုင် အဓိဋ္ဌာန်ဝင်ရန် ခွင့်ပြုလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အခိတ္တာနိဝင် ပုတီးစိပ်ပြီး သုံးရက်မြောက်နေ့တွင် ယောဂီအညိုရောင်ဝတ်စုံ ဝတ်ထားသော ပုဂ္ဂိုလ်တစ်ဦးနှင့် ဘုရားရင်ပြင်ပေါ်တွင် တွေ့ဆုံလေသည်။ အဘိုးအိုက "လူကလေး၊ ဘာဂါထာတွေများ ပွားများပါသလဲ"ဟု မေးရာ…

"ဂုဏ်တော်ကိုးပါးကို အနုလုံ ပဋိလုံ အပြန်ပြန် အလှန်လှန် အမြဲတမ်း ရွတ်ဖတ်ပွားများပါတယ် အဘ"

"ဂါထာရွတ်ဖတ် ပွားများ သရဇ္ဈာယ်တဲ့အခါ သီလ စင်ကြယ်ရမယ်။ ဂါထာတစ်ပုဒ်ပြီးတိုင်း သတ္တဝါတွေကို မေတ္တာပို့ရမယ်။ ဂါထာပေး တေးဖြစ်တာမျိုး မဖြစ်စေဘဲ အလေးအနက် ရွတ်ဖတ် သရဇ္ဈာယ်ရမယ်ကွ"

"ဟုတ်ကဲ့ အဘ"

"သားကို အဘ ဂါထာတစ်ပုဒ်ပေးမယ်။ နေ့စဉ် ရွတ်ပွား အကျိုးများတဲ့ နမောတေဂါထာပေါ့ကွာ"

ဟု ပြောပြီး နမောတေဂါထာ ဖြစ်ပေါ်လာပုံနှင့် အကျိုးအာနိသင်တို့ကို အောက်ပါအတိုင်း ပြောပြလေသည်။

လနတ်သား၊ နေနတ်သားတို့ဟာ အသူရာနတ်မင်းကြီး၏ အဖမ်းအဆီး အချုပ်အနှောင်ကို ခံရသည့်အခါ မြတ်စွာဘုရားအား အာရုံပြုလျက် ဘုရားရှင်မှတစ်ပါး အားကိုးစရာ မရှိတော့ပါတကားဟုဆိုလျက် ဘုရားရှင်အား ပူဇော်ကာ "တသ္မ မေ သရဏံ ဘဝ" တပည့်တော်တို့ အားကိုးရာဖြစ်သော မြတ်စွာဘုရားဟု တမ်းတလိုက်လေသည်။

လနတ်သား၊ နေနတ်သားတို့သည် ဘုရားရှင်အား ကိုးကွယ်ဆည်းကပ် ရှိသေကြသူများဖြစ်၍ ဘုရားရှင်သည်-

**တထာဂတံ အရဟန္တံ စန္ဒိမာ သရဏံ ဂတော၊**

**- ရာဟု စန္ဒံ ပမုဉ္စဿု ဗုဒ္ဓါ လောက နုကမ္ပကာ-**

ဟု ဟောတော်မူသောအခါ ရာဟုအသူရိန်နတ်မင်းကြီးက ချက်ချင်း လနတ်သား၊ နေနတ်သားတို့ကို လွှတ်ပြီး ထွက်ပြေးရတော့သည်။

ဘုရားရှင်၏ ကြီးမားသော အာဏာစက်ကြောင့် လနတ်သားကို မလွှတ်ဘဲ နေလျှင် အသူရိန်နတ်မင်းကြီး၏ ဦးခေါင်းသည် ရှစ်စိတ်ကွဲအက်ကာ သေပွဲဝင်ရတော့မည်။ ဤဂါထာကို ယုံကြည်ကာ ရွတ်ဖတ် သရဇ္ဈာယ်လျှင် ဖမ်းဆီးချုပ်နှောင်သော အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်သည်။ လူကလေးဟု ပြောကာ အဘိုးသည် "နမောတေ ဂါထာတော်ကြီး"နှင့် "တထာဂတံ အရဟန္တံ ဂါထာတော်"ကို ပေးသဖြင့် စာရေးသူလည်း လိုက်မှတ်ရေးထားပြီး စာဖတ်သူတို့ ပွားများရွတ်ဖတ်နိုင်ရန် ရေးသားဖော်ပြလိုက်ပါသည်။

* နမောတေ ဗုဒ္ဓဝီရတ္ထု၊
ဝိပ္ပ မုတ္တောသိ သဗ္ဗတိ၊
သမ္ဗာ ဓပ္ပတိ ပန္နော သမိ၊
သတ္တမေ သရဏံ ဘဝ။

* တထာဂတံ အရဟန္တံ၊
(စန္ဒိမာ) သရဏံဂတော။
ရာဟု(စန္ဒံ) ပမုဉ္စဿု၊
ဗုဒ္ဓါ လောကာနု ကမ္ပကာ၊
တထာဂတံ အရဟန္တံ စန္ဒိမာ၊
သရဏံ ဂတော။

**အနက်အဓိပ္ပာယ်**

လနတ်သားသည် ပူဇော်အထူးကို ခံယူတော်မူထိုက်သော ငါဘုရားအား ကိုးကွယ်သူဖြစ်၏။ ရာဟုစန္ဒံ ပမုဉ္စဿု ဗုဒ္ဓါလောကေ နုကမ္ပကာ - ဘုရားရှင်တို့သည် သတ္တဝါတို့ကို သနားသဖြင့် ချီးမြှင့်တော်မူသည်။ ရာဟုက - နတ်သားကို လွှတ်ပေတော့ဟူ၍ ဖြစ်သည်။

"ထို နမောတေ ဂါထာတော်ကို နေ့စဉ် ရွတ်ဖတ် သရဇ္ဈာယ်ခြင်း၊ ပုတီးစိပ် ပွားများခြင်းဖြင့် လူကလေးရဲ့ မကောင်းသော အကုသိုလ်ကံတွေ ပျောက်ပြီး ကောင်းသော အကျိုးကို ခံစားရမယ်။ နေ့စဉ်ပုံမှန် ပုတီးစိပ်ပါက တဖြည်းဖြည်း ပါရမီရင့်သန်လာပြီး ထင်တိုင်းအောင်၊ လိုတိုင်း ရနိုင်ပါတယ် လူကလေး"

ဟု ပြောကာ ရွှေစာရံစေတီတော်ကြီးအား ကန်တော့၍ ဘုရားပေါ်မှ ဆင်းသွားလေသည်■

* * *

ပေါ်လွင်ဦး(ရေး)



www.burmeseclassic.com

www.burmeseclassic.com

ကောင်းသာ



# အနောက်တိုင်းရိုးရာ အိပ်မက်ပဒေသာ ဟောကိန်းကျမ်း

အရှေ့တိုင်းမှာကဲ့သို့ပင် အနောက်တိုင်းမှာလည်း အိပ်မက်နဲ့ ပတ်သက်၍ အတိတ်နိမိတ်ကောက်ခြင်း အယူအဆ ရှိပါတယ်။ ဝိညာဉ်လောက၊ နာမ်လောကကို ယုံကြည်လက်ခံသလို အိပ်မက်ဟူသည် တစ်စုံတစ်ရာသော စိတ်ချင်းဆက်နွယ်ချက်က လာသော အနီးဆုံး အနာဂတ် ဖြစ်ရပ်ကို ကြိုတင်အရိပ်ထင်ဟပ် နိမိတ်ပြချက်အဖြစ် စွဲမှတ်ယုံကြည်ယူဆထားကြပါတယ်။

ရှေးရှေးမခေတ်က "ဆီဆာရို"(Cicero) ဟာ အာကာဒီယန်း ခရီးသွားနှစ်ယောက်အကြောင်း ဖြစ်ရပ်မှန်ကို ရေးခဲ့ဖူးတယ်။ ဒီခရီးသွားနှစ်ယောက်ဟာ တစ်ယောက် တစ်နေရာစီ ဝေးလံတဲ့ နေရာတွေမှာ သီးခြားတည်းခိုကြရာမှာ တစ်ယောက်က တည်းခိုခန်းမှာ၊ အခြားတစ်ယောက်က အသိတစ်ယောက်အိမ်မှာ တည်းခိုအိပ်ကြတယ်။ ထိုညမှာ အသိအိမ်မှာ အိပ်တဲ့ သူငယ်ချင်းက တည်းခိုခန်းမှာ အိပ်တဲ့ သူငယ်ချင်းကို အိပ်မက်မက်တယ်။ အိပ်မက်မှာ သူငယ်ချင်းက သူ့ကို ကယ်တော်မူပါလို့ အကူအညီတောင်းနေသတဲ့။ သူနိုးလာတော့ သိပ်အလေးအနက် မထားမိဘဲ ပြန်အိပ်လိုက်တယ်။ ဒုတိယအကြိမ် အဲဒီသူငယ်ချင်းကိုပဲ ထပ်မက်ပြန်တော့ "သိပ်နောက်ကျလွန်းသွားပြီ သူငယ်ချင်း"လို့သာ နှုတ်ဆက်ပြီး အဲဒီသူငယ်ချင်းရဲ့ အသတ်ခံထားရတဲ့ အလောင်းကို လှည်းတစ်ခုပေါ် တင်ရက်သား တွေ့ရတော့သတဲ့။ အဲဒီနေ့ နောက်ပိုင်းရက်မှာ သူငယ်ချင်းရဲ့ တကယ့်ရုပ်အလောင်းနဲ့ လှည်းကို ရှာတွေ့ရတယ်လို့ "ဆီဆာရို"က ရေးထားတယ်။

ကဗျာဆရာ 'Petrarch' ဟာ သူချစ်ရသူ "လော်ရာ" ကို သူမ သေဆုံးတဲ့နေ့မှာပဲ အိပ်မက်မက်ခဲ့တယ်။ ဒီအိပ်မက် မက်ပြီးတဲ့နောက် သူ့ရဲ့ လုပတဲ့ ကဗျာ "မရဏမင်း၏ အောင်ပွဲ"(The Triumph of Death) ကို စပ်ဆိုခဲ့တယ်။

ထူးခြားတဲ့ တယောဆရာ Tartini ဟာ အိပ်မက်တစ်ခုကို အစွဲပြု ဈာန်ဝင်စားပြီး သူ့ရဲ့ တယောလက်သံ "ဆိုနာတာ"(Devil's Sonata) ကို ဖန်တီးခဲ့တယ်။

"ကော်လားရစ်ချ်"ဟာ အိပ်မက်ရဲ့ လွှမ်းမိုးမှုကြောင့် "ကူဗလေခန်"ကို ရေးစပ်ခဲ့တယ်။ ဂရိနဲ့ လက်တင်စာဆိုတော် ဂန္ထဝင် ပုဂ္ဂိုလ်ကျော်များစွာဟာ အိပ်မက်အတွေ့အကြုံတွေနဲ့ ဆက်စပ်ခဲ့ဖူးကြတယ်။

"ဟိုးမား"ဟာ ကောင်းကင်ဘုံဆိုင်ရာ မူလအရင်းအမြစ်တွေနဲ့ အိပ်မက်တို့ ထပ်တူကျ ညီညွတ်ခဲ့တယ်။

"ဂျူးအော့အတ်"ဟာ သူမ သေဆုံးတော့မယ်ဆိုတာ အိပ်မက်အရ ကြိုတင် နိမိတ်ထင် သိမြင်ခဲ့ရတယ်။

ဒီလို အိပ်မက်များစွာကို လူသားတို့ သမိုင်းစကတည်းက တွေ့ကြုံခံစားလာရတဲ့အတွက် ဘယ်လို အိပ်မက်မက်ရင် ဘယ်လို လက်တွေ့ အပြင်မှာ ဖြစ်တတ်ကြောင်း ကြုံတွေ့ဖန်များလာတဲ့အခါ အိပ်မက်မက်တဲ့ ဟောကိန်းဆိုင်ရာ အယူအဆတွေ ပေါ်လာပါတော့တယ်။ အခု ကျမ်းမှာ အိပ်မက်အမျိုးအစားအရ နိမိတ်ကောက်ချက် ဟောကိန်းတွေကို ဖော်ပြလိုက်ပါတယ်။

### တိရစ္ဆာန်ရုံများနဲ့ လှောင်အိမ်များ

သင့်အိပ်မက်ထဲမှာ ငှက်များ ပြည့်နှက်နေတဲ့ လှောင်အိမ်တစ်ခုကို မက်ရင် ဥစ္စာဓန ကြွယ်ဝစွာနဲ့ လှပချောမော၊ ချစ်စရာကောင်းတဲ့ သားသမီးတွေပါ ပိုင်ဆိုင်ရဦးမယ်ဆိုတဲ့ ပျော်ရွှင်ချမ်းမြေ့ဖွယ် ပိုင်ဆိုင်မှုတွေ ရမယ်ဆိုတဲ့ နိမိတ်ကို ပြတယ်။

သင့်အိပ်မက်ထဲက လှောင်အိမ်မှာ ငှက်က တစ်



www.burmeseclassic.com

www.burmeseclassic.com

ကောင်တည်းရှိတယ်လို့ မက်ရင် သင်ကိုယ်တိုင် ဆန္ဒရှိရာ ဥစ္စာခနေပြည့်ဝမယ့် လက်ထပ်ခြင်းမျိုး လုပ်ရလိမ့်မယ်။

ငှက်တစ်ကောင်မှ မရှိတဲ့ ဗလာကျင်း ငှက်လှောင်အိမ်ပဲ မက်ရင် သင့်မိသားစုဝင်တစ်ဦးဦး ဆုံးရှုံးရမယ်။ သေဆုံးနိုင်တယ်ဆိုတဲ့ အတိတ်နိမိတ်ပဲ။

တောရိုင်း သားရဲတိရစ္ဆာန်ကောင်ကြီးတွေ လှောင်အိမ်သွင်းထားတယ် မက်ရင် သင့်ရန်သူတွေနဲ့ မကျောင်းတဲ့ ကံကြမ္မာဆိုးတွေအပေါ် သင် အောင်ပွဲခံနိုင်မယ်တဲ့ အတိတ်ပဲ။ အဲဒီကောင်တွေနဲ့အတူ သင်ပါ ရောပြီး လှောင်အိမ်ထဲ ရောက်နေတယ်လို့ မက်ရင် သင် ခရီးသွားရင်း လမ်းခုလတ်မှာ မတော်တဆ ဘေးအန္တရာယ်ကြုံရဖွယ် ရှိလိမ့်မယ်။

တိရစ္ဆာန်ရုံတွေကို လည်ပတ်ကြည့်ရတယ်လို့ မက်ရင် သင့်ကံကြမ္မာဟာ အကောင်းအဆိုး အမျိုးမျိုးကြုံရမယ့် သဘောပဲ။ တစ်ခါတလေ သင့်ရန်သူက သင့်ကို ကျော်လွှား အောင်နိုင်သွားတာ ရှိသလို၊ တစ်ခါတစ်ခါမှာတော့ အောင်မြင်မှုရဲ့ ရေစာန်းမှာ သင် ရပ်တည်နိုင်လိမ့်မယ်။ ခရီးသွားရင်း ဗဟုသုတတွေ တိုးပွားနိုင်သလို၊ နိုင်ငံခြားတိုင်းပြည်တွေမှာ ခေတ္တနားခိုရမယ်။

**အကောင်ငယ်များရဲ့ အော်သံ ညည်းသံများ**

ကြက်တွန်သံ၊ ကျီးအာသံမျိုး မက်ရင် သင့်အိမ်နီးချင်းတစ်ယောက် ရုတ်တရက် သေဆုံးကြောင်း သတင်းကြားရလို့ သင် တုန်လှုပ်ရလိမ့်မယ်။

မြည်း၊ ဆိတ်၊ သိုးတို့ရဲ့ ညည်းသံ ကြားရတယ်လို့ မက်ရင် သင့်မှာ တာဝန်ဝတ္တရားအသစ်တွေ၊ ဂရုစိုက် စောင့်ရှောက်ရဖွယ်အသစ်တွေ ရမယ်ဆိုတဲ့ သဘောပဲ။ ဒီအထဲမှာ မကျေနပ်ဖွယ်၊ မနှစ်မြို့ဖွယ်တွေတော့ မပါပါဘူး။

**တောင်ပံများ**

သင် အတောင်တွေ ပေါက်နေတယ်လို့ မက်ရင် သင့်ထံက အဝေးကို ခရီးရှည်ထွက်သွားတဲ့ တစ်စုံတစ်ယောက်ရဲ့ လုံခြုံမှုအတွက် သင် ကြောက်လန့်စိုးရိမ်စရာ ပေါ်လိမ့်မယ်။

ကြက်တွေ၊ ငှက်တွေရဲ့ အတောင်ပံတွေ မြင်မက်ရင်တော့ သင့်ကို ဆန့်ကျင် ဖက်ပြိုင်တာတွေကို နောက်ဆုံးတစ်နေ့ သင် ကျော်လွှားနိုင်ပြီး ဓနဥစ္စာဂုဏ်သိက္ခာပြည့်ဝမှုဆီ တက်လှမ်းနိုင်လိမ့်မယ်။

**အမြီးများ**

သားရဲတိရစ္ဆာန်များရဲ့ အမြီးကို အိပ်မက်မြင်ရင် သင် ပျော်မွေ့စရာ သေချာပေါက် တွေ့ရမယ့် နေရာမှာ၊ ပုံမှန်မဟုတ်တဲ့ အနှောင့်အယှက်တွေ တွေ့ရမယ့်သဘောကို ပြနေတယ်။

တိရစ္ဆာန်တစ်ကောင်ရဲ့ အမြီးကို သင် ဖြတ်ပစ်ရတယ်လို့ မက်ရင် သင့်ကိုယ်ပိုင် နမော်နမဲ့နိုင်မှုကြောင့် ကြမ္မာဆိုးတစ်ခု ထိခိုက်ခံစားရလိမ့်မယ်။

သင့်ကိုယ်ပေါ်မှာ သားရဲတိရစ္ဆာန်တစ်ကောင်ရဲ့ အမြီးပေါက်နေပြီလို့ မြင်မက်ရင် သင့်ရဲ့ မကောင်းဆိုးဝါး နည်းလမ်းတွေက သင့်ကိုပဲ ပြောမပြနိုင်တဲ့ ဝမ်းနည်းကြေကွဲမှုတွေ ဖြစ်စေလိမ့်မယ်။ ပြီး ထူးဆန်းတဲ့ ဖြစ်ရပ်တွေက သင့်ကို ရှုပ်ထွေးမှုတွေ ဖြစ်စေလိမ့်မယ်။

**တောရိုင်းတိရစ္ဆာန်သားရဲကောင်များ**

**ရေမြင်း**ကို မက်ရင် သင့်ကို ခြိမ်းခြောက်နေတဲ့ ဆုံးရှုံးမှု ကြီးကြီးမားမားတွေရပြီး၊ လျှို့ဝှက်တဲ့ ဒုက္ခ သုက္ခတွေလည်း သင့်မှာ ရှိလာလိမ့်မယ်။

**ဆင်**တစ်ကောင်ကို စီးနေရတယ်လို့ မက်ရင် သင့်ဥစ္စာခနေတွေကို ခိုင်မာကျစ်လျစ်တဲ့ စရိုက်လက္ခဏာနဲ့ ပိုင်ဆိုင်ရပြီး သိက္ခာတက်စေမယ့် ဘွဲ့ထူးဂုဏ်ထူးတွေ ရလိမ့်မယ်။ သင့်ရဲ့ လုပ်ငန်းကိစ္စလမ်းကြောင်းတွေအားလုံးမှာ သင် လုံးဝ စိုးမိုးထားနိုင်ပြီး၊ သင့်ပြောစကားဟာ သင့်အိမ်မှာ ဥပဒေဖြစ်လာလိမ့်မယ်။

ဆင်တွေ အများကြီး မြင်မက်ရင် ဥစ္စာခနေမြောက်မြားစွာ ကြွယ်ဝမယ့် သဘောပဲ။ ဆင်တစ်ကောင်တည်းကို မက်ရင် ငယ်ရွယ်ပေမယ့် ခိုင်မာကျစ်လျစ်တဲ့ နည်းလမ်းနဲ့ နေထိုင်ရမယ်။

ဆင်တစ်ကောင်ကို အစာကျွေးနေတယ်လို့ မက်ရင် သင့်ရဲ့ လူ့အဖွဲ့အစည်းအတွင်းမှာ သင့်ရဲ့ ကြင်နာကရုဏာတရားကြောင့် သင့်ကိုယ်သင် အဆင့်မြှင့်တင်နိုင်လိမ့်မယ်။

**ဒရယ်ဖိုကြီး**ကို အိပ်မက်ထဲ မြင်မက်ပါက သင့်ရဲ့ မြင့်မားတဲ့ ရည်မှန်းချက်တွေကို အင်အားသုံးခြင်းဖြင့်သာ နားလည်နိုင်လိမ့်မယ်။

မိန်းမပျိုလေးတစ်ဦးအတွက် ဒရယ်ဖိုကြီးတစ်ကောင် အမြင့်တောင်ထိပ်ပေါ်က ခြေလွတ်လက်လွတ်ဖြစ်ပြီး ကျလာတယ်လို့ မြင်မက်ရင် သူမ စိတ်ဝင်စားနေတဲ့ အချစ်ကိစ္စဟာ အရာမဝင် အကောင်အထည်မပေါ်ဘဲ ဖြစ်မယ်။

**ကျွဲ**တွေ အများကြီးသတ်ရတယ်လို့ မိန်းမတစ်ယောက်က မက်ရင် သူမ မျှော်လင့်ထားတာထက် အလွန်ကြီးမားတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုကို အပျော်အပါးတွေ ပစ်ထားပြီး စွမ်းအားကုန် ထုတ်သုံးပြီး တာဝန်ယူ ဆောင်ရွက်ရလိမ့်



www.burmeseclassic.com

www.burmeseclassic.com

မယ်။ ယောက်ျားသားတွေရဲ့ အထင်ကြီးမှုကိုပါ ရမှာဖြစ်တယ်။

**မျောက်ဝံ**ကို မက်ရင်တော့ ချစ်ခင်ရင်းနှီးတဲ့ သူငယ်ချင်းတချို့ အရက်ကွဲပြီး ရောဂါတွေ ရနိုင်တယ်။ မျောက်ဝံပေါက်စလေးတစ်ကောင် သစ်ပင်တစ်ပင်ကို တွဲလွဲခို ဆော့နေတယ်လို့ မက်ရင် မက်တဲ့သူ သတိထားပေတော့။ မှားယွင်းပြီး ကောင်းကျိုးမပေးမယ့် သူတစ်ယောက် သင့်အနီးအပါးကပ်နေပြီး သင့်အသိုင်းအဝိုင်းထဲ မကျေနပ်ဖွယ် ကသိကအောက်ဖြစ်အောင် လုပ်လိမ့်မယ်။ ဒီအိပ်မက်နဲ့အတူ လှည့်စားမှုတွေ လာလိမ့်မယ်။

**မျောက်**ကို မက်ရင် လိမ်လည်လှည့်ဖြားတတ်သူတွေက သင့်ကို သူတို့အကျိုးစီးပွားအကျိုးငှာ မြှောက်ပင့်ပေါင်းလိမ့်မယ်။ မျောက်အသေကောင်ကို မက်ရင်တော့ သင့်ရဲ့ အဆိုးဆုံးသော ရန်သူတွေဟာ ချက်ချင်းဆိုသလို ဖယ်ရှားခံရပေလိမ့်မယ်။

မိန်းမပျိုငယ်လေးတစ်ယောက် မျောက်တစ်ကောင်ကို မက်ရင်တော့ သူမဟာ စောစောလက်ထပ်ရမယ့်ကိစ္စကို ခုခံ ဆန့်ကျင်သင့်တယ်။ သူမရဲ့ ချစ်သူက သစ္စာမရှိမှုအပေါ် သံသယဖြစ်လာတတ်တဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

မျောက်တစ်ကောင်ကို အစာကျွေးနေရတယ်လို့ မက်တဲ့ မိန်းမပျိုအတွက် မြှောက်ပင့်သူတစ်ယောက်ရဲ့ လိမ်လည်လှည့်ဖြား သစ္စာဖောက်ခြင်း ခံရတတ်တယ်။

**ကျားတစ်ကောင်** သင့်ထံ ချဉ်းကပ်လာတယ်လို့ မက်ရင် သင်ဟာ ရန်သူတွေရဲ့ နှိပ်စက်ညှဉ်းပန်းမှုခံရပြီး အသတ်ခံရနိုင်တယ်။ ကျားက သင့်ကို တိုက်ခိုက်တယ်လို့ မက်ရင် ကျဆုံးမှု နက်ရှိုင်းလို့ သင့်ဘဝ အမှောင်တိုက်ဖုံးမယ်။ ကျားကို နိုင်တယ်၊ သတ်နိုင်တယ်လို့ မက်ပါမှ သင့်တာဝန်ယူမှုတွေ အလွန်အကျူး အောင်မြင်လိမ့်မယ်ဆိုတဲ့ အတိတ်ကောင်းကို ပြတာပါပဲ။

**ခြင်္သေ့**တစ်ကောင်ကို မက်ရင် ကြီးမားတဲ့ အင်အားကြီးတစ်ခုက သင့်ကို တွန်းအားပေး မောင်းနှင်တာ ခံရမယ်။ သင်က ခြင်္သေ့ကို ငြိမ်ဝပ်အောင် နှိမ်ထားနိုင်ပြီလို့ မက်ရင် ဘယ်တွေ့ဆုံ၊ ချိန်းဆိုမှုမဆို သင်က အောင်မြင်နေမယ်။ သင်က ရှုံးနိမ့်သွားရင်တော့ ရန်သူရဲ့ အောင်အောင်မြင်မြင် တိုက်ခိုက်ခြင်းကို ဟင်းလင်းပွင့် ခံရလိမ့်မယ်။

လှောင်အိမ်ထဲ ရောက်နေတဲ့ ခြင်္သေ့ကို မက်ရင် ဆန့်ကျင်ဘက် ပြိုင်မှုတွေကို သင် ရင်ဆိုင်ဖြေရှင်းမယ့် သင့်ရဲ့ အရည်အချင်းပေါ် မူတည်ပြီး သင့်ရဲ့ အောင်မြင်မှုတွေ ရလာမှာ ဖြစ်တယ်။

**ကျားသစ်**တစ်ကောင် သင့်ကို တိုက်ခိုက်တယ်လို့ မက်ရင် အနာဂတ်ဟာ သင့်တင့်မျှတစွာ ရှိပုံပေါ်ပြီး ယုံကြည်မှုတွေ နေရာချင်း လွဲမှားနေလို့ အခက်အခဲတွေ များစွာကြုံရပြီးပါမှ အောင်မြင်လိမ့်မယ်။ ကျားသစ်တစ်ကောင်သတ်ရတယ်လို့ မြင်မက်ပါမှ သင့်အမှုကိစ္စတွေ အောင်မြင်လိမ့်မယ်။

လှောင်အိမ်ထဲ ကျနေတဲ့ ကျားသစ်ကို မက်ရင် သင့်ကို ရန်သူတွေ ပတ်ပတ်လည်ဝိုင်းနေပေမယ့် သင့်ကို ဒဏ်ရာအနာတရဖြစ်အောင် လုပ်နိုင်မှာ မဟုတ်ဘူး။

သင်က **မြွေခွေး**တစ်ကောင်နောက် လိုက်နေရတယ်လို့ မက်ရင် သင်ဟာ သံသယဖြစ်စရာကောင်းတဲ့ အကဲဖြတ်ချက်တွေကြားထဲ ချိတ်ဆက်နေမိကြောင်း ပြနေတာပဲ။ ပြီးတော့ ဒုက္ခတွေ့စေမယ့် အချစ်ရေးကိစ္စတွေ ကြုံရပေဦးမယ်။

မြွေခွေးတစ်ကောင် သင့်ခြံဝင်းထဲကို ကောက်ကျစ်စွာ ခိုးကြောင်ခိုးဝှက် ဝင်လာတယ်လို့ မြင်မက်ရင် သင့်ကို မနာလိုမှုနဲ့ ပေါင်းသင်းဆက်ဆံလာတာတွေကို သတိထားနေပေတော့။ သင့်ရဲ့ နာမည်ကောင်း ကျော်ကြားမှုတွေကို ကောက်ကျစ်စွာ သွားပုပ်လေလွင့်ပြောလာတာ ခံရနိုင်တယ်။

**ဝံပုလွေ**တစ်ကောင်ကို မက်ရင်တော့ သင့်အလုပ်ခွင်ထဲ သူခိုးတစ်ယောက်ပေါ်နေပြီး ဝန်ထမ်းတစ်ယောက်ကတော့ လျှို့ဝှက် သစ္စာဖောက်နေပေလိမ့်မယ်။

ဝံပုလွေတစ်ကောင်သတ်ရတယ်လို့ မက်ရင် သင့်ကို ကျက်သရေယုတ်အောင် လုပ်ကြံမယ့် ရန်သူတွေကို အောင်နိုင်လိမ့်မယ်။ ဝံပုလွေအူသံကို ကြားရတယ်လို့ မက်ရင် ရိုးဖြောင့်တည်ကြည်တဲ့ ပြိုင်ပွဲတစ်ရပ်မှာ သင့်ကို အနိုင်ယူဖို့ လျှို့ဝှက် မဟာမိတ်ဖွဲ့မှုတွေ ဘွားခနဲပေါ်လာလိမ့်မယ်။

**ယုန်**တွေကို မက်ရင် သင်လိုလားတဲ့ အခြေအနေမျိုး ကြုံလာမယ်လို့ ဖော်ပြတာပဲ။ ယခင် ရရှိထားတာတွေထက် ပိုကျေနပ်ဖွယ်ရာ အကျိုးအမြတ်တွေ ရလိမ့်မယ်။

ယုန်ဖြူဖြူဖွေးဖွေးတွေကို မက်ရင် လူလွတ်တစ်ယောက် (သို့မဟုတ်) လက်ထပ်ထားသူတစ်ယောက်နဲ့ သစ္စာရှိရှိ ချစ်ရလိမ့်မယ်လို့ ဖော်ညွှန်းတာပဲ ဖြစ်ပါတယ် ■

(ရှေ့လ ဆက်လက်ဖော်ပြပါဦးမည်)


* * *

ကောင်းသာ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဝါသနာဆိုသည်မှာ မည်သူ တစ်ဦးတစ်ယောက်ကမှ တိုက်တွန်းနှိုးဆော်ခြင်း မပြုဘဲ မိမိကိုယ်တိုင် လိုလိုချင်ချင် လုပ်ကိုင်ချင်သည့်စိတ်ဟု ဆိုသည်။

လူတို့သည် ကိုယ်နှင့် ဆက်နွယ်ရာ လူ့ပတ်ဝန်းကျင် နယ်ပယ်တွင် ကျင်လည်ကျက်စားကြရင်း ဘဝတစ်ခု မှအစ မိသားစု၏ စားဝတ်နေရေးတိုင်အောင် ရပ်တည်နေကြရသည်။ လူ့ပတ်ဝန်းကျင်၏ လူမှုရေး စီးပွားရေး နယ်ပယ်တွင် အဆိုးနှင့် အကောင်း ဒွန်တွဲလျက်ရှိသည်။ လူအားလုံး အကောင်းတကာ့ အကောင်းဆုံးကို ကြိုက်နှစ်သက်ကြသည်။ ထိုအထဲတွင် သင်နှင့် ကျွန်တော်ပါ ပါဝင်နေကြလိမ့်မည်။ သို့သော် ကျွန်တော့်အဖေကတော့ဖြင့်…။

◈◈◈

အဖေက အသားဖြူဖြူ အရပ်ထောင်ထောင်မောင်းမောင်း၊ စကားပြောလျှင် ဘုနှင့် ဘောက်ပင် ဖြစ်သည်။ အစဉ်ချောမွေ့ ပြေပြစ်ခြင်း မရှိ။ အဖေ့ဇာတိက ငါန်းမြာ(ဆေး) ရွာကြီး။ မန္တလေးမြို့တွင် အခြေချ နေထိုင်ကာ ပြည်တွင်း ကုန်တင်ကုန်ချ ကုန်ရုံဘူတာနယ်မြေတွင် နေ့စား အလုပ်သမား ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးလေသည်။ ယခုတော့ အငြိမ်းစား။ အဖေသည် ဦးစိန်အောင် နာမည်တစ်လုံးဖြင့် ယနေ့အချိန်ထိ မားမားမတ်မတ် ရပ်တည်နေနိုင်ခဲ့သည်မှာ ဆုတောင်းပြည့် ဆားတောင် ဆရာတော်ဘုရားကြီးအား အနိုင်းမဲ့ ကျေးဇူးတင်ရပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ဆရာတော်ဘုရားကြီးသည် အဖေ၏ လောဘ၊ ဒေါသ၊ မောဟတို့၏ အညွန့်၊ အခက်၊ အလက်တို့ကို ဖြတ်နိုင်သည့်၊ သတ်ပစ်နိုင်သည့် ထိ-သိ-သတိ အာနာပါန စွန့်လွှတ် တရားကျင့်စဉ်နည်းကို ချီးမြှင့်ပေးခဲ့ခြင်းကြောင့်ဟု ဆိုသည်။

အဖေသည် ဝန်ထမ်းဘဝက မည်သူ့ကိုမျှ သူ့ပခုံးပေါ် လက်တင်မခံ။ အလုပ်ကို တာဝန်ကျေသည်။ အမှန်စကားကို ဆိုသည်။ အဖေသည် ရှေးပညာအတန်း ၉တန်းအထိ သင်ယူခဲ့သော်လည်း ရွာအပြင်ထုတ်ခံရသော အဖေ့အတွက် နေရာလပ်မရှိခဲ့။

အဖေ၏ ဘဝတူ လုပ်ငန်းကိုင်ဘက်များတွင် ဓာတ်တူနံ့တူ အပေါင်းအသင်းအနည်းငယ်သာ ရှိလေသည်။ ထိုအထဲတွင် ဦးဝထွေး ဆိုသူ ပါဝင်လေသည်။ ဦးဝထွေးသည် ဘုရားရှင်၏ ဂုဏ်တော်များကို ရွတ်ဖတ်ပွားများကာ စိပ်ပုတီးစိပ်ခြင်းကြောင့် သမာဓိအားကောင်းလေသည်။ သူ တစ်ချက်လွှတ်ပြောသော စကားများမှာ တအံ့တသြဖြစ်အောင် မှန်လေသည်။

အဖေ၏ ထူးထူးဆန်းဆန်း ဖြစ်ရပ်များနှင့် ကြုံတွေ့စဉ်က အဖေ၏ အသက်သည် (၄၀)ဝန်းကျင်ခန့်သာ ရှိလိမ့်ဦးမည်။

အဖေသည် ညနေ အလုပ်မှ ပြန်လာသောအခါ အမေနှင့်အတူ စက်ဘီးစီးပြီး မန္တလေး မြောက်ပြင်သူ့ရဲတပ်၊ ဘုရားငါးဆူဝင်းမှ နေ၍ မန္တလေး ပုသိမ်ကြီး ရန်ကင်းတောင် မြောက်ဘက်ရှိ ဆားတောင် ပဋိပတ္တိရိပ်သာသို့ ညတရားအားထုတ်သွားကြသည်။ (ထိုစဉ်က ဝါတွင်းတစ်တွင်းလုံး ဆရာတော်ကိုယ်တိုင် တရားပြ ချီးမြှင့်ခြင်းဖြစ်သည်။)

အပြန်အသွားခရီး ၄မိုင်နီးပါးရှိလေသည်။ ဝါတွင်းတစ်တွင်းလုံး ပျက်ရက်မရှိခဲ့။ အဖေ၏ သံသရာလွတ်မြောက်ကြောင်း သဒ္ဓါစိတ်အား ဆရာတော်ဘုရားမှ ဒီဇနီးမောင်နှံ ရှေ့သွားနောက်လိုက် ညီပါပေတယ်ဟု ချီးမွမ်းမိန့်ဆိုခဲ့ဖူးလေသည်။

ဝန်ထမ်းဘဝက အဖေသည် မန္တလေး ဘူတာကြီးတွင် အလုပ်တာဝန်ထမ်းဆောင်နေစဉ်အတွင်း စက်ဘီးဖြင့် ပုပ္ပားဟိုတယ်ရှေ့မှ ဖြတ်ကာ လမ်းတစ်ဖက်ရှိ (၇၉လမ်းအရှေ့ဘက် ၂၇ လမ်း) လက်ဖက်ရည်ဆိုင်သို့ လက်ဖက်ရည်သွားသောက်သောအခါ ပုပ္ပားဟိုတယ်ရှေ့ မလှမ်းမကမ်းတွင် လက်ဆီတက်၍ ပြောင်နေသော ပုတီးတစ်ကုံးကို တွေ့ရလေသည်။ စက်ဘီးဖြင့် ဖြတ်ကျော်သွားပြီးမှ စိတ်ထဲတွင် ကောက်ချင်စိတ်ရှိသဖြင့် ခပ်လှမ်းလှမ်းရောက် နေရာမှ ပြန်ကွေ့ကာ သွားကောက်လေသည်။

လုပ်ငန်းခွင်သို့ ပြန်ရောက်သောအခါ ဦးဝထွေးအား ပြလေသည်။ ဦးဝထွေးသည် အဖေကောက်ရခဲ့သော ပုတီးအား လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်၍ မျက်စိစုံမှိတ်ကာ ဆတ်ခနဲ လက်ကို မြှောက်၍ အာရုံခံလေသည်။ အဖေကတော့ ဦးဝထွေး လုပ်ပုံကိုင်ပုံများကို သဘောကျ၍နေလေသည်။

"ဟာ…မောင်ရင်၊ ဝိဇ္ဇာကိုင်တဲ့ ပုတီးပဲကွ။ မင်း ဘယ်က ရလဲ"

"ပုပ္ပားဟိုတယ်ရှေ့နားကပဲဗျာ"

"အေး မင်း အသုံးမပြုရင် ငါ့ကို ပေးပါလား"

"ဟ…ကိုယ်လူရ၊ ဝိဇ္ဇာပုတီးဆိုမှတော့ ဘယ်ပေးလို့ ဖြစ်ပါ့မလဲကွ"

"စောစောကတည်းက မောင်ရင် အသုံးမပြုဘူးဆိုရင်လို့ ပြောတာပါ။ အသုံးချတတ်မယ်ဆိုရင်တော့ အကျိုး



www.burmeseclassic.com

www.burmeseclassic.com

ရှိတာပေါ့။ ကိုယ်က လိုချင်လို့ ပြောတာ မဟုတ်ပါဘူး"

◈◈◈

အဖေက ၆ ၇ နှင်းကာလမဟုတ်သော ရက်များတွင် အိမ်မှာပင် တရားထိုင်လေသည်။ တစ်နေ့ ၂နာရီထိုင်ပြီးသည်နှင့် အဖေ ကောက်ရခဲ့သော ပုတီးဖြင့် အရဟံတစ်ပတ်စိပ်လေသည်။ တစ်ပတ်ခန့်အကြာတွင် အဖေ့ဆီမှ ထူးထူးဆန်းဆန်း စကားများကို ကြားရလေသည်။ အတိအကျတော့မဟုတ်။ သဏ္ဌာန်သရုပ်လောက်သာ ဖြစ်သည်။ အဖေသည် အမေ့အား…

"မအုံးရေ…မင့်သားငယ်တော့ ငါတို့ဆီ ရောက်လာလိမ့်ဦးမယ်ကွယ်။ သူ့ကို ငါ့မျက်စိထဲမှာ မြင်နေတယ်"

အမေသည် အဖေ၏ သာမန်ပြောနေကျ စကားပဲ ထင်နေသည်။ သိပ်အလေးမထား။ အဖေမှ ညနေတွင် ပြောပြသော စကား၊ မနက်ဖြန်မနက်တွင် ညီတော်မောင် ရောက်၍လာလေသည်။ ညီတော်မောင်က ထန်းတစ်ပင်ဇီးကုန်းတွင် ကြံကားမောင်းခြင်းကို လုပ်ကိုင်သည်။ အိမ်ကို အလာနည်းသည်။ သူလာခြင်းသည် အဖေနှင့် အမေ့အား ပိုက်ဆံလာပေးခြင်းပင် ဖြစ်သည်။ မတွေ့တာ ကြာပြီဖြစ်သော ညီငယ်အား တွေ့ဆုံကြရသောအခါ မိသားစုအားလုံး ဝမ်းပန်းတသာဖြစ်ခဲ့ရသည်။

အဖေကတော့ တရားထိုင်၊ ပုတီးစိပ်ခြင်း မပျက်ခဲ့။ တစ်ရက်တွင် ဆိုပြန်သည်။

"မအုံးရေ…တန်ဖိုးရှိ ပစ္စည်းတွေကို အထုပ်အပိုးပြင်ထားကွ။ ငါတို့ အိမ်နားမှာ မီးလန့်တယ်လို့ မြင်နေမိတယ်"

ဟု ဆိုပြန်သည်။

အချိန်အားဖြင့် နှစ်ရက်ပဲ ကြာလိုက်သည်။ ကျွန်ုပ်တို့နေထိုင်ရာ အိမ်နှင့် ကပ်လျက်(မြောက်ဘက်)အိမ်မှ ကျွန်ုပ်တို့ နေထိုင်ရာ နယ်မြေတွင် လုံခြုံရေးတာဝန်ကျနေသော စစ်သားသည် သူ၏ တာဝန်မှူးအား ခွင့်တောင်း၍ သူနေထိုင်ရာအိမ်သို့ ခဏတဖြုတ်ပြန်လာလေသည်။ မိုးချုပ်မှ ရောက်လာသောကြောင့် ဖယောင်းတိုင်မီးထွန်းကာ သူ၏ မိသားစုနှင့် စကားပြောကြလေသည်။ ဖယောင်းတိုင်မီးသည် ထရံတာန်းတွင် ထွန်းထားသောကြောင့် ဖယောင်းတိုင် မီးညွန့်မှာ ထရံသို့ ယိမ်းနွဲ့၍ မီးစွဲလောင်လေသည်။

ထိုအခါ ရပ်ကွက်အတွင်းရှိ ရပ်ကွက်သူ၊ ရပ်ကွက်သားတို့က တက်ညီလက်ညီ ငြိမ်းသတ်ရလေသည်။ တစ်ခု ကံကောင်းကြသည်မှာ ကျည်ဆန်အပြည့်ပါသော သေနတ်နှင့် လက်ပစ်ဗုံးများ ရှိနေသည်။ မီးကို ကြိုတင် ကာကွယ်နိုင်၍သာ။ ထိုလက်နက်ခဲယမ်း မီးကျောက်များကို မီးကူးမည်ဆိုပါက မတွေးဝံ့စရာပင်။

အဖေ၏ ကြိုတင် နိမိတ်စကားများကို အမေမှ သတိထားလာသောအခါ အဖေ ဘုရားထိုင်ပြီး၍ ပုတီးစိပ်ပြီဆိုလျှင် ဖွယ်ဖွယ်ရာရာ ရေနွေးကြမ်းနှင့် အမြည်းကို စီစဉ်ထားလေသည်။

ထိုသို့ အဖေ ပုတီးစိပ်စဉ်ကာလတွင် မန္တလေး ရတနာပုံ မြို့သစ်က ဟု ဆိုသည့် အဘွားအိုတစ်ယောက်သည် ဓာတ်ပုံတစ်ပုံကို ကိုင်ကာ ကျွန်တော်တို့အိမ်၏ တောင်ဘက်အိမ်အား ကျွန်တော်တို့အိမ်တွင် လူရှိ၊မရှိ မေးနေလေသည်။ ထိုအခါ တောင်ဘက်အိမ်တွင် နေထိုင်သော ဒေါ်မြသန်းမှ အဖေ့အား လှမ်းခေါ်ကာ ညွှန်သည် အဘွားအိုနှင့် တွေ့ဆုံပေးလေသည်။ အဖေသည် အဘွားအိုအား အိမ်ပေါ်ခေါ်ကာ ဧည့်ခံရသည်။

"လူကလေးနာမည်က မောင်စိန်အောင်တဲ့လား"

"ဟုတ်ပါတယ်ခင်ဗျ"

"အေးကွယ်၊ အဘွားလည်း တောင်ဘက်အိမ်က ပြောပြလို့ပါ။ အဘွားက ဒီအရပ်ဒေသကို ရောက်ဖူးလို့တော့ မဟုတ်ပါဘူး။ အိပ်မက်ထဲက အတိုင်းသာ လာခဲ့ရတာ။ စမ်းတဝါးဝါး ရယ်ပါ"

"ကျွန်တော့်ဆီကို လာတာ ဘယ်လိုအကြောင်းကြောင့် ပါလဲ အဘွား"

"ပြောပြရမှာပေါ့ကွယ်။ အဘွား အိပ်မက်ထဲမှာက မြောက်ပြင် အိုးဘို သွားတဲ့ ကားကို စီး၊ ဘုရားငါးဆူကျရင် ဆင်း၊ ကျောက်လမ်းကနေ ဘုရားငါးဆူဝင်းထဲကို ဝင်၊ သုံးအိမ်ဝိုင်းမြောက် မြောက်ဘက်ခြမ်း၊ တောင်ဘက်လှည့်အိမ်ရှေ့မှာ မန်ကျည်းပင်ရှိတယ်။ အိမ်က အုတ်ခုံ၊ ထရံကာ၊ သွပ်မိုး နှစ်ထပ်အိမ်တဲ့။ ဒီဓာတ်ပုံကို သွားပေးလို့ ပြောတာကွဲ့"

အဖေမှ အဘွားပေးသော ဓာတ်ပုံကို ယူကြည့်လိုက်သောအခါ အဘဘိုးမင်းခေါင်၏ ဓာတ်ပုံဖြစ်၍နေလေသည်။ အဖြူအမည်းပင် ဖြစ်သည်။ ထိုအဘွားအိုသည် အိမ်တွင် ခေတ္တခဏနားခိုကာ ပြန်သွားလေတော့သည်။

◈◈◈

တဖြည်းဖြည်းဖြင့် အဖေ၏ တရားထိုင်၊ ပုတီးစိပ်ခြင်းလုပ်ငန်းမှာ အောင်မြင်သည်ဟု ဆိုရပေလိမ့်မည်။ ရပ်ကွက်နှင့် ပတ်သက်၍ လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် ပတ်သက်၍ လည်းကောင်း၊ မိသားစုနှင့် ပတ်သက်၍ လည်းကောင်း၊ အဖေ၏



www.burmeseclassic.com

www.burmeseclassic.com

အမြင်အာရုံဖြင့် ပြောသော စကားများမှာ မှန်၍နေလေသည်။ သို့သော် ပတ်ဝန်းကျင်နယ်တွင် ကျော်ကြားမှုတော့မရှိ။ မိသားစုအတွင်းသာလျှင် ဖြစ်လေသည်။

တစ်ရက်တွင် တရားထိုင်ပြီး၍ ပုတီးစိပ်နေစဉ်တွင် အဖေ၏ စိတ္တာသည် တရားထိုင်စဉ် သမထခန်းနှင့် ဝိပဿနာခန်းကတည်းက ထွက်ပေါက်ရှာနေလေသည်။ အဖေသည် ထိုစိတ်အား သမထခန်းတွင် နှာသီးဖျားကို ဝင်လေ၊ ထွက်လေ ထိတိုင်း သိအောင် သတိနှင့် မှတ်သားနေ၍ လည်းကောင်း၊ ဝိပဿနာခန်းတွင် ဝေဒနာပေါ်တွင် တင်ရှု၍ လည်းကောင်း၊ အကြိတ်အနယ်မှတ်သားခဲ့ရသည်။ ယခု ပုတီးစိပ်သောအခါ အပြင်သို့ ထွက်ချင်နေပြန်သည်။

ထိုအခါ အဖေသည် သူ၏ စိတ်အား "သွားစမ်းကွာ"ဟုဆိုကာ အတိုင်းအဆမရှိ လွှတ်လိုက်လေသည်။ အဖေ၏ စိတ်သည် ၅ဖာလုံမျှ ဝေးသော ရွှေကျင်(မြောက်ပြင်)ကွက်သစ်ရှိ အကြားအမြင်ဆရာမ မမော်ဟု ဆိုသော ဓာတ်ခန်းသို့ ရောက်သွားလေသည်။ ထိုဓာတ်ခန်းတွင် မေးသူနှင့် ပြောသူတို့၏ စကားများသည် အဖေ၏ လက်တစ်ကမ်းတွင် ပြောဆိုနေသည် အထိ ကြားနေရလေသည်။

အဘွားအိုမှ ဓာတ်ပုံပေးပြီး တစ်လခန့်အကြာတွင် ထူးခြားမှုတစ်ခုနှင့် ထပ်၍ တွေ့ကြုံရပြန်သည်။

အဖေသည် မန်ကျည်းပင်အောက်တွင် စာဖတ်၍နေသည်။ အမေနှင့် ကျွန်တော်က အိမ်ထဲတွင် တီဗွီကြည့်နေကြသည်။ အိမ်ဝန်းခြံထဲသို့ ခွင့်တောင်းခြင်း မရှိဘဲ အဘိုးအိုတစ်ယောက်နှင့် ရဟန်းတစ်ပါး စွပ်ခန့်ဝင်ချလာလေသည်။

အဘိုးအိုသည် ဆံပင်ရှည်ဟန်ရှိသည်။ ခေါင်းပေါင်း ပေါင်းထားသည်။ ပုဆိုးမှာ အကွက်ကျဲကျဲနှင့် တိုတိုဝတ်ထားသည်။ ပင်နီတိုက်ပုံနှင့် အမြီးမပါသော လွယ်အိတ်အသေးကလေးကို လွယ်ထားလေသည်။ ရဟန်းမှာမူ ကျွန်တော်တို့ မြင်နေကျ သင်္ကန်းအရောင်မဟုတ်။ အဝါရောင်သင်္ကန်းပင်ဖြစ်သည်။ ရဟန်းမှာ မျက်နှာဝိုင်းဝိုင်း၊ အသားဖြူဖြူဖြစ်ပြီး အရုပ်ပိုမြင့်လေသည်။ ကျွန်တော်နှင့် အမေရှိရာသို့ တန်းတန်းမတ်မတ်လာကာ ဒုတ်ခုံလေ့ကားထစ်တွင် ရပ်သည်။ အစပထမ ကျွန်တော်က အလှူခံဟု ထင်မြင်မိသည်။ အဘိုးအိုမှ··

"ကျုပ်တို့ ချဲထိုးချင်လို့ဗျာ။ ဘယ်မှာထိုးလို့ ရသလဲ မသိဘူး"

ကျွန်တော်မှ အမေ့ကို ကြည့်သည်။ အမေမှ မန်ကျည်းပင်အောက်တွင် စာဖတ်နေသော အဖေ့အား စစ်ကူခေါ်လေသည်။

"မောင်စိန်အောင်··· ဒီက လူက ချဲထိုးချင်လို့တဲ့"

အဖေသည် စာထဲတွင် စိတ်ပါဝင်စားနေသဖြင့် ဧည့်သည်များ ဘယ်အချိန်က ဝင်လာမှန်းပင် မသိခဲ့။ အမေ့ထံမှ တရားမဝင်သော ချဲထီဟူသော စကားသံကို ကြားသည်နှင့် အဖေ၏ ဝသီအတိုင်း အသံမာမာဖြင့် စကားများကို အန်ချလေသည်။

"ဟာ··ရှုပ်ရှုပ်ယှက်ယှက်၊ ဘာတွေလဲ။ မသိဘူး။ သွား···သွား"

ရဟန်းနှင့် အဘိုးအိုမှာ လစ်ခနဲထွက်သွားကြတော့သည်။ အဖေကား စာကို ဖတ်မြဲ ဖတ်နေသည်။ အမေနှင့် ကျွန်တော်က တီဗွီကြည့်မြဲ ကြည့်နေကြသည်။ အချိန်အားဖြင့် သိပ်မကြာလိုက်။ ရှေ့ဆင့်နောက်ဆင့်လိုလိုပင်ဖြစ်သည်။ ဘုရားနှစ်ဆူ သံလမ်းမှ ယောဂီဝတ်ဖြင့် အမေမှီ ရောက်လာသည်။ အမေ့တကောပင်။ အမေမှီကား ၅မိနစ်ခရီးဖြစ်သော ကျွန်တော်တို့အိမ်ကို အကြောင်းရှိမှ လာတတ်သူဖြစ်သည်။ သူ့အလုပ်များဖြစ်သော ရုပ်ပိုင်းဆိုင်ရာ သာသနာပြုလုပ်ငန်းတွေကို လုပ်ကိုင်နေရသည်။ အားသည် မရှိ။ ကျွန်တော်နှင့် အမေက အမေမှီကို နေရာပေး ဧည့်ခံရလေသည်။

"ဟဲ့ - မောင်စိန်အောင်၊ မင်းတို့အိမ်ကို အခု ဧည့်သည်တွေ လာသွားပြီလား။ ငါ့မှာတော့ဖြင့် ပုတီးကောင်းကောင်း မစိပ်နိုင်ဘူး။ မင်းအိမ်ကို အမြန်သွား၊ ဧည့်သည်တွေ ရောက်နေတယ်ဆိုလို့"

အဖေသည် စာဖတ်နေရာမှ အမေမှီ ပြောပြနေသော စကားများကို အထူးအဆန်းဖြစ်၍နေသည်။ အဖေမှ စောစောက အဖြစ်အပျက်ကို စိတ်မပါတပါနှင့် ပြောပြနေသည်။

"အခုလေးတင်ပဲ အမေနဲ့ အဝင်အထွက်ပဲ။ ရဟန်းတစ်ပါးနဲ့ လူတစ်ယောက်"

"ဟဲ့ - သူတို့က ဝိဇ္ဇာတွေဟဲ့။ မင်းတို့ကို ဘာမှမပေးခဲ့ဘူးလား"

"အဲဒါတွေတော့ မသိဘူး။ ပေးဖို့နေနေသာသာ ဒုက္ခရောက်မယ့် ချဲထီဂဏန်းတော့ ဘယ်မှာ ထိုးလို့ရသလဲတဲ့"

"အေး၊ ကောင်းရောပဲ။ ထိုးလို့ရတယ်ဆိုပြီး ဂဏန်းနဲ့ ပိုက်ဆံယူထားလိုက်ပေါ့။ ယုတ်စွအဆုံး၊ ချဲဂဏန်းထိုးဖို့ အခက်အခဲရှိနေရင်တောင် အဲဒီပိုက်ဆံဆောင်ထားဦး၊ စီးပွားလာဘ်လာဘမှာ အကျိုးရှိမယ်"

အဖေကား နောင်တ ကြီးစွာ



www.burmeseclassic.com

www.burmeseclassic.com

လေသည်။ အမေမို၏ စကားဆုံးသည်နှင့် ရပ်ကွက်ထဲတွင် တောင်တောင်မြောက်မြောက် လျှောက်ကြည့်သည်။ တွေ့သည့်လူများကို မေးကြည့်သည်။ မထူးခြား။ တီဗွီအချည့်ကောင်းနေကြသော ကျွန်တော်နှင့် အမေ့မှာတော့ ကိုယ့်အပြစ်နှင့် ကိုယ်မို့ စကားမဆိုဝံ့သာ။

ထိုအကြောင်းအရာများကို စဉ့်ကိုင်းက သဲကုန်း မင်းရွာကုန်းရိပ်သာတွင် သီတင်းသုံးနေသော ကျေးဇူးတော်ရှင် ဆားတောင်ဆရာတော်ဘုရားကြီး ဦးပညာဇောတိကအား အမေမှ လျှောက်ထားလေသည်။ ထိုအခါ ဆရာတော်သည် ဟက်ဟက်ပက်ပက်ရယ်လျက် အမေ့အား ဩဝါဒများ မိန့်ဆိုလေသည်။

"အင်း . . . လောကီလည်း အရေးကြီးတာပဲ။ လောကုတ္တရာကလည်း လောကီထက် ပိုအရေးကြီးတာပဲပေါ့"

ဒါလောက်ပဲ ဖြစ်သည်။

ကျွန်တော်၏ တွေးထင်ယူဆချက်မှာ အမေ့အား မိန့်ဆိုခဲ့သော ဩဝါဒတွင် ရှဉ့်လည်း လျှောက်သာ၊ ပျားလည်း စွဲသာပင် ဖြစ်ပေလိမ့်မည်။ အမေကတော့ ဘယ်လိုခံယူချက်ထားသည် မသိ။ အမေသည် အဘ ဘိုးမင်းခေါင်၏ ဓာတ်ပုံအား ကျွန်တော်တို့အိမ်၏ အနောက်ဘက် မြောက်ဘက်ခြမ်း ဆယ်အိမ်ကျော်လောက်မှ ဒေါ်ဝင်းကြီးအား အပြီးအပိုင်ပေးပစ်လိုက်သည်။ ပုတီးကိုတော့ဖြင့် ဘုရားငါးဆူကွင်းလယ်ထဲသို့ ဘယ်သူရရပါ့ ဆိုကာ လွှင့်ပစ်လိုက်လေသည်။ အမေ၏ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်းတွင် တရားပဲ ထိုင်တော့သည်။ ပုတီးကတ္တာ မပါဝင်တော့။ ကျွန်တော်တို့ မိသားစုတစ်တွေအား အမေ၏ အကြောင်းပြချက် စကားမှာ . . .

"တရားထိုင်တဲ့ အလုပ်ပဲ လုပ်တော့မယ်။ ပုတီးစိပ်ရတာ တရားထိုင်ဖို့အတွက် အနှောင့်အယှက်တွေ ဖြစ်တယ်။ ငါလိုချင်တာ လောကီအကျိုးစီးပွားမဟုတ်ဘူး"

ဟူ၍ပင် ဖြစ်လေသည်။

(**စာကြွင်း။** ယခုအခါ အမေသည် ၂၁ကွက် ဘုရားငါးဆူ ဗုဒ္ဓဝေယျာဝစ္စ လူမှုရေးအသင်းတွင် (ပရဟိတ) အတွင်းရေးမှူးဖြစ်၍ မန္တလေး ဘိုးဘွားရိပ်သာတွင် (ပရဟိတ) ကော်မတီဝင်အဖြစ်နှင့် အများအကျိုးကို ဆောင်ရွက်ရင်း ဝိပဿနာတရားများကို အားထုတ်နေလေသည်။■

* * *

ဇော်နိုင်(မန္တလေး)

ဆရာမကြီး နိယာမ ဒေါ်စန်းမေ၏ တပည့်ရင်း

**နိယာမ ဆရာအောင်ကျော်မင်း**

**သာဓိတ္တဆန်းမောင်**

- သင့်ကလေးကို အစစအောင်မြင်၍ ပွင့်သည့်ပန်းတိုင်းမွှေးသည့်အလား ကံကောင်းပျော်ရွှင်စေသူ ဖြစ်စေလိုပါသလား ဆရာထံလာပြီး အမည်တောင်းခံပါ။
- စာမေးပွဲအောင်ဖို့၊ ကျန်းမာဖို့၊ ချမ်းသာဖို့၊ အိမ်ထောင်ရေးသာယာဖို့၊ အမှုအခင်းအနိုင်ရစေဖို့၊ ဘေးအန္တရာယ် အနှောင့်အယှက်ကင်း၍ နိုင်ငံခြားခရီး အမြန်ရောက်စေဖို့၊ မိမိချစ်သူ နွေးထွေးသော မေတ္တာဖြင့် သံယောဇဉ်ကြီးစေဖို့၊ ဆေးရုံတက်၍ ခွဲစိတ်ကုသရာ၌ အောင်မြင်ရွှင်လန်းကျန်းမာ၍ မုချ အသက်ရှည်စေဖို့ စသည်တို့ကို ယတြာအစစ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ရေဥက္ကံ၊ သောင်ကြီးရပ်ကွက်၊ ချယ်ရီဦးလက်ဖက်ရည်ဆိုင်ရှေ့၊ မြသဇင်လမ်း၊
ပန်းသဇင်အဆောင်(အပေါ်ထပ်)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

■ ဆက်သွယ်ရန်ဖုန်း - ၀၉ ၃၁၅၉၃၉၀၂ ■

www.burmeseclassic.com

## ၂၀၁၄၊ မေလအတွက်

# နာမက္ခရဆန်း အထူးဟောစာတမ်း

ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

### တနင်္ဂနွေနံအက္ခရာ

**(အ၊ အာ၊ ဣ၊ အိ၊ အီ၊ ဥ၊ ဦ၊ ဧ၊ ဩ) စသည့် "အ"အသံထွက်နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက် အပြုံလိုက် ဝင်ကိန်းရှိသည်၊ လုပ်ငန်းသစ်တစ်ခု စတင်ရမည်။ ကား၊ ကျောက်မျက်ရတနာ၊ ငွေထည်ပစ္စည်း၊ ကြေးထည်ပစ္စည်းအရောင်းအဝယ် အကျိုးဖြစ်ထွန်းမည်။ ကွဲကွာနေသော မိတ်ဆွေအပေါင်းအသင်း၊ ချစ်သူနှင့် ပြန်လည်ဆုံတွေ့ရမည်။ လက်အောက်ငယ်သားကြောင့် စိတ်ညစ်ရမည်။ အပျော်ခရီး မသွားသင့်ပါ။ အိမ်၊ နေရာဌာန ပြောင်းရွှေ့နိုင်သည်။ သားသမီးနှင့် ပတ်သက်၍ ကောင်းကျိုးခံစားရခြင်း၊ သတင်းကောင်း ကြားရခြင်း ကြုံမည်။ အစာမကြေ လေရောဂါ၊ အအေးမိ ဖျားနာတတ်သည်။ အအေးစာ၊ လေစာများ အထူးရှောင်ပါ။ ထီဝါသနာပါက (၂၄၇) ပါသော ထီလက်မှတ်ကို ရွေးထိုးပါ။

**ကောင်းကျိုးပြုယတြာ** – မွေးနံထောင့်တွင် ကုံ့ကော်ညွှန့် (၁၅)ညွှန့်လှူပြီး ဘုရားရေသပ္ပာယ်၍ လိုရာဆုတောင်းပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

### တနင်္လာနံအက္ခရာ

**(က၊ ခ၊ ဂ၊ ဃ၊ င)နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် အကြံအစည် ရယ်ရွယ်ချက်များ အောင်မြင်မည်။ မမျှော်လင့်ဘဲ ငွေအစုလိုက် ဝင်ခြင်း၊ ကံစမ်းမဲပေါက်ခြင်း၊ ကြွေးမြီဟောင်း ပြန်ရခြင်းဖြင့် မြုပ်နေတာတွေ ပြန်ပေါ်လာမည်။ လုပ်ငန်းသစ်တစ်ခု စတင်ပြုလုပ်ရမည်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ဆက်နွယ်သောအလုပ် ပြုလုပ်ရမည်။ ကွဲကွာနေသော မိတ်ဆွေ၊ ဆရာသမားနှင့် ပြန်ဆုံရမည်။ ကံဇာတာကောင်းသောလဖြစ်၍ အပျက်ဝင်တတ်သည်။ အပျော်အပါး၊ လောင်းကစား၊ ဆန့်ကျင်ဘက်လိင်ကိစ္စ အထူးရှောင်ပါ။ စုတ်ဝင်လျှင် လာဘ်ပိတ်မည်။ နေအိမ်သို့ ဘုရားရုပ်ပွားတော်၊ ပုံတော်ကြွလာပါက ကောင်းသော နိမိတ်ဟု ယုံကြည်ပါ။ လူငယ်များ စန်းပွင့်သော ကာလဖြစ်သည်။ ရိုးသားစွာ ပျော်ရွှင်မှုကိစ္စ ဆောင်ရွက်နိုင်သည်။ ၂အစ ၄အဆုံး၊ ၄အစ ၂အဆုံး အောင်ဘာလေထီထိုးပါ။

**ကောင်းကျိုးပြုယတြာ** – ရာဟုထောင့်တွင် ရေသက်စေ့ သပ္ပာယ်ပါ။ ခရေညွှန့် (၆)ညွှန့်၊ ကြက်လျှာဖြူ (၁၂)လက်လှူပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

### အင်္ဂါနံအက္ခရာ

**(စ၊ ဆ၊ ဇ၊ ဈ၊ ည) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မိမိဆောင်ရွက်နေကျအလုပ် ဆက်လုပ်နေပါ။ စပ်တူရှယ်ယာ စုပေါင်းလုပ်ငန်း မလုပ်ရ။ ပြည်တွင်းပြည်ပ ခရီးသွားလာကိန်း မကောင်းသေးပါ။ အကြီးအကဲ ဆရာသမားထံမှ အကူအညီရမည်။ ဗုဒ္ဓဟူးနံ ရေလုပ်ငန်း၊ ရွှေထည်ပစ္စည်း၊ လျှပ်စစ်၊ အလှကုန် စသော အရောင်းအဝယ်မှ အကျိုးအမြတ်ခံစားရမည်။ အလှူမင်္ဂလာကိစ္စ ပါဝင်ဆောင်ရွက်ရမည်။ မည်သည့်ကိစ္စမဆို အင်္ဂါနှင့် သောကြာနေ့ရှောင်၍ ပြုလုပ်ပါ။ အစာမှား၊ ဆေးမှား၊ အသွားအလာမှားတတ်သည်။ စကားပြောဆင်ခြင်ပါ။ အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းမှ ငွေဝင်ကိန်းရှိသည်။ ထီကံစမ်းလိုပါက (၂၂၊ ၄၄၊ ၈၈)အတွဲပါ ထီအားရွေးထိုးပါ။

**ကောင်းကျိုးပြုယတြာ** – ကိုရင်၊ ကလေးငယ်များအား အအေးဖျော်ရည်၊ အအေးစာ ဒါနပြု ကျွေးမွေးပါ။ သောက်တော်ရေ၊ သုံးတော်ရေ နေ့စဉ် ကပ်လှူပေးပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးနံအကျွရာ

**(ယ၊ ရ၊ လ၊ ဝ၊ ဠ) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလတွင် ကံဇာတာ ကောင်းပြီး၊ အလုပ်အကိုင် အဆင်ပြေမည်။ လုပ်ငန်းသစ် ပြုလုပ်ရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်း ကြုံမည်။ ငွေအများအပြား ဝင်လာကိန်းရှိသည်။ ကာမဂုဏ်ကိစ္စ ရှောင်ပါ။ ချစ်သူ၊ အိမ်ထောင်ဖက် အပြိုင်အဆိုင် ကြုံတွေ့ရတတ်သည်။ ကွဲကွာနေသော ချစ်သူ၊ ငယ်ရည်းစားနှင့် ပြန်တွေ့ခြင်း၊ အိမ်ထောင်ဖက်မှ သံသယဖြင့် စွပ်စွဲခြင်း ခံရမည်။ လူမှုရေး၊ ပရဟိတလုပ်ငန်းများဖြင့် အချိန်ကုန်တတ်သည်။ စက်ပစ္စည်းပျက်/ထွက်ကိန်းရှိသည်။ မည်သည့်ကိစ္စမဆို တနင်္လာနှင့် ဗုဒ္ဓဟူးနေ့တွင် စတင် ဆောင်ရွက်ပါ။ အင်္ဂါနှင့် သောကြာနေ့ကို ရှောင်ပါ။ ထီဝါသနာပါက (၁၂၄၈)ပါသောထီကို ရွေးထိုးပါ။

**ကောင်းကျိုးပြု ယတြာ** - ရာဟုထောင့်တွင် ရေသက်စေ့ သပ္ပာယ်ပါ။ ဆင်ရုပ်၊ ဂြိုဟ်တိုင်ကို ရေလောင်းပါ။ ယပ်ဖြူ(၁၂)လက် လှူပေးပါ။ လောကဝိဒူဂုဏ်တော်ကို ပုတီးစိပ်ပါ။

…………………………………………………………………

## ကြာသပတေးနံအကျွရာ

**(ပ၊ ဖ၊ ဗ၊ ဘ၊ မ) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလတွင် ပညာရေး၊ ဘာသာရေးဆိုင်ရာ လုပ်ငန်းကိစ္စများ ပါဝင်ဆောင်ရွက်ရမည်။ လုပ်ငန်းနေရာဌာနပြောင်းရွှေ့ရမည်။ အိုးအိမ်အဆောက်အအုံ ပြုပြင်မွမ်းမံရမည်။ လုပ်ငန်းနှစ်မျိုးပြုလုပ်ရခြင်း၊ တာဝန်နှစ်ခုယူနေရခြင်း ကြုံမည်။ ပြည်တွင်းပြည်ပ ခရီးသွားလာရမည်။ ကွဲကွာနေသော ဆွေမျိုးသားချင်းနှင့် ပြန်လည်ဆုံတွေ့ရမည်။ ထွက်ပြီး ရွှေငွေရတနာများ ပြန်ဝင်ကိန်းရှိသည်။ အိမ်ခြံမြေအရောင်းအဝယ်ကိစ္စ အဆင်ပြေမည်။ နေအိမ်သို့ ဘုရား၊ ရဟန္တာ၊ ရဟန်း၊ သံဃာ ပုံတော်၊ ရုပ်ပွားတော်များ ကြွလာပါက အောင်ဘာလေထီ ထိုးပါ။ လူငယ် လူလွတ်များ ချစ်သူ အိမ်ထောင်ဖက် တွေ့မည်။ တရားဝင် လက်ထက်မင်္ဂလာပြုလျှင် ကောင်းသည်။ အစာမကြေ လေရောဂါခံစားရတတ်သည်။ ထီဝါသနာပါက ၂အစ ၈အဆုံး၊ ၈အစ ၂အဆုံးကို ရွေးထိုးပါ။

**ကောင်းကျိုးပြုယတြာ** - ရေလိုသော နေရာများသို့ ရေသန့်ဘူး၊ ရေအလှူ ပြုလုပ်ပေးပါ။ ရေသတ္တဝါကို အစာကျွေးပါ။

…………………………………………………………………

## သောကြာနံအကျွရာ

**(သ၊ ဟ) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလတွင် မိမိဆောင်ရွက်နေကျလုပ်ငန်း ပုံမှန်ဆောင်ရွက်ပါ။ တစ်ယူသန် တစ်ဇွတ်ထိုး ဆုံးဖြတ်လုပ်ကိုင်ခြင်း မပြုလုပ်သင့်ပေ။ မည်သည့်ကိစ္စမဆို မိဘဆရာသမားထံမှ အကူအညီ အကြံဉာဏ်ယူ၍ ဆောင်ရွက်ပါ။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ဆက်နွယ်သော အလုပ်၊ မင်းစိုးရာဇာနှင့် ဆက်နွယ်သောအလုပ် ပြုလုပ်ရမည်။ စာရွက်စာတမ်း၊ စာချုပ်၊ စပ်တူကိစ္စ သတိထား ပြုလုပ်ပါ။ အခက်အခဲကြုံရပါမူ ကူညီသူ တွေ့မည်။ မိမိကိုယ်တိုင် (သို့မဟုတ်) မိသားစုဝင်တစ်ဦး၏ လူမှုရေးကိစ္စ ဖြေရှင်းရတတ်သည်။ လောင်းကစား၊ အရက်၊ အပျော်အပါးရှောင်ပါ။ မည်သည့်ကိစ္စမဆို အင်္ဂါ၊ သောကြာနေ့ကို ရှောင်၍ ပြုလုပ်ပါ။ အင်္ဂါ+သောကြာ နေ့နံအတွဲများ ညံ့နေသည်။

**ကောင်းကျိုးပြုယတြာ** - မိဘမဲ့ ကလေး၊ ဆင်းရဲနွမ်းပါးများအား စာအုပ်၊ စာရေးကိရိယာ၊ အာဟာရ ဒါနပြုပေးပါ။ မေတ္တာသုတ်၊ ပဋ္ဌာန်းကို အဓိဋ္ဌာန်ဖြင့် ရွတ်ဆိုပါ။

…………………………………………………………………

## စနေနံအကျွရာ

**(တ၊ ထ၊ ဒ၊ ဓ၊ န၊ ဋ) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလတွင် ထီ၊ ထီး၊ နာရီ၊ ဖိနပ်၊ အဝတ်အထည် အရောင်းအဝယ် အဆင်ပြေမည်။ တိုက်ခန်းအရောင်းအဝယ်ဖြစ်မည်။ ပြည်တွင်းပြည်ပခရီးဝေး သွားလာရမည်။ လုပ်ငန်းသစ် တိုးချဲ့လုပ်ကိုင်ရမည်။ သားသမီး ပညာရေး သင်တန်းအတွက် ငွေကုန်ကျမည်။ အိမ်ထောင်ဖက် ကျန်းမာရေးညံ့မည်။ မိမိအိမ်ရှေ့ ခေါင်းရင်းတွင် အလှူမင်္ဂလာကိစ္စဖြစ်ပါက ကောင်းသော နိမိတ်ဖြစ်သည်။ အောင်ဘာလေထီ ထိုးပါ။ အသွားအလာ၊ အပြောအဆို ဆင်ခြင်ပါ။ စေတနာသည် ဝေဒနာဖြစ်တတ်သည်။ အကြီးအကဲ၊ ဆရာသမားထံမှ အကူအညီရမည်။ ငယ်ရွယ်သူများ ကွဲကွာနေသော ချစ်သူနှင့် ပြန်ဆုံတွေ့ရမည်။ ထီဝါသနာပါက (၂၄၈)ပါသော ဂဏန်းကို ရွေးထိုးပါ။

**ကောင်းကျိုးပြုယတြာ** - မွေးနံထောင့်တွင် ရွက်လှ (၁၇)ညွှန့် လှူပါ။ ရွှေပန်း၊ ငွေပန်းများ ဝေဆာနေအောင် ဘုရားကပ်လှူပေးပါ။ ရွှေတိဂုံ၊ ကျိုက်ထီးရိုးစေတီတော်များကို အာရုံပြု၍ နေ့စဉ် ရေလှူပါ။

*****




www.burmeseclassic.com

www.burmeseclassic.com

# ရွှေချ ရုပ်တု အဆောင်ပြုကြ

■ မောင်တင်ကြွယ် (ပြည်) ■



သည်တစ်ခေါက် အင်္ဂါနေ့က ဥပုသ်နေ့နှင့် တိုက်ဆိုင်နေသည်မို့ ဘုရားပေါ်၌ ကြာကြာနေ၍မဖြစ်။ ကျွန်တော်က ဆရာတော်ကျောင်းသွားပြီး သီလယူရဦးမည်။

ခါတိုင်းက ရွှေဆံတော်ဘုရားကို ရောက်လျှင် အရှေ့ဘက် စောင်းတန်းထိပ်ရှိ အာရုံခံ တန်ဆောင်းကို ဝင်၊ စေတီတော်ကြီးကို အာရုံယူ ဝတ်ဖြည့်ရှိခိုး၊ ပန်း၊ ဆီမီးလှူ သီလခံယူခြင်း အရင်ပြုသည်။

နောက် အင်္ဂါထောင့်သို့ သွား၍ အင်္ဂါနေ့ဖွား ဘုရားလေးဆူကို ရည်စူးလျက် "ဒီပင်္ကရော၊ ပဒုမောစ" အစချီကာ ဘုရားလေးဆူ ဂါထာဖြင့် လေးခေါက်ရွတ်ဆို ဝတ်ဖြည့်ရှိခိုးခြင်းအမှုကို ပြုသည်။ ပြီးတော့ အဓိဋ္ဌာန်ပုတီးစိပ်ခြင်းအမှု၊ ဘုရားရေသပ္ပာယ်ခြင်းအမှု၊ အမျှအတန်းပေးဝေခြင်းအမှုတို့ ပြုရသည်။ ဘုရားကိစ္စ၊ ပုတီးကိစ္စပြီးလျှင်တော့ တန်းမပြန်ဖြစ်သေးဘဲ ရင်ပြင်တော်တစ်နေရာရာသို့ သွား၍ ဆရာတပည့် ထိုင်ရင်း စကားစမြည်ပြောကြသည်။

များသောအားဖြင့် ဇနာရီ၊ ဇနာရီကျော်မှ ဘုရားရင်ပြင်တော်မှ ဆင်းကြမြဲ။ သည်နေ့တော့ ရှစ်နာရီခွဲရုံမျှနှင့်ပင် ရင်ပြင်တော်ပေါ်မှ ဓာတ်လှေကားဖြင့် ဆင်းခဲ့ကြသည်။ အောက်ရောက်တော့ မြောက်ဘက် စောင်းတန်းဦးရှိ ပန်းပုဆိုင်သို့ ဝင်ရသေးသည်။ သည်ပန်းပုဆိုင်လေးက ကျွန်တော့်ဖောက်သည်ဆိုင်။ သည်ဆိုင်ကို ကျွန်တော် စိတ်တိုင်းကျသည်။

သည်ဆိုင်လေးက လက်ရာကောင်းသည်။ ပစ္စည်းအသားမှန်သည်။ ရက်ချိန်းလည်း တိကျသည်။ အဆောင်ပစ္စည်းထုလုပ်ရာ၌ အသားမှန်ဖို့ အရေးကြီးသည်။ အသားမမှန်က ထိရောက်မှု မရှိ၊ အစွမ်းသိဒ္ဓိ မပြည့်ဝ။ တချို့သော



www.burmeseclassic.com

www.burmeseclassic.com

အသားက ဆောင်သူ ကာယကံရှင်ကိုပင် ထိခိုက်စေ၊ အကျိုးယုတ်စေသည်။

သို့ကြောင့်လည်း ကျွန်တော်က ပန်းပုဆိုင်တိုင်းနီးပါး စိတ်မချ။ မယုံရဲ။ ဘာအသားနဲ့ ဘာအရုပ်တုပေးပါဟု မျက်နှာလွှဲ ခဲပစ် ကျွန်တော်အပ်လေ့မရှိ။ ကိုယ်တိုင် စိတ်ကြိုက်အသားရှာဖွေပြီး အမှတ်အသား သင်္ကေတပြုလုပ်ပြီး အပ်သည်။ သည်လို အမှတ်အသားနှင့် အပ်တတ်သူကိုပင် တချို့ ပန်းပုဆိုင်က အပ်သည့်အသားပျောက်၍ လွယ်သည့် အသားနှင့် အစားထိုးလုပ်ပြီး ငြင်းချင်သည်။

ယခု သည်ပန်းပုဆိုင်လေးကတော့ ရိုးရိုးသားသား။ အပ်သည့်အသား ပျောက်နေသည့်အခါ၊ ကွဲအက်ပျက်သွားသည့်အခါ အမှန်အတိုင်းပြောပြ၍ အသားထပ်တောင်းပြီး ထုပေးသည်။ ပြီးပြီးရော ကြံရှင်းမလုပ်။ ကျွန်တော်အပ်သည့် အသားကို အောက်ခြေပိုင်း အနည်းငယ်ချန်ထားပြီး ပြတတ်သဖြင့် သံသယမဖြစ်။ အပ်သည့်ပိုင်ရှင် ကြည့်ရှုပြီး စိတ်တိုင်းကျမှ ပိုသည့်အပိုင်း၊ မလိုသည့် အပိုင်းကို ရေမှာပင် ဖြတ်၍ပေးသည်။

ပန်းပုဆိုင်မှ အပြန်လမ်းတွင် မောင်စိုးမြင့်က မေးသည်။

"ဘာအရုပ်တွေလဲ ဆရာ"

"ပူးရုပ်လေးတွေလေ မောင်စိုးမြင့်ရဲ့"

"ဟုတ်ကဲ့ ဆရာ၊ ဒါနဲ့ အရုပ်က ငါးခုတောင်ပဲနော်"

"အေးကွ၊ ဒါက တနင်္လာသားသမီးအတွက် အဆောင်ပါ။ တနင်္လာသားသမီးကို ကသစ်သားနဲ့ ပူးရုပ် လက်တစ်ဆစ်စာလောက် ထုပြီး ရွှေချဆောင်လို့ ကိုယ်က ပြောလိုက်တာ၊ အဲဒီအခါ ကိုယ့်ပရိသတ်က ကသစ်ပင် မမြင်ဖူးဘူး၊ ကသစ်သား ရှာမရဘူးဆိုတာတွေ ကြုံရတယ်။ ကသစ်ပင်ဆိုတာကလည်း စိုက်ခဲတယ်။ များသောအားဖြင့် တောရွာတွေမှာမှ ရတယ်။ ဒါကြောင့် ကြုံတုန်းလေး ငါးရုပ်ထုခိုင်းထားရတယ်။

အဲသလိုပဲကွ၊ ကျန်တဲ့ နေ့သားသမီးတွေအတွက်လည်း အသားရရင် ရသလို အနည်းဆုံး ငါးရုပ်စီထုပြီး သိမ်းထားရတယ်။ ဒါမှ ဘယ်နေ့သား ဘာအသားနဲ့ ဘာအရုပ်ထုပြီး ဆောင်ရမယ်လို့ ကိုယ်က ပြောပြီး၊ သူတို့ မသိ, မရှာတတ်လို့ ဆရာပဲ စီရင်ပေးပါဆိုရင် အလွယ်တကူရတာပေါ့ကွာ"

"ဒီအဆောင်အရုပ်လေးတွေ ဆောင်ခြင်းကြောင့် ရနိုင်တဲ့ အကျိုးကို ရှင်းပြပေးပါဦး ဆရာ"

"ဒီလိုရှိပါတယ် မောင်စိုးမြင့်။ ဘယ်နေ့သားသမီးမဆို သူ့ရဲ့ မွေးနံကို အရင်းပြု၊ မွေးနံက စလို့ ငါးခုမြောက်နံကို အဖျားပြု၊ နှစ်နံတွဲအသားကို ရှာ၊ ပြီးတော့ မွေးနံရဲ့ ငါးခုမြောက်နံအရုပ်ကို လက်တစ်ဆစ်လောက် အရုပ်ထု၊ ရွှေချ၊ သတ်မှတ်ထားတဲ့ ဂါထာနဲ့ အခေါက်တစ်ထောင် ဂါထာစုတ်ပြီး ဆောင်ရတယ်။ အဲဒီလို စီရင်ပြီး ဆောင်ထားရင် လူချစ်လူခင် ပေါများခြင်း၊ စီးပွားချမ်းသာ တိုးတက်ခြင်း၊ လာဘ်ဝင် ငွေရွှင်ခြင်း၊ အရောင်းအဝယ်ကောင်းမွန်ခြင်း၊ ရန်အပေါင်းတို့ကို အောင်မြင်ခြင်း စတဲ့ အကျိုးတွေကို ရနိုင်ပါတယ်"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော့်ကို ဘယ်နေ့သားသမီး ဘာအရုပ်ထုရမယ်ဆိုတာလေး အလွယ်ရှင်းပြပေးပါဦး"

"ဆရာပြောတာကို ခုနစ်နေ့သားသမီးအားလုံး သိရှိပြီး ကိုယ်တိုင် စီရင်နိုင်အောင် ဒီလို မှတ်သားလိုက်ပါ"

**ခုနစ်နေ့သားသမီးများအတွက် ထု၍ ဆောင်ရမည့် အသားနှင့် အရုပ်**

| | |
|---|---|
| (၁) တနင်္လာသားသမီး | - ကသစ်သား၊ ပူးရုပ်။ |
| (၂) အင်္ဂါသားသမီး | - စွယ်တော်သား၊ နဂါးရုပ်။ |
| (၃) ဗုဒ္ဓဟူးသားသမီး | - ဝင်အူသား၊ ဂဠုန်ရုပ်။ |
| (၄) ကြာသပတေးသားသမီး | - မင်းဂွတ်သား၊ ဂဠုန်ရုပ်။ |
| (၅) သောကြာသားသမီး | - သစ်ဆိမ့်သား၊ ခြင်္သေ့ရုပ်။ |
| (၆) စနေသားသမီး | - ဒူးရင်း၊ ဒန့်သလွန်သား၊ ဆင်ရုပ်။ |
| (၇) တနင်္ဂနွေသားသမီး | - အောင်မဲဖြူသား၊ ကြွက်ရုပ်။ |

**ရွတ်ဆိုရမည့် ဂါထာ**

ဥုံ ပထဝီ ဗလသုန္ဒရီ၊
သဗ္ဗည ဗောဓိမဏ္ဍလံ။
အသဒ္ဓိယံ့ မာရသေနံ၊
ဇယော ဇယတု မင်္ဂလံ။

မောင်စိုးမြင့်က ဒီနေ့ ဘုရားမှအပြန် ကျွန်တော့်ထံမှ ပညာတစ်ခု အမှတ်မထင်ရသွားသဖြင့် ပျော်ရွှင်သွားပုံရသည်။ ကျွန်တော့်နောက် ဆက်မလိုက်ဘဲ သူ့အိမ်မှာပဲ နေရစ်သည်။ ကျွန်တော်ကလည်း ကိုယ့်အိမ်ပင် ကိုယ် မဝင်နိုင်တော့၊ ဘုန်းကြီးကျောင်းသို့သာ တန်းသွားမိတော့သည်■

စေတနာမှန်လျှင် ကံကောင်းမည်...

* * *

မောင်တင်ကြွယ်(မြည်)



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်စိုးမိုးနိုင်

# ဘဝပဉှာ အဖြေရှာကဏ္ဍ

**ဒေါ်မာမာဦး**
**ရုံးအမှတ် (၅၄)၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်။**

**မေး ။** ဘဝအောင်မြင်ရေးကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။

**ဖြေ ။** ဒေါ်မာမာဦးသည် ဂဏန်းဗေဒင်ပညာရပ်အရ (၁)ဂဏန်းသမားဖြစ်သည်။ တရုတ်ဝေဒဗေဒင်ပညာရပ်အရ ကြွက်(သတ္တု)နှစ်ဖွား ဇာတာရှင်ဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ ဓနုရာသီဖွား(Sagittarius) ဖြစ်ခြင်းကြောင့် ပင်ကိုယ်စိတ်ရင်း အထူးပင် ဖြောင့်စင်း၏။ လွယ်လွယ်ကူကူ စိတ်ဆိုးတတ်သူမျိုး မဟုတ်ပေ။ သို့သော် စိတ်ဆိုးမိလျှင်လည်း စိတ်ပြေရန် ခဲယဉ်း၏။ ဦးဆောင်နိုင်သော အရည်အချင်း၊ ခေါင်းဆောင်နိုင်သော အရည်အချင်းရှိ၏။ အများအကျိုး ရွက်သယ်ပိုးရခြင်းကို အထူးဝါသနာပါ၏။ အတွဲထက် ပရကို ပိုမိုဆောင်ရွက်၏။ မိသားစု၊ ဆွေမျိုး၊ သားသမီးအားလုံးတို့အပေါ်၌ အထူးပင် တာဝန်ကျေပွန်၏။

ဘာသာတရားကို နှစ်နှစ်ကာကာ ယုံကြည်သက်ဝင်သူလည်း ဖြစ်သည်။ ဖြူစင်သန့်ရှင်းသော၊ ဂုဏ်ပကာသန မဖက်သော အလှူဒါနများကို မကြာခဏ ပြုလုပ်တတ်သူလည်း ဖြစ်၏။ ဒေါ်မာမာဦး၏ ဘဝမှာ လိုရာဆန္ဒမှန်သမျှ ပြည့်ဝပြီး အောင်မြင်မှုကို တည်ဆောက်နိုင်ရန်…

* မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှု အပြည့်ထားပါ။ အောင်မြင် ပျော်ရွှင်သူအားလုံးသည် မိမိကိုယ်မိမိ ယုံကြည်မှု အပြည့်ရှိကြသည်။

* ဘဝခရီးအတွက် ဟိုဟာလုပ်ရနိုး၊ ဒီဟာလုပ်ရနိုးနဲ့ နိုးပေါင်းများစွာဖြင့် ဆုံးဖြတ်ချက် ဝေဝါး မပြတ်မသားဖြစ်ခြင်းသည် အောင်မြင်မှုနှင့် အလှမ်းဝေးရတတ်သည်။

* အောင်မြင်လိုသူ၏ စတိုင်လ်သွင်ပြင်သည်လည်း အောင်မြင်မှု၏ အခြေခံ အုတ်မြစ်တစ်ခုပင်ဖြစ်သည်။ ယဉ်ကျေးသော၊ သိမ်မွေ့သော၊ ခန့်ညားသော၊ ရင့်ကျက်သော စတိုင်လ်များဖြင့် အောင်မြင်မှုလမ်းပေါ်သို့ လျှောက်လှမ်းပါ။

* ယဉ်ယဉ်ကျေးကျေးဖြင့် မိမိလိုရာကို အရပြောတတ်ခြင်းသည်လည်း အောင်မြင်မှု၏ သော့ချက်တစ်ခုပင်ဖြစ်သည်။ စကားပြောခြင်း အတတ်ပညာသည် အခြား အခြားသော အတတ်ပညာများကဲ့သို့ပင် အတွေ့အကြုံနှင့် အလေ့အကျင့်ရှိလျှင် ပိုမိုတိုးတက် ကောင်းမွန်လာပေလိမ့်မည်။

* အောင်မြင်မှု ရစေရန် စေ့စပ်သေချာ တိကျစွာဖြင့် လုပ်ငန်းနယ်ပယ်မှ သဘောတရားကို လေ့လာပါ။

* ဘာသာတရားသည် စိတ်ကို အေးချမ်းမှု ပေး၏။ အောင်မြင်မှုကို လိုလားသူ ဒေါ်မာမာဦးအနေဖြင့် ဘာသာရေး အဓိဋ္ဌာန်တစ်ခုကို ပြုလုပ်သင့်သည်။

* စနေနေ့နံနက်တိုင်း စောစောထ၊ အိမ်ရှိ ဘုရား



www.burmeseclassic.com

www.burmeseclassic.com

မှာ သစ်သီးသုံးမျိုး၊ ပန်းသုံးပွင့်၊ ရေချမ်းသုံးခွက်နှင့် အမွှေးနံ့သာများ ကပ်လှူ ပူဇော်ပြီး သီလဆောင့်တည်ပါ။ ပြီးလျှင် ဘုရားငါးဆူ အန္တရာယ်ကင်း ဂါထာတော်ကို အဓိဋ္ဌာန်ပြု ပုတီးစိပ်ပါ။

**ဘုရားငါးဆူ အန္တရာယ်ကင်းဂါထာတော်**

ကကုသန္ဓော ကောဏာဂမနော၊
ကဿပေါ ဂေါတမော မုနိ၊
မေတ္တယျော ပဉ္စဗုဒ္ဓါ တေ၊ သီသေ မေ သေန္တု သဗ္ဗဒါ။
တေသံ၊ အာနုဘာဝနေ၊ ယက္ခာဒေဝါ မဟိဒ္ဓိကာ။
သဗ္ဗေပိ သုခိတာ ဟောန္တု၊ မမ မိတ္တာ သဟာယကာ။

**ကကုသန္ဓော** - ကကုသန်မြတ်စွာဘုရားသည် လည်းကောင်း၊ **ကောဏာဂမနော** - ကောဏာဂုံ မြတ်စွာဘုရားသည် လည်းကောင်း၊ **ကဿပေါ** - ကဿပမြတ်စွာဘုရားသည် လည်းကောင်း၊ **ဂေါတမော** - ဂေါတမအမည်ရှိသော ဂေါတမမြတ်စွာဘုရားသည် လည်းကောင်း၊ **မေတ္တယျော**-မေတ္တေယျ မြတ်စွာဘုရားသည် လည်းကောင်း၊ **ပဉ္စ**-ငါးဆူကုန်သော၊ **တေဗုဒ္ဓါ** - ထိုမြတ်စွာဘုရားသခင်တို့သည်၊ **မေ** - အကျွန်ုပ်၏၊ **သီသေ** - ဦးခေါင်းရတနာ မြတ်အင်္ဂါထက်၌၊ **သဗ္ဗဒါ** - အခါခပ်သိမ်း၊ **သေန္တု** - ကိန်းအောင်း မွေ့လျော် တည်နေတော်မူနိုင်ကြပါစေကုန်သတည်း။

**တေသံ** - ထိုဘုရားငါးဆူတို့၏၊ **အာနုဘာဝနေ**-တန်ခိုးတော်၊ မေတ္တာတော်၊ အာနုဘော်တော်အားဖြင့်၊ **မဟိဒ္ဓိကာ** - ကြီးသော တန်ခိုးရှိကြပေကုန်သော၊ **သဗ္ဗေပိ** - အလုံးစုံလည်း ဖြစ်ကုန်သော၊ **ယက္ခာ** - ဘီလူးတို့သည် လည်းကောင်း၊ **ဒေဝါ** - နတ်အပေါင်းတို့သည် လည်းကောင်း၊ **သုခိတာ** - ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်၊ **ဟောန္တု** - ဖြစ်ကြပါစေကုန်သတည်း။

**မမ** - အကျွန်ုပ်၏၊ **မိတ္တာ** - အဆွေအမျိုးတို့သည် လည်းကောင်း၊ **သဟာယကာ** - အဖော်သဟဲတို့သည် လည်းကောင်း၊ **ဟောန္တု** - ဖြစ်ကြပါစေကုန်သတည်း။

ထို ဘုရားငါးဆူ အန္တရာယ်ကင်း ဂါထာတော်ကို ရွတ်ဆို ပူဇော်ပြီး နတ်ကောင်း နတ်မြတ်များကို မေတ္တာပို့ အမျှဝေပါ။

ထိုသို့ ဘာသာရေးဆိုင်ရာ အဓိဋ္ဌာန်ကို စနေနေ့တိုင်း ယုံကြည်သဒ္ဓါ ထက်သန်စွာ ပြုလုပ်ပေးပါက လိုလားတောင့်တသော ရာထူးတိုးမြှင့်ခြင်း၊ ရာထူး နေရာကောင်းသို့ ပြောင်းရွှေ့ခြင်း၊ လုပ်ငန်းခွင်မှာ အောင်မြင်ကျော်ကြားခြင်းစသော အကျိုးများ ရရှိလာပေလိမ့်မည်။ ထို့အပြင် ဘေးအန္တရာယ်ကင်းလျှင် လူချစ်လူခင် ပေါများပေလိမ့်မည်။

**မွန်မွန်**
**ကျောက်ဆည်၊ မန္တလေးတိုင်း။**

**မေး။** ။ အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။

**ဖြေ။** ။ မွန်မွန်သည် ဂဏန်းဗေဒင်ပညာရပ်အရ (၃) ဂဏန်းသမားဖြစ်သည်။ တရုတ်ဝေဒ ဗေဒင်ပညာရပ်အရ ဝက်(ရေ)နှစ်ဖွား ဇာတာရှင်ဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ မေထုန်ရာသီဖွား(Gemini) ဖြစ်ခြင်းကြောင့် ပေးဆပ်ခြင်းသက်သက်ဖြင့် ချစ်တတ်သူမျိုးဖြစ်၏။ လိမ်လည်လှည့်ဖျားခြင်း မရှိဘဲ ဖြူစင်ရိုးသား၏။ ကြင်နာ သနားတတ်ပြီး နားလည်မှု ပြည့်ဝသူတစ်ဦးလည်း ဖြစ်ပေသည်။ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ နေထိုင်တတ်ပြီး လူ့အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်တတ်၏။

ချစ်သူသည် (၅)ဂဏန်းသမား၊ ယုန်နှစ်(မီး) နှစ်ဖွားဇာတာရှင်ဖြစ်သည်။ ကုမ်ရာသီဖွား(Aquarius) ဖြစ်သောကြောင့် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်သည်။ ပျော်ရွှင်ချမ်းမြေ့မှုကို ကိုယ်တိုင် ဖန်တီးယူတတ်၏။ မိမိနေထိုင်ရာ ပတ်ဝန်းကျင်ကို သန့်ရှင်းသပ်ရပ်သော စတိုင်အသွင်အပြင်ဖြင့် ဖန်တီးထားတတ်၏။ နောက်ဆုံးပေါ် ဇိမ်ခံပစ္စည်းနှင့် ခေတ်မီ အိုင်တီပစ္စည်းများကို သဘောကျ နှစ်ခြိုက်တတ်သူမျိုးလည်း ဖြစ်၏။

တရုတ်ဂမ္ဘီရဝေဒ ပညာရပ်အရ အချစ်ပုစ္ဆာကို အဖြေထုတ်ရပါလျှင် ရာနှုန်းပြည့် အောင်မြင်သော အချစ်အိမ်ကလေးကို တည်ဆောက်နိုင်ပါလိမ့်မည် ■

* * *

တက္ကသိုလ်စိုးမိုးနိုင်



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏လက်ဆောင်မွန်
# ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

ဘဝရဲ့အောင်မြင်မှုမှာ အရေးအကြီးဆုံးက ဒဿနနဲ့ မှန်ကန်တဲ့ အသိတရားရှိဖို့လိုပါတယ်။ ရေလိုက်လွဲရင် အောင်မြင်မှုနဲ့ ဝေးလိမ့်မယ်။ တစ်ခါတစ်ခါ ယောင်ဝါးဝါးနဲ့လျှောက်နေရင်း ဘဝခရီးထဲမှာ မောပန်းလမ်းပျောက်နေမှုတွေ ရှိတတ်ပါတယ်။

ဒါ့ကြောင့် . . . ဒဿနိကဗေဒ၊စိတ်ပညာပိုင်းဆိုင်ရာ၊နက္ခတ္တဗေဒအမြင်၊ဂဏန်းဗေဒင်ပညာ၊ တိုင်းရင်းဆေးပညာအမြင် ရှုထောင့်စုံမှ သင့်ဘဝအောင်မြင်ရေးအတွက် ဆရာနိုင်သမျှ သင့်ကိုကူညီမှာပါ။

အောက်ဖော်ပြပါ အချက်အလက်များထဲမှ သင်နှစ်သက်ရာတစ်ခုကိုသာ မေးခွင့်ရှိပါသည်။

- **A** = ဒီနှစ်ထဲမှာ ကံကောင်းမလား။
- **B** = ကံကောင်းခြင်းရဲ့လက်ဆောင်၊ ယတြာတစ်ခု လိုချင်ပါသည်။
- **C** = ကျန်းမာရေးဓာတ်စာကို ပေးပါ။(ခံစားနေရမှု ဝေဒနာကို ဖော်ပြရန်လိုသည်။)
- **D** = ကျန်းမာရေးကောင်းစေရန် ယတြာကိုပေးပါ။
- **E** = အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။ (ချစ်သူ၏ မွေးနေ့၊ရက်၊လ၊ ခုနှစ်၊ မွေးဒေသနှင့် လူမျိုးတို့ကို ဖော်ပြရန်လိုပါသည်။)
- **F** = ဘဝအောင်မြင်ရေး ကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။(အမည်၊ မွေးနေ့၊ရက်၊လ၊ခုနှစ်၊အချိန်၊ မွေးဒေသ၊ အရပ်အမြင့်၊ ကိုယ်အလေးချိန်၊ ပညာအရည်အချင်းတို့ကို ဖော်ပြရန် လိုပါသည်။
- **G** = အပ်စပ်သော အဓိဋ္ဌာန်တစ်ရပ်ကို သိလိုပါသည်။

## ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမည် : : ____________________

မွေးခုနှစ်၊လ၊ရက် : : ____________________

နေရပ်လိပ်စာ : : ____________________

____________________

____________________

မိမိမေးလိုသည့် : : ____________________

မေးခွန်းအကြောင်းအရာ ____________________

သင်သိလိုသောမေးခွန်းတစ်ခု၏အက္ခရာကိုအမှန်(✓)ခြစ်၍ ဖော်ပြပါ။

A ( ) B ( ) C ( ) D ( ) E ( ) F ( ) G ( )

✂ ------------------------------------------------------------

ဤပုံစံတွင်ဖြည့်စွက်၍ဖြတ်ပြီးလျှင်အောက်ပါလိပ်စာသို့ပို့လိုက်ပါလေ၊ (သို့မဟုတ်)
ဤပုံစံအတိုင်းမိမိလက်ရေးဖြင့်လည်းပေးပို့လို့ရပါတယ်၊

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း
ဘဝပုစ္ဆာအဖြေရှာကဏ္ဍ
အမှတ်-၁၇၉(ဒုတိယထပ်/ဝဲ)၊၃၁-လမ်း(အထက်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း - ၃၇၄၄၈၅




www.burmeseclassic.com

www.burmeseclassic.com

# သတင်းပုံရိပ်များ

မောင်ဝေအေး




လယ်တီဆရာတော်ဘုရားကြီးနှင့် ဆက်စပ် ပတ်သက်သော လက်ပံတောင်းတောင်ကြား တောရစကြံကျောင်း နေရာနှင့် ၎င်းအပေါ်ရှိ စေတီနှင့် သိမ်ကျောင်းများမှာ သတ္တုသိုက်တည်ရှိရာ အဓိက နေရာဖြစ်ခြင်းကြောင့် ဦးပိုင်နှင့် ဝမ်ပေါင်ကုမ္ပဏီတို့က အပြီးတိုင် ဖယ်ရှားပြောင်းရွှေ့တော့မည်ဖြစ်ပေသည်။ နယ်မြေခံ တောင်သူများကလည်း အလျှော်မပေး၊ ကန့်ကွက်သူတွေက ကန့်ကွက်နေကြဆဲ၊ အခုတော့ တကယ်ပင် ဖယ်ရှားပြောင်းရွှေ့ဖို့ ဖြစ်လာသည်။

လယ်တီဆရာတော်ဘုရားကြီးမှာ သက္ကရာဇ် ၁၂၆၅ ခုနှစ်၊ ဝါဆိုလဌ် ၃၈ကြိမ်မြောက် ဝါတော်ကို လက်ပံတောင်းစကြံကျောင်း၌ ဝါကပ်တော်မူခဲ့၏။ လက်ပံတောင်းတောင်တွင် သီတင်းသုံးရင်း စတုသစ္စ ဒီပနီကျမ်း၊ ကမ္မဋ္ဌာန ဒီပနီကျမ်းများကို လယ်တီဆရာတော်ကြီးမှ ရေးသားပြုစုတော်မူပြီးစီးခဲ့သည်။

ယခုအခါ လယ်တီဆရာတော်ကြီးနှင့် ပတ်သက်ရာ သာသနာသမိုင်းအထောက်အထား အဆောက်အအုံတို့မှာ မူလတည်ရှိရာ နေရာမှ ကြေးနီသတ္တုပိုက်နှင့် မလွတ်ကင်းမှုကြောင့် ပြောင်းရွှေ့ခံရတော့မည် ဖြစ်သည်။

သာသနာသမိုင်းဝင် လယ်တီ ဆရာတော်နှင့် သာသနာအဆောက်အအုံကို မရွှေ့ပြောင်း၊ မဖျက်ဆီးခင် နောက်ဆုံးမြင်တွေ့ ဖူးမြော်နိုင်ရန် ဖော်ပြပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## သစ်ပင်ပေါ်က မြတ်ဗုဒ္ဓပုံတော်


၂၀၁၄ ခုနှစ်၊ မတ်လ ၄ရက်နေ့ ည ၇နာရီခန့်လောက်က ဖြစ်မည်ထင်သည်။ ယုဇနဥယျာဉ်မြို့တော် အနောက်ဘက် ဝင်ပေါက်မှ နေပြီး ကားက ဝင်၏။ ၁၅လမ်းမရောက်ခင်ကပင် ကားက ဆက်သွားလို့ မရဘဲ လမ်းပိတ်သလိုဖြစ်နေ၏။

"သစ်ပင်မှာ ဘုရားပုံတော် ပေါ်နေလို့ လူတွေ လာဖူးကြတာလေ"

ဟု ကားမောင်းသူက ပြောလိုက်၏။ ကျွန်တော်ဆင်းရမည့် နေရာက ၅လမ်းထိပ်။ ချက်ချင်းဆိုသလို ကျွန်တော် ကားပေါ်မှ ဆင်းလိုက်ပြီး လူအုပ်ကြီးထဲသို့ ဝင်တိုးလိုက်သည်။

ဘုရားပုံတော် ပေါ်နေသော မလေးရှား ပိတောက်ပင်မှာ ၁၀နှစ်သက်တမ်းရှိနေပြီဖြစ်သည်။ ကွမ်းယာဆိုင်တစ်ဆိုင်လည်း ထိုသစ်ပင်အနီးတွင် ရှိ၏။ ဆိုက်ကားသမားတစ်ဦးက ကွမ်းယာဆိုင်ဘေးတွင် ညအိပ်စောင့်ရန်အတွက် ခုတင်တစ်လုံးထားဖို့ မလွတ်မလပ်ဖြစ်နေ၍ မလေးရှားပိတောက်ပင်၏ အောက်ခြေဘက် ပင်စည်ကို ဓားမဖြင့် ရှပ်ပြီး ခုတ်ထစ်လိုက်၏။

ထိုအခါ ထိုနေရာ ပင်စည်ပေါ်တွင် ဗုဒ္ဓရုပ်ပွားတော်ပေါ်နေကြောင်းကို ကွမ်းယာရောင်းသူ ဒေါ်မြမြစိန် ဆိုသူက ဦးစွာဖူးတွေ့ရပြီးနောက် သတင်းပြန့်သွားခဲ့ခြင်းဖြစ်သည်။



ရွှေရောင်အဆင်းရှိ ဗုဒ္ဓပုံတော်အား ကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့ခဲ့ရပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ဖြစ်ခဲ့ပါသည်။ စာဖတ်သူအပေါင်း ဖူးမြော် ကြည်ညိုနိုင်ရန်အတွက် ဝေမျှပေးလိုက်ပါသည် ■

* * *

မောင်ဝေအေး



www.burmeseclassic.com

www.burmeseclassic.com



အလှပြင် မှန်တင်ခုံက ကျွန်းသားများနှင့် ပြုလုပ်ထားပြီး မှန်က ဘဲဥပုံဖြစ်သည်။ ထိုမှန်ကို ဘောင်ကွပ်ထားသည်က တစ်ဖက်တစ်ချက်တွင် ဘီလူးရုပ်တစ်ကောင်စီဖြင့် ဖြစ်သည်။ ထို့နောက် မှန်တင်ခုံ၏ ရှေ့ခြေထောက်နှစ်ချောင်းကိုလည်း နဂါးနှစ်ကောင်ပုံလုပ်ထားသည်။ နောက်ခြေထောက်နှစ်ချောင်းကတော့ ရိုးရိုးပင်ဖြစ်သည်။ ရှေးဟောင်းလက်ရာ မဟုတ်ပေမယ့် လှပသေသပ်မှု ရှိပြီး၊ ဘီလူးရုပ်ရော နဂါးရုပ်ပါ အချိုးအစားညီ၍ အလှအပတစ်ခုအနေဖြင့်သာ ကြည့်လျှင် အလွန်ကောင်း၏။

ယခုတော့ ပန်းသွဲ့ရည်၏ ဘဝကို ချေဖျက်မည့် မှန်တင်ခုံဖြစ်နေသည်။ ဒါကလည်း ပန်းသွဲ့ရည်၏ အပြစ်နှင့် ဖြစ်လာအောင် ဖန်တီးမှုတော့ မဟုတ်ပါ။

◈◈◈

အဖေတစ်ခု၊ သမီးတစ်ခုဘဝလေးက မပြည့်စုံသော်လည်း သောကကင်းသည်။ လောဘကင်းသည်။ အဖေဦးမင်းသော်က ထူးမွန်ဆောက်လုပ်ရေးကုမ္ပဏီတွင် ဆိုက်တာဝန်ခံ၊ စတိုမှူး၊ သူဌေးကိုယ်စားလှယ်ဖြစ်သည်။ ထိုအလုပ်ကို ရခြင်းက ငယ်ဘဝ တစ်ရပ်ကွက်၊ တစ်လမ်းတည်း၊ တစ်ကျောင်းတည်းတွင် နေထိုင်တွေ့ဆုံ ခင်မင်လာခဲ့သော သန့်ထူးမောင် (ယခု သူဌေးအင်ဂျင်နီယာ၊ ထူးမွန်ကုမ္ပဏီပိုင်ရှ[illegible] နှင့် မမျှော်လင့်ဘဲ တွေ့ဆုံပြီး အလ[illegible] ပေး၍ ကြည့်ရှုခြင်းခံရခြင်းဖြစ်သည[illegible]

သန့်ထူးမောင်က ဦးမင်းသေ[illegible] ထက် ၉နှစ်မျှ ငယ်သည်။ ၅၁နှ[illegible] သည့် သန့်ထူးမောင်က အသက်[illegible] ပြည့်ပြီးသည့် ဦးမင်းသော်ကို အ[illegible] ကြီးလို သတ်မှတ်၍ လုပ်င[illegible] အမိက အပိုင်းများကို လုပ်ကိ[illegible] ဆိုးတိုင်ပင် ကောင်းတိုင်ပင် ထ[illegible] သည်။



www.burmeseclassic.com

www.burmeseclassic.com



စိုးယဉ်ထွန်း

# အလှမျက်လို့ အမုန်းမက.....

လုပ်ငန်းက တိုးတက်ပြီး ဆောက်လုပ်ရေးလောကတွင် ထူးမွန်ဆောက်လုပ်ရေးလုပ်ငန်းက အမည်သတင်းကြီးလာသည်။ ဒါတွေက ယခင် ဦးမင်းသော်နှင့် ဦးသန့်ထူးမောင်တို့၏ အပိုင်း။

ယခု ပန်းသွဲ့ရည်ကို ဦးမင်းသော်၏ သမီးမှန်း သိပြီးသည့်အချိန်မှ စပြီး အစစအရာရာ အားလုံးပြောင်းလဲသွားသည်။

◈◈◈

သန္တာသွင်က "သွင်ခန့်"စတိုးဆိုင်ပိုင်ရှင်။ ရန်ကုန်မြို့၏ အချက်အချာကျသည့် ဗဟန်းနယ်မြေမှာ ကြီးမား ခန့်ထည် ခေတ်မီသည့် တိုက်ကြီးနှင့် ပန်းမျိုးစုံ စိုက်ပျိုးထားသော ခြံဝန်းကျယ်ကြီး။ ခြံထဲတွင် နောက်ဆုံးပေါ် ကားနှစ်စီးက အမြဲရပ်ထားပြီး ဒေါ်သန္တာသွင်ဆိုသည့် အပျိုကြီး သူဌေးမက ရှိရင်စွဲအသက်ထက် ပို၍နုငယ် ကြွရွစွာနေထိုင်သည်။ မြို့ထဲတွင် သွင်ခန့် စတိုးဆိုင် ဖွင့်ထားသည်။ ဒါက အချိန်ပိုများကို ဖဲ့သုံးသည့်အနေနှင့် ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ဒေါ်သန္တာသွင်က သွင်ခန့်စတိုးဆိုင်ကို မှီ၍ စားသောက်နေသူတော့ မဟုတ်ပါ။ ဘိုးဘွားမိဘလက်ထက်ကတည်းက ချမ်းသာသူများဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ပန်းသွဲ့ရှည်က သွင်ခန့် စတိုးဆိုင်တွင် ကောင်တာထိုင်သူ။ ဦးသန့်ထူးမောင်နှင့် ဒေါ်သန္တာသွင်တို့က ဟိုးလွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် ရင်းနှီးခင်မင် ဆက်ဆံခဲ့သူများ ဖြစ်သဖြင့်···

"သွင်ရေ···လက်ဆောင်ပေးဖို့ လုပ်ပေးပါဦး"

"ကိုကိုထူးရေ··· ဘာလက်ဆောင်လဲ၊ ထိုင်ပါဦး"

"သူငယ်ချင်းရဲ့ မြေး၊ ကင်ပွန်းတပ်အတွက်ပါ"

"လုပ်ပေးမယ် ကိုကိုထူးရေ၊ ဟော့ - ညိုညို၊ လာစမ်း"

"ဟုတ်ကဲ့ မမကြီး"

"ရော့၊ ဒီစာရွက်ထဲကအတိုင်း လုပ်ပေး၊ ကြားလား"

"ဟုတ်ကဲ့ မမကြီး"

"ဒီနေ့က သွင်နဲ့ ပန်းသွဲ့က အလုပ်တစ်ခုရှိလို့ ဝင်လာတာနဲ့ ကိုထူးနဲ့ ကြုံတာ"

"ပိုအဆင်ပြေသွားတာပေါ့ သွင်ရယ်"



ဒေါ်သန္တာသွင်နားသို့ မိန်းမလှလေးတစ်ယောက်က လာ၍ရပ်သည်။ ဦးသန့်ထူးမောင်၏ မျက်လုံးအကြည့် လွှဲဖယ်လို့မရအောင် ဖြစ်သွားရသည်။ ပန်းသွဲ့ရှည်က ဒေါ်သန္တာသွင်၏ မျက်နှာကိုသာ ကြည့်နေ၍ ဦးသန့်ထူးမောင်၏ မျက်လုံးအကြည့်ကို မသိလိုက်ပေမယ့် ဒေါ်သန္တာသွင်က သိလိုက်ပြီး ပြုံးမိသွားသည်။

"ဪ···ပန်းသွဲ့ ဒါ ဦးသန့်ထူးမောင်တဲ့၊ ထူးမွန်ဆောက်လုပ်ရေးပိုင်ရှင်။ ကိုထူး··· သူက ပန်းသွဲ့ရှည်၊ သွင့်ဆီမှာ အကောင့်ပေါ့"

"အင်း···မှတ်မိပါတယ်နော်၊ စာရင်းကိုင်အောင်ပြီးသားလား"

"ဟုတ်ကဲ့ အန်ကယ်။ ပန်းသွဲ့က ဦးမင်းသော်ရဲ့ သမီးပါ"

"ဟင်···"

"ကိုထူးအသိထဲကလား"

ပန်းသွဲ့ရှည်က ဦးသန့်ထူးမောင်ကို လေးစားမှုတစ်ခုနှင့် အဖေ့အမည်ကို ပြောလိုက်ခြင်းဖြစ်သည်။ ဦးသန့်ထူးမောင်၏ မျက်လုံးများက အရောင်ယိုဖိတ်ပြီး တအံ့တသြဖြစ်သွားသည်။ ဒေါ်သန္တာသွင်ပင် တစ်ခါမှ မမြင်ဘူးသော အနေအထားဖြစ်သည်။

ဦးသန့်ထူးမောင်ကလည်း ဦးမင်းသော်နှင့် ဆွေမျိုးသားချင်းလို ရင်းနှီးပေမယ့် အိမ်ကို မရောက်ဘူးခြင်း၊ မိသားစုအရေး မစပ်စုမိခြင်းတို့ကြောင့် ယခုမှ သိရခြင်းကို နောက်ကျလွန်းသည်ဟု နှမြောတသဖြစ်သွားသည်။

အသက် ၅၁နှစ်ပြည့်မှ ရင်ခုန်ရသော ဦးသန့်ထူးမောင်။ ပန်းသွဲ့ရှည်ဆိုသည့် အလှပန်းတစ်ပွင့်က သူ့ရင်ထဲမှာ နေရာယူလိုက်သည်။

ထိုအချိန်မှစ၍ ဦးသန့်ထူးမောင်တစ်ယောက် ဦးမင်းသော်နှင့် သမီးဖြစ်သူ ပန်းသွဲ့ရှည် တို့၏ အိမ်ကလေးသို့ မကြာခဏရောက်ဖြစ်သည်။ လိုအပ်မှုများကို ပံ့ပိုးပြီး ဦးမင်းသော်ကို ရင်ဖွင့် ဆွေးနွေးလိုက်သည်။ ဦးမင်းသော်ကလည်း သမီးဖြစ်သူ ပန်းသွဲ့ရှည်ကို အသိပေးပြီး သဘောကို မေးမြန်း၏။ ဖခင်၏ ဖြစ်စေချင်သော ဆန္ဒကို သိသဖြင့် သမီးအလိမ္မာလေး ပန်းသွဲ့ရှည်က ဦးသန့်ထူးမောင်နှင့် လက်ထပ်ရေးကို ခေါင်းညိတ်လိုက်သည်။

◈◈◈

ဦးသန့်ထူးမောင် ပန်းသွဲ့ရှည်ကို ချစ်သည့်အချစ်က တာနောယကွလို အချစ်မျိုးလို့ ပြောရမည်။ ပို၍ သက်သေထူပြလိုက်သည်မှာ ရှုံကော့စ် အလှမိနီယံဗီရိုများ မြောက်မြားစွာရှိပါလျက် ကျွန်းအကောင်းစားကို မှန်တင်ခုံ သီးသန့်လုပ်ခိုင်းသည်။ မှန်က ဘဲဥပုံ၊ ဘေးအကွပ်တွင် ဘီလူးနှစ်ကောင်က သံလျက်နှင့်။ လက်ရာမြောက်၍ ပီပြင်လှသည်။ အောက်ခြေ ခြေထောက်ခုံ ရေနှစ်ချောင်းကိုလည်း နဂါးအဆင်းရုပ်နှစ်ကောင်ကို ထွင်းထုထားသည်။

ဦးသန့်ထူးမောင်က ပန်းသွဲ့ရှည်ကို ဘီလူးရံ၍ နဂါးစောင့်ကြပ်ထားသည်အထိ ချစ်သည်ဟုပင် ဒေါ်သန္တာသွင်က ဆိုသည်။ အဲဒီလို အချစ်မျိုးကို မရခဲ့၍ အပျိုကြီးလုပ်ရပါသည်ဟုလည်း ပြောသည်။ ပြောပြစဉ်အချိန်က ဒေါ်သန္တာသွင်ရဲ့ မျက်နှာက မှိုင်းမှိုင်းညို့ ညို့နှင့် မျက်လုံးအိမ်တွင်လည်း မျက်ရည်ကြည်တွေက ယိုဖိတ်ကျလာလျှင် တစ်ဂါလံမျှတော့ ရှိမည်ဖြစ်သည်။

◈◈◈

"သွဲ့လေး···ကိုကြီးသော် မနေ့က မလာဘူး။ အဲဒါ သွဲ့လေး သွားရင် လေးထူးပါ လိုက်မယ်လေ"

ဦးသန့်ထူးမောင်က ယောက



www.burmeseclassic.com

www.burmeseclassic.com

ကို ကိုကြီးသော်ဟုပဲ ခေါ်ပြီး သူနှင့် ပန်းသွဲ့ရည်ကျတော့ သွဲ့လေး၊ လေးထူးဟု သုံးနှုန်းကြသည်။

"ဟင်…၊ ဖေဖေ ဘာများဖြစ်လဲ မသိဘူး။ သွဲ့လေးကို လေးထူးလိုက်ပို့ပါနော်"

ဦးသန့်ထူးမောင်က ခေါင်းညိတ်ပြီးသား။ ပန်းသွဲ့ရည်က အဝတ်အစားလဲ၍ မှန်တင်ခုံတွင် ထိုင်ပြီး မျက်နှာကို မိတ်ကပ်အနည်းငယ်ဖို့လိုက်သည်။ မှန်ကြီးမှ မျက်နှာက ရုတ်တရက်ခွာလို့မရအောင် ငေးစိုက်ကြည့်မိလိုက်သည်။ မှန်ထဲမှ ပန်းသွဲ့ရည်က နဂိုအတိုင်းပင် ဘာမှမပြောင်းလဲပေ။ မှန်ထဲတွင် အရိပ်တစ်ခုပေါ်လာသည်။ ပန်းသွဲ့ရည်က နောက်ကို လှည့်ကြည့်လိုက်သည်။ အနားရောက်လာသော ဦးသန့်ထူးမောင်က ပန်းသွဲ့ရည်၏ ကိုယ်လုံးကလေးကို တင်းတင်းကျပ်ကျပ် ဖက်လိုက်သည်။

"သွဲ့လေးရယ်…လေးထူး အရမ်းချစ်တယ်။ အဲ…ဟို…သိပ်ချစ်တယ်ကွာ"

ပန်းသွဲ့ရည်က ငြိမ်၍ ဦးသန့်ထူးမောင် ပြုသမျှကို ဘာမှမပြော။

"ဟင်း…၊ ကဲ…ကဲ…လာ၊ သွားမယ်"

◈◈◈

ပန်းသွဲ့ရည် နေခဲ့သော ပျဉ်ထောင်အိမ်ကလေး၏ အတွင်းပိုင်းခုတင်ပေါ်တွင် ဦးမင်းသော်က မှိန်းနေသည်။

"ဖေဖေ"

"ကိုကြီးသော်"

"ဖေဖေရယ်…ဒီလောက် နေမကောင်းတာကို အကြောင်းမကြားဘူး"

သို့နှင့် ဦးမင်းသော်ကို ကားနှင့်ခေါ်လာပြီး ဆရာဝန်ပင့်၍ ပြသည်။ ဒါပေမယ့် လောကတွင် နေရချိန် ၆၃ နှစ်ပြည့်ပြီး၍ ဦးမင်းသော်တစ်ယောက် ဘဝတစ်ခုကို စွန့်ခွာသွားတော့သည်။

ဖခင်ကြီး ဆုံးပါးသွားပြီး ပန်းသွဲ့ရည်တစ်ယောက် အပျော်တွေ ပျောက်၍ တွေတွေငေးငေးနှင့် လွမ်းဆွေးမှုအချိန်တွေ တိုးလာသည်။ အေးမြသော မေတ္တာပျောက်၍ စိတ်မချမှု၊ သဝန်တိုမှုတွေနှင့် သံကွန်ချာအုပ်သော အချစ်ကသာ လွှမ်းမိုးလာသည်။ ထူးမွန်ဆောက်လုပ်ရေးလုပ်ငန်းထဲကို အသစ်ဝင်လာသော ကျော်သက်က ပန်းသွဲ့ရည်နှင့် သက်တူရွယ်တူ။ လုပ်ငန်းကိစ္စများ၊ ငွေကြေးကိစ္စများကြောင့် ဦးသန့်ထူးမောင်က ကျော်သက်ကို မကြာခဏခေါ်လာသည်။

"မပန်းသွဲ့ရည်က အပျိုတွေထက်တောင် လှသေးတယ်"

"ကိုကျော်သက်…လေးထူးရှိမှလာပါ။ အမြင်မရှင်းစရာတွေ ဖြစ်ပါမယ်။ အပြောအဆိုလည်း ဆင်ခြင်ပါ"

ပန်းသွဲ့ရည်က ကျော်သက်ကို သိပ်မရောသလို၊ စကားကိုလည်း အပြတ်ပြောသည်။ အစာမြင်သည့် မြွေခွေးက လည်တိုင်မော့၍ စောင့်တတ်သလို၊ ကျော်သက်က အခွင့်အရေးကိုသာ စောင့်ပြီး အကြောင်းအမျိုးမျိုးပြ၍ အလာအသွားစိပ်သည်။

ဒရိုင်ဘာ ဦးထွန်းနှင့် ထမင်းချက် ဒေါ်ညွှာ၊ အိမ်အကူ မိရွှေကိုပါ ပန်းသွဲ့ရည်က ကျော်သက် ရောက်လာတိုင်း အနားတွင် တစ်ယောက်ယောက်ကို ခေါ်ထားတတ်သည်။

အကွက်ချောင်းသူက အလစ်ကို သိသည်။ ကျော်သက်အတွက် အချိန်ကောင်း ဆိုက်သွားသည်။ ဦးသန့်ထူးမောင်က နယ်လုပ်ငန်းကြီးတစ်ခုနှင့် ခရီးသွားရန် ကြုံလာသည်။

"လေးထူး… ပန်းသွဲ့ လိုက်ခဲ့



ပါရစေ"

"ဟာ…ခေါ်ချင်တာပေါ့ သွဲ့လေးရယ်၊ ဘယ်လိုမှ ခေါ်မရလို့ပါ။ ဒေါ်ညွှာရယ်၊ မိရွှေရယ် ရှိပါတယ်။ အားငယ်လို့လား"

ပန်းသွဲ့ရည်က ထပ်မပြောတော့။ ငြိမ်၍ နေလိုက်သည်။ ဦးသန့်ထူးမောင်က ပြန်ရောက်မည့်ရက်နှင့် ဘယ်နှရက်ကြာမည်ကိုတော့ မပြောခဲ့ပါ။

◈◈◈

နှစ်ရက်ပြည့်မြောက်သွားပြီး ကျော်သက် ရောက်မလာသဖြင့် တစ်မျိုးစိတ်အေးရသည်။ ဒရိုင်ဘာဦးထွန်းက ဒေါ်ညွှာကို ဈေးလိုက်ပို့သည်။ မိရွှေက နောက်ဖေး မီးဖိုခန်းတွင် ဒေါ်ညွှာခိုင်းခဲ့သည်များကို လုပ်ကိုင်နေသည်။ တိုက်၏ သံတံခါးကို သော့မခတ်မိဘဲ စေ့ရုံစေ့ထားသည်။ ပန်းသွဲ့ရည်က ရေမိုးချိုးပြီး မှန်တင်ခုံတွင် အေးအေးလူလူပင် ထိုင်၍ မှန်

www.burmeseclassic.com

ကြည့်နေသည်။ ဘီလူးရုပ်နှင့် နဂါးရုပ်များကို ကြည့်ပြီး အပြုံးယဲ့ယဲ့လေး ပြုံးလိုက်မိသည်။

"အို…"

နှုတ်က မြည်သံနှင့်အတူ လက်နှစ်ဖက်က ရင်ဘတ်ကို ယှက်သိုင်းလိုက်မိသည်။

"ပန်းသွဲ့ရည်ရယ်…လှလိုက်တာဗျာ"

"ဟင်…နင်…နင်…ကျော်သက်၊ ဘာလုပ်တာလဲ၊ အခုထွက်…ထွက်"

ကျော်သက်ကို ပူးကပ်နေသည့် တို့က တွန်းထိုးဖြောက်ပေးလိုက်သည်။ ပန်းသွဲ့ရည်ရဲ့ ကိုယ်လုံးကလေး ကျော်သက်ရင်ခွင်ထဲသို့ ရောက်သွားသည်။

"လွှတ်၊ နင် လူမဟုတ်ဘူး"

ကျော်သက်ရဲ့ ခွန်အားကို ပန်းသွဲ့ရည် ဘယ်လိုမှ တွန်းဖြိုလို့ မရပေ။ လှုပ်ရှားမှုအဆုံးတိုးနှင့် ကျော်သက်၏ ရင်ခွင်အောက်ကို ရောက်သွားရသော ပန်းသွဲ့ရည်။

"ဝုန်း…"

"ကဲကွာ…ကဲကွာ"

"ဒုတ်…ဒုတ်"

"အင့်"

"အား…"

ဆူညံအော်ဟစ်သံများနှင့် လှေကားမှ ပြေးတက်လာသံများ။ ပန်းသွဲ့ရည်၏ ခပ်အစ်အစ်အသံက…

"လေး…ထူး…ပန်း…ပန်းသွဲ့…"

"ဒုန်း…ချွင်း…"

ဦးသန့်ထူးမောင်၏ လက်ထဲမှ ဓားရှည်က သံမံတလင်းပေါ် ကျသွားသည်။ အခန်းဝမှာ ရပ်နေသော ဒရိုင်ဘာ ဦးထွန်း၊ ဒေါ်ညွှာတို့က ပါးစပ်ကို လက်ဝါးနှင့် အုပ်လျက်။

"မမလေး"

မိရွှေ၏ အော်လိုက်သံ။ ဦးသန့်ထူးမောင်က ကျသွားသော ဓားရှည်ကို ပြန်ကောက်ပြီး အရိုးမှ ကိုင်၍ အပေါ်သို့ မြှောက်တက်သွားပြီး ပြန်ကျလာစဉ်…

"အင့်"

"ဟာ…ဆရာထူးမောင်"

"မောင်ထူးရယ်"

အသက်မဲ့နေသော ခန္ဓာကိုယ်သုံးခုနှင့် နီရဲနေသော သွေးများ။ မိရွှေ၏ ငိုသံ။ လူအဝင်အထွက်များနှင့် မေးမြန်းသံများ။ ဓာတ်ပုံတဖျပ်ဖျပ်ရိုက်သူများနှင့်။ ဒရိုင်ဘာ ဦးထွန်းကိုလည်း မေးကြ၊ စစ်ကြသည်။ ဒေါ်ညွှာလည်း ဖြေရသည်။ မိရွှေကတော့ ငို၍ပဲ နေသည်။

◈◈◈

ခြံကျယ်ကြီး၏ ရှေ့ သံတိုင်တံခါးက သော့ကြီးတန်းလန်းနှင့် မြက်ရိုင်းပင်ရှည်ရှည်များ။ နွယ်တက်နေသော အလှစိုက်ပင်တချို့ ရောင်စုံပန်းပွင့်တို့က ကြွေသည်က ကြွေ၊ ပွင့်သည်က ပွင့်၍ ဖူးငုံနေသည်များလည်း ရှိသည်။ တိုက်ကြီး၏ အပေါ်ထပ်တွင် တံခါးတစ်ချပ်ပွင့်နေသော အခန်းတစ်ခန်း။ ထိုအခန်းထဲမှ ငိုညည်းသံကို လမ်းသွားလမ်းလာများက တစ်ခါတစ်ရံတွင် ကြားရသည်ဟု ပြောကြသည်။

ခြံဝမှ သံတံခါးကြီး၏ဘေး၊ အုတ်စည်းရိုးတွင် သုံးပေအကျယ်လောက် ဖောက်ထားသော ဝင်ပေါက်၊ ထွက်ပေါက်မှ အဝင်အထွက်ပြုသော အဘိုးကြီးနှင့် အဘွားကြီးတို့မှာ တိုက်အိမ်ကြီး၏ နောက်တွင်ရှိသော တန်းလျားတွင် နေကြသည်။

"ဘကြီးထွန်း…ဘကြီးထွန်း၊ ကြီးညွှာရေ…"

"ဟဲ့ - မောင်ကို၊ လာ…လာ၊ မင်းဘကြီးထွန်း ကြီးညွှာအတွက် ဆေးသွားဝယ်တယ်"

ဘကြီးထွန်း၊ ကြီးညွှာဟု ခေါ်၍ ဝင်လာသော လူငယ်ကလေးက လက်ဆွဲခြင်းနှင့် ကျောပိုးအိတ်ကို ချ၍ ကွပ်ပျစ်ပေါ်တွင် ထိုင်လိုက်သည်။

"ငါးခြောက်နဲ့ ပဲနည်းနည်းပဲ ပါတယ်။ ကြီးညွှာ… အမေလည်း အခုတစ်လော ကျန်းမာရေးမကောင်းဘူး"

"အေးကွယ်၊ ဟောဟိုမှာ မင်းဘကြီးထွန်း ပြန်လာပြီ"

"ဘကြီးထွန်း"

"ဟော…မောင်ကို၊ မင်းအမေ မိရွှေရော နေကောင်းရဲ့လား"

"ဟိုတစ်လောလေးက အစားပျက်၊ အလုပ်ပင်ပန်းပြီး နည်းနည်းနေမကောင်းဘူး ဘကြီးထွန်း"

"အေးပါကွာ၊ ဒီလိုပါပဲ။ တို့လည်း အသက်က ရလာပြီဆိုတော့ တစ်နေ့ရွှေ၊ တစ်နေ့ငွေ ဆိုသလိုပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ - တူဝရီးတွေ နားပြီး ရေချိုး ပြီးရင် ထမင်းစား၊ ညကျမှ ထိုင်ပြောကြ"

"အေးကွယ်၊ ကဲ - ရေချိုး"

"ဟုတ်ကဲ့ ဘကြီးထွန်း"

ရေချိုး ထမင်းစားကြပြီးနောက် ဘကြီးထွန်း၊ ဒေါ်ကြီးညွှာနှင့် မောင်ကိုတို့ ကွပ်ပျစ်ပေါ်တွင် ထိုင်၍ ရေနွေးကြမ်းသောက်ရင်း စကားပြောကြသည်။

"အင်း…၊ လူလေး မောင်ကိုရာ၊ ဘတို့လည်း မင်းလာမှပဲ ရှေ့ဖြစ်ဟောင်းတွေကို သတိတရနဲ့ ပြောမိကြတာ။ ကျန်တဲ့ အချိန်ကတော့ ဘုရားရှိခိုး၊ ပုတီးစိပ်ပေါ့ကွယ်"

"ဟုတ်ကဲ့ ဘကြီးထွန်း။ အမေလည်း တစ်လောက နေမကောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com

နဲ့ မမလေး…မမလေး လာတယ်ဆိုပြီး ထ…ထအော်လို့လေ"

"အင်း… မင်းအမေကို သွဲ့ရည်လေးက ညီအစ်မရင်းလို သိပ်ချစ်တာကွ။ ငါ့ကို အဖေထွန်းလို့ ခေါ်တယ်။ မင်းကြီးညာကို အမေညာတဲ့။ စိတ်သဘော နူးညံ့သလို ရိုးသားဖြူစင်ပါတယ်ကွာ"

"ဟုတ်ကဲ့ အဲဒါနဲ့ လေးလေးထူးက တီလေးသွဲ့ကို ဘာလို့…"

"အေးကွဲ့ တာနောယကွအချစ်နဲ့ နဂါးမာန် သဝန်တိုမှုပေါ့ကွယ်။ အစိက တရားခံက သန္တာသွင်ပဲပေါ့။ ကျော်သက်က အဲဒီသန္တာသွင်ရဲ့ တိတ်တိတ်ပုန်းလင်ပေါ့။ ဆရာထူးမောင်ကို သိမ်းသွင်းလို့ မရတာနဲ့ သွဲ့ရည်လေးကို ကျော်သက်နဲ့ လွှတ်ပေးတာ။ အင်း…ကျော်သက်က သန္တာသွင်ထက် ပိုပြီးငယ်၊ ပိုပြီးလှတဲ့ သွဲ့ရည်လေးကို အပြီးအပြတ်ကြံတာကို ဆရာထူးမောင်က ခရီးက ပြန်ရောက်လာတော့ ထူးခြားမှုကြောင့် အသံမပေးဘဲ အပေါ်ထပ်ကို တက်တာ။ အဲဒီမှာ ဘကြီးနဲ့ မင်းရဲ့ ကြီးညာကလည်း ဈေးသွားနေကြတာ။ မင်းအမေက မီးဖိုခန်းထဲမှာ မီးဖိုခုံတွေ ရေဆေး သန့်ရှင်းရေးလုပ်နေချိန်၊ တိုက်သံဘာကျားတံခါးကိုတော့ သော့မခတ်မိဘူး"

"အဲ…အဲဒါကို အမေက သူ့ကြောင့်…သူ့ကြောင့် မမလေး သေရတာလို့ ပြောပြောပြီး ငိုတယ်"

"အဲဒီလိုလည်း မဟုတ်ပါဘူးကွယ်။ ကျော်သက်က ကျားချောင်းသလို ချောင်းနေတော့ အလစ်အငိုက်မိတာပေါ့လေ။ သွဲ့ရည်လေးက ရေချိုးပြီး သနပ်ခါးလိမ်းမလို့ဆိုတော့ ကျော်သက် ကြံစည်ရတာ လွယ်သွားတာပေါ့။ ဆရာ ထူးမောင်က လှေကားက



တက်လာပြီး အခန်းထဲက မြင်ကွင်းကို မြင်တော့ နံရံမှာ အလှချိတ်ထားတဲ့ ဓားရှည်ကို ဖြုတ်ပြီး အဲဒီလိုတွေ ဖြစ်တော့တာပဲ မောင်ကိုရေ"

"နစ်နာလိုက်တာ ဘကြီးထွန်းရယ်၊ ဒေါ်သန္တာသွင်ကရော ဘာဖြစ်သွားသေးလဲ"

"အေး၊ အခုတော့ သီလရှင် ဒေါ်သီလဝတီဖြစ်သွားပြီ၊ အတော်တော့ ဖြေရှင်းလိုက်ရတယ်။ တစ်ခုဆိုးနေတာက ဒီတိုက်မှာ ဘယ်သူမှ မနေနိုင်တာရယ်၊ ဘတို့ပဲ နေရပြီး ဘယ်မှ သွားမရတာက အတော်ဆိုးတယ် လူလေးရဲ့"

"ဘာ…ဘာဖြစ်လို့လဲ ဘကြီးထွန်း"

"အင်း…ဘတို့ ဒီပြင်မှာ သွားနေလိုက်တဲ့ ညမှာ ခြံထဲမှာ ပြေးလွှားအော်ဟစ်နေတာကို ကြားတဲ့ လူနဲ့ မြင်တဲ့ လူနဲ့ ဖြစ်နေကြတယ်"

"ဘယ်လိုတွေ အော်လဲဟင်၊ ဘကြီးထွန်း"

"သွဲ့ရည်လေး အော်တာလို့ ပြောကြတယ်။ လှတဲ့သူကို မုန်းတယ်၊ လှရင် အန္တရာယ်ရှိတယ်။ ကျွန်မ သစ္စာမဖောက်ဘူးလို့ အော်တယ်လို့ ပြောကြတယ်"

ယုံကြည်ရန် ခက်ပေမယ့် တိုက်အိမ်ကြီးမှာ ဘယ်သူမှလည်း နေလို့မရဘဲ ချုံနွယ်များနှင့် ထီးတည်းကြီး ရှိနေသည်။ လူတချို့၏ အယူအဆက အစိမ်းသေများက မကျွတ်မလွတ်ဘဲ အရိပ်အယောင်ပြ၊ အသံပေးကြသည်ဟု ပြောကြသည်။ ဂေါတမမြတ်စွာဘုရားရှင် ပရိတ်တရားများက ကျွတ်ထိုက်သူတွေ ကျွတ်ကြသည်မှာ အစဉ်အဆက်ပင်။

◈◈◈


ဒရိုင်ဘာ ဦးထွန်းနှင့် ထမင်းချက် ဒေါ်ညာတို့ ဇနီးမောင်နှံက ဦးသန့်ထူးမောင်နှင့် ပန်းသွဲ့ရည်တို့အတွက် လှူဒါန်းမှုအစုစုကို ပြုပြီး အမျှအတန်းပေးဝေသည်။ ဒါပေမယ့် သည်အိမ်ကြီးနှင့် အပေါ်ထပ် အခန်းထဲမှ မှန်တင်ခုံက သည်အတိုင်းပဲ ရှိနေသေးသည်။ ဘဝအလှကို ပျက်အောင် ဖျက်လိုက်သည့် ကျော်သက်ကိုတော့ ပန်းသွဲ့ရည်ဆိုသည့် မိန်းမချော၊ မိန်းမလှလေးက မုန်းနေမှာကဖြင့် မလွဲပါ။

ဦးသန့်ထူးမောင်နှင့် ပန်းသွဲ့ရည်တို့၏ အကြောင်းကို သိထားပြီး ပါဝင်ပတ်သက်ခဲ့ဖူးသော ဒရိုင်ဘာဟောင်းကြီး ဦးထွန်းနှင့် ထမင်းချက်ဟောင်းကြီး ဒေါ်ညာ၊ အိမ်အကူလုပ်ခဲ့သည့် မိရွှေ (ညောင်လေးပင်မြို့) ကလည်း ကုသိုလ်ကောင်းမှုပြုတိုင်း အမျှပေးဝေနေမှာဖြစ်သည်■

* * *

စိုးယဉ်ထွန်း

www.burmeseclassic.com



မိုးဟိန်းကျော် (လပွတ္တာ)

# ပြောင်ကြီးတို့အတွက် ဆေးတစ်လက်

မြစ်ရေပြင်ကို ဖြတ်လျက် တငြိမ့်ငြိမ့်ခုတ်မောင်းနေသော ရန်ကုန် လပွတ္တာအမြန်ရေယာဉ်ထက်၌ စာရေးသူက နောက်မှာ ဝေး၍ဝေး၍ ကျန်ခဲ့သော မိမိဇာတိ လပွတ္တာမြို့ကို ငေးမျှော် တွေးခေါ်ရင်း လိုက်ပါလာနေသည်။

"ဒီက အစ်ကိုလည်း ရန်ကုန်သွားမှာလားခင်ဗျ"

မိမိဘေးနားမှ မေးလာသော စကားသံကြောင့် စာရေးသူက အသံကြားရာဘက်သို့ လှည့်ကြည့်လိုက်သည်။ အသက် ၃၀ကျော်ခန့် လူရွယ်တစ်ဦးက အပြုံးမျက်နှာဖြင့် မိတ်ဖွဲ့လိုဟန်ရှိသည်မို့…

"ဪ… ဟုတ်ကဲ့၊ ရန်ကုန်ပါပဲ။ ဒီက ညီမောင်ကကော"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း ရန်ကုန်ပါပဲ။ ပြန်တာပါ။ လပွတ္တာကို အလုပ်ကိစ္စတစ်ခုနဲ့ ခေတ္တလာတာပါ။ အစ်ကိုနဲ့ ကျွန်တော်က နေရာချင်း နံပါတ်ကပ်လျက်မို့ စကားပြောဖော်ရအောင် မိတ်ဆက်တာပါ၊ ကျွန်တော်က ရဲမြင့်လွင်ပါ။ တောင်ဥက္ကလာမှာ နေပါတယ်။ အလုပ်ကတော့ အရောင်းအဝယ်အပါပဲ"

"ဟုတ်လား၊ တွေ့ရတာ ဝမ်းသာပါတယ်။ ကိုယ်က ဦးစိုးစိုးပါ။ စာရေးဆရာတစ်ယောက်ပါ။ မိုးဟိန်းကျော် (လပွတ္တာ) ကလောင်နာမည်နဲ့ လပြည့်ဝန်းတို့၊ ဂမ္ဘီရဆန်းကြယ်တို့မှာ ရေးပါတယ်။ လပွတ္တာမှာ ဘယ်သူ့မေးမေး သိပါတယ်"

"ဟား… တိုက်ဆိုင်လိုက်တာ ဆရာရယ် ကျွန်တော့်အိမ်ဘေးက စာအုပ်အငှားဆိုင်မှာ ကျွန်တော်က မဂ္ဂဇင်းတွေ လစဉ် ငှားဖတ်ဖြစ်ပါတဲ့ယယ်။ ကျွန်တော်က -----မဂ္ဂဇင်းကို ပိုကြိုက်တယ်။ အဲဒီ မဂ္ဂဇင်းက စာစုံ လက်ရာစုံမို့ ဖတ်ရတာ အားရတယ်။ ဆရာ့စာတွေ ဖတ်ဖူးပါတယ်။ တိုင်းရင်းဆေး အဆောင်ယတြာနဲ့ ဂါထာမန္တန်ကျင့်စဉ်အခန်းမှာ ဆရာရေးခဲ့တာတွေ ဖတ်ဖူးပါတယ်။ လပြည့်ဝန်းမှာကတော့ ဆရာ့ဝတ္ထုတိုတွေ တော်တော်များများ ပါခဲ့တာ ဖတ်ရပါတယ်"

"အေးဗျာ၊ စာရေးတာက တစ်ဖက်၊ ဝမ်းရေးလုပ်ငန်းက တစ်ဖက်၊ ရပ်ရွာလူမှုရေးတွေ လုပ်ဆောင်တာ တစ်ဖက်နဲ့ ကိုယ် ဝါသနာပါရာ၊ စိတ်ထက်သန်ရာ လုပ်ချင်ရာ လုပ်ရလို့လား မသိဘူး၊ လူမချမ်းသာပေမယ့် စိတ်ချမ်းသာပါတယ်"

"ဟုတ်ပါတယ် ဆရာ၊ လူ့ဘဝဆိုတာ မိမိကိုယ်ကျိုး၊ အများကောင်းကျိုး၊ နှစ်မျိုးလုံးကို လုပ်ဆောင်မှသာ လူဖြစ်ရကျိုးနပ်မယ်လို့ ယုံကြည်ပါတယ်။ ဪ… ဒါနဲ့ တိုင်းရင်းဆေး ရေးသားဖော်ပြတဲ့ စာရေးဆရာကို အများအကျိုးပြုဆေးနည်းလက်ဆောင်တစ်ခု ပေးချင်ပါတယ် ဆရာ"

"ဟာ… ကောင်းတာပေါ့ ကိုရဲမြင့်လွင်ရယ်။ မိမိကူညီမှုဟာ လူအများ ကောင်းကျိုးချမ်းသာဖြစ်စေရင် နတ်လူ သာဓုခေါ်မပေါ့ဗျာ"

"ဒီလိုဆို ဆေးနည်းမပြောခင် ကျွန်တော့်ခေါင်းကို အရင်ကြည့်ပါ ဆရာ"

ကိုရဲမြင့်လွင်က ခပ်ပြုံးပြုံးပြောရင်း သူ့ခေါင်းပေါ်မှာ ဆောင်းထားသော လျှာထိုး ဦးထုပ်လေးကို ချွတ်ပြသည်။ ဦးထုပ်ချွတ်လိုက်တော့မှ နဖူးအထက် ဆံစအစပ်မှ ထိပ်



www.burmeseclassic.com

www.burmeseclassic.com

လယ်ထိတိုင် ခပ်ပါးပါး မပြောင့်တပြောင် ပါးလွှာသော ဆံပင်နုများကို တွေ့လိုက်ရသည်။ ကိုရဲမြင့်လွင်က အပြုံးဖြင့် ပင်…

"ကဲ… ကျွန်တော့်ခေါင်းမှာ ပေါက်နေတဲ့ ခပ်ကျဲကျဲ ဆံပင်နုတွေဟာ အစက ပြောင်နေတဲ့ ကျွန်တော့်ထိပ်မှာ မကြာသေးခင်ကမှ တဖြည်းဖြည်းပေါ်ထွက်လာတဲ့ ဆံပင်တွေပါ ဆရာ။ အစက ကျွန်တော့်ထိပ်မှာ ပြောင်နေပါတယ်။ အသိတွေက ပြောင်ကြီးလို့ လှောင်ခေါ်ကြပါတယ်။ ကျွန်တော်လည်း ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာကြောင့်မှန်းမသိဘဲ ပြောင်နေတဲ့ထိပ်ကြောင့် ရှက်တာမို့ ခုလို ဦးထုပ်ဆောင်း ကာကွယ်ထားခဲ့ရပါတယ်။ အဲ… တစ်နေ့ အရောင်းအဝယ် တစ်ခုမှာ ကျွန်တော်အကူအညီပေးလိုက်တဲ့ မိတ်ဆွေ တစ်ယောက်က သူလည်း အစက ကျွန်တော့်လိုပဲ ထိပ်ပြောင်ဘဝကနေ ဆေးနည်းကောင်းတစ်လက်ရလိုက်တာနဲ့ သူ့ခေါင်းမှာ ဆံပင်တွေ ပြန်ထွက်နက်ပြီး ပေါက်လာတာကို ပြောပြတယ်။ ကျွန်တော့်ကိုလည်း ကျေးဇူးဆပ်မယ်ဆိုပြီး အဲဒီဆေးနည်းပေးခဲ့တာ။ အစက ကျွန်တော်လည်း မယုံ တယုံနဲ့ စမ်းကြည့်တာ။ ဆရာရေ… ဒီဆေးနည်းက ကြည့်တော့တာ အထင်ကြီးစရာမရှိပေမယ့် လက်တွေ့ သုံးကြည့်တဲ့အခါ တကယ်စွမ်းတာမို့ အတော်ဝမ်းသာရ တယ်။ ခု ကျွန်တော့်ရဲ့ ဆေးနည်းကို အကြောင်းတိုက်ဆိုင်လို့ ကြုံတုန်း ဆရာ့ကို ပေးချင်ပါတယ်။ ဆရာ ဂမ္ဘီရ ဆန်းကြယ်မဂ္ဂဇင်းကနေ ဖော်ပြပေးရင် ကျွန်တော့်လိုပဲ ကိုပြောင်ကြီးတွေအတွက် ဘဝလှစေမယ့် ဆေးစွမ်း တစ်လက်ဖြစ်မှာပါ"

"ဟာ… ကောင်းတာပေါ့ ကိုရဲမြင့်လွင်ရယ်။ အများ ဝမ်းသာရင် ကိုယ်လည်း ချမ်းသာမှာပါ။ ကဲ - ခင်ဗျား ဆေးနည်းပြောပါဦး"

"ဆေးနည်းက သိပ်တော့ မခက်ပါဘူး ဆရာ။ မြန်မာ ဆေးမြီးတိုတွေဟာ မထင်မှတ်ဘဲ အစွမ်းထက်ကြတာ မယုံဘူးဆိုရင် မကြုံဘူးသေးလို့ပါပဲ။ ဆေးနည်းက နှမ်းဆီစစ်စစ် တစ်ဆယ်သား၊ ကျောက်ချဉ်နက် တစ်ဆယ်သား၊ လက်ဖက်အစို တစ်ဆယ်သားတို့ကို သမအောင် နာနာရောမွှေပြီး လေလုံတဲ့ ဖန်ပုလင်းထဲမှာ နှပ်ထားပါ။ ၇ရက်လောက်ရှိရင် လိမ်းမယ့်သူဟာ ပြောင်နေတဲ့ သူ့ခေါင်းကို ထပ်ပြောင်အောင် ရိတ်ပစ်လိုက်ပါ။ ခေါင်းပြောင်ကို သေချာစွာ လျှော်ပါ။ ခြောက်အောင် ထားပြီး မနက်ပိုင်း တစ်ခါ၊ ညအိပ်ရာဝင်ခါနီး တစ်ခါ သေသေချာချာပွတ်လိမ်းပေးပါ။ ညဘက် လိမ်းရင် ခေါင်းကို အဝတ်ပါးပါးနဲ့ ပတ်ပြီး အိပ်ပါ။ အဲဒီလို ၇ရက်လောက် ဆက်တိုက်လိမ်းပေးပါ။ ဆေးလိမ်းစဉ် ခေါင်းမလျှော်ရပါ။ ခေါင်းကနေ ရေမလောင်းရပါ။ အေးတဲ့၊ ချဉ်တဲ့ အစာတွေ ရှောင်ပါ။ ဆေးလိမ်းစဉ်ကာလမှာ ဖျဉ်းဖျဉ်းနဲ့ ယားလာရင် ဆေးနှံ့ပဲ နာနာပွတ်လိမ်းပေးပါ။ အဲဒီလိုလုပ်ပြီး မကြာခင်မှာပဲ ခေါင်းမှာ မွှေးညင်းနုလေးတွေ ထွက်လာပါလိမ့်မယ်။ အဲဒီအခါ အုန်းဆီမွှေးစစ်စစ်နဲ့ အသာအယာပွတ်လိမ်းပေးပါ။ နေပူထဲသွားရင် ခေါင်းဆောင်းပေးပါ။ ၁၅ရက်လောက်ကြာရင် ခေါင်းကို တရော်ကင်ပွန်း ခေါင်းလျှော်ရည်နဲ့ အသာအယာပွတ်လျှော်ပေးပါ။ ဆပ်ပြာမသုံးပါနဲ့။ ဒီလိုနဲ့ တဖြည်းဖြည်းပြောင်နေတဲ့ခေါင်းမှာ မွှေးညင်းနုလေးတွေ ပေါက်ပေါက်လာပြီး အနက်ရောင် ဆံပင်တွေဖြစ်လာပါလိမ့်မယ်။ အဲဒါ ခု ဆရာမြင်တွေ့နေတဲ့ ကျွန်တော့်ခေါင်းက သက်သေပါပဲ"

စာရေးသူက စိတ်အားထက်သန်စွာ အားပါးတရပြောနေသော ကိုရဲမြင့်လွင်၏ ဦးခေါင်းမှ ဆံပင်နက်လေးများကို ကြည့်ရင်း…

"အေးဗျာ၊ ခင်ဗျားဆေးနည်းက တော်တော်စနစ်ကျတာပဲ။ အင်း… လက်တွေ့လည်း မြင်ရတာမို့ ဒီဆေးနည်းကို ရေးပြီး ဂမ္ဘီရဆန်းကြယ်ကို ပို့ပေးပါမယ်။ ဖတ်သိကြရတဲ့ ကိုပြောင်ကြီးတွေ လိုက်နာ ကျင့်သုံးကြရင်ဖြင့် ပြောင်ကြီးဘဝက ကျွတ်ကြရပြီး နက်မှောင်တဲ့ ဆံပင်ပိုင်ရှင်များ ဖြစ်ကြရမှာပေါ့။

"ကဲ - ညီလေး ကိုရဲမြင့်လွင်ရေ ခုလို အများကောင်းကျိုးအတွက် ကူညီပေးတာ ကျေးဇူးပြုတဲ့အနေနဲ့…ဟော… သင်္ဘောက ဘိတွန်ဆိပ်ကမ်း ကပ်တော့မယ်၊ ဒီမနက်စာလေးနဲ့ ဂုဏ်ပြုပါရစေ"

"ဟာ… ဆရာကလည်း မဟုတ်တာ"

"ဘာလဲ မစားဘူးပေါ့"

"ဟဲ…ဟဲ…များများစားပါ့မယ်လို့"

"ဟား… ဟား…ဟား…ဟား"

စာရေးသူတို့ နှစ်ဦးသား ပေါ့ပါးရွှင်လန်းစွာ ပြိုင်တူ ရယ်လိုက်သံက သင်္ဘောစက်သံကို ဖုံးလွှမ်းသွားတော့သည့်နှယ် ရှိတော့သည်။

နလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။

* * *

မိုးဟိန်းကျော်(လပွတ္တာ)



www.burmeseclassic.com

www.burmeseclassic.com

ခေတ္တရာ အာရကျော်

# ၂၀၁၄ မေလအတွက် ကံကောင်းစေမည့် အကြံပြု စာမျက်နှာ

ဒီစာမျက်နှာဟာ ပင်လယ်ပြင်မှာ မုန်တိုင်းထတဲ့အခါ သံလိုက်အိမ်မြှောင်က တောင်-မြောက် လမ်းညွှန်ပြသလို၊ သင်တို့ရဲ့ ဘဝကံအခွင့်အလမ်းများ ပွင့်လန်းဖို့ကို တစ်ထောင့်တစ်နေရာက အကြံပြုပေးမယ့် စာမျက်နှာဖြစ်ပါတယ်။

"အကြောင်းတစ်ခုသည် မပြောပလောက်သော ကြုံကြိုက်မှုလေး ဖြစ်ချင် ဖြစ်နေမည်။ သို့သော် ထိုအကြောင်းသည် အတိတ်၊ ပစ္စုပ္ပန်ကံအားလျော်စွာ မိမိ၏ သန္တာန်၌ စိတ်၊ စေတသိက်တို့အား ဥပနိဿယမိရာ သတ္တိထူးဖြင့် ကျေးဇူးပြု ဆက်သွယ်မှုကို ရရှိသောအခါ ကြီးကျယ် ပြန့်ပြောသော ကုသိုလ်၊ အကုသိုလ်စွမ်းအားများ ဖြစ်ထွန်းလာနိုင်စွမ်း ရှိလေ၏"

*(ပဋ္ဌာန်းတရားတော်-ဥပနိဿယပစ္စယော)*

### ၂၀၁၄၊ မေလ စန်းပွင့်ရက်များ

| | |
|---|---|
| ၁၊ ၂၊ ၁၀၊ ၁၁၊ ၁၉၊ ၂၀၊ ၂၇၊ ၂၉ ရက်များ | တောင်အရပ် စန်းပွင့်သည်။ |
| ၃၊ ၄၊ ၁၂၊ ၁၃၊ ၁၄၊ ၂၁၊ ၂၂၊ ၃၀၊ ၃၁ ရက်များ | အနောက်အရပ် စန်းပွင့်သည်။ |
| ၅၊ ၆၊ ၇၊ ၁၅၊ ၁၆၊ ၂၃၊ ၂၄ ရက်များ | မြောက်အရပ် စန်းပွင့်သည်။ |
| ၈၊ ၉၊ ၁၇၊ ၁၈၊ ၂၅၊ ၂၆၊ ၂၇ ရက်များ | အရှေ့အရပ် စန်းပွင့်သည်။ |

အထက်ဖော်ပြပါ ဇယားကွက်အတွင်းရှိ ရက်များမှာ ဆိုင်ရာရက်အလိုက် စန်းပွင့်ရက်များကို ဖော်ပြပေးထားခြင်း ဖြစ်သည်။ ဉာဏ်ရှိသလို အသုံးပြုနိုင်သည်။ စန်းပွင့်ထောင့်အရပ်သို့ မျက်နှာမူပြီး အကြံအစည်ပြုပါ။ ထိုထောင့်အရပ်သို့ မျက်နှာမူ၍ ဂါထာ၊ မန္တန်များ ရွတ်ဆို ဆုတောင်းပါကလည်း အကျိုးပေး မြန်ဆန်၍ ထူးခြားအောင်မြင်ပါလိမ့်မည်။ တကယ်တမ်းတွင် လောကီပညာရပ်ဝန်းမှ လုပ်ဆောင်ချက်များသည် ယုံကြည်မှုနှင့် ဉာဏ်အရာပေါ် မူတည်ပါသောကြောင့် ကြံဆောင်ချက်ဖြင့် ရှက်ဆောင်နိုင်ပါကြောင်း ပြောပါရစေ။

စန်းသည် မိဿ၊ သိဟ်၊ ဓနုရာသီများတွင် ရှိပါက အရှေ့အရပ် စန်းပွင့်သည်။ ပြိဿ၊ ကန်၊ မကာရတွင် ရှိပါက တောင်အရပ် စန်းပွင့်သည်။ မေထုန်၊ တူ၊ ကုမ်ရာသီများတွင် ရှိပါက အနောက်အရပ် စန်းပွင့်သည်။ ကရကဋ်၊ ဗြိစ္ဆာ၊ မိန်တွင် ရှိပါက မြောက်အရပ် စန်းပွင့်သည်။

### လာဘ်နေ

* မေ ၁၊ ၈၊ ၁၅၊ ၂၉ရက်များ - မြောက် (လာဘ်)
* မေ ၂၊ ၉၊ ၁၆၊ ၃၀ ရက်များ - အရှေ့ (လာဘ်)
* မေ ၃၊ ၁၀၊ ၁၇၊ ၃၁ရက်များ - အနောက်တောင် (လာဘ်)
* မေ ၄၊ ၁၁၊ ၁၈ရက်များ - အရှေ့မြောက် (လာဘ်)
* မေ ၅၊ ၁၂၊ ၁၉ ရက်များ - အနောက် (လာဘ်)
* မေ ၆၊ ၁၃၊ ၂၀ ရက်များ - အရှေ့တောင် (လာဘ်)
* မေ ၇၊ ၁၄၊ ၂၁ရက်များ - တောင် (လာဘ်)



www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြပါ လာဘ်နေ အရပ်များတွင် ဆိုင်ရာထောင့်အရပ် မျက်နှာ(တူရူ)၍ လာဘ်ရှိကြောင်း သိပါ။ ဥဏ်ရှိသလို သုံးပါ။ ဥပမာ - ဈေးရောင်းသူများ လာဘ်နေအရပ်သို့ မျက်နှာမူ၍ ရောင်းပါ။ လှည့်လည်ရောင်းချသူများ လာဘ်နေ ထောင့်သို့ သွား၍ လှည့်လည်ရောင်းပါ။

## ရှောင်ရန်

* မေလ ၁၊ ၈၊ ၂၂၊ ၂၉ ရက်များတွင် မြေနှင့် စပ်သော အလုပ်ကိစ္စများ ရှောင်ပါ။
* မေလ ၅၊ ၁၂၊ ၁၉၊ ၂၆ရက်များ တွင် တောအရပ်သို့ အကြံအစည်ဖြင့် ခရီးထွက်ခြင်း ရှောင်ပါ။
* မေလ ၉၊ ၁၆၊ ၂၃ ရက်များတွင် ရေနှင့် စပ်သော အလုပ်ရှောင်ပါ။ ရေလမ်းခရီး မထွက်ပါနှင့်။

## ရတနာအဆောင်

* တနင်္ဂနွေသားသမီးများ - ပတ္တမြားကို ဆောင်၍ အကြံအစည်ပြုပါ။
* တနင်္လာသားသမီးများ - ရွှေကို ဆောင်၍ အကြံအစည်ပြုပါ။
* အင်္ဂါသားသမီးများ - သတ္တုတစ်မျိုးမျိုးကို ဆောင်၍ အကြံအစည်ပြုပါ။
* ဗုဒ္ဓဟူးသားသမီးများ - ဒန်ကို ဆောင်၍ အကြံအစည်ပြုပါ။
* ကြာသပတေးသားသမီးများ - ဥဿဖရားကို ဆောင်၍ အကြံအစည်ပြုပါ။
* သောကြာသားသမီးများ - စိန်ကို ဆောင်၍ အကြံအစည်ပြုပါ။
* စနေသားသမီးများ - ရွှေကို ဆောင်၍ အကြံအစည်ပြုပါ။

ဆိုင်ရာ ရတနာများကို အဆောင်ပြု၍ တစ်လလုံး အကြံအစည်ပြုသင့်ပါသည်။

## ငွေကြေးကံပွင့်လန်းရန်

တနင်္လာနေ့ရောက်တိုင်း နေအိမ်မှ ဘုရားကျောင်းဆောင်တွင် ငွေပန်း (၁၅)ပွင့် ကပ်လှူပါ။ ခုနစ်ရက်သားသမီးကို လက်ဖက်ရည်တိုက်ပါ။ စာအိတ်ထဲတွင် တတ်နိုင်သရွေ့ ငွေကြေးထည့်၍ ပံ့သကူစွန့်ပါ။

## ဖြေဆေး ယတြာ

မေလထဲမှ လဆန်းပိုင်း တစ်ရက်ရက် မွေးနေ့နံနက်တွင် စက္ကူတံခွန်ကုက္ကားတစ်စုံ၊ အလင်းတိုင် ၁၀တိုင်၊ နံ့သာတိုင် ၁၀တိုင်၊ အောင်သပြေ ၁၀ညွှန့်ဖြင့် ဘုရားရှိ ဂြိုဟ်တိုင်တွင် လှူဒါန်းပါ။ ဂြိုဟ်တိုင်အခြေကို ရေဖြင့် ပက်ရင်း "သန့"ကျေပါစေလို့ ပြောပါ။ ပြီးမှ ဘုရားရှင်ကို ရေသက်စေ့ သပ္ပာယ်ပါ။ သမ္ဗုဒ္ဓေဂါထာတော် ၁၀ ခေါက် ရွတ်ပါ။ လိုရာ ဆုတောင်းပါ။

ကျန်းမာရေး မကောင်း၍ ဆေးမတိုးသူများ မိမိ၏ အဝတ်အစားဟောင်းတစ်စုံကို ရေမျှောပါ။ မွေးနေ့ညနေမှာ မျှောပါ။

## အကြံပြု ယတြာ

ခုနစ်ရက်သားသမီးများအားလုံး တစ်ပတ် တစ်ရက် သက်သတ်လွတ် စားပါ။ ဖြစ်နိုင်လျှင် ဥပုသ်စောင့်သင့်ပါသည်။

* * *

စေတ္တရာ ဆရာကျော်



www.burmeseclassic.com

www.burmeseclassic.com

# အသားမင်းသားနှင့် အန္တရာယ်ကင်း အင်းအစီအရင်


ရဲရဲထွန်း (ဟသ်ာတ)

အသားမင်းသား (အသားကုမ္မာ၊ အေဒီ ၈၅၄-၈၆၁) ဆိုသည်မှာ ပဲခူးဟံသာဝတီကို စတင်တည်ထောင်သော သမလမင်း(အေဒီ ၈၂၅-၈၃၇)နှင့် ရွှေဖရုံမယ်တို့၏ သားတော်ဖြစ်သည်။ ခမည်းတော် သမလမင်း နတ်ရွာစံလျှင် ဦးလေးတော်သူ ဝိမလမင်း(အေဒီ ၈၃၇-၈၅၄) နန်းတက်၏။ အသားမင်းသားကို ပေါင်းလောင်းမြစ်အရှေ့ ကွမ်ထပ်သားရွာ၌ စွန့်ပစ်စေရာ၊ ထိုရွာမှ ကရင်အဘွားအို နန်းကလိုင်း (ယနေ့ နတ်ပွဲများတွင် ကျွဲခေါင်းဆောင်းထားသော နန်ကရိုင်မယ်တော်နှင့် သား အသားမင်းသားဟူ၍ ပဂိုး(ပဲခူး)နတ်အဖြစ် ကပြလျက် ရှိကြသည်)က ကောက်ယူမွေးစားခဲ့သည်။ ထိုမင်းသား ကြီးပြင်းလာသောအခါ တောတိရစ္ဆာန်တို့ကို ချစ်ခင်ပြီး ဓားရေး၊ လှံရေး ကျွမ်းကျင်သည်ဟု ဆို၏။ (အသားမင်းသားမှာ နန်ကလိုင်း မွေးမြူထားသော ကျွဲများ ကျောင်းရင်း ကျွဲချိုများမှာ ဓားကစားနိုင်သည်ဟု နတ်ရာဇဝင်များက ဆိုသည်။)

တစ်နေ့တွင် ဟံသာဝတီပြည်သို့ အရပ်အမြင့် ၇တောင်ရှိသော ကုလားစစ်သူကြီး ဦးစီးသော စစ်သင်္ဘောများဖြင့် ရောက်ရှိလာပြီး ဝိုင်းပတ်၍ တိုင်းပြည်ကို ခြိမ်းခြောက် ရာဇသံပေး၏။ ဟံသာဝတီအရေးဖြစ်သဖြင့် အသားကုမ္မာမင်းသားက ထိုအရပ် ၇တောင်ရှိသော ကုလားစစ်သူကြီးနှင့် ယှဉ်ပြိုင်တိုက်ခိုက် အနိုင်ယူ၍ တိုင်းပြည်ရေးရာကို ကာကွယ်ပေးခဲ့သည်။ ထိုအခါ ဦးလေးတော်သူ ဝိမလမင်းက ၎င်း၏ တူတော်မောင်မှန်း သိသဖြင့် အသားမင်းသားကို ဟံသာဝတီသို့ ခေါ်ဆောင် မြှောက်စားခဲ့သည်။

ထိုအသားမင်းသား ရာဇဝင်ကို မွန်ဘာသာဖြင့် "လိက်သ္မိင်အသား"ဟူ၍ ရေးအခါကပင် ရေးသားခဲ့ပြီးဖြစ်သည်။ ထိုအသားမင်းသား၏ ရာဇဝင်ကျမ်းပဏာမ ဘုရားရှိခိုးခန်းတွင် အန္တရာယ်ကင်း၊ လက်နက်ပြီး အင်းတစ်ချပ်ကို ဂါထာနှင့်တကွ အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရသည်။

**အသားမင်းသား အင်းတော်ကြီး**




**တြိသိဟော သတ္တနာဂေါ၊ ပဉ္စ ဗိသူ၊ စတုဒေဝေါ။**
**ဆဘ သဿရ ပဉ္စကုမ္ဘာ၊ ကေယက္ခ နဝဒေဝါ။**
**ပဉ္စ ဗြဟ္မာ ဒွေရာဇာ၊ အဋ္ဌ ရဟန္တာ ပဉ္စဗုဒ္ဓါ။**

အထက်ဖော်ပြပါ ဂါထာ၏ အနက်အဓိပ္ပာယ်မှာ -

ခြင်္သေ့ ၃ကောင်၊ နဂါး ၇ကောင်၊ ဗိဿနိုး ၅ပါး၊ နတ် ၄ပါး၊ ရသေ့ ၆ဦး၊ သိကြားမင်း ၅ဦး၊ ဘီလူး ၁ကောင်၊ နတ် ၉ပါး၊ ဗြဟ္မာ ၅ပါး၊ မင်း ၂ပါး၊ ရဟန္တာ ၈ပါး၊ ဘုရား ၅ဆူ ဟူ၍ဖြစ်သည်။

ထိုစာသား၌ ပါရှိသော ပဉ္စဗုဒ္ဓါ(ဘုရားငါးဆူ)သည် ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူမည့် ဘုရားငါးဆူ(သံ၊ ဂုံ၊ ပ၊ မ၊ ယျ)ကို ရည်ညွှန်းထားခြင်းဖြစ်သည်။

သံ - ကကုသန်မြတ်စွာဘုရား၊ ပ - ကောဏာဂုံမြတ်စွာဘုရား၊ ပ - ကဿပမြတ်စွာဘုရား၊ မ - ဂေါတမမြတ်စွာဘုရားနှင့် ယျ - အရိမေတ္တေယျမြတ်စွာဘုရား ဟူ၍ ဖော်ပြထားပါသည်။ ထိုအင်း၏ အဆန်များကို ပွင့်တော်မူမည့် အရိမေတ္တေယျ ငါးဆူမြောက်အဖြစ် ရေးထည့်ထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ထိုအင်းအစီအရင်ကို ရှေးအခါက မွန်ပြည်နယ်၊ ရေးမြို့ပနယ်အပါအဝင် ရပ်ရွာဒေသတို့၌ အန္တရာယ်ကင်းသော အဆောင်အဖြစ် ယုံကြည်ကြပြီး မိမိတို့အိမ်၏ အရပ်လေးမျက်နှာတို့၌ ရေးဆွဲထားလေ့ရှိသည်။ လက်ဖွဲ့အဖြစ်လည်း စီရင်၍ ကိုယ်၌ ဆောင်ထားလေ့ရှိကြသည်။ ဤအင်းနှင့်ပတ်သက်၍ လောကီအင်း အင်္ဂုတ္တိုရ်ကျမ်း၌ "တြိသီဟ အင်း၊ အနန္တကာယသိဒ္ဓိအကျိုးရှိသည်"ဟု ဖော်ပြထားသည်။ ဗားမဲ့ဆရာတော်၏ မဟာသိဒ္ဓိကျမ်း၌မူ "ဤအင်းကို ဆောင်တော်ရှိ ဆယ်ပါး(သျှို-သိဒ္ဓိ=သီရိ(ပါဠိ)) ပြီးပြည့်စုံခြင်း၊ သျှို-အောင်မြင်ပြီးမြောက်မှုနှင့် ပီယသိဒ္ဓိမှာ အထူးချီးမွမ်းထိုက်သည်ဟု ဖော်ပြထားပါသည်။

သို့ဖြစ်၍ ထိုဖော်ပြပါ အသားမင်းသား၏ အင်းကို စီရင်မည်ဆိုပါက စီရင်သူသည် သီလဆောက်တည်ပြီး ငွေပြားပေါ်တွင် ဂါထာကို ရွတ်ဆို၍ အင်းဆန်များ ထည့်သွင်းရေးဆွဲရသည်။ မကောင်းသော စိတ်အကြံအစည်ဖြင့် အင်းကို ရေးဆွဲစီရင်ပါက သိဒ္ဓိတန်ခိုးများ ဖျက်တတ်သည်ကို သတိပြုရမည်။ ရှေးလူများ အမျိုးဘာသာ သာသနာအတွက် ရည်ရွယ်ချက်ဖြင့် ထားခဲ့သော အင်းတော်ကြီးဖြစ်ပါသည်။

(နောက်ဆုံးစာပိုဒ်မှာ ဆရာတော်တစ်ပါးကို လျှောက်ထားကြည့်ရာမှ မြွက်ဆိုထားသော အချက်ဖြစ်သည်။) ■

* * *

ရဲရဲထွန်း(ဟသ်ာတ)

မှီငြမ်း

- ဦးအောင်မွန်(မြတ်ဆုမွန်)၏ ပွင့်တော်မူမည့် မြတ်စွာဗုဒ္ဓ မေတ္တေယျ။



www.burmeseclassic.com

www.burmeseclassic.com

ယနေ့ခေတ်အချိန်အခါတွင် ဥစ္စာစောင့်များအကြောင်းကို သိရှိ စိတ်ဝင်စားသူများ အလွန်နည်းပါးသွားပြီ ဖြစ်ပါသည်။ အချို့ လူငယ်လေးများဆိုလျှင် ဥစ္စာစောင့်ဆိုသည်ကို ကြားပင်မကြားဘူးတော့ပါ။ သို့သော်လည်း ကျွန်တော်တို့ ငယ်စဉ်ကာလ၊ လွန်ခဲ့သော နှစ် ၅၀ လောက်ကမူ ရွှေချိုးဖြူနှင့် မူလခဲဟူသော ဥစ္စာစောင့် မောင်နှမနှစ်ယောက်အကြောင်းကို လူအတော်များများ စိတ်ဝင်စားခဲ့ကြပါသည်။ အထူးသဖြင့် ရောဝတီတိုင်း၊ မအူပင်မြို့နယ်၊ ပန်တပွတ်မြစ်ကမ်းဘေးတွင် ရှိသည်ဟု ဆိုကြသော ဥစ္စာစောင့်သိုက်များ အကြောင်းကို အထူးပင် စိတ်ဝင်စားမှု ရှိခဲ့ကြသည်။ ရွှေချိုးဖြူ မူလခဲ မောင်နှမတို့နှင့် ပတ်သက်သော အသံလွှင့် ဇာတ်လမ်းဇာတ်ထုပ်များ ထွက်ပေါ်လာသကဲ့သို့၊ ထိုခေတ်က အချို့သော ဇာတ်သဘင်အဖွဲ့များကလည်း ဥစ္စာစောင့်များအကြောင်းကို ဇာတ်လမ်းများခင်းကာ ကပြခဲ့ကြပါသည်။

# ပန်တပွတ်ဘေးမှ အင်းခွေးဘူသံ

## ဝင်းကိုဇော်



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်ကာလများက မအူပင်မြို့နယ်အတွင်းရှိ ပန်တပွတ်မြစ်ကမ်းအနီးတွင် ဥစ္စာစောင့်သိုက်များ ရှိခဲ့သည်ဟု လူအများက ယုံကြည်ခဲ့ကြပါသည်။ ထိုသိုက်များထဲတွင် ရွှေချိုးဖြူနှင့် မူလခဲဟူသော ဥစ္စာစောင့် မောင်နှမ နှစ်ယောက်ရှိခဲ့ရာ သူတို့ကို အစွဲပြု၍ ရွှေချိုးဖြူ မူလခဲသိုက်သည် အထူးပင်နာမည်ကျော်ကြားခဲ့ပါသည်။ ပါးစပ်ရာဇဝင်များအရ ထိုမောင်နှမတို့သည် လပြည့်၊ လကွယ်ရက်များတွင် လူယောင် ဖန်ဆင်း၍ ရွှေချိုးဖြူက မအူပင်မြို့သို့ လာကာ၊ လူငယ်များနှင့် ခြင်းခတ် ကစားလေ့ရှိသကဲ့သို့ မူလခဲကလည်း မအူပင်အနီးတစ်ဝိုက်မှ ရွာများသို့ လူယောင်ဖန်ဆင်းကာ သွားရောက်ပြီး ထိုရွာများမှ အပျိုမလေးများနှင့်အတူ ရက်ကန်းခတ်လေ့ရှိသည်ဟု ဆိုလေ့ရှိခဲ့ကြပါသည်။

စာရေးဆရာကြီး မင်းသိင်္ခကလည်း ထိုအကြောင်းများကို "ပန်းတစ်ပွတ်ချောင်းနံဘေးက လွမ်းပုံပြင်" အမည်ဖြင့် ဝတ္ထုတိုတစ်ပုဒ်ရေးသားခဲ့ဖူးပါသည်။ မူလခဲကို ချစ်ဟန်ဆောင်ကာ သိုက်အတွင်းသို့ ဝင်ရောက်လာပြီး လောကီလုပ်ရပ်ကျမ်းများကို ယူဆောင်သွားသော "သာဂရ" အမည်ရှိ သိုက်ဆရာကြီးသည် စာရေးဆရာ မင်းသိင်္ခ၏ အဘိုးလေးဖြစ်ကြောင်း ရေးသားထားခဲ့ပါသည်။ ဟုတ်၊မဟုတ်ကိုကား မည်သူမျှ မသိကြပါ။

မည်သို့ပင် ဆိုကြစေကာမူ၊ ရွှေချိုးဖြူကိုသော် လည်းကောင်း၊ မူလခဲကိုသော် လည်းကောင်း၊ ကိုယ်တွေ့မြင်ခဲ့ဖူးသူတို့ကို မည်သူမျှ မသိရှိခဲ့ကြပါချေ။ ထိုနည်းတူစွာပင် ရွှေချိုးဖြူ မူလခဲသိုက်သို့ ရောက်ခဲ့ဖူးသည် ဆိုသည်ကိုလည်း စာများတွင်သာ ဖတ်ရှုဇာတ်လမ်းများတွင်သာ နားထောင်ခဲ့ရပါသည်။ ကိုယ်တွေ့ ရောက်ခဲ့ဖူးသူဟူ၍ တိတိပပ မရှိခဲ့ဟူ၍သာ အများက ယူဆထားကြပါသည်။

ဤလောက၌ ဥစ္စာစောင့်တို့သည် အမှန်ပင် ရှိနေကြပါ၏။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ဟောကြားတော်မူခဲ့သော အဘိဓမ္မ တရားတော်အလိုအရ သူတို့သည် ဘုမ္မစိုးနတ်တစ်မျိုးဖြစ်ကြပြီး အဟိတ်ကုသလဝိပါက်၊ ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေခဲ့ကြသူများလည်း ဖြစ်ကြပါသည်။ သူတို့သည် ကမ္မဇိဒ္ဓိကြောင့် အတန်အသင့် တန်ခိုးရှိကြပြီး သက်တမ်းအားဖြင့် အရှည်အတို မမြဲကြသူများ ဖြစ်ကြပါသည်။ အချို့က နှစ်အနည်းငယ်မျှသာ အသက်ရှည်နိုင်ကြသော်လည်း၊ အချို့သော ဥစ္စာစောင့်များမှာမူ နှစ်ပေါင်း ထောင်ချီကာ အသက်ရှည်နိုင်ကြသည်ဟု အဘိဓမ္မတ္ထသင်္ဂဟကျမ်း၊ ဝီထိမုတ်ပိုင်းတွင် သင်ယူခဲ့ဖူးပါသည်။ သူတို့ကို သာမန်လူသားတို့ မမြင်တွေ့နိုင်ကြသောကြောင့်သာ ဥစ္စာစောင့်တို့ ရှိမရှိ အငြင်းပွားဖွယ်ဖြစ်နေရခြင်းဖြစ်ပါသည်။

ဥစ္စာစောင့်တို့သည် အမှန်ပင် ရှိနေကြပါ၏။ ဥစ္စာစောင့်တို့ကို မြင်ဖူးသူတို့သည်လည်း အမှန်ပင် ရှိခဲ့ပါ၏။

◈◈◈

အဘိုးလေးတို့ရွာသို့ လိုက်ရမည်ဆိုကတည်းက ကျွန်မ အလွန်ပျော်ရွှင်နေမိပါသည်။

အဘိုးလေးက ကျွန်မအဖေ၏ ဦးလေးဖြစ်ပါသည်။ မအူပင်မြို့နယ်၊ ထနီးကျေးရွာတွင် နေထိုင်ပြီး ကျွန်မငယ်စဉ်ကပင် ကျွန်မတို့ ကျိုက်လတ်သို့ တစ်နှစ်ကို တစ်ကြိမ်၊ နှစ်ကြိမ်ဆိုသလို လာရောက်လေ့ရှိသဖြင့် ကျွန်မနှင့် ရင်းနှီးကျွမ်းဝင်ပြီးလည်း ဖြစ်ပါသည်။ အဘိုးလေးက ကျွန်မကမိတဆိုးလေးမို့ အတော်လေး ချစ်ပါသည်။ ကျွန်မတို့ဆီ လာလည်တိုင်း ကျွန်မ ကြိုက်နှစ်သက်လှသည့် ပုစွန်ဆီများ၊ ငါးခြောက်များ၊ ငါးချဉ်များကို ယူလာလေ့ရှိပါသည်။ ညဘက်ဆိုလျှင်လည်း ကျွန်မကို သူ့ပေါင်ပေါ်တွင် တင်ထားပြီး ပုံပြင်ပေါင်းများစွာကို ပြောပြလေ့ရှိပါသည်။ ဘိုးလေး ပြောသော ပုံပြင်များကို နားထောင်ရင်း အိပ်ပျော်သွားရသည့် ကလေးဘဝ အရသာကို ကျွန်မ အလွန်သဘောကျမိခဲ့ပါသည်။

ကျွန်မ ခြောက်တန်းစာမေးပွဲဖြေဆိုပြီး ကျောင်းပိတ်ထားသည့်အချိန်တွင် ဘိုးလေးတစ်ယောက် ကျွန်မတို့အိမ်သို့ ထုံးစံအတိုင်း အလည်ရောက်ရှိလာခဲ့ပါသည်။ ထိုနှစ်က ဘိုးလေးရောက်လာခြင်းသည် ခါတိုင်းနှစ်များကဲ့သို့ အလည်သက်သက် မဟုတ်ပါဘဲ ကျွန်မကို သူနေထိုင်သည့် ရွာသို့ နွေရာသီ ကျောင်းပိတ်ရက်များအတွင်း လာရောက်နေထိုင်ရန် လာခေါ်ခြင်းပင် ဖြစ်ပါသည်။

"သောင်းမြင့်ရေ… ငါပြန်ရင် ဒီတစ်ခေါက်တော့ မင့်သမီးကို ရွာ အလည်ခေါ်သွားမယ်ကွာ"

ဟု ဘိုးလေးက အဖေ့ကို ပြောကတည်းက ကျွန်မ ပျော်ဆုံးခဲ့ပါပြီ။ အဖေကလည်း…

"ဟုတ်ကဲ့၊ ဦးဖေ ခေါ်ချင်ခေါ်သွားလေ။ ကျွန်တော် သမီးကို နောက်မှ ပြန်လာခေါ်ပါ့မယ်"

ဟု ပြောပါသည်။

ဖေဖေက ဘိုးလေးကို ဦးဖေဟု ခေါ်လေ့ရှိသည်။ ဘိုးလေးနာမည်က ဦးလုဖေ ဖြစ်ပါသည်။ ဘိုးလေးက သျှောင်ထုံး ထုံးထားပြီး တိုက်ပုံအင်္ကျီ

www.burmeseclassic.com

www.burmeseclassic.com

ကို အမြဲဝတ်လေ့ရှိသည်။ စကားပြောလျှင်လည်း သူ့ပုဆိုးကို သူ့ပေါင်များပေါ်သည်အထိ ဝတ်လေ့ရှိပါသည်။ သူ့ပေါင်နှစ်ဖက်လုံးတွင် ထိုးကွင်းများ ရှိနေသဖြင့် လူမြင်အောင် ပြသည်ဟု ကျွန်မ ထင်မိခဲ့ပါသည်။ ကျွန်မ ငယ်စဉ်ကတည်းက မေမေ ဆုံးပါးသွားခဲ့ရာ ဖေဖေ့ကိုပင် အဖေလိုရော၊ အမေလိုပါ ချစ်ခဲ့ရပါသည်။ ဘိုးလေးကလည်း ကျွန်မကို မိတဆိုးမလေးမို့ ဂရုတစိုက်ရှိလှပါသည်။

ဘိုးလေးတို့ရွာလေးသည် မအူပင်မြစ်ကမ်းဘေးတွင် ရှိသော ရွာငယ်လေးတစ်ရွာဖြစ်ပါသည်။ ရွာသားအများစုက တံငါလုပ်ငန်း လုပ်ကိုင်ကြပြီး၊ ရွာလေးက အလွန်အေးချမ်းကာ သာယာလှသော ရွာလေးဖြစ်ကြောင်း ဘိုးလေးက မကြာခဏ ပြောပြတတ်ပါသည်။ သစ်ပင်များဖြင့် အုံ့ဆိုင်းကာ အေးမြလှသည်ဟု ပြောပြတိုင်း ကျွန်မ သွားချင်လှပါသည်။ ကျွန်မသည် ငယ်စဉ်ကတည်းက မှိုင်းမှိုင်းညို့ညို့ နေရာများကို သဘောကျသည်။ အုံ့အုံ့ဆိုင်းဆိုင်းနေရာများကို ကျွန်မ အလွန်ပင် နှစ်သက်ပါသည်။

သို့ဖြင့်ပင် ဘိုးလေးက ကျွန်မကို သူ့ရွာလေးသို့ ခေါ်ဆောင်သွားခဲ့ပါသည်။

◈◈◈

ရွာလေးက ဘိုးလေးပြောသည့်အတိုင်းပင် သာယာလှပါသည်။ ဘိုးလေးတို့အိမ်က မြစ်ကမ်းဘက်သို့ မျက်နှာမူထားပြီး မြစ်ထဲသို့ ဆင်းရန် တံတားလေးတစ်ခု ထိုးထားပါသည်။ ထိုတံတားလေးတွင် ဘိုးလေးတို့ လှေနှစ်စင်းကို ချည်ထားသည်။ ရွာထဲမှ မိန်းကလေးများ ထိုတံတားလေးတွင် ရေလာချိုးကြသည်ကိုလည်း တွေ့ရပါသည်။ တံတားလေး၏ထိပ် မြစ်ကမ်းပါးပေါ်တွင် သစ်သားတန်းလျားလေးတစ်ခု ရိုက်ထားပါသေးသည်။ ထိုသစ်သားတန်းလျားလေးပေါ်တွင် ထိုင်ကာ မြစ်ရေပြင်ကို ကြည့်နေရသည်မှာလည်း အရသာရှိလှပါသည်။ တန်းလျားလေးနောက်တွင် ရှိသော ညောင်မှတ်ဆိတ်ပင်ကြီးကလည်း ရေထဲသို့တိုင်အောင် အရွက်အကိုင်းများ ညွတ်ကျနေကာ၊ တစ်နေကုန် နေမပူအောင် အရိပ်မိုးပေးထားသကဲ့သို့ ဖြစ်နေသည်။ မြစ်ဆိပ်လေးက မှိုင်းညို့နေသောကြောင့် ကျွန်မ အလွန်သဘောကျမိတော့သည်။



ဘိုးလေးတို့ရွာသို့ ရောက်သည့် ညနေမှာပင် ထိုတန်းလျားပေါ်တွင် ကျွန်မ သွားထိုင်ကာ တစ်ယောက်တည်း မြစ်ပြင်ကို ကြည့်ကာ ပျော်နေမိပါသည်။ ဘာမှန်းမသိဘဲ စိတ်ထဲဝယ် ကြည်နူးနေမိပါသည်။ မြစ်၏ တစ်ဖက်ကမ်းဝယ် မှိုင်းညို့နေသော ငှက်ပျောပင်အုပ်ကြီးကို မြင်နေရပါသည်။ ညနေ နေဝင်ဖျိုးဖျအချိန်လောက်ဝယ် ရေချိုးသူများလည်း ပြန်ကုန်ကြပြီဖြစ်သောကြောင့် ကျွန်မတစ်ယောက်တည်းထိုင်ကာ မြစ်တစ်ဖက်ကမ်းဆီသို့ ကြည့်နေမိခဲ့ပါသည်။

"မြေးလေး၊ အိမ်ထဲ မဝင်သေးဘူးလား"

ဘိုးလေးက အိမ်ထဲမှ လှမ်းအော်ပြောနေသော်လည်း ကျွန်မ အိမ်ထဲသို့ မဝင်လိုသေးပါ။

"သမီး ခဏထိုင်ဦးမယ် ဘိုးလေး"

ဟု ကျွန်မ ပြန်ဖြေလိုက်သဖြင့် ဘိုးလေးလည်း ဘာမှပြန်မပြောတော့ပါ။

ကျွန်မတစ်ယောက်တည်း မြစ်ရေပြင်ကြီးကို ကြည့်ကာ သာယာသော ညနေခင်းလေးကို ကြည်နူးနေစဉ် ကျွန်မ ထိုင်နေသော တန်းလျားနောက်ဘက်ရှိ ညောင်မှတ်ဆိတ်ပင်ကြီးဆီမှ သီချင်းဆိုသံသဲ့သဲ့ကို ကြားလိုက်မိသလို ဖြစ်သွားပါသည်။ သာယာသော သီချင်းသံလေးကြောင့် ကျွန်မ နောက်ဘက်သို့ လှည့်ကြည့်လိုက်ပါသည်။

"စန္ဒရီ…စန္ဒရီ"

ဟု ခေါ်နေသောအသံကိုလည်း ကြားနေရပါသည်။ ကျွန်မအမည် မဟုတ်မှန်း သိသော်လည်း၊ ထိုအသံကြားရာဆီသို့ ကျွန်မ လှည့်ကြည့်လိုက်ပါသည်။ ညောင်မှတ်ဆိတ်ပင်ကြီး၏ မြစ်ရေပြင်သို့ ညွတ်ကျနေသော အကိုင်းကြီးတစ်ကိုင်းပေါ်ဝယ် ပန်းပွင့်များ ဝေဆာနေသော ဒန်းတစ်ခုကို မြင်လိုက်ရပါသည်။ ဒန်းပေါ်တွင်လည်း ကျွန်မနှင့် ရွယ်တူ မိန်းကလေးနှစ်ယောက် ဒန်းစီးနေသည်ကို တွေ့လိုက်ရပါသည်။

ကျွန်မ အလွန်အံ့သြသွားမိပါသည်။ ဤနေရာရောက်ဖို့ ကျွန်မ ရောက်နေကတည်းက ထိုဒန်းကို လုံးဝ မမြင်မိခဲ့ပါဘဲ၊ ခုမှ တွေ့လိုက်ရသဖြင့်


www.burmeseclassic.com

www.burmeseclassic.com

သေသေချာချာကြည့်လိုက်မိပါသည်။ ပန်းဒန်းပေါ်မှ မိန်းကလေးနှစ်ယောက်က "စန္ဒရီ···စန္ဒရီ" ဟု ခေါ်လိုက်ရာ ကျွန်မက သူတို့ခေါ်နေသည့် စန္ဒရီဟူသည့် အမည်လေးကို သဘောကျသလို ဖြစ်သွားမိပါသည်။ သူတို့အသံလေးများက ချိုသာလှသည်။ ကျွန်မကို ညှို့ထားသလားဟုလည်း ထင်မှတ်ရပါသည်။ သူတို့ကို ကျွန်မ ပြုံးပြလိုက်မိပါသည်။

"စန္ဒရီ···တို့နဲ့ ဒန်းလာစီးလေ"

ကျွန်မ မည်သို့မျှ ပြန်မပြောသော်လည်း ဒန်းဆီသို့ ခြေထောက်များက ဦးတည်နေမိပါပြီ။

ကျွန်မ ဒန်းပေါ် မည်သို့ရောက်သွားသည်ကို မမှတ်မိတော့ပါ။ သူတို့နှင့်အတူ ဒန်းစီးနေချိန်ဝယ် သူတို့ထံမှ အလွန်မွှေးကြိုင်သော အနံ့များ ရနေသည်ကိုတော့ သတိထားမိပါသည်။ ကရမက်နံ့လိုလို၊ နံ့သာဖြူနံ့လိုလိုဖြင့် အလွန်မွှေးကြိုင်လှပါသည်။ သူတို့ အသားအရေများမှာလည်း တောရွာသူများနှင့် မတူဘဲ ဖွေးနုနေကြပါသည်။

"နင်တို့က ရွာထဲကလား"

ဟု ဒန်းစီးရင်း ကျွန်မ သူတို့ကို မေးလိုက်သည်။

"အေး၊ ဟိုဘက်ကမ်းက။ နင့်ဆီကို လာတာ"

"ငါ့ဆီလာတာ ဟုတ်လား၊ နင်တို့က ငါ့ကို သိလို့လား"

"သိတာပေါ့၊ နင်က စန္ဒရီလေ"

ငါ့နာမည် စန္ဒရီ မဟုတ်ပါဘူးဟု ကျွန်မ ဘာကြောင့် ပြန်မပြောမိသည်ကိုလည်း မစဉ်းစားတတ်ခဲ့ပါချေ။ တော်တော်ကြာအောင် ကျွန်မတို့ ဒန်းစီးပြီးနောက်···

"ငါတို့ဆီကို လိုက်လည်ဖို့ နင့်ကို လာခေါ်တာ စန္ဒရီ"

ဟု သူတို့က ပြောပါသည်။

ကျွန်မ ဘာကိုမျှ မစဉ်းစားမိဘဲ ခေါင်းညိတ်လိုက်ပါသည်။

ထိုအချိန်မှာပင် မြစ်တစ်ဖက်ကမ်းမှ အင်းခွေးအူသံကဲ့သို့သော အသံတစ်သံကို သဲသဲကွဲကွဲကြားလိုက်ရပါသည်။ ကျွန်မ ခေါင်းညိတ်လိုက်သည်နှင့် အင်းခွေးအူသံလည်း ရပ်သွားပြီး ချက်ချင်းဆိုသလိုပင် အလွန်လှပသော နေရာတစ်ခုသို့ ကျွန်မ ရောက်ရှိသွားခဲ့ပါတော့သည်။

◈◈◈

ဖယောင်းတိုင်တစ်တိုင်မှ ထွန်းမထား။ လျှပ်စစ်မီးလည်း မရှိပါဘဲနှင့် ခန်းမကြီးတစ်ခုလုံးက လင်းထိန်နေသည်။ ကျယ်ဝန်းလှသော ခန်းမကြီးတစ်ခုလုံး ဖိတ်ဖိတ်တောက်အောင် ပြောင်လက်နေသည်။ တိုင်လုံးများကို မတွေ့ရသော်လည်း အလွန်ကျယ်ဝန်းသော နေရာတစ်ခုဖြစ်နေသည်ကို မြင်နေရပေသည်။

ခန်းမထဲသို့ ကျွန်မ ရောက်သွားချိန်တွင် ကျွန်မနှင့် ရွယ်တူ မိန်းကလေးများကို အများအပြားတွေ့ရပါသည်။ ကျွန်မလည်း ကျွန်မကို ခေါ်လာသည့်သူနှစ်ဦးနှင့်အတူ ခန်းမထဲသို့ ရောက်ရှိလာခဲ့ရာ ကျွန်မအရွယ်က ၁၈နှစ်၊ ၁၉ နှစ်အရွယ်ခန့် ဖြစ်နေသည်ကို သတိထားလိုက်မိပါသည်။ ကျွန်မ မြင်နေရသောသူတို့အားလုံးသည် လှပသော မိန်းကလေးများသာ ဖြစ်ကြပြီး၊ အလွန်တောက်ပြောင်သော အဝတ်အစားများကို ဝတ်ဆင်ထားကြပါသည်။ အားလုံး၏ မျက်နှာသည်လည်း ပြုံးရွှင်နေကြပြီး အားလုံး ရွယ်တူများ ဖြစ်ကြပါသည်။

"ဘိုးဘိုးဆီ အရင်သွားရမယ်ဟေ့"

ဟု ကျွန်မကို ခေါ်လာသူတစ်ယောက်က ပြောပါသည်။

သူတို့နှင့်အတူ လျှောက်လာရင်း ဘေးဘီကို ကျွန်မ လိုက်ကြည့်နေမိပါသည်။ ခန်းမဟု ပြောရမည်လား၊ လိုဏ်ဂူဟု ပြောရမည်လား မသိသော အခန်းများကို တွေ့နေရပါသည်။ အခန်းများအားလုံး တံခါးများ ပိတ်ထားကာ အခန်းပေါက်ဝများတွင် မိန်းကလေးများ ရပ်နေကြသည်ကိုလည်း တွေ့ရပါသေးသည်။ ထူးခြားသည်က ယောက်ျားလေးတစ်ယောက်ကိုမျှ မတွေ့ရှိရခြင်းပင် ဖြစ်ပါသည်။

"စန္ဒရီရေ··· ဒါ ငါတို့နေတဲ့ သိုက်လေ"

"ဟင်···ဒါဆို နင်တို့က ဥစ္စာစောင့်တွေလား"

"အေးပေါ့"

ဟု သူတို့က ပြုံးပြီး ပြောလိုက်ကြလေသည်။

ကျွန်မ ရွှေချိုးဖြူ မူလခဲသိုက်ကို ချက်ချင်း သတိရလိုက်ပါသည်။

"ဟယ်···ဒါက ရွှေချိုးဖြူ မူလခဲ သိုက်နန်းလားဟင်"

"ဟုတ်တယ်လေ။ ဘိုးဘိုးက နင့်ကို ခေါ်ခိုင်းလို့ ငါတို့ လာခေါ်တာပေါ့"

"ဟင်···၊ ဘိုးဘိုးက ခေါ်ခိုင်းတယ်-ဟုတ်လား။ ဘိုးဘိုးက ဘယ်သူလဲဟင်"

"သိုက်နန်း ဘိုးဘိုးလေ"

ကျွန်မတို့ လမ်းလျှောက်လာကြရင်း တစ်နေရာအရောက်တွင် လက်ယာဘက်ရှိ အခန်းတစ်ခန်းအတွင်းသို့ ဝင်လိုက်ကြပါသည်။ ထိုအခန်းတွင်းဝယ် သလွန်နှင့် ခပ်ဆင်ဆင်တူသော ရှည်မျောမျော ခုတင်တစ်ခုပေါ်တွင် ရုပ်ရည်ရူပကာ ခန့်ညားလှသော အဘိုးအိုတစ်ဦး ထိုင်နေသည်ကို မြင်ရ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုအဘိုးက သစ်လွင်တောက်ပသော တောင်ရှည်ပုဆိုးနှင့် ရင်ဖုံးအင်္ကျီကို ဝတ်ဆင်ထားပါသည်။ ကျွန်မကို ခေါ်လာသူ နှစ်ယောက်က အဘိုးရှေ့တွင် ထိုင်ကာ အဘိုးကို ရိုသေစွာ ရှိခိုးဦးချလိုက်ရာ ကျွန်မလည်း အဘိုးကို ဦးချလိုက်ပါသည်။

"မေမယ်"

ဤအသုံးအနှုန်းကို တစ်ခါမျှ မကြားခဲ့ဘူးသော်လည်း ကျွန်မကို "သမီး"ဟု ခေါ်လိုက်သည်ဟု ကျွန်မ အလိုလိုနားလည်လိုက်မိသည်။

"မေမယ့်ကို ညှော်သည်မှန်းသိလို့ ဘိုးဘိုးက အခေါ်လွှတ်လိုက်တာ"

ကျွန်မ သိုက်နန်း ဘိုးဘိုးကြီးကို ရိုသေစွာ မော့ကြည့်လိုက်ပါသည်။

"မေမယ် ဘယ်က လာသလဲ"

"ကျိုက်လတ်မြို့ကပါ အဘိုး"

"မဟုတ်ဘူးလေ၊ ရွှေစက်တော် သိုက်က လာတာ"

သိုက်နန်းဘိုးဘိုးက ကျွန်မကို ကြည့်နေရင်း…

"မေမယ့်ကို တို့သိုက်ကို ခေါ်ပြလိုက်ပါလို့ ရွှေစက်တော်သိုက်နန်း ဘိုးဘိုးက အမှာရှိလို့ ဒီကို ခေါ်လိုက်တယ်။ မေမယ်က ကိုယ့်ဟာကိုယ် ဘယ်က လာမှန်း မသိဘဲကိုး"

"မသိပါဘူး ဘိုးဘိုး"

"အေး၊ မေမယ်က ရွှေစက်တော် သိုက်ကနေ လူ့ပြည်ကို ရောက်နေတာ ဖြစ်တယ်။ လူ့လောကမှာ အသက် ၂၄နှစ်အထိ နေရမယ်။ မေမယ့်ကို အလွန်မြတ်နိုးတဲ့ သူတစ်ယောက်နဲ့ အိမ်ထောင်ကျမယ်။ သူက အင်္ဂါချို့ယွင်းတဲ့သူတစ်ယောက်ဖြစ်လိမ့်မယ်။ သမီးတစ်ယောက်၊ သားတစ်ယောက် ရပြီးရင် မေမယ် သိုက်နန်းကို ပြန်ရလိမ့်မယ်။ မေမယ် စိတ်အေးသက်သာစွာနဲ့ သိုက်နန်းကို ပြန်ရမယ်။ မေမယ် မရှိတဲ့နောက်မှာ မေမယ့်ရဲ့ လူသားခင်ပွန်းက နောက်အိမ်ထောင်မပြုဘဲ မေမယ့်သားသမီးများကို ပြုစုစောင့်ရှောက်နေရစ်လိမ့်မယ်"



သိုက်နန်းဘိုးဘိုး ပြောနေသော စကားများကို ကျွန်မ စိတ်ဝင်တစားနားထောင်မိပါသည်။ သိုက်နန်းဘိုးဘိုးကြီး ပြောနေသော စကားများကိုလည်း အလွန်သဘောကျနေမိပါသည်။

"လူ့ဘုံ ရောက်တုန်း ကုသိုလ်ကောင်းမှုတွေ များများပြုပါ။ တို့တွေဟာ အရိမေတ္တေယျဘုရားရှင် ပွင့်တဲ့အချိန်မှာ ကျွတ်တမ်းဝင်ကြမယ်။ တို့အားလုံး အခု ထိန်းသိမ်းစောင့်ရှောက်နေတဲ့ သိုက်ပစ္စည်းတွေနဲ့ ဘုရားရှင်ကို နောက်ဆုံး ပူဇော်ကြရမယ်"

သိုက်နန်း ဘိုးဘိုးက ကျွန်မကို လက်ညှိုးညွှန်ပြလိုက်ပါသည်။

ကျွန်မ လှည့်အကြည့်လိုက်တွင် မျက်စိကျိန်းလုမတတ် ထွန်းလင်းတောက်ပနေသော စိန်ရွှေရတနာများကို မြင်လိုက်ရပါသည်။ လူတစ်ရပ်ကျော်နီးပါးခန့် မြင့်မည့် ထိုရတနာပုံကြီးကို ယနေ့တိုင် ကျွန်မ မျက်စိထဲတွင် မြင်ယောင်လျက် ရှိနေပါသေးသည်။

"ကဲ - မေမယ်၊ သွားတော့"

ကျွန်မ သိုက်နန်း ဘိုးဘိုးကြီးကို ဦးချပြီး နောက်ဆုတ်လိုက်ပါသည်။ ထိုခဏမှာပင် ဘိုးဘိုးကြီး ပျောက်ကွယ်သွားပါတော့သည်။ ကျွန်မအနီးသို့ မိန်းကလေးများ ရောက်ရှိလာကြပြီး စကားတွေ လာပြောကြသော်လည်း၊ ထိုစကားများကို ကျွန်မ ဘာမှမမှတ်မိတော့ပါ။

ကျွန်မကို ခေါ်လာသူနှစ်ယောက်က ကျွန်မအနီးမှာ ရှိနေကြရာ…

"ဒါက ရွှေချိုးဖြူ-မူလခဲသိုက်ဟုတ်လား"

ဟု ကျွန်မ ထပ်မေးလိုက်မိပါသည်။ သူတို့တွေက ပြုံးပြီး…

"ဟုတ်တယ်လေ။ ဘာဖြစ်လို့လဲ စန္ဒရီ"

ဟု မေးကြပါသည်။

"ရွှေချိုးဖြူနဲ့ မူလခဲကို တွေ့ချင်လို့ပါ"

"ဒါက မိန်းကလေးနေရာလေ။ ရွှေချိုးဖြူကတော့ မရှိဘူး။ မူလခဲတော့ ရှိတယ်"

ကျွန်မစိတ်က တွေ့ချင်လိုက်တာဟု ကြံရွယ်ရုံ ရှိသေးသည်၊ "ဟိုမှာ မူလခဲ လာနေပြီ"ဟု တစ်ယောက်က ပြောသဖြင့် ကြည့်လိုက်ရာ အလွန်လှပသော ဥစ္စာစောင့်မလေးများကြားဝယ် အလွန့်အလွန်ကို လှပသော ဥစ္စာစောင့်မိန်းကလေးတစ်ယောက်ကို မြင်လိုက်ရပါသည်။ သူလည်း ကျွန်မနှင့် ရွယ်တူပင် ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

"မူလခဲကို တွေ့ချင်တယ်ဆိုလို့"

သူက လုပစ္စာ ပြုံးပြုံး ချိုလွင်သော အသံလေးဖြင့် ကျွန်မကို နှုတ်ဆက်လိုက်ရာ…

"မအူပင်ကို လပြည့်၊ လကွယ်တိုင်း လာတယ်ဆိုလို့ ကျိုက်လတ်ကိုလည်း လာလည်ပါဦးလို့ ဖိတ်ချင်ပါတယ်"

မူလခဲက ပြုံးနေပြီး ဘာမျှ ပြန်မပြောခဲ့ပါချေ။

"ကဲ - သွားကစားကြချေဦးနော်"

ကျွန်မတို့ ကျယ်ပြန့်သော ဥယျာဉ်ကြီးတစ်ခုအတွင်းသို့ ရောက်ရှိသွားပါသည်။ ပန်းပေါင်းစုံ ဝေဆာနေသော ထိုဥယျာဉ်အတွင်းဝယ် ပန်းရနံ့များက မွှေးကြိုင်နေပါသည်။ ဥယျာဉ်က တောအုပ်သဖွယ်ဖြစ်နေကာ အပင်များဖြင့် အုံ့ဆိုင်းကာ အေးမြနေပါသည်။ ပန်းဒန်းများကိုလည်း အများအပြားတွေ့ရပါသည်။ ကျွန်မတို့ ဒန်းစီးနေရင်း ပျော်နေကြရာမှ ဒန်းအလွဲတစ်ချက်ဝယ် ကျွန်မရင်ထဲ အေးခနဲဖြစ်သွားပါသည်။

◈◈◈

"ငါ့မြေးလေး နိုးလာပြီလား"

ဘိုးလေးအသံကို ကျွန်မ ကြားလိုက်ရပါသည်။

"ခုတန်းပေါ် ထိုင်နေရင်း ငါ့မြေးက အိပ်ပျော်သွားတာကိုး။ ကဲ - ထ၊ ထ၊ ထမင်းစားရအောင်နော်"

ရုတ်တရက် ကျွန်မ ယောင်ချာချာဖြစ်နေမိတော့သည်။ ဘယ်လိုဖြစ်သွားပါလိမ့်ဟုလည်း စဉ်းစားမိပါသည်။ ကျွန်မ ဘိုးလေးအိမ်ထဲမှ အိပ်ရာထက်တွင် ရောက်နေပါပြီကော။

ဘိုးလေးကို ဘာမျှ ပြန်မပြောမိဘဲ ကျွန်မ အိပ်ရာမှ ထလိုက်ပါသည်။

◈◈◈

ခိုင်လေးပြောတာတွေက စိတ်ဝင်စားစရာ ကောင်းလိုက်တာကွာ။ အဲဒီအကြောင်းတွေ ဘိုးလေးကို ပြန်မပြောပြဘူးလား"

"ပြောပြတိုင်း ဘိုးလေးက ရယ်နေတယ်။ ငါ့မြေး အိပ်ပျော်သွားပြီး အိပ်မက်တွေ မက်တာပေါ့ကွာလို့ပဲ ပြောပြောနေတာနဲ့ ခိုင်လေးလည်း နောက်ဘာမှ မပြောဖြစ်တော့ဘူး"

"ရွာကိုရော နောက်ထပ်ရောက်သေးလား"

"အဲဒီအခေါက်က နောက်ဆုံးပဲ အစ်ကို၊ မရောက်ဖြစ်တော့ဘူး"

"နောက်နေ့ကျတော့ ဘာမှ မဖြစ်တော့ဘူးလား"

"ဟင့်အင်း၊ အဲဒီတစ်ခါပဲ"

ကျွန်တော်က ဇနီးဖြစ်သူ ပြောသမျှကို နားထောင်နေသော်လည်း ဝေခွဲမရဖြစ်နေသည်။ စိတ်ထဲကတော့ မယုံကြည်မိသည်ကား အမှန်ပင်။

"နေပါဦးကွာ၊ အင်းခွေးအူသံ ဆိုတာကိုရော ဘိုးလေးက ဘာပြောလဲ"

"သူ တစ်ခါမှ မကြားဖူးဘူးတဲ့။ သူတို့နေရာမှာ အင်းခွေးလည်း မရှိဘူးတဲ့။ ကိုယ်တွေ့ကြုံခဲ့ရတဲ့ ခိုင်လေးက ပြောရတာ အရူးဖြစ်နေတယ်"

"အစ်ကိုကတော့ သိပ်ဝေခွဲမရဘူးကွာ။ နောက်ကော အင်းခွေးအူသံ မကြားရတော့ဘူးလား"

"အဲဒီကတည်းက စပြီး တစ်ခါမှ မကြားရတော့ဘူး။ အင်းခွေးအူသံလည်းဆုံးရော ခိုင်လေးလည်း ဥစ္စာစောင့်သိုက်ထဲ ရောက်သွားတာ။ သိုက်ထဲသွားရတော့မယ်လို့ အချက်ပေးတာနဲ့ တူပါတယ် အစ်ကိုရာ"

ကျွန်တော်က ခေါင်းတဆတ်ဆတ်လုပ်နေသည်။

"အစ်ကို့ကို ပြောဖို့ တစ်ခုကျန်သေးတယ်။ အဲဒီ အင်းခွေးအူသံဆိုတာက အူသံလို့သာ ပြောရတာ၊ သီချင်းဆိုနေသလိုပဲ၊ သိလား။ နားထောင်လို့ အရမ်းကောင်းတာပဲ အစ်ကိုရယ်"

ကျွန်တော့်ဇနီးကို ကျွန်တော် နားမလည်နိုင်ခဲ့ပါ။

◈◈◈

လွန်ခဲ့သော ၂၈ နှစ်ခန့်က ကျွန်တော့်ဇနီး ကွယ်လွန်ခဲ့ပါသည်။ သူ့ကို သိုက်ဘိုးဘိုးကြီးပြောလိုက်သည်ဆိုသည့်အတိုင်း သူ ကွယ်လွန်ချိန်တွင် အသက် ၂၄နှစ်ခန့်မျှသာ ရှိပါသေးသည်။ သူပြောခဲ့သည့် အကြောင်းအရာများသည်လည်း အားလုံးအတိအကျ မှန်နေခဲ့ပေရာ ကျွန်တော့်မှာ မယုံရခက်၊ ယုံရခက်ဖြစ်ရပါတော့သည်။ သူ ကွယ်လွန်စဉ်က ကျွန်တော်တို့တွင် သမီးလေး တစ်ယောက်နှင့် သားလေး တစ်ယောက်ရရှိထားပြီးဖြစ်ရာ သမီးက သုံးနှစ်အရွယ်၊ သားက အခါလည်အရွယ်မျှသာ ရှိကြပါသေးသည်။ ထိုစဉ်ကတည်းက နှစ်ပေါင်း ၂၈နှစ်ကျော်သည့် ယခုတိုင် ကျွန်တော် နောက်အိမ်ထောင် မပြုခဲ့ပါ။

သူ ကွယ်လွန်လုဆဲဆဲအချိန်တွင် ကျွန်တော့်အား စကားတစ်ခွန်း ပြောသွားခဲ့ပါသေးသည်။

"အစ်ကို… ခိုင်လေး သွားတော့မယ်နော်၊ အင်းခွေးအူသံ ကြားနေရပြီ"

ဟူ၍ ဖြစ်ပါတော့သည်■

* * *

ဝင်းကို့ဇော်



www.burmeseclassic.com

www.burmeseclassic.com

# ဆေးဖက်ဝင်ရဲယို



နှောင်းသစ်

ရဲယိုပင်သည် မြန်မာနိုင်ငံအနှံ့အပြား၊ အထူးသဖြင့် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ဒေသများ၌ အများဆုံး ပေါက်ရောက်သည်။ သဘာဝအလျောက် ပေါက်သည်။ အပင်ငယ်မျိုးဖြစ်သည်။ ပင်စည်ဖြောင့်တန်း၍ အခေါက်မှာ ချောမွေ့သည်။ အရွက်မှာ ထောင့်မှန်ရွက်ဆိုင်ဖြစ်သည်။ အစိမ်းရင့်ရောင် ကြီးမားတောက်ပြောင်သော အရွက်များဖြစ်သည်။ ရွက်နားညီပြီး လိုင်းတွန့်အနည်းငယ်ရှိ၏။ ပန်းခိုင်သည် အဖြူရောင်ပန်းပွင့်များ စုပုံ၍ထွက်သည်။ အသီးသည် ရှည်မျောမျောပုံစံရှိပြီး ပြောင်ချောသည်။ အစေ့များက ပျစ်ချွဲချွဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အပင်

ပင်လတ်မျိုးဖြစ်ပြီး အရောင်ပြောက်လက်၏။ အကိုင်းအခက်များစွာဖြာ၏။ ပင်စည်ပေါ်တွင် အညိုရောင် အစက်ပြောက်များရှိသည့် အခေါက်ထူ၍ ကြမ်းတမ်း၏။ အကိုင်းလေးထောင့်ပုံရှိပြီး နှစ်ထောင့်တွင် အမြောင်းပါသည်။

## အရွက်

ရွက်ဆိုင် အလှည့်ကျ ထွက်သည်။ အရွက်ကြီး၏။ အလျား ၁-ပေခန့်ရှည်၏။ ရွက်ရင်းသွယ်၍ ရွက်ထိပ်ချွန်သည်။ အရွက်အလယ်ပိုင်း ကျယ်သည်။ အရွက်ထက်အောက် မျက်နှာပြင်နှစ်ဖက်လုံး ပြောင်ချောသည်။ ရွက်ကြောထင်ရှား၏။ ရွက်နားချောကော လှိုင်းတွန့်အနည်းငယ်ရှိသည်။ ရွက်ညှာတိုတုတ်၏။ နှလုံးပုံသဏ္ဍာန် ရွက်စွယ်နှစ်ခုပါရှိ၏။

## အပွင့်

အလွန်သေးငယ်သော အဖြူရောင်ပွင့်ဖြစ်၏။ အနံ့မွှေး၏။ ပန်းခိုင်ထိပ်တွင် ပန်းပွင့်များ စုပြုံ၍ထွက်သည်။ ပန်းခိုင်သည် အရွက်၏ အခြားတစ်ဖက်မှ ထွက်သည်။ ပွင့်ညှာတိုသည်။

## အသီး

အချင်း ၂လက်မခန့်ရှိ၏။ ရှည်မျောမျောပုံဖြစ်သည်။ အသီးခွံပါး၍ ပြောင်ချော၏။ အသီးမျက်နှာပြင်ပေါ်ရှိ ဗဟုဂံပုံအကွက်လေးများတွင် ပန်းပွင့်အရာများ မျက်စိသဖွယ် ကျန်နေသည်။

## အသုံးဝင်ပုံ  အာနိသင်

မြန်မာဆေးကျမ်းများအလိုအရ ရဲယိုရွက်သည် ခါး၏။ စဉ်းငယ်ပူ၏။ လေနှင့် ဝမ်းကို ရှင်စေတတ်၏။ သွေးကို တက်ကြွစေ၏။ ရဲယိုသီးသည် ပူစပ်သော အရသာရှိ၍ အနည်းငယ် ချဉ်၏။ သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့ကို နိုင်၏။ အစာမကြေ၊ လေနာ၊ သည်းခြေနာတို့ကို နိုင်၏။

## အရွက်အသုံးပြုပုံ

(၁) ရဲယိုရွက်ကို ပြုတ်၍ တို့စားလျှင် လေချုပ်ရောဂါ၊ ဝမ်းဗိုက်နာရောဂါ၊ အာခေါင်ပူလောင်သော ရောဂါ၊ သည်းခြေဖောက်ပြန်သော ရောဂါနှင့် သွေးတိုးရောဂါ ပျောက်၏။

(၂) ရဲယိုရွက်ကို ငါးမြွေထိုးအသားနှင့် ပြုတ်၍ သုပ်စားလျှင် ပင်လယ်အူနာ ပျောက်သည်။

(၃) ရဲယိုရွက်ကို သုပ်စားပါက နို့ချောင်းပိတ်ရောဂါ၊ နို့ရည်ခန်းရောဂါ၊ သကျည်းကိုက်ရောဂါ၊ ဝမ်းရစ်နာခြင်းနှင့် နာခေါင်းသွေးလျှံခြင်းတို့ကို ပျောက်စေ၏။

(၄) နှလုံးရောဂါ၊ သွေးသွန်ရောဂါနှင့် ဆီးချိုရောဂါများအတွက် ဒန့်သလွန်ရွက်နှင့် ဟင်းချိုချက်သောက်က ပျောက်စေ၏။

## အသီးအသုံးပြုပုံ

(၁) ပျားရည်နှင့် ခေါက်စားလျှင် ချောင်းဆိုးရောဂါနှင့် ပန်းနာကို ပျောက်စေသည်။

(၂) ရဲယိုသီးမှည့်ကို ထန်းလျက်နှင့် စားသော် အစာမကြေရောဂါ ပျောက်၏။


(၃) အသီးနုကို ပြုတ်၍သုပ်စားက လေထိုး လေအောင့်နှင့် သွေးတက်ရောဂါ ပျောက်၏ ■

* * *

နှောင်းသစ်

Ref: photo by google search

မြန်မာ့ဆေးဖက်ဝင်အပင်များ






www.burmeseclassic.com

www.burmeseclassic.com

# အောက်စက်တော်ရာ အဓိဋ္ဌာန်ဝင် ဂါထာတော်နှင့် မိုးကောင်း ဆုတောင်းပြည့် နဂါးရုံဘုရား

စမမောင်



မန်းရွှေစက်တော်ဘုရားပွဲကြီးမှာ ခြိမ့်ခြိမ့်သဲ ကျင်းပလျက်ရှိနေပေသည်။ နွေရာသီအတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများဖြင့် အထူးစည်ကားလျက်ရှိသည်။


စာဖတ်သူတို့အနေဖြင့် မန်းစက်တော်ရာသို့ ဘုရားဖူးရောက်ဖြစ်ခဲ့ပါက အကျိုးထူး အဓိဋ္ဌာန်ပွားများနိုင်အောင် ဓမ္မဒါနကုသိုလ် မျှဝေပေးချင်ပါသည်။

အောက်စက်တော်ရာနှင့် မနီးမဝေး အတွင်းပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆောင်ဘေးတွင် နဂါးရုံရုပ်ပွားတော်တစ်ဆူ တည်ရှိပါသည်။ မိုးကောင်းဘုရားဟုလည်း ခေါ်ကြပါသည်။ အောက်စက်တော်ရာအနောက်ဘက်ရှိ ကျောက်တုံးတစ်တုံးကို နဂါးရုံဘုရားအဖြစ် ထုလုပ်ပူဇော်ထားခြင်းဖြစ်သည်။ ထိုနယ်တစ်ဝိုက်သည် မိုးခေါင် ရေရှားဖြစ်၍ ရွှေစက်တော်၌ အဓိဋ္ဌာန်ဝင်စဉ် အိပ်မက်အရ တည်ထားခဲ့ပြီးသောအခါ တစ်နယ်လုံး မိုးကောင်းစွာ ရွာခဲ့သောကြောင့် "မိုးကောင်း ဆုတောင်းပြည့်ဘုရား"ဟု အမည်တွင်ခဲ့ခြင်းဖြစ်ပါသည်။

နဂါးရုံရားမှာ ကန်တော့ပွဲပေးပြီး အဓိဋ္ဌာန်ဝင် ဆုတောင်းပါက ဆုတောင်း တကယ်ပြည့်ပါသည်။ စာဖတ်သူများ မန်းစက်တော်ရာသို့ ရောက်ခဲ့ပါက မိုးကောင်းဘုရားမှာ ပွဲပေးပြီး အဓိဋ္ဌာန် ဆက်ဆက်ပြုပါဟု တိုက်တွန်း နှိုးဆော်ချင်ပါသည်။

ဓမ္မဒါနအဖြစ် နောက်တစ်ခု မျှဝေပေးချင်တာကတော့ အောက်စက်တော်ရာ ဂါထာတော်ပင် ဖြစ်ပါသည်။ အောက်စက်တော်ရာရှိ ကျောက်စာမှ ရှာဖွေတွေ့ရှိသော ဂါထာတော်ပင် ဖြစ်ပါသည်။

**အောက်စက်တော်ရာ ဂါထာတော်**

နန္ဒိတံ နာဂ ရာဇူဘိ၊ တရင် ဘာယဝဋ္ဋိတံ။
ဂုဟာနစ္စာ သဏ္ဍာပေန္တံ၊ ထာပေပါဒဝလဉ္ဇနံ။
ပုညေနာနေန သဗ္ဗမှိ၊ သမိဇ္ဈတု ယထိစ္ဆိတံ။ ။

**အနက်**

**နာဂရာဇူဘိ** - နမ္မဒါ နဂါးမင်းတို့သည်၊ **နန္ဒိတံ** - နှစ်သက်အပ်သော၊ **ဂုဟာနစ္စာ** - ခက်ခဲလုံခြုံသော နမ္မဒါမြစ်နား၌၊ **တရင်ဘာယဝဋ္ဋိတံ** - လှိုင်းတံပိုးဘေး ကင်းသော၊ **ပါဒဝလဉ္ဇနံ-** ရွှေစက်တော်ရာကို၊ **သဏ္ဍာပေန္တံ** - ကောင်းစွာထားတော်မူခဲ့သော မြတ်စွာဘုရားကို၊ **ထာမေ** - ရှိခိုးပါ၏။ **အနေန ပုညေန** - ဤသို့ ရှိခိုးသော ကောင်းမှုကြောင့်၊ **သဗ္ဗမှိ** - အလုံးစုံသော ဆုသည်လည်း၊ **ယထိစ္ဆိတံ** - အလိုရှိတိုင်း၊ **သမိဇ္ဈတု** - ပြည့်စုံပါစေသတည်း။

ဂါထာတော်ကို အာရုံပြု ရွတ်ဆိုပြီး ပုတီးစိပ်ရပါမည်။ ဂါထာတစ်ပုဒ်ဆုံးလျှင် ပုတီးတစ်လုံးချပါ။ ပုတီးကိုးပတ်ပြည့်အောင် စိပ်ပြီး အဓိဋ္ဌာန်ဝင်နိုင်ပါသည်။

သတ္တဝါအားလုံး ဘေးရန်ကင်းပြီး ကောင်းသော လိုအင်ဆန္ဒများ ပြည့်ဝနိုင်ကြပါစေ ■

* * *

စမအောင်




www.burmeseclassic.com

www.burmeseclassic.com

# ချိုးဖြူ သာသနာပြုဆရာတော် မိန့်ဆိုသော သိကြားမင်းပွဲ ဓနသိဒ္ဓိဓာတ်ဖွင့်နည်း


အောင်ကောင်းမြ (သာကေတ)





www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်စာရေးသူသည် ၂၀၁၄ ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် ချိုးဖြူသာသနာပြုစခန်းတွင် ကိန်းဝပ်စံပယ်တော်မူနေသော ရှေးဟောင်းသမိုင်းဝင် သိုက်ဘုရားကိုးဆူ ကြွတော်မူရာ ရန်ကုန်မြို့ရှိ နေအိမ်တစ်အိမ်သို့ ရောက်ရှိခဲ့ပါသည်။ ထို ဘုရားကိုးဆူကို ချိုးဖြူ သာသနာပြုစခန်း၊ ရန်ကုန်မြို့ စာပေလောက-၅၊ မှုပ္ပလင် ကျောက်ထုတ်အလုပ်စခန်း "ဂုဏ်ထူး စာပေတိုက်"နေအိမ်တွင် လေးကြိမ်လေးခါ ဖူးမြော်ကြည်ညိုခွင့် ရရှိခဲ့ပါသည်။ ယခု ပဉ္စမအကြိမ်မြောက်အဖြစ် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် Power-7 ကုမ္ပဏီရုံးခန်းတွင် ဖူးမြော်ခွင့်ရခြင်းဖြစ်သည်။

ထို သိုက်ဘုရားကိုးဆူ ကြွတော်မူတိုင်း ချိုးဖြူ သာသနာပြု ဘဒ္ဒန္တအဂ္ဂသာရ (အဖေကြီး ဦးအေးဖေ (M.A. B.L) )ကိုယ်တော်တိုင် ကြွရောက်တော်မူပြီး ဘုရားရှိခိုး၊ သီလခံယူ၊ မေတ္တာပို့ ဆုတောင်းမှုများကို ရှေ့မှ တိုင်ပေးပါသည်။ ချိုးဖြူ သာသနာပြုဆရာတော်အား တပည့်အများစုက ယခင်က ခေါ်ဆိုကြသည့်အတိုင်း အဖေကြီး ဦးအေးဖေ (အဖေကြီး)ဟု နှုတ်ကျိုးနေသည့် အမည်နာမအတိုင်း ခေါ်ဆိုလေ့ရှိပါသည်။

အဖေကြီး ဦးအေးဖေသည် သက်တော် ၉၀ နီးပါးရှိပြီဖြစ်သော်လည်း မြန်မာပြည်သူပြည်သားများ ကပ်သုံးပါးမှ ကျော်လွှတ်စေပြီး စီးပွားဥစ္စာတိုးတက်စေရန်၊ ကောင်းကျိုးသုခများ ခံစားရရှိကြစေရန်၊ ငြိမ်းချမ်းစေရန် ရည်ရွယ်၍ အပင်ပန်းခံ ကြွရောက်ပြီး သာသနာပြုလျက် ရှိပါသည်။ ချိုးဖြူ သာသနာပြုစခန်းတွင်လည်း ဓာတ်ကြီးလေးပါး ဆွမ်းတော်ကပ်ခြင်း၊ ဘိုးတော်သိကြားမင်းပွဲလှူခြင်းဖြင့် သားတော်များစေတီ၊ ဝင့်ကြွေးတော်ပြေစေတီ၊ ကောင်းမှုတော်စေတီများ တည်ထားကိုးကွယ်တော်မူပြီးဖြစ်သည်။ ယခုတစ်ဖန် ခင်ပွန်းကြီးဆယ်ပါး ရုပ်ထုတော်များ တည်နေပါသည်။ အဖေကြီးသည် ခုနစ်နေ့သားသမီးများကို တရားရေအေး အမြိုက်ဆေးတိုက်ကျွေးတော်မူသည့်အပြင် လောကီအဆောင်များလည်း ချီးမြှင့်ပေးပါသည်။

ယခုတစ်ခေါက်တွင် သိကြားမင်း ပွဲလှူနည်းအကြောင်း မိန့်ဆို ရှင်းပြပေးသည်။ လောကတွင် သာသနာပြုလုပ်ငန်းဖြစ်စေ၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးကိစ္စတွင် ဖြစ်စေ မနဥစ္စာ အရေးကြီးပါသည်။ သမ္မာအာဇီဝဖြင့် ရရှိသော လာဘ်လာဘကို ရရှိဖို့ လိုအပ်ပါသည်။ ဗုဒ္ဓဘာသာဝင်များ အနေဖြင့် အလှူဒါနကို ဝါသနာပါသည့် စေတနာ သဒ္ဓါတရားအားကောင်းကြသည်။ အချို့လည်း မရှိလို့ မလှူ၊ မလှူလို့ မရှိသကဲ့သို့ ကြုံတွေ့နေရသည်။ ထို့ကြောင့် စားဝတ်နေရေးလည်း အဆင်ပြေ၊ မိမိပြုလုပ်လိုသော ကုသိုလ်ဒါနလည်း ဆောင်ရွက်နိုင်ကြစေရန် ဓနသိဒ္ဓိဓာတ်ဖွင့်နည်း ချီးမြှင့်ပါသည်။


## သိကြားမင်းပွဲ (ဓနသိဒ္ဓိ ဓာတ်ဖွင့်နည်း)

ခြင်းတောင်း(ပလတ်စတစ်တောင်း၊ ပြည်တောင်းပုံစံ) တစ်ခုထဲမှာ သဘော်သီးစိမ်းတစ်လုံး၊ သခွားသီး ရှစ်လုံး ထည့်လှူရမည်။ ရှေ့တွင် သိကြားမင်းဓာတ်ပုံ၊ စမပုံ တစ်ခုခု ထားရမည်။ (အဖေကြီးမှ သိကြားမင်း စမပုံလည်း ချီးမြှင့်သည်။) ထိုသို့ ထည့်လှူပြီး ကနက္ကဒါန် ထီးဖြူ (သို့မဟုတ်) ငွေရောင်ထီးတစ်လက် ဖွင့်လှူပေးပါ။ ပြောဆိုရမည်မှာ "သာသနာပြု သိကြားမင်းကြီးဘုရား··· သဘော်သီးသည် မဂ္ဂင်ဖောင်ပါ ဘုရား။ သခွားသီး ရှစ်လုံးသည် ကြိုဟ်ရှစ်ခွင်ပါ ဘုရား(သဘော်သီးသည် အုန်းသီးပုံစံနှင့် တူပြီး၊ သခွားသီးမှာ ငှက်ပျောသီးပုံစံနှင့် တူသည်)။ ဤကန်တော့ပွဲကို



www.burmeseclassic.com

www.burmeseclassic.com



လှူဒါန်းပါ၏။ သိကြားမင်းကြီး အလှူခံပါ။ တပည့်တော်သည် သိကြားမင်းကြီးကို ပန်ကြားချင်ပါသည်။ သိကြားမင်းစာတ် ချီးမြှင့်ပေးပါ။ သိကြားမင်းကြီး သာသနာပြုသကဲ့သို့ အတူ ပြုချင်ပါသည်။ တပည့်တော်တို့ အရွယ်ရောက်ပါပြီ သာသနာ ပြုခွင့် ပေးပါ။ ခနဉစ္စာများ ကြွယ်ဝအောင် ဆောင်ရွက်ပေး တော်မူပါ။ အချိန်တန်ပါပြီ။ (နာမည်နှင့် နေ့နံပါ ထည့်ပြော ပါ။) သို့ပါ၍ သိကြားမင်းကြီးမှ ခနသိဒ္ဓိစာတ်ဖွင့်ပေးပါ။ အလှူ ဒါနများ ပြုပါမည်။ စသည်ဖြင့် ပြောဆိုလျှောက်ထားပါ။ မာန်နှင့် ပန်နှင့် ပြောဆိုလျှောက်ထားပါ။

မည်သည့်နေ့ အချိန်မဆို စတင် ဆောင်ရွက်နိုင်သည်။ သဘော်သည် (၆+၅) တစ်ဆယ့်တစ်မီး ငြိမ်းသည်။ သပြေ ညွှန့်နှင့် တူသည်။ သပြေညွှန့်ကို အောင်အိုးလည်း လှူထား နိုင်သည်။ ဟန်+ပန် = ၆+၅ ဖြစ်၏။ သကြား(၆+၂=၈) မဂ္ဂင်ရှစ်ပါး၊ လောကခံရှစ်ပါး၊ ဂြိုဟ်ရှစ်ခွင်ဖြစ်သည်။

သဘော်သီးနှင့် သခွားသီးကို မှည့်သည်အထိ ထားနိုင် သည်။ သဘော်သီးပေါ်မှာ ဖယောင်းတိုင်တင်ထွန်း၍ရသည်။ ဘေးမှာ အမွှေးတိုင်၊ ဖယောင်းတိုင် သီးသန့် ပူဇော်နိုင်သည်။ အဓိကမှာ သဘော်သီးနှင့် သခွားသီး လုပသေသပ်အောင် လှူဒါန်းဖို့သာ ဖြစ်သည်။ ထီးမပါဘဲလည်း လှူ၍ရသည်။

သဘော်သီး၊ သခွားသီး အရောင်ဝါလာလျှင် စွန့်ပြီး အိမ်သူ အိမ်သားတွေ စား၍ရသည်။ ချိုးဖြူ သာသနာပြုစခန်း၌လည်း အဖေကြီး စာတ်နန်း၌ အမြဲလှူထားတာ တွေ့ရပါသည်။

ထို့ကြောင့် အဖေကြီး ဦးအေးဖေ(ချိုးဖြူ သာသနာပြု ဆရာတော် အရှင်အဂ္ဂသာရ)၏ သာသနာပြုလုပ်ငန်းများ ဘိုးတော် သိကြားမင်းအကူအညီဖြင့် အောင်မြင်နေသည်ဟု ယုံကြည်သည်။

### ဘိုးသိကြားဂါထာ

ဥုံ - အရဟံ အသောကာဝ၊
ဝိဇ္ဇာစရဏာ သမ္ပန္နံ၊
မဟန္တံ ဝိသာရဒတံ၊
ဩောင်း•••ကုန္ဒိဝိဒံ ဒိဗ္ဗသောတံ၊
ပရိစိတ္တ ဝိဇာနန္နံ၊
ပုဗ္ဗေနိဝါ သာနုဿတိ၊
ဒိဗ္ဗစက္ခုတိ ပဥ္စာ၊
အာသဝက္ခယာ ဝဟံဟောတု။ ။

ဤဂါထာကို အမြဲရွတ်ဖတ်ပါ။ အန္တရာယ်ကင်း၍ စီးပွားလာဘ်လာဘ တိုးတက်စေ၏။

ကျွန်ုပ် စာရေးသူအနေဖြင့် သိကြားမင်း ပွဲလှူပြီးသော အခါ အင်္ဂပူ ကွင်းကောက်ရှိ ပထမံဝိဇ္ဇာအရှင်မြတ်ကြီး ဆရာလှိုင်၏ ပူဇော်ပွဲ၊ စမတောင် သာသနာပြုစခန်း၊ ကျိုက် ထီးရိုးဘုရားသို့ သွားရောက်နိုင်ပြီး သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခွင့် ရရှိပါသည်။

စာဖတ်ပရိသတ်များအနေဖြင့် သိကြားမင်းပွဲတစ်ပွဲ လှူဒါန်းသင့်ပါသည်။ ဆရာကြီး မင်းသိခ်ကလည်း အခက်အခဲ ရှိပါက သိကြားမင်းပွဲ လှူခိုင်းပါသည်။ ငှက်ပျောသီးတစ်လုံး အခွံနွှာကာ သကြားဖြူးပြီး ထီးဖြူမိုး၊ ဖယောင်းတိုင် စိုက်လှူ ခိုင်းပါသည်။ သိကြားမင်းစမကို လိုတိုင်းရ၍ ဆောင်ထားကြ သည်။ ဤနည်းမှာလည်း ကိုယ်တွေ့ အကျိုးထူးသော နည်း ဖြစ်၍ ပြန်လည်ရေးသား ဖော်ပြလိုက်ရပါသည် ■

* * *

အောင်ကောင်းမြဲ(သာကေတ)



www.burmeseclassic.com

www.burmeseclassic.com



# မှိုနာပျောက်ဆေးနည်း

ဦးကိုလေး(ထန်းတပင်ဇီးကုန်း)

ကျွန်တော်ကိုယ်တိုင် တွေ့ကြုံ ခံစားရဖူးသော မှိုနာရောဂါအကြောင်းကို အများသိရှိ ပျောက်ကင်းစေလိုသော စေတနာဖြင့် ရေးသားဖော်ပြလိုက်ပါသည်။

ကျွန်တော်သည် ဆံပင်နက်ဆိုးဆေးများကို ဆိုးလေ့ရှိပါသည်။ ယင်းဆေးဖြင့် ဓာတ်မတည့်သည်ဟု ထင်ပါသည်။ တစ်နေ့ ကျွန်တော်၏ ဦးခေါင်းညာဘက် ချိုစောင်းပေါ်တွင် မနာမကျင်ဘဲ သွေးမျှင်ကဲ့သို့ အချောင်းတစ်ချောင်းထွက်ပေါ်လာပါသည်။

ကျွန်တော်ဦးခေါင်းကို လက်ဖြင့် စမ်းကြည့်ပြီး စိုးရိမ်ထိတ်လန့်သွားပါသည်။ ကျွန်တော်ဆေးခန်းတစ်ခန်းမှ ဆရာဝန်ကို သွားပြကြည့်ရာ ဆရာကြီးမှ···

"ဦးကိုလေး မပေါ့နဲ့။ ဒါ အရေးကြီးတယ်။ မှိုနာလို့ခေါ်တယ်။ ကျွန်တော်နဲ့ ရင်းနှီးတဲ့ မြန်မာသမားတော်ကြီး ရှိတယ်၊ လာ-လိုက်ခဲ့"

ဟု ခေါ်သွားပါသည်။

မြန်မာသမားတော်ကြီးမှ ဦးခေါင်းကို သေချာစွာ ကိုင်ကြည့်ပြီး···

"ဆရာကြီး ဦးပေါ်ထွန်းပြောတာ ဟုတ်တယ်၊ ကျွန်တော် ဆေးနည်းပြောပြလိုက်မယ်"

ဟု ဆိုကာ ဆေးနည်းကို အောက်ပါအတိုင်း ပြောပြလိုက်ပါသည်။

"အရက်ဦးရည်စစ်စစ်ကို ဝယ်ပါ။ မန်ကျည်းပနီခေါက်ကို ခွာပါ။ ကျောက်ပျဉ်သန့်သန့်ပေါ်တွင် မန်ကျည်းပနီခေါက်ကို အရက်ဦးရည်ဖြင့် သွေးပါ။ အနာရင်းနေရာတွင် လိမ်းပေးပါ။ အနာရင်းနေရာတွင် အပ်ချည်ကြိုးဖြင့် ခပ်တင်းတင်းစည်းပေးပါ။ အနာပြုတ်မထွက်မချင်း လုပ်ပေးပါ။

ကျွန်တော်သည် ဆရာ ညွှန်ပြသည့်အတိုင်း ပြုလုပ်ရာ လေးငါးရက်လောက်အကြာတွင် အရင်းမှ ပြုတ်ထွက်သွားသည်ကို တွေ့ရပါသည်။ လွန်ခဲ့သော ၅နှစ်ခန့်က ဖြစ်ခဲ့တာပါ။ ယခုအချိန်အထိ ပြန်မဖြစ်တော့ပါ။ ဒါ ကျွန်တော့်ကိုယ်တွေ့ဖြစ်ပါသည်။

ကျွန်တော်ကို ကူညီခဲ့သော ဆရာကြီး ဦးပေါ်ထွန်းနှင့် ဆေးနည်းပေးခဲ့သော အမည်မဖော်လိုသူ မြန်မာသမားတော်ကြီးအား ဤစာမှုဖြင့် ကျေးဇူးတင်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ပါသည် ■

* * *

ဦးကိုလေး(တန်းတပင် ဇီးကုန်း)




www.burmeseclassic.com

www.burmeseclassic.com

# သံယောဇဉ်ရစ်ပတ်နွယ်

ဒီပဲယင်းမောင်နိုး



www.burmeseclassic.com

www.burmeseclassic.com

အသက် ၉၁နှစ်အရွယ်ရှိ ဖခင်ကြီးကို ဗဟိုရ်စည် အထူးကုဆေးရုံ အထူးခန်းတစ်ခန်းထဲမှာ ကိုလေးတို့ ညီအစ်ကို သုံးယောက်တင်ထားကြပြီး ဆေးကုပေးနေကြပြီ။

ဒီအသက်အထိ ဖခင်ကြီး နာမကျန်းဖြစ်တာမရှိခဲ့။ မှတ်မှတ်ရရ အသက် ၈၀ ပြည့်တုန်းက အူကျနေလို့ ပုဂ္ဂလိကဆေးခန်းမှာ ခွဲစိတ်ကုသမှု ပြုခဲ့ဖူးတာ တစ်ကြိမ်ပဲ ရှိတယ်။ အခုလည်း လူအိုနာနဲ့ ဆေးပြင်းလိပ်ဒဏ် ပူးတွဲထိုးနှက်တာ ခံရလို့ ဆေးရုံတင်ဖို့ အကြောင်းပေါ်လာတာပါ။

အထူးကုဆေးရုံရဲ့ ထုံးစံအတိုင်း စမ်းသပ်ကြည့်တဲ့အခါ သွေးတိုး၊ သွေးချို၊ နှလုံး၊ ဆီးချို၊ ကျောက်ကပ်၊ အစာအိမ် အူလမ်းကြောင်း၊ အသည်း၊ အဆုပ် ဘာရောဂါမှ မတွေ့ဘူးတဲ့ဗျူ။ တစ်ခုပဲ။ သွေးကြောကျဉ်းနေတာ၊ နည်းနည်းပိတ်လာတာကို လက်ဝဲတက်ပေါင်လုံးမှာ တွေ့ရပါတယ်။ အကျိုးဆက်ကတော့ လက်ဝဲ ခြေဖမိုးဖောင်းတက်လာတာ၊ ရောင်အန်းနေတာပေါ့ဗျာ။

ဖခင်ကြီးနဲ့ အတူနေ ကိုကြီးက အဲဒါကို ပဲခူးမြို့မှာ မကုချင်လို့လေ။ ရန်ကုန်နေ ညီထွေး၊ ကိုလေးနဲ့ တိုင်ပင်ကြည့်တော့ အဆက်အစပ် မိတ်ဆွေ ဆရာဝန်ရှိတဲ့ ဗဟိုရ်စည်မှာ တင်ဖြစ်၊ ကုဖြစ်သွားတာပေါ့။ အထူးနာ့စ်ကို နေ့တစ်ယောက်၊ ညတစ်ယောက် အငှားခေါ်လိုက်တယ်။

စက်မှုအငြိမ်းစား ကိုကြီးနဲ့ ယူအင်(န်)ဝန်ထမ်း ညီထွေးက ညတာဝန်။ ညီထွေး ဇနီးနဲ့ ဘဏ္ဍာအငြိမ်းစား ကိုလေးတို့က နေ့တာဝန် အသီးသီးယူထားကြတယ်။ ညတာဝန် နှစ်ယောက် ဆေးရုံကမထွက်မီ မနက် ၇နာရီဝန်းကျင်ရောက်အောင် ကိုလေး လာရမယ်။ ညီထွေးဇနီးက နေ့လယ်စာအမီ လူနာ ထမင်းချိုင့် ယူလာရမယ်။ ညနေပိုင်း ကိုလေးပြန်တဲ့ အခါ ညီထွေးဇနီးက ညတာဝန် နှစ်ယောက် ရောက်လာချိန်အထိ စောင့်နေရမယ်။

"သားလတ်… ဖေဖေ့ကို ဘီသုံးလုံးတစ်လိပ်နဲ့ မီးခြစ်ပေးစမ်းကွာ"

ညီထွေးဇနီး မလာသေးမီ ဖခင်ကြီးက ကိုလေးကို ပူဆာလိုက်တာပါ။ ပဲခူးအိမ်မှာ ဆရာဝန်ပင့်ပြီး ဆေးကုခဲ့စဉ်က ဆေးလိပ်မဖြတ်ခဲ့ပါ။ အခုက ပညတ်ချက်ထုတ်ထားတဲ့ ဆေးရုံမှာလေ။

"ဖေဖေ… မဖြစ်ဘူး ထင်ပါတယ်။ ဆရာဝန်ကြီး သိသွားရင် ဖြေရှင်းရခက်နေမယ်"

"မခက်ပါဘူး သားရယ်။ သိသွားတော့ ဝန်ခံလိုက်ရုံပေါ့ကွာ။ တစ်ရှူတစ်ရှိုက်ပဲလေ"

လူနာက မခက်၊ တစ်ရှူတစ်ရှိုက် ပေမယ့် လူနာစောင့်က ကြားနှစ်ကြားမှာ ခက်နေတာ။ လူနာ အာရုံပြောင်းသွားအောင်၊ စကားလမ်းကြောင်း အသစ်ထွင်ရမယ်။ ပရိယာယ် ဆင်ရမယ်။

"ဖေဖေ… သားတို့ မမြင်လိုက်တဲ့ အဘိုးဟာ ဝိဇ္ဇာဆိုတာ ဟုတ်လားဟင်"

"ဝိဇ္ဇာ…ဟုတ်လား။ သားလတ်ကို ဘယ်သူက ပြောပြထားတာလဲ"

"ဘယ်သူရှိရမှာလဲ၊ ဦးလေးသင်းဝေ ပဲပေါ့။ ဝိဇ္ဇာမဟုတ်လို့လား ဖေဖေ"

"အင်း…၊ သင်းဝေ…သင်းဝေ၊ သူက သူ့အစ်မကြီးတွေ ပြောကြတာကို တစ်စွန်းတစ်စပဲ ကြားရပြီး အမှတ်အသားမှားခဲ့တာကွ။ ဝိဇ္ဇာဟုတ်မဟုတ်က ဆုံးဖြတ်ရခက်ပါတယ်"

ပရိယာယ် အရှိန်တက်တုန်း စကားဆက်လေးနဲ့ တွန်းအားပေးလိုက်ဦးမှ။

"ဖေဖေ… ဆုံးဖြတ်ရခက်တဲ့ အထိ ဝိဇ္ဇာနဲ့ ပတ်သက်တဲ့ ကိစ္စတွေ ရှိနေခဲ့တာလား"

"အေး၊ အင်္ဂလိယ ပညာပေါ့ကွာ။ သားတို့အဘိုးက ဝါသနာအားကြီးလွန်းလို့ သူ့ခြံထဲမှာ ဖိုရုံဆောက်ထားပြီး အားပါးတရလိုက်စားခဲ့တာလေ"

"သူ့ခြံဆိုတာက ဖေဖေတို့ နေတဲ့ ငှက်အော်စမ်း အိမ်ဝိုင်းခြံလား။ တခြားခြံဝိုင်းလား"

"သားတို့အဘိုးက ဒလ တောကြီးတန်းထဲမှာ ခြံမြေတွေ ဝယ်ယူပြီး ဝါးမျိုးစုံ စိုက်ပျိုးရောင်းချလို့ စီးပွားဖြစ်ထွန်းခဲ့တာ။ ကေအမျှားကြီး ပိုင်ဆိုင်လာချိန်မှာ အဲဒီဝါးခြံထဲမှာပဲ ဖားဖိုမျိုးစုံ၊ လုံအိုးမျိုးစုံနဲ့ တစ်ရက်ကုန် တစ်ရက်ကူး၊ တစ်လကုန်၊ တစ်နှစ်ကုန်ဆိုသလို အလုပ်များနေခဲ့တာလေ။ သွပ်တစ်မျိုး၊ ပြဒါးတစ်မျိုး သီးခြားစီလုပ်ကိုင်ရာက ပြဒါးသေတဲ့ ဓာတ်လုံး တစ်လုံး အောင်မြင်လာတဲ့အထိပေါ့ကွာ"

"ဖေဖေ… ပြဒါးသေတော့ တစ်ဆွေ့ဝတာပေါ့နော်။ အဲဒီဓာတ်လုံး ဖေဖေမြင်ဖူးလား"

"နွေကျောင်းပိတ်ရက်ကုန်ခါနီး ဝါးခြံထဲ အလည်သွားတုန်းက သားတို့အဘိုး စိတ်လိုလက်ရောက် ကတ္တီပါအိတ်ရှူ့အပေါက်ဝမှာ ကြည့်ရ မြင်ရဖူးတယ်။ ဓာတ်သနမှာစိုးလို့ မကိုင်ရ





www.burmeseclassic.com

www.burmeseclassic.com

ဘူးတဲ့"

"မကိုင်ရတော့ ဖေဖေက ငြိမ်နေတာလား။ တစ်ခွေဝဖို့ကိစ္စ မမေးမိဘူးလား"

"မေးလိုက်တာပေါ့ကွယ်၊ ဒါပေမယ့် အဖြေမရခဲ့ဘူး။ တန်ဆောင်မုန်းလပြည့်နေ့ရောက်ရင် ဓာတ်လုံးနဲ့ တကွ ထုံကူးအဓိဋ္ဌာန် ဝင်ရမယ်လို့ပဲ ပြောခဲ့တာကွ။ ခက်သွားတာက အဲဒီလပြည့်နေ့အလွန်မှာ သားတို့အဘိုးကို ရှာမတွေ့တော့တာ၊ ပျောက်နေခဲ့တာ ကနေ့အထိပဲလေ"

ဖခင်ကြီး နှုတ်ဆိတ်သွားပြီ။ ကိုလေးက ကြိုးစားပမ်းစားမေးပေမယ့် မဖြေတော့ပါ။

"ဖေဖေ ဆေးလိပ်သောက်ချင်တယ်ကွ။ သားလက် ဝယ်ပေးမှာလား"

ဖခင်ကြီး အာရုံက ဓာတ်လုံးအစား ဆေးလိပ်အပေါ် ရောက်သွားပြီ။ ဆရာဝန်စကားအတိုင်း ပြောမယ် စိတ်ကူးပြီးမှ ထူးခြားဆန်းပြားတဲ့ ဖြစ်ရပ်များကို သိလိုစိတ်၊ စူးစမ်းချင်စိတ်နဲ့ အပေးအယူတစ်ခုပြုမိပါရဲ့။ ဖခင်ကြီးရဲ့ ငယ်ရွယ်ဘဝကို ပြောပြရင် ဆေးလိပ်ဝယ်ပေးမယ်။

◈◈◈

ဖခင်ကြီးက ကော့မှူးမြို့နယ်၊ ငှက်အော်စမ်းရွာ ဇာတိ။

ဒေသခံ မွန်ဗမာလူမျိုး။ လယ်ယာခြံမြေပိုင်ရှင်မျိုးရိုးမှ ဆင်းသက်လာတာပါ။ ငွေကြေးဓန ပြည့်စုံကြွယ်ဝတဲ့ ဝါးခြံပိုင်ရှင် မိဘများက သမီးကြီးနှစ်ယောက်၊ သားငယ် နှစ်ယောက် မွေးဖွားခဲ့တာလေ။ သားအကြီးက ဖခင်ကြီး။ သားငယ်က ဦးလေး သင်းဝေ။ သားနှစ်ယောက်ကို ရွာမှာပဲ ဖွင့်ထားတဲ့ အင်္ဂလိပ်ကပြား ခရစ်ယာန်ကျောင်းမှာ အပ်နှံပြီး ပညာသင်စေခဲ့ပါတယ်။

ဓာတ်လုံးနဲ့ အဘိုး ပျောက်ကွယ်သွားပြီးနောက်မှ အဘွားက ဆုံးပါးသွားပါသတဲ့၊ အဘွား မဆုံးပါးခင် သမီးကြီး နှစ်ယောက်ကို အိမ်ထောင်ချပေးသွားတယ်။ အကြီးမကို ရန်ကုန်က အင်္ဂလိပ်အင်ဒီးယန်းကပြား သူဌေး၊ ရွာက ကော်ပတ်(ရာဘာ)ခြံများပိုင်ရှင်နဲ့ စီစဉ်ပေးခဲ့တာ။ အငယ်မကိုတော့ ဒေသခံ ခြံသမားတစ်ယောက်နဲ့ စီစဉ်ပေးပြီး ဝါးခြံအမွေခွဲဝေပေးလိုက်တာ။

ရွာကျောင်း မူလတန်းအဆင့် အောင်မြင်သွားတဲ့ ဖခင်ကြီးကို ရန်ကုန်မြို့ စပတ်(ဗိုလ်အောင်ကျော်)လမ်းမှာ နေတဲ့ အစ်မကြီးနဲ့ ယောက်ဖကြီးက အခေါ်လွှတ်တယ်။ သူတို့က သားတစ်ဦးနဲ့ မခြားအောင် ဖခင်ကြီးကို ချစ်ခင် စောင့်ရှောက်ထားတာပါ။

နောက် စာသင်နှစ်တစ်နှစ်၊ ကျောင်းဖွင့်ချိန်မှာ ဖခင်ကြီးဟာ နောင်ဗိုလ်တထောင် အထက(၆)ခေါ်လာတဲ့ စိန့်ပေါလ်က ကျောင်းသားတစ်ယောက်၊ ဘော်ဒါဆောင်နေသူတစ်ဦးဖြစ်လာပြီလေ။ အလယ်တန်းပညာ သင်ယူလို့ သုံးလေးနှစ်အကြာ အဌမတန်း အောင်မြင်လာပေမယ့် ဖခင်ကြီးက ဝမ်းမသာနိုင်ခဲ့ဘူးတဲ့။ ရည်မှန်းထားတာက ဆရာဝန်ဘဝ။ ရရှိတဲ့ အောင်မှတ်က PREME DICAL ENTRANCE EXAM: ဝင်ဖြေဖို့ မပြည့်မီတော့ ရည်မှန်းချက် လက်လွှတ်ရပြီပေါ့ဗျာ။

ဆေးကုသမှုပညာ၊ ဆေးထိုးအပ်ကိုင်ခွင့်ရှိတဲ့ အတတ်ကို ဖခင်ကြီး သိပ်မြတ်နိုးတာ။

ကြည့်ဦးဗျ။ လူကို မကုရချင်နေပါစေ။ သက်ရှိ သတ္တဝါအသက်ကို ကယ်ဖို့ ကုဖို့အတွက် အာရုံစိုက်ထားလေတော့ တိရစ္ဆာန်ဆေးကု အတတ်ပညာနဲ့ ဆုံဆည်းသွားတာပေါ့။ အင်းစိန်မှာ အစိုးရက ဖွင့်ထားတဲ့ အဲဒီဆေးကုအတတ်သင်ကျောင်း အပ်နှံပေးဖို့ အစ်မကြီးထံ ပူဆာတဲ့အထိ ဖြစ်သွားတယ်။ ဖခင်ကြီး ဆန္ဒပြည့်ဝအောင် သူ့ယောက်ဖကြီးကလည်း အစစအရာရာ ပံ့ပိုးပြီး ဆောင်ရွက်ကူညီပေးရှာတာပါပဲ။

သုံးလေးနှစ်လောက် ပညာသင်ပြီး အဲဒီသင်တန်းကို ပေါက်မြောက်အောင်မြင်တဲ့အခါ တိရစ္ဆာန်ဆေးကုဌာန(မန္တလေး)မှာ VETERINARY ASSISTANT အဖြစ် အမှုထမ်းဖို့ ခန့်အပ် စေလွှတ်ခြင်း ခံရတယ်။ သတင်းသွားပို့တော့ မန္တလေးတိုင်းရုံးက ဖခင်ကြီးကို တိရစ္ဆာန်ဆေးကု လက်ထောက် ဆရာဝန်(V.A)အဖြစ် ဒီပဲယင်းမြို့မှာ နေရာချပေးပါတယ်။

၁၉၃၅-၄၀ ခုနှစ်ဝန်းကျင်ကာလက ဖခင်ကြီးတို့လို အင်္ဂလိပ်စာတတ်၊ အစိုးရဝန်ထမ်း၊ လူပျိုဘဝဟာ လွန်စွာ စန်းထပြီး မျက်နှာပွင့်လန်းပါသတဲ့။ ဒေသခံ ပျိုမေကညာများရဲ့ စိတ်ဝင်စားမှု ခံယူရတဲ့ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဘဝပါပဲ။ သမီးရှင်များကလည်း အဲဒီလူပျိုလေးများကို သမက်တော်ဖို့ မျက်စိကျပြီး လိုလားဖိတ်ခေါ်စိတ် ရှိကြတယ်။ အောင်သွယ်တော်များ စေလွှတ်ပေးပြီး လူပျို အပျို စူးစမ်းလေ့လာခွင့်၊ မျက်မြင် အကဲခတ်ခွင့်ပြုခဲ့ကြတယ်။ အောင်သွယ်တော်နဲ့ တကွ မိကောင်း ဖကောင်းသားသမီးပီသစွာ ဣန္ဒြေရရ၊ သိက္ခာရှိရှိ ဆုံတွေ့ပြောဆိုခွင့်အထိ လိုက်လျောပေးကြပါတယ်။

အမှုထမ်းသက် တစ်နှစ်မပြည့်မီ ဖခင်ကြီးလည်း သူ့စိတ်ကြိုက် အချောအလှ ပျိုမေတစ်ဦးကို "အိုကေ"လို့ အောင်သွယ်မှတစ်ဆင့် ပြောပြခဲ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



သတဲ့။ စကားချင်း ဆက်သွယ်မှု အသွားအပြန် ကူးလူးများပြားတဲ့အခါ အပြန်အလှန် နှစ်ဦးနှစ်ဖက် ကျေနပ် နှစ်သက်နေကြပြီ။ မေတ္တာအပ်ပြီး လက်ထပ်ကြဖို့ ဆွေးနွေးကြတဲ့အဆင့် အရောက်မှာ "တောင်းဆိုမှု လေးခု" ကို သမုဒယ ဖို့မေကညာက အသေအချာတင်ပြလာတယ်။

လူပို့ျဘဝ စွန့်လွှတ်ရမယ့် ဆုံးဖြတ်ချက်ကို ဖခင်ကြီး ချမှတ်နိုင်ဖို့ "ကြမ်းခင်းဈေး" လေးခုအလား စဉ်းစားမယ်ဆိုရင် မမှားပေဘူး။

အဲဒီ လေးခုအနက် သုံးခုဖြစ်တဲ့ အရက်သေရည် သောက်သုံးတာ စွန့်ပစ်ဖို့၊ လောင်းကစားတာ ဖြတ်တောက်ဖို့၊ သက်ဆုံးတိုင် ပေါင်းသင်းပြီး လစာဝင်ငွေ မှန်မှန်အပ်နှံဖို့ ဆိုတာက ကိုယ်ကျင့်သိက္ခာ မြှင့်တင်ရာရောက်လို့ ဖခင်ကြီး ကျေကျေနပ်နပ် လက်ခံခဲ့ပြီးသား။ တကယ်လို့ နှစ်ဦးနှစ်ဖက် သင့်မြတ်သွားခဲ့ရင်လည်း ဒီသုံးချက်က အိမ်ထောင်သည်ဘဝ သာယာစေဖို့ပဲ။

ကျန်တဲ့ တစ်ခုက ပဓာနကိစ္စ၊ ကိုးကွယ်မှုဆိုင်ရာ အယူဝါဒ (ခရစ်တော်ဝါဒကိုစွန့်ပစ်ပြီး ဗုဒ္ဓအဆုံးအမကို ခံယူဖို့)ကိစ္စဖြစ်လေတော့ အလေးအနက်စဉ်းစားဖို့ အချိန်ယူခဲ့မိတယ်တဲ့။

သမုဒယ ဖို့မေကညာကို ခရစ်တော်ဘက် လိုက်ပါလာအောင် ဖခင်ကြီးက ပြောဆိုစည်းရုံးဖို့ အားထုတ်ကြိုးပမ်းကြည့်မလား။ အနေအထားအရ ဒီပဲယင်းမြို့မှာ ခရစ်တော်သာသနာနဲ့ ဘုရားကျောင်း မရှိသေး။ မျက်မြင်အခြေအနေမှာ ဗုဒ္ဓသာသနိက အဆောက်အအုံတွေက မြို့ရိုးနဲ့ ကျုံးပတ်လည်အတွင်းသာမက၊ ပြင်ပမှာပါ အနံ့အပြား အနိုင်အမာတည်ရှိနေတယ်။ သမိုင်းဝင် စာဆိုအကျော်များနဲ့ သာသနာ့ဝင် ဆရာတော်ကြီးများ ထွန်းကားရာ ဇာတိမြို့။ ဒါ့အပြင် ဦးအောင်ဇေယျရဲ့ "ထန်းလုံးတပ်မြို့" မတည်ထောင်ခင် နှစ်ပေါင်း ၅၀၀ ကတည်းက မြန်မာ့စားလက်နက် ထုတ်လုပ်ရာမှာ နာမည်ကြီးတဲ့ မြို့။ ကုန်းဘောင်ခေတ်အစမှ အဆုံးထိ အိမ်ရှေ့စံ မင်းသား၊ စစ်သူကြီး ဝန်ကြီး၊ ပင်တိုင်စံ မင်းသမီးအသီးသီးကို မြို့စား၊ မြို့ဝန်အဖြစ် ခန့်ထားပြီး အုပ်ချုပ်စေခဲ့တဲ့ မြို့လည်း ဖြစ်နေသေးတယ်။

မြန်မာ့ယဉ်ကျေးမှုရိုးရာအသွင်အလျာနဲ့ ဗုဒ္ဓအယူဝါဒ ကိုးကွယ်မှု အစဉ်အလာဟာ နက်ရှိုင်းခိုင်မာလွန်းလေတော့ ငါငင်ရာသို့ သူ မယိမ်းသာပါ။ သူယိမ်းရာနောက် ကောက်ခနဲသာ ငါလိုက်ရမှာပါကလား။ ဇာတိစစ်တော့ ငှက်အော်စမ်း မိဘတွေက ဗုဒ္ဓဘာသာ၊ မွန်ဗမာမျိုးရိုးပါပဲ။ ခရစ်တော်ကျောင်းတက်မိလို့ ခရစ်ယာန်ဘာသာဝင်ဖြစ်သွားရတာလေ။ အခုနေ ဗုဒ္ဓအယူကို လက်ခံဖို့ သဘောတူလိုက်ရင် ဆိုးကျိုးမထင်၊ ကောင်းကျိုးမြင်စရာပဲ ရှိမယ်။ ငါ့မိဘအပါအဝင် ဆွေမျိုးတွေ သိသွားကြရင်လည်း အေးချမ်းချိုသာ လက်ကမ်းကြိုဆိုနေကြမှာပါ။

ဖခင်ကြီးက အဲသလို စဉ်းစားဆုံးဖြတ်ခဲ့ပါတယ်။ အချစ်မပြောင်းတဲ့ အစ်မကြီးတို့လည်း အယူပြောင်းသွားတဲ့ "သားကြီး" ကို ခွင့်လွှတ်ပြီး ဒီပဲယင်းအထိ လိုက်လာကြပါရဲ့။ နှစ်ဖက်မိဘ ညှိနှိုင်းစေ့စပ်ကြပြီးတဲ့နောက် ငှက်အော်စမ်းသား လူညိုထွားနဲ့ ဒီပဲယင်းသူ မေပို့မြှုတို့ရဲ့ မင်္ဂလာပွဲကို သူ့ခေတ်သူ့ကာလအလိုက် ခမ်းနားသိုက်မြိုက်စွာ ကျင်းပ ဆင်နွှဲခဲ့ကြပါတယ်။

◈◈◈

ဆေးရုံတက်လို့ တစ်လလောက်ကြာမှ လူနာ ဖခင်ကြီးကို ကြည့်ရှုအားပေးဖို့ မိတ္ထီလာမြို့နေ သမီးငယ်က သူ့ကိုယ်ပိုင် တိုယိုတာ ကားလေးနဲ့ အပြေးအလွှားလိုက်လာပါတယ်။

အဲဒီနေ့က တနင်္ဂနွေနေ့။ ညတာဝန် နှစ်ယောက်က သူတို့ ညီမလေးရဲ့ လမ်းပြအဖြစ်နဲ့ လိုက်ပါပြီး နေ့ခင်း ၂နာရီလောက်မှာ တစ်ပေါင်းတည်း ရောက်လာကြတာ။ လူနာတစ်ဦးစာ အထူးခန်းထဲက မိဘနှစ်ပါးနဲ့တကွ သားသမီး လေးယောက်၊ အဲ-ချွေးမလည်း ပါဝင်တဲ့ ဆုံဆည်းမှုကြီး။ အင်တာဗျူးပွဲကြီးလို့လည်း ဆိုနိုင်တာပေါ့လေ။

ဗျူးတဲ့ အကြောင်းအရာက သမီးငယ်(ညီမလေး) အရောက်အလာနောက်ကျမှု။

သွက်သွက်လက်လက် မေးခွန်းထုတ်သူက ညီထွေး။ ပြည့်ပြည့်စုံစုံ ဖြေရှင်းပေးနေသူက ညီမလေး။ အိပ်ရာထက်မှာ ထိုင်နေတဲ့ ဖခင်ကြီး၊ ဘေးခုံမှာ နေရာယူထားတဲ့ မိခင်ကြီးတို့က သားသမီးများရဲ့ အမူအရာမြင်ကွင်း၊ အမေးအဖြေ စကားသံတို့ကို ကြည့်ရှုနားဆင်ရင်း လှုံ့ဝေပီတိ၊ အပြုံးကိုယ်စီ ရှိနေကြပြီဗျ။

ညီမလေး အဖြေပေးတာက သူ့အသက် ၅၀ကျော်မှာ လက်မောင်းသား၊ ဝမ်းဗိုက်သား၊ ပေါင်သား အဆီပြင်များ တိုးပွားကာ ဝဖြိုးလာကြောင်း အချိုးမညီတော့တဲ့ ကိုယ်ခန္ဓာကြောင့် လမ်းလျှောက်တဲ့အခါ ဒူးဆစ်နာပြီး၊ အပူအအေးလွန်ကဲတဲ့အခါ အရိုးအဆစ်ကိုက်ခဲတတ်ကြောင်း၊ ဆရာဝန်က ဂေါက်ရောဂါ အမည်တပ်ထားလို့ အခါမလပ် ဆေးစားနေရကြောင်း၊ မကြာခင်က ကိုက်ခဲနာကျင်မှု အား



www.burmeseclassic.com

www.burmeseclassic.com

ကြီးလို့ အိပ်ရာထဲမှာ နေ့-ည အချိန်ကုန်ခဲ့ရကြောင်း၊ အခု ရောဂါသက်သာလာတုန်း ရန်ကုန်ဆင်းနိုင်ခဲ့တာ ဖြစ်ကြောင်း၊ စုံတကာ စေ့နေလို့ ရေပက်မဝင် အပြစ်မမြင်ရ။

ညီမလေးရဲ့ ဖြေရှင်းချက်ကို ခြွင်းချက်တစ်ခုထားပြီး အားလုံးက အတည်ပြုကြတယ်။ ခြွင်းချက်ဆိုတာက မိဘများ မသိစေဘဲ ညီအစ်ကိုသုံးယောက်အနေနဲ့ ညီမလေးကို လျှို့ဝှက်ပေးအပ်ထားတဲ့ တာဝန်။ ခွဲစိတ်ကုသမှုကို ခံယူချင်လာအောင် ဖခင်ကြီးအား စည်းရုံးပြောဆိုဖို့ တာဝန်ပါ။

"ဖေဖေ... ကိုကြီး-ကိုလေးတို့က သမီးကို ပြောတယ်။ ဖေဖေ ခွဲစိတ်ခံဖို့ ငြင်းဆန်တယ်ဆို"

သမီးကို ပြုံးကြည့်နေတဲ့ ဖခင်ကြီးက မျက်နှာတည်သွားပြီး တုံ့ပြန်စကားဆိုလာတယ်။

"ဟုတ်တယ် သမီး။ ဖေဖေ့ ခြေဖမိုး ရောင်အန်းနေတာ လက်ညှိုးထိုးပြပြီး ခြေကျင်းဝတ်၊ ဒါမှမဟုတ် ဒူးဆစ်က ဖြတ်တောက်ပစ်ဖို့ သားကြီးတို့က ကြံစည်ပြောဆိုနေကြတာလေ"

"ဖေဖေ... သားတို့ အဲဒီလို မကြံစည်ခဲ့ဘူးနော်။ ခွဲစိတ်အထူးကုပါရဂူကြီးရဲ့ ဆွေးနွေးချက်အတိုင်း အခြေအနေ အလားအလာကိုသာ ဖေဖေ ဆုံးဖြတ်နိုင်အောင် ပြောပြခဲ့တာပါ"

ကိုကြီးရဲ့ ဖြေရှင်းစကားကို နားထောင်ပြီးမှ ညီမလေးက ပြုံးပြုံးကြီး စကားဆက်တယ်။

"ဟုတ်ပြီ ဖေဖေ။ ကိုကြီးတို့ အပြောနဲ့ ဖေဖေ့စိတ်သဘောအကြားမှာ ကွဲလွဲသွားတာကို သမီးသိလိုက်ပါပြီ။ သမီးသိတာကို ရှင်းပြခဲ့ရင် ဖေဖေ ကြားချင်စိတ်ရှိပါ့မလား"

"ခုနကလည်း နားဆင်ပြီးပြီ။ အခုလည်း နားဆင်မှာပါ။ ကဲ - သမီး ပြောတော့"

"မိတ္ထီလာမှာ ဖေဖေ တာဝန်ထမ်းရွက်ခဲ့တုန်းက ကျောင်းနေဖက်သူငယ်ချင်းများနဲ့ စကားဝိုင်းဆုံတိုင်း သမီးဂုဏ်ယူခဲ့တဲ့ ဖေဖေ့ဂုဏ်ရည် သုံးချက်ရှိခဲ့တယ်။ အလုပ်ခွင်မှာ ဖေဖေ့ရိုးသား ကြိုးစားမှု၊ အကျင့်သိက္ခာ တည်ကြည်ဖြောင့်မှန်မှုနဲ့ မိမိရုံး၊ မိမိအထက်လူကြီးအပေါ် သစ္စာထားရှိမှုတွေက အနိုင်ရပြီး ကလိမ်ကကျစ် လူကြီးညစ်များ နယ်ပြောင်းပြေးသွားကြရတဲ့အထိ အရှုံးပေးခဲ့ကြတာရယ်၊ ဝန်ထောက်မင်း နှစ်ဆက်၊ သုံးဆက်အပေါ် ဖေဖေ့နာမည်ဂုဏ်သတင်းက ကျော်လွှား ထင်ရှားပြီး ပန်းရနံ့မွှေးသလို အနီးအဝေး သင်းပျံ့သွားတာရယ်က ပထမအချက်ပဲ။

ဒုတိယအချက်က သမီးတို့ မျက်စိရှေ့မှောက်မှာ ရောဂါဒဏ်ရာ အမျိုးမျိုးနဲ့ အကုအသခံနိုင်ဖို့ ဖေဖေ့ဆီ အရောက်လာကြတဲ့ တိရစ္ဆာန်တွေလေ။ အိမ်တွင်း အလုမွေးထားကြတဲ့ ကြောင်၊ ခွေး၊ ကြက်တူရွေးက အစ လုပ်ငန်းသုံး ကျွဲ၊ နွား အလယ်၊ စီးပွားဖြစ် မွေးနေတဲ့ ဝက်၊ ကြက်၊ ဆိတ်တွေကို ဖေဖေကိုယ်တိုင် ဆေးကုပေးခဲ့တာပါ။ ခွဲစိတ်သင့်တာ ခွဲစိတ်၊ ဖြတ်တောက်ရမယ့် အစိတ်အပိုင်းကို ဖြတ်တောက်ပေးပြီး ထိုးဆေး၊ စားဆေးတွေနဲ့ အသက်ရှင်စေခဲ့တာ အများကြီး"

ဘယ်သူမှ ကြားဖြတ်ပြီး စကားမပြောကြ။ အားလုံးက နားစွင့် နားစိုက်နေကြတယ်။

"သမီးတို့ မျက်ကွယ်အရပ်ဖြစ်တဲ့ မြို့နယ်အတွင်းမှာလည်း ဖေဖေ ရှာစဉ်လှည့်ပြီး တောင်သူ ဦးကြီးများရဲ့ လယ်ယာလုပ်ငန်းခွင်က၊ မွေးမြူရေးခြံများက ကျွဲ၊ နွား၊ ဝက်၊ ဆိတ်အများအပြားကို တာဝန်အရ ကူးစက်ရောဂါကြိုတင်ကာကွယ်ဆေး အလှည့်ကျ ပုံမှန် ထိုးနှံပေးခဲ့လို့၊ ကူးစက်ရောဂါကျရောက်လာရင်လည်း မပြန့်ပွားအောင် စနစ်တကျ ထိန်းချုပ်ပြီး အမြစ်ပြတ် ကုသပေးနိုင်ခဲ့လို့ "နာမည်ကောင်း လက်မှတ်"ရခဲ့တာလေ။ အစိုးရက ချီးမြှင့်ပေးလို့ ရရှိခဲ့တဲ့ "ပြည်တော်သာ ငွေဖလားဆု"ဟာ သမီးဂုဏ်ယူခဲ့ရတဲ့ တတိယမြောက် ဖေဖေ့ဂုဏ်ရည်ပါပဲ"

ညီမလေးရဲ့ ကိုယ်လုံးက ဖိုင့်ဝသလောက် စကားလုံးများက ကြွယ်ဝလွန်းပါရဲ့။

"သမီးက ငှက်ကို မဖမ်းဘဲ ချုံထဲကို ရိုက်ပုတ်နေတော့မှာလားကွဲ့"

"ဩော်... ဖေဖေရယ်၊ သမီးပြောနေတာက တိရစ္ဆာန်ကလေးတွေ အသက်ရှင် နေနိုင်အောင် ဖေဖေက လိုအပ်တဲ့ လှီးဖြတ် ခွဲစိတ်မှု ပြုသလိုပါပဲ။ ဖေဖေ အသက်ရှည်ဖို့ ကျဉ်းသွားတဲ့ သွေးကြော နှစ်နေရာဖြတ်ပစ်ဖို့၊ လိုအပ်တဲ့ ကိရိယာနဲ့ ပိုက်တပ်ဖို့ ဖေဖေ့ပေါင်သားကို နည်းနည်းခွဲစိတ်မယ့်သဘောပါ။ ခြေဖမိုးကြောင့် ခြေကျင်းဝတ်က၊ ဒူးဆစ်ကနေ လှီးဖြတ်ထုတ်ပစ်မှာ မဟုတ်ပါဘူး ဖေဖေ။ နားလည်မှု မလွဲပါနဲ့နော်"

"တေ... ဟုတ်ရဲ့လားကွယ်။ သမီးပြောတာ အမှန်ပဲလား။ ဒီစကား အမှန်ဆိုတာ သမီး ကတိပေးနိုင်ရင် ဖေဖေလည်း ခွဲစိတ်ခန်းဝင်ဖို့ ကတိပေးမှာပါ။ ဘယ့်နှယ်လဲ သမီး"

"အောလ်ရိုက်၊ အားလုံး အမှန်ချည်းပါဖေဖေ။ သမီးကတိပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"သားတို့ စကားပြော မှားခဲ့ပါတယ် ဖေဖေ။ ဒူးဆစ်က ဖြတ်ပစ်မှာပဲ ဆိုတဲ့ တွေးတော ပူပန်စိတ်နဲ့ ဖေဖေ မျက်စိမှိတ် ငြင်းဗ ်`တာကို။ ဖေဖေ စိတ်ဒုက္ခဖြစ်စေတာ သားတို့အပြစ်ပါ။

◈◈◈

ဖခင်ကြီးရဲ့ ခွဲစိတ်မှုလုပ်ငန်းက ရာနှုန်းပြည့် အောင်မြင်ပါတယ်။

လူနာက လန်းဆန်း ကြည်လင်နေသလောက် ကျန်တဲ့ မိသားစုဝင်များကလည်း ဝမ်းမြောက်တက်ကြွနေကြပါတယ်။ လူအိုလူနာဖြစ်နေတော့ လိုအပ်တဲ့ သွေးမျိုးဝယ်ရတာ၊ နာလန်ထဖို့ပင် အာဟာရအဖြစ် ENSURE ဖျော်သွင်းရတာလောက်ပဲ အလုပ်ပိုခဲ့တာပါ။

ခွဲစိတ်မှုအပြီး နှစ်ရက်အကြာမှာ ညီမလေး မိတ္ထီလာသို့ ပြန်သွားလေရဲ့။ ညီအစ်ကို သုံးယောက်ကလည်း မူလ နေ့-ည တာဝန်ဇယားအတိုင်း ဝိုင်းကာဝန်းရံ ပြုစုစောင့်ရှောက်နေမြဲပါ။

"သားလတ် ဖေဖေ့ကို အမှန်ပြောနော်။ သားညီမလေး တစ်ခုခုဖြစ်နေတယ်မို့လား"

"ဗျာ··· ဖေဖေ"

"သားညီမလေး ဒုက္ခရောက်နေတဲ့ ကိစ္စရှိတယ်မို့လား။ သားတို့ ဖုံးဖိထားတာလေ"

နှစ်ရက် သုံးရက်အတွင်း မျက်နှာချင်းဆိုင်ပြီး နာရီအနည်းငယ် စကားပြောကြရုံလောက်နဲ့ သမီးဖြစ်သူရဲ့ ဘဝခံစားချက်ပုံရိပ်များကို အမိအရ ဖမ်းယူလို့ အပြည့်အဝ အကဲဖြတ်နိုင်စွမ်းတဲ့ အံ့မခန်း ဖခင်ကြီးပါကလား။

ဖေဖေ့မှာ တတိယ မျက်လုံးရှိတယ် ထင်ပါရဲ့။ မှန်လိုက်လေ၊ ဖေဖေ့အတွေး။ သားတို့ ဖုံးဖိထားတာ တစ်ခုမက ရှိနေပါတယ်။ ဖေဖေ၊ မေမေတို့ စိတ်ဒဏ်ရာဖြစ်ကြမှာ စိုးရိမ်ကြလို့ပါ။ မိသားစု အနိဋ္ဌာရုံ သတင်းမျိုးမို့ မပြောဖြစ်ခဲ့တာပါ။

ဒီမေးခွန်းပေါ်လာမှတော့ စိတ်ဆင်းရဲခံစားမှုကို လျစ်လျူရှုပြီး အဖြစ်မှန် သိရှိစေမှုကို ရွေးရှုဖို့ ကိုလေးက ဆုံးဖြတ်လိုက်ရတာပေါ့။ မနှစ်သက်ဖွယ် စကားဖြစ်ပေမယ့် ကြားရသူ အမုန်းမပွားရအောင်၊ တစ်ဖက်ပုဂ္ဂိုလ် မနစ်နာသွားအောင် အနိဋ္ဌာရုံသတင်းကိုပဲ ဘက်မလိုက် အရှိအတိုင်း ရှင်းပြပေးလိုက်မိပါတယ်။

"မတ္တရာမြို့မှာ ယစ်မျိုးလိုင်စင်ကိစ္စ ဆောင်ရွက်နေရင်း သူ့ခင်ပွန်းက ဆည်မြောင်းနေ့စား အမျိုးသမီးဝန်ထမ်းတစ်ဦးနဲ့ ရင်းနှီး ပြီွှန်းသွားတာပါ။ အဲဒီမြို့မှာပဲ အိမ်တစ်ဆောင် မီးတပြောင်နဲ့ သူတို့ အတူတကွ နေထိုင်ကြပါတယ်။ ယစ်မျိုးကိစ္စနဲ့ မိတ္ထီလာက အလုပ်တွေကို လုပ်ကိုင်ဖို့ ပြန်လာတဲ့အခါလည်း မိတ္ထီလာအိမ်မှာ နေထိုင် စားသောက်ပါသတဲ့။ ညီမလေးနဲ့ လင်မယားခန်း မဖြတ်ပစ်တဲ့ အငယ်အသစ်ထားတဲ့ စရိုက်သဘောပါပဲ ဖေဖေ"

ဖခင်ကြီးက သက်ပြင်းရှည်ရှည် ချပါတယ်။ သားလတ်ကို တခြားတစ်ယောက်ကို ဦးတည်ပြောဆိုတာမျိုးမဟုတ်ဘဲ ခံစားချက်အသွင်ပြောင်း စကားလုံးများအဖြစ် အန်ချပြပါတယ်။

"ကိုယ်ယူထားတဲ့ တက္ကသိုလ်တွဲကိုမှ အားမနာ၊ တက္ကသိုလ် မရောက်သေးတဲ့ ကျောင်းသားနဲ့မှ နိုးရာလိုက်သွားတဲ့ သမီး။ ကိုယ့်မိဘရဲ့ မျက်နှာကိုမှ မငဲ့ညှာတော့ဘဲ အရက်လိုင်စင်စီရဲ့ သားကိုမှ သမီးက ရွေးကြိုက်သွားခဲ့တာလား။ မိုက်တွင်း သိပ်နက်ခဲ့တဲ့ တစ်ဦးတည်း သမီးငယ်။ အဲဒီတုန်းကငါလည်း ဒေါသပွားပြီး ဆုံးဖြတ်မှားခဲ့တာပဲလေ။ သူတို့ဘက်က စေ့စပ်တောင်းပန်ခဲ့တာကို လုံးဝ လက်မခံ၊ မျက်နှာလွှဲခဲ့မိတာ ငါပဲလေ။ ယောက္ခမနေအိမ်မှာ ချွေးမဘဝနဲ့ ဘယ်လောက် သိမ်ငယ် အောက်ကျနေခဲ့ရှာမလဲ။ မိဘမျက်နှာကို မမြင်တွေ့ရဘဲ ဘယ်စိတ်ဒဏ်ရာမျိုးနဲ့ သမီးငယ် ဘယ်လိုရုန်းကန် ဖြတ်သန်းခဲ့ရှာပါလိမ့်။ မိဘတွေက ခွင့်လွှတ်လိုက်လို့ စိတ်ဒဏ်ရာ သက်သာမယ်လို့ ထင်နေချိန်မှာ မိအေး နှစ်ခါနာဖြစ်ရပြီ"

ကိုလေးမှာ ပြောစရာ စကားမရှိပါ။ ဖခင်ကြီးလည်း နှုတ်ဆိတ်သွားပါပြီ။

ဖခင်ကြီးရဲ့ ခြေဖမိုးရောင်အန်းနေတာက သွေးလေညီမျှ စီးဆင်းလာပြီမို့ တဖြည်းဖြည်းလျော့နည်း သက်သာလာပြီ။ အက်ကွဲ ပြထွက်မယ့်ဘေးမှ လွတ်ကင်းလာပြီပေါ့။ အဲဒီအချိန်မှာ "ဘက်ဒ်ဆိုးလ်"ခေါ်တဲ့ အိပ်ရာနာ၊ ကျောပူနာက ပေါ်လာပါတယ်။ မြီးညှောင့်ရိုးထိပ်က တင်ပါးသား ပွန်းပဲ့ချိုင့်ဝင်သွားတဲ့ အိပ်ရာနာ။ အထူးကုသမားတော်ကြီးရဲ့ "ပျားရည်ကုထုံးသစ်"နဲ့ မိတ်ဆက်ရတယ်။ ပျားရည်စစ်စစ်ကို အနာချိုင့်ထဲအထိ ထန်သင့်ရုံ သုတ်လိမ်းပေးပြီး အနာဝမှာ ဂေါ့စ်နဲ့ ပလာစတာကပ်ပေးရုံပါပဲ။

ဆေးရုံတက်စဉ်က အကြောဆေးများ သွင်းပေးဖို့ ဖန်တီးထားတဲ့ လက်ကောက်ဝတ်ရှိ အပ်နဲ့ အပ်ခေါင်း၊ ခွဲစိတ်ပြီးကာမှ အာဟာရသွင်းပေးဖို့ ထည့်ထားလိုက်တဲ့ နှာခေါင်းပိုက်၊ အိပ်ရာနာ ပျောက်ကင်းဖို့ နောက်ဆုံးကပ်ပေးထားတဲ့ ဂေါ့စ်နဲ့ ပလာစတာ။ အဲဒီသုံးမျိုးကို လူနာက အခွင့်သာချိန်မှာ ဆွဲခါ၊ ဆွဲဖြုတ်လာတယ်။ တာဝန်ကျ နေ့-ည သူနာပြု ဆရာမလေးတွေ အလုပ်ရှုပ်ရတယ်။ ခဏပြီး ခဏ

www.burmeseclassic.com

အကြိမ်များလာတော့ အထူးနှာခေါင်းလေးတွေပဲ လူနာ့လက်တွေကို အချိန်ပြည့် ကိုင်ချုပ် ထိန်းသိမ်းရပြီပေါ့ဗျာ။

တစ်ရက် အထူးနှာခေါင်း ထမင်းစားနေတုန်း လူနာ့တာဝန်ကို ကိုယ်စားယူနေရတဲ့ ကိုလေးက ဖခင်ကြီးလက်ဝါးနှစ်ဖက်ကို တစ်ဖက်စီ ဆွဲဆုပ်ထားချိန်…

"သားလတ်… ဖေဖေ့ကို ဆေးကုနေတာ ရပ်လိုက်တော့။ အချိန်ကုန်ငွေကုန်ပြီး သားတို့လည်း ပင်ပန်းနေကြပြီ။ ဖေဖေ ကျေနပ်ပါတယ်၊ သားကြီးနဲ့ တိုင်ပင်ပြီး ရပ်လိုက်ပေါ့ကွာ"

ကိုလေး ကြက်သေ သေသွားတယ်။ မထင်တဲ့ စကားကြောင့် ဖခင်ကြီးကို ကြည့်မိတယ်။

"ဖေဖေ တကယ်ကျေနပ်တာပါ သားရယ်။ လိုက်သွားဖို့ ဖေဖေဆုံးဖြတ်ပြီးပြီလေ။ သားတို့အဘိုးပေါ့၊ ဝတ်စုံအဖြူ ဖောင်းလုံး ခေါင်းပေါင်းဖြူနဲ့ မနေ့ညက ဖေဖေ့ကို လာခေါ်တာ။ သူနဲ့ တစ်ပါတည်း လိုက်ခဲ့တဲ့။ ဖေဖေက မိတ္ထီလာရောက်မှ လိုက်ပါရစေလို့ တောင်းဆစ်ခဲ့တယ်"

"ဟင်… အဘိုးက လာခေါ်လို့ ဖေဖေက လိုက်သွားမှာ၊ ဟုတ်လား"

"အေး၊ အမိဋ္ဌာန်အောင်မြင်လို့ အရှင်ထွက် ထွက်သွားတာတဲ့။ အထက်ဆရာကြီးအဖွဲ့ တာဝန်ပေးချက်အရ ကျောက်ဆည် လယ်တွင်းဆယ့်တစ်ရွာက မွန်ဗမာ "မကန္ဒရာရွာ" နဲ့ "ခံလှူရွာ"ရဲ့ ဂူနန်းဗိမာန်မှာ လူကြီးလုပ်နေတယ်။ ဖေဖေက အဲဒီမှာ အကျင့်ထုံကူးရမတဲ့ကွ"

တကယ့်အဖြစ်မှန်လား၊ ဖေဖေ့အိပ်မက်သညာဉ်လား၊ လိုရာဆွဲ စိတ်သန္တာန်လား။ ကိုလေး ဝိုင်းခြားပြီး မတွေးတောတတ်။ တွေဝေနေဆဲ ကိုလေးရဲ့ သား စစ်ဗိုလ် ဆရာဝန် ဝင်လာပြီး…

"ဘိုးဘိုး နေကောင်း၊ အဲ…အဲ၊ သက်သာလား။ ခွဲစိတ်ဒဏ်ရာကို ပြပေးပါဦးနော်"

ခြေဖမိုးအနေအထားက ကောင်းမှန်း မြင်သာတယ်။ ပေါင်လယ်က ခွဲစိတ်ထားရာကို ခြုံစောင်ခွာ၊ ပုဆိုးပါလှန်ပြီး ကြည့်တယ်။ ကိုင်လိုက်၊ ဖိလိုက်နဲ့ စစ်ဆေးနေတယ်။

"ဘိုးဘိုးက လန်းဆန်းနေတာပဲ။ အင်အားပြည့်လာရင် ဆေးရုံက ဆင်းနိုင်မှာပါ"

"ဘက်ဒ်ဆိုးလ်က အကင်းမသေသေးဘူး သားရဲ့"

ကိုလေးစကားက အရာမထင်ပါ။

"ကျွန်တော့်လူနာရဲ့ ကျန်းမာရေးက ကမ္ဘာတစ်ပတ် ပတ်မယ်ဆိုရင်တောင် ခံနိုင်ရည်ရှိပါတယ်" ဆိုတဲ့ အထူးကု သမားတော်ကြီးရဲ့ စကားကို နာခံပြီး ဖခင်ကြီးကို ပဲခူးအထိ ပြန်ခေါ်သွားကြပါပြီ။

◈◈◈

တစ်ပတ် ဆယ်ရက်လောက်အကြာမှာ ပဲခူးအိမ်က ဖုန်းဆက်လာတယ်။

မိတ္ထီလာအထိ ခရီးသွားကြမယ့် မိဘနှစ်ပါးအတွက် တောင်အေ့စ် မှန်လုံကားတစ်စီး အသွားအပြန် ငှားခေါ်ထားကြောင်း၊ ကိုကြီးနဲ့ ညီထွေး အတူလိုက်ပါမယ့်အကြောင်း၊ ကိုလေး လိုက်နိုင်, မနိုင် အဖြေသိလိုကြောင်း၊ ကိုလေးက မကျေနပ်လို့ အဖြေမပေးဘူး။

ရန်ကုန်နေ ညီထွေးထံ ဖုန်းဆက်ပြီး မေးဖြစ်တော့တယ်။ မဆွေးနွေးပါဘူး။

မိတ္ထီလာသွားမယ့်ဆန္ဒက ဖေဖေ့ဆန္ဒတဲ့။ မေမေက ယာဉ်ကို ရွေးချယ်ခဲ့တာတဲ့။ ညီထွေး သဘောထားက ဖခင်ကြီးရဲ့ နောက်ဆုံး ဆန္ဒဖြစ်နိုင်တာမို့ လိုက်လျောပေးနေတာပါတဲ့။

ဖခင်ကြီးက သူ့ဇာတိရပ်ရှိစည် အိပ်မက်အတိုင်း ဒီခရီးစဉ်ကို ဆန္ဒပြုခဲ့လေသလား။ သူ့သမီးငယ်ရဲ့ စိတ်ဒဏ်ရာသက်သာအောင် နှစ်သိမ့်စကားပြောလိုစိတ်နဲ့ စီစဉ်လိုက်တာလား။ သူ့ဈာပနအခမ်းအနားလုပ်ရမယ်ဆိုရင် မြို့ခံဖြစ်လာမယ့် သမီးငယ်ကို ဈာပနဒါနကုသိုလ်ယူစေ၊ ရစေချင်လို့ပဲလား။ ပဲခူးမြို့မှာ သာယာအေးမြ အရိုးကျတဲ့အထိ နေထိုင်ခွင့်မရနိုင်တဲ့ အကြောင်းတရားများ ဘွားခနဲ ပေါ်ပေါက်လာလေသလား။

မိတ္ထီလာခရီးစဉ်မှာ ကိုလေး မလိုက်ပါခဲ့ပေမယ့် ဖေဖေ့ဈာပနခရီးနောက်ဆုံးအချိန်အထိ ကိုလေး ပါဝင်ထမ်းရွက်ခဲ့ပါတယ်။ ဖခင်ကြီး ဈာပနမြင်ကွင်းအစား ဆေးရုံ လူနာအထိအတွေ့ မြင်ကွင်းက ကိုလေးစိတ်သန္တာန်မှာ ပိုလို့ စိုးမိုးပြတ်သားနေလေရဲ့ဗျာ။ ပြီးတော့ ကိုလေး နှလုံးအိမ်မှာ အချိန်နာရီနဲ့အမျှ ရှင်သန် လန်းဆန်းစေတဲ့ ဖေဖေ့ပီတိစကား တစ်ခွန်း။

"ဖေဖေကိုယ်တိုင် လွဲချော်ခဲ့တဲ့၊ သားတို့ ညီအစ်ကိုလည်း မဖြစ်နိုင်ခဲ့သေးတဲ့ ဆရာဝန်ဘဝကို ဖေဖေ့မြေးကြီးက ပိုင်ဆိုင်ထားတဲ့အတွက် ဖေဖေ ကျေနပ် ဂုဏ်ယူနေတာပါ။ ဖေဖေ မျက်စိမမှိတ်သေးခင် မြေးကြီးရဲ့ အကုအသ၊ အပြုအစုကို မျက်မြင်ထိတွေ့ ခံစားခဲ့ရတာဆိုတော့ ဖေဖေ့ပီတိစိတ်ကို ဖော်ပြဖို့ စကားလုံး မရှိတော့ပါဘူး သားလတ်ရယ်" ■

* * *

ဒီပဲယင်းမောင်နို



www.burmeseclassic.com

www.burmeseclassic.com

# ဂျမ္ဘူရာဆန်းကြယ် စာအုပ်စင်

သုတအုံ

## အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) — ပရဟိတစိတ်




ဆရာတော် အရှင်ဆန္ဒာဓိက ရေးသားသည့် စာအုပ်တစ်အုပ်ထွက်ရှိလာသည်။

"မေတ္တာစိတ် သန့်သန့်လေးနဲ့ သူတို့ လိုချင်ရာ၊ သူတို့ လိုအပ်ရာကို ကိုယ်ကျိုးလုံးဝ မမျှော်ဘဲ ကိုယ်နိုင်တဲ့ ဝန်လေးနဲ့ ဖြည့်ဆည်းပေးသွားမယ်ဆိုရင် နောင်ကြီးမဲ့ ပရဟိတဖြစ်နေလို့ စိတ်နှလုံးလည်း အေးချမ်း၊ နိဗ္ဗာန်လမ်း ဖြောင့်တန်းပါတယ်"လို့ "ပရဟိတစိတ်"ဆိုတဲ့ အခုစာအုပ်မှာ လမ်းညွှန်ပြောကြားထား၏။

ပရဟိတစိတ်ဓာတ်နှင့် ပတ်သက်ပြီး လိုက်နာ တွေးတောစရာတွေ ပါသည့် ဆရာတော်၏ အမြင်၊ အတွေးကို ထင်ထင်ရှားရှား တွေ့မြင်ရမည်ဖြစ်သည်။

"သူများကို လှူဖို့ တိုက်တွန်းတာက ပရဟိတ။ ကိုယ်ကိုယ်တိုင် လှူတာက အတ္တဟိတ။ လှူခိုင်းရတာထက် လှူရတာက ပိုခက်တယ်ဆိုတော့ ပရဟိတထက် အတ္တဟိတက ပိုခက်တာပေါ့။ ပရဟိတက အတ္တဟိတထက် ပိုလွယ်တာပေါ့"

ဟု ဆရာတော်က ဆိုထား၏။

"ပရဟိတထက် အတ္တဟိတက ပိုခက်သည်"၊ "လူမှုလိုင်အတုနှင့် လူမှုလိုင်အစစ်"၊ "မေတ္တာအောင်လေ၊ အများအကျိုးဆောင်လေ"၊ "သူတို့လိုရာ ရကြပါစေ"စသည်ဖြင့် ဆောင်းပါးပေါင်း (၄၀)နီးပါးကို စုစည်းဖော်ပြထားခြင်းဖြစ်သည်။

ရွှေပါရမီ ဓမ္မစာပေပြန့်ပွားရေးက ထုတ်ဝေဖြန့်ချိပြီး ရောင်းဈေးမှာ (၁၅၀၀)ကျပ် ဖြစ်သည်။

## ကလောင်စုံ — အမေ ရသစာစုများ




စကြဝဠာတောမှာ ပန်းဟုန်းဟုန်းပွင့်စေတဲ့ "အမေ ရသစာစုများ"စာအုပ် ထွက်လာသည်။

တုနှိုင်းမမီသော မိခင်မေတ္တာဖွဲ့ ဝတ္ထုတိုများပင် ဖြစ်သည်။ အမေ မသေခင် အမေ့ကျေးဇူးကို မမေ့အောင် စီစဉ်ထုတ်ဝေသည်ဟု စီစဉ်ရုံမကာ၊ ပါဝင်ရေးသားသူ တင်မြတ်မွန်က ဆိုထားသည်။

ဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)နှင့် မင်းဆက်ပိုင်တို့၏ မိခင်မေတ္တာဖွဲ့ ကဗျာနှစ်ပုဒ်နှင့်အတူ စာရေးသူများ ဆုံတွေ့ကြုံတွေ့ခဲ့သော မိခင်မေတ္တာ ဝတ္ထုတိုများပင် ဖြစ်သည်။

ဆင်ဖြူကျွန်း အောင်သိန်း၊ ပြည်ပန်းမိုး၊ မမိုးမြေ ဆောင်းဝင်းလတ်၊ နန္ဒာမိုးကြယ်၊ မောင်လုမျိုး(ချင်းချောင်းခြံ)၊ မောင်ညိုအေး(ပန်းတော)၊ မိချမ်းဝေ၊ မင်းဆက်ပိုင်၊ နောင်ဝင်းထွန်း၊ တင်မြတ်မွန်၊ ဘသက်ဆွေ၊ ကိုကိုလု(ကမာမြေ)၊ ညီမေတ္တာနှင့် ကြည် မွေ့အိမ်တို့၏ မိခင်မေတ္တာဖွဲ့ ဝတ္ထုများကို အားပါးတရ ဖတ်ရှု ခံစားရမည်ဖြစ်သည်။

Classic icon စာပေတိုက်မှ ထုတ်ဝေပြီး တစ်အုပ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် ဖြန့်ချိ၏။



www.burmeseclassic.com

www.burmeseclassic.com

## ရွှေစုန်းချောင်းဆရာတော် — စကားတစ်ခွန်း အသက်တစ်ချောင်း



ရွှေစုန်းချောင်းဆရာတော် အရှင်ဝိစိတ္တာလင်္ကာရ (အောင်မှူးဝေ) ရေးသားသော "စကားတစ်ခွန်း အသက်တစ်ချောင်း"ဆိုသည့် စာအုပ်တစ်အုပ် ထွက်ရှိလာသည်။

ဂျာနယ်နဲ့ သတင်းစာအချို့မှာ ရေးသားခဲ့သည့် ဆောင်းပါးများကို ပြန်လည်စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်သည်။


"အကြံဆန်းသူတွေ မုန်နန်းကို ဝင်ကာသိမ်းစဥ်က"၊ "မီးလောင်ပေါက်များနှင့် ဝေးရာဆီ"၊ "စကားတစ်ခွန်း အသက်တစ်ချောင်း"၊ "ကျည်ဆန်ကြောက်၏၊ မကြောက်၏"၊ "နည်းနည်းပြင်းတယ် ဆရာ"၊ "သံဃာမှိုင်းမိတယ်တဲ့လား"၊ "အနာဂတ်ကို လှမ်းခြင်း"၊ "K ဖိုး"၊ "အရှုံးဦးကာ" စသည့် ဆောင်းပါး(၃၀) စုစည်းထားခြင်းဖြစ်သည်။

"စာတော့ ဖတ်ပါရဲ့ စာထဲက ညွှန်ပြတဲ့ လိုက်နာကျင့်သုံးစရာတွေကို လိုက်နာခြင်း မရှိဘူးဆိုရင် အကျိုးဖြစ်ထွန်းမှာ မဟုတ်ဘူး။ စာဖတ်တယ်ဆိုတာ ကိုယ်တိုင်စူးစမ်းလေ့လာမှုနဲ့ သင်ယူတာပဲ ဖြစ်ပါတယ်"

ဟု ဆရာတော်က မိန့်ဆိုထားပါသည်။

"လမင်းသစ်"စာပေတိုက်မှ ထုတ်ဝေပြီး စာအုပ်တန်ဖိုးမှာ (၂၀၀၀)ကျပ်ဖြစ်သည်။

## နတ်မောက် ထွန်းရှိန် — မန္တလေးခေတ် ပိဋကတ်ပုံနှိပ်တိုက်များနှင့် . . .



"တိမ်မြုပ်ပျောက်ကွယ်နေသည့် ကျမ်းစာအုပ်များ ဖော်ထုတ်ခြင်း၊ သာသနာတော် ထွန်းကားရေးအတွက် ရှေးဟောင်းကျမ်းများ၊ ရှေးဆရာတော်ကြီးများ၏ ကျမ်းစာအုပ်များကို ထိန်းသိမ်းရိုက်နှိပ် ဖြန့်ဖြူးသည့် ပိဋကတ်ဆိုင်ပိုင်ရှင်မိသားစုအတွက် ဂုဏ်ပြုမှတ်တမ်းတင်ခြင်းဖြစ်သည်"ဟု စာရေးသူက ဆိုထားသည်။

ရေးသားသူမှာ ဆရာ နတ်မောက် ထွန်းရှိန်ဖြစ်ပြီး စာအုပ်အမည်မှာ "မန္တလေးခေတ် ပိဋကတ်ပုံနှိပ်တိုက်များနှင့် မန္တလေးခေတ် ပိဋကတ်စာအုပ်ဆိုင်များ"ဖြစ်သည်။

ရတနာပုံနေပြည်တော် သတင်းစာပုံနှိပ်စက်များအကြောင်း၊ ကျမ်းပြုဆရာတော်နှစ်ပါး၏ ကျမ်းများနှင့် နှစ်တစ်ရာကျော်က မန္တလေးပုံနှိပ်တိုက်များအကြောင်း၊ ကင်းဝန်မင်းကြီး ဦးကောင်းနှင့် စာရေးတော်ကြီး ဦးရာကျော်တို့၏ စာအုပ်နှစ်အုပ်အကြောင်းအပါအဝင်၊ ရတနာပုံခေတ်၊ ကိုလိုနီခေတ်က သတင်းစာများအကြောင်း၊ ပိဋကတ်ကျမ်းစာအုပ်များနှင့် ဖြန့်ချိ၊ ပုံနှိပ်သည့်အကြောင်းများကို စိတ်ဝင်စားဖွယ်ရာ ဖတ်ရှုရမည်ဖြစ်သည်။

"ဇင်ရတနာ"စာပေမှ ထုတ်ဝေပြီး ရောင်းဈေးမှာ (၃၀၀၀)ကျပ် ဖြစ်သည်။

*****



www.burmeseclassic.com

www.burmeseclassic.com

# ညောင်ရွက်တစ်ရာနဲ့ ဆောင်ရွက်ပါကွယ့်

အင်္ဂဝိဇ္ဇာ ဆရာအောင်

"လုပ်ငန်းတွေ အောင်မြင်ချင်တယ်။ ထပ်ပြီးတော့လည်း တိုးချဲ့ချင်တယ်"

"ကျင်လည် လှုပ်ရှားနေတဲ့ လောကမှာ ထင်ပေါ်ကျော်ကြားချင်တယ်၊ နာမည်ဂုဏ်သတင်းကြီးချင်တယ်"

"စီးပွားလာဘ်ရွှင်ပြီး ငွေတွေ ရချင်တယ်"

လောကီ လူသားများအဖို့ လောကပတ်ဝန်းကျင်၌ လူတန်းစေ့ပြီး ထင်ပေါ် ကျော်ကြားမှုများ၊ စည်းစိမ်ဥစ္စာ ကုံလုံကြွယ်ဝမှုများကို အလိုရှိကြသည်မှာ သဘာဝကျလှပါသည်။ သည့်အတွက်လည်း နည်းလမ်းအဖုံဖုံနှင့် ကြိုးပမ်းလုပ်ဆောင်နေကြသည်။ ဤ၌ ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါး မျှညီပွင့်ရန် အရေးကြီးပါသည်။ အထူးသဖြင့် "ကံ"မရှိ "ကံမွဲ"ပါက လုပ်ဆောင်သမျှ အရာမထင်တတ်။ ကံပိတ်နေပါက ကံကို ဖွင့်ပေးဖို့ အရေးကြီးပါသည်။ သည့်အတွက် လောကီ ကြီးပွားရာ ကြီးပွားကြောင်း "ညောင်ရွက်တစ်ရာ ပုတီးစိပ်"နည်း လမ်းကောင်းတစ်ရပ်ကို ဖော်ထုတ် တင်ပြပါမည်။

ဦးစွာ ရက်ကောင်းရက်မြတ်ကို ရွေးချယ်ပြီး ငါးပါးသီလကို ခံယူဆောက်တည်ရပါမည်။ မိမိအလိုရှိရာ ဆုမွန်ကောင်းကို တောင်းခံပါ။ ပြီးနောက် ဗောဓိညောင်ပင်တစ်ပင်သို့ သွားရောက်၍ ညောင်ရွက်တစ်ရွက်စီ ခူးပါ။ (ခူးရမည့် အရေအတွက်မှာ ၁၀၀-တိတိဖြစ်ပါသည်။) ညောင်ရွက်တစ်ရွက်စီ ခူးဆွတ်လေတိုင်း...

**"ရုက္ခဒေဝါ ကောသတာ၊**
**ယက္ခာ နာနတ္တ ဝိဏ္ဏိနော၊**
**ကာရောန္တု တေ မဟာသေတ္တိံ၊**
**အာရောဂျ္ဇ ဇယံသဒါ...**

ဟူသည့် ဂါထာအား တစ်ခေါက်စီ ဗြာန်ကရိုဏ်းကျကျ ရွတ်ဆိုပါ။ အရွက်တစ်ရာပြည့်လျှင် ဂါထာအခေါက် (၁၀၀) ရွတ်ဆိုပြီးဖြစ်ပါလိမ့်မည်။

ထို့နောက် ပေါက်ပွင့်ဖြူပင် ရှစ်ပင်၌ တစ်ပင်လျှင် တစ်ရွက်စီ ခူးရပါမည်။ တစ်ရွက်စီ ခူးလေတိုင်း အထက်ပါ ဂါထာကိုပင် ဗြာန်ကရိုဏ်းကျကျ ရွတ်ဆိုရပါမည်။ ပြီးပါက ဗောဓိညောင်ရွက် ရွက်ရေ (၁၀၀)နှင့် ပေါက်ပွင့်ဖြူရွက် ရှစ်ရွက်တို့အား နေပူတွင် အခြောက်လှန်းပါ။ ခြောက်သွေ့သွားပါက သစ်စေးရိုးနှင့် သမအောင် ရောနယ်ပြီး ပုတီးစေ့လေးများရအောင် လုံးပါ။ အရေအတွက် (၁၀၈)လုံး ရလာလျှင် ကြိုးဖြင့် ပုတီးဖြစ်အောင် သီကုံးပါ။ ထိုပုတီးဖြင့် အောက်ပါ ဂါထာအား အရေအတွက်ညီစွာ ရွတ်ဆိုပွားများလျက် ဘုရားစေတီတွင် ပုတီးစိပ်ပေးရပါမည်။

၁။ သောဘဂဝါ ဣတိပိ အရဟံ (၁၀-ပတ်)၊
၂။ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ (၁၂-ပတ်)၊
၃။ သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော (၁၅-ပတ်)၊
၄။ သောဘဂဝါ ဣတိပိ သုဂတော (၁၀-ပတ်)၊
၅။ သောဘဂဝါ ဣတိပိ လောကဝိဒူ (၁၁-ပတ်)၊
၆။ သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဓမ္မသာရထိ (၁၉-ပတ်)၊
၇။ သောဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ (၁၅-ပတ်)၊
၈။ သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ (၉-ပတ်)၊
၉။ သောဘဂဝါ ဣတိပိ ဘဂဝါ (၇-ပတ်)၊

စုစုပေါင်း ပုတီးပတ်ရေ (၁၀၈)ပတ်ဖြစ်သည်။ ပုတီးကို စနစ်တကျ ပုံမှန်စိပ်ပေးဖို့ လိုပါသည်။

ပုတီးပတ်ရေကို နေ့စဉ် မပျက်မကွက် ပြည့်အောင် စိပ်ပေးခြင်းဖြင့် ရက်ပိုင်း၊ လပိုင်းမှာပင် ထူးခြားမှု ရှိလာပါလိမ့်မည်။ လုပ်ငန်းတွေ အောင်မြင်တိုးတက်၍ ထပ်မံချဲ့ထွင်ခြင်း၊ ကျင်လည်လှုပ်ရှားရာလောက၌ နာမည်ကျော်ထင်ရှားခြင်း၊ စီးပွားလာဘ်လာဘ ရွှင်လန်း၍ ငွေတွေ ရရှိခြင်းတို့အပြင်၊ ပယောဂများရှိပါက ပျောက်ကင်းသွားပါမည်။ ညောင်ရွက်တစ်ရာ ပုတီးအား ရေစိမ်၍ တိုက်ပေးပါက ခွေးကိုက်ဒဏ်ရာ၊ ကင်းကိုက်ဒဏ်ရာများပင် ပျောက်ကင်းစေနိုင်ကြောင်း ရေးသားလိုက်ရပါသည်။

(အထူးသဖြင့် ပုတီးစိပ်နေစဉ်ကာလအတွင်း သက်သတ်လွတ်စားပေးသင့်ပါသည်။)

* * *

အင်္ဂဝိဇ္ဇာဆရာအောင်



www.burmeseclassic.com

www.burmeseclassic.com

“ကိုဂျာအေး”အား တချို့က ဘိုးတော်တစ်ပါးဟုပင် သမုတ်ကြသည်။ ပယောဂ ဝေဒနာသည်များလည်း ကိုဂျာအေး ကုသပေးလိုက်သဖြင့် ပျောက်ကင်းသက်သာခဲ့ကြသည်။ ထို့အပြင် ကိုဂျာအေးက ထူးဆန်းစွာ ဘုရားဆင်းတုတော်များကို ယူပေးခြင်း

# [illegible]

[illegible]

[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ဘိုးတော်တစ်ပါးအဖြစ် ယုံကြည်ခဲ့ကြသည်။ သို့သော်လည်း မြို့ခံတချို့က ကိုဂျာအေး၏ အပြုအမူများကြောင့် မလေးစားကြ။ ကျပ်မပြည့်သူတစ်ယောက်ဟု ယူဆကြသည်။

တစ်ခါက သော်ကရပ်ကွက်တွင်ဖြစ်ခဲ့သော အဖြစ်၌ "ရွာဘုရား ရွာသားမကြည်ညို"ဆိုစကားကဲ့သို့ပင် တစ်ရပ်ကွက်တည်းသားချင်းမို့ မလေးမစားဆက်ဆံမိခဲ့ရာမှ ဖြစ်ခဲ့သော အဖြစ်အပျက်ဖြစ်သည်။ ကိုဂျာအေးသည်သော်ကရွာဇာတိမဟုတ်သော်လည်းကလေးဘဝအရွယ်မှ စ၍ သော်ကရွာတွင် ကြီးပြင်းလာရသည်။ ထို့ကြောင့်ရွာသားအားလုံးနှင့်လည်း ရင်းနှီးသည်။ သော်ကရွာ၌ "ကိုစိန်မောင်"ဆိုသူလည်း ရှိသည်။ ကိုစိန်မောင်က အစအနောက်သန်သူဖြစ်သည်။ ကိုစိန်မောင်ကျွမ်းကျင်သည့်အလုပ်မှာ ရေထဲ၌ ရေငုပ်၍ ပုစွန်ထုပ်ဖမ်းသည့်အလုပ်ဖြစ်သည်။

ကိုစိန်မောင်နှင့် ကိုဂျာအေးတို့က တစ်ရွာတည်းသားချင်းမို့ ရင်းနှီးသည်ဆိုသော်လည်း ကိုဂျာအေးက ကိုစိန်မောင် အစအနောက်သန်ခြင်းကို မကြိုက်ပေ။ ထို့ကြောင့် ကိုစိန်မောင်အား ဝေးဝေးက ရှောင်လေ့ရှိသည်။ ကိုစိန်မောင်ကလည်း ကိုဂျာအေးမကြိုက်မှန်းသိလေ ပို၍ စ,နောက်တတ်လေသည်။ အရွယ်ရောက်လာကြချိန်၌ ကိုစိန်မောင်တစ်ယောက် ယခင်လို အစအနောက် မသန်တော့သော်လည်း ဥဥ်ကလေးက ရှိသေးသည်။

တစ်နေ့ ကိုဂျာအေးထံသို့ မြောင်းမြမြို့မှ ဆေးကုသသည့်အဖွဲ့ စက်လှေတစ်စီးဖြင့် ရောက်လာကြသည်။ လူနာအမျိုးသမီးကြီး၌ လည်ပင်းတစ်ပတ်လည်လုံး ရောင်နေ၍ ထမင်းပင် မစားနိုင်ဖြစ်နေရရှာသည်။ ထိုသည်ကို ကိုဂျာအေးက ကုသပေးလိုက်သဖြင့် အမျိုးသမီးကြီး သက်သာသွားသည်။ ညနေစောင်းလောက်တွင် ဆေးကုလာသည့် မြောင်းမြအဖွဲ့ ပြန်သွားကြသည်။ ထိုအဖွဲ့ ပြန်သွားသည်ကို ကိုစိန်မောင်က ရေထဲ၌ ပုစွန်ထုပ်ငုပ်ရင်း တွေ့လိုက်သည်။ ကိုစိန်မောင်စိတ်ထဲ၌ ကိုဂျာအေးအား စ,နောက်လိုစိတ်ဖြစ်လာသည်။ ထို့နောက် ကိုစိန်မောင်က ရေထဲမှ တက်လာပြီး သူ့လည်ပင်းအား တစ်စုံတစ်ရာက ညှစ်ထား၍ စကားပင် မပြောနိုင်သည့်ဟန်ဖြင့် ကိုဂျာအေးတို့ အိမ်ပေါ်သို့ တက်လာသည်။

ထိုတွင် ကိုဂျာအေး၏ မိခင်ဒေါ်ဟာဇေတာက ကိုစိန်မောင်ကို ကြည့်ကာ စိုးရိမ်စွာဖြင့်…

"ဟဲ့ - စိန်မောင်၊ ဘာဖြစ်လာလို့လဲ"

"အု…အု…အူး…"

ကိုစိန်မောင်က ခြေဟန်လက်ဟန်ဖြင့် သူ့လည်ပင်းကို တစ်စုံတစ်ရာက ညှစ်ထားကြောင်း လုပ်ပြသည်။ ကိုဂျာအေးက ကိုစိန်မောင်ကို စူးစိုက်၍ ကြည့်နေသည်။

"ဟဲ့…ဟဲ့…စိန်မောင်တော့ ဒုက္ခပါပဲ။ ဂျာအေး… သားရယ် တစ်ချက်လောက် ကြည့်ပေးလိုက်ပါကွယ်"

ကိုဂျာအေးက ဘာမှပြန်မပြောဘဲ ကိုစိန်မောင်ကိုသာ မျက်တောင်မခတ် ကြည့်နေသည်။ ထို့နောက် ကိုဂျာအေးက သူ့ရှေ့ရှိ ရေနွေးအိုးထဲမှ ရေနွေးတစ်ခွက်ကို ငှဲ့ယူလိုက်ပြီး ထိုရေနွေးပူပူဖြင့် ကိုစိန်မောင်အား ပက်လိုက်သည်တွင်…

"အမလေးဗျ…ပူလိုက်တာ"

ကိုဂျာအေးက နောက်တစ်ခွက်ထပ်ပက်မည်လုပ်ရာ ကိုစိန်မောင်လည်း အလိမ်ပေါ်၍ အိမ်ပေါ်မှ ဆင်းပြေးသွားသည်။ ကိုစိန်မောင်တစ်ယောက် အိမ်ပြန်ရောက်၍ အဝတ်အစားလဲပြီး မကြာမီတွင် လည်ပင်းတစ်ဝိုက်မှ တင်းကျပ်ကျပ်ကြီးဖြစ်လာသည်။ မိုးချုပ်စလောက် ရောက်သည်တွင် လည်ပင်းတစ်ဝိုက်မှ တင်းကျပ်ကျပ်ကြီးက မနေနိုင်အောင် အနေဆိုးလာသည်။ တစ်ချက်တစ်ချက် အသက်ရှူရန်ပင်ခက်လာသည်။ ည ရှစ်နာရီခန့်လောက်တွင် နေ၍မရတော့သည်မို့ အိမ်သားများအား အကူအညီတောင်းရတော့သည်။

"ငါ့ကို ဂျာအေးတို့အိမ် ပို့ပေးစမ်းပါ။ ငါ့ကို…ငါ့ကို ဂျာအေးလုပ်လိုက်တာပဲ ဖြစ်မယ်"

အိမ်သားများ၏ အကူအညီဖြင့် ကိုဂျာအေးထံသို့ ရောက်လျှင်…

"ဂျာအေးရယ်…ငါ တောင်းပန်ပါတယ်။ ငါ မင်းကို နောင်ဆို ဘယ်တော့မှ မ,စ၊ မနောက်တော့ပါဘူး။ ငါ့လည်ပင်းက တင်းကျပ်ကျပ်ကြီးက မင်းလုပ်ထားတာဆိုရင် ပြန်ရုတ်ပေးပါကွာ။ ငါနေလို့ မရလို့ပါ"

"ငါက နင့်ကို ဘာလုပ်လို့လဲ။ နင့်ဟာနင်လုပ်လို့ နင်ခံရတာ။ ငါနဲ့ ဘာဆိုင်လို့လဲ"

"ဒါဆိုရင်လည်း ငါ့လည်ပင်းကဟာကို မင်းကုလို့ရရင် ကုပေးပါကွာ။ ငါ တောင်းပန်ပါတယ်"

"လူမိုက်၊ ခံရမှ အမှတ်ရမယ်"

ကိုဂျာအေး ကုသပေးလိုက်သဖြင့် ကိုစိန်မောင်လည်း သက်သာရာရသွားခဲ့သည်။ ထိုအချိန်မှစ၍ ကိုစိန်မောင်တစ်ယောက် မည်သူ့ကိုမှ



www.burmeseclassic.com

www.burmeseclassic.com

စ,နောက်ခြင်း မလုပ်ဝံ့တော့ပေ။

◈◈◈

ကိုဂျာအေးသည် မကြာခဏဆိုသလို ခရီးထွက်လေ့ရှိသည်။ ခရီးထွက်သည့်အခါလည်း မည်သူ့ကိုမျှ ပြောခဲ့လေ့ မရှိ။ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့်သာ ခရီးထွက်လေ့ရှိသည်။ ထို့ကြောင့် ကိုဂျာအေးကို မထင်မှတ်သော နေရာတို့၌ တွေ့ရတတ်သည်။ ထိုခေတ်၊ ထိုအချိန်က ဝါးခယ်မမြို့၌ ကားလမ်းခရီးမပေါက်သေး။ ရေလမ်းခရီးဖြင့်သာ များသောအားဖြင့် သွားလာကြရသည်။ ဝါးခယ်မမြို့က ရန်ကုန်-ပုသိမ် ရောဝတီသင်္ဘော ခုတ်မောင်းသော ရေလမ်းခရီးပေါ်တွင် ရှိသည်။ ဝါးခယ်မမြို့တွင် ရောဝတီသင်္ဘောများ ဆိုက်ကပ် ရပ်နားလေ့ရှိသည်။ ရန်ကုန်-မြောင်းမြ သင်္ဘောများနှင့် ရန်ကုန်-လပွတ္တာ သင်္ဘောများလည်း ဆိုက်ကပ် ရပ်နားကြသည်။

တစ်ခါသော် ပုသိမ်မှ ရန်ကုန်သို့ မောင်းနှင်လာသည့် ရောဝတီသင်္ဘော တစ်စီး မအူပင်မြို့နယ်ထဲရှိ "ကျွဲထိုး" ရွာ ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည်။ ကျွဲထိုးရွာက ရွာကြီးဖြစ်သည်။ အိမ်ခြေ တစ်ထောင်နီးပါးခန့် ရှိသည်။ ကျွဲထိုး ဈေးကြီးရှိ၍ အနီးအပါးနှင့် အခြားရွာများကပင် အမှီပြုနေကြရသည်။ ရောင်းပန်း ဝယ်ပန်းကောင်း၍ စည်ကားသော ရွာကြီးဖြစ်သည်။ သင်္ဘော(လိုင်း)များ ဆိုက်ကပ်ချိန်၌ ပို၍စည်ကားသည်။ ရောဝတီသင်္ဘောများပင် တစ်နေ့ သုံးကြိမ်မျှ ဆိုက်ကပ်လေ့ရှိသည်။

ရောဝတီသင်္ဘောပေါ်မှ ခရီးသည်တချို့ ကျွဲထိုးဆိပ်ကမ်းပေါ်သို့ ဆင်းလာကြသည်။ ထိုအချိန်လောက်၌ သင်္ဘောဆိပ်နှင့် မနီးမဝေးရှိ ဈေးအတွင်း၌ လူတစ်စု အမျိုးသမီးတစ်ဦးနောက်သို့ လိုက်နေကြသည်။ ထိုအမျိုးသမီးက အသက် ၃၀ ကျော်ခန့်ရှိသည်။ ရွာမျက်နှာဖုံးတစ်ဦး၏ သမီးဖြစ်ပြီး စိတ်ဖောက်ပြန်နေသူဖြစ်သည်။ ထိုသို့ ဖြစ်ခဲ့သည်မှာ အချိန်အတော်ကြာခဲ့ပြီ၊ သူမ၏ မိဘများက ဆရာအမျိုးမျိုးတို့ဖြင့် ပြသ၍ ကုသခဲ့သော်လည်း အကြောင်းမထူးခဲ့ပေ။

လူတစ်စုက သူမကို ချော့မော့၍ တစ်မျိုး၊ ကြိမ်းမောင်း၍ တစ်ဖုံ၊ နည်းအမျိုးမျိုးဖြင့် အိမ်ပြန်ခေါ်နေကြသော်လည်း သူမက ပြန်မလိုက်သဖြင့် အခက်တွေ့နေကြသည်။ ဈေးသူဈေးသားများနှင့် ဈေးဝယ်သူတချို့လည်း သူမနှင့် လူတစ်စုတို့၏ အဖြစ်ကို ဝိုင်းကြည့်နေကြသည်။ တချို့ကလည်း ထင်ကြေးများဖြင့် ဝေဖန်ပြောဆိုနေကြသည်။

"အဲဒီ အမျိုးသမီးက ဘွဲ့ရ ပညာတတ်တစ်ယောက်မဲဗျ။ ဘယ်လိုဖြစ်ရတာလဲ"

"အတိတ်က အကြောင်းပါလာတော့လည်း ခံရတာပေါ့"

"တချို့က ပြောတော့ လူပြုစားခံရတာတဲ့"

"အေး၊ ဟုတ်မှာပေါ့။ သူတို့မိသားစုတွေက ချမ်းသာတယ်ဆိုပြီး စကားပြော မောက်မာကြတယ်။ လုပ်တတ်တဲ့သူနဲ့ တွေ့တော့ အခုလိုခံရတာနေမှာပေါ့"

"သူတို့မိသားစုထဲက ပြောတာတော့ ရိုးရာအစောင့်မှားလို့ ဖြစ်ရတာလို့ ပြောတာပဲ"

ထိုအချိန် အမျိုးသမီးက သူ့နောက် လိုက်လာသည့် လူတစ်စုအား တုတ်တစ်ချောင်းဖြင့် လိုက်ရိုက်နေသည်။ တစ်ယောက်က သင်္ဘောဆိပ်ဘက် ထွက်ပြေးလာသည်။ ထိုအမျိုးသမီးက အနောက်မှ လိုက်ရိုက်သည်။ လူအများလည်း ရုတ်ရုတ်သဲသဲဖြစ်ကုန်ကြသည်။ ထိုအချိန် သင်္ဘောပေါ်မှ ခရီးသည်များ ကမ်းပေါ်သို့ တက်လာသည်နှင့် ကြုံသဖြင့် ပို၍ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ တချို့လည်း လမ်းဘေးသို့ ရှဲကုန်ကြသည်။

ခရီးသည်တစ်ဦးကတော့ လမ်းလယ်၌ လက်ညှိုးထောင်လိုက်၊ ခေါင်းညိတ်လိုက်ဖြင့် ရှိနေသည်။ ထိုပုဂ္ဂိုလ်ကား ကိုဂျာအေးပင် ဖြစ်သည်။ ရှေ့မှ ပြေးလာသည့် တစ်ဦးက ကိုဂျာအေးကို ကျော်သွားပြီး၊ နောက်မှ လိုက်လာသော အမျိုးသမီးက ကိုဂျာအေးရှေ့သို့ ရောက်လျှင် ရပ်တန့်သွားပြီး စေ့စေ့ကြည့်ကာ...

"နင် ဘယ်သူလဲ၊ ငါသိတယ်။ နင့်ကို ငါသိတယ်။ ငါသိတယ်နော်"

"နင်သိတယ်ဆိုရင် အဲဒီတုတ် ငါ့ကို ပေး"

"နင်နဲ့ မဆိုင်ရင် ဝင်မပါနဲ့၊ ငါ့ကိစ္စ"

"ဟိတ်...တုတ်ပေးစမ်း"

ကိုဂျာအေး၏ အသံက ခပ်ထန်ထန်ထွက်လာသည်။ ထိုအခါ အမျိုးသမီးက စောစောက ပုံစံမျိုးမဟုတ်တော့ဘဲ ငြိမ်သွားသည်။ ထို့နောက် လက်ထဲမှ တုတ်ကို ကိုဂျာအေးထံသို့ မရဲတရဲကမ်းပေးသည်။ ကိုဂျာအေးက သူမလက်ထဲမှ တုတ်ကို ယူပြီး သူမခေါင်းကို တစ်ချက်ခေါက်လိုက်လျှင် လမ်းပေါ်သို့ ဖင်ထိုင်ကျသွားသည်။ ထို့နောက် အမျိုးသမီးသည် မျက်ရည်များ တတွေတွေကျလာသည်။ ကိုဂျာအေးက...

"သူ့ကို အိမ်ပြန်ပို့လိုက်၊ ပြီးရင် ငါ့ဆီ လာခဲ့"

ထိုသို့ပြောပြီး ကိုဂျာအေးက ထွက်သွားသည်။ စောစောက လူတစ်စု



www.burmeseclassic.com

လည်း ရောက်လာကြပြီး သူမကို လာခေါ်ကြသည်။ အမျိုးသမီးက စောစောကလို မဟုတ်တော့တဲ့ အသာတကြည် လိုက်သွားသည်။ ကြည့်နေကြသူများလည်း တစ်ယောကတစ်မျိုး ဝေဖန်ရင်း ကျန်ခဲ့ကြသည်။ ထိုသတင်းက ကျွဲထုံးရွာထဲ တစ်ခဏအတွင်း ပျံ့နှံ့သွားသည်။ မကြာခင်ပင် စောစောက လူစု ပြန်ရောက်လာပြီး ကိုဂျာအေးကို လာရှာကြသည်။ ကျွဲထုံးရွာအနှံ့ရှာကြသော်လည်း မတွေ့ရပေ။ ကျွဲထုံးရွာသားများက ထင်ကြေးအမျိုးမျိုးဖြင့် ပြောဆိုနေကြသည်။

"ဘိုးတော်တစ်ပါး ခရီးသွားရင်း ရောက်လာတာဖြစ်မှာ"

"အဲဒီဆရာရဲ့ ပုံစံက ဘယ်လိုမှန်းလည်း မသိဘူး"

"သြော်··ဘိုးတော်က အရူးဟန်ဆောင်ထားတာ နေမှာပေါ့။ အဲဒီလို ပုဂ္ဂိုလ်မျိုးက ကျော်ကြားတာမျိုး မလိုချင်ကြဘူး"

"မဟုတ်မှလွဲရော မနင်းကို ဥစ္စာစောင့် သိုက်နန်းက လိုက်ခေါ်တာပဲ ဖြစ်မယ်။ မနင်းက ဥစ္စာစောင့်သိုက်က လာတာလို့ အရင်တုန်းက ပြောကြတယ်မို့လား"

မနင်းအိမ်တစ်ယောက် အချိန်အတန်ကြာအောင် အိပ်ပျော်သွားသည်။ ညနေ ၅နာရီလောက်မှ အိပ်ရာက နိုးလာသည်။ အိမ်သားများက သူမအခြေအနေကို စိုးရိမ်စွာဖြင့် စောင့်ကြည့်နေကြသည်။ သူမက လူကောင်း တစ်ယောက်အတိုင်း နိုးထလာခဲ့သည်မို့ မိသားစုအားလုံး ဝမ်းသာမဆုံးဖြစ်နေကြသည်။

ထိုအချိန် အိမ်ရှေ့၌ လူရိပ်တစ်ခုကို တွေ့လိုက်ကြရသည်။

"အဲဒါ··အဲဒါ မနင်းကို ကုပေး



လိုက်တဲ့ ဆရာ"

မိသားစုများက ကိုဂျာအေးကို ထွက်ခေါ်ကြသည်။ အိမ်နီးချင်းတချို့လည်း ရောက်လာကြသည်။ ကိုဂျာအေးက ဘုရားဝတ်ပြုပြီး ခင်းထားသော ဖျာပေါ်တွင် ထိုင်လိုက်သည်။

"ဆရာ့ကို ကျွန်တော်တို့မိသားစု အားလုံးက ကျေးဇူးတင်နေတာပါ။ ဆရာ့ကို ကျွန်တော်တို့ ကျေးဇူးဆပ်ပါရစေ"

"ငါ့ကို ကျေးဇူးဆပ်ချင်ရင် နင်တို့ရွာ မြောက်ဘက်အစွန်မှာ ရှိတဲ့ ဘုရားပျက်ကို ပြန်တည်ပေးရမယ်။ ရွာသားအားလုံးလည်း ဘေးရန်ကင်းစေရမယ်"

ထို့နောက် ရောက်လာသည့် ရွာသားများက ကိုဂျာအေးကို ငွေစက္ကူများ လှူကြသည်။ ကိုဂျာအေးက ထိုငွေများကို ကိုင်၍ ဘုရားစင်ရှေ့ရပ်ကာ ဦးသုံးကြိမ်ပြု၍ ဝတ်ပြုလိုက်ပြီးနောက် အိမ်ရှင် လူကြီး၏ လက်ထဲသို့ ထိုငွေစက္ကူများ ထည့်လိုက်ပြီးနောက်···

"ကဲ - ဒီငွေတွေနဲ့ အစပြုပြီး ဘုရားတည်ပေတော့"

အိမ်ရှင် လူကြီးလည်း ကိုဂျာအေးအား ပို၍ကြည်ညိုသွားသည်။ ထိုကြည်ညိုစိတ်ကြောင့် သဒ္ဒါစိတ်များ ဖြစ်ပေါ်လာကာ လက်အုပ်ချီလိုက်ပြီးနောက်···

"ဘိုးတော်ကို ကျွန်တော် ကတိပေးပါတယ်။ ဘုရားပျက်ကို ကျွန်တော် ကိုယ်တိုင် ဦးစီးပြီး တည်ပါ့မယ်"

ထိုအချိန် အိမ်ရှေ့တွင်လည်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ရွာသားများ ရောက်လာကြသည်။ တချို့လည်း ဘုရားတည်မည့်အကြောင်း ကြားသိကြ၍ အလှူငွေများ ဝင်ထည့်ကြသည်။ ရွာသားများလည်း ထူးဆန်းသည့် ဘိုးတော် ဂျာအေးနှင့် ဘုရားတည်မည့်အကြောင်းကို စိတ်ဝင်စားနေကြသည်။ ထိုစဉ် လူတစ်ယောက် အိမ်ပေါ်သို့ တက်လာလျှင် ကိုဂျာအေးက စေ့စေ့ကြည့်လိုက်ပြီးနောက်···

"နင်တို့အိမ်ကို မကောင်းဆိုးဝါးတွေ ဝင်ထွက်နေတယ်။ ပန်းကန်ပြားအစုတ်နဲ့ ရေခပ်ပြီး ပက်ထုတ်လိုက်။ ငါကတော့ သွားတော့မယ်···ဟီဟိ"

ထို့နောက် ကိုဂျာအေးက သူ့ပုံစံအတိုင်းလုပ်ကာ ထွက်ခွာသွားသည်။ ထိုနေ့သည် ဆိုက်ကပ်လာသည့် ရေဝတီသင်္ဘောဖြင့် ကိုဂျာအေးတစ်ယောက် ခရီးဆက်ခဲ့လေသည်။

ကျွဲထုံးရွာသားများသည်လည်း အမှတ်မထင် ရောက်ရှိလာသည့် ဘိုးတော် ဂျာအေးအကြောင်း ဝေဖန်ပြောဆိုရင်း ကျန်ရစ်ခဲ့လေသည်။ မနင်းအိမ်တို့မိသားစုသည်လည်း ထိုအချိန်မှစ၍ ကိုဂျာအေးအား ဘိုးတော်တစ်ပါးအဖြစ် သတ်မှတ်ကာ ယုံကြည်အားထားခဲ့ကြပေသည်။

◈◈◈



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါကလည်း ရွှေတိဂုံဘုရား၏ မြောက်ဘက် တန်ဆောင်းထဲတွင် ကိုဂျာအေး ပုတီးစိပ်နေသည်။ အချိန် အတန်ကြာသည်အထိ ပုတီးစိပ်နေခဲ့သည်။ ရွှေတိဂုံဘုရားပေါ်တွင်လည်း လူမျိုးပေါင်းစုံ ဘုရားဖူးများနှင့် စည်ကားသည်။ မြောက်ဘက် တန်ဆောင်းထဲတွင်လည်း ဘုရားဝတ်ပြုသူများ၊ ဆီမီးပူဇော်သူများဖြင့် စည်ကားသည်။ တချို့လည်း တရားထိုင်၊ ပုတီးစိပ် လုပ်နေကြသည်။

ကိုဂျာအေး ပုတီးစိပ်နေစဉ် အနောက်ဘက် မနီးမဝေးသို့ အမျိုးသမီးနှစ်ဦးရောက်လာပြီး ငြိမ်သက်စွာ ထိုင်နေသည်။ ခဏကြာလျှင် ကိုဂျာအေးက ပုတီးစိပ်ကို ရပ်လိုက်ပြီး ထိုအမျိုးသမီးနှစ်ဦးကို လက်ခံ စကားပြောသည်။ အမျိုးသမီးတစ်ယောက်က ကိုဂျာအေးကို တစ်စုံတစ်ခုပေးလိုက်သည်။ ကိုဂျာအေးတို့နှင့် မနီးမဝေး တန်ဆောင်း၏ တိုင်ဘေးတွင် ယောဂီရောင်ဝတ်စုံ၊ ခေါင်းပေါင်းတို့ကို ဝတ်ဆင်ထားသည့် အဘိုးအိုတစ်ဦး ရှိနေသည်။

ခဏကြာလျှင် အမျိုးသမီးနှစ်ဦး ထပြန်သွားကြသည်။ ယောဂီရောင်ဝတ်စုံနှင့် အဘိုးအိုလည်း ထွက်သွားသည်။ ကိုဂျာအေးလည်း တန်ဆောင်းကြီး၏ ရှေ့ စောင်းတန်းအဝသို့ ထွက်လာပြီး သူ့ပုံစံအတိုင်း လက်ညှိုးထောင်လိုက်၊ စကားပြောလိုက်နှင့် ရှိနေသည်။ အချိန်အနည်းငယ်ကြာလျှင် စောစောက ယောဂီဝတ်စုံနှင့် အဘိုးအို ပြန်ရောက်လာပြီး ကိုဂျာအေးအနီးသို့ ဝင်ထိုင်လိုက်သည်။ ထို့နောက်…

"ဘိုးတော်က ဘယ်လို ပုဂ္ဂိုလ်မျိုးဆိုတာ သိပါရစေ"

"ဟီဟိ…ငါ့ကိုလား၊ လူ…လူလေ"

"ဘိုးတော် ဘယ်သူဆိုတာ ကျုပ် မသိပေမယ့် ဘိုးတော်က ဘယ်လို ပုဂ္ဂိုလ်မျိုးတွေနဲ့ ဆက်သွယ်နိုင်တဲ့ အစွမ်းရှိတယ်ဆိုတာ ကျုပ်သိပါတယ်"

"ငါက နတ်စကား၊ သိကြားစကားတွေ မတတ်ဘူး။ လူစကားပဲ ပြောတတ်တယ်"

"မသိဂုဏ်၊ မထိန်ချန်ပါနဲ့ ဘိုးတော်။ စောစောက ဘိုးတော်နဲ့ စကားပြောတဲ့ အမျိုးသမီးနှစ်ယောက်က လူသာမန်တွေ မဟုတ်ဘူး။ ဟိုဘက် တန်ဆောင်းရဲ့ နောက်ကို ဝင်သွားပြီး ပျောက်ကွယ်သွားကြတယ်"

ထိုသို့ပြောလိုက်လျှင် ကိုဂျာအေးက သူ့ပုံစံအတိုင်းဖြင့် ထိုနေရာမှ ထွက်ခွာသွားသည်။ ယောဂီဝတ်စုံနှင့် အဘိုးအိုလည်း ကိုဂျာအေးကို ငေးကြည့်ရင်း ကျန်နေခဲ့သည်။

◈◈◈

နောက်နေ့ နံနက်စောစောတွင် ကိုဂျာအေးတစ်ယောက် ရွှေတိဂုံဘုရား အရှေ့ဘက် စောင်းတန်းမှ တက်လာခဲ့သည်။ ရင်ပြင်တော်ပေါ် ရောက်လျှင် ဝယ်လာသော ပန်း၊ ဆီမီးတို့ဖြင့် ဘုရားပူဇော်ပြီးနောက် ခဏထိုင်နေလိုက်သည်။ ထိုအချိန်က ဘုရားဖူးသည့်သည်တို့ တစ်ဦးစ၊ နှစ်ဦးစလောက်သာ ရှိသည်။ ကိုဂျာအေး ထိုင်နေသော နေရာနှင့် မလှမ်းမကမ်းတွင် အရန်စေတီတစ်ဆူရှိပြီး၊ ထိုစေတီ၏ ပတ်လည်တွင် ဂြိုဟ်တိုင်များနှင့် ရုပ်ပွားတော်များ ရှိသည်။

နာရီဝက်ခန့်အကြာတွင် ကိုဂျာအေး မျက်နှာမူထားရာဘက်ဆီမှ လူနှစ်ဦးလျှောက်လာသည်ကို တွေ့ရသည်။ တစ်ဦးက အသက်ကြီးကြီး၊ အင်္ကျီလည်ခေါင်းတုံးနှင့် ပုဆိုးအကွက်တုံးကို ဝတ်ဆင်ထားပြီး၊ ကျန်တစ်ဦးမှာ ခပ်ရွယ်ရွယ် လူငယ်တစ်ဦးဖြစ်သည်။ ထိုနှစ်ယောက်လျှောက်လာသည်ကို ကိုဂျာအေးက ကြည့်နေသည်။ ထိုနှစ်ယောက်က လျှောက်လာရင်းမှ ဘာဖြစ်သည် မသိ၊ နောက်သို့ ပြန်လှည့်ရန် ပြင်လိုက်သည်။ ထိုတွင် ကိုဂျာအေးက ထိုင်ရာမှ ထလိုက်ပြီး ဘက်ပြောင်း၍ တစ်ဖက်သို့ လှည့်ကာ ပြန်ထိုင်လိုက်သည်။ ထိုစဉ် စောစောက လူနှစ်ယောက်လည်း ကိုဂျာအေး ရှိရာဘက်သို့ ပြန်လှည့်၍ လျှောက်လာကြသည်ကို တွေ့ရပြန်သည်။ ထိုပုဂ္ဂိုလ်နှစ်ဦးလည်း တစ်ဦးတစ်ယောက်ကို ရှာနေကြဟန်ရှိသည်။

ထိုပုဂ္ဂိုလ်နှစ်ဦး ကိုဂျာအေးရှေ့သို့ ရောက်လျှင် ကိုဂျာအေးက…

"ကြာသပတေးသားက တနင်္ဂနွေသားကို ဖိနပ်ကိုင်ပြီး ရှာတော့ ဘယ်တွေ့မှာတုန်း။ တနင်္လာသားလက်ထဲက အိတ်ကို ကိုင်ပြီး ရှာ၊ တွေ့လိမ့်မယ်"

ကိုဂျာအေး၏ စကားသံကြောင့် ထိုနှစ်ယောက် ခြေလှမ်းတို့ တန့်သွားသည်။ အသက်ကြီးကြီး ပုဂ္ဂိုလ်က ကိုဂျာအေးရှေ့သို့ ဝင်ထိုင်လိုက်ပြီး…

"ဒီက ဆရာရဲ့ စကားက ကျုပ်တို့နဲ့များ သက်ဆိုင်နေသလားလို့"

"ဂုဏ်တော်အဓိဋ္ဌာန်အောင်ခဲ့ပြီ ဟုတ်ရဲ့လား။ အောင်မြေက မြောက်အရပ်က ကြာသပတေးနံ့မြို့ ကြာသပတေးနံ့ဘုရား၊ ဟုတ်ရဲ့လား။ တွေ့ရမယ့်လူကို တွေ့အောင် ရှာ၊ နောက်ထပ် အောင်မြေတွေ့လိမ့်မယ်"

"ဆရာပြောတာ အမှန်တွေပါပဲ။ ဆရာက ကျုပ်ကို သိနေတာလား"

"ဟီး…ဟိ၊ ပေးမယ်၊ လက်ဝါးဖြန့်ထား"



www.burmeseclassic.com

www.burmeseclassic.com

ကိုဂျာအေးက သူ၏ လက်နှစ်ဖက်ကို ဦးခေါင်းပေါ်သို့ မြှောက်တင်ကာ သုံးကြိမ်ပြုပြီးနောက် ထိုပုဂ္ဂိုလ်၏ လက်ထဲသို့ သူ၏ လက်နှစ်ဖက်ကို ဖြေချလိုက်လျှင် ဘုရားဆင်းတုတော်လေးတစ်ဆူကို တွေ့ရသည်။ ထို့နောက် ကိုဂျာအေးလည်း နေရာမှ ထွက်ခွာရန် ပြင်လိုက်စဉ် အရှေ့စေတီ အနီးမှ မနေ့က တွေ့ခဲ့သော ယောဂီဝတ်စုံနှင့် လူကြီးကို တွေ့လိုက်ရသည်။

"ဘိုးတော် ဘယ်လိုပုဂ္ဂိုလ်မျိုး ဆိုတာ ကျုပ်သိပါပြီ။ ဘိုးတော်နဲ့ ပြန်ဆုံချင်ပါသေးတယ်"

ကိုဂျာအေးလည်း စကား မတုံ့ပြန်တော့ဘဲ ထွက်ခွာသွားလေသည်။ ထို့နောက် ယောဂီဝတ်စုံနှင့် လူကြီးက• • •

"ဒီမှာ မိတ်ဆွေ၊ ခင်ဗျားက ကံထူးတဲ့ ပုဂ္ဂိုလ်ပဲ။ ဘိုးတော်နဲ့ ခင်ဗျားက ချိန်းထားကြတာလား"

"မဟုတ်ပါဘူး။ ကျုပ်တို့က လူတစ်ယောက်ကို လာရှာတာပါ။ အဲဒီပုဂ္ဂိုလ်က ကျုပ်ရဲ့ အကြောင်းကို သိနေတာဗျ"

"သိမှာပေါ့။ သူက ဘိုးတော်တစ်ပါးပဲဟာ။ ဒါနဲ့ မိတ်ဆွေတို့က ဘယ်ကလဲ။ ကျုပ် ဘာကူညီပေးရမလဲ"

"ကျုပ်တို့က မန္တလေးကပါ။ ကျုပ်နာမည် ဦးမြထွန်းလို့ ခေါ်ပါတယ်။ "မြဘုရင် ရတနာဆိုင်" ဆိုရင် အားလုံးသိကြပါတယ်။ ကျုပ် ဂုဏ်တော် အဓိဋ္ဌာန်ပုတီး ၉နှစ် ဝင်ခဲ့ပါတယ်။ တစ်နေ့ မဟာမြတ်မုနိဘုရားမှာ ပုတီးစိပ်နေတုန်း ကျုပ်ရဲ့ အာရုံမှာ ပုဂ္ဂိုလ်တစ်ဦးရဲ့ ပုံပေါ်လာတယ်။ ကျောပေးပြီး တင်ပျဉ်ခွေ ထိုင်နေတယ်။ ပြီးတော့ ကျုပ်ကို ပြောတယ်။ တောင်အရပ်က ဗုဒ္ဓဟူးနံမြို့မှာ ပန်းဘုရားကို ရှာ၊ အောင်မြေတွေ့ချင်ရင် ရွှေတိဂုံမှာ အောင်ဇောမိကို ရှာပြီးမေးလို့ ပြောသွားတယ်။ အဲဒါကြောင့် ကျုပ်တို့ ဆရာတပည့် အောင်ဇောမိဆိုတဲ့ ပုဂ္ဂိုလ်ကို လာရှာတာ။ ဒီနေ့ပါဆိုရင် ငါးရက်ရှိပြီ"

"မိတ်ဆွေပြောတဲ့ အောင်ဇောမိ ဆိုတဲ့ လူပုဂ္ဂိုလ်ကိုတော့ ကျုပ် မသိဘူး။ ကျုပ်သိတာကတော့ အောင်ဇောမိ နတ်ကွန်းရှိတဲ့ နေရာပဲ။ ဒီလို ပုဂ္ဂိုလ်မျိုးတွေက မိတ်ဆွေကို တည့်တည့်တော့ ညွှန်မှာ မဟုတ်ဘူး။ အောင်ဇောမိ နတ်ကွန်းကို မိတ်ဆွေကြည့်ချင်ရင် လိုက်ပြပေးမယ်။ မိတ်ဆွေအနေနဲ့ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ သွားကြည့်လိုက်ပါ"

ယောဂီဝတ်စုံနှင့် လူကြီးက ပြောသော်လည်း ဦးမြထွန်းက စိတ်ဝင်စားပုံမရ။ ပြောလွန်းမက ပြောလိုက်မှ စိတ်မပါ့တပါဖြင့် လိုက်လာသည်။ အောင်ဇောမိ နတ်ကွန်းက ညောင်ပင်



ကြီးတစ်ပင်အနီးတွင် ဆောက်လုပ်ထားသည်။ ညောင်ပင်စောင့် ရက္ခစိုးနတ်မင်း၏ နတ်ကွန်းဟု ဆိုသည်။ နတ်ကွန်းထဲတွင် လူက ရှင်းသည်။ နတ်ရုပ်တုကြီး ရှေ့ရှိ အုန်း၊ ငှက်ပျောပွဲအနီး ထွန်းညှိထားသည့် အမွှေးတိုင်များကို တွေ့ရသည်။ ထိုနတ်ရုပ်တုကြီး၏ ဘေး၊ သင်သားဆိုင်းဘုတ်ပေါ်တွင် "ဦးဂျာအေးနှင့် ဝါးခယ်မ မြို့သူမြို့သားများမှ လှူဒါန်းသည်" ဟု ရေးထားသည်။ ထိုနတ်ကွန်းတစ်ခုလုံးတွင် ဆိုင်းဘုတ်ဆို၍ ထိုတစ်ခုသာ ရှိသည်။

ဦးမြထွန်းတို့အဖွဲ့ နတ်ကွန်းအတွင်း ဟိုကြည့်ဒီကြည့် ကြည့်သော်လည်း ထူးခြားမှု ဘာမှမတွေ့ကြရသဖြင့် စိတ်ပျက်လက်ပျက်ဖြင့် ပြန်ထွက်လာကြသည်။ ထို့နောက်တော့ ဦးမြထွန်းတို့ ဆရာတပည့် လက်ဈေးကာ မန္တလေးသို့ ပြန်ခဲ့ကြလေသည်။

◈◈◈

ထိုသို့ဖြင့် နောက် ၅နှစ်ခန့် အကြာ ဦးမြထွန်း ရန်ကုန်သို့ ကိစ္စတစ်ခုဖြင့် ရောက်လာရင်း ရွှေတိဂုံဘုရားပေါ်သို့ ဘုရားဖူးရင်း ရောက်လာသည်။ ဘုရားရင်ပြင်တော်ပေါ်တွင် လက်ယာရစ်ပတ်ရင်း လွန်ခဲ့သော ၅နှစ်ခန့်က ဘိုးတော်တစ်ပါးနှင့် ဆုံခဲ့သောနေရာသို့ ရောက်လာသည်။ ထိုစဉ် အရှေ့စေတီ၏ အနောက်ဘက်မှ ယောဂီဝတ်စုံနှင့် လူတစ်ယောက် ထွက်လာသဖြင့် ကြည့်လိုက်ရာ မှတ်မိသွားပြီး ယောဂီဝတ်စုံနှင့် လူက• • •

"မိတ်ဆွေကြီး • • • ကျုပ်ကို မှတ်မိရဲ့နော်"

"ဟုတ်ကဲ့၊ မှတ်မိပါတယ်"

"မိတ်ဆွေကြီးနဲ့ ကျုပ် ဆုံခဲ့ကြတဲ့ လွန်ခဲ့တဲ့ ၅နှစ်က အကြောင်းကိစ္စတစ်ခုကို မှတ်မိသေးလား။ အဲဒီတွက်

www.burmeseclassic.com

ပြေလည်သွားပြီလား"

"အဲဒီတုန်းကတည်းက ကျုပ်လည်း လက်လျှော့လိုက်တာပါ"

"အေးဗျာ၊ မိတ်ဆွေပြန်သွားမှ ကျုပ် အကြံတစ်ခုရလိုက်တယ်။ ကျုပ်တို့ သွားကြည့်တဲ့ နတ်ကွန်းထဲက ဆိုင်းဘုတ်ဟာ ကျုပ်တို့ကို လမ်းညွှန်ပေးတာပဲ ဖြစ်မယ်လို့။ မိတ်ဆွေရဲ့ အာရုံထဲမှာ ပေါ်လာတဲ့ ပုဂ္ဂိုလ်ပြောတဲ့ စကားအရ ဗုဒ္ဓဟူးနံမြို့ဆိုတာ ဝါးခယ်မမြို့ပဲ။ ပြီးတော့ ပန်းဘုရားဆိုတာ ပန်းနာမည်တစ်မျိုးနဲ့ ဘုရားကို ပြောတာဗျ။ ကျုပ် စုံစမ်းကြည့်တော့ ဝါးခယ်မမြို့မှာ "သော်က ဘုရား"ဆိုတာ ရှိတယ်တဲ့။ ပန်းနာမည်နဲ့ ဘုရားဆိုတာလည်း အဲဒီတစ်ဆူပဲ ရှိတာတဲ့။ ဒီ့ထက် ထူးဆန်းတာက ဆိုင်းဘုတ်ပေါ်က "ဦးဂျာအေး"ဆိုတာ ဘိုးတော်တစ်ပါးလို့ အများက သတ်မှတ်ထားတာတဲ့လေ"

"ဟင်...ဒါ...ဒါဆိုရင် ကျုပ်တို့ နေရာသိပြီပေါ့နော်။ ညွှန်လိုက်တာကလည်း အမှန်ပဲပေါ့နော်"

"အမှန်ဗျ။ ကျုပ်လည်း အဖြေရှာရလို့ ပြောပြချင်ပေမယ့် မိတ်ဆွေနဲ့ ထပ်မဆုံကြဘူးလေ။ အခုတောင် တိုက်တိုက်ဆိုင်ဆိုင်လာဆုံလို့ ပြောပြနိုင်တာ"

"ကျေးဇူးတင်တယ် နောင်ကြီးရယ်။ ကျုပ်တို့ ဝါးခယ်မမြို့ကို ရောက်အောင် သွားကြမယ်ဗျာ။ နောင်ကြီးလည်း လိုက်ခဲ့"

◈ ◈ ◈

ဤသို့ဖြင့် ဦးမြထွန်းနှင့် ယောဂီဝတ်စုံ လူကြီးတို့ ဝါးခယ်မသို့ ခရီးဆက်ခဲ့ကြသည်။ ဝါးခယ်မသို့ ရောက်လျှင် ဦးစွာ သော်ကဘုရားသို့ မေး၍လာခဲ့ကြသည်။

"ဦးမြထွန်း...ကျုပ်တို့ သော်ကဘုရားကို ဖူးတွေ့ရတော့မှာ။ နောက် ဘာဆက်လုပ်မှာလဲ"

"ကျုပ် စဉ်းစားထားပြီးပါပြီ၊ ဒီလို အခွင့်အရေးမျိုး စောင့်ခဲ့ရတာ ကြာပြီ၊ လက်လွှတ်ခံလို့ ဘယ်ဖြစ်မလဲ။ ကျုပ်တို့ ဘိုးတော် ဂျာအေးကို ဆက်ရှာရမှာပေါ့"

"ဒါဆိုလည်း ဘိုးတော် ဂျာအေးကို အခြားသွားရှာနေစရာ မလိုဘူး။ ကျုပ်စုံစမ်းခဲ့တာတော့ သော်ကဘုရားတည်ရှိတဲ့ သော်ကရွာမှာ ရှိတယ်"

သော်ကစေတီကြီး၏ ဘွဲ့တော်မှာ "ပြည်လုံးချမ်းသာစေတီ"ဖြစ်သည်။ သို့သော်လည်း သော်ကရွာအမည်နှင့် တွဲ၍သာ ကျော်ကြားခဲ့သည်။ လူကြီးသူမတို့ပြောစကားအရ သော်ကဘုရားကို တည်ခဲ့သူမှာ မွန်မင်းသမီး "ဥမ္မာဒန္တီ" ဟု ဆိုသည်။ မွန်မင်းသမီးသည် ပြည်ပြေးဘဝဖြင့် ဝါးခယ်မမြို့သို့ ရောက်ရှိလာခဲ့ပြီး သူမ၏ ရင်ထဲက သောကတွေ ပြေပျောက်စေရန် ဤဘုရားကို တည်၍ "သောကဘုရား" ဟု ခေါ်တွင်စေခဲ့ပြီး ကာလရွေ့လျော၍ "သောက"မှ "သော်က"ဟု အခေါ်အဝေါ်ပြောင်းလဲလာခဲ့သည်ဟု ဆိုသည်။ ယခင်က ဆိုလျှင် ထိုဘုရား၌ ချစ်သူစုံတွဲများ ဆုတောင်းခြင်း မပြုကြ။ သောကများ၍ ကွဲကွာတတ်သည်ဟုလည်း အယူရှိကြသည်။

ဦးမြထွန်းတို့နှစ်ဦး သော်ကဘုရားကို ဖူးမြော်ပြီးနောက် ဘိုးတော်ဂျာအေးကို တွေ့ရန် သော်ကရွာထဲသို့ လာခဲ့ကြသည်။ သော်ကရွာထဲ၌ စုံစမ်း၍ လာခဲ့ရာ ကိုဂျာအေးတို့အိမ်သို့ ရောက်လာခဲ့လေသည်။ အိမ်၌ ကိုဂျာအေး၏ ညီမဆိုသူ မိသားစုနှင့် တွေ့သည်။

"ကျုပ်တို့က မန္တလေးက လာကြတာပါ။ ဘိုးတော်နဲ့ တွေ့ချင်လို့ တကူးတက လာခဲ့ကြတာပါ"

အိမ်ရှင်များ၏ မျက်နှာအမူအရာက တစ်မျိုးဖြစ်နေသည်၊ ထို့နောက်မှ အိမ်ရှင်များက...

"ကျွန်မတို့ အစ်ကိုကြီး ကိုဂျာအေး လွန်ခဲ့တဲ့ သုံးလလောက်က ဆုံးပါးသွားခဲ့ပါပြီ၊ ဒီက ဦးလေးတို့ ရပ်ဝေးက လာကြရတဲ့အတွက် စိတ်မကောင်းပါဘူး"

ဦးမြထွန်းမှာ အိမ်ရှင်၏ စကားကို ကြားလျှင် ခေါင်းငိုက်စိုက်ကျသွားခဲ့သည်။ အားခဲထားသမျှ သဲထဲ ရေသွန်သလိုဖြစ်ရသည်။ ခဏကြာလျှင် အိမ်ရှင် အမျိုးသမီးက အိမ်တိုင်တွင် ချိတ်ဆွဲထားသော ဓာတ်ပုံကို ဖြုတ်ယူပြသည်။ ဦးမြထွန်းနှင့် ယောဂီဝတ် လူကြီးတို့ ဓာတ်ပုံကို ကြည့်ကာ အံ့အားသင့်သွားကြသည်။ ဓာတ်ပုံထဲက ဘိုးတော် ဂျာအေးဆိုသော ပုဂ္ဂိုလ်သည် လွန်ခဲ့သော ၅နှစ်က ရွှေတိဂုံဘုရားပေါ်တွင် သူတို့နှစ်ဦးနှင့်, ဆုံခဲ့သော ထူးဆန်းသည့် ပုဂ္ဂိုလ်ပင် ဖြစ်နေပေသည်။

ဦးမြထွန်းတို့နှစ်ဦး ဝါးခယ်မမြို့မှ ပြန်ခဲ့ကြသည်။ ယောဂီဝတ် လူကြီးက ဦးမြထွန်းကို ဖြေသိမ့်သလို စကားဆိုလေသည်။

"ကံတရားလို့ပဲ ဆိုရမယ်။ ကိုယ်နဲ့ မထိုက်ဘူးလို့သာ မှတ်လိုက် ဦးမြထွန်းရေ၊ ဒါပေမယ့် ကြိုးစားအားထုတ်ခြင်းအတွက်တော့ အကျိုးရလဒ်တစ်ခုကို ပိုင်ဆိုင်နိုင်မှာပါ။ လမ်းဆုံးအောင်လျှောက်၊ လမ်းဆုံးရင် ရှာတွေ့ပါလိမ့်မယ်" ■

* * *

တင်မောင်မောင်(ပေါက်ကုန်း)



www.burmeseclassic.com

www.burmeseclassic.com



၁နွေ ၂လာ ၃ဂါ ၄ဟူး ၅တေး ၆ကြာ ၇နေ ၈ဟု

၂၀၁၄၊ မေလအတွက်

# ခုနစ်ရက်သားသမီး ကံကြမ္မာဟောစာတမ်း

အောင်အတိတ် အောင်နိမိတ်ဆရာ

## ➢တနင်္ဂနွေသားသမီးများ

ဤလအတွင်း ကောင်းတာတွေ ဘယ်လောက်ပဲလုပ်လုပ် သူတစ်ပါးရဲ့ မကောင်းပြောခြင်းကို အကြောင်းမဲ့ ခံရတတ်ပါသည်။ အလုပ်အကိုင်မှာလည်း ထိခိုက်တတ်သည်။ ငွေကတော့ ဝင်မည်။ စည်းနှင့် ကမ်းနှင့် သုံးပါ။ သင်ကိုယ်တိုင် ကျန်းမာရေး မညံ့သော်လည်း သင့်အိမ်သားတွေ၏ ကျန်းမာရေးညံ့နေတတ်သည်။ ခရီးတိုလေးတွေ သွားရမည်။ ခရီးသွားလျှင် နစ်ဆင့်ခရီး ဖြစ်လိမ့်မည်။ သင့်ငယ်သား (သို့မဟုတ်) ကလေး နေမကောင်းဖြစ်တတ်သည်။ ပတ်ဝန်းကျင်တွင် စနေသား၊ အင်္ဂါသားတို့နှင့် စကားများလိမ့်မည်။ ပြဿနာမဖြစ်အောင် နေပါ။ ယခုလ သင့်ကံဇာတာ မေးမိုန်နေသည်။

အိမ်ပေါ်တွင်၊ အိမ်နားတွင်လည်း သူခိုးခိုးခံရတတ်သည်။ ငွေတွေ ဘယ်လောက်ရရ အကြွေးတင်နေဦးမည့်အချိန်ပါ။ ငယ်ရွယ်သူများ ယခုလ အချစ်ရေးတွင် စိတ်သောက ကြုံတွေ့ရတတ်သည်။ အိမ်ထောင်ဖက်နှင့် သဘောထားကွဲလွဲနေတတ်သည်။

အိမ်တွင် အနေအထားပြောင်းလဲမှုကြုံမည်။ ယခုလ အလုပ်တွင်လည်း အပြောင်းအလဲကြုံဦးမည်။ ဘုရားဖူးထွက်လိုက်ပါ။ စိတ်ချမ်းသာမှုများ ရရှိပါလိမ့်မည်။ ယခုလသည် ကုသိုလ်ကောင်းမှုတွေ များများလုပ်သင့်သည့်လပါ။ ဘာသာရေးဖိလုပ်ပါ။

**ယတြာ။** ။ သပြေပန်း (၇)ညွန့်ကို တန်ခိုးကြီးဘုရား၏ တနင်္ဂနွေထောင့်တွင် တနင်္ဂနွေနေ့နံနက်စောစော သွားလှူဒါန်းပါလေ။ ပြီးလျှင် သရဏဂုံသုံးပါးကို ပုတီး(၇)ပတ်စိပ်ပါ။ အညံ့များ ပြေပျောက်၍ ကောင်းကျိုးချမ်းသာများ ရရှိပါလိမ့်မည်။

**ထီကံစမ်းရန်။** ။ (၆၊ ၀၊ ၁) ဂဏန်းများဖြင့် ထီကံစမ်းပါ။ ထီလက်မှတ်တွေကို သေတ္တာထဲ ထည့်ထားပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •



www.burmeseclassic.com

www.burmeseclassic.com

## ➤ တနင်္လာသားသမီးများ

စိတ်ထွေပြားစရာတွေ ကြုံနေမယ်။ ဒါပေမယ့် ပတ်ဝန်းကျင်နဲ့ အဆင်ပြေအောင် နေဖြစ်မယ်။ ဘာရယ်မဟုတ်၊ ပျော်ပျော်ပါးပါးနေဖြစ်မယ်။ လုပ်ငန်းမှာရော၊ လူမှုရေးမှာပါ အထစ်အငေါ့လေးတွေတော့ ကြုံမယ်။ ဒါပေမယ့် အောင်မြင်သွားမယ်။ အဆင်ပြေသွားမယ်။ သင့်ကံဇာတာ ကောင်းနေပါတယ်။ အခွင့်အရေးတွေလည်း မုချရပါမယ်။ သင့်ကိုယ်သင် ယုံကြည်စိတ်မွေးလိုက်ပါ။ ဘာမဆို ကြိုးစားလိုက်ပါ။

ဟိုဟိုသည်သည်တွေ တွေးပြီး စိတ်ပူနေမိတတ်တယ်။ ပြုပြင်လိုက်ပါ။ ဘာမှမပူပါနဲ့။ အခက်အခဲကြုံတိုင်း ပြေလည်သွားမယ်။ ငွေဝင်မယ်။ ငွေအထူးဝင်မယ်။ သူတစ်ပါးတွေကိုလည်း ကူညီနိုင်မယ်။ အိမ်ထောင်ရှင်တွေအဖို့တော့ အတိတ်က ဘာရယ်မဟုတ်တဲ့ ကိစ္စလေးတွေ ပြန်အစဖော်ပြီး စကားများဖြစ်မယ်။ ဒါပေမယ့် စီးပွားတက်မယ်။ ငွေစုဖြစ်မယ်။ ကြားစကား မယုံပါနှင့်။

ငယ်ရွယ်သူတွေ အချစ်ရေး ကြားလူဝင်မယ်။ ချစ်သူတွေ လေနှန်နှစ်ဖက် နင်းထားတာမျိုး ဖြစ်နေမယ်။ မပြတ်မသားဖြစ်နေမယ်။ ကိုယ်တိုင်ကလည်း သစ္စာရှိပါ။ ချစ်သူအပေါ်လည်း ပြောစရာရှိတာ ပြတ်သား ပွင့်လင်းစွာ ပြောပါ။ ပွင့်လင်းစွာပြောတဲ့အတွက် ကောင်းကျိုးခံစားရမယ်။ အထူးသဖြင့် ငယ်ရွယ်သူတွေ အချစ်ကျွံသွားတတ်တဲ့အတွက် အနေအထိုင်ဆင်ခြင်ရမယ့်အချိန်ပါ။ ကျန်းမာရေးကတော့ ခေါင်းမူးမယ်။ အော့အန်တတ်တယ်။ စိုးရိမ်ဖို့တော့ မရှိပါဘူး။ အထူးပြောချင်တာကတော့ ဒီအချိန် ကံဇာတာ မညံ့ပါဘူး။ စာအုပ်ကောင်းတွေ ဖတ်ပါ။ အကြံကောင်းတွေ ယူပြီး ပြတ်ပြတ်သားသားလုပ်ပါ။ အစစ အောင်မြင်မှာပါ။

**ယတြာ။** ။ မနက်စောစောထပြီး လမ်းလျှောက်ပါ။ လမ်းလျှောက်ရင်း နိမိတ်ကောင်းတဲ့ သီချင်းလေးကို ခပ်တိုးတိုးဆိုပေးလိုက်ပါ။ ဘုရားကျောင်းကန်သွားတတ်သူတွေကတော့ မွေးနံဂြိုဟ်တိုင်မှာ ရေအခွက် (၂၀)တိတိ သပ္ပာယ်လိုက်ပါ။

**ထီကံစမ်းရန်။** ။ မင်္ဂလာစုံတွဲ နှစ်စောင်တွဲတွေပဲ ရွေးပြီးထိုးပါ။ နံပါတ်မရွေးပါနဲ့။ ပြီးတော့ ထီလက်မှတ်တွေကို သွားလေရာယူသွားပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ➤ အင်္ဂါသားသမီးများ

ဤလအတွင်း သင်၏ လုပ်ငန်းတွင်း၌ စာရင်းဇယားကွာဟမှုများ။ ငွေကြေးလေလွင့်မှုများ ဖြစ်ပေါ်တတ်၏။ သင်၏အထက်လူကြီးမှ သင့်အား အကြောင်းမဲ့ ငြိုငြင်မှုများ ခံစားရတတ်၏။ စပ်တူရှယ်ယာလုပ်ငန်း၊ အကျိုးဆောင်လုပ်ငန်းလုပ်သူများ။ စီးပွားရေးသမားများ ဤလအတွင်း ထူးခြားစွာ ဝင်ငွေများ ရနေတတ်၏။ သင်၏မွေးနေ့၌ ရဟန်းတစ်ပါးအား သစ်သီးဆွမ်းဆက်ကပ်လိုက်ပါ။ ခက်ခဲနေသော ပြဿနာများသည် ကူညီဖြေရှင်းပေးမှုများကြောင့် ပြေလည်သွားပါမည်။ ဆွေမျိုးညီအစ်ကိုမောင်နှမများနှင့်လည်း စိတ်သဘောထားကွဲလွဲမှု ဖြစ်ပေါ်နေတတ်သည်။

ငယ်ရွယ်သူများ သင်ရည်ရွယ်ထားသော အချစ်ရေးနှင့် ပညာရေးသည် တစ်ပြိုင်နက်တည်း လွင်လင့်တကူ အောင်မြင်မှုရရှိလာပါလိမ့်မည်။ မတော်တဆ ထိခိုက်ဒဏ်ရာ အနည်းငယ်ရရှိတတ်၏။ သတိပြုပါ။

သင့်အား အထူးမှာကြားလိုသည့်အချက်မှာ သင် ဘာကိုပဲ လုပ်လုပ်၊ သင်ဖြစ်ချင်တာတွေအားလုံး ဖြစ်လာနိုင်ရန်သင့်ဘက်မှ ကံတရားက ရပ်တည်နေပေလိမ့်မည်။ ကံကောင်းနေတဲ့ အချိန်ပါပဲ။ အိမ်တွင်းရေး မကျေလည်တာလောက်တော့ဖြစ်မည်။

**ယတြာ။** ။ မိမိနေအိမ်ရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား အလင်းတိုင် (၉)တိုင် ကပ်လှူပူဇော်ပါလေ။ အညံ့များ ပြေပျောက်၍ လိုအင်ဆန္ဒများ ပြည့်စုံလာပါလိမ့်မည်။

**ထီကံစမ်းရန်။** ။ (၉)ဂဏန်းများများဖြင့် ထိုးပါ။ ကိုးနဝင်း အဓိဋ္ဌာန်ဝင်ပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •



www.burmeseclassic.com

www.burmeseclassic.com

## ➤ဗုဒ္ဓဟူးနှင့် ရာဟုသားသမီးများ

ဤလတွင် ဘဝအတွက် ကံကြမ္မာရေစီးမှ အခွင့်ကောင်းကြုံနေပါပြီ။ တိုးတက်သော ပြောင်းလဲမှုကြုံမည်။ ဘဝအတွက် စီမံကိန်းအသစ်တွေချပြီး လုပ်ဖြစ်မည်။ အပြိုင်အဆိုင်၊ ရန်တွေတော့ ရှိသည်။ ရဲရဲလုပ်ပါ။ အခွင့်ထူးတွေ ရမည်။

အလုပ်တိုးတက်မည်။ အခွင့်ထူးကို အလွဲသုံးစား မလုပ်ပါနှင့်။ ကျိုးနွံမှုဖြင့် အခွင့်အရေးကို ခံယူပါ။ မုချ တိုးတက်မည်။ ငွေဝင်မည်။ ငွေကြေးပေါ်များစွာ သုံးရမည်။ အခက်အခဲတွေ ပြေပျောက်သွားမည်။ ဆုံးရှုံးထားသောငွေတွေ ဝင်လာမည်။ သူတစ်ပါးကို ငွေမချေးမိဖို့ဘဲ သတိထားပါ။ ငွေအာမခံတာ ရှောင်ပါ။

အိမ်ထောင်ရှင်များအဖို့တော့ အနှောင့်အယှက်ရှိသည်။ ဘေးစကားတွေ ကြုံမည်။ အထူးသတိပြုရန်မှာ ဤကာလတွင် ကိုယ်ကျင့်သီလထိန်းပါ။ တစ်ခုခု သစ္စာဖောက်မိက ဘဝတွင် ကြီးမားစွာ ဒုက္ခရောက်အံ့။ ကိုယ်ကျင့်သီလကို အထူးစောင့်ရမည့် လပါ။

ငယ်ရွယ်သူများ အချစ်ရေး ကြားစကားဝင်မည်။ ချစ်သူအပေါ် သစ္စာရှိပါ။ ဤလတွင် ချစ်သူအပေါ် စိတ်မကောက်မိပါစေနှင့်။ စိတ်ကောက်မိက ပြတ်စဲသွားပြီး ဘဝတွင် လွမ်း၍မဆုံးဖြစ်သွားတတ်သည်။ သို့အတွက် ချစ်သူအပေါ် မေတ္တာစစ်၊ မေတ္တာမှန်ဖြင့် သစ္စာရှိပါ။

ဤလတွင် တိုးတက်ပါမည်။ အလုပ်ကို စိတ်ပါဝင်စားစွာလုပ်ပါ။ စက်ပစ္စည်းတစ်ခုဝင်မည်။ ထီကံလည်း ပွင့်သည်။ (၄)ဂဏန်းများများပါသော ထီလက်မှတ်ကို ထိုးပါ။ ထို့အပြင် ရပ်ဝေးမှ ဆွေမျိုးနာရေး ကြားရတတ်၏။ မိတ်ဆွေတစ်ဦး လူနာမေးသွားရတာလည်း ကြုံမည်။ အရေးကြီးသည်မှာ ဤကာလတွင် ဘာမှပြဿနာ မဖြစ်အောင်နေပါ။ ပြဿနာဖြစ်က ကြီးမားသွားတတ်၏။ ကျန်းမာရေးကိုလည်း ဂရုစိုက်ပါ။ ဤလတစ်လလုံး အနက်ရောင် လုံးဝ မသုံးမိပါစေနှင့်။

**ယတြာ။** ။ နှင်းဆီအနီ သုံးပွင့်ဝယ်ပြီး လမ်းမှာ ချပြီး နှင်းချေပစ်လိုက်ပါ။ ငါ့ဒုက္ခ နှင်းခံဟုလည်း ပြောခဲ့ပါ။ ထို့အပြင် ယခုတစ်လလုံး မေတ္တာဘာဝနာ များများပွားပါ။ မနက်/ည အိပ်ရာဝင်၊ အိပ်ရာထ မေတ္တာပို့သပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ➤ကြာသပတေးသားသမီးများ

ယခုလ အစစကောင်းမွန်မည်။ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိမည်။ စိတ်ထဲတွင် လွတ်လပ်ပေါ့ပါးနေမည်။ အလွန်ကောင်းသောလပဲဖြစ်၏။ အလုပ်အကိုင် ကောင်းမွန်မည်။ အလုပ်တွင် အခွင့်ထူးတွေ ရမည်။ ငွေကြေးများစွာရမည်။ ထီထိုးပါ။ (၅) နှင့် (၁) ဂဏန်းများများပါသော ထီလက်မှတ်ကို ရအောင်ရှာပြီးထိုးပါ။ ထီပေါက်ဖို့ ကံဇာတာ အထူးပွင့်နေသည်။

သင့်အသိဉာဏ်ပညာတွေလည်း အထူးထက်မြက် သွက်လက်နေမည်။ စီးပွားတက်နေမည်။ အောင်မြင်မှု ရမည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးသာယာမည်။ အိမ်ထောင်ရှင်များ အိုးအိမ်ခြံမြေဝင်ကိန်းရှိသည်။ ငယ်ရွယ်သူများ ချစ်သူတစ်ဦးကို ဘဝအဖော်အဖြစ် ပိုင်ပိုင်နိုင်နိုင်ရွေးချယ်ဖြစ်မည်။ ချစ်သူထံမှ ကတိစကားတွေ ရမည်။ စိတ်ကူးထဲမှာ ကြိုတင်တည်ဆောက်ထားသည့် စိတ်ကူးချစ်ကမ္ဘာလေးက အနာဂတ်အတွက် အမှန်တကယ်သာယာမည့် ဘဝလေးဖြစ်ကြောင်း ယုံကြည်နိုင်ပါပြီ။ ကျန်းမာရေး ကောင်းပါမည်။ ဤကာလတွင် သတိထားစရာတစ်ခုပဲ ရှိသည်။ ဘေးစကား၊ ကြားစကားတွေကို မေ့ထားလိုက်ဖို့ပါပဲ။ ပတ်ဝန်းကျင်က မလိုတမာ စကားတွေကို ဥပေက္ခာပြုလိုက်ပါ။ သင့်ဘဝ ကောင်းစားချိန် စ,ပါပြီ။

**ယတြာ။** ။ အနန္တငါးပါး၏ ကျေးဇူးဂုဏ်ကို နေ့စဉ်အောက်မေ့ သတိရပါ။ ငါးထောင့်ကြယ်ပုံလေးကို ဆွဲပြီး ပလတ်စတစ်လောင်းကာ ဆောင်ထားလိုက်ပါ။ ကောင်းကျိုးထူးပါလိမ့်မည်။

**ထီကံစမ်းရန်။** ။ မွေးနေ့တွင် (၅) နှင့် (၁)များများပါသော ထီလက်မှတ်ကို ထိုးပါ။ ပြီးက ဖလားခွက်လေးထဲ ထည့်ပြီး အိပ်ရာဘေးမှာ ထားပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •



www.burmeseclassic.com

www.burmeseclassic.com

## ➢ သောကြာသားသမီးများ

ဤလတွင် ထီပေါက်သကဲ့သို့ ငွေများ အလုံးအရင်းနှင့် ဝင်လိမ့်မည်။ အလှူဒါနတွေ များစွာပြုဖြစ်မည်။ ကံဇာတာအလွန်ကောင်းနေသည့်လပါပဲ။ မျက်နှာပွင့်လန်းနေမည်။ ပြောဆိုသမျှ အထူးအောင်မြင်နေမည်။ အိမ်ထောင်ရှင်များ လင်မယားကတောက်ကဆဖြစ်တတ်သော်လည်း ပြဿနာမဖြစ်ပါ။ သို့သော် အိမ်တွင်းရေးအဆင်ပြေအောင်နေလျှင် ပိုပြီးလာဘ်ရွှင်နေမည်။ ငွေလည်း ပိုဝင်လာမည်။ အိမ်ထောင်ရေး သစ္စာရှိရမည့်အချိန်ပါ။ ငယ်ရွယ်သူများအတွက် အချစ်ရေးကိစ္စများ ပြေလည်တတ်ပါသည်။ သို့သော် မျက်နှာအလွန်ပွင့်နေတတ်ချိန်ဖြစ်သဖြင့် ချစ်သူ့အပေါ် သစ္စာရှိဖို့ လိုသည်။ စက်၊ စိန် စသည်တို့ကို အကြောင်းပြု၍ စိတ်ညစ်ရတတ်၏။ ရာထူးတိုးသော်လည်း တစ်ခါတစ်ရံ၌ အလုပ်တွင် မပျော်သလိုလည်းဖြစ်မည်။ ရွှေထွက်တတ်ပါသည်။ ဝမ်းဗိုက် ဥပါဒ်ပေးတတ်ပါသည်။ နားရသည်ဟု မရှိဘဲ အလုပ်များခြင်း၊ ခရီးတိုများ တစ်ခုပြီးတစ်ခု ထွက်နေရပါလိမ့်မည်။ နိုင်ငံခြားခရီး စီစဉ်ထားသူများ ယခုလ မုချထွက်ရအံ့။ ကောင်း၏။ ပျော်ပျော်နေပါ။ ဘာသာရေးဖိလုပ်ပါ။ တစ်ချက်တည်းနှင့် ဘဝတစ်သက်စာအတွက် ကောင်းစားခွင့် ကြုံနေသည့်ကာလပါ။

**ယတြာ။** ။ တနင်္လာနေ့၌ တစ်ကြိမ်၊ စနေနေ့၌ တစ်ကြိမ်၊ နန်းကြီးသုပ်ကို ဆွမ်းတော်ကပ်ပါ။ ထို့နောက် သင့်အိမ်မှ လွယ်အိတ်တစ်လုံးကို ပုံသကူပစ်သကဲ့သို့ အကျအနထုပ်၍ လမ်းပေါ်မှာ ပစ်ပါ။ ကောင်းကျိုးချမ်းသာများ သင့်ထံသို့ ရောက်လာပါလိမ့်မည်။ ယခုလမှစပြီး ကိုးနဝင်း မိုးလင်းမှ သိမယ်ဆိုသည့် အဓိဋ္ဌာန်ကို စွဲစွဲမြဲမြဲ ပွားထုံသွားစမ်းပါ။ ကောင်းကျိုးချမ်းသာတွေ မုချ ခံစားရပါအံ့။

**ထီကံစမ်းရန်။** ။ (၇၊ ၁၊ ၂) ဂဏန်းများဖြင့် ထီကံစမ်းပါ။ ပြီးလျှင် ထီလက်မှတ်တွေကို ဘုရားကျောင်းဆောင်ပေါ်မှာ တရိုတသေတင်ထားပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ➢ စနေသားသမီးများ

အနစ်နာခံရမည့်လပါ။ မမျှော်လင့်သော စိတ်ထိခိုက်စရာတချို့ ကြုံမည်။ သစ္စာမဲ့ခံရမည်။ မာယာတွေ၊ လှည့်ဖြားမှုတွေကို သိသိနှင့် ခံရမည်။ စိတ်မကောင်းဖြစ်ရမည်။ အံ့အားသင့်စရာတွေ ကြုံမည်။ ငွေကြေးဥစ္စာတွေ ဝင်မည်။ အလုပ်အကိုင်ကောင်းမည်။ စည်းစိမ်တိုးမည်။ သို့သော် စိတ်အိုက်ရမည်။ သည်လမျိုးမှာ မိတ်ဆွေတု၊ မိတ်ဆွေစစ်တွေကို ခွဲခြားနားလည်သွားမည်။ အလုပ်တွေကို ပုံမှန်ပဲ လုပ်ပါ။ ဘာမှ အင်တိုက်အားတိုက်မလုပ်နှင့်။ ငွေတွေ ဝင်လာလျှင်လည်း လှူပစ်၊ သုံးပစ်ပါ။ သိပ်အစွဲအလမ်းမထားပါနှင့်။ ယခုလ အနစ်နာခံသမျှ အနာဂတ်တွင် ကောင်းမည်။

အိမ်ထောင်ရှင်များ သဘောထားကြီးပါ။ နားလည်ခွင့်လွှတ်ခြင်းကို လက်နက်သဖွယ် သဘောထားပါ။ အနွံတာခံလိုက်ပါ။ ငယ်ရွယ်သူများ အချစ်ရေးရှုပ်ထွေးနေမည်။ မာယာတွေကြား ရောက်နေမည်။ ဆုံးဖြတ်ရခက်နေမည်။ အလွန်စိတ်ရှုပ်ရမည့်ကာလပါ။ ကိုယ့်ကို အဓမ္မ ချဉ်းကပ်တာမျိုးကိုလည်း ကြုံရမည်။ ရှောင်ပါ။ ချစ်သူအပေါ် သစ္စာရှိပါ။

ကျန်းမာရေးကတော့ သင့်အပေါ်မှာပဲ တည်ပါသည်။ သိပ်အပင်ပန်းခံရင် ကျန်းမာရေးညံ့မည်။ စိတ်ပင်ပန်းရင်လည်း ကျန်းမာရေးညံ့မည်။ ဘာသိဘာသာနေပါ။ သွက်လက်ပေါ့ပါးစွာ နေပါ။ ကျန်းမာရေး ကောင်းပါလိမ့်မည်။

**ယတြာ။** ။ ယခုလတွင် ပွဲလမ်းသဘင်တွေကို သွားပါ။ လျှောက်လည်ပါ။ ရုပ်ရှင်နှင့် ဗီဒီယိုကားတွေ ကြည့်ပါ။ လွတ်လပ်ပေါ့ပါးစွာ နေလိုက်ပါ။

**ထီကံစမ်းရန်။** ။ ထီဂဏန်းမရွေးပါနှင့်။ နေ့မရွေးပါနှင့်။ ကြိုက်တဲ့ နေ့ထိုးပါ။ ကျတဲ့ ဂဏန်းယူပါ။ ပြီးလျှင် အိပ်ရာဘေးမှာ ပစ်ချထားလိုက်ပါ။ ထီပေါက်ခွင့် ရှိပါသည်။

*အားလုံးသတ္တဝါ ချမ်းသာပါစေ*

*အောင်အတိတ် အောင်နိမိတ်ဆရာ*

*(၀၉-၇၃၀-၂၅၈၇၁ / ၀၁-၅၅၉-၁၇၇)*

*****



www.burmeseclassic.com

www.burmeseclassic.com

# အဆောင်ပစ္စည်း အစွမ်းပိုထက်အောင် သိဒ္ဓိတင် ၂၇-ဂါထာကို ဆောင်

ကိုရွှေမြသန်း(သမိုင်း)

ဆရာသမားက ဖြစ်ဖြစ်၊ ရသေ့၊ ရဟန်းက ဖြစ်ဖြစ် ပေးတဲ့ အဆောင်ပစ္စည်း။ ဒါမှမဟုတ် ကိုယ့်ဘာသာကိုယ် ဆောင်သည့် ဆေးမျိုးစုံ၊ လက်ကိုင်ပဝါ၊ ပုတီး၊ ရွှေမွေး စတဲ့ ပစ္စည်းတွေကို အစွမ်းထက်အောင် သိဒ္ဓိတင်ချင်တဲ့ ဆန္ဒ တစ်ခါတစ်ရံမှာ ပေါ်ပေါက်မိမှာ အမှန်ပါ။

ကိုယ့်ဆီမှာ ဆောင်ထားတဲ့ ပစ္စည်းတစ်ခုခုဟာ သိဒ္ဓိ ရှိနေဖို့၊ တန်ခိုးရှိနေဖို့ လိုအပ်ပါတယ်။ များသောအားဖြင့် ပုတီး၊ ရေပုလင်း၊ အဆောင်လက်ဖွဲ့ပစ္စည်းတို့ကို ရဟန်းတော်များ သိမ်ဝင်တဲ့အခါ သဝိတ်ထဲ ထည့်ပေးလိုက်ပြီး သိဒ္ဓိယူကြတဲ့ အစဉ်အလာရှိခဲ့သလို၊ မဟာပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲများ၌လည်း ပဋ္ဌာန်းအိုးများနှင့် အတူထား၍ ပရိတ်၊ ပဋ္ဌာန်း သိဒ္ဓိယူသူများလည်း ရှိပါတယ်။

သိမ်ကိုးသိမ်ဝင်ခဲ့ဖူးတဲ့ ပုတီးတစ်ကုံးဟာ သိဒ္ဓိအလို လိုရှိတယ်လို့ စွဲစွဲလမ်းလမ်း ယုံကြည်ကြသူတွေလည်း ရှိပါသေးတယ်။ သိမ်ကိုးသိမ် မပြည့်ပြည့်အောင် ဝင်ခဲ့တာလည်း ရှိပါတယ်။

သည်တော့ ပစ္စည်းတစ်ခုခုကို အရေးပေါ် ဆောင်ချင်ပါပြီဆိုပါစို့ သိမ်ကိုးသိမ်ပြည့်အောင် ဘယ်မှာ ချက်ချင်းသွားဝင်မလဲ။ အဲဒီလို အခြေအနေမျိုးမှာ အမြန်နည်းနဲ့ သိဒ္ဓိတင်ဖို့ လိုအပ်လာပါလိမ့်မယ်။ အဲဒီအတွက် လူအများစု မသိကြသေးတဲ့ သိဒ္ဓိတင် ဂါထာဆိုတာ ဂမ္ဘီရလောကမှာ ရှိနေပါတယ်။ အဲဒါက လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက ထွက်ရှိခဲ့ဖူးတဲ့ လောကီအင်္ဂုတ္တိုရ်မဟ္တန်ကျမ်းမှာ ပါခဲ့ဖူးတဲ့ ဂါထာပါ။ ရှေးလူကြီးသူမများ တီထွင်ထားခဲ့တဲ့ သိဒ္ဓိတင် (၂၇)ဂါထာပါပဲ။

ဒီတော့ သိဒ္ဓိတင် (၂၇)ဂါထာကို ဘယ်လို ဘယ်ပုံ အသုံးချ ဆောင်ရွက်ကြရမလဲဆိုရင် (၂၇)ဂါထာဖြစ်သည့်အါတွက် (၂+၇=၉) နဝင်း ကိုးဂါထာပါ။ ဒီတော့ နဝင်းအချိန် နံနက် ၉နာရီမှာ ရွေးချယ် ရွတ်ဖတ် သိဒ္ဓိတင်သင့်ပါတယ်။ သိဒ္ဓိတင် ဂါထာကို မရွတ်ဖတ်ခင် ခန္ဓာကိုယ်ကို ရေမိုးသန့်စင်ရပါမယ်။ ပြီးရင် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ရပါမယ်။ အဖြူသက်သက် အဆင်မပြေရင် အဖြူဘက်လုတဲ့ အဝါရောင်၊ နံ့သာရောင်တို့ကိုလည်း ဝတ်နိုင်ပါတယ်။ ဆိုလိုရင်းကတော့ မှောင်တဲ့ အရောင် မဖြစ်ဖို့ပါပဲ။

ဘုရား၊ ရဟန္တာနှင့် ယုံကြည်ရာ ပုဂ္ဂိုလ်ထူးများကို သောက်တော်ရေ ၉ခွက်၊ ဆီမီး ၉တိုင်၊ အမွှေးတိုင် ၉တိုင် ပူဇော်ပါ။ ယပ်လေ ၉ကြိမ်လောက် ခတ်လှူ ပူဇော်ပါ။ ဘုရားမှာ ငါးပါးသီလကို သေသေချာချာ ကျကျနန ခံယူဆောက်တည်ပါ။ ရှစ်ပါးသီလ၊ ကိုးပါးသီလဆိုရင်တော့ အတိုင်းထက်အလွန် ပိုပြီးကောင်းပါတယ်။

သီလခံယူပြီးမှ စိတ်ကို ကြည်ကြည်လင်လင် ငြိမ်ငြိမ်သက်သက်ထားပြီး မေတ္တာသုတ်ကို အရင်ဦးဆုံး ရွတ်ဖတ် ပူဇော်ပါ။ ပြီးမှ သိဒ္ဓိတင် (၂၇)ဂါထာကို ရွတ်ဆိုပါ။ ဂါထာ ရွတ်နေစဉ်မှာလည်း မိမိ၏ အာရုံကို ဘုရားစင်ပေါ်မှ (သို့မဟုတ်) ဘုရားဆင်းတုရှေ့မှ သိဒ္ဓိတင်သည့် ပစ္စည်းဝတ္ထုဆီသို့ ပြထားပါ။ သို့မှသာ မိမိရွတ်တဲ့ ဂါထာရဲ့ ပါဝါတန်ခိုးသိဒ္ဓိများ ဝင်မှာပါ။

ဘယ်နှကြိမ်ရွတ်ရမလဲ ဆိုတာကတော့ အချိန်ပေးနိုင်မှုနှင့် သဒ္ဓါစိတ်ပေါ်မှာ မူတည်ပါတယ်။ တစ်ခေါက်နေ သုံးခေါက်၊ ကိုးခေါက်၊ နှစ်ဆယ့်ခုနစ်ခေါက် ကြိုက်သလောက် ရွတ်ပါ။ ရွတ်နိုင်လေ ကောင်းလေပါပဲ။ အကောင်းဆုံးက အကြိမ်အရေအတွက်ထက် စိတ်ငြိမ်အောင် အာရုံပြုနိုင်တာက ပိုထက်ပါတယ်။

မရွတ်ခင်၊ ရွတ်နေစဉ်နှင့် ရွတ်ပြီးတဲ့ အချိန်ကာလများမှာလည်း ဒီ သိဒ္ဓိတင် (၂၇)ဂါထာကြောင့် မိမိရဲ့ အဆောင်ပစ္စည်းဟာ တန်ခိုးသိဒ္ဓိဝင်နေပြီလို့ အာရုံပြု ယုံကြည်ထားပါ။

လောကီအင်္ဂုတ္တိုရ်မဟ္တန်ကျမ်းမှ အလုံးစုံသော ဆေး၊ အဆောင်တို့ကို သိဒ္ဓိတင်သော (၂၇)ဂါထာကတော့ အောက်ပါအတိုင်းပဲ ဖြစ်ပါတယ်။

### သိဒ္ဓိတင် (၂၇)ဂါထာတော်

၁။ သိဒ္ဓိဗုဒ္ဓါ သိဒ္ဓိဓမ္မာ၊ သိဒ္ဓိသံဃာ ဥတ္တမာစ၊
သိဒ္ဓိသဗ္ဗ အရိယာနံ၊ သဗ္ဗသိဒ္ဓိ ဘဝန္တုမေ။

၂။ သိဒ္ဓိကာစ အဂ္ဂသာဝကာ၊ သိဒ္ဓိမာရ ဗလသေနံ၊
သိဒ္ဓိကမ္မ မနုတ္တယံ၊ သိဒ္ဓိတန္တာဝိ မုတ္တမံ။

၃။ သိဒ္ဓိတေ တာဝတိံသာစ၊ သိဒ္ဓိစတု မဟာရာဇာ၊
စတရဋ္ဌော၊ ဝိရုဠှကော၊ ဝိရုပက္ခော၊ ကုဝေရာစ၊

၄။ သိဒ္ဓိတေ တာဝတိံသာစ၊ သိဒ္ဓိစတု မဟာရာဇာ၊
စတရဋ္ဌော၊ ဝိရုဠှကော၊ ဝိရုပက္ခော၊ ကုဝေရာစ၊



www.burmeseclassic.com

www.burmeseclassic.com

တေသံ သိဒ္ဓိ ကမ္မဘဝေ။
၅။ သိဒ္ဓိ တာဝတိံသာဒေဝါ၊ ယမာဒေဝါစ သိဒ္ဓိကာ၊
တုသိတာ၊ နိမာနရတိ၊ ပရိနမ္မိတ ဝသဝတိ၊
ကာမေ ပဥ္စသိဒ္ဓိကာစ သဗ္ဗေတေ၊ သိဒ္ဓိကာ ဘဝေ။
၆။ ဗြဟ္မပါရိ သဇ္ဇစေဝ၊ ဗြဟ္မပရောဟိတာ၊
ပြီစ မဟာဗြဟ္မာစ သိဒ္ဓိကာ၊
ပရိတ္တာဘာ အပ္ပမာနာဘာ၊ အာဘဿရာစ သိဒ္ဓိကာ။
၇။ ပရိတ္တာသုဘာ သိဒ္ဓိကာ၊ အပ္ပမာန သုကာပိစ၊
သုပကိဏ္ဏ ဝေဟပ္ဖလာ၊ သဗ္ဗေတေ သိဒ္ဓိကာ ဘဝေ။
၈။ တဝိဟာ အတပ္ပာဒေဝါ၊ သုဒဿာသု ဒဿီပိစ၊
အကနိဋ္ဌာ အရူပိနော၊ သဗ္ဗေတေ သိဒ္ဓိကာ ဘဝေ။
၉။ စက္ကဝဋ္ဌာ သိနေ္နရာဇာ၊ ဆကုဒိပါသတ္တသေလာ၊
မဟာဂင်္ဂါ သတ္တရာဇာ၊ သဗ္ဗေတေ သိဒ္ဓိကာ ဘဝေ။
၁၀။ စက္ကဝဋ္ဋ သဟဿာနိ၊ ကောဋိသတ သဟဿကော၊
သမန္တာ ဒေဝရာဇာ၊ သဗ္ဗေတေ သိဒ္ဓိကာ ဘဝေ။
၁၁။ ကုန္ဒစိတ္တ လတာနိစ၊ မိဿကာ ဖရုဿာပိစ၊
ထောနသိဒ္ဓိ တေဇေန၊ သဗ္ဗေသိဒ္ဓိ ဘဝန္တုမေ။
၁၂။ စန္ဒသူရိယ ဒေဝပုတ္တာ၊ တာရကာ နက္ခတ္တဂြဟာ
ဝိမာန ပုညသုဂတိ၊ သဗ္ဗေတေ သိဒ္ဓိကာ ဘဝေ။
၁၃။ ဝိဋ္ဋာသူရာ အသူရာစ၊ နာဂါစ ဂရုဠောတထာ၊
မဟာပ္ဖလာ မဟာတေကာ၊ သဗ္ဗေဘယာ ပမုစ္စရေ။
၁၄။ အဟံ ပေါရိပုဏ္ဏယက္ခာ၊ အာဠာဝကော ပုဏ္ဏောတထာ၊
သဗ္ဗေယက္ခာ ယဂါထာစ၊ သဗ္ဗေတ သိဒ္ဓိကာ ဘဝေ။
၁၅။ အဘိဓမ္မ ပကာဏာ၊ သုတ္တဝိနယ ပိဋကာ၊
ပဥ္စနိကာ ယဂါထာစ၊ သဗ္ဗေတေ သိဒ္ဓိကာ ဘဝေ။
၁၆။ စေတိယာ ဗုဒ္ဓရူပဥ္စ၊ ပါဒါစ ပါဒ လက္ခဏာ၊
စတုကာစ ဒ္ဓတ္တိသာစ၊ သဗ္ဗေတေ သိဒ္ဓိကာ ဘဝေ။
၁၇။ တေသဗ္ဗေ အတီတာပိစ၊ ပစ္စုပ္ပန္နာ အနာဂတော၊
ကာလဝိမုတ္တ နေကာဒါ၊ သဗ္ဗေတေ သိဒ္ဓိကာ ဘဝေ။
၁၈။ တေံ မင်္ဂလ မုတ္တမံ၊ ခန္ဓမောရ ပရိတ္တံပိ၊
ကာလဝိမုတ္တ နေကာဒါ၊ သဗ္ဗေတေ သိဒ္ဓိကာ ဘဝေ။
၁၉။ အင်္ဂုလိမာလ ပရိတ္တံ၊ သီဝလိစ ဂဝံပတိ၊
ရာဟုလာ အနန္ဒစေဝ၊ သဗ္ဗေတေ သိဒ္ဓိကာ ဘဝေ။
၂၀။ ရာဇာနေစ စောရောစေဝ၊ အဂ္ဂိဥဒကေ ဝေရိနံ၊
ဧတေန သိဒ္ဓိတေဇေန၊ သဗ္ဗေ ဘယံ ပမုစ္စရေ။
၂၁။ အပါဒါစ ပါဒါစေဝ၊ စတုပါဒါ ဗဟုပါဒါ၊
ဧတေန သိဒ္ဓိတေဇေန၊ သဗ္ဗေ ဘယာ ပမုစ္စရေ။
၂၂။ မေတ္တ စိတ္တေန သဗ္ဗေဒါ၊ အဝေရာ နိဒုက္ခာ ဟောန္တု၊
အဗျာပဇ္ဇာ ဟောန္တု မေဝ၊ သဗ္ဗေတေ သိဒ္ဓိကာ ဘဝေ။
၂၃။ ရာဇာဒေဝီ အမစ္စာစ၊ ကုတ္တိယာ ပုရိသဿဝါ၊
သမဏာ ဗြဟ္မဏာစေဝ၊ သဗ္ဗေတေ သိဒ္ဓိကာ ဘဝေ။
၂၄။ ပုတ္တောစ အရိယာ သိဿော၊ လာဘီကာလော သိနေ္နဟကော၊
ဧတေန သိဒ္ဓိတေဇေန၊ သဗ္ဗသိဒ္ဓိ ဘဝတုမေ။
၂၅။ သိဒ္ဓိကာစ ဇေယာနိစ္စ၊ သိဒ္ဓိကာလော အနန္တရော၊
ဧတေန သိဒ္ဓိတေဇေန၊ သဗ္ဗေဇယော ဘဝတုမေ။
၂၆။ ဧတေန သိဒ္ဓိတေဇေန၊ သဗ္ဗဘယာ ဝိနဿန္တု၊
သဗ္ဗရောဂါ ဝိနဿန္တု၊ ဒုသုပိနံ ဝိနဿန္တု၊
သဗ္ဗဂြဟာ ဝိနဿန္တု၊ သဗ္ဗလာဘာ လာဘန္တုမေ။
၂၇။ နာမသိတ္တာန နန္နာဝ၊ ကုဒ္ဓိ မန္တေ္တစ တေဇသာ၊
ဗတေန သိဒ္ဓိတေဇေန၊ သဗ္ဗေဒေဝါ သဗ္ဗေယက္ခာ၊
- သဗ္ဗေရာဇာ သဗ္ဗေဇ၊ ' သဗ္ဗေကုတ္တိယာမံ ပါလေန္တု။

အထက်ပါ သိဒ္ဓိတင် (၂၇)ဂါထာတွင် သိဒ္ဓိဆိုသည့် စာလုံးရေပေါင်း ၄၀ကျော် ပါနေတာကို တွေ့ရပါလိမ့်မယ်။ သိဒ္ဓိဆိုတဲ့ ပြီးမြောက်စေခြင်းအနက်ကို ရသည့် စကားလုံးတွေကို ကြိမ်ဖန်များစွာ ထပ်ခါထပ်ခါ ရွတ်ခြင်းသည် အရာဝတ္ထုများကို သိဒ္ဓိတင်စေနိုင်သည့်အချက်ပါပဲ။

တချို့က ကိုယ့်ကိုယ်ကို အားမကိုးချင်ဘဲ သိဒ္ဓိဝင်ပစ္စည်းများကို အလွယ်တကူ ရချင်တတ်ကြပါတယ်။ တကယ့်တကယ်မှာတော့ အဲဒီလုပ်တာ မမှန်ပါဘူး။ လောကကြီးရဲ့ မာယာတစ်သိန်း အပလိန်းအနန္တ ကာလကြီးထဲမှာ ဘယ်သူက သိဒ္ဓိရှင်ရယ်လို့ သိနိုင်ပါ့မလဲ။

ဒီတော့ ကိုယ့်ပစ္စည်းကို ကိုယ့်ဘာသာ သိဒ္ဓိတင်ပြီး ဆောင်ရင်လည်း စွမ်းနိုင်ပါတယ်။ ဝီရိယနဲ့ ယုံကြည်ချက်တော့ ပြင်းပြင်းပြပြလိုပါတယ်။ ရွတ်ဖတ် သရဇ္ဈာယ်တဲ့အခါ အသံနေ အသံထားမှန်ဖို့ စိတ်က တခြားမလွင့်စေဖို့တော့ ကြိုးစားရပါလိမ့်မယ်။ မိမိကသာ ဘယ်လောက် တည်ငြိမ်မှန်ကန်စွာ ရွတ်ဆိုနိုင်မလဲဆိုတဲ့ ရွတ်ဆိုနိုင်ခြင်းအပေါ်မှာ သိဒ္ဓိမြောက်ခြင်း အနည်းအများက မူတည်နေပါတယ်ဟု စာလက်ဆင့်ကမ်း နည်းလမ်းညွှန်လိုက်ပါတယ် ■

သိဒ္ဓိတန်ခိုးဖြင့် အစွမ်းတိုးနိုင်ကြပါစေ

* * *

ကိုရွှေမြသန်း(သမိုင်း)

မှီငြမ်း
- သစ်တံခါးဆရာတော် ဘဒ္ဒန္တမဏိဇောတ(ယော)၏ "မိမိ ဘဝကံထူးအောင် အမိဋ္ဌာန်ကျင့်စဉ်ဆောင်"စာအုပ်။




www.burmeseclassic.com

www.burmeseclassic.com

# အိပ်မပျော်ရောဂါ ဖြစ်လျှင်

လူစွမ်းမြင့် (နတ်မောက်)



"ည···ည အိပ်မပျော်ဘူးဗျာ"

"ကောင်းကောင်းအိပ်မပျော်တာ တစ်ပတ်လောက်ရှိပြီဗျာ"

"နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်တာ ကြာပြီ"

စသည်···စသည်ဖြင့် ပြောဆိုသံများ ကြားဖူးမည်ဖြစ်သလို၊ ကိုယ်တိုင်လည်း ကြုံဖူးကြမည်ထင်ပါသည်။

အိပ်မပျော်ခြင်းသည် ဆိုးဝါးသော ရောဂါဟု မဆိုနိုင်သော်လည်း၊ နောက်ဆက်တွဲ ဘေးထွက်ဆိုးကျိုးတွေ များစွာဖြစ်ပေါ်နိုင်ပါသည်။ အအိပ်ပျက်လျှင် အစားပါ ပျက်လာသည်။ အစားပျက်သောအခါ ခန္ဓာကိုယ်အတွက် လိုအပ်သော အစာအာဟာရဓာတ်များ မလုံလောက်ဘဲ ကိုယ်ခံအား နည်းလာကာ ရောဂါပိုးတို့ အလွယ်တကူ ဝင်ရောက်လာစေနိုင်ပါသည်။ သို့အတွက် ကောင်းစွာ၊ နှစ်ခြိုက်စွာ အိပ်ပျော်ဖို့ လူမှာ လိုအပ်ပါသည်။

အတွေးလွန်၍ အိပ်မပျော်ခြင်း၊ စိတ်ဆင်းရဲစရာ၊ စိတ်ညစ်စရာများ လုံးထွေး၍ စိတ်ဖိစီးမှု များ၍ အိပ်မပျော်ခြင်းများလည်းရှိရာ တရားသဘောဆင်ခြင်၍ ဂါထာ၊ မန္တန်ရွတ်ပွား၍လည်း အိပ်စက်ပျော်စေနိုင်ပါသည်။

အာဟာရဆေးအဖြစ် အောက်ပါအတိုင်း ပြုလုပ်စားပေးပါ။

ပရဆေးဆိုင်မှ ဇီယာစေ့လေးများ ဝယ်ပါ။ ထို့နောက် သံဒယ်အိုးကင်းတွင် ထည့်လှော်ပြီး အမှုန့်ထောင်း၍ ဖန်ပုလင်းထဲတွင် ထည့်ထားပါ။

ဗီးကြမ်းငှက်ပျောသီးမှည့်မှည့်ပေါ်တွင် ဇီယာလှော်မှုန့်များ ခပ်ပါးပါးဖြူးပြီး စားပေးပါ။ ရေအေး ဝဝသောက်ပေးပါ။

သုံးရက်ဆက်တိုက် တစ်နေ့ တစ်လုံး ထိုသို့စားပေးပါ။ ကောင်းမွန် နှစ်ခြိုက်စွာ အိပ်ပျော်ပြီး အင်အားပြည့်ကျန်းမာလာပါလိမ့်မည်။


* * *

လူစွမ်းမြင့်(နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com



# ဒီကြေရှေး ပေါ်

**မ င်း ဟိ န်း ထိ န်**

"မင်းတို့ ဒီလိပ်ကလေးကို တောထဲက သူနေရာသွားပြီး ပြန်လွှတ်လိုက်ကြ။ လူတွေက ဘယ်လောက်ပဲ ကျွေးကျွေး လိပ်က(လိပ်နေရာ) တောထဲမှာပဲ ပျော်မှာ။ ဒီမှာ လူတွေက ဘယ်လောက်အထိပင် ကျွေးမွေးထားပေမယ့် သူနေရာသူ လွမ်းမှာပဲ။ ဒါကြောင့် မင်းတို့က ကျွေးမွေးစောင့်ရှောက်ကြပေမယ့် တမင်တကာ သူ့နေရပ်

www.burmeseclassic.com

www.burmeseclassic.com

အသိုင်းအဝိုင်းနဲ့ ခွဲထားသလိုဖြစ်နေလို့ ကုသိုလ်မရတဲ့အပြင် အကုသိုလ်တောင်မှ ဖြစ်နေနိုင်တယ်။ ဒါကြောင့် သူ့နေရာကို သွားလွှတ်လိုက်ကြတော့"

အဘိုးက ထိုမျှသာ ပြောထားခဲ့ပြီး ထိုင်ရာမှ ထသွားလေသည်။ အဘိုးသည် စကားကို များများပြောလေ့မရှိပေ။ လိုရင်းမျှကိုသာ ပြောသည်။ ထို့နောက် သူ့နေရာ အိမ်ဦးခန်းတွင် စာအုပ်တစ်ပုံ၊ ရေနွေးကြမ်းတစ်အိုးဖြင့် စာကြည့်၍သာ နေ၏။

လိပ်ကလေးက အဖေနှင့် အမေတို့အနားတွင် ဝပ်နေ၏။ အဖေနှင့် အမေတို့ကလည်း လိပ်ကလေးကိုသာ တစိမ့်စိမ့်ကြည့်နေကြသည်။ လိပ်ကလေးကို တောထဲ ပြန်လွှတ်ရမည်ကို နှမြောနေကြသည်။ တစ်နှစ်နီးပါး ကျွေးမွေးစောင့်ရှောက်လာခဲ့ကြပြီဖြစ်၍ သံယောဇဉ်လည်း ဖြစ်နေကြသည်။

လိပ်ကလေးကလည်း လူ့စကားကို ကောင်းစွာ နားလည်နေပြီ။ အဖေနှင့် အမေက စားစရာများကို မောင်အေးချမ်းတို့ ညီအစ်ကိုအား ကျွေးတိုင်းလည်း လိပ်ကလေး စားတတ်သော သစ်သီးဝလံများဆိုလျှင် မောင်အေးချမ်းတို့ ညီအစ်ကိုနှင့်အတူ လိပ်ကလေးသည်လည်း ဝေစုတစ်စုရရှိမြဲဖြစ်သည်။

အဖေနှင့် အမေတို့မှာ ထိုမျှအထိ လိပ်ကလေးကို သားလေးများနှင့်အတူ ချစ်ခင်ပြီး သံယောဇဉ်တွယ်နေကြပြီ။ သို့သော် ယခု အဘိုး(အမေ၏အဖေ)က တောထဲသို့ လိပ်ကလေးကို အဖေ့အား ပြန်လွှတ်ခိုင်းနေပြီ။

အဘိုးပြောသည်မှာလည်း မှန်သည်။ လိပ်ကလေးကား တောသားလေးဖြစ်သည်၊ တောမှာ မွေးပြီး တောမှာ ကြီးပြင်းလာသော လိပ်ကလေးသည် ယခု ရွာသားလေးဖြစ်နေပြီ။ မောင်အေးချမ်းတို့ မိသားစုဝင်ထဲက တစ်ဦးဖြစ်နေပြီ။

သို့သော်လည်း တောသားလေးဖြစ်သော လိပ်ကလေးသည် သူ၏ဇာတိ တောထဲသို့ ပြန်သွားချင်ပေလိမ့်မည်။ လူသားများ ဖြစ်ကြသော မောင်အေးချမ်းတို့ မိသားစုက မည်မျှအထိပင် ကျွေးမွေးပြုစုနေကြသော်လည်း တောသား လိပ်ကလေးသည် ဖွင့်မပြောတတ်၍သာ။ စကားတတ်၍ ဖွင့်ပြောတတ်လျှင် တောကို လွမ်းကြောင်း အကြိမ်ကြိမ်ပြောပေလိမ့်မည်။

အဖေနှင့် အမေတို့က လိပ်ကလေးကို တစိမ့်စိမ့်ကြည့်ရင်း ထိုကဲ့သို့ တွေးမိကြ၏။ ထို့ကြောင့် အဘိုးစေခိုင်းသည့်အတိုင်း လိပ်ကလေးကို တောထဲသို့ ပြန်လွှတ်ရန် ဆုံးဖြတ်ပြီး အဖေ တောထဲသို့ နွားကျောင်းရန် သွားသောအခါ လိပ်ကလေးကို ပလိုင်းထဲ ထည့်ပြီး ယူသွားလေသည်။ ထို့ကြောင့် အမေရော၊ မောင်အေးချမ်းတို့ ညီအစ်ကိုပါ စိတ်မကောင်းဖြစ်ကြရ၏။ မိန်းမသားဖြစ်သော အမေ့မှာ လိပ်ကလေးအား အဖေ ပလိုင်းထဲ ထည့်ယူသွားသည်ကို ကြည့်ကာ ရှိုက်၍ပင်ငိုနေမိလေသည်။ မောင်အေးချမ်းတို့ ညီအစ်ကိုမှာလည်း လိပ်ကလေးသည် မည်သည့်အချိန်အခါမှ ပြန်လာတော့မည်မဟုတ်တော့ဟု တွေးကာ ဝမ်းနည်းစိတ်ဖြင့် မျက်ရည်ကျနေမိကြ၏။

သို့သော် ညနေ အဖေ တောထဲမှ နွားကျောင်းပြီး ပြန်လာသောအခါ လိပ်ကလေးလည်း ပြန်ပါလာ၏။ ထို့ကြောင့် မောင်အေးချမ်းတို့ ညီအစ်ကိုမှာ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် လိပ်ကလေးကို တစ်ယောက်တစ်လှည့် ကိုင်မြှောက်ကာ ပျော်၍မဆုံးဖြစ်နေကြ၏။

အဖေက ပြန်ယူလာခြင်းနှင့် ပတ်သက်ပြီး အမေ့အား ပြောပြသည်။

"လိပ်ကလေးရဲ့ ဇာတိက ဂျပန်တောင်ကွ။ အခု ငါ နွားသွားကျောင်းတာက တောင်မောက်ဘက်ကို ဆိုတော့ တစ်နေရာစီ ဖြစ်နေတယ်။ ဒါကြောင့် သူ့နေရာမဟုတ်ဘဲ လွှတ်ထားခဲ့လို့ တော်ပါ့မလားလို့ ငါ စဉ်းစားမိတယ်။ ပြီးတော့ လိပ်ကလေးကလည်း ငါ တောထဲ လွှတ်ကြည့်ပေမယ့် အဝေးကို မသွားဘဲ ပုတက်စာပင်တစ်ပင်နှစ်ပင်ကို ကိုက်လုံစားပြီး ငါ့အနားပဲ လာပြီးဝပ်နေတယ်။ ဒါကြောင့် ငါလည်း သနားတာနဲ့ ပလိုင်းထဲ ပြန်ကောက်ထည့်ယူလာတာပါ"

အမေက မောင်အေးချမ်း၏ လက်ထဲမှ လိပ်ကလေးကို ယူပြီး လက်နှင့် ကိုင်မြှောက်ထားကာ ပြုံးပြုံးရွှင်ရွှင်ဖြင့် စိုက်ကြည့်နေ၏။ လိပ်ကလေးကလည်း လက်ခြေများကို အပြင်ထုတ်ပြီး ယက်ကန် ယက်ကန်ဖြင့် အမေ့မျက်နှာကို စိုက်ကြည့်နေသည်။ အမေက လိပ်ကလေး၏ ခေါင်းကို ဖူးခနဲ ခပ်ဖွဖွလေး တစ်ချက်မှုတ်ပြီး ရင်ဘတ်မှာ ဖက်ထားကာ ပြော၏။

"လိပ်ကလေးကို ပြန်ယူလာတာတော့ ကျုပ်ဝမ်းသာပါတယ်။ ဒါပေမယ့် အဖေက ပြောနေမလားဘဲ။ တောထဲလွှတ်ခိုင်းတာ ဘာလို့ ပြန်ယူလာရတာလဲဆိုပြီးတော့ပေါ့"

"အဲဒါကို ငါလည်း စဉ်းစားပါတယ်။ ဒါပေမယ့် အဆင်ပြေအောင်ကြည့်ပြောလိုက်ရင် ရမှာပါ"

ဟု အဖေက ပြန်ပြောသည်။

ထိုအခိုက်မှာပင် အဘိုး လမ်းလျှောက်ထွက်ရာမှ ပြန်လာလေ၏။ အဘိုး ခြံထဲသို့ ဝင်သည်နှင့် အမေ့ရင်ဘတ်မှာ ပိုက်ထားသော လိပ်





www.burmeseclassic.com

www.burmeseclassic.com

ကလေးကို မြင်သွား၏။ ထို့ကြောင့် လိပ်ကလေးကို တစ်လှည့်၊ အဖေ့ကို တစ်လှည့် စိုက်ကြည့်နေ၍ အဖေက အမေ့ကို ပြောပြသကဲ့သို့ သံယောင်လိုက်ပြီး အဘိုးအား ပြောပြလိုက်သည်။

"ကျွန်တော် လိပ်ကလေးကို ကောက်လာတာက ဂျပန်တောင်က ဖြစ်ပြီး၊ အခု ကျွန်တော် နွားသွားကျောင်းနေတာက တောင်မောက်ဘက်ကို ဖြစ်နေပါတယ်။ ဒါကြောင့် သူ့နေရပ်မဟုတ်တဲ့အတွက် အဆင်ပြေမယ် မထင်တာနဲ့ ပြန်ယူလာတာပါ။ နောက်တစ်ပတ်လောက်ဆို ကျွန်တော် ဂျပန်တောင်ဘက်ကို နွားကျောင်းသွားမှာဖြစ်လို့ အဲဒီအခါမှပဲ ယူသွားပြီး လွှတ်ပေးထားခဲ့မလို့ပါ"

အဖေ နွားကျောင်းသည်က တစ်နေရာတည်းမှာ မဟုတ်ပေ။ တောတစ်တောကို တစ်ပတ် ဆယ်ရက်မျှသာ ကျောင်းပြီး၊ ထိုတောမှာ နွားစာမြက်သစ်ရွက်များ ကုန်ခန်းသွားလျှင် နောက်တစ်တောကို ပြောင်းပြီး ကျောင်းလေ့ရှိသည်။ သည်အကြောင်းကို အဘိုးလည်း သိနေသည်။ ထို့ကြောင့် အဘိုးက ကျေကျေနပ်နပ်ပင် ပြော၏။

"ဒါဆိုလည်း ပြီးတာပါပဲကွာ။ သူ့နေရာကို သွားလွှတ်ပေးနိုင်ရင်တော့ ပိုပြီးကောင်းတာပေါ့"

အဘိုးက တစ်စုံတစ်ရာ အပြစ်မဆို၍ အဖေနှင့် အမေတို့ ဝမ်းသာသွားကြ၏။ မောင်အေးချမ်းတို့ ညီအစ်ကိုလည်း လိပ်ကလေးကို တစ်ယောက် တစ်လှည့်စီ ကိုင်မြှောက်ပြီး ပျော်နေကြလေသည်။

◈◈◈

မိုးနှောင်းရာသီ တော်သလင်းလ၊ ငှက်စိုးမှို ပေါက်သောအချိန်တွင် ဖြစ်



သည်။ မောင်အေးချမ်းတို့အရပ်တွင် မှိုများစွာထဲက ငှက်စိုးမှိုကို လူအကြိုက်ဆုံးဖြစ်၏။ ထို့ကြောင့် မှိုပေါက်သောအချိန်တွင် တောတောင်အနှံ့ မှိုရှာထွက်လေ့ရှိကြသည်။

အဖေက မှိုရှာ ကျွမ်းကျင်သည်။ ကုန်ခဲ့သည့်နှစ်များက ရခဲ့ဖူးသော မှိုကျင်းများကိုလည်း နေ့နှင့်၊ ရက်နှင့် တိတိကျကျ မှတ်သားထားလေ့ရှိသည်။ မှိုဟူသည်ကလည်း နေ့နှင့် ရက်နှင့် ကိုက်ပြီးသာ ပေါက်လေ့ရှိသည်။

ထို့ကြောင့် အဖေက မောင်အေးချမ်းကို မှိုနုတ်ဖူးအောင်ဆိုပြီး ဂျပန်တောင်က မှိုကျင်းဆီသို့ ကုန်းပိုးပြီး ခေါ်လာခဲ့၏။ ထိုအချိန်က မောင်အေးချမ်းသည် ဒုတိယတန်းကျောင်းသားအရွယ်မျှသာရှိသေးသည်။ ထို့ကြောင့် ကိုယ့်ခြေထောက်ဖြင့် သိပ်ပြီး တောထဲကို မသွားတတ်သေးပေ။

ဂျပန်တောင်ဟူသည်မှာလည်း ရွာနှင့် သုံးမိုင်မျှ လှမ်းသော တောထဲမှာဖြစ်သည်။ ဂျပန်ခေတ်က ဂျပန်များ ဖုံးခိုကျင်းများ တူးပြီး နေခဲ့ကြသော တောတန်းလည်း ဖြစ်သည်။

တောင်ကျချောင်းကြီးအတိုင်း ဆန်တက်လာကြပြီး ဂျပန်တောင်ခြေကို ရောက်လျှင် အဖေက မောင်အေးချမ်းကို ကိုယ့်ခြေထောက်နှင့် ကိုယ်သွားရန် ကုန်းပိုးရာမှ ချပေးလိုက်သည်။ ဂျပန်တောင်သည်ကား သိပ်ပြီး စောက်မနက်ပေ။ ခပ်ပြေပြေလေးဖြစ်သည်။ တောင်ကျချောင်းကြီးမှ ဝါးနှစ်ရပ်သာ သာခန့်သာ မြင့်သည်။

သားအဖနှစ်ယောက် စကားတပြောပြောဖြင့် ခပ်မှန်မှန်လျှောက်တက်၍ တောင်ခါးလယ်မျှရောက်လျှင်ပင် ဂျပန်များ တူးလုပ်ထားခဲ့ကြသော ဖုံးခိုကျင်းကြီးများကို စတင်တွေ့လာရသည်။ ဖုံးခိုကျင်းကြီးများမှာ အိုဟောင်းနေပြီဖြစ်၍ ကမ်းပါးများ ပြိုကျလျက်ရှိသည်ကိုလည်း တွေ့ရသည်။

တချို့တွင်းများကို သစ်ပင်ကြီးများ ပိလဲနေသည်။ ထို့ကြောင့် မူလက ရှစ်တောင်၊ ဆယ်တောင်ခန့် နက်လိမ့်မည်ဟု ထင်ရသော်လည်း ယခုလက်ရှိအချိန်တွင် တိမ်လျက် တွင်းပျက်ကြီးများ ဖြစ်နေကြလေသည်။

သားအဖနှစ်ယောက် တဖြည်းဖြည်းတက်သွားကြရာ အပွင့်အငုံတစ်ရာကျော်ခန့်ရှိနေသော ဖွေးဖွေးဖြူနေသည့် မှိုတစ်ကျင်းကို တွေ့ရလေသည်။ ထို့ကြောင့် မောင်အေးချမ်းမှာ ဝမ်းသာပျော်ရွှင်၍ ထခုန်လုမတတ်ဖြစ်သွားမိ၏။

အဖေက မှိုနုတ်နည်းကို မောင်အေးချမ်းအား သင်ပေး၏။ မနုတ်တတ်လျှင် အပွင့်များ ပျက်ပြီး အရိုးများလည်း ခါးလယ်က ကျိုးသွားတတ်၏။ မြေကြီးနှင့် ကပ်ချိုး၍ နုတ်တတ်

www.burmeseclassic.com

မှ အပွင့်ကောင်းကို ရ၏။ မှိုများက ဂျပန်ဖုံးခိုကျင်းပေါင်းနားတွင် ကပ်ပေါက်နေ၍ တချို့ မှိုပွင့်များမှာ တွင်းနှုတ်ခမ်းထိ ချိတ်ပေါက်နေသည်ကို တွေ့ရ၏။

မောင်အေးချမ်း သတိထားပြီး ဖုံးကျင်းပေါင်း နှုတ်ခမ်းက မှိုပွင့်များကို လိုက်နုတ်နေရင်း "ဝုန်း"ဟူသော ဆူညံသံဖြင့် ကျင်းနှုတ်ခမ်းပြိုသွားရာ ကျင်းထဲ သစ်ရွက်ပုံအောက်က "ရှဲ"ဟူသော အသံတစ်ခုကို ကြားလိုက်ရ၍ လန့်ဖျပ်သွား၏။ မြွေနှု ဟ်သံဟု ထင်ပြီး အဖေလည်း မျက်လုံးပြူးသွား၏။

သို့သော်လည်း အသံသည် ဖုံးကျင်းထဲက ဖြစ်ပြီး မောင်အေးချမ်းတို့သားအဖက ကမ်းပါးပေါ်မှာ ဖြစ်နေသောကြောင့် သိပ်ပြီးကြောက်လန့်ခြင်းတော့ မရှိကြပေ။ ထို့နောက် အဖေက ခပ်ရှည်ရှည် သစ်သားတုတ်တစ်ချောင်းကို ခုတ်ယူပြီး အသံကြားလိုက်ရသည့် သစ်ရွက်ခြောက်များကို လှန်လှောကြည့်လိုက်ရာ မြွေမဟုတ်ဘဲ တစ်ပိဿာခန့်ရှိသော လိပ်တစ်ကောင်ဖြစ်နေလေ၏။ သို့မှ အကြောက်ပြေပြီး လိပ်များ၏ ရန်ပြုသံသည်လည်း မြွေသံနှင့် တူပါလားဟု သိလိုက်ကြသည်။

"သား . . . နေဦးကွာ၊ အဖေ လိပ်ကလေးကို သွားကောက်လိုက်ဦးမယ်"

ဟု ဆိုကာ အဖေ ဖုံးကျင်းထဲသို့ ခုန်ဆင်းကာ လိပ်ကလေးကို ကောက်ယူလိုက်၏။ လိပ်ကလေးက ကြောက်၍လားမသိ၊ ခြေလက်ကားရားဖြင့်သာ ပါလာလေသည်။ အဖေက ကုန်းပေါ်ကို ပြန်ရောက်ပြီးနောက် လိပ်ကလေးကို အသေအချာ လှန်လှောကြည့်ကာ ပြော၏။

"လိပ်ကလေးက ဖုံးကျင်းထဲ ကျနေတာ ကြာပြီထင်တယ်ကွ။ ဒါကြောင့် အစာရေစာငတ်ပြီး ပိန်ရှုံ့နေတာ ကြည့်ပါလား"

ဟု ပြောပြီး အဖေက လိပ်ကလေးကို မြေကြီးပေါ်သို့ ချပေးလိုက်၏။

ဟုတ်သည်။ လိပ်ကလေးက အာဟာရပြတ်နေ၍ ထင်သည်၊ သွားပင် မသွားနိုင်ဘဲ ယက်ကန် ယက်ကန်သာ ဖြစ်နေလေသည်။

"ကိုင်း . . . ဒီလိပ်ကလေးကို ချောင်းထဲ ယူသွားပြီး ရေမှာ ချကြည့်ရအောင်ကွာ"

မှိုများကို အကန့်နုတ်ကာ ပလိုင်းထဲ ထည့်ပြီး တောင်အောက်သို့ ပြန်ဆင်းလာကြသည်။ အဖေက လိပ်ကလေးကို ကိုင်ယူလာသည်။

ချောင်းထဲသို့ ရောက်၍ ရေထဲ ချကြည့်သော်လည်း လိပ်ကလေးသည်ကား သိပ်ပြီး မလှုပ်ရှားနိုင်ပေ။ ထို့ကြောင့် သည်အတိုင်းထားခဲ့လျှင် လိပ်ကလေးသေမည်စိုး၍ ရေချလိုက်၊ မှိုကျွေးလိုက် တအောင့်မျှလုပ်ကာ အိမ်ကို သယ်ယူလာပြီး ကျွေးမွေးထားရလေသည်။

လိပ်ကလေးအတွက် အိမ်အပေါ်ထပ်ကို တက်သော လှေကားခုံအောက်တွင် ဆာလာအိတ်ခွံများကို ကာရံပြီး နေစရာလေး လုပ်ပေးထားကြသည်။ လိပ်ကလေးသည်ကား အတော်လေးပင် ယဉ်ပါးလွယ်ပြီး လူတို့၏ သဘောကိုလည်း သိနားလွယ်လေသည်။

မိုးလင်း၍ အိမ်အောက်ကို ချပေးလိုက်လျှင် ဥယျာဉ်ထဲက ပိန်းတောကို သွားပြီး ပိန်းပင်များကို ကိုက်စားနေလေ့ရှိ၏။ ထို့ကြောင့် လိပ်ကလေး ပိန်းတောထဲသို့ ဝင်သွားလျှင် ပိန်းပင်လေးများ တစ်ပင်ပြီးတစ်ပင် လဲသွားသည်ကိုသာ တွေ့နေရ၏။

အစရက်များတွင် ညနေ မိုးချုပ်ခါနီးတိုင်း ဥယျာဉ်ထဲမှာ လိပ်ကလေးကို လိုက်ရှာကောက်ပြီး သူ့အိပ်ရာကို သွားထားပေးရသည်။ လေးငါးရက်ခန့်ခန့် ကြာသောအခါ သွားကောက်ရန် မလိုတော့ပေ။ ညနေ မိုးချုပ်ခါနီးလျှင် သူ့ဘာသာ ဥယျာဉ်မှ ထွက်လာပြီး လှေကားရင်းတွင် ဝပ်နေ၍ သူ့အိပ်ရာပေါ် ကောက်တင်ပေးလိုက်ရုံမျှသာ လို၏။ မနက်မိုးလင်းလျှင်လည်း သူ့အိပ်ရာမှ ထွက်လာပြီး လှေကားထိပ်မှာ ဝပ်နေသည်ကို ကောက်ကာ အောက်သို့ ချပေးလိုက်သည်နှင့် ဥယျာဉ်ထဲသို့ ဝင်သွားပြီး အစာရှာစား၏။

ထမင်းစားပြီးကြတိုင်းလည်း သူ့အား ထမင်းကျွေးလေ့ရှိသည်ကို လေးငါးရက်ကြာသောအခါ လိပ်ကလေး သိလာ၏။ ထို့ကြောင့် ထမင်းစားဖို့ ပန်းကန်ဆေးသံကို ကြားသည်နှင့် ဥယျာဉ်ထဲမှ ထွက်လာပြီး လှေကားရင်းမှာ ဝပ်ကာ သူ့ကို အစာလာကျွေးမည့် သူ့အား ခေါင်းလေးတထောင်ထောင်ဖြင့် မျှော်ကြည့်နေတတ်၏။

ပထမ ထမင်းစားသောက်ပြီး၍ ထလာသူက သူ့ကို ထမင်းမကျွေးလျှင် ယက်ကန် ယက်ကန်ဖြင့် တရှုံ့ရှုံ့အော်ပြီး ထမင်းတောင်းတတ်သည်။

"နေဦး၊ အားလုံး စားပြီးမှ မင်းကို ကျွေးမယ်"ဟု ဆိုလျှင် နောက်ရောက်လာမည့်သူကို ခေါင်းလေးတထောင်ထောင်ဖြင့် စောင့်မျှော်နေပြန်သည်။ ထမင်းနှင့် သူ စားတတ်သော အစာများကို စားသောက်ရပြီးမှ ပိန်းတောထဲကို ပြန်ဝင်သွားလေ့ရှိသည်။

ထမင်းစားချိန်မဟုတ်သော အဆာပြေ ငှက်ပျောသီး၊ သရက်သီး

www.burmeseclassic.com

www.burmeseclassic.com

တစ်ခုခုစားသောက်ကြလျှင်လည်း သူ့ဝေစုကို လာတောင်းလေ့ရှိသည်။ လည်ပင်းလေး ရှည်၊ ခေါင်းလေး မော့ပြီး တရှုံ့ရှုံ့အော်ကာ တောင်း၏။ တောင်း၍ မရလျှင်လည်း စိတ်ဆိုးတတ်၏။

စိတ်ဆိုးသွားလျှင် ကျွေးသော်လည်း မစားတော့ပေ။ ခြံထဲက ပိန်းတောထဲသို့ ဝင်သွားပြီး ပိန်းပင်များကိုသာ ကိုက်စားလေ၏။ လိုက်သွားပြီး ကျွေးလျှင်ပင် မစားတော့ပေ။ တကယ့်လူကလေးတစ်ယောက်နီးပါးကဲ့သို့ အသိဉာဏ်ရှိ၏။

◈◈◈

သည်နေ့ တောထဲ နွားကျောင်းရာမှ အဖေ သတွတ်သီး(ကတွတ်သီး) မှည့်များ ခူးလာ၏။ ထို့နောက် နွားများကို ကြိုးချည်နှောင်ပြီး ပေါက်ဖက်ဖြင့် ထုပ်ယူလာသော သတွတ်သီးထုပ်ကြီးကို မောင်အေးချမ်းအား လှမ်းပေးပြီး ပြောသည်။

"သတွတ်သီးကို မင်းတို့ချည်း မစားနဲ့။ လိပ်ကလေးကိုလည်း ခွဲကျွေးလိုက်ကြ"

မောင်အေးချမ်းက သတွတ်သီးထုပ်ကို ဖွင့်ကြည့်ပြီး...

"အဖေ... သားတို့အိမ်နောက်ဘက် ကမ်းပါးယံက သတွတ်ပင်လည်း မှည့်တော့မယ်ဗျ။ တစ်နေ့က သားသွားကြည့်တော့ အလုံးကြီးတွေ ရင့်ထွားပြီး အဝါရောင်သမ်းနေတာတောင် တွေ့တယ်"

ဟု ပြောပြလိုက်သည်။

မောင်အေးချမ်းတို့ အိမ်နောက်ဘက်မှာလည်း သတွတ်ပင်တစ်ပင်ရှိသည်။ သတွတ်သီးမှည့်ချိန်တွင် မောင်အေးချမ်းတို့ ညီအစ်ကို (နှစ်တိုင်း) ခူးစားကြသည်။

"အေးပေါ့။ ခုချိန်က သတွတ်သီးမှည့်တဲ့ ရာသီပဲ။ ဒါဆိုရင် တို့သတွတ်ပင်လည်း မှည့်တော့မှာပေါ့။ ဒါပေမယ့် သတွတ်ပင်ပေါ် အရမ်းမတက်ကြနဲ့၊ တောင်ကမ်းပါးယံမှာဆိုတော့ မတော်လို့ ခြေချော်လက်ချော် ပြုတ်ကျရင် သက်သာမှာ မဟုတ်ဘူး။ ကဲ - သား သတွတ်သီးသွားစားတော့၊ လိပ်ကလေးကိုလည်း ကျွေး။ လိပ်ကလေးက တောသားလေးဆိုတော့ သတွတ်သီးကြိုက်သကွယ်"

အဖေက မောင်အေးချမ်းအား ပြောနေသည်ကို လိပ်ကလေး ကြားသွားလေ၏။ ချက်ချင်းပင် ပိန်းဖုတ်အောက်တွင် ဝပ်နေရာမှ ယက်ကန်ယက်ကန်ဖြင့် ထွက်လာလေသည်။

ထို့နောက် သတွတ်သီး စားနေကြသော အစ်ကိုနှင့် မောင်အေးချမ်းတို့အနားသို့ ရောက်လာပြီး အစ်ကိုနှင့် မောင်အေးချမ်းတို့၏ မျက်နှာကို လည်ပင်းလေးရှည်ပြီး ကြည့်နေလေ၏။

အစ်ကိုက တစ်ချက်ပြုံးပြပြီး



မောင်အေးချမ်းအား လက်ကုတ်ကာ လိပ်ကလေးအား သတွတ်သီး မကျွေးရန်၊ မသိချင်ယောင်ဆောင်နေရန် အဓိပ္ပာယ်ဖြင့် ပြော၏။ ထို့ကြောင့် မောင်အေးချမ်းလည်း အစ်ကိုပြောသည့်အတိုင်း လိပ်ကလေးအား သတွတ်သီး မကျွေးဘဲ မသိချင်ယောင်ဆောင်ကာ ကိုယ့်ဘာသာ တစ်လုံးပြီးတစ်လုံး ယူစားနေ၏။

လိပ်ကလေးသည် အစ်ကို၏ အနားကို ကပ်သွားလိုက်၊ မောင်အေးချမ်း၏ အနားကို ရောက်လာလိုက်နှင့် လည်ပင်းလေး ရှည်ပြီး သတွတ်သီး စားရနိုးဖြင့် စိုက်ကြည့်နေ၏။ အစ်ကိုနှင့် မောင်အေးချမ်းတို့ကလည်း လိပ်ကလေးကို မမြင်ယောင်ဆောင်ကာ သတွတ်သီးများကိုသာ တစ်လုံးပြီး တစ်လုံး နှိုက်စားနေကြသည်။

လိပ်ကလေးသည် တအောင့်ကြာအောင် စောင့်ကြည့်သော်လည်း သူ့အား သတွတ်သီး မကျွေးသဖြင့် တရှုံ့ရှုံ့ဖြင့် အော်ပြီး တောင်းလေသည်။ ထိုအခါတွင်လည်း အစ်ကိုနှင့် မောင်အေးချမ်းတို့က မသိချင်ယောင်ဆောင်ပြီး မျက်နှာလွှဲကာ သတွတ်သီးများကိုသာ တစ်လုံးပြီး တစ်လုံး စားနေကြ၏။

ထို့ကြောင့် လိပ်ကလေးသည် သူ့ဝေစုကို မရသဖြင့် ဒေါသထွက်လာဟန်ရှိသည်။ တရှုံ့ရှုံ့အော်ပြီး မောင်အေးချမ်း၏ ပေါင်ပေါ်သို့ ကုတ်ကပ်တက်လေသည်။ မောင်အေးချမ်းက နာသဖြင့် ပေါင်ကို ဆတ်ခနဲ မ,ဆုတ်လိုက်ရာ လိပ်ကလေး ပြုတ်ကျသွားပြီး ထိုနေရာမှ လိမ့်ကာလိမ့်ကာဖြင့် ဓားသွေးကျောက်မှာ ခေါက်ခနဲ သွားတိုက်မိလေ၏။ ထို့ကြောင့် လိပ်ကလေး နာသွားပုံရ၏။ ထိုအဖြစ်ကို အဖေလည်း



www.burmeseclassic.com

www.burmeseclassic.com

မြင်သွားလေသည်။

"ဟဲ့ - သား၊ ဘယ်လိုလုပ်လိုက်တာလဲ။ ဟိုမှာ လိပ်ကလေး နာသွားပြီ။ အဲဒီလို မလုပ်နဲ့လေ။ သူ့ဝေစုကို သွားပေးလိုက်ပါ"

ဟု အဖေက ပြောသည်။

မောင်အေးချမ်းလည်း ကိုယ့်အပြစ်နှင့် ကိုယ်ကြောင့် "ဟုတ်ကဲ့"ဟု ဆိုကာ ချက်ချင်း ထလိုက်သွားပြီး ပက်လက်လန်လျက် ယက်ကန် ယက်ကန်ဖြစ်နေသော လိပ်ကလေးအား ပြန်တည့်ကာ သတွတ်သီးတစ်လုံးကို ချကျွေးလေ၏။

သို့သော်လည်း လိပ်ကလေးကား မစားတော့ပေ။ ပထမက သူ့ကို မသိချင်ယောင်ဆောင်ပြီး မကျွေးဘဲထားသည်နှင့်၊ ယခု မောင်အေးချမ်း လုပ်လိုက်၍ ဓားသွေးကျောက်နှင့် တိုက်ဆောင့်ကာ နာသွားသောကြောင့် ဒေါသထွက်ပြီး စိတ်တိုသွားဟန်ရှိသည်။ ခေါင်းကလေးသည်လည်း အပြင်သို့ မထွက်တော့ဘဲ ပြူတစ်ကလေးမျှဖြင့် ငြိမ်၍သာ နေလေ၏။

အစ်ကိုနှင့် မောင်အေးချမ်းတို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြ၏။ ထို့နောက် မောင်အေးချမ်းက သတွတ်သီးတစ်လုံးကို လိပ်ကလေး၏နှုတ်သီးမှာ သွားတေ့ကာ "ရော့ စားလေကွာ"ဟု အော်ပြောပြီး ကျွေး၏။ သို့သော် လိပ်ကလေးကား မစားတော့ပေ။ မစားသည့်အပြင် သတွတ်သီးကို ခေါင်းနှင့် တွန်းထုတ်လိုက်ပြီး တစ်ဖက်သို့ လှည့်သွားလေသည်။ ထို့ကြောင့် အဖေက စိုက်ကြည့်နေရင်း ပြော၏။

"မင်းတို့က စချည်း စနေကြတာပဲ။ ပြီးတော့ မင်း တွန်းထုတ်လိုက်လို့ ကျောက်တုံးမှာ သွားတိုက်မိပြီး နာသွားတယ်။ ဒါကြောင့် လိပ်ကလေး စိတ်ဆိုးသွားပြီ။ နောက် အဲဒီလိုမလုပ်နဲ့။ လိပ်ကလေးက မင်းတို့ညီလေးပဲ မဟုတ်လား။ ကြည့်ပါလား၊ ဘယ်လောက်ထိ သနားစရာကောင်းသလဲ"

လိပ်ကလေးက ယက်ကန်ယက်ကန်ဖြင့် သွားပြီး အဖေ့နားတွင် ဝပ်သည်။ မောင်အေးချမ်းက လိုက်သွားပြီး သတွတ်သီးတစ်လုံးကို ချကျွေးပြန်သည်။ လိပ်ကလေး တစ်ဖက်သို့ လှည့်သွား၏။ မောင်အေးချမ်းက သတွတ်သီးကို ပြန်ကောက်ပြီး လိပ်ကလေး၏ နှုတ်သီးနားတွင် ပြန်ချကျွေးပြန်သည်။ ထိုအခါတွင်လည်း လိပ်ကလေးက တစ်ဖက်သို့ လှည့်သွားပြန်သည်။ မောင်အေးချမ်းကလည်း သတွတ်သီးကို ပြန်ကောက်ပြီး လိပ်ကလေး၏ နှုတ်သီးနားမှာ သွားချပေးပြန်သည်။ ဤတွင် လိပ်ကလေးသည် အဖေ၏ အနားမှ ယက်ကန်ယက်ကန်ဖြင့် ထွက်သွားပြီး ပိန်းတောထဲသို့သာ ဝင်သွားလေသည်။ ထို့ကြောင့် အဖေက…

"ဒါကြောင့် မစနဲ့လို့ ပြောတာ။ စိတ်ဆိုးသွားပြီ တွေ့လား။ ထားလိုက်တော့။ နောက် သူ့ စိတ်ပြေမှ ကျွေး။ ပြီးတော့ စ,လိုက်၊ နောက်လိုက်လည်း မလုပ်ကြနဲ့"

ထို့နောက် အစ်ကိုနှင့် မောင်အေးချမ်းတို့ ချောင်းထဲဆင်းပြီး ရေချိုးကြ၏။ ရေချိုးပြီးနောက် ညနေစာ ထမင်းစားသောက်ကြသည်။ ထမင်းစားချိန်တွင်လည်း လိပ်ကလေး ရောက်မလာပေ။ ခါတိုင်းရက်များတွင် ပန်းကန်ဆေးသံ၊ ခွံခင်းသံကြားလျှင် လိပ်ကလေး ရောက်လာတတ်သည်။ ယခု လိပ်ကလေး ရောက်မလာ၍ အမှတ်မဲ့ဖြင့်ပင် နေလိုက်မိကြသည်။

အစ်ကိုလည်း ညနေစာ စားသောက်ပြီးနောက် ဘုန်းကြီးကျောင်းကို တက်သွားလေ၏။ ထိုအချိန်က မောင်အေးချမ်း အသက်ငယ်သေးသောကြောင့် ဘုန်းကြီးကျောင်းမှာ မနေသေးပေ။ လေးတန်းအောင်ပြီးလောက်မှ ဘုန်းကြီးကျောင်းမှာ နေပြီး အတန်းစာကို ဘုန်းကြီးကျောင်းစားနှင့် တွဲသင်ရန် ဆုံးဖြတ်ထားသည်။

◈◈◈

မနက်စောစောတွင် ဖြစ်၏။

အဖေက လှေကားတက်မှာ လိပ်ကလေးကို မတွေ့၍ မေးသည်။

"ဟဲ့ - သား၊ လိပ်ကလေးကို မတွေ့ပါလားကွ။ ခါတိုင်းရက်တွေမှာဆိုရင် အခုလို မနက်တိုင်း ဒီလှေကားထိပ်မှာ လာဝပ်နေလို့ အောက်ကို ချချပေးရတာလေ။ အခု မတွေ့ပါလား။ သူ့အိပ်ရာကို သွားကြည့်ချေစမ်း"

မောင်အေးချမ်း သူ့အိပ်ရာကို သွားကြည့်သော်လည်း လိပ်ကလေးကို မတွေ့ရပေ။ ထို့ကြောင့် တစ်အိမ်လုံး စိတ်ပူသွားကြ၏။ ဟို-သည် လိုက်ရှာရင်း စဉ်းစားကြရာ ကုန်ခဲ့သည့် ညနေကပင် လိပ်ကလေး ထမင်းစားရန် ရောက်မလာသည်ကို သတိပြုမိကြ၏။ ထို့ကြောင့် အဖေက…

"မနေ့ညနေက မင်း စလိုက်လို့ ဒေါသထွက်ပြီး ပိန်းဖုတ်ထဲ ဝင်သွားကတည်းက ပြန်မလာဘူးထင်တယ်။ သွား၊ ပိန်းတောမှာ ရှာကြည့်စမ်း"

မောင်အေးချမ်းနှင့်အတူ အမေရော အဖေပါ လိုက်လာကြ၏။ ထို့နောက် ပိန်းတောထဲ ပိန်းရွက်ကြီးတစ်ရွက်အောက်တွင် လိပ်ကလေး (အမြဲတမ်း) ဝပ်နေလေ့ရှိသည့် နေရာကို တွေ့သော်လည်း လိပ်ကလေးကို မတွေ့ရပေ။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် နေရာဖြန့်ပြီး လိုက်ရှာကြရာ အိမ်နောက်ဘက် ကမ်းပါးက သတွတ်ပင်ခြေရင်း ကျောက်တုံးများ အကြားတွင် ပက်လက်ကလေးဖြစ်နေသည်ကို တွေ့ကြရသည်။ အခွံများကွဲအက်ပြီး သွေးများလည်း ယိုစီးနေလေသည်။ အသက်ကလေးသည်ပင် မြော့မြော့သာ ရှိတော့၍ သိပ်ပြီးပင် မလှုပ်ရှားနိုင်တော့ပေ။

"ဟင်. . ."

အမေက ပြေးကောက်လိုက်၏။ လိပ်ကလေးမှာ ခေါင်းနှင့် ခြေလက်များ တန်းလန်းကျပြီးသာ ပါလာလေသည်။ အဖေနှင့် အမေတို့က လိပ်ကလေးကို တစ်ယောက်တစ်လှည့်စီ ကိုင်ကြည့်နေကြ၏။ အဖေက သတွတ်ပင်ပေါ် မော့ကြည့်ပြီး စိတ်တိုသံဖြင့် မောင်အေးချမ်းအား ပြောသည်။

"မနေ့ညနေက မင်း စ,လိုက်လို့ စိတ်ဆိုးပြီး သတွတ်သီးမစားဘဲ ထွက်သွားတယ်။ ဒါကြောင့် သူ့ဘာသာ ရှာစားမယ်ဆိုပြီး သတွတ်ပင်ကို ကုတ်ကပ်တက်ကြည့်ရင်းက ခြေချော်ကျပြီး ကျောက်တုံးမှာ သွားတိုက်မိတာ ဖြစ်မယ်။ အခွံတွေတောင် အက်ကွဲနေတာ ကြည့်ပါလား"

မောင်အေးချမ်းက ကိုယ့်အပြစ်ကိုယ်မို့ ဘာမှ ဝင်မပြောရဲဘဲ ကြောင်နေ၏။ လိပ်ကလေးလည်း ရီဝေစွာဖြင့်ပင် မောင်အေးချမ်းအား စိုက်ကြည့်နေရင်းက တဖြည်းဖြည်းငြိမ်ကျသွားလေသည်။

အမေက သေနေသော လိပ်ကလေးကို ကျောက်တုံးပေါ်မှာ ချထားလိုက်ပြီး မျက်ရည်သုတ်ရင်းဖြင့် ပြောသည်။

"အဖေ ပြန်လွှတ်နိုင်းတုန်းကသာ သူ့နေရာသူ သွားလွှတ်လိုက်ရင် အခုလိုဖြစ်မှာ မဟုတ်ဘူး"

တိရစ္ဆာန်အနွယ်ဝင် လိပ်လေးတစ်ကောင်မျှသာ ဖြစ်သော်လည်း လိပ်ကလေးသည် လူကလေးတစ်ယောက်ကဲ့သို့ လိမ္မာ၍ သံယောဇဉ်ဖြစ်နေကြ၏။ မိသားစုထဲက တစ်ယောက်ကဲ့သို့လည်း ချစ်နေကြ၏။

အမေက ငိုရှိုက်ရင်း လိပ်သေလေးကို ပြန်ကောက်ကြည့်၏။ ထို့နောက် ကျောက်တုံးပေါ် ပြန်ချကာ အပြင်ထွက်နေသော ခေါင်းနှင့် ခြေလက်လေးများကို အခွံတွင်းသို့ ပြန်သွင်းပေးလိုက်၏။

အဖေက အစသန်သော မောင်အေးချမ်းကြောင့် လိပ်ကလေး ဤကဲ့သို့ ဖြစ်သွားရသည်ဟု စိတ်မကောင်းစွာဖြင့် ပြောပြီး တအောင့်ကြာအောင် မောင်အေးချမ်းအား ဆူဆဲ၏။ ထို့နောက် အိမ်ကို ပြန်သွားပြီး သံတူရွင်းယူကာ တွင်းတူးပြီး လိပ်ကလေးအား မြေမြှုပ်လိုက်ကြ●သည်။

လူကလေးတစ်ယောက်အား မြေမြှုပ်သင်္ဂြိုဟ်သကဲ့သို့ပင် ကိုယ်စီစိတ်မကောင်းဖြစ်လျက် မြေပုံကို သဲများ၊ ကျောက်တုံးများဖြင့် ပုံပေးပြီး အပေါ်က ရေလောင်းပေးကြ၏။ ပန်းပွင့်ကလေးများကို ခူးဆွတ်ပြီးလည်း မြေပုံပေါ်မှာ ဖျန်းပေးကြ၏။

ထို့နောက် တစ်သက်တာပတ်လုံး ပြုလုပ်ခဲ့ကြဖူးသော ကုသိုလ်ကောင်းမှုအစုစုကို လိပ်ကလေးအား အမျှအတန်းပေးဝေပြီး မြေပုံလေးနားမှ ဆုတ်ခွာလာခဲ့ကြလေသည်။

(**စာကြွင်း။** မောင်အေးချမ်းသည် လိပ်ကလေး၏ အကြောင်းကို မကြာခဏပင် သတိရနေလေ့ရှိ၏။ ငယ်စဉ်ကလည်း လိပ်ကလေး၏ အကြောင်းကို စာဖွဲ့ဖူး၏။ သို့သော်လည်း ဟုတ်တိပတ်တိ မရေးတတ်သေး၍ မဂ္ဂဇင်း စသော စာမျက်နှာများသို့ မရောက်ခဲ့ပေ။

ယခုအချိန်ထိ ရွာပြန်တိုင်းလည်း လိပ်ကလေး၏ မြေပုံကို သွားကြည့်လေ့ရှိသည်။ နှစ်ကာလများ ကြာညောင်းခဲ့ပြီဖြစ်၍ မြေပုံသည်ပင် မြင့်မောက်ခြင်း မရှိတော့ဘဲ အခြားမြေသားများနှင့် တစ်သားတည်းကျနေပြီဖြစ်သည်။ သို့သော် ကျောက်ခဲပုံကလေးသည်ကား ပကတိအတိုင်းပင် ရှိနေသေး၏။

ကျောက်ခဲ(မြေ)ပုံလေးတွင် ရစ်ပတ်နေသော နွယ်ပင်လေးများကို ရှင်းလင်းသုတ်သင်ပေး၏။ ထို့နောက် တောပန်းကလေးများ ခူးဆွတ်ပြီးလည်း ကြဲဖြန့်ပေး၏။ လိပ်ကလေးကို လူတစ်ယောက်ကဲ့သို့ပင် သဘောထားပြီး မိမိပြုလုပ်ခဲ့သမျှ ကုသိုလ်ကောင်းမှုများကိုလည်း အမျှအတန်းပေးဝေ၏။

လိပ်ကလေး သေဆုံးရသည်မှာ မောင်အေးချမ်း၏ ပယောဂ မကင်းဟုလည်း အချိန်ရှိတိုင်း ကိုယ့်ကိုယ်ကို စွပ်စွဲနေမိ၏။ တကယ့် သေရာပါမည့် အကြောင်းတစ်ရပ်သာ ဖြစ်ချေသည် တကား ■

* * *


မင်းမာန်ထိုက်


www.burmeseclassic.com

www.burmeseclassic.com

# ဗု၊ ဒ္ဓ၊ စိ၊ န္တာ ဘွဲ့တံဆိပ်တော်ရ ရွှေတိဂုံဘုရားရှိခိုးဂါထာ

သျှင်ထွေး (သန်လျင်)



ကျွန်မအသက် ၃၆နှစ်စွန်းပြီဖြစ်သည်။ လေးဆူဓာတ်ပုံ ရွှေတိဂုံဟု မြန်မာမှာသာမက၊ ကမ္ဘာပေါ်တွင်ပါ ထင်ရှားကျော်ကြားသော ရွှေတိဂုံရင်ပြင်တော်ပေါ်သို့ ရောက်ခဲ့သည့် အကြိမ်ပေါင်းမှာလည်း မရေတွက်နိုင်ခဲ့ပေ။

ရွှေတိဂုံဘုရားရိပ်ကို ဘယ်အချိန်ခိုခို ရင်အစုံ အေးချမ်းငြိမ်းအေးရမြဲပင် ဖြစ်သည်။


တစ်နေ့ လူသူရှင်းသော အာရုံခံ စောင်းတန်းတွင် ဘုရားဝတ်ပြုစဉ် ရေးထိုးထားသော စာတန်းတစ်ခုကို တွေ့လိုက်ရသည်။ အများသူငါ ကုသိုလ်ပွားများစေရန် မှန်ပြားပေါ်တွင် ရေးထားခြင်းဖြစ်သည်။

ဒီလိုနှင့်ပင် ရွှေတိဂုံဘုရားရှိခိုးဂါထာကို ကျွန်မ မထင်မှတ်ဘဲ ရရှိခဲ့သည်။ ထိုအချိန်မှစပြီး ရွှေတိဂုံကို တက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည့်အခါတိုင်း "ရွှေတိဂုံ ဘုရားရှိခိုးဂါထာ"ဖြင့် နလုံးသွင်းပူဇော်ဖြစ်သည်။

စိန္တာကျော်သူ ဦးညြ၏ ကဝိလက္ခဏာဝိသောဓနီကျမ်းမှ ကူးယူပူဇော်ထားခြင်းဖြစ်သည်။

မည်သူမဆို ရွှေတိဂုံဘုရားတက်ဖြစ်တိုင်း ဂါထာဖြင့် ပူဇော်ကြည်ညိုနိုင်ရန် ဓမ္မဒါန ဝေငှပေးလိုက်ပါသည်။ ကိုယ်တိုင်ကိုယ်ကျ ပူဇော်ကြည့်ပါ။ အကျိုးထူးများ ရရှိစေမည်ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

**ဖု၊ ဒွ၊ စိ၊ န္တာ ဒွဲ့တံဆိပ်တော်ရ**
**ရွှေတိဂုံဘုရားရှိခိုးဂါထာ**

ဖုဒ္ဓညာဏံ သုဒုလ္လဘံ၊
ဓရမာနေ ပဏာသုခံ။
စိန္တေန္တော ယော သီရောရုဟံ၊
တာဏာယာဒါသိ တံ နမေ။
ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။ ။

**အနက်**

**ယောဖုဒ္ဓေါ** - အကြင်မြတ်စွာဘုရားသည်၊ **သုဒုလ္လဘံ**- အလွန်ရခဲစွာသော၊ **ဖုဒ္ဓညာ ဏံ** - သဗ္ဗညုတဉာဏ်ကို၊ **ဓရမာနေ** - ဆောင်ရွက်တော်မူစ၊ လေးဆယ့်ကိုးရက် အလွန် အဋ္ဌမသတ္တာဟ၌၊ **ပဏာသုခံ** - သတ္တဝါတို့ ချမ်းသာခြင်းကို၊ **စိန္တေန္တော** - ကြံစည်တော်မူ၍၊ **သီရောရုဟံ**- ဦးခေါင်းတော်၌ ရောက်သော ဆံတော်ရှစ်ချောင်းကို၊ **တာဏာယ** - သတ္တဝါအပေါင်းကို ကယ်ဆယ်တော်မူခြင်းငှာ၊ **အဒါသိ** - ပေးတော်မူလေပြီ။ **တံဖုဒ္ဓံ** - ထိုမြတ်စွာဘုရားကို၊ **နမေ** - ရှိခိုးပါ၏။ **အနေန ပုညေန** - ဤသို့ ရှိခိုးသောကောင်းမှုကြောင့်၊ **သဗ္ဗမ္ပိ** - အလုံးစုံသော ဆုသည်လည်း၊ **ယထိစ္ဆိတံ** - အလိုရှိတိုင်း၊ **သမိဇ္ဈတု** - ပြည့်စုံပါစေသတည်း ■

* * *

သျှင်ဧွေး

www.burmeseclassic.com

# ဆေးစွမ်းထက်တဲ့ ပုန်းညက်



စိုးစိုး

ပုန်းညက်ပင်သည် မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ပေါက်ရောက်သည်။ အပူပိုင်းရာသီဥတု စွတ်စိုသောပင်လယ်ကမ်းခြေဒေသမျိုး၌ ဖြစ်ထွန်းသည်။ သဘာဝအလျောက် အလေ့ကျ ပေါက်သည်။ အချို့ဒေသတွင် စိုက်ပျိုးသည်။

### အပင်

အပင်ငယ်မျိုးဖြစ်သည်။ ပင်စည်ကောက်ကွေ့သည်။ အခေါက်မှာ မီးခိုးရောင်ရှိပြီး ချောမွတ်သည်။ အပင်မှ ပယင်းရောင်အစေးတစ်မျိုးထွက်၏။

### အရွက်

ရွက်ဆိုင်ထွက်သည်။ ဘဲဥပုံသဏ္ဍာန်ရှိ၍ ရွက်ရင်းဝိုင်းပြီး ရွက်ထိပ် ချွန်သည်။ အလျား ၄လက်မမှ ၈လက်မထိ ရှည်၍၊ အနံ ၃လက်မမှ ၄လက်မထိ ရှိသည်။ အရွက်မျက်နှာနှစ်ဖက်စလုံး ပြောင်ချောပြီး အပေါ်မျက်နှာပြင်တောက်ပသော အစိမ်းရောင်ရှိသည်။ ထင်ရှားသော ရွက်ကြောများ များစွာဖြာလျက်ရှိသည်။ ရွက်ညှာ (၁/၂)လက်မမှ (၁·၁/၂)အထိ ရှည်သည်။

### အပွင့်

ပွင့်ခိုင်များသည် အကိုင်းဖျားရှိ အရွက်ရင်းများမှ ထွက်သည်။ အပွင့်အဖြူရောင်ရှိ၍ ဖယောင်းစိမ်ထားသကဲ့သို့ဖြစ်ပြီး ဝတ်ဆံသည် အဝါရောင်ဖြစ်သည်။ အနံ့ အလွန်မွှေးသည့်ပန်းဖြစ်သည်။ ပွင့်ဖတ်နှင့် ပွင့်ချပ် ၄ခုစီ ရှိသည်။ ဝတ်ဆံများစွာရှိ၍ အစုလေးစု တွေ့ရှိရသည်။ ဝတ်ဆံအိမ်များ တဖြည်းဖြည်း အဝါရောင်မှ အညိုရောင်သို့ ပြောင်းသွားကြသည်။

### အသီး

အချင်း ၁လက်မခန့် ရှိသည်။ လုံးဝိုင်းသည်။ ချောမွတ်သည်။ ပွင့်ဖတ်ကြွေစဉ် တောက်ပသော ပန်းရောင်ရှိပြီး အသီးကြီးသွားသောအခါ အစိမ်းရောင်သမ်းသော အဝါရောင်သို့ ပြောင်းလဲသွားသည်။

### အစေ့

ငှင်းအစေ့မှ အဆီထွက်၏။

### အသုံးဝင်ပုံ အရွက်၊ အခေါက်၊ အစေ့ အာနိသင်

မြန်မာဆေးကျမ်းများအလိုအရ ပုန်းညက် ပဥ္စင်းပါးသည် ချို၏။ အေး၏။ သည်းခြေသလိပ်ကို ပယ်တတ်၏။ သွေးကို ချုပ်စေသည်။ ပုန်းညက်ပွင့်သည် သွေး၊ သည်းခြေတို့ကို လည်းကောင်း၊ လေသလိပ်တို့ကို လည်းကောင်း၊ မူးဝေသော အနာကို လည်းကောင်း၊ နား၊ မျက်စိ၌ လေထွက်သော အနာတို့ကို လည်းကောင်း ချမ်းသာစေတတ်၏။

### အရွက်အသုံးပြုပုံ

အရွက်ကို ရေတွင် စိမ်၍ မျက်စဉ်းခပ်ပေးလျှင် မျက်စိပူလောင်ခြင်း ပျောက်၏။

### အခေါက်အသုံးပြုပုံ

(၁) အခေါက်ပြုတ်ရည်သောက်ခြင်းဖြင့် ဝမ်းသက်စေသည်။

(၂) အခေါက်ကို ပြုတ်၍ သောက်ပါက သွေးသွန်ခြင်း ပျောက်၏။

(၃) အခေါက်မှ ထုတ်ယူရရှိသောအစေးကို ဒဏ်ရာများအတွက် ဖော်စပ်သောဆေးတွင် ထည့်သွင်းအသုံးပြုသည်။

### အစေ့အသုံးပြုပုံ

အစေ့မှ အဆီထုတ်၍ အကြောအဆစ်ကိုက်ခဲသော ရောဂါ၊ ညောင်းကျရောဂါ၊ နူနာနှင့် အခြား အရေပြားရောဂါများအတွက် ဆေးဖော်စပ်သုံးသည် ■

* * *

စိုးစိုး

Ref : photo by google search

မြန်မာ့ဆေးဖက်ဝင်အပင်များ



www.burmeseclassic.com

www.burmeseclassic.com

# တမလွန်ကအလှူရှင်

ကောင်းသော်




www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်ဖွင့်၍ ရောင်းချခဲ့ရာ တစ်လထက် တစ်လ၊ တစ်နှစ်ထက် တစ်နှစ် ရောင်းအား ကောင်းခဲ့ပါသည်။ ပစ္စည်းဈေးများကလည်း တစ်စထက် တစ်စ တက်နေခဲ့သည်။ သည်နှစ် ဝယ်ထားပြီး ရောင်းမထွက်ဘဲ ကျန်သည့် ပစ္စည်းမှာ နောက်နှစ်တွင် ဈေးနှစ်ဆ တက်၍ ရောင်းခဲ့ရသည်။ ဘိလပ်မြေ အုတ်သဲကျောက်မှာ အထူးရောင်းချရပါသည်။ တစ်နေ့ နံနက်စောစော ဆိုင်ဖွင့်စတွင် မဟာမြိုင် ဘုန်းကြီးကျောင်းမှ ကပ္ပိယကြီး ဦးသြဘာ ရောက်လာပါသည်။

"ကပ္ပိယကြီး…ဘယ်က လှည့်လာတာလဲ။ လမ်းလျှောက်တာလား"

"ခင်ဗျားဆိုင်ကို ပစ္စည်းဝယ်ဖို့ လာခဲ့တာပါ။ ဆရာတော်ကြီး ရေချိုးရတာ အဆင်မပြေလို့ အုတ်ရေကန် လုပ်ပြီး လှူချင်လို့ပါ။ ဒီမှာ လုပ်မယ့် ကန်ရဲ့ အတိုင်းအတာပါတယ်။ ဘိလပ်မြေ အုတ်၊ သဲ ဘယ်လောက်ကုန်မယ် ဆိုတာ တွက်ချက်ပေးပါ။ လိုအပ်တဲ့ ပစ္စည်းဝယ်ပါ့မယ်"

"ကျွန်တော်လည်း ပစ္စည်းသာ ရောင်းနေတာ၊ ဘာပစ္စည်း ဘယ်လောက် ကုန်မယ်ဆိုတာ မမှန်းရဲဘူး။ ဒါပေမယ့် ကျွန်တော့်အိမ်ရှေ့မှာ ပန်းရံဆရာ ကိုငှက်ရိုး ရှိပါတယ်။ သူ့ကို တွက်ခိုင်းပေးပါ့မယ်"

"ဒါဆို ကိုငှက်ရိုးကိုပဲ အုတ်ရေကန်လုပ်ခိုင်းရတာပေါ့ဗျာ"

"ကောင်းတာပေါ့ဗျာ။ ဒါနဲ့ ကပ္ပိယကြီး နေမကောင်းဘူးလား။ မျက်နှာတစ်မျိုးဖြစ်နေလို့"

"ဒီလိုပါပဲဗျာ။ အသက်ကြီးလာတော့ ရွှေတစ်နေ့ ငွေတစ်နေ့ပါပဲ"

ထိုစဉ် ကိုငှက်ရိုး ရောက်လာသဖြင့် အဆင်ပြေသွားပါသည်။

"ဒီမှာ ကိုငှက်ရိုး… ကပ္ပိယကြီးက အုတ်ရေကန်လုပ်ချင်နေတာ။ အဲဒီ ပစ္စည်း ဘယ်လောက်ကုန်ကျမယ်၊ လက်ခ ဘယ်လောက်ပေးရမယ်ဆိုတာ တွက်ပေးပါဦး"

ကျွန်တော်က ကိုငှက်ရိုးကို ပြောလိုက်သည်နှင့် ကိုငှက်ရိုးက ကပ္ပိယကြီးထံမှ စာရွက်ကို ယူပြီး ဘောလ်ပင်နှင့် ရေးခြစ် တွက်ချက်နေပါသည်။ တွက်ချက်ပြီးသည်နှင့် ကိုငှက်ရိုးက ချက်ချင်းပြောပါသည်။

"ပစ္စည်းဖိုး၊ သယ်ယူခနဲ့ လုပ်အားခ တစ်သောင်းကျပါတယ် ကပ္ပိယကြီး"

"ဒါဆို လိုအပ်တဲ့ ပစ္စည်းတွေ ဒီဆိုင်က ယူသာလုပ်တော့ဗျာ။ လုပ်ငန်းပြီးတာနဲ့ ဒီဆိုင်ရှင်ကို ကျပ် ငွေ တစ်သောင်းပေးလိုက်မယ်။ ဒီဆိုင်မှာပဲ ခင်ဗျားလုပ်အားခ လာထုတ်ပေါ့။ ဒါပေမယ့် ဈေးဆစ်တယ်လည်း မထင်ပါနဲ့ဗျာ။ ကျုပ်မှာ ရှိတာက ၉၅၀၀ ကျပ်ပဲ ရှိတယ်။ အလုပ်ဖြစ်သွားအောင် ငွေငါးရာတော့ တစ်ဦးဦးက လျှော့ပေးပါဗျာ။ ဒါဆို ကျုပ်လည်း ဒါနမြောက်မယ်၊ ခင်ဗျားတို့လည်း ဒါနမှာ ပါသွားမှာပေါ့"

ကပ္ပိယကြီးက ဈေးဆစ်နေသဖြင့် ကျွန်တော်က အလျှော့ပေးလိုက်ပါသည်။

"ဖြစ်ပါတယ် ကပ္ပိယကြီးရယ်။ ကျွန်တော်ကလည်း ဒါနဆိုတော့ စိတ်ဝင်စားပါတယ်။ ဒါပေမယ့် တစ်ခုတော့ မေတ္တာရပ်ခံပါရစေ။ ဒီနေ့တော့ ဘိလပ်မြေ ပြတ်နေတယ်။ နောက်နှစ်ရက်ကြာမှ ရမယ်။ ဘိလပ်မြေရတာနဲ့ ကိုငှက်ရိုးနဲ့အတူ လိုက်ခဲ့ပါ့မယ်။ ကပ္ပိယကြီး စိတ်ချလက်ချသာ နေပါတော့"

"ကျေးဇူးတင်ပါတယ်ဗျာ။ စရန်ပေးဖို့ လိုဦးမလား"

"ပြောရမယ့် လူတွေမှ မဟုတ်တာ ကပ္ပိယကြီးရယ်။ လုပ်ငန်းအပ်တဲ့နေ့ ငွေ ၉၅၀၀ ကျပ်ရရင် ပြီးပါတယ်"

ထို့နောက် ကပ္ပိယကြီးက နှုတ်ဆက် ထွက်သွားပါသည်။

◈◈◈

နောက်နေ့တွင် ဘိလပ်မြေ မရောက်သေးသဖြင့် လုပ်ငန်းမစနိုင်သေးပါ။ သုံးရက်ကြာမှ ဘိလပ်မြေ ရောက်သဖြင့် လိုအပ်မည့် ဘိလပ်မြေ အုတ်နှင့် သဲများကို သယ်ယူပြီး ကိုငှက်ရိုးကို ကျောင်းသို့ လွှတ်လိုက်ရသည်။ ကပ္ပိယကြီး စိတ်တိုင်းကျအောင် ကြိုးစားလုပ်ပေးရန်လည်း မှာလိုက်ရသည်။ ကိုငှက်ရိုးမှာလည်း နာမည်ရ ပန်းရံဆရာတစ်ဦးဖြစ်၍ အထူးမှာကြားရန်မလိုအောင် စေ့စပ်




www.burmeseclassic.com

www.burmeseclassic.com

“

လူကြီးရောဂါဆိုပါတော့။

ရုတ်တရက်တော့ မဟုတ်ပါဘူး။

နာတာရှည်ရောဂါလို့ ပြောရမှာပဲ။

အိပ်ရာက မထနိုင်တာ ကြာပြီလေ။

သူက အုတ်ရေကန်လှူချင်တယ်သာ

ပြောနေတာ အိပ်ရာက မထနိုင်လို့

အဆင်မပြေဖြစ်နေတာ။

ဒါပေမယ့် နောက်ဆုံးတော့

သူ လှူဖြစ်သွားတာပေါ့’

ကျွမ်းကျင်သူဖြစ်ပါသည်။ ထိုအချိန်မှစ၍ ကိုငှက်ရိုးသည် သူ့တပည့်များကို ခေါ်သွားပြီး လုပ်ငန်းစတင်ပါတော့သည်။

ညနေပိုင်းတွင် ကိုငှက်ရိုးတို့ အုတ်ကန်လုပ်နေသည်ကို သွားရောက်ကြည့်ရှုရန် စိတ်ကူးသော်လည်း မမျှော်လင့်သော အလုပ်များ ပေါ်လာသဖြင့် မရောက်ဖြစ်ခဲ့ပါ။ နောက်နေ့ နေ့လယ်လောက်တွင် ကိုငှက်ရိုးက လုပ်ငန်းအားလုံးပြီးစီးကြောင်း ပြောသဖြင့် ကပ္ပိယကြီးထံမှ ငွေတောင်းခံရန် ကျောင်းသို့ ထွက်ခဲ့ရပါသည်။

ကျောင်းသို့ ရောက်သည်နှင့် ကျောင်းထိုင် ဆရာတော်ကြီးကို ကျောင်းပေါက်ဝတွင် အသင့်တွေ့လိုက်ရသည်။ ဆရာတော်ကြီးက စတင်နှုတ်ဆက်ပါသည်။

“ဒကာကြီးလည်း ကျောင်းကို မရောက်တာ အတော်ကြာပြီနော်”

ဆရာတော်ကြီးက နှုတ်ဆက်သဖြင့် ထိုင်၍ ဆရာတော်ကြီးကို လက်အုပ်ချီ ကန်တော့လိုက်ပါသည်။

“တပည့်တော်လည်း ကျောင်းကို လာဖို့ အမြဲသတိရပါတယ်။ လာမယ်လုပ်တိုင်း အလုပ်ကိစ္စတွေ ပေါ်ပေါ်လာလို့ မရောက်ဖြစ်တာပါ ဘုရား”

“ဒီလိုပါပဲလေ၊ လောကီကိစ္စတွေက တယ်များတာကိုး။ အတောမသတ်အောင် ရှိကြတာပဲ”

“မှန်လှပါ ဘုရား။ ကပ္ပိယကြီး ဦးသြဘာ ဟိုတစ်လောက လာပါတယ်။ ဆရာတော်ကြီးသုံးဖို့ အုတ်ရေကန်လုပ်ဖို့ လာပြောပါတယ်။ တပည့်တော်ရဲ့ ဆိုင်ပစ္စည်းတွေတောင် ပန်းရံဆရာနဲ့ ပို့လိုက်သေးတယ်။ ရေကန်လုပ်တာ လာကြည့်ဖို့ကို တစ်နေ့တစ်နေ့ အလုပ်များနေတာနဲ့ မရောက်ဖြစ်နိုင်ခဲ့ပါဘူး။ အခုမှ လာနိုင်တော့တယ်”

“ဟုတ်တယ် ဒကာကြီး၊ ကပ္ပိယကြီး ဦးသြဘာက ကျုပ်သုံးဖို့ အုတ်ရေကန်လုပ်ပေးသွားရှာတယ်။ ဒါ သူ့ရဲ့ နောက်ဆုံး ကုသိုလ်လို့ ပြောရတော့မှာပဲ။ သူက ရေကန်လုပ်ဖို့ စီစဉ်နေတာ ကြာပြီ။ သူ့ကျန်းမာရေးကလည်း မကောင်းဘူး။ တစ်နေ့ထက် တစ်နေ့ ပိုဆိုးလာလို့ အိပ်ရာက မထနိုင်ရှာဘူး။ ဒါပေမယ့် နောက်ဆုံး ဒါနအဖြစ် ရေကန်ဖြစ်အောင်တော့ လုပ်သွားရှာတယ်”

“ဦးသြဘာ ဘာဖြစ်လို့ပါလဲ ဘုရား”

“ဒကာကြီး သတင်းမကြားသေးဘူးထင်တယ်”

“တပည့်တော် ဒီဘက် မရောက်လို့ ဘာသတင်းမှ မကြားပါဘူး။ ဘာသတင်းများပါလဲ ဘုရား”

“ကပ္ပိယကြီး ဆုံးရှာပြီ”

“ဘုရား…ဘုရား။ ရုတ်တရက် ဆုံးတာလား ဘုရား”

“လူကြီးရောဂါဆိုပါတော့။ ရုတ်တရက်တော့ မဟုတ်ပါဘူး။ နာတာရှည်ရောဂါလို့ ပြောရမှာပဲ။ အိပ်ရာက မထနိုင်တာ ကြာပြီလေ။ သူက အုတ်ရေကန်လှူချင်တယ်သာ ပြောနေတာ အိပ်ရာက မထနိုင်လို့ အဆင်မပြေဖြစ်နေတာ။ ဒါပေမယ့် နောက်ဆုံးတော့ သူ လှူဖြစ်သွားတာပေါ့”

ကျွန်တော်သည် ကြားရသော စကားကြောင့် အလွန်အံ့သြမိပါသည်။ လပြည့်နေ့က ဆိုင်သို့ လာပြီး ဘိလပ်မြေ၊ အုတ်၊ သဲများ မှာသွားသော်လည်း ယခုတော့ ကပ္ပိယကြီး ဆုံးရှာပြီတဲ့။ သူ့ ဆန္ဒပြင်းပြနေသော အုတ်ရေကန်အတွက် ကိုယ်တိုင်လာခဲ့ပြီး ငွေတစ်သောင်းကုန်ကျမည်ကို ၅၁၀၀ ကျပ်



www.burmeseclassic.com

www.burmeseclassic.com

နှင့် စျေးဆစ်ခဲ့သေးသည်။ ယခု ဦးဩဘာ မရှိတော့ဘူးဆိုပါက ငွေ ၉၅၀၀ ကျပ် တောင်းဖို့ပင် ခက်ခဲနေပါသည်။ ကုန်ကျငွေအတွက် မည်သူ့ထံ တောင်းရမည်ကိုပင် စဉ်းစား၍ မရနိုင်အောင် ရှိပါသည်။ နောက်ဆုံး ငွေမရပါက အလှူဟုသာ သဘောထားရတော့မည့် အခြေအနေသို့ ရောက်နေခဲ့သည်။ သေချာစေရန် ဆရာတော်ကြီးကို လျှောက်ထားလိုက်ရသည်။

"ကပ္ပိယကြီး... ဘယ်နေ့က ဆုံးတာလဲ ဘုရား"

"လပြည့်နေ့က"

"လပြည့်နေ့ ဟုတ်ပါ့မလား ဘုရား။ လပြည့်နေ့က သူ မနက်စောစော တပည့်တော်ဆီ လာသေးတယ် ဘုရား"

"မဖြစ်နိုင်ဘူး။ ကပ္ပိယကြီး အိပ်ရာထဲ လဲနေတာ ဆယ်ရက်ကျော်ပြီး အိပ်ရာက လုံးဝ မထနိုင်ဘူး။ ဒကာကြီးဆီ လာတယ်ဆိုတာ ပိုပြီးမဖြစ်နိုင်သေးတယ်။ သူဆုံးတာ လပြည့်နေ့ အရုဏ်တက်ချိန် နံနက် ၄နာရီတိတိပဲ"

ကျွန်တော့်မှာ မယုံကြည်နိုင်သော်လည်း ဆရာတော်ကြီးကိုယ်တိုင် ပြောပြနေခြင်းဖြစ်၍ အံ့သြမဆုံးအောင် ရှိနေပါသည်။

"တပည့်တော်ဆီ မိုးလင်းပြီးစ ရောက်လာပါတယ် ဘုရား။ မျက်နှာတော့ သိပ်မကောင်းဘူး။ ဒီရေကန်အတွက် ပစ္စည်းလာမှာတာပါ။ တပည့်တော် မမှားတဲ့တော့ သေချာပါတယ်။ တပည့်တော်နဲ့အတူ ပန်းရံဆရာ ကိုငှက်ရိုးလည်း ရှိနေပါတယ်"

"ဒါဆိုရင် လူ့ဘဝက အုတ်ရေကန်လှူဖို့ ကြံရွယ်ခဲ့ပေမယ့် မလှူဖြစ်လို့ ကွယ်လွန်ပြီးမှ သူကတိ မပျက်ရလေအောင် ဒကာကြီးဆီ လာပြီး ပစ္စည်းဝယ်တာ ဖြစ်နိုင်တယ်"

"ဖြစ်နိုင်ပါ့မလား ဘုရား"

"ဖြစ်နိုင်ပါတယ်။ သူက ရေကန်လှူဖို့ စွဲလမ်းသွားတော့ ဖြစ်အောင် လုပ်သွားတာ နေမှာပါ"

"တပည့်တော်ဆီ ရေကန်အတိုင်းအတာ ယူလာတယ် ဘုရား။ ပစ္စည်းလိုအပ်ချက် တွက်ချက်ပေးဖို့ ပြောပါတယ်။ တပည့်တော်နဲ့အတူ ပန်းရံဆရာ ကိုငှက်ရိုးတို့ လိုအပ်ပစ္စည်း တွက်ချက်ကြပါတယ်။ တန်ဖိုးအားဖြင့် တစ်သောင်းကျမယ် ပြောတော့ သူက သူ့မှာ ၉၅၀၀ ကျပ်သာ ရှိကြောင်း ပြောလို့ တပည့်တော်က လျှော့ပေးလိုက်ပါတယ် ဘုရား။ အုတ်ကန်ပြီးမှ ငွေလာယူပါဆိုလို့ အခု တပည့်တော် ငွေတောင်းရအောင် လာခဲ့တာပါ။ ကပ္ပိယကြီး မရှိတော့ဘူးဆိုတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ ဘုရား"

"ဒကာကြီးကို ပေးဖို့ ငွေ ဘယ်လောက်ကျန်သလဲ"

"၉၅၀၀ ကျပ် ကျန်ပါတယ် ဘုရား"

"ဘာ... ၉၅၀၀ ကျပ်၊ ဟုတ်လား"

ဆရာတော်က အံ့သြစွာ ပြောလိုက်သည်။

"မှန်ပါတယ် ဘုရား။ ငွေ တစ်သောင်းကျပေမယ့် သူ့မှာ ၉၅၀၀ ကျပ်ပဲ ရှိတယ်ဆိုလို့ တပည့်တော်က ပစ္စည်းတန်ဖိုးထဲက လျှော့ပေးလိုက်ရပါတယ်။ ဒီငွေမရလည်း ကိစ္စမရှိပါဘူး ဘုရား။ သူ့အလှူက တပည့်တော်အလှူ ဖြစ်တာပေါ့"

"ဒကာကြီးရဖို့ဆိုတာ ၉၅၀၀ ကျပ်နော်"

"မှန်ပါတယ် ဘုရား"

"အံ့သြစရာပဲ ဒကာကြီးရယ်။ ကပ္ပိယကြီး ကွယ်လွန်တော့ သူ့ရဲ့ ခေါင်းအုံးအောက်မှာ ငွေ ၉၅၀၀ ကျပ် တိတိကို တွေ့ရတယ်။ ဒီငွေဟာ အကြောင်းတော့ ရှိရမယ်လို့တော့ တွေးမိပါတယ်။ ကိုရင် လာဘကို အပ်ထားတာ ရှိပါတယ်"

"အံ့သြစရာပါ ဘုရား။ သူ့ရဲ့ နောက်ဆုံးအချိန်မှာ ငွေငါးရာကျပ်လို နေလို့ တပည့်တော်ထံ စျေးဆစ်တာ အခုမှ သဘောပေါက်ပါတယ်"

"ဟုတ်တယ် ဒကာကြီး။ ဒီရေကန်လုပ်ဖို့ သူပြောနေတာ ကြာပြီ။ ကျန်းမာရေး မကောင်းလို့ပဲလား၊ ငွေ မပြည့်သေးလို့ပဲလား၊ တစ်ခုခုကို စောင့်ရင်း သူ ကွယ်လွန်သွားတာပဲ။ ဒါပေမယ့် သူ့အလှူကို ဖြစ်အောင် တမလွန်ရောက်မှ ဒကာကြီးဆီ လာပြီး စီစဉ်ခဲ့တာပဲ။ သူ့ဒါနတွက် သူ ကောင်းမွန်ရာ ရောက်မှာပါ။ ကဲ - ဒကာကြီး၊ ကိုရင် လာဘဆီက ငွေ ၉၅၀၀ ကျပ်ကို ယူသွားလိုက်ပါကွယ်။ ဒီငွေကို ဒကာကြီးရဲ့ လက်ထဲရောက်မှ သူ့ဆန္ဒ ပြည့်ဝမှာပါ"

ကျွန်တော်သည် ကိုရင် လာဘထံမှ ငွေကို ယူခဲ့ပါသည်။ တမလွန်ရောက်မှ အလှူဖြစ်မြောက်အောင် ကြိုးစားသူအကြောင်း တွေးမိတိုင်း အံ့သြနေမိပါတော့သည်■

* * *

ကောင်းသော်



www.burmeseclassic.com

www.burmeseclassic.com

( ၂၀၁၄ ခုနှစ်၊ မေလ )

# ၁၂-ရာသီခွင်နှင့် သင့်ကံတရား

တက္ကသိုလ် စိုးမိုးနိုင်

**မိဿရာသီ**



ARIES

( မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း )

သင့်ဘဝ အခြေတကျဖြစ်နေပေလိမ့်မည်။ စီးပွားရေးဦးတည်ချက်များ မှန်ကန်နေပေလိမ့်မည်။ အသိထူး ပညာထူးရရှိပေလိမ့်မည်။ မိတ်ကောင်းဆွေကောင်း၊ ဆရာသမားကောင်းတို့ကြောင့် သင့်ဘဝ မြင့်သည်ထက် မြင့်မည်။ ကျန်းမာရေးအတွက် အရေးကြီးသော သွားကျန်းမာရေးကို ဂရုစိုက်ရမည့် ကာလပါ။ သွားရောဂါဝေဒနာ မခံစားရစေရန် နေ့စဉ် နံနက်-ည သွားမှန်မှန်တိုက်ပါ။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ ဗုဒ္ဓဟူး။

**ရွေးချယ်ရမည့်ဂဏန်း** - (၁)အစ (၉)အဆုံး၊ (၄)အစ (၇)အဆုံး။

**ယတြာ** - အိမ်ရှိဘုရားမှာ ရေမွှေးနှင်းဆီ (၁၀)ပွင့်၊ အောင်သပြေ၊ ရေချမ်း၊ ပေါက်ပေါက်ဆွမ်းများ ကပ်လှူပြီး ဓမ္မစကြာ ဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ပါ။

**ပြိဿရာသီ**



TAURUS

( ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း )

လှုပ်ရှားပျော်ရွှင် အောင်ပွဲခံရပေလိမ့်မည်။ အတွေးသစ်၊ အမြင်သစ်၊ ဝန်းကျင်သစ်နှင့် အကျိုးပေးပါလိမ့်မည်။ ဉာဏ်ကွန့်မြူးသလောက် တီထွင်ဆန်းသစ်မှုများနှင့် အဆင်ပြေ အကျိုးဖြစ်ထွန်းမည်။ လူမှုဆက်ဆံရေးတွင် တာဝန်ဝတ္တရားကျေပွန်နေမည်။ သာရေးနာရေးကိစ္စရပ်များတွင် တက်တက်ကြွကြွ ပါဝင်ကူညီနေပေလိမ့်မည်။ တန်ဖိုးကြီးပစ္စည်းအရောင်းအဝယ်ကိစ္စမှာ အပြောင်းအလဲတစ်ခု ကြုံပြီးမှ အဆင်ပြေသွားပေလိမ့်မည်။ ကျန်းမာရေးသင့်၏။ ကိုယ်လက်မအီမသာဝေဒနာမျိုး ခံစားရမည်။ အချစ်နှင့် ပတ်သက်၍ အခွင့်အရေးကောင်းကြုံမည်။ ချစ်ချင်သူနှင့် တွေ့မည်။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၁)အစ (၇)အဆုံး၊ (၂)အစ (၄)အဆုံး။

**ယတြာ** - မိမိ၏မွေးနေ့မှာ တန်ခိုးကြီးဘုရားသုံးဆူဖူးပြီး အဓိဋ္ဌာန်ပုတီး (၉)ပတ်စိပ်ပါ။

**မေထုန်ရာသီ**



GEMINI

( မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း )

လုပ်ငန်းသစ် ကမ်းလှမ်းမှုနဲ့ ကြုံရပေလိမ့်မည်။ လက်ရှိလုပ်ငန်းကို လက်စသတ်ပြီး လုပ်ငန်းသစ်ကို စိတ်ပါလက်ပါ လက်ခံလိုက်လျှင် အောင်မြင်မှု ကြီးကြီးမားမားကြုံရတတ်သည်။ စာကောင်း ပေမွန်များကို ဖတ်ရှုခြင်းကြောင့် အတွေးအခေါ်နှင့် စိတ်သဘောထား မြင့်မားနေပေလိမ့်မည်။ လွတ်လပ်မှုကို တန်ဖိုးထား မြတ်နိုးပေလိမ့်မည်။ ကျန်းမာရေးသင့်သော်လည်း အချိုနှင့် အငန်ကို လျှော့စားပါ။ အချစ်ရေးသာယာသူဖြစ်ကြောင်း ဂုဏ်ယူချင်နေမည်။

**ထီထိုးသင့်သောနေ့** - ဗုဒ္ဓဟူး၊ သောကြာ။

**ရွေးချယ်ရမည့်ဂဏန်း** - (၀)အစ (၅)အဆုံး၊ (၈)အစ (၂)အဆုံး။

**ယတြာ** - မွေးနေ့တွင် ပထမဆုံးတွေ့သောသူတစ်ဦးကို မုန့်ဟင်းခါး၊ လက်ဖက်ရည်နှင့် အီကြာကွေး ဒါနပြု ကျွေးမွေးပါ။



www.burmeseclassic.com

www.burmeseclassic.com

## ကရကဋ်ရာသီ



CANCER

( ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၁) ရက်အတွင်း )

အေးစက်စက်နေထိုင်တတ်ခြင်းကြောင့် ပတ်ဝန်းကျင်နှင့် တသီးတခြားဖြစ်နေရတတ်သည်။ မေတ္တာတရားက အေးချမ်းစေတာကြောင့် မေတ္တာတရားကို လက်ကိုင်ထားလိုက်လျှင် ပေါင်းသင်းဆက်ဆံရေး အဆင်ပြေသွားပေလိမ့်မည်။ ကြီးပွားတိုးတက်မှုက သင့်လက်ထဲမှာ ရှိနေသည်။ သင့်စွမ်းရည်မြင့်မားလျှင် မြင့်မားသလောက် တိုးတက်အောင်မြင်မှု ကြုံရပါလိမ့်မည်။ ကျန်းမာရေးသင့်သော်လည်း အစားအသောက်ကို သင့်ရုံ ဆင်ခြင်စားသောက်ရန် လိုသည်။ အစားမှား၊ ဆေးမှား သတိထားပါ။ အချစ်၏ လှပသော ဖြားယောင်းမှုများကြားမှာ ပျော်ရွှင်နေလိမ့်မည်။

**ထီးထိုးသင့်သောနေ့** - အင်္ဂါ၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၅)အစ (၇)အဆုံး၊ (၂)အစ (၄)အဆုံး။

**ယတြာ** - မွေးနေ့တွင် သူငယ်ချင်းသုံးဦးကို ပဝါလက်ဆောင်ပေးပါ။

## သိဟ်ရာသီ



LEO

( ဇူလိုင်လ (၂၂) ရက်မှ ဩဂုတ်လ (၂၁) ရက်အတွင်း )

မိမိကိုယ်မိမိ ယုံကြည်မှုလွန်ကဲလျှင် အသေးအဖွဲ့ကိစ္စလေးများကို ပုံကြီးချဲ့ လုပ်ဆောင်နေတတ်သည်။ ပြဿဒါးက စပြီး မီးလောင်တာမျိုး မဖြစ်ရလေအောင် ပုံကြီးချဲ့မှုကို ဆင်ခြင်သင့်၏။ လုပ်ဖော်ကိုင်ဖက်များကို အပြစ်မမြင်ဘဲ ချစ်ခင်လိုက်လျှင် တက်လမ်းပွင့်သွားပေလိမ့်မည်။ သဘောထားကြီးပြီး ရင့်ကျက်မှုရှိသော စတိုင်နှင့် ဘဝကို လျှောက်လှမ်းသွားလျှင် အိုကေသွားမည်။ ကျန်းမာရေးကောင်းမွန်စေရန် ကောက်ညှင်း၊ အုန်းသီး၊ အကြောင်အလော့်များကို လျှော့စားပါ။ အမျက်ဒေါသကို ကောင်းစွာ ချုပ်တည်းပါ။ အချစ်၏ လှည့်စားမှုကို လိမ္မာပါးနပ်စွာ သိရှိမှု ကြုံမည်။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ အင်္ဂါ။

**ရွေးချယ်ရမည့်ဂဏန်း** - (၁)အစ (၇)အဆုံး၊ (၄)အစ (၂)အဆုံး။

**ယတြာ** - မိမိပတ်ဝန်းကျင်ရှိ ကလေးများကို ကောက်ညှင်းပေါင်းနှင့် ငါးခြောက် ကျွေးမွေးကာ ဒါနပြုပါ။

## ကန်ရာသီ



VIRGO

( ဩဂုတ်လ (၂၂) ရက်မှ စက်တင်ဘာလ (၂၂) ရက်အတွင်း )

ချိန်းလွန်းသည့်မိုး မရွာသွန်းတတ်ချိန်။ မှန်းသည့်အတိုင်း မဖြစ်တတ်ပေ။ ပြုံးပြုံးလေးဖြင့် ဒေါင်ကျကျပြားကျကျ ရင်ဆိုင်ဝံ့ရန် သတ္တိလို၏။ စွန့်စားလုပ်ကိုင်မှုတို့နှင့် အဆင်မပြေနိုင်ပေ။ သမာရိုးကျလုပ်ငန်းကိုသာ ဇွဲရှိရှိ စိတ်ရှည်ရှည် လုပ်ဆောင်သွားသင့်၏။ မိသားစုနှင့်အတူ မသွားဘူးသော အရပ်ဒေသသို့ သွားရောက်ရတတ်၏။ အစာလည်း ဆေး၊ ဆေးလည်း အစာဆိုသကဲ့သို့ မိမိနှင့်သင့်သည်ကို ရွေးစားပါ။ မသင့်လျှင် ရှောင်ပါ။ အချစ်ကြောင့် ပျော်ရွှင်ခွင့်များ အလိုအလျောက်ရရှိတတ်ပါသည်။

**ထီထိုးသင့်သောနေ့** - ကြာသပတေး၊ သောကြာ။

**ရွေးချယ်ရမည့်ဂဏန်း** - (၃)အစ (၉)အဆုံး၊ (၆)အစ (၀)အဆုံး။

**ယတြာ** - အောင်သင့် အောင်ထိုက်သော အောင်မြင်မှု ရရှိစေရန် မွေးနေ့တွင် ကိုးပါးသီလခံယူပြီး ဂုဏ်တော်ကိုးပါးကို အဓိဋ္ဌာန်ပုတီး (၉)ပတ်စိပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

တူရာသီ



LIBRA

( စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၂) ရက်အတွင်း )

လောကဓံကို အားပြိုင် စိန်ခေါ်နေမယ့် ကာလ။ သင်နှင့် အရည်အချင်း မတိမ်းမယိမ်းသော ပြိုင်ဘက်များစွာရှိနေသည်။ ပန်းတိုင်မရောက်ခင်မှာ တက်မပြောက်လိုက်ပါနှင့်။ အခွင့်ထူးက ရှိနေသည်။ သို့သော် မဖြစ်မနေ လုပ်ဆောင်တတ်သောဇွဲရှိမှ အောင်မြင်မည်။ နံနက်စောစောထလျက် ဗောဇ္ဈင်သုတ်တော်ကို သုံးခေါက်ရွတ်ဆိုပါ။ ကျန်းမာရေးကောင်းလျက် စိတ်သွားတိုင်း ကိုယ်ပါ လိုရာဆန္ဒပြည့်ဝခွင့် ကြုံမည်။ ရတ်တရက် အိမ်ထောင်ကျကိန်းကြုံလိမ့်မည်။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ ကြာသပတေး။

**ရွေးချယ်ရမည့်ဂဏန်း:** - (၀)အစ (၇)အဆုံး၊ (၆)အစ (၉)အဆုံး။

**ယတြာ** - ဘေးအန္တရာယ်အပေါင်းကို ကျော်ဖြတ်နိုင်စေရန် အိမ်ရှိ ဘုရားမှာ ဗယာကြော်(၃)ခု ကပ်လှူပြီး သမ္ဗုဒ္ဓေဂါထာကို (၂၇)ခေါက် ရွတ်ဆိုပါ။

ဗြိစ္ဆာရာသီ



SCORPIS

( အောက်တိုဘာလ (၂၃) ရက်မှ နိုဝင်ဘာလ (၂၂) ရက်အတွင်း )

ဘဝ၏ အတွေ့အကြုံသစ်များကို ရရှိပေလိမ့်မည်။ ဖိစီးလာသော တာဝန်နှင့် ဝတ္တရားများကို မကြောက်ဘဲ ရဲရဲ တက်ကြွနေမည်။ အသိဉာဏ်ပညာကြီးမားသော်လည်း သတိလက်လွတ်ဖြစ်ခြင်းကြောင့် အမှားအယွင်းကြုံရတတ်သည်ကို သတိပြုစေချင်သည်။ လွယ်သည့်ကိစ္စကို ခက်အောင် လုပ်မိတတ်သည်။ အသိဉာဏ်ပညာကို လွှာသုံးပါ။ ကျန်းမာရေးကောင်းမွန်စေရန် စိတ်အေးအေးထားပြီး လုပ်ကိုင်ဆောင်ရွက်တတ်သည့်အကျင့်ကို လေ့ကျင့်သင့်၏။ အချစ်ရေးကိစ္စ ဆုံးဖြတ်ချက် ပြတ်သားတိကျသင့်၏။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း:** - (၀)အစ (၅)အဆုံး၊ (၇)အစ (၄)အဆုံး။

**ယတြာ** - မေတ္တာ ဘာဝနာပွားများပါ။ ဤလတွင် မေတ္တာသုတ်ကို နေ့စဉ်ရွတ်ဆိုပါ။

ဓနုရာသီ



SAGITTARIUS

( နိုဝင်ဘာလ (၂၃) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း )

လက်ဖျားမှာ ငွေသီးနေပေလိမ့်မည်။ မျက်နှာပွင့်ပြီး လူချစ်လူခင်များနေမည်။ လုဝင်ဆဲ့ပြီး အသိုင်းအဝိုင်းကျယ်ပြန့်နေပေလိမ့်မည်။ အခင်းအကျင်းသစ်များဖြင့် စီးပွားရေးဈေးကွက်သစ်ကို ချဲ့ထွင်နေပေလိမ့်မည်။ လုပ်ငန်းရည်ရွယ်ချက် မှန်ကန်ကောင်းမွန်နေပေလိမ့်မည်။ မိသားစုကို ငဲ့ညှာလျက် ကြင်ကြင်နာနာ ဆောင်ရွက်နေပေလိမ့်မည်။ လွတ်လပ်ပျော်ရွှင်ဖွယ်ကောင်းသော ခရီးများ သွားလာခွင့်ရပေလိမ့်မည်။ ကျန်းမာရေးကောင်းစေဖို့ အဆီအအိမ့်များကို ရှောင်စားပါ။ သဝန်တိုတတ်လွန်းသည့် ချစ်သူလေးနှင့် ချစ်ခွင့်ကြုံမည်။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ ကြာသပတေး။

**ရွေးချယ်ရမည့်ဂဏန်း:** - (၄)အစ (၄)အဆုံး၊ (၇)အစ (၇)အဆုံး။

**ယတြာ** - သီလရှင်များကို ဆန်၊ ဆီ၊ ဆေးနှင့် ငွေကြေး လှူဒါန်းပါ။ သင်ဆန္ဒများအားလုံး ပြည့်ဝလာပေလိမ့်မည်။



www.burmeseclassic.com

**မကာရရာသီ**



CAPRICORN

( ဒီဇင်ဘာလ (၂၂) ရက်မှ ဇန်နဝါရီလ (၁၉) ရက်အတွင်း )

ဆန်းသစ်လုပသော စိတ်ကူးအတွေးများ ရှိနေမည့် ကာလ။ မိမိ၏ စိတ်အလုကို မေတ္တာတရားဖြင့် အလုဆင် ခြယ်မှုန်းနေမည်။ ဘဝခရီးပန်းတိုင်အတွက် အဓိပ္ပာယ်ရှိသည့် ပထမခြေလှမ်းကို စတင် လှမ်းခွင့်ရပေလိမ့်မည်။ ခိုင်မာသော ဆုံးဖြတ်ချက်နှင့် ရည်ရွယ်ချက်ရှိနေပေလိမ့်မည်။ ပြည်တွင်း ပြည်ပခရီးများ သွားလာရပေလိမ့်မည်။ ကြေညက်လွယ်သည့်အစာကို စားပါ။ ကျန်းမာရေးကောင်းလာ လိမ့်မည်။ အနည်းငယ် ကြေကွဲဖွယ်ကောင်းသော အချစ်တစ်ခုနှင့် ကြုံရတတ်သည်။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ ကြာသပတေး။

**ရွေးချယ်ရမည့်ဂဏန်း** - (ဝ)အစ (၈)အဆုံး၊ (၇)အစ (၂)အဆုံး။

**ယတြာ** - တန်ခိုးကြီးဘုရားတစ်ဆူသို့သွားပြီး သီလခံယူကာ အဖြူရောင်ပန်းများ ကပ်လှူပြီး ပရိတ်ကြီး (၁၁)သုတ်ကို ရွတ်ဖတ် ပူဇော်ပါ။

**ကုမ်ရာသီ**



AQUARIUS

( ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်အတွင်း )

ထိပ်တန်းဘဝအခြေအနေသို့ ရောက်ရှိပေလိမ့်မည်။ ရည်မှန်းချက်အလီလီ အောင်မြင်မည်။ စီးပွားရေး လူမှုရေးအသိုင်းအဝန်း ကျယ်ပြန့်ပေလိမ့်မည်။ ရှေ့ဆက်ရမည့် အနာဂတ်ခရီးအတွက် အားမာန်အပြည့် အဝရှိနေပေလိမ့်မည်။ ကျန်းမာရေးအတွက် မိမိနှင့် တည့်သောအစာပင် ဖြစ်သော်လည်း အလွန် အကျွံမစားသင့်ပေ။ အတိုင်းအတာနှင့် မျှတရုံသာ မှီဝဲပါ။ အမြတ်တန်း ရွေးချယ်ထားသည့် နှင်းဆီ ဖူးကလေးကို သူတစ်ပါးက ခူးသွားလိမ့်မည်။ အချစ်ရေးမှာ တသသစွဲ ကျန်ရစ်ရတတ်၏။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၁)အစ (ဝ)အဆုံး၊ (၄)အစ (၇)အဆုံး။

**ယတြာ** - အိမ်ရှိ ဘုရားတွင် ပန်းအဖြူ (၃)ပွင့်၊ ရေချမ်း (၃)ခွက်၊ ထီးဖြူ(၃)လက်၊ ပေါက်ပေါက်ဆွမ်း (၃)ပွဲ ကပ်လှူကာ ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ် ပူဇော်ပါ။

**မိန်ရာသီ**



PISCES

( ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်အတွင်း )

မျက်လှည့်ဆန်သော ကံတရားနှင့် တွေ့ကြုံနေရပေလိမ့်မည်။ ယခုကာလမှာ မလိုအပ်ဘဲ စိတ်ဆိုး လွယ်၊ စိတ်ဆတ်လွယ်နေလိမ့်မည်။ မိမိ၏စိတ်ကို ဘာသာတရားအဆုံးအမဖြင့် ထိန်းသိမ်းရန် လို အပ်နေပေလိမ့်မည်။ ကြံသမျှ ဟန်ကျသွားစေရန် လူကြီးမိဘများထံမှ အကူအညီနှင့် အကြံ ဉာဏ်တောင်းပါ။ ကျန်းမာရေးကောင်းစေရန် အိပ်ရာနေရာရွေးအိပ်ကြည့်ပါ။ အချစ်ရေးကံတရားက မိမိဘက်မှ အလေးမသာနိုင်ပါ။ ချစ်သူကို အလိုလို အကြိုက်ဆောင်ရလိမ့်မည်။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ သောကြာ။

**ရွေးချယ်ရမည့်ဂဏန်း** - (ဝ)အစ (၂)အဆုံး၊ (၇)အစ (၅)အဆုံး။

**ယတြာ** - ကံမြင့်၊ ကံကောင်းစေရန် တရားထိုင်ပါ။ တရားနာပါ။ တရားစာအုပ် ဖတ်ပါ။

*****



www.burmeseclassic.com

www.burmeseclassic.com

# အောင်မြင်ခြေရာ မြို့ရစ်ရှာ

ကျော်မိုးလွင် (ဝါးခယ်မ)



ကျွန်ုပ် "ခရေစီ"လက်ဖ◌ာ်ရည်ဆိုင်ရောက်သွားတော့ မအူပင် ဇော်ဇော်ဝင်းနှင့် ကျေးတော စောလှိုင်၊ မောင်မြင့်စိုး တို့ အငြင်းအခုန်လုပ်နေကြသည်။

ကျေးတောက "တစ်ရွာမပြောင်း သူကောင်းမဖြစ်"တဲ့။ မအူပင် ဇော်ဇော်ဝင်းက "သေချင်တဲ့ ကျား၊ တောပြောင်း" တဲ့။

သူတို့စကားက သူတို့ဖြစ်ချင်သည့်ဆန္ဒကို ယူကာ ပြောနေကြခြင်းဖြစ်ပါသည်။

လောကတွင် တစ်မြို့တစ်ရွာပြောင်း၍ ကြီးပွားချမ်းသာ ကျော်ကြားသူများ ရှိသကဲ့သို့၊ တစ်မြို့တစ်ရွာပြောင်းကာမှ ဆင်းရဲသွားသူများလည်း ရှိတတ်ပါသည်။

ဘာသာရေးစကားနှင့် ပြောရလျှင် "ကံ"သည်သာ ရှေ့ဆောင်သည်ဟု ဆိုရပါမည်။

မြန်မာ့ရိုးရာဗေဒင်တွင် နေအပ်၊ မနေအပ် တွက်ချက်ကြည့်ခြင်းဖြင့် သိနိုင်သော နည်းစနစ်များစွာရှိပါသည်။ ထိုနည်းကား ထီး၊ တံခွန်၊ သိုက်ရ,မရ တွက်ခြင်းပင် ဖြစ်ပါသည်။

"ထီး"ရလျှင် ထိုမြို့ရွာအရပ်သည် အေးချမ်း၏။ အမှီကောင်း၏။ ဆင်းရဲကင်း၏။

"တံခွန်"ရလျှင် ထိုမြို့ရွာအရပ်သည် ဂုဏ်သတင်း ထင်ပေါ်စေတတ်၏။ ကျော်စောတတ်၏။

"သိုက်"ရလျှင် ထိုမြို့ရွာအရပ်သည် စီးပွားရာလွယ်၏။ တစ်နှစ်မှ သုံးနှစ်အတွင်း ချမ်းသာကြွယ်ဝနိုင်၏။

၅၊ ၃၊ ၁ ကြွင်းလျှင် ဘူမိနက်သန် မှန်သည်။ ဝ-ကြွင်းလျှင် မကောင်းပါ။

ဦးစွာ ဂြိုဟ်သက်များ သိရန် လိုပါသည်။

| | |
|---|---|
| **တနင်္ဂနွေဂြိုဟ်သက်** | - ၆နှစ် |
| အက္ခရာ | - အ |
| **တနင်္လာဂြိုဟ်သက်** | - ၁၅နှစ်၊ |
| အက္ခရာ | - က၊ ခ၊ ဂ၊ ဃ၊ င |
| **အင်္ဂါဂြိုဟ်သက်** | - ၈နှစ် |
| အက္ခရာ | - စ၊ ဆ၊ ဇ၊ ဈ၊ ည |
| **ဗုဒ္ဓဟူးဂြိုဟ်သက်** | - ၁၇နှစ် |
| အက္ခရာ | - လ၊ ဝ |
| **စနေဂြိုဟ်သက်** | - ၁၀နှစ် |
| အက္ခရာ | - တ၊ ထ၊ ဒ၊ ဓ၊ န |
| **ကြာသပတေးဂြိုဟ်သက်** | - ၁၉နှစ် |



www.burmeseclassic.com

www.burmeseclassic.com

အက္ခရာ - ပ၊ ဖ၊ ဘ၊ ဗ၊ မ
**ရာဟုဂြိုဟ်သက်** - ၁၂နှစ်
အက္ခရာ - ရ၊ ယ
**သောကြာဂြိုဟ်သက်** - ၂၁နှစ်
အက္ခရာ - သ၊ ဟ

**နေ့နံများကတော့ ...**

တနင်္ဂနွေ - ၁
တနင်္လာ - ၂
အင်္ဂါ - ၃
ဗုဒ္ဓဟူး - ၄
စနေ - ၇
ကြာသပတေး - ၅
သောကြာ - ၆

**တွက်နည်းကတော့** နေလိုသော မြို့ရွာအမည်၏ ဂြိုဟ်သက်ကို နေလိုသူ၏ မွေးနံနှင့် ပေါင်း၊ ရလဒ်ကို ၈နှင့် စား၊ ၅ကြွင်းလျှင် "ထီး"ရ၏။ ၇နှင့် စား၊ ၃ကြွင်းလျှင် "တံခွန်"ရ၏။ ၄နှင့် စား၊ ၁ကြွင်းလျှင် "သိုက်"ရသည်။

ရန်ကုန်နေလိုသူ မောင်မြင့်စိုးအား တွက်ကြည့်လျှင် ...

ရန် - ၁၂
ကုန် - ၁၅
မွေးနံ - ၅ (ကြာသပတေးသား)
၃၂

၃၂ ÷ ၈ = ၀ ကြွင်း (ထီးမရပါ)။
၃၂ ÷ ၇ = ၄ ကြွင်း (တံခွန်မရပါ)။
၃၂ ÷ ၄ = ၀ ကြွင်း (သိုက်မရပါ)။

ဝါးခယ်မ နေလိုသူ မအှုပင် ဇော်ဇော်ဝင်းအား တွက်ကြည့်လျှင် ...

ဝါး - ၁၇
ခယ် - ၁၅
မ - ၁၉
မွေးနံ - ၈ (အင်္ဂါသား)
၅၉

၅၉ ÷ ၈ = ၃ ကြွင်း (ထီးမရပါ)။
၅၉ ÷ ၇ = ၃ ကြွင်း (တံခွန်မရပါ)။
၅၉ ÷ ၄ = ၃ ကြွင်း (သိုက်မရပါ)။

ကျွန်ုပ်သည် အငြင်းပွားနေသော သူတို့နှစ်ဦးကို မြန်မာ့ရိုးရာဗေဒင်နည်းနှင့် တွက်ချက်ကာ အဖြေထုတ်ပေးလိုက်ပါသည်။

ဝါးခယ်မမှာ နေလိုသူ မအှုပင် ဇော်ဇော်ဝင်းက ကျွန်ုပ်အား လက်ဖက်ရည်နှင့် မုန့်မှာကာ ပြုစုသွားခဲ့ပါသည် ■

* * *

ကျော်မိုးလွင်(ဝါးခယ်မ)

အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၀။

မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# ဆေးစွမ်းထက်သော နကျယ်အုံ

အောင်ဆန်းလင်း (ဘီအေ)

ပျား၊ ပဒူ(ပျားတူ)၊ အဆုပ်မနီနှင့် နကျယ်ကောင်တို့သည် ပျားနှင့် သဘာဝတူ မျိုးနွယ်စု တူညီသော တောသတ္တဝါများဖြစ်သည်။ လူနေအိမ်များနှင့် အနီးအပါးမှာလည်း အခြေချ နေထိုင်တတ်ကြသည်။ သူတို့အားလုံးသည် အဆိပ်ပြင်းသော လက်နက်ကိုယ်စီ ပိုင်ဆိုင်ထားပြီး ရန်သူ(သို့မဟုတ်) လူသားများကို အကြောင်းမဲ့ ရန်မရှာတတ်ကြပေ။ သို့သော် သူတို့၏ အသိုက်အမြုံကို လာရောက်ထိပါးနှောင့်ယှက်လျှင်ကား အားလုံး တက်ညီလက်ညီ ဝိုင်းဝန်းတိုက်ခိုက်လေ့ရှိသည်။

များသောအားဖြင့် သူတို့အစားအစာသည် အချိုဓာတ်ရှိသော ပန်းပွင့်ထဲမှ ဝတ်ရည်နှင့် ဝတ်မှုန်တို့သာဖြစ်သည်။ နွယ်မြက်သစ်ပင်မှန်သမျှ ဆေးဖက်ဝင်ရကား၊ ပန်းပွင့်ပန်းဝတ်မှုန်မျိုးစုံနှင့် အတိပြီးသော ပျားတို့ထံမှ ရရှိလာသည့် သူမတူအောင် ဆေးဖက်ဝင်ကြောင်း လူတိုင်းသိပြီးဖြစ်ပေသည်။

ပျားအမျိုးအစားစာရင်းဝင်သော နကျယ်ကောင်သည် အသိုက်အမြုံကို မြေသားဖြင့် ပြုလုပ်လေ့ရှိသည်။ အသိုက်အမြုံဆောက်လုပ်ရန် နကျယ်ကောင် ကိုက်ချီ သယ်ဆောင်လာသော မြေသားသည် နကျယ်ကောင်၏ တံတွေးဖြင့် ထိတွေ့ ထုံမွှမ်းထားသဖြင့် သာမန်မြေသား မဟုတ်တော့ဘဲ ဆေးဖက်ဝင် ပစ္စည်းတစ်ခုဘဝသို့ ရောက်ရှိသွားရလေသည်။

နကျယ်အုံသည် အိမ်တိုင်းမှာလိုလို ရှိတတ်ပါသည်။ အချို့လူများသည် တိုင်းရင်းဆေးကိုသာ လက်ခံ ယုံကြည်တတ်ကြခြင်း၊ အနောက်တိုင်းဆေးနှင့် ဆေးရုံ၊ ဆေးခန်း၊ ဆေးဆိုင်များနှင့် အလှမ်းဝေးကွာသော အရပ်ဒေသများမှ လူများ မမျှော်လင့်ဘဲ ရုတ်တရက်ဖြစ်သော နကျယ်အုံဖြင့် ချက်ချင်းကုသခြင်းဖြင့် အကျိုးရှိကြမည်ဖြစ်ပါသည်။

ထို့ကြောင့် နကျယ်အုံသည် မည်သို့ ဆေးဖက်ဝင်ကြောင်း စာရေးသူ စုဆောင်းထားသော မှတ်စုထဲမှ အချို့ကို ရေးသားလိုက်ရပါသည်။ (မိမိနေအိမ်တွင် နကျယ်အုံကို တွေ့ရှိပါက နေရာကိုသာ မှတ်သားထားပြီး အသုံးလိုအပ်မှ ဖြုတ်ယူ သုံးစွဲသင့်ပါသည်။)

**ဝမ်းလျှောသော်**

* နကျယ်အုံကို ကြိတ်ချေ အမှုန့်ပြုပါ။ ထို့နောက် ရေနှင့် ဖျော်ပြီး တိုက်ပါ။
* ပင့်ကူရုပ်၍ ရောင်ရမ်းနာကျင် ကိုက်ခဲသော် နကျယ်အုံကို ကြိတ်ချေပြီးနောက် ရေနှင့် ဖျော်၍ လိမ်းပေးပါ။

**အူကျသော်**

* နကျယ်အုံကို ကြိတ်ချေပါ။ သံပရာနှင့် သမအောင်မွှေပြီး ကပ်ပယ်အိတ်ကို လိမ်းပါ။

(တစ်နည်း)

* နကျယ်အုံနှင့် လေညင်းပွင့် ဆတူယူပါ။ လေညင်းပွင့်ကို အနည်းငယ်လှော်ပြီး ညက်အောင် ထောင်းပါ။ နကျယ်အုံကိုလည်း ညက်အောင်ပြုပြီးနောက် ဆန်ပုံးရည် (သို့မဟုတ်) ဆန်ဆေးရည်နှင့် မပျစ်မကျဲဖျော်ပြီး ကပ်ပယ်အိတ်ကို နံနက်တစ်ကြိမ် ညတစ်ကြိမ် လိမ်းပါ။

**မွေးကင်းစကလေး ဆီးမသွားနိုင်၍ ငိုသော်**

* နကျယ်အုံကို ဆန်ဆေးရည်နှင့် သွေးပြီးချက်မှ ဆီးစပ်တိုင်အောင် ဆွဲလူးပေးပါ။

**သွားကိုက်သော်**

* နကျယ်အုံကို အခြောက်လှန်းပြီးနောက် အမှုန့်ပြုပြီး သွားအခေါင်းမှာ သိပ်ပေးပါ၊ ဆီးကင်းခန့် စားပေးပါ။
* စက်တန်း အပူအကြိတ်နာ၊ မြစ်ပွားနာ၊ နို့နာတို့ကို နကျယ်အုံ၊ ခံတက်ရွက်၊ ဆေးရွက်ကြီး၊ မဖောက်ထုံး၊ ထန်းလျက်ခဲ (၅)မျိုးကို အညီအမျှယူပြီးနောက် ရောနှောကြိတ်၍ အနာတွင် အုံပါ။ ထို့နောက် ပတ်တီးစည်းပေးပါ။
* အဖုအကြိတ်သည် ရင့်နေက ပျားဖယောင်း၊ ဒုတ္တာ၊ ကျောက်ချဉ်၊ ရေနံချေးနှင့် နှမ်းဆီကို အညီအမျှစီယူပါ။ မီးနှင့် ချက်ပြီး အနေတော်ဖြစ်ပါက အဝတ်ပါးပါးတွင် သုတ်လိမ်းပါ။ အနာကို နံနက်၊ ညအဝတ်ဖြင့် ကပ်ပေးပါ။ (နကျယ်အုံမပါဝင်ပါ။)
* အနာစက်၊ အနာမီး၊ အနာပဆုပ်မှန်သမျှအတွက် နကျယ်အုံကို ကြိတ်ချေ်အမှုန့်ပြုပြီး ပျားရည်ဖြင့်တော၍ အုံပေးပါ။

*အာရောဂျံ ပရမံ လာဘံ*

* * *

အောင်ဆန်းလင်း(ဘီအေ)




www.burmeseclassic.com

www.burmeseclassic.com

# အတွင်းမိတ်၊ အပြင်မိတ် အဓိဋ္ဌာန်နေရာထူး

ဆရာကြီး ဦးအောင်မြိုင် (လက္ခဏာဗေဒပညာသုတေသီ)



ဓမ္မမိတ်ဆွေတစ်ဦး၏ လမ်းညွှန်ပေးမှုကြောင့် နေရာထူးတစ်ခုတွင် အဓိဋ္ဌာန်သွားဝင်ခဲ့ဖူးပါသည်။ ထိုနေရာထူးမှာကား ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ကျောက်ဆောင်ကျေးရွာမှ ပတ္တမြားကျောင်းတော်ရာဖြစ်ပါသည်။ ရန်ကုန်မြို့မှ ပဲခူးမြို့သို့ ဆက်သွယ်ထားသော ကတ္တရာလမ်းမကြီးအတိုင်း ကျောက်တန်းလမ်းခွဲ အင်္ဂတေလမ်းအတိုင်း ထိုနေရာသို့ သွားရောက်ရခြင်းဖြစ်သည်။ ရှေးဟောင်းစေတီဘုရားများစွာကို ဦးဆောင်ပြုပြင်ပေးနိုင်သည့် ပတ္တမြား ဆရာတော်ဘုရားအဖြစ် လူသိများသော ဆရာတော် ဦးသုန္ဒရ စတင် တည်ထောင် သီတင်းသုံးလျက်ရှိသည်။

"မဟာနံ့သာဆောင်"ဟု ကမ္ပည်းထိုးထားသော နှစ်ထပ်ရောမ ကျောင်းဆောင်ကြီး၏ အပေါ်ထပ်တွင် ယွန်းဘုရားရုပ်ပွားတော်ကြီးနှင့် ထိုရုပ်ပွားတော်ကြီးရှေ့မှာ မှန်ကျောင်းဆောင်ငယ်များဖြင့် ထည့်သွင်းပူဇော်ခံထားသည့် ရဟန္တာဓာတ်တော်များကို ဖူးမြင်ရပါသည်။

ထိုနေရာတွင် (၁၀၈)လုံး ယမနေသား ပုတီးဖြင့် "နမောဗုဒ္ဓါယျသိဒ္ဓံ"ဆိုသော ဂါထာတော်ကို ပုတီးတစ်လုံးစီချပြီး ပုတီးကိုးပတ်စိပ်ရသည်။

ယွန်းဘုရား + **ဓာတ်**တော် = ဗုဒ္ဓဟူး + စနေ

**ယမနေပုတီး** = ဗုဒ္ဓဟူး + စနေ

ဓာတ်တူအတွင်း မိတ်ဂြိုဟ်တွဲဖြစ်ပါသည်။

(မှတ်ချက်။ အချိန်သိပ်မပေးနိုင်လျှင် ကိုးလုံးပုတီးဖြင့် စိပ်၍ရပါသည်။)

မဟာနံ့သာဆောင်၏ နံရံတစ်နေရာတွင် ပတ္တမြားဆရာတော် ဦးသုန္ဒရ၏ ဓာတ်ပုံတော်ကြီးကို ဖူးမြင်ရသည်။ ဆရာတော်၏ မျက်နှာတော်ကို ဖူးမြင်ရခိုက် ရင်တွင်းမှာ အေးချမ်းသွားသည်။ ကြည်လင်သော ကရုဏာရှင်ဟု သတ်မှတ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

မဟာနန္ဒသာဆောင် ကျောင်းဆောင်ကြီးပေါ်မှ ဆင်းခဲ့ပြီး မနီးမဝေးတွင်ရှိသော နဂါးရုံဘုရားရုပ်ပွားတော်ကို သွားရောက်၍ ၁၀၈ လုံး ရင်းတိုက်သားပုတီးဖြင့် ပုတီး ၉ပတ် စိပ်ရသည်။ "နမောဗုဒ္ဓါယသိဒ္ဓံ"ဆိုသော ဂါထာတော်ကိုပင် ပုတီးတစ်လုံးစီချ၍ စိပ်ရခြင်းဖြစ်သည်။

**နဂါးရုံ** = စနေ + ရာဟု




ရင်းတိုက် = ရာဟု + စနေ

အပြင်မိတ် ကက်ကင်းဂြိုဟ်တွဲဖြစ်ပါသည်။

**အတွင်းမိတ်မှာ** အိမ်တွင်းမှာ ချစ်ခင်ခြင်း၊ ပေါင်းသင်းခြင်း၊ သာယာပျော်ရွှင်ခြင်း၊ အကျိုးပြုခြင်း ဖြစ်စေပြီး **အပြင်မိတ်မှာ** အပြင်မှာ ချစ်ခင်ခြင်း၊ ပေါင်းသင်းခြင်း၊ အဆင်ပြေခြင်း၊ သာယာပျော်ရွှင်ခြင်း၊ အကျိုးပေးခြင်း ဖြစ်စေသည်။ ကျန်းမာခြင်း၊ ဘေးဥပဒ်ကင်းခြင်း၊ စိတ်လက်ဝင်ခြင်း၊ အဆင်ပြေသာယာပျော်ရွှင် နိုင်မြဲစေခြင်း စသည်ဖြင့် အကျယ်ချဲ့စဉ်းစားနိုင်ပါသေးသည်။

နဂါးရုံဘုရား၏အောက် ဓမ္မာရုံကြီးအတွင်းမှာ စေတီတော်တစ်ဆူနှင့် ပတ္တမြားရုပ်ပွားတော်တစ်ဆူလည်း ဖူးမြင်ရပါသည်။ ပတ္တမြားရုပ်ပွားတော်မှာ တနင်္ဂနွေဖွားများအတွက် အုန်းသားပုတီးဖြင့် အပြင်မိတ် အဓိဋ္ဌာန်ဝင်နိုင်သလို၊ အင်္ဂါပွားများအတွက်ဆိုလျှင် ဆီးသားပုတီးဖြင့် အတွင်းမိတ် အဓိဋ္ဌာန်ဝင်နိုင်ပါသည်။ ၁၀၈လုံး ပုတီးနှင့် ဖြစ်စေ၊ ၉လုံး ပုတီးနှင့် ဖြစ်စေ "နမောဗုဒ္ဓါယသိဒ္ဓံ"ကိုပင် စိပ်နိုင်ပါသည်။

ပတ္တမြားကျောင်းတော်ရာ ပရိဝုဏ်မှာ ကျယ်ဝန်းသလောက် လူနေအိမ်များနှင့် သိပ်မနီးသဖြင့် အသံဗလံများ တိတ်ဆိတ်နေသည်။ ပုတီးစိပ် အဓိဋ္ဌာန်ဝင်ရန် အလွန်



ကောင်းသောနေရာပင် ဖြစ်ပါသည်။ ထူးခြားချက်မှာ ကျောင်းပရိဝုဏ်တစ်ခုလုံးလိုလို သရက်ပင်များ စိုက်ပျိုးထားပြီး အသီးများ ပြွတ်သိပ်အောင် သီးနေသည်။ ထိုသရက်သီးများကို ကျောင်းတော်ရာသို့ လာရောက်သော ဘုရားဖူး ပရိသတ်များ မည်သူမဆို ဆွတ်ခူး စားသုံးခွင့် ဆရာတော်က ပေးထားကြောင်း သိရသည်။

စာဖတ်သူများအနေဖြင့် တစ်ခါတစ်ခေါက် ဘုရားဖူးရင်း၊ ဆရာတော်ကို ဖူးရင်း အတွင်းမိတ်၊ အပြင်မိတ် အဓိဋ္ဌာန်ဝင်ရင်း ပတ္တမြားကျောင်းတော်ရာကို တစ်ခါတစ်ခေါက် သွားရောက်စေချင်ပါသည် ■

* * *

ဆရာကြီးဦးအောင်မြိုင်
(လက္ခဏာဗေဒင်ပညာသုတေသီ)


www.burmeseclassic.com

www.burmeseclassic.com

■ ဆရာမင်းသုဇ္ဈ (မန်းတက္ကသိုလ်)

# အိမ်မှ စိတ်ဆိုးပြီး ဆင်းသွားတဲ့သူကို ဂ္ဂဲသို့ပြန်ခေါ်ပေးပါ

အိမ်က စိတ်ဆိုးပြီး၊ ရက်တရက် ဆင်းသွားတဲ့သူကို ခေါ်လို့ မရဘူးဆိုရင် အောက်ပါ ယတြာလုပ်ကြည့်ပြီးမှ ခေါ်ပေးပါ။

အိမ်က ဆင်းသွားတဲ့ ပုဂ္ဂိုလ်ဟာ တနင်္ဂနွေသား/သမီး ဖြစ်ပါက ကညွတ်ရွက် (၅)ရွက်ကို ဝါခြမ်းနဲ့ ညှပ်ချည်ပြီး မီးဖိုပေါ်မှာ ၅ရက်ခန့် ဇောက်ထိုးဆွဲထားပါ။

တနင်္လာ သား/သမီးဖြစ်ပါက ဆလတ်ရွက် (၇)ရွက်ကို သံကြိုးနဲ့ချည်ပြီး မီးဖိုပေါ်မှာ ၃ရက်တင်ထားပါ။

အင်္ဂါသား/ သမီးဖြစ်ပါက လ က်ပံရွက် (၉)ရွက်ကို သွပ်နန်းကြိုးနဲ့ ၉ရက်ချည်ပြီး မြေကြီးမှာ မြှုပ်ပါ။

ဗုဒ္ဓဟူးသား/သမီးဖြစ်ပါက ပျဉ်းတော်သိမ် (၁၁)ညွန့်ကို နီးနဲ့ချည်ပြီး ပြတင်းပေါက်မှာ ၁၁ရက် ချည်ထားပါ။

ကြာသပတေးသား/သမီးဖြစ်ပါက သရက်ရွက်ကို ဘုရားစင်မှာ ကြိုးနဲ့ချည်ပြီး ၁၃ရက် ရေစိမ်ထားပါ။

သောကြာသား/သမီးဖြစ်ပါက အုန်းနဲ့ညွန့် (၈)ညွန့်ကို ကြိမ်လုံးမှာ ချည်ပြီး ၈ရက် ရေစိမ်ထားပေးပါ။

စနေသား/သမီးဖြစ်ပါက အင်ကြင်းညွန့် (၃)ညွန့်ကို ကော်နဲ့ကပ်ပြီး ၃ရက် ရေစိမ်ထားပေးပါ။

အထက်ပါအတိုင်း ဆိုင်ရာ နေ့သား/သမီးအလိုက် ဆောင်ရွက်ပေးပါက အိမ်မှ ဆင်းသွားတဲ့ ပုဂ္ဂိုလ်ဟာ သူ့အလိုအလျောက် အိမ်ကို ပြန်တက်လာချင်စိတ် ဖြစ်ပါလိမ့်မည် ■

လိုရာဆန္ဒပြည့်ပါစေ···

* * *

ဆရာမင်းသုဇ္ဈ(မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် မဂ္ဂဇင်း ဝတ္ထုရှည်တစ်ပုဒ်ကို အဆုံးသတ်ရေးပြီးပြီဖြစ်၍ စိတ်လက်ပေါ့ပါးနေပါတော့၏။ သို့ဖြစ်၍ တစ်လောက မောင်မောင်ကြီးဆိုသူ လူငယ်တစ်ဦး လာပေးသွားသော မှတ်တမ်းစာစောင် လက်ရေးမူကို ဖတ်ကြည့်နေမိပါတော့သည်။ မူလက ရိုးရိုးသာမန် ခရီးသွားမှတ်တမ်းဟု တွေးထင်ထားမိပါသော်လည်း စိတ်ဝင်စားဖွယ် အကြောင်းအရာကို ရေးသားထားခြင်းဖြစ်၍ လက်က မချတမ်း ဖတ်နေမိပါတော့သည်။

"ကျွန်တော့်အဘိုး မှတ်တမ်းပါ။ ဖြစ်နိုင်မယ်ဆိုလျှင် ဆရာ ဝတ္ထုလို ရေးပြီး တိုင်းပြည်ကို တင်ပြပေးပါ"

ထိုမှတ်တမ်းကို ပေးခဲ့စဉ်က မောင်မောင်ကြီးပြောခဲ့သော စကားဖြစ်သည်။ ကြားရစဉ်တုန်းကတော့ ဤမှတ်တမ်းကို ညွှန်းလှချေလားဟု စိတ်ထဲထင်နေမိ၏။ သူပြောဆိုပုံကို ကြည့်ပါက ဤအကြောင်းအရာအား တိုင်းပြည်ကို တင်ပြရမည်ဖြစ်သည်။ တိုင်းပြည်ကိုတောင် တင်ပြရမှာဆိုတော့ ဘယ်လို အကြောင်းအရာများဖြစ်နေလို့လဲ။

ကျွန်တော်သည် ထိုမှတ်တမ်းကို စိတ်ဝင်စားစွာနှင့် ဖတ်၍ ပြီးသွားပါတော့သည်။ သူညွှန်းသကဲ့သို့ တိုင်းပြည်သို့ တင်ပြနိုင်လောက်သည့် အကြောင်းအရာ ဟုတ်,မဟုတ်တော့ မသိပါ။ စိတ်ဝင်စားဖွယ်တော့ ကောင်းလှပါသည်ဟု ပြောရဲပါသည်။ ကျွန်တော်လည်း ကျွန်တော်တတ်ကျွမ်းသော အနုပညာဖြင့် ရေးသားလိုက်ပါသည်။

မရေးသားမီ လူတွေ အသိမှား၊ အမြင်မှား၊ အကြားမှား လူမျိုးအရပ်ဒေသကွဲပြား၍ မတူညီကြသော စကားအသုံးအနှုန်းများပင် ဖြစ်၏။ ဥပမာ - ကျွန်တော်လေ့လာဖူးသော ဗုဒ္ဓမိန့်ကြားတားမြစ်ထားသော စကားရှိပါသည်။ ထိုစကားမှာ လူတို့ မစားကောင်းသော သတ္တဝါ (၁၀)မျိုးဖြစ်သည်။ ထိုသတ္တဝါများမှာ လူ၊ မြင်း၊ ခွေး၊ မြွေ၊ ဆင်၊ ကျား စသော သတ္တဝါများအပြင် "အောင်း"ဟူသော သတ္တဝါတစ်မျိုးလည်း ပါ၏။

ယခု မောင်မောင်ကြီး၏ အဘိုးဆိုသူ ဘိုးဘိုးကြည်သန့်၏ မှတ်တမ်းတွင် ထူးဆန်းသော သတ္တဝါ ပါနေ၏။ ထိုသတ္တဝါ၏ အမည်မှာ "ငေါင်း"ဖြစ်သည်။ အောင်းဆိုသော အခေါ်အဝေါ်နှင့် ငေါင်းဆိုသော အခေါ်အဝေါ်သည် စောစောက တင်ပြထားသလို အသိမှား၊ အမှတ်မှား၊ အကြားမှားနေ၍ ကွဲပြားနေရတာလား၊ သို့မဟုတ် နေရာဒေသကွဲပြားနေ၍ အခေါ်အဝေါ် အသံထွက် လွဲမှားနေရတာလားဟု ယူဆဖွယ်ရှိသည်။

ထိုသို့ နေရာဒေသ မတူ၊ လူမျိုးချင်း မတူခြင်းက အကြောင်းရင်းရှိပါသည်။ ခေတ်ကာလကလည်း လွတ်လပ်ရေးရပြီး ကာလ၊ နေရာဒေသကလည်း ကချင်ပြည်နယ်မှာ ဆိုတော့ အောင်းဆိုသော သတ္တဝါကို ငေါင်းဟူ၍ ခေါ်ဆိုတာလည်း ဖြစ်နိုင်သည်။

ထိုသို့ စားသုံးရန် မသင့်ဟု မြတ်စွာဘုရား တားမြစ်ထားသော အောင်းသတ္တဝါသည် မည်သို့ ပုံသဏ္ဌာန်ရှိမည်ကို မသိနိုင်သကဲ့သို့၊ ငေါင်းဆိုသည့် သတ္တဝါသည်လည်း မည်သည့် ပုံသဏ္ဌာန်ရှိနေသည်ကို မသိကြဘဲ ဖြစ်နေသည်။ ထိုသတ္တဝါများကို မည်သူမှ တပ်အပ် သေချာစွာ မသိကြသလို မြင်ခြင်းလည်း မရှိကြပါ။

ထိုသို့ ဂမ္ဘီရဆန်သော ငေါင်းသတ္တဝါ(ဘိုးဘိုးကြည်သန့် အဆို)ကို ကိုယ်တွေ့ မြင်တွေ့လို၍ ဤမှတ်တမ်းရှင်သည် ကချင်ပြည်နယ် ဖန်းမော်မြို့တွင် တောအုပ်အဖြစ် အမှုထမ်းနေစဉ် စုံစမ်းထားသည်မှာ··· ။

◈◈◈

မြန်မာပြည် လွတ်လပ်ရေးရထားသည်မှာ မကြာမြင့်သော ကာလကပင်ဖြစ်သည်။ ၁၉၅၅ ခုနှစ်မတိုင်မီတွင် ကျွန်ုပ် မောင်ကြည်သန့်သည် တောအုပ်တာဝန်ထမ်းဆောင်ရန်အတွက် ဖန်းမော်ခရိုင်သို့ ရောက်ရှိလာပါသည်။ ဖန်းမော်ခရိုင်သည် ကျွန်း၊ ပျဉ်းကတိုး၊ သစ်မာနှင့် အင်ကြင်းတို့ ပေါက်ရောက်ရာ ဒေသဖြစ်ခြင်းကြောင့် နယ်မြေတစ်ခုလုံးသည် စိမ်းစိမ်းစိုစိုနှင့် ညို့ညို့မှိုင်းမှိုင်း အုပ်ဆိုးလျက်ရှိနေပါသည်။

ဖန်းမော်နယ်သည်သာမက၊ ကချင်ပြည်နယ်တစ်ခွင်လုံးသည်လည်း ထိုနည်းအတိုင်း ညို့ ညို့ မှိုင်းမှိုင်းနှင့် အုပ်ဆိုင်းနေပါသည်။ ထိုတောကို မှီ၍ ကျား ဆင်၊ မြွေ စသည်တို့လည်း ပေါများလှသည်။ ထို့ပြင် ထူးဆန်း ရှားပါးလှသော တောတိရစ္ဆာန်များလည်း ရှိပါသေးသည်။ ထို့ကြောင့်လည်း တောလိုက် မုဆိုးအများအပြား နေထိုင်ကျက်စားရာ ဒေသလည်း ဖြစ်သည်။

ထိုသို့ များပြားရခြင်းအကြောင်းမှာ စစ်အတွင်းမှ ကြွင်းကျန်ရစ်သော လက်နက်မျိုးစုံကြောင့်ဖြစ်သည်။ တချို့ကလည်း အင်္ဂလိပ်လက်ကျန် လက်နက်များဖြစ်၍၊ တချို့ကလည်း ဂျပန်လက်ကျန်ပစ္စည်းများဖြစ်သည်။ တချို့လည်း ဒေသထွက် လက်ဖြစ် တူမီးသေနတ်၊ တောပုန်းသေနတ်တို့ ဖြစ်၏။ နိုင်ငံတော်မှလည်း လိုက်လံတားဆီးပိတ်ပင်ခြင်းဟု မစွမ်းနိုင်သေး



www.burmeseclassic.com

www.burmeseclassic.com

သော ကာလဖြစ်သည်။ ထို့ကြောင့် မုဆိုးလည်း ပေါများသလို၊ တောကြောင်ခံစားပြုများလည်း ပေါများနေပါ၏။

ကျွန်ုပ်၌လည်း သစ်တောဌာနခွင့်ပြုချက်ဖြင့် ကိုင်ဆောင်ထားသော အင်္ဂလန်လုပ် ဒဘယ်ပိုးခေါ် နှစ်လုံးပြူး သေနတ်တစ်လက်ရှိပါသည်။ ကျွန်ုပ်တို့ ဗန်းမော်မြို့ပေါ်တွင် လက်ရှိဝန်ထမ်း ၅ဦးရှိသည်။ ကျန် အမှုထမ်းများကမူ နယ်ဌာနခွဲများတွင် ရှိနေကြသည်။ ထိုကျွန်ုပ်နှင့် အတူရှိနေသော ဝန်ထမ်းများတွင် "ဂျော်ခေါင်"ခေါ်သော ဂျိန်းဖော့ ကချင်အမျိုးသားတစ်ဦးလည်း ပါသေးသည်။ သူကား သေနတ်မျိုးစုံလည်း ကျွမ်းကျွမ်းကျင်ကျင် ပစ်ခတ်တတ်သည်။ တောလည်း ကျွမ်းသည်။ မုဆိုးသားလိုက်အတတ်လည်း တတ်သည်။ မကြာမကြာလည်း တောပစ်ထွက်တတ်သည်။ မကြာမကြာ တောပစ်ထွက်တတ်တာကြောင့် သူ့အား ဂျော်ခေါင်ဟု ခေါ်ကြသည်။ အဓိပ္ပာယ်မှာ မုဆိုးဟု ဂျိန်းဖောဘာသာစကားဖြင့် ခေါ်ခြင်းဖြစ်ကြောင်း နောင်တော့ သိရပါ၏။

"ဂျော်ခေါင်··· မင်းက မုဆိုးကျော်ဆို"

ကျွန်ုပ်က သွေးတိုးစမ်းသည့် အနေနှင့် သူ့ကို တီးခေါက်ကြည့်မိသည်။ သူက ပြုံးဖြီးဖြီးလုပ်ရင်း ပြန်ဖြေလိုက်သည်။ သူ့အဖြေတွင် ကျွန်ုပ်၏ အမေးကို အလေးမထားကြောင်း ပါနေပါ၏။

"ဒီလိုပဲ ပြောကြတာပဲ ဆရာရယ်"

"မင်းအဖြေက ဟုတ်လျှင်လည်း ဟုတ်တယ်ပေါ့၊ မဟုတ်လျှင်လည်း မဟုတ်ဘူးပေါ့။ ခုတော့ မင်းနှယ့်ကွာ"

"သြော်···ဒီလိုဖြစ်နေတာလား၊ ခွင့်လွှတ်ပါ ဆရာ။ ခုတစ်လော ကျွန်တော့်အဖေ ထိပ်ကပ်နာကြောင့် လူနဲ့ စိတ် မကပ်ဖြစ်နေတာပါ ဆရာ"

ကျွန်ုပ်သည် သူ့အဖေ ခံစားနေရသော ဝေဒနာကို ကိုယ်ချင်းစာမိပါသည်။ ဝေဒနာကို ခံစားဖူးသူမှသာ သိရမည်ဖြစ်၏။ ညဘက် ပက်လက်လှန် အိပ်စက်သည့်အခါမှ ပိုသိရပါသည်။ ပက်လက်လှန် အိပ်စက်သောအခါ အသက်ရှူရတာ အကျပ်ဆုံးဖြစ်သည်။ နှာခေါင်းထဲတွင် တစ်စုံတစ်ခုပိတ်ဆို့ထားသလို ကျပ်နေပါ၏။ ကတိုးနှာဆေးရှူလို့လည်း မရ၊ ဘေးတစောင်းအိပ်၍လည်း မရ၊ ငုတ်တုတ်ထိုင်နေမှ နေသာသလိုရှိ၏။ သည်လို တစ်ညလုံး ငုတ်တုတ်ထိုင်နေရန်လည်း တာရှည် မလွယ်ပါ။

"တတ်ကျွမ်း နားလည်တဲ့သူရော မရှိကြဘူးလား"

"နားလည်တဲ့သူက ပြောတော့ ငေါင်းရိုးရှာခဲ့ပါတဲ့"

"ငေါင်းရိုး···ဟုတ်လား၊ ဘယ်လို ငေါင်းရိုးလဲ"

အမှန်အတိုင်းဆိုရလျှင် ငေါင်းရိုးဆိုတာ ကျွန်ုပ် တစ်ခါဖူးမျှ မကြားဘူးပါ။ အသစ်အဆန်းဖြစ်နေပါ၏။ ငေါင်းရိုးဆိုတာ သစ်ဥ သစ်မြစ်လား၊ သတ္တဝါတွေ၏ ကြွင်းကျန်သော အရိုးစုလား၊ ဘာမျှမသိပါ။ ထို့ကြောင့် အံ့အားသင့်ကာ ပြန်မေးလိုက်ခြင်းဖြစ်သည်။

"ငေါင်းဆိုတာ သတ္တဝါပါ ဆရာ။ တောထဲမှာ နေတယ်"

"ဘယ်လိုပုံသဏ္ဍာန်လဲကွ"

"ဆရာ့အမေးကို ဖြေရမှာ ခက်ပါတယ် ဆရာ။ ဥပမာ - နဂါးကြီးတို့၊ ရေသူမတို့၊ ရေဆင်တို့ကို ဆရာ ကြားဖူးမှာပါ။ ဒါပေမယ့် သူတို့ကို ဆရာ တစ်ခါဖူးမှ မမြင်ဖူးဘူး မဟုတ်လား၊ အဲသလိုပေါ့ ဆရာရယ်"

ဤသို့ဆိုလျှင် ငေါင်းဆိုသော သတ္တဝါသည် တောထဲမှာ နေသည်၊ ယနေ့ကာလမှာတော့ တွေ့ဖူး မြင်ဖူးကြသူ မရှိတော့ဟု ဆိုကြ၏။ ယခင်ကာလတုန်းကတော့ တွေ့ဖူး မြင်ဖူးသူရှိခဲ့၏။ သူတို့ကတစ်ဆင့် ပြောကြားတာကိုသာ ကြားဖူးသည်။ ကြားဖူးတာကို စိတ်ကူးနှင့် ပုံဖော်တာပဲ ရှိသည်။ နဂါးကြီးတို့၊ ရေသူမတို့၊ ရေဆင်တို့ကို ပုံဖော်သလို ရှိမည်ဟု ကျွန်ုပ် ယူဆပါသည်။

"တောထဲမှာ နေတယ်ဆိုတော့ မင်းလည်း မုဆိုးပဲ၊ လိုက်ရှာပါလား"

"ဟုတ်ပေသားပဲ"

သူ့အား အကြံပေးလိုက်သည်။ သူကလည်း လက်ခံသည်။ သူ လက်ခံခြင်းကြောင့် ကျွန်ုပ် ဝမ်းသာသွားမိပါသည်။ သူ တောပစ်ထွက်ရာတွင် ကျွန်ုပ်လည်း ပါချင်၍ဖြစ်သည်။ သူကဲ့သို့သော တောကျွမ်းသူ၊ သေနတ်ပစ်ကျွမ်းကျင်သူ မုဆိုးကျော်နှင့် အမဲလိုက်ရ၍ ကျွန်ုပ်အဖို့ အဖိုးတန်သော အတွေ့အကြုံများနှင့်တကွ မတွေ့မမြင်သေးသော ငေါင်းသတ္တဝါကို တွေ့ရမည်ဖြစ်သည်။ ကိုယ်တိုင်လည်း ဖမ်းယူချင်ဖြစ်သည်။

◈◈◈

သို့နှင့် ကျွန်ုပ်တို့သည် ငေါင်းသတ္တဝါတို့၏ ရုပ်ကြွင်းဖြစ်သော အရိုးစုများကို တွေ့ရှိရသည်ဆိုသော ဒိန်ဂါယန်ရွာကလေးဆီသို့ ခရီးထွက်လာကြသည်။ ထို ဒိန်ဂါယန်ရွာကလေးသည် မြစ်ကြီးနား-ဗန်းမော်သွား လမ်းမပေါ်တွင် ရှိပါသည်။ ထိုကားလမ်းမကြီး၏ အတွင်းဘက် ရှစ်မိုင်လောက်တွင် ရှိသော ရွာကလေးဖြစ်သည်။ အိမ်ခြေစုအားဖြင့် ၁၀အိမ်လောက်သာ ရှိသည်။


www.burmeseclassic.com

www.burmeseclassic.com

ထိုရွာကလေးတွင် "ဝဂျစ်ခန်" ဆိုသော မုဆိုးရှိသည်။ သူသည် ဂျော်ခေါင်၏ သူငယ်ချင်းဖြစ်သည်။ သူလည်း ထိုငေါင်းသတ္တဝါကို ရှာဖွေနေသည်မှာ ကြာပြီဖြစ်သည်။ ကိုယ်တိုင်တော့ မမြင်ဘူးသေးပါ။ သို့သော် ငေါင်းသတ္တဝါ၏ သဲလွန်စကိုတော့ တွေ့ဖူးသည်ဟု ဆိုထား၏။ ထို့ကြောင့် ဝဂျစ်ခန်နှင့် တွေ့မှ အသေအချာသိရမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် ခြေလျင်ခရီးဖြင့် ခပ်ပြင်းပြင်းလာလိုက်ရာ ညနေစောင်းတော့ ထိုရွာသို့ ရောက်သည်။ သို့သော် ဝဂျစ်ခန်ကိုမူ မတွေ့ရပါ။ သူ့မိန်းမကို မေးကြည့်တော့ မိုးချုပ်မှ ပြန်လာမည်၊ တောလိုက်သွားသည်ဟု ဖြေပါသည်။ သူ့မိန်းမပြောသည့်အတိုင်းပင် မီးခွက်မထွန်းမီ ပြန်ရောက်လာသည်။ တောဝက်တစ်ကောင်ကို ခြေလက် ကြိုးတုပ်ပြီး အဖော်နှင့်အတူ ထမ်းလာကြသည်။

သူတို့သူငယ်ချင်းနှစ်ဦး တွေ့ဆုံသည်တွင် ဝမ်းသာအားရ နှုတ်ဆက်ကြသည်။ ဝက်ကိုလည်း ဖျက်ကြသည်၊ မနက်ဖြန် ဒေါ်ဖုန်ယန်ဈေးနေ့တွင် သွားရောင်းကြမည်ဖြစ်၏။ ထို့ကြောင့် ရောင်းချရန် ဖယ်တန် ဖယ်ပြီး၊ ကျန်တာကို ချက်ပြုတ်ရာ ကျွန်ုပ်တို့လည်း မြိန်မြိန်ယှက်ယှက် စားသောက်ကြလေတော့သည်။ စားသောက်ပြီးကာမှ အိမ်ရှေ့လသာသာအောက်တွင် ကျွန်ုပ်တို့လာရခြင်းအကြောင်းကို ပြောရပါတော့၏။

"အင်း...ဒေါင်းရိုး၊ ငေါင်းရိုးကတော့ ထိပ်ကပ်နာတို့၊ တိမ်သလ္လာတို့အတွက် ဆေးဖော်ရာမှာ သိပ်အသုံးဝင်တာပေါ့ကွာ။ ငါ့ကိုလည်း ဗိန္ဒောဆရာတစ်ယောက်က မှာထားတာမို့ လိုက်ရှာနေတာ ကြာပါပကော။ ဒေါင်းရိုးကိုတော့ ရပြီးပြီ၊ ငေါင်းရိုးပဲ ကျန်တော့တယ်"

ဝဂျစ်ခန်က သူ၏ ဝါးဆေးတံကို တစ်ဖွာ နှစ်ဖွာ ရှိုက်ရှူရင်း ပြောလိုက်သည်။ ခုမှ ကျွန်ုပ် သိရသည်မှာ ငေါင်းရိုးသည် ထိပ်ကပ်နာဆေး ဖော်ရုံတင်မက၊ တိမ်သလ္လာဆေးဖော်စပ်ရာတွင်လည်း အသုံးဝင်နေခြင်းပင်ဖြစ်သည်။ ထို့အပြင် ငေါင်းရိုးသာမက၊ ဒေါင်းရိုးပါ ပါသေးကြောင်း သိရသည်။ ထိုညက ခရီးပန်းလာမှုကြောင့် ခပ်စောစောအိပ်လိုက်ကြသည်။

◈◈◈

နံနက် အရုဏ်တက်ချိန်မှာတော့ ကျွန်ုပ်တို့ သုံးဦးသား တောကောင်အကြောင်း၊ သားကောင်အကြောင်း ပြောကြရင်း နေပူဆာလှုံနေကြသည်။ ထိုစဉ်မှာပင် မိန်းမကြီးတစ်ယောက်သည် ကျွန်ုပ်တို့ရှိရာသို့ သုတ်ပျာ သုတ်ပျာနှင့် ဝင်ရောက်လာပါတော့သည်။ သူ့ကို ကြည့်ရသည်မှာ အရေးတကြီးနိုင်လှသည်ဟု မြင်မိပါသည်။ ဒါကို မြင်သိသော ဝဂျစ်ခန်က...

"ဘာဖြစ်တာလဲ ဒေါ်လုပေါင်ရယ်"

ဒေါ်လုပေါင်က ဝဂျစ်ခန်အမေးကို ချက်ချင်း မဖြေအားသေးဘဲ ခွေးလှေမှု အမောဖြေနေပါ၏။ ဝဂျစ်ခန်၏ ပြောစကားအရ နာချယ်ယန်ရွာမှ တောင်သူတစ်ဦးဖြစ်ကြောင်း သိရ၏။ ထို နာချယ်ယန်ကလည်း ဝဂျစ်ခန်တို့ နေထိုင်ရာရွာနှင့် နှစ်မိုင်လောက် ဝေးပါသည်။ ကြည့်ရသည်မှာ ဒေါ်လုပေါင်သည် ထိုခရီးကို မနားတမ်း ခရီးနှင်လာပုံရသည်။

"ငါ့ကိုက်ခင်းတွေ ပျက်စီးကုန်ပြီ။ အဲဒါ ဒီကောင်တွေကို နှင်လာသတ်စမ်းပါ၊ သတ်ကို သတ်စမ်းပါ"

မောပန်းလာသည့်ကြားမှ ဒေါ်နှင့် မောနှင့် ပြောလာသည့်အတွက် စကားလုံးတွေက ရောထွေးနေတော့သည်။ သို့သော် သူ့မျက်နှာထား၊ စကားအသွားအလာကို ကြည့်ခြင်းအားဖြင့် သူ ဘာကို ဆိုလိုနေသည်ကို သိနိုင်ပါသည်။ ဝဂျစ်ခန်က အေးဆေး တည်ငြိမ်စွာဖြင့်...

"သတ်တာတော့ဟုတ်ပါပြီ ဘာကို သတ်ရမှာလဲ"

"အခင်းဖျက်တဲ့ အကောင်ကိုပေါ့"

"အေးလေ၊ အဲဒီအကောင်က ဘာကောင်လဲ။ ဝက်ဝံလား၊ တောဝက်လား၊ ပြောင်တွေလား၊ ဘာတွေလဲ။ ဘယ်အချိန် လာဖျက်တာလဲ"

"ဟာ...ဒါတွေကို ငါ မသိဘူး၊ လိုက်ကြည့်မှ သိလိမ့်မယ်"

ဒေါ်လုပေါင်က သူ့စကားကို လိပ်ပတ်လည်အောင် မဖြေရှင်းနိုင်သည့်အဆုံး လိုက်ကြည့်ရန် ဖိတ်ခေါ်လိုက်သည်။ သူ့စကားကြောင့် ဂျော်ခေါင်က ကျွန်ုပ်ကို ကြည့်လိုက်သည်။ သူ့အကြည့်ကို ကျွန်ုပ်ကလည်း နားလည် သဘောပေါက်သည်။ သို့သော် အဓိက ဖိတ်ခေါ်ခံရသူမှာ ဝဂျစ်ခန်ဖြစ်နေခြင်းကြောင့် သူ့ဆီက ထွက်ပေါ်လာမည့်စကားကို စောင့်ဆိုင်းနေမိပါသည်။ ခဏကြာတော့ ဝဂျစ်ခန်ထံမှ တုံ့ပြန်စကားသံကို ကြားလိုက်ရပါတော့သည်။ ကျွန်ုပ်တို့လည်း ဝမ်းသာသွားပါတော့သည်။

"လိုက်ကြည့်သပဆိုလည်း လိုက်တာပေါ့လေ"

သို့နှင့် ကျွန်ုပ်တို့သည် နှစ်မိုင်ရှည်သော ခရီးကို လျှောက်ရပြန်တော့သည်။ ရာသီဥတုက အေးမြမြရှိနေသောက တစ်ကြောင်း၊ လေးယောက်သား



www.burmeseclassic.com

www.burmeseclassic.com

စကားတွေ လှိုင်ခဲ့တာက တစ်ကြောင်း ကြောင့် မမောမပန်းရပါဘဲ ဒေါ်လုပေါင်တို့ရွာသို့ ရောက်ခဲ့ပါတော့သည်။ ရောက်သည်ဆိုလျှင်ပဲ ဒေါ်လုပေါင်သည် သူ့စိုက်ခင်းဆီသို့ ကျွန်ုပ်တို့အား ဦးဆောင်ကာ ခေါ်သွားပါတော့သည်။

ဒေါ်လုပေါင်၏ စိုက်ခင်းအကျယ်ကား ၅ကေလောက် ရှိမည်။ ဖရဲနှင့် ပြောင်းဖူးတို့ကို စိုက်ထားသည်။ အသီးအနှံတွေလည်း အောင်မြင်နေကြသည်။ အသီးအနှံများကို ဆွတ်ခူး ရိတ်သိမ်းချိန် ကျရောက်နေပါပြီ။ ထိုအခါကျမှ အသီးအနှံများ ဖျက်ဆီးခြင်း ခံနေရသည်။ နှမြောတော့ နှမြောစရာပင်ဖြစ်သည်။

"ဝဂျစ်ခန်··ဖျက်သွားတဲ့ အခင်းတွေကို မြင်တယ်မို့လား"

ဝဂျစ်ခန်သည် မြေစာကျင်းအဖြစ်သို့ ရောက်နေပြီဖြစ်သော ဖရဲခင်းများ၊ ထောင်းထောင်းကြေ ကျိုးပျက်နေသော ပြောင်းခင်းများ၊ မွစာထနေသော မြေနေရာများ၊ ထိုမြေပေါ်တွင် ကျန်ရစ်နေသော ခြေရာများကို တွေ့ရသည်။ ခြေရာများကို အသေအချာကြည့်ပြီး အံ့အားသင့်စွာဖြင့် ဝဂျစ်ခန် ရေရွတ်လိုက်သည်။

"ဟား··ကေဗ္ဗ ဒါ ငေါင်းသတ္တဝါပဲ ဖြစ်လိမ့်မယ်"

ကျွန်ုပ်သည် ဝဂျစ်ခန် စကားကြောင့် အံ့အားသင့်သွားရသလို၊ ဝမ်းသာခြင်းလည်း ဖြစ်မိပါသည်။ အံ့အားသင့်သွားရတာကတော့ ခက်ခက်ခဲခဲနှင့် တွေ့ရမည်ဟု မျှော်လင့်ထားသော သတ္တဝါကို အခက်အခဲမရှိ တွေ့ရမည်ဖြစ်သောကြောင့် ဖြစ်သည်။ ဝမ်းသာသွားရတာကတော့ ကျွန်ုပ်တို့ အတောင့်တဆုံး၊ အမြင်ချင်ဆုံး သတ္တဝါကို မျက်ဝါးထင်ထင် တွေ့မြင်ရတော့မည်ဟူသောကြောင့် ဖြစ်သည်။ သို့နှင့် ကျွန်ုပ်လည်း ခြေရာတွေကို ကြည့်လိုက်တော့ အံ့အားသင့်သွားပါတော့၏။

"ဟင်···ခြေရာတွေက တစ်မျိုးပါလား"

ကျွန်ုပ် ဝေခွဲခြင်းငှာ မစွမ်းနိုင်သော ခြေရာများ ဖြစ်နေခြင်းကြောင့် ဝဂျစ်ခန်အား မှတ်ချက်တစ်ခုခုပေးရန် စကားဟလိုက်ပါတော့သည်။ ဝဂျစ်ခန်ကလည်း ခြေရာများကို စူးစူးစိုက်စိုက် ကြည့်ရင်း···

"ကျွန်တော်ကြားဖူး၊ သိထားဖူးသော စကားအတိုင်းဆိုလျှင်တော့ ငေါင်းသတ္တဝါဆိုတာ သေချာတယ်။ ခြေရာကို ကြည့်ပါလား၊ တခြားသတ္တဝါတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတယ်။ ဒီခြေဖဝါးဟာ နောက်ပြန်သွားနေတာ မဟုတ်ဘူး။ ရှေ့ကို သွားနေတာ။ ဘာလို့လဲဆိုတော့ ခြေဖဝါးဟာ နောက်ကို လှည့်ပြီး ခြေမနောင့်ဟာ ရှေ့ကို လှည့်နေလို့ပါပဲ။ ဒါကြောင့်လည်း လူတွေက နာနာဘာဝကောင်၊ ကျွတ်ကောင်လို့ ထင်နေရတာပဲ"

ဗဟုသုတအသစ်တွေ ကျွန်ုပ်ရလိုက်ပါတော့သည်။ ထူးဆန်းစွာ တည်ဆောက်ထားသော သူတို့ခန္ဓာကိုယ်သည် လူခန္ဓာကိုယ်နှင့် ဆန့်ကျင်စွာ ရှိနေပါတော့သည်။ ထူးခြားတာက သူတို့၏ ခါးရိုးသည် တစ်ဖြောင့်တည်း ရှိ၏။ ခါးဆစ်နှင့် ကျောရိုးဟူ၍ မရှိ။ ထို့ပြင် ပေါင်တံရှိသည်လည်း ခြေကျင်း (ခြေမျက်စိ)ထိ တစ်ဖြောင့်တည်း ရှိ၏။ ဒူးဆစ်ဟူ၍ မရှိပါ။ ပို၍အံ့ဩ ထူးဆန်းတာက ခြေတစ်ချောင်းသာ ရှိသော သတ္တဝါဖြစ်သည်။

ခြေတစ်ချောင်းသာ ရှိသော်လည်း သွားလာလှုပ်ရှားမှုမှာ လျင်မြန်လွန်းလှသည်။ လှစ်ခနဲ လှစ်ခနဲ ပျောက်ကွယ်သွားလေ့ရှိသည်။ ထို့ကြောင့် မြင်ဖူး၊ တွေ့ဖူးကြသူများက နာနာဘာဝလား၊ ကျွတ်ကောင်လေလားဟု ထင်ကြသည်။ ဂန္ဒူဂန်နန်း လူမျိုးများကမူ သူတို့ကို "ဖောက်ကွန်း-ခြေတစ်ချောင်းကောင်"ဟု ခေါ်ကြသည်။

သူတို့သည် သစ်ပင်တစ်ပင်၊ သစ်ကိုင်းတစ်ကိုင်းကို မှီလှဲပြီး သွားလေ့ရှိသည်။ သူတို့တွင် အတောင်မဟုတ်သော လက်နှစ်ဖက်ပါရှိသည်။ ညဘက်တွင် အိပ်လေ့ရှိသည်ဟု ဆိုကြ၏။ အိပ်လျှင်လည်း မတ်တတ်ကြီး ရပ်လျက် သစ်ပင်ကို မှီပြီး အိပ်တတ်သည်။ သူတို့သည် သစ်သီး သစ်ဖုတွေကိုသာ စားသုံးသည်။ သားစားသတ္တဝါတော့ မဟုတ်ပါ။

ဟိုးယခင်ကတော့ မြစ်ကြီးနားခရိုင်၊ ကောက်ကွေ့ချောင်းဖျားသို့ ရောက်သွားသော ဆင်ခေါင်းဦးချင်း ရစ်ဆင်ဆိုသူသည် ထိုငေါင်းသတ္တဝါကို ကိုယ်တိုင်တွေ့ဖူးသည်ဟု ဆိုပါသည်။ ထိုငေါင်းသတ္တဝါသည် နောက်စေ့တွင် အချွန်အတက်များ ပါရှိသည်။ အောက်ချင်း နှုတ်သီးကဲ့သို့ အမာကြီးဖြစ်နေသည်။ ထိုအချွန်အတက်ကြီးများဖြင့် လူတစ်ရပ်ခန့် မြင့်သော ကသစ်ပင်၊ အိုင်ပင်များကို ပေါက်ချိတ်ကာ အကြာကြီးရပ်နေလေ့ရှိသည်။ ထိုသို့ ခြေတစ်ချောင်းဖြင့် ပြေးလွှားနေသော ငေါင်းတစ်ကောင်းကို မြင်ဖူးသည်ဟု ဆို၏။

ဟုမ္မလင်းနယ်စပ်ဖြစ်သော နန့်တောရွာ၊ ဆင်လမောင်းရွာ၊ ကိုးထောင်ရွာအနီး တောကြီးအတွင်းမှာ ငေါင်းခြေရာတွေ တွေ့၍ မုဆိုးများ ရှာဖူးကြသည်။ ဗန်းမောက်နယ် တောင်ချုပ်ကြားတွင် ငေါင်းသေအရိုးများကိုလည်း တွေ့ဖူးသေးသည်။ အရိုးမှာ အလျားလိုက် ၁၀ တောင်ခန့်ရှိကြောင်း သိရ၏။ မျက်နှာမှာမူ ခပ်ကောက်ကောက်ဖြ

www.burmeseclassic.com

ပြီး မိန်းမမျက်နှာနှင့် တူပါသည်။ ဆံတိုနှင့် အသံပြုလျှင် ငှက်သံပေါက်နေသည်။ ဤကား ဝဂျစ်ခန် ကြားသိထားသမျှ ငေါ်းသတ္တ၀ါ၏ အကြောင်းခြင်းရာများပင် ဖြစ်၏။

"ကဲ - ဂျော်ခေါင်ရေ ကနေ့ပဲ ငါတို့ ဖမ်းရအောင်၊ ကြိုးစားကြပါစို့"

မုဆိုးကြီး ဝဂျစ်ခန်က ဂျော်ခေါင်ကို တပ်လှန့်သည့်အနေနှင့် ပြောလိုက်သည်။ ဤစကားကို ကြားရတော့ ဒေါ်လုပေါင်၏ မျက်နှာသည် ဝင်းကြည်သွားပါတော့သည်။ သူ့ကို ဒုက္ခပေးသည့် သတ္တ၀ါ ဒုက္ခတောတိုးရတော့မည်ဟု တွေးထင်လိုက်၏။ ကျွန်ုပ်သည်လည်း သေွးကြွကာ နှစ်လုံးပြူး သေနတ်အား ကျစ်ကျစ်ပါအောင် ဆုပ်ထားမိ၏။

"ဆရာက သေနတ်နဲ့ ပစ်မှာပေါ့ ဟုတ်လား။ သေသွားမှာပေါ့ ဆရာရယ်၊ ဒီသတ္တ၀ါက ရှားပါးသတ္တ၀ါမို့ မပစ်ပါနဲ့"

မုဆိုးကြီး ဝဂျစ်ခန်သည် သေနတ်အားကိုးနှင့် မြောက်ကြွမြောက်ကြွဖြစ်နေသော ကျွန်ုပ်အား တားမြစ်လိုက်သည်။ သူပြောတာ မှန်နေတာမို့ ကျွန်ုပ် အနည်းငယ် ရှက်မိပါသည်။ ထို့ကြောင့်လည်း ရှက်ကိုးရှက်ကန်းနှင့် ဆင်ခြေပေးမိတော့သည်။

"သေနတ်က လွဲပြီး ဖမ်းစရာ ကိရိယာမှ မပါတာဘဲ"

"ဆရာကလည်း ငေါ်းသတ္တ၀ါကို ဖမ်းတာ ထောင်ချောက်ဆင်တာတို့၊ ပိုက်ကွန်တို့၊ ကျင်းကတုတ်တို့ လိုတာမှ မဟုတ်ဘဲ။ ကျွန်တော် ဖမ်းနည်းကို ပြမယ်၊ ဒီမှာကြည့်"

ဝဂျစ်ခန်သည် စိုက်ခင်းထဲသို့ ငေါ်းသတ္တ၀ါ ဝင်နိုင်မည့် လမ်းဟူသမျှတွင် ငှက်ပျောရွက်တွေ ဖြန့်ခင်းထားလိုက်သည်။ အနီးအနားတွင် ငှက်ပျောတောများ ရှိနေခြင်းကြောင့် အဆင်ပြေသွားပါတော့သည်။ ခင်းထားသော ငှက်ပျောဖက်ပေါ်သို့ ငေါ်းသတ္တ၀ါ တက်နင်းမိလျှင် ခြေချော်၍ လဲကျသွားနိုင်သည်။ ငေါ်းသတ္တ၀ါ၏ လဲအကျကို မုဆိုးတွေက ဖမ်းရန် အဆင်သင့် အနေအထားမှာ ရှိနေရမည်ဖြစ်သည်။

ဝဂျစ်ခန်က ငှက်ပျောဖက်ကို ခင်းလည်း ခင်း၊ လုပ်နည်းကိုင်နည်းကိုလည်း လက်တွေ့ သရုပ်ပြနေပါတော့သည်။ တစ်ကျောင်း တစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်းဆိုသလို သားကောင်အမျိုးအစားအလိုက် မုဆိုးများ နည်းအမျိုးမျိုးနှင့် ဖမ်းနေကြ၏။ နေရာတကာမှာ လက်နက်ချည်း အားမကိုးကြဘဲ ဉာဏ်ရှိသလို ဖမ်းနေကြ၏။ ထိုသို့ တွေးတောနေစဉ် အရှေ့ဘက် တောတန်းဆီမှ တောကြက်တစ်အုပ် ကြောက်လန့်သံနှင့် အော်ဟစ်ကာ ပျံတက်သွားသည်။ ကြောက်အားချက်နှင့် အတူ နားရွက်ထောင်၊ အမြီးကလေးထောင်ပြီး ချုံအတွင်းမှ ယုန်ငယ်လေးလည်း ပြေးထွက်လာသည်။ မျောက်လေမွေ့ သားအမိကလည်း ထင်းရှူးပင်ထိပ်ဖျားဆီသို့ ပြေးတက်သွားသည်။ တောခြေတစ်လျှောက်သည် လေပြင်းတိုက်ခတ်သွားသလို လှုပ်ခါသွားတော့၏။ ထိုအဖြစ်အပျက်များကို မျက်ဝါးထင်ထင် တွေ့ရပါသော်လည်း ဘာကြောင့်ဖြစ်ရသည်ကိုတော့ မသိရပါ။ ထို့ကြောင့် ကျွန်ုပ်က "တောခြောက်ကာများလား" ဟု ရေရွတ်လိုက်မိသည်။

သည်လိုပါပဲ။ အကြောင်းအရာတစ်ခုခုကို ရေရေရာရာ မသိခင်မှာတော့ ထိုသို့ မှတ်ချက်ချမိမည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် ဝဂျစ်ခန်က တစ်စုံတစ်ရာသော အကြောင်းရှိရမည်ဟုဆိုကာ ထိုတောတန်းဆီသို့ သွားကြည့်ပါတော့၏။ ရောက်တော့ လတ်လတ်ဆတ်ဆတ်ဖြစ်နေသေးသော ခြေရာကို တွေ့ရသည်။ ခြေရာကို ကြည့်ပြီး မျက်စိလည်သွားနိုင်ပါ၏။ အရှေ့သို့ ပြေးသွားသည့် ခြေရာများ ဖြစ်နေပေမယ့် အနောက်ဘက်သို့ မျက်နှာမူနေကြောင်း တွေ့ရသည်။ အဘယ့်ကြောင့်ဆိုသော် သတ္တ၀ါ၏ ခြေဖဝါးသည် ရှေ့နောက် ပြောင်းပြန်ဖြစ်နေသောကြောင့် ဖြစ်သည်။

"ဒေါ်လုပေါင် စိုက်ခင်းထဲ လာတဲ့ အကောင်က ငေါ်းဖြစ်မှာပါပဲ။ ကျွန်တော်တို့ကို တွေ့ပြီး လန့်ပြေးတာ ဖြစ်မှာပါ"

သို့နှင့် ကျွန်ုပ်တို့သည် ဒေါ်လုပေါင် စိုက်ခင်းထဲမှာပင် ထိုငေါ်းသတ္တ၀ါကို စောင့်ဖမ်းနေကြသည်။ ကျွန်ုပ်ကလည်း ငေါ်းသတ္တ၀ါနှင့် သိုးကာသီကာလေး လွဲသွား၍ ရင်ထဲဘန်နုနုဖြစ်နေပါတော့၏။ အကယ်၍ တပ်အပ်သေချာစွာ တွေ့မြင်ရခြင်း၊ လက်ပူးလက်ကြပ်ဖမ်းမိခြင်း ရှိခဲ့ပါမူ ငေါ်းဆိုသည့် သတ္တ၀ါသည် ရှားပါးသော တိရစ္ဆာန်တစ်ကောင်သာ ဖြစ်ပြီး၊ တောနေ နာနာဘာ၀ ကျတ်ကောင် မဟုတ်ကြောင်း သက်သေပြနိုင်မည် ဖြစ်၏။ ထိုသို့ စောင့်ဖမ်းလိုသော်လည်း ငေါ်းသတ္တ၀ါသည် အကြောက်လွန်သွား၍လား၊ ဤဒေသသည် သူ့အတွက် ဘေးအန္တရာယ်များသည်ဟု ယူဆထား၍လား မသိ၊ တောပြောင်းသွားပါတော့၏။

ကျွန်ုပ်တို့သည် ဒေါ်လုပေါင် စိုက်ခင်းတွင် ရက်သတ္တပတ် တစ်ပတ်မျှ စောင့်နေပါသော်လည်း ပေါ်မလာသည့်အဆုံး ဗန်းမော်သို့ ပြန်လာခဲ့သည်။ ကနေ့ထက်တိုင် ထိုနေရာ၊ ထိုဒေသသို့ မရောက်ဖြစ်သေးပါ။



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းမှာ ကျွန်ုပ်တို့ ပြန်ရောက်လာပြီး သုံးလလောက်ကြာတော့ မုဆိုးကြီး ဝဂျစ်ခန်၏ အကြောင်းကို စိတ်မကောင်းစရာအဖြစ် ကြားလိုက်ရသည်။

မုဆိုးကြီး ဝဂျစ်ခန်၏ အကြောင်းကို ကြားလိုက်ရပြီး စိတ်မာတတ်ကျကာ ဤမှတ်တမ်းကို ဆက်ပြီး မရေးတော့ရန် စိတ်ကူးပေါက်ခဲ့ပေမယ့် ကျွန်ုပ်မောင်ကြည်သန့်၏ သမီးမှ မွေးလာသော မြေးကလေး မောင်မောင်ကြီးကို အမှတ်ရလာ၍ ဆက်ရေးမိပါသည်။ သို့မှလည်း ငါတို့အဘိုးဟာ ထူးဆန်းရှားပါးသည့် သတ္တဝါကို မတွေ့မမြင်လိုက်ရပေမယ့် ငါတို့ကတော့ အဘိုးထက်သာအောင် တွေ့အောင် ရှာပြမည်ဟူသော စိတ်ထား မွေးမြူရန်ဖြစ်သည်။ ဝဂျစ်ခန်၏အကြောင်းမှာ ဤသို့ဖြစ်၏။

◈◈◈

ကဝါးပွန်ရွာတွင် ငေါင်းသတ္တဝါတစ်ကောင် ဖမ်းဆီးထားသည့်သတင်းကို ဝဂျစ်ခန် ကြားသိရသည်။ ထိုရွာသည် ဝိုင်းမော်မြို့နှင့် ၁၃မိုင်ဝေးသည်။ ထိုနေရာမှ ၃မိုင်ခန့် ဝေးကွာသော တောထဲမှ ဖမ်းမိခြင်းဖြစ်သည်။ မာခမ်းဆိုသောသူသည် အိမ်ဆောက်ရန် သစ်ရှာဖို့အတွက် ထိုတောထဲသို့ ရောက်ရှိခဲ့သည်။ သစ်ပင်ကို သပ်ရိုက်ပြီး အိမ်ပြန်လာခဲ့သည်။

နောက်တစ်နေ့ ထိုတောထဲသို့ ပြန်သွားရာ သပ်ကို ဆွဲနုတ်ပြီး ထိုအက်ကြောင်းထဲတွင် လက်ညပ်နေသော ငေါင်းတစ်ကောင်ကို တွေ့ရသည်။ နုတ်၍ မရခြင်းကြောင့် အော်ဟစ်နေပါသည်။ ထို့ကြောင့် မာခမ်းသည် အဖော်နှစ်ယောက်ကို ပြန်ခေါ်ပြီး ကြိုးတုပ်ကာ ရွာသို့ ဖမ်းခေါ်လာသည့် သတင်းပင် ဖြစ်သည်။

ထို့ကြောင့် ဝဂျစ်ခန်သည် မာခမ်း နေထိုင်ရာ ကဝါးပွန်ရွာသို့ လိုက်လာခဲ့သည်။ ဝဂျစ်ခန်သည် အလာကောင်းပေမယ့် အခါနှောင်းသွားပြီဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မာခမ်းတို့ ရွာသားများသည် မြစ်ကြီးနား သစ်တောရုံးသို့ ပို့ရန် စီစဉ်ထားစဉ်၊ နောက်တစ်နေ့တွင်ပင် ထိုငေါင်းသတ္တဝါ သေဆုံးသွားသည်။ ခုဆိုလျှင် တစ်လကျော်နှစ်လနီးပါးရှိပြီဖြစ်သည်။

သို့နှင့် ဝဂျစ်ခန်သည် စိတ်ထဲက ကသိကအောက်နှင့် တေ့လွဲ လွဲနေသည့် ငေါင်းသတ္တဝါအကြောင်း စဉ်းစားနေမိ၏။ သူ နောက်ဆုံးပိတ်အနေနှင့် ငေါင်းသတ္တဝါပုံစံလေးကို ကြည့်ဖြစ်အောင် ကြည့်မည်။ အကယ်၍ ထိုငေါင်းသတ္တဝါ ရုပ်ပျက်ဆင်းပျက်သည့် အနေအထားသို့ ရောက်နေသည့်တိုင် အရိုးကို ယူမည့် ဗိန္ဓောဆရာလည်း ရှိနေတာကိုး။

ဝဂျစ်ခန်သည် မာခမ်း ပြောလာသည့် ငေါင်းသတ္တဝါ မြှုပ်နှံထားသည့် ကျွဲတည်းပင်အောက်သို့ ရောက်လာသည်။ ပါလာသော ပစ္စည်းများကို တည်းပင်အောက်မှာ စုပုံထားပြီး ပေါက်တူး၊ ငန်းပြားတို့နှင့် ငေါင်းသတ္တဝါ မြေပုံကို ဖော်နေတော့သည်။ လေကလည်း တသုန်သုန်တိုက်ခတ်နေသည်။ ဝန်းကျင်ကလည်း တိတ်ဆိတ်နေသည်။ တကယ်လည်း ချောက်ချားစဖွယ်ဖြစ်၏။

ဝဂျစ်ခန်၏ ဦးခေါင်းသည် မတ်လိုက်၊ ခါးကုန်းလိုက်နှင့် မောရမှန်းမသိ။ ဝဂျစ်ခန် တူးဖော်နေသည့် မြေပုံသည် တဖြည်းဖြည်းနက်လာပြီ ဖြစ်သည်။ တစ်ခါတစ်ခါ ပုပ်အဲ့အဲ့ အနံ့တွေကိုပင် ရှူရှိုက်မိသည်။ ဤအခါ သူ ဝမ်းသာမိပါတော့သည်။ ငေါင်းသတ္တဝါထံမှ ရရှိသော အနံ့ပင် ဖြစ်၏။ ထို့ကြောင့် အားအင်ပြည့်ဝလာပြီး ဆက်လက်တူးနေပါတော့သည်။

စောစောက လေပြည်ကလည်း တသုန်သုန်တိုက်နေရာမှ ခပ်ကြမ်းကြမ်းလေး တိုက်လာသည်။ ငေါင်းသတ္တဝါကောင်နှင့် နီးနေပြီဖြစ်သောကြောင့် ပုပ်အဲ့အဲ့အနံ့တွေ လှိုင်နေပါ၏။ သူ ဝမ်းသာစိတ်နှင့် ပေါက်တူးကို အချီ ခေါင်းကိုလည်း အညွတ်မှာ "ဒိုင်း"ဟူသော သေနတ်သံနှင့်အတူ သူလည်း ငေါင်းသတ္တဝါနှင့်အတူ မျက်နှာချင်းအပ်မှောက်ကျသွားပါတော့၏။

သူသည် စောစောတုန်းက ကျွဲတည်းပင်အောက်တွင် ပစ္စည်းများပုံထား၏။ ထိုပစ္စည်းများထဲတွင် သူ့လက်ကိုင် ရိုင်ဖယ်သေနတ်လည်း ပါ၏။ ကျည်လည်း အသင့်ထိုးထား၏။ ထိုစဉ် လေသည် တသုန်သုန်မြူးနေရာမှ ခပ်ကြမ်းကြမ်းတိုက်လိုက်၏။ သူသည် ဦးခေါင်းကို ညွတ်ပြီး ပေါက်တူးအချမှာ သေနတ်လည်း လဲကျသွားသည်။ ထို့ကြောင့် ကျည်ဆန်က ဒိုင်းခနဲ အသံနှင့်အတူ ထွက်ပေါ်လာပြီး သူ့ဦးခေါင်းထဲသို့ ဝင်ရောက်သွားသည်။

တစ်ဖန် ပြန်၍ အပြစ်ရှာလိုက်တော့ သေနတ်ထဲတွင် ကျည်ဆန်ထည့်ထားပြီး အမှုမဲ့ အမှတ်မဲ့နှင့် ထားသည်။ ပြီးတော့ မောင်းထိန်း ခလုတ်မပိတ်ထားခြင်းကြောင့် ကျည်ထွက်သွားရခြင်းဖြစ်၏။ ဒါကိုပင် အယူသည်းသူများက ငေါင်းသတ္တဝါသည် နာနာဘာဝ(သို့မဟုတ်)ကျတ်တဲ့။ ဒါ့ကြောင့် တွေ့ရန် မလွယ်ပါဟု ပြောဆိုကြသည်■

* * *

ရှုံ့သူမွန်



www.burmeseclassic.com

www.burmeseclassic.com

# အေးချမ်းမှုကို ရစေမည့် အခွင့်အရေးကောင်း

လှဝင်းအောင် (ချမ်းသူတို့ စံပျော်ရာ)

စာရေးသူတို့ တိုင်းပြည်မှာ ဗုဒ္ဓရဲ့ တရားတော်များကို မိရိုးဖလာအရ ယုံကြည်ကိုးကွယ်ခဲ့ကြတာ နှစ်ပေါင်းများစွာ ကြာခဲ့ပါချေပြီ။ ဗုဒ္ဓဘာသာဝင်အတော်များများ တရားထိုင်လေ့ ရှိကြပါသည်။ တရားစခန်းတွေ၊ ပဋိစ္စသမုပ္ပါဒ် တရား သင်တန်းတွေဆိုရင်လည်း အများအပြားပင် ရှိပါသည်။ ဗုဒ္ဓ သာသနာထွန်းကားသော တိုင်းပြည်ဖြစ်သောကြောင့် တရား ထိုင်ခြင်း (သို့မဟုတ်) စိတ်တည်ငြိမ်မှု လေ့ကျင့်ခန်းပြုလုပ် ခြင်း(Meditation)နှင့် မစိမ်းဘဲ လူအတော်များများ နား လည် သိရှိထားကြပေသည်။ ဗုဒ္ဓ၏ တရားအားထုတ်နည်း များသည် လက်တွေ့ အကျိုးတရားများ ရရှိနိုင်သည့်အပြင်၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်သည်အထိ ကျေးဇူးပြုနိုင် ပါသည်။ ဤသဘောတရားများကို စာရေးသူတို့ တိုင်းပြည် မှာ လူဖြစ်နေကြသည့် လူတွေကသာ သိရှိထားကြပြီး၊ အခြားသော တိုင်းပြည်များမှ လူဖြစ်နေကြသူများ မသိနိုင် ရှာကြပေ။

သို့ပေမယ့် ယခုတော့ နိုင်ငံအတော်များများမှာ တရား အားထုတ်ခြင်း (သို့မဟုတ်) စိတ်တည်ငြိမ်မှု လေ့ကျင့်ခြင်း ကြောင့် အကျိုးကျေးဇူးများစွာဖြစ်ပေါ် ခံစားရသည်ကို သူတို့ တစ်တွေ တွေ့ရှိသွားကြပါချေပြီ။ သိပ္ပံနည်းကျကျ စမ်းသပ် ရှာဖွေပြီးမှ လက်ခံတတ်ကြသော အနောက်နိုင်ငံတွင် ဤနည်းစနစ်များသည် လူသားတို့အတွက် တည်ငြိမ်အေး ချမ်းမှုကို ရရှိစေပြီး ရောဂါဝေဒနာများကို ပျောက်ကင်းစေ သည်ကို လက်ခံနေကြပြီဖြစ်ပါသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ စာဖတ်သူများအား စာရေးသူက 'Reader's Digest' မဂ္ဂဇင်းမှ ကာရိုးခရူကော့ဖ်(Carol Krucoff) ရေး သားထားသော 'Give Peace a Chance' ဆောင်းပါးကို ပြန်လည်ဖော်ပြလိုက်ပါသည်။

◈◈◈

လီအိုနန်ဒေးလင်း(Leonard Dilling)သည် ရေပိုက် ပြုပြင်မှု ကျွမ်းကျင်အလုပ်သမားတစ်ဦးပင် ဖြစ်သည်။

"ကျွန်တော်က ဒီမြို့နယ်မှာ ရှိတဲ့ အဆောက်အအုံ (၁၀)ခုအတွက် တစ်ဦးတည်းသော ပိုက်ပြင်သမားပါ။ အဆောက်အအုံက ၁၀လုံးဆိုတော့ အလုပ်က ပင်ပန်းပါ တယ်။ တစ်နေ့ကို ၁၆နာရီလောက် အလုပ်လုပ်ရတယ်"

လီအိုနန်ဒ် မကြာခဏပြောသည့် စကားပင်ဖြစ်ပါသည်။

ထိုအလုပ်သည် ပုံမှန်တောင်းဆိုမှု(Demands)များ ကို လုပ်ပေးနေသည့်အလုပ်ဖြစ်၍ ငြီးငွေ့စရာကောင်းလှ၏။ လီအိုနန်ဒ်အဖို့ တစ်နေ့လုံး ဟိုပြေးဒီပြေးနှင့် ခိုင်းစေမှုများကို စိတ်ညစ်စရာကောင်းလောက်အောင် လုပ်နေရသော်လည်း သူက အလွယ်တကူ စိတ်ညစ်တတ်သူမဟုတ်။ အမြဲတစေ ပြုံးရယ်နေသူဖြစ်သည်။

တကယ်တော့ လီအိုနန်ဒ်သည် ပိုက်ပြင်ဆရာတစ်ဦး ဖြစ်သလို၊ စိတ်တည်ငြိမ်မှု လေ့ကျင့်နေသူ(Meditator) တစ်ဦးလည်း ဖြစ်သည်။ သူ၏ ဇနီးဖြစ်သူ ဗာဂျီနီးယား (Virginia) က···

"လီအိုနန်ဒ်ဟာ အရင်ကဆို အမြဲတမ်းလိုလို တည် တည်ငြိမ်ငြိမ်မရှိခဲ့ဘူး။ သူတို့ရဲ့ မိသားစုမျိုးရိုးဟာ အသက် ၄၀လောက်မှာ လေဖြတ်တတ်ကြပါတယ်။ မိသားစု ဆေး မှတ်တမ်းထဲမှာ လီအိုနန်ဒ်ရဲ့ အစ်ကိုဟာ အသက် ၄၀မှာ သွေးတိုးနှုန်းနဲ့ ကိုလက်စထရော မြင့်တက်နှုန်းတွေ အရမ်း များပြီး လေဖြတ် သေဆုံးခဲ့ဖူးပါတယ်။ အခုလည်း သူဟာ အသက် ၄၀ရောက်ရင် လေဖြတ်နိုင်ပါတယ်"

လီအိုနန်ဒ်သည် သူ၏ မကျန်းမာမှုကြောင့် အလွန်ပင် စိတ်သောကရောက်ခဲ့ရလေသည်။ ထို့ကြောင့် တစ်ခုခုလုပ် ရန် သူစဉ်းစားခဲ့သည်။ ယင်းသို့ဖြင့် သူသည် အသက်အာမခံ ကုမ္ပဏီတစ်ခုနှင့် ဆက်သွယ်လိုက်ပြီး ၎င်းကုမ္ပဏီမှ ဆက် သွယ်ပေးသော နှလုံးရောဂါသည်များနှင့် သင့်တော်သည့် အစီအစဉ်တစ်ခုမှာ ပါဝင်ခွင့်ရခဲ့လေသည်။ ထိုအစီအစဉ်တွင် စိတ်တည်ငြိမ်မှု လေ့ကျင့်ခန်းများလည်း ပါဝင်လေသည်။

"ကျွန်တော်က ဒီလိုသိမ်မွေ့တဲ့ စိတ်လေ့ကျင့်မှုကို သိပ်မယုံသလို၊ သံသယရှိသလို ဖြစ်မိပါတယ်။ ဒါကို လေ့ ကျင့်ရင်တော့ အိပ်ပျော်သွားဖို့က များလိမ့်မယ်လို့ ထင်တယ် လေ"

ဟု လီအိုနန်ဒ်က ပြောခဲ့လေသည်။

"ဒါပေမယ့် ကျွန်တော် အဲဒီ စိတ်လေ့ကျင့်မှုကို အလွယ်ကလေးနဲ့ပဲ လုပ်နိုင်ခဲ့တယ်။ အခုဆိုရင် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

စိတ်ညစ်လာပြီဆိုတာနဲ့ စိတ်ဖိစီးမှုတွေ မဖြစ်ရဘူးလို့ ကိုယ့်ကိုယ်ကို အားတင်းပြီး ဘယ်နေရာပဲ ရောက်ရောက် ဝင်သက်၊ ထွက်သက်ကို စ,လုပ်တော့တာပဲ။ မကြာခင်မှာပဲ စိတ်တွေ တည်ငြိမ်လာပြီး စိတ်စူးစိုက်မှုတွေလည်း ကောင်းလာတဲ့ အခြေအနေဖြစ်လာပြီလေ"

လီအိုနန်ဒ်သည် ယခုအခါမှာတော့ နှလုံးရောဂါကုသမှု အစီအစဉ်(heart program)များအတိုင်း ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်း၊ ယောဂလေ့ကျင့်ခန်းနှင့် အသီးအရွက် မာတ်စာစားခြင်းများကို ပြုလုပ်နေခဲ့လေသည်။

"အားလုံးကို ကျွန်တော် ပြောင်းလဲလိုက်တယ်။ စိတ်တည်ငြိမ်မှု လေ့ကျင့်ခန်းဟာ ကျွန်တော့်အတွက် တည်ငြိမ်တဲ့ လူတစ်ယောက်၊ ယုံကြည်မှုအပြည့်အဝရှိတဲ့ လူတစ်ယောက်ဖြစ်အောင် အများကြီး အကူအညီဖြစ်စေခဲ့တယ်။ နေ့စဉ်ဘဝမှာ သွေးရူးသွေးတန်း ရှန်းကန်လှုပ်ရှားနေကြသူများဖြစ်သည့် မီးသတ်ဝန်ထမ်းများ၊ သီလရှင်များ၊ ကားလုပ်ငန်းလုပ်သူများ၊ သူနာပြုများ စသည်တို့ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ ယင်းသို့သော လူတန်းစားအမျိုးမျိုးတို့သည် စိတ်တည်ငြိမ်မှု လေ့ကျင့်ခြင်းများကို လေ့ကျင့်အားထုတ်နေကြသည်မှာ လူဦးရေ တစ်သန်းကျော်ရှိသော ဤမြို့(အိုင်အိုဝါ)တွင် လူဦးရေ တစ်သောင်းကျော်လောက် လေ့ကျင့်နေကြပြီဖြစ်လေသည်။ အမျိုးသား ကျန်းမာရေးအဖွဲ့ (National Institute of Health) က အိုင်အိုဝါရှိ "မဟာရိသျှိဝေဒ-ဆေးကုဌာန"ကို ဒေါ်လာ ရှစ်သန်း ထောက်ပံ့ပေးခဲ့သည်။ ထိုဌာနသည် သမထ(ယောဂ)လေ့ကျင့်မှုနည်းများစွာကိုလည်း လေ့ကျင့်ပေးသော ဌာနဖြစ်သည်။

အမေရိကန်များသည် စိတ်ဖိစီးမှုများ လျော့နည်းပ,ပျောက်၍ လုပ်ဆောင်မှု စွမ်းရည်တိုးမြင့်စေသည့် စိတ်တည်ငြိမ်မှု လေ့ကျင့်ခြင်းကို အလွန်နှစ်သက် သဘောတွေ့ကြသည်။ ဤနည်းစနစ်ကို နှလုံးရောဂါဝေဒနာသည်များကို ကုသမှုပြုလုပ်ရင်းမှ တွေ့ရှိသွားခြင်းပင် ဖြစ်ပေသည်။

ကြာရှည်စွာ ခေါင်းကိုက်သော ရောဂါ၊ နာတာရှည်ရောဂါကြောင့် သွေးဖိအား ကျဆင်းသော ရောဂါ၊ ကင်ဆာရောဂါကုသမှုများတွင် စိတ်လေ့ကျင့်မှုသည် အလွန်ထိရောက်ကြောင်းကိုလည်း သိလာကြလေသည်။ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော လီအိုနန်ဒ်ကဲ့သို့ ရောဂါဝေဒနာများသာမက၊ ပြဿနာများကို ကိုယ်တွင်ဖြေရှင်းနိုင်မှုနှင့် အခြားသော ဘဝအခက်အခဲများကိုပါ ဖြေရှင်းနိုင်စွမ်းရှိအောင် အကူအညီပေးနိုင်သည်ကို တွေ့ရှိလာကြလေသည်။

၁၉၆၀ နှစ်များနှင့် ၁၉၇၀ အစောပိုင်းလောက်မှာ စိတ်လေ့ကျင့်မှု၏ ဆွဲဆောင်မှုကို သတိပြုမိလာသော သိပ္ပံပညာရှင်တစ်ဦးမှာ အမေရိကန်နိုင်ငံ ဟားဗတ်ဆေးကျောင်းမှ နှလုံးရောဂါဆိုင်ရာ ပညာရှင် ဟားဘတ်ဘင်ဆင်ဖြစ်သည်။ သူသည် နှလုံးရောဂါဝေဒနာရှင်များကို စိတ်လေ့ကျင့်မှုနည်းကို လေ့ကျင့်စေပြီး စိတ်ဖိအားနှင့် သွေးဖိအား ကျဆင်းမှုကို တိုင်းတာ စမ်းသပ်သောအခါ လျင်မြန်စွာ ကျဆင်းသည်ကို တွေ့လိုက်ရလေသည်။ သူသည် ယင်းကဲ့သို့ စမ်းသပ်ရင်းမှ တွေ့ရှိချက်များကို စာအုပ်ရေးသားခဲ့လေသည်။ 'The Relaxation Response' ဟူသော စာအုပ်ဖြစ်၏။ ထိုစာအုပ်သည် ရောင်းအားအကောင်းဆုံး စာအုပ်ဖြစ်သွားခဲ့လေသည်။

ထို့နောက် ဘင်ဆင်သည် ဘော့စတွန်မြို့တွင် 'Mind & Body Institute' ဟူသော ဌာနကိုလည်း ဖွင့်လှစ် တည်ထောင်လိုက်လေသည်။ ထိုဌာနသို့ ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းလောက်ထိ လာရောက် ဆေးကုသကြပါသည်။

"စိတ်တည်ငြိမ်မှု လေ့ကျင့်ခြင်း နည်းစနစ်တွေက ခွဲစိတ်ကုသမှုမှာ နည်းနည်းအားနည်းပေမယ့် ရုပ်ပိုင်းနဲ့ စိတ်ပိုင်း တိုးတက်စေမှုမှာတော့ အလွန်အားကောင်းလာစေပါတယ်"

ဘင်ဆင်က ဤသို့ပင် ထုတ်ဖော် ပြောဆိုပါလေသည်။ သူရေးသားသော စာအုပ်တွင် စိတ်တည်ငြိမ်မှု လေ့ကျင့်ခြင်းနှင့် ခန္ဓာကိုယ်ဖြေလျှော့ခြင်းကြောင့် ကြွက်သား တင်းမာမှုများ လျော့ခြင်း၊ စိတ်သောကများ လျော့ပါးခြင်း အကျိုးတရားတွေ တုံ့ပြန်ဖြစ်ပေါ်စေကြောင်း ပါရှိလေသည်။ အခြားသော သုတေသန ပညာရှင်များနှင့် သိပ္ပံပညာရှင်များကလည်း သက်သေအထောက်အထားစုံစုံလင်လင်နှင့် အကျိုးကျေးဇူးများကို ညွှန်ပြထားပေသည်။ ၎င်းတို့အထဲမှ အချို့ကို ဖော်ပြရသော်…

## ပြင်းထန်စွာ ကိုက်ခဲသော ခေါင်းကိုက်ရောဂါ (Migraine ease) ကို ပျောက်စေခြင်း

စိတ်တည်ငြိမ်မှု လေ့ကျင့်ခန်းနှင့်အတူ ခေါင်းကိုက်ရောဂါကို ကုသသောအခါ ဝေဒနာခံစားမှု ၃၂ ရာခိုင်နှုန်းလောက်အထိ လျော့ပါးသွား၏။ ကိုက်ခဲမှုအကြိမ်ရေလည်း ကျဆင်းသွား၏။ အမေရိကန် ခေါင်းကိုက်ရောဂါကာကွယ်မှု ကုမ္ပဏီများအသင်း၏ လူ ၁၀ ယောက်အား ခွဲခြမ်းစိတ်ဖြာလေ့လာမှုများအရ ဖြစ်သည်။

## အရေပြား ယားနာရောဂါ (Psoriasis relief) ကို သက်သာ ပျောက်ကင်းစေခြင်း



www.burmeseclassic.com

www.burmeseclassic.com

၎င်းရောဂါကို စိတ်တည်ငြိမ်မှု ရစေမည့် တိပ်ခွေကို နားထောင်ရင်း ခရမ်းလွန်ရောင်ခြည်ပေးသော ကုသမှုဖြင့် ကုသသောအခါ ပုံမှန် လေးကြိမ်ကုသရမည်ထက် လျင်မြန်စွာ ပျောက်ကင်းစေပါလေသည်။ နာတာရှည်ရောဂါကုသမှုဌာနမှ လူနာများဖြင့် သုတေသနပြုထားချက်ဖြစ်သည်။

**နာတာရှည်ရောဂါများ(Chronic pain) ကို သက်သာပျောက်ကင်းခြင်း**

နာတာရှည်ရောဂါဖြစ်နေသူများ စိတ်တည်ငြိမ်မှု လေ့ကျင့်ခန်း၊ ယောဂလေ့ကျင့်ခန်းများ အားထုတ်ခြင်းဖြင့် ရောဂါခံစားမှုများ နည်းသထက် နည်းသွားကြလေသည်။ ၎င်းနှင့် ပတ်သက်၍ အထောက်အထား သက်သေမှတ်တမ်းများကို ၁၉၉၅ ခုနှစ်ကတည်းက 'National Institute of Health' တွင် စုဆောင်း သိမ်းဆည်းထားလေသည်။

**ကင်ဆာကုသမှုများ(Cancer treatments) တွင် အထောက်အပံ့ဖြစ်စေခြင်း**

စိတ်တည်ငြိမ်မှု လေ့ကျင့်ခန်းသည် ကင်ဆာပျောက်အောင် မလုပ်ဆောင်နိုင်သော်လည်း ကင်ဆာဆေးဝါးများနှင့် ကုသနေစဉ်မှာ စိတ်လေ့ကျင့်ခန်းကို ပူးတွဲလုပ်ဆောင်ပါက နာကျင်ခံစားမှုများ လျော့နည်းစေပြီး အခြားသော ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာမှုကို ကာကွယ်တားဆီးစေပါလေသည်။

စိတ်တည်ငြိမ်မှု လေ့ကျင့်ခန်း(Meditation) ကို မည်သို့ အားထုတ်ကြမည်နည်း။

ဤလေ့ကျင့်ခန်းသည် ခက်ခက်ခဲခဲကြီး လုပ်ရသည့် အလုပ်မဟုတ်ပါ။ ကြမ်းပြင်ပေါ်တွင် ပဒ္မာသနထိုင်နည်း (တင်ပလ္လင်ခွေထိုင်ခြင်း)ဖြင့် ထိုင်လိုက်ပြီး သင်၏ ချက်တိုင်ကို အာရုံစူးစိုက်ထားပါ။ ရွတ်ဆိုတတ်သော မန္တန် (သို့မဟုတ်) တစ်ခုခုကို ရွတ်ပါ။ ချက်တိုင်ကို အာရုံစူးစိုက်မှု မလုပ်ဘဲ အခြားတစ်ခုခုကို အာရုံစူးစိုက်လည်း ရပေသည်။ ဥပမာအားဖြင့် မီးတောက်၊ ရေတို့ ဖြစ်သည်။ အခြေခံအားဖြင့် ဤလေ့ကျင့်ခန်းသည် အောက်ပါအတိုင်း ဖြစ်၏။

(၁) သက်သက်သာသာ အနေအထားဖြင့် ထိုင်လိုက်ပါ။ ခြေထောက်နှစ်ဖက်ကို ကြမ်းပြင်ပေါ်မှာ ခွေထားပါ။ တင်ပါးအောက်၌ ကူရှင်လေးတစ်ခုခင်းထားခြင်းဖြင့် ပို၍ အထောက်အကူဖြစ်စေမည်။ အကယ်၍ သက်သက်သာသာ မဖြစ်ပါမူ အခြားရွေးချယ်စရာ ထိုင်နည်းများလည်း ရှိပါသည်။ ကြမ်းပေါ်မှာ လဲလျောင်း၍ ဖြစ်စေ၊ ဖြောင့်မတ်သော ကုလားထိုင်ပေါ်မှာ ဖြစ်စေ၊ ထိုင်နိုင်ပါသည်။

(၂) ထိုင်သည့်အခါ ကျောရိုးကို ဖြောင့်ဖြောင့်ထားရမည်။ သင်၏ စိတ်အာရုံသည် ဦးခေါင်းထိပ်ကို မျက်နှာကျက်မှ ကြိုးတစ်ချောင်းနှင့် ချိတ်ဆွဲထားသည်ဟု စိတ်မှန်းထားရမည်။

(၃) အသက်ကို နှာခေါင်းဖြင့် ပြင်းပြင်းရှူပါ။ အဆုတ်ထဲသို့ လေအပြည့်ရောက်အောင် ရှူသွင်းပါ။ လေသည် ဝမ်းဗိုက်ထဲတွင် ပြည့်လာပြီး ရင်ခေါင်းသို့ ရောက်လာမည်။ ထိုအခါ ၎င်းလေများကို ဖြည်းညင်းစွာ နှာခေါင်း (သို့မဟုတ်) ပါးစပ်မှ ထုတ်ပါ။ ဝမ်းဗိုက်ထဲမှ လေများ ကုန်သွားပြီး ဝမ်းဗိုက်ချပ်သွားသည်အထိ ရှူထုတ်ပစ်ရပါမည်။

(၄) ထို့နောက် အရာဝတ္ထုတစ်ခုခုတွင် စိတ်အာရုံကို စူးစိုက်ထားရပေမည်။ ဥပမာ - ဖယောင်းတိုင်မီးတောက်၊ ပန်းတစ်ပွင့်၊ ရုပ်ပုံတစ်ခု စသည်တို့ဖြစ်သည်။ ထိုသို့မဟုတ်လျှင်လည်း သင်၏ ရှူသွင်း၊ ရှူထုတ်နေသော ဝင်သက်၊ ထွက်သက်ကို အာရုံစူးစိုက်ထားရပါမည်။ ဝင်လေနှင့် ထွက်လေကို ဖြည်းဖြည်းရှူသွင်း၊ ရှူထုတ်လုပ်နေပြီး အကြိမ်အရေအတွက်ကို မှတ်ပါ။ တစ်ကြိမ်မှ ငါးကြိမ်အထိ ရေတွက်မှတ်သားနေပြီး ငါးကြိမ်ပြည့်သွားလျှင် တစ်ဖန် တစ်ကြိမ်မှ ငါးကြိမ်အထိ ပြန်မှတ်ပါ။ ထိုနည်းအတိုင်း ဆက်လက်အားထုတ်ရပါမည်။ ကြိုက်နှစ်သက်ရာ နည်းစနစ်ဖြင့် ပြုလုပ်နိုင်ပါလေသည်။

အကယ်၍ သင်သည် မန္တန်တစ်ခုခုကို ရွတ်ဆိုလိုလျှင်လည်း ရွတ်ဆိုပြီး မန္တန်ကို အာရုံပြုထားရမည်။ မန္တန်နှင့် ဝင်လေရှူခြင်း၊ ထွက်လေ ထုတ်ခြင်းတို့သည် အချိန်ကိုက်ဖြစ်အောင် သတိထားရန်တော့ လိုအပ်ပါသည်။ ဥပမာအားဖြင့် လေကို ရှူသွင်းနေစဉ် "ငြိမ်သက်ပါစေ"ဟု အာရုံပြုထားရမည်။ လေကို ရှူထုတ်နေစဉ် "ပြုံးပျော်ပါစေ"ဟု အာရုံပြုထားရမည်။ ဤလေ့ကျင့်ခန်းကို ၁၀မိနစ်ခန့်မျှ လေ့ကျင့်ပါ။ အလေ့အကျင့်ရလာပါက တစ်နာရီအထိ လေ့ကျင့်ပါ။

စိတ်တည်ငြိမ်မှု လေ့ကျင့်ခန်းကို အားထုတ်ခြင်းဖြင့် မည်ကဲ့သို့သော စွမ်းအားများ ဖြစ်လာရလေသနည်းဆိုသည်ကို ဒေါက်တာ ဟားဗတ်ဘင်ဆင်က ယခုလို ရှင်းပြပါလေသည်။

◈◈◈

ဤလေ့ကျင့်ခန်းသည် ဦးနှောက်ကို အကျိုးသက်ရောက်မှု ဖြစ်စေသည်။ အထူးသဖြင့် ခြေ၊ လက်ဆိုင်ရာ အာရုံကြောစနစ်များ၊ ဇီဝကမ္မ ထိန်းချုပ်မှုများ၊ သွေးပေါင်ချိန်

www.burmeseclassic.com

ထိန်းချုပ်ခြင်း၊ အသက်ရှူခြင်းနှင့် နှလုံးခုန်ခြင်းတို့ကို အကျိုးသက်ရောက်စေပါသည်။

ဟားဗတ်တက္ကသိုလ်မှ စိတ်ပညာဆရာဝန် အဲလစ်ဒိုမာကလည်း အထက်ပါ အချက်များ မှန်ကန်ကြောင်းကို သူမ၏ဘွဲ့အတွက် စာတမ်းတွင် ရေးသားဖော်ပြထားလေသည်။

ဒိုမာသည် တစ်နှစ်ခန့်မျှ ကြာသည့်အထိ ခွဲစိတ်ခန်းများတွင် ခွဲစိတ်ခံ လူနာများကို မခွဲမီ ၂မိနစ်ခန့် ဝင်သက်၊ ထွက်သက် ရှူရှိုက်ခြင်း(အာနာပါန လေ့ကျင့်ခန်း)ကို သင်ပေးပြီး လက်တွေ့ လုပ်နိုင်းစေသည်။

"လူနာအများအပြားက သူတို့ရဲ့ ထိတ်လန့်နေတဲ့ စိတ်တွေ လျော့နည်းသွားပြီး ခွဲစိတ်ခံဖို့အတွက် စိုးရိမ်စိတ်တွေ နည်းပါးသွားတယ်လို့ ပြန်ပြောကြတာကို ကြားသိခဲ့ရပါတယ်"

ဒိုမာက ဝင်သက်၊ ထွက်သက် ရှူရှိုက်လေ့ကျင့်မှု၏ အကျိုးသက်ရောက်မှုကို ပြန်ပြောပြနေခြင်းဖြစ်သည်။ သူမက ဆက်လက်၍···

"ခွဲစိတ်တဲ့ ဆရာဝန်တွေကလည်း ဒီစနစ်ကို ကြိုက်နှစ်သက်ကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခွဲနေတဲ့ အချိန်မှာ လူနာရဲ့ သွေးဖိအားတွေ ကျသွားပြီး သွေးထွက်မှု နည်းသွားတယ်။ အချိန်မြန်မြန်နဲ့လည်း ခွဲစိတ်ပေးနိုင်လို့ပါပဲ"

◈◈◈

ဒက်ထရွိုက်မြို့(GM) ဌာနမှာ အလုပ်လုပ်နေသည့် မာရာမန်းနင်း ဆိုသည့် အမျိုးသမီးသည် အလွန်များပြားလှသော သူမ၏ အလုပ်ကြောင့် အမြဲတမ်း စိတ်ရှုပ်ထွေးကာ စိတ်ညစ် စိတ်ဆင်းရဲနေရလေသည်။ ထို့ကြောင့် အသက် ၄၂နှစ်ရှိပြီဖြစ်သော မာရာမန်းနင်းသည် အလုပ်သမားများ အတွက် ဖြစ်ကြာ ဖွင့်လှစ်ပေးထားသည့် စိတ်တည်ငြိမ်မှု လေ့ကျင့်အားထုတ်ခြင်းသင်တန်းသို့ တက်ရောက်ပြီး အသေးစိတ်လေ့လာ အားထုတ်လေသည်။ ၎င်းသင်တန်းကို ထိုဌာန(GM)ကပင် အလုပ်သမားများအတွက် စီစဉ်ဖွင့်လှစ်ပေးထားခြင်းဖြစ်သည်။

ယနေ့အချိန်မှာတော့ မန်းနင်းသည် သူမ၏ စားပွဲမှာပင် ထိုင်ရင်းနှင့် စိတ်တည်ငြိမ်မှု လေ့ကျင့်ခန်းကို အားထုတ်နိုင်ပြီး အလုပ်တွေ မည်မျှပင် ရောက်လာစေကာမူ၊ စိုးရိမ်သောကများကို မောင်းထုတ်ကာ အလုပ်မှန်သမျှ သတိအပြည့်အဝထား၍ လုပ်ကိုင်နိုင်ပါချေပြီ။ Meditation ၏ အကျိုးတရားကြောင့် အလုပ်များကို များများနှင့် ကောင်းကောင်း ပြီးစီးအောင် လုပ်ဆောင်နိုင်ခြင်းပင်ဖြစ်သည်ဟုလည်း သူမက အားရပါးရပြောပြတတ်ပါ၏။

မက်ဆာချူးဆက် ဆေးတက္ကသိုလ်မှ စိတ်ဖိအားလျှော့ချခြင်းနှင့် ခန္ဓာကိုယ်ဖြေလျှော့ခြင်းအစီအစဉ်၏ ဒါရိုက်တာဖြစ်သူ ဆာကီဆန်တိုရယ်လီက···

"လောလောဆယ် ပစ္စုပ္ပန်အချိန်ရဲ့ အဖြစ်အပျက်ကို သတိအပြည့်အဝထားပြီး စိတ်တည်ငြိမ်အောင် လေ့ကျင့်အားထုတ်တာပါပဲ။ ကျွန်တော်တို့တစ်တွေဟာ အတိတ်မှာရော၊ အနာဂတ်မှာပါ စိုးရိမ်သောကတွေနဲ့ အလိုအလျောက်ဖြစ်ပျက် အချိန်ကုန်နေကြတာပါ"

ဟု ပြောဆိုလေသည်။

ကယ်လီဖိုးနီးယားက မီးသတ်သမား ဘော့ပ်ဟက်ဂိတ်က ယောဂလေ့ကျင့်ခန်းကို အားထုတ်ပြီးနောက်···

"ယောဂလေ့ကျင့်ခန်းတွေကို လေ့ကျင့်အားထုတ်မှုကြောင့် ကျွန်တော် စိတ်အေးချမ်း တည်ငြိမ်လာတယ်။ အရေးကြီးတဲ့ အခက်အခဲထဲကို ရောက်နေတဲ့ အချိန်မှာတောင် ပျာယာမခတ်ဘဲနဲ့ နေနိုင်လာတယ်လေ"

စိတ်ပညာရှင် အဲလစ်ဒိုမာကိုယ်တိုင် သူမ၏ ကိုယ်တွေ့အကျိုးကို တင်ပြပေးထားပါသေးသည်။

စိတ်တည်ငြိမ်မှု လေ့ကျင့်ခြင်းသည် ကိုယ်ဝန်ဆောင်များ အချိန်မတိုင်မီ မွေးဖွားခြင်းကိုလည်း ကာကွယ်ပေးပါသည်။ အဲလစ်ဒိုမာ၏ ပထမ ကိုယ်ဝန်ဆောင်စဉ်က သူမသည် အိပ်ရာပေါ်မှာ လဲလျောင်းရင်း စိတ်တည်ငြိမ်မှု လေ့ကျင့်ခန်းကို နေ့စဉ်ပုံမှန် အားထုတ်ခဲ့သည်။ သူမသည် ဝင်လေကို ရှူသွင်းစဉ်တွင် "ကောင်းစွာ မွေးနိုင်စေ"ဟု ရွတ်ဆိုပြီး ထွက်လေ ရှူထုတ်စဉ်တွင် "ဇန်နဝါရီလမှာ မွေးစေ"ဟု ရွတ်ဆိုသည်။ ဤသို့ဖြင့် သူမ၏ သမီးလေးဆာရာကို ကိုယ်ဝန်သက်တမ်းမစေ့မီ သုံးပတ်အလိုမှာ ကောင်းစွာ မွေးဖွားနိုင်ခဲ့ပါလေသည်။

စိတ်တည်ငြိမ်မှု လေ့ကျင့်ခြင်း(Meditation)သည် အမှန်ပင် စွမ်းအားများ ဖြစ်ပေါ်လာစေသည့် အလုပ်ပင် ဖြစ်ပေသည်။ မည်သည့်နေရာ၊ မည်သည့်အချိန်မှာပဲ ဖြစ်ဖြစ် အားထုတ်လိုက်ပါ။ သင့်ဘဝအတွက် ကောင်းသော အကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်လာမည်ကို သင် အမှန်တကယ်ပင် တွေ့ရှိလာရမည်သာတည်း ■

* * *

လှဝင်းအောင်

**Ref; Reader's Digest - 'Give Peace a Chance' by Carol Krucoff**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် တောင်ညိုပေါ်ရှိ ရှေးဟောင်း "ရတနာပါလ"စေတီတော်တွင် ဆရာကြီး ဂမ္ဘီရ ဦးညို၏ ညွှန်ကြားမှုကြောင့် အစိတ္တာန်စခန်းဝင်နေသည်မှာ ၄၅ရက်ပြည့်ရန် တစ်ရက်သာ လိုပါတော့သည်။ စေတီတော်အထက်မှ ပတ်ဝန်းကျင်ကို လှမ်းကြည့်သော အဝေးတွင် ပြာလဲ့လဲ့ တောင်စဉ်တောင်တန်းများ ဝိုင်းရံလျက် စိမ်းလန်းစိုပြည်သော သစ်ပင်များကို ရှုမြင်ရသည်မှာ ဘဝင်နှလုံး ကြည်နူးနေပါတော့သည်။ လက်မှာ ဖတ်ထားသော နာရီကို ကြည့်လိုက်ရာ ညနေ ၅နာရီခွဲ တိတိရှိပြီ။ မကြာခင် နေဝင်တော့မည်။ အိပ်တန်းပျံ တောတိရစ္ဆာန်ငယ်တို့၏ ပြေးလွှားအော်ဟစ်သံတို့သည် တောပတ်ဝန်းကျင်တစ်ဝိုက် ဆူညံနေပါတော့သည်။

ကျွန်ုပ်သည် အာရုံခံ တန်ဆောင်းအတွင်း မြတ်စွာဘုရားဆင်းတုတော်အား ထိခြင်းငါးပါးနှင့် ရှိသေစွာ ကန်တော့ပြီးနောက် ဥဘဘုံသား ဝေနေယျ ဒုက္ခိတ သုခိတ သတ္တဝါများကို ထုံးစံအတိုင်း မေတ္တာပို့ အမျှပေးဝေပြီး အိပ်ရာပေါ် လှဲလျောင်းလိုက်သော် မျက်စိများ အလိုလို စင်းလေးလာပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါတော့သည်။

◈◈◈

ကျွန်ုပ်သည် တောထဲတွင် တစ်ယောက်တည်း လမ်းလျှောက်သွားရင်း တောလမ်းလေးအတိုင်း တောင်ပေါ်သို့ တက်လာခဲ့သည်။ ဆောင်းဥတုအအေးဒဏ်ကြောင့် ကျွန်ုပ်၏ တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေ၏။ တစ်နေကုန် လမ်းလျှောက်ထားရသဖြင့် မလှုပ်ချင်လောက်အောင် ပင်ပန်းနွမ်းနယ်နေ၏။ မည်သည့်အစာမျှ မစားရသေးသောကြောင့် အလွန်ဆာလောင်မွတ်သိပ်ပြီး ခြေဖဝါးများ ပေါက်ပြကာ သွေးများ ယိုစီးကျနေ၏။ ဝေဒနာကို ကြိတ်မှိတ်မျိုသိပ် ခံစားရင်း ခြေလှမ်းများ မလှမ်းချင် လှမ်းချင်ဖြင့် တဖြည်းဖြည်း တောင်ပေါ်သို့ တက်လာခဲ့သည်။

သစ်ပင်ကြီးငယ်တို့ထက်မှ ကျေးငှက်သာရကာတို့၏ အော်မြည်တွန်ကျူးသံများ၊ အဝေးတစ်နေရာမှ တောကောင်ကြီးတို့ ဟိန်းဟောက်သံများကို တစ်ချက်တစ်ချက်ကြားရသည်မှာ အလွန်ကြောက်ဖွယ် ကောင်းလှသဖြင့် ကြက်သီးမွေးညင်းထသွားလေသည်။

ကျွန်ုပ်သည် ဘယ်နေရာကို ရောက်နေမှန်း မသိ။ ဦးတည်ချက်၊ ရည်ရွယ်ချက်မရှိဘဲ အရှေ့ဆီသို့သာ ဆက်လျှောက်လာခဲ့သည်။

နေလုံးကြီးလည်း ကွယ်သွားလေပြီ။ တစ်တောလုံး၊ တစ်တောင်လုံး အမှောင်ထု ဖုံးလွှမ်းလာခဲ့ပြီး ညသည် တဖြည်းဖြည်း နက်သည်ထက် နက်လာခဲ့သည်။ မြေဝပ်ငှက်တစ်ကောင်၏ အော်သံသည် တကွပ်ကွပ်နှင့် ကြားနေရ၏။ မလှမ်းမကမ်းမှ ကြေးစည်ထုအမျှဝေသံကို သဲ့သဲ့မျှ ကြားနေရပြီ။ ကျွန်ုပ်သည် အားတက်ပြီး အမြန်လျှောက်လှမ်းလာရာ မိမိကိုယ်မိမိ မထိန်းနိုင်တော့ဘဲ တောင်ကုန်းပေါ်မှ တလိမ့်ကောက်ကွေး လဲကျသွားတော့သည်။

◈◈◈

ကျွန်ုပ် သတိရလာသောအခါ အနီးတွင် ဝတ်ဖြူစင်ကြယ်တစ်ဦးကို မြင်ရသည်။

"သတိရပြီလား"

"ဟုတ်ကဲ့၊ ခင်ဗျားက ဘယ်သူလဲ"

"သီလ မစင်ကြယ်သူတွေ မမြင်တွေ့နိုင်တဲ့ လူပေါ့ကွာ"

"ကျွန်တော် အခု ဘယ်ရောက်နေလဲ"

"လောဘ၊ ဒေါသ၊ မောဟကင်းတဲ့ နယ်မြေကို ရောက်နေတယ် ဆိုပါတော့"

သူသည် လက်ထဲတွင် ကိုင်ထားသော ခွက်ငယ်ကို ကျွန်ုပ်ထံသို့ လှမ်းပေးပြီး . . .

"သောက်လိုက်ပါ၊ မကြာခင် ကုန်ခမ်းနေတဲ့ အားအင်တွေ ပြန်ပြည့်လာပြီး ညောင်းညာ ကိုက်ခဲနေတဲ့ အကြောအခြင်တွေ ပြန်ကောင်းလာပါလိမ့်မယ်"

ထို့နောက် ကျွန်ုပ်သည် သူ၏ လက်ထဲမှ ခွက်ကို လှမ်းယူပြီး သောက်လိုက်ရာ တစ်ကိုယ်လုံး ပူထူသွားတော့သည်။ ထိုအချိန် ရသေ့ငယ်တစ်ဦး ;သည် ပျားရည်နှင့် သစ်သီးများကို စား ွဲပေါ်ရှိ လင်ဗန်းထဲသို့ ထည့်ပြီး ပြန်ထွက်သွားလေသည်။

"အာဟာရလေး သုံးဆောင်လိုက်ပါဦး"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"

ကျွန်ုပ်သည် ဝမ်းဗိုက်ထဲတွင် ဆာလောင်မွတ်သိပ်နေသောကြောင့် လင်ဗန်းထဲမှ သစ်သီးဝလံတို့ကို ယူစားလိုက်တော့သည်။ လူသူတော်ကြီးက စားပွဲပေါ်မှ နွယ်ပင်တစ်ပိုင်းကို ကောက်ယူလိုက်သော် နွယ်ပင်ပိုင်းလေးသည် ကွေးလိမ်ကောက်သွားသည်။ "နွယ်နို့ရှင်"လို့ ခေါ်တယ်ဟု ပြောပြီး ထိပ်တစ်ဖက်ကို ဓားဖြင့် လှီးပြီး ကျလာသော နို့ရည်များကို ခွက်ဖြင့် ခံကာ ကျွန်ုပ်ကို လှမ်းပေးသည်။

"ဒီအရည်တွေက အာဟာရ နွယ်ရှင်နို့ရည်လို့ ခေါ်တယ်။ ဒီတစ်ခွက်ကုန်အောင် သောက်ပြီး တစ်ရေးပြန်အိပ်လိုက်ပါဦး"

ကျွန်ုပ်သည် လူသူတော်ကြီးပေးသော နို့ခွက်ကို ယူသောက်လိုက်ရာ တစ်ခဏအတွင်း အိပ်ပျော်သွားတော့သည်။

◈◈◈

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိ၊ ကျွန်ုပ်နိုးလာသော် တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်း



www.burmeseclassic.com

www.burmeseclassic.com

နေသည်။ ထိုစဉ် ရသေ့တစ်ဦးရောက်လာပြီး…

“နိုးပြီလား”

“ဟုတ်ကဲ့ ဒိပ်ရေးဝလို့ ထင်တယ်၊ တစ်ကိုယ်လုံး လန်းဆန်းပေါ့ပါးနေတယ်”

“ကျွန်ုပ်နောက်ကို လိုက်ခဲ့ပါ”

ဟု ဆိုပြီး ရှေ့မှ ထွက်သွားတော့သည်။ ကျွန်ုပ်တို့ ဂူအပြင်သို့ ရောက်လျှင် စေတီတော်တစ်ဆူအနီး၌ လူသူတော်တစ်ဦးနှင့် ရသေ့နှစ်ဦးတို့ တရားအားထုတ်နေသည်ကို တွေ့ရသည်။ ကျွန်ုပ်တို့နှစ်ယောက်သည် စေတီတော်ကို ကွေ့ပတ်ကျော်ပြီး ဆက်လျှောက်လာခဲ့၏။

“ဦးရသေ့…ဒီစေတီကို ဘယ်လိုခေါ်သလဲ”

ရသေ့သည် ကျွန်ုပ်၏ အမေးကို ပြန်မဖြေဘဲ ရှေ့ကိုသာ ဆက်သွားသည်။ ကျောက်တောင်တစ်လုံးရှေ့သို့ ရောက်သော် ရသေ့ကြီးသည် ခလုတ်တစ်ခုကို နှိပ်လိုက်ရာ ဂူတံခါးကြီး ပွင့်သွားလေသည်။ ရသေ့နှင့် ကျွန်ုပ်သည် ဂူထဲသို့ ဝင်လာခဲ့သည်။ တစ်နေရာတွင် အလွန်ကြီးမားသော မြွေကြီးတစ်ကောင်သည် ခြေသံကြောင့် ခေါင်းထောင်ကြည့်ပြီး ပြန်ခွေနေတော့သည်။

ဦးရသေ့က “ကြောက်သွားသလား”ဟု မေးရာ “ကြောက်တာပေါ့ဗျ”ဟု ကျွန်ုပ်က အမှန်အတိုင်းပြန်ဖြေလိုက်သည်။

“မကြောက်ပါနဲ့ကွာ၊ ဒီနယ်မြေက တိရစ္ဆာန်တွေဟာ မေတ္တာဓာတ်ရဲ့ တန်ခိုးအာနုဘော်ကြောင့် တစ်ဦးနဲ့ တစ်ဦး၊ တစ်ကောင်နဲ့ တစ်ကောင် အန္တရာယ်မပြုကြပါဘူး”

ဟု ပြောရင်း ဂူအတွင်းသို့ လျှောက်ဝင်သွားရာ ဂူအလယ်တွင် “ဟာ”ဟု ကျွန်ုပ်သည် အလွန်အံ့ဩသွားသဖြင့် အာမေဋိတ်သံပင် ရုတ်တရက် ထွက်သွားလေသည်။

အကြောင်းမှာ ရွှေသားစစ်စစ်ဖြင့် ထုဆစ်ထားသော မြတ်ဗုဒ္ဓ၏ ကိုယ်ပွားဆင်းတုတော်တစ်ဆူသည် ပလ္လင်ထက်၌ ကိန်းဝပ် စံပယ်နေတော်မူသောကြောင့်ပင်ဖြစ်သည်။ ဆင်းတုတော်၏ ရှေ့တွင် ကမ္မဋ္ဌာန်းတရား ကျင့်ကြံနေသော လူတချို့ကို တွေ့ရသည်။

“အသင်…အံ့ဩသွားလား”

“သူတို့ ဘယ်သူတွေလဲ”

“ငါ့မှာ ပြောခွင့်မရှိဘူးကွ”

ထိုစဉ်…

“ဒူ…ဒူ…ဒူ”

မောင်းထုသံ သုံးချက်ကြားရပြီး မရှေးမနှောင်းတွင် ကြေးစည်သံကို ကြားလိုက်ရသည်။

“ကဲ - ဘုရားဝတ်ပြုစို့”

ဟု ပြောပြီး ရသေ့ကြီးသည် တရားထိုင်နေသော လူများရှေ့သို့ သွားပြီး ဘုရားကန်တော့လေသည်။ ကျွန်ုပ်လည်း မြတ်စွာဘုရား၏ ဆင်းတုတော်ရှေ့တွင် ထိခြင်းငါးပါးနှင့် ရှိသေစွာ ထိုင်ကန်တော့လိုက်သည်။

ခဏကြာသော် လူသူတော်ကြီး ရောက်လာပြီး တရားထိုင်နေသောသူများကို ဆုံးမ ဩဝါဒ ပြောကြားသည်။

“လူသားတွေဟာ လောဘ၊ ဒေါသ၊ မောဟကြောင့် အစဉ်ပူလောင်နေတယ်။ အဝိဇ္ဇာ- မသိမှုကြောင့် အမှားအမှန် မခွဲခြားနိုင်ဘူး။ သံသရာတစ်ကြော ရေစုံမျောနေကြတယ်။ မိမိတို့ သမာဓိကို ထူထောင်တဲ့အခါ အဓိက သီလကို ထိန်းသိမ်းပါ။ သမာဓိ ကျဆင်းသွားရင် မိမိတို့ ကျင့်ကြံ ကြိုးစားနေတဲ့ ပညာစခန်းကို မတက်လှမ်းနိုင်တော့ဘူး။ ဒါကြောင့် သီလကို ထိန်း၊ သမာဓိတရားကို ခိုင်မြဲအောင် ကျင့်ကြံပွားများပြီး ပညာစခန်းကို တက်လှမ်းကြပါစို့။ ကဲ - အားလုံးပဲ မေတ္တာပို့ကြစို့”

ဟု ပြောပြီး မေတ္တာပို့သံများ ပတ်ဝန်းကျင်တစ်ဝိုက် လွှမ်းမိုးသွားတော့သည်။

မေတ္တာပို့ပြီးနောက် အသီးသီး ပြန်သွားကြလေသည်။ ဂူထဲတွင် ကျွန်ုပ်နှင့် ရသေ့ကြီးနှစ်ဦးသာ ကျန်ပါတော့သည်။ ရသေ့ကြီးက…

“သင် မကြာမီ အဘကို တွေ့ရမှာပါ”

ဟု ပြောကာ ဂူကြီးထဲ သန့်ရှင်းရေးလုပ်နေသည်။

ခဏအကြာ “ဒူ…ဒူ…ဒူ” ဆိုသည့် မောင်းသံ သုံးချက်ကြားရပြီး ဂူနံရံမှ ကျောက်တံခါး ပွင့်သွားကာ ယောဂီရောင်ဝတ် ပုဂ္ဂိုလ်ကြီးရောက်လာကာ…

“လူကလေး…လောကီအလုပ်ဖြစ်စေ၊ လောကုတ္တရာအလုပ် ဖြစ်စေ၊ သမာဓိ မရှိရင် မအောင်မြင်ဘူး။ သမာဓိတရားဟာ လောကီ၊ လောကုတ္တရာ နှစ်ခုစလုံးအတွက် အရေးကြီးသလို လောဘ၊ ဒေါသ၊ မောဟ တရားတွေ လွှမ်းမိုးနေသရွေ့ လူသားတွေ နေထိုင်နေတဲ့ ကမ္ဘာကြီးဟာ ဘယ်တော့မှ ငြိမ်းအေးမှာ မဟုတ်ဘူး။ လောဘ၊ ဒေါသတွေကို ရှေ့တန်းတင်ရင် တစ်ဦးနဲ့ တစ်ဦး သတ်ကြ ဖြတ်ကြ သေကြ ကြေကြနဲ့ ပျက်စီးကုန်လိမ့်မယ်။ ဒီတော့ သမာဓိတရားကို နိုင်အောင်ကျင့်၊ မေတ္တာတရားကို မှန်မှန်ပွားရင် တစ်နေ့တော့ ဒီနေရာကို လူကလေး ရောက်လာမှာပါ။ ကဲ - ပြန်တော့”

ဟု ပြောကာ လက်ထဲရှိ အလုံးကလေးနှင့် ပစ်ပေါက်လိုက်သော် ကျွန်ုပ်သည် အိပ်ရာထက်မှ လန့်နိုးလာခဲ့လေသည်။

ကျွန်ုပ်သည် မျက်နှာသစ်၊ ကိုယ်လက် သန့်စင်ပြီး ၄၅ရက်ပြည့် အဓိဋ္ဌာန်စခန်းဝင်ရန် စေတီပေါ်သို့ တက်လာခဲ့တော့သည် ■

* * *

ပေါ်လွင်ဦး(ရေး)



www.burmeseclassic.com

www.burmeseclassic.com

ရီရီဌေး

# သင်္ချိုင်းတော့ သဘက်



ကျွန်မ ငယ်စဉ်က ကျွန်မရဲ့ အမေဟာ အိပ်ရာဝင်တိုင်း ပုံပြင်တွေ ပြောပြလေ့ ရှိပါတယ်၊ အဲဒီ ပုံပြင်တွေထဲမှာ ဗုဒ္ဓဝင်ဇာတ်တော်တွေလည်း ပါတယ်။ သရဲတစ္ဆေအကြောင်းတွေလည်း ပါပါတယ်။ အမေ ပုံပြောပြီးပေမယ့် ကျွန်မ အိပ်မပျော်သေးရင် အဲဒီ ပုံပြင်နဲ့ ပတ်သက်ပြီး အဆုံးမသတ်နိုင်ဘဲ အတွေးတွေ ဆက်တိုက်ဝင်လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီအတွေးတွေထဲမှာ တစ္ဆေသရဲအကြောင်းလည်း ပါပါတယ်။ ကျွန်မ တွေးမိတဲ့ အတွေးကတော့ လူတွေဟာ ကလေးဘဝက စပြီး တဖြည်းဖြည်း ကြီးပြင်းလာကြတယ်။ အရွယ်ရောက်လာကြတယ်။ ပြီးတော့ အရွယ်တွေ အိုမင်းပြီး သေဆုံးကြတယ်။ သရဲတွေရဲ့ လောက,ကရော လူတွေလို တဖြည်းဖြည်းကြီးလာသလား။ ကြီးလာရင် ဘယ်လိုအခြေအနေမျိုးလဲဆိုတာ သိပ်သိချင်တယ်။

ဒါကြောင့် နောက်တစ်ခါ အမေရဲ့ တစ္ဆေသရဲပုံပြင်ပြောအပြီးမှာ…

"အမေ…အမေ့ကို သမီး မေးစရာရှိတယ်"

"မေးလေ၊ ဘာမေးချင်လို့လဲ"

"လူတွေဟာ မွေးခါစ ကလေးဘဝကနေ တဖြည်းဖြည်းကြီးပြင်းလာရင် လူကောင်ကြီးထွားလာပြီး လူကြီးဖြစ်လာတယ်"

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်သလဲ သမီး"

"သရဲတွေ ကြီးလာရင် ဘာဖြစ်သလဲ အမေ"

"ဟင်"

ကျွန်မရဲ့ အမေးကို အမေတောင် အံ့အားသင့်သွားခဲ့တယ်။ ဒါပေမယ့် အမေက ပြန်ဖြေပါတယ်။

"သမီးမေးတဲ့ မေးခွန်းကို အမေက စာပေကျမ်းဂန်တွေ မဖတ်တော့ အတိအကျတော့ မသိဘူး သမီး။ ဒါပေမယ့် ရှေးလူကြီးတွေက အတွေ့အကြုံရင့်ကျက်တယ်။ ဒါကြောင့် သက်ကြီးစကား သက်ငယ်ကြား ဆိုသလို၊ စကားပုံတွေ ထားရစ်ခဲ့ကြတယ်"

"ဟုတ်ကဲ့ပါ အမေ"

"အဲဒီအထဲမှာ သရဲနဲ့ ပတ်သက်တဲ့ သက်ကြီးစကားတစ်ခုရှိတယ်။ အဲဒါကတော့ သရဲကြီးရင် သဘက်ဖြစ်သတဲ့"

"သဘက်ဆိုတာ ဘယ်လိုမျိုးလဲ အမေ"

"သဘက်ဆိုတာက အကောင်အကြီးကြီးပေါ့ သမီးရယ်။ နောက်ပြီး နားရွက်ကလည်း အရှည်ကြီးပဲတဲ့"

"နားရွက်က ဘယ်လောက်ရှည်သလဲ အမေ"

"အင်း…၊ ဘယ်လောက်ရှည်သလဲဆိုရင် နားရွက်တစ်ဖက်ကို ဆွဲဆန့်လိုက်ရင် သူ့ရဲ့ ရောမ ကိုယ်လုံးကြီးကို ခြုံအိပ်လို့ ရတယ်။ နားရွက်တစ်ဖက်ကို ဆွဲဆန့်ပြီး အိပ်ရာခင်းလို လုပ်လိုက်ပြီး ကျန်နားရွက်တစ်ဖက်ကို ဆွဲခြုံပြီး အိပ်လိုက်တယ်။ အဲဒီလောက် ကြီးတာ။ တချို့ တွေ့ဖူးတဲ့ လူတွေ ပြောတာကတော့ သဘက်ဆိုတာ ကျွဲကြီးသုံးကောင်လောက် အရှည်ရှိသတဲ့။ အလုံးအထည်ကတော့ ကျွဲကြီးနှစ်ကောင်စာလောက် ရှိသတဲ့"

"ဒါကြောင့်လည်း တွေ့တဲ့ လူတွေက ကြောက်လန့်ကြတာဖြစ်မယ်"

"ဒါပေါ့ သမီးရယ်၊ အမေလည်း ကိုယ်တွေ့ကြုံဖူးတဲ့ သဘက်အကြောင်း သမီးကို ပြောပြမယ်"

"ဟုတ်ကဲ့၊ ပြောပါ အမေ"

◈◈◈

အမေ့ရဲ့ မိဘနှစ်ပါးက တောင်သူလယ်သမားများ ဖြစ်ကြပါတယ်။ အမေတို့ရဲ့ ဇာတိက ချောင်းဖျားရွာကလေးပါ။ အဲဒီမှာ လယ်ကေ ၂၀ လောက်နဲ့ ထွန်ယက်လုပ်ကိုင်ခဲ့ကြတယ်။ အမေအပါအဝင် သားသမီး ငါးယောက်ရှိပါတယ်။ အမေရဲ့ အဖေဟာ ဦးထွန်းဝဆိုတဲ့ သူရင်းငှားကြီးကို ငှားထားပြီး လယ်နဲ့ ပတ်သက်တာအားလုံး တာဝန်ယူခိုင်းခဲ့တယ်။ ဦးထွန်းဝဟာလည်း သခင့်အပေါ် အင်မတန် သစ္စာရှိတဲ့ သူရင်းငှားတစ်ဦးပါ။

"ကိုထွန်းဝရေ…မိုး တစ်ဖြိုက်နှစ်ဖြိုက်ရွာပြီ၊ မနက်ဖြန်ကျရင် လယ်တွေကို ထယ်ထိုးရမယ်နော်"

"အစ်ကိုကြီး… ထယ်ထိုးဖို့ အကုန်လုပ်ပြီးပြီ၊ မနက်ဖြန် လာကြည့်ရုံပဲ"

"အေးအေး"

သစ္စာရှိ သူရင်းငှားပီပီ ဘာမှပြောစရာမလိုပေ။ အားလုံး အဆင်သင့် လုပ်ဆောင်ပြီးသား ဖြစ်ပါတယ်။

ဦးထွန်းဝဟာ ဆယ်နှစ်ကျော်ခန့် သူရင်းငှားလုပ်ပြီးနောက် လယ်ရိတ်သိမ်းချိန်တွင် နံနက်စောစော လယ်ကွင်းသို့ ရောက်ရှိလာခဲ့တယ်။

စပါးများ ရင့်မှည့်နေတာကို ကြည့်ပြီး ဦးထွန်းဝတစ်ယောက် ပီတိအပြုံးတွေ ဝေကာ လယ်တောအစပ်၌ လမ်းလျှောက်နေစဉ်…

"ဒုတ်"

"ဟာ…ဘာဖြစ်တာပါလိမ့်"

သူ့ရဲ့ ခြေမျက်စိနားတွင် ကျင်ခနဲဖြစ်သွားပြီး သွေးများ ယိုစီးကြလာတယ်။ အနီးအနားကို လှမ်းကြည့်တော့…

"ဟင်…ငန်းမြွေပါလား"

အနီးရှိ လယ်တောထဲသို့ တိုးဝင်သွားတဲ့ ငန်းမြွေတစ်ကောင်ကို တွေ့လိုက်ရတယ်။ သူ သိလိုက်ပါပြီ။

"အင်း…ငါတော့ ပိုးထိသွားပြီ။ ငန်းမြွေဟာ အဆိပ်ပြင်းတယ်။ ဟိုနားက ကုက္ကိုပင်နား သွားမှပဲ"

သူဟာ ကုက္ကိုပင်နားရောက်အောင် မနည်းအားယူပြီး သွားလိုက်ရတယ်။ ကုက္ကိုပင်ကို မှီလိုက်တဲ့အချိန်မှာပဲ သတိလစ်သွားခဲ့တယ်။ ငန်းမြွေ


www.burmeseclassic.com

www.burmeseclassic.com

ရဲ့ အဆိပ်ဟာ အတော်ပြင်းတယ်။ သိပ်မကြာခင်မှာပဲ တစ်ကိုယ်လုံး အဆိပ်တွေ ပျံ့နှံ့လာတယ်။ နံနက်စောစော အချိန်ဖြစ်လို့ ဘယ်သူမှ ရောက်မလာကြသေးဘူး။

လူတွေ ရောက်လာတဲ့ အချိန်မှာတော့ ဦးထွန်းဝတစ်ယောက် ကုက္ကိုပင်ကို မှီပြီး အသက်ပျောက်နေတာ တွေ့ရတယ်။ ဦးထွန်းဝကြီး ဒီလို အဖြစ်ဆိုးနဲ့ သေနေတာကို တွေ့ရလို့ အားလုံးက စိတ်မကောင်းဖြစ်ခဲ့ကြတယ်။ လယ်ပိုင်ရှင် မိသားစုကလည်း ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့ပါတယ်။ ဒါပေမယ့် လယ်တောကို စွဲလမ်းသွားတဲ့ ဦးထွန်းဝကြီးကတော့ မကျွတ်မလွတ်ဘဲ သရဲဘဝနဲ့ လယ်တောမှာ စောင့်ကြပ်နေခဲ့တယ်။

အစကတော့ သူ ဒီလိုအစောင့်ဖြစ်နေမှန်း မသိပါဘူး။ ဖြစ်ချင်တော့ အဲဒီညနေက လယ်ရိတ်သိမ်းရင်း အလုပ်က မပြီးတာကြောင့် မိုးချုပ်သွားတယ်။ လယ်ပိုင်ရှင် ဦးမြကြီးက အားလုံးပြီးမှ ပြန်ဖို့ လယ်တဲမှာ ထိုင်နေတုန်း အမှတ်မထင် လယ်ကွင်းထဲကို လှမ်းကြည့်မိတယ်။ လယ်ရိတ်တဲ့ သူတွေအားလုံး ပြန်သွားပြီဖြစ်လို့ လယ်ကွင်းထဲမှာ ဘယ်သူမှ မရှိဘူး။ ရိတ်ပြီးသား ကောက်ပင်တွေပဲ ရှိတယ်။ ကောက်ရိတ်တဲ့ သူတွေက ပြီးချင်ဇောနဲ့ ကောက်ပင်တွေကို မညီမညာပုံထားတယ်။ အဲဒီညက လသာသာဆိုတော့ လယ်တလင်းထဲက ကောက်ပင်တွေကို လှမ်းမြင်နေရတယ်။

အဲဒီအချိန်မှာ လူတစ်ယောက်ဟာ မညီမညာဖြစ်နေတဲ့ ကောက်ပင်တွေကို ညီညာအောင် ပြုလုပ်နေတာ တွေ့လိုက်ရတယ်။ လယ်ပိုင်ရှင် ဦးမြကြီးက သေသေချာချာ လှမ်းကြည့်လိုက်တော့ . . .

"ဩော် . . . ကိုထွန်းဝကြီးပါလား။ ညအချိန်အထိတောင် မပြန်ဘဲ လုပ်နေပါလား"

လို့ ပြောလိုက်မိတယ်။ သူလည်း ဦးထွန်းဝကြီး သေတာ မေ့ပြီး ကြည့်နေမိတယ်။ နောက်တော့မှ . . .

"ဟင် . . . ကိုထွန်းဝက သေသွားပြီပဲ။ သူသေတာ တစ်လတောင် ကျော်သွားပြီ"

လို့ သတိရပြီး ပြန်ကြည့်လိုက်တော့ ဦးထွန်းဝကြီး မရှိတော့ဘဲ ဖျတ်ခနဲ ပျောက်ကွယ်သွားခဲ့တယ်။ ဒါနဲ့ ဦးမြကြီးက အရမ်းစိတ်မကောင်းဖြစ်သွားပြီး ဘုန်းကြီးငါးပါးပင့်၍ ဆွမ်းကျွေးကာ အမျှအတန်းပေးဝေခဲ့တယ်။ ဒါပေမယ့် ဦးထွန်းဝကြီးကတော့ မကျွတ်ဘူးတဲ့။

လယ်သူမတွေကိုလည်း ခြောက်တယ်။ လယ်စိုက်တဲ့သူတွေကိုလည်း ခြောက်လှန့်ရတယ်။ နောက်တော့ ဦးမြကြီးလယ်မှာ သရဲစောင့်သတဲ့ဆိုတဲ့ စကားတွေ ထွက်လာတယ်။ လသာတဲ့ ညတွေမှာ အဲဒီလယ်ထဲမှာ လမ်းလျှောက်ပြီး လယ်စောင့်နေတာ တွေ့ရလို့ လူပြောများလာခဲ့တယ်။ ဦးထွန်းဝကြီးဟာ သေဆုံးတဲ့အချိန်က အသက် ၅၀ လောက်ရှိပြီ။ သူက အသားညိုညို၊ အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါးပါပဲ။ သေတုန်းက ဝတ်ခဲ့တဲ့ လုံချည်က အပြာရောင် အကွက်ကျဲကျဲတဲ့။ အခု လူတွေ တွေ့ရတာလည်း အပေါ်က ရုပ်အင်္ကျီဖြူညစ်ညစ်နဲ့ အောက်က အပြာရောင် အကွက်ကျဲကျဲ လုံချည်ကို ဝတ်ထားတယ်တဲ့။ လယ်ပိုင်ရှင် ဦးမြကြီးကိုယ်တိုင်တွေ့တဲ့ သရဲကလည်း အဲဒီ အဝတ်အစားတွေကိုပဲ ဝတ်ဆင်ထားသတဲ့။

◈◈◈

အဲဒီလိုနဲ့ ဦးထွန်းဝကြီး သေသွားတာ ၁၅နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ သရဲကလည်း ခြောက်ဆဲပါပဲ။ ဖြစ်ချင်တော့ အဲဒီရွာကို မြို့ပေါ်က လူငယ်နှစ်ယောက် လာလည်ခဲ့တယ်။ အဲဒီအချိန်က မှန့်ဆန်းတွေပေါ်တဲ့ အချိန်ပေါ့။ ဦးမြကြီးလည်း အဲဒီ လူငယ်နှစ်ယောက်နဲ့အတူ လယ်ထဲသွားရင်း မိုးချုပ်သွားခဲ့တယ်။

"ငါ့တူရေ . . . မိုးတောင် တော်တော်ချုပ်သွားပြီ။ ဦးတို့ ရွာထဲပြန်မှပဲ"

"ဟုတ်ကဲ့ ဦးလေး"

သူတို့သုံးယောက်အတူပြန်လာရင်း လယ်ထဲက အထွက်မှာ ဦးမြကြီးက . . .

"ငါ့တူတို့ရေ . . . အခုမှ သတိရတယ်။ လယ်တဲမှာ မုန့်ဆန်းတွေ ကျန်ခဲ့တယ်။ ရွာရောက်ရင် မင်းတို့ကို မုန့်ဆန်းနဲ့ အုန်းသီးကျွေးမလို့ ငါပြန်ယူလိုက်ဦးမယ်"

"ဟာ . . . ဦးကြီးက အသက်ကြီးပြီ။ ကျွန်တော်တို့ပဲ သွားယူလိုက်မယ်"

လို့ ပြောပြီး မလှမ်းမကမ်းက လယ်တဲဆီကို သွားခဲ့တယ်။ ဦးမြကြီးကလည်း မိုးချုပ်နေပြီဖြစ်လို့ သူတို့ကို စိတ်မချတာနဲ့ သူတို့နောက်က လိုက်သွားခဲ့တယ်။ အဲဒီ လူငယ်နှစ်ယောက်ဟာ လယ်တဲထဲ ဝင်သွားပြီး သိပ်မကြာခင်မှာ မုန့်ဆန်းထုပ်တွေနဲ့ ပြန်ထွက်လာခဲ့တယ်။ လယ်တဲရဲ့ အပြင်လည်းရောက်ရော အဲဒီလယ်တဲအတွင်းက အသားမည်းမည်းနဲ့ ဝဝ၊ အရပ်ဆိုးဆိုး လူကြီးတစ်ယောက်ဟာ ခုန်ပေါက်ပြီး အဲဒီကောင်လေးနားကို အပြေးသွားခဲ့တယ်။ အဲဒီအကောင်ကြီးဟာ အပေါ်ပိုင်းမှာ အင်္ကျီမရှိတော့ဘူး။ အပေါ်ပိုင်းဗလာနဲ့ အပြာရောင် ပုဆိုးကို ချွှာင်



www.burmeseclassic.com

www.burmeseclassic.com

နေအောင် ခါးတောင်းကျိုက်ထားတာ တွေ့လိုက်ရတယ်။ အဲဒီ အကောင်မည်းမည်းကြီးကို တွေ့လိုက်ကတည်းက -

"အင်း . . . သူဟာ ကိုထွန်းဝ တစ်ဖြစ်လဲ သဘက်ကြီးဖြစ်နေပါပေါ့လား"

လို့ ဦးမြကြီးက တွေးနေတုန်း အဲဒီ အကောင်ကြီးက ကောင်လေးနှစ်ယောက်ကို လက်ဝါးနဲ့ ရိုက်လိုက်တယ်။

"ဘုန်း"

"ဘုန်း"

"အောင်မလေးဗျ"

ဆိုတဲ့ အသံတွေနဲ့အတူ မှန်ဆန်းအိတ် တခြား၊ ပုဆိုး တခြားဖြစ်ပြီး ထွက်ပြေးလာခဲ့တယ်။

"ဘကြီးရေ . . . လုပ်ပါဦး၊ ကျွန်တော်တို့ကို မည်းမည်းအကောင်ကြီးက ရိုက်တယ်"

ဆိုပြီး ပြေးပြေးပြေးပြေးနဲ့ ပြေးသွားလိုက်တာ ဦးမြကြီးတောင် သူတို့ကို လိုက်မမီတော့ဘူး။ ဒီတော့မှ ဦးမြကြီးက သတိရသွားပြီး . . .

"ဟဲ့ - ကိုထွန်းဝကြီးရေ ဒါဟာ သူခိုးတွေ မဟုတ်ပါဘူး။ ငါ့မိတ်ဆွေရဲ့ သားတွေပါ။ ငါက မှန်ဆန်းအိတ်သွားယူခိုင်းတာပါ"

လို့ လှမ်းအော်ပြောလိုက်တယ်။ ဒီတော့မှ တဲပေါ် တက်သွားပြီး အပေါက်ဝမှာ နားရွက်တစ်ဖက်ကို ဆွဲဆန့်ပြီး အိပ်ရာခင်းလို ခင်းလိုက်တယ်။ နောက်တစ်ဖက်ကို ခြုံပြီး အိပ်ပြလိုက်တယ်။

"ကဲ - ကိုထွန်းဝကြီးရေ မင်း မကျွတ်မလွတ်မှန်း ငါသိပါပြီ။ ငါပြုသမျှ ကုသိုလ်အားလုံးကို အမျှပေးဝေပါတယ်။ အမျှ . . . အမျှ . . . အမျှ"

လို့ အော်ပြောလိုက်တော့မှ အဲဒီ အကောင်ကြီးဟာ ချက်ချင်းပျောက်ကွယ်သွားခဲ့တယ်။

ဒါကြောင့် ကျွန်မရဲ့ အဘိုး ဦးမြကြီးက အမေ့ကို ပြောသတဲ့။

"သမီးရယ် . . . ကိုထွန်းဝကြီးဟာ အစကတော့ သရဲပဲ။ ဒါပေမယ့် သရဲကြီးလာတော့ သဘက်ကြီးဖြစ်သွားတာ အဖေမျက်စိနဲ့ တပ်အပ်မြင်လိုက်ရတယ်ကွဲ့"တဲ့။ ဒါကြောင့် အမေက ပြောတာက သရဲကြီးရင် သဘက်တဲ့။

◈◈◈

ဒီလိုနဲ့ ကျွန်မလည်း အရွယ်ရောက်လာလို့ ပညာရေးတက္ကသိုလ်က ဘွဲ့ရပြီး အထက်တန်းကျောင်း ဆရာမဘဝကို ရောက်ခဲ့တယ်။ သိပ်မကြာခင်မှာ ကျွန်မဟာ ကိုမင်းနိုင်ဆိုတဲ့ ကုန်သည်တစ်ယောက်နဲ့ အိမ်ထောင်ကျခဲ့ပါတယ်။ ကိုမင်းနိုင်ဟာ မော်လမြိုင်ဇာတိဖြစ်ပြီး မော်လမြိုင်မှာ အိမ်ကြီးအိမ်ကောင်းနဲ့ နေတဲ့ မျိုးရိုးကောင်းသူတစ်ဦးပါ။ သူ့မှာ ညီတစ်ယောက်ရှိပါတယ်။ သူ့ညီက စစ်ဗိုလ်ပါ။

သူနဲ့ ကျွန်မဟာ လက်ထပ်ပြီးပေမယ့် အတူမနေရပါ။ ကျွန်မရဲ့ အလုပ်က မင်္ဂလာ[illegible]မှာ ကျောင်းဆရာမဘဝနဲ့ ရန်ကုန်မှာ နေခဲ့ပါတယ်။ သူကလည်း သူ့မိဘဆွေမျိုးအသိုင်းအဝိုင်းနဲ့ သူ့စီးပွားရေးရှိတဲ့ မော်လမြိုင်မှာ နေခဲ့တယ်။ သူ အလုပ်အားတဲ့ အချိန်မှာ ရန်ကုန်ကို အပြေးလာပြီး ကျွန်မနဲ့ အတူနေရသလို ကျောင်းပိတ်ရက်တွေမှာ ကျွန်မက မော်လမြိုင်ကို လိုက်သွားခဲ့ရတယ်။ မော်လမြိုင်ကို ပြောင်းဖို့ စာတင်ထားပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ပြောင်းရွှေ့မိန့် မရသေးပါ။

သူနဲ့ ကျွန်မ အိမ်ထောင်ပြုတဲ့ အချိန်မှာ ကျွန်မမှာ အဖေရော အမေပါ ကွယ်လွန်သွားခဲ့ပါပြီ။ ကျွန်မခင်ပွန်းရဲ့ အမေကိုပဲ ကျွန်မအမေအမှတ်နဲ့ ကျောင်းပိတ်ရက်တိုင်း သွားရောက်ပြုစုခဲ့ပါတယ်။ ကျွန်မခင်ပွန်းရဲ့ အဖေကလည်း သူ ငယ်ငယ်လေးကတည်းက ဆုံးသွားတော့ ကျွန်မမှာ သူ့မိခင်ကြီးကိုပဲ ပြုစုခဲ့ရပါတယ်။

ကျွန်မတို့ လက်ထပ်ပြီးလို့ တစ်နှစ်ခန့်အကြာမှာ သတင်းဆိုးတစ်ခု ရောက်ရှိလာခဲ့ပါတယ်။ အဲဒါကတော့ ကျွန်မရဲ့ မတ်ဖြစ်တဲ့ စစ်ဗိုလ်လေးဟာ တိုက်ပွဲမှာ ဒဏ်ရာရပြီး ဆေးရုံပေါ် ရောက်ပြီး မကြာခင်မှာ သေဆုံးသွားလို့ စစ်တပ်က သင်္ဂြိုဟ်ပေးခဲ့တယ်။ အဲဒီနေရာကို ကျွန်မရဲ့ ခင်ပွန်းနဲ့ သူ့ရဲ့ အမေဟာ အရောက်သွားခဲ့ကြတယ်။ သူ့ရဲ့ အမေဟာ သားနှစ်ယောက်တည်း ရှိတာမို့ အသည်းပေါက်မတတ် ဝမ်းနည်းကြေကွဲခဲ့ပါတယ်။ ကျွန်မကတော့ အလုပ်တစ်ဖက်နဲ့မို့ အဲဒီ ဈာပနကို မသွားနိုင်ခဲ့ဘူး။ နောက်တစ်လလောက်ကြာတော့မှ ကျောင်းပိတ်ရက်ရှည်ဖြစ်လို့ အဲဒီ မော်လမြိုင်အိမ်ကို သွားခဲ့ပါတယ်။ ကျွန်မရဲ့ ခင်ပွန်းကလည်း သူ့အမေ စိတ်ထိခိုက်တာ မြင်ရလို့ သူ့ညီအတွက် ရဟန်းဝတ်ပြီး ကုသိုလ်ကောင်းမှုတွေ လုပ်ပေးခဲ့တယ်။ ကျွန်မ အဲဒီအိမ်ရောက်တော့ ရဟန်းဝတ်နေတဲ့ ကျွန်မခင်ပွန်းဟာ မနက်ပိုင်း ခဏလာပြီး ညရောက်တော့ ဘုန်းတော်ကြီးကျောင်းမှာ ပြန်အိပ်ခဲ့တယ်။ အဲဒီ မော်လမြိုင်အိမ်ကြီးမှာ သူ့အမေရယ်၊ ကျွန်မရယ် နှစ်ယောက်တည်းပဲ ရှိပါတယ်။ မော်လမြိုင်အိမ်ကြီးက အခန်းတွေလည်း အများကြီးပါ။ ညရောက်တော့ သူ့အမေဟာ သူ့ရဲ့ အိပ်ခန်းမှာ အိပ်တယ်။ ကျွန်မကတော့ ခင်ပွန်းလည်း မရှိချေပမယ့် သူနဲ့ အတူနေတဲ့ အခန်း



www.burmeseclassic.com

www.burmeseclassic.com

မှာပဲ အိပ်လိုက်တယ်။ မအိပ်မီ သူ့အမေက ကျွန်မကို ကြည့်ပြီး . . .

"သမီးတစ်ယောက်တည်း အိပ်ရဲလား"

တဲ့။ အမေ့ရဲ့ မေးခွန်းကို နည်းနည်းထူးဆန်းသလို ထင်မိတယ်။ ဒါပေမယ့် ကျွန်မက . . .

"အိပ်ရဲပါတယ် အမေ"

လို့ ပြန်ပြောလိုက်မိတယ်။

ကျွန်မကလည်း မအိပ်မီ ဘုရားရှိခိုးပြီး အမျှအတန်းပေးဝေခဲ့ပါတယ်။ အထူးသဖြင့် တိုက်ပွဲကျသွားတဲ့ အညတြ အာဇာနည် မတ်ကလေးရဲ့ နာမည်ကိုပါ ခေါ်ပြီး အမျှပေးဝေခဲ့ပါတယ်။

"မောင်လေး မောင်မြတ်ခိုင်ရေ၊ အစ်မပြုသမျှ ကုသိုလ်ကောင်းမှုအစုစုကို အမျှအတန်းပေးဝေပါတယ်။ အမျှ . . . အမျှ . . . အမျှ၊ သာဓု . . . သာဓု . . . သာဓု"

အဲဒီလို အမျှအတန်းပေးဝေလိုက်စဉ်မှာ ကျွန်မရဲ့ အနီးအနားမှာ ယပ်ခတ်လိုက်သလို လေကလေး တစ်ချက် ရိုက်ခတ်လာတယ်။ ကျောတစ်ပြင်လုံးလည်း စိမ့်ခနဲ အေးစိမ့်သွားခဲ့တယ်။ ဒါပေမယ့် ငါ့စိတ်က ထင်လို့ပါလို့ ကိုယ့်စိတ်ကိုယ် နှစ်သိမ့်ပြီး အိပ်ခန်းထဲ ဝင်ပြီးအိပ်လိုက်ပါတယ်။ အိပ်ခန်းထဲမှာတော့ မီးလုံးမှိန်မှိန်ကလေး ထွန်းထားခဲ့ပါတယ်။ အိပ်ခါနီး မျက်လုံးကလေးပိတ်ထားတုန်း စောစောကလို လေပြည်ကလေးတစ်ချက် ရိုက်ခတ်လိုက်တဲ့အတွက် ငါ အိပ်ခန်း ပြတင်းပေါက်ကို မပိတ်မိလို့လား ဆိုတဲ့ သံသယစိတ်နဲ့ မျက်လုံးဖွင့်အကြည့်မှာ . . .

"ရော် . . . ဘယ်သူပါလိမ့်"

အိပ်ခန်းရဲ့ လိုက်ကာကြားထဲက လူတစ်ယောက် ကျွန်မကို ချောင်းကြည့်နေတယ်။

"ဟယ် . . . သူခိုးလား မသိဘူး"

ဆိုပြီး ထပ်ကြည့်လိုက်တော့ ခေါင်းမှာ အဖြူရောင် ပတ်တီးစည်းထားပြီး တစ်ကိုယ်လုံး အဖြူဆွတ်ဆွတ် လူနာဝတ်စုံ ဝတ်ထားတယ်။ ခေါင်းက ပတ်တီးမှာ သွေးနည်းနည်းစွန်းနေတယ်။

"ဟောတော့ . . . မောင်လေး မောင်မြတ်ခိုင်ပါလား"

သူဟာ ဦးခေါင်းကို သေနတ်မှန်ပြီး ဒဏ်ရာရခဲ့တယ်။ မသေမီ အဲဒီဒဏ်ရာကို အဖြူရောင် ပတ်တီးစည်းထားတယ်။ သူဆုံးတဲ့အထိ အဖြူရောင် လူနာဝတ်စုံ ဝတ်ထားတယ်တဲ့။

ဒါပေမယ့် အခု ကျွန်မ သူ့ကို တွေ့လိုက်ရတော့ ပထမမှာ ကြောင်အန်းအန်းဖြစ်ပေမယ့် သူမှန်း ထင်ထင်ရှားရှားသိလိုက်ချိန်မှာ . . .

"အမေရေ . . . လုပ်ပါဦး၊ အမေရေ"

ဆိုပြီး ကြောက်လန့်တကြားနဲ့ အော်မိပါတယ်။ ကျွန်မရဲ့ ယောက္ခမကြီးဟာ ကျွန်မအသံကြားတာနဲ့ ကျွန်မရဲ့ အခန်းကို ပြေးလာပြီး . . .

"သမီး . . . ဘာဖြစ်လို့လဲ"

လို့ စိုးရိမ်ကြီးစွာ မေးလိုက်ပါတယ်။

ကျွန်မလည်း မောင်လေးကို မျက်စိနဲ့ တပ်အပ်မြင်ရတာ ပြောချင်ပေမယ့် အားနာလို့ . . .

"အမေ . . . ကျွန်မ မောင်လေးကို အိပ်မက်တယ်"

"သမီး စိတ်စွဲလမ်းလို့ ဖြစ်မှာပါ။ ဘာမှမကြောက်ပါနဲ့။ ဒါဆို အမေနဲ့ လာအိပ်"

လို့ ပြောလို့ အမေ့အခန်းထဲ လိုက်သွားတော့မှ အိပ်ရာဘေးက စားပွဲခုံပေါ်မှာ မောင်လေးရဲ့ စစ်ဝတ်စုံနဲ့ ရိုက်ထားတဲ့ ဓာတ်ပုံ ထောင်ထားတာ တွေ့လိုက်ရတယ်။ အဲဒီဓာတ်ပုံရဲ့ ဘေးမှာ ပန်းအိုးတစ်အိုးနဲ့ နှင်းဆီပန်းခြောက် တစ်ခက်ကို တွေ့လိုက်ရတယ်။

တစ်ခုခုတော့ တစ်ခုခုပဲလို့ ထင်လိုက်မိတယ်။

နောက်မှ သိရတာကတော့ မောင်လေး အသုဘချတော့ အမေက အဲဒီ နှင်းဆီခက်နဲ့ အခေါင်းကို ရိုက်ပြီး . . .

"ငါ့သား မောင်မြတ်ခိုင်ရေ မင်းအမေနဲ့ လိုက်ခဲ့"

လို့ ခေါ်ပြီး အဲဒီဓာတ်ပုံနားက ပန်းအိုးထဲမှာ အဲဒီ နှင်းဆီပန်းကို ထည့်ထားတာတဲ့။

အဲဒါကို ကျွန်မ ယောက္ခမရဲ့ အိမ်ဖော် အဒေါ်ကြီးက ပြန်ပြောပြလို့ သိရတာပါ။ ကျွန်မလည်း ခွင့်ရက်က မကုန်သေးတော့ ခပ်ကြောက်ကြောက်နဲ့ အဲဒီအိမ်မှာ ဆက်အိပ်ခဲ့ရတယ်။ နောက်နေ့ညမှာတော့ ကျွန်မ မောင်လေးကို အိပ်မက်မက်ခဲ့တယ်။ မနေ့ညက တွေ့ခဲ့တဲ့ ဝတ်စုံနဲ့ ခေါင်းမှာ ပတ်တီးစည်းထားပြီး သူဟာ ကျွန်မဆီကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပြီး-

"အစ်မရယ် . . . ကျွန်တော်ဟာ မကျွတ်မလွတ်တဲ့ ဘဝကို ရောက်နေပါတယ်။ အစ်မ အမျှပေးပေမယ့် ကျွန်တော် သာဓု မခေါ်နိုင်သေးဘူး။ ကျွန်တော့်ကို အစ်မ မကြောက်ပါနဲ့။ ကျွန်တော် ခြောက်လှန့်ဖို့ လာတာ မဟုတ်ပါဘူး။ အစ်မ လာမှန်းသိလို့ ကျွန်တော် လာနှုတ်ဆက်တာပါ"

"အေးပါကွယ်၊ အစ်မ မင်းကို မကြောက်ပါဘူး။ မင်း မြန်မြန်ကျွတ်တန်းဝင်စေချင်တာပါ"

"အချိန်ကြာဦးမယ် အစ်မ"



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလိုပြောပြီး သူ ပျောက်ကွယ်သွားခဲ့တယ်။

အဲဒီလို အိပ်မက်မက်ပြီး ကျွန်မ လန့်နိုးခဲ့တယ်။ သူဟာ ကျွန်မကို ခြောက်လှန့်တာ မဟုတ်ဘူးလို့ ပြောတဲ့အတွက် အကြောက်ပြေသွားပြီး ကျွန်မတို့အိပ်ခန်းမှာပဲ ကျွန်မ ဆက်အိပ်လိုက်တယ်။ နောက်ပြီး ယောက္ခမကြီးကို ဒုက္ခပေးပြီး သူ့အခန်းကိုလည်း သွားမအိပ်ချင်တာ ပါ,ပါတယ်။

◈◈◈

ဒီလိုနဲ့ ကျောင်းတွေ ပြန်ဖွင့်လို့ ကျွန်မ ရန်ကုန်ပြန်လာခဲ့တယ်။

နောက်နှစ်မှာ ပထမ သားဦးကို ကိုယ်ဝန်လွယ်ထားရလို့ မော်လမြိုင်ကို မရောက်ခဲ့ပါ။ နောက် ၂နှစ်မှာ နောက်ထပ် သားတစ်ယောက် ထပ်မွေးပါတယ်။ သုံးနှစ်မှာ သားနှစ်ယောက်ရလို့ ကျွန်မ အလွန် မအားမလပ်ဖြစ်သွားတယ်။ အဲဒီကတည်းက မော်လမြိုင်ကို မသွားဖြစ်တာ ၁၀နှစ်ကျော်ကြာသွားခဲ့ပါတယ်။ ကျွန်မခင်ပွန်းကသာ ရန်ကုန်ကို လာနေပါတယ်။

၁၀ နှစ်ကျော်ကာလကို ဖြတ်သန်းပြီးနောက် ကျွန်မရဲ့ ယောက္ခမကြီးဟာ နေမကောင်းဖြစ်လာလို့ ကျွန်မဟာ သားနှစ်ယောက်ကို လက်ဆွဲပြီး ခင်ပွန်းသည်နဲ့အတူ မော်လမြိုင်ကို သွားခဲ့ပါတယ်။ ကျွန်မရဲ့ ယောက္ခမဟာ နေမကောင်းဘူးဆိုပေမယ့် လူကြီးနာမို့ သွားလာနိုင်ပါတယ်။ သူ့သားလာတော့ အတော်လေး ထူထူထောင်ထောင်ဖြစ်လာပါတယ်။ ကျွန်မတို့ မိသားစုဟာ အရင်က ပေးထားတဲ့ အခန်းမှာပဲ အိပ်ခဲ့ကြပါတယ်။ ၁၀ရက်ကျော် ကြာတဲ့အထိ ဘာမှထူးခြားမှု မရှိပါဘူး။

ဖြစ်ချင်တော့ ကျွန်မရဲ့ ခင်ပွန်းဟာ ကိစ္စတစ်ခုနဲ့ ကျိုက္ခမီကို သွားတဲ့အတွက် အဲဒီညမှာ ကျွန်မနဲ့ သားနှစ်ယောက် အိပ်နေပါတယ်။ အိပ်ခါနီးမှာ မီးလုံးလေးထွန်းပြီး အိပ်လေ့ရှိပါတယ်။

အိပ်တစ်ဝက်၊ နိုးတစ်ဝက်အချိန်မှာ တံခါးဝက မည်းမည်းအကောင်ကြီး တစ်ကောင်ဝင်လာတာ တွေ့လိုက်ရတယ်။ ကျွန်မဟာ အလွန်ကြောက်လန့်လွန်းလို့ ခန္ဓာကိုယ်ဟာ လှုပ်ရှားလို့တောင် မရပါဘူး။

ခေါင်းက ပတ်တီးကလည်း မည်းညစ်ပေနေပြီ။ နောက် အပေါ်အင်္ကျီလည်း မရှိတော့ဘူး။ ခန္ဓာကိုယ်အောက်ပိုင်းမှာ ညစ်ပေနေတဲ့ ဘောင်းဘီတိုကလေးပဲ ရှိတော့တယ်။ ခန္ဓာကိုယ်ကြီးကလည်း အကြီးကြီးပဲ။ တံခါးပေါက်ထဲကိုတောင် မနည်းတိုးဝင်ရတယ်။ ကျွန်မကလည်း ကြောက်လန့်စွာ ကြည့်နေတုန်း အသံသြသြကြီးနဲ့ . . .

"အစ်မ . . . မောင်လေးပါ။ အစ်မတို့ မလာတာ ကြာလို့ လွမ်းလိုက်တာ"

ဆိုပြီး ကျွန်မရဲ့ နံဘေးမှာ ဘုန်းခနဲ ဝင်အိပ်လိုက်တယ်။ ပြီးတော့ နားရွက်ကြီးတစ်ဖက်ကို ဆွဲလိုက်တာ အရှည်ကြီး ထွက်လာတယ်။ အဲဒါကို ခြုံအိပ်လိုက်တော့ . . .

"ဟင် . . . မောင်လေးတော့ သဘက်ကြီးဖြစ်သွားပြီ"

ဆိုပြီး ကြောက်လန့်တကြားနဲ့ အသံကုန် အော်ဟစ်မိတယ်။

"အောင်မလေး . . . လုပ်ကြပါဦး၊ ကယ်ကြပါဦး"

"သမီး . . . သမီး ဘာဖြစ်လို့လဲ"

ဟိုဘက်ခန်းက ကျွန်မယောက္ခမကြီး ရောက်လာပြီး ကျွန်မကို မေးလိုက်တယ်။ ဒီတစ်ခါတော့ မပြောလို့ မဖြစ်တော့ဘူး။

"အမေ . . . မောင်လေး မကျွတ်မလွတ်သေးဘူး။ အကောင်က အကြီးကြီးပဲ"

"အင်း . . . အမေလည်း အမျှအတန်းဝေတာပဲ။ ဒါပေမယ့် ဗေဒင်သွားမေးကြည့်တော့ အမေ့ကို စိတ်မချတဲ့ စွဲလမ်းတဲ့စိတ်ကြောင့် မကျွတ်မလွတ်သေးဘူးတဲ့။ အမေလည်း တစ်ခါတစ်ခါ သူ့ကို အိပ်မက်မက်ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်ဟာ အကြီးကြီးပဲ။ အင်း . . . သရဲကြီးတော့ သဘက်ပေါ့ကွယ်"

"ရှင် . . . အောင်မလေး။ သရဲကြီးတော့ သဘက်တဲ့လား အမေရယ်"

ကျွန်မယောက္ခမရဲ့ စကားအဆုံးမှာ ကျွန်မအမေအရင်း ပြောတဲ့ စကားကို ပြန်ပြီး သတိရမိတယ်။ အမေကလည်း သရဲကြီးရင် သဘက်ဖြစ်တယ်လို့ ပြောခဲ့တယ်။ နေရာဒေသ မတူ၊ ကွဲပြားပေမယ့် အမေတွေရဲ့ ပြောစကားက တူနေတယ်။ သက်သေပြစရာမရှိဘူးလို့ ကျွန်မအမေက ပြောခဲ့ပေမယ့် ဒီတစ်ခါတော့ ကျွန်မကိုယ်တိုင် ကိုယ်တွေ့ကြုံလို့ ယုံပါပြီ အမေရယ်။ ကျွန်မလည်း ကျွန်မခင်ပွန်းသည် ပြန်လာရင် မောင်လေးအတွက် ပရိတ်ရွတ်ပြီး အမျှအတန်းပေးဝေပါလို့ ပြောရဦးမယ်။ ဒါပေမယ့် ဒီညတော့ အဲဒီအခန်းမှာ မအိပ်ရဲတော့ဘူး။ ယောက္ခမကြီးရဲ့ အခန်းမှာပဲ အတူတူသွားအိပ်တော့မယ်လို့ စိတ်ကူးမိတယ်။

"သြော် . . . သရဲကြီးတော့ သဘက်တဲ့လား အမေရယ်" ■

* * *


ရီရီဌေး



www.burmeseclassic.com

www.burmeseclassic.com

## လေးစားအတုယူဖွယ်




ရှဉ့်ငယ်ကလေးများသည် သူတို့၏ မျိုးနွယ်တူ မွေးကင်းစ ရှဉ့်ပေါက်လေးများကို မွေးစားလေ့ရှိကြသည်။ အကြောင်းအမျိုးမျိုးကြောင့် မိဘနှစ်ပါးဆုံးရှုံးခဲ့ရရှာသော ရှဉ့်ငယ်လေးများကို ရှာဖွေကာ သားသမီးအရင်းကဲ့သို့ ပြုစုစောင့်ရှောက်လေ့ရှိကြသည်။ ထိုသို့ မွေးစားရာတွင် ကနဦးအစဦ မွေးစ ရှဉ့်ငယ်လေး မိဘနှစ်ပါး ပြန်လာ,မလာကို သေချာစွာ စောင့်ကြည့်ခဲ့ပြီး ရက်အနည်းငယ်ကြာသည်အထိ အရိပ်အယောင် မမြင်ပါမှ သေချာမွေးစားခြင်းဖြစ်သည်။ မိမိသားသမီးအရင်းကိုပင် စွန့်ပစ်ရက်သည့် အချို့သော လူသားတို့အတွက် ရှက်ဖွယ်ပင် ဖြစ်သည်။ အပတိတ် တိရစ္ဆာန်တို့ထက် အသိဉာဏ်ပိုမြင့်မားသော လူသားတို့အတွက် အတုယူဖွယ် စိတ်ဓာတ်ပင်ဖြစ်သည်။

မောင်လင်းအောင်

# ထူးဆန်းတွေလာ ရှုကြည့်

## နိုးနေပြီဟု ထင်မိခြင်း




လူတို့သည် တစ်ခါတစ်ရံ အိပ်မက်ထဲတွင် အိပ်ရာမှ နိုးထလာသည်ဟု ထင်ယောင်ထင်မှား / အိပ်မက်မျိုး မက်တတ်သည်။ အိပ်ရာမှ နိုးနေပြီဟု အိပ်မက်ထဲတွင် ထင်ရသော်လည်း အမှန်တကယ်တွင် နှစ်ခြိုက်စွာအိပ်ပျော်နေတတ်သည်။ ထိုအခြေအနေမျိုးကို "ထင်ယောင်ထင်မှား နိုးထခြင်း-False Awaking"ဟု အမည်ပေးထားသည်။ ကျွန်ုပ်သည်လည်း တစ်ခါတစ်ရံ အိပ်မက်ထဲတွင် ကျောင်းသွားကာ စာသင်ခန်းသို့ ရောက်ပြီးနေပြီဟု ထင်နေသော်လည်း အမှန်တကယ်တွင် အမေက အော်ဟစ်ကာ နှိုးနေရဆဲ အခြေအနေမျိုးကြုံတွေ့ရဖူးသည်။




www.burmeseclassic.com

www.burmeseclassic.com

## သဘာဝ ရေကူးကန်

ဂရိနိုင်ငံ ပင်လယ်ကမ်းခြေတစ်နေရာတွင် တည်ရှိနေသော သဘာဝရေကူးကန်ကြီး၏ အလှကို ခံစားတွေ့မြင်နိုင်သည်။



### နှစ်မျက်နှာနှင့် လူ


၁၉ ရာစုတွင် ထင်ရှားခဲ့သော အင်္ဂလိပ်စာရေးဆရာ Fdward Mordoake ဆိုသူတွင် သူ၏ ဦးခေါင်းနောက်တွင် မျက်နှာအပိုတစ်ခုရှိနေခဲ့သည်။ မှတ်တမ်းများအရ ထိုအပိုမျက်နှာကြီးသည် အစားမစား၊ ရေမသောက်၊ စကားမပြောနိုင်သော်လည်း ငိုခြင်း၊ ရယ်ခြင်းကို ပြုနိုင်သည်။ သူသည် ထိုအပိုမျက်နှာကြီးကို ဖယ်ရှားရန် အကြိမ်ကြိမ်ကြိုးစားခဲ့သည်။ တစ္ဆေမျက်နှာကြီးဟု တင်စားခံရသည့် ထိုမျက်နှာကြီးကို ဖယ်ရှားရန် ကြိုးစားသည့်အခါတိုင်း ထိုမျက်နှာကြီးမှ ကြောက်မက်ဖွယ် အသံကြီးများ ညည်းဆို ပြုလုပ်တတ်ကြောင်း သိရသည်။ မည်သည့် ဆရာဝန်မှလည်း သူ၏အဖြစ်ကို ကူညီပေးနိုင်စွမ်း မရှိခဲ့ပေ။ သူသည် အသက် ၂၃နှစ်အရွယ်တွင် အဆိပ်သောက်ကာ သတ်သေခဲ့သည်။ မသေခင် ပြောသွားခဲ့သည်မှာ ထိုဆိုးရွားလှသော တစ္ဆေမျက်နှာကြီးနှင့်အတူ မည်သည့်နည်းနှင့်မျှ အသက်မရှင်လိုတော့ကြောင်း ပြောသွားခဲ့သည်။






www.burmeseclassic.com

www.burmeseclassic.com





## မိန်းမတို့အကြောင်း သိကောင်းစရာ

"ယောက်ျားတို့ သိအပ်သော မိန်းမတို့အကြောင်း သိကောင်းစရာများ"အမည်ဖြင့် စာအုပ်တစ်အုပ်ထွက်လာဖူးသည်။ ထိုစာအုပ်တွင် စာမျက်နှာ-၁၀၀ ပါဝင်ပြီး၊ ထိုစာမျက်နှာတိုင်းတွင် စာသားတစ်လုံးတလေမျှပင် မပါဝင်ဘဲ စာရွက်လွတ်ချည်းသာ ဖြစ်သည်။ ဆိုလိုသည့် သဘောကတော့·····။




## ထူးဆန်းသည့် မျက်မမြင်

Daniel Kish ဆိုသူ မျက်မမြင်တစ်ဦးသည် ကားကြိုကားကြားထဲတွင် သူ၏ စက်ဘီးကို ကျွမ်းကျင်စွာ စီးနိုင်ပြီး ကားလမ်းပိတ်နေချိန်တွင်လည်း အလွယ်တကူ ကျော်ဖြတ်နိုင်သည်။ ပေတစ်ထောင်အဝေးကပင် အဆောက်အအုံ၊ သစ်ပင် အရာဝတ္ထုတစ်ခုခု ရှိ၊ မရှိ ပြောနိုင်ပြီး ကားအမျိုးအစားကိုပင် တိကျစွာ ခန့်မှန်းနိုင်သည်။ တစ်ကိုယ်တော် ခရီးကြမ်းသွားလာနိုင်ပြီး သာမန်လူသားတို့ ပြုနိုင်ခဲ့သည့် အရာများကိုပင် လုပ်နိုင်စွမ်းရှိသည်။ သူ၏ လျှို့ဝှက်ချက်မှာ သူ၏ လျှာကို ထုတ်၍ တို့ထိကာ အသံမြည်စေ၍ ရလာသော ပဲ့တင်သံများကို နားထောင်ကာ ခန့်မှန်းခြင်းဖြစ်သည်။




## တိမ်တွေနေတဲ့ အရပ်

လူတိုင်းလိုလိုပင် ကောင်းကင်ယံရှိ တိမ်တိုက်များဆီသို့ သွားလိုကြပြီး၊ ထိုတိမ်များ၏ အထက် (သို့မဟုတ်) တိမ်များ၏ အလယ်သို့ ရောက်ဖူးလိုကြမည်ပင်။ မြင့်မားသော တောင်တန်းကြီးများအပေါ် တက်မှ ထိုအခွင့်အရေးမျိုး ကြုံရတတ်သည်။ ဒူဘိုင်းနိုင်ငံရှိ ကမ္ဘာ့အမြင့်ဆုံး မျှော်စင်ကြီးတွင် တိမ်များကို အပေါ်စီးမှ ကြည့်၍ ရေခွေးစိမ်နိုင်သော ရေပူကန်များ ဖန်တီးပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com




## ငရဲသို့ တံခါးပေါက်

သိပ္ပံပညာရှင်များသည် သဘာဝဓာတ်ငွေ့များ မီးလောင်ကျွမ်းနေသော တွင်းကြီးတစ်တွင်းကို ၁၉၇၁ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့သည်။ ထိုလောင်ကျွမ်းနေမှုကြီးသည် ရက်အနည်းငယ်မျှသာ ကြာမြင့်မည်ဟု ခန့်မှန်းခဲ့ကြသော်လည်း ယနေ့တိုင် လောင်ကျွမ်းနေဆဲပင်ဖြစ်သည်။ လူအများက အဆိုပါ တွင်းပေါက်ကြီးကို "ငရဲသို့ တံခါးပေါက်-The Door to Hell"ဟု အမည်ပေးထားကြသည်။



## လက်ဆစ်ချိုးခြင်းဖြင့် အရိုးမထိခိုက်နိုင်

လက်ဆစ်လေးများကို အညောင်းပြေ ချိုးခြင်းဖြင့် အရိုးကျီးပေါင်းရောဂါ (သို့မဟုတ်) အဆစ်ရောင်ရောဂါများ မဖြစ်ပွားနိုင်ကြောင်း လေ့လာတွေ့ရှိချက်များအရသိရသည်။ လက်ဆစ်၊ ခြေဆစ်ချိုးချိန်တွင် မြည်သောအသံသည် အရိုးအဆစ်များကြား ရှိနေသော ဓာတ်ငွေ့လေပူဖောင်းလေးများ ပေါက်သွားသံဖြစ်သည်။ လက်ဆစ်၊ ခြေဆစ်၊ လည်ပင်းနှင့် ဒူးခေါင်းနေရာအဆစ်များကို အညောင်းပြေ ချိုးနိုင်သည်။ အရွတ်များကို နှီးကြွ အလုပ်လုပ်စေ၍ ကြွက်သားမျှင်ကိုဖြေလျှော့ပေးကာ အရိုးအဆစ်များကို လျှော့စေသည်။ လူအများ သိထားသလို ဇက်ချိုးခြင်းဖြင့် အရိုးကျီးပေါင်းရောဂါ မဖြစ်နိုင်ပေ။ သို့သော် ထိုကဲ့သို့ အဆစ်များ ချိုးဖန်များလာသော် ကြွက်သားနာကျင်မှုဝေဒနာကို ခံစားရလာနိုင်သည်။





www.burmeseclassic.com

www.burmeseclassic.com

## တိမ်ထိပ်

သဘာဝ၏ ထူးခြားဆန်းကြယ်မှုတစ်ခုအဖြစ် အံ့ဩဖွယ်ကောင်းသော တိမ်လိပ်တန်းကြီးကို မြင်တွေ့နိုင်သည်။ ထူးခြား၍ ရှားပါးသော သဘာဝဖြစ်စဥ်တစ်ခုလည်းဖြစ်သည်။






## ရေခဲသစ်ရွက်

သစ်ရွက်ပေါ်တွင် ဆီးနှင်းများကျပြီး ရေခဲသွားချိန်တွင် ထိုသစ်ရွက်ကို ဂရုတစိုက် ဖယ်ထုတ်လိုက်ပါက အံ့ဩဖွယ် ရေခဲသစ်ရွက်ကို ရရှိနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com




## ကြမ်းပြင်သည် ခွက်ဝင်နေသလော

ဆန်းသစ်သော စိတ်ကူးဖြင့် ပုံဖော်ထားသော ကြမ်းပြင်သည် ရုတ်တရက်ကြည့်လျှင် အချို့နေရာများတွင် ခွက်ဝင်နေသည်ဟု ထင်ရသော်လည်း အမှန်တကယ်တွင် တစ်ပြင်ညီတည်းဖြစ်သည်။

## ကျီးဖြူ ကျီးမည်း တစ်ကောင်တည်း

ကျီးတစ်ကောင်သည် မည်း၏။ ထို့ကြောင့် ကျီးအားလုံးသည် မည်း၏ဟု ဆိုသော ဒဿနက ပညာ၏ အဆိုကို ဆန့်ကျင်စေသော ကျီးဖြူတစ်ကောင်၏ ပုံဖြစ်သည်။ ထိုအခါတွင် ကျီးတစ်ကောင်သည် ဖြူ၏။ ထို့ကြောင့် ကျီးအားလုံးသည် ဖြူကြသည်ဟု ကောက်ချက်ချရမလိုပင် ဖြစ်တော့သည်။






www.burmeseclassic.com

www.burmeseclassic.com



## ချစ်စရာ ဖျံငယ်

အပြစ်ကင်းစင်၍ ချစ်စရာကောင်းလှသော ဖျံငယ်လေး၏ ပုံကို စိတ်ချမ်းမြေ့ဖွယ် တွေ့ရနိုင်သည်။



## ငှက်ပျောသီးဖြင့် အခွေသန့်စင်နည်း

ငှက်ပျောသီးတစ်လုံးနှင့် စီဒီခွေပေါ်ရှိ အစင်းရာ၊ အစွန်းအထင်းများကို ဖျက်ပစ်နိုင်သည်ဟုပြောလျှင် သင် ယုံကြည်နိုင်မည်လော။ ငှက်ပျောသီးအသား၊ အခွံနှင့် မှန်သန့်စင်ဆေးရည်ကို ယူလိုက်ပါ။ အစွန်းအထင်း၊ အစင်းကြောင်းရာများ ဖြစ်နေသော စီဒီ၊ ဒီဗီဒီအခွေကို ပထမဦးစွာ ငှက်ပျောသီးအသားဖြင့် စက်ဝိုင်းပုံအတိုင်း ဖြည်းညင်းစွာ ပွတ်တိုက်ပေးပါ။ ပြီးလျှင် ငှက်ပျောခွံအတွင်းပိုင်းဖြင့် အစောပိုင်းက ပွတ်တိုက်ထားသော ငှက်ပျောသီးအသားများကို သုတ်၍ သန့်စင်ပေးပါ။ ငှက်ပျောခွံတွင်းရှိ အစေးများက သန့်ရှင်းစေရန် ကူညီပေးပါလိမ့်မည်။ ထို့နောက် ဝါဂွမ်း (သို့မဟုတ်) နူးညံ့သော အဝတ်သန့်သန့်ဖြင့် စီဒီ၊ ဒီဗီဒီ၏ မျက်နှာပြင်ကို စက်ဝိုင်းပုံအတိုင်း ပွတ်တိုက်သန့်စင်ပေးပါ။ ထိုသို့ အဝတ်ဖြင့် ပွတ်တိုက်သန့်စင်နေချိန်တွင် အသင့်အတင့် ဖိအားတစ်ခုသုံး၍ အလွန်အကျွံ အားသက်ရောက်မှု မဖြစ်ပွားစေရန် သတိထားရန် လိုသည်။ သုံးလေးမိနစ်ခန့် ထိုကဲ့သို့ ပွတ်တိုက်ပေးပါ။ နောက်ဆုံးတွင် မှန်ကြည့်ဆေးရည်ကို အသုံးပြု၍ သန့်စင်ပေးပါ။ သင်၏ အစင်းရာ၊ စွန်းထင်းနေသော စီဒီ၊ ဒီဗီဒီအခွေသည် အသစ်နီးပါး ပြန်ကောင်းမွန်သွားပါလိမ့်မည်။ စီဒီ၊ ဒီဗီဒီခွေများသာမက၊ Play station ဂိမ်းခွေများ၊ X box ဂိမ်းခွေများကိုပါ ထိုနည်းသုံး၍ သန့်စင်စေနိုင်သည်။





www.burmeseclassic.com

www.burmeseclassic.com

## ဖန်သားလမ်း

တူရကီနိုင်ငံ၊ အစ္စတန်ဘူလ်မြို့တော်ရှိ မှန်ကဲ့သို့ ကြည်လင်၍ ပုံရိပ်ပြန်မြင်နေစေသော ကျောက်သားလမ်း တစ်နေရာကို အံ့သြဖွယ် မြင်တွေ့ရသည်။





## သေမင်းတမန်ချောက်ကမ်းပါး

- ဗြိတိန်နိုင်ငံရှိ ချောက်ကမ်းပါးဖြူကြီးသည် "သေမင်းတမန် ချောက်ကမ်းပါးကြီး"အဖြစ် နာမည်ဆိုးနှင့် ကျော်ကြားသည်။ စာရင်းများ‌အရ ထိုနေရာသည် ကမ္ဘာပေါ်တွင် ခုန်ချ၍ သ‌ေကြောင်းသေမှု အများဆုံးဖြစ်ပွားသည့် နေရာဖြစ်သည်။




## လူပုလေးနှင့် ကိုလောရှည်

ကမ္ဘာ့အရပ်အပုဆုံးလူသား နှင့် ကမ္ဘာ့အရပ်အမြင့်ဆုံး လူသား တို့ အတူတကွတွဲဖက် ဓာတ်ပုံရိုက်ထားသည့်ပုံဖြစ်သည်။




www.burmeseclassic.com

www.burmeseclassic.com



## ကြွံနှင့် လူသား

ကမ္ဘာ့ရှားပါးမျိုးနွယ်ဖြစ်သော ကြွံများကို ထိန်းသိမ်းစောင့်ရှောက်သူတစ်ဦးသည် မိဘမဲ့ ကြွံပေါက်လေးများနှင့်အတူ ချစ်ခင်ရင်းနှီးစွာ အိပ်စက်နေပုံဖြစ်သည်။




## နှစ်ဆယ့်သုံးနာရီကြာ ခွဲစိတ်မှုကြီး

နှလုံးအစားထိုးကုသမှုသည် ဆေးပညာလောကတွင် ခက်ခဲသော အစားထိုး ခွဲစိတ်ကုသနည်းတစ်ခုဖြစ်သည်။ ထိုခက်ခဲသော နှလုံးခွဲစိတ်ကုသမှုကို နှစ်ဆယ့်သုံးနာရီကြာ မနားတမ်းပြုလုပ်ခဲ့ပြီး နောက်ဆုံးတွင် အောင်မြင်ခဲ့ကာ၊ ထိုလူနာသည်လည်း အသက်ရှင်ခွင့်ရခဲ့သည်။ ခွဲစိတ်ချိန်ကြာမြင့်လွန်းသောကြောင့် ခွဲစိတ်ဆရာလက်ထောက်သည် ခွဲစိတ်ခန်းထောင့်တွင် အိပ်ပျော်နေပုံကိုလည်း မြင်တွေ့နိုင်သည်။ ခွဲစိတ်မှုအပြီး ၂၅နှစ်အကြာတွင် လူနာကို ကျန်းမာစွာ မြင်တွေ့ရပုံဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com




### မေတ္တာတရား

အဘိုးအိုတစ်ဦးတွင် လမ်းမလျှောက်နိုင်သော ခွေးမလေးတစ်ကောင် ရှိသည်။ ထိုဒုက္ခိတ ခွေးမလေး မပျင်းရအောင် နေ့စဉ် ဘီးတပ်ကုလားထိုင်ပေါ် တင်၍ တွန်းကာ လမ်းလျှောက်ထွက်ပေးသည်။ တိရစ္ဆာန်ဟူ၍ မခွဲခြားဘဲ စာနာစိတ်ဖြင့် မေတ္တာတရားကြီးမားပုံကို ပြသသော ဥပမာလေးပင်ဖြစ်သည်။

### ဘိုးဘွားများကို အားပေးပါ

ဈေးတွင် (သို့မဟုတ်) တစ်နေရာရာတွင် ယခုကဲ့သို့ သက်ကြီးရွယ်အို ဘိုးဘွားများ ဈေးရောင်းနေသည်ကို တွေ့ရပါက သူတို့ထံမှ တစ်ခုခုဝယ်ယူ အားပေးလိုက်ပါ။ သူတို့သည် ကုန်ပစ္စည်းများကို အမြတ်မတင်ဘဲ သမာအာဇီဝ ကျကျ ရောင်းဝယ်နေသူများဖြစ်သည်။ ရှော့ပင်းမောလ် ဈေးဝယ်စင်တာကြီးများတွင် ဈေးဝယ်ခြင်းမျိုးထက် ဘဝ ဝမ်းစာအတွက် လိုအပ်၍ ဈေးရောင်းစားနေရရှာသော ဘိုးဘွားများထံမှ ဈေးဝယ် အားပေးခြင်းဖြင့် ကုသိုလ်ယူလိုက်ပါ မိတ်ဆွေ။






www.burmeseclassic.com

www.burmeseclassic.com

### အိပ်စင်

လေယာဉ်နောက်ကျ၍သော်လည်းကောင်း၊ လေယာဉ်ပြောင်းစီးမည့်အချိန်ကွာဟ၍သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လေယာဉ်ကွင်း၌ အိပ်ရမည့်သူများအတွက် သက်သောင့်သက်သာရှိစေနိုင်သော အိပ်စင်များ စီစဉ်ပေးထားပုံဖြစ်သည်။ နိုင်ငံအများစုသည် လူတို့အဆင်ပြေစေနိုင်မည့် နည်းလမ်းများကို တီထွင်ကြံဆ ရှာဖွေကာ လူ့အခွင့်အရေးအပြည့်အဝရရှိစေသည်။







### မိဘကျေးဇူး ဆပ်ဖူးစေချင်

ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက သင့် အား ပြုစုစောင့်ရှောက်လာခဲ့သော မိဘများကို အသက်ကြီး လာသည့်အခါ ပစ်မထားကြပါနှင့်။ သင်ငယ်စဉ် ကလေး ဘဝတုန်းက သင့်ကို မည်သည့်အခါမျှ တစ်ယောက်တည်း ပစ်ထားလေ့မရှိသော မိဘနှစ်ပါးကို အိုမင်းလာသည့်အခါ ပစ်မထားကြပါနှင့်။ အကြောင်းအမျိုးမျိုးကြောင့် ခွဲနေရသော်လည်း သတိရသည့်အခါ ဆက်သည့် ဖုန်းခေါ်မှုလေးကပင် မိဘနှစ်ပါးအတွက် ပျော်ရွှင်ကြည်နူးမှုပေးနိုင်သည်။ မိအို၊ ဖအိုများကို အထီးကျန်ဆန်စေကာ ပစ်ပယ်မထားကြပါနှင့်၊ သူတို့၏ ဘဝနေဝင်ချိန်လေးကို သာယာချမ်းမြေ့စွာ ဖြတ်သန်းနိုင်ရန် မေတ္တာစေတနာဖြင့် ကူညီပေးကြပါဟု တိုက်တွန်းလိုက်ရပါသည်■

* * *

မောင်လင်းအောင်



www.burmeseclassic.com

www.burmeseclassic.com

# လိုရာပြည့်စုံ လာဘ်ခေါ် ကြက်လျှာအင်းပုံ

ဦးကိုကိုအေး(ကြို့ပင်ကောက်)

ကျွန်တော်၏ အလုပ်ချိန် လူလာနည်းချိန်သည် နေ့လယ် ၂နာရီခွဲအချိန်ဖြစ်သည်။ ထိုအချိန်တွင် ကျွန်တော် လက်ဖက်ရည်သောက်လေ့ရှိပါသည်။ ကျွန်တော် နေ့စဉ် သောက်သည့်ဆိုင်က "လျှာကျွမ်းပြန်" လက်ဖက်ရည်ဆိုင် ဖြစ်သည်။ ဒီနေ့တော့ ကျွန်တော့်မိတ်ဆွေ ဦးသိန်းဝင်း၏ "ပန်းနုရောင် ကဖီး"သို့ သွားရောက်ခဲ့သည်။ မီးသတ်ဦးစီးဌာန ကန်ထိပ်တွင် ဆောက်ထားခြင်းဖြစ်သည်။ ရေရိပ်နှင့် ကန်ရေ ပြင်ကို ဖြတ်တိုက်သော လေအေးနှင့် ကန်ထဲမှ ငါးလေးတွေ ကို ကြည့်ရင်း လက်ဖက်ရည်ကို တစ်ကျိုက်ပြီး တစ်ကျိုက် အရသာခံ သောက်နေမိသည်။ တစ်ယောက်တည်း နေရတာ ကို ကြိုက်ပါသည်။ ထိုအချိန်တွင် ကျွန်တော့်ထံသို့ ဖုန်းဝင် လာသည်။ ကျွန်တော့်ဆိုင်တွင် ဧည့်သည်စောင့်နေတယ်တဲ့၊

ကျွန်တော် အလုပ်ခန်းသို့ ပြန်လာခဲ့ပါသည်။ ဆိုင် ရောက်တော့ လက်ပံတန်းမှ သစ်ကုန်သည် ဦးဇော်မင်း ဖြစ်နေသည်။ သူနှင့်အတူ ဧည့်သည်နှစ်ဦးလည်း ပါလာသည်။ မိတ်ဆက်ပေးပါသည်။ တစ်ဦးက ရန်ကုန်မှ အလှကုန်ဆိုင် ဖွင့်ထားသော ဒေါ်လှမြတ်နှင့် တစ်ဦးက ဆီဆိုင်လုပ်ငန်း လုပ်နေသော ကိုဝင်းမောင်တို့ဖြစ်သည်။ စီးပွားရေးလုပ်ငန်း အောင်မြင်ကြောင်း ပြောပြပါသည်။ ကျွန်တော်၏ မှတ်စု စာအုပ်တွင် ရေးမှတ်ထားသော ကြက်လျှာအင်းကို သတိရမိ သည်။ သစ်ကုန်သည် ဦးဇော်မင်းကို ရေးဆွဲပေးဖူး၏။ သူ အောင်မြင်မှုကြောင့် ထိုအင်းပုံကို လိုချင်၍ တကူးတက လာခြင်းဖြစ်သည်။ ဦးဇော်မင်းမှလည်း လုပ်ငန်းဝင်ငွေတူ၍ ထိုသူနှစ်ဦးကို ခေါ်လာခြင်းဖြစ်သည်။ သူတို့နှစ်ဦးအား ထိုအင်း ပုံကို ရေးဆွဲ၍ သိဒ္ဓိတင်ပေးလိုက်ပါသည်။ ထိုအင်းပုံစံမှာ အောက်ပါအတိုင်းဖြစ်သည်။

ကူးယူရေးဆွဲရာတွင် စာလုံး မကျန်စေရပါ။ ၎င်းရေးဆွဲ သော အင်းပုံစံကို ကိုင်၍ ရှင်သီဝလိ ကိုယ်တော်မြတ်ကြီး ကို အာရုံပြု၍ ခုနစ်ခေါက်ရွတ်ဆိုပါ။ ရှင်သီဝလိဂါထာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**ရှင်သီဝလိဂါထာ**

ဣမံ ခန့် ပူဇေမိ၊
တေရလ အာနဘာဝေန၊
သဗ္ဗလာဘံ ဘဝိသတိ။

သိဒ္ဓိ (၇)ခေါက်တင်ပြီး ယင်းအင်းကို အလုပ်တံခါး ပေါက်မှာ ဖြစ်စေ၊ အိမ်တံခါးပေါ်မှာ ဖြစ်စေ၊ ဆိုင်ရှေ့ မျက်နှာစာတွင် ဖြစ်စေ ချိတ်ဆွဲထားပါ။ လေလာတိုင်း လှုပ် ရှားတိုင်း စီးပွားဖြစ်မယ်၊ ငွေဝင်မယ်၊ လုပ်ငန်းအောင်မြင် မယ်။

| | | |
|---|---|---|
| | ၉ | |
| | ဓ | |
| | ဟ | |
| | ဥ | |
| ၁၃ | က | ၇၀ |
| ဃ | အ | ဋ္ဌ |
| ၉၂ | ဏ | ၁၂ |

စီးပွားငွေကြေးကိစ္စ လိုအပ်မှုရှိပါက ဂမ္ဘီရ ဆန်းကြယ် မဂ္ဂဇင်းပရိသတ်များ ဤလာဘ်ခေါ် ကြက်လျှာကို ကိုယ်တိုင် ရေးဆွဲချိတ်ထားကြည့်ပါ။ သင်တို့အတွက် အကျိုးကျေးဇူး ကြီးပါလိမ့်မည်။ ကောင်းကျိုးလိုရာ ပြည့်စုံသော ကြက်လျှာ အင်းပုံကို ဝေငှလိုက်ပါသည်။

* * *

ဦးကိုကိုအေး(ကြို့ပင်ကောက်)



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ မေလအတွက်

# လိုအင်ဆန္ဒပြည့်ဝ အောင်မြင်စေမည့်

## (ကာ၊ ကု၊ ဖွင့်) နဝင်းယတြာအစီအရင်များ

**ဆရာ မြတ်ထွင့်ခေါင်** (မြန်မာ့ရိုးရာဗေဒင်ပညာရှင်)

BURMESE CLASSIC

### တနင်္ဂနွေသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ပျဉ်းမ (၅)ညွန့် သွားရောက်လှူဒါန်း၍ လိုရာဆုကို တောင်းပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့်၊ ထီးဖြူ (၁၅)လက်တို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။

**ငွေကြေးအခက်အခဲအတွက်** - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ပျဉ်းမ (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ကိတ်မုန့် (၉)ခုကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက် ရွတ်ဆိုပါ။

**ကျန်းမာရေးအတွက်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့် မေမြို့ (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်းပြီး လိုရာဆုတောင်းပါ။

**နိုင်ငံခြားခရီးအတွက်** - ကြာသပတေးနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက်(၉)ညွန့်နှင့် တံခွန်ကုက္ကား(၉)စုံကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

**အိမ်/ ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွန့်နှင့် မိမိရောင်းချလိုသော ကုန်းပစ္စည်းများကို ရိုက်ပါ။

**ထီထံကြွမှာ** - (၉)ထိပ်စီး၊ (၉)နောက်ပိတ်နှင့် (က)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ထီးဖြူ (၁၀)လက်နှင့် နှင်းဆီ (၁၀)ပွင့်တို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင်ရှိသော ဘုရားရှင်၏ ရင်ဘတ်တော်ကို ရွှေချ၍ မိမိလိုရာဆုကို တောင်းပါ။

ငွေကြေးအခက်အခဲအတွက် - ကြာသပတေးနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် အင်ကြင်း (၃)ညွန့် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။

အလုပ်အကိုင်အခက်အခဲအတွက် - တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သီဟိုဠ် (၆)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - အင်္ဂါနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဩဇာ (၁၄)ညွန့် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် နာနတ်ယို (၉)ကျပ်သားခန့်ကို သွားရောက်လှူဒါန်းကာ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီးယို (၉)ကျပ်သားခန့်ကို လှူဒါန်း၍ ဂုဏ်တော်ကိုးပါး (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၁)ထိပ်စီး၊ (၁)နောက်ပိတ်နှင့် (ခ)အက္ခရာပါသောထီကို ရွေးထိုးပါ။

## အင်္ဂါသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ထန်း (၁၀)ညွန့်၊ ဒူးရင်းယို (၉)ကျပ်သားတို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

BURMESE CLASSIC

အိမ်ထောင်ရေးအဆင်ပြေစေရန် - သောကြာနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ရေသက်စေ့နှင့် ဆီမီး (၉)တိုင်ကို သွားရောက်လှူဒါန်းပါ။

ငွေကြေးအခက်အခဲအတွက် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် အုန်းယို (၉)ခုနှင့် ရေသန့်ဘူး (၉)ဘူးကို သွားရောက်လှူဒါန်းပါ။

အလုပ်အကိုင်အခက်အခဲအတွက်- ကြာသပတေးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း ဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သရက် (၉)ညွန့်၊ ဆီမီး (၉)တိုင်နှင့် ရေသက်စေ့တို့ကို လှူဒါန်းပြီး လိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - တနင်္လာနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ခရေ (၉)ညွန့်နှင့် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

နိုင်ငံခြားခရီးအတွက် - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ သောကြာထောင့်တွင် သရက်သားနှင့် ပြုလုပ်ထားသော ပုတီးတစ်ကုံးကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္လာနေ့နံနက် ၆နာရီမှ ၇နာရီအတွင်း မိမိအိမ်ရှေ့တွင် ဖြတ်လာသော အလှူခံပုဂ္ဂိုလ်တစ်ဦးကို ငွေ(၉၀၀)ကျပ် လှူပါ။

အိမ်/ကားရောင်းလိုလျှင် - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း နေအိမ်ရှိ ဘုရားတွင် နွားနို့တစ်ခွက်နှင့် နှင်းဆီပန်း (၉)ပွင့်ကို လှူဒါန်းပါ။

ထီကံကြမ္မာ - (၉)ထိပ်စီး၊ (၉)နောက်ပိတ်နှင့် (န)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် အုန်း (၉)ညွန့်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့်လှူဒါန်းပြီး အရဟံဂုဏ်တော်ကို ပုတီး(၁၈)ပတ်စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ကိတ်မုန့် (၉)ခု လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် မေမြို့ပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - သောကြာနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၂၉)ညွန့်နှင့် တံခွန်ကုက္ကား (၃)စုံတို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၆)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ BURMESE CLASSIC - (၃)ထိပ်စီး၊ (၃)နောက်ပိတ်နှင့် (၁)အကွာရာပါသောထီကို ရွေးထိုးပါ။

## ကြာသပတေးသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ကံ့ကော် (၉)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက် ရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် သီဟိုဠ် (၉)ညွန့်ကို သွားရောက်လှူဒါန်း၍ ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇော်စိမ်း (၉)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆု တောင်းပါ။

အလုပ်အကိုင်အခက်အခဲအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီးယိုနှင့် ကိတ်မုန့်ဆွမ်း လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် လောက်သေ (၉)ညွန့်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - တနင်္ဂနွေနေ့ညနေ ၄နာရီခွဲမှ ၇နာရီခွဲအတွင်း အင်ကြင်း (၉)ညွန့်ကို တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဆီး (၉)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၄)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (၀)အကွာရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ထန်း (၉)ညွန့်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - တနင်္လာနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဆီး(၈)ညွန့် သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော်ဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ အင်္ဂါထောင့်တွင် ရေသက်စေ့ သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ထန်းလျက် (၉)ကျပ်သား၊ နှင်းဆီ (၉)ပွင့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇီဇဝါ (၉)ညွန့်နှင့် တံခွန်ကုက္ကား (၉)စုံကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဇော်စိမ်း (၈)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ် / ကား ရောင်းလိုသော် - တနင်္ဂနွေနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရွက်လှ (၉)ညွန့်ကို တရော်ကင်ပွန်းဖြင့် ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၅)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (ည)အက္ခရာပါသောထီကို ရွေးထိုးပါ။

## စနေသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မေမြို့(၉)ညွန့်ကို သွားရောက်လှူဒါန်း၍ ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မီးသက်စေ့ သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့် လှူဒါန်း၍ အရဟံဂုဏ်တော်ကို ပုတီး (၉)ပတ်စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ပေါင်မုန့် (၉)ခုကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

BURMESE CLASSIC

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ပုလဲပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၂၉)ညွန့်နှင့် တံခွန်ကုက္ကားတစ်စုံလှူဒါန်း၍ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၆)ထိပ်စီး၊ (၆)နောက်ပိတ်နှင့် (တ)အက္ခရာပါသောထီကို ရွေးထိုးပါ။

*****



www.burmeseclassic.com